အတွဲ (၂၂) အမှတ် (၁)
၂၀၂၂ခုနှစ် ဇန်နဝါရီလ
သရဖူ
မဂ္ဂဇင်း

မြင့်မြင့်★စာပေ
31,ထန်းတပင်အနောက်လမ်း၊
လှည်းတန်း၊ကမာရွတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

၂၀၀၁ ခုနှစ် ဇန်နဝါရီလမှစ၍ ထုတ်ဝေသည်။

မဂ္ဂဇင်း

အတွဲ (၂၂) အမှတ် (၁)
၂၀၂၂ ခုနှစ် ဇန်နဝါရီလ



ဘာသာရေးဆောင်းပါးများ

၆ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော
အကြမ်းမျိုဝါးထိုလူများ
(ထဒ္ဓါဘကွကထာ)
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၁၇ မန္တလေးတိုင်းဒေသကြီး၊
ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ်
အတွင်းမှသမိုင်းမတင်သော်လည်း
သမိုင်းဝင်တန်ခိုးကြီးဘုရားများ
နတ်ကရာဆည်တော်နံ့စေတီ
စနေထွန်း(မြစ်သား)

၂၉ ရမည်းသင်းမြို့မှ ရွှေမုဋ္ဌောစေတီ
မျိုးမြင့်နွယ်(ရမည်းသင်း)

၄၁ ကျွန်တော်တို့ရွာက ပထမံဆေးဘုရား
မောင်စိမ်းထွေး(ထားဝယ်)

၄၆ လေးကျွန်းသာယာ
အငွေ့နု(မန္တလေး)

၅၃ ချင်းတွင်းမြစ်ကမ်းနဖူး၊
ကလေးဝမြို့ဦးကုန်းမြင့်သာပေါ်က
သာသနာ့သမိုင်းဝင်
ရွှေမုဋ္ဌောစေတီတော်
မောင်မိုးအောင်(ဆားလင်းကြီး)

၆၅ စဥ့်ကိုင်မကွရာ
ရှေးဟောင်းနယ်မြေတွင်း
စေတီအမြွာများနှင့်အကျိုးပေးသည့်
ရှမ်းရွှေတောင်
နေပြည်တော်ကျော်ကျော်စိုး

၇၅ ဆုတောင်းပြည့်ပါဒကြီး
ငါးထပ်ရပ်ပွားတော်မြတ်ကြီး
အကြောင်း
စောမိသွင်-ရန်ကုန်

သုတရသဆောင်းပါး

၁၅ အပါယ်မရောက် အစောင့်လေးပါး(၂)
ချောင်းဆုံအုန်းသွင်

၂၅ ဘုန်းတော်ကြီးဦးသီလ၏
ဩဝါဒကထာများ
ကိုရွှေမြသန်း(သမိုင်း)

၂၇ မေတ္တာပို့သော်အံ့မချော်စေဖို့
ကိုကြီးကောင်း

၅၈ အကျိုးလိုရာအနန္တကြီးမား
ပြည့်စုံစေသော မနောမယိဒ္ဓိဂါထာတော်
နတ်မောက်လှမြင့်သစ်

၆၀ ပုံတော်မုဂ္ဂဏ်တော်သို့(၂၃)
ချောင်းဆုံအုန်းသွင်

၆၃ သရဏဂုံနှင့်သမန်းကျား
ဦးနန

၇၃ ကြည်ညိုပူဇော်
ပရိတ်မြတ်ဒေသနာတော်
နေဝင်းဝင်း(လွှန်ဆေး)

၇၉ ယုံလျှင်ကြည် ထုံလျှင်ပီ
မင်းနေထွန်း(ကန့်ဘလူ)

၉၅ ဖခင်ကြီး၏ကိုယ်တွေ့
ရေယုန်မန်းဂါထာ
ချာယီ

၉၆ သော့ခတ်ကြိုးချည်မရပြီ
စစ်သည်အစွမ်းအံ့မခန်း
ရွှေနွယ်ရိုး

၁၀၆ သိမှတ်ဖွယ်ရာသင်္ဂါယနာ
အံ့ကြွယ်

၁၃၈ ရွှေပေါ်ကျွန်းဆရာတော်၏
ကြိုတင်သိမြင်နိုင်သောစွမ်းအား
ဆလိုင်းငွန်သိန်း(ရမည်းသင်း)

၁၆၆ ကုန်းဘောင်ခေတ်က မြို့သူကြီး
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

၁၆၇ ငါးသလောက်
အရိုးနူးမြေအောင်ချက်နည်း
နတ်မောက်မိုးထိန်

၁၈၆ မြန်မာ့တံဆိပ်ခေါင်းများနှင့်
သည်ပြဿနာ
ကြည်လွင်

၁၉၂ မနုဿလူသား သေပြီးနောက်ဘဝမှာ
လူပြန်ဖြစ်လိုပါသလား
မိုဟန်ကို

၂၁၄ စိတ်ထားကောင်းသူ
ချောင်းဆုံအုန်းသွင်

၂၂၇ ရိုးသားခြင်း၊ ကြိုးစားခြင်း
ချောင်းဆုံအုန်းသွင်

၂၂၉ အလိမ်အညာမခံရစေဖို့
စိုးလင်းအောင်(မြန်အောင်)

၂၄၀ ပထမအကြိမ် ရသေ့ဝတ်အတွေ့အကြုံ
ကသာသင်းမွှေး

၂၇၄ မန်လည်ဆရာတော်၏စာချိုးနှင့်
အာဝဇ္ဇန်း
နိုင်မျိုးအိမ်

၂၉၅ သိပ္ပံနည်းဖြင့်ဘယ်လိုဆန်းစစ်မလဲ
ဆရာမြင့်(ကသာ)

၃၁၁ စွန်းလွန်းပဋိပတ်သာသနာ
နှစ်(၁၀၀)ပြည့်ပြီ
မောင်သင်းဝေ

၃၁၈ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိမ်
(ဦးဝိဇ္ဇာခရ)အမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၃၃၇ စောမွန်လှမိဖုရား
မောင်သန်းဆွေ(ထားဝယ်)
၃၃၉ မြေခိုးသူ၊ မြေသိမ်းသူများကို
ကျိန်စာတိုက်ခြင်း
မိုဟန်ကို

သုရဿတိုင်းရင်းဆေး

၄၀ အစားလည်းဆေးဆေးလည်းအစား
ရောဂါလည်းပျောက်
လျှာလည်းလောက်သည့်
ရသာစုံလင်ဆေးဖက်ဝင် ဟင်းလျာများ
(၆၇)
ရွှေနဝင်း(ပုသိမ်)
၄၉ အဆုတ်ထဲရေဝင်ခြင်းကို
ပျောက်ကင်းစေသောနည်း
ရှာယီ
၆၂ ဆံပင်မဖြူစေတဲ့အုန်းဆီ
နေပြည်တော်ကျော်ကျော်စိုး
၆၄ မျက်စိရောဂါကင်း၍ကြည်လင်စေရန်
နတ်မောက်မင်းသန့်နိုင်
၈၉ ကျွဲ၊ နွား၊ မြင်းတို့ ဆီးအောင့်ခဲ့ပါလျှင်
နေပြည်တော်ကျော်ကျော်စိုး
၉၁ ဆေးဖက်ဝင်လယ်ကြွက်ကင်
နတ်မောက်လှမြင့်သစ်
၉၇ ချက်ချင်းအမြန်
ကင်းဆိပ်ပြေပျောက်နည်း
နတ်မောက်လှမြင့်သစ်
၁၀၅ ဒူလာရောဂါ အမြစ်ပြတ်ဆေးတစ်နည်း
မောင်ရေမွှေး(နတ်မောက်)
၁၂၀ ကျွဲ၊နွား၊ဆေးဖက်ဝင်
ဗျိုင်းချေးပင်
ကိုသက်ရှည်
၁၂၇ ဆီးလမ်းကြောင်းမှာ
ကျောက်တည်ခဲ့သော်
ဤဆေးသောက်ပါ
ဆရာမြင့်(ကသာ)
၁၃၂ ပန်းနာရင်ကျပ်နဲ့ဆိတ်အချင်း
နေပြည်တော်ကျော်ကျော်စိုး
၁၃၃ ငယ်ဘဝပုံရိပ်များနှင့်
ထူးခြားဆန်းကြယ်လှသည့်ဂမ္ဘီရ
ကိုယ်တွေ့ဆေးနည်းများ
ဦးမင်းဇင်(ရွှေနဝင်း)
၁၃၇ ကလေးသူငယ်အတွက်
ဆေးတစ်လက်
နတ်မောက်မင်းသန့်နိုင်
၁၄၅ ဝံသည်းခြေတစ်ပင်တိုင်ဆေး
ဦးနန
၁၅၃ အဖု၊အကျိတ်၊အနာလုံး
ပျက်ကျေပြုန်း
နတ်မောက်မင်းသန့်နိုင်
၁၅၇ လေငန်းဖြစ်၍လက်တုန်သော်
နေပြည်တော်ကျော်ကျော်စိုး
၁၆၄ နပျိုခြင်းအလှ၊အိုမင်းခြင်းဘဝ
သွေးနီဥ(မန္တလေး)
၁၆၈ မိုးဥတုဠ်ဖြစ်တတ်သော
ရောဂါအချို့အား တိုင်းရင်းဆေးဖြင့်
ကာကွယ်စောင့်ရှောက်ခြင်း
ဒေါ်နေနေနိုင်ရည်
၁၇၆ မျက်စိကြည်လင်စေသည့် စားဆေးနည်း
နတ်မောက်မင်းသန့်နိုင်
၁၈၉ ဝဲနှင်းခူနာပျောက်ဆေးကုထုံး
နတ်မောက်မင်းသန့်နိုင်
၁၉၀ အသက်ရှည်ရာ အနာမဲ့ကြောင်း
ချောင်းဆုံအုန်းသွင်
၂၀၅ နွားဦးချိုနာကုသနည်း
မောင်ရေမွှေး(နတ်မောက်)
၂၁၇ ရေသကျည်းပင်ဟာ ကျန်းမာရေး
အတွက် ဆေးတစ်လက်ဖြစ်မှန်း
သိသူရှားနေပြီ
ဗန်းမော်ညိုသူ
၂၂၃ ရောဂါအမျိုးမျိုးကို သက်သာပျောက်
ကင်းစေသည့်ဆီးဖြူသီး
စောမိသွင်-ရန်ကုန်
၂၃၉ ဆေးထိုး၍ဆေးခဲပြီး
အဖုအကျိတ်ဖြစ်ခဲ့သော်
မောင်စိမ်းရင့်(ကျုံပျော်)
၂၄၇ ရတ်တရက်နာစေး၍
ဖျားချင်သလိုဖြစ်လာလျှင်
အေးချမ်းအောင်(ရမည်းသင်း)
၂၆၅ ကင်းခြေများကိုက်ခံရလျှင်
အေးချမ်းအောင်(ရမည်းသင်း)
၂၇၆ ရေနွေးပူလောင်၊ဆီပူလောင်လျှင်
နတ်မောက်မင်းသန့်နိုင်
၂၇၇ ဆေးဖက်ဝင်သော
တောင်ကန်စွန်းရွက်ပင်
အောင်ဆန်းလင်း(ဘီ-အေ)

သုရဿဝတ္ထုတို

၈၂ မောင်သာညွန့်၏အိပ်မက်များနှင့်
ရှေးပြေးနိမိတ်ဖြစ်ရပ်ဆန်းများ
စိန်လှဘူး
၈၆ ထီး၊ဖိနပ်၊ရေမပါက
နွေအခါမှာသိမယ်
သန်းလှိုင်ထွဏ်း(တိုင်းကျော်)









၉၀ ပရလောကမှ
လာရောက်နှုတ်ဆက်လာသူ
ဝေစည်
(ရွှေဘို)

၉၂ ကျွန်မသားလေးပြန်ပေးပါ
ရောမြေကျော်ဝေ

၉၈ အမှတ်တမဲ့
အကုသိုလ်ကျူးလွန်ကြသူများ
အောင်မြင့်ထွန်း
(မသုံးလုံး)

၁၀၀ ညောင်ကျိုးမှာသာတဲ့လ
မင်းသန့်ကျော်
(ဗိုးကုန်း)

၁၁၈ ဘာမဟုတ်သည့်
အကြောင်းအရာလေးတစ်ခုက
သက်လှိုင်မျိုး
(စက်မှုတက္ကသိုလ်)

၁၂၂ ဆင်နင်းလို့မသေတဲ့ကိုရင်ကြီး
ပန်းတာနော်နောင်ထတ်

၁၂၈ အိပ်မက်နိမိတ်
တင့်ထူး(ဖေယျဝတီ)

၁၃၅ မြေပိုင်ရှင်
မောင်မောင်စိုးယု
(မန်းတက္ကသိုလ်)

၁၄၀ ရွှေကလောမြေကတစ္ဆေအိမ်ကြီး
ပန်းမြိုင်ထယ်စိန်ဝင်း

၁၄၆ ကျွန်ုပ်နှင့်ကျတ်ဖိုးတေ
ရွှေပြည်စိုး
(မိုးကုတ်)

၁၅၄ ကျွန်တော်တွေကြုံရသော ခိုးမှုများ
သန်းထွင်(ရောမြေ)

၁၅၈ နတ်မိမယ်နှင့်အရက်သမား
ညိုရောင်

၁၇၀ မေတ္တာကိုပါရုပ်သိမ်းလိုက်ပြီတဲ့
ရဲမြတ်တင်
(အမျိုးသားစာပေဆုရ)

၁၈၂ ဗီလာကြီးတစ္ဆေနှင့်သမ္ဘုဒ္ဓေစည်း
ဓာတ်ပုံမောင်မောင်အေး

၁၉၄ ရှမ်းဆေးသမားတစ်ဦးရဲ့
ပီယဆေးတွေကြောင့် ဘဝပျက်ရရှာတဲ့
ယောနယ်ကမိန်းမချောလေး
စိုးမင်း
(မြောက်စည်းရွာသစ်)

၂၀၂ ပဟေဠိဆန်သောဖြစ်ရပ်
အေးချမ်းအောင်
(ရမည်းသင်း)

၂၀၈ မြစိမ်းမင်းသမီး ကျောက်စိမ်းဘုရားနှင့်
မြွေစိမ်းတို့ကြီးစိုးရာဒေသ
ကိုဇော်ဝင်း(လှတော)

၂၃၀ မရဏသန္ဓေဇောနဲ့စွဲလမ်းခြင်း
စိုးထွန်း(ဥပဓေ)

၂၄၂ အတ္တနှံ့ညစ် ကျွံကာနစ်သော်
ကိုမောင်ထုသိန်း
(ညီမြတ်ို့ရွာ)

၂၄၈ အဏုမြူညှက် ဆံတစ်ရွက်မျှ
စံဝင်းအောင်
(မြန်အောင်)

၂၅၄ အရက်ခိုးသောက်သော
ကျောက်ဆစ်ထု
ဂမ္ဘီရလူမော်

၂၆၂ ကြမ္မာရဟတ်လေလား
မောင်ထွဋ်ကောင်း

၂၆၆ ပြကျောက်(၅၉)
နေပြည်တော်ကျော်ကျော်စိုး

၂၇၈ သံသရာအဆက်ဆက်(၁)
သန့်ဇင်

၂၈၇ နတ်ဝိဇ္ဇာကြီး
ဒေါ်သုမနဝိစိတ္တ

၃၁၄ သိုက်စောင့်မြွေ
ထိုက်သဇင်

သုရဠအခန်းဆက်ဝတ္ထုရှည်

၂၀၆ ဂမ္ဘီရရွှေအိုးကြီး
မိုးကျော့

သုရဇ္ဇ ပညာရပ်

၁၁၆ အခြေခံဆန်းကျမ်းဗဟုသုတများ
ထိပ်တင်အုန်းကျော်
(သုတေသီ)

၁၇၇ လေ့လာအသုံးချလက္ခဏာပညာ(၁)
မောင်ဗလ
(သုတေသီ)

၂၂၄ တိုက်ဆိုင်မှုများသောမြန်မာ့ဗေဒင်
ဦးကိုကိုကြီး
(စစ်ဆေးရေး)

၂၃၄ ဖုန်းရွေးအတွက်
အကြံပြုချက်(၃၆၅)ချက်(၁)
ဦးအောင်လှိုင်
(သုဝဏ္ဏ)

၂၅၂ တန်ဖိုးအလကားဖြစ်ခဲ့ဖူးပါသည်
ဦးထွန်းလင်း
(ပခုက္ကူ)

၂၉၀ အချစ်ဗေဒင်(၁)
ဆရာဒလမင်းခေါင်

၂၉၆ လွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီကာလ
ကတည်းကတိမ်မြုပ်နေခဲ့သော
မြန်မာ့ရိုးရာလျှို့ဝှက်ရှားပါး
ရေးဟောင်းဆေးပညာ
မဟာဘေသဇ္ဇဂုရုဆေးဘုရား
ပညာတော်ကျမ်း(၅)
ဆက်ထွန်းလင်း
(ဝိဇ္ဇာဓရ)

၃၀၂ အောင်မြင်စေကြောင်းကို
ထပ်လောင်းပံ့ပိုးခြင်း
ဆရာဦးမောင်မောင်သန်း၊
(ရင်ကိုအေးမြစေသား)

၃၀၆ တားရော့ကားချပ်များ
ပေါင်းစပ်ဖြန့်ခင်း၍အဖြေရှာခြင်း(၁)
သီတာစိမ်း



သုရဇ္ဇလက်တွေ့အသုံးချ

၅၀ ဗားမဲ့ဆရာတော်ဖြစ်စဉ်နှင့်
ဘေးရန်ကင်းဝိဇ္ဇာခရဇ္ဈည်းအင်း
ဦးမြန်မာ

၁၈၁ ၂၀၂၂ခုနှစ်ဇန်နဝါရီလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်
(ဂန္ဓီရ)

၁၈၅ ဘောဂကြီးဂမုန်းစီရင်စိုက်ပျိုးနည်း
နတ်မောက်အောင်အိုး

၂၁၆ ကလေးအဖတ်တင်စေရန်
စိုးလင်းအောင်
(မြန်အောင်)

၃၂၉ ၂၀၂၂ခုနှစ်ဇန်နဝါရီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)

၃၃၁ ၂၀၂၂ခုနှစ်ဇန်နဝါရီလ
ကံမြင့်ကံပွင့်အစီအရင်
ပြည့်သိန်းကျော်

၃၃၄ လက်တွေ့ဖြည့်စွက်
သုရဇ္ဇလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၄၁ ၂၀၂၂ခုနှစ်ဇန်နဝါရီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



နာယကကြီး
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
အေးအေးစန်း

facebook **ထိပ်စာ**
Thurizza Magazine-**သုရဇ္ဇမဂ္ဂဇင်း၊**

ကွန်ပြူတာစာစီ
ချမ်းမြေ့ကျော်နှင်းသဇ္ဇာကျော်
အေးချမ်းမေ
ရုံးအဖွဲ့
နနယဉ်
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၁၁၃၊၁၁၄) စိန့်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ (၄)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖြန့်ချိရေး စာမူနှင့်ကြော်ငြာ
၀၉-၄၂၀၅၈၇၉၅၆
၀၉-၇၆၉၁၃၄၂၀၀

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
စိုးအောင်
သုရဇ္ဇစာလုံးဒီဇိုင်း၊
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၈၄)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၊၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၉၈၆၇၄

မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကလေး-ဂါနဒီ၊ မိလျှံနာ
ပဲခူး- သဇင်စာပေ
ဟင်္သာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေတ္တာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဈေး (၅၀၀၀) ကျပ်

(ယခင်လမှအဆက်)

(ဂ) အရေအတွက်နှင့် အရည်အချင်း

ရှေ့က ခေါင်းစီး ထိုးခဲ့ရာ၌ ခရစ်တော်နှင့် မိုဟာမက်အကြောင်း ခရစ်တော်၏ဇာတိမြေသို့အဖျူတို့လာရောက်ဝါရဝပြုကြရာ အမည်းဒေသကို ဖြတ်ကျော် သွားရကြောင်း၊ အဖြူ အမည်းတို့စစ်ဖြစ်ကြရခြင်း အကြောင်း (၃) ပိုင်းပိုင်းဝေခဲ့၏။ သို့တစေလည်း ရေးထည့်ရာ၌ နှစ်ပိုင်းဖြင့်ပင် လုံလောက်သွားရကား ဤ၌ခေါင်းစီးတစ်မျိုးတိုးရပြီ။ ယင်းက 'အရေအတွက် အရည်အချင်း'

အဖြူ အမည်းတို့ လက်နက်ဖြင့်စစ်ပွဲကြီးများ ကျင်းပခဲ့ကြရရာ နှစ်ပေါင်း ၁၉၅ နှစ်တိုင်အောင်ဆို၏။ ထိုအတွင်း-

တုတ်၊ ဓား လူအင်အား များစွာဘက်၌လည်း သေကျေကြရ၏။

သေနတ် လူအင်အား အနည်းပါးဘက်၌လည်း သေသူများ မနည်းလှ။ အခြားအကြောင်းမရှိ နယ်ဖြတ်ရုံလေးဖြင့် သေကြရသည့်အသေများ၊ ရာဂမာန်၊ ဒေါသမာန် အညွှန့်တက် အစွန်းထွက်ရုံလေးဖြင့် သေကြရသည့်အသေများ။ ယင်းမြင်ကွင်းကို နှစ်ဖက်ခေါင်းဆောင်တို့ ကြည့်၍ မြင်တွေ့ကြရကာ လက်နက်အင်အားနှင့် ယှဉ်ပြိုင်ကြခြင်းအစား ဘာသာဝင်ဦးရေ အင်အားဖြင့် ယှဉ်ပြိုင်ကြပါစို့ အဖြေပေါ် ထွက်လာရာ။

ယနေ့ အဖြူဦးရေ တစ်ကမ္ဘာလုံး သန်းပေါင်း ၁၆၀၀ ရှိနေပြီ။

ယနေ့ အမည်းဦးရေ တစ်ကမ္ဘာလုံး သန်း ၁၃၀၀ ရှိနေပြီ။

ဤ၌ ပြောစရာ ရှိသည်က ရှေ့က ထိုးပြခဲ့သော အရေအတွက်နှင့် အရည်အချင်းသဘောတရားနှစ်မျိုးပင်။

ထိုစဉ် အဖြူတို့ စာရင်းပေါက်ဦးရေဝင် အင်အားကားလူးဆေး၊ လိမ်းဆေးများပမာ ပြင်ပအရေအတွက်မျှသာ အမည်းတို့ စာရင်းပေါက်ဦးရေဝင် အင်အားကား ထိုးဆေး၏ အသားဆေး၊ အကြောဆေးများပမာ အတွင်းဝင် အရည်အချင်းများသာ။

သို့ဖြစ်ရာ အမည်းတို့သည် သွေးမှီစိတ်များ အယူထဲ စွဲနစ်နေကြသဖြင့် အယူသီး၏။ စိတ်ဓာတ် ခိုင်မာ၏။ တစ်ဖန်သွေးတည် ကောက်ကျစ်စဉ်းလဲညဉ်ကြောင့် ပြစ်မှားခြင်း၊ အာဃာတထားခြင်း၊ ဆင်ကြံကြံ ကျားချောင်းချောင်းပေါင်းခြင်းများစွာတို့ဖြင့်။

လိင်မှနေ ဘာသာ အယူလူပွားရေးအရေးပေးကြသည်။

ရှက်၊ ကြောက်တတ်သူကိုအရှက်မဲ့အကြောက်မဲ့ဖြင့်ဖျက်ဆီးပစ်ကြသည်။

ထိုစဉ် ပါသွားကြသည်ကား မနူးမနပ် စိမ်းဆတ်ဆတ်နှင့် ကပ်ခိုလိုသူများသာ။

မှတ်ချက်။ ။ မနူးမနပ် ဖြစ်သွားရန် ဗုဒ္ဓဘာသာဝင် သား၊ သမီးများဘုရားကျောင်းကန်များ၏ ပြင်ပသို့အထုတ်ခံကြရခြင်း၊ သဒ္ဓါ၊ သီလ၊ အခြေခံ

မြင့်မြင့်★တာပေ
31,ထန်းတပင်အနောက်လမ်း၊
လှည်းတန်း၊ကမာရွတ်

ဗုဒ္ဓယဉ်ကျေးမှုကို တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အခြေခံ အနောက်တိုင်းယဉ်ကျေးမှုများဖြင့် ပြောင်းလဲပေးခြင်း၊ အနေအထိုင် အပြောအဆို အားလုံးသင်ပေးခြင်းများ ပါဝင်သည်။

ဤ၌အဖြူတို့ဤပြည်လာရောက် အုပ်စိုးစဉ်က အတန်းကျောင်းနှင့် ချိတ်၍ ဖားသားကြီးနေထိုင်ရာ ဘုရားကျောင်း တစ်ဝင်းထဲအတူတွဲပေးထား၏။ ထိုစဉ်-

ဖားသားကြီးနေရာ ဝတ်ကျောင်းပေါ် ဒူးထောက်ဝင်ရသည်ဆို၏။

ဖားသားကြီးအား ဘုရားတစ်ဆူ ပမာဝတ်ပြုရသည်ဆို၏။

မြန်မာစကားအစား အင်္ဂလိပ်စကား အစားထိုးသင်ပေးသည်ဆို၏။ အင်္ဂလိပ်စကားတတ်ပြီးသား မပြောကြားမိဘဲ မြန်မာစကား ပြောမိသော်ကား စကားတစ်ခွန်းလျှင် တစ်မတ် (ရှေးခေတ်ငွေတစ်မတ်စေ့) ဒဏ်တပ်သောဟူ၏။

သို့ဖြင့် ပုံတူကူး ပန်းချီဆရာသည် အကွက်ချ၍ ပုံတူကူး၏ပမာ လူက မြန်မာ၊ အယူက အဖြူပါကို အကွက်ချ



ပုံဖော်ခဲ့ကြသည်။ ထိုစဉ်. . .

သူတို့နောက်ပါသွားကြသည်ကာ မနူးမနပ် စိမ်းဆတ်ဆတ်များ။

မြန်မာ မြန်မာအတိုင်းကား ရှေ့နောက် တိုင်းထွာ ဆင်ခြင်ဉာဏ်ပါသူများ။

မှတ်ချက်။ ။ စိမ်းဆတ်ဆတ် လူငယ်စုကား တစ်နေ့တခြား တိုးပွားလာစေပြီး အသိဉာဏ်ရှိ လူကြီးစုကား တစ်နေ့တခြား တိမ်းပါးသွားကြပြီ။ ဤကား အဖြူအမည်းတို့ တစ်ခရီးထဲ အတူသွား အထက်စီး အောက်လျှိုထားကာ အားပြိုင် ကစားကြခြင်း၏ မြင်ကွင်း တစ်ဖန်





အားပြိုင်ပွဲကား. . .

အမည်းက လူအရဆွဲ အသည်းဖမ်းစားခြင်းဖြင့်ပြိုင်သည်။

အဖြူက အသည်းအရချူ လူယူစားခြင်းဖြင့်ပြိုင်သည်။

သည့်အတူ အပျော့ဆွဲ အကြမ်းကိုင်များဖြင့်လည်း အားပြိုင်ကြသေးသည်။ တစ်ဖန်. . .

အဖြူက အရှက်အကြောက်ကို သိက္ခာဖြင့် ထိန်းသိမ်းကာပြိုင်သည်။

အမည်းက သိက္ခာမဲ့အရှက်အကြောက်မဲ့တို့ဖြင့် ဝင်ပြိုင်သည်။

ယနေ့. . .

ရှက်တတ် ကြောက်တတ်ကြသော မြန်မာမလေးများ သူတို့နောက်ပါသွားကြပြီ။

သနားတတ် ကြင်နာတတ်ကြသော မြန်မာမလေးများ သူတို့လက်ထဲမှာ။

ရက်ရောတတ် ပျူငှာတတ်ကြသော မြန်မာမလေးများ သူတို့လက်ထဲမှာ။

ယုံလွယ်သော အထင်ကြီးတတ်သော မြန်မာမလေးများသူတို့အနီးအပါးမှာ။

မှတ်ချက်။ ။ မြန်မာ့ဓလေ့ကို မြန်မာချင်း ဆက်ဆံရာ၌သာ သုံးသင့်ကြ၏။ အခြားနှင့်ဆိုက ကိုယ့်ဓလေ့က ကိုယ့်ပြန်အရွှေ့ခံကြရမည်။

သည်သို့ အဖြူအထက်က လျှောက် အမည်းအောက်က လိုက်ဖြင့် အားပြိုင်နေကြရာ အထက်ကဆိုခဲ့သော အတိုင်း အဖြူရော၊ အမည်းပါ အင်အား



ပြည့်လာကြလေပြီ။ အင်အားကား တစ်ဖက်ဘာသာဝင် တစ်ဖက်လူသားများမှချည်းဖြစ်ကြရာ ဤမှာဘက် အားရှိအားပြည့်လာခြင်းသည် ဟိုမှာဘက် အားချိအားရိ လာခြင်းပင်။

စေတနာသဒ္ဓါအခြေခံထားသော ဟိန္ဒူများ ကြည့်. . . အင်အားချိလျက်ကသာ။

သတိ၊ ပညာ အခြေခံထားသော ဗုဒ္ဓဘာသာများကြည့် အင်အားချိလျက်ကသာ။

အခြား အခြားသော ဘာသာငယ်လေးများလည်း နည်းတူပင်။

အကြမ်းသည် မာကျောသဖြင့် အနု၏ဝါးဖတ် လုံးဝမဖြစ်နိုင်ပါ။

အနုသည်ကား နုလွန်းညံ့လွန်းသဖြင့် အကြမ်း၏ဝါးဖတ်မျှသာ။ သို့ဖြစ်ရာ လာမည့်ကာလ အနာဂတ်ရှိ လူအရင်းအမြစ်အားသည် အမည်းတို့၏ လက်ထဲမှာသာ။ သို့မဟုတ် ကမ္ဘာကြီး အမည်းဖုံးလွှမ်းမည့်ခေတ်။

ယင်းကို အခြား ဘာသာငယ်များရှိ မနူးမနပ်ကလေးများ၊ စားဝတ်နေရေးမျှအရေးပေးနေရသော လူလတ်များ၊ အပျော်များ အထားပျ(ှ်သည့် အရှင်များ၊ ထို ထို ဤ ဤ အညီဝင်လေးများက အမည်းဖုံးခေတ်ဖော်ပေးကြပါမည်။

သို့ အကြမ်းကြား အနု ဝါးဖတ်ကလေးများ ပါသွားကြရာတွင် အဆိပ်ပြင်း သားစား သစ်၊ ကျား၊ ခြင်္သေ့တို့အကြား မြက်စားပြီး ရိုးသားလှသော သမင်၊ ဂျီစသည်လေးများ ပမာရက်စက်ကြမ်းကြုတ်သော ဝါဒကို အသုံးပြုခဲ့ကြသည်။

ဆရာ မှာထားခဲ့သည်ကပင် ဘာသာမတူ သတ်ပစ်တဲ့။

အီရန်တို့ အိန္ဒိယဝင်ရောက် တိုက်ခိုက်ကြပြီး ပါကစ္စတန်အဖြစ် ပြည်သစ်တည်ထောင်ရာတွင် ဟိန္ဒူ လူမျိုးပေါင်း (၂၅) သိန်းကျော် အသတ်ခံခဲ့ရသည်။ တစ်ဖန် ဗုဒ္ဓဘာသာ ထွန်းကားရာ အာဖဂန်နစ္စတန်တွင်လည်း ဗုဒ္ဓဘာသာပေါင်း မြောက်မြားစွာ သေကျေပျက်စီးခဲ့ရဆို၏။ ထိုစဉ်. . .

ပါကစ္စတန်တွင်လည်း ဗုဒ္ဓဘာသာအဆောက်အအုံများရှိဆဲ။

အာဖဂန်နစ္စတန်တွင်လည်း နည်းတူ။

သည်သို့ပြောင်းရာမှလဲသွားသော ပြောင်းလဲမှုကြီးများတွင်၊ လဲရာမှ အပြောင်းခံသွားရသော ပြောင်းလဲမှုကြီးများတွင် ဗုဒ္ဓဘာသာဝင်တို့သည် သမထ၊ ဝိပဿနာနှစ်ဖြာသောမြတ်ဓမ္မကိုလည်းကောင်း လေ့လာလိုက်စား သုတပွားလျက်ကပင် အမျိုးခံကြရလေပြီ။

သည့်အတူ သမထတို့၏ ဘိုးအေကမ္ဘာတစ်လျှောက် ရှေးဦးလမ်းဖောက်လာသဖြင့် ကမ္ဘာ့ရိုးစွဲကြီးဝါဒ အမည်ရသော ဟိန္ဒူဘာသာဝင်တို့သည်လည်း . . .

ဟိန္ဒူထုံးစံအရ နံနွှင်းဆိုး အဝတ်ကိုဝတ်၍ ဥပုသ်ဝင်ကြရ၏။

လ၊ ရက်၊ နေ့၊ အချိန်တို့ဖြင့် အဓိဋ္ဌာန်တင်ကာ တရားခန်းဝင်ကြရ၏။

သက်သတ်လွတ်စားသုံးကြရ၏။

အားလုံးပြီးစီးသောအခါအဓိဋ္ဌာန်မီးနင်းပြလေပြီ။

အဓိဋ္ဌာန်ဖြင့် တစ်ကိုယ်လုံးသံချွန်များစိုက်လျက်က တာဝန်ထမ်းပြကြလေပြီ။

အဓိဋ္ဌာန်ဖြင့် လျှာပြင်ထက်အောက်ထုတ်ချင်းဖောက် သံချွန်အထိုးခံပြကြလေပြီ။

သို့တစေတည်း ထို ဟိန္ဒူများကာမအောက်လမ်းဖြင့် သူတစ်ပါးသွားမစော်ကား။ မိမိနှင့်ပတ်သက်ရာ လာစော်ကားသော်မှ သူ့စေတနာအတိုင်းပဲဖြင့်ပစ်ထားမိသည်ကြောင့် တကယ့်လက်တွေ့ယုံကြည်စရာကောင်းသည့် မီးနင်းပွဲ၊ သံချွန်အစိုက်ခံပွဲ တန်းလန်းဖြင့် ကျန်ခဲ့ကြရလေပြီ။

သည့်အတူ ဓမ္မအထက်လမ်းဖြင့် မဂ်ခန်း၊ ဖိုလ်ခန်း လက်တွေ့ဝင်ပြလျက်ရှိသည့်ဗုဒ္ဓဘာသာဝင်များသည်လည်း။

စာသင်ခန်းထဲဝယ် ဟောဟုန်ကား ဥဒါဟရုဏ်ကားဖြင့်ကျန်ခဲ့ပြီ။

ဓမ္မာရုံထဲဝယ် ရှုးရှဲရှူးရှဲ ရှုရှိုက်ဆွဲဖြင့်ကျန်ခဲ့ရပြီ။

ထို ဟိန္ဒူ၊ ဤဗုဒ္ဓဘာသာဝင်တို့ ကိုယ့်ကိုယ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်ကြသဖြင့် ယဉ်ကျေးသိမ်မွေ့ရာမှ နု၍ညံ့သွားကြရပြီ။ မိမိ မိသားစု၊ မိမိအသိုင်းအဝိုင်း၊ မိမိပတ်ဝန်းကျင် အားလုံးတို့ကား အကြမ်းဆွဲနောက်ကောက်ကောက်ပါပါသွားကြလေပြီ။

သို့ဖြင့် ဆုတ်ရာမှ ယုတ်၍ အောက်လိမ့်ဆင်း ဆင်းနေသော ဤကမ္ဘာကြီး နုသမျှ အရာ အကြမ်း၏ ဝမ်းစာဖြစ်ဖို့သေချာနေပြီ။

ကောက်နုတောက၊
ကောက်ကြမ်းပင်၊
အစိမ်းတွင် အကွက်ဆန်း၊
ရွက်ကြမ်းဖြင့်ဝင်။
အကြမ်းကွဲ့ ထိုအပင်၊
တစ်ပင်မြင် တစ်ပင်နုတ်၊
နှစ်ပင်မြင် နှစ်ပင်နုတ်
ဘယ်လက် ညာလက်ထုတ်၊
မြင်သာမြင် မဖျင်ထုတ်၊
မနုတ်ခဲ့ချေသေး၊
အနုပေါ် အကြမ်းဖုံး၊
မျိုးတုံးလိမ့်လေး။

ဤသို့ စေတနာ၊ သဒ္ဓါနှင့် သတိ၊ ပညာအရင်းခံထားသော ဟိန္ဒူနှင့် ဗုဒ္ဓဘာသာဝင်တို့သည်. . .

အချို့သူထိုက်နှင့် သူ့ကံဟူ၍ ကံပုံချထားတတ်ကြ၏။

အချို့ ဖြစ်ချိန်တန်ဖြစ်၍ ပျက်ချိန်တန်ပျက်လိမ့်မည်ဖြင့် သံဝေဂထားတတ်ကြ၏။

ဤသို့ ‘ကျားရဲရာ ကြမ္မာ မရွေးသာ’ စကား သတိပြုသင့်ကြသည်။ တစ်ဖန် ‘ကံကို ယုံ၊ ဆူးပုံ မနင်းနှင့်’ စကားလည်းရှိသေး၏။ နောက်ထပ် သတိပြုကြရမှာကား ဝါးလုံးခေါင်းထဲထည့်ကာ မြွေပွေး လက်သပ်မွေးထားသည့် ထိုရဟန်းလေး ထိုမြွေပွေးပေါက်သဖြင့် ပျံလွန်တော်မူသွားရသော သာဓက။ တစ်ဖန် တစ်ဖန် ဆင်ငယ်လေး အစာကျွေးမွေးထားသော ရဟန်းတစ်ပါးသည် ထိုဆင်ကပင် ပြန်လည်နင်းသတ်သောကြောင့် ပျံလွန်တော်မူသွားရပုံ သာဓက။

ယင်းတို့ကို သင်ခန်းစာ ထုတ်၍ ကိုယ့်ကိုယ်ကိုယ်အပြင် မိမိဘာသာဝင်များကိုပါ ဓမ္မဖြင့် ခုခံခြင်း ကာကွယ်ခြင်းများ ကိုယ့်ကိစ္စကဲ့သို့ သဘောထားကာ စဉ်းစားသင့်ကြပြီ။

မှတ်ချက်။ ။ ဂန္ထဓူရ ဝိပဿနာဓူရ ဆောင်တော်မူကြသည့် ဆရာတော်ကြီးများ ဦးစီးကာ မ. ဘ. သအမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ကြီး ဖွဲ့စည်းတော်မူကြပြီး အဖျက်ဆီးခံ ဘာသာဝင်များဘက်က လိုက်လံကူညီနေသည်ကြားရ၍ သာဓုခေါ်မိသည်။ သို့ လိုက်လံကူညီနေရာတွင် ဆင်ကြံကြံ ကျားချောင်းချောင်းများ၏မျက်စောင်းအထိုးခံရသည်ကိုလည်းကြားသိနေရ၏။

ဤသို့ အမှားနှင့်အမှန် ရင်ဆိုင်မိကြရာတွင်. . .

အစသော် အမှားဘက်ကနိုင်လေ့ရှိ၏။ ငွေအသပြာ တန်ဆာပါသောကြောင့်။

နောက်သော် အမှန်ဘက် နိုင်ရမြဲ

ကို သတိရှိတော်မူကြပါကုန်။

ဤသို့ မင်းတုန်းမင်းခေတ်က ကြားနေကျ အဖြစ်အပျက်လေးတစ်ခုတင်ပြအံ့။ ယင်းက သာသနာပိုင် ဆရာတော်ကြီးပါသော သံဃာတော်များတွင် ဗန်းမော်ဆရာတော်လည်းပါဆို၏။ ထိုဆရာတော်ကြီးများ တစ်ခုသော အလှူပွဲသို့ လယ်ကွင်းဖြတ်လျက် အတန်းလိုက်ကြွတော်မူကြရာ ကွင်းပြင်ထဲ အစာစားနေသော ကျွဲတစ်ကောင်သည် သတ်ရန် (ခတ်ရန်) ပြေးလာနေ၏။

"မေတ္တာပို့ကြ မေတ္တာပို့ကြ သူ ဘာမှမလုပ်ကြနှင့်" သာသနာပိုင်က။

သို့ဖြင့် အတန်းလိုက် မေတ္တာပို့ကြ၏။ ကျွဲကြီးက ပြေးမြဲ ပြေးလာနေသည်။ ထိုအခါ အနီးသို့ရောက်လာသော ထိုကျွဲကြီးကို ဗန်းမော်သည် သင်္ကန်း ပခုံးပေါ်ပစ်ထင်၍ အနီးရှိ ဝါးလုံးတို့ဖြင့် တအား ကောက်ပစ်လိုက်ရာ ကျွဲကြီး၏ ချိုသို့သွားထိသည်ဆို၏။ ထိုစဉ် ကျွဲကြီးကား ချာခနဲပြန်လှည့်ပြီး ပြေးသွားရပြီဆို၏။ ထိုအခါ သာသနာပိုင်က 'အေးကွယ် ဗန်းမော့် မေတ္တာကမှ စွမ်းသေး' ဆိုသတဲ့. . .။

ဤသို့ဆိုချင်သည်က အနုမရ ကြမ်းပြရမည်ဆိုသောစကားပင်။

သို့ ကြမ်းပြရာဝယ် တုတ်၊ ဓားဆွဲ ကြမ်းနည်းကား မဟုတ်။ ဓမ္မစကား၊ အာဏာစကားဖြင့် နှိမ်နင်းရန်ပင်။ သို့ နှိမ်နင်းရန်အတွက်လည်း မ. ဘ. သနှင့် ဆိုင်ရာ ဥပဒေလေးမျိုး ပြဋ္ဌာန်းပြီးသားဆိုသည်။

ဗုဒ္ဓဘာသာသည် သူတစ်ပါး ဖျက်ဆီးရန်အားမပေး။

သို့သော် မိမိတို့သို့ လာဖျက်ဆီးသည်ကိုကား အကာကွယ်ပေးလေ့ရှိသည်။ ခွေးတိုးပေါက် ပိတ်သဖြင့် ခွေးဟောင်ခံရသည်ကိုလည်း ဥပေက္ခာပြုလေ့ရှိကြသည်။ သမင်အုပ်များအတွက် စည်းကာသည်ကို ကျားဟိန်းသည့်ပမာသာ. . .။

ရွေ့လျားသော သဘောရှိသော ခေတ်သည် ပြောင်းလေ့ရှိသည်။

ပြောင်းသော ခေတ်ကို ထိုင်မစောင့်ဘဲ အလုပ်လုပ်ရင်းက စောင့်ကြဖို့သာ။

အမှန်ခံကြရဦးမည့်တို့ကမ္ဘာ

မျက်မမြင်အဘွားအို ဘာဘာဗင်ဂါ၏ကြိုတင်ဟောကိန်းများတွင်. . .

အမေရိကန် ပြည်ထောင်စု၏ (၄၄) ကြိမ်မြောက် သမ္မတသည် အာဖရိကန်၊ အမေရိကန်စစ် လူမည်းဖြစ်လိမ့်မည်။ မှန်သွားပြီ. . .။

တစ်ခုက ဘားရက်အိုဘားမား အမေရိကန် အမည်။

မှတ်ချက်။ ။သူသည် အမေရိကန် သမ္မတထဲတွင်နောက်ဆုံးဖြစ်လိမ့်မည်။

သူ့နောက်တက်လာသောသမ္မတလက်ထက်တွင် အမေရိကန်တောင်ပိုင်း၊ မြောက်ပိုင်း အကြီးအကျယ် စိတ်ဝမ်းကွဲကြပြီး အချင်းချင်းတိုက်ခိုက်ကြရာ (၄၅) ကြိမ်မြောက် သမ္မတသည် နန်းတော်မှ ထွက်ပေးရမည်ဆို၏။ ဒေါ်နယ်ထရန့် အမှန်ခံနေရပြီလား. . .။

ယနေ့ ထရန့်ကြီး နန်းတော်မှ ထွက်ရ မထွက်ရ တို့တောထဲသို့သတင်း မရောက်သေး။ သို့သော် သူ့လုပ်ရပ်က စစ်ဖြစ်ချင်စရာ။

တစ်ဖန် မျက်မမြင်အဘွားအို၏ ကြိုတင်ဟောကိန်းထဲမှ လိုရင်းတစ်ခုကိုသာ ဤသို့ တင်ပြမည်။

ယင်းကား လာမည့် ၂၀၄၃ ခုနှစ်တွင် ရောမမြို့သည် အစ္စလာမ်မစ် စော်ဘွားနိုင်ငံ၏မြို့တော် ဖြစ်သွားလိမ့်မည် ဟောကိန်းပင် (အနုသည်အကြမ်း၏ဝါးဖတ်)။

အဘွားအို ဟောကိန်းထဲမှ အမည်းတို့နှင့်ပတ်သက်သမျှမှာ. . .

ဆီးရီးယားတွင် စစ်ပွဲကြီးများဖြစ်ပွားမည်။ အမှန်ခံလိုက်ရပြီ။

ထိုနှင့်အတူ အိုင်အက် အကြမ်းဖက်အဖွဲ့လည်း ပါသည်။

လူမည်းများ ဥရောပသို့ လိမ့်တက်သွားကြမည်လည်း ပါသည်။

ဤ ဝါခြင်းများသည် ရောမမြို့ အစ္စလာမ်မစ် မြို့တော်အတွက် ကုန်ကြမ်းပင်။ ဤသို့. . .

နူးညံ့သိမ်မွေ့သော ခရစ်တော်၏ ဩဝါဒခံအဖြူနှင့်. . .။

ကြမ်းတမ်း ရက်စက်သော မိုဟာမက်၏ ဩဝါဒခံအမည်း. . .။

ထိုနှစ်တွဲ ရှေ့ကပင် အသေးစိတ် တင်ပြခဲ့ပြီးပြီ။ တစ်ဖန် ထို နှစ်ပါးတို့၏ ဩဝါဒခံများတွင်လည်း. . . နူးညံ့သူများကလွတ်လပ်သော ဒီမိုကရေစီကို အပြည့်ခံယူကျင့်သုံး၍ ကြမ်းသူများက ချုပ်ချယ်သော ဖက်ဆစ်ကို အပြည့်အဝခံယူသည်။ ထိုစဉ်. . .

ဒီမိုကရေစီဝါဒသည် အကြမ်းဝင်ရန်၏တံခါးပေါက်။

ဒီမိုကရေစီ ကျင့်သုံးခြင်းသည် အကြမ်းဖမ်းစားရန်၏စားကျက်ကွက်။

ဒီမိုကရေစီ သားကောင်သည် အကြမ်းဖမ်းစားစရာ အစားအစာများ။

သို့ဖြင့် အမေရိကန်တွင်လည်း လူမည်းများ မဲမဲလှုပ်နေကြလေပြီ။ ဂျာမနီ ပြင်သစ်၊ အီတလီ စသည့် နိုင်ငံကြီးများသည်လည်း ထိုနည်းဒြင်းပင်။

မှတ်ချက်။ ။ အင်္ဂလန်၌ လူ ၁၀-ယောက်လျှင် တစ်ယောက်က အမည်းဖြစ်နေပြီဆို၏။

သည်သို့ အမည်းမျိုး အဖြူကြား တရားဝင် တိုးခွင့်ရသည်မှာ ဆီးရီးယားစစ်ပွဲနှင့် အီရတ်စစ်ပွဲတို့ ကျေးဇူးများကြောင့်ပင်။ ထိုစဉ်. . . အီရတ်၏ ပွဲကိုင်ရှင် "သမ္မတဆာဒမ်ဟူစိန်သည် အဖြူ မျက်မုန်းကျိုးသူတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ပါဝင်သည့်အလျောက်လည်း ပထမ အမေရိကန် တပည့်ခံ ကူဝိတ်ကိုစက်သိမ်းသည်။ သည့်နောက် ဆော်ဒီကို ဆက်လက်သိမ်းရန် အစွမ်းရေး ဆက်လက်သိမ်းရန်ပါပါသည်။

သို့ ကူဝိတ်သိမ်းအပြီးတွင် ဆာဒမ်ဟူစိန်အား ကမ္ဘာ့ခေါင်းဆောင်ကြီးများလည်း (ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဩစတြီးယားမှ ကုဝေါ်ဟိန်း အပါအဝင်) အားလုံးက လာရောက်နားချကြသည်။ မရ။ နောက်ဆုံး အမေရိကန်သမ္မတ (ထိုစဉ်က ဘုရှ်ကြီး (ဂျော့ဒဗလျူဘုရှ်၏ဖခင်လည်း) လာရောက်မေတ္တာရပ်ခံသည်၊ မရ။ နောက်ဆုံး. . . အီရတ်နှင့် အမေရိကန်တို့တိုက်ကြပြီ။ အီရတ်ရှုံးသည်။ နောက်တစ်ချီ (ဘုရှ်လေး သမ္မတဘုရှ်၏သား ဒဗလျူဘုရှ်) လက်ထက်တွင်ကား. . .

စစ်မကြေညာဘဲ အတင်းဝင် တိုက်တော့သည်။

စစ်မကြေညာဘဲ အတင်းဝင် သိမ်းပိုက်တော့သည်။

ထိုအခါ သမ္မတဆာဒမ်ဟူစိန်ရော အစိုးရတစ်ဖွဲ့လုံးပါ ပုန်းကြရလေပြီ။

မှတ်ချက်။ ။ နောက်ဆုံး လိုက်လံဖမ်းဆီးကာ တစ်ဖွဲ့လုံး ကြိုးပေးသတ်ဖြတ်လိုက်ကြသည်။ ပြီးသော် အမေရိကန်က အစဉ်အလာကျော်၍ အစိုးရဖွဲ့ပေးသည်။ ယင်းကား. . .

စီးပွားတောင့်တင်းသော ဆွန်နီတို့ကို နောက်သို့ပို့ထားပြီး၊

ဆင်းရဲသောရှီးယားတို့ကို အစိုးရနေရာပေးထားသည်။

ဘယ်မှာမှနေရာရသော ကဒ်တို့ကို သမ္မတနေရာပေးထားပြန်သည်။

အကြောင်းပြချက်က. . .

ရှီးယားနှင့် လူဦးရေက ၄၀ ရာခိုင်နှုန်းရှိနေ၍ဖြစ်၏။

ကဒ်၏ လူဦးရေက ၄၀ ရာခိုင်နှုန်းရှိနေ၍ဖြစ်၏။

ဆွန်နီ၏လူဦးရေက ၂၀ ရာခိုင်နှုန်းသာ ရှိနေ၍ဖြစ်၏။

မှတ်ချက်။ ။ ဆွန်နီဟူဆိုန်လက်ထက်က ဗိုလ်ချုပ်မှစ၍ စစ်ဝန်ထမ်းများသည် ဆွန်နီဘာသာဝင်က အများဆုံးဖြစ်ခဲ့သည်။

သည်သို့ လူမျိုးစု ၃- စု ရာထူးများ ခွဲဝေပေးထားရာတွင်. . .

(က) အစိုးရအဖွဲ့၌ ရှီးယားက ဝန်ကြီးချုပ်၊ ဆွန်နီက ဒုဝန်ကြီးချုပ်သာ။

(ခ) သမ္မတ၌လည်း ကဒ်က သမ္မတ၊ ဆွန်နီက ဒုသမ္မတ။

သို့ဖြင့် အစိုးရယန္တရားကြီး လည်ပတ်စေသောအခါ. . . ဦးစွာ ဆွန်နီသူပုန်တို့၏တိုက်ခိုက်ခြင်းကို မရှုမလှခံကြရသည်။ သည်သို့ ခံရင်းကပင် ရှီးယားဝန်ကြီးချုပ်သည် သူ့လူမျိုး၊ သူ့သစ္စာခံများ မြောက်မြားစွာထားရှိပြီး ရန်ဘက်ဒုဝန်ကြီးချုပ်၊ သမ္မတ၊ ဒုသမ္မတ အားလုံးသုတ်သင်ပစ်လိုက်ပြီး အာဏာအားလုံးသူ၏ ရှီးယားလက်ထဲချည်းသာ ထားလိုက်သည်။

သည်မှာတွင် အိုင်အက် စသည်သူပုန်များ ပေါ်လာပြီ။

ထိုသူပုန်က ကဒ်လည်း မညှာ၊ ရှီးယားလည်း မညှာတော့ပါ။

ဤသူပုန်က ကဒ်၊ ရှီးယားမျိုးခြား (ဂိုဏ်းကွဲ) မှန်သမျှတွင်. . .

မ, ဖြစ်က သားမယားအဖြစ် လိုသလောက် ကျင့်။

ဖို့ ဖြစ်က အပြီး ရှင်းပစ်။

ဂိုဏ်းကွဲရုံလေးမျှဖြင့် မျိုးတူချင်းညှဉ်းသော ဓလေ့များ. . . ။

တစ်ဖန် အီရတ်၏ထိုစစ်ပွဲများနှင့်အပြိုင်. . . ဆီးရီးယားတွင်လည်း ရှီးယားဘာသာဝင် သမ္မတဘရှားအဆတ်အား ဆီးရီးယားဆွန်နီတို့က ပုန်ကန်ကြပြန်ရာ. . . သည်မှာတွင်လည်း လူသတ်ပွဲကြီး ဖြစ်ကြရလေပြီ။ အဘွားအို ပောကိန်းအမှန်ခံရလေပြီ။

မှတ်ချက်။ ။ ဆွန်နီသည် မိုဟာမက်အနွယ်။ ရှီးယားက ခိုဒါအနွယ် သို့မဟုတ် ဆော်ဒီဖွား မိုဟာမက်၊ အီရန်ဖွား ခိုဒါတို့၏ဂိုဏ်းကွဲများ. . . ။

ယခင်က ဘာသာမတူ သတ်ပစ်။

ယခုက ဂိုဏ်းမတူလည်း သတ်ပစ်။ ဝါဒမတူလည်း သတ်ပစ်။

သို့ဖြစ်ရာ သူတို့ကို ဘယ်သူသည် အနှုတ္တွေပါ ပြောမည်နည်း။ တောက်ကျစ်စဉ်းလဲသော သားစားကျားသည် ရိုးသားသော သမင်၊ ဂျီ စသည်များကို တောရိုင် သစ်ရိုင် တောင်ရိုင်တို့သို့ လေ့သွင်းကာ သတ်ဖြတ်စားသောက်လေ့ရှိကြသည်။ သို့ပမာ. . . အချင်းချင်းဂိုဏ်းခွဲ အချင်းချင်းဝါဒပြိုင်ကြရင်းကလက်နက်စွဲ၍ စစ်တိုက်ကြသောအခါ ရိုးသားသောအီရတ်သား၊ ဆီးရီးယားသားတို့သည် အရိပ်ရှိရာ (ဒီမိုကရေစီရှိရာ) ဘက်သွားရောက်ခိုလှုံကြရတော့သည်။

သူတို့ခိုလှုံရာနေရာသို့ အစွန်းရောက်များ. . .

အချို့က စစ်ပြေးဒုက္ခသည်များနှင့်ရောနှောကာ လိုက်ပါသွားကြလေပြီ။

အချို့ကား စစ်ပြေးဒုက္ခသည်ပါ ပြော၍ ပြောင်ဝင်သွားကြလေပြီ။

သို့ အစွန်းရောက်များ အရိပ်ခိုများ၏နောက်သို့ လိုက်ပါကြရာတွင်. . . ဂျာမနီ၊ ပြင်သစ်၊ အီတလီ စသည် ဒီမိုကရေစီနိုင်ငံကြီးများသည် ဦးစားပေးတိုင်းပြည်များ ဖြစ်လာကြပြီ။

သို့ အရိပ်ခိုများနောက်လိုက်သူ အစွန်းရောက်များသည်. . .

ဌာနေရှိ ဂိုဏ်းတူများနှင့်လည်း အဆက်အသွယ်ရှိကြ၏။

ဌာနေရှိ ဂိုဏ်းတူများ၏ငွေကြေးလက်နက်အကူကိုလည်း ရရှိကြ၏။

အရိပ်ခို စစ်ပြေးလေးများ၏ ကံကြမ္မာကား ဘယ်သို့ရှိမည်နည်း။

အရိပ်ခိုများလက်ခံသော တိုင်းပြည်များ၏ကံကြမ္မာလည်း ဘယ်သို့ရှိမည်နည်း။

သူတို့လာကြလေပြီ

မျက်မမြင်အဘွားအို ဘာဘာဗင်ဂါ၏အနာဂတ်ပောကိန်းများက မှန်ပြီးရင်းမှန်များ ဖြစ်နေမလားမသိ။ ယင်းကား. . .

၂၀၁၆ ခုနှစ်အထိ ဥရောပတိုက်သည် ငြိမ်းချမ်းရေး တည်တံ့နေမည်။ လွတ်လပ်သော ဒီမိုကရေစီ၏ အရသာကိုခံစားမြဲ ခံစားခွင့်ရကြလိမ့်မည်။ ထိုစဉ်ဘာသာရေးအစွန်းရောက်များက ဓာတုလက်နက်များအသုံးပြု၍ ဥရောပကိုတိုက်ခိုက်ကြလိမ့်မည်. . . တဲ့။ တစ်ဖန်ကျူးကျော်ဝင်ရောက်လာကြသော ယင်းဘာသာရေး အစွန်းရောက်များကြောင့်. . .

ဤဥရောပ. . . ကျယ်ပြန့်စွာ အကြမ်းဖက်ခံရအံ့။

ဤ ဥရောပ. . . ပြင်းထန်သော အစ္စလာမ်မစ် စစ်ပွဲကြီးများ ဒဏ်ခံကြရအံ့. . . တဲ့။

သို့ဖြင့် ၂၀၄၃ ခုနှစ်အရောက် ဥရောပအနှံ့အပြားတို့သို့ အစ္စလာမ်ဘာသာဝင်များ ဝင်ရောက်လာကြရာမှ (လက်ခံမိကြရာမှ) ပုပ်ရဟန်းမင်းကြီး (ခရစ်ယာန်တို့ကိုးကွယ်ရာ ဘာသာရေးခေါင်းဆောင်ကြီး) စိုးစံရာ အီတလီပြည်သည် အစ္စလာမ်မစ်တို့ လက်ထဲကျရောက်သွားမည်။ ထိုအခါ ရောမမြို့သည် အစ္စလာမ်မစ် စော်ဘွားနိုင်ငံ၏ မြို့တော်ဖြစ်သွားလိမ့်မည်တဲ့။

ယင်းအဘွားအို၏ပောကိန်းကို တို့များက လုံးဝ၏နောက် လုံးဝဖောက်၍ထောက်ခံသည်။ ဘာ့ကြောင့်. . . ။ အကြမ်းကို အနုဖြင့် ဖြို၊ အနုသာ အမြဲခံရမည် ကေန်ဖြစ်ခြင်းကြောင့်။

အထွက်ပါ အဘွားအို၏ ပောကိန်းများကိုဆက်စပ်၍ ပြဆိုမည်။

ယင်းကား. . .

အီရတ် ဆီးရီးယားတို့တွင် အစ္စလာမ် ဂိုဏ်းကွဲတို့၏ တိုက်ပွဲများဖြစ်ပြီးကြပြီ။ ထို ပြည်တွင်းစစ် တိုက်ပွဲများကြောင့် အပြစ်မဲ့တို့ ထွက်ပြေးကြရပြီ။ အပြစ်မဲ့တို့ ထွက်ပြေးရာနောက် အကြမ်းဖက်ဂိုဏ်းကွဲများ နောက်ယောင်ခံလိုက်သွားကြပြီ။

သည်မှာတွင် စစ်ပွဲများ၌ ရန်သူပုန်းခိုရာဒေသကို မြေလှန် စနစ်ကျင့်သုံးဖျက်ဆီးပစ်လေ့ရှိသည့်ပမာ ဒီမိုကရေစီသွေးလည်ပတ်နေသူဌာနေများ သနားသဖြင့် လက်ခံမိခဲ့ကြရာမှ ယခုတစ်ဖန် အသတ်ခံကြရဦးတော့မည်။ တစ်ဖန် ဒီအရိပ် သွားရောက် ခိုလှုံကြသော စစ်ပြေးများလည်း လွတ်အံ့အထင်ဖြင့် ဝင်ခဲ့မိကြရမှာ ယခုတစ်ဖန် အသတ်ခံကြရဦးတော့မည်. . . ကေန်။

အနုဖမ်း အကြမ်းဆုံးသည် သူတို့ပရိယာယ်။

ပူးသတ် ခွာသတ်သည်လည်း သူတို့ပရိယာယ်။

အီရတ်၊ ဆီးရီးယားစသည် အာရှဒေသမှဥရောပတိုက်ဘက်ထွက်ပြေး၍ စစ်ဘေးရှောင်ကြရာတွင် ဟန်ဂေရီတစ်ခုသာ အဝင်မခံ ဆို၏။ ယင်း ဟန်ဂေရီသည် သူတို့ပြေးလာရာ နယ်ခြားတစ်လျှောက် သံဆူးကြိုးများ ကာရံထားကာ နယ်ခြားစောင့်များ ထူထပ်စွာချထားဆို

ရှုမဝမဂ္ဂဇင်း
၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ
အတွဲ (၂၂) အမှတ် (၁)

၏။

ကျန် ဥရောပတိုက်သားများသည် ကား. . .

လူသားချင်း စာနာထောက်ထား သင့်ကြသည်ဆိုသော ဝါဒကွင်း(ဂွင်း)။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိုသော ဝါဒကွင်း (ဂွင်း)။

အပျော် စိတ်စိုက် အကြိုက် ငြိမ်း ဆင်တက်နေကြသော ကာမကွင်း(ဂွင်း)။

မည်သူမဆို လိုက်လံစွာ ကြိုဆို တတ်ကြသော ယဉ်ကျေးမှုကွင်း (ဂွင်း)။

ထိုကွင်း ဤကွင်း လည်ပင်း အစွပ်ခံထားကြရသည်ကြောင့် ကြိုဆိုပါ၏။ ဆိုင်းဘုတ်ထောင်၍ ကြိုဆိုခဲ့ကြလေပြီ။ သို့မဟုတ် သမင်ခြံ အတွင်း ကျားအုပ်ကြီးများ သွင်းပေးနေကြခြင်း ပမာ။

မှတ်ချက်။ ။ ဂျာမန်၏ မာကယ် ကြီး သဘောထားကောင်းလွန်လွန်း သည်ကို မကျေနပ်သော ပြည်သူတစ်ဦး က အမည်းများ ကားပေါ်တင်ကာ မာ ကယ်ကြီး၏အိမ်သို့သွားရောက် ပို့သည် ဆို၏။

သည်သို့ အဖြူအတွင်း အမည်း များ ကြည်ဖြူစွာ သွင်းကြရာမှ ပြင်သစ် ပြည်ကြီး၏ညချမ်းများသည် သွေးလွှမ်း ညချမ်းဖြစ်နေကြလေပြီ။

မှတ်ချက်။ ။ ပြင်သစ်ပြည်ကို ချာ လီဟတ်ဒိုးအပေါ် အငြိုးကြီးသည်ကြောင့် အဓိက ပစ်မှတ်အဖြစ် လျာထားလိုက် ကြဟန်တူသည်။ ယင်းက မိုဟာမက်ကို ရုပ်ပြောင်ဆွဲမိ၍. . .။

ပြင်သစ်ပြည်ကြီး၏ လမ်းမပေါ် တွင်လည်း သွေးရောင်လွှမ်းသွားပြီ။

ပြင်သစ်ပြည်ကြီး၏ စားသောက် ဆိုင်တွင်လည်း အဖြူသွေးများ ရဲနေကြ ပြီ။

ပြင်သစ်ပြည်ကြီး၏ ဇာတ်ရုံကြီး တွင်လည်း ဖြူသွေးများ ပေကျံသွားပြီ။

ထိုအားလုံး အပြစ်မဲ့များချည်းဖြစ် ကြ၏။ အငြိုးထားသော ချာလီဟတ်ဒိုး မဂ္ဂဇင်းတိုက်ကိုကား စောစောကပင်ဝင် ရောက်သတ်ဖြတ်ပြီးကြပြီ။

သို့ ပြင်သစ်နေ အဖြူအား အမည်း ကလဲ့စားချေရာတွင် ပြင်သစ်သို့ ဝင်ရောက်နေကြသည့် အမည်းများ ချည်းမဟုတ်ဆို၏။ ပြင်သစ်၌ဝင်ရောက် နှင့်ကြသည့်အမည်းများအကူညီဖြင့်. . .

အချို့ ဘယ်လဂျီယန်မှနေ လာ ရောက်တိုက်ခိုက်ကြသည်ဆို၏။

အချို့ ယီမင် စသည် အာရှမှနေ သွားရောက် တိုက်ခိုက်ကြသည်ဆို၏။

သွေးစည်းရာ၌ ချီးကျူးစရာ ကောင်း၏။ ညီညွတ်ရာ၌ ချီးကျူးစရာ ကောင်း၏။ ချီးကျူးစရာ မကောင်း သည့်မှာ (ရွံချစရာ ကောင်းသည်မှာ) လူကို ကြက်၊ ဘဲ၊ ကျွဲ၊ နွား လည်လှီး သတ်ဖြတ်ကစားသည့်ပမာ တန်းတူထား ကစားခြင်းပင်။

ဤ၌ မိမိလက်ချက်ကြောင့် သူ တစ်ပါးသို့ အသက်ဖျက် ကြွေကြရာ တွင်. . .

(က) တိရစ္ဆာန်သတ်မိက အပြစ် တစ်မျိုး။

(ခ) လူသတ်မိက အပြစ်တစ်မျိုး။

နှစ်မျိုးကွဲသည်။ တစ်ဖန် တိရစ္ဆာန် တွင်လည်း. . .

၁။ သေးငယ်သော သတ္တဝါမှ ကြက်၊ ဘဲ၊ ယုန်၊ ကြောင် အရွယ်များ အထိကတစ်မျိုး။

၂။ ခွေး၊ ဆိတ်၊ ဂျီ၊ သမင် စသည် မှ ကျွဲ၊ နွားအရွယ်များ အထိကတစ်မျိုး။

၃။ ဆင်၊ ကြံ့ စသည် အကောင် ကြီးများက အပြစ်က တစ်မျိုးဟူ၍ (၃) မျိုး။

သတ်ဖြတ်ကြရာ၌ အားစိုက် ပယောဂလိုက်၍ စေတနာက လိုက်လံ ပံ့ပိုးကြသည်ကြောင့်. . .

အကောင်သေးလျှင် သေး သလောက် အားမြောက်အားထားနည်း ပါး၏။ သို့အတူ စေတနာအထားလည်း နည်းပါးမည်။ သို့ဖြစ်ရာ မိမိစေတနာ အတိုင်း မိမိပြန်လည်ခံရတိုင်းတို့၌လည်း သက်တမ်းတိုကာလရှိ တစ်ဘဝ၏ တစ် ခုဏမျှသာကျခံရတတ်သည်။

တစ်ဖန် အကောင်လတ်၊ အကောင်ကြီးများတွင်လည်း မိမိ၏ စေတနာ အားစိုက်လိုက်လျက်ကပင် ပြန်လည်ခံကြရမည်။ သို့ ပြန်လည် ခံကြရရာ၌. . .

(က) တစ်ဖက်က ကလဲ့စားအချေ ခံကြရခြင်း။

(ခ) ကိုယ့်စေတနာက ကိုယ့်ပြန် အရေးယူခြင်း. . . ဟူ၍နှစ်မျိုး။

ထိုစဉ် တစ်ဖက် ကလဲ့စားချေခံရ ခြင်းကား မသေချာလှ။ ကိုယ့်စေတနာ က ကိုယ်သွားရာလှည်းဘီးပမာ(အရိပ် ပမာ) လိုက်ပါ နှင်းနေသည်ကြောင့်ခံရ မှာသေချာသည်။

မှတ်ချက်။ ။ အရှင်မောဂ္ဂလာန် အား ခိုးသားငါးရာ လာရောက်သတ် ဖြတ်ကြခြင်းသည် မိခင်ကြောင့် မဟုတ်။ မိမိစေတနာကြောင့်. . .။

တစ်ဖန် လူတွင်လည်း. . .

၁။ သီလမဲ့သူ သတ်မိက တစ်မျိုး။

၂။ သီလရှိသူ သတ်မိက တစ်မျိုး။

၃။ မဂ်တည်သူ သတ်မိက တစ်မျိုး။

၄။ ရဟန္တာ သတ်မိက တစ်မျိုး။

၅။ ပစ္စေကဗုဒ္ဓ သတ်မိက တစ်မျိုး။

၆။ ဘုရား သတ်မိက တစ်မျိုး။

အမျိုးမျိုး ခွဲထားသည်။

မှတ်ချက်။ ။ ဘုရားသည် ပါရမီ တော်များနှင့် အာယုပါလက ဖလသမာ ပတ် အမည်ရ သက်ထိန်းအမြဲရှိသည် ကြောင့် သူတစ်ပါးသတ်၍မရစကောင်း။

ထိုစဉ် လူသည် အလေ့ကျပေါက် ကံဖြင့် လူဖြစ်ရုံမျှသာ (သုဂတိအဟိတ် တန်းဝင်မျိုး) ဖြစ်ခဲ့သော် ဒုဂ္ဂတိ အဟိတ် ဘွဲ့ခံ တိရစ္ဆာန်လောက်သာ အတန်းရှိ သည်။

တိရစ္ဆာန်သည် အိပ်၊ စား၊ ကာမ သည်သုံးဝမျှသာ။

သည် လူလည်း အိပ်၊ စား၊ ကာမ သည်သုံးဝမျှသာ။

သည့်အတူ တိရစ္ဆာန်လည်း ရှေ့ မသိ၊ နောက်မမြင် ထင်ရာလိုက် ကြိုက်၊ မကြိုက်နှင့်တိုက်မည်သာ။ သည် လူ လည်း ဆင်ခြင်ဉာဏ်မရှိ အထိ၏ အသိ ၌သာ လမ်းဆုံးမည်။

သည့်အတူ တိရစ္ဆာန်သည်လည်း သစ္စာမသိခြင်း မောဟ၊ အမှားကို အမှန် ထင်ခြင်း မောဟ၊ အတွေ့နောက် အမေ့ ကောက်လိုက်ခံစားခြင်း မောဟများနှင့် သာ။ သည်လူလည်း အမေ့ထက်အမက် တင် လိုက်ပွဲဝင်မည်သာ။

ဤ၌ သီဟိုဠ်ခေတ်က ဒုဋ္ဌဂါမဏိ မင်းကြီးသည် သူ့ပြည်တွင်း ဝင်ရောက် နေရာယူထားကြသော ကြေး (၁၆)ပြည် ထောင်တို့နှင့်စစ်တိုက်ကြရာ သူတို့ ကိုင်စွဲခဲ့သော သံလျက်ဓားများ သွေး ကြောထားသည့် ရေကန်ကြီးသည် ပကတိရေအစား သွေးများချည်းဖြစ်သွား သောဟူ၏။

ထိုမှနေ သီဟိုဠ် တစ်ပြည်လုံး မိမိ လက်ထဲ ပြန်လည် ရောက်ရှိလာသော အခါ မင်းအဖြစ် ဘိသိက်ခံကာအုပ်ချုပ် ၏။ သို့ အုပ်ချုပ်ရင်းက တစ်နေ့ မင်းကြီး အတွေးဝယ် စစ်ဖြစ်ခဲ့သည်များ တရေး ရေး ပြန်လည်မြင်ယောင်လာ၏။

သေလိုက်သည့်လူသူအများ. . . သွေးအား ခုခံရင်းက။

သေလိုက်သည့်လူသူအများ. . . စစ်ပွဲအကြား ပြေးလွှားကြရင်းက။

အင်း ဒီလိုဆို ငါကိုယ်တော် အပါယ်ဝင်မှ ကျွတ်ပါ့မလား။ သည်သို့ အတွေးဖြစ်ရာမှ မင်းကြီးသည် မအိပ်နိုင် အစားနိုင်ဖြစ်လာနေပြီ။ .

ယင်းကို သူ၏ တိုက်ဖော် တိုက်ဖက် သူရဲကောင်းစာရင်းဝင်က စစ်ပွဲကြီးများ ပြီးစီးသည်နှင့် ရဟန်းဝတ်၍ ကျင့်ရာမှ ရဟန္တာဖြစ်သွားပြီး မထေရ်ကြီးက လာရောက်၍ ရဟန်းဖြစ်ခဲ့သော် ဒေသနာကြားပေးသည်သို့ မင်းကြီး၏ အပြစ်များကို လာရောက်၍ ဆေးကြော ပေးရလေပြီ။ ယင်းက. . .

“မင်းကြီး. . . မင်းကြီး သတ်မိခဲ့သည့်အထဲမှာ. . . တစ်ယောက်သာ ငါးပါးသီလရှိသူပါ၏။

နောက်တစ်ယောက်ကား တစ်ဝက်မျှသာလျှင်၏။

ထို နှစ်ယောက် သို့မဟုတ် ထို တစ်ယောက်နှင့် တစ်ခြမ်းမျှသာ သင် အပြစ်ခံရမည်”

ဟူ၏။

ဤသို့ သိစေချင်သည်က သီလရှိသူကိုသတ်မှ လူသတ်မှုမြောက်သည်ကို. . .။

(က) လူဆိုလျှင် မိမိပြုသော ကံ အကျိုးရှိ မရှိ အတည့်သိနေရမည်။

(ခ) လူဆိုလျှင် မိမိပြုသော ကံ အပြစ်ကင်း၊ မကင်း ရှင်းရှင်း သိနေရမည်။

(ဂ) လူဆိုလျှင် အကျိုးရှိ အပြစ်မဲ့ ကံမျိုးကိုသာပွားစေ၊ များစေရမည်။ ဤ လူ့ဘုံသည် သတ္တဝါများအား ဘုံခွဲတမ်းချရာ ဇုန်ဖြစ်နေသောကြောင့်။ ထိုစဉ် ဓာတ်အမိန့် နာခံ၍ ကံပေါ် နေသူ သွားကြစေ အပါယ်ဘုံများသို့. . .။

တစ်ဖန် ဓာတ်တော်လှန်၍ တန်ပြန်ကံ ဖန်တီးသူများတွင်. . .

၁။ သီလအဓိကထား ဒါနက အရံဆို သွား နတ်ပြည်ခြောက်ထပ်။

၂။ ဒါန အဓိကထား သီလက အရံဆို ပြန်လာခဲ့ ဤလူ့ဘုံ။

၃။ ဒါန၊ သီလ အရံထား ဈာန်ပွားက သွား ဗြဟ္မာ့ဘုံ နှစ်ဆယ်။

၄။ ဒါန၊ သီလအားလုံး အရံထား ဉာဏ်ပွားက သွား အရိယာ လေးဘုံ။

သို့ဖြစ်ရာ သင်သည်လည်းကောင်း၊ ငါသည် လည်းကောင်း၊ အများသည်လည်းကောင်း လူဖြစ်လာချိန် သူ့အလုပ်လုပ်ဖို့ အထူးအရေးကြီးသည်။

လူ ဖြစ်ချိန် လူ အလုပ်လုပ်သော် ချုပ်ရာ နိဗ္ဗာန်သို့။

လူဖြစ်လျက်သားနှင့် ဓာတ်ကစားနေက မြုပ်စရာ အပါယ်ကို ဤသို့ လူလေးမျိုး ကမ္ပည်းထိုးခဲ့မည်။ ယင်းက . . .

၁။ အထက်မှလာ၍ အထက်ပြန်ခွင့် ရသူ တစ်မျိုး။

၂။ အောက်မှလာ၍ အောက်ပြန်ရသူတစ်မျိုး။

၃။ အထက်မှလာ၍ အောက်ဆင်း သွားရသူ တစ်မျိုး။

၄။ အောက်မှလာ၍ အထက်တက် ခွင့်ရသွားသူ တစ်မျိုး။

ထိုစဉ်. . .

၁။ ယခင် လူ့ဘဝတုန်းက ဓာတ်မှိုင်းများကို ဈာန်ရှိန်ဖြင့် မှုတ်လွင့်ကာ ကိုင်လေသော အငြိမ်းပေးနိုင်သူများသည် ဈာန်တို့၏ အဆင့်အလိုက်. . .

အချို့ အရူပဘုံ လေးဆင့်ရှက် လွင့်တက်ခွင့်ရကြသည်။

အချို့ ရူပဘုံ ဆယ့်ငါးဆင့် ရှက် လွင့်တက်ခွင့်ရကြသည်။

ထိုမှနေ ဈာန်အရှိန် သတ္တိများ ကုန်သွားသောအခါ ဤလူ့ပြည်သို့သာ ပြန်လာရမည်။

တစ်ဖန် လူ့ပြည်သည် အသိနှင့် အကျင့် နှစ်ချက် ဆင့်နိုင်ခြင်းကြောင့် သီလ (ဒါန) စသည် ကံ အခြေခံဈာန် သန်သန် ပွားစေ များစေ၏။ ဤမှနေ လူဖြစ်ကံများအနေစေ့ သေနေ့သို့ဝင်ရလေသောအခါ မိမိလက်မိလက်ရ ဈာန်သန်သန်ပွားလျက်က အထက် တက်ရန် အားယူစဉ်. . .

(က) ယခင် အဆင့်ထက် မြင့်ချင်လည်း မြင့်နေမည်။

(ခ) ယခင် အဆင့်အောက် နိမ့်ချင်လည်း နိမ့်နေမည်။

ရောက်ရမည်ကား ဗြဟ္မာ့ပြည်သို့သာ။ ယင်းကိုရည်၍. . .

“အထက်မှလာ၍ အထက် ပြန်ခွင့်ရသူ” စကား ထားပေးရလေသည်။

၂။ ယခင် လူ့ဘဝတုန်းကလည်း ဓာတ်မှိုင်းမိဓာတ်၏ အစေခံ။

ယခု လူ့ဘဝပြန်ရောက်လာတော့လည်း ဓာတ်မှိုင်းမိ ဓာတ်၏အစေခံ။

သို့ဖြစ်ရာ ဤလူ့သားသည် လူသာဖြစ်ပြီး လူစိတ်မရှိသောလူဆိုရမည်။

ထိုသူသည် လူစိတ်အစား ဓာတ်မှိုင်းဝင် ဓာတ်ညှဉ့်များ နေရာချထားရာလိုက်၍ ရေ မြေဓာတ်လွန်များက ဓာတ်ဆိပ်ဝင် ဓာတ်ညှဉ့်မှ ထဖြစ်လာသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ ကြီးကိုင်ခံရမည်။ ထိုသူ့စိတ်. . .

ကိုယ့်ရှိအကြည့်ခွက်များဖြင့် တစ်ဖက်အာရုံ ပုံရိပ် ပုံဖမ်း ပေးနေရသည်။

ကိုယ့်ရှိ အာရုံ ပုံရိပ်များကိုလည်း တစ်ဖက်သို့ သွားရောက် ချိတ်ပေးနေရသည်။

ထိုစဉ်. . .

ကိုယ့် အာရုံ သူ့အကြည့်ဓာတ်က ဟပ်နေပြီလား။ သည့်အတူ. . .

သူ့အာရုံ ကိုယ့် အကြည့်ဓာတ်က ဟပ်နေပြီလား။

အာရုံချင်း အကြည့်ချင်း တွေ့မိနေကြပြီ။ ထပ်မိနေကြပြီ။ ဟပ်နေကြပြီ ဆိုပါက ‘ခန္ဓာအိမ်တွင်းများ၌ ကိုယ်စီရှိ ဘုတ်မင်းကြီးသည် ဖဿ၊ ဝေဒနာ၊ သညာ စသည် (၇) ပါး အစေခံနေရာမှထား၍. . .

အဆင်း ဖြစ်ခဲ့သော အကြိုက်ဖြင့် မျက်စိတွင်း သွင်း ပွဲတော် တည်ခင်းလေပြီ။

အသံ ဖြစ်ခဲ့သော အကြိုက်ဖြင့် နားတွင်း ထည့် ပွဲတော်လည်းလေပြီ။ သည့်အတူ အနံ့၊ အရသာ၊ အတွေ့ သဘောများလည်း ဆိုင်ရာဖြင့် စားတော်ခေါ် သည်။

သို့ စားတော်ခေါ် ရာတွင် (ဘုတ်မင်းကြီးက). . .

တစ်ဖက် အာရုံရှင်က မိမိကို အလိုမလိုက်သော် သို့မဟုတ် အကြိုက်တူများက လာရောက် လုယူကြသော်။

နင့်မှလား ငါ့မှလားဖြင့် အားပြိုင်ကြရလေပြီ။ နင်က ဘာလဲ၊ ငါကဘာလဲ ဖြစ်ရလည်း နိုင်ရာ ကိုင်ကြရလေပြီ။

သည်သို့ ပြိုင်တိုင်း ဆိုင်တိုင်း အနိုင်ရ ဝတ္ထုအာရုံများကို. . .

သူ့ကံနှင့်သူ ဖြစ်တည်လာသည်များကို ငါပိုင်အဖြစ် သိမ်းပိုက်တော့သည်။

သူ့အကြောင်းနှင့်သူ လာပေါင်းသည်များကိုလည်း ငါပိုင်အဖြစ် မြတ်နိုးရတော့သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ စေတသိက် (၃) ပါး ရေ မြေတို့ ကစားရာ အနံစာတိုးလေးများ. . .။

တစ်ဖန် လေ၊ မီး ဓာတ်လွန်များကျ ဓာတ်ဆိပ်ဝင် ဓာတ်ညှဉ့်များမှ ထဖြစ်လာကြသည့် ဒေါသ၊ ကုက္ကုစ္စ မစ္ဆရိယတို့ ကြီးကိုင်ခံကြမည်။

ထိုသူ့စိတ် တစ်ဖက် အာရုံတို့ လာတိုက်မိတိုင်း ထိတ်ခဲနဲဖြစ်သွားပြီကြောင့် . . .

ဒေါသော အတ္ထံ န ဇာနတိ၊ ဒေါသော ဓမ္မံ ပဿတိ။

အနုတ္တမံ တဒါပေတဝီ ယံ ဒေါသော သဟာတေ နရံ။

အထက်ပါ တရားတော်အတိုင်း တစ်ဖက် အာရုံရှင်မျှား အပေါ် ပြစ်မှားလိုခြင်း မုန်းလမ်း ခင်းတော့ရာ. . .

ရှေ့၊ နောက်တို့တွင် ဖြစ်လာမည့် အကျိုးကိုလည်း မသိတတ်တော့။

ရှေ့၊ နောက်တို့တွင် ရောက်လာမည့်အကြောင်းကိုလည်း မမြင်မိတော့။

သည်သို့ သူ့စိတ် အကျိုးမသိ၊ အကြောင်းမမြင်၊ ဆင်ခြင်ခွင့်မရချိန်တွင် ဓာတ်မှိုင်း ဓာတ်မှောင်ကြီး စိတ်အစဉ် ဝယ် တစ်ခဲနက် ထိုးကျလာတော့သည်။

သို့ဓာတ်မှောင်ခိုး ဖြိုးဖြိုးရှာကြောင့် သိစိတ်များ အိပ်မောကျပမာ ဖြစ်သွားသောအခါ ဤမသိစိတ်က သူတည်းခိုနေသည့် ထိုသူ့အား ဖျက်ဆီးပစ်တော့သည်။

မှတ်ချက်။ ။ လောဘ၊ မောဟတို့၌လည်း နည်းတူမှတ်။

ဤသူများ အောက်မှတက်လာကြပြီး အောက်ပြန်ဆင်းကြပေဦးတော့။

၃။ တစ်ယောက်က ယခင် လူ့ဘဝဈာန်ရပုဂ္ဂိုလ် ဖြစ်ခဲ့သည်ကြောင့် သေလွန်သောအခါ အထက်ဗြဟ္မာ့ရွာသို့လာခွင့်ရခဲ့ပြီ။

ထို ဗြဟ္မာ့ရွာမှပင် ဗြဟ္မာ့အစာများ ဝလင်စွာ စားခဲ့ရပြီ။ ထိုမှနေ ကံ အရှိန် ဈာန်အရှိန်ကုန်ကြောင့် ဤလူ့ဘုံ ပြန်ဆင်းလာရရာ ဈာန်ထက်မစားရ သည်မှာ ကြာပြီဖြစ်သော ကာမကိုသာ စိတ်မဲတင်းတော့သည်။ ဤ၌ ဗြဟ္မာ့ ပြန် အနိဋ္ဌဂန္ဓမင်းသားအကြောင်း ပေါင်းထည့်လိုက်ဦးအံ့။

သူသည် မွေးကတည်းက မဆိုမိခင်ပင်လက်မခံပါ။ သို့ဖြစ်ရာ. . .

နို့တိုက် အထိန်းတော်ကိုလည်း ယောကျ်ားများသာထားပေးရ၏။

နေ့၊ ည အထိန်းတော်ကိုလည်း ယောကျ်ားများသာ ထားပေးရ၏။

သို့အတူ မြင်ကွင်း၊ အနံ့၊ အသံ စသည့်များပါ ယောကျ်ားများချည်းသာ။ သို့ဖြင့် လူတို့အကြား လူ့အလားမြောက်ခဲ့ရပြီ။ ထိုမှတစ်ဆင့် ဘဝခန္ဓာကိုယ်ကို တစ်စက္ကန့်လျှင် ကုဋေခြောက်ထောင်ခန့် နှုန်းဖြင့် အရွေ့ခံခဲ့ရရာ ကာလသားဘဝ လူကျွံဘောများ (တစ်ဆင့် လူ ခရီးလွန်မည့်ဘော) ကြီးထွားလာပြီ။

ကုဋ္ဌိဘာဝ-မိန်းမဘော. . . ဘာဝက ဘောကို ညွှန်ပြနေသည်။

ပုရိသဘာဝ-ယောကျ်ားဘော. . . ဘာဝက ဘော လက်ညှိုးထိုးပြနေသည်။

သို့ဖြစ်ရာ ကာလသားဘာဝ ကာလသမီးဘာဝတို့ရှိ ဘောများက လည်း ခြင်ဆီပြည့် အရိုး ကြောမာ အကျိတ် အဖုများ ကြီးထွားလာချိန်. . . ရေစင်ကြီးများရှိ ရေပြည့်ပြီး အချက်ပြ သံပြားများပမာ ဆိုင်ရာ ဘာဝသွေးမှ ထကြွဆန္ဒပြလာသည့် ဘောအဖြစ် ခေတ်ပေါ် နေပေးရသည်။

သည်တို့ ဘာဝသွေး ထကြွ မလိုချင်သည့် ဆန္ဒ ထိုမင်းသား၌ ပြမလာ။ သူ၌ ဗြဟ္မာစိတ် မအိပ်သေး၍။ ထိုအခါ ခမည်းတော်သည် အမျိုးမျိုးကြံဆကာ နောက်သော် ဘာဝသွေး ထကြွဆန္ဒပြလာသည်အထိ မြူနိုင်သူအား ပေးစားမည် ကတိရှိလာရပြီ။

နောက်ဆုံးတွင် ပြည်တန်ဆာမ တစ်ဦး၏ကွန်ယက်ထဲ အမိခံရသည်။ သို့နှင့် ထိုပြည့်တန်ဆာမနှင့် ပေါင်းသင်း ရင်းကပင် ကာမ-မုန်ကြီးဝင်လာတော့ရာ တိုင်းပြည်နေ ရှိသမျှ မိန်းမ ငါ့မိန်းမဖြစ် စေရမည်အထိ ဖြစ်တော့သည်။

ဤ၌ ဆိုချင်သည်က ဈာန်စိတ်တို့ အကုန်ကံစိတ်တို့ ပြုတိုးလာခြင်းပင်။

သို့ပမာ ဗြဟ္မာ့ရွာပြန် ဖြစ်သော်မှလည်း ဈာန်မြုပ် ကံချည်းပွဲထုတ်လေသော် ဤသူများ အထက်က လာသော်မှလည်း အောက်ဆင်းကြရပါတော့မည်။

ဘာ့ကြောင့်. . . ။

ရေ၊ မြေ အခံဓာတ် ထ အကြွ ပြီတ္တာ ပြန်ရန် ကံစနေသောကြောင့်။

လေ၊ မီး အတိုက်ဓာတ် ထန် ငရဲ ပြန်ရန် ကံ စီမံနေပြီကြောင့်။

ဓာတ်လေးစုံ ဟုန် မြူက တိရစ္ဆာန် ဘဝ ပြန်ရကြမည်ဖြစ်သောကြောင့်။

၄။ အောက်မှလာ၍ အထက် တက်ခွင့်ရသူများကား. . .

(က) ပတ်ဝန်းကျင်ဟောင်းနှင့် ပေါင်းခွင့်ရသူ. . . ၊

(ခ) သူတော်ကောင်းများအနီး ဆည်းကပ်ခွင့်ရသူ. . . ၊

(ဂ) သူတို့ အတုလိုက် ကူသိုလ်၌သာ အားစိုက်သူ. . . ။

ထိုသည့်သူ သီလ၊ ရေခံ၊ မြေခံကောင်းဖြင့် အထက် တက်ခွင့်ရသော နတ်ပြည်များသို့။

အကယ်တိတိ သီလ မြေခံပေး ဈာန်အဘိညာဉ်ပါ စိုက်ပျိုးကြချိန်သော် အဆင့်ညွှန်ကြားရာ ဗြဟ္မာ့ဘုံများသို့ အထိ။ တစ်ဖန် ဤလူ. . .

(က) ဘုရား ဆုပန်လည်းမဟုတ်ခဲ့။

(ခ) ဟိတ်သုံးပါး အားလုံးလည်း ပြည့်ဝနေ၏. . . ဆိုသော်. . .

လယ်သမားကြီးသည် စပါးရိတ်ရာဝယ် ဘယ်လက်ဖြင့် ကောက်ပင်ကို ဆုတ်ကိုင်၍ တံစဉ်ကိုင် ညာလက်ဖြင့် ရိတ်ဖြတ်သိမ်းယူ၏ပမာ. . . သမထဖြင့် မိမိစိတ်ကို ချုပ်ကိုင်၍ ဝိပဿနာအဆင့်ဆင့်တို့ဖြင့် အစွဲကို ဖြတ်တောက်ကာ မိမိစိတ်ကို မိမိ လက်ထဲပြန်လည်ရယူရ၏။

သို့ရာ့ယူရာတွင်. . .

(က) ငါစွဲမျှသာ ဖြတ်တောက်နိုင်ပါက ဒိဋ္ဌိသွေးဆုံး သောတာပန် ပန်းကုံး အစွပ်ခံရမည်။

(ခ) သူစွဲအဖြစ် ဖြတ်တောက်ချနိုင်ပါက ရာဂ၊ ဒေါသ သွေးဆုံး သက၊ အနာဂါမ် ပန်းကုံးအစွပ်ခံရမည်။

(ဂ) ဘဝစွဲအထိပါ ဖြတ်တောက်နိုင်ပါ ဘဝရာဂနှင့် အားလုံးသုဉ်း အရဟံ ပန်းကုံး အစွပ်ခံရပြီ။

သို့ဖြင့် ထိုသည့်သူ အောက်သွားကျိုး အထက်၏ အထက် တိုးခွင့်ရတော့သည်။

ယင်းမှာ လူဖြစ်သဖြင့် လူ့အလုပ် လုပ်သွားခြင်း၏သင်္ကေတ။

ဤ၌ ဆိုချင်သည်က လူကို ကြက်၊ ဘဲများပမာ မြိန်ရေယှက်ရေ သတ်နေကြရာတွင် ထိုသူများ အသတ်ခံ လူသားများ၏ သီလခေါ် ကိုယ်ကျင့်အဆင့်လိုက်၍ ကံကြီး(ကံငယ်)ထိုက်ကြတော့မည်။ သို့မဟုတ် မိမိ၏စေတနာကြမ်းနှင့်တစ်ဖက်နေ သီလအေးတို့ တိုက်မိကြရာမှ မီးကိုရေလွှမ်းပမာ အပူလွှမ်း၍ ကျွမ်း၊ အပါယ်အောက် ကြမ်းခင်းသို့ဝပ် စင်းကြရမည်ကေန်။

ယခု လက်ရှိ ဘဝတွင်ကား. . . "အနုသည် အကြမ်းဝါးဖတ်" စကားအတိုင်း နုသောဝါဒပိုင်ရှင် (ဒီမို ပိုင်ရှင်) အဖြူတို့ အတုံးအရုံးခံကြရမည်။

ဘုရားသခင် ကယ်ပါ စကား မေးကမသိ။

ခရစ်တော် ကယ်ပါအသံ သေနတ်သံကမသိ။

သို့ဖြင့် ဆီးရီးယား၊ အီရတ်စသည့် နိုင်ငံမည်းများမှ လိမ့်တက်သွားကြသော အမည်းတို့သည် ယနေ့ ဥရောပဝယ် ကျယ်ပြန့်စွာ အကြမ်းဖက်ခံနေကြရလေပြီ။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

အပါယ်မရောက်အစောင့်လေးပါး(၂)
ချောင်းဆုံအုန်းသွင်

ဆောင်းပါး အမှတ်(၁)တွင် အပါယ်လေးဘုံမှ ငရဲဘုံ၊ ငရဲသားများ၏ ဘဝကို သက်တမ်းနှင့်တကွ တင်ပြခဲ့ပါသည်။ ယခုဒုတိယဘုံဖြစ်သည့်တိရစ္ဆာန် ဘုံကို ဆက်လက်တင်ပြပါမည်။

မြတ်စွာဘုရားသည် အပါယ်ဘုံသားများ၏ ဆင်းရဲဒုက္ခအခြေအနေကို ဥပမာဖြင့်ဟောပြထားပါသည်။ (၁) ငရဲဘုံသား၊ ငရဲသားများ၏ဘဝသည် မီးကျည်းခဲတွင်းထဲ၌နေရသည်နှင့် တူ၏။ (၂) တိရစ္ဆာန်တို့၏ဘဝသည် ဆူးပုံပေါ်တွင်နေရသည်နှင့်တူ၏။ (၃) ပြိတ္တာတို့၏ဘဝသည် အရိပ်မရှိသော လွင်တီးခေါင်နေပူထဲတွင် နေရသည်နှင့်တူ၏။ (၄) အသူရကာယ်တို့၏ဘဝသည် အရိပ်ကျဲတဲရှိသော သစ်ပင်အောက်တွင်နေရသည်နှင့်တူသည်ဟူ၍ ဥပမာပေးထားပါသည်။ ဤတွင် တိရစ္ဆာန်ဘဝကို ဒုတိယအဆင်းရဲဆုံးဟု ညွှန်ပြထားပါသည်။

အများအားဖြင့် ကျွန်ုပ်တို့မြင်နေရသော တိရစ္ဆာန်များမှာ ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ ကြက်၊ ဘဲ စသည်တို့သာဖြစ်ပါသည်။ ဝဝမစားရ၍ ပိန်လှီပြီး အမှိုက်ပုံများကို လိုက်နမ်းလျက် စားကြွင်းစားကျန်ရှိနေသော ခွေးဝဲစားများ၏ဒုက္ခ လောက်သာမြင်ပါမည်။ လည်လှီးခံရ၍ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး သေသွားသော ကြက်များ၊ ခေါင်းထုခံရ၍ ဖလပ်၊ ဖလပ် ဖြင့် လူးနေသောငါးများ စသည်တို့ကို အိမ်ရှင်မများမြင်ဖူးပါမည်။

ရေထဲတွင် ပေါက်သောငါးများကို မိခင်က ပြန်စားသည်ကို မြင်ဖူးသူနည်းပါမည်။ တီဗီထဲတွင် ပင်လယ်ထဲ၌ ငါးကလေးများကို ငါးကြီးများက စားပစ်နေသည်ကိုလည်း မြင်ဖူးကြပါမည်။ ငါးများသည် ဤကဲ့သို့ အစားမခံရပါက မြစ်၊ ချောင်းများမှာ လှေစသည်များသွား၍ မရလောက်အောင် ပြည့်ကြပ်နေမည်ဟု ဆိုပါသည်။ အမိဝမ်းမှကျွတ်ချိန်ကစပြီး အရွယ်အသီးသီးမှာကြီးစား၊ ငယ်အစားခံဖြင့် ဆင်းရဲနေကြသောငါးများ၏ဘဝ၊

တီဗီထဲတွင် သင်တောရိုင်း တိရစ္ဆာန်များအကြောင်းပြရာ၌ သမင်များကို ကျား၊ ခြင်္သေ့များစားနေပုံကို မြင်ဖူးကြပါမည်။ အောက်ပိုင်းက အစားခံရ၍ အသားများ မရှိတော့သည်အထိ မသေသေးဘဲ မျက်စိသူငယ်ဖြင့် အသံထွက်ရုံ သနားစဖွယ်အော်နေသည်မှာ အလွန်သနားဖွယ်ကောင်းပါသည်။ ထို့အတူ မြွေမျိုခံရသောဖားသည် စပြီး အခဲခံရသည်နှင့် မချိမဆန့်အော်ပါတော့သည်။ အတော်ကြာကြာကြီး နာကျင်ခံစားရ၊ အော်ဟစ်ရပြီးမှ ဘဝအဆုံး သတ်သွားပါသည်။ ထို့ကြောင့် တိရစ္ဆာန်ဘဝကို ကြီးနိုင်ငယ်အညှင်းခံ၊ ကြီးစား၊ ငယ်အစားခံဘဝဟု ခေါ်ပါသည်။ အလွန်ထိတ်လန့်ဖွယ် ဆင်းရဲဒုက္ခ ရောက်ရသောဘဝဖြစ်ပါသည်။

တိရစ္ဆာန်ထက် အနည်းငယ် ပိုသက်သာသည်က ပြိတ္တာဖြစ်ပါသည်။ စာပေကျမ်းဂန်များတွင် ပြိတ္တာကို (၁၂) မျိုး ပြပါသည်။ ၎င်းတို့မှာ (၁) သလိပ်၊ တံထွေး၊ အန်ဖတ်စားသော ပြိတ္တာမျိုး၊ (၂) လူသေကောင်ပုပ်၊ ခွေးသေကောင်ဟုများကိုစားသော ပြိတ္တာမျိုး၊ (၃) လူ့မစင်ကိုစားသော ပြိတ္တာမျိုး၊ (၄) ခံတွင်းကမီးထွက်လျက် ထိုမီးကိုပင်ပြန်စားနေရသော ပြိတ္တာမျိုး၊ (၅) ကိုယ်ထည်ကြီးပြီး ပါးစပ်က အပ်နားဖားပေါက်လောက်သာရှိသဖြင့် နှာခေါင်းပေါက်၊ နားပေါက်များဖြင့် အစာစားနေရသော ပြိတ္တာမျိုး၊ (၆) ဆာလောင်သော်လည်း မစားရသောပြိတ္တာမျိုး၊ (၇) မီးလောင်ထားသော သစ်ငုတ်နှင့်တူသည့် ရုပ်အဆင်းရှိပြီး အပုပ်နံ့ကြိုင်လှိုင်နေသော ပြိတ္တာမျိုး၊ (၈)ဓားသွားနှင့်တူသောလက်သည်းဖြင့် မိမိအသားမိမိပြန်ခွာစားနေရသောပြိတ္တာမျိုး၊ (၉)တောင်ကြီးတမျှကိုယ်လုံးရှိပြီးမပြတ်အခိုးထွက်နေသော ပြိတ္တာမျိုး၊ (၁၀) စပါးကြီးမြွေကဲ့သို့ ကိုယ်ဖြင့်လူးလွန့်သွားနေရသော ပြိတ္တာမျိုး၊ (၁၁) ဒုက္ခတစ်လှည့်၊ သုခတစ်လှည့်ဖြင့် (နေ့စံညခံ၊ နေ့ခံညစံ) ဖြင့် နေရပြီး အမျှပေးဝေ၍ သာဓုခေါ်နိုင်လျှင် ချမ်းသာသုခရရှိသည့် ဝေမာနိကပြိတ္တာမျိုး၊ (၁၂) ပြိတ္တာတို့ကို ကြီးစိုးနိုင်သော တန်ခိုးရှိပြီး အစားအသောက်များကို ကောင်းစွာ မစားသောက်ရသော ပြိတ္တာမျိုးဟူ၍ ဖြစ်ပါသည်။ ပြိတ္တာပြီးတော့ အသူရကာယ်-

ကျမ်းဂန်များတွင် အသူရကာယ် (အသူရာ) ကို (၃) မျိုးပြပါသည်။ ၎င်းတို့မှာ (၁) တာဝတိံသာနတ်တို့နှင့် သက်တမ်းစည်းစိမ်၊ တန်ခိုးညီမျှပြီး မြင်းမိုရ်တောင်အောက်၌နေသော အသူရာမျိုး၊ အများကြားဖူးကြသည့်အတိုင်း ဦးမာဃတို့အဖွဲ့သည် လူ့ဘဝတွင် ကောင်းမှုပြုပြီး ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ကြသည်။ တာဝတိံသာတွင် အသူရာနတ်မင်းဦးဆောင်သောအဖွဲ့ရှိသည်။ သူတို့က သေရည်သောက်ပြီး အမြဲမူးနေကြသူများ ဖြစ်သည်။ နတ်မှန်းမသိအောင် မူးနေချိန်ဝယ် ဦးမာဃတို့က သူတို့ကို ခြေ (၂) ချောင်းကိုင်ပြီး ပစ်ချလိုက်ကြသည်။ သူတို့မြင်းမိုရ်တောင်အောက် ချောက်မြခနောက် (၃) လုံးအကြားသို့ (မြင်းမိုရ်တောင်သည် ဖိုခနောက်သဖွယ်ဖြစ်နေသော မြတုံးကြီး (၃) တုံးအထက်၌ တည်

နိမ္မာန(ရ) ရောက်သွားသည်သူတို့ ဆက်နေကြ၍သေဆိုတ်ကြ၊

သူတို့ အစားခြောသောအချိန် (မိုးနိုးချ၍) တွင် ထိုအရပ်၌ရှိသော သခွတ်ပင်က သခွတ်ပန်းပွင့်သည့်တစ်ချိန်တည်းတွင် တာဝတိံသာနတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်တွင် ပင်လယ်ကသစ်ပန်းပွင့်သည်၊ အသူရာတို့သည် ပန်းပွင့်ချင်းမတူသည်ကို သတိထားမိကြပြီး ပြန်စဉ်းစားရာ ပစ်ချခံရကြောင်း စဉ်းစားမိသဖြင့် တာဝတိံသာသို့ ချီတက်ပြီးစစ်တိုက်ကြသည်။ အသူရာများသည် ရက်စက်ကြမ်းကြုတ်သည်၊ တာဝတိံသာနတ်များက နူးညံ့သဖြင့် ကြောက်ကြသည်။ ထိုအခါ စတုမဟာရာဇ်နတ်မင်းကြီး (၄) ပါးကိုစစ်ကူတောင်းကြသည်။ စတုမဟာရာဇ်နတ်မင်းကြီးများ၏ လက်ထောက်များဖြစ်ကြသော အာဋာဝက၊ ပုဏ္ဏက၊ ဧသာမဝဏ္ဏ၊ သာကာဂိရိနတ်စစ်မှူးများသည် အသူရာများထက် ရက်စက်ပြီး တိုက်ရည်ခိုက်ရည်ရှိသဖြင့် အသူရာများ စစ်ရှုံးပြီး ပြန်ပြေးရသည်။ ပြန်မူးနေကြသည်၊ နှစ်စဉ် သခွတ်ပွင့်တိုင်းသတိရပြီး တာဝတိံသာကို တက်တိုင်ကြသည်။ နှစ်စဉ်ရှုံးပြန်ကြသည်။ သူတို့က အမှတ် (၁) အသူရာမျိုးဖြစ်၏။

(၂) စတုမဟာရာဇ်နတ်အဆင့်ရှိပြီး စတုမဟာရာဇ်နတ်တို့လောက် အစားအသောက်မပြည့်စုံ၊ ကိုယ်ရောင်ကိုယ်ဝါလည်း မှေးမှိန်ကြသည့်အသူရာမျိုး၊ အချို့ တိဟိတ်ပဋိသန္ဓေရှိ၍ မဂ်ဖိုလ်နိဗ္ဗာန်ရကြကုန်၏။

(၃) ပြိတ္တာအသူရာမျိုး ဖြစ်၏။ ထိုအသူရာမျိုးကိုသာအပါယ်ဘုံထဲထည့်သင့်သည်ဟု ယူဆရပါမည်။

တိရစ္ဆာန်၊ ပြိတ္တာနှင့်အသူရကာယ်တို့မှာ သက်တမ်းမရှိ အမှတ် (၁) အသူရာကို တာဝတိံသာနတ်နှင့် သက်တမ်းတူသည်ဟုဖော်ပြထားပါသည်။

လူတို့၏သက်တမ်း (အန္တရကပ်) ကိုတင်ပြပြီးခဲ့ပါပြီ။ ယခု နတ်တို့၏သက်တမ်းကိုတင်ပြပါမည်။

(၁) စတုမဟာရာဇ်-အနှစ် ၅၀၀။ (၂)တာဝတိံသာ-အနှစ် ၁၀၀၀၊ (၃) ယာမာ-အနှစ် ၂၀၀၀၊ (၄) တုသိတာ- အနှစ် ၄၀၀၀၊ (၅) နိမ္မာနရတိ- အနှစ် ၈၀၀၀၊ (၆)ပရနိမ္မိတဝသဝတ္တီ-အနှစ် ၁၆၀၀၀။

လူ- အနှစ် ၅၀- စတုမဟာရာဇ် ၁- ရက်၊ လူ အနှစ် ၁၀၀- တာဝတိံသာ တစ်ရက်၊ လူအနှစ် ၂၀၀၊ ယာမ ၁- ရက်၊ လူအနှစ် ၄၀၀- တုသိတာ ၁- ရက်၊ လူအနှစ် ၈၀၀- နိမ္မာနရတီ ၁- ရက်၊ လူအနှစ် ၁၆၀၀- ပရနိမ္မိတဝသဝတ္တီ ၁- ရက်ဟူ၍ ဖြစ်ပါမည်။ စာပေများတွင်တော့ စတုမဟာရာဇ်၊ တာဝတိံသာတို့နှင့်သာ နှိုင်းယှဉ်ထားသည်ကို သာတွေ့ဖူးပါသည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ လူ၊ နတ်တို့အကြောင်းကို တင်ပြပြီးနောက် ယခုဗြဟ္မာ့ဘုံများအကြောင်းကို ဆက်လက်တင်ပြပါမည်။ ဗြဟ္မာသည် အမျိုးအမည်အားဖြင့် (၂၀) ရှိပါသည်။ ပထမစျာန်မှစပြီး အရည်အချင်းအရ အဆင့်ဆင့်တက်သွားပါသည်။

၁။	ဗြဟ္မပါရိသဇ္ဇာ -	အသင်္ချေယျကပ်၏	သုံးပုံတစ်ပုံ
၂။	ဗြဟ္မပုရောဟိတာ -	အသင်္ချေယျကပ်၏	တစ်ဝက်
၃။	မဟာဗြဟ္မာ -	အသင်္ချေယျကပ်၏	တစ်ကပ်
၄။	ပရိတ္တာဘာ -	အသင်္ချေယျကပ်၏	၂ကပ်
၅။	အပ္ပမာဏာဘာ -	အသင်္ချေယျကပ်၏	၄ကပ်
၆။	အာဘဿရာ -	အသင်္ချေယျကပ်၏	၈ကပ်
၇။	ပရိတ္တသုဘာ -	အသင်္ချေယျကပ်၏	၁၆ကပ်
၈။	အပ္ပမာဏသုဘာ -	အသင်္ချေယျကပ်၏	၃၂ကပ်
၉။	သုဘကိဏှာ -	အသင်္ချေယျကပ်၏	၆၄ကပ်
၁၀။	ဝေဟပ္ဖိုလ် -	မဟာကမ္ဘာ	၅၀၀ ကပ်
၁၁။	အသညသတ်သတ် -	မဟာကမ္ဘာ	၅၀၀ ကပ်
၁၂။	အဝိဟာ -	မဟာကမ္ဘာ	၁၀၀၀ ကပ်
၁၃။	အတပ္ပါ -	မဟာကမ္ဘာ	၂၀၀၀ ကပ်
၁၄။	သုဒဿာ -	မဟာကမ္ဘာ	၄၀၀၀ ကပ်
၁၅။	သုဒဿီ -	မဟာကမ္ဘာ	၈၀၀၀ ကပ်
၁၆။	အကနိဋ္ဌ -	မဟာကမ္ဘာ	၁၆၀၀၀ ကပ်
၁၇။	အာကာသာနဉ္စာယတန -	မဟာကမ္ဘာ	၂၀၀၀၀ ကပ်
၁၈။	ဝိညာဏဉ္စာယတန -	မဟာကမ္ဘာ	၄၀၀၀၀ ကပ်
၁၉။	အာကိဉ္စညာယတန -	မဟာကမ္ဘာ	၆၀၀၀၀ ကပ်
၂၀။	နေဝသညာနာသညာယတန -	မဟာကမ္ဘာ	၈၄၀၀၀ ကပ်

ပထမစျာန် ဗြဟ္မာ ၃- ဘုံ

က။ ၁- ဗြဟ္မပါရိသဇ္ဇာ၊ ၂- ဗြဟ္မပုရောဟိတာ၊ ၃- မဟာဗြဟ္မာ။

ဒုတိယ စျာန်ဗြဟ္မာ ၃- ဘုံ

ခ။ ၁- ပရိတ္တာဘာ၊ ၂- အပ္ပမာဏာဘာ၊ ၃-အာဘဿရာ။

တတိယစျာန် ဗြဟ္မာ ၃- ဘုံ

ဂ။ ၁- ပရိတ္တသုဘာ၊ ၂- အပ္ပမာဏသုဘာ၊ ၃- သုဘကိဏှာ။

စတုတ္ထစျာန် ၇- ဘုံ

ဃ။ ၂-ဝေဟပ္ဖိုလ်၊ ၂-အသညသတ်၊ ၃-အဝိဟာ၊ ၄- အတပ္ပါ၊ ၅- သုဒဿာ၊ ၆- သုဒဿီ၊ ၇- အကနိဋ္ဌ။

မှတ်ချက်- အမှတ် ၃-မှ ၇-အထိကိုဒေါင်လိုက်အဆင့်ဆင့်တက်ပြီးယူပါ။ သုဒ္ဓါဝါသ(၅)ဘုံဖြစ်ပါသည်။ အနာဂါမ်နှင့်ရဟန္တာဗြဟ္မာများ၏ဘုံ ဖြစ်ပါသည်။

အရူပ ၄- ဘုံ

ဇ။ ၁-အာကာသာနဉ္စာယတန၊ ၂-ဝိညာဏဉ္စာ၊ သတန ၃- အာကိဉ္စညာယတန၊ ၄- နေဝသညာ နာသညာယတန အထက်ပါအတိုင်း ဒေါင်လိုက်တက်ပြီးယူပါ။

မှတ်ချက်။ ပထမစျာန်မှ တတိယစျာန်အထိဗြဟ္မာ့ဘုံများသည် မဟာကမ္ဘာထဲမပါသေးဘဲ အသင်္ချေယျကပ်ကမ္ဘာထဲတွင် ပါဝင်ပါသည်။ ကမ္ဘာကြီးမီးဖြင့်ပျက်ခေါ် ပထမစျာန် (၃) ဘုံပါသည်။ ရေဖြင့် ဖျက်သော ဒုတိယစျာန် (၃) ဘုံ အထိပါပြီး လေဖြင့်ပျက်သော် တတိယစျာန် (၃) ဘုံအထိပါသည်။ ပျက်သည်။

ဆက်လက်ပြီး ဗြဟ္မာတို့၏သက်တမ်းကိုတင်ပြပါမည်။

အပါယ် (၄) ဘုံ၊ လူ့ဘုံ၊ နတ်ပြည် (၆) ထပ်၊ ဗြဟ္မာ (၂၀) စုစုပေါင်း (၃၁) ဘုံဖြစ်ပါသည်။

ဆက်လက်တင်ပြပါဦးမည်။

ချောင်းဆုံအုန်းသွင်

စနေထွန်း(မြစ်သား)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းမှ သမိုင်းမတင်သော်လည်း သမိုင်းဝင်တန်ခိုးကြီးဘုရားများ

နတ်ကရာဆည်တော်နံ့စေတီ

စာရေးသူအနေနဲ့ မနက်အိပ်ရာထတာနဲ့လမ်းလျှောက်လေ့ရှိသူပါ။ လမ်းလျှောက်တဲ့အကျင့်ဟာ စာရေးသူအတွက်တော့ မရှိမဖြစ်အလိုအပ်ဆုံးသောအလုပ်တစ်ခုအဖြစ် ခံယူထားတာပါ။ ခုနေခါမှာ လမ်းလျှောက်ပြီး ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ခဲ့တဲ့နှစ်ကို တွက်ကြည့်ရင် (၁၀) စုနှစ်ပေါင်း (၄) စုလောက်တောင်ကျော်ခဲ့ပါပြီ။

ခုလည်း လမ်းလျှောက်ဆဲပါပဲ။ အရင်ရက်တွေကတော့ မနက်ခင်းတိုင်း လမ်းလျှောက်ထွက်ရင်း အိမ်ကမဟေသီနဲ့အတူတွဲလျှောက်နေကြပါ။ လောလောဆယ်တော့ မဟေသီအနေနဲ့ ခံတန်းလျှားပေါ်ကအဆင်းမှာ အဆင်မသင့်ဖြစ်ပြီး ပြုတ်ကျရာကနေ ပေါင်ထိပ်ရိုးထိခိုက်သွားတာမို့ စတီးရိုးထည့်ထားရပါတယ်။ လမ်းလျှောက်ရင် လေးချောင်းထောက်နဲ့ သွားနေရတာဆိုတော့ စာရေးသူနဲ့အတူ လမ်းလျှောက်မလိုက်နိုင်တော့ဘူးပေါ့။

ခုတော့ ကိုယ်တစ်ယောက်ထဲလားမေးတော့ ကိုယ်တစ်ယောက်ထဲပါလို့ဆိုတဲ့သီချင်းလို ဖြစ်နေပါပြီ။ အရင်စုံတွဲလျှောက်နေရာကနေ စာရေးသူတစ်ယောက်ထဲလျှောက်နေတာ မြင်ကြတဲ့ ရပ်ကွက်သူရပ်ကွက်သားတွေက အန်တီမပါဘူးလားလို့မေးတိုင်း စာရေးသူမှာ အဖြေပေးရတာ မကြာခဏပါပဲ။ ရပ်ကွက်သူ၊ ရပ်ကွက်သားတိုင်းက စာရေးသူတို့မိသားစုအပေါ် မေတ္တာထားပြီး မေးကြတာဆိုတော့ စာရေးသူကလည်း မနာတမ်းဖြေရပေမယ့် စိတ်ချမ်းသာကြည်နူးမိတာတော့အမှန်ပါပဲ။

ဒီနေ့တော့ စာရေးသူလမ်းလျှောက်ခြင်းကို တစ်မျိုးပြောင်းလိုက်ပါတယ်။ ခြေကျင် မလျှောက်တော့ဘဲနဲ့ စက်ဘီးစီးပြီး လျှောက်တဲ့လေ့ကျင့်ခန်းပါပဲ။ လမ်းကြောင်းကိုလည်း ရပ်ကွက်



နတ်ကရာစေတီ



နတ်ကရာစေတီအနောက်ဘက်ခြမ်းရှိ ထေရုပ္ပေါက် အားမြင်ရပုံ



နတ်ကရာစေတီအား
အရှေ့ဘက်ခြမ်းမှ ဖူးမြင်ရပုံ

အောင်ဆုပြည့်မဟာဗောဓိစေတီတော်မှ ရုပ်ပွားတော်များ



နတ်ကရာစေတီတော်အား
တောင်ဘက်ခြမ်းမှ ဖူးမြင်ရပုံ

အောင်ဆုပြည့်မဟာဗောဓိစေတီတော်အား တံခွန်တိုင်နှင့်နဂါးရုံဘုရားတို့နှင့်တွေ့မြင်ရပုံ

တစ်ပတ်လျှောက်ရာကနေ တောတောင်စိမ့်မြောင်းတွေရှိရာ စမာဘောင်ဆိုတဲ့စမာတူးမြောင်းဘက်ကို စက်ဘီးစီးပြီးထွက်ခဲ့ပါတယ်။ စမာတူးမြောင်းက စာရေးသူနေတဲ့မြို့ရဲ့ အနောက်ဘက်ခြမ်းမှာရှိတာပါ။

စမာ တူးမြောင်းဆိုတာကလည်း မြစ်သားမြို့ရဲ့သမိုင်းကြောင်းမှာ သမိုင်းဝင်အဖြစ်နဲ့တည်ရှိနေတဲ့ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုလို့ ပြောရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ စမာတူးမြောင်းကို မြန်မာနှစ် (၃၉၅ မှ ၃၉၇) မှာ အနော်ရထာမင်းစောက တိုင်းရင်းသားပေါင်းစုံရဲ့လုပ်အားနဲ့တူးခဲ့တဲ့မြောင်းဖြစ်လို့ပါပဲ။ လက်ရှိအနေအထားအရ ပုဂံခေတ်လက်ရာမပျက်မစီးသေးဘဲနဲ့ ကျန်ရစ်နေတဲ့ သမိုင်းဝင်တူးမြောင်းလို့ပြောလို့ရပါတယ်။

မြန်မာစာ ၃၉၅ ခုနှစ်ကဖောက်လုပ်ခဲ့တာမှာ ယခု ၁၃၈၂ ရောက်ချိန်မှာတော့ နှစ်ပေါင်းကိုးရာကျော်သက်တမ်းရှိနေပြီပေါ့။ တူးမြောင်းရဲ့အရှည်က (၂၃. ၆)မိုင်ရှည်ပြီး လယ်ဧက(၂၄၀၁၇)ကိုရေပေးဝေနိုင်တဲ့ တူးမြောင်းပါ။ စမာမြောင်းရဲ့ ဘေးဘယ်ညာတစ်လျှောက်မှာအင်္ဂလိပ်မင်းလက်ထက်က စိုက်ခဲ့တဲ့မယ်ဇယ်ပင်၊ လက်ပံပင်၊ သရက်ပင်တွေဆိုတာကလည်း သက်တမ်းရင့် အပင်ကြီးတွေဖြစ်လာတာနဲ့အမျှ စမာတူးမြောင်းဘောင်လမ်းကို နေပြောက်မထိုးနိုင်လောက်အောင်ကို အရိပ်အဖြစ်နဲ့မိုးနေတာမို့ သွားလာကြသူအားလုံးအတွက်တော့ အေးမြတဲ့အရသာကို ခံစားရရှိကြတာအမှန်ပါပဲ။

စာရေးသူအနေနဲ့တော့ ဒီနေ့လမ်းကြောင်းမှန်ကို ရွေးလိုက်မိတာပါပဲ။ ရပ်ကွက်ထဲမှာလမ်းလျှောက်စဉ်တုန်းကတော့ ကားတို့၊ ဆိုင်ကယ်တို့၊ တိုက်မိခိုက်မိမဲ့ရန်ကို တွေးကြောက်နေရတာမို့ လမ်းလျှောက်ရတာ စိတ်မလွတ်လပ်ခဲ့ပါဘူး။ ခုတော့ ကားရှင်း၊ ဆိုင်ကယ်ရှင်းမို့ စိတ်ချမ်းသာရပါတယ်။

စာရေးသူအဖို့ ပိုပြီးစိတ်ချမ်းသာမိတာက စမာတူးမြောင်းထဲမှာ ကမ်းဖြည့်ကမ်းလျှံရေတွေ တသွင်သွင်စီးဆင်းနေတာတွေ့မြင်ရလို့ပါပဲ။ ရေပေါ်ကိုဖြတ်သန်းလာတဲ့လေကို ရှူရှိုက်ရတာဟာ သာမန်ရပ်ထဲ ရွာထဲမှာဖြတ်သန်းတိုက်ခတ်လာတဲ့လေကို ရှူရှိုက်ရတာထက် ကျန်းမာရေးကိုပိုပြီး အကျိုးပြုတယ်လို့ ဆရာကြီးသာဂဒိုးရေးတဲ့ ဆောင်းပါးမှာဖတ်ခဲ့ရတယ်လေ။

ဒီတော့ စာရေးသူအနေနဲ့ ရေပေါ်ဖြတ်သန်းလာတဲ့လေကို အကြိမ်ကြိမ်အခါခါ တစ်ဝကြီးရှူဖြစ်တော့တာပါပဲ။ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ပြီးပေမယ့် ပြန်ချင်စိတ်မရှိသေးတာနဲ့ တူး

မြောင်းအထက်ပိုင်းကို စက်ဘီးစီးပြီး ထွက်ခဲ့ပါတယ်။ ရွှေကြာအင်းဆိုတဲ့ရွာကိုမရောက်ခင် လမ်းခုလတ်အရောက်မှာတူးမြောင်းရဲ့တစ်ဖက်ကမ်း ငှက်ပျောပင်တန်းတွေကြားက ရွှေရောင်အဆင်းနဲ့ ဝင်းလက်တောက်ပြောင်နေတဲ့ စေတီတော်ကြီးတစ်ဆူ သပ္ပာယ်စွာတည်ရှိနေတာကိုဖူးမြင်ရပါတယ်။

စာရေးသူအနေနဲ့ စက်ဘီးပေါ်က ဆင်းပြီးတာနဲ့၊ စေတီတော်ကြီးရှိရာဘက်ကို မတ်တပ်ရပ်လျက်ကနေ ကြည်ညိုစွာဖြင့် ရှိခိုးဦးချကန်တော့လိုက်ပါတယ်။ စေတီတော်ကြီးအနေနဲ့ ရှေးဟောင်းသမိုင်းဝင်တစ်ဆူဆိုတာတော့ သိထားနှင့်တာကြာပါပြီ။ ဒါပေမယ့် စေတီတော်ကြီးရှိရာကိုတော့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်ခွင့်မရသေးတာတော့အမှန်ပါပဲ။ ဒီတော့ စေတီတော်ကြီးရှိရာဆီကို မနက်ဖြန်တော့ မရောက်ရောက်အောင် သွားမယ်လို့ စိတ်ထဲမှာဆုံးဖြတ်လိုက်ပါတယ်။

ဖူးခွင့်ကြုံပြီ နတ်ကရာစေတီ

နောက်တစ်နေ့မနက် (၉) နာရီမှာ၊ ထုံးစံအတိုင်း စက်ဘီးစီးရင်း စေတီတော်ရှိရာဘက်ကို ထွက်ခဲ့ပါတယ်။ စေတီတော်ကြီးရှိရာကို မြစ်သားမြို့ရဲ့ အနောက်ဘက်၊ ပန်းလောင်မြစ်ရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ ကြံတောကျေးရွာ အလယ်လမ်းမကနေတစ်ဆင့် ဖြတ်သန်းသွားရတာပါ။ ကြံတောရွာထွက်တာနဲ့ စမာတူးမြောင်းကိုဖြတ်ပြီး ဆောက်လုပ်ထားတဲ့ စမာတံတားကိုတွေ့ရမှာပါ။ စမာတံတားအဆင်း ရောက်ရင်ပဲ တံတားရဲ့ဘယ်ဘက်ချိုးလိုက်ပြီး စမာတူးမြောင်းအနောက်ဘက် ကမ်းပါးကလှည်းလမ်းအတိုင်းတောင်အတိုင်း ဆန်တက်သွားရုံပါပဲ။

သိပ်မသွားရပါဘူး။ စက်ဘီးနဲ့ဆို (၅) မိနစ်လောက်နင်းလိုက်တာနဲ့ဘုရားအဝင်လမ်းကိုတွေ့ရတာပါ။ ဘုရားစေတီနဲ့ စမာတံတားကြားမှာတော့ စိမ်းလန်းစိုပြေနေတဲ့ ငှက်ပျောခင်းတွေရှိပါတယ်။ တောင်သူတွေအနေနဲ့၊ အခြားသီးနှံတွေထက် ဈေးကွက်ဝင်သီးနှံဖြစ်တဲ့ငှက်ပျောကိုပဲ အားပြုစိုက်ကြပုံရပါ



နတ်ကရာစေတီပုရဝုဏ်အတွင်းမှ
နှောင်တော်ကြီးစေတီ



အောင်ဆုပြည့်မဟာဗောဓိစေတီတော်မှ
ရုပ်ပွားတော်တစ်ဆူ

နတ်ကရာစေတီပုရဝုဏ်အပြင်ဘက်ရှိ
ဗောဓိညောင်ပင်နှင့်ပြိုပျက်ပြန့်ပြေစေတီတော်များ

အောင်ဆုပြည့်မဟာဗောဓိစေတီတော်အား
အနီးကပ်ဖူးမြင်ရပုံ

အောင်ဆုပြည့်မဟာဗောဓိစေတီတော်မှ
နဂါးရုံဘုရားအား အနီးကပ်ဖူးမြင်ရပုံ

နတ်ကရာစေတီအတွင်းရှင်အရုပ်သမှတ်ခဲ့သော
သိမ်အတွင်းမှရှေးဟောင်းရုပ်ပွားတော်ကြီးတစ်ဆူ

နတ်ကရာစေတီအဝင်မှ မုခ်ဦး



နတ်ကရာစေတီအား အဝေးမှဖူးမြင်ရပုံ

နတ်ကရာစေတီမှဆင်ရုပ်တုအား
အနီးကပ်မြင်ရပုံ

နတ်ကရာစေတီမှ
ကိုးမြို့ရှင်အဖေကြီးနတ်နန်း

အောင်ဆုပြည့်မဟာဗောဓိ
စေတီတော်မှ တံခွန်တိုင်

တယ်။ စမာတူးမြောင်းတစ်လျှောက်မှာတော့ ငှက်ပျောစိုက်ကွင်းတွေကိုပဲ မျက်စိတစ်ဆုံး မြင်နေရလို့ပါ။

စမာတူးမြောင်းကနေ၊ ကျောက်ဆည်နယ်ထဲအထိ ရေပေးဝေရတာဆိုတော့ ကျောက်ဆည်နယ်နဲ့ မြစ်သားနယ်ကြား စမာကမ်းပါးက တောင်သူတွေအတွက်တော့ ရေမိုးအဆင်ပြေပြေဟန်ရှိပါတယ်။ စာရေးသူအနေနဲ့ ဘုရား စေတီအဝင်လမ်းကနေ စေတီတော်ကြီးဆီကိုဦးတည်ပြီး ဝင်သွားလိုက်ပါတယ်။ ပထမဦးဆုံးတွေ့မြင်ရတာက စေတီတော်ကြီးရဲ့ အုတ်တံတိုင်းအပြင်က ကြီးမားတဲ့ညောင်ပင်ကြီးပါပဲ။

ညောင်ပင်ကြီး ပတ်ပတ်လည်မှာတော့ ဂြိုဟ်ရှစ်ခွင်ဘုရားစေတီငယ်တွေကိုဖူးမြင်ရပါတယ်။ ညောင်ပင်ရဲ့အရှေ့ဘက်မှာတော့ ရွာတော်ရှင်အဖေကြီးနတ်နန်းရှိပါတယ်။ စာရေးသူလည်း ရောက်တုန်းရောက်ခိုက်၊ ကုသိုလ်ယူတဲ့အနေနဲ့ညောင်ပင်ခြေရင်းပတ်ပတ်လည်ကို တံမြက်စည်းလှည်းကျင်းပြီး သန့်ရှင်းရေးလုပ်လိုက်ပါတယ်။ ပြီးတာနဲ့ စေတီတော်ကြီးရင်ပြင်ထက်ကနေ စေတီတော်ကြီးကို ကြည်ညိုစွာဖူးမြော်ခွင့်ရရှိပါတော့တယ်။

သိရကြားရသမိုင်းအစ

ဘုရားဖူးပြီးတာနဲ့စာရေးသူလည်း ညောင်ပင်ရိပ်အောက်မှာထိုင်ရင်း ခေတ္တနားနေလိုက်ပါတယ်။ ညကရွာသင်ကလေးရွာက မိတ်ဆွေကြီးဦးလှသန်းကို ဘုရားဘက်ကိုထွက်လာခဲ့ဖို့ ဖုန်းနဲ့ဆက်ပြီးပြောထားတာမို့ သူ့အလာကိုစောင့်ရင်း ထိုင်နေလိုက်တာဖြစ်ပါတယ်။ ဦးလှသန်းက ဒီစေတီတော်ကြီးမှာဝေယျာဝစ္စလုပ်ဆောင်နေသူမို့ စေတီတော်ကြီးရဲ့အကြောင်း သိကောင်းသိနိုင်ရဲ့ဆိုတဲ့ အတွေးနဲ့ ဦးလှသန်းကိုချိန်းဆိုထားတာပါ။

စာရေးသူထိုင်နေတုန်းမှာ စေတီတော်ကြီးရဲ့ တောင်ဘက်ခြေရင်းကလယ်မြေမှာ တောင်သူလုပ်နေတဲ့ဦးရွှေဆိုသူနဲ့ သိကျွမ်းခွင့်ရလိုက်ပါတယ်။ စာရေးသူအတွက်တော့ နတ်တို့ဖန်ဆင်းရေကန်အသင့်ကြာ အသင့်ဆိုသလိုပါပဲ။ ဘုရားသမိုင်းကြောင်း တစ်ခွန်းတစ်စကို ဦးရွှေဆိုသူက သူသိခဲ့ကြားခဲ့ရလို့ မှတ်သားထားတာလေးတွေကို ပြန်လည်ဖောက်သည်ချပြောပြတာဆိုတော့ စာရေးသူလည်း အချိုရှာသကာတွေ့တဲ့ ကိန်းဆိုက်ပြီပေါ့။

ဦးရွှေက ပြောပါတယ်။ ဒီစေတီတော်ကြီးရဲ့ဘွဲ့တော်က နတ်ကရာစေတီလို့အမည်ရှိပေမယ့် လူတွေကတော့ နာဂရာစေတီရယ်လို့ပဲ လွယ်လွယ်ခေါ်နေကြပါတယ်တဲ့။ စေတီတော်ကြီးရဲ့ မူလဘုရားဒါယကာက အနော်ရထာမင်းကြီးလို့ဆိုပါတယ်။ အနော်ရထာမင်းကြီးဟာ သာသနာတော်နှစ် ၁၅၇၇ ခု မြန်မာနှစ် ၃၉၅ ခုနှစ်မှာ လယ်ကွင်းကိုခရိုင်အတွင်း ဆည်မြောင်းတာတမံတွေ တည်ဆောက်ဖို့ (၃) နှစ်တိုင်တိုင် စံမြန်းနေထိုင်ခဲ့တာမို့ အနော်ရထာမင်းတည်ထားခဲ့တဲ့ဘုရား၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်နဲ့ရေတွင်း၊ ရေကန်တွေဟာ စာရေးသူတို့မြို့နယ်အတွင်းမှာ များစွာတည်ရှိခဲ့တာအမှန်ပါပဲ။

ဒီတော့ ယခုလက်ရှိ စာရေးသူဖူးတွေ့ရတဲ့ ရာဇမုနိနတ်ကရာစေတီတော်ကြီးကို အနော်ရထာမင်းကြီးတည်ခဲ့တယ်ဆိုတဲ့စကားကို စာရေးသူအနေနဲ့ အငြင်းပွားဖို့ လိုမယ်မထင်ပါဘူး။ ဒါပေမယ့် စေတီတော်ကြီးနဲ့ပတ်သက်တဲ့ရှေးအစဉ်အဆက်က စိုက်ထူခဲ့တဲ့ ကျောက်စာရယ်လို့တော့ ခိုင်ခိုင်မာမာ မတွေ့မြင်ခဲ့ရတာ အမှန်ဖြစ်ပေမယ့် နောက်ပိုင်းလူတို့ပြုစုပြီး မှတ်တမ်းအဖြစ်စိုက်ထူထားတဲ့ ကျောက်စာကမ္ပည်းတိုင်ကိုတော့ စေတီတော်ကြီးရဲ့ အရှေ့ဘက်ခြေတော်ရင်းမှာတွေ့မြင်ဖတ်ရှုမှတ်သားခွင့်ရခဲ့ပါတယ်။ အများသူငါသိရှိစေဖို့အတွက် အောက်ပါအတိုင်းဖော်ပြလိုက်ပါတယ်။

ရာဇာမုနိနတ်ကရာစေတီတော်မြတ်သမိုင်းမှတ်တမ်းအကျဉ်းချုပ်

အနော်ရထာမင်းကြီးသည် ကိုးခရိုင်နယ်အတွင်း လှည့်လည်ကြည့်ရှုဆင်ခြင်တော်မူရာ ကိုးခရိုင်နယ်မြေ တစ်လျှောက် ဆည်ရေဆောက်နိုင်ရန် စိတ်ကူး၍ ဆည်တာတမံများခတ်ရာတွင် ကိုးခရိုင်နယ်သူနယ်သားများအသုံးအစွဲမဆင်ခြင်သည်ကို မြင်တော်မူ၍ စိတ်နှလုံးအကြံလျှော့သည်မှာ ငါဘယ်လိုပင်လုပ်ကိုင်ဆောင်ရွက်သော်လည်း ချမ်းသာဖို့မမြင်ဟု စိတ်လျှော့တော်မူပါသည်။

ထိုအခါ နတ်များဆည်တစ်ဦးသော မင်းချင်းယောကျာ်းအားဝင်ပူးပြီး မင်းကြီးအား ဝီရိယမလျှော့သင့်၊ သင့်

နတ်ကရာစေတီမှ
နတ်ရေတွင်းအတွင်းပိုင်းမြင်ရပုံ

နတ်ကရာစေတီတော်ပုရဂုဏ်အတွင်းမှ
စောင်းတန်း


နတ်ကရာစေတီမှ သိုက်နန်းရှင်တို့၏
သိုက်နန်းတည်ရှိရာနေရာ

နတ်ကရာစေတီမှ ကမ္ပည်းကျောက်စာ


နတ်ကရာစေတီတွင်လှူဒါန်းထားသောမီးစက်

နတ်ကရာစေတီတော်မှ တံခွန်တိုင်

အောင်ဆုပြည့်မဟာဗောဓိစေတီတော်တွင်
စာရေးသူအမှတ်တရ



ဘုရားသမိုင်းကြောင်းပြောပြသော
ဦးလှသန်းနှင့်ဦးအောင်မြဲ

နတ်ကရာစေတီပရဝုဏ်အတွင်းမှ
သီးပင်စားပင်များ

ဘုရားသမိုင်းကြောင်းပြောပြသော ဦးရွှေ

နတ်ကရာစေတီမှ နတ်ရေတွင်း

ဘုရားသမိုင်းကြောင်းပြောပြသောဦးကောင်းရွှေ

အနေနှင့် ဤနယ်မြေတစ်လျှောက် ဆည်ရေသောက်မှန်သမျှ ကုသိုလ် ပွားတိုးစေခြင်းငှာ ဆည်မြောင်းအပါး၌ ဓာတ်တော်မွေတော်များ တည်ထားကိုးကွယ်၍ ဆည်းကပ်ပါ။ သတ္တဝါအများ ချမ်းသာနိုင်ပါလိမ့်မည်ဟု ပြောဆိုရာ၊ ဤအချိန်မှစ၍ နတ်စကားရာဘုရားဟူ၍လည်းကောင်း နတ်ကွန်းများဆောက်လုပ်၍ နတ်ပွဲကသဖြင့် နတ်ကရာဘုရားဟူ၍လည်းကောင်း ဘွဲ့အမည်ပေးပြီးတည်ထားကိုးကွယ်ခဲ့ပါသည်။

ထိုအခါက မင်းကြီးမိန့်တော်မူခဲ့သည်မှာ ကောက်ဦးပေါ်စအခါမှာ စပါးတစ်စီးခန်းအကုန်အကျခံ၍ လှူဒါန်းရမည်ဟုသတ်မှတ်ခဲ့ရာ ယခုကာလရွှေ့လျောပါသဖြင့် လှည့်လျောပျက်စီးကြပြီး ပဲတလက်သီးအခွံဖြင့်လည်းကောင်း၊ ငါးသေတ္တာအခွံဖြင့်လည်းကောင်း၊ ပုစွန်ခွန်ဖြင့်လည်းကောင်း၊ အထိမ်းအမှတ်အဖြစ်လှူဒါန်းထားကြသည်ကို ဘုရားရင်ပြင်၌တွေ့ရှိရသည်ဟု ကျောက်စာကမှည်းထိုးထားခြင်းအား မူရင်းအတိုင်းကူးယူဖော်ပြလိုက်ရပါတယ်။

ဦးရွှေ ဦးအောင်မြဲ ဦးကောင်းတို့ပြောသမျှကြားခဲ့ရ

ဦးရွှေဆိုတာက အစောပိုင်းက ပြောခဲ့တဲ့အတိုင်း စေတီတော်ကြီးရဲ့ ခြေရင်းရှိ လယ်မြေတွေကို လုပ်ကိုင်နေတဲ့တောင်သူတစ်ဦးပါ။ ဦးအောင်မြဲနဲ့ဦးကောင်းရွှေတို့ကတော့ ဆည်မြောင်းဝန်ထမ်း (အငြိမ်းစား) တွေဖြစ်ပါတယ်။ သူတို့ (သုံး) ဦးဟာ နတ်ကရာစေတီတော်နဲ့ပတ်သက်လို့ သူတို့လက်လှမ်းမီသရွေ့ စာရေးသူကိုပြောပြခဲ့ကြတာပါ။ ဘုရားစေတီပြုပြင်ရာမှာ ဦးဆောင်ပါဝင်သူတွေဖြစ်ပါတယ်။

နတ်ကရာစေတီဆိုတာ ပြန်လည်မပြုပြင်ခင်ကာလမှာတုန်းကတော့ ချုံနွယ်ပိတ်ပေါင်းတွေဖုံးအုပ်နေတဲ့ ဘုရားငုတ်တိုကြီးလို့ပြောပါတယ်။ ဘုရားငုတ်တိုရဲ့ပရဝုဏ်အတွင်းမှာ အဆိပ်ရှိတဲ့မြွေပွေးအကောင်ကြီးတွေကို မကြာခဏတွေ့ရတတ်ပါတယ်။ ဘုရားစေတီကိုစောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်တွေက ဘုရားဝင်းအတွင်းကို လူစိမ်းလာတာလုံးဝမကြိုက်ဘူးလို့ဆိုပါတယ်။

စေတီတော်က ရွာသစ်ကလေးရွာအပိုင်အတွင်းမှာရှိတာမို့ ဘေးပတ်

ဝန်းကျင်ရွာများဖြစ်တဲ့ ငါးဆူ၊ ရွှေကြာအင်းက တောင်သူတွေအနေနဲ့က လူစိမ်းတွေလို့ဆိုရမှာ ဖြစ်ပါတယ်။ ငါးဆူရွှေကြာအင်းက တောသူတောင်သားများအနေနဲ့ နယ်ကျွံလာပြီး နတ်ကရာစေတီအပိုင်မြေထဲ ထင်းခုတ်မြက်ရိတ်များလုပ်ပြီဆိုရင်တော့ မြွေပွေးအကောင်တွေကို တစ်ကောင်ပြီးတစ်ကောင်တွေ့ရတာနဲ့ ကြောက်လန့်ပြီး ပြန်ပြေးရတာခဏခဏပါပဲတဲ့။

ဒါတင်မကသေးပါဘူး သူပိုင်ကွင်းထဲကလူရင်းတွေတောင် ဘုရားမြေပေါ်မှာအမှားအယွင်းလုပ်မိရင် လုံးဝသည်းမခံဘဲနဲ့ မြွေတွေကိုပြပြီး သတိပေးတတ်တာမို့ အုန်းပွဲ၊ ငှက်ပျောပွဲတွေတင်ပြီး တောင်းပန်ရတယ်လို့ဆိုပါတယ်။ တစ်ခါကဆိုရင် ဘုရားမှာအဆောက်အဦ ဆောက်တဲ့လုပ်ငန်းမှာပါတဲ့ လက်သမားတစ်ယောက်က အိမ်အပြန်မှာ ဘုရားခြေရင်းမှာပေါက်နေတဲ့ ခြေသလုံးခန့်ရှိတဲ့ရှာပင်ကိုခုတ်လှဲပြီး ဗုံတိုအပိုင်းလေးတွေဖြစ်အောင်ပိုင်းဖြတ်လိုက်တယ်။

ပြီးတာနဲ့ ထင်းတုံးတွေကိုစက်ဘီးနောက်ကယ်ရီယာပေါ်မှာတင်ပြီးအပြန် ဘုရားစေတီရှေ့က စ ဘားတူးမြောင်းဘောင်ပေါ်အတက်၊ စက်ဘီးက ရှေ့ဆက်တွန်းမရတော့ဘဲ လူကလည်းနောက်ကနေ တစ်ယောက်ယောက်က တွန်းလှဲလိုက်သလိုမို့ ရှေ့ကိုထပ်တိုးလဲကျသွားတယ်ဆိုပဲ၊ အထမှာပြန်မထနိုင်တော့တာမို့ လှည်းကြုံနဲ့တင်ပြီး အိမ်ပြန်ပို့ရတဲ့အထိ ဖြစ်သွားတယ်လို့ဆိုပါတယ်။ နောက်ရက်တွေမှာ ခါးနာပြီးမထနိုင်တော့တာမို့ တတ်သိတဲ့လူတွေနဲ့တိုင်ပင်ပြီး ယူလာတဲ့ ထင်းတုံးတွေပြန်ပို့ရင်း ဘုရားမှာ အုန်းပွဲ၊ ငှက်ပျောပွဲနဲ့တင်ပြီးတောင်းပန်မှ ခါးနာရောဂါပျောက်သွားခဲ့ရတယ်လို့ ပြောကြပါတယ်။

ဘုရားပရဝုဏ်ရှေ့ ကွင်းပြင်မှာ ယခင်ကအလွန်ကြီးမားတဲ့ သပြေပင်ကြီးရှိတယ်လို့ဆိုပါတယ်။ သပြေပင်ကြီးမှာသက်တမ်းရင့်အပင်မို့ အောက်ခြေမှာရှိတဲ့ပင်စည်ကြီးဟာ ဟောင်းလောင်းပေါက်ကြီးဖြစ်နေသလို အပင်တက်က တချို့ကိုင်းတွေဟာလည်း ခြောက်သွေ့နေတယ်လို့ ဆိုပါတယ်။ တစ်နေ့မှာ နွားကျောင်းသားတစ်ယောက်က သပြေပင် အခေါင်းပေါက်ထဲကို ဖွတ်ကြီးတစ်ကောင် ဝင်သွားတာမြင်တွေ့လိုက်ရပါတယ်။ နွားကျောင်းသားဟာ ဖွတ်ကိုရလိုဇောနဲ့ သပြေပင်အခေါင်းထဲကို လောင်စာအမှိုက်တွေထည့်သွင်းပြီး မီးရှို့ရာကနေ သပြေပင်ကြီးတစ်ပင်လုံးလဲ မီးလောင်ကျွမ်းခဲ့သလို ဘုရားဝင်းအတွင်းက ရှေးဟောင်းသိမ်အမိုးကိုမီးကူးပြီး ဆက်လောင်သွားတဲ့အတွက် ရှေးဟောင်းသမိုင်းဝင်သိမ်ကြီးတစ်စုလည်း ဆုံးရှုံးခဲ့ရကြောင်းပြောပြပါတယ်။

စေတီတော်ကြီးကို ပြန်လည်ပြုပြင်အပြီးမှာ သိမ်အဆောက်အအုံကိုလည်း ပြန်ပြီးတည်ဆောက်ကြပါတယ်။ သိပ်ဆောက်ဖို့ပုံထားတဲ့ သစ်သားပုံကိုသယ်မတဲ့အခါမှာ သစ်ပုံအောက်က ဇန်းခင်းထားသလို ခွေနေတဲ့ မြွေပွေးကြီးတွေကိုတွေ့ရလို့ ဆိုင်ရာပိုင်ရာသိုက်နန်းရှင်တွေကို တောင်းပန်ပြီးမှ အလုပ်ဆက်လုပ်လို့ရတယ်ဆိုပဲ။

ဒါတင် မကသေးပါဘူး။ လက်သမားအဖွဲ့ ခေတ္တနေထိုင်ဖို့အတွက် ဘုရားရဲ့ မြောက်ဘက်ကုန်းထက်မှာ တဲတန်းကြီးဆောက်ပြီး နေကြတာပါ။ ညမှာ အလုပ်သမားတွေအိပ်စက်နေတုန်း တဲကြီးကလှုပ်လာလို့ အလုပ်သမားတွေအနေနဲ့ တဲပတ်ပတ်လည်ကို လိုက်ရှာကြည့်တော့ ဘာမှမတွေ့ရဘူးဆိုပါတယ်။ မနက်မိုးလင်းလို့ အလုပ်ဆင်းချိန်မှာ ရွာကျောင်းထိုင်ဆရာတော်ရောက်လာလို့ ညကအဖြစ်အပျက်ကို ဆရာတော်ထံ လျှောက်တင်ကြပါတယ်။

ဆရာတော်က မင်းတို့ဆောက်ထားတဲ့တဲက သိုက်နန်းနဲ့မလွတ်လို့ဖြစ်ရတာဆိုပြီးမိန့်တာနဲ့ တဲကြီးကိုအမြန်ဆုံးရွှေ့ပေးခဲ့ရတယ်တဲ့လေ။ သိုက်နန်းရှင်နဲ့ပတ်သက်တဲ့ အဖြစ်အပျက်တစ်မျိုးကြုံရတာရှိပါသေးတယ်။ စေတီတော်ရဲ့ မြောက်ဘက် အုတ်တံတိုင်းဆောက်ရာမှာသရက်ပင်ကြီးက မလွတ်လို့ခုတ်လှဲပြီးအမြစ်ပါတူးထုတ်ရတာပါ။ အလုပ်သမားတွေထဲက တစ်ယောက်က -

"သိုက်နန်းရှင်ရှိတယ်သာ ပြောတယ်၊ တို့ကိုရွှေတစ်ပြားလည်း မပေး၊ ငွေတစ်ပြားလည်းမပေးနဲ့။ အလကားဟာတွေပါကွာ"

လို့ လူငယ်ပီပီစကားကို မဆင်မခြင်ပြောမိလိုက်ပါတယ်။

ဖြစ်ချင်တော့ သရက်ပင်ကြီးကိုအပေါ်မှာရှိတဲ့ ကိုင်းအားလုံးကိုခုတ်ထွင်ရှင်းလင်းပြီးတဲ့အပြင် အောက်ခြေအမြစ်ကိုလည်း ပတ်ပတ်လည်ကနေ ဖြတ်တောက်ပြီးပေမယ့် သစ်ပင်ကြီးက ဘယ်လိုမှအောက်ကိုလဲမကျလို့ အလုပ်သမားတွေစိတ်ညစ်ကြပြီပေါ့။ မိုးသာချုပ်သွားတယ် သစ်ပင်ကြီးပင်စည်ပိုင်းဟာတုတ်တုတ်မှမလှုပ် ဖြစ်နေတာနဲ့ အလုပ်သမားအဖွဲ့က လူကြီးဖြစ်တဲ့ ဦးကောင်းရွှေဆီ တင်ပြအကူအညီတောင်းကြရာမှာ ဦးကောင်းရွှေက သိုက်နန်းရှင်တွေကို တိုးလျှိုးတောင်းပန်မှပဲ ညပိုင်းမှာသစ်ပင်ကြီးဟာ သူ့အလိုလိုလဲကျသွားခဲ့တယ်လို့ ဆိုပါတယ်။

သိုက်နန်းနေရာနဲ့ အရှေ့ဘက်မလှမ်းမကမ်းမှာ အုတ်ခင်းပြီ၊ ဘေးပတ်ပတ်လည်မှာအုတ်ခွေချထားတဲ့ ရေတွင်းသေးသေးလေးရှိပါတယ်။ ရွာသူရွာသားတွေကတော့ နတ်ရေတွင်းလို့ ပြောကြပါတယ်။ (၁၂) ရာသီပတ်လုံး ရေမခန်းတဲ့တွင်းဖြစ်ပြီ၊ ရေအနက်က လူတစ်တိုင်စာလောက်ပဲ နက်တယ်လို့ဆိုပါတယ်။ ကျန်းမာရေးမကောင်းတဲ့အခါ ဒီတွင်းကရေကို ခပ်ယူသောက်သုံးရင် ရောဂါတွေပျောက်ကြလို့ နတ်ရေတွင်းလို့ခေါ်ကြတာပါ။

ဒီရေတွင်းကလည်း သူ့ဇာတ်လမ်းနဲ့သူ ထူးခြားဆန်းကြယ်မှုရှိတဲ့တွင်းလို့ဆိုပါတယ်။ တွင်းရဲ့ဘေးပတ်လည်အုတ်ခုံပေါ်တက်ရင် ဖိနပ်စီးပြီးတက်တာမကြိုက်တာမို့ ခုနေခါမှာတော့ ရေတွင်းပေါ်မှာ ဖိနပ်မစီးရဆိုတဲ့စာတမ်းရေးပြီး သတိပေးထားမြစ်ထားတာ တွေ့ရပါတယ်။ တွင်းကသိုက်နန်းရှင်တွေ စောင့်ရှောက်နေတဲ့တွင်းလို့ပြောပါတယ်။ ဟိုအရင်တွေက ရေတွင်းပေါ်ရေခပ်ဖို့လာတဲ့မိန်းမတွေက မဆင်မခြင်ဖိနပ်စီးခဲ့ပြီးတက်ကြလို့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကပါးရိုက်ပြီးဆုံးမတာကို ခံခဲ့ရသူတွေ ခုထိ သက်ရှိထင်ရှားရှိနေသေးတယ်ဆိုပဲ။

ဒီထက်ထူးခြားတာတစ်ခုကို ပြောပြလို့သိရပါသေးတယ်။ စေတီတော်ရဲ့ မြောက်ဘက်လယ်ကွက်တွေမှာ လုပ်နေတဲ့တောင်သူတစ်ဦးနဲ့ ဘေးနားက တောင်သူတစ်ဦးတို့ အလောင်းအစားတစ်ခုလုပ်ကြပါတယ်။ မြောက်ဘက်လယ်ကွက်မှာလုပ်တဲ့လယ်ရှင်က သူ့မိတ်ဆွေတောင်သူကို ဒီရေကန်ထဲကရေကိုကုန်အောင်ပက်ထုတ်နိုင်ရင် သူပိုင်တဲ့လယ်မြေနဲ့ နွားရယ်၊ လှည်းရယ်လို့ပေးမယ်လို့ပြောပြီး အလောင်းအစားလုပ်ကြတာပါ။ ဒီတော့ သူ့မိတ်ဆွေက

လည်း အညှိမခံဘဲ၊ ရေတွင်းထဲဆင်းပြီး ရေတွေကို ခပ်ထုတ်ပါတော့တယ်။ ရေအနက်ကလူတစ်ထိုင်စာသာ ရှိပေမယ့် ရေခပ်ထုတ်တဲ့လူဟာ ရေကိုကုန်အောင်မထုတ်နိုင်တာနဲ့ နောက်ဆုံးတော့ လက်မြှောက်ထိ အရှုံးပေးသွားရတယ်လို့ဆိုပါတယ်။

နောက်တစ်မျိုး မရိုးနိုင်တဲ့ဇာတ်လမ်းကကိုယ်တွေ့ဇာတ်လမ်းပါ။ စာရေးသူကို စေတီသမိုင်းကြောင်းပြောပြတဲ့ ဦးရွှေရဲ့ကိုယ်တွေ့ပါ။ ရေတွင်းဟာရေမခန်းဘူး။ ပုပ်ခြင်းသိုးခြင်း မရှိဘူးဆိုတဲ့ဂုဏ်ပုဒ်ရှိတဲ့တွင်းပါ။ တစ်နေ့မှာ ဦးရွှေနဲ့ သူ့သူငယ်ချင်းတို့ တိုင်ပင်ပြီး ရေတွင်းကိုဆယ်ဖို့ပြင်ဆင်ကြပါတယ်။ ရေတွင်းဆယ်တယ်ဆိုတာက တွင်းထဲမှာရှိနေတဲ့ သစ်ခက်သစ်ရွက်တွေနဲ့ မကောင်းတဲ့နွံအနှစ်တွေကို ရေနဲ့အတူ ကုန်အောင်အပြင်ကို ခပ်ပြီးသွန်ရတာမျိုးပါ။

ဦးရွှေက တွင်းထဲဆင်းပြီး ရေပုံးတစ်လုံးနဲ့ရေတွေကိုခတ်၊ အပေါ်ကသူငယ်ချင်းဖြစ်သူက ရေပုံးထဲကရေတွေကို အဝေးမှာသွန်ပေါ့။ ဒီလိုရေတွေ ခပ်လိုက်သွန်လိုက်လုပ်ရင်းက နောက်ဆုံးနွံနှစ်တွေခပ်ထုတ်ချိန်မှာ တွင်းအောက်ခြေကနေ ဝုန်းဆိုတဲ့အသံကြီးထွက် လာပြီး ရေတွေကပန်းထွက်လာတယ်ဆိုပဲ၊ ဦးရွှေလည်း အမှတ်တမဲ့ဆိုတော့လန့်ဖျပ်ပြီး သတိကင်းလွတ်သလိုဖြစ်သွားရာကနေ သတိရလာတော့ သူဝတ်ထားတဲ့ပုဆိုးအောက်စက သူ့မျက်နှာမှာလာဖုံးနေတာမို့ သူလည်းတွင်းပေါ်ကို ကမန်းကတန်းပြေးတက်ခဲ့ရတယ်လို့ဆိုပါတယ်။

ဘုရားတည်တဲ့လုပ်ငန်းမှာ ကြီးကြပ်ပါဝင်ခဲ့တဲ့ ဦးကောင်းရွှေအပြောကတော့ တွင်းထဲမှာငွေယားတွေရှိတယ်လို့ပြောပါတယ်။ ဒါတွေကတော့ နတ်ကရာစေတီတော်ကြီးရဲ့ အစောင့်အရှောက်ကြီးမားမှုနဲ့ နယ်မြေကြမ်းမှုတို့ရဲ့တစ်စိတ်တစ်ဒေသကို ပြန်ပြောပြလို့သိခဲ့ရတာတွေပါပဲ။

ကျီးမည်းသည်အစ၊ နတ်ကရာစေတီက

အနော်ရထာမင်းကြီးအနေနဲ့ နတ်ကရာစေတီမှာ နတ်ပွဲကျင်းပနေချိန်မှာ နတ်ပွဲမှာ တင်မြှောက်ဆက်သထားတဲ့ ကြက်ဥကိုကျီးတစ်ကောင်က ချီယူသွားခဲ့ပါတယ်။ မင်းကြီးက ကြက်ဥချီယူသွားတဲ့ကျီးကန်းနောက်ကို ကျွန်တော်ပျည်းကို ဖျတ်ခြေပြတ်လိုက်ကြည့်နိုင်ပါတယ်။ ကျီးကန်းဟာ အဆင့်ဆင့်ပျံသန်းရင်း နောက်ဆုံးကျီးမဲညိုလို့ အမည်တွင်မယ့်နေရာမှာရပ်နားခဲ့စဉ်မှာ အခြားသောကျီးများက မဲနေအောင်ဝိုင်းအုံပြီး ထိုးဆိတ်နေတာတွေ့ရလို့ မင်းကြီးကို ပြန်လည်လျှောက်တင်တဲ့အတွက် မင်းကြီးက အဲဒီနေရာမှာဆည်ထည်ပြီး ကျီးမဲဆည်ရယ်လို့အမည်တွင်ခဲ့တာပါ။

ဒါကိုပဲ ရွာသစ်ကလေး ရွာသူရွာသားတွေက တစ်ဆင့်စကားတစ်ဆင့်နားဆိုသလို အဆင့်ဆင့်လက်ကမ်းပြီးပြောခဲ့တဲ့အတွက် လက်ရှိလူတွေအနေနဲ့ ပုံပြင်တစ်ခုလို့မှတ်သားပြီး ဖြေပြခြင်းဖြစ်ပါတယ်။ တကယ်တမ်း ကျီးမဲဆည်အစ နတ်ကရာစေတီဆိုတာ ဟုတ်မဟုတ်ကိုတော့ ခိုင်မာတဲ့ရာဇဝင် အထောက်အထားမရှိတာတော့အမှန်ပါပဲ။

နတ်ကရာစေတီလက်ရှိအနေအထားဖြစ်လာပုံ

မြန်မာနှစ် ၁၃၄၀ ပြည့်နှစ်မှာ စမာတူးမြောင်းဟာ ရေတိုက်စာပြီးကျိုးပေါက်သွားခဲ့ပါတယ်။ နေရာကတော့ နတ်ကရာစေတီနဲ့ မနီးမဝေးနေရာမှဖြစ်ပါတယ်။ စမာတူးမြောင်းကျိုးပေါက်သွားတဲ့အတွက် ဆည်ဗိုလ်ဦးမြင့်မောင်နဲ့အတူ အလုပ်သမားအင်အား (၁၀၀)တို့ဟာ တူးမြောင်းကိုပြန်လည်ပြုပြင်ခဲ့ကြပါတယ်။ စမာတူးမြောင်းပြန်လည်ပြုပြင်နေဆဲအချိန်မှာ ဆည်ဗိုလ်ဦးမြင့်မောင်ဟာ နတ်ကရာစေတီတော်ဟောင်းရဲ့နေရာကို ရောက်ရှိခဲ့ပြီး တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းတို့ကို နေ့စဉ်နေ့တိုင်းပြုလုပ်ပြီး ကျင့်ကြံအားထုတ်ခဲ့ပါတယ်။

ဆည်ဗိုလ် ဦးမြင့်မောင်အနေနဲ့ တရားထိုင်၊ ပုတီးစိပ်ဖို့ရောက်ရှိနေဆဲမှာ ချုံနွယ်ပိတ်ပေါင်း ဖုံးလွှမ်းနေတဲ့စေတီတော် ပရဝုဏ်ကို သူနဲ့အတူပါလာတဲ့ အလုပ်သမားအင်အားများစွာနဲ့ ရှင်းလင်းခုတ်ထွင်ခဲ့ကြပါတယ်။ စေတီတော်ဟာ အပျက်အစီးများစွာနဲ့ရုပ်လုံးပေါ်လာတဲ့အချိန်မှာ ဆည်ဗိုလ်ဦးမြင့်မောင်အနေနဲ့ စေတီတော်ကြီးကို ပြန်လည်ပြုပြင်လိုကြောင်း၊ သက်ဆိုင်ရာနာယကဆရာတော်ကြီးများထံ ဩဝါဒခံယူခဲ့ပါတယ်။

ဆရာတော်ကြီးများနဲ့ သက်ဆိုင်ရာကျေးရွာအလိုက် သက်ကြီးဝါကြီးလူပုဂ္ဂိုလ်များရဲ့ခွင့်ပြုချက်အရ ဆည်ဗိုလ်ဦးမြင့်မောင်အနေနဲ့ ဘုရားပြုပြင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပန်းရန်လုပ်သားတွေကတော့ ဆည်မြောင်းအဖွဲ့သားတွေပါပဲ။ လုပ်ငန်းကြီးကြပ်ရသူ ဦးကောင်းရွှေက ဘုရားတည်တာ (၃)နှစ်တောင် ကြာခဲ့တယ်လို့ဆိုပါတယ်။

စေတီတော်ကြီးကို ၁၃၄၂ ခုနှစ်မှာစတင်ပြုပြင်ခဲ့ပြီး ၁၃၄၅ ခု၊ နတ်တော်လဆန်း (၃) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၂)နာရီတိတိမှာ ထီးတော်တင်ခဲ့ပါတယ်။ နာရီပြန် (၁)ချက်ထိုး နေ့ပိုင်းအချိန်မှာပဲ ဘုရားအနေကဇာ တင်နိုင်ခဲ့ကြောင်း သိရပါတယ်။ စေတီတော်ကြီးရဲ့ ဉာဏ်တော်အမြင့်က ဖိနပ်တော်မှစိန်ဖူးအထိ (၅၀)ပေရှိကြောင်း မှတ်သားသိရှိခဲ့ရပါတယ်။ စေတီတော်ရဲ့ ပစ္စယံအထက်ပတ်ပတ်လည်မှာ အရံစေတီ (၁၂)ဆူရှိသလို၊ စေတီတော်ရဲ့ ခေါင်းလောင်းမှောက်အထက်မှာလည်း ဘီလူး (၁၂)ကောင်အရုပ်များပါရှိပါတယ်။

စေတီတော်ရဲ့တောင်ဘက်ဖိနပ်တော်ခြေရင်းမှာ ဘုရားစေတီဘက်ကိုခေါင်းပြုထားတဲ့ ဆင်ငယ်ရုပ်တုတစ်ခုရှိပါတယ်။ အဲဒီဆင်ရုပ်တုဟာ အရင်ကတော့ ရှင်အရဟံ တည်ထားခဲ့တဲ့သိမ်အတွင်းက ရုပ်ပွားတော်ကြီးရဲ့ရှေ့မှာထားရှိရာကနေ ယခုအခါမှာ စေတီတော်ဘက်ကို ပြောင်းရွှေ့ထားခဲ့တာဖြစ်ကြောင်းကို ဦးကောင်းရွှေကပဲပြောပြပါတယ်။

စေတီတော်ရဲ့ အနောက်ဘက်မျက်နှာကြာလံထက်မှာ (၆) လက်မခန့်အကျယ်ရှိတဲ့ လေးထောင့်အပေါက်ငယ်တစ်ခုကို ထူးထူးခြားခြားမြင် တွေ့ရပါသေးတယ်။ ဦးအောင်မြင့်ဆိုတဲ့ သက်ကြီးပုဂ္ဂိုလ်ကြီးက လေရှူပေါက်ဖောက်ထားတာလို့ဆိုပါတယ်။ စေတီတော်ကြီးအနေနဲ့ ပထမဦးဆုံးအလှူဒါယကာ အနော်ရထာမင်းကြီးတည်ထားပြီးနောက် ပျက်စီးချို့ယွင်းသွားတဲ့ စေတီတော်ကြီးကို ဒုတိယအလှူရှင်က ပြန်လည်ပြီး စေတီဟောင်းကိုငုံကာ ပြုပြင်ခဲ့တဲ့အတွက် လေရှူပေါက်လုပ်ထားခဲ့သလို ယခုတတိယအကြိမ်ပြန်လည်ပြုပြင်ရာမှာလည်း ယခင်စေတီဟောင်းကိုငုံပြီးပြုပြင်ထားတာမို့ လေရှူပေါက်ထည့်ပေးရတာဖြစ်ကြောင်း ရှင်းပြပါတယ်။

စေတီတော်ကြီးရဲ့ အရှေ့ဘက်တနင်္ဂနွေထောင့်မှာ ကိုးတောင်ပြည့်

ဘုန်းတော်ကြီးဦးသီလ၏ သြဝါဒကထာများ

ကိုရွှေမြသန်း

အရှည်ဝါသီ 'ရထားမတိုက်၊ ကျားမကိုက်၊ နတ်ဆွမ်းရသော' ဘုန်းတော်ကြီးဦးသီလ၏သြဝါဒကထာများကို မိမိဖတ်မှတ်ထားသရွေ့ ပြန်လည်၍ စာပန်းဆင့်တမ်း ပွင့်လန်း ဖူးဝေလိုက်ပါ၏။ သို့ဖြစ်ပါ၍ ဘုန်းတော်ကြီး ဦးသီလ၏ သြဝါဒကထာတို့သည်ကား. . . ။

ဝိနယောဝါဒကထာ

ပစ္စည်းနှင့်အင်္ဂါ၊ ခြေ၊ လက်တစ်ခုခု အန္တရာယ်တွေ့လျှင် အင်္ဂါ၊ ခြေ၊ လက်တို့ကိုအထိမခံနှင့်၊ ပစ္စည်းကိုသာအပျက်ခံပါ။

အင်္ဂါ၊ ခြေ၊ လက်နှင့် အသက်တစ်ခုခု အန္တရာယ်တွေ့လာလျှင် အသက်အထိမခံနှင့်။ အင်္ဂါ၊ ခြေ၊ လက်တို့ကိုသာ အပျက်ခံပါ။

အသက်နှင့်သီလတစ်ခုခုအန္တရာယ်တွေ့လျှင် သီလကိုအထိမခံနှင့်။အသက်ကိုသာ အပျက်ခံပါ။

ဘုန်းတော်ကြီးဟောသောတရား

သူ့အသက်မသတ်နှင့်၊ သူ့ဥစ္စာမခိုးနှင့်၊ သန်းဥမတုပ်နှင့်၊ ငရဲကြီးသည်။ သရက်ပင်စိုက်မှ အသီးချိုသည်။ တမာပင်စိုက်လျှင် အသီးခါးသည်။ ရတနာသုံးပါးကို အစစ်အမှန်ဟု ယုံကြည်ကြ။

ထန်းလျက်ကမ္ဘဋ္ဌာန်း

ထန်းလျက်ကို သိမ်းဆည်းထားသော ရသေ့ကြီးဦးပဏ္ဍိတ်ကို မိန့်ကြား၏။

"ဟဲ့ - ရသေ့၊ နင်အဘယ်ကြောင့် ထန်းလျက်ကို ခေါင်မိုးထိုး၍ သိမ်းထားရသနည်း။ နင် ကမ္မဋ္ဌာန်းစီးဖြန်းလျှင် ကြွက်စားလေမည်လား၊ ရှဉ့်စားလေမည်လားဟု ထန်းလျက်ကမ္မဋ္ဌာန်းသာ ဖြစ်ချေမည်။ မထားနှင့်"

ဟု မိန့်တော်မူ၏။

ကြည်ညိုလျှင် လှူ

"ဟဲ့ - ဘိုးရင်၊ ငါတို့ မရှိသည့်နောက် ငါတို့ပြုထားသော ဤသာသနာသည် ဤအတိုင်းတည်နေမည်မဟုတ်။ စိတ်ကို ပြုပြင်၍ ကြည်ညိုလျှင် လှူ

စေတီငယ်တစ်ဆူရှိပါတယ်။ ရပ်ရွာလူကြီးများကတော့ နောင်တော်ကြီးစေတီလို့ ပြောပါတယ်။ ဉာဏ်တော် (၂၀) ပေနဲ့ (၅)လက်မရှိပြီး အရှေ့ဘက်မျက်နှာစာမှာ မုခ်ပေါက်သေးသေးလေးပါရှိပါတယ်။ သိမ်တိုက်အတွင်းမှာတော့ ဉာဏ်တော် (၈) ပေကျော်ခန့်ရှိတဲ့ထိုင်ကိုယ်တော်ရုပ်ပွားတော်ကြီးကို ဖူးမြင်ရပါတယ်။ ရှေးဟောင်းရုပ်ပွားတော်ကြီးရယ်လို့သိခဲ့ရပါတယ်။

စေတီတော်ကြီးရဲ့ ရင်ပြင်တော်အကျယ်က (၁) ကေနီးပါး ကျယ်ဝန်းပြီး ရင်ပြင်တော်ရဲ့ ပတ်လည်အုတ်တံတိုင်းအခိုင်အမာ ပြုလုပ်ထားပါတယ်။ မျက်နှာစာတိုင်းမှာ ဝင်ပေါက်တစ်ပေါက်စီဖောက်ထားပေးပါတယ်။ အုတ်တံတိုင်းပတ်ပတ်လည်အောက်ခြေမှာ လျှောက်လမ်းကို အုတ်ခင်းလမ်းအဖြစ်ပြုလုပ်ပေးထားပြီး အပေါ်မှာလည်း စောင်းတန်းရှည်ကြီးဆောက်ပေးထားတာမို့ ဘုရားဖူးလာသူတွေအတွက် စိတ်ချမ်းသာစွာဘုရားဖူးနိုင်ကြမှာဖြစ်ပါတယ်။

စေတီတော်ကြီးနဲ့ ပတ်သက်လို့ ကျိန်စာတွေရှိသလို စမာတူးမြောင်းနဲ့ ပတ်သက်လို့လည်း ထားရစ်ခဲ့တဲ့စကားတွေရှိကြောင်း ဦးကောင်းရွှေကပြောရင်းရွတ်ဆိုပြပါသေးတယ်။ စေတီတော်ကြီးနဲ့ပတ်သက်တဲ့ကျိန်စာက 'ဒီရေသောက်၊ ဒီမြေလုပ်၊ ဒီဘုရားကို မလှူရင်မွဲပါစေသတည်း' တဲ့၊ စမာတူးမြောင်းကတော့ 'တစ်ခ်တူးရင်နှစ်ခဲပို့ပါစေသား' ဆိုတဲ့ကျိန်စာတွေပါပဲ။

စေတီတော်ကြီးရဲ့မြောက်ဘက်မှာတော့ အိန္ဒိယနိုင်ငံက စေတီတော်ပုံစံတည့်ထားတဲ့ စေတီတော်ကြီးကိုလည်း ကြည်ညိုဖွယ် ဖူးမြင်ရပါသေးတယ်။ စေတီတော်ရဲ့ဘွဲ့အမည်က အောင်ဆုပြည့်မဟာဗောဓိစေတီတော်လို့ ကမ္ပည်းရေးထိုးတာတွေ့ရပါတယ်။ စေတီတော်ကြီးအရှေ့ဘက်မှာ မုခ်ပေါက်ပါရှိပြီး မုခ်ပေါက်ဂန္ဓကုဋီတိုက်အတွင်းမှာ ထိုင်ကိုယ်တော်ရုပ်ပွားတော်ကြီးတစ်ဆူရှိပါတယ်။

ရုပ်ပွားတော်ကြီးကို ကျောက်သားနဲ့ထုလုပ်ထားတာမဟုတ်ဘဲ ဖိုင်ဘာနဲ့ပုံသွင်းတုလုပ်ထားကြောင်း တွေ့ခဲ့ရပါတယ်။ အောင်ဆုပြည့်မဟာဗောဓိစေတီတော်ကြီးရဲ့အောက်ပိုင်းပတ်ပတ်လည်မှာ မုဒြာမျိုးစုံပါရှိတဲ့ရုပ်ပွားတော်များကိုလည်း ကြည်ညိုဖွယ်ရာဖူးမြင်ရပါသေးတယ်။ ရင်ပြင်တော်ရဲ့ အရှေ့တောင်ထောင့်မှာတော့ နဂါးရုံဘုရားတစ်ဆူနဲ့အတူ နဂါး(၂)ကောင်နဲ့ဟင်္သာငှက်ရုပ်တုပါတဲ့ တံခွန်တိုင်တို့ကလည်း စေတီတော်ကြီးရဲ့ ကြည်ညိုဖွယ်ရာအဆင်းကိုဖြည့်တင်းထားသလို တွေ့မြင်ခဲ့ရပါတယ်။

ဒီမျှဆိုရင်တော့အစောင့်အရှောက်ကြီးမားပြီး၊ နေရာကြမ်းတယ်လို့နာမည်ကြီးခဲ့တဲ့ ရှေးဟောင်းသမိုင်းဝင် နတ်ကရာစေတီတော်ကြီးကို လာရောက်လေ့လာဖူးမြော်ချင်သူများအတွက် ရာသီမရွေးလာရောက် ဖူးမြော်နိုင်ပါကြောင်းနဲ့နှစ်စဉ် ပြာသိုလဆန်း (၈) ရက်နေ့တိုင်း သံဃာတော်အပါး (၆၀) ကျော်ကို ဆွမ်းလောင်းပွဲကျင်းပရာမှာ ဆည်ရေသောက်ရွာမှန်သမျှက လာရောက်လှူဒါန်းကြတဲ့အတွက် ဆွမ်းလောင်းပွဲကြီးရဲ့စည်ကားသိုက်မြိုက်မှုကို ကြည့်ရှုလေ့လာရင်း မိမိကိုယ်တိုင်လည်း ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ပါကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရကြောင်းပါ။

စေတနာမှန်လျှင်ကံကောင်းမည်။

စနေထွန်း (မြစ်သား)

မကြည်ညိုလျှင် ဤအတိုင်းနေတာပေါ့။ ဘာဘာညာညာမပြောနှင့်”

ဟု သံဃာတော်များ၏အပြစ်ကို ရှာ၍ပြောတတ်သော ဦးဘိုးရင်အား မိန့်တော်မူလေသည်။

ခေါင်းပေါ်က သျှောင်

“ဟဲ့- ဘိုးနွယ်၊ ပစ္စည်းလေးပါးလှူနိုင်လူက များ၏။ ခေါင်းပေါ်က သျှောင် (ရောင်ထုံး) လှူနိုင်သူကား ရှားလှ၏”

ဟု ပစ္စည်းလေးပါးပင့်ဖိတ်သော ဦးဘိုးနွယ်အား မိန့်ကြားသည်။

စာတတ်အောင်သင်ဦး

“ဘုန်းတော်ကြီးနှင့်အတူ မကွေ့မကွာနေ၍ တရားအားထုတ်ပါရစေ။ သက်သတ်လွတ်အကျင့်လည်း အမြဲစားပါမည်”

ဟုလျှောက်သောရဟန်းငယ်အား မိန့်ကြားသောဩဝါဒ ဖြစ်ပါသည်။

“ဦးပဉ္စင်း၊ ရဟန်းသိက္ခာအဘယ်မျှရှိပြီနည်း”

“နှစ်ဝါရှိပါပြီ ဘုရား”

“ဦးပဉ္စင်း၊ ဝါငယ်သေးသည်။ စာတတ်အောင်သင်ဦး။ စာပေပရိယတ်ဘက်က ပညာတတ်မြောက်၍ ဆယ်ဝါလောက်ရတော့မှ တရားအားထုတ်။ ဘုန်းကြီးများကို ယခု သက်သတ်လွတ်စားနေတာ ကုသိုလ်ဖြစ်ကျင့်သည်မထင်နှင့်။ သွားနာသက်သာလို့”

ဟု မိန့်တော်မူ၏။

ကြက်လောက်မှ မနိုးကြား

ကလတက်လာရှာသော ဘုန်းကြီး ဦးဓမ္မိသာရအား မိန့်ကြားသည်။

“ဘုန်းကြီးတို့ မနက်တွန်တဲ့ကြက်တွေကို ဘယ်သူက ကလတက်ခေါက်ပေးလဲ”

အငြင်းရှိလျှင် ရှောင်

“ဦးပဉ္စင်းတို့ မည်သည့်အရာမဆို အပ်၊ မအပ် အပြောအဆိုရှိလျှင် မလုပ်ဘဲ ရှောင်လိုက်ကြ။ ဥပမာ- တစ်ဦးက ရွာတွင်း ဖိနပ်မစီးကောင်းဟု ဆိုအံ့။ တစ်ဦးက စီးကောင်း၏ဟု ဆိုအံ့။ မစီးဘဲနေသူကို ဘယ်သူ အပြစ်ဆိုမည်နည်း။ စီးကောင်းလျက် မစီးခြင်းသည် မအပ်ဟု ဆိုနိုင်မည်လော။ ထို့ကြောင့် အငြင်းရှိလျှင်ရှောင်၊ အပြစ်ကင်းသည်”

ဟု မိန့်ဆိုတော်မူ၏။

ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး

ဒေးစွန်ပါတော၌နေစဉ် ကပ္ပိယကြီး ဦးအာကာသည် မီးလာလှုံသော ကျားကြီး၏ပါးစပ်အတွင်းသို့-

‘မီးကျီးခဲကို ကော်ထည့်လိုက်လျှင် ကောင်းမှာပဲ’

ဟု စိတ်ဖြင့်ကြံ၏။ ထိုအခါ ကျားကြီးသည် ဟိန်းသံပြုလိုက်၏။

ကျောင်းပေါ်က ဘုန်းတော်ကြီးက-

“ဘိုးသူတော်ကြီး၊ ဘာဖြစ်လို့ မကောင်းသောအကြံဖြင့် ပြစ်မှားရသနည်း။ ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး။ တောင်းပန်လိုက်”

ဟု မိန့်တော်မူ၏။

လှူသိတာ သတိထား

လှူသိသောသိက္ခာပုဒ်များကို အထူးသတိထားကြ။ ထိုသိက္ခာပုဒ်များ ပျက်လျှင် ကဲ့ရဲ့ခံရပြီးမှ ကုစားရသည်။ လူတို့မသိသော သိက္ခာပုဒ်များ ပျက်လျှင်ကား ကဲ့ရဲ့မခံဘဲ ကုစားရသည်။

သဒ္ဓါနှင့်ပညာ စုံအောင်လုပ်

ဘုန်းတော်ကြီး ဦးသီလသည် အကျင့်သီလ၊ ပဋိပတ်၌သာ ပြည့်စုံသည်။ ပရိယတ္တိပညာ၌ မထင်ရှား၊ မစုံလင်၍ စွယ်စုံကားမဟုတ်ဟု ကြံစည်မိသော ပျဉ်းမနားမှဒါယကာကို မိန့်ကြားသော ဩဝါဒ ဖြစ်ပါသည်။

“ဒါယကာတို့တန်ဆောင်းပြာသာဒ်စသည်တို့ကို လက်သမားတို့ဆောက်လုပ်ကြရာ ပညာသာတတ်၍ လက်နက်မစုံလျှင် လည်းကောင်း၊ လက်နက်သာစုံ၍ ပညာမတတ်လျှင် လည်းကောင်း ဖြစ်နိုင်အံ့လော။ လက်နက်၊ ပညာ နှစ်ပါးစုံမှ ဖြစ်နိုင်သည် မဟုတ်ပါလော။

သာသနာလုပ်ငန်း၌လည်း လက်နက်ပညာစုံမှ၊ သဒ္ဓါနှင့်ပညာ ညီညာစုံမှ သင့်အောင်ပြုနိုင်သည်။

ထို့ကြောင့် ကုသိုလ်အရာတိုင်းမှာ သဒ္ဓါပညာ စုံလင်စေကြဟု မိန့်တော်မူလေသည်။

နောင် ကြီးပွားကြောင်း ဖြစ်၏

မုဆိုးကြီးဦးတော်သည် ဘုန်းတော်ကြီးကို သမင်၊ ဒရယ်ထင်၍ သေနတ်ချိန်၍ပစ်၏။ မီးမထွက်။ သုံးကြိမ်တိုင်ပစ်၏။ မီးမထွက်။ အပေါ်သို့မြှောက်၍ ပစ်၏။ မီးထွက်၏။ အနီးကပ်၍ကြည့်ရှုရာ ဘုန်းတော်ကြီးဖြစ်နေသည်ကိုတွေ့ရ၍ ခြေတော်တို့ကို ဖက်ပြီးလျှင်-

“တပည့်တော်၏ အပြစ်များကို သည်းခံတော်မူပါ”

ဟု တောင်းပန်၏။

“ဒါယကာ၊ မိမိအပြစ်ကိုမြင်၍ တောင်းပန်ကုစားခြင်းသည် ကောင်း၏။ နောင်ကြီးပွားကြောင်းဖြစ်၏။ ငါသည်းခံ၏”

ဟု မိန့်မြွက်တော်မူလေ၏။

ရသေ့ဦးတိလောကအား ဟောကြားသော တရား

ပုတီးစိပ်သည်ကို ‘လိမ်ကွင်း စိပ်သည်’ ဟု လျှောက်သော ရသေ့ကြီး ဦးတိလောကအား ဟောကြားသောတရား ဖြစ်ပါသည်။

နွားလှည်း နွားများဆွဲသွားသည့်အခါ နွားများနောက်သို့ လှည်းပါသွားရ၏။

နွားများကြောင့် လှည်းသည် ရွေ့လျားသည် မှန်၏။ သို့သော် ထိုလှည်းလမ်းမှန်သို့ရောက်အောင် လှည်းမောင်းသူ လူက နွား၏ကြိုးကို မလွှတ်ဘဲ ထိန်းသိမ်းတည့်မတ်ပေးရ၏။ လမ်းမှန်ရောက်ဖို့က နွား၏တာဝန်မဟုတ်၊ လူ၏တာဝန်သာ ဖြစ်၏။

ယခု ပုတီးစိပ်ရာ၌လည်း ပုတီး၏တာဝန်မဟုတ်။ လူ၏တာဝန်သာဖြစ်၏။ စိပ်သူ မိမိကိုယ်တိုင်က မလိမ်ဖို့၊ နှလုံးသွင်းကောင်းဖို့ လို၏။ မိမိကိုယ်တိုင်က မလိမ်လျှင် ယင်းစိပ်ပုတီးကို လိမ်ကွင်းဟု မခေါ်နိုင်။ စေတနာဖြူစင်စွာအားထုတ်ဖို့လိုသည်။

ဤသည်တို့ကား ဘုန်းတော်ကြီး ဦးသီလ၏ဩဝါဒကထာအချို့သာတည်းဟု ဟူ၍သာ. . .။

ကိုရွှေမြသန်း(သမိုင်း)

မေတ္တာပို့သော် အံ့မချော်စေဖို့

ကိုကြီးကောင်း

မေတ္တာတရားပွားများခြင်းဖြစ်သော မေတ္တာပို့မှုများကိုလည်း ပြုကြရပါမည်။ သို့ရာတွင် မေတ္တာပို့ကြရာ၌ မေတ္တာပို့ အံ့ချော်နေလျှင် အကျိုးသက်ရောက်မှု မရှိ ဖြစ်တတ်သည်။ ထို့ကြောင့် မေတ္တာ ပို့ကြရာ၌ မေတ္တာပို့မှု အံ့မချော်စေရန်၊ တစ်နည်းဆိုရသော် မေတ္တာတန်ခိုးထက် မြက်စေရန် မေတ္တာနှင့်စပ်ဆိုင်သည့် သိ ကောင်းစရာများကို သိထားသင့်ကြပေ သည်။

'မေတ္တာ၊ မေတ္တာ' ဟု အများလူ တကာ နှုတ်ဖျား၌ ပြောလေ့ရှိကြသော 'မေတ္တာ' ဟူသည် အကျဉ်းအားဖြင့် နှစ် မျိုးနှစ်စားရှိ၏။ တစ်မျိုးသည် ကြည်လင် သန့်ရှင်း မွန်မြတ်သော မေတ္တာ ဖြစ်၍ တစ်မျိုးမှာ တဏှာနှင့်ယှဉ်၍ ညစ်ညမ်း သောမေတ္တာဖြစ်၏။ တစ်နည်းဆိုရသော် သန့်ရှင်းသောမေတ္တာနှင့် မသန့်ရှင်းသော မေတ္တာတို့ ဖြစ်၏။

မေတ္တာ၏အနက်ကို ရှေးဆရာတို့က 'ချစ်ခြင်း' ဟူ၍ ပြန်ဆိုတော်မူခဲ့ကြ သည်။ ပေမ ဟူသော ပါဠိပုဒ်ကိုလည်း ချစ်ခြင်း ဟူ၍ပင် ပြန်ဆိုတော်မူခဲ့ကြ၏။

ပေမအရ ချစ်ခြင်း (၃) မျိုးရှိ၏။

(၁) တဏှာပေမ၊
(၂) ဂေဟာသိတပေမ၊
(၃) မေတ္တာပေမတို့ ဖြစ်ကြသည်။

ထို၌ တဏှာပေမ ဟူသည် အဖို နှင့် အမ အချင်းချင်း တဏှာပေမ၏ အစွမ်းဖြင့် စွဲလမ်းတပ်မက် ချစ်ကြိုက်ကြ ခြင်းကို ခေါ်ဆို၏။ မိဘနှင့် သားသမီး၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း စသည်တို့ ချစ်ခင် တွယ်တာကြခြင်းကို ဂေဟာသိတပေမဟု ခေါ်သည်။ မိမိနှင့် သွေးသားမတော်စပ်သည့် တစ်ပါးသူတို့ ၏ကောင်းကျိုးကို လိုလားသော မေတ္တာ တရားသည်ကား မေတ္တာပေမ မည်၏။ ဗြဟ္မစိုရ်မေတ္တာဟုလည်း ခေါ်၏။

ယင်း ဗြဟ္မစိုရ် မေတ္တာတရား၌ သတ္တဝါအချင်းချင်း စကြဝဠာပင်ခြား၍ နေပါစေ၊ အခြားသောစကြဝဠာရှိသတ္တဝါ တို့ကို ချမ်းသာစေလိုသော ဆန္ဒသဘော သက်ဝင်လျက်ရှိ၏။

ယင်းမေတ္တာတရားတွင် သတ္တဝါ အချင်းချင်း တစ်စုံတစ်ရာ ခွဲခြားခြင်း အလျှင်းမရှိ။ ယင်းမေတ္တာသည် မိမိကိုယ် မှစ၍ သက်ရှိသတ္တဝါအားလုံး ကျန်းမာ ပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ် ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်းရွှင်လန်းကြ ပါစေ ဟူသော သဘောကိုဆောင်၏။

ထို့ကြောင့် မေတ္တာပေမ (ဝါ) ဗြဟ္မ စိုရ်မေတ္တာသည် အညစ်အကြေးကင်း သော၊ ပေါ့ပါးသော၊ ကြည်လင်သော၊ ချမ်းမြေ့ အေးမြသော၊ အနှောင်အဖွဲ့ လွတ်ကင်းသော၊ သန့်ရှင်းသော၊ မွန် မြတ်သော မေတ္တာစိတ် ဖြစ်ပေသည်။ ယင်းသို့သော မေတ္တာအကျိုးကား ယခု မျက်မှောက်ဘဝ၌ပင် အကျိုးထူးတရား (၁၁) ပါးကို ရရှိစေနိုင်သည်။

မေတ္တာအကျိုး (၁၁) ပါးမှာ-

၁။ စိတ်ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးရခြင်း၊
၃။ မကောင်းသောအိပ်မက်တို့ မမြင် မက်ရခြင်း၊
၄။ လူ, နတ် ချစ်ခင်သနားခြင်း၊
၅။ ဘေးရန်မှလွတ်အောင် နတ်တို့ စောင့်မခြင်း၊
၆။ မီးမလောင်နိုင်ခြင်း၊
၇။ ဓားလက်နက် စသည် မထိနိုင် ခြင်း၊
၈။ အဆိပ်နှင့် မသေနိုင်ခြင်း၊
၉။ မကောင်းသောစိတ်ပျောက်ခြင်း၊
၁၀။ မျက်နှာအဆင်းလှပကြည်လင်ခြင်း၊

၁၁။ မတွေ့ဖော် သေသောအခါတွင် ဗြဟ္မာပြည်သို့ရောက်ရခြင်းတို့ဖြစ်ပါသည်။

ဘုရားရှင်လက်ထက်တော်တွင် ရဟန်း (၅၀၀) တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဟိမဝန္တာအနီးရှိ တောအုပ်တစ်ခုတွင် သွားရောက်၍ ကမ္မဋ္ဌာန်းအားထုတ်ကြ၏။ ရဟန်းများမှာ အကျင့်သီလရှိကြသူများဖြစ်၍ ထိုတောတွင်နေသော နတ်တို့သည် သစ်ပင်ပေါ်၌ မနေနိုင်ကြဘဲ မြေသို့ဆင်းနေကြရသည်။

ပထမတွင် ဤရဟန်းများသည် ခဏတစ်ဖြုတ်သာ လာရောက်ကြခြင်းဖြစ်မည်ထင်၍ တစ်ရက်ပြန်နိုးနိုး၊ တစ်ရက်ပြန်နိုးနိုးနှင့် စောင့်နေကြသည်။ သို့သော် ရက်ကြာညောင်းလာ၍ သားသမီးများနှင့် မြေပြင်တွင် ဆင်းရဲစွာနေကြရသောအခါ ရဟန်းတော်များ ဆက်လက်မနေနိုင်စေရန် ကြောက်မက်ဖွယ်သော ရုပ်ပုံအမျိုးမျိုးကိုပြကြ၏။ အသံအမျိုးမျိုးကို အော်ဟစ်ကြသည်။ အနံ့ဆိုးတို့ကို လွှတ်ကြ၏။ ရဟန်းတို့သည် ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် တရား၌ အာရုံမရကြကုန်။ ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် တစ်နေ့တခြား ပိန်ချုံးလာကြသည်။ ဤတောတွင်နေပြီး တရားအားထုတ်၍မရနိုင်သည်ကိုသိလာကြသောအခါ ရဟန်းတော်များ စုဝေးတိုင်ပင်ကာ ဘုရားရှင်ထံသို့ ပြန်လာကြ၏။

ဘုရားရှင်လည်းအကျိုးအကြောင်းကို သိရသောအခါ ထိုရဟန်းငါးရာတို့အတွက် ထိုတောအုပ်ကသာ အကောင်းဆုံးဖြစ်ကြောင်း မြင်တော်မူသဖြင့်-

"ရဟန်းတို့၊ ထိုတောအုပ်သို့ပြန်၍ တရားအားထုတ်ကြကုန်လော့။ နတ်တို့က သင်တို့ကို မနှောင့်ယှက်၊ မခြောက်လှန့်စေရန် ဤမေတ္တာသုတ်ပရိတ်တော်ကိုသင်ယူ၍ ရွတ်ကြကုန်လော့။ မေတ္တာဘာဝနာကို ပွားများကြကုန်လော့။ ဤမေတ္တာသုတ်သည် သင်တို့အဖို့ ပရိတ်အရံအတားလည်း ဖြစ်သည်၊ ပွားများရန် မေတ္တာဘာဝနာကမ္မဋ္ဌာန်းလည်းဖြစ်ပေသည်"

ဟု ဟောတော်မူ၏။

ထိုအခါ ရဟန်းတို့သည် တောအုပ်ကိုဖြန့်ကာ မေတ္တာဘာဝနာကို ပွားများအားထုတ်ကြကုန်သည်။ ထိုမေတ္တာ၏ တန်ခိုးကြောင့် နတ်တို့သည် ထိုရဟန်းများကို ကြည်ညိုလာကြကုန်၏။ ယခင်ကကဲ့သို့ ခြောက်လှန့်ခြင်းကိုမပြုတော့။ ရဟန်းတို့သည်လည်း ချမ်းသာစွာ မေတ္တာကမ္မဋ္ဌာန်း ဆက်လက်ပွားများအားထုတ်ကြသည်။ သမထဘာဝနာကို ပွားများ၍ သမာဓိကောင်းလာသောအခါ ဝိပဿနာဘာဝနာသို့ ကူးပြောင်း ပွားများကြသဖြင့် သီတင်းကျွတ်သောအခါ အားလုံး ရဟန္တာချည်း ဖြစ်ကုန်ကြ၏။

ရဟန်းတို့နှင့်ပတ်သက်၍ အင်္ဂုတ္တိုရ်ပါဠိတော်တွင် လက်ဖျစ်တစ်တွက်ကြာမျှ မေတ္တာဘာဝနာပွားများခြင်းဖြင့် ပြည်သူတို့လှူသောဆွမ်းကိုစားထိုက်၏။ မေတ္တာပို့သပြီး သူတစ်ပါး၏ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် **သာမိပရိဘောဂ-** ကိုယ်ပိုင်ပစ္စည်းကို သုံးဆောင်ခြင်း ဖြစ်၏။ **အဏဏပရိဘောဂ-** အကြွေးမတင်သော သုံးဆောင်ခြင်းလည်း မည်၏။ **ဒါယဇ္ဇပရိဘောဂ -** အမွေခံရ၍ ပိုင်ဆိုင်သောပစ္စည်းကို သုံးဆောင်ခြင်း ဖြစ်၏။ မေတ္တာဘာဝနာသည် အလှူခံပုဂ္ဂိုလ်နှင့် အလှူရှင်နှစ်ဦးကို ကျေးဇူးများစေသည်။

ထို့ကြောင့် ဒါနကုသိုလ်ကဲ့သို့သော အလှူခံပုဂ္ဂိုလ်ရွေးချယ်ရခြင်း၊ အလှူဝတ္ထုပစ္စည်းကို ရှာဖွေရခြင်း ဒုက္ခလည်း မရှိ။ သီလဆောက်တည်ခြင်းကဲ့သို့ စောင့်စည်းရှောင်ကြဉ် ခြိုးခြံနေရခြင်းလည်း မရှိ။ ဒါနသီလတို့ထက် မွန်မြတ်သော နေရာမရွေး၊ အချိန်မရွေး သွားရင်းလာရင်း၊ နေရင်းထိုင်ရင်း ပွားများလာ၍ ရသော မေတ္တာဘာဝနာကို ပွားများသင့်ပေသည်ဟု အင်္ဂုတ္တိုရ်၌ ဖွင့်ဆိုတော်မူသည်။

သို့သော် မေတ္တာပို့သော် အံမချော်ဖို့တော့လိုသည်။

တစ်ခါက 'ဒေါ်ဒေါင်း' မည်သော အပျိုကြီးတစ်ယောက်တွင် ဦးလေး (၃) ယောက်၊ ညီအစ်မ (၅) ယောက်နှင့် အလွန် သံယောဇဉ်ကြီးလှသော တူမ (၇) ယောက် ရှိသည်။ သူတို့မှာ အချို့က တစ်မြို့တည်း နေကြ၍ အချို့က အလုပ်အကိုင်ကိုယ်စီနှင့် တစ်မြို့တစ်ရွာစီတွင် နေထိုင်လျက်ရှိကြ၏။ ဒေါ်ဒေါင်းမှာ အပျိုကြီးဖြစ်သဖြင့် ဟိုကအကြောင်းရှိ၍မှာလျှင် သွားလိုက်ရ၊ ဒီကအကြောင်းရှိ၍မှာလျှင် လာလိုက်ရနှင့် ဆွေမျိုးအသိုင်းအဝိုင်းအတွင်း၌ သံသရာလည်နေသူဖြစ်သည်။ သူ၏ဆွေမျိုးတွေမှာလည်း ဘယ်သူဘယ်ဝါတွေဖြစ်ကြောင်း၊ ဘယ်မှာနေထိုင်ကြကြောင်း အကုန်သိနေ၏။

ထို့ကြောင့် ဒေါ်ဒေါင်းသည် သူဘုရားရှိခိုး မေတ္တာပို့သောအခါ-

"မင်းလှမြို့ မိုးညိုတန်းက ဦးလေးကွန်း၊ အရီးရွှေမိတို့ အဝေရာ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ လှောင်ထားတဲ့ကုန်တွေလည်း အများကြီးမြတ်ကြပါစေ. . . မြတ်ကြပါစေ။

လက်ပံတန်းမြို့ ဘီလင်းတန်းက ညီမများဖြစ်ကြတဲ့ မလှ၊ မမြ၊ မထွေးတို့ အဝေရာ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ အိမ်သစ်ရာသစ် အမြန်ဆောက်ဖြစ်ကြပါစေ၊ ရောင်းပန်းဝယ်ပန်း ပွင့်လန်းကြပါစေ . . . ပွင့်လန်းကြပါစေ။

ကြည့်မြင့်တိုင် မကျည်းတန်းက တူမလေး မသိန်း၊ မောင်ထွန်းတို့မိသားစု အဝေရာ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ ကလေးတွေအားလုံး ချူချာနေကြတာလည်း အမြန်ရောဂါကင်းရှင်းကြပါစေ. . . ကင်းရှင်းကြပါစေ။

ရန်ကုန်မြို့ ရွှေတောင်တန်းက တူမလေး မချောနဲ့ မောင်ဝင်းမောင် မိသားစုတို့ အဝေရာ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ ရာထူးတိုးမြင့်ပါစေ၊ လင်မယားချင်းလည်း ရန်မဖြစ်ကြဘဲ အခါခပ်သိမ်း သင့်မြတ်ကြပါစေ. . . သင့်မြတ်ကြပါစေ"

ဤမျှ ဖော်ပြလျှင် ဒေါ်ဒေါင်း၏ မေတ္တာပို့ကို စာဖတ်သူများ သဘောပေါက်ကြပါပြီ။ သူ့ဆွေမျိုး တသီကြီးကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သူဖြစ်ချင်တာတွေကိုပါ ထည့်သွင်းရွတ်ဆိုပြီး ကြေးစည်လေးထုကာထုကာ အားရပါးရ ကျယ်ကျယ်လောင်လောင် ရွတ်ဆို၍ မေတ္တာပို့တတ်သည်။

ဒေါ်ဒေါင်း၏ မေတ္တာပို့ကား သူ့ဆွေမျိုးသားချင်းတို့အပေါ်၌သာ ထားရှိသော ဂေဟသိတပေမ မေတ္တာပို့သာဖြစ်၍ သူ ရလိုသော-

'ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မတွေ၊ သေသောအခါ၊ ဗြဟ္မာ့ရွာ၊ လားရာ မေတ္တာအကျိုး'

ဟူသော (၁၁)ပါးသောအကျိုးနှင့် ဝေးလှချေ၏။

ထို့ကြောင့် မေတ္တာပို့ကြသူတိုင်း မေတ္တာပို့ အံမချော်ရန် ရှေးရှေး ပညာရှိများက ဥပမာဥပမေယျတို့နှင့် သတိပေးခဲ့ကြခြင်း ဖြစ်လေသည်။

ကိုကြီးကောင်း

ရမည်းသင်းမြို့မှ ရွှေမုဋ္ဌောစေတီ

မျိုးမြင့်နွယ်(ရမည်းသင်း)

သာသနာပွင့်လင်း ရမည်းသင်းဟု ဆိုစကားနဲ့အညီ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်းမြို့သည် မြို့ပေါ်တွင်သာမက မြို့နယ်အတွင်းမှာပါ သာသနာ့အဆောက်အအုံ၊ ဘုရားစေတီ၊ သိမ်၊ ကျောင်းဂူ၊ ဇရပ်အစစသည် လက်ညှိုးထိုးမလွဲ တည်ရှိနေသော အရပ်ဆိုလျှင် မှားလိမ့်မည်မထင်ပါ။ ရှေးဘုရင်မင်းအဆက်ဆက်နှင့် မင်းမိဖုရား၊ မင်းညီမင်းသား မြို့စားမင်းသား၊ မြို့စားမင်းသမီးတို့ တည်ထားကိုးကွယ်ခဲ့သော စေတီဘုရားများ အထင်အရှားရှိနေသော ဒေသပင် ဖြစ်ပါသည်။

သူရဋ္ဌမဂ္ဂဇင်းတွင် ဖော်ပြခဲ့ရသော စာရေးသူ၏ဆောင်းပါးများတွင် နိုင်ငံတော်ဂေဇက်ဝင် 'ရွှေမြင်တင်တောင်တော်မြတ်' မြတ်စွာဘုရားဗျာဒိတ်တော်ရ 'အင်းဇင်းမုဋ္ဌော (ခေါ်) ရွှေဝက်တိုးစေတီ'၊ ဘိုးတော်မင်းတရားကြီးကိုယ်တော်တိုင် နေ့ချင်းပြီးတည်တော်မူခဲ့သည့် 'အင်ပင်ရွှေဂူစေတီ' အစရှိသည့် အကြောင်းအရာတို့ကို သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်တို့ ဖတ်ရှုခဲ့ကြမည်ဟုတွေးမိပါသည်။ မဂ္ဂဇင်းတွင်ပါရှိခဲ့သောဘုရား၊ စေတီ၊ ကျောင်းအစရှိသည်တို့သည် ရမည်းသင်းမြို့နယ်အတွင်းရှိ ဒေသများမှဘုရားစေတီအကြောင်းများသာ ဖြစ်ပါသည်။ ဘုရင်နှင့်အမတ်၊ မြို့စားတို့ကိုယ်တိုင် မြို့ပေါ်တွင်တည်ထားခဲ့သော တန်ခိုးကြီးဘုရားစေတီတို့ အကြောင်းမပါရှိသေးသည်ကို ဖြည့်စွက်လိုသည် တစ်ကြောင်း၊ ရမည်းသင်းမြို့ပေါ်ရှိ မိတ်ဆွေများနှင့် သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်တို့တွက်တာ ၎င်းရမည်းသင်းမြို့ပေါ်ရှိ 'သီရိဓမ္မာသောက' မင်းကြီးအားစိုက်ကောင်းမှုဖြင့် တည်ထားသည့် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးနှင့် စေတီ



ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး



ရွှေမုဋ္ဌောစေတီတော်နှင့်ထီးနီကျောက်ရေကန်



ရွှေမုဋ္ဌောစေတီတော်ကြီး၏တောင်ဘက်
သုံးထပ်တံခါးဟုခေါ်သော
မြေအောက်ဌာပနာတွင်းသို့ဆင်းရောက်နိုင်သည့်
သံတံခါးသုံးထပ်ရှိ လေးထောင့်အုတ်ခုံပြသာဒ်



ရွှေမုဋ္ဌောစေတီတော်ကြီးနှင့် အနီးမှဓာတ်ပေါင်းစုစေတီ

ရွှေမုဋ္ဌောကြေးသွန်းရုပ်ပွားတော်ကြီး၏ မျက်နှာတော်အားအနီးကပ်ဖူးတွေ့ရစဉ်

ဂန္ဓကုဋိအုတ်ကျောင်းတိုက်ကြီးအတွင်းမှ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး



အဝင်မုခ်ဦးနှင့်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး

တော်အာရုံခံတန်ဆောင်း ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသည့် 'မဟာမြတ်မုနိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး' အကြောင်းတို့ကို ရေးသားရန် စိန်ကူးဖြစ်ပေါ်မိပါသည်။

သာသနာနှစ် ၂၁၄ ခုနှစ်၊ ခရစ်နှစ် (BC-330) တွင် အိန္ဒိယနိုင်ငံ မောရိယမင်းဆက်အဖြစ် ရာဇဘိသေက မင်္ဂလာအခမ်းအနားဖြင့် နန်းတက်တော်မူခဲ့သော သီရိဓမ္မာသောက မင်းတရားကြီးသည် သာသနာနှစ် ၂၂၂ ခုနှစ်တွင် ဗုဒ္ဓဘာသာသာသနာတော်ကို သက်ဝင်ယုံကြည်သောမင်းတစ်ပါး ဖြစ်လာခဲ့ပါသည်။ ဗုဒ္ဓဘာသာကို ယုံကြည်မိလာသည့်အတွက် ဗုဒ္ဓဘာသာသာသနာပြန့်ပွားနိုင်ရေးကြိုးစားကာ ဗုဒ္ဓသာသနာပြုဘုရင်မင်းတစ်ပါးဖြစ်လာခဲ့ပါတယ်။

သီရိဓမ္မာသောက မင်းကြီး၏ ကောင်းမှုဖြင့် တည်ထားသော ရမည်းသင်းမြို့၊ ပျဉ်တပ်ရပ်ကွက် လေသာတိုက်အတွင်းရှိ ရွှေမုဋ္ဌောစေတီနှင့် ကြေးသွန်း ရုပ်ပွားတော်မြတ်ကြီးအား ဝတ်ပြုကန်တော့ရင်း ဆောင်းပါးအတွက်လိုအပ်သော အချက်အလက်များမှတ်သားရန်လည်းကောင်း၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနိုင်ရန်အတွက်လည်းကောင်း၊ လက်စွဲ တာ်စီးတော်ယာဉ်မော်တော်ဆိုင်ကယ်လေးနဲ့ ထွက်လာမိပါတယ်။ မင်းနန်းသူဘုရားလမ်းက စီးနင်းလာတာမို့ ရှေးမြို့စားမင်း လက်ထက်တွေထဲက တူးဖော်ခဲ့သော ကျုံးနံဘေးကိုဖြတ်လာမိပါတယ်။ မင်္ဂလာကျုံးရေပြင်အလယ်မှာ တည်ထားတဲ့ ရေလယ်ဘုရားနဲ့ လူကူးတံတားတို့ရဲ့ ပုံရိပ်ဟာ ရေပြင်မှာ နေရောင်ကြောင့် ပုံရိပ်ထင်နေပါတယ်။ လှပတဲ့ပန်းချီကားတစ်ချပ်ကို ရပ်ကြည့်နေရသလိုပါပဲ။ လမ်းရဲ့အရှေ့ဘက်မှာလည်း အောက်ကျုံးလို့ခေါ်တဲ့ ကျုံးရှိပြန်ပါသေးတယ်။ ဒီနေရာမှာတော့ကျုံးဟာ နှစ်ထပ်ပါ၊ ရှေးမြို့စားမင်းတို့ရဲ့မြို့၊ ရှာကာကွယ်ရေးအစီအမံတစ်ခု ဖြစ်ပါလိမ့်မည်။ အောက်ကျုံးမှာလည်း တံတားတစ်စင်းထိုးထားပါသေးတယ်။ နိဗ္ဗာန်ဆိပ်ဦးတံတားလို့ အမည်ရေးထိုးထားပါတယ်။ ရှေးအခါက မြို့တွင်းကို လေသာတိုက်ဝန်းအတွင်းမှ သံဃာတော်များ ဆွမ်းခံသွားလာရ အဆင်ပြေအောင်တည်ဆောက်ထားသည်ဟု ကြားခဲ့ဖူးပါသည်။ ရမည်းသင်းမြို့က ပျဉ်ခင်းတံတားတွေထဲမှာ ရှေးအကျဆုံးနဲ့ အရှည်ဆုံးတံတားတစ်စင်းပါပဲ။

ရှေ့ဆက်သွားမယ်ဆိုရင်တော့ ရမည်းသင်းမြို့ပေါ်မှာ ဉာဏ်တော်အမြင့်ဆုံးနဲ့ ထုထည်လုံးပတ်အကြီးဆုံး 'ရွှေမင်းဝံစေတီတော်' ကြီးနဲ့ မြန်မာနိုင်ငံတစ်ဝှမ်း နာမည်ကျော်စာသင်တိုက်ကြီးဖြစ်တဲ့ 'ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်' ကြီးတို့ကို ရောက်ပါမယ်။ စာသင်တိုက်ကြီးရဲ့မြောက်ဘက် အုတ်တံတိုင်းဘေးကလမ်းအတိုင်း အရှေ့ဘက်ချိုးကွေ့ဝင်လိုက်တဲ့အခါ ရွှေရောင်တဝင်းဝင်းနဲ့ ရွှေမုဋ္ဌောစေတီကို ဖူးမြင်ရပါပြီ၊ ရွှေမုဋ္ဌောဘုရားဘွဲ့မည်စာတန်းနဲ့ကုသိုလ်ရှင်အများကောင်းမှုဖြစ်သော မုခ်ဦးရှေ့မှာ ဆိုင်ကယ်ကိုဒေါက်ထောက်ရပ်ခဲ့ပြီး ဘုရားဝန်းထဲဝင်ခဲ့လိုက်ပါတယ်။

ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

ရွှေမုဋ္ဌောစေတီနှင့် ကပ်လျက်အရှေ့ဘက်ရင်ပြင် အာရုံခံတန်ဆောင်းအတွင်းရှိ ဂန္ဓကုဋိတိုက်အတွင်းဝယ် ဉာဏ်တော်အမြင့် (၉) တောင်နှင့် (၁) မိုက် (ရံ= ၅) ခန့်ရှိတဲ့ရုပ်ပွားတော်မြတ်ကြီးကိုဖူးတွေ့ရပါတယ်။ ရွှေစင်ရွှေသားစစ်စစ်ကပ်လှူပူဇော်ထားသဖြင့် အလွန်တင့်တယ်ကြည်ညိုစရာ 'မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး'ပါ။ သည်ရုပ်ပွား

တော်မြတ်ကြီးရဲ့ သမိုင်းကြောင်းက လည်း အလွန်စိတ်ဝင်စားကောင်းလှပါ သေးတယ်။ မူလ ရည်ရွယ်ချက်က ရမည်းသင်းမြို့အရှေ့ဘက် (၇) မိုင်ခန့် အကွာတွင်တည်ရှိသော၊ လူတစ်ရစ်နတ် တစ်ရပ်တည်သည့် တန်ခိုးကြီးစေတီရှိရာ သမိုင်းဝေဇက်ဝင် 'ရွှေမြင်တင်တောင် တော်မြတ်'၌ တည်ထားကိုးကွယ်ရန် အတွက် သွန်းလောင်းခဲ့သော ရုပ်ပွား တော်မြတ်ကြီးဖြစ်ပါတယ်။

ရမည်းသင်းမြို့သမိုင်းတွင် ကြေး သွန်းရုပ်ပွားတော် (၃) ဆူ သွန်းလောင်း ပူဇော်ခဲ့ပါတယ်။ ပထမဆုံးသွန်းလောင်း ခဲ့သည်က ဤရွှေမုဋ္ဌောစေတီမှ ကြေး သွန်းရုပ်ပွားတော်ကြီးပဲ ဖြစ်ပါတယ်။

ရွှေမုဋ္ဌောစေတီတော် အာရုံခံတန်ဆောင်းအတွင်း သီတင်းသုံးတော်မူသော မဟာမြတ်မုနိကြေးသွန်းရုပ်ပွားတော်မြတ်ကြီး



ရင်ပြင်တော်အရှေ့မြောက်ထောင့်အရပ်ရှိ အောင်ချမ်းသာစေတီတော်



ရင်ပြင်တော်အနောက်မြောက်ဘက်ရှိ အောင်သိဒ္ဓိစေတီတော်



နစ်ကျိုပ်ရှစ်ဆူစေတီ သို့မဟုတ် ဘိုးတော်အောင်မင်းခေါင်စေတီ

ရင်ပြင်တော်တောင်ဘက်ရှိ လာဘမုနိ အဂ်တေရုပ်ပွားတော်ကြီးသီတင်းသုံးတော်မူ နေသော ဆုတ်တိုက်ကျောင်းတော်ကြီး သက်တမ်း (၈၁) နှစ်ရှိ အဆောက်အဦး



ရင်ပြင်တော်တောင်ဘက်ရှိ
အုတ်တိုက်ကျောင်းဆောင်နှင့်ရပ်တော်မူ
သစ်သားပန်းပုရှေးဟောင်းရုပ်ပွားတော်



မြောက်ဘက်ရင်ပြင်တော်ပေါ်ရှိ
ယခုခေတ်လက်ရာဖြင့်ဖူးတွေ့ရသော
ရပ်တော်မူမြတ်စွာဘုရားကြီးဆင်းတုတော်



အောင်သိဒ္ဓိမြရတနာ၊ ရွှေဘုန်းပွင့်၊
အောင်ရတနာဝရှေးဟောင်းစေတီတော်များအား
ပြုပြင်အပြီးဖူးတွေ့ရစဉ်

ရင်ပြင်တော်အနောက်တောင်ထောင့်ရှိ
ဆုတောင်းပြည့်စေတီတော်

ရင်ပြင်တော်အရှေ့တောင်ထောင့်ရှိ
မင်္ဂလာအေး ငြိုးပယ်ပြေနှာမ်ပြေစေတီတော်

မှုလဓာတ်တော်တိုက်အတွင်း
သီတင်းသုံးတော်မူလျက်ရှိသည့်
နဂါးရုံမြတ်စွာဘုရား

မူလရည်ရွယ်ချက်အတိုင်း ရွှေမြင်တင်တောင်သို့ပင့်ဆောင်ရန် ဆင်ဖြင့်ဆွဲခဲ့ပြီး မြို့အရှေ့မြောက်ဘက် မြို့ပြင်တပ်စခန်းချထားနေရာတွင် ရုပ်ပွားတော်မြတ်ကြီး ခေတ္တရပ်နား အပူဇော်ခံပါတယ်။ ရွှေမုဋ္ဌောစေတီနှင့်လည်း နီးနီးနားနားမှာပဲဖြစ်တယ်။ မြို့စားမင်းနှင့်တကွ မြို့သူ၊ မြို့သားများလည်း လာရောက်ပူဇော်ကြပြီး ဆွမ်း၊ ရေချမ်းကပ်လှူလို့ ဆီမီး၊ ပန်း၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကြည်ညိုကြပါတယ်။

ပင့်ဆောင်ချိန်ကျရောက်တဲ့အခါ မူလရည်ရွယ်ထားတဲ့အတိုင်း ရုပ်ပွားတော်မြတ်ကြီးကို ရွှေမြင်တင်တောင်တော်ရှိရာသို့ ဆင်လိမ္မာနဲ့ ဆွဲယူပင့်ဆောင်ခဲ့ကြပါသတဲ့။ ရမည်းသင်းမြို့ရဲ့အရှေ့မြောက်ယွန်းယွန်း (၄) ဖာလုံလောက်မှာ ကြေးနီကန်မှ ရေဝေမြောင်းတစ်ခုရှိပါတယ်။ ငွေထုပ်ကျချောင်းဟုခေါ်တွင်ပြီး ထိုချောင်းကို ရွှေမြင်တင်တောင်တော်သို့ သွားသောလမ်းကဖြတ်သန်းဖောက်လုပ်ထားပါတယ်။ ထိုချောင်းအနီးသို့ပင့်ဆောင်လာတဲ့ ရုပ်ပွားတော်ရောက်လာတဲ့အခါ ဆွဲလာတဲ့ဆင်ဟာ မရုန်းနိုင်တော့ပါဘူးတဲ့၊ ဆင်အားအပြင် လူအင်အားပါ ဝင်ရောက်ဆွဲယူပင့်ဆောင်ပါသော်လည်း ဆက်၍ပင့်ဆောင်မရ ဖြစ်နေခဲ့ရပါတယ်။ နောက်ထပ် ဆင်ကောင်ရေတိုးပြီး လူအင်အားနဲ့ပါဆွဲယူပါသော်လည်း လုံးဝပင့်ဆောင်မရဖြစ်ခဲ့ရပါသတဲ့။

ရဟန်းသံဃာတော်များနဲ့ လူကြီးပိုင်းမှ သည်လိုဖြစ်တာ ရုပ်ပွားတော်မြတ်ကြီးအနေဖြင့် ဆက်လက်ကြွချီလိုဟန်မတူ၊ မြို့ကိုပြန်လည်ပင့်ဆောင်ပြီး ရွှေမုဋ္ဌောစေတီ၌ အပူဇော်ခံသီတင်းသုံးကိန်းဝပ်စေတော်မူလျှင် သင့်တော်မည်ဟုဆုံးဖြတ်ပြီး ရုပ်ပွားတော်မြတ်ကြီးကို ရမည်းသင်းမြို့ ရွှေမုဋ္ဌောစေတီရှိရာသို့ ပြန်လည်ပင့်ဆောင်ချိန်မှာ အံ့ဩစရာကောင်းတာက ဆင်နှင့်ပင်ဆွဲစရာမလိုတော့ဘဲ နွားတစ်ရှဉ်းဖြင့်ပင် ပေါ့ပေါ့ပါးပါးဆွဲယူပင့်ဆောင်လို့ရခဲ့ပါသတဲ့။

ရွှေမုဋ္ဌောစေတီ

'မဟာမြတ်မုနိကြေးသွန်းရုပ်ပွားတော်မြတ်ကြီး' သီတင်းသုံးတော်မူရာ ရမည်းသင်းမြို့၊ ပျဉ်တပ်ရပ်ကွက်လေသာတိုက်အတွင်းရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသည် ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ကိုယ်တော်မြတ်ကြီး၏ ဓာတ်တော်အစစ်များ၊ ရဟန္တာဓာတ်တော်များ ဌာပနာ ထည့်သွင်းပူဇော်ထားသော ဓာတုစေတီတော်မြတ်ဖြစ်ပါသည်။

စေတီတော်၏သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီးသောအခါ ကြွင်းကျန်ရစ်သော ဓာတ်တော်၊ မွေတော်တို့ကို (၇) ပြည်ထောင်မင်းတို့က အညီအမျှခွဲဝေယူ၍ ပင့်ဆောင်ပူဇော်ထားကြပါ



ရင်ပြင်တော်မြောက်ဘက်ရှိ ကြေးပြသာဒ်နှင့်သီတင်းသုံးနေသည့်
ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်တုပုံတော်

ရှေးဟောင်းခေါင်းလောင်း



မင်္ဂလာကျုံးနှင့်ရေလယ်စေတီတော်



ဘုရားကြီးအာရုံခံတန်ဆောင်းအတွင်းရှိ သူအို
သူနာ သူသေ ရဟန်းနိမိတ်ကြီးလေးပါး
ရှေးဟောင်းသစ်သားယန္တရုပ်တုများ

သိကြား နတ်၊ ဗြဟ္မာများနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ပူဇော်ဟန်ပြုနေသော
ဗောဓိညောင်ပင်ကြီးရှိရာ ရင်ပြင်တော်အရှေ့ဘက်အဆောင်

တယ်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အချိန်ခါက (၄၅) ဝါကာလပတ်လုံးဟောပြောပြသခဲ့တဲ့ တရားတော်တွေကို အပိုအလိုမရှိဖြစ်စေရန် ထေရဝါဒသံဃာတော်များစုစည်း၍ သင်္ဂါယနာတင်ပွဲကို ကျင်းပခဲ့ပါတယ်။ ထိုပထမသင်္ဂါယနာတင်ပြီးစချိန်မှာပင် နောင်အချိန်ကာလတို့၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ဓာတ်တော်တို့မှာ မိစ္ဆာဝါဒီတိတ္ထိတို့၏ဘေးအန္တရာယ်ကြောင့် ဇကန်ပျက်စီးနိုင်သည်ကို အရှင်မဟာကဿပ မထေရ်မြတ်ကြီးမှ ကြိုမြင်တော်မူပါသတဲ့။ ဒါကြောင့်ပင်လျှင် အဇာတသတ်မင်း



ဝေသန္တရာမင်းဇာတ်တော်ရုပ်စုံပြတိုက်

ရှင်သီဝလိပုံတော်



မေ့မကြွတရားဦးဟောတော်မူပုံ ရုပ်တုတော်များ



ဓာတ်ပေါင်းစုစေတီတော်နှင့်ကမ္ဘာလုံးကပ်ကျော်စေတီ

ရွှေသာလျောင်းရုပ်ပွားတော်ကြီးသီတင်းသုံးတော်မူရာ ရင်ပြင်တော်မြောက်ဘက်တွင်ရှိသော အုတ်တိုက်ကျောင်းတော်ကြီး

သိကြား၊ နတ်၊ ဗြဟ္မာများနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ပူဇော်ဟန်ပြုနေသော ဇောတိညောင်ပင်ကြီးရှိရာရင်ပြင်တော်အရှေ့ဘက်အဆောင်

(ကောလိယမင်း)မှလွဲ၍ အခြားသော (၆) ပြည်ထောင်မင်းတို့ ဝေစုရပြီး ကိုးကွယ်ထားသော၊ ဗုဒ္ဓဓာတ်တော်တို့ကို မူလနေရာမှာသင့်တော်ရုံမျှသာ ချန်ထားခဲ့ပြီး တန်ခိုးတော်ဖြင့် ပင့်ဆောင်ဆောင်ယူခဲ့ပါသတဲ့။

အရှင်မဟာကဿပ မထေရ်မြတ်နှင့်အဇာတသတ်မင်းတို့ ဆရာဒကာတိုင်ပင်ပြီး ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်အရပ် ကျောက်ဆောင်၊ ကျောက်ခဲကျောက်ဖျာများ ပေါများသောအရပ်တွင် ဓာတုစေတီတော်တည်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။ အရှင်မဟာကဿပမထေရ်၏အမိန့်ဌာန်ပြုမှုကြောင့် စေတီတော်တည်မည့်နေရာ ပတ်ဝန်းကျင်ရှိကျောက်ဖျာကျောက်ခဲတို့သည် ကွယ်ပျောက်ကုန်သည်ဟုဆိုပါသည်။ စေတီတော်တည်မည့်နေရာ သန့်ရှင်းတော်မူလေလျှင် အဇာတသတ်မင်းဝေစုရ ဓာတ်တော်စုအပါအဝင် ခုနစ်စုသောဓာတ်တော်များတို့ကို ဌာပနာ၍ 'ဓာတုနိဓာနစေတီတော်ကြီး' ကိုလျှို့ဝှက်စွာ တည်ထားတော်မူခဲ့ကြတယ်လို့ဆိုပါတယ်။

လကြွတ်ချိန်ကိုစံတော်ချိန်ထား၍

ဘုရင်မင်းအဆက်ဆက်ပြောင်းလာသည့်အလျောက် သာသနာနှစ် ၂၁၄ ခုနစ်တွင် နန်းတက်လာခဲ့ သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး သာသနာကိုပြန့်ပွားအောင် ဆောင်ရွက်တော်မူတဲ့ ဗုဒ္ဓသာသနာပြုမင်းတစ်ပါးဖြစ်လာပါသည်။ ထိုအချိန်ခါက အိန္ဒိယနိုင်ငံ မောရိယမင်းဆက်နှင့် မြန်မာနိုင်ငံသရေခေတ္တရာ (ပျူ) မင်းတို့ဟာ ရာဇမဟာမိတ်များဖြစ်ကြပါတယ်။ တစ်ပြည်ထောင်နှင့် တစ်ပြည်ထောင်ချစ်ကြည်ရင်းနှီးစွာအဆက်အသွယ်ရှိကြပါသတဲ့။

ဗုဒ္ဓဘာသာကို ယုံကြည်ရင်းစွဲရှိနေတဲ့၊ သာသနာပြုမင်းတစ်ပါးဖြစ်သော သီရိဓမ္မာသောကမင်းကြီးဟာ မြတ်စွာဘုရားရှင်၏ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကိုရည်စူးပြီး သာသနာပြုလိုစိတ်ဖြစ်ပေါ်နေသည်ကို အကောင်အထည်ဖော်လိုစိတ် ဖြစ်ပေါ်ပါတယ်။ မိမိနိုင်ငံနှင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့တိုင်သာသနာပျံ့နှံ့လိုသော သီရိဓမ္မာအသောကမင်းကြီးအနေဖြင့် အကောင်အထည်ဖော်သာသနာပြုလိုစိတ်နဲ့အတူအဇာတသတ်မင်းလက်ထက်က ရာဇဂြိုဟ်ပြည် အရှေ့ပြည်အရှေ့ဘက်တည်

ထားခဲ့သော 'ဓာတုနိဓာန်စေတီတော်ကြီး'မှ ဌာပနာတိုက်တော်အား သာသနာနှစ် ၂၂၄ ခုနှစ်တွင် ဖွင့်လှစ်တော်မူ၍ ဓာတ်တော်များကို (ကိုးကွယ်ရန်မျှ လောက်သာချန်ထားခဲ့ပြီး) ပင့်ဆောင်ခဲ့ပါတယ်။

ဇမ္ဗူဒိတ်ကျွန်း (အိန္ဒိယနိုင်ငံအပါအဝင်) အနှံ့ စေတီပေါင်းရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်းရှစ်သောင်းလေးထောင်တည်စေ၊ ဖော်စေ၊ တူးစေတော်မူပါတယ်။ ဓမ္မာခန္ဓာပေါင်းရှစ်သောင်းလေးထောင်ကို အာရုံပြု၍တည်ထားစေသည့်စေတီတိုင်းတွင် ပင့်ဆောင်ထားခဲ့သောဓာတ်တော်တို့ကို (လက်ဝယ်သပိတ်တစ်လုံးစာမျှ ချန်ထားပြီး) ဌာပနာသွင်းစေတော်မူပါတယ်။ ထိုကဲ့သို့ နေရာအနှံ့တည်ထားသောစေတီပေါင်း ရှစ်သောင်းလေးထောင်တွင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဓာတ်တော်များအား ဌာပနာသွင်းစေချင်ပါတယ်။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဌာပနာထည့်သွင်းနိုင်ရန်အတွက် နေရာဌာနအသီးသီးမှ မြင်နိုင်တွေ့နိုင်သော လကြတ်ချိန်ကို ရွေးချယ်သတ်မှတ်လို့ ဓာတ်တော်များအား ဌာပနာသွင်းလှူပူဇော်စေခဲ့ပါသတဲ့။ လက်ဝယ်ချန်ထားခဲ့သော သပိတ်တစ်လုံးစာဓာတ်တော်များကိုလည်း နောင်တစ်ချိန်တွင် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) သို့ပင့်ဆောင်၍ စေတီများ တည်ကာ ကိုးကွယ်တော်မူစေပါတယ်။

ရွှေမုဋ္ဌောစေတီများနှင့် မြန်မာနိုင်ငံ

အိန္ဒိယနိုင်ငံ မောရိယမင်းဆက်သီရိဓမ္မာသောကမင်းကြီးနှင့်ခေတ်ပြိုင်မြန်မာနိုင်ငံမှ 'ပျူ' မင်းဆက် ရန်ပေါင်မင်း(ဒွတ္တဘောင်မင်းကြီး၏ မြေးတော်ဖြစ်ပါသည်) တို့သည် သံတမာန်အဆက်အသွယ်ရှိသော မဟာမိတ်မင်းတို့ဖြစ်သည်နှင့်အညီ၊ သီရိဓမ္မာသောကမင်းကြီးမှ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များကို မြန်မာနိုင်ငံပျူဘုရင်မင်းများထံသို့ ကုသိုလ်ဆက်လက်ဆောင်အဖြစ် ပို့ဆောင်ပေးပြီး ကိုးကွယ်ပူဇော်စေပါတယ်။

ထိုသို့လက်ဆောင်ပဏ္ဏာရရှိသောဓာတ်တော်များကို မြန်မာနိုင်ငံအနှံ့စေတီတော်များတည်ထားစေပြီး ဌာပနာသွင်းလှူပူဇော်ခဲ့ကြပါသည်။ သီရိဓမ္မာသောကမင်းကြီး ပို့ဆောင်လှူဒါန်းခဲ့သော

ဓေါင့်ညောင်းကန်တောင်ဘက်ကန်ပေါင်ပေါ်မှ ဒီပင်္ကရာမြတ်စွာဘုရားနှင့်ရဟန္တာများ သုမေဓာရသေ့ဖျာဗိတ်ခံယူတော်မူပုံ ရုပ်လုံးကြွရုပ်တုများ

နဂါးရုံဘုရားသီတင်းသုံးတော်မူလျက်ရှိသော မူလဓာတ်တော်တိုက်ဒုတ်ကျောင်းတိုက်ကြီး

ရင်ပြင်တော်အနောက်ဘက်ခြမ်းရှိဘုရားဖူးများအတွက် ဆောက်လုပ်ပေးထားသော အမိုးနှင့်စင်္ကြံလျှောက်လမ်း

ဓာတ်တော်များကို ဌာပနာသွင်းလှူ ပူဇော်ထားသော စေတီတော်များ၏ ဘွဲ့မည်တော်ကိုလည်း 'ရွှေမုဋ္ဌော'စေတီ များဟုဘွဲ့အမည်သမုတ်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ရမည်း သင်းခရိုင်၊ ရမည်းသင်းမြို့၊ ပျဉ်တပ်ရပ် ကွက်အတွင်းရှိ ရွှေမုဋ္ဌောစေတီတော် မြတ်ကြီးသည်လည်း သီရိဓမ္မာသောက မင်းကြီးပေးပို့လှူဒါန်းခဲ့သော ဗုဒ္ဓမြတ် စွာဘုရားရှင်၏ ဓာတ်တော်အစစ်များ၊ ရဟန္တာဓာတ်တော်များ ဌာပနာသွင်းလှူ ပူဇော်ကြသည့်စေတီတော်များအနက် ရွှေမုဋ္ဌောစေတီမြတ်တစ်ဆူဖြစ်ပါသည်။ ခိုင်လုံသော အထောက်အထားအနေ ဖြင့်-

မြန်မာနှစ် (၁၂၇၆-၁၂၇၇) ခုနှစ်ခန့်က မြန်မာနိုင်ငံတွင် ကြီးစွာ သော လျှင်ကြီးတစ်ကြိမ် လှုပ်ခတ်ခဲ့ ပါသည်။ ထိုငလျင်ဒဏ်ကြောင့် နိုင်ငံ အနှံ့မှအဆောက်အအုံများ၊ စေတီပုထိုး များပြိုကျပျက်စီးခဲ့ကြပါသည်။ ထိုသို့ ငလျင်၏ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရ သော စေတီများစွာထဲတွင် ရမည်းသင်း မြို့မှ ရွှေမုဋ္ဌောစေတီလည်းပါဝင်ခဲ့ပါ သည်။ ပြိုကျပျက်စီးခဲ့ရသော စေတီ အုတ်ပုံပျက်အား 'ရှင်းလင်းသန့်ရှင်းရာ တွင် ဌာပနာတိုက်အတွင်းမှ ကြေးပြား ပုရပိုက်တွင် ရွှေစာလုံးဖြင့် 'ကောဇာ သက္ကရာဇ် ၁၀၁ ခုနှစ်တွင် ဝဇီရဗုဒ္ဓိ လင်္ကာရသုဘောဂ ဆရာတပည့်တို့ ကောင်းမှု' ဟု ရေးထိုးထားသည့် ကြေး ပုရပိုက်တစ်ချပ်ကိုတွေ့ရှိရပါသည်။ ထို တွေ့ရှိရသည့် ပုရပိုက်၏ခုနှစ်အရဆို လျှင် မြန်မာနိုင်ငံ၌ ပျူမင်းတို့အောင်း စားချိန် ဒွတ္တဘောင်မင်းဆက်တို့အုပ်စိုး ချိန်ဖြစ်နေပါသည်။ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသော စေတီနေရာတွင် မြို့သူမြို့သား၊ နယ်သူနယ်သားကုသိုလ် ရှင်အများတို့၏ အလှူငွေထည့်ဝင်မှုများ နှင့် ၁၂၉၅ ခုနှစ်တွင်၊ လေသာတိုက်သိမ် ဦးဆရာတော်ကြီး ဦးကဝိန္ဒဦးစီးလျက် စေတီတော်အဟောင်းအားငုံ၍ ထပ်မံပြု ပြင်မွမ်းမံတည်ဆောက်ခဲ့ပါ သည်။

ရွှေမုဋ္ဌော စေတီတည်ထားပြီး ၉၀၃ နှစ်အကြာ၊ မြန်မာနှစ် ၂၀၀၄ ခုနှစ်၊ နယုန်လပြည့်နေ့ ညဦးပိုင်းအချိန် တွင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးမှ ရောင်ခြည်တော်လွှတ်၍ ကွန့်မြူးတော် မူပါသည်။ ထိုသို့ရောင်ခြည်တော်ကွန့် မြူးကြောင်းသတင်းကို အင်းဝဘုရင်သာ လွန်မင်းတရားကြီး ကြားတော်မူသည့် အခါ လွန်စွာကြည်ညိုစိတ်ဖြစ်ပေါ်ပြီး ထိုအချိန်က ရမည်းသင်းမြို့စားမင်းဖြစ် သောမင်းရဲကျော်ထင်ကို စေလွှတ်၍ စေတီတော် တည်တံ့မွမ်းမံခြင်းတို့ကို ဆောင်ရွက်ခိုင်းတော်မူခဲ့ပါသည်။ မြို့စား မင်းရဲကျော်ထင်မှလည်း စေတီတော်ကို ဘက်စုံမွမ်းမံပြုပြင်၍ ရွှေထီးတော် အသစ် ထပ်မံတင် လှူပူဇော်ခဲ့ပါသည်။ ထိုအပြင် မဟာရံတံတိုင်းကြီးကိုလည်း အသစ်ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီး၏ ကန ဦး ဗုဒ္ဓဓာတ်တော်များလှူဒါန်းခဲ့သည်မှ အစပြု၍ မြန်မာနိုင်ငံတစ်နံတစ်လျား ရွှေမုဋ္ဌောစေတီများ တည်ထားခဲ့ကြရာ ဓာတ်တော်စစ်စစ်များ ဌာပနာသွင်းလှူ ပူဇော်ထားခြင်းကြောင့်ထင့် ရွှေမြင်တင် တောင်တော်မြတ်တွင် အပူဇော်ခံထား ရှိရန် ရည်ရွယ်သွန်းလုပ်ခဲ့သော မဟာ မြတ်မုနိရုပ်ပွားတော်ပုံစံတူ ကြေးသွန်း ရုပ်ပွားတော်မြတ်ကြီးသည်လည်း ရွှေမြင် တင်တောင်တော်မြတ်သို့ ပင့်ဆောင်၍ မရခဲ့ဘဲ၊ ရွှေမုဋ္ဌောစေတီတော်မြတ်၏ ဂန္ဓကုဋီတိုက်အတွင်းဝယ် သီတင်းသုံး စံပျော်နေသည်မှာ ဗုဒ္ဓမြတ်စွာဘုရား ရှင်၏ဓာတ်တော်ရှင်ငွေ့ခိုလှုံနေသည် ကဲ့သို့ပင်မှတ်ယူရပါတော့မည်။

ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး နှင့်သီတင်းသုံးတော်မူရာ ရွှေမုဋ္ဌော စေတီတို့သည် ရမည်းသင်းမြို့၏ အရှေ့ မြောက်အရပ် ပျဉ်တပ်ရပ်ကွက်အတွင်း အရှေ့ဘက်အစွန်ဆုံးတွင် တည်ရှိပါ သည်။ တောင်ဘက်တွင်ဘုန်းတော်ကြီး ကျောင်းများစေတီပုထိုးများ၊ အနောက် ဘက်နှင့်မြောက်ဘက်တို့တွင် လူနေ အိမ်များတည်ရှိပြီး အရှေ့ဘက်တွင် လယ်ကွင်းများ တစ်မျှော်တစ်ခေါ်နဲ့ ရှမ်းရိုးမတောင်တန်းကြီးနောက်ခံ ရွှေ မြင်တင် တောင်တော်မြတ်ကိုလည်း လှမ်းမြင်နေရပါတယ်။ ကြေးသွန်း ရုပ် ပွားတော်မြတ်ကြီးဟာ အရှေ့ဘက်ကို မျက်နှာတော်မူနေသည့်အတွက် ရွှေမြင် တင်တောင်တော်မြတ်နှင့် မျက်နှာချင်း ဆိုင်အနေအထားမှာ သီတင်းသုံးတော်မူ နေခြင်းဖြစ်ပါတယ်။ စေတီတော်မြတ်မှ ဆည်းလည်းသံ လွင်လွင်လေးတွေ လေအဝှေ့မှာလှုပ်ခတ်သံနှင့် လယ်ကွင်း ပြင်တစ်မျှော်တစ်ခေါ်နဲ့ ရှမ်းရိုးမတောင် တန်းကြီးကို လှမ်းမျှော်ကြည့်လိုက်ရင် လွမ်းမောစရာမြင်ကွင်း တစ်ခုလိုခံစားရ ပြန်ပါတယ်။

ဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော် များ

ရွှေမုဋ္ဌောစေတီတော်ကြီးကို ရှေး ဘုရင်အဆက်ဆက် ပြုပြင်မွမ်းမံတည် ထားခဲ့ကြရာတွင် မြန်မာနှစ် ၄၀၁ ခုနှစ် ၌အနော်ရထာမင်းကြီးကမွမ်းမံပြုပြင်၍ မြန်မာနှစ် ၄၂၆ ခုနှစ်တွင် ကျန်စစ်သား မင်းမှလည်းကောင်း၊ မြန်မာနှစ် ၄၅၇ ခုနှစ်တွင် (ကျန်စစ်သားမင်း၏မြေး တော်) ဓမ္မဒီပအမည်လည်းရှိသည့် ဆင် ဖြူစကြာရှင် အလောင်းစည်သူမင်း ကြီးကလည်းကောင်း၊ မြန်မာနှစ် ၇၈၈ ခုနှစ်တွင် အင်းဝဘုရင် မိုးညှင်းမင်း တရားကြီးမှ စတုတ္ထမြောက်အဖြစ် လည်းကောင်းပြုပြင်မွမ်းမံခဲ့ကြပါသည်။

ဤသို့ အကြိမ်ကြိမ်ပြုပြင်မွမ်းမံခဲ့ သော စေတီတော်မြတ်ကြီးတွင် တစ်ခါ ကတော့ ငှက်ပျောဖူးနေရာတွင် ညောင် ပင်တစ်ပင်ပေါက်လာခဲ့ပါသည်။ 'ဘုရား ပျက် ညောင်ဖျက်' ဆိုသကဲ့သို့ ဘုရား စေတီတို့တွင် ညောင်ပင်ကပ်ရပ်ပေါက် ရောက်လာပြီဆိုလျှင် ထိုဘုရားစေတီတို့ ပျက်စီးခြင်းအခြေအနေသို့ ရောက်ရှိ သွားရတတ်ပါသည်။ ထိုကဲ့သို့ ရွှေမုဋ္ဌော စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးနေ ရာတွင် ညောင်ပင်ပေါက်လာခြင်းကို 'ဆဋ္ဌသင်္ဂါယနာတင်ဩဝါဒစရိယ သာ သနာပြုဆရာတော် လေသာတိုက် ကျောင်းထိုင်ဆရာတော်များအဖွဲ့ မဟာ နာယက သိမ်ဦးဆရာတော်ဘုရားကြီး ဦးကဝိန္ဒက စေတီတော်ကြီးအား ရိုသေ စွာဖြင့် အကြိမ်ကြိမ်ဦးတိုက်ကန်တော့ပြီး စေတီတော်စောင့်နတ်နှင့် ဆိုင်ရာပိုင်ရာ သာသနာတော်စောင့်နတ်မင်းများအား မေတ္တာပို့၍ စေတီတော်မှ ညောင်ပင် အားသုတ်သင်တော်မူပါသတဲ့။ ငှက် ပျောဖူးမှစ၍ ညောင်မြစ်ကိုတူးဖော်ရ သည်မှာ ပစ္စယံသုံးဆင့်ရောက်မှ ညောင် မြစ်ဆုံးပါသတဲ့။

ပထမဆုံး စတင်တူးဖော်သော ငှက်ပျောဖူးအတွင်း ဌာပနာမှ မြတ်စွာ ဘုရားရှင်၏ ရေလျှံတန်ခိုးတော်များ ထွက်ပြနေတော်မူသော ဓာတ်တော် ပုလင်းကိုရရှိခဲ့ကြပါတယ်။

ဒုတိယအနေဖြင့် စေတီတော်ကြီး ၏သပိတ်မှောက် ဌာပနာအတွင်းမှ အရွယ်အားဖြင့် တစ်မိုက်လောက်ရှိ သော သံကြုတ်၊ ကြေးကြုတ်၊ ငွေကြုတ် အသီးသီးတို့၌ထည့်၍ ပူဇော်ထားသော ဘုရားရှင်ဓာတ်တော်နှင့် ရဟန္တာဓာတ်

တော်မျိုးစုံတို့ကို တွေ့ရှိရပြန်ပါသည်။ ၎င်း သံ၊ ကြေး ငွေကြုတ်များအတွင်းမှ ဓာတ်တော်တို့ကို နံ့သာရေများဖြင့် အကြိမ်ကြိမ်အခါခါ ဆေးကြောပြီး၍ ကြုတ်များအတွင်း ထည့်သွင်းပူဇော်ချိန်တွင် ဓာတ်တော်များမှ ရေအလျှံ၊ မီးအလျှံ၊ မီးခိုးငွေ့အလျှံများ ထွက်ပေါ်၍ တန်ခိုးတော်များကွန့်မြူးပြသည်ဟု ဆိုပါတယ်။

စေတီတော်ကြီး၏သပိတ်မှောက်ရှိ အတွင်းဌာပနာတော်တိုက်အတွင်းမှ တတိယအကြိမ် ဓာတ်တော်များထပ်မံတွေ့ရှိရပြန်ပါတယ်။ အကျယ်ဖြက်နှစ်တောင်ခန့်ရှိသော မနောလင်ပန်းကြီးတစ်ချပ်ပေါ်တွင် တစ်ပေအမြင့်ခန့်ရှိ သီရိမ္ဗာသောကမင်းကြီး၏ ကြေးရုပ်တုတစ်ခုနှင့် မိဖုရား အသမိတ္တကြေးရုပ်တုတို့တွေ့ရှိရပါသတဲ့။ မိဖုရား၏ဝတ်စားဆင်ယင်ထားပုံမှာ အိန္ဒိယနွယ်ဖွားတို့ဝတ်ဆင်ပုံနှင့်တူပါတယ်တဲ့။ သီရိဓမ္မာသောကမင်းကြီးရုပ်တု၏ဦးခေါင်းတော်ရှိ ဉသျှောင်စိန်ဖူးတော်အား ချွတ်ကြည့်ရာမှမြတ်လေးငုံပန်း အဆင်းအရောင်ရှိသောရဟန္တာများ၏ ဓာတ်တော်များကိုတွေ့ရှိရပြန်ပါတယ်တဲ့၊ ထိုဓာတ်တော်များမှာ နှီဆီဘူးနှစ်လုံးခန့်မျှရှိသည်ဟုဆိုပါတယ်။ ထိုဓာတ်တော်များကိုလည်း နံ့သာရေများဖြင့်ဆေးကြောပြီး ကြုတ်များအတွင်း ထည့်သွင်းပူဇော်ခိုက်မှာ မြတ်လေးငုံပန်း အဆင်းအရောင်များ ထွက်ပေါ်လျက် ၊ ရေမီးအစုံအလျှံလျှံထွက်ပေါ်ပြီး လေထဲသို့ကြွ၍ တန်ခိုးတော်ပြတော်မူပါသတဲ့။ ဓာတ်တော်များမှာ လေထဲတွင် ဘုရားပုံသဏ္ဌာန်၊ ရှင်သီဝလိရဟန္တာပုံသဏ္ဌာန်၊ တံခွန်တိုင်ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်ပြပါသတဲ့။ ထိုကဲ့သို့ မြတ်လေးငုံပန်း အဆင်းရှိတဲ့ ဓာတ်တော်များနှင့်အတူတူ တွေ့ရှိရသော 'ဒက္ခိသာခါ' ရုပ်ပွားတော်အဆူ (၃၀)ကျော်လည်း ရှိပါသေးတယ်။ ဒက္ခိဏသာခါ ရုပ်ပွားတော်များ၏ အဆင်းအရောင်မှာလည်း မြတ်လေးငုံပန်းအဆင်းအရောင်ပဲ ဖြစ်ပါတယ်။ ဗောဓိညောင်ပင်သားကို ထုဆစ်ထားသောကြောင့် ဆွေးမြေ့နေသည်ဟုဆိုပါတယ်။

ရွှေကြုတ်၊ ငွေကြုတ်၊ သံကြုတ်၊ ကြေးကြုတ်၊ ရွှေစလွယ်၊ ငွေစလွယ်တို့၌ ထည့်ထားသော ဓာတ်တော်များစွာတို့မှာဘုရားရှင်၏အသွေးတော်မှဖြစ်သော ဓာတ်တော်၊ အသားတော်မှဖြစ်သော ဓာတ်တော်၊ အရိုးတော်မှဖြစ်သောဓာတ်တော်၊ အရေတော်မှဖြစ်သော ဓာတ်တော်တို့ ဖြစ်ကြပါတယ်။ အရွယ်စုံ၊ အရောင်စုံ၊ ဓာတ်တော်များတွင် အဖြူရောင်၊ အနက်ရောင်၊ အဝါရောင်၊ အဆင်းရှိတဲ့ဓာတ်တော်များမှာ မုံညင်းစေ့အရွယ်ရှိကြပါတယ်။ ဆန်ကျိုးခန့်အရွယ်ရှိသော ဓာတ်တော်များကတော့ အဝါရောင်၊ ပုလဲရောင်၊ အနီရောင်၊ စိန်ရောင်တို့ဖြင့် ဖူးတွေ့ရပါတယ်။ ရွှေရောင်၊ ပုလဲရောင်၊ အနီရောင်၊ အနက်ရောင်ရှိသော ဓာတ်တော်တို့မှာပဲ နောက်ခြမ်းအရွယ်ရှိပါသည်တဲ့။ ထိုထို ဓာတ်တော်များထဲမှ ဖန်ခွက်၊ ဖန်ဘူး၊ ပယင်းခွက်၊ ပယင်းဘူး၊ ပယင်းနားတောင်းတို့၌တွေ့ရသော ဓာတ်တော်တို့မှာတစ်ခြမ်းဖြူ၊ တစ်ခြမ်းနီ၊ တစ်ခြမ်းဝါ၊ တစ်ခြမ်းနက်စသဖြင့် ဓာတ်တော်များမှာအရောင်အသွေးစုံလင်စွာဖြင့် တွေ့မြင်ဖူးတွေ့ရပါသတဲ့။

ရှင်သီဝလိရဟန္တာဓာတ်တော်များဆိုလျှင်၊ ဆီးစေ့အရွယ်ခန့်ရှိပြီး ဓာတ်တော် အဆူ (၂၀) ကျော်လောက်တွေ့ရှိရပါသည်။ မုံညင်းစေ့အရွယ်လောက်ရှိသော ဓာတ်တော်များပူးတွဲနေလျှင် ဒိုးလုံးသဏ္ဌာန်ဓာတ်တော်လုံးကြီး ဖြစ်နေပြီး ဓာတ်တော်များမှာ ထောင်သောင်းချီပါဝင်နေသည်ကို တွေ့ရှိရပါသတဲ့။ ဘုရားရှင်ဓာတ်တော်အဆူရေ တစ်သောင်းကျော်ခန့်ရှိပြီး ရဟန္တာဓာတ်တော်များမှာ အချိန်အတွယ် တစ်ပြည်ခန့်လောက်ရှိသည်ဟုဆိုပါသည်။ ၎င်းဓာတ်တော်များကို ပန်း၊ ရေချမ်း၊ ဆီမီးအမျိုးစုံစွာဖြင့် တစ်နာရီခန့် ဂုဏ်တော်များဖြင့် ရွတ်ဆိုပွားများပူဇော်ပါက တန်ခိုးမျိုးစုံကြွပြသည်ဟု ရွှေမှုဋ္ဌောစေတီတော်သမိုင်းစာပေများတွင် ဆိုထားပါတယ်။

ဓာတ်တော်များအပြင် ဌာပနာတိုက်အတွင်းမှ (၄) လက်မအရွယ် ပယင်းနားတောင်းစေတီတော် တစ်ဆူ၊ (၂)လက်မပယင်းနားတောင်းစေတီတစ်ဆူ၊ ထိုစေတီနှစ်ဆူမှာ အောက်ခံပန်းတင်ခုံအား ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားသည်ကိုတွေ့ရှိရပါတယ်တဲ့။ ထို့အပြင် ရွှေမုဋ္ဌောစေတီတော်ကြီး၏ အထက်သပိတ်မှောက်မှစ၍ ဖောင်းရစ်တိုင်အောင် စေတီတော်ကြီး၏အတွင်းပိုင်းတွင် ရွှေသားစစ်စစ်ဖြင့်ပြုလုပ်၍ ပတ္တမြားစိန်ဖူးတပ်ထားသော (၉)လက်မခန့်ရှိ ရွှေစေတီနှစ်ဆူနှင့် ဒွိလောကတြိလောဟရုပ်ပွားတော် ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတု၊ ကျောက်ဆင်းတု၊ သံဆင်းတု၊ ပယင်းစိန်တု၊ စိန်၊ ပတ္တမြားနှင့် ကျောက်မျိုးစုံတို့ကိုလည်း တွေ့ရှိရသည်ဟုဆိုပါတယ်။ ထို့အပြင် သူမြတ်တို့စီရင်သော ဓာတ်သေအရောင်မယွင်းမပျက်သော ဂဝံပတော့၊ နဂါး၊ ဂဠုန်၊ ရသေ့၊ သိကြားမင်းအရုပ်များကို စီရင်၍ ရွှေမုဋ္ဌောစေတီဌာပနာတိုက်တော်အတွင်းဝယ် ထည့်သွင်းထားကြောင်းကိုလည်း တွေ့ရှိရသည်ဟု ရေးသားထားကြသည်များကို ဖတ်ရှုရပါသည်။

ရမည်းသင်း ရွှေမုဋ္ဌောစေတီတော်ကြီး၏ တောင်ဘက်ပလ္လင်တော်အုတ်ခုံလှေခါးမုခ်မှ စေတီတော်ကြီး၏ အတွင်းအောက်ခြေသို့ ဝင်ရောက်နိုင်သောအပေါက်တစ်တစ်ပေါက် ရှိပါတယ်။ ယခုလည်းရှိနေပါတယ်။ (၃)ထပ်တံခါးပေါက်ဟုခေါ် ဆိုပြီး ထုထည်ထူသံဖြင့် အထူးပြုလုပ်ထားသည့်သံတံခါးရှိသောအပေါက်ဖြစ်ပါသည်။ လှေကားထိပ်ရှိ ပထမတံခါးကိုဖွင့်ပြီးဝင်လျှင် တစ်ဆစ်နိမ့်ဆင်းရပြီး လူတစ်ယောက်ထိုင်စရာနေရာရှိပါသည်။ ထိုမှ ဒုတိယတံခါးကိုဖွင့်ဝင်လျှင် တစ်ဆင့်နိမ့်သွားပြန်ပါသတဲ့။ ထို့အတူ တတိယတံခါးကိုဖွင့်ပြီးစင်ပြန်လျှင်လည်း တစ်ဆင့်နိမ့်ဆင်းပြီးဝင်ရောက်ရပြန်ပါသတဲ့။ စေတီရဲ့အောက်တည့်တည့် မြေအောက်မှာ မြေအောက် ဌာပနာတိုက်ရှိနေပါသေးတယ်လို့ ရှေးလူကြီးများပြောဆိုခဲ့သည်ကိုစာရေးသူတို့ငယ်ငယ်တကြားဖူးနေကျပါ။

စေတီ အောက်ခြေတည့်တည့် ထိုနေရာတွင် စက်ယန္တရားကြီးများတပ်ဆင်ထားကြောင်း၊ မသမာသူတို့မှ ဌာပနာတိုက်အတွင်းရှိ ရွှေ၊ ငွေ၊ ရတနာကျောက်သံပတ္တမြားတို့ကို လောဘဇော ဖြင့်ယူလိုသောကြောင့် ဌာပနာတိုက်တံခါးကိုချိုးဖျက်လိုက်လျှင် ဂဠုန်စက်အရုပ်ကြီးများ၊ နဂါးစက်အရုပ်ကြီးများ၊ ဓားစက်၊ လှံစက်တို့အသက်ဝင်၍ထွက်လာပြီး ရှောင်၍မလွတ်နိုင်အောင် စက်ယန္တရားအရုပ်ကြီးက တိုက်ခိုက်ခြင်းကိုခံရစေရန် တပ်ဆင်ထားခြင်း ဖြစ်ပါသတဲ့။

ဌာပနာအတွင်းမှ ပင့်ဆောင်ထားသော ဌာပနာပစ္စည်းအမျိုးမျိုးတို့ကို ရွှေမုဋ္ဌောစေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံခြင်းမပြီးသေးခင်မှာ အများကြည်ညိုသဒ္ဓါပွားများ ပူဇော်နိုင်ဖို့ အပူဇော်ခံထားရှိပါတယ်။ အဲသည်လို အပူဇော်ခံထားရှိချိန်တွင် ဂဝံပတော့

ရသေ့ရုပ်အား ပန်း၊ ဆီမီးနံ့သာတို့ဖြင့်ပူဇော်သောအခါ ရွှေမုဋ္ဌောဘုရားစေတီဝန်းအတွင်း၌ သာမကလေသာတိုက်၊ မင်းကျောင်းတိုက်အတွင်းတို့၌ လူညီးများရပ်နား၍ ဘုရားဖူးလာ ပရိသတ်တို့မှာများပြားလွန်းမက များပြားစွာရှိတယ်ပါသတဲ့။ ထိုကဲ့သို့ကြုံရခြင်းကိုတိုက်ဆိုင်မှုတစ်ခုဟု ထင်နေကြရသည့်အတွက် ဂဝံပတေ့ရသေ့ရုပ်တုကို ပန်း၊ ဆီမီး၊ နံ့သာတို့ဖြင့်ပူဇော်ပြီး လျှောက်ထားကြည့်ပြန်ရာ ရှေးနည်းတူ မြို့ရွာအနှံ့မှ လူအများ များပြားစွာလာရောက်ကြသည်ကိုကြုံရပါသတဲ့။

ထိုနည်းတူစွာပင် ဌာပနာအတွင်းမှခေတ္တပင့်ဆောင်ပူဇော်ထားသော ရှင်သီဝလိရဟန္တာ၏ဆီးစေ့အရွယ် ဓာတ်တော်တို့ကို ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတို့ဖြင့်ပူဇော်၍ လိုရာဆုကိုတောင်းကြရာတွင် နေ့ရက်မကျော် တစ်နေ့တာအတွင်း မျက်မှောက်လက်ငင်းဒိဋ္ဌ ဆုတောင်းပြည့်ကြသည်ကိုလည်းတွေ့ကြုံကြရပြန်ပါသတဲ့။

သီရိခေမာသောကမင်းကြီး ပေးပို့လှူဒါန်းခဲ့သည့်မြတ်စွာဘုရား၏ ဓာတ်တော်များနှင့် ရဟန္တာတို့၏ဓာတ်တော်များ ကိန်းဝပ်သီတင်းသုံးတော်မူလျက်ရှိသည့်ရမည်းသင်းမြို့မှ ရွှေမုဋ္ဌောစေတီတော်ကြီး၏ မဟာရံတံတိုင်းအတွင်းတွင်ရှေးဟောင်းသမိုင်းဝင် သာသနိကအဆောက်အဦများနှင့် ရုပ်တုများလည်းရှိပါသေးတယ်။

ရွှေသာလျောင်း ရုပ်ပွားတော်ကြီးနှင့်ဂန္ဓကုဋီတိုက်ကြီး

ရွှေမုဋ္ဌောစေတီတော်ကြီးမြောက်ဘက်လျက် ရင်ပြင်တော်ပေါ်တွင် ဦးခေါင်းတော်မှခြေဖဝါးတော်အထိ (၃၂) တောင်၊ ပေအားဖြင့် (၄) ပေ အလျားရှိသော ရှေးဟောင်းရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးနှင့် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီအုတ်တိုက်ကြီးရှိပါတယ်။ ထိုအုပ်တိုက်ကြီးနှင့် ရွှေသာလျောင်းအင်္ဂတေရုပ်ပွားတော်ကြီးတို့ကို ပျဉ်တပ်ရပ်ကွက်တွင်နေထိုင်ခဲ့သော ဒေါ်ရိပ်၊ ပန်းတိမ်ဆရာကြီး ဦးစိန်၊ ဒေါ်မမကြီးအစ်မဒေါ်လုံးတင်၊ ညီမဖြစ်သူ ဒေါ်လုံးကြွယ်နှင့် မြေး-ရွှေပန်းတိမ်ဆရာ ဦးလှမြင့်တို့ဖြစ်ကြောင်း စာပေမှာမှတ်တမ်းရေးထိုးထားပါတယ်။

စေတီတော်ရင်ပြင်တောင်ဘက်တွင် နဂါးရုံမြတ်စွာဘုရားဂန္ဓကုဋီအုတ်တိုက်နှင့် အုတ်တိုက်အတွင်းဝယ် နဂါး၏ခွေနေသောကိုယ်လုံးပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူနေသော မြတ်စွာဘုရားအား နဂါးမင်းမှ ပါးပျဉ်းမိုးထားသောရုပ်တုရှိပါသည်။ အဆောက်အအုံနှင့်ရုပ်ပွားတော်တို့မှာ ဒီခေတ်လက်ရာမဟုတ်ဘဲ ရှေးလက်ရာနှင့်အုတ်တိုက်တို့ဖြစ်ပါတယ်။ စေတီတော်တောင်ဘက်အုတ်တိုက်နှင့် အရှေ့ဘက်အုတ်တိုက်(ကြေးသွန်းရုပ်ပွားတော်ကြီးရှိရာ) တို့မှာဆောက်လုပ်သော ခုနှစ်ရေးထိုးမထားသော်လည်း ရှေးလက်ရာများဖြစ်ပါသည်။ အုတ်တိုက်နှစ်တိုက်စလုံး အလှူရှင်မှာ ဒေါ်ရွှေမ (သား) ဦးရ၊ ဦးလှ၊ ဒေါ်သင် သားသမီးတစ်စုဟု မှတ်တမ်းစာပေတွင်ဖော်ပြပါရှိပါသည်။

စေတီတော်ကြီး၏ အရှေ့တောင်ဘက် ရင်ပြင်ထောင့်တွင် ဂြိုဟ်ပြေနံ့ပြေမင်္ဂလာအေးစေတီတော်တစ်ဆူ တည်ထားပါသည်။ ထိုစေတီတော်၏ တောင်ဘက်ကပ်လျက်တွင် ‘ဝေသန္တရာဇာတ်တော်ကြီး’ အား အင်္ဂတေရုပ်လုံးကြွများဖြင့် တည်ဆောက်ပြသထားသည့်ရုပ်စုံအဆောင်ရှိပါသည်။ စေတီတော်ကြီး၏ အနောက်တောင်ထောင့် (စနေထောင့်) တွင် အာရုံခံဘုရားဝတ်ပြုရန်ဇရပ်ငယ်တစ်ဆောင်နှင့် ဆုတောင်းပြည့်ဆင်းတုတော်နှင့် စေတီတော်တစ်ဆူကိုဖူးတွေ့နိုင်ပါတယ်။ စေတီတော်ကြီး၏အနောက်ဘက်ရင်ပြင်တစ်လျှောက်မှာတော့ ယခုခေတ်လက်ရာ သံတိုင်သံတန်းများဖြင့်တည်ဆောက်ထားပြီး ရောင်စုံသွပ်များမိုးထားသည့် စကြံလျှောက်လမ်းပြုလုပ်ပေးထားပါသည်။ စေတီတော်၏ရာဟုထောင့်(အနောက်မြောက်)တွင် အောင်သိဒ္ဓိစေတီတော်ကို ဖူးမြော်ကန်တော့နိုင်ပါသည်။ မြောက်ဘက်ရင်ပြင်မှာတော့ အထက်မှာဖော်ပြခဲ့ပြီးသော ရွှေသာလျောင်းဂန္ဓကုဋီတိုက်နှင့်အတွင်းတွင် ရွှေရောင်သင်္ကန်းတော်လွှမ်းခြုံထားသော အလျား (၄၈) ပေ၊ အမြင့်(၅)ပေရှိ ရွှေသာလျောင်းရုပ်ပွားတော်ကြီးကို ဂန္ဓကုဋီတိုက်အတွင်းဝင်ရောက်၍ စိတ်ချမ်းမြေ့စွာဝတ်ပြုကန်တော့နိုင်ပါသည်။

ရွှေသာလျောင်းအုတ်တိုက်ကြီး၏ အရှေ့ဘက်ကပ်လျက်တွင် ‘ရှင်ဥပဂုတ္တ’ မထေရ်မြတ်ကြီးအား နဂါးလေးကောင်ခံကြေးပြသာဒ်အဆောင်တွင် ဖူးမြင်နိုင်ပါသည်။ ထိုနေရာအနီးတစ်ဝိုက်တွင်ပင်ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူနှင့်နတ်ဗြဟ္မာများအပါအဝင် ယုန်၊ မျောက်၊ ဒေါင်းအစရှိတဲ့ တိရစ္ဆာန်လေးတို့မှ သစ်သီးဝလံများဆက်ကပ်နေသော ‘ရှင်သီဝလိ’ ကိုယ်တော်မြတ်ကြီးတို့၏ အင်္ဂတေရုပ်လုံးရုပ်တုတို့ကို တွေ့ရှိဖူးမြော်နိုင်ပါသည်။ ထိုနေရာအနီးအနားမှာပင် စေတီတော်ကြီးအရှေ့မြောက်ထောင့်စေတီဖြစ်သော ‘အောင်ချမ်းသာစေတီတော်’ ကိုလည်း ဖူးမြော်ကန်တော့နိုင်ပါသည်။

သာသနာ့နှစ် ၂၂၄ ခုနှစ်တွင် တည်ထားသော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသည် မဟာရံတံတိုင်းတွင်းရင်ပြင်အမြင့်ပေါ်တွင် တည်ထားခြင်းဖြစ်ပါသည်။ သာမန်မြေပြင်နှင့် မဟာရံတံတိုင်းအတွင်းစေတီရင်မှာ (၅) ပေခန့်လောက်မြင့်ပါသည်။ အရှေ့ဘက်မျက်နှာစာကြေးသွန်းဘုရားကြီးနှင့် မျက်နှာချင်းဆိုင်မှ ရင်ပြင်တော်ပေါ် သို့တက်ရာအုတ်လှေကား၏ဝဲဘက် (တောင်ဘက်ကပ်လျက်တွင်) နှစ်ပေါင်းရာကျော်ရှိပြီဖြစ်တဲ့ ဗောဓိညောင်ပင်ကြီးတစ်ပင်ရှိပါသည်။ ထိုညောင်ပင်ကြီး၏ပင်စည်ကိုဝိုက်ပြီး အမိုးမိုး၍ အဆောင်တစ်ဆောင်ကိုဆောက်လုပ်ထားပါသည်။ အဆောင်အတွင်း ညောင်ပင်ကြီး၏ရှေ့တွင် သိကြား၊ ဗြဟ္မာ၊ နတ်မင်းများက ညောင်ပင်ကြီးအားရပ်လျက် လက်အုပ်ချီကာအရိုအသေပြုနေဟန်ရုပ်တုများ သွန်းထုထားပါသည်။ ရုပ်တုများ၏ အရွယ်အစားမှာ ပကတိလူများ၏အရပ်အမောင်းနှင့်ရွယ်တူဖြစ်ပါသည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဖြစ်သော ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်ရုပ်တုများလည်းရှိပါသည်။ ညောင်ပင်ကြီး၏ပင်စည်တွင်လည်း မြွေ၊ တောက်တဲ့နှင့် ပုတ်သင်ညိုကြက်တူရွေး၊ သာလိကာ၊ မျောက်အစရှိသော တိရစ္ဆာန်ကလေးများကိုအင်္ဂတေရုပ်လုံးကြွ အရုပ်လေးများအဖြစ် တကယ့်အကောင်လေးများနှင့်မခြားပြုလုပ်ထားပါသေးတယ်။

ရွှေမုဋ္ဌော စေတီဝန်းအတွင်းသတိထားမိသည်မှာ ရုပ်တုမှန်သမျှသည်လူတစ်ရပ်အရွယ်ရှိသော ရုပ်တုများသာဖြစ်ကြပါသည်။ ကြေးသွန်းဘုရားကြီး၏အာရုံခံအုတ်တိုက်ကြီး၏ တောင်ဘက်ဆုံးအခန်းတွင် လေးထောင့်သံဇကာဖြင့်အခန်းဖွဲ့၍ပြသထားသော နိမိတ်ကြီးလေးပါးသရုပ်ဖော် လူအို၊ သူနာ၊ သူသေ၊ ရဟန်းစသည့် သစ်သားရုပ်တုကြီးများရှိပါသည်။ ထိုနိမိတ်ပုံ၄လေးပါး ရုပ်တုကြီးများဆိုလျှင်လည်း လူ့အရပ်အမောင်းအရွယ် ရုပ်တုကြီးများဖြစ်ကြပါတယ်။ ထုလုပ်ထားသောလက်ရာများ

မှာအသက်ဝင်လွှန်းလှပြီး ထိုအထဲကမှ သူသေရုပ်တုဆိုလျှင် ကြည့်မိသူတိုင်း ကြက်သီးထအောင် ဖြစ်ကြရတာပါ။ ရောင်ကိုင်း ပုပ်ပွနေသော သူသေအလောင်းကြီးရဲ့ ဝမ်းဗိုက်ကို ဖောက်ပြီး သွေးအလိမ်းလိမ်းပေနေတဲ့ အူတွေကို အခွေလိုက်နှိုက်စားနေတဲ့ လင်းတငှက်ကြီးတွေရယ်၊ သွေးတွေစီးကျနေတဲ့မျက်လုံးကို ဖောက်စားနေတဲ့ ကျီးကန်းငှက်တို့ရဲ့ရုပ်ဖုတွေဟာ မြင်ရကြည့်ရတဲ့သူတွေအဖို့ ရင်ခုန်စိတ်လှုပ်ရှားစရာအသွင်ကို ဆောင်နေပါတယ်။ မန္တလေးက ပန်းပုဆရာတွေနဲ့လက်ရာတွေပင်ဖြစ်ပါတယ်။ ထိုရုပ်တုကြီးတွေရဲ့သက်တမ်းကလည်း နှစ်တစ်ရာဝန်းကျင်ခန့်ရှိနေပါပြီ။

ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ အနောက်ဘက်တံတိုင်းအပြင်တွင် ထီးနီကျောက်စီရေကန်ကြီး ရှိပါတယ်။ အနောက်ဘက်မှာ ရေကန်ရှိသလို စေတီတော်ကြီး၏ အရှေ့ဘက်တွင်လည်းအုတ်စီကန်ပေါင်နှင့် ဒေါင့်ညောင်းရေကန်ရှိပါတယ်။ ကန်အတွင်း ရေခပ်ဆင်းရန် ကန်၏မြောက်ဘက်နှင့် အနောက်တောင်ဘက်တွင် အုတ်လှေကားနှစ်စင်းရှိနေပါတယ်။ လှေကား၏ လက်ရန်းနှစ်ဖက်၌ နဂါးတစ်ကောင်စီကို အင်္ဂတေဖြင့်ထုလုပ်ထားပါတယ်။ ရေကန်၏တောင်ဘက်ကန်ပေါင်ပေါ်တွင် ဒီပင်္ကရာမြတ်စွာဘုရားနှင့် နောက်ပါရဟန္တာ (၅၀၀) တို့၏ရှေ့တွင် သုမေဓာရှင်ရသေ့နှင့်ပါရမီဖြည့်ဖက် သုမိတ္တာတို့၏အင်္ဂတေရုပ်တုများကိုလည်း စိတ်ကြည်နူးစရာတွေ့ရှိရပါတယ်။ နောင်အခါတွင် ဂေါတမမြတ်စွာဘုရားအမည်ဖြင့်ပွင့်တော်မူသည့် သုမေဓာရှင်ရသေ့အား ဒီပင်္ကရာမြတ်စွာဘုရားမှဗျာဒိတ်ပေးတော်မူနေဟန် ရုပ်တုများလည်း ဖြစ်ပါတယ်။ ထိုရုပ်တုများ၏ ဓတောင်ဘက်တွင် ဂေါတမမြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက လက်ဝဲတော်ရံ၊ လက်ယာတော်ရံဖြစ်ခဲ့ဖူးသောရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် 'ရဟန္တာမထေရ်မြတ်ကြီး' နှစ်ပါးတို့၏ ဓာတ်တော်များဌာပနာထည့်သွင်း ပူဇော်ထားသည့်ကမ္ဘာလုံးစေတီတော်တည်ရှိပါသည်။ တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးဖြစ်ပါစေခြင်းအလို့ငှာ ကမ္ဘာလုံးပုံစံထည်ထားခြင်းဖြစ်သည်ဟု သက်ကြီးစကားသက်ငယ်ကြားမှတ်သားခဲ့ရဖူးပါသည်။

ကမ္ဘာလုံးပုံစံ ကမ္ဘာအေးကပ်ကျော်စေတီ၏ အနောက်ဘက်ကပ်လျက်တွင် ဓာတ်ပေါင်းစုစေတီတော်ကိုလေးထောင့် အုတ်လိုဏ်ဂူမုခ်ပေါက်ခံ၍ တည်ထားပါသည်။ မုခ်ပေါက်လိုဏ်အတွင်းတွင် မြတ်စွာဘုရားဆင်းတုတော်တစ်ဆူ အပူဇော်ခံသီတင်းသုံးတော်မူလျက်ရှိနေပါသည်။ ဓာတ်ပေါင်းစုစေတီတော်၏ မြောက်ဘက်ကပ်လျက်တွင် အောင်သိဒ္ဓိမြရတနာ၊ အောင်ရတနာ၊ ရွှေဘုန်းပွင့်ဘွဲ့မည်များဖြင့် ရှေးဟောင်းစေတီတော်များရှိပါသည်။ ယခုအခါ ပြုပြင်မွမ်းမံပြီးရောင်တော်ဖွင့်ထားပါသည်။ ထိုစေတီစုမှအရှေ့ဘက်တွင် ပဥ္စဝဂ္ဂီ (၅) ဦးတို့အား မြတ်စွာဘုရားမှ တရားဦးဓမ္မစကြာဟောနေပုံအင်္ဂတေရုပ်တုများရှိပါသည်။ တောင်ဘက် ပေ (၁၀၀) ခန့်လောက်အကွာအဝေးတွင် ဘိုးမင်းခေါင်စေတီဟုလူသိများသော နှစ်ကျိပ်ရှစ်ဆူစေတီတော်ကိုလည်းဖူးတွေ့ရပါသည်။ ထိုနှစ်ကျိပ်ရှစ်ဆူစေတီတော်နှင့် ဓာတ်ပေါင်းစုစေတီတော်ကြား မြေကွက်လပ်ကျယ်ကြီးတွင် နှစ်စဉ် တပို့တွဲလဆန်းရက်ပိုင်းများ၌ ကျင်းပသော ရွှေမုဋ္ဌောစေတီဗုဒ္ဓပူဇနိယပွဲတော် ပွဲဈေးခင်းကျင်းပါသည်။ ဇာတ်ပွဲကပြရာဇာတ်ခုံကြီးဆိုလျှင် အမြဲတည်ဆောက်ထားသည်ကို တောက်ရှူခြင်းအားဖြင့် ရွှေမုဋ္ဌောစေတီဗုဒ္ဓပူဇနိယပွဲတော်ကျင်းပချိန်၌ အလွန်စည်ကားမည်ကိုတွေးဆနိုင်ပါသည်။

ရွှေမုဋ္ဌောစေတီတော် ဘုရားပွဲကျင်းပချိန်မတိုင်မီကတည်းက ချောတိုင်တက်ပွဲ၊ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ၊ တစ်ဖက် (၅) ယောက်ပါ ဂိုးကျဉ်းဘောလုံးပြိုင်ပွဲများ ထည့်သွင်း ကျင်းပပေးလေ့ရှိပါတယ်။ ဘုရားပွဲ၏ နောက်ဆုံးနေ့တွင် ဆုပေးပွဲကျင်းပပေးလေ့ရှိပါတယ်။

ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပနေစဉ်ရက်များအတွင်း ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးနှင့် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးတို့အား ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးစုံတို့တိုကပ်လှူပူဇော်ခြင်းပြုကြပါတယ်။

ပွဲတော်လာ ဧည့်ပရိသတ်များကိုလည်း ဝေယျာဝစ္စအဖွဲ့များက မုန့်ဖုတ်သုပ်၊ တို့ဟူးသုပ်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ထမနဲတို့ဖြင့် အပြတ်အလပ်မရှိ ကုသိုလ်ပြုဧည့်ခံကြပါတယ်။

သာသနာနှစ် ၂၂၄ ခုနှစ်တွင် မူလအစသီရိဓမ္မာသောက (အာသောက) မင်းကြီး၏ကောင်းမှုဖြင့် စတင်တည်ထားခဲ့သော ရမည်းသင်းရွှေမုဋ္ဌောစေတီတော်ကြီးသည် ဗုဒ္ဓဘာသာသာသနာပြုမင်းအဆက်ဆက်၏ ပြုပြင်မွမ်းမံတည်ထားခဲ့မှု၊ လက်ရှိလေသာ တိုက်နာယကဆရာတော်သံဃာတော်များနှင့် ဂေါပကအဖွဲ့တို့၏ ကြိုးပမ်းရွက်ဆောင်မှုများကြောင့် စေတီတော်ကြီးနှင့် ကြေးသွန်းရုပ်ပွားတော်ကြီးတို့မှာ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုစွာဖူးတွေ့နေရခြင်းဖြစ်ပါသည်။ စေတီတော်ကြီး၏ သက်တမ်းသည်လည်း ယခု သာသနာတော်နှစ် ၂၅၆၄ ခုနှစ်၊ ကောဇာနှစ် ၁၃၈၂ ခုနှစ်တွင် နှစ်ပေါင်း (၂၃၄၀) နှစ်ခန့် သက်တမ်းရှိပြီဖြစ်ပါသည်။

သက်တမ်းနှစ်ထောင်ကျော် ရှိနေပြီဖြစ်တဲ့ စေတီတော်ကြီး၏ ဟောင်းနွမ်းနေသောထီးတော်ကြီးအား ရွှေသားအစစ် ထီးတော်သစ်ကြီးဖြင့် မြန်မာနှစ် ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၆) ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့၌ ရမည်းသင်းမြို့၊ ပျဉ်တပ်ရပ်ကွက်မှ ဖခင်ကြီးဦးသာဟန်၊ သားထွေးမောင်ကိုကိုဇင်တို့ကိုရည်စူးပြီး မိခင်ကြီးဒေါ်ကြည်သန်းနှင့် သား-ဦးရွှေဇင် (အင်ဂျင်နီယာချုပ်၊ လမ်းဦးစီးဌာန၊ နေပြည်တော်)သား-ဒေါက်တာထွန်းစိုးနိုင် (သားဖွားမီးယပ် အထူးကုသမားတော်ကြီး) သမီး မစပယ်၊ မဆွေ (အလှကုန်စတိုး) မိသားစုတို့မှ နိဗ္ဗာန်ရည်မှန်း တင်လှူပူဇော်ခဲ့ကြခြင်းဖြစ်ပါတယ်။

သမိုင်းဝင်ရှေးဟောင်းစေတီတော်မြတ်တစ်ဆူဖြစ်သော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးနှင့် မဟာမြတ်မုနိကြေးသွန်းရုပ်ပွားတော်ကြီးတို့အား ဖူးမြော်ကြည်ညိုလိုပါက ရန်ကုန်-မန္တလေးကားလမ်းမကြီးနှင့် ရထားလမ်းတို့ဖြတ်သန်းနေသော သာသနာပွင့်လင်းရာ ရမည်းသင်းမြို့သို့ အရောက်လှမ်းလာခဲ့စေချင်ပါကြောင်း သူရဇ္ဇမဂ္ဂဇင်းစာဖတ်ပရိသတ်တို့အားဖိတ်ခေါ်မိပါတယ်။

မျိုးမြင့်နွယ်(ရမည်းသင်း)

ကိုးကား

* ရမည်းသင်း၊ ဆင်ကျုံးဆရာတော်ကြီးဦးကောသလ္လ ရေးသားတော်မူသော၊ 'ရမည်းသင်း သာသနာဝင်သမိုင်းစာအုပ်' နှင့် ရမည်းသင်းရွှေမုဋ္ဌောစေတီ ဘုရားဂေါပကအဖွဲ့မှထုတ်ဝေသည့် 'ရှေးဟောင်းသမိုင်းဝင်ရွှေမုဋ္ဌောဘုရားသမိုင်း အကျဉ်းချုပ်။

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) (၆၃)

ရွှေမြန်မာများက သစ်သီးအသီးအနှံများကို အချိုပွဲအနေသက်သက်အဖြစ် စားသုံးမှုများကြသော်လည်း ဥရောပအစားအစာများတွင် ၎င်းသစ်သီးများကို ဆလတ်အသုပ်ကျန်းမာရေးအကျိုးပြု Dietစားဖွယ်ရာအဖြစ် စီမံ၍ စားသောက်သုံးဆောင်တတ်ကြပါသည်။

ဤအလေ့အထသည် ဆီးချိုသွေးချိုသမားများအတွက် အလွန်ပင် အကျိုးပြုစေပါသည်။ ဘာလို့လဲဆိုတော့ အသီးအနှံများတွင် အဓိကပါဝင်နေတဲ့ Fiber အမျှင်ဓာတ်များက ဆီးချိုသမားများအဖြစ်များလှတဲ့ ဝမ်းချုပ်တဲ့ရောဂါ ဝမ်းသွားအားမရတဲ့ ဝမ်းကျန်တတ်သောရောဂါတို့ကို အထူးသက်သာစေပါတယ်။

ဒါ့ပြင် သစ်သီးများတွင်ပါဝင်နေတဲ့သဘာဝဩဂဲနစ် အင်တီအောက်ဆီဒင့်ဓာတ်များက ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲ ပြဿနာရောဂါရပ်များကိုကာကွယ်၍တားဆီးပေးစေနိုင်သော အစွမ်းအာနိသင်များကြွယ်ဝနေပါတယ်။

ဆီးချိုကျဆေးများအသောက်များ၍ တစ်ခါတစ်ရံသကြားဓာတ်အလွန်ကျဆင်းတတ်ခြင်းကို ထိန်းညှိပေးနိုင်စေလို့ သွေးတွင်းသကြားဓာတ်ကို မျှတစေပါတယ်။

သို့သော် သစ်သီးတိုင်းတော့ မဟုတ်ပါ။ အချိုဓာတ်များစေသော ဒူးရင်းသီး၊ သရက်သီးအမှည့်၊ သကြားသီး၊ အုန်းနို့၊ အုန်းရည်စသောအသီးများကို တော့ရှောင်ကြဉ်ရပါမည်။

အဓိကအားဖြင့် အရည်ရွှမ်း၍ အချိုပေါ့သော သစ်တော်သီး၊ မာလကာသီး၊ ငှက်ပျောသီး၊ ဆီးသီး၊ စိမ်းစားဥ၊ စတော်ဘယ်ရီ၊ ကျွဲကောသီးစသော အသီးအနှံများကိုစားသုံးနိုင်ပါတယ်။

၎င်းအသီးနှံများနဲ့တွဲ၍ ဆလတ်(အသုပ်) ဟင်းပွဲကို စီမံကြမည်ဆိုလျှင် အများအားဖြင့် ပုစွန်၊ ကင်းမွန်စတဲ့ ပင်လယ်စာပရိုတင်းအသားဓာတ်လေးများနဲ့တွဲ၍ ဟင်းပွဲပြင်ဆင်လိုက်လျှင် အလွန်ပင်အရသာထူးကဲလှပါသည်။

ဤသို့ ဖြစ်ရတဲ့အကြောင်းမှာ အသီးအနှံတို့၏ကြွပ်ဆတ်ပြီး အရည်ရွှမ်းစေတဲ့သဘာဝနဲ့ ပင်လယ်စာဖြစ်တဲ့ ပုစွန်ကင်းမွန်တို့၏ နူးညံ့ချိုမွှေးစေတဲ့အရသာလျှာ့ပေါ်တွင်ခံစားထိတွေ့မှု၏ ရသာရုံအတွေ့ကိုပေါ်လွင်စေခြင်းဖြစ်ပေသည်။

ဒါ့ပြင် အသီးအနှံ ဆလတ်အသုပ်များသည် အစာအိမ်နှင့်အူလမ်းကြောင်းကို ၎င်းတို့မှာပါဝင်နေတဲ့ အမျှင်ဓာတ်တို့၏အာနိသင်ကြောင့် စားသုံးတဲ့သူများ၏ကိုယ်တွင်းအဆီ ကိုလက်စထရောဓာတ်ကိုလျှော့ချပေးစေခြင်းကြောင့် ပေါ့ပါး၍ ကျန်းမာစေတဲ့အကျိုးကိုခံစားရရှိနိုင်ပါတယ်။

ယခုတင်ပြပေးမည့် ဆလတ်အသုပ်ဟင်းပွဲသည် အလွယ်တကူစယ်ယူရရှိနိုင်စေပြီး အာဟာရတန်ဖိုးကြွယ်ဝလှတဲ့-

မာလကာသီး ပုစွန်မီးအုံ့ဆလတ်အသုပ်ဟင်းပွဲဖြစ်ပါတယ်။

ဤဟင်းပွဲတွင်ပါနေသော မာလကာသီးသည် သဘာဝဩဂဲနစ်ဗီတာမင်စီဓာတ်ပြည့်ဝစွာ ပါဝင်နေပြီး အင်တီအောက်ဆီဒင့်နဲ့ Vit A လိုက်ကိုပင်း သံဓာတ်အမျှင်ဓာတ်တို့ ပါဝင်နေပါတယ်။

မာလကာသီးဟာ ဆီးချိုရောဂါကို အထောက်ကူပေး၍ သက်သာစေပါတယ်။ သွေးတွင်းမှ သကြားဓာတ်ကို လျှော့ချပေးစေနိုင်တဲ့ Vit C နဲ့ အမျှင်ဓာတ်တို့ကြောင့် ဆီးချို၊ သွေးချိုရောဂါရှင်များအတွက် စားသုံးပေးသင့်တဲ့ အသီးမျိုးဖြစ်ပါတယ်။

သူ့မှာVit C ဓာတ် ကြွယ်ဝနေခြင်းကြောင့် ဘက်တီးရီးယားနဲ့ ဗိုင်းရပ်စ်တွေကိုခုခံတိုက်၍ တိုက်ခိုက်ပေးနိုင်တဲ့ စွမ်းရည်ကြောင့် ဆီးချိုသွေးချိုရောဂါရှင်များတွင် အဖြစ်များကြတဲ့ ရောဂါပိုးများအလွယ်တကူ ကူးစက်နိုင်မှုကိုထိရောက်စွာဖြင့် ကူညီ၍တားဆီးပေးနိုင်ပါတယ်။

ဒါ့ပြင် မာလကာသီးဟာ သွေးအားနည်းခြင်း၊ သွားဖုံးသွေးယိုခြင်း၊ သွေးဝမ်းသွားခြင်းနှင့် သွေးထွက်လွယ်၍သွေးမတိတ်သောရောဂါများကိုလည်း သက်သာပျောက်ကင်းစေပါတယ်။

ဆီးချို၊ သွေးချိုရှင်များမှာဖြစ်တတ်တဲ့ လိပ်ခေါင်းသွေးပါသွေးယိုရောဂါကိုလည်း ဤဆလတ်အသုပ် Diet ဟင်းလျာက သက်သာပျောက်ကင်းစေနိုင်ပါတယ်။

Diet ဟင်းလျာတွင်ပါဝင်သော ပစ္စည်းများ

၁။ ကီလိုမာဇကာသီး အနေတော်အသားကြွပ်၍ အလုံးပွသောအသီး (၁) လုံး။
၂။ ပုဇွန်ထုပ် အနေတော်(၅)ကောင်။
၃။ ကုလားပဲ အကျက်မှုန့်ကောင်းကောင်း (၁) ဇွန်း။
၄။ ကြက်သွန်နီ ဥကြီး (၁) ဥ။
၅။ ပူဒီနာလတ်လတ် (၃) ပင်။
၆။ သံပရာသီး (၁) လုံး။
၇။ ငါးငံပြာရည်ကောင်းကောင်း (၁) ဇွန်း။
၈။ နှမ်းဆီမွှေး (၁) ဇွန်း။
၉။ ကြက်သွန်ဖြူ (၃) တက်။
၁၀။ ဟင်းခတ်အရသာကြက်သား မှုန့်လိုသလောက်။
၁၁။ ပုဇွန်ပြုတ်ရည် ဇွန်ကြီး (၁) ဇွန်း။
၁၂။ ငရုတ်သီးစိမ်း အစိမ်း၊ အနီ (၁) တောင့်စီ။

ပါဝင်ပစ္စည်းများစုံလျှင် မာလကာသီးကို အခွံခွာ၍ လေးစိတ်ခွဲပြီး အူတိုင်နဲ့အစေ့များကိုထုတ်ပါ။ ပြီးရင်အချောင်းရှည်လေးများကိုလှီး၍ထားပါ။ ပုစွန်ထုပ်များကိုမီးခဲမီးညီးညီးများ အနေတော်ကျက်ရုံမီးအုံး၍ ခေါင်းဖြုတ်ပြီးအခွံခွာ၍အနေတော်လှီး၍ထားပါ။

ပြီးရင် ပုစွန်ခေါင်းများကို အခွံခွာပြီး ညက်အောင်ထောင်း၍ ရေနွေးပန်းကန်တစ်လုံးခန့်ထည့်၍ အချိုရည်များထွက်လာအောင် ခဏပြုတ်ထားပြီး ၎င်းပြုတ်ရည်ကိုစစ်၍ယူထားပါ။

ကြက်သွန်နီတစ်ဥကို ပါးပါးလှီး၍ ရေဆေး၍စစ်ထားပါ။ ကြက်သွန်ဖြူသုံးတက်ကိုထောင်း၍ ပန်းကန်တစ်လုံးတွင်ထည့်၍ ၎င်းထဲသို့ သံပရာရည်၊ ငံပြာရည်၊ ပုစွန်ပြုတ်ရည်၊ ကြက်သားမှုန့်နှင့် ပဲမှုန့်အကျက်တို့ကို အပျစ်အကြဲ အနေတော်ကြည့်၍စပ်ပြီး Dressing (အသုပ်အချဉ်ရည်) အသင့်စပ်၍ထားပြီးလျှင်-

ပါဝင်ပစ္စည်းများကို စုပေါင်း၍ Dressing (အချဉ်ရည်) ကိုဆမ်း၍ အရသာအတော်နေဆိုရင် ငရုတ်သီးစိမ်း အစိမ်းနဲ့ အနီတို့ကို ပါးပါးလှီး၍-ပူဒီနာရွက်များနဲ့ထစ်ပါတည်း ဆလတ်အပေါ်မှာတင်ပေးပြီး နောက်ဆုံးပိတ် နှမ်းဆီမွှေးကို အနည်းငယ်ဆမ်းပေးလိုက်လျှင်-

အလွန်အနံ့အရသာနဲ့ ပြီးပြည့်စုံနေသော မာလကာသီးပုစွန်မီးအုံးဆလတ်အသုပ် ဟင်းပွဲကောင်းလေးကို ဆီးချိုသွေးချိုရှင်များအတွက် Diet ဟင်းလျာအဖြစ် စိတ်ကြိုက်သုံးဆောင်နိုင်ကြပါပြီ။

သတ္တဝါအများ စားသမျှအားဖြစ်၍ ကျန်းမာကြပါစေ။

ရွှေနဝင်း(ပုသိမ်)

မောင်စိမ်းထွေး(ထားဝယ်)

ကျွန်တော်တို့ရွာက ပထမံဆေးဘုရား

သရက်နှစ်ခွရွာ -
ကျွန်တော် မွေးရာ ဇာတိချက်မြှုပ်
ရွာ။
ကျွန်တော့်မိဘ၊ ဘိုးဘွား ခေါင်းချ
ရွာ။

ထားဝယ်မှ(၁၁)မိုင်၊ ပြည်ထောင်စုလမ်းမကြီး၊ မြိတ်-ထားဝယ် ကားလမ်းပေါ် သရက်ချောင်းမြို့နယ်အတွင်း တည်ရှိပါတယ်။ ဘာကြောင့် ဘာလို့ ဒီရွာအမည်ခေါ်တာလဲမေးရင် နှစ်ပေါင်း ဘယ်လောက်ကြာပြီမသိတဲ့ လုံးပတ် လူငါးဦး၊ ခြောက်ဦးဖက်၊ အတောင်သုံးဆယ်လောက်အမြင့် သက်တမ်းရင့်ဒေါင်းပြားသရက်ပင်ကြီးကိုးပင် ရွာထိပ်မှာ မားမားကြီးရှိလေရဲ့။ ဒါကို အမှတ်သညာအစွဲပြုခေါ်ဟန်တူတယ်လို့သာ လွယ်လွယ်အဖြေပေးနိုင်မှာဖြစ်တယ်။ ၁၉၈၉ခုနှစ်မှာ အဲဒီဒေါင်းပြားသရက်ပင်ကြီးတွေ အကုန်ခုတ်လှဲပစ်လိုက်တာမို့ အခုချိန် အစအနကလေးတောင် မရှိပါပြီ။ အိမ်ခြေ ငါးရာကျော်ရှိပြီး မိရိုးဖလာ ဓားမဦးချ လယ်ယာဥယျာဉ်ခြံစိုက်လုပ်ငန်းဟာ ကျွန်တော်တို့ရွာရဲ့ အဓိက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ပါ။ ရွာကို အပိုင်းလိုက်သတ်မှတ်ထားရာမှာ ရွာထဲပိုင်း၊ အပြင်စုပိုင်း၊ အရှေ့ပိုင်းဆိုပြီး ရှေးကတည်းကအခေါ်ကတော့ အခုထိအခေါ်မပျက်ပါ။

ကျွန်တော်တို့ သရက်နှစ်ခွရွာပတ်လည်မှာ ကိုးသောင်းတောင်ဘုရား၊ မင်းတောဝဘုရား (ယခု မြတ်ရွှေတိဂုံ)၊ ဘိသူမမော်ဘုရား (ယခု မြတ်မော်ကုန်း)၊ ဘုရားဆောင်းကျိုး (ယခု စိန်မြရောင်ခြည်လွှမ်းစေတီ)၊ မိုးကောင်းဘုရား၊ သချိုင်းကုန်းဘုရား၊ နတ်အိမ်ကုန်းဘုရား (ယခု ပျက်)၊ ဇင်းတောင်ဘုရား(ယခု ပျက်) ရှေးဟောင်းဘုရားစေတီတော်တွေ ဝန်းပတ်ရံလျက်ရှိပါတယ်။ ဒါ့အပြင် ရွာလယ်ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ ဂြိုဟ်ပြေနံ့ပြေစေတီ၊ ကိုးနဝင်း ဆုတောင်းပြည့်စေတီများလည်း ရှေးဘုရားတွေပါပဲ။ ဆိုချင်တာက ရှေးရှေးအခါကပင် ဘုရားရိပ်၊ တရားရိပ်နဲ့ အေးချမ်းလုံခြုံမှုရှိခဲ့ပြီး ဗုဒ္ဓသာသနာရောင်ဝါထွန်းတောက်ခဲ့တဲ့ရွာဖြစ်တယ်ဆိုတာပဲ။

ရွာလယ်မှာ ရွာကျောင်း၊ သချိုင်းကုန်းမှာ ချောင်ကျောင်း၊ တောင်ခြေမှာ တောကျောင်းဘုန်းကြီးကျောင်းသုံးကျောင်း အဓိကရရှိပါတယ်။ သူ့အပိုင်းလိုက် အလျဉ်းသင့်သလို ဘုန်းကြီးကျောင်းကိုးကွယ်ဆည်းကပ်ကြပေမယ့်လို့ သာရေးနာရေး၊ ဆွမ်းရေးကွမ်းရေးမှအစ ရပ်ရေးရွာရေးအဆုံးကိစ္စတွေမှာတော့ ရွာလယ်ကျောင်းက အခရာကျပါတယ်။ ကျွန်

ပထမံဆေးဘုရား

ပထမံဆေးဘုရား အပူဇော်ခံထားစဉ်

ပထမံဆေးဘုရားကျောင်းဆောင်

ပထမံဆေးဘုရား ဒေသစာရီကြွချီလှည့်လည် အပူဇော်ခံစဉ်

ထိုင်းရုပ်ပွားတော်တစ်ဆူ(မွှောရုံ)

တော် ကိုရင်ဝတ်၊ ပဉ္စင်းတက်တာကလွဲလို့ ဘုန်းကြီးကျောင်းမနေဖူးပါ။ အိမ်ကျောင်း (ခေါ်) အစိုးရကျောင်းစာသင်ကြားခဲ့တာမို့လို့ ဘုန်းကြီးကျောင်း ဘာသာရေးစာပေမရင်းနှီးပါ။ ကျွန်တော်တို့ အစိုးရ (မူလတန်း) ကျောင်းနဲ့ ရွာလယ် ဘုန်းကြီးကျောင်း မျက်နှာချင်းဆိုင်ရှိတယ်။ ကားလမ်းမကြီးပဲခြားတယ်။ ဆိုတော့ကာ ဘုန်းကြီးကျောင်းသားနဲ့အိမ်ကျောင်းသား မတည့်တာအဆန်းတော့ မဟုတ်လေပါ။ ဒီလို တစောင်းစေးနဲ့ မျက်ချေးအဖြစ်မျိုးက အမြဲပဲလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ တစ်နှစ်တစ်ကြိမ် ရွာဘုရားလှည့်ပွဲနီးရင် ပြန်တည့်ခင်မင်သွားတတ်ကြပါတယ်။အကြောင်းက ရွာဘုရားလှည့်ခါနီးပြီဆိုမှကျွန်တော်တို့အိမ်ကျောင်းသား ဘုန်းကြီးကျောင်းသားတွေအားလုံး ကိုယ့်ကျောင်းရှေ့သန့်ရှင်းရေး လမ်းဘေးမြက်ပေါက်ကြရတော့တယ်။ အဲဒီမှာတင် မြက်ပေါက်၊ အမှိုက်ကျုံး၊ မီးပုံရှို့အတူတူ သူ့ကျောင်းကိုယ့်ကျောင်းစွဲမနေတော့ဘဲ အပြီးမြန်အောင် သူသူငါငါ ခေါ်ပြောဝိုင်းဝန်းစုပေါင်းလုပ်ရင်းကနေ အချင်းချင်းပြန်ပြီး ခင်မင်သွားပြန်ရော။ဒါကငယ်ဘဝစရိုက်အမှတ်တရပြန်ပြောခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ သရက်နှစ်ခွရွာလယ်ကျောင်းမှာ ပထမံဆေးဘုရား

တစ်ဆူ သီတင်းသုံးနေခဲ့တာ နှစ်ပေါင်းရာချီပါပြီ။ အရွယ်အစားက ဥဏှိတော် (၉. ၆) လက်မ၊ ပခုံးတော်နှစ်ဖက်အကွာ (၄) လက်မ၊ ဒူးတော်နှစ်ဖက်အကွာ (၆. ၆)လက်မရှိပါတယ်။ ကိုယ်လုံးတော် ပြည့်ဖြိုးဖြိုး၊ မျက်နှာတော်ပြုံးယောင်ယောင်၊ မျက်လုံးတော်အစုံတောက်တောက်၊ မဏိတော်အဝိုင်းနဲ့ သင်းကျစ်တော်ပါပြီး ဘယ်လက်တော်ပေါ် ဆေးအိုးတော်တင် ဘူမိဖဿမုဒြာရုပ်ပွားတော်ဟာ အဝန်း (၉) လက်မခွဲ၊ အမြင့် (၆) လက်မ၊ အဝိုင်းပုံပလ္လင် (၄)ဆင့်ပေါ် ခြေယှက်ထိုင်စံတော်မူပါတယ်။ အမြို့မြို့ အနယ်နယ် ဟိုးလေးတကျော်မဟုတ်ပေမယ့် ရွာနီးချုပ်စပ် အားလုံးလိုလိုသိကြပါတယ်။

လောကမှာ မသိသူကျော်သွား သိသူဖော်စားဆိုရိုးက အလကားမှ မဟုတ်တာ။ ခေတ်ကာလတွေဘယ်လိုပဲ ပြောင်းပြောင်း ကျောင်းထိုင်ဆရာတော် အဆက်ဆက် ရပ်ရွာလူကြီးသူမ ရွာသူရွာသားတွေ အမြော်အမြင်ရှိရှိ တောက်လျှောက် ထိန်းသိမ်းကိုးကွယ်ပူဇော်လာခဲ့ကြတာကလား။ ရှေ့မှီနောက်မှီတချို့က ဒီပထမံဆေးဘုရားကို အကြောင်းမရှိအကြောင်းရှာပြီး အခြားတစ်နေရာရာပင့်ဆောင်ဖို့ အထမမြောက်တဲ့အပြင် အားထုတ်သူများသာ အခက်အခဲတစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့တတ်ကြရတယ်လို့ ပြောကြဆိုကြတာကို ကြားသိရဖူးပါတယ်။ ဒီလို ပထမံဆေးဘုရား ဘယ်ကိုမှပြောင်းကြွစံတော်မမူတာ ဘုရားတန်ခိုးတော်ကြောင့်လို့ ရွာသူရွာသားတွေ ယုံကြည်ကြတယ်။ ယုံကြည်ရလောက်အောင်လည်းရှိခဲ့ပါတယ်။

ခေတ်ဆိုးခါဆိုးတစ်ချိန်က ပထမံဆေးဘုရားပင့်ဆောင်ဖို့ လူတစ်စု ကျောင်းပေါ်အရောက်မှာ ဆေးဘုရားသီတင်းသုံးရာဘုရားကျောင်းဆောင်ကို ခေါင်းတောက်အောင်ရှာပေမယ့် ဘယ်လိုမှ ရှာမတွေ့နိုင်ဘဲ ကွယ်ပနေခဲ့တာ ကြောက်လန့်တကြားဆင်းပြေးသွားကြရရှာတယ်။ ကျွန်တော် အလယ်တန်းကျောင်းသားတုန်းက အဖြစ်အပျက်တစ်ခုမှတ်မိပါသေးတယ်။ တစ်နေ့ နယ်မြေလှုပ်ရှားတပ်ဖွဲ့မှ တပ်စုတစ်စု ကျွန်တော်တို့ ရွာလယ်ဘုန်းကြီးကျောင်းရောက်ရှိလာပြီး စခန်းချရပ်နားတယ်။ ရွာလူကြီးတွေခေါ်ပြီး တွေ့ဆုံစကားပြောပါတယ်။ နောက် ရွာလူကြီးများနဲ့ ရင်းရင်းနှီးနှီးဖြစ်လာတယ်။ အဲဒီမှာ ရွာလူကြီးတွေက ဆေးဘုရားအရိပ်ကျောင်းဝင်းခြံအတွင်း စစ်သည်တွေ ဖိနပ်မစီးဖို့

ရွှေသိမ်ကြီးအတွင်း ရွှေဘုရားရုပ်ပွားတော်များ

ရွှေသိမ်ကြီးမှ ရွှေဘုရားကြီး

ထိုင်တော်မူရွှေဘုရားများ

ဆရာတော်ဦးဇာဂရ

မေတ္တာရပ်ခံတယ်။ ဒါနဲ့ စစ်ဗိုလ်က အပြောင်အပျက်လိုလို ဆေးဘုရားတန်ခိုး ရှိမရှိစမ်းသပ်မယ်ဆိုပြီး ရွာသားတွေရှေ့ မှာတင် ဓမ္မာရုံပထမံဆေးဘုရား သီတင်း သုံးကျောင်းဆောင်ပေါ်ကျော်ပြီး သူ့ပစ္စတို သေနတ် ထုတ်ပစ်ပါလေရော။ ချောက် ခနဲမြည်ပြီး ကျည်မထွက်ပါ။ ဒါနဲ့ ကျည် အတာဆိုပြီး ထပ်ပစ်ပြန်တယ်။မထွက် ပါ။ စစ်ဗိုလ်လည်း ရှူးရှူးရှားရှားဖြစ် စိတ်တိုလာတယ်ထင်ရဲ့။ တခြားဘက် သေနတ်လှည့်ပစ်တဲ့အခါ ဒိုင်းခနဲ ကျည် ထွက်သွားတယ်။ နောက်တစ်ခေါက် ကျောင်းဆောင်ပေါ်ကျော် (၅) ချက် တိတိပစ်ပြန်တယ်။ ကျည်မထွက်ပါ။ အဲဒီမှာ စစ်ဗိုလ်ဟာ ပျာယီးပျာယာ ဖိနပ် ချွတ်၊ ခြေအိတ်ချွတ် ဒူးထောက် ဦးချ ကန်တော့ပါတော့တယ်။

ကျွန်တော်သိရသလောက် ရွာ လယ်ကျောင်းကြီးဆရာတော်များ အ ဆက်ဆက်က ဦးဇာဂရ(ဦးပဉ္စင်းညိုဇင်)၊ ဦးကုသလ (ဦးပဉ္စင်းဖေစီ)၊ ဦးတေဇ (ဦးပဉ္စင်းပြာလူး)၊ ဦးတေဇဝံသ (ဦးပဉ္စင်း မောင်ထွန်း)၊ ဦးယသဉာဏ (ဦးပဉ္စင်း တင်ဝင်း) တို့ဖြစ်ပြီး လောလောဆယ် အခု ဦးပဉ္စင်းပညာနန္ဒ ကျောင်းထိုင် လျက်ရှိပါတယ်။ ဦးတေဇဝံသ လက် ထက်မှာ ကျွန်တော် ကိုရင်ဝတ်ခဲ့တာပါ။

ဆရာတော်ဦးဇာဂရဟာ ပထမံ ဆေးဂိုဏ်း၊ ဆေးဝိဇ္ဇာအောင်တယ်လို့ အဆိုရှိပါတယ်။ သဘာဝအလေ့ကျ ပေါက် နွယ်မြက်ဆေးဖက်ဝင်အပင် (ပဉ္စ ငါးပါးစလုံး) များကို တောတောင်အနှံ့ ခဲခဲယဉ်းယဉ်း တကူးတက လိုက်လံရှာ ဖွေတူးယူပြီး ဆေးလှန်း၊ ဆေးကြိတ်၊ ဆေးထောင်း၊ ဆေးကျိုဆေးစု သရိုးမံ အစွမ်းထက်ဂါထာမန္တန်စုတ် သိဒ္ဓိတင် ပထမံဆေးဘုရား ဗုဒ္ဓရုပ်ပွားတော်တစ် ဆူ ပူဇော်တော်မူတယ်။ ဆရာတော် ဦး ဇာဂရရဲ့ လျှို့ဝှက်စရဏကျင့်ကြံအား ထုတ်မှုကို ဘယ်သူမှ တိတိပပမသိရပေ မယ့် သဒ္ဓါ၊ သီလ၊ ပညာ၊ ဘာဝနာ အဓိ ဋ္ဌာန်ကတော့ နှယ်နှယ်ရရနေမှာမဟုတ် ဘူး။ပြင်းပြင်းထန်ထန် ပွားများဖြည့်ကျင့် ရင့်သန်ခဲ့မှာ အသေအချာဖြစ်တယ်။ ရုပ်ပွားတော်ထုလုပ်သူက ရွာသားဒကာ ဦးဂိုရင်လို့သိရတယ်။ဆေးကြိတ်ကျောက် ပျဉ်ကြီး (၂) ချပ်၊ ကျောက်လုံး (၃)လုံး ရှိကြောင်းသိရပေမယ့်လို့ အချင်း (၂) ပေ (၁၀) လက်မ ကျောက်ပျဉ်ကြီးတစ် ချပ်ရယ်၊ လုံးပတ် (၁) ပေ၊ အရှည် (၇) လက်မ ကျောက်လုံးတစ်လုံးကိုသာ

ရွှေသိမ်ကြီးအတွင်း ရွှေဘုရားရုပ်ပွားတော်များ



ဆရာတော်သံဃာတော်များထံ သီလခံယူ

ဆရာတော်သံဃာတော်များထံ သီလခံယူ

ဆေးကြိတ်ကျောက်ပျဉ်ကြီးနှင့်ကျောက်ထုံး

ကျွန်တော် တွေ့ရှိခဲ့ရတာ ပုံမှတ်တမ်းယူနိုင်ခဲ့ပါတယ်။

လက်ရှိရွာမှာ အသက်အကြီးဆုံး ဦးဖိုးကြဲ(၁၀၄ နှစ်) က သူ (၁၀) နှစ်အရွယ် ဘုန်းကြီးကျောင်းသားဘဝတုန်းက သံဃာ့ကိုရင်ကျောင်းသားတွေနဲ့ အတူ အုပ်စုအလိုက် တစ်တောဝင် တစ်တောထွက် ဆေးပင်ရှာလိုက်ရကြောင်း၊ အခြားကျောင်းသားတွေထဲက ဦးလူချို၊ ဦးဖိုးမြင့်၊ ဦးလူထင်၊ ဦးမောင်တိုး၊ ဦးတင့်တယ် (အားလုံးကွယ်လွန်) ပါကြောင်း၊ ဆေးလှန်းဆေးကြိတ်ဆေးကျိုကို သံဃာတော်များသာလုပ်ရကြောင်း၊ တပေါင်းလနေ့တစ်နေ့ ဆေးလှန်းနေခိုက် မိုးကြီးပစ်ကြောင်း၊ အခြားရွာတစ်ရွာမှ ဘုရားလာပင့်ပြီး အောက်မှဆေးနှိုက်ယူဖူးကြောင်း၊ ကျောင်းသားဖြစ်လိုက် ကိုရင်ဝတ်လိုက် ဘုန်းကြီးကျောင်းတွင် (၁၈) နှစ်နီးနီးကြာကြောင်း၊ ဂျပန်ဝင်ခါနီးဆဲဆဲ ဆရာတော်ဦးဇာဂရ ပျံလွန်တော်မူကြောင်း အမှတ်သတိကောင်းကောင်း ပြောပြပါတယ်။

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလရောက်ပြီဆိုမှဖြင့် ဘေးရန်အန္တရာယ် အသွယ်သွယ် ကင်းဝေးစေဖို့ရာ ပထမံဆေးဘုရားတစ်ရွာလုံး လှည့်လည်အပူဇော်ခံလေ့ရှိပါတယ်။ ကျွန်တော်တို့ရွာ ထုံးစံဖြစ်နေပါပြီ။ ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ အဖျားအနာထူပြော၊ ဘာမသိညာမသိ ရွာမှာငှက်ဆိုးထိုးချောက်ချားတဲ့အခါလိုမျိုး ဘေးဥပါဒ်ဆိုင်ရာထူးခြားလာရင်လည်း ဘေးကင်းရန်ကင်း ကြားဖြတ်လှည့်လည် အပူဇော်ခံထွက်ပါတယ်။ ကျွန်တော်တို့ငယ်ငယ် ဆေးဘုရားလှည့်တဲ့အခါ စက်ဘီးပေါ်ပင့်ပြီး စက်ဘီးတွန်းလှည့်ပါတယ်။ ရာလေး ဒါမှမဟုတ် ဟန်းဘားစက်ဘီးနှစ်စီးအပြိုင်ထားပြီး အချိုးညီညီ ဝါးဖောင်ဖွဲ့တင် ကြိုးခိုင်ခိုင်ချည်နှောင်တုပ်ပြီး ဖောင်ပေါ် ဘုရားပင့်ပါတယ်။ စတော့ကင်းမီးထိန်ထိန် ပန်းမြိုင်မြိုင် တံခွန်ကုက္ကားတလူလူ ကန်တော့ပွဲ၊ ပန်းအိုး၊ ရေအိုး၊ ပရိတ်အိုး၊ အလှူခံငွေဖလားဆန်တောင်းထမ်းအစီအရီ ဝတ်အသင်းဝတ်ရွတ်စဉ် ကြေးစည်ကြီး ဒူဝမ်ဝမ်ထု၊ ညနေ (၃) နာရီလောက်ကတည်းက ရွာသုံးပိုင်းစလုံး တစ်ရက်တည်းအပြီးလှည့်တော့တာပါပဲ။ ဘုရားဒေသစာရီကြွရာလမ်းတစ်လျှောက်လုံး သူ့အိမ်ကိုယ့်အိမ်ရှေ့ သန့်ရှင်းရေးလုပ်၊ ရေဖျန်း၊ ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်ကြ၊ ဆေးလိပ်ကွမ်းယာ၊ ရှာလပတ်ရည်ကမ်းကြ၊ အချို့အိမ်တွေစုပြီး ဘုရားရပ် လက်ဖက်ရည်၊ မုန့်၊ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်၊ မုန့်တီလှော်၊ အစားအသောက်ကျွေးမွေး အလှူဒါနပြုကြပါတယ်။ ဒီလိုအချိန် ကျွန်တော်တို့ငယ်သူတွေက ဝမ်းကြီးရှစ်ပြံ စားကြရတာကြောင် အလွန်ပျော်တာပေါ့။ သူ့အရပ်နဲ့သူ့ဇာတ်ဆိုတယ်မဟုတ်လား။

ဆရာတော်ဦးဇာဂရဖော်ဘုရားဆေး၊ သိကြားဆေး၊ နတ်ဆေး၊ ဝိဇ္ဇာဆေးအမျိုးမျိုးတွေဟာ အလွန်အစွမ်းထက်ကြောင်းသိရပါတယ်။သံဃာကိုရင် ကျောင်းသား ဒကာရင်းတွေကိုပဲ ကုပေးတယ်လို့ဆိုပါတယ်။ ဝင့်နာကံနာမှဟုတ်ခဲ့ရင် လက်တွေ့ပျောက်ကင်းချမ်းသာကြောင်း၊ သာမန်ဗိုက်အောင့်ဗိုက်နာလောက်ကိုတော့ ဒီနေရာလား ပြောပြောဆိုဆို လက်သပ်ချလိုက်တာနဲ့ ရှင်းရှင်းသက်သာကြောင်း ပြောရိုးပြောစဉ်ရှိခဲ့ပါတယ်။ ထူးခြားတာက ဆရာတော်ဟာ စကားအလွန်နည်းတယ်လို့ဆိုတယ်။ ကျွန်တော်အမေဘက်က ဦးလေးတော်စပ်သူ ဦးပဥ္စင်းဖုံဆိုရင် ဆရာတော်ဦးဇာဂရရဲ့ သမားစဉ်တပည့်တပန်းပီပီ ပဥ္စင်းလူထွက်ပြီးတဲ့နောက် ဗိန္ဒောဆေးကိုင်တော့ နောင်အခါ ဆေးသမားကောင်းတစ်ယောက်အဖြစ် နာမည်ကျော်ခဲ့ပါတယ်။

သမုဒယနယ်မှာ စုန်ဆန်လူးလာ ကျွန်တော်ဟာ ရွာဘုရား ပထမံဆေးဘုရားလှည့်လည်အပူဇော်ခံတာကို မဖူးမမြော်ရ လွဲချော်နေခဲ့တာ နှစ် (၄၀) လောက် ကြာတောင့်ကြာခဲ့ပါပြီ။ ဒီနှစ်မှာဖြင့် ဖူးဖြစ်အောင် ဖူးမြော်မယ်လို့ သန္နိဋ္ဌာန်ချပြီး ရွာကအစ်ကို မရီးတို့ဆီ ဖုန်းမေးတော့ အရင်လို တစ်ရက်တည်း မဟုတ်ဘဲ ရွာသုံးပိုင်း သုံးရက်အပူဇော်ခံမယ်၊ ပထမရက် အရှေ့ပိုင်း၊ ဒုတိယရက် အပြင်စုပိုင်း၊ တတိယရက် ရွာထဲပိုင်းဆိုတာကို သိရတယ်။

၁၃၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက်၊ (၁၈-၁၂-၂၀၂၀) အင်္ဂါနေ့။

ဓမ္မာရုံဘုရားကျောင်းဆောင်မှ ရွှေရည်ငွေရည်သွန်းလောင်းကာ ပထမံဆေးဘုရားရုပ်ပွားတော်အား ရှေးသိမ်ကြီးအတွင်း ပင့်ဆောင်အပူဇော်ခံထားတာကို ကျွန်တော် အားပါးတရ အထပ်ထပ်အခါခါ ဦးနှိမ်ဝပ်တွားဖူးမြော်ကြည်ညိုရပါတယ်။ အစဉ်အလာအရ ဇလုံကြီးမှဘုရားရေကိုပါ ကျန်းမာသက်ရှည်စွာဖြင့် သူရဋ္ဌမဂ္ဂဇင်းမှာ စာတိုပေစ စာစုကလေးများ ရေးသားနိုင်ပါစေ အဓိဋ္ဌာန်နဲ့ တဝကြီးသောက်ခဲ့ပါသေးတယ်။ အဲဒီနောက် ဆရာတော်သံဃာတော်များထံမှ ဘုရားအကျိုးဆောင်အဖွဲ့ သီလခံယူကြည်ပီး ရောင်စုံဆလိုက်မီး တဖျတ်ဖျတ်တံကဲတော်ကြီးဆင်ယင်ထားရာ လက်တွန်းလှည်းပေါ် ဆေးဘုရားရုပ်ပွားတော်ကို ပင့်ဆောင်တော်မူပါတယ်။ ည (၇း၃၀) ကြေးစည်ကြီးထုသံတဝေဝေနဲ့ ထီးဖြူအုပ်မိုး ပထမံဆေးဘုရားရွာတွင်း ဒေသစာရီ စတင်ကြွချီတော်မူပါတော့တယ်။

ဖြူတ်ခနဲ ကြယ်တစ်ပွင့် ကြွေလွင့်သွား၏
ကြယ်ကြွေမြင်လျှင်
ငယ်ငယ်က လက်ခုပ်လက်ဝါးတီး
ပျော်တတ်သော ကျွန်တော်
ယခုတော့. . . . ။

မောင်စိမ်းထွေး(ထားဝယ်)

ငယ်သူငယ်ချင်းများနှင့် ငယ်ဘဝအမှတ်တရ ရေးသားပါသည်။

အဋ္ဌုန(မန္တလေး)

လေးကျွန်းသာယာ

'မြင်အပ်၊ မမြင်အပ် နှစ်ရပ်များ စွာပုဂ္ဂိုလ်တွေသည် မြင်အပ်တဲ့ပုဂ္ဂိုလ် တွေကို သာမန်မျက်စိဖြင့် မြင်နိုင်သော် လည်း မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေကိုတော့ ကမ္မဋ္ဌာန်းတရားအားထုတ်၍ ထိုက်သင့် သလောက် သီလ၊ သမာဓိ ပြည့်စုံလာ သောအခါ သီလ၊ သမာဓိ၊ စွမ်းအားရှိ သလောက် သာမန်မျက်စိဖြင့် မမြင်နိုင် တဲ့ပုဂ္ဂိုလ်တွေကိုပင် မြင်တွေ့ခွင့်ကြုံ လာရ၏။ ကိုယ်တွေ့ကြုံလာရသော ဆရာတော်မှ ပြောပြလာသောကြောင့် ဤဆောင်းပါးရေးခွင့်ကြုံလာရသည်။

*

စစ်ကိုင်းတောင်ရိုးတွင် ညောင် ကုန်းချောင်ဆိုတာရှိ၏။ အေးချမ်းတဲ့ ပြည်ကျောင်းတိုက် တည်ဆိုသော ကြောင့် ၁၂၇၅ ခုနှစ်၊ ညောင်တုန်းမြို့ ချောင်၊ ဒါယက ဦးရွှေကျိုး၊ ဒေါ်ခင်တို့


လေးကျွန်းချမ်းသာစေတီ

မှတည်ထားခဲ့ကြသည်။ ကျောင်းတိုက် နေရာသည် ဝါးချက်သွားသော ကား လမ်းဘေး ဧရာဝတီမြစ်ကမ်းနဖူးပေါ် တွင်တည်ရှိသောကြောင့် အလွန်ပင် သာယာလှပ၏။ ကျောင်းတိုက် ဧရိယာ သည်လည်း ကျယ်ဝန်းသောကြောင့် ရောက်လာသူမှန်သမျှ စိတ်အေးချမ်း ကြည်နူးမှုကိုပေးစွမ်းနိုင်ပါသည်။

ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဦးတေဇောဘာသ၊ သက်တော် (၇၃)၊ ဝါတော် (၅၃) ဝါ၊ သည် အောက်ပြည်အောက်ရွာ ဇာတိ ဖြစ်သော်လည်း စစ်ကိုင်းတောင်ရိုးကို ငယ်စဉ် ကိုရင်ဘ၀ကပင် စာသင်သား ဘ၀ဖြင့် ရောက်ရှိခဲ့သောကြောင့် စစ် ကိုင်းနှင့်ပတ်သက်၍ ရှေ့မီနောက်မီဖြစ် သောကြောင့် ဗဟုသုတကြွယ်ဝလို့နေ ပြန်၏။ ဆရာတော်သည် ဝါငယ်စဉ်က ရပ်ကျေးသံဃာနာယကအဖြစ် ဆောင် ရွက်ခဲ့သောကြောင့် ကျောင်းတိုက် ဘုရားသမိုင်းများအကြောင်းကို မေး လိုက်ပါက သိနေတာကများသော ကြောင့် စာရေးသူအဲတွက်ရေးစရာကုန် ကြမ်းများစွာရရှိခဲ့တော့သည်။

ဆရာတော်သည် စစ်ကိုင်းတောင် ရိုးဓမ္မစွမ်းရည်(မဟာစည်ရိပ်သာ)ဆရာ တော်နှင့် ငယ်စဉ်ကိုရင်ဘ၀ကပင် စာ လိုက်ဖက်သူငယ်ချင်းများ ဖြစ်နေပြန်၏။ ယခုတိုင်အောင်ပင် ဆရာတော်နှစ်ပါး

လေးကျွန်းသာယာစေတီ

ရွှေပဟောင်းဘုရား

ရွှေပဟောင်းဘုရား(လက်တော်ခြောက်ချောင်း)



ဓာတ်တော်များ

လေးကျွန်းသာယာစေတီအာရုံတန်ဆောင်းအတွင်းမှ ရွှေပဟောင်းရုပ်ပွားတော်

လက်တော်ခြောက်ချောင်း



ညောင်တုန်းဆရာတော်ကြီးဦးတေဇောဘာသ

သည် အချစ်အခင်မပျက်ဘဲ တပူးတွဲတွဲ တွေ့နေရပြန်၏။

ညောင်တုန်းဆရာတော်ကြီးသည် ၂၀၀၁ ခုနှစ်တွင် စစ်ကိုင်းတစ်ဖက်ကမ်းတွင်ရှိသော ရွှေကြက်ယက်၊ ရွာဦးကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သံဃာပရိယတ် ဆောက်တည်ပွဲတွင် သံဃာတော်များ သင့်တတ်သော အာပတ်များပြေပျောက်စေရန် သီလစင်ကြယ်ရန်အတွက် ဝတ်ဆောက်တည်ဖြစ်ခဲ့သည်။ ဝတ်ဆောက်တည်ရင် တရားထိုင်ချိန်များပါပါသောကြောင့် တရားထိုင်နေစဉ် အာရုံထဲတွင် ဘုရား(၃)ဆူ အစဉ်အတိုင်း ကြွရောက်လာတာကို ဖူးတွေ့လိုက်ရ၏။ အလွန်ပင်သပ္ပာယ်လှ၏။ ထိုစဉ်က ဆရာတော်သည် တရားအားထုတ်လို့ အလွန်အဆင်ပြေနေ၏။ ခန္ဓာကိုယ် ပေါ့ပါးလန်းဆန်းကြည်လင်နေ၏။ ထိုအကြောင်းကို ဝတ်ဆောက်တည်တဲ့ဆရာတော်ကြီးတစ်ပါးကိုလျှောက်ထားတော့-

"ကောင်းတယ်။ ဒါပေမယ့် အဲဒီနေရာမှာပဲ မသာယာနေနဲ့၊ သာယာနေရင်း ရှေ့တရားမတက်တော့ဘူး"

မိန့်လိုက်၏။

ထိုအာရုံနိမိတ်ရပြီး မကြာခင်ရက်အတွင်းမှာပင် သာမညမှဆရာတော်တစ်ပါးကြွရောက်လာပြီး မုံရွာကိုကြွရန်အဖော်ခေါ်သဖြင့် လိုက်ဖြစ်ခဲ့ရသည်။ ဗောဓိတစ်ထောင်ကိုဝင် ဖြစ်၏။ မုံရွာရောက်သောအခါ ဝိဇ္ဇာဆေးတိုက်ပိုင်ရှင်ဒကာမကြီးက ရွှေပဟောင်းဘုရားတစ်ဆူကိုပေးလှူလိုက်၏။

ဆရာတော်ကြီးသည် ကားနှင့်သွားသင့်တဲ့ဘုရား၊ ကျောင်းများကို လိုက်ပို့သည့်အပြင် မေးသမျှကိုလည်း စိတ်ရှည်စွာဖြေပေးသောကြောင့် အခွင့်အရေးကို အမိအရယူရတော့သည်။ နောက်ထပ်အစတစ်ခုထွက်လာပြန်၏။

မင်းသားကြီးဇေယျ

မင်းသားကြီး ဇေယျသည် ဆရာတော်ကျောင်းမှာပင် (၂၆) ဝါ သီတင်းသုံးသွားခဲ့တယ်။ မင်းသားကြီး ဇေယျသည် ရန်ကုန်မှာ မနက်ပိုင်းရဟန်းခံ၊ နေ့ပိုင်း လေယာဉ်ပျံနှင့် လာခဲ့သောကြောင့် ညနေပိုင်းမှ စစ်ကိုင်း ညောင်တုန်းချောင်ကိုရောက်ရှိခဲ့သည်။ မင်း



လိုဏ်ဂူတော်



စကြံန်ကျောင်း(ဝါးကျောင်း)

ကိုယ်ထင်ပြသော မမြင်အပ်ပုဂ္ဂိုလ်ကို ရုပ်တုထုလုပ်ထားပုံ



သိမ်မြေညှိရာမှပေါ်လာသော လိုဏ်ဂူ



စံကျောင်းတော်

သားကြီးဇေယျာသည် ရဟန်းဘဝတွင် အနေအထိုင်ကျစ်လစ်၏။ နေ့ခင်းပိုင်း ဂူအတွင်း ညပိုင်းကျောင်းထဲ ရဟန်းတရားကို စာကြိုးစားအားထုတ်ခဲ့၏။ ကြီးမှုရဟန်းဖြစ်၏။ ဖိုးတောလို့ အခေါ်မခံရအောင် ဝိနည်းကိုလေးစား၏။ မြင်းလှည်း၊ ဆိုက်ကားပင် မစီးပေ။ ညောင်တုန်းချောင်မှ မင်းသားကြီးဇေယျ မွေးရပ်မြေ စစ်ကိုင်း ညောင်ကုန်းထိ မြင်းလှည်းဆိုက်ကားမစီးဘဲ ခြေကျင်ကြွ၏။

မင်းသားကြီးဇေယျထံသို့ အနုပညာ၊ စာပေအသိုင်းအဝန်းများကလည်း မကြာခဏရောက်လာလေ့ရှိ၏။ ဆရာကြီး မင်းသိခ်သည်လည်း ဂန္ဓာရီလှည့်ရင်းရောက်ရှိလာခဲ့၏။ မင်းသိခ်သည် ညောင်တုန်းဆရာတော်ကြီးကို ဗေဒင်ဟောပေးခဲ့သည်။ ကျောင်းထဲတွင် ဂူတစ်ခုပေါ်လာမည်။ ထိုဂူထဲတွင် ပုဂ္ဂိုလ်နှစ်ဦး အားထုတ်သွား၏။ တစ်ဦးကပေါက်မြောက်၊ တစ်ဦးမပေါက်မြောက်၊ ရှေးဟောင်းဘုရားတစ်ဆူရောက်လာသည်။ ဓာတ်တော်များကြွလာမည်။

ထိုစဉ်က ဆရာတော်သည် သိမ်သမုတ်ရန် မြေညှိနေ၏။ မြေညှိရင် တောင်ခါးပန်းများကို ဖြိုရင်း၊ ညှိနေရင်း သံတိုင်ထိုးလိုက်သောအခါ အပေါက်တစ်ခုပေါ်လာ၏။ ဒကာမှ ဆရာတော် လျှောက်တတ်သောအခါ ဂူဟောင်းတစ်ခုဖြစ်နေ၏။ ဂူကို တဖြေးဖြေးချင်း ရှင်းလင်းကြ၏။ အတော်သင့်ကျယ်ဝန်းသော ဂူဖြစ်နေရုံမကဘဲ သံတိုသံစများ မီးသွေးခဲများ လုံကွဲများပါတွေ့လိုက်ရသည်။

သိပ်မကြာခင်မှာပင် ရှေးဟောင်းဘုရားတစ်ဆူကြွတော်မူလာပြန်၏။ ထိုဘုရားသည် အောက်ခြေပလ္လင်သည် မီးလောင်ထား၏။ ဘုရားရုပ်တုတော်သည် ရင်ခွင်ပိုက်ထားတဲ့ လက်တော်သည် လက် (၆) ချောင်းဖြစ်နေ၏။ ယခုတိုင်အောင် ဆရာတော်ကျောင်းတွင်ဖူးတွေ့နိုင်ပါသည်။

စစ်ကိုင်းတောင်ရိုးတွင် အင်းဝခေတ် ၁၀၇၆ ခုနှစ်တွင် နန်းတတ်သော တနင်္ဂနွေမင်းကြီးတွင် မိဖုရား (၃) ပါးရှိပါသည်။ တောင်ညာစံ ဒေဝီမဟေသီမိဖုရားကြီးက လေးကျွန်းဆီမီးစေတီ၊ မိဖုရားအလတ် သီရိမဟာဒေဝီက လေးကျွန်းချမ်းသာစေတီ၊ မိဖုရားအငယ် သီရိစန္ဒာဒေဝီက လေးကျွန်းသာယာစေတီတို့ကို အသီးသီးတည်ထားခဲ့ကြ၏။



အဆုတ်ထဲရောင်ခြင်းကို ပျောက်ကင်းစေသောနည်း

ချာယီ

ကျွန်တော်တို့ ခန္ဓာကိုယ်ကြီးသည် သူ့နေရာနှင့်သူ တာဝန်ခွဲဝေအလုပ်လုပ်နေသော ကိုယ်အင်္ဂါအစိတ်အပိုင်းများမှို့ အထူးဂရုမမူပြုနေထိုင်သင့်လှပေသည်။

မိမိတစ်ဦးကောင်း တစ်ယောက်ကောင်း တာဝန်ယူလုပ်ရှားရသကဲ့သို့ အင်္ဂါအစိတ်အပိုင်းတစ်ခုနှင့် အချိတ်အဆက်ယူကာ ကူညီဖြည့်စွက်ရသော သဘောလည်းရှိပေသည်။

ကျွန်တော် ကျောင်းပြီးစဉ်က ပင့်လယ်ပိုင်းတံငါရွာကလေးသို့ တွဲဖက်ကျောင်းဆရာလေးအဖြစ် သွားလုပ်ခဲ့ဖူးသည်။ တစ်နှစ်ခန့်ကြာသော် အဆုတ်ရောဂါရပြီး ပြန်လာခဲ့ရပေသည်။ ကျွန်တော်တို့မျိုးရိုးမှာ အဆုတ်ရောဂါမရှိကြပါ။ ကျွန်တော်လည်း ဆေးလိပ်မသောက်တတ်ပါ။

မိခင်က အထွေထွေကုဆရာများ ပြကြည့်ခိုင်းသော်လည်း မထူးခြားလှ။ သို့သော် နောက်ဆုံးအချိန် ဆေးသမားမထောင်းတာ လူနာမခံချိအချိန်ရောက်မှ ရန်ကုန်မြို့ ရွှေဘုံသာလမ်းမှအထူးကုဆရာကြီးနှင့်ကုမှ ပျောက်ခဲ့ရပေသည်။

လူနာဟူသည် တစ်ခါတစ်ရံ စမ်းသပ်ခံဖားနှယ် ဖြစ်သွားတတ်သည်ကိုလည်း အထူးဂရုပြုသင့်လှသည်။ ဒါက မိမိ၏ကိုယ်တွေ့ပင်။

ယခုမူ မိန်းကလေးသူငယ်ချင်းတစ်ယောက် အဆုတ်ရောဂါ (အဆုတ်ရောင်၊ ရေဝိုင်း) တဲ့ လက္ခဏာနှင့် ကုသခံသော်လည်း မထူးခြားခဲ့ပါ။

မျက်မှောက်ခေတ် ဆေးလောကမှာတိုးတက်သည်မှန်၏။ သို့သော် မပျောက်ကင်းခဲ့။ အောက်ဖော်ပြပါ။ မိရိုးဖလာဆေးမြီးတိုလေးနှင့် ပျောက်ကင်းမှုကိုရရှိခဲ့ပေသည်။ ယခုထိသက်ရှိထင်ရှားအငြိမ်းစားဘဝပင်ရောက်နေပြီဖြစ်သည်။

တစ်နေ့ ကျောင်းနေဖက်သူငယ်ချင်းများဆုံကြရာ-

"ဟေ့ - သူငယ်ချင်း၊ မင်းရောဂါပျောက်သွားပြီလား"

"ဒီမှာရှုလေကွာ"

ဆိုပြီးမိန်းမချင်းမို့ ကိုယ်နေဟန်ထားကိုလှည့်ပြီး (Post) တစ်ခုလုပ်ပြလိုက်သည်။

"မင်းမလည်း ခုထိ မော်ဒယ်လုပ်ချင်နေတုန်းပဲလားကွ"

"ဒါပေါ့ သူငယ်ချင်းတို့ရယ် လူဆိုတာ သန့်ရှင်းလှပမှုပြည့်စုံရမယ်ကွ"

"မင်းပြောတာ ကိုယ်တို့လက်ခံပါတယ်ကွာ။ ကိုယ့်အမျိုးထဲမှာ အစ်မတစ်ယောက် အဆုတ်ထဲ ရေဝင်နေလို့ကွ။ အဲဒါ မင်းပျောက်သွားတဲ့ ဆေးနည်းကလေးပြောပြပါ"

"ဒီလိုဆို သေသေချာချာမှတ်ပါ။ ဆေးက ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး"

"ကွမ်းရွက် ဆယ့်လေးငါးရွက်ကို ရေသန့်အောင်ဆေးပြီး ရေသန့်သန့်နဲ့ အိုးသစ်တစ်လုံးထဲထည့်ပြုပ် အဲဒီအရည်ကို နှစ်တစ်ပတ်လည်အောင်သောက်ပျောက်ရောပေါ့ကွာ"

"တခြား ဘာဆေးသောက်သေးလဲ"

"ငါကတော့ ဒီတစ်မယ်ကို ရေဆာတိုင်းသောက်တာ ဆီးကတော့ရွှင်မှရွှင်ပဲဟေ့"

"နှစ်ခုတော့မှာလိုက်မယ်။ ကွမ်းရွက်ကိုသန့်အောင်ဆေးကြောပြီးမှ အိုးထဲထည့်ဖို့နဲ့ ဆေးသောက်ရာမှာဇွဲရှိဖို့လိုတယ်သူငယ်ချင်း"

"ဟာ - ဒါတော့ ဇွဲရှိရမှာပေါ့ကွာ။ ရောဂါပျောက်ချင်တာကိုး"

"သူငယ်ချင်းအစ်မလည်း အမြန်ဆုံးကျန်းမာပါစေကွာ"

"ကျေးဇူးပါပဲ သူငယ်ချင်းရယ်"

ချာယီ

မှတ်ချက်

ငယ်သူငယ်ချင်း သန်းသန်းထံမှ ဝေငှသော ကိုယ်တွေ့ဆေးနည်းကလေးပါ။ သူ့ခွင့်ပြုချက်ဖြင့် ရေးသားပါသည်။ ကျန်းမာကြပါစေ။

စေတီတော်များသည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်ခံရခြင်း၊ သဘာဝဥတုဒဏ်စသည့်တို့ကြောင့် ပြိုပျက် ခရုံနွယ်များ ဖုံးကာတော့အတိဖြစ်ခဲ့ရသည်။ ညောင်တုန်းဆရာတော်ကြီးသည် ခရုံနွယ်များဖုံးလွှမ်းနေသော လေးကျွန်းသာယာစေတီတော်ကြီးကို ပြုပြင်လိုစိတ်ဖြစ်ပေါ်ခဲ့သည်က ထိုဘုရားကုန်းတော်ပေါ်တွင် (၄၅) ရက်အဓိဋ္ဌာန်ပုတီးစိပ်၏။ တစ်ရက်တွင် ပုတီးစိပ်အပြီး ကုန်းတော်ပေါ်မှ ပြန်ဆင်းအလာတွင် တောင်ဘက်မုခ်တွင် အစိမ်းရောင်ဝမ်းဆက်နှင့် ဆံပင်ကိုပခုံးပေါ်မှရှေ့ကိုချထားသော အလွန်လှပချောမောသော အမျိုးသမီးကိုတွေ့လိုက်ရသည်။ ညနေဆည်းဆာချိန် ခုံတန်းလျားပေါ်တွင် တင်ပါးလွှဲထိုင်နေခြင်းဖြစ်၏။ ဥစ္စာစောင့်တစ်နည်းသိုက်နန်းရှင် မမြင်အပ်တဲ့ ပုဂ္ဂိုလ်ကိုယ်ထင်ရှားပြသလာခြင်း ဖြစ်သည်။ ဆရာတော်သည် ထိုဘုရားများကို ဦးဆောင်ပြုပြင်ခဲ့ရာအောင်မြင်ချောမွေ့ခဲ့ပါသည်။ ယခုတိုင်လေးကျွန်းသာယာစေတီတော်ကြီးကို သပ္ပာယ်စွာ ဖူးမြော်ခွင့်ရရှိနိုင်တော့သည်။

လေးကျွန်းသာယာ စေတီတော်သည် စစ်ကိုင်းတောင်ရိုး ဇရပ်ဖြူဆိပ်ကမ်းအနီး ပိုလ်ဂွာလေးကျောင်း၏အရှေ့ဘက် စစ်ကိုင်း-မင်းကွန်းကားလမ်းဘေးတွင်တည်ရှိပါသည်။ တနင်္ဂနွေမင်းကြီး၏အငယ်ဆုံးမိဖုရား၊ စနေမင်းတရားကြီး၏သမီးတော် သီရိစန္ဒာဒေဝီမိဖုရား၏ ကောင်းမှုတော်ပင် ဖြစ်တော့သည်။ မိဖုရားများသည် စေတီတော်များကို ပုံစံတူတည်ထားခဲ့ကြသည်။ ရာထူးအနိမ့်အမြင့်အလိုက်၊ တောင်အနိမ့်အမြင့် စေတီများကို ရွေးချယ်တည်ထားခဲ့ကြသည်။ လေးကျွန်းဆီမီး ဘုရားဒကာ တနင်္ဂနွေမင်းတရားကြီးကို ဦးခိုက်သည့်အနေအထားဖြင့် စေတီဘွဲ့အမည်များရှေ့တွင် လေးကျွန်းဆိုသည့် ဝေါဟာရကိုပါ ထည့်သွင်းခဲ့ကြသည်။ စေတီတော်ပုံစံများသည် ကောင်းမှုတော်ဘုရားပုံစံကဲ့သို့ ဖူးမြင်နိုင်ကြောင်း ရေးသားလိုက်ရတော့သည်။

အဇ္ဈန်(မန္တလေး)

ဦးမြန်မာ

ဗားမဲ့ဆရာတော်ဖြစ်စဉ်နှင့် ဘေားရန်ကင်းဝိဇ္ဇာဓရဗျည်းအင်း

မြန်မာနိုင်ငံတွင် ဘုရားသာသနာတော်နှစ်ထောင်ကျော်စ ခါသမယ၌ လောကီအတတ်ဖြစ်သော အလုံးစုံသော အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တယား၊ ဆေးဝါးအတတ်၊ လုပ်ယပ်ဝိဇ္ဇာအတတ်တို့ကို တစ်ဖက်ကမ်းခပ်တတ်မြောက်သော ဗားမဲ့ဆရာတော်ဟူသော မင်းဆရာပုဂ္ဂိုလ်ကျော်ပေါ် ထွန်းခဲ့ပါသည်။

ဗားမဲ့ဆရာတော်သည် သက္ကရာဇ် ၉၃၃ ခုနှစ်တွင်ဖွားမြင်တော်မူခဲ့ပါသည်။ ဟံသာဝတီပြည်ကြီး၌ ရှင်သာမဏေပြု၍ စာပေပိဋကတ်တို့ကို သင်ကြားနေတော်မူခဲ့ပါသည်။ ဘွဲ့တော်မှာရှင်နန္ဒသာရဖြစ်ပါသည်။ တစ်နေ့တွင် ဗားမဲ့ဆရာတော်လောင်းလျာသာမဏေသည် ဟံသာဝတီမြစ်ကမ်းသို့ ကြွရောက်ခဲ့ရာတွင် သူရူးတစ်ယောက်နှင့် တွေ့စဉ်အခိုက်မှာပင် မြစ်လယ်၌ မိချောင်းတစ်ကောင်သည် ကြေးနီပရပိုက်တစ်ခုကိုကိုက်လျက် ဘွားခနဲပေါ် လာပြီး ကမ်းခြေသို့ ကူးလာနေလေသည်။

ထိုအခါ သာမဏေသည် သူရူးအား မိချောင်းချီလာသောကြေးနီပရပိုက်ကိုယူပေးပါဟုဆိုလျှင် သူရူးသည်အပြေးဆင်း၍ ပရပိုက်ကို မိချောင်း ပါးစပ်မှလုယူခဲ့ကာ သာမဏေအားပေးလေသည်။ သာမဏေလည်း ကြေးနီပရပိုက်ကိုကြည့်ရာ အချို့သော ပညာရပ်များကိုသာသိ၍ အချို့သော ပညာရပ်များကိုနားမလည်၍ စုံစမ်းမေးမြန်း၍သိအောင်လေ့လာခဲ့ရာ တစ်နှစ်ကြာလွန်ခဲ့လေသည်။ ထို့နောက်တွင် သာမဏေသည် ဟံသာဝတီမြို့ရှေ့လေးထပ် ဆရာတော်ကျောင်းတွင် ရဟန်းပြုခဲ့လေသည်။

ဝိဇ္ဇာဓရဗျည်းအင်း

ဗားမဲ့ဆရာတော်ဝိဇ္ဇာမိုရ်နှင့်တွေ့ခြင်း

တစ်နေ့သ၌ ဗားမဲ့ဆရာတော်လောင်းလျာ ရဟန်းပျိုအရှင်နန္ဒသာရသည် အင်ကြင်းပင်အောက်ရှိ ဝါးကျောင်းငယ်တွင် မိမိအားထုတ်နေကျ ဗုဒ္ဓာနုဿတိကမ္မဋ္ဌာန်းကို ပွားများ၍နေတော်မူစဉ် အလွန်မွှေးကြိုင်သောရနံ့နှင့်အတူ ဒကာတစ်ယောက်ဝင်ရောက်ရှိခိုးလေသည်။ ထိုအခါ ရဟန်းတော်ကဘယ်သူလဲဟု မေးရာ တပည့်တော်သည် ဝိဇ္ဇာမိုရ်ယောက်ျားပါဟု ထိုသူကဆို၏။ ရဟန်းတော်က ထိုသူအားအမည်၊ နေရပ်တို့ကို မေးရာ ဝိဇ္ဇာမိုရ်ကသူ၏အမည်မှာ မဟာသိဒ္ဓိမည်ကြောင်းနှင့် နေထိုင်ရာနှင့်တကွ မေးသမျှကို ဖြေကြားလျှောက်ထားလေသည်။

ဝိဇ္ဇာမိုရ်ကနေထိုင်ရာကိုလျှောက်ထားရာ၌ ထူးဆန်းအံ့သြဖွယ်တောင်းသောတန်ခိုးသတ္တိရှိသော ဆေးပင်များပေါက်သည့်နေရာ သိရှိရက္ခမည်သောတောင်၌နေပါကြောင်း၊ ထိုတောင်၏အနီးတွင် ဂန္ဓမာဒနတောင်ရှိကြောင်း၊ ထိုတောင်၌ ရွှေဂူ-ငွေဂူစသည်တို့ရှိကြောင်း ထိုတောင်အနီး၌ အနောတတ်ရေအိုင်ရှိ၍ ထိုရေအိုင်သည် ဥတုသုံးပါးလုံးနေရောင်မရောက်ကြောင်း ထိုရေအိုင်တွင် တန်ခိုးကြီးမားသော နဂါး၊ ဂဠုန်မှစ၍ ဝိဇ္ဇာမိုရ်ယောက်ျားများနှင့် အချို့နတ်များ ရေမိုးသုံးသပ်ပျော်ပါးကြကြောင်း တပည့်တော်များသည် အစာအာဟာရစားသုံးလိုသောအခါ ဇမ္ဗုသပြေသီးနှင့်အဗ္ဗုန္တရမည်သော သရက်သီးများကိုစားသုံးကြပါသည်။ ထိုအသီးများသည်အိုးစရည်းကြီးခန့်ကြီးမား၍ အနံ့အရသာလွန်စွာကောင်းမွန်လှပါသည်။ ထိုအသီးများကို စားရ၍တပည့်တော်၏ကိုယ်နံ့များလည်း မွှေးကြိုင်ပါသည်။ အလွန်ပေါ့ပါးသော ကိုယ်လည်းရှိပါ

သည်ဟူ၍လျှောက်ထားလေသည်။

ထိုအခါ ရဟန်းတော်က ဒကာသည် ဤနေရာသို့ အဘယ်ကြောင်းကြောင့် လာပါသနည်းဟု မိန့်ရာတွင် ဝိဇ္ဇာမိုရ်ရိက အရှင်ဘုရားနှင့်တပည့်တော်သည် လွန်ခဲ့သောဘဝက ညီအစ်ကိုအရင်းဖြစ်ခဲ့ဖူး၍ ရွှေပေကို လှူဒါန်းရန် လာခြင်းဖြစ်ပါသည်။ ဤရွှေပေပါပညာရပ်များကို လိုက်စားတော်မူပါက အလိုတော်ရှိသမျှ ပြည့်ဝပါလိမ့်မည်ဟု လျှောက်ထားလေသည်။ ဤတွင် ရဟန်းတော်သည် မိချောင်းပါးစပ်မှရခဲ့သောကြေးနီပုရပိုက်ကိုပြ၍ သိလိုသောအရာများကို မေးမြန်းရာ ဝိဇ္ဇာမိုရ်ရိက တပည့်တော်သည် အရှင်ဘုရားအား သင်ကြားပေးရန် အချိန်မရနိုင်ပါ။ ပုပ္ပားတောင်၏အရှေ့ဘက်တွင် ကျောက်ဂူရှိပါသည်။ ထိုကျောက်ဂူတွင် နေသော အင်းဘီလူးထံသို့ အမဲသားတုံးငယ်လေးများယူကာ ကြွသွားပြီးလျှင် အင်းဘီလူးမင်းအမဲသားစားမည်လောဟု မေးပါ။ စားမည်ဟုပြောပါလိမ့်မည်၊ စားချင်လျှင် ပါးစပ်ဟာဆိုလျှင်ဟပါလိမ့်မည်။ ခပ်လှမ်းလှမ်းမှနေ၍ အမဲသားကို ပစ်၍ပေးပါ။ ဘီလူး၏ပါးစပ်တွင်းသို့ရောက်၍ စားနေသောအခါ အလိုရှိသမျှမေးပါပြောပြပါလိမ့်မည်။ နောက်ဆုံးတွင် အမဲသားတုံးကြီးကြီးကိုပစ်ပေးထားပြီးလျှင် အလျင်အမြန်ပြန်၍ ကြွတော်မူပါဟုလျှောက်ထားလေသည်။

ထိုအခါ ရဟန်းတော်က ကျေးဇူးတင်စကားပြောပြီး မိန့်ကြားသည်မှာ လွန်ခဲ့သောဘဝက ညီအစ်ကိုတော်သည်ဆိုရာမှာ ကြာမြင့်လှလေပြီ။ ယခုမှ လာရောက်ထောက်ပံ့သည်မှာ မေ့လျော့နေဟန်ရှိသည်ဟု မိန့်ဆိုလေသည်။ ဝိဇ္ဇာမိုရ်ရိက မေ့လျော့၍နေသည်မဟုတ်ပါ။ ဤသို့ လူတို့နေရာသို့လာရခြင်းမှာ လွန်စွာဝန်လေးလှပါသည်။ ဘုန်းကံကြီးသောသူများထံသို့ဖြစ်စေ၊ သီလသမာဓိစသောဂုဏ်ရှိသူများထံသို့ဖြစ်စေ၊ ဤသို့သောပုဂ္ဂိုလ်များထံသို့သာ လာရောက်လိုစိတ်ရှိပါသည်။ အရှင်ဘုရားမှာသီလ၊ သိက္ခာစင်ကြယ်စွာ ရှိနေခြင်းကြောင့် သာလာလိုရောက်လိုသော စိတ်ရှိ၍ လာရောက်ခြင်း ဖြစ်ပါသည်ဘုရားဟု အလုံးစုံလျှောက်ထားပြီး ဆင်းသက်ပြန်သွားလေတော့သည်။

ဗားမဲ့ဆရာတော်လောင်းလျာ အင်းဘီလူးထံသွားခြင်း

တစ်နေ့တွင် ဗားမဲ့ဆရာတော်လောင်းလျာ အရှင်နန္ဒသာရသည် တပည့်ဖြစ်သည့် ရှင်မုံယိုမည်သော သာမဏေတစ်ပါးကိုခေါ်၍ ပုပ္ပားတောင်သို့ သွားရောက်ကြလေသည်။ ဝိဇ္ဇာမိုရ်ရိယောက်ျား ပြောသွားသည့်အတိုင်း အင်းဘီလူးနှင့်တွေ့ပြီး မှာကြားသည့်စကားအတိုင်း ဆောင်ရွက်ပြီးပြန်ခဲ့ကြသည်။ မကြာမီပင် လိုအင်ဆန္ဒပြည့်ဝတော်မူလေသည်။

ဤသို့ပုပ္ပားတောင်သို့ ဟံသာဝတီမြို့သို့ ပြန်ရောက်ကြပြီးလျှင် ဗားမဲ့ဆရာတော်လောင်းလျာ ရဟန်းတော်သည် အရပ်ရပ်သော လောကီပညာများကို လိုက်စားတော်မူခဲ့သည်။ နေကြောက်အင်း၊ လကြောက်အင်း၊ သံပေါက်အင်းစသည်တို့နှင့် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မနသိဒ္ဓိ၊ ရှိန်းဆာယာကိုယ်ပျောက်အတတ်၊ သက်ပြောင်းကိုယ်ခွာစသော လောကီဆိုင်ရာအတတ်များကိုလည်း ထမြောက်အောင်မြင်တော်မူကြောင်း ပြည်သူအများသိကြ၍ ဗားမဲ့ဆရာတော်ဟူ၍ အလွန်ထင်ရှားကျော်ကြားလေသည်။

ဗားမဲ့ဆရာတော်၏အစွမ်း

တစ်ရံခါသော် တိုင်းပြည်၌မအေးချမ်း၊ ကာလသောင်းကျန်းခြင်း၊ အနိုင်အထက်များခြင်း၊ မိုးလေမဖြောင့်မှန်ခြင်းကြောင့်ဆန်ရေစပါးရှားပါးခြင်း၊ ငတ်မွတ်ခြင်းစသည်တို့ကြောင့် စိုးရွံ့ထိတ်လန့်ဖွယ်ဖြစ်ခဲ့၏။ ထိုအခါ ငါးဆူဒါယကာမင်းကြီးသည် ဤသို့ဖြစ်သည့်အကြောင်းတို့ကို သိလိုသောကြောင့် ဗားမဲ့၊ ဗားမြွက်၊ ဗားတမွတ်၊ ဗားတမော့ဆရာတော်တို့ကို နန်းတော်သို့ပင့်၍ လျှောက်ထားလေသည်။

ထိုအခါ ဗားမဲ့ဆရာတော်ဒါယကာမင်းကြီးသာသနာကို သိကြားမင်းစောင့်သည်မဟုတ်လော။ သိကြားမင်းကိုမေးမှသာသိနိုင်ပေမည်ဟု မိန့်တော်မူသည်။ မင်းကြီးက သိကြားမင်းနှင့်တွေ့၍မေးရန် အလွန်ခက်ခဲလှပါသည်ဟုဆိုလျှင် ဗားမဲ့ဆရာတော်က မင်းကြီးမစိုးရိမ်နှင့်၊ သိကြားမင်းနှင့်တွေ့ရန်ငါတို့တာဝန်ထားပါ။ မြို့ထိပ်တွင် တန်ဆောင်း၊ မဏ္ဍပ်၊ ရာဇပလ္လင်နှင့်ဆောက်ပါ။ သိကြားမင်း ဆင်းလာစေပါမည်။ သိကြားမင်းသည် စကားများစွာမဆိုအလိုရှိရာစကားသုံးခွန်းသာလျှင်မေးပေလော့ဟုမိန့်တော်မူလေသည်။

ဗားမဲ့ဆရာတော်၏ အစီအမံအတိုင်း သိကြားမင်းဆင်းလာသောအခါ ငါးဆူဒါယကာမင်းကြီးက- သိကြားမင်းအား-

"တာဝတိံသာနှင့် လူ့ပြည်ယူဇနာ ရှစ်သောင်းလေးထောင် ကွာသည်ကို မည်သည့်အချိန်က ကြွလာပါသနည်း"

ဟုမေးလျှင်-

"နတ်တို့ အာနုဘော်ကြောင့် တစ်ခဏဖြင့် ရောက်နိုင်ပါသည်"

ဟုဖြေ၏။

"သိကြားမင်း ချမ်းသာပါ၏လော"

ဟုမင်းကြီးကမေးလျှင်-

"လူမင်းတို့၏ မေတ္တာကြောင့် ကျန်းခံ့သာပါသည်"

ဟု သိကြားမင်းဖြေ၏။

"သုစိတာ၊ သုမာလာစသော မိဖုရားတို့ကျန်းမာပါ၏လော"

ဟု မေးပြန်ရာ -

"လူမင်းတို့၏ မေတ္တာကြောင့် ကျန်းခံ့သာပါ၏"

ဟုဖြေဆိုပြီးလျှင် စကားသုံးခွန်းပြည့်ရာ သိကြားမင်း ကွယ်ပျောက်သွားလေတော့သည်။ မင်းကြီးလည်းဆေးဝါးမန္တရားဖြင့် စီရင်ခြင်းဖြစ်၍ အမျက်ထွက်ပြီးလျှင် ထိုကဲ့သို့ လောကီပညာများကိုသာလိုက်စားကြောင့် ငါးဆူဒါယကာမင်းကြီးကြားသိသဖြင့် ရဟန်းတို့၏ကျင့်ဝတ်နှင့် မညီဆို၍ ဗားမဲ့ဆရာတော်အား ညောင်ရမ်းသို့ပို့လေသည်။

သက္ကရာဇ် ၉၅၅ ခုနှစ်၌ ညောင်ရမ်းမြို့သို့ရောက်ရာ မင်းရဲနန္ဒမိတ်အမည်ရှိသော ညောင်ရမ်းမင်းသည် ရဟန်းတော်အရှင်နန္ဒသာရ၏အတ္တုပတ္တိနှင့်ပညာများကိုကြားသိလေရာ အားရတော်မူလှ၍ နန္ဒသာရကဝိဓဇဟူသောဘွဲ့တံဆိပ်တော်ကပ်လှူ၍ ကျောင်းဆောက်ကိုးကွယ်ရာ ဗားမဲ့ဆရာတော်ဟုထင်ရှားမူလေသည်။

ထို့နောက် ညောင်ရမ်းမင်းက ယခုအခါ ဟံသာဝတီ၊ ညောင်ရမ်း၊ အင်းဝ ဤသုံးရပ်တွင် မည်သည့်အရပ်၌ ထီးနန်းတည်သော် သင့်လျော်ပါမည်ကို လျှောက်ထားရာ ဆရာတော်က အခြေအနေအကြောင်းခြင်းတို့ကို ထောက်ရှုဆင်ခြင်ပြီးလျှင် အင်းဝသည် ရာဇဌာနီဖြစ်သည့်ကျယ်ဝန်းသော အနေအထားကောင်းသည်။ ထို့ကြောင့် အင်းဝကို အခြေပြုလေဟုမိန့်ဆိုလေသည်။

ဤသို့အားဖြင့် အမှုထမ်းအရာထမ်းတို့ကို စုရုံးလျက် ဆရာတော်သည် အလံ၊ တံ၊ မောင်း၊ ဆင်၊ တံခွန်၊ စည်ကြီး၊ ခွက်တွင်းစသည်တို့တွင် အထူးထူးသော အင်း၊ အိုင်၊ မန္တန်ဂါထာတို့ဖြင့် ရေးသား

စီရင်၍ ၉၅၉ ခု၊ ဝါခေါင်လဆန်း (၂) ရက်၊ တနင်္လာနေ့တွင် အင်းဝသို့ချီတော်မူရာ လမ်းခရီး ဆီးတောအရပ်၌ ယာယီတဲနန်းကို မီးတောက်လောင်ရာတွင် ဗားမဲ့ဆရာတော်က မင်းသည်မီးတောက်မီးလျှံကဲ့သို့ဘုန်းကံကြီး၍ သက်တော်ရှည်မည်ဟူ၍နိမိတ်ဖတ်ခဲ့လေသည်။

ဗားမဲ့ဆရာတော်၏အစီအရင်ဖြင့် တံတားဦး မင်္ဂလာစေတီအနောက်တွင် မြို့သမုတ်ကာ အင်းအိုင်ဂါထာအမျိုးမျိုး စီရင်၍မြို့တည်တော်မူခဲ့ပါသည်။

ဗားမဲ့ဆရာတော်၏လောကီပညာစွမ်းများ

တစ်နေ့သ၌ မိုးကုတ်ကျပ်ပြင်က ဆက်လာသည့်ကျောက်များကို မင်း၏ရာဖြတ်တို့က အဖိုးဖြတ်ဆိုနေစဉ်တွင် ဗားမဲ့ဆရာတော် နန်းတော်သို့ကြွလာသည်နှင့်ကြုံလေသည်။ ဆရာတော်က ရာဖြတ်တို့အား ငါ့မှာသမ္ဘရာသီခြမ်းခန့်ကျောက်နီတစ်လုံးရှိသည်။ ရာဖြတ်တို့လာ၍ တန်ဖိုးဖြတ်ဆိုလှည့်ပါဟု မိန့်ဆို၍ကျောင်းသို့ပြန်ကြွသွားလေသည်။

သုံးရက်ခန့်ကြာလျှင် ရာဖြတ်တို့သည် ဆရာတော်ထံ ရောက်လာလျှင် ဆရာတော်လည်း မေ့လျော့နေသည်နှင့် ကျောင်းဝန်းအတွင်းရှိ သံပရာပင်မှ သံပရာသီးကိုခူးစေပြီးလျှင် ခြမ်းစေပြီးမှ သံပရာသီးတစ်ခြမ်းကို မန္တန်စုတ်လေရာ သွေးအဆင်းရဲရဲနီသော ပတ္တမြားကြီးဖြစ်လာလေသည်။ ထိုပတ္တမြားကို ရာဖြတ်တို့အား အဖိုးမည်မျှထိုက်သည်ကိုဖြတ်စေရာတွင် ရာဖြတ်တို့သည် အံ့သြကြီးစွာဖြင့် ဤမျှကောင်းသောကျောက်မျိုး နန်းတော်တွင်မရှိပါ။ အဖိုးမဖြတ်ဝံ့ပါဟု လျှောက်ကြသည်။ အတန်ကြာသောအခါတွင် ထိုသူတို့ရှေ့မှာပင် ထိုပတ္တမြားကို ရေမန်းနှင့်ဖြန်းလိုက်သောအခါ သံပရာခြမ်းပင် ပြန်ဖြစ်သွားလေရာ ထိုရာဖြတ်တို့မှာ အလွန်တရာအံ့သြခြင်းကြီးစွာဖြစ်ကြရလေသည်။

တစ်နေ့သ၌ သုသာန်တွင်စီရင်ရန်ထားသော ရာဇဝတ်သားသုံးယောက်ကို ဗားမဲ့ဆရာတော်သည် စစ်ကိုင်းမှအပြန်တွင်တွေ့မြင်လျှင် မင်းတို့သုံးယောက်ကို ငါကယ်မည်။ ကွမ်းတစ်ရာစီ စားကြဟု မိန့်ကာ ကွမ်းပေးပြီး ကျောင်းသို့ပြန်ခဲ့လေသည်။ ထိုရာဇဝတ်သားသုံးယောက်လည်း ဆရာတော်နုတ်ယူလာခဲ့သည်ဟု မျှော်လင့် တောင့်တနေကြလေသည်။ အချိန်ကုန်၍ နုတ်ယူသူမလာသောကြောင့် သူသတ်တို့လည်း ထိုသူသုံးယောက်အား စီရင်လိုက်လေသည်။ ထိုသေသူသုံးယောက်တို့သည် စိတ်စောလျက်ရှိနေရာ ညအခါတွင် ဆရာတော်ကျောင်းသို့ရောက်လာပြီးလျှင် တပည့်တော်တို့ကို ကယ်မတော်မူပါဟု ဆိုလာကြသည်။ ထိုအခါ ဆရာတော်က စလောင်းတွင် ထမင်းကိုမန်း၍ပေးပြီး ချည်မန်းကွင်းစွပ်လိုက်ပြီး ငါအလိုရှိသောအခါခေါ်လျှင်လာ၍ ခိုင်းစေသည်ကို ပြုလုပ်ရမည်ဟုမိန့်ရာ ထိုသုံးယောက်လည်း ဆောင်ရွက်ပေးလေ၏။

တစ်ခါတွင် ဗားမဲ့ဆရာတော်သည် ကိုယ်ပျောက်ဆေးကို စမ်းသပ်ရာတွင် တပည့်တစ်ယောက်၏နဖူးတွင် ဆေးကို မှန်ကူကွက်ရေးပြီး ဘုရင်၏ပွဲတော်တည်ရာ ထမင်းအိုးကိုခူး၍စားစေသည်။ ပြန်လာသောအခါ ဆရာတော်က အကျိုးအကြောင်း မေးမြန်းရာ တပည့်က ဆေးတန်ခိုးကြောင့် မည်သူမျှအားမမြင်ကြောင်း၊ မင်းကြီးက ပွဲတော်ထမင်းကုန်လွယ်လှသည်ဟုဆိုကြောင်း မင်းကြီးလည်းစား၍မဝ၊ မိမိလည်းမဝကြောင်း လျှောက်ထားလေသည်။

ထို့နောက်တွင် ဆရာတော်က တပည့်အား နန်းတော်သို့နောက်ထပ်မသွားနှင့်တော့ဟု မိန့်လေသည်။ သို့သော် တပည့်ဖြစ်သူသည် မနာခံဘဲ ဆေးကို ခိုးယူလိမ်းကျံပြီး နန်းတော်သို့သွားကာ ဘုရင့်စားတော်ပွဲကို သွားရောက်စားပြန်သည်။ ဘုရင်က စားပွဲတော်နှင့်စပ်လျဉ်း၍ မသင်္ကာသောကြောင့် ဆရာတော်ထံ မင်းချင်းကိုစေ၍မေး၏။ ဆရာတော်က ပွဲတော်ထမင်းအနည်းငယ်ခူးယူပြီး ကျန်သည့်ထမင်းတွင် ငရုတ်မှုန့်ကိုထည့်လေ ဟင်းတွင်လည်း ငရုတ်စပ်လှအောင်ထည့်လေဟု မိန့်ဆိုလိုက်လေသည်။

ဆရာတော်မိန့်သည့်အတိုင်း စီရင်ထားသော စားပွဲတော်ကို ထိုသူယူစားသောအခါ ငရုတ်စပ်၍ချွေးများစွာထွက်ရာ နဖူး၌လိမ်းထားသေး ဆေးပြယ်၍ကိုယ်မပျောက်တော့ဘဲ ပေါ်လာသောအခါ ဖမ်းယူစစ်ဆေးလျှင် ဆရာတော်ခိုင်းကြောင်းဆိုသဖြင့် စုံစမ်းစေရာ တစ်ကြိမ်ဆေးစစ်ခိုင်းသည်မှာ မှန်ကြောင်း၊ နောက်အကြိမ်တို့၌ သူ့သဘောအလျောက် ခိုးစားဟန်တူသည်။ ချမ်းသာပါစေတော့ဟု လွှတ်လိုက်လေသည်။

သက္ကရာဇ် ၉၆၇ ခုတွင် ညောင်ရမ်းမင်းနတ်ရွာစံ၍ အနောက်ဘက်လွန်မင်းလက်ထက်တွင်လည်း ဗားမဲ့ဆရာတော်အား ဆည်းကပ်အားထားကိုးကွယ်ခဲ့သည်။ မဟာဓမ္မရာဇာမည်သော အနောက်ဖက်လွန်မင်းတရားကြီးသည် ဗားမဲ့ဆရာတော်အား အလွန်သဒ္ဓါကြည်ညိုတော်မူလှ၍ နတ်၏ဗိမာန်တမျှကောင်းမွန်လှသော လေးထပ်ရွှေကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ဗားမဲ့ဆရာတော်စီရင်သော ဝိဇ္ဇာဓရဗျည်းအင်း

နောက်မကြာမီတွင် ကျောင်းအနီးရှိ ဒါယကာတစ်ယောက်မှာ ပစ္စည်းဥစ္စာလွန်စွာပျက်ပြား၍ မကောင်းသောပယောဂများ ပါဝင်နှောင့်ယှက် စိတ်ကတောက်ကတက်ဖြစ်နေရာ များစွာသောသမားကျော်သမားကောင်းတို့နှင့် ကုသစောင့်ရှောက်ပါသော်လည်း သက်သာချမ်းသာခွင့်မရ၍ ဆရာတော်ထံခေါ်လာရာ ဖော်ပြပါ ဝိဇ္ဇာဓရဗျည်းအင်းကို ပြာချ၍သောက်သဖြင့် ပကတိပျောက်ကင်းကြောင်း၊ နောက်၌ ထိုအင်းကိုပင်ချ၍ မိမိအိမ်၌ ဆွဲကပ်ထားစေရာ အကြံအစည်အောင်မြင်၍ နတ်လူအများချစ်ခင်ကြောင်း သိသာထင်ရှားကျော်ကြားခဲ့ပါသည်။

ဖော်ပြပါ ဝိဇ္ဇာဓရဗျည်းအင်းကို စက္ကူတွင်ချ၊ ပြာပြု၍သောက်သော် ပယောဂမှန်သမျှ ပြေပျောက်ကြောင်း ထိုအင်းပုံရေး၍ မှန်အောင်သွင်းပြီးလျှင် မိမိတို့အိမ်ဗိမာန်၌ထားသော် ဘေးရန်ဟူသမျှကင်းကြောင်း၊ ခေါင်းအုံးအောက်တွင်ထား၍အိပ်သော် နတ်များကကူညီကြောင်း ကောင်းသောအိပ်မက်ပေးကြောင်း မိမိတို့အမြဲနေရာတွင် ပိတန်ကျက်၍ထားသော် ကြံသမျှပြီးစီးကြောင်း ဘေးဘယာရောဂါကင်းပကောင်းကျိုးချမ်းသာ ရစေနိုင်သော ဗျည်းအင်းဖြစ်ကြောင်း ဗားမဲ့ဆရာတော်ဘုရားကြီး၏ မဟာသိဒ္ဓိကျမ်းရင်းကြီး၌လာရှိသည်ကို ဖော်ထုတ်တင်ပြအပ်ပါသည်။

ဦးမြန်မာ

ကျမ်းကိုး

၁။ မဟာသိဒ္ဓိကျမ်းရင်းကြီး။

၂။ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ၊ ပထမပိုင်းအမျိုးသားပညာဝန်ဦးဖိုးကျား။

၃။ ကိုယ်ပိုင်မှတ်စု။

ချင်းတွင်းမြစ်ကမ်းနဖူး၊ ကလေးဝမြို့ဦးကုန်းမြင့်သာပေါ်က

သာသနာ့သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်

မောင်မိုးအောင်(ဆားလင်းကြီး)

ကလေးဝမြို့က ချင်းတွင်းမြစ်ကမ်း အနောက်ဘက်ကမ်းမှာရှိသည့်မြို့ဖြစ်သည်။ ချင်းတွင်းမြစ်ကမ်း မြို့ရွာများအား အထက်ချင်းတွင်း၊ အောက်ချင်းတွင်းဟု ခွဲခြားသတ်မှတ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့မှာ အထက်ချင်းတွင်းဒေသတွင်ပါဝင်သည်။

၁၉၆၇ ခုနှစ်က၊ ကလေးဝမြို့ကို စတင်ရောက်ဖူးသည်။ ချင်းတွင်းဒေသ တံခါးဝမြို့တော် မုံရွာမြို့က ရေလမ်းခရီးအတိုင်း ချင်းတွင်းမြစ်ကို သင်္ဘောဖြင့် သွားရသည့်ခေတ်ကာလမှာ ဖြစ်သည်။ ထိုစဉ်က ချင်းတွင်းမြစ်မှာသဘာဝအလှတွေအလျှံပယ်ရှိနေသေးသည်။ မြစ်ပြင်ကျယ်သည် မိုးတွင်းကာလမှလွဲ၍ ရေကကြည်လင်သန့်ရှင်းသည်။

မြစ်ကမ်းဝဲယာနှစ်ဖက်မှာစိုက်ခင်းစိမ်းစိမ်း၊ စိမ်းညို့တောင်တန်း၊ သစ်တောဝါးတောကြီးများရှိနေသဖြင့် ကမ်းဘေးတစ်လျှောက် မြင်ကွင်းများက ရှုမငြီးမြင်ကွင်းများချည်းပင်။

ကမ်းဘေးရှိ ကျေးရွာများမှာလည်း ပုံမှန်သင်္ဘောနှင့် စျေးမော်တော်များကိုသာ အားကိုးအားထားပြုကြရသဖြင့် သင်္ဘောကြီးဆိုက်ကပ်ရပ်နားရက်များမှာ တစ်ရွာလုံးထွက်ကြည့်ကြ၊ ဆီးကြိုကြနှင့် အညာဒေသသဘာဝများကို ထင်ဟပ်စေသည်။

မုံရွာကလေးဝ ရေမိုင် (၁၄၇)မိုင်သာရှိသော်လည်း မုံရွာက မနက်ခင်းပိုင်းထွက်သည့်အညာဆန်သင်္ဘောကြီးမှာလမ်းမှာတစ်ညအိပ်ပြီးမှသာ ကလေးဝသို့ရောက်သည်။

ကလေးဝမြို့မှာ ထိုစဉ်ကအထက်ချင်းတွင်းဒေသ အချက်အချာကျသည့်မြို့ဖြစ်သည်။ ကလေးလွင်ပြင်၊ ကဘော်ချိုင့်ဝှမ်းနှင့်ချင်းတောင်မြောက်ပိုင်း မြို့ရွာများ၏ပင်မတံခါးဝမြို့ ဖြစ်သည်။ အဆိုပါဒေသများက အဓိကဆက်သွယ်သွားလာရသည့်မြို့မှာ မုံရွာဖြစ်သည်။ မုံရွာမြို့မှတစ်ဆင့်သာ မန္တလေး၊ ရန်ကုန်အပါအဝင်မြို့များကို သွားလာနိုင်သည့်ခေတ်ကာလတစ်ခုဖြစ်သည်။

မုံရွာမြို့ကိုသွားမည်ပါက အထက်ချင်းတွင်းဒေသ တံခါးဝမြို့ဖြစ်သော ကလေးဝမြို့မှသွားလာနိုင်သည်။ ထိုစဉ်အခါက ကလေးမြို့မှာ လေယာဉ်ကွင်းရှိသော်လည်း ခရီးသည်တိုင်းသွားဖို့မလွယ်။ ကားဖြင့်သွားမည်ဆိုပါကလည်း ကားလမ်းကမရှိသေး။ ရှိပြီးဖြစ်သည့် မုံရွာ-ရေဦး-ကလေးဝလမ်းကလည်းကားသွားလာဖို့ အလွန်ပင် ခက်ခဲလှသည်။ ဒီတော့ ကလေးဝ-မုံရွာရေလမ်းခရီးမှာ ဒေသတွင်းနေထိုင်သူများ၏ အချက်အချာတစ်ခုဖြစ်နေတော့သည်။

ခရီးသည်သာမက ကုန်စည်ပို့ဆောင်ရေး၊ ရောင်းရေးဝယ်ရေးမှာ ချင်းတွင်းရေလမ်းသာ အဓိကဖြစ်နေသဖြင့် ကလေးဝမြို့မှာ နေ့ရောညပါ ခရီးသွားများနားခိုရာမြို့ ဖြစ်သည်။



ချင်းတွင်းမြစ်ကမ်းနဖူး ကုန်းမြင့်သာပေါ်က ရွှေမုဋ္ဌောစေတီတော်

ရွှေမုဋ္ဌောရင်ပြင်တော်မှာရှိသည့် ကြိုယ်ပြေန်ပြေစေတီတော်

ကလေးဝဆိပ်ကမ်းမှာ မုံရွာမြို့ အထက်ပိုင်းတွင် အစည်ကားဆုံးဆိပ်ကမ်းမြို့ဖြစ်ခဲ့သည်။

*

ချင်းတွင်းမြစ်အတိုင်း အစုန်အဆန်ရေယာဉ်များမှာ ကလေးဝမြို့ မရောက်ခင်ကတည်းက ကလေးဝမြို့ဦး၊ ချင်းတွင်းမြစ်ကမ်းနဖူး ကုန်းမြင့်ပေါ်မှာရှိသည့် သာသနာ့သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ကိုလှမ်းမြင်နေရသည်။

ချင်းတွင်းအဆန်ရေယာဉ်ကြီးများမှာ တရွေ့ရွေ့ချင်း ခုတ်မောင်းနေရသဖြင့် ကလေးဝဆိပ်ကမ်းကိုတော်တော်နှင့်မရောက်နိုင်။ သို့ပေမယ့် မြို့ဆိပ်ကမ်းမှာဆိုက်ကပ်ထားသည့် ကုန်တင်ကုန်ချမော်တော်ရေယာဉ်များ ထက်အောက်ဒေသမြို့ရွာများက လာရောက်သည့် မော်တော်နှင့်လှေများကိုတော့ မြို့ဆိပ်ကမ်းမှာ အထင်းသားမြင်နေရသည်။ ခရီးသွားများ၊ မြို့ပရိသတ်ဈေးရောင်းဖို့ဈေးဝယ်သမားများ၊ ကုန်တင်ကုန်ချလုပ်သားများကလည်း မြို့ကမ်းနဖူးမှာ ကမ်းလုံးညွတ်မျှမြင်တွေ့နေရသည်။ အဆိုပါမြင်ကွင်းများအထက်မှာတော့ ရွှေမုဋ္ဌောစေတီတော်။

ကလေးဝမြို့မရောက်ခင် မြင်တွေ့ရသည့်မြင်ကွင်းများမှာစိတ်လှုပ်ရှားစရာကြည်နူးစရာအတိပင်။

*

ကလေးဝမြို့ကို ဒုတိယအကြိမ်ရောက်ဖြစ်တာက ၂၀၀၆ ခုနှစ်ပါ။ မဂ္ဂဇင်း၊ ဂျာနယ်များမှာ ဝတ္ထုဆောင်းပါး၊သတင်းတွေ လှိုင်လှိုင်ရေးနေသည့် ကလေးမြို့က စာရေးဆရာမြဆင့်ချယ်နှင့်အတူ သွားရောက်ဖြစ်သည့်ခရီးဖြစ်သည်။

မုံရွာ-ယာကြီး-ကလေးဝလမ်းသစ်ကြီးရှိလာပြီဖြစ်၍ မန္တလေး-မုံရွာမြို့များကခရီးသည်တင်ယာဉ် လိုင်းကားတွေ၊ ကုန်တင်ကားကြီးတွေ အသွားအလာများနေချိန်မှာဖြစ်သည်။ မန္တလေး-မုံရွာကနေ ဆရာမြဆင့်ချယ်နေထိုင်ရာ ကလေးမြို့ကို အရောက်သွားခဲ့သည်။ မန္တလေးကညနေ (၃) နာရီထွက်သည့် ခရီးသည်ယာဉ် နောက်တစ်နေ့မနက် (၅) နာရီ (၆) နာရီဆိုပါက ကလေးမြို့ကိုရောက်ပြီ။

ကလေးမြို့နှင့် (၂၄) မိုင်သာဝေးသည့်ကလေးဝမြို့မှာ နေ့စဉ်လိုင်းကားတွေရှိသည်။ စာရေးသူတို့နှစ်ဦးမှာ အဆိုပါခရီးကို ဆိုင်ကယ်ဖြင့် သွားရောက်ခြင်း ဖြစ်သည်။ မိမိအနေဖြင့် ကလေးဝမြို့ကို ဒုတိယအခေါက်ရောက်ရပြန်ပြီ။

သည်အခေါက်မှာ မုံရွာ-ယာကြီး-ကလေးဝလမ်းပေါ်ရှိ မြစ်သားမြစ်ကူးကြိုးတံတားဘက်ရောက်သည်။ ကလေးဝကုန်တင်ကုန်ချဆိပ်ကမ်း ရောက်သည်။ ခရီးသည်တင်ရှော်တယ် (ခေါ်) အမြန်ရေယာဉ်များ ဆိုက်ကပ်သည့်ကူးတို့ဆိပ်ရောက်သည်။ မြို့တွင်းလှည့်ပတ်ကြည့်ရှုဖြစ်သည်။ ကလေးဝမြို့ ဂုဏ်ဆောင် သာသနာ့သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ကိုသွားရောက်ဖူးမြော်ဖြစ်သည်။

စေတီတော်ရှိရာ ကုန်းမြင့်ပေါ်သို့ တက်ရောက်နိုင်သည့် ပင်မစောင်းတန်းလမ်းနှစ်လမ်းရှိသည်။ ချင်းတွင်းမြစ်ကမ်းဘက်မှတက်နိုင်သည့် အရှေ့ဘက်စောင်းတန်းလမ်းနှင့် မြို့ထဲမှချင်းတွင်းမြစ်ဖြတ် ကူးတို့ရေယာဉ်နှင့် ကုန်တင်ကုန်ချသင်္ဘောများ ဆိုက်ကပ်ရာသွားလမ်းကနေတက်ရသည့် တောင်ဘက်စောင်းတန်းလမ်းဖြစ်သည်။

စောင်းတန်းနှစ်သွယ်မှာ ကုန်းမြင့်ထိပ်မရောက်မီ တစ်နေရာမှာဆုံသဖြင့် ဘုရားအရှေ့ဘက်မုခ်ဦး ရောက်သည်အထိ စောင်းတန်းက တစ်ခုတည်းဖြစ်သွားသည်။

ကိုယ်တိုင်ရောက်ဖြစ်သည့်စောင်းတန်းက တောင်ဘက်စောင်းတန်း မြေပြင်မှ မုခ်ဝအထိ ပေ (၅၀)၊ မုခ်ဝစောင်းတန်းနှစ်ခုဆုံရာအထိ (၉၈) ပေရှိသည်။

အဆိုပါတောင်ဘက်မုခ်ဦးကို ဦးအပိ၊ ဒေါ်စိန်စိန်၊ ရွှေဇီးကွက်ကုန်စုံတိုက် မိသားစုကလှူဒါန်းထားကြောင်း ကမ္ပည်းရေးထိုးထားသည်။

စောင်းတန်းလမ်းအတိုင်း တက်ရောက်လာရာ လမ်းဘေးမှာစေတီငယ်များကို ဖူးတွေ့ရသည်။ နောက်ထပ် မဟာဗောဓိပင် အဝင်မုခ်ဦးကိုတွေ့ရသည်။ လှည့်ပတ်ကြည့်ရှုပြီး ဆက်တက်လာရာ ခဏအတွင်းမှာ စေတီတော်ရှိရာရင်ပြင်တောင်ပေါ် ရောက်သည်။

ရင်ပြင်တောင်ပေါ်အထိ အမြင့်မှာ (၆၆) ပေရှိသဖြင့် တက်ရောက်ရသည့်လမ်းမှာ ပြေပြေမြင့်မြင့်တက်သွားသောလမ်းဖြစ်သည်။ စောင်းတန်းလမ်းအတက် အဆင်းရှည်ရာ အလေ့အကျင့်မရှိသူများအဖို့ မောဖွယ်ရှိပေလိမ့်မည်။

သို့ပေမယ့် ရင်ပြင်တော်ပေါ်ရောက်တာနှင့် မောသမျှပြေလျော့ရသည်။ မြစ်ပြင်ပေါ်ဖြတ်သန်းတိုက်ခတ်လာသည့် လေ၊ ပတ်ဝန်းကျင်လေးဘက်လေးတန်က အတားအဆီးမရှိတိုက်ခတ်လာသည့်လေဖြစ်သဖြင့် မောသမျှအပန်းပြေကြရသည်။ လေကအေးသလိုသန့်သဖြင့် အသက်ရှူလိုက်တိုင်း အသက်ရှည်သွားသည့် နေရာတစ်ခုပင်ဖြစ်နေပေတော့သည်။

*

ရှေးဦးစွာ အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်း ဝင်လိုက်သည်။ အလှူခံဌာနမှာ အလှူငွေထည့်၍ ရုပ်ပွားတော်အား ဖူးမြော်သည်။ အာရုံခံအပြင်ဘက် လက်ယာရစ်လှည့်ပတ်ရန်ထွက်လာခဲ့သည်။ ရင်ပြင်တော်အကျယ်က အရှေ့အနောက် (၉၅) ပေ၊ တောင်မြောက် (၁၁၈) ပေရှိသည်။

ရင်ပြင်တော်အရှေ့တောင်ဘက်ထောင့်မှာ မာလိန်တိုင်တွေ့ရသည်။ အရှင်ပိဏ္ဍောလမထေရ်မြတ်မှ စန္ဒကူးသပိတ်တော်အား တိတ္ထိများနှင့် တန်ခိုးပြိုင်ဆိုင်ယူပြပုံကို ဖော်ညွှန်းထားသည့် ရုပ်တုများဖြင့် ပြုလုပ်ထားတာတွေ့ရသည်။ ၁၉၅၄ ခုနှစ်ခန့်က ကလေးဝမြို့မှ ဒေါ်တုပ် (ညီမ) ဒေါ်နန်းဦးနှင့် မောင်ဖြစ်သူ ဦးဘသွယ်၊ ဒေါ်မေတို့က ဘိုးဘွားလက်ထက် ကုသိုလ်ဖြစ်၍ ပြန်လည်ပြုပြင်ခဲ့သည်။ ရင်ပြင်တော်မြေကျွံချိန်တွင် ယိုင်စောင်းသဖြင့် ၁၃၆၆ ခုနှစ်ကပိုလ်မှူးကျော်စိန်ဝင်း (ငြိမ်း)၊ ဒေါ်စန်းစန်းဦးမိသားစုက ဦးစီးပြန်လည်ပြုပြင်

ရွှေမုဋ္ဌောဘုရားအာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်

ကလေးဝမြို့၏အထင်ကရ ရွှေမုဋ္ဌောစေတီတော်



ရွှေမုဋ္ဌောဘုရားအရှေ့တောင်ထောင့်ရှိ တံခွန်တိုင်

သာသနာ့သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်

ဘုရားရင်ပြင်တော်မရောက်မီ စောင်းတန်းဘေးရှိ မဟာဗောဓိညောင်ပင်

ဘုရားရင်ပြင်တော်ပေါ်က ခေါင်းလောင်းတော်များ

အာရုံခံတန်ဆောင်းအတွင်းရှိ
ဖားရုပ်ကြီးနှစ်ကောင်ထဲမှတစ်ကောင်



ရွှေမုဋ္ဌောရင်ပြင်ပေါ်က အပေါ်စီးမြင်တွေ့ရသည့်
ချင်းတွင်းမြစ်ကလေးဝကုန်တင်ကုန်ချဆိပ်ကမ်း

ကလေးဝမြို့အဝင် မြို့ဆိုင်းဘုတ်

လှူဒါန်းထားသည်ဟုသိရသည်။

ဘုရားကြီးစောင်းတန်း အတက်ထိပ် ရင်ပြင်တော်မှာတော့ ခေါင်းလောင်းစင်နှင့် ခေါင်းလောင်း၊ အုတ်အင်္ဂတေဖြင့် နှစ်လုံးတင်တည်ဆောက်ထားသည်။ ၁၉၅၅ ခုနှစ်မှာ ဦးဘမြိုင်၊ ဒေါ်သန်းတင်က လှူဒါန်းထားခြင်းဖြစ်သည်။

*

ရွှေမုဋ္ဌောစေတီတော် အနောက်တောင်ထောင့်မှာ စေတီငယ်နှစ်ဆူရှိသည်။ ရှစ်မျက်နှာ စေတီတော်နှင့် လောကမုနိဆုတောင်းပြည့်စေတီတို့ ဖြစ်သည်။

ရှစ်မျက်နှာစေတီတော်မှာ ဂြိုဟ်ပြေနံ့ပြေဘုရားများရှိသဖြင့် ခုနစ်ရက်သားသမီးများ လာရောက်ဆုတောင်းကြသလို ကလေးဝမြို့ ဝန်းကျင်နေထိုင်သူများ အခါကြီးရက်ကြီးများမှာ အလာများသည့်စေတီတစ်ဆူဖြစ်သည်။ မူလကစေတီငယ်တစ်ဆူ ဖြစ်သော်လည်း ယခုအခါ ထီးတော်ထိပ်အထိ (၃၄)ပေ အမြင့် ဉာဏ်တော်ဖြင့် သပ္ပာယ်စွာဖူးတွေ့ရသောစေတီတစ်ဆူပင်။

လောကမုနိ ဆုတောင်းပြည့်စေတီတော်မှာ ရှစ်မျက်နှာစေတီတော်မြောက်ဘက်ကပ်လျက် ဖူးတွေ့ရသည်။ ပလ္လင်တော်အဝန်း (၅၆) ပေ၊ အမြင့်ဉာဏ်တော် (၃၄) ပေရှိသည်။ ကောဇာနှစ် ၁၂၅၅ ခုမှာတည်ခဲ့ရာ ကလေးမြို့မှ ဦးတင်ဆင့်၊ ဒေါ်နီနီတို့မိသားစုက ၁၃၄၅ ခုနှစ်မှာ ပြန်လည်မွမ်းမံပြင်ဆင်

ခဲ့သည့်စေတီဖြစ်သည်။

စေတီတော်မြောက်ပိုင်းမှာ ရင်ပြင်ကျယ်နေရာဖြစ်သည်။ ရင်ပြင်တော်တစ်ခုလုံး စကျင်ကျောက်ပြားခင်းထားသဖြင့် သန့်ရှင်းလှသည်။ မြောက်ဘက်ပိုင်းမှာ ချင်းတွင်းမြစ်ကို အပေါ်စီးမြင်တွေ့ရသည့်ရှုခင်းကြည့်နေရာဖြစ်သည်။ ချင်းတွင်းမြစ်ရှုခင်း၏ သဘာဝအလှကို ဓာတ်ပုံရိုက်ယူရန် အကောင်းဆုံးနေရာပင်ဖြစ်သည်။ မြစ်၏အလှကို ဖြည့်စွက်ပေးနေသည့်ရေယာဉ်များသွားလာချိန်၊ ဝါးဖောင်များမျောချိန်ဖြစ်၍ မြင်ရသည့်မြင်ကွင်းတစ်ခုလုံးမှာ သဘာဝပန်းချီကားချပ်ကြီးတစ်ခုအဖြစ် တင်စားနိုင်သည်။

စာရေးသူမှာ အနောက်ဘက်အာရုံခံအတွင်းရှိ ရုပ်ပွားတော်အားဝင်ရောက်ဖူးမြော်ဖြစ်သည်။ အဆိုပါရုပ်ပွားတော်မှာ ရွှေမုဋ္ဌောရုပ်ပွားတော်မြတ်ပင်တည်း။ ရုပ်ပွားတော်အား ဦးခိုက်၍ တရားရှုမှတ်နေသူများရှိနေသဖြင့် ဦးချကန်တော့ပြီးပြန်ထွက်ခဲ့သည်။

*

ရွှေမုဋ္ဌောစေတီကော်၏ မူလဒါယိကာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်သည်။ စေတီတော်ရှစ်သောင်းလေးထောင်ပြီးမြောက်စေခြင်းငှာ ရဟန္တာအရှင်ကုန္ဒဂုတ္တမထေရ်မြတ်အား ကူညီပါရန် တောင်းပန်လျှောက်ထားတည်ခြင်းဖြစ်သည်။

လန္တပါလမင်းကြီးကထပ်မံလက်ခံရရှိတော်မူသော ဓာတ်တော်များကိုသုံးစုစု၍ နှစ်စုသောဓာတ်တော်များအား သာသနာနှစ် (၂၂၅) ခုနှစ်မှာနေကို ရာဟုလွှတ်သည်နှင့် တစ်နာရီတည်းကြုံခိုက်မှာပင် နတ်လူတို့ကုသိုလ်ပွားစေခြင်းငှာ ချင်းတွင်းမြစ်စဉ်အောက်ပိုင်း မုဋ္ဌောကိုးဆူဂူကိုးလုံးစတင် ပန္နက်ချတည်တော်မူသည်။

မုဋ္ဌောကိုးဆူတွင် အစတစ်ဆူကိုနွယ်ပတ်မြို့ အရှေ့တောင်ထောင့်အရပ်သလ္လာဝတီ (ချင်းတွင်း) မြစ်ကမ်းထိပ်မောရိယမြစ် (မြစ်သာမြစ်) မြစ်ဆုံတောင်ထိပ်မှာတည်ခဲ့သည်။ အဆိုပါစေတီတော်မှာ ယခုစာရေးသူဖူးတွေ့ရသည့်သာသနာ့သမိုင်းဝင် ရွှေမုဋ္ဌောစေတီမြတ်ကြီးဖြစ်လေသည်။

*

ဤနေရာတွင် ချင်းတွင်းမြစ်စဉ်တစ်လျှောက် ဧရာဝတီမြစ်နှင့်ဆုံသည့်နေရာအထိတည်ထားသည့် ရွှေမုဋ္ဌောစေတီတော်များနှင့်ဂူများကို အများပြည်သူကြည်ညိုနိုင်ရန် ရေးသားတင်ပြပါသည်။

မုဋ္ဌော (၉) ဆူမှာ-

၁။ ကလေးဝမြို့ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံရာနေရာကုန်းမြင့်သာ၊
၂။ မင်းကင်းမြို့နယ်၊ အူရွာ၊
၃။ မင်းကင်းမြို့နယ်၊ မတောရွာ၊
၄။ မင်းကင်းမြို့နယ်၊ ဘိုင် (တုံ) ရွာ၊
၅။ ကနီမြို့နယ်၊ ကင်းရွာ၊
၆။ ကနီမြို့နယ်၊ လင်းရိပ်ရွာ၊
၇။ ကနီမြို့နယ်၊ ဝရရွာ၊
၈။ ဘုတလင်မြို့နယ်၊ ဝန့်ပိုရွာ၊

ဂူစေတီ (၉) ဆူမှာ

၁။ ကလေးဝမြို့နယ်၊ ကိုင်းရွာ၊
၂။ မင်းကင်းမြို့နယ်၊ လေ့ကူးရွာ၊
၃။ မင်းကင်းမြို့နယ်၊ ကံကြီးရွာ၊
၄။ မင်းကင်းမြို့နယ်၊ ကူကြီးရွာ၊
၅။ ကနီမြို့နယ်၊ ယင်းရွာ၊
၆။ ကနီမြို့နယ်၊ လက်ပန်စုရွာ၊
၇။ ကနီမြို့နယ်၊ မဲတင်ရွာ၊
၈။ ကနီမြို့နယ်၊ ပန်ဆိုင်ရွာ၊
၉။ ကနီမြို့နယ်၊ နတ်လဘို့ရွာတို့ ဖြစ်သည်။

*

သီရိဓမ္မာသောက မင်းကြီးကောင်းမှုကလေးဝမြို့၊ ရွှေမုဋ္ဌောစေတီတော်ကို ထပ်မံပြုပြင်တည်သူမှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး ဖြစ်သည်။ ရွှေမုဋ္ဌောစေတီကိုးဆူ ဘုရားဒါယကာအဖြစ်ခံယူ၍ မြန်မာနှစ် ၄၅၇ ခုနှစ်မှာ ပြုပြင်လှူဒါန်းခဲ့ကြောင်းသိရသည်။

ဒုတိယကမ္ဘာ စစ်ဓာလတွင် ရွှေမုဋ္ဌောစေတီတော်မှာ ဗုံးဆံများထိမှန်၍ပျက်စီးခဲ့သလို သာသနိကအဆောက်အအုံများပါ မီးလောင်ဆုံးရှုံးသွားခဲ့သည်။ ရွှေမုဋ္ဌောကျောင်း ဆရာတော်ကြီးဦးဉာဏဦးစီးမှု ဒကာ၊ ဒကာမများကောင်းမှုဖြင့် ပြန်လည်ပြုပြင်ကြရာ ၁၃၀၉ ခုနှစ်မှာ ရွှေထီးတော်အသစ်တင်လှူပြီးစီးသည်။ တစ်ဖန် ၁၉၆၂ ခုနှစ်၊ ဧပြီလမှာ ကလေးဝမြို့ အမှတ် (၁) ရပ်ကွက်မှ စတင်၍ မီးလောင်ခံရသည်။ သာသနိကအဆောက်အအုံများနှင့်အတူ ရွှေမုဋ္ဌောစေတီတော်မှာ မီးစလောင်ကျွမ်းခံရသည်။

၁၉၆၃ ခုနှစ်မှာရွှေကျင်နိကာယဂိုဏ်း၊ တတိယမြောက်ဂိုဏ်းချုပ်၊ ရွှေမုဋ္ဌောကျောင်းတိုက် ဆရာတော်ဦးဉာဏ၏ဦးဆောင်မှုဖြင့် ပြန်လည်ပြုပြင်ကာ သာသနိကအဆောက်အအုံများကိုပါ ထပ်မံတည်ဆောက်ပြီးစီးခဲ့သည်။

လက်ရှိ သာသနာ့သမိုင်းဝင်ကလေးဝမြို့၊ ရွှေမုဋ္ဌောစေတီတော်ကြီးမှာဖိနပ်တော်အဝန်း (၁၂၂) ပေရှိသည်။ ဖိနပ်တော်မှ ငှက်ပျောဖူးအထိ (၄၈) ပေရှိပြီး ရင်ပြင်တော်မှ စိန်ဖူးတော်အထိ (၆၇) ပေ၊ (၄) လက်မရှိသည်။

စေတီတော်မှာ ရွှေပြားသက်န်းကပ်လှူထားပြီဖြစ်သဖြင့် စာရေးသူရောက်သွားချိန်တွင် နေရောင်အောက်မှာရွှေရောင်တောက်နေချိန်ဖြစ်သည်။

စာရေးသူ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လကတုတိယအခေါက်ရောက်ရှိ ဖူးမြော်ရချိန်မှာ မြို့ဦးတောင်ထိပ်ပေါ်က ရွှေမုဋ္ဌောစေတီတော်ကို ချင်းတွင်းမြစ်ကူးတံတား (ကလေးဝ) ပေါ်က ဖူးမြော်ခွင့်ရခဲ့သလို ရင်ပြင်တော့်ပေါ် အရောက်တက်ရောက် ဖူးမြော်ခွင့်ပါရခဲ့သည်။

သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ကြီးအာရုံခံတိုက်တွင် အလောင်းစည်သူမင်းကြီးကောင်းမှု ရွှေမုဋ္ဌောရုပ်ပွားတော်ရှိသည်။ အလောင်းစည်သူမင်းကြီးကစေတီတော်ကြီးကို ပြုပြင်ခဲ့သလို အများပြည်သူကိုးကွယ်ရန် ရုပ်ပွားတော်ကိုပါလှူဒါန်းခဲ့သည်။

ရွှေမုဋ္ဌော ရုပ်ပွားတော်မြတ်မှာ ပလ္လင်တော့်အခြေမှ မဏိတော်ဦးအထိအမြင့် (၁) ဝံပေလောက်သာရှိသည်။ အနံတော်က (၁) ပေဖြစ်သည်။ နားရွက်တော်မှာ ဖားလျားတွဲကျနေသော်လည်း ပခုံးတော်ကိုမထိဘဲ ထိလုထိခင်ဖြစ်နေသည်။ နှုတ်ခမ်းတော်မှာ ပြုံးယောင်သမ်း၍ အောက်နှုတ်ခမ်းတော်က ထူသည်။ ကြာမှောက်ကြာလှန်ပလ္လင်တော်ထက်ဝယ် သပ္ပာယ်စွာထုလုပ်ကိုးကွယ်ထားသည့် ရုပ်ပွားတော်ဖြစ်သည်။ ပုဂံခေတ်လက်ရာ ရုပ်ပွားတော်ထဲမှာ သပ္ပာယ်စွာဖူးတွေ့ရသည့် ရုပ်ပွားတော်တစ်ဆူပင်။

*

ကလေးဝမြို့ ဂုဏ်ဆောင်ရွှေမုဋ္ဌောစေတီတော်မှာ ဗုဒ္ဓပူဇနီယပွဲတော်များ နှစ်စဉ်ကျင်းပသည်။ အင်္ဂလိပ်အစိုးရလက်ထက်ကပင် ရွှေမုဋ္ဌောစေတီတော်ကြီးပွဲတော်အား ဂေဇက်ဝင်ရက်

အကျိုးလိုရာ
အနန္တကြီးမားပြည့်စုံစေသော
မနောမယိဒ္ဓိဂါထာတော်

နတ်မောက်လှမြင့်သစ်

မနောမယိဒ္ဓိဂါထာတော်သည် ဗုဒ္ဓါနုဿတိ၊ သံဃာနုဿတိ၊ ဓမ္မာနုဿတိပွားများခြင်းမည်သဖြင့် အကျိုးလိုရာအနန္တ ပြီးပြည့်စုံမည်။ ကြီးမားခံ့ထည်သောကျေးဇူးတရား ခံစားရမည်မှာ သံသယဝင်စရာမလိုပါပေ။

ထိုဂါထာတော်မှာ အပိုဒ် (၃) ပိုဒ်ပါရှိပြီး 'အနှစ်ချုပ်' 'သံခိပ်'များကို ရွတ်ပွားရပါမည်။ သို့သော် အနက်အဓိပ္ပာယ်ကို သိနားလည်ထားမှ ပိုမိုအကျိုးထူးပေးပါသည်။

ဂါထာတော်အပိုဒ် (၃) ပိုဒ်မှာ-

ပထမအပိုဒ်

'အ၊ သံ၊ ဗိ၊ သု၊ လော၊ အ၊ ပု၊ သ၊ ဗု၊ ဗ' ဟူ၍ အက္ခရာဆယ်လုံးဖြစ်ပြီး ဘုရားဂုဏ်တော်ဆယ်ပါးကို ညွှန်းပြုရည်စူးပါသည်။

'အ' ဆိုသည်မှာ 'အရဟံ' ဂုဏ်တော် ကိုယ်စားပြုပြီး ပညာကြီးစေသော အကျိုးထူးပေးပါသည်။

'သံ' ဆိုသည်မှာ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကိုယ်စားပြုပြီး ပညာအပေါင်း ပြည့်စုံစေပါသည်။

အဖြစ် သတ်မှတ်ကျင်းပခဲ့သည်။

နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် (၈) ရက်နေ့မှစတင်၍ ဘုရားပွဲတော်ကြီးအဖြစ် သတ်မှတ်ကျင်းပခဲ့သည်။ အထက်ချင်းတွင်းဒေသတစ်ခုလုံး မိုးလေကင်းရှင်းချိန်ဖြစ်သဖြင့် သီတင်းကျွတ်ပွဲတော်မှာ အထူးပင်စည်ကားသည်။ သို့သော်လည်း တစ်ခါတရံမိုးလေမကင်းသဖြင့် ပွဲတော်ပျက်ရသည့်နှစ်များရှိသည်။ ထိုအခက်အခဲကို ကျော်လွှားနိုင်ရန် ဂေါပကအဖွဲ့မှ ဩဝါဒဆရာတော်ကြီးများ၏ ခွင့်ပြုချက်ဖြင့် ပွဲတော်ကျင်းပရက်ကို တပေါင်းလဆန်း (၈) ရက်နေ့အား ပြောင်းရွှေ့သတ်မှတ်ကျင်းပခဲ့ရသည်။

တပေါင်းပွဲတော်ကို ၁၃၄၃ ခုနှစ်မှစတင်၍ ပွဲတော်အကြိုပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ တပေါင်းလဆန်း (၂) ရက်မှ (၈)ရက်အထိ ကုန်းပွဲရေပွဲများဖြင့်ကျင်းပသည်။

ပွဲတော်အား ကုန်းပွဲအဖြစ် ဈေးဆိုင်များခင်းကျင်းရောင်းချခြင်း၊ ဇာတ်ပွဲအငြိမ့်ပွဲများ ထည့်သွင်းကျင်းပခြင်း၊ ဘုရားပင့် မြို့တွင်းလှည့်လည် အပူဇော်ခံခြင်း၊ ပျော်ပွဲရွှင်ပွဲအားကစားပွဲများကျင်းပခြင်းများပြုလုပ်သည်။

တစ်နှစ်တာအတွင်း ဗုဒ္ဓသာသနာတော်ဆိုင်ရာ နေ့ထူးနေ့မြတ်ဖြစ်သည်။ နှစ်သစ်ကူးပွဲ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ဓမ္မစကြာ အခါတော်နေ့၊ အဘိဓမ္မာအခါတော်နေ့၊ တန်ဆောင်တိုင်ပွဲစသည်တို့မှာလည်း အစဉ်အလာမပျက် ပွဲရက်အခမ်းအနားအဖြစ် ပူဇော်ကျင်းပဖြစ်သည်။

*

ကလေးဝမြို့မှာဆိပ်ကမ်းမြို့ဖြစ်ရာ ချင်းတွင်းမြစ်ကြောင်း လာရောက်သည့် မော်တော်ရေယာဉ်မျိုးစုံတို့က မြို့ဦးတောင်ထိပ်ပေါ်ရှိ ရွှေမုဋ္ဌောစေတီတော်ကိုဦးခိုက်ကြရသည်။ ခရီးသည်လိုက်ပါသည့် ခရီးသည်တိုင်း ကမ်းနဖူးကုန်းမြင့်ပေါ်က ရွှေမုဋ္ဌောစေတီတော်ကို မြင်တွေ့လိုက်တာနှင့် ကလေးဝမြို့ဆိပ်ကမ်းရောက်တော့မည်ဆိုသည်ကိုသိကြသည်။

အထက်ချင်းတွင်းဒေသမှာ ယခင်ကရေလမ်းတစ်ခုတည်းသာ အားကိုးရသဖြင့် ဒေသခံများမှအပ ခရီးသွားလာသူ နည်းပါးခဲ့သည်။ ယခုတော့ ပြောင်းလဲသွားပေပြီ။ ရေလမ်းသာမက ကလေးဝအရောက် ကားလမ်းရှိနေပြီဖြစ်၍ သွားရေးလာရေးလွယ်ကူနေပါပြီ။ ပြည်တွင်းဘုရားဖူးခရီးစဉ် သွားရောက်သူများ အဝင်အထွက်မရှိသော်လည်း အသွားအလာများသည့် ခေတ်ကာလရောက်ရှိနေပြီဖြစ်၍ ကလေးဝမြို့မှာ လူဝင်လူထွက်များနေပါပြီ။

'ကလေးဝမြို့ မရောက်ဖူးသေးသူများ သာသနာ့သမိုင်းသက်တမ်းအားဖြင့် နှစ်ပေါင်း (၂၃၀၀) ကျော်ရှိပြီဖြစ်သည့် ကလေးဝမြို့ဂုဏ်ဆောင် ရွှေမုဋ္ဌောစေတီအကြောင်း သိနိုင်ရန်နှင့်ခရီးသွားဧည့်သည်များ ဝင်ရောက်ဖူးမြော်စေချင်ပါသည်။ စာရေးသူအနေဖြင့် အခါအားလျော်စွာသာ ရောက်ဖြစ်သည့်မြို့ဖြစ်၍ ကလေးဝမြို့ရောက်တိုင်း သာသနာ့သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကို ဝင်ရောက်ဖူးမြော်ဖြစ်ပါသည်။

မောင်မိုးအောင်(ဆားလင်းကြီး)

စာကိုး

၁။ သာသနာ့သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်ကြီးသမိုင်း (ဂေါပကအဖွဲ့ ဒုဥက္ကဋ္ဌဦးသိုးထိန်းပြုစုသည်)
၂။ ကိုယ်တိုင်သွားရောက် ဖူးမြော်ဖြစ်သည့်ခရီးသွားမှတ်တမ်း။

'ဝိ' ဆိုသည်မှာ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဂုဏ်တော်ကို ကိုယ်စားပြုပြီး ကောင်းကျိုး, မကောင်းကျိုး၊ ကောင်း၏, မကောင်း၏ ဆင်ခြင်တွေးမြော် သိမြင်စွမ်းသောအကျိုးထူးရစေပါသည်။

'သု' ဆိုသည်မှာ 'သုဂတော'ဂုဏ်တော်ကို ကိုယ်စားပြုပြီး စီးပွားမနေ့ဥစ္စာ အချိန်အခါမရွေး မချို့တဲ့ဘဲ ပြည့်စုံကြွယ်ဝစေသောအကျိုးထူးပေးပါသည်။

'လော' ဆိုသည်မှာ 'လောကဝိဒူ' ဂုဏ်တော်ကို ကိုယ်စားပြုပြီး သူတစ်ထူးတို့၏အကျိုးစီးပွားကိုပါတိုးတက်ပွားများအောင် ဆောင်ရွက်နိုင်စွမ်းစေသည့် အကျိုးထူးရရှိပိုင်ဆိုင်စေပါသည်။

'အ' ဆိုသည်မှာ 'အနုတ္တရော' ဂုဏ်တော်ကို ကိုယ်စားပြုပြီး ပညာဉာဏ်ကြီးကျယ်ထွန်းတောက်စေသော အကျိုးထူးပေးပါသည်။

• 'ပု' ဆိုသည်မှာ 'ပုရိသ ဒမ္မသာရထိ' ဂုဏ်တော်ကိုကိုယ်စားပြုပြီး မိမိအလိုရှိရာ လိုရာခပ်သိမ်းကို ပြီးပြည့်စုံခြင်းအကျိုးထူးပေးပါသည်။

'သ' ဆိုသည်မှာ 'သတ္ထာဒေဝမနုဿာနံ' ဂုဏ်တော်ကို ကိုယ်စားပြုပြီး နှလုံးစိတ်ဝမ်းအေးချမ်းစေပြီး အပူသောကဗျာပါဒကိုငြိမ်းစေသောအကျိုးတရား ရရှိခံစားရပါသည်။

'ဗု' ဆိုသည်မှာ 'ဗုဒ္ဓေါ' ဂုဏ်တော်ကို ကိုယ်စားပြုစေပြီး ဖောက်ပြန်သောစိတ်မဖြစ်စေဘဲ ကျေးဇူးသစ္စာတရားသိနားလည်စေသောသူအဖြစ် အကျိုးထူးပေးပါသည်။

'ဘ' ဆိုသည်မှာ 'ဘဂဝါ' ဂုဏ်တော်ကို ကိုယ်စားပြုပြီး အပူဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်စေခြင်း၊ ဆင်းရဲငတ်မွတ်အခက်အခဲအကျပ်အတည်းများမှ လွတ်မြောက်စေခြင်း စသော အကျိုးထူးကိုပေးပါသည်။

ဤသည်မှာ ပထမအပိုဒ်အက္ခရာဆယ်လုံး၏ အနက်မြန်မာပြန်အကျယ်ဖြစ်ပါသည်။

ဒုတိယအပိုဒ်

'သော၊ သော၊ သ၊ သ၊ အ၊ အ၊ အ၊ အ' ဟူ၍ အက္ခရာရှစ်လုံးဖြစ်ပြီး အရိယာသံဃာတော်တို့၏ ဂုဏ်တော်အနှစ်ချုပ်ဖြစ်၍ သံဃာနုဿတိဘာဝနာပွား များခြင်းဖြစ်ပါပေသည်။

'သော' ဆိုသည်မှာ 'သောတာပတ္တိမဂ္ဂဋ္ဌာန်'၊

'သော' ဆိုသည်မှာ 'သောတာပတ္တိဖလဋ္ဌာန်'၊

'သ' ဆိုသည်မှာ 'သကဒါဂါမိမဂ္ဂဋ္ဌာန်'၊

'သ' ဆိုသည်မှာ 'သကဒါဂါမိဖလဋ္ဌာန်'၊

'အ' ဆိုသည်မှာ 'အရဟတ္တမဂ္ဂဋ္ဌာန်'၊

'အ' ဆိုသည်မှာ 'အရဟတ္တဖလဋ္ဌာန်'၊

ရွတ်ပွားသူမှထိုသို့အနက်အဓိပ္ပာယ်သိထား ရွတ်ပွားလျှင် ချမ်းသာသုခမှန်သမျှ ပြည့်ဝစွာရစေသောအကျိုးထူးပေးပါသည်။

တတိယအပိုဒ်

'သံ၊ ဝိ၊ ဓာ၊ ပု၊ က၊ ယ၊ ပါဒိ၊ ပါ၊ ပါ၊ မ၊ စူ၊ ပ၊ အာဒိကာ၊ ဒီ၊ မ၊ သံ၊ အ၊ ခုံ၊ ဗုဒ္ဓာဝ၊ သတလတ္တ 'ပကာသကာ'

တတိယအပိုဒ်အက္ခရာများသည် ဘုရားရှင်မြတ်၏ 'ပိဋကသုံးပုံ'ကို သံခိပ်အနှစ်ချုပ်ထားခြင်း ဖြစ်ပါသည်။

'သံ၊ ဝိ၊ ဓာ၊ ပု၊ က၊ ယ၊ ပ (ပါဒိ)' အက္ခရာခုနစ်လုံးသည် အဘိဓမ္မာ (၇) ကျမ်းအနှစ်ချုပ်ဖြစ်ပြီး-

'သံ' ဆိုသည်မှာ ဓမ္မသင်္ဂဏီ၊

'ဝိ' ဆိုသည်မှာ ဝိဘင်း၊

'ဓာ' ဆိုသည်မှာ ဓာတုကထာ၊

'ပု' ဆိုသည်မှာ ပုဂ္ဂလပညတ်၊

'က' ဆိုသည်မှာ ကထာဝတ္ထု၊

'ယ' ဆိုသည်မှာ ယမိုက်၊

'ပ' ဆိုသည်မှာ ပဋ္ဌာန်းကျမ်းတို့ဖြစ်ပေသည်။

'ပါ-ပါ-မ-စူ-ပ' အက္ခရာငါးလုံးသည် 'ဝိနယပိဋကတ်ပါဠိတော်'၏အနှစ်ချုပ်ဖြစ်ပြီး

'ပါ' ဆိုသည်မှာ ပါရာဇိကဏ်၊

'ပါ' ဆိုသည်မှာ ပါစိတ်၊

'မ' ဆိုသည်မှာ မဟာဝါ၊

'စူ' ဆိုသည်မှာ စူဠဝါ၊

'ပ' ဆိုသည်မှာ ပရိဝါ ဟူ၍ ဝိနည်း(၅)ကျမ်းပိဋကတ်အနှစ်ချုပ်ဖြစ်ပါသည်။

'ဒီ၊ မ၊ သံ၊ အ၊ ခုံ' သည် နိကာယ်ငါးပါး၏ သံခိပ်အနှစ်ချုပ်ဖြစ်ပြီး-

'ဒီ' ဆိုသည်မှာ ဒီဃနိကာယ်၊

'မ' ဆိုသည်မှာ မဇ္ဈိမနိကာယ်၊

'သံ'ဆိုသည်မှာ သံယုတ္တနိကာယ်၊

'အင်'ဆိုသည်မှာ အင်္ဂုတ္တရနိကာယ်'

'ခုံ' ဆိုသည်မှာ ခုဒ္ဒကနိကာယ် ဟူ၍ နိကာယ်ငါးပါး ကိုယ်စားပြု အနှစ်ချုပ် ဖြစ်ပါသည်။

ဤတတိယပိုဒ်ဂါထာသည် 'ဓမ္မာနုဿတိဘာဝနာ' ပွားများပြီး ဖြစ်စေ၍ စိတ်ကြည်လင်ချမ်းမြေ့မှုအကျိုးထူးအကျိုးဦး ရရှိစေပါသည်။

အထက်ပါ ဂါထာတော် (၃) ပိုဒ် တစ်ဆက်တည်းဖော်ပြရသော်-

- ♦ အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ ပု၊ သ၊ ဗု၊ ဘ။
- ♦ သော၊ သော၊ သ၊ သ၊ အ၊ အ၊ အ၊ အ။
- ♦ သံ၊ ဝိ၊ ဓာ၊ ပု၊ က၊ ယ၊ ပါဒိ၊ ပါ၊ ပါ၊ မ၊ စူ၊ ပ၊ အာဒိကာ။

ဟူ၍ ဖြစ်ပေသည်။

ရင်း (၃) ပိုဒ်ပေါင်း ရွတ်ပွားခြင်းသည် 'မနောမယိဒ္ဓိ' ဂါထာတော်မည်ပါပေသည်။ (၁၀) ခေါက်မျှ သတိထားကြည့်၍ ရွတ်ပွားလျှင် အလွယ်အသာအလွတ် ရွတ်ပွားနိုင်ပါသည်။ အလွန်မခက်ခဲပါ။

လောကီအသုံး လက်လှမ်းမီသမျှဖော်ပြရသော် မင်းမှုထမ်းဖြစ်ပါက ဈေးမဆစ်ဘဲဝယ်ယူထားသော ခေါင်းလိမ်းဆီ (မဆစ်ဆီဟုခေါ်သည်) ကို 'မနောမယိဒ္ဓိဂါထာတော်' (၃၉) ခေါက် မန်းပြီး နေ့စဉ် စတိမျှ နဖူးထိပ်တို့ပြီးမှ အလုပ်ဌာနသွားပါ။

ဥစ္စာဓန လာဘ်လာဘ ပေါများလိုလျှင် ထမင်းတစ်ပန်းကန်ကို (၇) အုပ်မန်းပြီး ကျီး၊ ခို၊ ကြက်၊ ငှက်များ အစာကျွေးပေးပါ။

အိပ်မက်ဆိုးမက်ခြင်း၊ အနှောင့်အယှက်၊ အဟန့်အတား၊ အပိတ်အဆို့၊ အတားအဆီးများနှင့် စိတ်ရှုပ် ခေါင်းရှုပ်နေလျှင် တရော်ကင်ပွန်းကို (၃၉)ခေါက်မန်း၍ ခေါင်းဆေးမင်္ဂလာပြုပေးပါ။

မရောက်ဘူးသောဒေသ၊ အခြားအရပ်တစ်ပါးသွားမည်ဆိုလျှင် မြက်လေးပန်းကို (၇) ခေါက် မန်းပြီး ဆောင်ယူသွားပါ။ ချစ်ခင်လေးမြတ် ကူညီမစမည့်သူများနှင့် တွေ့ရပါမည်။

မိမိကို ယှဉ်ပြိုင်တိုက်ခိုက်မှုတွေ၊ ချောက်တွန်းသူတွေရှိနေလျှင် အခေါက် (၁၀၀) ရွတ်ပွားပေးပါ။ ထိုသူများအား တန်ပြန်သွားပါလိမ့်မည်။

သို့အတွက်-

ဓမ္မမိတ်ဆွေများ ဂါထာမန္တန်ရွတ်ပွားရန် ဝါသနာထုံသူများ လိုသူတိုင်း ရွတ်ပွားနိုင်စေရန် ရေးသားတင်ပြအပ်ပါသည်။

တိုးတက်ကြီးပွား
သာသနာပြုနိုင်ကြပါစေ
နတ်မောက်လှမြင့်သစ်

ပုံတော်မှဂုဏ်တော်သို့(၂၃)

ချောင်းဆုံအုန်းသွင်

ယခင်အပတ်က ရုပ် (၂၈) ပါး အကြောင်းကို တင်ပြပြီး လူမှလူသို့ ဘဝကူးပုံနှင့် သန္ဓေတည်ပုံတို့ကိုလည်း ဗဟုသုတအဖြစ်တင်ပြခဲ့ပါသည်။ ယခုအပတ် နာမ် (စိတ်+စေတသိက်) အကြောင်းကို ဆက်လက်တင်ပြပါမည်။

နာမ်ဟူသည်မှာ အနည်းဆုံး စိတ်နှင့်စေတသိက်ကို ပေါင်းထားခြင်းဖြစ်ပါသည်။ စိတ်သဘာဝကို ထပ်မံခွဲခြားစိတ်ဖြာလိုက်သောအခါ အကျဉ်းအားဖြင့် (၈၉) ပါး၊ အကျယ်အားဖြင့် (၁၂၁) ပါး ရပါသည်။ စေတသိက်ကို ခွဲခြမ်းစိတ်ဖြာလိုက်သောအခါ (၅) ပါးရပါသည်။

သဘာဝတရားကို ခွဲခြားစိတ်ဖြာပြီး မသိနိုင်သူများသည် စိတ်နှင့်စေတသိက်ကိုပင် မခွဲနိုင်ဘဲ စိတ်ဟူ၍သာ တစ်မျိုးတည်းအဖြစ် သိကြပါသည်။ မြတ်စွာဘုရားသည်သာ ဖြည့်ဆည်းပူးခဲ့သော ပါရမီတော်အဟုန်ဖြင့် သဗ္ဗညုတ သမ္မာသမ္ဗုဒ္ဓဉာဏ်တော်ကိုရရှိပြီး ဤသို့ ခွဲခြားစွဲဖြာသိမြင်တော်မူပြီးသော ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ယခု ကျွန်တော် စိတ်နှင့် စေတသိက်အကြောင်းကို သဘောအကျဉ်းကလေးမျှ တင်ပြပါမည်။ စိတ်နှင့်စေတသိက်အကြောင်းကို ကျွန်တော်သိသည်မှာ သမုဒ္ဒကို ကမ်းစပ်က မြင်ခဲ့သူကဲ့သို့ ဖြစ်ပါသည်။ သမုဒ္ဒရာကို ကမ်းစပ်မှမြင်ခဲ့သူသည်-

သမုဒ္ဒရာဆိုတာ အကျယ်ကြီး တစ်ဖက်ကမ်းကိုမမြင်ရဘူး နက်လည်း အင်မတန်နက်မှာပဲဟု ပြန်ပြောပေလိမ့်မည်။ ကျွန်တော်ကလည်း စိတ်နှင့်စေတသိက်အကြောင်းက အလွန်ကျယ်ဝန်းလှပါတယ်။ အသိရခက်အောင်လည်း နက်နဲလွန်းလှပါတယ်။ ကျွန်တော်သိသလောက် ခေါင်းစဉ်မျှလောက် သဘောအကျဉ်းကလေးမျှလောက်ကို တင်ပြမည်ဟူ၍ ရှေးဦးစွာအစီရင်ခံအပ်ပါသည်။



(၈၉) ပါးသော စိတ်ကို ခေါင်းစဉ်ခွဲလျှင်-

၁။ ကာမာ ဝစရစိတ်၊
၂။ ရူပါ ဝစရစိတ်၊
၃။ အရူပါ ဝစရစိတ်၊
၄။ လောကုတ္တရာစိတ် ဟူ၍ (၄)ပါး ရပါသည်။

ကာမာဝစရစိတ်သည် အပါယ် (၄) ဘုံ၊ လူ (၁) ဘုံ၊ နတ်(၆)ဘုံ၊ ပေါင်း (၁၁) ဘုံ၊ ကာမ (၁၁) ဘုံဟုလည်းခေါ်သည်။ အဆင်းအသံ စသည့် ကာမဂုဏ်အာရုံတို့သည် ပျော်မွေ့ကြသော စိတ်အညံ့စားစိတ်ဖြစ်သည်။

ရူပါဝစရစိတ်သည် ရူပဗြဟ္မာဘုံ (၁၆) ဘုံတို့၌ဖြစ်ပြီး မြတ်သည်။

အရူပါဝစရစိတ်သည် အရူပဗြဟ္မာ (၄) ဘုံတို့၌ဖြစ်ပြီး သာ၍မြတ်သည်။

အသညဗြဟ္မာ (၁) ဘုံမှ စိတ်မရှိသဖြင့် ချန်ခဲ့သည်။

လောကုတ္တရာစိတ်သည် မဂ်စိတ်၊ ဖိုလ်စိတ်ဖြစ်၍ အမြတ်ဆုံးဖြစ်သည်။

ကာမာဝစရစိတ်မှာ အကုသိုလ်စိတ် (၁၂) ပါး၊ ကုသိုလ်ဝိပါတ်စိတ် (၇) ပါး၊ အဟိတ်ကုသလဝိပါတ်စိတ် (၈) ပါး၊ အဟိတ်ကြိယာစိတ် (၃) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး၊ မဟာဝိပါတ်စိတ် (၈) ပါး၊ မဟာကြိယာစိတ် (၈) ပါးဆိုပြီး (၅၄) ပါးရှိပါသည်။

ရူပါဝစရစိတ်တွင် ကုသိုလ်စိတ် (၅)၊ ဝိပါက်စိတ် (၅)၊ ကြိယာစိတ် (၅)၊ ပေါင်း (၁၅) ပါး။

အရူပါဝစရစိတ်ကုသိုလ်စိတ် (၄)၊ ဝိပါယ်စိတ် (၄) ကြိယာစိတ် (၄) ပေါင်း (၁၂) ပါးဖြစ်ပါသည်။

ကာမာဝစရ (၅၄)၊ ရူပါဝစရ (၁၅)၊ အရူပါ ဝစရ (၁၂) ပါး၊ ပေါင်း (၈၁)ဖြစ်ပါသည်။

ထို့နောက် လောကုတ္တရာစိတ်။ လောကုတ္တရာ ဆိုသည်မှာ လောကကို လွန်မြောက်ခြင်းဖြစ်ပျက်ကို လွန်မြောက်ခြင်းဟုအဓိပ္ပာယ်ရပါသည်။

လောကုတ္တရာစိတ် (အကျဉ်း) တွင်သောတာပတ္တိမဂ်စိတ် (၁)၊ သောတာပတ္တိ ဖိုလ်စိတ် (၁)၊ သဂဒါမဂ်စိတ်

(၁)၊ သဂဒါမိမိဖိုလ်စိတ် (၁)၊ အနာဂါမိမဂ်ဖိုလ် (၁)၊ အနာဂါမိဖိုလ်စိတ် (၁)၊ အရဟတ္တမဂ်စိတ် (၁)၊ အရဟတ္တဖိုလ်စိတ် (၁) ပေါင်း (၈) ပါးဖြစ်ပါသည်။

ထိုမဂ်စိတ်၊ ဖိုလ်စိတ် (၁) ပါးပါးစီမှာ ဈာန်စိတ် (၅) ပါးစီရှိပါသည်။ ၈×၅=၄၀ ဖြစ်ပါသည်။ အကျဉ်း (၈၉) နှင့် ပေါင်းသော် အကျယ် (၁၂၁) ပါးဖြစ်ပါသည်။ ခေါင်းစဉ်အကျဉ်းမျှကိုသာ တင်ပြခြင်း ဖြစ်ပါသည်။ ဆက်လက်ပြီး စေတသိက်အကြောင်း တင်ပြပါမည်။

စိတ်ကိုမှီတွယ်၊ စိတ်ကိုချယ် ငါးဆယ်နှင့်ဒွိက် (ဒွေး- ၂) စေတသိက်ဟူသည့်အတိုင်း စေတသိက်သည် စိတ်ကို မှီတွယ်၍ဖြစ်ရပါသည်။ စိတ်မရှိဘဲ စေတသိက်မဖြစ်နိုင်ပါ။ စေတသိက်မပါသော စိတ်ဟူ၍လည်းမရှိပါ။ စိတ်နှင့် စေတသိက်သည် နွားနို့ရေရောထားသကဲ့သို့ ခွဲ၍မရပါ။ ဆောင်ရွက်ပုံကိစ္စချင်းမတူသည့်အတွက် အမည်ကွဲနေခြင်းဖြစ်ပါသည်။

စိတ်သည် သိရုံသက်သက်ကိစ္စကိုသာဆောင်ရွက်ပါသည်။ စေတသိက်သည် စိတ်ကို ကုသိုလ်၊ အကုသိုလ်စိတ်ဖြစ်အောင် အဖြူရောင်၊ အမည်းရောင်ကျိုးပေးပါသည်။ စိတ်သည် ရေနှင့်တူပြီး စေတသိက်သည် အရောင်ဆိုးသောဆေးနှင့်တူပါသည်။ စေတသိက် (၅၂) ပါး (ငါးဆယ့်နှင့်ဒွိက်) ရှိပါသည်။ ၎င်းတို့မှာ-

(၁) အကုသိုလ်စေတသိက်၊
(၂) အညသမန်းစေတသိက်၊
(၃) သောဘဏစေတသိက်ဆိုပြီး

အုပ်စု (၃) စုရှိပါသည်။

အကုသိုလ် စေတသိက်ဆိုသည်မှာအပြစ်ရှိသော မကောင်းကျိုးကိုဖြစ်စေသော စိတ်နှင့်ယှဉ်သောစိတ်ကိုခြယ်လှယ်သောအာရုံကို အထူးသိသော စေတသိက်ဟု အမိပ္ပာယ်ရပါသည်။

အညသမန်း စေတသိက်ဆိုသည်မှာ အခြားစိတ်နှင့်တူညီသော စိတ်ကိုခြယ်လှယ်သော အာရုံကိုအထူးသိသော စေတသိက်ဟုအမိပ္ပာယ်ရပါသည်။

သောဘဏစေတသိက်ဆိုသည်မှာတင့်တယ်သော စိတ်နှင့်ယှဉ်သော စိတ်ကိုခြယ်လှယ်သော အာရုံကိုအထူးသိသောစေတသိက်ဟု အမိပ္ပာယ်ရပါသည်။

အကုသိုလ်စေတသိက် (၁၄) ပါး ရှိပါသည်။ အညသမန်းစေတသိက်က (၁၃)ပါးရှိပါသည်။ သောဘဏစေတသိက် (၂၅) ပါးရှိပါသည်။ ၁၃+၁၄+၂၅ = ၅၂ ဖြစ်ပါသည်။

ဤမျှလောက်ပင် အကျဉ်းဖော်ပြနိုင်ပါသည်။ စိတ်၊ စေတသိက်တို့သည် သမုဒ္ဒရာအလားရှိသည်ဆိုက သမုဒ္ဒရာကို ကမ်းစပ်မှ သမုဒ္ဒရာမခန့်မှန်းနိုင်လောက်အောင်ကျယ်သည်။ နက်လည်း အလွန်နက်မည်ထင်ပါသည်ဟု ပြန်ပြောပြသကဲ့သို့သာဖြစ်ပါသည်။

အညသမန်းစေတသိက် (၁၃) ပါးထဲမှ စိတ်တိုင်းတွင်ပါဝင်ရသောမရှိမဖြစ် စေတသိက် (၇) ပါးနှင့် သိရုံသက်သက်ဖြစ်သည် စိတ် (၁) ပါး၊ ပေါင်း (၈) ပါးသည် စိတ်တစ်ခုဖြစ်ရန် အလုပ်တစ်ခုလုပ်ရန် အနည်းဆုံးလိုအပ်သော စိတ်ဖြစ်ပါသည်။ သူသည် အဋ္ဌကလာပ်ရုပ် (၈) ပါးကဲ့သို့ လုံးဝဖြိုခွဲ၊ ထုတ်နုတ်၍မရပါ။ တစ်မျိုးထုတ်လိုက်လျှင်ပင် အလုပ်မဖြစ်တော့ပါ။ (၈) ပါးအစုအင်အားဖြစ်နေမှ အလုပ်တစ်ခုကိုလုပ်နိုင်ပါသည်။ အလုပ်အား ဝတ္ထုနှင့်အာရုံဆုံသောအခါ သိခြင်းအလုပ်ဖြစ်ပါသည်။

ဝတ္ထုရုပ်ဖြစ်သော မျက်စိနှင့် အာရုံရုပ်ဖြစ်သော အဆင့်တို့ ဆုံ(ထိတွေ့)သောအခါ မြင်သိစိတ်ဖြစ်ပုံကို နမူနာတင်ပြပါမည်။

ဤတွင် ကြိုတင်သတိပြုရမည့် အချက် (၄) ချက်ရှိပါသည်။ ၎င်းတို့မှာ (၁)မျက်စိကမြင်နိုင်သောအခြေအနေ ရှိရပါမည်။ (၂) မျက်စိနှင့်အာရုံကြား မြင်နိုင်သော အလင်းရောင်ရှိရပါမည်။ (၃) အတွင်းအာရုံက မျက်စိကိုလာထိရပါမည်။ (၄) စိတ်ရောက်မှုနှလုံးသွင်းမှုရှိရပါမည်။

ဤ (၄) ချက်အနက် (၁) ချက်ပျက်နေလျှင် မြင်သိစိတ်မဖြစ်နိုင်ပါ။ ၎င်းကိုပင် နမူနာအဖြစ် ထပ်မံတင်ပြပါမည်။

မျက်စိနှင့်အဆင်း ထိတွေ့ကြသောအခါ ရုပ် ရုပ်ချင်းထိတွေ့ခြင်းဖြစ်ပါသည်။ ထိတွေ့ခြင်းကို ပါဠိလို ဖဿဟုခေါ်ပါသည်။ ရုပ်ဖဿ၏သဘောကိုဟူ၍ သဘောဖဿနာမ်ဖဿတည်းဟူသော ဖဿစေတသိက်ဖြစ်ရပါသည်။ ထို့သို့ ထိခြင်းကို သိရုံမျှသာဖြစ်သောစိတ်ကသိလိုက်ပါသည်။ ပါဠိလို ဝိညာဏ် ဟုခေါ်ပါသည်။ အာရုံ၏အတွေ့အကြုံကို စေတသိက်ကရရှိခံစားလိုက်ပါသည်။ ပါဠိလို ဝေဒနာဟုခေါ်ပါသည်။ ၎င်းကို စေတသိက်က မှတ်သားလိုက်ပါသည်။ သညာဟုခေါ်ပါသည်။ စေတသိက်တစ်မျိုးက ယှဉ်ဘက်စေတသိက်အားလုံးကို ထိထိရောက်ရောက်ပြုလုပ်ကြရန် စေ့ဆော်စည်းရုံးပါသည်။ စေတနာဟု ခေါ်ပါသည်။ သူက အရေးအကြီးဆုံးဖြစ်ပါသည်။ သူ့ စွမ်းဆောင်ချက်အပေါ် မူတည်ပြီး ကံဖြစ်ရပါသည်။ ထို့ကြောင့် မြတ်စွာဘုရားက စေတနာကို ကံဟု ဟောခြင်းဖြစ်ပါသည်။

ယှဉ်တွေကိုအာရုံတစ်ခုတည်းမှာ စုစည်းကျစေသော စေတသိက်ကို ဧကဂ္ဂတာဟုခေါ်ပါသည်။ သမာဓိဖြစ်ပါသည်။ သမာဓိမှကင်းပြီး ဝိပဿနာဉာဏ်မဖြစ်ဟု မြတ်စွာဘုရားဟောပါသည်။ ယှဉ်ဘက်စေတသိက်များကို မပြိုကွဲအောင် ထိန်းသိမ်းထောက်ပံ့ထားသည့် စေတသိက်ကို ဇီဝိတိန္ဒြေဟုခေါ်ပါသည်။ (ရုပ်တွင်လည်း ဇီဝိတရုပ်ဟု ရှေ့ကတွေ့ခဲ့ဖူးပါပြီ) အာရုံဆီ ဦးလှည့်ထားခြင်း အာရုံကို နှလုံးသွင်းခြင်း စေတသိက်ကို မနသိကာရဟုခေါ်ပါသည်။ စိတ် (၁) စေတသိက် (၇) ပေါင်း (၈) ပါးဖြစ်ပါသည်။

သူတို့သည် အလုပ်တစ်ခုကို တူ (၄) တူဖြင့် လုပ်ကြပါသည်။ ၎င်းတို့မှာ (၁) ဖြစ်ချင်းတူသည်၊ (၈) ပါးစလုံး ပြိုင်တူဖြစ်ကြပါသည်။ စကား နှစ်ခွန်းကို တစ်ပြိုင်နက်ပြော၍ မရသလို ဤ (၈) မျိုးကိုလည်း တစ်ပြိုင်နက်ပြောမရဖြင့် တစ်ခုပြီးမှတစ်ခုပြောရခြင်း ဖြစ်ပါသည်။ ပမာအားဖြင့် ရာဘာတံဆိပ်တုံးတွင် လိုအပ်သောအလုံးများရေးကာ မင်ဆွတ်ပြီး စက္ကူဖြူပေါ် နှိပ်လိုက်က စာလုံးအားလုံး တစ်ပြိုင်နက်တည်း ထင်သကဲ့သို့ ဖြစ်ပါသည်။ (၂) ချုပ်ချင်းတူသည်၊ ပျက်ချုပ်တော့လည်း အားလုံးတစ်ပြိုင်နက် ပျက်ချုပ်ပါသည်။ (၃) မှီရာဝတ္ထုချင်းတူသည်။ မျက်စိကိုမှီလျှင် အားလုံးမျက်စိကိုသာမှီပါသည်။ အချို့ မျက်စိ၊ အချို့ နား၊ အချို့မှာ နှာခေါင်း စသည်ဖြင့် စွဲပြီး မမှီပါ (နား၊ အသံ၊ နှာခေါင်း၊ အနံ့၊ လျှာ၊ အရသာ၊ ခန္ဓာကိုယ်အထိအတွေ့တို့ကိုလည်း ဤအတိုင်းပင်သိရပါမည်)။ (၄) ယူသည့် အာရုံချင်းတူသည်။ အချို့ အဆင်း အချို့ အသံ စသည်ဖြင့် ခွဲမယူကြပါ။

အလုပ်လုပ်သည့်အခါတွင်သာ အဆင့် (၁၇) ဖြင့် လုပ်ကြပါသည်။

ဆက်လက်တင်ပြပါဦးမည်။

ချောင်းဆုံအုန်းသွင်

နေပြည်တော်ကျော်ကျော်စိုး

ဆံပင်မဖြူစေတဲ့အုန်းဆီ

*မြို့ပြအမျိုးသမီးတွေကို မဆိုလို*ပေမယ့် ကျေးလက်ကနေ အမျိုးသမီး အများစုကတော့ ဆံပင်ကိုလိမ်းဖို့ အုန်းဆီကို မြတ်နိုးတတ်ကြပါတယ်။ အုန်းဆီကိုလိမ်းလည်း လိမ်းတတ်ကြပါတယ်။

ဒါပေမယ့် အုန်းဆီမစစ်တော့တာပါပဲ။ ခေါင်းလိမ်းဖို့ အုန်းဆီကိုရှေးတုန်းကတော့ ကိုယ့်ဟာကိုယ်အုန်းသီးခွဲ၊ အုန်းဆံစိတ်၊ နေလှန်းကာ ကိုယ့်ဟာကိုယ်ကြိတ်ကြတော့ အုန်းဆီစစ်လိမ်းခွင့်ရကြပါတယ်။ ရောင်းပြီးဆိုကတည်းကအုန်းဆီရောင်းသူဟာ အရောအနှောထည့်တော့တာပါပဲ။ ဒီတော့ ဆိုင်တွေမှာဆိုတာက ဈေးသာကြီးမယ်။ အုန်းဆီစစ်ရဖို့တော့ ခက်လှပါတယ်။

အုန်းဆီစစ်ရင် အဖြူရောင်ပျစ်ပျစ်မှာ အုန်းမှုန့်ဖတ်ကလေးတွေပါတတ်ပါတယ်။ ပြီးတော့ မွှေးလိုက်တာလည်း အလွန်ပါပဲ။ အုန်းဆီစစ်ရင် ထမင်းတောင်ဆမ်းစားလို့ရပါတယ်။ အုန်းဆီကြိတ်တဲ့ဆုံတွေဆိုတာကလည်း ကျေးလက်တွေမှာတိမ်ကောပပျောက်ကုန်ပါပြီ။ ဒီတော့ အုန်းဆီရောင်းတဲ့ ခေါင်းရွက်သည်တွေဆီကဝယ်သာလိမ်းနေရတယ် အုန်းဆီစစ်မစစ်မသိတော့ပါဘူး။

အုန်းဆီဆိုတာ လိမ်းတဲ့ဆီမို့ စားတဲ့ဆီတွေထက် အများကြီးဈေးကြီးပါတယ်။ လက်ရှိမှာ တစ်ဆယ်သား (၁၂၀၀) ကျပ်ပါ။ (၁၂၀၀၀) ဈေးပါ။ တိုးတက်တဲ့ခေတ်ကြီးမှာ ဆီကိုအရောင်ချွတ်လို့လည်းရတယ်။ ကြိုက်တဲ့အနံ့လည်းထည့်လို့ရတာကြောင့် အုန်းဆီ စစ်မစစ်ကို လိမ်းသူတွေမသိကြတော့ပါဘူး။

တကယ်တော့ မိမိတို့ရဲ့အိမ်မှာ အုန်းဆီစစ်စစ်လိမ်းလိုပါက အုန်းဆီထုတ်လုပ်တဲ့နည်းလေးရှိပါတယ်။ ဒီနည်းလေးကို သေတပန်သက်တဆုံးသွားတဲ့ ဒေါ်မြစိန်အကြောင်း အနည်းငယ်ပြောပြပါမယ်။

ကျွန်တော်တို့ ပျဉ်းမနားမြို့နယ်၊ ပြန်ကပြေးရွာကြီးရဲ့ အလယ်ပိုင်းရပ်မှာ ကိုထွန်းအောင်၊ မမြစိန်တို့ဇနီးမောင်နှံရှိတယ်။ ကိုထွန်းအောင်က မျက်နှာဝိုင်းဝိုင်း မျက်လုံးပြူးပြူး ကျောက်ပေါက်မာတွေနဲ့လုံးဝမလှပါဘူး။ သူ့ဇနီးမမြစိန်ကျတော့အတော့်ကိုလှတာပါ။ ငေးလောက်တဲ့အလှဆိုပါတော့။

သူတို့မှာ သားသမီးမထွန်းကားပါဘူး။ ဒီတော့ သူတို့တူတွေကို ရှင်ပြုကာကုသိုလ်ယူပါတယ်။ ကျွန်တော့်ကိုလည်း သူတို့ကအတော်ချစ်ကြပါတယ်။ မမြစိန်ရဲ့ဝိသေသဟာဆံပင်ပါပဲ။ ဆံပင်တွေကသန့်စွမ်းပြီး ဒူးခေါက်ကွေးနားမှာ ဝဲနေတတ်တာပါ။ လှပါတယ်ဆို ဆံပင်ကပါ ဖြည့်စွက်လိုက်တော့ သူ့အလှက အတော်ထင်ပေါ်တာပါ။

ပြန်တပြေးကနေ ကျွန်တော် (၁၆) နှစ်သားမှာခွာပါတယ်။ (၆၅) နှစ်မှာ ပြန်ရောက်ပါတယ်။ ဒီအခါ ကိုထွန်းအောင်၊ မမြစိန်တို့ရှိသေးလို့ မေးတော့ ကိုထွန်းအောင်က ဆုံးသွားပါပြီ။ မမြစိန်ကကျန်းမာစွာရှိနေဆဲလို့ သိရတာကြောင့် တွေ့ချင်မြင်ချင်တာနဲ့သွားလည်ပါတယ်။

မမြစိန်ကိုမြင်ရတော့ ငယ်ငယ်တုန်းကလိုမလှတော့ပေမယ့် အလှကရှိနေဆဲပါ။ ဝိသေသက သူ့ရဲ့ဆံပင်တွေပါပဲ။ ဆံပင်တွေက သန့်စွမ်းမည်းမှောင်နေဆဲပါ။ ငယ်ငယ်တုန်းကလောက်တော့ မများတော့ပါဘူး။ အသက် (၇၀) ကျော် (၈၀) တွင်းမှာ အရွယ်ဒီလောက်တင်နေတာ အံ့ဩစရာပါ။

ဒါနဲ့ ဆံပင်တွေမဖြူအောင် မကျဲပါးအောင် ဘယ်လိုထိန်းသိမ်းထားတာလဲဆိုတာမေးကြည့်ဖြစ်ပါတယ်။ အဲဒီမှာ ဒေါ်မြစိန်ကပြောပြပါတယ်။

"အုန်းဆီကို သူများရောင်းတာတွေ စစ်မစစ်မသိလို့ ဘယ်တော့မှဝယ်မလိမ်းခဲ့ဘူးကွယ့်။ ငယ်စဉ်ကတည်းကခုချိန်ထိ အုန်းဆီကိုကိုယ့်ဟာကိုယ်ထုတ်ပြီးလိမ်းခဲ့တာ။ အုန်းဆီထုတ်တာက အုန်းသီးခြောက်ကိုခြစ်ပြီး အုန်းနို့ညှစ်ပေါ့ကွယ်။ ပြီးရင် အုန်းနို့ချက်တာပေါ့။ အုန်းနို့ချက်ရင် အုန်းဆီတွေထွက်လာတယ်။ အနှစ်တွေစား၊ အဆီကိုခေါင်းလိမ်းဖို့စစ်ယူထားပြီး အဲဒီအုန်းဆီအစစ်နဲ့ အမြဲလိမ်းတာပေါ့။ မွှေးပြီးဆံပင်တွေလည်း သန့်စွမ်းတယ်။ ပြီးတော့ ဆံပင်လည်း တစ်ပင်တောင်မဖြူဘူးကွယ့်။ မြင်တဲ့အတိုင်းပဲလေ"

လို့ ပြောပြပါတယ်။ ဒီတော့မှ အုန်းဆီစစ်စစ်ဟာ ကိုယ်နဲ့ လက်တစ်ကမ်းအကွာမှာရှိနေတာပဲလို့ သိရခြင်းပါ။ အုန်းသီးခြောက်ဟာ ဈေးမှာဝယ်လို့ရသလို အုန်းနို့ညှစ်စက်တွေလည်း ရှိနေကြပါတယ်။ အုန်းသီးခြောက်ဝယ်ပြီး အုန်းနို့ညှစ်စက်မှာအပ်လိုက်ရုံပါပဲ။ ပြီးရင်အုန်းနို့ချက်လိုက်တာနဲ့ အုန်းနို့နဲ့အုန်းဆီကွဲထွက်သွားတာပါ။ ဒါဆို အုန်းဆီကိုငှဲ့ယူလိုက်ရုံပါပဲ။ ဒေါ်မြစိန် ပြောပြမှ အုန်းဆီစစ်စစ် အလွယ်တကူ ရနိုင်တဲ့နည်းကိုသိပါတော့တယ်။

အုန်းဆီစစ်စစ် အမြဲလိမ်းရင် သူ့ရဲ့ဆံပင်အနံ့ဟာ မွှေးကြိုင်ပြီးနက်မှောင်နေတာပါ။ ရှေးမြန်မာတွေ အုန်းဆီစစ်စစ်လိမ်းခဲ့တာဟာ အကြောင်းမဲ့မဟုတ်ပါဘူး။ လှလည်းလှစေ၊ ဆေးလည်းဖြစ်စေ လိမ်းခဲ့ကြတာပါ။ ဒါကို ဒေါ်မြစိန်ကသက်သေပြပါတယ်။

အမျိုးသမီးများအနေနဲ့ အရွယ်လေးရှိခိုက်မှာ အုန်းဆီစစ်စစ်လေးလိမ်းပြီး ဆံပင်ကိုအလှဆင်ခဲ့ရင် အရွယ်လွန်သည့်တိုင်အောင် ဆံပင်ရဲ့အလှကို ထိန်းသိမ်းထားနိုင်စွမ်းရှိပါတယ်။ အရွယ်ရှိခိုက် လုံ့လစိုက်ကာ အုန်းဆီစစ်စစ်လိမ်းကြပါလို့တိုက်တွန်းဝါတယ်။

ဒေါ်မြစိန်ဟာ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းကာ အမြဲနေတတ်သူပါ။ မြန်မာအလွန်ဆန်ပါတယ်။ သူတို့ဇနီးမောင်နှံဟာ ဇရပ်ဒါယကာ၊ ကျောင်းဒါယကာ၊ ရဟန်းဒါယကာများလည်းဖြစ်ကြပါတယ်။ ပြည့်စုံကြွယ်ဝချမ်းသာစွာနေသွားသူများပါ။ အသက် (၈၀) နားအရောက် ၂၀၁၉- မှာ ဦးနှောက်သွေးကြောပြတ်ရောဂါနဲ့ ဒေါ်မြစိန်ဆုံးပါးသွားခဲ့ပါတယ်။

ချမ်းမြေ့ကြပါစေ။

နေပြည်တော်ကျော်ကျော်စိုး

သရက်တောကုံနှင့်သမန်းကျား

ဥိနန်

ကျွန်ုပ်သည် စိတ်ကူးယဉ်ခြင်းကို အလွန်နှစ်သက်၏။ သို့သော် မဖြစ်နိုင်သော သဘာဝလွန်ကိစ္စရပ်များကို စိတ်ကူးယဉ်ခြင်းမျိုးမဟုတ်။ လက်တွေ့လုပ်ဆောင်နိုင်သောကိစ္စရပ်များကိုသာလုပ်ဆောင်နိုင်မည်ဟု စိတ်ကူးယဉ်ခြင်းမျိုးတည်း။ အထူးသဖြင့် တိဗက်ပြည်မှလားမားဘုန်းကြီးများ၊ အိန္ဒိယရှိ ဆာဒူးကြီးများ၊ အီဂျစ်ပြည်မှ ဖာကီးကြီးများ၊မြန်မာပြည်ရှိ အာဂဘုန်းကြီးများ၊ ရသေ့ကြီးများ၊ ဖိုးသူတော်ကြီးများ၏ အစွမ်းသတ္တိများ ထူးဆန်းသောအတွေ့အကြုံများကို နှစ်သက်စွဲလမ်းကာ စိတ်ကူးယဉ်လေ့ရှိ၏။

ဤသို့ဖြင့်. . .

ဒေသအစုံသို့ ခြေကျင်ခရီးသွားရန် မိတ်ဆွေကြီးဦးဒီပနှင့် တိုင်ပင်၍ ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ကန်တော့ရင်း အောင်မြေနင်းကာ ခရီးစခဲ့လေ၏။

မြေလျှောက်ခရီးမို့ တစ်တောဝင်တစ်တောထွက်ကာ လူသူအရောက်အပေါက်နည်းသော ရှေးဟောင်းစေတီများကို မကြာခဏ ဖူးမြော်ရလေ၏။ ဒေသစုံမှ ထူးဆန်းသောဖြစ်ရပ်များကို မကြာခဏကြားရသော်လည်း ပုဂ်ရာဇဝင်ကဲ့သို့ တုတ်ထမ်း၊ ဓားထမ်း ယုံတမ်းစကားဆင့်မျိုးသာများ၏။ လက်တွေ့ကား မပြနိုင်ကြပေ။

ခရီးစဉ်ကား ရှည်လျားလှသဖြင့် အကြောင်းစုံကိုရေးသား၍ကား မဖြစ်နိုင်ချေ။ ထို့ကြောင့် လိုရင်းမျှကိုသာဆိုပေအံ့။

*

ကျွန်ုပ်နှင့် ဦးဒီပလည်း ခရီးဆက်ရင်း တမူးမြို့၏ မြောက်ဘက် မိုင် (၄၀) ခန့်အကွာ၌ရှိသော အောင်ဇေယျရွာလေးသို့ရောက်ခဲ့ချေ၏။ ရွာသူကြီးမှ သူတို့ရွာကလေးသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတည်ခဲ့ကြောင်းနှင့် ထူးဆန်းသော ဒေါင်းဘုရားစေတီငယ်ပါရှိကြောင်း ဇာတ်စုံနှော၍ ပြောပြလေ၏။

ကျွန်ုပ်လည်း အနည်းငယ်အတွေးနယ်ချဲ့၍ စဉ်းစားမိသည်ကား အရှေ့ဘက် တစ်မိုင်မျှအကွာတွင် နာဂတောင်တန်းကြီးနှင့် အနောက်ဘက်တစ်မိုင်ခန့်တွင် အိန္ဒိယပိုင် ဟိမန္တာတောင်တန်းတို့၏ ကြား၌ညီညာကျယ်ပြန့်သောမြေပြင်အခြေအနေကြောင့် မဏိပူရ၊ အာသံ၊ ကသည်းတို့နှင့် နယ်မြေ စစ်မက်ရေးရာကိစ္စများအတွက် ဤနေရာလေးအားရွေးချယ်အသုံးပြုခြင်းများလားဟုတွေးတောခန့်မှန်းယုံမှတစ်ပါး အခြားမရှိပေ။

သို့နှင့် နံနက်ခြောက်နာရီခန့်တွင် ရွာသူကြီးပေးလိုက်သော ခြင်းလုံးနီးပါးခန့်ရှိသော ကောက်ညှင်းပေါင်းထုပ်နှင့် ရေတစ်ဘူးကိုယ်စီဆွဲကာ နာဂတောင်တန်းကိုစတင်ကျော်ဖြတ်ရန် ခရီးစခဲ့ကြ၏။ 'အမြင်နီး၍ ခရီးဝေးသည်ကတောင်' ဟူသောဆိုရိုးအတိုင်း တစ်ရက်ခွဲမျှ ဖြတ်ကျော်ခဲ့ရ၏။

ဤသို့ဖြင့် ကျွန်ုပ်နှင့် ဦးဒီပလည်း နာဂတောင်တန်း အရှေ့ဘက်တောင်ခြေရှိ ဒီလောင်ရွာကလေးသို့ရောက်ရှိကာ ရွာဦးကျောင်းဆရာတော်အထံ၌ ခွင့်ပန်၍တည်းခိုကြလေ၏။

ညဦးပိုင်းအစ၌ ကပ္ပိယကြီးလာရောက်ခေါ်သဖြင့် ဆရာတော်အထံသို့ ရောက်ရှိခဲ့၏။ ဦးချကန်တော့ပြီး စကားစမြီများပြောကြားနေစဉ် ဆရာတော့်ဘေးနားသို့ ဦးပဉ္စင်းလေးတစ်ပါးရောက်လာကာ တန်းတူဝင်ထိုင်လိုက်သဖြင့် ကျွန်ုပ်မှာ အနည်းငယ အံ့အားသင့်မိ၏။ ဆရာတော်လည်းရိပ်မိပုံရ၏။

"သူက ဦးပဉ္စင်းရဲ့ ညီတော်ပါ။ သိက္ခာဝါက အတူတူပါပဲ"

ဟုဆရာတော်မှဆိုကာ ထိုဦးပဉ္စင်းလေး၏ပခုံးကို အသာအယာပုတ်၍မိန့်လေ၏။

စကားပြောဆိုကြရင်းနှင့် ကျွန်ုပ်သတိတစ်ခုထားမိ၏။ ဆရာတော်၏အသားအရည်မှာ အဖြူလည်း မဟုတ်၊ နီစပ်စပ်ဟုခေါ် ရမည်ပင်။ အထူးသဖြင့် စကားသံသည် ကျွန်ုပ်ရင်းနှီးကျွမ်းဝင်သော ရှမ်း၊ ပအိုဝ်၊ ကရင်တို့၏ ဝဲပုံမျိုး

မဟုတ်ဘဲ ကျွန်ုပ်၏မိတ်ဆွေ စာရေးဆရာ ဆလိုင်းရွှေလင်း၏ ဝဲပုံနှင့် ဆင်ဆင်တူနေသဖြင့်-

"ဆရာတော်က ချင်းလူမျိုးလား"

ဟု မေးမြန်းလိုက်ရာ-

"မဟုတ်ဘူး။ နာဂလူမျိုးပါ"

ဟု ဆရာတော်က ပြန်ဖြေ၏။ ကျွန်ုပ်များစွာ အံ့အားသင့်မိ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် နာဂလူမျိုးများစွာနှင့် ထိတွေ့ဆက်ဆံဖူး၏။

နာဂလူမျိုးများသည် အသားမည်းမည်းနှင့် ပိန်သောသူ များသည်။ အထူးသဖြင့် ရိုးရာအစွဲအလမ်းကြီးမား၍ မျိုးနွယ်စုကွဲပြ ားသောသူများနှင့် ရောယှက် ပေါင်းသင်းခြင်းကင်း၏။ ထိုအချက်များကြောင့် အံ့အားသင့်မိခြင်းဖြစ်၏။ ထို့နောက် ဆရာတော်က-

"သမန်းကျားဆိုတာ ကြားဖူးသလား"

ဟု မေးမြန်း၏။ ကျွန်ုပ်က-

"သမန်းကျားတို့၊ သမန်းဝံပုလွေတို့ဆိုတာကို ကြားဖူးပါတယ်ဘုရား"

ဟုဖြေရာ-

"ယုံကော ယုံကြရဲ့လား"

ဟု ထပ်၍မေးမြန်းလေ၏။ ထိုအခါ ကျွန်ုပ်က-

"ကံရဲ့အကျိုးပေးဖြစ်တာကြောင့် မငြင်းဝံ့ပါဘုရား"

ဟု မယုတ်မလွန် ပြန်ဖြေလိုက်ရ၏။

"အေး - ဒါဆိုရင် ကိုယ်တွေ့ဖြစ်ရပ်ဆန်းတစ်ခုပြောပြမည်"

ဟုဆိုကာ ကျွန်ုပ်တို့အား သူတို့ညီတော်နောင်တော်နှစ်ပါး၏အကြောင်းကိုမိန့်ကြားလေတော့၏။

*

"ဦးပဥ္စင်းတို့ညီအစ်ကိုနှစ်ယောက်ကရွယ်တူတန်းတူ ကိုရင်လေးတွေကိုမြင်ပြီး ကိုရင်ဝတ်ချင်ကြောင်း အဘိုးထံ အပူကပ်ကြတာပေ့ါ။ အဘိုးက မျိုးနွယ်စုခေါင်းဆောင်ဆိုတော့ ဘယ်လက်ခံပါ့မလဲ။ ဦးပဥ္စင်းတို့ ညီအစ်ကိုနှစ်ယောက်လည်း မရမကအပူကပ်လွန်းတာကြောင့် နောက်ဆုံးတော့ ဝတ်ခွင့်ပြုလိုက်တယ်။ ဇာတ်လမ်းက အဲဒီမှာ စတာပဲ"

ဟု ဆရာတော်က မိန့်ကြား၏။

"ဘယ်လိုစတာလဲဘုရား"

ဟု ကျွန်ုပ်က စကားထောက်လိုက်ရာ-

"သိတယ်မဟုတ်လား၊ ဗုဒ္ဓဘာသာတွေရဲ့ထုံးစံအတိုင်းပေ့ါ။ ကိုရင်ဝတ်ခါနီးပါလာတဲ့ မိသားစုဆွေမျိုး ပရိသတ်ကို သရဏဂုံသီလပေးတာတွေကို. . ."

ဟု ဆိုကာ စကားကို ခေတ္တရပ်ထားလိုက်၏။

"သိပါတယ်ဘုရား၊ ဒါကထုံးတမ်းစဉ်လာလိုဖြစ်နေပါပြီဘုရား"

ဟု ကျွန်ုပ်က ထောက်ခံဖြေဆိုလိုက်ရာ-

"အင်း-သူများတွေအတွက်တော့ မထူးဆန်းပေမယ့် အဘိုးအတွက်ကတော့ အရမ်းကိုထူးဆန်းလွန်းတယ်"

ဟု ဆရာတော်က စိတ်မကောင်းတန်စွက်၍ ညည်းပြောလေးပြောလိုက်၏။ ထို့နောက် တစ်ဖန် ဆရာတော်က-

"သရဏဂုံဟာ အစွမ်းထက်တယ်ဆိုတာကိုရော ယုံကြရဲ့လား"

ဟုမေးပြန်၏။ ကျွန်ုပ်က-

"ယုံပါတယ်ဘုရား၊ ဘုရားဟောလည်းရှိတယ်။ ဟံသာဝတီခေတ်ကတလထော်တို့နောက် လယ်တီဆရာတော်တို့ အခြားဘာသာရေးမဂ္ဂဇင်း၊ စာစောင်တွေမှာ သရဏဂုံကြောင့် အန္တရာယ်ကင်းပုံတွေ၊ အကျိုးပေးပုံတွေ အများကြီးတွေ့နေရတာပဲဘုရား၊ ဘယ်မယုံဘဲရှိပါ့မလဲ"

ဟု ဖြေဆိုလိုက်ရာ ဆရာတော်က-

"ဦးပဥ္စင်းတို့ညီအစ်ကိုနှစ်ယောက် ကိုရင်ဝတ်ပြီးတဲ့နောက်ပိုင်းမှာ အဘိုးဟာ လပြည့်၊ လကွယ်နေ့တွေကျရင် အိပ်ရာထဲမှာ တစ်ညလုံးလူးလှိမ့်အောင် ခံရပြီး အော်ဟစ်နေတော့တာပဲ၊ မနက်ရောက်ရင် အဘိုးတစ်ကိုယ်လုံးမှာ အနီအစင်းကြောင်းတွေနဲ့ ညိုမည်းနေတော့တာပဲ။ ဝိုင်းပြီးမေးမြန်းကြပေမယ့် အဘိုးကအစကတော့ ,မဖြေဘူး။ နောက်ကျတော့မှပြောပြတယ်။ အဘိုးတို့မျိုးနွယ်စုက သမန်းကျားမျိုးနွယ်စုတွေ ဖြစ်တယ်။ ရိုးရာအစဉ်အလာအရ လပြည့်လကွယ်ညတွေမှာ သမန်ကျားအသွင်ကိုပြောင်းပြီး တစ်ညဉ့်တာမျှ နေထိုင်သွားလာအစာရှာရတယ်။ အခုတော့ သမန်းကျားအသွင်ပြောင်းဖို့ ကြိုးစားလည်းပြောင်းမရဖြစ်ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြေးနှစ်ယောက် ကိုရင်ဝတ်စဉ်က ဘုန်းကြီးတွေထံမှာ သရဏဂုံနဲ့ ငါးပါးသီလယူမိတာကြောင့် သမန်းကျားအသွင်ကိုပြောင်းလို့ မရတော့တာ၊ အဲဒါကို စိတ်ဆိုးပြီး နတ်ကျားတွေက အပြစ်ပေးဒဏ်ခတ်တာတဲ့"

ဆရာတော်က စကားကိုခေတ္တရပ်ထားပြီးမှ-

"အခုတော့လည်း မိသားစုနဲ့ဆွေမျိုးတွေ ဗုဒ္ဓဘာသာဖြစ်ကုန်ကြပါပြီ"

ဟုဆိုရင်း စကားကိုနိဂုံးချုပ်လိုက်လေ၏။

ကျွန်ုပ်တို့လည်း ဆရာတော့်အား နှုတ်ဆက်ကန်တော့ဦးချပြီး အနားယူရန် နေရာဆီသို့ပြန်ခဲ့ကြ၏။

အိပ်ရာထက်၌ နဖူးပေါ် လက်တင်၍ ဆရာတော့်စကားကို ပြန်စဉ်းစားရင်း အိပ်မပျော်ဘဲဖြစ်နေ၏။ ဦးဒီပအားအိပ်နေပြီလားဟုစောင်းငဲ့၍လှမ်းကြည့်လိုက်ရာ ၎င်းသည်လည်း ကျွန်ုပ်ကဲ့သို့ပင်အိပ်မရပုံပင်။

သရဏဂုံသီလ၏ အစွမ်းကားထက်လှပါချေတကား။

ဦးနန်

မျက်စိရောဂါကင်း၍ ကြည်လင်စေရန်

နှတ်မောက်မင်းသန့်ရိုင်

မျက်ခမ်းစပ်ခြင်း၊ မျက်ရည်ပူကျခြင်း၊ မျက်စိစူးခြင်း၊ မျက်ရိုးကိုက်ခြင်း၊ မျက်စိနာခြင်း၊ အောင့်ခြင်းစသော မျက်စိရောဂါများ ကင်းဝေးပြီး မျက်စိမှုန်ခြင်း၊ ဝေသီခြင်းမဖြစ်စေဘဲ ကြည်လင်စေသည့်နည်းစနစ်တင်ပြလိုပါသည်။

ဆီးဖြူသီးကို လူတိုင်းသိပါသည်။ အညာဒေသနှင့် မြေလတ်ပိုင်းတွင် ဆီးဖြူသီးအစိမ်းကို အမှုန့်ထောင်း၍ ပုစွန်ခြောက်၊ ငါးခြောက်တို့နှင့်ရောနှောသုပ်၍ အလှူပွဲများတွင်ဟင်းတစ်မည်အဖြစ် ကျွေးမွေးဧည့်ခံလေ့ရှိပါသည်။

ထိုဆီးဖြူသီးအတွင်းမှ ဆီးဖြူစေ့သည် မျက်စိအတွက် အကောင်းဆုံးဆေးအမယ်ဖြစ်ပါသည်။ ၎င်းဆီးဖြူစေ့လက်တစ်ဆုပ်ခန့်ကို ရေမတ်ခွက်သုံးခွက်နှင့် တစ်ပွက်ဆူ၊ နှစ်ပွက်ဆူပြုတ်၍ အအေးခံကာပြုတ်ရည်ကို စစ်ယူထားပါ။ ထိုပြုတ်ရည်ဖြင့် နံနက်တိုင်း မျက်နှာသစ်ရင်း မျက်စိကိုဆေးပေးပါ။

ယင်းကဲ့သို့ ပြုလုပ်ပေးလျှင် ရာသက်ပန် မျက်စိရောဂါကင်းရှင်း၍ မျက်စိမှုန်ခြင်းမဖြစ်တော့ပါချေ။

ကျန်းမာချမ်းသာကြပါစေ။

နှတ်မောက်မင်းသန့်ရိုင်

စဉ့်ကိုင် မက္ခရာရှေးဟောင်းနယ်မြေတွင် စေတီအမြှောက်များနှင့်အကျိုးပေးသည့်ရှမ်းရွှေတောင်

နေပြည်တော်ကျော်ကျော်စိုး

ဘာပင်အနောက်လမ်း၊ လှိုင်းတန်းကမာရွတ်

မောင်စိုင်းမင်းသက္ကရာဇ်၏ ရက် (၁၀၀) ပြည့်

၂၂-၁-၂၀၂၂ သောကြာနေ့မှာ အဘွား ဒေါ်နန်းသက်သက်မျိုး၊ သား ကိုစိုင်းစိုးထက်လင်း၊ မသီတာလွင်တို့က သူတို့ရဲ့သားဦးလေး မောင်စိုင်းမင်းသက္ကရာဇ်ရဲ့ ရက် (၁၀၀) ပြည့်မွေးနေ့ ဝိဇာတမင်္ဂလာဖိတ်ကြားတာကြောင့် ကျွန်တော်တို့မိသားစုတွေ စဉ့်ကိုင်မြို့နယ်၊ မက္ခရာရှေးဟောင်းနယ်မြေရှိ ရွှေရောင်တော်စေတီကြီးတည်ရှိရာ ရွှေရောင်တော်ကျောင်းကို ရောက်ကြရပြန်ပါတယ်။

ရွှေရောင်တော်ကျောင်း ဆရာတော် ဦးသေဋ္ဌနနှင့်တကွကျောင်းတိုက်အတွင်းရှိ ရဟန်းသာမဏေတို့ကို ဆွမ်းသင်္ကန်းနဝကမ္မတို့ကို ဆက်ကပ်လှူဒါန်းကာ ဖိတ်ကြားထားတဲ့ဧည့်ပရိသတ်ကိုလည်း ပြည့်ပြည့်စုံစုံကျွေးမွေးဧည့်ခံပါတယ်။ ဧည့်ခံတာက လှပပြီး ကြီးမားတဲ့ ဓမ္မဗိမာန်တော်ကြီးထဲမှာပါ။

ကျွန်တော်တို့မိသားစုနဲ့နွယ်တဲ့ မိုးကုတ်အသိုင်းအဝိုင်းတွေဟာ မက္ခရာ ရွှေရောင်တော် ကျောင်းဆရာတော် ဦးသေဋ္ဌနကို ကိုးကွယ်ဆည်းကပ်ကြတာများပါတယ်။ ကိုယ့်မိသားစုအလှူ၊ သူများမိသားစုအလှူတွေလုပ်ကြတော့ကာ ရွှေရောင်တော်ကျောင်းကို အကြိမ်ကြိမ်ရောက်ကြပါတယ်။

ဒါပေမယ့် ဓမ္မဗိမာန်တော်ကြီးထဲကို အခုမှရောက်ဖူးတာပါ။ အနီးကဖြတ်သွားတာ အကြိမ်ကြိမ်ပေမယ့် အသေအချာလေ့လာမကြည့်မိခဲ့ပါဘူး။ စေတီတွေဆီသာအာရုံကရောက်တာပါ။စေတီတော်တွေက အစုအဝေးနဲ့လည်းရှိတယ်။ တန်းစီနေတာလည်းရှိတယ်။တစ်ဆူစီပြန့်ကြနေတာတွေလည်းရှိတယ်။ ဒီတစ်ခါမှာတော့ ပြန့်ကြနေတဲ့စေတီတော်တွေကို လိုက်လံကြည်ညိုမိပါတယ်။ ပေါင်းရိုးကျိုးထားတော့ အရင်လိုတော့ ပေါ့ပေါ့ပါးပါးမရှိပါဘူး။ ဖြည်းဖြည်းချင်း သွားရတာပါ။

ဗိမာန်ကြီးရဲ့အနီးတစ်ဝိုက်မှာ မြို့ရိုးစေတီတော်တွေကို အနီးကပ်ဖူးတွေ့ရပါတယ်။ စေတီတော်တွေအားလုံးဟာ လိုဏ်ပါတဲ့ ပုထိုးစေတီတော်တွေဖြစ်ပါတယ်။ မူလဖိနပ်တော်ပေါ်မှာ ပုံဖမ်းပြီးပြန်လည်တည်ဆောက်ထားခြင်းပါပဲ။ စေတီတော်တွေဝန်းကျင်မှာ သစ်ပင်ပန်းပင်မာန်များလည်း စိုက်ပျိုးထားတာကြောင့် ရှုခင်းလည်းကောင်းလှပါတယ်။ ဓာတ်ပုံရိုက်သူတွေလည်း များများလှပါတယ်။ ကိုဗစ်ကြောင့် ဘုရားဖူးပိတ်ထားတာတောင် လူက သိပ်မပြတ်လှပါဘူး။ နီးစပ်ရာက လာရောက်ဖူးမြော်ကြခြင်းပါ။

ရှမ်းရွှေတောင်မိသားစု ငွေပင်ဓမ္မဗိမာန်တော်

ရှမ်းရွှေတောင် ရှူးရဲ့လက်ဖက်နဲ့ အကြော်စုံကို ကလေးတွေကနေ လူကြီး



မက္ခရာရှေးဟောင်းမြေစေတီများ

နန်းမြို့ရိုးစေတီတော်များ



ငွေပင်ဗိမာန်ကြီးအနီးရှိ စေတီတစ်ဆူ



ရာတကြီးဝင်းစေတီ(၉၊ ၁၀) ကို ကျောဘက်မှမြင်တွေ့ရပုံ



မကန္ဒရာမြို့ရိုးစေတီတစ်ဆူ

တွေအထိသိကြပါတယ်။ ရှမ်းရွှေတောင် ရှူးရှဲလက်ဖက်ဟာ လူကြီးတွေမဆိုထားနဲ့ ကျောင်းနေအရွယ်ကလေးတွေတောင် အမြတ်တနိုးစားလေ့ရှိကြတဲ့ အစားအစာပါ။ လက်ဖက်စပ်စပ်ကို ရှူးရှူးရှဲရှဲ စားကာ ရေအဝသောက်လိုက်တာနဲ့ ကလေးတွေအာသာပြေစေတဲ့ မြန်မာ့ရိုးရာအစားအစာမို့ နေရာတိုင်းမှာလိုရနိုင်တဲ့အစားအစာပါ။ ကျောင်းဆိုင်တွေမှာလည်းရှိပါတယ်။

ဒီရဲ့ရှမ်းရွှေတောင် မိသားစုက ချောင်ခပ်ကျကျ မကန္ဒရာရွှေးဟောင်းမြေမှာလှုပြီးကြီးမားတဲ့ ဗိမာန်တော်ကြီး လာရောက်တည်ဆောက်လှူဒါန်းထားတယ်ဆိုတော့ စိတ်ထဲမှာ ထူးဆန်းသလိုခံစားမိပါတယ်။

အဲဒါကြောင့် ဗိမာန်ကြီးရှေ့က မော်ကွန်းကျောက်စာကို ဖတ်ကြည့်မိတဲ့အခါ သာသနာတော်နှစ် ၂၅၅၇၊ ကောဇာသက္ကရာဇ် ၁၃၇၅၊ တပေါင်းလဆန်း (၇၊ ၈) ရက်၊ ကျောက်ဆည်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် စာချဆရာတော်များ နှစ်ဖက်မိဘများကို ဦးထိပ်ထား၍ မန္တလေးမြို့နေ ဘုရားဒါယကာ ဦးစန်းမောင်၊ ဘုရားဒါယိကာမ ဒေါ်ခင်စန်း၊ သမီး မကျော့ကျော့စန်း၊ ကိုအောင်ထွန်းလွင် ၊ သမီး မသန္တာမောင်၊ ကိုစိုးနိုင်လင်း၊ သား ကိုမျိုးဝင်းအောင်၊ မခင်ရဲရူပါအေး (သား ကိုစန်းဝင်းအောင်၊ သမီး ဒေါက်တာစန္ဒာမောင်) ရှမ်းရွှေတောင် စားသောက်ကုန်လုပ်ငန်း မိသားစုမှ ကုသိုလ်ယူ လှူဒါန်းပူဇော်ပါသည်လို့ တွေ့ရပါတယ်။

ဒီလိုလှူဒါန်းနိုင်ဖို့ဆိုတာ အတော်မလွယ်ပါဘူး။ လုပ်ငန်းတွေအောင်မြင်လို့ ငွေကြေးဥစ္စာတွေကြွယ်ဝချမ်းသာပါသော်လည်း စေတနာကြွယ်ဝချမ်းသာမှသာ စွန့်လွှတ်လှူဒါန်းနိုင်ကြတာပါ။ အကြောင်းညီညွတ်ဖို့ မလွယ်လှပါဘူး။

အကြောင်းတရားလေးပါးရှိပါမယ်။ အဲဒါက ငွေကြေးပြည့်စုံတယ်။ စေတနာမပြည့်စုံဘူး။ စေတနာက ပြည့်စုံပြီး လှူချင်တယ်၊ ငွေကြေးက မပြည့်စုံဘူး။ အချို့ကျတော့ ငွေကြေးလည်းမပြည့်စုံဘူး၊ လှူဒါန်းချင်စိတ်လည်း မရှိဘူး။ အချို့သောပုဂ္ဂိုလ်တွေကျတော့ ငွေကြေးကလည်းပြည့်စုံတယ်၊ လှူဒါန်းချင်စိတ်လည်းရှိတယ်။ ဦးစန်းမောင်၊ ဒေါ်ခင်စန်းတို့ ရှမ်းရွှေတောင်မိသားစုဟာ စတုတ္ထမြောက်ဖြစ်တဲ့ ငွေကြေးကလည်းပြည့်စုံ၊ လှူဒါန်းလိုစိတ်ကလည်းရှိတဲ့ ငွေကြေးဥစ္စာစေတနာ နှစ်ဖြာသောအင်္ဂါနဲ့ပြည့်စုံတဲ့ သာသနာပြု သာသနာ့ ဒါယကာ၊ ဒါယိကာမတွေ ဖြစ်ကြပါတယ်။

ဗိမာန်ကြီးထဲဝင်လိုက်တာနဲ့ စိတ်ထဲမှာ အေးချမ်းပြီးကြည်နူးပီတိတွေဖြစ်ရပါတယ်။ သာစုတွေ အကြိမ်ကြိမ်ခေါ်မိပါတယ်။ သူတို့လို ကျွန်တော်တို့လှူနိုင်စွမ်းမရှိလို့ပါ။ ရှမ်းရွှေတောင် စားသောက်ကုန်လုပ်ငန်းရဲ့ အောင်မြင်မှု

အသီးအပွင့်တွေပါ။

နေပြည်တော်ပျဉ်းမနားမှာလည်း နန်းစိန်မုန့်လုပ်ငန်းရဲ့ အောင်မြင်မှု အထိမ်းအမှတ် နန်းစိန့်ဗိမာန်တော်ကြီး၊ စိန်ဒေါင်းကုန်တိုက်ရဲ့ အောင်မြင်မှု အထိမ်းအမှတ် စိန်ဒေါင်းဗိမာန်တော်ကြီး၊ စိုးလျှပ်စစ်ရဲ့ အောင်မြင်မှု အထိမ်းအမှတ်မော်ရုံတွေ၊ လမ်းတွေ၊ တံတားတွေ၊ စာသင်ကျောင်းတွေ နွမ်းပါးသူ ထောက်ပံ့မှုတွေ လျှပ်စစ်ထရန်စဖော်မာတွေ၊ ကျေးလက်အိမ်တွေ စေတီပုထိုးတွေ အများအပြားလှူဒါန်းခဲ့ပါတယ်။

အတိတ်ကံကောင်းလို့ အောင်မြင်မှုရကြတဲ့အခါ သံသရာခရီးတစ်လျှောက် ဆက်ဆက်အောင်မြင်ပြီး တစ်ဆင့်ထက်တစ်ဆင့်မြင့်စေဖို့ ခုလိုလှူဒါန်းသမှု ကုသိုလ်ပြုကြခြင်းပါ။ ဒီရဲ့ ကုသိုလ်ဇောတွေဟာ ဒီဘဝမှာပဲ ပထမဇောစေတနာထိုက်ကာ ပိုလို့သာလို့ အောင်မြင်ကြဦးမှာပါ။ရှမ်းရွှေတောင်ရဲ့ငွေပင်မမှ ဗိမာန်ကြီးပေါ်မှာ အေးချမ်းစွာခိုနားနေစဉ် ဆထက်ထမ်းပိုးတိုးလို့ ချမ်းသာစေကြောင်း ဆုမွန်တောင်းနေမိပါတယ်။

ဆရာတော်ထံမေးလျှောက်ခြင်း

“ဆရာတော်ဘုရားရှမ်းရွှေတောင် မိသားစုရဲ့ ငွေပင်မမှဗိမာန်တော်ကြီးမှာ ဘုရားဒါယကာ ဦးစန်းမောင်၊ ဘုရား ဒါယိကာမ ဒေါ်ခင်စန်းလို့ မော်ကွန်းကျောက်စာထိုးထားတာ တွေ့ရတယ်။ အဲဒါဘုရားတွေကော ပြုပြင်လှူဒါန်းပါသလားဘုရား”

“သြော်-ဒကာကြီးရယ်ရှိတာပေါ့။ ဒကာကြီးကို လိပ်ပတ်လည်အောင်ပြောပြမယ်။ ညောင်ဦးမြို့ရွာရဲ့မြောက်ဘက်မှာ ရှေးဟောင်းစေတီတော်အပျက်တွေ အတော်များများရှိတယ်။ အဲဒီဘုရားဝင်းတွေကို ရာဇာကြီးဝင်းလို့ခေါ်တယ်။ အဲဒီစေတီတော်အုတ်ပုံတွေကို နိုင်ငံနဲ့အဝန်းပဋ္ဌာန်းဆက်ရှိသူတွေ လာရောက်ပြုပြင် ကုသိုလ်ယူလှူဒါန်းကြတာပေါ့ဗျာ။ စေတီတော်တွေရဲ့ဘွဲ့အမည်တွေတော့ အချို့မသိကြတော့ပါဘူး။ ဒီတော့ နံပါတ်တွေနဲ့ သတ်မှတ်ပြီးခေါ်ရတာပေါ့။ ပုဂံခေတ်က နေကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်ဆိုတော့လည်းပြိုကျပြီး အုတ်ပုံကြီးတွေဖြစ်နေကြတာလေ။ အဲဒီညောင်ဦးမြို့ရွာ မြောက်ဘက်က ရာဇာကြီးဝင်းအမှတ် (၂) စေတီဟောင်းကို မန္တလေးမြို့၊ နောင်ရီးဆောက်လုပ်ရေးကုမ္ပဏီက ဦးအောင်စိုးလင်း၊ ဒေါ်မြင့်မြင့်သန်း သား ဗိုလ်ကြီးထွန်းနိုင်လင်း၊ သား မောင်သီဟမင်း မိသားစုတို့က ၁၃၇၃ နတ်တော်လမှာ ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ စာချဆရာတော်တွေကို ဦးထိပ်ထားပြီး နှစ်ဖက်မိဘတွေရည်စူးကာ ပြုပြင်

နန်းမြို့ရိုးစေတီတော်များ

ရွှေရောင်တောက်စေတီအား အဝေးမှဖူးရစဉ်

ရာဇာကြီးဝင်းမှစေတီတော်များ



ထိုထပ်ရှည်မင်းသမီးစေတီ



ရာဇာကြီးဝင်းအမှတ် (၂) စေတီ



ပန်းရုံများကြားမှစေတီ

ရာဇာကြီးဝင်းမှစေတီတော်တစ်ဆူ



မကွေးရာရွာအနီးရှိစေတီတစ်ဆူ



စေတီတော်နှင့်ရှုခင်းအလှ

လှူဒါန်းတာပေါ့။

အဲဒီမှာ ထီးတင်ပွဲလာကြတဲ့အခါ ဗိုလ်ကြီးထွန်းနိုင်လင်းက သူ့သူငယ်ချင်း ရှမ်းရွှေတောင်က ကိုစိုးနိုင်လင်းကို အဖော်ခေါ်လာခဲ့ပါတယ်။ ကိုစိုးနိုင်လင်းဟာ ရာဇာကြီးဝင်း အမှတ် (၂) စေတီတော် ထီးတင်ပွဲကိုကြည့်ပြီး ပီတိသောမနဿတွေ တဖွားဖွားဖြစ်ခဲ့ရတယ်။ အနီးမှာလည်း ရှေးဟောင်းစေတီတော် အုတ်ပုံကြီးတွေကရှိနေတယ်။သူတို့မိသားစုတွေလည်း ဗိုလ်ကြီးထွန်းနိုင်လင်းတို့မိသားစုတွေကို စေတီဟောင်းကိုပြုပြင်လှူဒါန်းချင်တယ်။တကယ်လည်း သူတို့မှာပြုပြင်နိုင်တဲ့ ငွေကြေးအင်အားကလည်းရှိနေတာကိုး။ ကိုစိုးနိုင်လင်းဟာ စေတနာဖောတွေ စောနေတော့တာပါ။ ဒါနဲ့အိမ်ရောက်တော့ ဖခင်ကြီးဦးစန်းမောင်၊ မိခင်ကြီးဒေါ်ခင်စန်းနဲ့ မိသားစုတွေကို တိုင်ပင်တော့တာပါ။

ဦးစန်းမောင်နဲ့ ဒေါ်ခင်စန်းတို့ဆိုတာကလည်း အလှူရေစက်လက်နဲ့မကွာ လှူဒါန်းနေသူတွေဆိုတော့ကာ ကိုစိုးနိုင်လင်းဦးဆောင်ကာ ရာဇာကြီးဝင်းက စေတီပျက်တွေလာကြည့်ပြီး စေတီပျက်အုတ်ပုံကြီးတစ်ခုကိုကြည့်ကာ ဒီစေတီတော်ကို ပြုပြင်လှူဒါန်းမယ်လို့သတ်မှတ်ပြီး ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီးဆီ ပြုပြင်ခွင့်သွားတောင်းကြတယ်။ ခွင့်ပြုချက်ရလို့ စတင်ပြုပြင်တဲ့အခါမှာ ပြိုလဲနေတဲ့အုတ်ပုံကြီးကိုရှင်းကာ စေတီတော်ရဲ့ဖိနပ်တော်ကို စတင်ဖော်ပါတယ်။

"ဒကာကြီးရေ ဆန်းကြယ်ပုံများ အဲဒီစေတီအုတ်ပုံက စေတီတစ်ဆူမဟုတ်ဘဲ နှစ်ဆူတွဲကြီးဖြစ်နေပါရောဗျာ။ ဒကာတွေဆိုလည်း ငါတို့တစ်ဆူရည်စူးတာ နှစ်ဆူပြုပြင်ခွင့်ရတယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်လိုက်ကြတာဗျာ။ ဒီနှစ်ဆူတွဲဟာ ဇနီးမောင်နှံက လှူခဲ့လေသလား ညီအစ်မနှစ်ယောက်၊ ဒါမှမဟုတ် ညီအစ်ကိုနှစ်ယောက်ကပဲလှူခဲ့လေသလား မပြောတတ်ဘူးပေါ့နော်။ စေတီချင်းက ကပ်လျက်လေးပါ။အခုလောလောဆယ် အဲဒီစေတီနှစ်ဆူတွဲကို ရာဇာကြီးဝင်း စေတီအမှတ်(၉/၁၀)ဆိုပြီး သင်္ကေတပြုထားပါတယ်။ ဒီစေတီတော်တွေဟာ ဟိုးအတိတ်က သူတို့တွေဗာည်ထားကိုးကွယ်ခဲ့သလားတော့ မပြောတတ်ပါဘူး။ ထီးတော်တင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပခဲ့ပါတယ်။

အဲဒီမှာ ရှမ်းရွှေတောင်မိသားစုဟာ သဒ္ဓါတရားက မရပ်တန့်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ဒီရွာတွေဝန်းကျင်မှာ သူတို့ရှမ်းရွှေတောင်မိသားစုက ထုတ်

လုပ်တဲ့ လက်ဖက်အိတ်ပုလပ်စတစ်လေး တွေဟာ နေရာအနှံ့မှာပြန့်ကြဲနေတာကို အများအပြားတွေ့ရတဲ့အတွက် ဒီဒေသ ဟာလည်း တို့ရဲ့ကျေးဇူးရှင်တွေဖြစ်တယ်။ ပဌာန်းဆက်ရှိတဲ့ရွာတွေဖြစ်တယ်။ အဲဒီ တော့ တို့တွေမက္ကရာဒေသမှာ ဗိမာန် ကြီးလှူဦးမယ်ဆိုပြီး ကျောက်ဆည်မဟာ ဂန္ဓာရုံဆရာတော်ကြီးဆီ မြေတောင်းပါ တယ်။ ဆရာတော်ကြီးက ရွှေရောင်တော် စေတီတော်ကြီးရဲ့ အနောက်ဘက် ရွှေ ရောင်တော်ကျောင်းအနီးကတွင်းမှာနေရာ ပေးတဲ့အတွက် ၁၃၇၅ ခုနှစ်မှာ ငွေပင်မမွှ ဗိမာန်တော်ကြီးကို ဆောက်လုပ်လှူဒါန်း ခဲ့ပါတယ်။

ပြီးပြီလားဆိုတော့ သဒ္ဓါအားက မရပ်တန့်နိုင်သေးပါဘူး။ ပထမပြုပြင် လှူဒါန်းတဲ့စေတီအမြှာရဲ့ အရှေ့ဘက် အနီးကတတ်တိုင်းသာခြားတဲ့ စေတီပျက် အုတ်ပုံကြီးကိုပြုပြင်ခွင့် ဆရာတော်ကြီး ဆီတောင်းပြန်ပါတယ်။ ခွင့်ပြုချက်ရတာ နဲ့ အုတ်ပုံကြီးကိုရှင်းပါတယ်။ စေတီက အတော်ကြီးပါတယ်။ အဲဒီမှာထပ်ပြီး အံ့သြ စရာဖြစ်ပေါ်လာတာက တစ်ဆူလို့ထင် ရတဲ့အုတ်ပုံကြီးဟာ အရင်တစ်ခါ ီပဲ စေတီအမြှာဖြစ်နေတာကို တွေ့ရတော့ ပြန်တာပါ။သဒ္ဓါအားကောင်းလို့ အကျိုး ပေးသန်တယ်ဆိုရမှာပဲ။ သူတို့မိသားစု တွေ ဝမ်းမြောက်ဝမ်းသာနဲ့ တစ်ဆူ ရည်စူးတာ နှစ်ဆူလှူဒါန်းခွင့်ရပြန်တာပါ ပဲ။စေတီတော်ကြီးနှစ်ဆူကတည်ဆောက် လို့ပြီးပါပြီ။ထီးတော်တွေမတင်ရသေးဘူး ဗျ။ ငွေပင်မမွှဗိမာန်တော်ကြီးရဲ့ ဘုရား ကျောင်းဆောင်မှာ ထီးတော်ကြီးနှစ် လက်ရှိတယ်။ အဲဒီထီးတော်နှစ်လက်ကို နောက်တည်တဲ့စေတီအမြှာရာဇာကြီး ဝင်းအမှတ် (၁၁/၁၂)မှာ တင်ဖို့ပါပဲ။ လောလောဆယ် ဘုရားဒါယကာကြီး ဦးစန်းမောင်ဆုံးသွားတော့ မတင်ဖြစ် သေးပါဘူး။

ဒကာကြီးက ရှမ်းရွှေတောင် မိသားစုတည်ထားတဲ့ စေတီတွေဘက် မရောက်ဖူးသေးဘူး။ အဲဒါ နည်းနည်း ဝေးတယ်ဗျ။ ညောင်ပြုရွာရဲ့မြောက်ဘက် မှာလိုက်ပို့ပေးရမလား"

"လိုက်ပို့ရင်တော့ ကောင်းတာပေါ့ ဘုရား။ တပည့်တော်မာတ်ပုံမှတ်တမ်း လေးတွေရတာပေါ့"

"ဒါဆိုလည်း လာဗျာ။ ကျုပ်လိုက် ပို့ပေးပါ့မယ်"

ဆိုပြီး ဆရာတော် ဦးသေဇနက သူ့ကာပွိယကို ကားသွားယူခိုင်းပြီး လိုက်

ရာဇာကြီးဝင်းစေတီအမှတ်(၉)မှ ရုပ်ပွားတော်



ရာဇာကြီးဝင်းစေတီ(၁၁)လိုဏ်အတွင်းမှ ရုပ်ပွားတော်ကြီး



ရာဇာကြီးဝင်းစေတီ(၁၂)အတွင်းလိုဏ်မှ ရုပ်ပွားတော်ကြီး

ငွေပင်မမွှဗိမာန်တော်ကြီးအား ရှေ့တည့်တည့်မှမြင်ရပုံ



ကွင်းထဲ၌သီးခြားတည်နေသော စေတီတော်တစ်ဆူ

ငွေပင်ဓမ္မဗိမာန်ဘုရားကျောင်းဆောင်နှင့်ထီးတော်ကြီးနှစ်ထက်

လောဘာတီမပြုရင်ခေါင်းချသွားသော အိမ်ဝန်း



ငွေပင်ဓမ္မဗိမာန်ကြီးအား တောင့်ဖြတ်မြင်ရစဉ်

ရှမ်းရွှေတောင်ငွေပင်ဓမ္မဗိမာန်တော်ကြီးအား အဝေးမှမြင်ရပုံ



ရာဇာကြီးဝင်းစေတီအမှတ်(၁၀)မှ
ရုပ်ပွားတော်

ကြည်ညိုဖွယ်ဖူးတွေ့ရသည့် ဗုဒ္ဓရုပ်ပွားတော်

ပို့ပါတယ်။

အဲ့ဗျ (ခေါ်) ညေ့်ပြုရွာ

ခုခေတ် ညေ့်ပြုရွာလို့ခေါ်ကြတဲ့ ရွာဟာ ရှေးတုန်းကအဲ့ဗျရွာပါ။ ဒီရဲ့ မကွ္ခရာမြေဟာ ပုဂံခေတ်အနှော်ရထာ မင်းလက်ထက်ကနေပြီး ခေတ်အဆက်ဆက်စည်ကားခဲ့တဲ့ မြေတွေလို့ခေါ် ရမှာပါ။ မကွ္ခရာရှေးဟောင်းစေတီတော်တွေရဲ့သမိုင်းကို ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ အနည်းငယ် ရေးသားဖော်ပြခဲ့ပြီးပါပြီ။ ဒီတစ်ခါကျတော့ ခေတ်ပုံရိပ်နဲ့တင်ပြခြင်းပါ။

မကွ္ခရာရွှေရောင်ကျောင်းကနေ တောင်ဘက်ထွက်လိုက်တာနဲ့ မကွ္ခရာရွာထဲရောက်ပါတယ်။ မကွ္ခရာကရွာငယ်လေးပါ။ အိမ်ခြေတစ်ရာကျော်ကျော်ပဲရှိတယ်။ ရွာထဲလမ်းကနေ အနောက်ဘက်ကို ထွက်လိုက်တာနဲ့ ဒုဋ္ဌဝတီမြစ်ကိုမြင်ရပါတယ်။ ကားလမ်းက မြစ်ကမ်းဘေးမှာရှိနေတာပါ။

မကွာရာလွန်တာနဲ့ ညောင်ပြရွာထဲဝင်လာပြီး ရွာက မြစ်ကမ်းဘေးကပ်လျက်တည်ရှိနေတာပါ။ ပြီးတော့ရွာလမ်းအားလုံးဟာ ကွန်ကရစ်လမ်းတွေနဲ့ ခြံစည်းရိုးတွေနဲ့ မြို့ပြတစ်ခုသဖွယ် တည်ရှိနေပါတယ်။ ရွာကအိမ်ခြေ (၅၀၀) ကျော်ရှိကြောင်းသိရတာ ရွာကြီးဖြစ်တာမို့ ကွန်ကရစ်လမ်းတွေလည်း ကွန်ရက်သဲဖွယ်တည်ရှိနေပါတယ်။ အဲဒီနောက်အအုံတွေဟာလည်း ခေတ်မီပြီးလှပကြတာမို့ စီးပွားရေးလည်းသင့်တင့်ကြောင်း တွက်ဆလို့ ရပါတယ်။ ရွာထဲတစ်နေရာအရောက်မှာဆရာတော်က-

"ဒကာကြီး အဲဒီအိမ်ဝန်းဟာ ရှေးတုန်းက နာမည်ကြီးမင်းသမီးလေဘာတီမမြရင် စစ်ဘေးရှောင်ရင်းနေသွားတဲ့အိမ်ဝန်းလို့ဆိုကြတယ်။ ဒီအိမ်မှာပဲသေသွားတယ်လို့ပြောကြတာပဲ"

လို့ အမိန့်ရှိတာကြောင့် ဓာတ်ပုံရိုက်ယူလိုက်ပါတယ်။ လေဘာတီမမြရင်ဆိုတာက ခုခေတ်တိုင် သူ့သီချင်းတွေ သူ့ကဟန်တွေ ကျော်ကြားနေတုန်းပါ။ မြန်မာ့ဇာတ်သဘင်သမိုင်းဝင်ပုဂ္ဂိုလ်ပါ။ သူ့အိမ်ဝန်းရဲ့ဟိုဘက်မှာ စေတီနဲ့ကျောင်းကိုလှမ်းမြင်နေရပါတယ်။ လေ့လာစရာနေရာတစ်ခုပါ။

ခဏလောက်မောင်းလိုက်တာနဲ့ ညောင်ပြရွာရဲ့မြောက်ဘက်က ကွင်းပြင်ကြီးကိုရောက်သွားပါတယ်။ ကွင်းထဲမှာ စေတီတော်တွေနဲ့ အလွန်သာယာလှပနေပါတယ်။ တမာပင်စတဲ့အရိပ်ရအပင်လေးတွေလည်းရှိနေကြပါတယ်။ ဒီတစ်ဝိုက်က ရွာထက်အနည်းငယ်မြင့်ပါတယ်။

"ဒကာကြီး အဲဒီစေတီတော်ကရာဇာကြီးဝင်း အမှတ် (၂) စေတီတော်ပဲ။ အဲဒီစေတီတော်ထီးတင်ပွဲမှာ ဗိုလ်ကြီးထွန်းနိုင်လင်းက သူ့သူငယ်ချင်း ရှမ်းရွှေတောင်က ကိုစိုးနိုင်လင်းကိုခေါ်ခဲ့ရာကနေ သဒ္ဓါပေါက်ပြီး စေတီအမွှာနှစ်ဆူစုစုပေါင်းလေးဆူကို တည်ဖြစ်သွားတာပါ"

လို့ စေတီကိုညွှန်ပြရင်း ရှင်းပြကာစေတီအမွှာတွေရဲ့ရှေ့ကားကွင်းမှာ ကားထိုးရပ်ပေးပါတယ်။ စေတီတော်တွေနဲ့ရွာကကပ်လျက်တည်ရှိပါတယ်။ စေတီပုရဝုဏ်တွေမှာ သစ်ပင်ပန်းမာန်တွေစိုက်ပျိုးထားတာကို ရေပိုက်နဲ့ရေလောင်းသူကလောင်းနေပြီး စေတီတွေအနီးမှာ တံမြက်စည်းလှည်းသူကလှည်း၊ ပေါင်းပင်နုတ်သူကနုတ်နေကြတာတွေ့ရပါတယ်။ ဝမ်းသာလိုက်တာ ပြောစရာမရှိပါဘူး။ သူတို့

ရာဇာကြီးဝင်းစေတီ(၁၁၊ ၁၂)ရှေ့မှ စည်တော်ကြီးဆင်



ရာဇာကြီးဝင်းစေတီ (၁၁၊ ၁၂)အား မျက်နှာစာမှဖူးတွေ့ရပုံ



ဖေကာမပေါ်သေးသောစေတီပျက်တစ်ဆူ



ငွေပင်မေမှတ်မာန်တော်ကြီးကျောက်စာ



ဧရာဝတီမြစ်ကမ်းရှုခင်းအလှ

ဆရာတော်ကိုလာပြီးဝတ်ပြုကြပါတယ်။

"ကဲ- ဒကာကြီးရေ အဲဒီစေတီနှစ်ဆူတွဲတွေဟာ ရှမ်းရွှေတောင်ကပြန်ပြီး မွမ်းမံပြင်ဆင်လှူဒါန်းတဲ့စေတီတွေပဲ"

ဆိုပြီး ညွှန်းပါတယ်။ ပြီးတော့-

"ဒကာကြီး ဓာတ်ပုံပတ်ရိုက်ရင် ဖိနပ်စီးသွားနော်။ မြေကြီးပေါ်မှာ ဆူးတွေပေါတယ်"

လို့ သတိပေးမြွက်ပါတယ်။

"တင်ပါ့ဘုရား"

လို့သာလျှောက်ရတာပါ ဘုရားဝတ္တကမြေတွေမို့ မစီးရဲပါဘူး။

ရာဇာကြီးဝင်းအမှတ် (၉/၁၀) (၁၁/ ၁၂)

ကားက ရွာဇာကြီးဝင်းအမှတ် (၉/၁၀) ရှေ့တည့်တည့်မှာ ရပ်တာမို့ ဖိနပ်ကိုချွတ်ခဲ့ကာ စေတီတော် (၉/ ၁၀) ဆီတတ်ခဲ့ပါတယ်။ စေတီတော်ရှေ့တည့်တည့်မှာ တမာပင်ပိတ်ထားတဲ့ အတွက် ရှေ့မျက်နှာစာကနေ ဓာတ်ပုံရိုက်လို့မရပါဘူး။ စေတီတွေက မူလအုတ်မြစ်ပေါ်မှာတည်ထားခြင်းဖြစ်ပြီး လိုဏ်မုခ်ပါတဲ့ ပုထိုးစေတီတွေဖြစ်ပါတယ်။ အထဲမှာ ရုပ်ပွားတော်တစ်ဆူစီ သီတင်းသုံးလျက်ရှိပါတယ်။ ပုဂံခေတ်ပုံစံကိုအသွင်တော်ယူပြီး သွန်းလောင်းထားခြင်းပါ။ အတွင်းလိုဏ်ထဲမှာ အေးမြနေပါတယ်။

စေတီတော် (၉/၁၀) ကို ရှေ့မျက်နှာစာက ဓာတ်ပုံရိုက်လို့မရတာကြောင့် ကျောဘက်ရှိ လှေကားကဆင်းကာဓာတ်ပုံရိုက်ရပါတယ်။ ကွင်းထဲမှာ ကဆီးပင်ရှိပြီး ဆီးသီးမှည့်တွေကြွေကျကာ ဖါဝင်းနေပါတယ်။ တစ်ဆက်တည်းမှာပဲ စေတီတော် (၁၁/၁၂) ကိုပါ ကျောဘက်ကနေ ဓာတ်ပုံရိုက်ကူးပါတယ်။ ပြီးမှပြန်တက်ကာ ကပ်လျက် အောက်အနိမ့်ပိုင်း အရှေ့ဘက်စေတီ တော် (၁၁/၁၂) ဆီကူးခဲ့ပါတယ်။ လှေကားနဲ့ အောက်ကိုဆင်းရခြင်းပါ။

ဒီရဲ့ရာဇာကြီးဝင်း စေတီတော် (၁၁/၁၂) က အတန်ငယ်ကြီးပါတယ်။ စေတီညီနောင်နှစ်ဆူဟာလည်း အတော်လေးကို လက်ရာကောင်းလှပါတယ်။ မြန်မာမှုတွေနဲ့ တင့်တင့်တယ်တယ်ရှိလှပါတယ်။ အတွင်းမှာလိုဏ်အတော်ကျယ်ပြီး ရုပ်ပွားတော်ကြီးတစ်ဆူစီ သီတင်းသုံးလျက်ရှိပါတယ်။ ထီးတော်တွေကတော့မတင်ရသေးပါဘူး။ငွေပင်ဓမ္မဗိမာန်တော်ကြီးရဲ့ဘုရားကျောင်းဆောင်ထဲမှာ ရောက်ရှိလို့နေပါပြီ။

စေတီတော် (၁၁/၁၂) ရဲ့အဝင်လက်ဝဲဘက်မှာ စတီးများနဲ့ဆောက်လုပ်ထားတဲ့စည်တော်ကြီးစင် ရှိပါတယ်။ စည်တော်ကြီးမတင်ရသေးပါဘူး ဆရာတော်က-

"ဒကာကြီး စည်တော်ကြီးက ကျောင်းမှာရောက်နေပါပြီ။ ထီးတော်တင်ပွဲအမီတင်မှာပါ"

လို့ မိန့်ပါတယ်။ အနီးနားအိမ်တွေက ဆရာတော်ကို လာရောက်ရှိခိုးကာ စကားစမြည် ပြောဆိုနေကြပါတယ်။ ကျွန်တော်ကတော့ လှည့်လည်ကြည့်ရှုကာမှတ်တမ်းယူနေရတာပါ။

ဒကာ မပေါ်သေးသော စေတီဟောင်းနှစ်ဆူ

"ဒကာကြီးရေ အဲဒီစေတီဟောင်းနှစ်ဆူကတော့ ဒကာမပေါ်သေးဘူးဗျ။ ဒကာပေါ်လာရင် အသင့်ဖြစ်အောင် ဘုန်းကြီးတို့က တတ်နိုင်တဲ့ဘက်က ကူညီပေးပါတယ်"

လို့ စေတီဟောင်းအုတ်ပုံနှစ်ခုကို ညွှန်ကာ အမိန့်ရှိပါတယ်။ ရာဇာကြီးဝင်းစေတီ (၉/ ၁၀) ရဲ့ အနောက်ဘက်နားမှာကပ်လျက်တည်ရှိနေတာပါ။ စေတီတော်တွေက အကြီးကြီးတွေမဟုတ်ပါဘူး။ စေတီအမှတ် (၉/၁၀) ပမာဏပဲ။ စေတီငယ်တွေပါ။ ပြုပြင်လှူဒါန်းချင်စိတ်ဖြစ်မိသော်လည်း ရွှေခါချဉ်မာန်ကြီးလို့ တောင်ကြီးကိုတဲ့ဖြိုမယ်ကြံ။ ခါးကမသန်ဆိုတာလို့ပေါ့လေ။ စေတနာသာရှိတာအသပြာကမရှိပါဘူး။ ဆရာတော်က စေတီတော်တွေ တန်းစီနေတာကို ညွှန်ပြကာ-

"ဟော- ဟိုဟာက ရှေးတုန်းက လိုဏ်ရှည်မင်းသမီးတည်ခဲ့တဲ့စေတီဗျ။ အဲဒီရန်ကုန်ရွှေဘုံသာက မသီတာတို့ အုပ်စုပြုပြင်လှူဒါန်းသွားတာ"

လို့ ရှင်းပြပါတယ်။ ပါရမီရှင်စေတီဒါယကာဒါယိကာမတွေ့ကြောင့်သာ ခုလိုသပ္ပာယ်စွာ ဖူးခွင့်ရတာမို့စေတီတော်တွေကို ရှိခိုးဦးတင်ကာ ကုသိုလ်ရှင်တွေကိုမေတ္တာပွားမိပါတယ်။

ကျွန်တော်တို့ ဧည့်ပြကိုလာခဲ့စဉ်ကလမ်းရဲ့မြစ်ကမ်းပေါ်မှာ ကြီးမားတဲ့သဲပုံကြီးတွေ့ခဲ့ရပါတယ်။ အမြင့်လေးငါးခြောက်တောင်ရှိတဲ့ သဲပုံကြီးတွေ့တော့ ဆရာတော်က-

"စေတီတော်တွေပြင်ရင် အသုံးပြုဖို့အသင့်ရှိနေအောင် ဘုန်းကြီးတို့က ဒုဋ္ဌဝတီမြစ်ထဲကနေ သဲစုပ်စက်နဲ့သဲတွေစုပ်တင်ထားပေးတာပါ"

လို့ ရှင်းပြခဲ့ပါတယ်။ စေတီတော်နှစ်ဆူကဒကာမပေါ်သေးပါဘူး။ ပဌာန်းဆက်ရှိသူ၊ ပါရမီရှိသူတွေဟာ မက္ခရာရှေးဟောင်းမြေပေါ်ရှိ ခေတ်အဆက်ဆက်က တည်ထားကိုးကွယ်ခဲ့တဲ့စေတီတော်အပျက်တွေကို မွမ်းမံပြင်ဆင်တည်ဆောက်လှူဒါန်းခဲ့ကြပြီးပါပြီ။ ရေစက်ချကာ အမျှတွေပေးဝေခဲ့ကြပြီးပါပြီ။

ရှမ်းရွှေတောင်အစရှိသော သာသနာ့ဒါယကာ၊ ဒါယိကာမများကြောင့် များစွာသောစေတီတော်တို့ကို သပ္ပာယ်စွာ ကျွန်တော်တို့ဖူးမြော်ခွင့်၊ လေ့လာခွင့်၊ လည်ပတ်ခွင့်ရကြခြင်းပါ။ ကျေးဇူးတရားကြီးမားလှပါတယ်။ မပြုပြင်ရသေးတဲ့စေတီတော်နှစ်ဆူလည်း အမြန်ဒါယကာပေါ်ပါစေလို့ ဆုတောင်းမိပါတယ်။ လှည့်ပတ်ပြီး မှတ်တမ်းယူအပြီးမှာကျွန်တော်တို့ပြန်ခဲ့ကြပါတယ်။ ဆရာတော်က-

"ဒီရဲ့ ဧည့်ပြရွာမြောက်ဘက်က စေတီတော်တွေကျတော့ ဘုန်းကြီးတို့နဲ့ အတော်လှမ်းတယ်။ အမြဲလာပြီးမကြည့်နိုင်ဘူး။ အဲဒီတော့ စေတီတွေအနီးက အိမ်တွေကိုပဲ စေတီတော်တွေစောင့်ရှောက်ဖို့မှာထားရတယ်။ သူတို့လည်း စောင့်ရှောက်ကြပါတယ်ဒကာကြီးလည်း အမြင်ပဲလေ"

လို့ပြောပြပါတယ်။ ဟုတ်ပါတယ်။ ဥယျာဉ်ပန်းမာန်ရေလောင်းသူ တံမြက်စည်းလှည်းသူပေါင်းနုတ်သူတို့ကို မြင်တွေ့ခဲ့ရပါတယ်။ နေ့နေ့ညညကုသိုလ်ရနေကြသူများပါ။ ဆရာတော်ရဲ့ရွှေရောင်တော်ကျောင်းအနီးမှာလည်း စေတီတော်တွေ အစုလိုက်ရှိနေပါတယ်။ တောထဲ လယ်ကွင်းတွေအနီးမှာလည်း ရှိနေကြပါ တယ်။ လက်လှမ်းမီသမျှကို ဆရာတော်က ပြုစုစောင့်ရှောက်နေရခြင်းပါ။

အခါအခွင့်သင့်ခဲ့ပါက စဉ့်ကိုင်မက္ခရာရှေးဟောင်းမြေက စေတီတော်တွေကို လာရောက်လေ့လာဖူးမြော်ကြည်ညိုကြပါဦးလို့ တိုက်တွန်းလိုက်ပါတယ်။

လိုအပ်သည်တို့ကို ကူညီပေးပါသော အကွရာရွှေရောင်တော်ကျောင်းဆရာတော် ဦးသေဇ္ဇနအား ဦးခိုက်လျှက်။

ချမ်းမြေ့ကြပါစေ။

နေပြည်တော်ကျော်ကျော်စိုး

ဤစာစုဖြင့်

ရှမ်းရွှေတောင်မိသားစုသို့ဂုဏ်ပြုပါသည်။

ကြည်ညိုပူဇော်
ပရိတ်မြတ်ဒေသနာတော်

(လွန်ဆေး)

နေဝင်းဝင်း

မင်္ဂလ ရတန မေတ္တံ.
ခန္ဓ မောရ ဝဋ္ဋ ဓဇံ။
အာဋာနာဋိယ အင်္ဂုလိ
ဗောဇ္ဈင်္ဂ ပုဗ္ဗသုတ္တံတိ။
တို့လာရှိသား ပါဠိဘာသာ
ဂါထာဖွဲ့ရစ် သုတ်ဆယ့်တစ်ကို
လေး၊ ရှစ်၊ ဆယ်ပါး
နယ်သွားပတ်ယှက်၊
ရပ်ထက်ဝန်းကျင်၊
ဘေးများဖြင်တို့
မဝင်စိမ့်သောငှာ တံတိုင်းကာသို့
ကောင်းစွာဆို့
ပိတ်ထို့နှိမ်တော်ကြောင့်
ပရိတ်ပညက် ဘွဲ့ထူးတပ်၏။

ဖော်ပြပါ မြင်းခြံမြို့ (၉) ဆောင် တိုက်ဆရာတော်ဘုရားကြီးစီရင်ခဲ့သည့် ပရိတ်ဂါထာစဉ်လင်္ကာလေးကို အာဂုံဆောင်ထားမည်ဆိုလျှင် ပရိတ်တော် (၁၁)သုတ်အမည်နှင့် ပရိတ်တော်အစဉ်ကို အလွယ်သိနိုင်ကြမည်ဖြစ်သည်။ ပရိတ်တရားတော်များသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီးဖြစ်ပါသည်။မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော ပရိတ်တရားတော်များသည် ရွတ်ဖတ်သူ၊ နာယူသူ၊ ကျင့်ကြံပွားများသူအပေါင်းတို့အား ဘေးဥပါဒ် အန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်သည်ဟု ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအားလုံး ယုံကြည်လက်ခံထားကြသည်။

ပရိတ်တော်(၁၁)သုတ်ဟု အများသိကြသည်။ သို့သော် ပရိတ်တော်၏ အစမူလသည် ပရိတ်တော် (၇)သုတ်မှစပါသည်။ မြတ်စွာဘုရားရှင်က ရတနာသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်ပါဠိတော်များကို အကာအကွယ်'ပရိတ်' တရားတော်များအဖြစ် ဟောကြားတော်မူခဲ့သည်။ ထိုပရိတ်ပါဠိတော်များကို ဗုဒ္ဓခေတ် ပရိတ်တော် (၇) သုတ်ဟု ခေါ်ကြပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း (၅၀၀) ခန့်က မိလိန္ဒမင်းကြီးအား အရှင်နာဂသိန်မိန့်ကြားခဲ့သည့် ပရိတ်တော်မှာလည်း (၇) သုတ်ဖြစ်ပါသည်။ အရှင်နာဂသိန်မိန့်ကြားခဲ့သော ပရိတ်တော်(၇)သုတ်တွင် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်နှင့် အင်္ဂုလိမာလသုတ်တို့ပါဝင်ပါသည်။ထိုပရိတ်တော်(၇)သုတ်ကို မိလိန္ဒခေတ်ပရိတ်တော် (၇) သုတ်ဟု ခေါ်ကြသည်။ ဗုဒ္ဓခေတ် ပရိတ်တော်(၇) သုတ် ဗောဇ္ဈင်္ဂသုတ်ပါရှိပြီး မိလိန္ဒခေတ် ပရိတ်တော်(၇)သုတ်တွင် ဗောဇ္ဈင်္ဂသုတ် မပါဘဲ မောရသုတ်ပါဝင်လာသည်။

ထို့မှ သာသနာတော်နှစ် (၉၀၀) ကျော် အရှင်မဟာဗုဒ္ဓဃောသခေတ်တွင် ဆရာတော်၏အဋ္ဌကထာကျမ်းတို့၌ ရတနာသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ဣသိဂိလိသုတ်ဟူ၍ ပရိတ်တော် (၈) သုတ်ရှိ

ကြောင်း ဖော်ပြလာသည်။ ဗုဒ္ဓခေတ် ပရိတ်တော် (၇)သုတ်နှင့် ယှဉ်ကြည့်သော် ဗုဒ္ဓခေတ် ပရိတ်တော် (၇)သုတ်မှ အင်္ဂုလိမာလသုတ်ကိုချန်လှပ်လျက် မောရသုတ်နှင့် ကူသိဂိလိသုတ်နှစ်သုတ် တိုးလာကြောင်းတွေ့ရပေသည်။မိလိန္ဒခေတ်ပရိတ်တော်(၇)သုတ်တွင်ပါရှိသော အင်္ဂုလိမာလသုတ်သည် ရှင်မဟာဗုဒ္ဓဃောသခေတ် ပရိတ်တော်(၈)သုတ်တွင် မပါဝင်ဘဲ ဇောဇ္ဈင်္ဂသုတ်နှင့်ကူသိဂိလိသုတ်တို့တိုးလာခဲ့သည်ကို တွေ့ရသည်။

သာသနာနှစ် ၂၁၅၃၊ မြန်မာနှစ် ၉၇၁ ခုနှစ်၊ အနောက်ဘက်လွန်မင်းခေတ်တွင် မြန်မာရဟန်းတော်အရှင်တေဇောဒီပက ပရိတ္တဋီကာကို ရေးသားစီရင်တော်မူခဲ့သည်။ ဆရာတော်၏ ပရိတ္တဋီကာတွင် မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်တို့ကို မှီရာကျမ်းများနှင့်တကွဖော်ပြထားသည်။ ထို့ကြောင့် အနောက်ဘက်လွန်မင်းခေတ်၌ ပရိတ်တော်(၉)သုတ် ဖြစ်တည်လာခဲ့ပေသည်။အဆိုပါ ပရိတ်တော် (၉)သုတ်တွင် ဗုဒ္ဓခေတ်ပရိတ်တော် (၇)သုတ်စလုံးပါဝင်လာပါသည်။

မြန်မာနှစ် (၁၀၀၀) ကျော် အင်းဝခေတ်နှောင်းပိုင်းနှင့်ကုန်းဘောင်ခေတ်ဦးပိုင်းသို့ရောက်လာသည့်အခါ ပရိတ်တော် (၁၁) သုတ်ထိရှိလာသည်ကိုတွေ့ရသည်။ ပရိတ်တော် (၁၁) သုတ်တွင် အနောက်ဘက်လွန်မင်းခေတ် ပရိတ်တော်(၉)သုတ်ပါရှိပြီး ထပ်မံတိုးသည်မှာ ဝဋ္ဋသုတ်နှင့် ပုဗ္ဗဏှသုတ်တို့ဖြစ်သည်။ ဗုဒ္ဓခေတ်ပရိတ်တော် (၇) သုတ်လည်း ပါဝင်လာခဲ့ပါသည်။

*

ပရိတ်တရားတော်များသည် မြတ်စွာဘုရားရှင် (၄၅) ဝါကာလအတွင်း ဟောကြားလမ်းညွှန်တော်မူခဲ့သည့် ဗုဒ္ဓါကိသေသဒေသနာတော်များ ဖြစ်ကြသည်။ ရွတ်ဖတ်ကြည်ညိုပူဇော်သူတို့သည် ယုံကြည်မှုသဒ္ဓါအပြည့်နှင့် ရွတ်ဖတ်ပူဇော်ကြမည်ဆိုပါမူ လောကီလောကုတ်အကျိုးတရားများစွာဖြစ်ထွန်းမည်မှာဧကန်မုချဖြစ်ပါသည်။ ပရိတ်တော်များကို ရွတ်ဖတ်မည့်သူသည် သီလစင်ကြယ်လုံခြုံမှုရှိရန် အထူးပင်လိုအပ်လေသည်။ ထို့ပြင် ပရိတ်ရွတ်ဖတ်သူနှင့် နာယူသူတို့တွင်ပြည့်စုံနေရမည့် အင်္ဂါရပ်များရှိကြသည်။ ပရိတ်တော်ရွတ်ဖတ်သူတွင် အောက်ပါအင်္ဂါရပ် (၃) ရပ်နှင့် ပြည့်စုံရမည်ဖြစ်ပါသည်။

၁။ အနက်သဒ္ဒါကိုသိရမည်။
၂။ ပုဒ်၊ အဖြတ် အတောက်မှစ၍ ဌာန်ကရိုဏ်းကျရမည်။
၃။ လာဘ်လာဘကိုမျှော်ကိုးခြင်းမရှိ မေတ္တာကို ရှေးရှုရမည်။

ပရိတ်နာယူသူသည် အောက်ဖော်ပြပါအချက် (၄) ချက်နှင့် ကိုက်ညီပြည့်စုံရမည်။

၁။ အပြစ်ကြီးလေးသော ပဉ္စာနန္တရိယကံမဖြစ်ခြင်း၊
၂။ နိယတမိစ္ဆာဒိဋ္ဌိမဟုတ်ခြင်း၊
၃။ ပရိတ်တော်၏ ဂုဏ်ကျေးဇူးကို သက်ဝင်ယုံကြည်ခြင်း၊
၄။ ပရိတ်ပါဠိတော်ကို ရိုသေလေးစွာနာယူခြင်း၊

လက်ာအနေဖြင့် အလွယ်ဆောင်ထားလိုလျှင် ရွတ်ဖတ်သူအတွက် 'သဒ္ဒါအနက်မှန်လျက်ရှိနေ ကျေအောင်လေ့လာ မေတ္တာရှေ့ထားရွတ်သူအား ကျိုးများပရိတ်မြတ်' တဲ့လည်းကောင်း၊ နာယူသူအတွက်ဆိုလျှင် 'အာနန္တရိကံပဉ္စမရှိ တစ်အင်္ဂါ၊ နိယတဒိဋ္ဌိ ကိလေသိမရှိ တစ်အင်္ဂါ၊ သဒ္ဓါတရားပြည့်စုံငြား မှတ်သားတစ်အင်္ဂါ၊ ဤသည်လေးပါး ပြည့်စုံငြား နာကြားဘေးကင်းရာ' ဟုလည်းကောင်း ဆောင်ထားနိုင်ပါသည်။ ဆရာတော်အရှင်နာဂသိန်ကို မိလိန္ဒမင်းကြီးက 'ပရိတ်တော်သည် ရွတ်ဆိုပူဇော်သူတိုင်းကိုစောင့်ရှောက်ပါသလား' ဟု မေးလျှောက်သည်ကို အရှင်နာဂသိန်က 'ပရိတ်တော်သည် ရွတ်ဆိုသူတိုင်းကို မစောင့်ရှောက်၊ အချို့ကိုစောင့်ရှောက်၏။ အချို့ကိုမစောင့်ရှောက်၊ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်မှာ ကံတရားပိတ်ဆီးနေကြသူများ၊ ကိလေသာ မိစ္ဆာဒိဋ္ဌိတဏှာမာနကြီးမားနေသူများ၊ ပရိတ်တော်အပေါ် မယုံကြည်သူများအား မစောင့်ရှောက်ခြင်းဖြစ်သည်' မိန့်ကြားတော်မူပါသည်။ ထို့ကြောင့် ပရိတ်ရွတ်ဆိုပူဇော်သူနာယူသူတို့သည် ပြည့်စုံရမည့် အင်္ဂါရပ်များနှင့် ပြီးပြည့်စုံမှုရှိရန် အထူးပင်လိုအပ်လှပါသည်။

မင်းကွန်းဆရာတော်ကြီး စီရင်ပြုစုသည့် မဟာဗုဒ္ဓဝင် (တတိယတွဲ) တွင် ဆရာတော်ကြီးက ရတနသုတ်၊ မေတ္တသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ အာဋာနာဋိယသုတ်၊ ခန္ဓသုတ်နှင့် ဓဇဂ္ဂသုတ်တို့သည် အာဏာဇာနန်ခိုးထူးခြားထက်မြက်သည့် ပရိတ်တော်များဖြစ်ကြောင်း ညွှန်ပြတော်မူခဲ့ပါသည်။ ယနေ့ ကမ္ဘာပြည်သူအားလုံးနှင့်အတူ မြန်မာပြည်သူ၊ ပြည်သားများ လက်ငင်းရင်ဆိုင်နေကြရသည့် ကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဘေးမှ တစ်ကမ္ဘာလုံးကင်းစင်ပပျောက်စိမ့်သောငှာ ဆရာတော်သံဃာတော်အရှင်သူမြတ်များမှအစ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများက ရတနသုတ်၊ မေတ္တသုတ်၊ ဗောဇ္ဈင်္ဂသုတ်တော်တို့ကို ရွတ်ပွားပူဇော်လျက်ရှိကြသည်။ ဆုတောင်း မေတ္တာများပို့လွှတ်ပေးလျက်ရှိကြသည်။ အာဏာတန်ခိုးထူးခြားထက်မြက်မှုကြောင့် မြန်မာနိုင်ငံတွင် ရောဂါကူးစက်မှုနှုန်းလည်း သိသိသာသာပင်ကျဆင်းလျက်ရှိနေကြောင်း တွေ့ရှိကြမည်ဖြစ်သည်။

ပရိတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ရာတွင် ရှေးထုံးစဉ်လာများနှင့်အညီ အလျှုမင်္ဂလာ၊ အန္တရာယ်ကင်းဘေးကင်း၊ ရေရှားမိုးခေါင်စသည်ဖြင့် အကြောင်းရင်းခံကို အားပြုအခြေခံလျက်ဆိုင်ရာ ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြပါသည်။ ထို့ပြင် တနင်္ဂနွေအစ စနေအဆုံးနေ့အလိုက် ရွတ်ဖတ်ပူဇော်ရသည့် ပရိတ်တော်များကိုလည်း ရှေးဆရာများစီစဉ်ခဲ့သည့် အတိုင်းလိုက်နာလုပ်ဆောင်ကြခြင်းမျိုးလည်းရှိပါသည်။

ပရိတ်ဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကြသည်ဖြစ်စေ၊ နာယူကြသည်ဖြစ်စေ၊ ညွှန်းဆိုသည့်စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာကြရန် သီလဖြင့် စိတ်ကိုသန့်စင်နေရန် အထူးလိုအပ်သည်။ သီလလုံခြုံ၊ သတ်မှတ်ချက်များကို လိုက်နာကြမည်ဆိုလျှင် အကျိုးတရားမှာ အထူးမျှော်လင့်နေရန်မလို ကျွဲကူးရေပါဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းတို့သည် သီလဆောက်တည် သန့်စင်ဖြူစင်စေပြီး ယုံကြည်သဒ္ဓါနှစ်နှစ်ကာကာဖြင့်မိမိကောင်းကျိုး၊ အများပြည်သူကောင်းကျိုး၊ လောကကောင်းကျိုးအတွက် ရည်မျှော်တမ်းတလျက် ပရိတ်ဒေသနာတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြပါစို့ဟု လေးလေးနက်နက်တိုက်တွန်းအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

စောဇီသွင်-ရန်ကုန်

ဆုတောင်းပြည့်ပါဒကြီး ငါးထပ်ရှပ်ပွားတော်မြတ်ကြီးအကြောင်း

သန်လျင်ရှိ အမေ့ညီမဝမ်းကွဲ ဒေါ်လေးစီသို့ အလည်သွားရောက်ခဲ့ကြပါသည်။ ယခင်က သံလျင်မြို့ကိုသွားလိုပါက ရန်ကုန်မှနေ၍သီတာသင်္ဘောကြီးနှင့်သွားကြရသော်လည်း အခုအခါမှာ သံလျင်တံတားကနေ ကားဖြင့်သွားနိုင်ပြီဖြစ်သည်။ နယ်သို့အလုပ်ဖြင့် ပြောင်းသွားရသည့်အခါ ဆွေမျိုးများနှင့် နှစ်ပေါင်းများစွာမတွေ့ဖြစ်သည်မှာ ကြာပါပြီ။ အရင်က ဒေါ်လေတို့ သုံးခွမြို့အနောက်ဘက်ကမ်းတွင်နေကြရာ နွေရာသီကျောင်းပိတ်ရက်တိုင်း လေးငါးရက် ညအိပ်အလည်သွားကြသည်။ အဘွားတို့က သုံးခွဇာတိဖြစ်၍ မြို့ထဲရှိ ဆွေမျိုးများအိမ်ကိုလည်ကြရာ ဆွေမျိုးများ၏ အိမ်တိုင်းသို့ မရောက်ခဲ့ကြပါ။ ယခုအခါ ဒေါ်လေးတို့က သုံးခွမှာမနေကြတော့ဘဲ သံလျင်သို့ပြောင်းနေသည်မှာကြာပြီဖြစ်၍ သံလျင်သို့သွားတွေ့ကြရပါသည်။



သံလျင်သို့ ရောက်သည့်အခါ ကျိုက်မှော်ဝန်း ရေလည်ဘုရားနှင့် ဆံတော်ရှင် ကျိုက်ခေါက်စေတီကို သွားဖူးပြီးမှ ဒေါ်လေးတို့အိမ်သို့ ဝင်လည်ပါသည်။ ဒေါ်လေးက သီလကောင်းသည်။ မျက်စိမမှုန် ခါးမကိုင်း မျက်နှာကြည်ကြည်လင်လင်နှင့် အသက်ကိုးဆယ်ကျော်သွားသော်လည်း လူတွေနာမည်ကိုမမေ့ အားလုံးမှတ်မိသည်။ ပါဒကြီးငါးထပ်ရှပ်ပွားတော်မြတ်ကြီးကို ပါရောက်တုန်း သွားဖူးရန် တိုက်တွန်းပါသည်။

"ဘုရားသမိုင်းစာအုပ်တွေ ဝယ်လို့လွယ်ချင်မှလွယ်မှာ ကိုယ်သွားဖူးမယ့်ဘုရားသမိုင်းကို အနည်းအကျဉ်းသိအောင် မှတ်သွားဦး၊ အိမ်မှာအရင်တုန်းကတော့ ဘုရားသမိုင်းစာအုပ်ရှိခဲ့ဖူးတယ်။ သုံးခွကနေ သံလျင်ကိုပြောင်းလာတော့ လှူခဲ့တဲ့စာအုပ်တွေလည်း လှူခဲ့ဆွေမျိုးတွေကိုပေးခဲ့တာတွေလည်း ပေးခဲ့လို့ စာအုပ်တွေက မရှိတော့ဘူး။ မှတ်စုစာအုပ်လေးနဲ့ ဘုရားသမိုင်းတွေကိုအနည်း အကျဉ်းမှတ်ထားတာတွေရှိတယ်။ လေ့လာချင်ရင် တူမကြီးယူသွားလေ"

ဟု ဆိုကာ မှတ်စုစာအုပ်လေးအား ငှားလိုက်ပါသည်။ ဒေါ်လေးက သူသိသောပါဒကြီးရွာအကြောင်းကိုလည်း ပြောပြပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၆၀၀) ကျော်က ပါဒကြီးရွာကြီးသည် ပါဒနေပြည်တော်ကြီးဖြစ်ခဲ့ဖူးသည်။ ပါဒဆိပ်ကမ်းကို သင်္ဘောတွေ၊ ရေယာဉ်တွေ မဆိုက်ကပ်နိုင်လို့ အရင်က စံကားမြို့လို့ခေါ်သည့် သန်လျင်မြို့စကားကင်းမှာ ဆိုက်ကပ်ကြရသည်။ စံကားကင်းသူကြီး မောင်သန်လျင်က ဆိပ်ကမ်းခွန်တွေ ကောက်ခံပေးပြီး ကျိုက်ခေါက်စေတီတော်ကြီးကို လှူဒါန်းဖို့ တစ်ဝက်ချိန်ပြီး ပုဂံမင်းကို တစ်ဝက်ဆက်သသည်ကို ပါဒမြို့စား အရိန္ဒက မကျေနပ်လို့စကားကင်းသူကြီး မောင်သန်လျင်ကို ချိတက်တိုက်ခိုက်ရင်း ပါဒမြို့စား ကျဆုံးခဲ့ရလို့

မောင်သန်လျင်က ပါဒမြို့ကိုပါ တက်ရောက်သိမ်းပိုက်ခဲ့သည်။ ပါဒဟူသော စကားသည် ပါဠိသက်စကားဖြစ်ပြီး မြန်မာဘာသာနှင့်ဆို ရှေးဦးပထမဟု အဓိပ္ပာယ်ရှိလေသည်။ ရှေးမွန်လူမျိုးတို့ ပထမဦးဆုံးတည်ထောင်ခဲ့သော နိုင်ငံတော်ကြီးဖြစ်ခဲ့ပါသည်။

"ပါဒကြီးရွာကို လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်က လာရောက်လေ့လာတဲ့သူတွေက တောကြီးတွေထဲ ရှာဖွေလေ့လာကြတာ ရှေးဟောင်းပစ္စည်းတွေကိုတွေ့ရှိကြတယ်ကွယ့်။ ပါဒကြီးရွာက မွန်လူမျိုးတို့နှင့်လည်း ဆက်စပ်နေတယ်။ ရှေးနှစ်ပေါင်းနှစ်ထောင့်သုံးရာကျော်က မွန်လူမျိုးတွေ အသုံးပြုခဲ့ကြသည့် မြေအောက်စဥ့်အိုးကြီးတွေ ပန်းကန်ပဲ့တွေ၊ အင်တုံအကွဲတွေ သဘော်ကြိုးခွေကြီးတွေ။ ရှေးနှစ်ပေါင်း (၁၇၀၀) ကျော်ကတည်ထားကိုးကွယ်ခဲ့တဲ့ကျောက်စေတီတော်၊ အုတ်စေတီတော်များ၊ စဥ့်ဘုရားများ ဂဝံကျောက်ရုပ်ပွားတော်များ ကျောက်ဆေးတံကြီးများ။ ရှေးနှစ်ပေါင်း (၁၈၀၀) ကျော်ခန့်ကအသုံးပြုခဲ့သော ကြေးလင်ပန်းကြီးတွေ အင်္ဂရုတ်လုံကွဲတွေ ကျောက်ဖြစ်နေသော ချော်မြုပ်ကြီးတွေ။ ရှေးနှစ်ပေါင်း (၂၀၀၀) ကျော်ခန့်ကမြို့ရိုးကြီးများ၊ ကျုံးကြီးများကျောက် ပြားတွေ၊ အုတ်တွေ ပြိုကျပျက်စီးနေတဲ့ စေတီကြီးတွေကို တွေ့ခဲ့ကြရတယ်လို့ သိခဲ့ကြရတယ် ဘုရားကိုကိုယ်တိုင်သွားဖူးကြပေါ့"

ဒေါ်လေးအိမ်မှာ နားပြီး ပါဒကြီးဘုရားစီသို့ထွက်လာခဲ့ကြပါသည်။ ပေါ့ဒါင်းထပ်ဘုရားကြီး တန်ဆောင်းတော်ကြီးကဘုံအဆင့်ဆင့်ဖြင့် ခန့်ညားလှပါသည်။ မုခ်ဝတွင် ဆုတောင်းပြည့် ပါဒါင်းထပ်ကြီးဘုရားဟု စာတန်းထိုးထားသည်။ တန်ဆောင်းတော်ကြီးအနီးတွင် ပါဒကြီးပရိယတ္တိစာသင်တိုက်ကြီးရှိပါသည်။ ရုပ်ပွားတော်မြတ်ကြီး ခြေတော်ရင်းသို့ရောက်သည့်အခါ မျက်နှာကြက်တော်အုပ်မိုးထားသော ဘုရားကြီးသည် ပလ္လင်တော်ပေါ်တွင် စံမြန်းနေသည်ကို ကြည်ညိုစွာဖူးမြင်ခဲ့ရပါသည်။ ဒေါ်လေးပေးလိုက်သည့်မှတ်စုစာအုပ်ကို ဖွင့်ကြည့်ရာတွင် ရုပ်ပွားတော်ကြီးသည် ညာဏ်တော်အမြင့် (၂၆) တောင်(၁) ပေ၊ ပလ္လင်တော်အနံ (၁၄) တောင်၊ ပလ္လင်တော်အမြင့် (၂) တောင်(၁)ပေရှိကြောင်းနှင့် မြတ်စွာဘုရားသခင် မာရ်(၅)ပါးကို အောင်မြင်တော်မူသည့် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ထားကြောင်းသိရပါသည်။ ဘုရားကို ကြည်ညိုစွာဖူးပြီးသောအခါ ဘုရားသမိုင်းကို ကျယ်ကျယ်ပြန့်ပြန့်သိလို၍ ဘုရားဖူးလာသူများကို လိုက်လံရှာဖွေရာ ဘုရားတန်းဆောင်းအတွင်း ထိုင်နေသော ဦးကြီးတစ်ယောက်ကိုတွေ့၍ မေးကြည့်မိပါသည်။

"အဘအသက်လည်း ရှစ်ဆယ်ကျော်ပြီကွယ့်။ အဘဖတ်ဖူးတဲ့ ဘုရားသမိုင်းတို့ လူကြီးသူမ အဘိုးအဘွားတွေဆီကတစ်ဆင့်ကြားတဲ့အကြောင်းတို့ကို မှတ်မိသလောက်ပြောပြပါ့မယ်။ ဒီနေရာမှာ ဘုရားသမိုင်းစာအုပ်ရောင်းတဲ့ဆိုင်ရှိတာ သမီးတို့လာတာနောက်ကျလို့ ဆိုင်သိမ်းသွားပြီထင်တယ် အဘပြောပြတာ သက္ကရာဇ်တွေမှားသွားမှာလည်းစိုးတယ်လေ"

"သက္ကရာဇ်တွေကတော့ ကျွန်မရဲ့ ဒေါ်လေး မှတ်စုစာအုပ်မှာ ပါတာတွေလည်းရှိပါတယ်။ အဘပြောပြတာတွေနဲ့ အိမ်ကျမှတိုက်ကြည့်ပါမယ်အဘ"

ထိုသို့ပြောချ် အဘကသူသိသော အကြောင်းအရာများကို ပြောပြရာ

ဒေါ်လေးမှတ်ထားခဲ့သော မှတ်စုတွင် ဘုရားသမိုင်းအကြောင်းအရာ ခုနှစ် သက္ကရာဇ်တို့ပါ၍ နောက်မှ စာခြင်းတိုက်ဆိုင်၍ထည့်ရပါသည်။

ဆုတောင်းပြည့် ပါဒငါးထပ်ကြီးဘုရား သမိုင်းမှာ

အထက် မြန်မာပြည်တွင် သက္ကရာဇ် ၁၂၄၀ ခုနှစ်တွင် မင်းတုန်းမင်းကြီး နတ်ရွာစံပြီး သားတော်သီပေါမင်းနန်းတက်တော်မူသည်။ မင်းညီမင်းသား(၄၀)ကျော်တို့ကို ဖမ်းဆီးသတ်ဖြတ်မှုများ ပုန်ကန်မှုများလည်းဖြစ်ပေါ်ခဲ့သည်။ ထိုကိစ္စများကြောင့် မန္တလေးနေပြည်တော်တွင် ဆက်လက်နေလိုစိတ်မရှိတော့၍ နောင်တွင်ပါဒကြီးဘုရားဒါယကာဖြစ်လာမည့် အရှင်ကုသလရဟန်းတော်မှာ သက္ကရာဇ် ၁၂၄၀ ခုနှစ်တွင်ပင် အောက်မြန်မာပြည်ရန်ကုန်မြို့သို့ကြွလာခဲ့ပါသည်။ ရန်ကုန်မြို့မှတစ်ဆင့် ပါဒကြီးသို့ ရောက်ရှိခဲ့ပါသည်။

ရောက်စတွင် ဝါးတိုင်ထူ၍ ဓနိမိုးကျောင်းလေးဖြင့် သီတင်းသုံးနေရာမှ ကိုးကွယ်သူများလာပြီး ပါဒသူပါဒသားတို့လှူဒါန်းမှုကြောင့် တိုက်ကျောင်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ထိုသို့ တိုးတက်လာချိန်တွင် ဆရာတော်ဘုရားက ကျောင်းဟူသည်မှာ ရုပ်ပွားစေတီဘုရားတို့မရှိကမတင့်တယ်ဟုတွေးကာ ရုပ်ပွားတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ဖို့ ကြံစည်တော်မူသည်။

သက္ကရာဇ် (၁၂၆၆- ၆၇) ခုနှစ်တွင် ကျောင်းအရှေ့ဘက် ဆင်ခြေလျှောဖြစ်နေသော ကုန်းမြေနေရာကို တံတိုင်းခတ်ကာ မြေဖို့ကြလေသည်။ မြေညှိပြီး အသားသေရန် တစ်နှစ်ခန့်ထားပြီးမှ ရပ်ရွာအားဖြင့် အုတ်များဖုတ်ကြသည်။ အုတ်ချပ်ပေါင်း တစ်သိန်းငါးသောင်းကျော်ရရှိလေသည်။ သက္ကရာဇ် ၁၂၆၈ ခုနှစ် တော်သလင်းလဆုတ် (၇) ရက်နေ့တွင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် အုတ်မြစ်ချ၍ဘုရားကြီးကိုတည်ဆောက်လေသည်။ ဘုရားကြီးကိုတည်သည့်ပန်းရန်ဆရာကြီးမှာ ရန်ကုန်မြို့ ဖက်တန်းရပ်ကွက်မှ ပန်းရန်ဆရာ ဦးညက်ကြီးဖြစ်လေသည်။ ဆရာတော်ဘုရားကြီး ဦးဆောင်မှုဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ပါဒသူပါဒသားများ၏ လူအားငွေအားလုပ်အားများဖြင့် တည်ဆောက်ကြရာ ၁၂၆၉ ခု၊ ကဆုန်လပြည့်နေ့တွင် ပြီးစီးအောင်မြင်သွားခဲ့ပါသည်။ ငါးထပ်ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်တော်မူရန် ဝါး၊ ဓနိ၊ တန်ဆောင်းတော်ကို လှူဒါန်းထားကြပါသည်။

ပါဒဆရာတော်ဘုရားကြီးက (၁) နှစ်ကျော်လောက် ကြာသည့်အခါ တပည့် ဒါယကာ ဒါယိကာမတို့ကိုခေါ်ယူ၍ ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်တို့လှူရသည့် အကျိုးကျေးဇူးတွေကိုဟောကြားတော်မူခဲ့သည်။

နန္ဒိယသူကြွယ်ဟာ ကျပ်ကုဋေ (၅၀) ခန့် ကုန်ကျသောမိဂဒါဝုန်ကျောင်းတော်ကြီးကို ဘုရားသခင်ကိန်းဝပ်စံပျော်တော်မူရန် လှူဒါန်းခဲ့သဖြင့် သူကြွယ်လူ့ဘဝ၌ရှိစဉ်ပင် တာဝတိံသာနတ်ပြည်၌ (၁၂) ယူဇနာရှိသော ဘုံဗိမာန်ကြီးအသင့်ပေါ်နေခြင်း၊ သေပြီးသည့်နောက်တွင် ထိုဘုံဗိမာန်တွင် နန္ဒိယအမည်နှင့်ပင် နတ်သားဖြစ်ကာ နတ်စည်းစိမ်တို့ ခံစားနေရကြောင်းဟောကြားတော်မူပါသည်။

ပါဒကြီး ငါးထပ်ရုပ်ပွားတော်မြတ်ကြီးအတွက် ဘုံ (၅) ဆင့်တန်ဆောင်းတော်ကြီးကို သက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ပါဒသူပါဒသားတို့အင်အားဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။ ကျွန်မတို့ ဖူးတွေ့ခဲ့ကြရသော ဆုတောင်းပြည့်ဘုရားကြီးကား ကြည်ညိုဖွယ် အလွန်ကောင်းပါသည်။ ဘုရားကြီးရင်ပြင်တော်ကိုပတ်၍ တခြားတန်ဆောင်းအတွင်းရှိ ဘုရားများကိုဖူးကာ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ခဲ့ကြပါသည်။ တန်ဆောင်းပြာသာဒ်တို့ကလည်း တင့်တယ်လှပလှသည်။





ဘုရားသမိုင်းအကျဉ်းနှင့် ဆရာတော်အကြောင်းပြောပြသော အဘအားကန်တော့ကာ ပြန်ခဲ့ကြပါသည်။ အခြားမုခ်ဝတစ်ခုတွင် ခြင်္သေ့ကြီးနှစ်ကောင်ကို ထုလုပ်ထားသည်မှာ အချိုးကျလှပါသည်။ ထိုမုဒ်ဝအပြင်ဘက်မှကြည့်လျှင် ဆုတောင်းပြည့်ဘုရားကြီးကို ဖူးမြင်နိုင်ပါသည်။

ဘုရားမှအပြန် ဒေါ်လေးအားနှုတ်ဆက်ကန်တော့ပြီး ညနေ (၆) နာရီကျော်ခန့်တွင် သန်လျင်မှရန်ကုန်သို့ပြန်ခဲ့ကြပါသည်။ ရန်ကုန်တွင် ဆယ်ရက်ခန့်နေခဲ့ကြပြီး မုံရွာမြို့သို့ မိသားစုအားလုံးပြန်ခဲ့ကြပါသည်။ ဘုရားဖူးသွားရောက်ခဲ့သည်မှာ ကိုဗစ်ရောဂါမဖြစ်ခင် လွန်ခဲ့သော တစ်နှစ်ခွဲခန့်ကတည်းက ဖြစ်ပါသည်။ ဘုရားသမိုင်းစာအုပ်ကိုလည်း မဖတ်ရ၍ ပါဒကြီးဘုရားဖူးဆောင်းပါးအား မရေးဖြစ်ခဲ့ပါ။ ဒေါ်လေးအား ဖုန်းဆက်မေးရာတွင် စာအုပ်များမလှူခင် လိုချင်သည့်ဘုရားသမိုင်းများကို သေချာမှတ်ထား၍ တိကျကြောင်းပြောပါသည်။ သို့ဖြစ်ပါ၍ ယခုအခါ ခရီးမသွားဖြစ်သဖြင့် ဘုရားဖူးဆောင်းပါးများ မရေးဖြစ်သည်မှာ ကြာပြီဖြစ်၍ ဆုတောင်းပြည့်ပါဒငါးထပ်ကြီး ဘုရားသမိုင်းကို ရေးရန်သတိရပြီး ယခုမှ ရေးဖြစ်ရပါသည်။

မန္တလေး ရွှေဒဂီးကျောင်းတိုက် ဆရာတော် အရှင်ဇနိယတန့်ဆည်က သုံးထပ်ကျောင်းကြီးတည်ဆောက်နေ၍ လှူဒါန်းသော အလှူရှင်များစာရင်းကို ဖေ့ဘုတ်တွင်တင်၍ သိရှိရပါသည်။

ဆရာတော်အရှင်ဇနိယသည် နှစ်စဉ်သကြ်န်ရက်များတွင် တောင်ပလူရွာ ရေကံကုန်းကျောင်းတရားစခန်းသို့ ယခင်တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှနေ၍ တရားလာပြသည့်ဆရာတော်ဖြစ်ပါသည်။ ဆရာတော်နှင့် ၂၀၀၈ ခုနှစ်ကတည်းက တရားစခန်းဝင်စဉ်သိခဲ့ရပါသည်။ ယခုအခါ ရွှေဒဂီးကျောင်းတိုက်တွင် ကျောင်းထိုင်ဆရာတော်အဖြစ်သီတင်းသုံးနေ၍ ကျောင်းဆောက်သည့်အလှူငွေအဖြစ် သူရဇ္ဇမဂ္ဂဇင်းတိုက်မှ ၂၀၁၉ ခုနှစ် တစ်နှစ်စာရရှိသည့် စာမူခထဲမှ ငွေတစ်သိန်းကျပ်အား ၉- ၁၂- ၂၀၁၉ ခုနှစ်တွင်လှူဒါန်းခဲ့ပါသည်။

ကျောင်း၊ တန်ဆောင်းအလှူနှင့်ပတ်သက်၍ ဆရာတော်က မင်းကွန်းဆရာတော်ဘုရားကြီး၏ ကျောင်းလှူအကျိုး (၇) ပါး တရားလင်္ကာကိုဖော်ပြခဲ့ပါသည်။

သုံးတန်စေတနာ ညီညွတ်စွာဖြင့် သာသနာနိကဝိဟာရကျောင်း တန်ဆောင်းအလှူဆောက်လှူသူတို့ ကြီးထူးကဲဝှန်း ကျိုး (၇) တန်ကိုကျမ်းဂန်ထောင့်ချင့်နှိဒါန်းဖွင့်သော်-

၁။ နတ်နှင့်လူနှယ် သန္ဓေတွယ်၍
၂။ စိတ်ဝယ်တောင့်တ ဆောက်အုံရ၏။
၃။ မထကြွက်သီး ကိုယ်လည်း မလှုပ်ကြောက်ရှပ်မထင် ထိတ်လန့်စင်၏။
၄။ ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲများနှင့် ဖမ်းစားကလူ နှိပ်စက်မှုသားတောသူ-ဖုတ်-ပြိတ် အဆိပ်ထန်ပြင်းမြွေနှင့်ကင်းက အဆင်းဖောက်ပြန် ကုဋ္ဌာဏ် ရက္ခိုသ် နတ်မိုက်ရန်ပေါင်း ဘေးလွတ်ရှောင်း၏။
၅။ မကောင်းအိပ်မက် မမြင်မက်ဘူး။
၆။ ထင်လျက်သတိ မြဲခိုင်တိ၍ ဝိပရိဏာံ ဖောက်ပြန်စိတ်ရင်း ရှုးသွပ်ခြင်းမှ ရှင်းရှင်းလွတ်ရှောင်း ကျိုးဆက်ကောင်း၏။
၇။ နောက်နှောင်းဘဝ ပစ္ဆိမဝယ် ဂုဏကဲပို အရဟတ္တိဖိုလ်ဟု ထိုထိုကျေးဇူး လွန်မြင့်မြူးသည် ဆောက်ဦး အလှူကျိုး ခုနစ်မျိုးတည်းဟူ၍ဖြစ်ပါသည်။

ဆရာတော်ဘုရားက ကျောင်းအကျိုးနဲ့ ကောင်းကျိုးအမျိုးမျိုးရကြပါစေ။ ဤကောင်းမှုကံ မြတ်နိဗ္ဗာန်မြန်မြန်ဧကန်ရကြပါစေ။ နတ်လှူသာမုခေါ် စေသော်ဟူ၍ ဆုတောင်းပေးပါသည်။

ဆုတောင်းပြည့် ငါးထပ်ပါဒကြီးဘုရားကြီးနှင့် တန်ဆောင်းတော်မုခ်ဦးတို့ကို ဆောက်လုပ်လှူဒါန်းသူဆရာတော်ဘုရားကြီးနှင့် ပါဒသူပါဒသားများသည် ထက်သန်သောစေတနာကြောင့် အလှူအကျိုး ခုနစ်မျိုးကို ရရှိမည်မှာ မလွဲပါပေ။ ထိုဆောင်းပါးကို ရေးနေစဉ်မှာပင် လွန်ခဲ့သောနှစ်ပေါင်း (၁၁၀) ကျော်က ဆရာတော်ဘုရားကြီးနှင့် ပါဒသူပါဒသားတို့၏ အလှူကြီးကြောင့် ဆုတောင်းပြည့်ဘုရားကြီးကို ဖူးမြင်ခွင့်ရရှိသည့်အတွက် သာဓုအကြိမ်ကြိမ်ခေါ်မိပါကြောင်း။

စောမိသွင်- ရန်ကုန်

(ကန့်ဘလူ)

မင်းနေထွန်း
ယုံလျှင်ကြည် ထုံလျှင်စိ

အလုပ်အားရက်တစ်ရက်မှာ မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦး ကျွန်တော့်အိမ်ကိုရောက်လာပါတယ်။ ပညာရေးဌာနအတွင်းမှာ တာဝန်ထမ်းဆောင်နေကြရတဲ့ ရဲဘော်ရဲဘက်ချင်းအနေနဲ့ ရင်းရင်းနှီးနှီးလည်းရှိတဲ့ပုဂ္ဂိုလ်တစ်ဦးပါ။ ဒါကြောင့်လည်း ပွင့်ပွင့်လင်းလင်းပြောကြဆိုကြ၊ မေးကြမြန်းကြလေ့ရှိတတ်ကြပါတယ်။

အဲဒီ ဆရာကြီးက-

"ခင်ဗျားကတော့ စာရေးဆရာဆိုတော့မေးရဦးမယ်။ ဂါထာ၊ မန္တန်တွေကို ယုံသလား" တဲ့။

မေးပုံက ပညာစမ်းလိုတဲ့သဘော၊ ငြင်းခုံလိုတဲ့သဘောမျိုးမဟုတ်ဘဲ ပကတိရိုးသားစွာ ကျွန်တော့်စိတ်သဘောကိုသိလိုလို့မေးတယ် ဆိုတာ ကျွန်တော်ယုံပါတယ်။ ဒါကြောင့်လည်း အပြုံးမျက်နှာနဲ့ ပြန်ဖြေလိုက်ပါတယ်။

"နည်းမှန်၊ လမ်းမှန် စည်းစနစ်တကျရွတ်ဖတ်ရတဲ့ ဂါထာ၊ မန္တန်တွေကို ကျွန်တော်ယုံပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာတို့၊ ကျွန်တော်တို့ ဦးညွှတ်အားထားရာ ဗုဒ္ဓမြတ်ဘုရားရှင် ကိုယ်တော်မြတ်ကြီးကပင်လျှင် ဂါထာရွတ်ခြင်း၊ မန္တန်ရွတ်ခြင်းတွေကို အားပေးလို့ပါပဲ"

ကျွန်တော်ရဲ့ အဖြေစကားကြောင့် ဆရာကြီးရဲ့မျက်နှာမှာ အံ့ဩရိပ်တွေ ဖုံးသွားတာကို ကျွန်တော် သတိထား လိုက်မိပါတယ်။သူ မထင်မှတ်တဲ့ အဖြေကို ကျွန်တော်က ပေးလိုက်မိလျက်သား ဖြစ်သွားဟန်တူပါတယ်။ ဒါကြောင့်လည်း-

"မြတ်စွာဘုရားက အဲဒါတွေပယ်တော်မူတယ် မဟုတ်လားဗျ"

လို့ မေးခွန်းထုတ်လာပါတယ်။

"ဒီလိုမေးခွန်းမျိုးကို ဆရာကြီးတစ်ဦးတည်းမှမေးတာမဟုတ်ပါဘူး၊ကျွန်တော်တို့ စာပေနယ်က ပုဂ္ဂိုလ်အချို့ကလည်း ပြောကြ၊ ရေးကြလျက်ပါပဲ။ ထေရဝါဒမဟုတ်ဘူး၊ တန္တရဝါဒဖြစ်တယ်။ မြတ်စွာဘုရားက ပယ်တော်မူတယ် စသဖြင့် ပယ်ပယ်နယ်နယ် အသံကောင်းဟစ်နေသူတွေရှိနေပါတယ်။ အယူအဆမတူမှုခြင်းကို လက်ခံပါတယ်။ လွတ်လပ်စွာအယူအဆကွဲလွဲခွင့်လည်းရှိပါတယ်။ ဒါပေမယ့် ငါနဲ့မတူ၊ ငါ့ရန်သူရယ်လို့ ရန်မူမျက်စောင်း တငေါင်းငေါင်းနဲ့ နှုတ်ကြောင်းပေး ရှုတ်ချတာမျိုးတွေ ရေးသားတာများလာတဲ့အတွက်တော့ စိတ်ပျက်မိတာအမှန်ပါ။ စိတ်ပျက်ရတဲ့အထဲမှာ ဒါတွေလည်းပါတယ်လို့ ဆိုရမလိုပါပဲ။

ကျွန်တော်တို့ ဦးညွှတ်အလေးပြုရာ၊ အားထားယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓမြတ်ဘုရားက ဒီဂါထာ၊ ဒီမန္တန် စတဲ့ လောကီအရေးကိစ္စတွေကို အားမပေးတာဘဲဖြစ်ပါတယ်။လောကီထဲမှာ တဝဲဝဲလည်တဲ့ သံသရာရဟတ်ချားကို ဖြတ်သွားအောင်၊ ဖြတ်ခြားနိုင်အောင် လမ်းညွှန်ခဲ့တာပါ။ ပစ်ပယ်တာနဲ့ အားမပေးတာမတူပါဘူး။ ပစ်ပယ်တာက တစ်မျိုး၊ အားမပေးတာက တစ်မျိုးတစ်ဘာသာပါ။

အကယ်လို့သာ ဗုဒ္ဓမြတ်စွာဘုရားက ဂါထာ၊ မန္တန်တွေကို ပစ်ပယ်တယ်ဆိုခဲ့ရင် ပဋ္ဌာကနိပါတ် တစသာရဇာတ်မှာ အရေးအခွင့်ကြုံကြိုက်ခဲ့သော် ထိုအရေးအခွင့်တို့မှ လွတ်ရာလွတ်ကြောင်း အားထုတ်ကြိုးပမ်းရမယ့် နည်းလမ်းငါးသွယ်ကို ဟောတော်မူခဲ့မှာ မဟုတ်ပါဘူး။

ဘုရားရှင်က-

'ဇပ္ပေန၊ မန္တေန၊ သုဘာသိတေန၊ အနုပ္ပဒါနေန၊ ပဝေဏိယာဝါ၊ ယထာ ယထာ ယတ္ထ လဘေထ အတ္ထံ၊ တထာ တထာ တတ္ထ ပရက္ကမေယျ'

လို့ ဟောတော်မူခဲ့ပါတယ်။

ဒီလို ဟောတော်မူခဲ့တဲ့အတွက် ဗုဒ္ဓမြတ်စွာဘုရားရှင်ကို တန္တရဝါဒသမားပဲလို့ ဘယ်သူမှစွပ်စွဲရဲမှာမဟုတ်ပါဘူး။ သာမန်လူသားအချင်းချင်းသာ ငါတို့က ထေရဝါဒ၊ မင်းတို့က တန္တရဝါဒ စွပ်စွဲပုတ်ခတ်နေကြတာသာ ဖြစ်ပါတယ်။

ဘုရားဟောတော်မူခဲ့တယ်ဆိုတဲ့ အထက်ပါ ဟောကြားချက်ကို ထေရ်မြတ်ရဟန်းသံဃာတော်များနဲ့ ဘာသာရေးစာပေ လိုက်စားထားကြတဲ့ ပုဂ္ဂိုလ်များအနေနဲ့ကတော့ အနက်အဓိပ္ပာယ်သိနားလည်ထားကြပြီးဖြစ်ပါတယ်။ လူငယ်လူရွယ် ဘာသာရေးစာပေနဲ့ မနီးစပ်သူများအဖို့တော့ ဘာဆိုလိုတယ်လို့ သိမှာမဟုတ်ပါဘူး။ ဒါကြောင့်-

ဇပ္ပေနဝါ- အင်း၊ အိုင်၊ မန္တန် စီမံမန်းမှုတ် ဂါထာတော်တို့ကို စုတ်သဖြင့်လည်းကောင်း၊ **မန္တေနဝါ** - ကောင်းကျိုးသိမြင် အတတ်ပညာရှင် အသိပညာရှင်တို့နှင့် တိုင်ပင် နည်းယူသဖြင့် လည်းကောင်း၊ **သုဘာသိတေနဝါ** - သာယာချောင်း တောင်းပန်ခြယ်လှယ် ချစ်စဖွယ်သောစကားကောင်းဖြင့် လည်းကောင်း၊ **အနုပ္ပဒါနေနဝါ**- တန်ဆောင်တံစိုး အမျိုးမျိုးသော ဥစ္စာပစ္စည်းတို့ကို ပေးထိုးသဖြင့် လည်းကောင်း၊ **ပဝေဏိယာဝါ** -

စဉ်လာမပျက် အဘိုးအဘွား အမိအဘတို့၏မျိုးနွယ်ကို ဆက်နွယ်၍သော် လည်းကောင်း၊ **ယထာ ယထာ** - ဤငါးပါးသောအကြောင်းတို့တွင် အကြင်အကြင်အခြင်းအရာအားဖြင့်ပြုခဲ့သည်ရှိသော်၊ **ယတ္ထ**-အကြင်ရေးခင်းမှုပေါက်ကျရောက်ဖြစ်ပေါ်လာရာ၌၊ **အတ္ထံ**- အကျိုးစီးပွားကို၊ **လဘေထ**- ရရာ၏။ **တထာတထာ**- ထိုထိုအခြင်းအရာဖြင့်၊ **တတ္ထ** - ထိုရေးခင်းမှုပေါက် ကျရောက် ဖြစ်ပေါ်ရာ၌၊ **ပရက္ကမေယျ**-လုံ့လဥဿာဟပြု၍ ရန်သူကိုပင်လျှင် အောင်နိုင်ရာ၏' လို့ ဖြစ်ပါတယ်"

ကျွန်တော်က ဒီအကြောင်းအရာတွေကိုပြောပြတော့ ဆရာကြီးက အပြုံးပီတိနဲ့-

"အဲဒါတွေကြောင့် ခင်ဗျားကိုမေးတာ။ စာရေးဆရာဆိုတော့ စာစုံသပေါ့ဗျာ၊ အသိစုံတာပေါ့ဗျာ" တဲ့။

"ကျွန်တော် စာစုံတာထက် ကျွန်တော့်ထက်စာစုံသူဆရာကြီးဦးဆန်းထွန်း (ဆန်းထွန်း-မန်းတက္ကသိုလ်) ဆိုတာ ရှိတယ်ဗျ။ ဆရာကြီးက ဗုဒ္ဓစာပေ၊ ပါဠိစာပေ၊ နာဂရီစာပေ၊ သက္ကတစာပေတွေလည်း ကျွမ်းကျင် နှံ့စပ်တယ်။ အဲဒီလို ပုဂ္ဂိုလ်ကြီးကတောင်မှ ဘုရားကိုယုံကြည်တဲ့စိတ်၊ တရားကိုယုံကြည်တဲ့စိတ်၊ သံဃာကို ယုံကြည်တဲ့စိတ်နဲ့ နာနာဖိရွတ်ရင် ဘာပဲရွတ်ရွတ် ကုသိုလ်ရ အကျိုးထူးတယ်လို့ မိန့်ဆိုဖူးတယ်ဗျ"

"အဲပါလေ-ကျုပ်လက်ခံပါတယ်။ အခုလာတဲ့ အကြောင်းရင်းကလည်း ဝေ-ဒါ-သာ-ကု ဆိုတဲ့ ဂါထာလား၊ မန္တန်လား။ အဲဒါ ရွတ်ဖတ် သရဇ္ဈာယ်ရင် ကောင်းကျိုးအနန္တရတယ်ဆိုတာနဲ့ ပတ်သက်ပြီး သိချင်လို့"

ရုတ်တရက်တော့ ကျွန်တော်လည်း ဘာဖြေရမှန်းမသိ ဖြစ်သွားပါတယ်။ အများအားဖြင့်တော့ လူတော်များများက အကျိုးမျှော်လင့်ချက်တွေနဲ့ ဂါထာ၊ မန္တန်တွေကိုရွတ်ကြတတ်တာကိုး။

ဘုရားသည် ယုံကြည်ရာအစစ်၊ တရားသည် ယုံကြည်ရာအစစ်၊ သံဃာသည် ယုံကြည်ရာအစစ်ရယ်လို့ ညစ်ထေးမတင် သံသယကင်းစင်စွာနဲ့ ရွတ်ဖတ်သူက အရှုံးသားကိုး။ ဒါကြောင့်လည်း ရုတ်တရက်မဖြေနိုင်ဖြစ်သွားတာပါ။

"ဒီလိုရှိပါတယ် ဆရာကြီး၊ ဝေဒါသာကုမှမဟုတ်ပါဘူး။ ဂုဏ်တော်အစစ်ကို ချစ်ခင်မြတ်နိုး ရိုကျိုးသဒ္ဓါ အပြည့်အဝနဲ့သာ ရွတ်ဖတ်ရင် ကုသိုလ်ရနေသလို အကျိုးလည်းပေါ်လာမှာပါ"

"ဟုတ်ပါတယ်လေ။ ကျုပ်က ဝေဒါသာကုကို ဦးတည်သိချင်တာ။ အဲဒါလေး ရှင်းစမ်းပါဦး"

"ကျွန်တော်က ဆရာကြီးထင်ထားသလောက် ပြည့်ဝကုံလုံနေသူတစ်ဦးတော့မဟုတ်ပါဘူးဆရာကြီး။ လုံးဝ မသိသေးသူနဲ့စာရင် နည်းနည်းသိတဲ့သူပါ။ ဒီတော့ ဝေဒါသာကုနဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုယ်တွေ့လေးကို ပြောရပါစေတော့။

ကြာတော့ကြာခဲ့ပါပြီ။ ၁၉၈၁ ခုလောက်ဆီကပေါ့။ ရေဦးမြို့ကိုရောက်နေတဲ့ ကျွန်တော့်ဆီကို ဇာတိမြေ ကန့်ဘလူမြို့က မေမေ ဖုန်းဆက်ပါတယ်။ အခုလို ကိုယ်ပိုင်ဖုန်းတွေမရှိသေးတော့ ကြိုးဖုန်းရှိတဲ့ကျွန်တော့်မိတ်ဆွေအိမ်တစ်အိမ်ကတစ်ဆင့် ဆက်တာပါ။ အမိက အကြောင်းကတော့ ကျွန်တော့်ဖေဖေကို ဆေးကုကုပေးနေတဲ့ဆရာဝန်က ဖေဖေ့အမောရောဂါအခြေအနေက နောက်ဆုံးအဆင့်ရောက်နေပြီ ဖြစ်လို့ အဝေးရောက်နေတဲ့ သားတွေ၊ သမီးတွေကို အကြောင်းကြားထားဖို့ ညွှန်သတဲ့။

ကျွန်တော့်ဆီကိုဖုန်းဝင်တဲ့အချိန်က ည (၉)နာရီလောက်မှာ။ အဲဒီအချိန်ဆိုတာက ရေဦးကနေပြီး ကန့်ဘလူသွားဖို့ မဖြစ်တော့ဘူးလေ။ ဖေဖေ့အခြေအနေကို ရင်ပူအောင် စိုးရိမ်ပေမယ့် ညတွင်းချင်းသွားဖို့ မဖြစ်နိုင်တာမို့ နောက်တစ်နေ့မနက်အလင်းကိုပဲ စိတ်စောစောနဲ့စောင့်ရတော့တယ်။ တစ်ညလုံးလည်း အိပ်မပျော်လေတော့ ရသမျှ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေပဲရွတ်ဖတ်သရဇ္ဈာယ်နေမိတယ်။ ဆရာကြီးပြောတဲ့ ဝေဒါသာကုလည်း ပါသပေါ့။ ဖေဖေ့ အသက်မီပါစေပေါ့။

နောက်တစ်နေ့မနက် ကန့်ဘလူကိုသွားဖို့ ပြင်ဆင်ရတော့တယ်။ အဲဒီကာလက အခုလို ခရီးလမ်းကမဖြောင့်ဘူးလေ။ ရေဦးက ခင်ဦးထိ လိုင်းကားစီး၊ ခင်ဦးမှတစ်ဆင့် ကန့်ဘလူကို မီးရထားစီးသွားရတာ။ ရေဦး-ခင်ဦးလိုင်းကားဆိုတာကလည်း အချိန်နာရီအကန့်အသတ်နဲ့ထွက်တာမျိုးမဟုတ်ဘူး။ ကားလူပြည့်မှ၊ ခေါင်မိုးပေါ်ထိ လူအပြည့်ရမှ ထွက်တာမျိုး။ သာမန်ကာလမျိုးဆိုရင် ကားထွက်အောင် စောင့်ရတာ အကြောင်းမဟုတ်ပေမယ့် ခုလိုအရေးတကြီးကာလမှာ ကားစောစောထွက်စေချင်တယ်၊ လူမြန်မြန်ပြည့်စေချင်တယ်။ ဒါနဲ့ ဝေဒါသာကုချည်း အခေါက်ခေါက်အခါခါရွတ်နေမိတယ်။ လူမြန်မြန်ပြည့်ပါစေတော့ပေါ့။ အဲဒီလို ဝေဒါသာကုရွတ်တဲ့နေရာမှာ မျက်စိနှစ်လုံးကိုမှိတ်ထားပြီး အမြင်အာရုံ အသိအာရုံမှာ ကားဆီကို လူတွေအများကြီးလာနေပုံ အာရုံယူထားတယ်ပေါ့။

ဂါထာထဲမှာ အာရုံနှစ်ထားလို့ပဲလားမသိဘူး။ ဒီခရီးကိုသွားနေကျ၊ လာနေကျ အမျိုးသမီးကြီးတစ်ဦးက 'မောင်ရွှေညွှန့်ရေ၊ ဒီကနေ့တော့ ကျားသားမိုးကြိုး- ကားအစောကြီးထွက်တော့မှာပေါ့လေ' လို့ ပြောသံရော ကားစက်နှိုးသံပါ ကြားလိုက်ရပါတယ်။ လူအပြည့်မဟုတ်ဘဲ ကားထွက်ခဲ့ပါတယ်။

ကားစောစောထွက်လို့ကံကောင်းပြီမှတ်နေတုန်း သာဂရရွာနဲ့ ကံသစ်ရွာကြားလည်းရောက်ရော ကားက ဖွတ်ချက်ဖွတ်ချက်နဲ့ ထိုးရပ်သွားပါလေရော့။ စိတ်ပျက်သလားတော့မပြောပါနဲ့တော့။ ဖြစ်နိုင်ရင် ခင်ဦးအရောက် ခြေကျင်သာပြေးလိုက်ချင်ပါတယ်။ ဖေဖေ့အတွက် စိတ်ပူတဲ့ခံစားချက်က ဆောင့်တက်လာပြန်တယ်။ ဖေဖေ့ပုံရိပ်၊ ဖေဖေ့ဝေဒနာကြောင့် ဖေဖေ့ဘေးအနားမှာ ပျာယာခတ်နေကြမယ့် မိသားစု၊ ဆွေမျိုးတွေပုံရိပ်၊ ဖေဖေ့အသက်မီပါစေလို့ပဲ ဆန္ဒပြုပြီး ဝေဒါသာကုချည်း ဖိရွတ်နေမိတယ်။ နာရီဝက်လောက်ကြာတော့ ကားက ဝူးခနဲ တစ်ချက်ပေါ်လာပြီး စက်သံမှန်လာတယ်။ ကားစထွက်လို့ရပြီပေါ့။

ဘာကြောင့် ဝေဒါသာကုချည်း ရွတ်နေမိတာလဲဆိုတော့ အဲဒီကာလက ဂါထာ၊ မန္တန်များများ ကျွန်တော်မရတာကြောင့်လည်းပါသလို ဒီဝေဒါသာကုကိုပဲ စိတ်ထဲမှာစွဲလမ်းနေတာလည်း ပါသပေါ့။ ကားပြေးနေစဉ်မှာလည်း ဝေဒါသာကုကိုပဲ အထပ်ထပ်အခါခါရွတ်နေမိတယ်။

ကျွန်တော် ကံမကောင်းပါ။ ကျွန်တော်တို့စီးလာတဲ့ကား ခင်ဦးဘူတာကိုရောက်တော့ မန္တလေး-နဘား မီးရထားက လွန်ခဲ့တဲ့ (၁၀) မိနစ်လောက်ကပဲ ထွက်ခွာသွားပြီတဲ့။ အခုလောက်ဆိုရင် ခင်ဦးနဲ့ မဒေါင်းလှဘူတာကြား ရောက်နေပြီတဲ့။ကျွန်တော်က အဲဒီရထားနဲ့လိုက်ရမှာ။ အဲဒီ ရထားကို မမီလိုက်ရင် ည (၇) နာရီ၊ (၈) နာရီလောက်မှလာမယ့် မန္တလေး-မြစ်ကြီးနားရထားကိုစီးရတော့မယ်။ သာမန်ခရီးဆိုရင်တော့ နေ့ရထား

မမီ၊ ညရထားစီးရမှာ အကြောင်းမဟုတ်ပါဘူး။အခုဟာက နာရီနဲ့အမျှအရေးကြီးနေတဲ့ဖေဖေ့အသက်မီရေးကရှိနေတော့ ခြေဖျားလက်ဖျားတွေတောင် အေးစက်သွားပြီး မျက်နှာပြင်မှာ ချွေးစေးစေးထန်းထန်းတွေထွက်လာတယ်။ဘယ်လိုမှလုပ်လို့မရဘူး။

ခင်ဦးနဲ့ကန့်ဘလူခရီးက မီးရထားမှမစီးရင်း အခြား ဘာမှစီးလို့ရတဲ့လမ်းမဟုတ်။ ကားလမ်းမရှိ၊ ဒီတော့ ရင်မောမောနဲ့ပဲ ညရထားစောင့်စီးရတော့မှာပေါ့။ ရင်ထဲမှာ ဗလောင်ဆူနေတာနဲ့ နံနက်စာ ထမင်းဝယ်စားဖို့တောင် စိတ်မပါတော့ဘူး။စားချင်စိတ်လည်းမရှိတော့ပါဘူး။ ဖြစ်နိုင်ရင် ဖေဖေ့ဆီပဲ အမြန်ရောက်ချင်နေတယ်။ ညရထားအလာကိုရင်ပူမောဟိုက်စွာ စောင့်နေရမယ့် ကျွန်တော့်အဖို့ ကန့်ဘလူမိသားစုပုံရိပ်တွေကိုမြင်ပြီး ဖေဖေ့အသက်မီပါစေလို့ပဲ ဝေဒါသာကုကိုပဲ ရွတ်နေမိပါတယ်။ အံ့ဩဖို့ကောင်းတယ်လို့ပဲပြောရမလား။ ဘူတာကြော်ငြာထိုင်ခုံမှာ မျက်စိမှိတ်ပြီး ဝေဒါသာကုကို အခေါက်ခေါက်အခါခါရွတ်နေတဲ့ ကျွန်တော့်ကို တစ်စုံတစ်ယောက်က-

'ဆရာ ဘယ်သွားမလို့လဲဗျ' လို့ နှုတ်ဆက်မေးသံကို အနီးအနားလေးမှာ ကြားလိုက်ရတယ်။ ကျွန်တော်မျက်စိဖွင့်ကြည့်လိုက်တော့ ကျွန်တော့်ရှေ့မှာ ပြည်သူ့ရဲဝတ်စုံကို အပြည့်အစုံဝတ်ထားတဲ့ ဒုလုံခြုံရေးမှူးတစ်ယောက် ရပ်လို့နေတယ်။ ကျွန်တော့်ကိုလည်း ရင်းရင်းနှီးနှီး ပြုံးကြည့်နေတယ်။

ရုတ်တရက်မို့ ဇဝေဇဝါဖြစ်နေတဲ့ ကျွန်တော့်ကို-

'မမှတ်မိဘူးလားဆရာ။ ဟိုလွန်ခဲ့တဲ့ ၁၉၇၇-၇၈ လောက်က ဆရာ့ဆီမှာ ကဗျာစပ်နည်းလာသင်ဖူးတဲ့ သင်တန်းသား ထွန်းဖေလေ။ ဆရာပေးတဲ့ ကျွန်တော့်ကလောင်အမည်က လှိုင်းသစ်နီ' လို့ ပြောတော့မှပဲ ကျွန်တော်မှတ်မိသွားတော့တယ်။

ဟုတ်တယ်။ ၁၉၇၇-၇၈ လောက်တုန်းက လူငယ်တွေကို ကဗျာရေးဖွဲ့နည်း သင်တန်းပေးခဲ့ဖူးတယ်။ ရေဦးမှာ။

'ကန့်ဘလူသွားမလို့ကွာ။ ရထားမမီလိုက်လို့။ ဟိုမှာက ဖေဖေ အသည်းအသန်ဖြစ်နေတာ။ အသက်မီဖို့ အမြန်လိုက်ခဲ့ပါဆိုမှ ရထားက မမီလိုက်ဘူး။ အခုတော့ ညရထားစောင့်စီးရတော့မှာ' လို့ စိတ်ဆင်းရဲမှုတွေနဲ့ ပြောလိုက်မိတယ်။

'ညရထားမစောင့်ချင် မစောင့်နဲ့တော့ ဆရာ။ နောက်နာရီဝက်လောက်ဆို ကျွန်တော်တို့ ကျွန်းလှကို ဂျစ်ကားနဲ့သွားဖို့ အစီအစဉ်ရှိတယ်။ ကျွန်တော့်ရဲဘော်တစ်ယောက် ဘူတာဘက်သွားတယ်ဆိုလို့ လိုက်ရှာတာ ဆရာနဲ့တွေ့တာပဲ။ ဆရာလိုက်ချင်ရင် ကျွန်တော် စီစဉ်ပေးမယ်' တဲ့။

သိကြားမင်းကလူယောင်ဖန်ဆင်းပြီး ချက်ချင်း ကူညီလိုက်လေသလားလို့ အံ့အားသင့်သွားသလို ဝမ်းလည်းဝမ်းသာဖြစ်လာမိတယ်။ ဒီလိုနဲ့ စာပေတပည့်တစ်ယောက်အကူအညီနဲ့ ကန့်ဘလူအိမ်ကို ဒက်ထိရောက်သွားရတယ်။

ကန့်ဘလူအိမ်ကို ရောက်တော့ ဖေဖေက 'ငါ့မြေး ဗညားထွန်း မပါဘူးလား' တဲ့။

မောနေတဲ့ကြားထဲက တောင့်တောင့်တတ စကားတစ်ခွန်းကို ဖြည်းဖြည်းညင်းညင်းပြောလာတယ်။ ဖေဖေ့အသက်မီရေး ကသီလင်တနဲ့ အပြေးလာခဲ့ရတဲ့အတွက် သားကို ခေါ်လာဖို့လည်း စိတ်ကူးမရှိခဲ့ဘူးလေ။ ပြီးတော့ သားက အခုမှ အသက် (၂)နှစ်ပဲရှိသေးတာဆိုတော့ ငယ်သေးတဲ့အရွယ်။

'မခေါ်ခဲ့ဘူး ဖေဖေ။ ဖေဖေက တွေ့ချင်လို့လား' ဆိုတော့ ခေါင်းညိတ်တယ်။ ကျွန်တော်ပါမက အားလုံးက စိတ်မကောင်းဖြစ်သွားကြရတယ်။

'ရတယ် ဖေဖေ၊ ကျွန်တော် ရေဦး သူ့အမေဆီ ဖုန်းဆက်ခေါ် လိုက်ပါ့မယ်။ သားနဲ့ လိုက်ခဲ့ဖို့' ဆိုတော့ ဖေဖေက ကျေနပ်တဲ့အမူအရာနဲ့ ခေါင်းညိတ်ပြပြန်တယ်။

ကျွန်တော် ရေဦးကို ဖုန်းဆက်ရပြီပေါ့။ အိမ်ကို အသိမိတ်ဆွေတစ်ဦးဦး အိမ်စောင့်အကူအညီတောင်းပြီး သားအမိနှစ်ယောက် ကန့်ဘလူကိုလိုက်ခဲ့ကြဖို့၊ ဖေဖေက သူ့မြေးကြီးကို တွေ့ချင်တဲ့ဆန္ဒရှိကြောင်းပေါ့။

သူ့မြေးကြီးကိုတွေ့ချင်တဲ့၊ မြင်ချင်တဲ့ဖေဖေဟာ သူ့မြေးမလာခင် အသက်မပျောက်ပါစေနဲ့ဦးလို့ ဆန္ဒပြုရင်း ဖေဖေ့ကို ပြုစုနေရတယ်။

နောက်တစ်ရက် မန္တလေး-နဘားရထား ကန့်ဘလူဆိုက်တဲ့အထိ ကျွန်တော့်ဇနီးနဲ့ သားကြီးက ရောက်မလာကြဘူး။ ဘာဖြစ်သလဲပေါ့။ အိမ်စောင့်ပေးဖို့ လူရှာမရတာလား၊ ဒါမှမဟုတ် ကျွန်တော်လာတုန်းကလို ရထားမမီလိုက်သလားပေါ့။

နောက်တစ်ရက် ထပ်မျှော်တော့လည်း ဇနီးသည်နဲ့သားက ရောက်မလာကြဘူး ဖြစ်နေတယ်။ ရင်မောရသလားတော့ မမေးနဲ့တော့။ ဖေဖေက ဘာမှဖွင့်မမေးပေမယ့် သူ့မျက်လုံး၊ သူ့အမူအရာတွေက သူ့မြေးကြီးရောက်မလာသေးဘူးလားလို့မေးနေသယောင်ပါပဲ။ကျွန်တော်တို့ကို တွေတွေစိုက်စိုက်ကြည့်ကြည့်နေတယ်။ နောက်ဆုံးတော့လည်း မေမေ၊ မမကြီး၊ ဆွေမျိုးတွေရဲ့ သဘောဆန္ဒနဲ့ ရေဦးကို ကျွန်တော် တစ်ခေါက်ပြန်ပြီး ခေါ်ဖို့ ဖြစ်လာတယ်လေ။

လူမမာရဲ့နောက်ဆုံးဆန္ဒကို ဖြည့်စွမ်းပေးနိုင်ဖို့ ရေဦးကို တစ်ခေါက်ပြန်ခေါ်ရတဲ့ ခရီးအသွားအပြန်မှာလည်း ဖေဖေ မဆုံးပါးစေပါနဲ့ဦးလို့ ဆုတောင်းရတာအခါခါ၊ ဝေဒါသာကု ရွတ်ရတာ အကြိမ်ကြိမ်ပါပဲ။

ကျွန်တော်တို့သားအမိသားအဖ သုံးယောက် ကန့်ဘလူပြန်ရောက်တဲ့အထိ ဖေဖေ မဆုံးသေးတာကိုဘဲ ဝမ်းသာရပါတယ်။သက်ရှိထင်ရှားရှိနေတုန်းပါပဲ။

ဖေဖေက သူ့မြေးကြီးလက်ကို ဆုပ်ကိုင်ရင်း-

'လီမွှာ. . . နော်'

လို့ မောမောဟိုက်ဟိုက်ပြောပြီး ပြုံးနေတယ်။ သားက ဘာမှမခံစားတတ်သေးတော့ မျက်လုံးကြောင်ကြောင်နဲ့ ဟိုကြည့်ဒီကြည့်။ ဖေဖေကတော့ သူ့ဆန္ဒပြည့်လို့ ဝေဒနာကိုမေ့ပြီး ပြုံးနေတာကို ကျွန်တော်တို့ သတိထားမိကြပါတယ်။

သားကြီးတို့ရောက်ပြီး နောက်တစ်ရက်မှာပဲ ဖေဖေဟာ လူ့ဘဝကို ကျောခိုင်းထွက်သွားပါတော့တယ်"

ဝေဒါသာကုနဲ့ပတ်သက်တဲ့ ကျွန်တော့်ကိုယ်တွေ့အဖြစ်အပျက်ကို ပြောပြတော့ မိတ်ဆွေဆရာကြီးက-

"အေးဗျာ - ကျွန်တော်တောင်မှ ခင်ဗျားနေရာကခံစားရင်း ရင်မောနေမိတယ်။ ဝေဒါသာကုကြောင့် ဆရာ့အဖေ အသက်ဆွဲဆန့်သလိုပဲနော်။ ဒက်ထိ ကွက်တိ မပြောနိုင်ပေမယ့် ဆန်းကြယ်တာတော့ အံ့ဩဖို့ကောင်းတယ်ဗျာ" တဲ့။

ဝေဒါသာကုဂါထာ

ဝေဒါသာကု၊ ကုသာဒါဝေ
ဒါယသာဒ၊ ဒသာယဒါ
သာသာဓိကု၊ ကုဓိသာသာ
ကုဒကုဘု၊ ဘုကုဒကု။

ပညာရှင်အပေါင်းကို
မညောင်းသောဂါရဝဖြင့်
မင်းနေထွန်း(ကန့်ဘလူ)

စိန်လှဘူး

မောင်သာညွန့်၏အိပ်မက်များနှင့် ရှေ့ပြေးနိမိတ်ဖြစ်ရပ်ဆန်းများ

အိပ်မက် မက်ကြသည်။ ကလေးမှစ လူကြီးထိမက်ကြသည်။ကလေးငယ်လည်း အိပ်မက်မက်သည်။ ပြန်မပြောတတ်၍သာရှိမည်။သိတတ်သောအရွယ်သို့ ရောက်လာသောအခါ အိပ်မက်အကြောင်း ပြန်ပြောတတ်လာသည်။ အိပ်မက်ထဲတွင် အစားတွေစားခဲ့ရသည်၊ ဘယ်သူတွေနှင့် တွေ့ခဲ့ရသည်၊ ပျော်ရွှင်စွာ ကစားခဲ့သည်၊ ကြောက်စရာ လန့်စရာ တွေ့ခဲ့ရသည် စသည်ဖြင့် ပြန်ပြောတတ်ကြသည်။ တချို့အိပ်မက်တွေကျတော့ အိပ်နေတုန်း အိပ်မက်မက်ပြီး နိုးလာသည်နှင့် ပျောက်သွားတတ်သည်။ တချို့အိပ်မက်ကျတော့ အိပ်မက်မက်ပြီး မပျောက်သွားဘဲ အမြဲအမှတ်တရရှိနေတတ်သည်။ ဟိုဘဝကအကြောင်းတွေပင် အိပ်မက်ထဲတွင် ပြန်လည်မြင်တွေ့ရသည်။

မြို့တစ်မြို့၌ အဖြစ်အပျက်တစ်ခုရှိသည်။ အိမ်တစ်အိမ်တွင် အိမ်ထောင်ဦးစီး သေဆုံးသွားသည်။ လက်ဝတ်လက်စားပစ္စည်းတွေ ရှာမတွေ့။ ဘယ်မှာထားခဲ့မှန်း မသိ။ မည်သူ့ကို ပေးခဲ့မှန်းလည်း မသိ။ လမ်းစပျောက်နေသည်။

တစ်နေ့တွင် အိပ်မက်ပေးသည်။ အိပ်မက်ပေးသည်မှာ ဒီအိမ်မှသက်ဆိုင်သူကို အိပ်မက်ပေးခြင်းမဟုတ်။ တခြားပြင်ပမှလူတစ်ယောက်ကိုပေးသည်။ ထိုအိမ်ကြီး၌ အိမ်လယ်တွင် တိုင်ကြီးတစ်လုံးရှိသည်။ ထိုတိုင်ကြီး၏အပေါ် ဆုံး၌ တိုင်ကိုထွင်း၍ အံဝှက်လုပ်ကာ ပစ္စည်းတွေကိုထည့်ထားသည်။ မည်သူမျှမသိအောင် လျှို့ဝှက်ထားသည်။ သူခိုး၊ ဓားပြတို့ရန်မှ လွတ်ကင်းအောင်ထားခြင်းဖြစ်သည်။ ထိုလူကို အိပ်မက်ပေးသည်မှာ ထိုတိုင်ကြီးကို သေသေချာချာကြည့်ပါ။ အံဝှက်တစ်ခု တွေ့ပါလိမ့်မည်။ ထို အံဝှက်ထဲ၌ ပစ္စည်းတွေထည့်ထားခဲ့သည်ဟုဆိုသည်။ ထိုသူပြောသည့်အတိုင်းရှာကြည့်ရာ အမှန်တကယ်တွေ့ရလေ၏။

သည်တော့မှပင် ပင့်ထားသည့်သက်မလည်းချနိုင်ကြသည်။ ပစ္စည်းတွေပြန်တွေ့ကြသဖြင့် ထုခွဲတန် ထုခွဲပြီးအလှူအတန်းလုပ်ကြရသည်။

တချို့အိပ်မက်များမှာ ရှေ့ကိုကြို၍မြင်မက်တတ်ကြသည်။ မရောက်ဘူးသောအရပ်များသို့လည်း ရောက်သွားတတ်ကြ၏။ ရှေ့ကိုကြို၍မြင်မက်ထားသဖြင့် တကယ်ဖြစ်လာသောအခါ အံ့ဩကြရသည်။ ငါအိပ်မက်တဲ့အတိုင်း ဖြစ်လာပါကလားဟု ပြောကြသည်။

လင်းသာရွာတွင် အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ထိုအဖြစ်မှာ မောင်သာညွန့် အိပ်မက်မက်ခြင်း ဖြစ်သည်။ မောင်သာညွန့်သည် အိပ်ပျော်သွားစဉ် အိပ်မက်တစ်ခုမြင်မက်၏။ သူ့အိပ်မက်အကြောင်း သူ့အဖေနှင့် အမေကို ပြောပြသည်။

"အဖေ၊ ကျွန်တော်ညကအိပ်မက်မက်တယ်။ မနှစ်က ဆုံးသွားတဲ့ ဘကြီးသာလှနဲ့ တွေ့တယ်။ ဘကြီးသာလှက ကျွန်တော့်ကိုပြောတယ်။ သာညွန့်၊ ငါမင်းတို့အိမ်နားက မရွှေဆီမှာနေတယ်ကွလို့ ပြောသွားတယ်".

သည်တော့ သူ့အမေက-

"ဒီကောင်လေးနှယ်၊ တောက်တီးတောက်တဲ့ မဟုတ်တရုတ်တွေလာပြောနေပြန်ပြီ"

လို့ ဆိုသည်။ သူ့အဖေက-

"ဟဲ့ ဟဲ့- နေဦး၊ ငါ့အစ်ကိုသာလှ မိရွှေဆီမှာ ဝင်စားတာများလား။ အဲဒါကြောင့် သူ့တူကို အိပ်မက်ပေးတာထင်တယ်။ မိရွှေကလည်း မွေးခါနီးဖွားခါနီးဆိုတော့ ခဏတော့စောင့်ကြည့်ကြတာပေါ့ကွယ်။ ပြီးတော့ ငါ့အစ်ကိုမှာ ငယ်ငယ်က ကစားရင်းလဲလို့ နဖူးမှာဒဏ်ရာရထားတယ်။ သေရာပါရော။ မပျောက်ဘူး။ မှန်၊ မမှန်တော့ စောင့်ကြည့်ရမှာ

ပေါ့ကွ

ပြောကြဆိုကြပြီး မကြာမီများပင် မရွှေတစ်ယောက် မီးဖွားပါတော့သည်။ သားယောကျ်ားကလေး ဖြစ်သည်။ နဖူးမှာ အမှတ်အသားနှင့်ဖြစ်သည်။

မွေးလာသော ကလေးကို မောင်သာလှဟုအမည်နာမပေးလိုက်ကြသည်။ မောင်သာညွန့်၏အမေမှာ သူ့အစ်ကိုဝင်စားသည်ဟုဆိုကာ ထိုကလေးကိုချစ်မဝနိုင်အောင် ဖြစ်နေသည်။ မောင်သာညွန့်ကလေးအိပ်မက်မက်ပြန်တော့ သူ့အဖေနှင့်အမေကို စကားဆန်းပြောသည်။

"အမေ၊ သားတို့အဘိုးနဲ့အဘွားကို သံဒီရွာကနေ သားတို့ရွာကိုလာကြတယ်လို့ အိပ်မက်မက်တယ် အမေရဲ့"

ဟု ဆိုသည်။ အဖေနှင့် အမေမှာ မောင်သာညွန့်စကားကိုယုံရခက်၊ မယုံရခက်နေသည်။ အိပ်မက်ကလည်းဖြစ်နေသည်မို့ မယုံတယုံဖြစ်နေကြသည်။ သို့သော် နေ့လယ်ရောက်သောအခါ အဘိုးနှင့်အဘွားတို့ ရောက်ရှိလာကြလေ၏။ အဖေနှင့် အမေမှာ တအံ့တသြဖြစ်နေကြတော့၏။ ကလေးအိပ်မက် တကယ်မှန်နေပါကလားဟု ပြောကြရပါတော့သည်။ နောက်တစ်ခါ မောင်သာညွန့်အိပ်မက်မြင်မက်ပြန်တော့သည်။

သူ့အိပ်မက်ကို သူ့အဖေကို ပြန်ပြောသည်။

"အဖေ၊ ကိုဖိုးလုံး သူ့ခွေးသေလို့ ကျွန်တော်တို့ခြံထဲက အုန်းပင်နားမှာလာမြှုပ်ထားတယ်"

"ဟုတ်ရဲ့လား သားလေး"

"ဟုတ်တယ် အဖေ၊ ကျွန်တော်အိပ်မက်ထဲမှာ ခွေးသေလို့ လာမြှုပ်ထားတယ်လို့မြင်တယ်"

"လာ- သွားကြည့်ရအောင်"

သားအဖနှစ်ယောက် သွားကြည့်ကြတော့ တကယ်ဖြစ်နေသည်။

"မင်းအိပ်မက်က တကယ်မှန်နေပါကလားကွာ"

ဟု အောချရတော့သည်။ ဖိုးလုံးမှာလည်း သူမြှုပ်မိကြောင်းဝန်ခံပြီး ခွေးသေကိုတူးဖော်ကာ သူ့ခြံတွင်းသို့ ပြောင်းရွှေ့ မြှုပ်နှံလေသည်။

မောင်သာညွန့်၏အမေက သူ့သားအိပ်မက်မှာမှန်နေသဖြင့် သူ့သားကိုပြောလေသည်။

"သားရယ်၊ မင်းအိပ်မက်က ရွှေအိုးငွေအိုးတွေ့တယ်လို့ မက်ပါလားကွယ်"

"အမေရယ်၊ သားလည်း ရွှေအိုးငွေအိုးတွေ့တဲ့အိပ်မက်မက်ချင်တာပေါ့။ အဲဒီလိုမှမမက်တာ"

ဟု ပြန်ပြောလိုက်သည်။

မောင်သာညွန့်သည် ရှေ့တွင်ဖြစ်မည့်အဖြစ်များကို အိပ်မက်ထဲတွင် မြင်မက်၍ ကြိုတင်သိမြင်နေလေသည်။ လူတွေကလည်း မောင်သာညွန့် အိပ်မက်မက်လျှင် တကယ်ဖြစ်နေတတ်သဖြင့် မောင်သာညွန့် အိပ်မက်မက်မှာကိုပင် စိုးရိမ်နေကြတော့သည်။

မောင်သာညွန့် ကျောင်းနေချိန်အရွယ်ရောက်လာတော့ ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်လာပြန်သည်။ ရှေးဖြစ်မည့်အကြောင်းကို အိပ်မက်မြင်မက်လေ၏။ သို့သော် မပြောဘဲနေလေသည်။ သူတို့ကလေးအရွယ်တွေစုပြီးခရုကောက်သွားကြဖို့ စီစဉ်ကြသည်။ သူ့မိတ်ဆွေသူငယ်ချင်းများ ဖြစ်ကြသည်။ ငကျား၊ မအေးချမ်းနိုင်၊ မချိုသဲ၊ မဝင်းသူ၊ မနီနီဝင်းတို့ တစီတတန်းကြီး ရောက်လာကြသည်။ မောင်သာညွန့်ကို လာခေါ်ကြသည်။

"ဟဲ့- သာညွန့်၊ နင်ဘာလုပ်နေလဲ။ ငါတို့ ခရုဖင်ချွန်းသွားကောက်ရအောင်။ လာ၊ ဟဲ့- နင်လိုက်ခဲ့"

ဟု ခေါ်လေသည်။

“ငါစာဖတ်နေတယ်၊ မအားဘူး။ ငါမလိုက်ဘူး။ ပြီးတော့ ခုချိန် ရေတက်နေတယ်။ ချောင်းထဲရေပြည့်နေတယ်။ သွားလို့မကောင်းဘူး”

“ဟဲ့- ဒီလိုရေတက်နေမှ ဟိုမျောက်လက်ညှိုးတွေက ပျားခင်းထဲက ဓနိပင်ပေါ် တက်နေကြမှာ။ ငါတို့သွားကောက်ရအောင်။ နင် လိုက်ခဲ့ဟယ်”

မျောက်လက်ညှိုးဆိုသည်မှာ ဖင်ချွန်းချွန်းနှင့် ခရုတစ်မျိုးဖြစ်သည်။ ဟင်းချက်စားလျှင် အလွန်ချိုသည်။ သူတို့မှာ ဓနိပင်ခြေရင်းများတွင်နေတတ်ကြသည်။ ရေတက်လာလျှင် ဓနိပင်အလက်ဖျားတို့မှာ တက်နေတတ်သည်။ ရေကျမှ ပြန်ဆင်းသည်။ လူတွေက ရေတက်ချိန်၊ ခရုဖင်ချွန်း အုန်းလက်ပေါ် ရောက်ချိန် သွားရောက်၍ကောက်ယူဖမ်းတတ်ကြသည်။

ဟင်းချိုချက်သောက်၍ အလွန်ချိုသည်မို့ ရေတက်ချိန်သွားကောက်တတ်ကြ၏။ အရပ်အခေါ် မျောက်လက်ညှိုးဟုခေါ်ကြသည်။

အဖွဲ့ကလည်း သာညွှန့်ကို မရအရခေါ်နေသည်။ သာညွှန့်က မလိုက်ချင်။ လိုက်ရမှာ ဝန်လေးနေသည်၊ စိတ်လေးနေသည်။ ညကအိပ်မက်မက်ထားသည်။ အိပ်မက်မကောင်း။ သို့သော် အဖွဲ့က သူ့ကို မရအရခေါ်နေကြသည်။

“ဟဲ့-သာညွှန့်၊ လာ-သွားကြမယ်။ နင်စာဖတ်တာ ပြန်လာမှဖတ်”

“ငါမလိုက်ချင်ဘူး။ နင်တို့လည်း မသွားကြနဲ့။ နောက်နေ့ မနက်ဖြန်မှသွားကြမယ်”

“ဟဲ့- သာညွှန့်၊ မနက်ဖြန်သွားလို့ မရဘူး။ မနက်ဖြန် တနင်္လာနေ့၊ ကျောင်းတက်ရမယ်လေ”

“ငါမလိုက်ချင်ဘူး၊ ငါစိတ်လေးနေတယ်။ နင်တို့လည်း မသွားကြပါနဲ့”

သို့သော် မအေးချမ်းနိုင်က မလိုက်လိုက်အောင် မရမက ခေါ်နေသည်။

သာညွှန့်အမေကလည်း သာညွှန့်ကို တွန်းအားပေးနေသည်။

“လိုက်သွားပါ သားရယ်၊ အမေလည်း မျောက်လက်ညှိုးဟင်းချိုသောက်ချင်တယ်။ မင်းအဖေလည်း ချောင်းဆိုးနေတော့ မျောက်လက်ညှိုးဟင်းချိုလေးသောက်ရင် ပျောက်တယ်လို့ပြောတယ်။ လိုက်သွားလိုက်ပါ”

မောင်သာညွှန့်မှာ သူငယ်ချင်းတွေကလည်းခေါ်၊ အမေကလည်းလိုက်သွားဖို့ပြောနေသဖြင့် စိတ်လေးလေးနှင့် လိုက်သွားရလေသည်။

ချောင်းနား ဓနိခင်းထဲရောက်တော့ မောင်သာညွှန့်က ပြောလိုက်သည်။

“ချောင်းမကြီးမှာ ဒီရေတက်နေတယ်။ ချောင်းမကြီးဘက်ကို မသွားကြနဲ့။ ဓနိခင်းထဲမှာပဲ ရှာကြမယ်။ကိုယ့်လူစုနဲ့လိုက်ရှာကြ၊တစ်ယောက်နဲ့တစ်ယောက် အသံပေးကြ”

ဟု ပြောပြီး လူစုခွဲကြသည်။

ငကျားနှင့် မအေးချမ်းနိုင်တို့က တစ်ဖွဲ့ သွားကြသည်။ ရှာကြရင်း မအေးချမ်းနိုင်က ပြောသည်။

“ငကျား၊ ဒီနားမှာ သိပ်မတွေ့ဘူး။ ဟိုချောင်းမကြီးဘက် သွားရှာကြမယ်။ အဲဒီဘက်မှာရှိတတ်တယ်။ ချောင်းမကြီး တစ်ဖက်ကမ်းကူးကြမယ်”

“ဟဲ့-မအေးချမ်း၊ သာညွှန့်ကပြောလိုက်တယ်။ ချောင်းမကြီးဘက်မသွားနဲ့တဲ့။ အဲဒီမှာ ရေတက်နေတော့ ရေနက်တယ်”

“ဟဲ့- ငကျား၊ ရေနက်တော့ရော ဘာဖြစ်လဲ။ နင် ရေမကူးတတ်ဘူးလား”

“ကူးတတ်ပါတယ်”

“ကူးတတ်ရင် လာ-သွားမယ်၊ ငါလည်းကူးတတ်တယ်”

သူတို့နှစ်ဦး ချောင်းမကြီးကို ဖြတ်ကူးကြသည်။ ချောင်းမှာ သိပ်မကျယ်ပါ။ ရေကျနေလျှင် ခါးလောက်သာ ရေရှိပြီး ဟိုဘက်ဒီဘက် ဖြတ်ကူး၍ရသည်။ ရေတက်ချိန်ဆိုလျှင် ရေတွေလျှံပြီး လူတစ်ရပ်၊ နှစ်ရပ်မက ပြည့်လျှံပြီး ကူး၍မရပါ။ ရေကူးကျွမ်းကျင်မှသာ ကူးနိုင်သည်။

မအေးချမ်းနိုင်နှင့် ငကျား ဖြတ်ကူးကြပါသည်။ ရေလယ်ရောက်သောအခါ ရေကလည်း ရေစီးကြမ်းနေသည်မို့ မအေးချမ်းနိုင် ရေလယ်တွင် မြုပ်သွားပါလေတော့သည်။ မအေးချမ်းနိုင် မြုပ်သွားတော့ ငကျား ကြောင်ကြည့်နေ၏။ ဘာလုပ်ရမည်မှန်းမသိ။ရေကူးတတ်သော်လည်း ရေမငုပ်တတ်သဖြင့် ဘာဆက်လုပ်ရမှန်း မသိတော့ပေ။

ငကျားသည် ကမ်းဘက်သို့ပြန်ကူးလာပြီး သူ့အဖွဲ့သားတွေကို အော်ခေါ်လေသည်။

“သာညွှန့်ရေ အေးချမ်းနိုင်ရေမြုပ်သွားပြီ။ လာကြပါဦး”

ငကျားအသံကြားတော့ အားလုံးရောက်လာကြသည်။ အေးချမ်းနိုင် ရေမြုပ်သည့်နေရာရောက်တော့ ရေကပြည့်လျှံပြီး ရေစီးမြန်နေသည်။ သာညွှန့်မှာ သူလည်း ရေမကူးတတ်၊ ရေလည်းမငုပ်တတ်သဖြင့် မကြံတတ်တော့ဘဲ ရွာသို့ပြေးကာလူကြီးတွေကိုခေါ် ရတော့သည်။ လူတွေရောက်လာပြီး ရေငုပ်ကျွမ်းကျင်သူက ရေငုပ်ပြီးရှာတော့ တွေ့ပါပြီ။ သို့သော် မအေးချမ်းနိုင် အသက်မပါလာတော့ချေ။ မောင်သာညွှန့်မှာ သူငယ်ချင်း မအေးချမ်းနိုင်အတွက် ယူကျုံးမရ စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျရတော့သည်။ ထမင်းလည်းမစားချင်၊ စားပြန်လျှင်လည်း မျို၍မကျ။ အမေက ချော့ပြီးကျွေးသည်။

“ကျွန်တော် မစားချင်ဘူး အမေ”

ဟုသာ ပြန်ပြောသည်။

“မင်းသူငယ်ချင်း သေနေ့စေ့လို့ သေရတာပါကွယ်”

ဟု နှစ်သိမ့်စကားပြောသည်။

“မဟုတ်ဘူး၊ သေနေ့စေ့လို့ သေရတာမဟုတ်ဘူး။ သား ညက အိပ်မက်မက်တယ်။ မအေးချမ်းနိုင် ရေနစ်တယ်လို့။ အဲဒါကြောင့် မသွားဖို့ပြောတယ်။ အမေကပါ လိုက်သွားလို့ပြောတော့ ကျွန်တော်ပါ လိုက်သွားရတာပေါ့”

“အို- သားလေးရယ်၊ ဘာလို့ အမေကို အိပ်မက်အကြောင်း မပြောတာလဲ။ အမေ စိတ်မကောင်းလိုက်တာ”

“ကျွန်တော်ပြောလည်း ယုံကြမှာမှ မဟုတ်တာ။ ဒါကြောင့် မပြောဘဲနေလိုက်တာ။ အေးချမ်းနိုင်ကိုပြောလည်း သူယုံမှာမဟုတ်ဘူး”

အားလုံးစိတ်မကောင်းဖြစ်ကြ၏။ မောင်သာညွှန့် အိပ်မက်မက်လျှင် အပြင်၌ တကယ်ဖြစ်နေတတ်သဖြင့် မောင်သာညွှန့်အိပ်မက်ကို ကြောက်နေကြ၏။ အားလုံးကိစ္စတွေပြီးတော့ မောင်သာညွှန့် စိတ်ဖြေရန်အတွက် ရွာဦးကျောင်းဆရာတော်ထံမှာ ကိုရင်ဝတ်လေ၏။ ကိုရင်ဝတ်နှင့် စာဆက်ပြီးသင်နေသည်။

မောင်သာညွှန့် ကိုရင်ဝတ်ပြီး စာသင်နေစဉ် (၃)ဝါလောက်အရတွင် ဖခင်ကွယ်လွန်သွားလေသည်။ မိခင်ကြီးတစ်ဦးတည်းမို့ ကိုရင်ဝတ်မှ လူဝတ်လဲကာ မိခင်ကြီးကို စောင့်ရှောက်ရပြန်လေ၏။

မိခင်ကြီးကိုပြုစုစောင့်ရှောက်ရင်း သူငယ်ချင်းများဖြစ်ကြသည့် မောင်သိန်းညွှန့်၊ မောင်ပြည့်ဖြိုးတို့နှင့် ခင်မင်စွာပေါင်းသင်းနေကြသည်။ မောင်သိန်းညွှန့်နှင့်အတူတူ လုပ်ငန်းတစ်ခုလုပ်နေကြသည်။

တစ်နေ့တွင် မောင်သိန်းညွှန့် လုပ်ငန်းခွင်သို့ရောက်မလာချေ။ မောင်သိန်းညွှန့်အကြောင်းမေးကြည့်တော့ ကျန်းမာရေးမကောင်းကြောင်း သိရသည်။ လုပ်

ငန်းခွင်သိမ်းတော့ မောင်သိန်းညွန့်ဆီ သွားကြသည်။ မောင်သိန်းညွန့် ဆုံးသွားပြီဖြစ်ကြောင်းသိရပြန်တော့သည်။ ရုတ်တရက်ကြီး မောင်သိန်းညွန့် ဆုံးသွားသဖြင့် မယုံကြည်နိုင်ဖြစ်ရသည်။ တစ်နေ့တာပဲ အလုပ်လုပ်ကြသည်။ ဒီနေ့ဆုံးပြီ။ ယုံကြည်နိုင်ဖွယ်မရှိပါ။ သို့သော် ဆုံးပြီဆိုတော့လည်း သူ့အလောင်းကိုမြေချရတော့သည်။ မောင်သာညွန့်သည် သူတတ်သည့် ပန်းရန်ပညာလေးဖြင့် အုတ်ဂူကလေးတည်ဆောက်ပြီး ဂူသွင်းသဂြိုဟ်လိုက်ကြသည်။

မောင်သိန်းညွန့် ဆုံးပြီး ဂူသွင်း သဂြိုဟ်ပြီး နောက်နေ့၌ မောင်သာညွန့် အိပ်မက်မက်သည်။

'သာညွန့်၊ ငါမသေဘူးကွ။ မင်းတို့ ငါမသေဘဲ ငါ့ကိုဂူသွင်းကြတယ်'

ဟု မြင်မက်လေသည်။

မောင်သာညွန့်သည် သူ့အိပ်မက်ကို လူတွေပြန်မပြောရဲချေ။ ပြောလည်း ယုံကြည်မှာမဟုတ်သဖြင့် ရေငုံနေလိုက်သည်။ မောင်ပြည့်ဖြိုးကိုတော့ ပြောမိသည်။

"ပြည့်ဖြိုး၊ ငါအိပ်မက်မက်တယ်။ မောင်သိန်းကပြောတယ်. ငါမသေဘဲ ငါ့ကိုဂူသွင်းကြတယ်လို့။ တို့သွားဖော်ကြည့်ကြရင် ကောင်းမယ်ကွာ"

ထိုအချိန်သည် သုံးရက်မြောက်ရှိသွားခဲ့ပြီဖြစ်သည်။

"အေး - ဒီည လသာတယ်ကွ။ ငါတို့သွားဖွင့်ကြည့်ကြမယ်"

"သွားကြည့်တာ ဟုတ်တယ်ကွ။ လူတွေက ဂူဖောက်တယ် ဆိုပြီး တို့ကို အပြစ်ပြောနေဦးမယ်။ ဒီတော့ ငါတို့ သဲတို့၊ ဘိလပ်မြေတို့၊ သန်လျက်တို့ယူသွားကြမယ်။ ဖောက်ပြီး အခြေမပျက် ပြန်ပိတ်ထားခဲ့ကြမယ်"

သူငယ်ချင်းနှစ်ယောက်တိုင်ပင်ပြီး ပစ္စည်းစုံစွာနှင့် ညဥ့်သန်းခေါင်လောက်တွင်သွားကြသည်။ ကြောက်ပင်ကြောက်သော်လည်း အရဲစွန့်ပြီး လရောင်ကလေးဖြင့် သွားရောက်ကြသည်။ သူတို့မှာ ပါလာသည့်ပစ္စည်းတွေ အောက်ချကြသည်။ တူ၊ ဆောက်၊ သဲ၊ ဘိလပ်မြေ၊ ဒယ်အိုး၊ ရေ၊ အစုံအလင်ပင်။

သူတို့သည် အုတ်ဂူအား တူနှင့် ဆောက်နှင့် ရိုက်ဖွင့်ကြသည်။ အုတ်ဂူပွင့်သွားတော့ ဂူထဲသို့ လှမ်းကြည့်လိုက်သည်။

ဂူထဲတွင် မောင်သိန်းညွန့်သည် ဆောင့်ကြောင့်ထိုင်လျက်နှင့် လက်နှစ်ဖက်က အုတ်ဂူကို တွန်းဖွင့်နေပုံ တွေ့လိုက်ရသည်။ 'ဟာ' ခနဲဖြစ်သွားကြ၏။ တကယ်ပင် မောင်သိန်းညွန့် မသေပါ။ သို့သော် မေ့မြောသွားစဉ်အတွင်း သူသေပြီဆိုပြီး သဂြိုဟ်လိုက်ကြခြင်း ဖြစ်သည်။မောင်သိန်းညွန့်ကိုယ်ကိုစမ်းကြည့်လိုက်တော့ မောင်သိန်းညွန့်၏ကိုယ်မှာ တောင့်ပြီး အေးစက်နေခဲ့ပါပြီ။

သူတို့သည် မောင်သိန်းညွန့် ငုတ်တုတ်ထိုင်နေသည်ကို စတွေ့လိုက်စဉ်က 'ငါ့သူငယ်ချင်း တကယ် မသေဘူး' ဟု ဝမ်းသာအားရ အပြင်ထုတ်ရန် ကြိုးစားကြသည်။ သို့သော် နောက်ကျသွားခဲ့ကြပါပြီ။

"သူငယ်ချင်းရယ်၊ ငါ့အပြစ်ပါကွာ။ ငါအိပ်မက်မက်ချင်း လာလိုက်ရင် မင်းမသေရဘူး။ ခုတော့ သုံးရက်လောက်ကြာမှ လာကြည့်တော့ မင်းအသက်မရှိဘူး။ ငါ့အပြစ်ပါကွာ"

ဟု ကြေကွဲဝမ်းနည်းစွာ မျက်ရည်ကျမိပါတော့သည်။ မောင်သာညွန့်တို့သည် မောင်သိန်းညွန့်၏ခန္ဓာကို အုတ်ဂူထဲ၌ ပြန်လည်၍လဲလျောင်းကာ အုတ်ဂူကို အနေအထားမပျက် ပြန်ပိတ်လိုက်ကြပါတော့၏။ မောင်သာညွန့် တကယ်စိတ်မကောင်းဖြစ်ရသည်။

"သူငယ်ချင်းရယ်၊ ငါ့အိပ်မက်မက်ချင်း လာလိုက်ရင် အချိန်မီပါတယ်ကွာ။ ငါ့ကို ခွင့်မလွှတ်ပါနဲ့ကွာ။ ငါမင်းပေးတဲ့ အပြစ်ခံယူပါ့မယ်"

မောင်သာညွန့် စိတ်မကောင်းကြီးစွာ ရွတ်ဆိုပြောနေမိတော့သည်။ သူတို့သည် ဂူဖောက်သည့်ကိစ္စကို ဘယ်သူ့မှ မပြောကြရန်သစ္စာဆိုကြသည်။ဂူဖောက်သည်ဟုဆိုလျှင် ရပ်သိရွာသိသိပြီး ရဲကလာ၍ စစ်လားမေးလားလုပ်ကြဦးမည်မို့ ပြောလျှင် ပြောသည့်သူတာဝန်ဟု နှစ်ယောက် ကတိပြုကာ နှုတ်ဆိတ်နေလိုက်ကြလေသည်။

ကိစ္စတွေ ပြီးမြောက်သွားကြပြီး ကာလကြာသောတစ်နေ့ မောင်သာညွန့် အလုပ်လုပ်နေစဉ် လူတစ်ယောက် အပြေးအလွှားလာခေါ်၏။ မောင်သာညွန့် မိခင်ကြီး အိမ်ပေါ်မှ လိမ့်ကျကြောင်း လာပြောသည်။

မောင်သာညွန့် အပြေးအလွှား လိုက်သွားတော့ မိခင်ကြီး အသက်မရှိတော့ချေ။ မောင်သာညွန့်သည် မိခင်ကြီး၏ဈာပနပြီးတော့ ဆုံးဖြတ်ချက်တစ်ခုချသည်။ အဖေလည်းမရှိ၊ အမေလည်းမရှိတော့။ တွယ်တာစရာသံယောဇဉ်လည်း မရှိတော့။ အပူပင်သောကတွေမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ထွက်ပေါက်ရှာလေတော့သည်။

"ငါ့လူ့ဘဝမှာ ဆက်နေရင် အပူပင် သောကတွေနဲ့ကြုံတွေ့နေရဦးမယ်။ ဒီအပူသောကတွေနဲ့ ကင်းဝေးရာ သွားတော့မယ်"

ဟု ဆုံးဖြတ်ချက်ချကာ ရွာဦးဆရာတော်ထံတွင် 'ဦးသုမန'အမည်နှင့် ရဟန်းဝတ်လေတော့သည်။ လောက၏ အပူပင်ကင်းရာ၊ သံသရာမှလွတ်မြောက်ရာသည် ဒီလမ်းသာလျှင်ရှိပါတော့၏။ သို့သော်လည်း အိပ်မက်သံသရာမှတော့ မလွတ်မြောက်သေးပါ။ အိပ်မက်တစ်ခု မြင်မက်မိပါသေးသည်။

ကိုညိုကို မုတ်ကြီးက ဓားနှင့်ခုတ်ရန်လိုက်သည်။ ကိုညို ထွက်ပြေးသည်။ 'မုတ်ကြီး ငါ့ကို ဓားနဲ့ခုတ်လိုက်နေတယ်' ဟုအော်ရင်း ပြေးသည်။ ပြေးရင်း လဲကျသွားသည်။ မုတ်ကြီးက လဲကျနေသော ကိုညိုကို ဓားနှင့် အချက်ပေါင်းများစွာ ခုတ်သည်။ လူတွေဝိုင်းဆွဲကြ၏။ ကိုညိုကို ထူမ,တော့ ကိုညို သတိမေ့မြောနေသည်။

ကိုညို သတိရတော့ ကိုညိုကိုယ်မှာ ဒဏ်ရာကြီးကြီးမားမားမတွေ့ရပါ။ ခြစ်ရာ၊ ပွန်းပဲ့ရာကလေးလောက်သာ တွေ့ကြရလေသည်။ လူတွေ အံ့ဩနေကြပါသည်။ ဘာကြောင့် ဒဏ်ရာတွေ မတွေ့ကြရသလဲ။ မုတ်ကြီး အားရပါးရ ဓားနှင့်လွဲခုတ်နေသည်။သို့သော်ဒဏ်ရာ အကြီးအကျယ် မရရှိပါ။

လူကြီးတွေ ပြောပြသည်မှာ လူတစ်သက်မှာ လူတစ်ယောက်တွင် တစ်နေ့ (၃) ကြိမ် ပြီးသည်တဲ့။ ပြီးသည့်အကြိမ်နှင့် တိုက်ဆိုင်နေ၍ပဲလား မသိနိုင်ပါ။ ထိုအဖြစ်အပျက်သည် ဦးပဥ္စင်းဦးသုမန မြင်မက်ပြီး မကြာမီ ဖြစ်ပျက်ခဲ့ပါသည်။ မောင်သာညွန့် တစ်ဖြစ်လဲ ဦးပဥ္စင်းဦးသုမန အဖြေရှာမရ ဖြစ်နေပါသည်။ ရှေ့ဖြစ်နိမိတ်အိပ်မက်တွေ ဘာကြောင့် မြင်နေရပါသလဲ။ ဒီအိပ်မက်တွေ မမြင်မက်အောင် ဘယ်လိုကျင့်ကြံအားထုတ်ရပါမည်လဲ။ အိပ်မက်သံသရာမှ လွတ်မြောက်ရန် ဝိပဿနာဘာဝနာတရားကို ရှုမှတ်ပွားများရန်သာရှိပါတော့သည်။

ရှေးဖြစ်မည့်အကြောင်းများအား ကြိုတင် မြင်မက်ခြင်းသည် ဘာကြောင့်ဟု မည်သူမျှ မသိနိုင်ကြပါချေ။

စိန်လှဘူး

"ထီး၊ ဖိနပ်၊ ရေ မပါက နွေအခါမှ သိမယ်×××"

ဟိုအဝေးမှ ပျံ့လွင့်လာသော အသံချဲ့စက်မှ အဆိုတော် (ကိုထွန်းရွှေ) အသံလေးကြားရသောအခါ-

ရေတစ်ခွက်နှင့် အသက်ထွက်ရမည့်အကြောင်း စဉ်းစားဖို့ပေါ်လာ၏။ ကျွန်တော်တို့ မူလတန်းဖတ်စာအုပ်ထဲမှာ 'ပျားတစ်စက်နဲ့ ပြည်ပျက်ရခြင်း' အကြောင်း၊ ၎င်းစာမှာ ကျွန်တော်တို့ကျောင်းနေအရွယ် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော် (၆၀) နီးပါး သင်ခဲ့ရသော စာတစ်စု ဖြစ်ပါသည်။

ထီး၊ ဖိနပ်၊ ရေ မပါက နွေအခါမှ သိမယ် ဆိုတဲ့အတိုင်း လွန်လေပြီးသော

နှစ်ပေါင်း (၃၀) ကျော်လောက်က အမြင့်အထက်တန်းကျောင်းဆောက်ချိန် ဖြစ်ပါသည်။ အသားလိုအပ်သောအခါ ကနီမြို့ သစ်စက်အထိ ကျွန်တော် မော်တော်ဖြင့် သစ်များ အသားသွားရောက်ဝယ်ယူရပါသည်။ ၎င်းကနီမှ သစ်မာများ လိုသလောက် ဝယ်၍မရသောအခါ လမ်းဗိုလ်ဦးချစ်ခင်မှ ကျွန်တော့်ကို အသားရှာဝယ်ပေးရန် တာဝန်တစ်ခုပေးသည်။ ၎င်း လမ်းဗိုလ်ဦးချစ်ခင်မှာ ချောင်းဦးမြို့နယ် အင်ဂျင်နီယာဖြစ်သည်။ သဘောအလွန်ကောင်းပါသည်။ အမြင့်ကျောင်းကြီး ဆောက်လုပ်ရန်အတွက် မုံရွာမြို့ အုတ်စက်များမှ အုတ်များကို ကျွန်တော် မော်တော်ဖြင့် အားလုံးသယ်ယူပေးရပါသည်။ မုံရွာ-အမြင့် ပါစင်ဂျာလိုင်းလည်း ဖျက်လိုက်ရပါသည်။

အမြင့် အထက်တန်းကျောင်းကြီး အတွက် အုတ်များ ပြည့်စုံသော်လည်း အသား(သစ်မာ)မှာ တစ်ဝက်နည်းနည်းလောက် လိုအပ်နေပါသည်။

ကျွန်တော် သစ်ရှာထွက်ရန် အစီစဉ်ရေးဆွဲရပါသည်။ အဲဒီအချိန်တုန်းက ကျွန်တော် သစ်စက်ထောင်ဖို့ စပ်ကူးမပ်ကူးအချိန်ဖြစ်နေ၏။သစ်အကြောင်း အသားအကြောင်း နားလည်သော ကျွန်တော့်မိတ်ဆွေ ကိုအေးရှိန်နှင့်တိုင်ပင်ပြီး မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ယကွမ်ရွာ၊ ပေါင်းတည်ရွာ၊ ကုက္ကိုစု၊ လင်းကတော စသည့်ရွာများသို့ လှည့်ပတ်၍ စက်ဘီးတစ်စီးစီဖြင့် တစ်ရွာဝင် တစ်ရွာထွက် လျှောက်၍မေးရပါသည်။

လက်ယကွမ်ရွာမှာ လွှထောင်တွေ့ပေါ်ပါသည်။ ကျွန်းသစ် တော်တော်ပေါ်ပါသည်။ သစ်မာမှာ ပေကိုက်ပေရှည်မရနိုင်ပါ။ ကားဘော်ဒီအကိုက် (၁၂) ပေ၊ (၉) ပေဆိုဒ်များသာ ရရှိနိုင်ပါသည်။ အဆင်ပြေစွာ သစ်ဝယ်လို့ရပါက ကျွန်တော်တို့ရွာ အနောက်ဘက်ကမ်း (သံလျက်ကိုင်းရွာ) ဆိပ်ကို ချပေးရပါမည်။ လှည်းဖြင့် ပို့ပေးပါမည်ဟု ကတိပြုပါသည်။

သစ်မာ (၁၅) ပေ၊ (၁၈) ပေ ရဖို့အတွက် နှုတ်ကတိဖြင့် အလုပ်လုပ်ကြရပါသည်။ အထက်ပေများ ရရှိအောင် ဆောင်ရွက်ပေးပါမည်ဟု ကတိခံဝန်ရသောအခါ စရန်အဖြစ် ငွေ (၃၀၀၀၀) ကျပ်ပေးခဲ့ရပါသည်။ အဲဒီအချိန်တုန်းက

ထီး၊ ဖိနပ်၊ ရေမပါက နွေအခါမှသိမယ်

(ခိုင်းစေချာ်) သန်းလှိုင်ထွက်ား



အင်တစ်တန် (၂၅၀၀)ကျပ်နှုန်း၊ သစ်မာတစ်တန် (၄၀၀၀) ကျပ်၊ ကျွန်းသစ် တစ်တန် (၄၀၀၀)ကျပ်/(၄၅၀၀) ကျပ်ဈေးလောက် ရှိပါသေးသည်။

နေ့ (၁၁) နာရီ လွှထောင်အိမ်မှ ထမင်းစားပြီး ပြန်ဖို့ရန် စက်ဘီးများကို လေဖြည့်ခြင်း၊ ချောင်နေသောနပ်များ ပြန်လည်ကျပ်ခြင်းများ စစ်ဆေးခြင်းပြီးပြီ ဖြစ်လို့ ကျွန်တော်တို့နှစ်ယောက် စက်ဘီး မှန်မှန်နင်းပြီး ပြန်ခဲ့ကြပါသည်။ လက်ယက္ခမှ ပေါင်းတည်ရွာ၊ ပေါင်းတည်ရွာမှ လင်းကတောအရောက် အပင်ပန်းခံနိုင်ရန် အရက်တစ်လုံးနှစ်ယောက်သောက်ခဲ့ကြပါသည်။

လင်းကတောရွာ တောင်ဘက်အနားမှ တဲကြီးရွာသို့ ဖြတ်လမ်းအတိုင်း စက်ဘီးနင်းလာခဲ့ကြပါသည်။ ကဆုန်လထဲမှာ နေကလည်း အတော်ပူနေသည်။ တဲကြီးရွာအရှေ့ဘက်အထွက် လမ်းခွဲဇရပ်မှာ ခဏနားပါသည်။ ရေလည်းဆာ၍လာပါသည်။ အရက်သမားများမှာ ရေအလွန်ငတ်ပါသည်။ ၎င်းဇရပ်မှ တောသွားလူသွားလမ်းကလေးမှဖြတ်ပြီး ပိတ်သင်းကတ်ရွာသို့ ဦးတည်ပြီး စက်ဘီး မှန်မှန်ပဲနင်း၍ လာခဲ့ကြပါသည်။

၎င်းအချိန် ကျွန်တော်နှစ်ယောက်မှာ ရေအလွန်ငတ်လာပါသည်။ ချွေးကပြန်၊ မောကမောနှင့် အတော်အခံရခက်နေပါသည်။

တောမှပြန်လာသည့်လှည်းတစ်စီးအား-

"နောင်ကြီးတို့ခင်ဗျား၊ ရေလေးပါရင် တစ်ဆိတ်ပေးခဲ့ကြပါဗျာ။ ကျွန်တော်တို့ ရေဆာလို့ဗျာ"

"ကျုပ်တို့ကလည်း အိမ်အပြန်ဆိုတော့ ရှိသမျှရေကို အကုန်သောက်ခဲ့ကြတာဗျ။ ရေကမပါတော့ဘူးဗျာ"

"ကဲ- ကိုအေးရှိန်၊ ကျုပ်တို့လှည်းငှားရအောင်ဗျာ။ လှည်းငှားရရင် လှည်းပေါ်စက်ဘီးတွေတင်ပြီး လိုက်ရအောင်ဗျ။ ရှေ့ဆက်စက်ဘီးမစီးနိုင်လောက်ဘူး"

"ဒီအနီးနားမှာ ဘာရွာမှမရှိတော့ဘူး ကိုသန်းလှိုင်"

ထိုအချိန်တွင် ယုန်ထောင်ပြန်လာသော လူနှစ်ယောက်ကို တွေ့ရပါသည်။ ထိုလူနှစ်ယောက်မှာ ယုန်အသေ (၃) ကောင် ပါလာပါသည်။

"ဗျို့ ဆရာတို့၊ ရေမပါကြဘူးလားဗျာ။ ကျုပ်တို့ရေဆာနေလို့ပါ။ ပါခဲ့ရင် ပေးခဲ့ကြပါဗျာ"

"မပါတော့ဘူးဗျို့။ အိမ်အပြန်ဆိုတော့ ထမ်းရတာ လေးမှာစိုးလို့ လက်ကျန်ရေပါ သွန်ပစ်ထားခဲ့တာ။ ဟုတ်ပဗျာ- ရွာတွေကလည်း အတော်လှမ်းနေသေးတာဗျ။ ကဲ- သွားဦးမယ်ဗျို့"

ပိတ်သင်းကတ်ရွာနှင့် တဲကြီးရွာမှာ (၅-၆) မိုင်ခရီးခန့်ဝေးပါသည်။

"ကျုပ်မေ့သွားတယ်ဗျာ။ ကိုသန်းလှိုင်၊ ကျုပ်တို့ ယုန်နှစ်ကောင်လောက်ဝယ်ပြီး လည်ပင်းဖောက် သွေးသောက်ရတယ်ဗျ။ လွန်သွားပြီဗျာ"

"အခုမှတော့ ပြောမနေနဲ့ ကိုအေးရှိန်၊ လွန်သွားပြီ။ ဟုတ်ပါရဲ့ဗျာ။ ရွာအဆက်က ဝေးသေး၊ လမ်းမှာလည်း ဘယ်ရေအိုးစင်မှမတွေ့ရ ဆိုတော့ ကျုပ်တို့တော့ ရေအတွက် အခက်တစ်ခုကြုံရနိုင်တယ်"

"ကိုအေးရှိန်၊ ပိတ်သင်းကတ်ရွာ မရောက်မီ နားလိုက်သွားလိုက်လုပ်ရဦးမှာပဲဗျ"

ကျွန်တော်တို့နှစ်ယောက်မှာ ဝမ်းထဲမှရေဆာဒဏ်ကိုမခံနိုင်တော့ မျက်လုံးတွေဝါးလာပါသည်။ နားတွေကလည်း လေထွက်နေပါသည်။ ကျွန်တော်တို့နှစ်ယောက် ကြုံရာမရဖြစ်ပြီး ကိုယ့်သေးကိုယ်ပေါက်၍ ရေဆာခြင်းဒဏ်ဖြေရှင်းကြသည်။ ချွေးထွက်များနေသဖြင့် သေးပေါက်၍ လက်ခုပ်ဖြင့်ခံသော်လည်း ကျွန်တော်တို့သောက်ချင်သလောက် ကျင်ငယ်ရည်ကလည်း မရပါ။ သို့ဖြင့် ကျွန်တော်တို့ နောက်ဆုံး ရေငတ်မခံနိုင်၍ ကြုံမိကြုံရာ ကြုံကြပါသည်။

ကျွန်တော်တို့နှစ်ယောက် စကားသံမှာ လေသံသဲ့သဲ့လေးရှိပါတော့သည်။ တစ်ယောက်စကားတစ်ယောက်မကြားရတော့ပါ။ လူတစ်ကိုယ်လုံး ချည့်နဲ့သွားပါသည်။ အားတွေ ဘယ်လိုကုန်သွားသည် မသိ။ သောက်လာသောအရက်ရှိန်မှာ ဘယ်ကမ်းရောက်ဘယ်ပျောက်တယ် မသိ။ ထိုစဉ် ကိုအေးရှိန်မှ လက်ညှိုးထိုး၍ပြနေသောနေရာလှမ်း၍ကြည့်လိုက်ပါသည်။ ထန်းတောမှိုင်းမှိုင်းကြားမှ တဲတစ်လုံး လှမ်းမြင်လိုက်ရပါသည်။ အသက်ကိုမှန်မှန်ရှူရာမှ အားတက်လာပါသည်။ သည်တဲကိုရောက်အောင်သွားရပါမည်။ အဲဒီတဲမရောက်မီ ကျွန်တော်တို့နှစ်ယောက် အသက်ပျောက်သွားဖို့ အတော်သေချာသလောက်ဖြစ်နေသည်။

တစ်ယောက်နှင့် တစ်ယောက် မဖေးမနိုင်၊ မကူညီနိုင်ပါ။ နံပါတ် (၁) စက်ဘီးတွန်းရာမှ လဲကျမသွားဖို့ရာ အလွန်အရေးကြီးနေပါသည်။

အိပ်မက်တစ်ခုထဲ လျှောက်သွားသလို ကျွန်တော်တို့နှစ်ယောက်မှာ ဝက်သံ၊ ဘဲသံ ကြားလိုက်ရာ အားတက်ပြီး နောက်ဆုံးအားစိုက်ပြီး အရောက်လှမ်းလိုက်ချိန်မှာ-

"ဗျို့- ဆရာတို့၊ နေပါဦးဗျ။ ဒီမှာပြေးလာနေပါပြီဗျ။ နေကြပါဦး။ ခင်ဗျားတို့ ဘာမှမဖြစ်တော့ပါဘူးဗျ"

ဟုအသံကြားသော်လည်းမစောင့်နိုင်ပါ။ ကျွန်တော်တို့နှစ်ယောက်မှာ ဝက်လူးအိုင်၊ ဘဲလူးအိုင်ထဲ ရွှံ့နွံနှစ်များ ရောနေသော ရေများကို လက်နှစ်ဖက်ဖြင့် အငမ်းမရ သောက်လိုက်ကြပါသည်။

"ရှော့ပါဗျာ၊ ဒီရေသာသောက်ကြပါတော့။ ခင်ဗျားတို့နှစ်ယောက်ဝင်လာကတည်းက ရေငတ် အားပြတ်လာတာမှန်းကြည့်လို့ သိနေတာဗျ။ ဒါကြောင့် ကျုပ် ရေအေးအေးခပ်ပြီး ခင်ဗျားတို့ဆီအမြန်ပြေးလာတာဗျ"

၎င်းလူမှပေးသောရေကို အငမ်းမရ အဝသောက်ပြီး ဗိုက်ဝသောအခါ ပါးစပ်ထဲမှ ရွှံ့နွံတွေကို ပလုတ်ကျင်းပစ်လိုက်ပါသည်။

၎င်းထန်းတဲမှာ ပိတ်သင်းကတ်ရွာ အနောက်ဖျားမှတဲ ဖြစ်ပါသည်။ ရွာနှင့် နည်းနည်းလှမ်းပါသေးသည်။

ဖြစ်ကြောင်းကုန်စင်များကို ပြောပြသောအခါ ၎င်းထန်းတဲလူများမှာ အတော်စိတ်မကောင်းဖြစ်ကြပါသည်။

"ဟုတ်တယ်။ ခင်ဗျားတို့ရဲ့ပုံစံကိုကြည့်ရတာ နောက်ထပ်(၁၀)မိနစ်ထက် မခံတော့ဘူး။ တစ်ခုခုတော့ အန္တရာယ်ဖြစ်ဖို့ သေချာသွားပြီ။ အသက်ဆုံးသည်အထိ ဖြစ်တော့မှာဗျ"

"ဟုတ်တယ်။ ကျွန်တော်တို့ သစ်မှာပြီး ပြန်လာတာ။ ပိုက်ဆံလည်း ပါတယ်။ ဝယ်သောက်စရာကလည်း မရှိ။ လှည်းငှားစီးလိုက်ဖို့လည်း ရွာက မရှိ။ နောက်ဆုံးဗျာ- ကိုယ့်သေးကိုယ်ပေါက်ပြီးသောက်ဖို့လုပ်ပေမယ့် ချွေးထွက်လွန်တော့ များများစားစား မထွက်တော့ဘူးဗျ။ ဆရာကြီးတဲကိုမရောက်ရင်၊ မတွေ့ရင် ကျွန်တော်တို့နှစ်ယောက် မသာပေါ်မှာ သေချာသလောက်ပဲဗျ"

"နောက်တော့ မှတ်သားပေါ့ဗျ။ ဒီလမ်းမှမဟုတ်ပါဘူး။ ခရီးရှည်တောလမ်း ရွာအဆက်ဝေးတဲ့နေရာသွားမယ်ဆိုရင်တော့ ရေဘူးဆောင်ဖို့ မမေ့ကြနဲ့ပေါ့ဗျာ။ ခင်ဗျားတို့ကံကောင်းပါတယ်။ အခုမှ မေးရဦးမယ်။ ဘယ်ရွာကို ပြန်ကြမှာလဲဗျ"

"အရှေ့ဘက်ကမ်း ဝယာရွာကို ပါဗျာ"

အသက်သခင်ကျေးဇူးရှင်ထန်းတဲ မှမိသားစုအား နှုတ်ဆက်၍ ရေကို အဝ သောက်ကာ စက်ဘီးဆက်၍နင်းနိုင်သွား ပါပြီ။ ကမ်းဖြူရွာ ကူးတို့အရောက်သွားရ ပါဦးမည်။ အဲဒီ ကူးတို့လှေစီးပြီး အရှေ့ ဘက်ကမ်း အနိမ့်ရွာကို လှေလှော်ပြီး ကူးရပါဦးမည်။

"ထီး၊ ဖိနပ်၊ ရေ မပါက နွေအခါမှ သိမယ်×××"

ဟင်းသီချင်းကို ရှေ့ဆက်ပြီးလည်း ကျွန်တော် မဆိုတတ်ပါ။ လွန်ခဲ့သော အဖြစ်အပျက်လေးအား ပြန်လည်ခံစား မိသည်။ကြောက်လည်းအလွန်ကြောက် သွားပါသည်။ သားကောင်အန္တရာယ်၊ လူဆိုးဓားပြအန္တရာယ်၊ သင်္ဘောမှောက် ခြင်း၊ ကားမှောက်ခြင်း အန္တရာယ်များ မဟုတ်ဘဲ အရက်တမြမြ ပေါ့ဆဆဖြင့် ရေအသက် တစ်မနက်အဖြစ်က ကြောက် စရာ တွေ့ကြုံခဲ့ပါသည်။ နွေခေါင်ခေါင် ရေအသက် တစ်မနက် မဟုတ်ပါ။ (၁) နာရီတောင် မခံနိုင်ပါ။ မယုံရင် စမ်း ကြည့်ပါ မိတ်ဆွေ။

၁။ နေပူ ထီးမပါသော် အင်္ကျီချွတ်၍ ခေါင်းဆောင်းနိုင်ပါသည်။
၂။ နေပူပူ ဖိနပ်မပါဘဲ ဘယ်ခရီးမှ မသွားပါနှင့်။
၃။ အထူးသဖြင့် နေပူပူထဲ ရေနှင့်ဝေး သောအရပ်များသွားက အထူး သဖြင့် ရေဘူးဆောင်ထားပါ။

နောင်သောအခါ ကျွန်တော် ဆန် စက်ထောင်ပြီး ဆန်အရောင်းအဝယ်လုပ် သောအခါ ၎င်းတဲကြီးရွာမှဖြတ်ပြီး လင်း ကတောရွာ၊ ပေါင်းတည်ရွာ၊ ကုက္ကိုစုရွာ၊ လက်ယက္ခရွာသို့ ဆန်ပို့၊ ဆန်ရောင်း အကြွေးတောင်း ငွေရှင်းသွားသောအခါ ဆိုင်ကယ်ခေတ်ရောက်နေပြီဖြစ်၍ ၎င်း ခရီးအား ရေသန့်ပုလင်းနှစ်လုံးအမြဲတမ်း ဆောင်၍သွားပါသည်။လေထိုးတံလည်း တစ်ပါ၊ ဆိုင်ကယ်ထိုးရန် တစ်ခါတည်း ယူ၍သွားပါသည်။

လက်ယက္ခရွာနှင့် ကျွန်တော်တို့ သွားသောခရီးအဝေးမှာ မိုင်ပေါင်း(၃၀) ကျော်အသွားအပြန်ဝေးပါသည်။

ဒါလေး ရေးမိတာကတော့ ခရီး များများသွားသူများ သတိထားရန်အတွက် စေတနာရှေ့ထား၍ရေးသားအပ်ပါသည်။

သန်းလှိုင်ထွဏ်း(တိုင်းကျော်)

ကျွဲ၊ နွား၊ မြင်းတို့ ဆီးအောင့်ခဲ့ပါလျှင်

နေပြည်တော်ကျော်ကျော်စိုး

သက်ရှိတွေ၊ သက်မဲ့တွေအားလုံး ဟာ ဓာတ်ကြီးလေးပါးနဲ့ဖွဲ့စည်းထားတာ ပါ။ သက်မဲ့တွေမှာ ဘာမှမဖြစ်တတ်ပေ မယ့် သက်ရှိတွေကျတော့ကာ ဓာတ်ကြီး လေးပါးဖောက်ပြန်ခဲ့ရင် ကျွန်တော်တို့ လူတွေ၊ တိရစ္ဆာန်တွေလည်း ကျန်းမာရေး ချို့ယွင်းတတ်ပါတယ်။ ဓာတ်လေးပါးညီ အောင် ပြန်ညှိကြရပါတယ်။

အဲဒီလို ကျန်းမာရေးချို့ယွင်းမှုမှာ ကျွဲ၊ နွား၊ မြင်းတွေလည်း ပါပါတယ်။ တိရစ္ဆာန်ဖြစ်စေတဲ့ ကျွဲ၊ နွား၊ မြင်းတွေက အစဉ်ကျန်းမာနေတာမဟုတ်ပါဘူး။ လူ တွေလိုပဲ နေမကောင်းထိုင်မသာဖြစ် ခြင်း၊ ဆီးဝမ်းချုပ်ခြင်း စတဲ့ ဝေဒနာတွေ ခံစားရပါတယ်။

ဒီအခါမှာ အတူနေလူတွေက သိ တာကြောင့်အချိန်မီကုသနိုင်ကြပါတယ်။ တောနေ တောင်သူလယ်သမားတွေ အတွက် ကျွဲ၊ နွား၊ မြင်းတွေ ဆိုတာက သူတို့ကို စိုက်ရေးပျိုးရေးတွေအတွက် အမိုသဟဲပြုနေရတော့ကာ အရိပ်တကြည့် ကြည့် ပြုစု စောင့်ရှောက်ကာ နေကြရ တာပါ။

ရှေးတုန်းကတော့ အခုခေတ်လို တိရစ္ဆာန်ကုဆရာဝန်ဆိုတာ မရှိခဲ့ပါဘူး။ ရိုးရာအစဉ်အလာ မြန်မာ့နည်း မြန်မာ့ ဟန်နဲ့သာ ကုသခဲ့ကြရတာပါ။ လူတွေ အတွက် မြန်မာ့ဆေး ဆိုတာ ရှိခဲ့သလို တိရစ္ဆာန်တွေအတွက်လည်း ရှိခဲ့ကြပါ တယ်။

အခု တင်ပြမှာက တိရစ္ဆာန်တွေ ဆီးအောင့်ခဲ့ပါလျှင် ကုသတဲ့ မြန်မာ့ရိုးရာ ဆေးနည်းလေးပါ။ ပိုက်ဆံတစ်ပြားမှ ကုန်စရာမလိုတဲ့ ဆေးနည်းလေးပါပဲ။

၃- ၂- ၂၀၂၀ ပြည့်နှစ်၊ တနင်္လာ နေ့ မြို့မဈေးကြီး ပိတ်တာကြောင့် နေ ပြည်တော်မြို့မဈေးနဲ့မဝေးလှတဲ့ ပညာ ဒီပရပ် ကွက်ရှိ နိဗ္ဗာနသုခစေတီတော်ကို ပန်းတော်များ လှူဒါန်းရန် ကျွန်တော် ကိုတင်ထွန်း၊ မမီးမီးနဲ့ အကြီးမတို့ ရောက် ဖြစ်ကြပါတယ်။

ပန်းတော်,ရေတော်တွေလှူအပြီး၊ ဘုရားဝတ်ပြုအပြီးမှာတော့ အာရုံခံ



အုတ်ဇရပ်လေးမှာနားပြီး စကားစမြည် ထိုင်ပြောကြတဲ့အခါ တိုင်းရင်းမြန်မာ ဆေးအကြောင်းရောက်သွားတာကြောင့် ကုန်းထိကရုံးအသုံးဝင်ပုံတွေ ပြောပြဖြစ် ပါတယ်။ အဲဒီမှာ လယ်ဝေးမြို့နယ် သဲ ကောလေးရွာသားဖြစ်တဲ့ ကိုတင်ထွန်းက ထိကရုံးအသုံးဝင်ပုံ သူ့အတွေ့အကြုံကို ပြောပြပါတယ်။

"ကျွန်တော်ငယ်ငယ်က နွားတွေ ကျောင်းခဲ့ရဖူးတယ်။ ဒီတော့ နွားတွေနဲ့ အကျွမ်းတဝင်ရှိတာပေါ့။ အဲဒီမှာ နွား တွေဆီးချုပ်ပြီ ဆိုရင် အလွယ်ဆုံး ဆေး နည်းက လမ်းဘေးတွေ၊ လယ်ကန်သင်း တွေမှာ အလွန်ပေါတဲ့ ကုန်းထိကရုံးပဲဗျ။ ကုန်းထိကရုံးကို တောက်တောက်စဉ်းပြီး ပြုတ်တိုက်လည်း ရတယ်။ ဒါပေမယ့် ဒါက ခက်တယ်။ နွားက သောက်ချင်မှ သောက်မှာကိုး။ ဒီတော့ ကျွန်တော်တို့ က ကုန်းထိကရုံးပင်ကို အပင်လိုက် ဆွဲ နှုတ်ပြီးတော့ နွားရဲ့ခါးပေါ် လေးငါးပင် လောက် တင်ထားပေးလိုက်တာပဲ။ အဲ- မကြာဘူးဗျ။ ခဏနေရင် ဆီးတွေတဖြန်း ဖြန်းသွားတော့တာပဲ။ အဲဒါပုံပြင်မဟုတ် ဘူး။ ကျွန်တော်ငယ်ငယ်က ကိုယ်တိုင် လုပ်ခဲ့တဲ့ ကိုယ်တွေ့ဆေးနည်းပါ"

လို့ ပြောပြပါတယ်။

ကျွန်တော်တို့တွေ ကုသိုလ်လည်း ရကြသလို ဗဟုသုတလည်းရကြတဲ့ ခရီး စဉ်လေးပါပဲ။ ကျွန်တော်ကတော့ ပြည် သူတွေကို တင်ပြဖို့ စိတ်ထဲ မှတ်ထား လိုက်တော့တာပါ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

မိဘမေတ္တာဦးတင်ထွန်းသို့ ကျေး ဇူးတင်လျက်။

ပရလောကမှ လာရောက်နှုတ်ဆက်လာသူ

(ရွှေတို့) ဝေစည်

အသက် (၈၀) နှစ်နား ချဉ်းနေပြီဖြစ်တာကြောင့် အလုပ်ကလည်း ပင်ပင်ပန်းပန်း သိပ်မလုပ်နိုင်တော့။ ပုတီးစိပ်၊ တရားနာ၊ တရားထိုင်၊ ပဋ္ဌာန်းကျမ်းကြီးငါးကျမ်းကိုတစ်နေ့(၁၀)မျက်နှာလောက်ရွတ်၊ ကိုဗစ်ကာလ ဘယ်မှမထွက်ရတော့ အားနေတဲ့အချိန်လေးတွေမှာ စာတိုပေစလေးများ ရေးဖြစ်ပါသည်။ ကိုယ်တိုင်အာဇီဝဋ္ဌမကသီလ ထိန်းနေတာကြောင့် အသက်အရွယ်အရရော သီလအရပါ ဖတ်ကောင်းအောင် ကြံစည်ရေးသားခြင်း မဟုတ်ပါကြောင်း ပြောလိုပါသည်။

စာရေးသူ အဋ္ဌမတန်း၌ ကျောင်းတက်နေစဉ် စာရေးသူတို့ရွာသို့ လုံချည်အနီဝတ် သားဖွားဆရာမတစ်ယောက် ရောက်လာပါသည်။ ယခင်ဆရာမကြီး ဒေါ်သောင်းသောင်းက ပင်စင်ယူသွားပြီဖြစ်၍ သူ့နေရာတွင်ရောက်လာခြင်းဖြစ်ပါ၏။ အမည်ခေါ် စရာကား ဒေါ်သန်းဖြစ်၏။ သူ့ကို ပထမဆုံးသိသူမှာ စာရေးသူတို့သားအဖဖြစ်ပါ၏။

ထိုနေ့က ဒီဇင်ဘာကျောင်းပိတ်ရက် ဖြစ်သဖြင့် မြို့ကျောင်းမှ ပြန်လာသော စာရေးသူအား အဖေက ထူးကြီးတည်ပင်ရွာ ကားဆိပ်သို့ နွားလှည်းနှင့် လာကြိုပါသည်။ မှုးကမ်းကြီး ဘယ်လိုသွားရမလဲလို့ စနည်းနာနေသူ ဒေါ်သန်းအား စာရေးသူက 'ဆရာမ၊ လာလာ-ကျွန်မတို့လှည်းနဲ့လိုက်လာခဲ့ပါ' လို့ ဖိတ်ခေါ်လိုက်ရာ ဆရာမက အတော်အံ့ဩသွားပါသည်။ ဤမျှငယ်ရွယ်သော (၁၃-၁၄) နှစ်အရွယ် ကလေးမလေးက သွက်သွက်လက်လက်ခေါ်ပြီး သူ့ပစ္စည်းတွေကူသယ်၊ လှည်းပေါ် တင်လုပ်ပေးတာကို သဘောကျနေခဲ့ကြောင်း နောက် ခင်မင်လာကြသောအခါ ခဏခဏပြောပါ၏။

ဒေါ်သန်းနှင့်စာရေးသူက အသက် (၂၀) နီးပါးကွာသော်လည်း ခင်မင်သွားပါသည်။ ကျောင်းပိတ်ရက်ရှည်များတွင် တစ်ယောက်တည်းနေသောဆရာမအိမ်သွားလည်ပြီး မဂ္ဂဇင်းတွေဖတ်၊ စကားပြော၊ ဆရာမ ဆေးကုတာ ကူညီပေး၊ တစ်ခါတစ်ရံ သားဖွားလူနာရှိလျှင် အဖော်လိုက်ပေးပါသည်။ စာရေးသူတက္ကသိုလ်တက်နေစဉ် ဆရာမ ပြောင်းရွှေ့သွားပါသည်။ နောက်တော့ ဆရာမအကြောင်း မကြား၊ မသိရတော့ပါ။

ဆရာမဒေါ်သန်းသည် စကားနည်းပြီး သူတစ်ပါးချစ်ခင်အောင် မနေတတ် မပြောတတ်မှန်း စာရေးသူ အသက်အတန်ကြီးမှ သိလာပါသည်။ သို့သော် သူ့လူနာများအပေါ် အလွန်စေတနာထားကြောင်းတော့ သိပါသည်။ ရပ်ရွာကလည်း ဆရာမ ဒေါ်သန်း၏ ဆေးကုသကျွမ်းကျင်ပုံ၊ စေတနာထားပုံတို့ကို သိကြပါသည်။

စာရေးသူနှင့်ဆရာမကြီးဒေါ်သန်းတို့ နှစ်ပေါင်း (၆၀) ကျော် ကွဲသွားကြပါသည်။ တစ်နေ့တွင် ဆရာမဒေါ်သန်းနေခဲ့သော အိမ်ရှင်၏သမီးငယ် မလှအုံးမယ်၊ နောက်တော့ ကျောက်ရောဂါဖြစ်ကာ မလှတော့ဘူး ဆိုပြီး သူတို့ရွာက 'မလှဘူး'လို့ခေါ်ကြတဲ့ မလှဘူး အသွားကို ရွှေဘိုက ဘိုးဘွားရိပ်သာတွင် တွေ့သဖြင့် ဆရာမကြီးဒေါ်သန်းသည် ဆိပ်ခွန်ရွာတွင် တစ်ယောက်တည်းနေနေရှာကြောင်းသိရပါသည်။ ရွှေဘိုနှင့်ဆိပ်ခွန်သည် (၈) မိုင်သာ ဝေးသော်လည်း ဆိုင်ကယ်လည်းမစီးတတ်၊ ကားလည်း မမောင်းတတ်သဖြင့် မရောက်နိုင်ပါဘဲ ဆရာမဒေါ်ကြူကြူရှိန်(ရွှေဘို ထ-၃)နှင့်သာ ငွေကြေး တတ်စွမ်းသမျှ ထောက်ပံ့ရပါသည်။ ဒေါ်သန်း၏ လေးဖက်လေးတန့် အကာအရံမရှိသော အမိုးသာရှိသည့်တဲလေးနှင့် ဒေါ်သန်း၏ပုံကို ဒေါ်ကြူကြူရှိန်က ဖုန်းဖြင့် ဓာတ်ပုံရိုက်လာရာ စာရေးသူမှာ ဖြေမဆည်နိုင်ဖြစ်ရပါသည်။ မကြာခဏ ငွေကြေးနှင့် စားစရာများ ပို့ပေးဖြစ်ပါသည်။

ကိုယ်တိုင်ထောက်ပံ့ရုံနှင့် အားမရသဖြင့် ဒေါ်သန်းမွေးပေးခဲ့သော ကလေးများက ဆရာ၊ ဆရာမများဖြစ်နေကြရာ သူတို့အားလည်း ဒေါ်သန်းအကြောင်း ပြောပြီး အလှူခံပေးလိုက်ပါသည်။ ထိုသူများထဲမှ မုံရွာ ဥက္ကံတောရမှ ဦးပဉ္ဇင်း ဦးအောင်မင်းကြည်(ငယ်မည်)က အနွေးစောင်များ၊ စားစရာများ၊ ငွေကြေးများ

စာရေးသူမှတစ်ဆင့် ပို့ပေးပါသည်။

တစ်ရက်တွင် ဆရာမကြီးဒေါ်သန်း သည် ကလေးမလေးတစ်ယောက်နှင့် စာရေးသူ၏အိမ် ရောက်လာပါသည်။ စာရေးသူအား ဆိပ်ခွန်အပွင့်ထိုးလုံချည်တစ်ထည်နှင့် တက်ဆက်လေးတစ်လုံး လက်ဆောင်ပေးပါသည်။ စာရေးသူက မပေးပါနှင့်၊ မယူပါရစေနှင့် အကြိမ်ကြိမ်တောင်းပန်သော်လည်းမရပါ။ ဤတရားခွေသည် မဟာစည်ဆရာတော်ကြီးနှင့် မင်းကွန်းဆရာတော်ကြီးတို့၏ ဆဋ္ဌသင်္ဂါယနာတင်ပွဲ အမေးအဖြေဖြစ်လို့ နာစေချင်လွန်းလို့ပါဆိုပြီး ဇွတ်ပေးပါ၏။ ကားက ရပ်စောင့်နေတာဆိုလို့ ဘာမှလည်း မကျွေးလိုက်ရပါ။

၂၀၁၇ ခုနှစ်က စာရေးသူတို့၏ အဘိုး၊ အဘွားများ၏သိမ်ကို အစ်ကို ဦးထွန်းမြိုင်၊ ဦးစိန်ဝင်းနှင့် စာရေးသူတို့က ပြင်ဆောက်ကြရာ မူးကမ်းကြီးရွာသို့ မကြာခဏ သွားရပါသည်။ ဆိပ်ခွန်ရွာကိုဖြတ်သွားရသဖြင့် ဒေါ်သန်းထံ မကြာခဏ ရောက်ရပြီး ထောက်ပံ့ရပါသည်။ အစ်ကိုဦးစိန်ဝင်း၏သမက် ဗိုလ်မှူးကြီးဇော်နိုင်ထွန်းကပါ ဒေါ်သန်းကို လေးစားကြည်ညိုသွားပါသည်။ မကြာခဏ ငွေကြေးထောက်ပံ့ပါသည်။

သူကြွံမတိုင်မီ ကိုဗစ်ကာလတွင် စာရေးသူတို့ မူးကမ်းကြီးရှိဆွေမျိုးများကို သွားကန်တော့ကြပါသည်။ အပြန်တွင် ဒေါ်သန်းကို ဝင်ကန်တော့ကြ (ကိုဇော်ကြီးကပါ ငွေပို့ပေးလိုက်ပါသည်) ပါသည်။ ဒေါ်သန်းကို အိပ်ရာပေါ်မှာပက်လက်ကလေး တွေ့ရပါသည်။ ပူလိုက်သည်မှာလည်း ချစ်ချစ်တောက်နေသည်။ စာရေးသူ၏လက်နှစ်ဖက်ကို တအားဆုပ်ထားပါသည်။ ဘေးမှအိမ်နီးချင်းများ ရောက်လာပြီး ဆေးထိုးထားကြောင်း၊ ဆန်ပြုတ်တိုက်ထားကြောင်း၊ ဆရာဝန်ညနေတစ်ခေါက်လာကြည့်မှာဖြစ်ကြောင်း ပြောပြကြပါသည်။ ကိုဗစ်ကာလသာ မဟုတ်လျှင် ဒေါ်သန်းကို ကားပေါ်တင်ပြီး ရွှေဘိုဆေးရုံကြီးသို့တင်ပေးလိုသော်လည်း အခြေအနေမပေးသဖြင့် စိတ်အလွန်မချမ်းသာစွာနှင့်ထားခဲ့ရပါသည်။ သေရှာတော့မည်ဟု တစ်ညလုံး စိတ်ပူနေပါသည်။ စာရေးသူအား ကားမောင်းပို့သောသားက ကိုဗစ်ကိုမကြောက်တတ်သော်လည်း အိမ်မှာနေခဲ့သောသမီးက ကြောက်တတ်ရှာသဖြင့် ဒေါ်သန်း(ဘွားသန်း)အိမ်ဝင်ခဲ့ကြောင်း မပြောတော့ပါ။ နောက်တစ်နေ့နံနက်တွင် မဏိရတနာပုံကျောင်း သံဃာ (၁၅) ပါးအတွက် ဆွမ်းဟင်းချက်ပို့ရန်ရှိသဖြင့် စောစောအိပ်လိုက်ပါသည်။

နံနက်(၄)နာရီခန့်တွင် ကက်ဆက်မှတရားခွေအသံကြားသဖြင့် သမီးဖြစ်သူ ဆွမ်းဟင်းထချက်နေသည်ဟုထင်လိုက်ပါသည်။ ကိုဗစ်ကြောင့် ကျောင်းများပိတ်ထားရရာ ဘော်ဒါဆောင် ထမင်းချက်အဖွဲ့ကလည်း ကြောက်၍ပြန်သွားကြပြီ။ အိမ်မှာက ရေရေလည်လည် မဟုတ်သောမိန်းကလေးတစ်ယောက်သာ ကျန်ခဲ့သဖြင့် မီးဖိုချောင်၌ သမီးတစ်ယောက်တည်း မနိုင်မနင်းဖြစ်နေပေလိမ့်မည်ဟု အိပ်ရာမှ ကြိုးစားထလိုက်ရာ တံခါးအားလုံးကလည်း ပိတ်လျက် သမီးကလည်း မနိုးသေးပါ။ တရားသံကလည်း စာရေးသူထင်ထားသလို အိမ်မြောက်ဘက် ဆုတောင်းပြည့်ဘုရားမှ မဟုတ်ပါ။ တီဗွီမှလည်းမဟုတ်ပါချေ။ ဘယ်နားကကြားရတာပါလိမ့်လို့လိုက်ရှာလိုက်တော့ ဘုရားကျောင်းဆောင်အရှေ့မှာ စာအုပ်ပုံတွေကြားထဲက ပလတ်စတစ်ခြင်းကလေးထဲထည့်ထားတဲ့ မဖွင့်တာတော်တော်ကြာနေပြီး ဖုန်အလိမ်းလိမ်းတက်နေတဲ့ ကက်ဆက် (၅) လုံးထဲက အလယ်အလုံးက ထမြည်နေတာမို့ အိမ်မှာကျန်ခဲ့သည့် ကလေးမလေး အိမ်သန့်ရှင်းရေးလုပ်ရင်း ခလုတ်ပွင့်တာလားဆိုပြီးမေးတော့ မအားလို့ သန့်ရှင်းရေးမလုပ်ရပါဘူးတဲ့။ ပြန်မအိပ်တော့ဘဲ ဆွမ်းဟင်းချက်ပြီးတော့ ကျောင်းသွားပို့လိုက်ပါ၏။

ကျောင်းမှပြန်ရောက်သောအခါ သမီးက ဆရာမဒေါ်ကြူကြူရှိန်လာသွားကြောင်း၊ ဘွားသန်း (၉၄) နှစ် ဒီနေ့မနက် (၄) နာရီက ဆုံးသွားကြောင်း၊ အမေ့ကိုလာနေရရင် ကိုဗစ်နှင့်မို့ မလာစေချင်လို့ အကြောင်းမကြားတာ ဖြစ်ကြောင်း ပြောပြပါသည်။

အဲဒီတော့မှ မနက် (၄) နာရီမှာ သူ့ဟာသူမြည်နေတဲ့ ကက်ဆက်လေးက ဆရာမကြီး ဒေါ်သန်း ဇွတ်အတင်းပေးခဲ့သော မဟာစည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းတိပိဋကဆရာတော်ကြီးတို့၏ ဆဋ္ဌသင်္ဂါယနာတင် အမေးအဖြေ တရားခွေဖြစ်နေပါလား၊ သူသွားပြီလို့ လာပြောသွားတာပါလားဟု သဘောပေါက်လိုက်ပါ၏။

ဝေစည်(ရွှေဘို)

(ရေးဖြစ်အောင်ရေးပါ ဆိုသော တေးရေးဆရာ ကိုအောင်နိုင်စန်းသို့)

နတ်မောက်လှမြင့်သစ်

ဆေးဖက်ဝင် လယ်ကြွက်ကင်

ဆေးဖက်ဝင်လယ်ကြွက်ကင်ဟုဆိုပါသော်လည်း အညာဒေသ မြေပဲခင်း၊ နှမ်းခင်းများထဲမှရသော မြေအောင်းမြေကြွက်ကြီးများသည်လည်း ဆေးအာနိသင် အတူတူပင် ဖြစ်ပါသည်။

လယ်ကြွက် ဖြစ်စေ၊ မြေအောင်းမြေကြွက် ဖြစ်စေ ပုံသကူရရှိလာပါက အချို့က အရေခွံကို ချွတ်ပစ်ပါသည်။ အချို့က အကောင်လိုက် ရေနွေးဖျော၍ အပေါ်ယံအမွေးကို ဓားဖြင့်ခြစ်ချလိုက်သောအခါ ဖြူဖြူဖွေးဖွေး ရရှိပါသည်။ ပြီးမှ ဝမ်းခွဲ၍ ဝမ်းတွင်းကလီစာများထုတ်ဖယ်ပစ်ပြီး ဘယ်-ညာကားနေအောင် တုတ်ကလေးထိုးပြီး မီးကင်ထားပါသည်။

ရေစစ်ပြီး ခပ်ထိုင်းထိုင်း၊ မစိုလွန်းမခြောက်လွန်းအနေတော်တွင် ခုတ်ထစ်လှီးဖြတ်၍ ဆား၊ နနွင်း၊ နှမ်းဆီဖြင့်ကြော်ပါသည်။ ကျက်နပ်၍ အိုးချခါနီးတွင် မဆလာဖြူးမွှေကာချလျှင် မွှေးပျံ့ စားကောင်းလှပါသည်။

ထိုကြွက်ကိုပင် မီးကျီးခဲ၌ အကျက်အနပ်ကင်ပြီး နှမ်းဆီဖြင့်စိမ်၍လည်း စားနိုင်ပါသည်။ ပို၍ဆေးစွမ်းထက်သည်ဟု ယူဆကြပါသည်။

အကျိုးပြုဆေးစွမ်းများမှာ-

- ကလေးသူငယ်များ ရောဂါလည်း မည်မည်ရရမရှိ။ သို့သော် ဖျော့တော့ပိန်လှီပြီး သွက်လက်မာချာမှု မာကျောမှု နည်းပါးနေလျှင် ဤကြွက်သားကို သုံး၊ လေးကြိမ်ကျွေးပေးပါ။ တစ်လအတွင်းတွင် ကျန်းမာသွက်လက်လာပါမည်။
- အမျိုးသားများ ပန်းမလန်း၊ ပန်းညှိုးပန်းသေသလိုဖြစ်နေလျှင် သုံးရက်တစ်ကြိမ်၊ ငါးကြိမ်ထိ ကြွက်ကြော်၊ ကြွက်ကင် စားပေးပါ။ လက်တွေ့သိပါလိမ့်မည်။
- အသက်အရွယ်အလိုက် အရိုးအဆက်၊ အဆစ်အမြစ် နာကျင်သူများ ကြွက်သားကို ရလျှင်ရသလို စားသုံးပေးပါ။ လက်တွေ့သက်သာပျောက်ကင်းစေပါသည်။

ဆေးဖက်ဝင် ကြွက်ကင်သည် မတည့်သူ မရှိပါ။ လူတိုင်းသိစေရန် ဗဟုသုတတင်ပြရေးသားပါသည်။

နတ်မောက်လှမြင့်သစ်

ရောင်မြကျော်ဝေ

ကျွန်မသားလေးပြန်ပေးပါ

မနေ့ကဖြစ်သည်။ ကျွန်တော်တို့ရပ်ကွက်ထဲက ချက်ကြီးတစ်ယောက် အရက်မူးပြီး ရှမ်းရိုးရာအဝတ်အထည်ဖြင့် ရှမ်းသိုင်းကနေသည်။ ကလေးတစ်စုက သူ့ကို အားပေးကြသည်။ အိုးစည်၊ လင်းကွင်း မပါသော်လည်း ဓားသိုင်း၊ တုတ်သိုင်းကို ဟန်ချက်ညီညီကပြသဖြင့် လူငယ်အချို့က သဘောကျစွာ လက်ခုပ်တီးပြီး အားပေးသည့်အထဲတွင် မှတ်ကြီးတစ်ယောက်လည်းပါသည်။

"အဲဒါ ချက်ကြီးတဲ့ကွ။ ရှမ်းသိုင်းဆိုတာ တကယ်တတ်လို့ တကယ်ကပြတာကွ။ ဟေ့- ကလေးတွေ၊ လက်ခုပ်တီးပြီး အားပေးကြပါ"

ဟု မှတ်ကြီးကပြောတော့ ကလေးတစ်စုလည်း လက်ခုပ်တီးပြီးအားပေးကြလေသည်။ မှတ်ကြီးနှင့် ချက်ကြီးတို့နှစ်ယောက်က သောက်ဖော်စားဖက် သူငယ်ချင်းတွေပါ။ တစ်နည်းအားဖြင့်ပြောရလျှင် ပေဖော်ပေဖက် လူပေလူတေတွေပါ။ သူတို့နှစ်ယောက်၏ နေ့စဉ်ရှာလို့ရသောငွေသည် အရက်ဖိုးနှင့်ပင်ကုန်လေ၏။ ချက်ကြီးနှင့် မှတ်ကြီးတို့သည် ကြိုးတစ်ချောင်း၊ ဓားတစ်လက်ဖြင့် သစ်ပင်ချိုင်သောအလုပ်ကိုကျွမ်းကျင်ကြသည်။ ဘယ်သောအခါမှ သစ်ပင်အမြင့်မှပြုတ်ကျသည်ဟု မကြားဖူးပါ။ သူတို့သစ်ပင်ချိုင်လျှင် ပထမဦးစွာ သစ်ပင်စောင့်နတ်ကို တိုင်တည်သည်၊ သစ်ပင်ခုတ်ခွင့်ပြုပါရန်နှင့် ကြိုးနှင့်ဓားကို နတ်ပြသည်။ ပြီးလျှင် အစောင့်အရှောက်ရှိလျှင် ခေတ္တဖယ်ရှားပေးပါရန် တောင်းပန်သည်။

သစ်ပင်တက်ခါနီး အရက်ကို အနည်းငယ်စီသောက်ပြီး ချက်ကြီးက သစ်ပင်ကိုတက်၍ ပိုင်ရှင်ကျေနပ်အောင်ခုတ်ပေးသည်၊ မှတ်ကြီးက ခုတ်ပြီးသားကိုင်းများကို ကြိုးဖြင့်ဆွဲချပေးရသည်။ တစ်နေ့လျှင် သစ်ပင်ခုတ်ခက သူတို့နှစ်ယောက်အတွက် ငါးထောင်၊ တစ်သောင်းက ရရှိပါသည်။ သစ်ပင်မခုတ်ရသောနေ့များတွင် သူတို့က စားရဖို့ထက် အရက်သောက်ဖို့ကို အလေးထားသည်။

ချက်ကြီးနှင့်မှတ်ကြီးတို့သူငယ်ချင်းနှစ်ယောက်သည် အကြံအိုက်စွာဖြင့် မှတ်ကြီးက-

"ချက်ကြီးရေ ငါတို့ရပ်ကွက်ကလူတွေက ထင်းသိပ်ပြီးမသုံးကြဘူးကွ။ တို့နှစ်ယောက် လက်ပံစုရွာကိုသွားကြမယ်ကွာ။ အခုလို ဆောင်းအကုန် နွေအကူးမှာ လက်ပံစုရွာသားတွေ မိုးတွင်းစာအတွက် ထင်းလုပ်ကြမှာ သေချာတယ်။ သစ်ပင်မတက်ရဲတဲ့ လယ်သမားတွေက တို့ကိုငှားပြီး ခုတ်ခိုင်းမှာကွ"

ဟု မှတ်ကြီးကပြောတော့ ချက်ကြီးက သဘောတူစွာ ခေါင်းညိတ်ပြီး-

"အေးကွ-မှတ်ကြီး၊ မင်းပြောတာဟုတ်တယ်ကွ။ အဲဒီရွာမှာ အရက်ကောလွယ်လွယ်ကူကူဝယ်လို့ရလို့လားကွ"

ဟု ချက်ကြီးက မေးလေသည်။

မှတ်ကြီးက-

"မင်းကလည်းကွာ၊ လက်ပံစုရွာမှာ ငှါသူငယ်ချင်းတွေ များတယ်ကွ။ လယ်သမားဆိုပေမယ့် အရက်မသောက်တတ်သူရှားတယ်ကွ။ မပူပါနဲ့၊ သောက်ရမှာပါ။ နေမပူခင် စက်ဘီးစီးပြီး သွားကြမယ်ကွာ။ မသွားခင် ရပ်ကွက်ထဲက စောရေတိုးဆိုင်မှာ တောအရက် တစ်ပုလင်း အကြွေးသောက်သွားကြမယ်ကွာ။ ပြန်လာမှ ပေးလိုက်မယ်လေ"

မှတ်ကြီး၏စကားကို ထောက်ခံစွာဖြင့် ချက်ကြီးက လက်ဖျောက်တီးပြီး-

"အိုကေ"

ဟုပြောပြီး နှစ်ယောက်သား စောရေတိုးဆိုင်သို့ ထွက်ခွာသွားလေတော့သည်။

တောအရက်တစ်လုံးကိုနှစ်ယောက်အတူသောက်ကာ စက်ဘီးတစ်စီးဖြင့် လက်ပံစုရွာသို့အသွား လမ်းခရီးရွာတစ်ရွာဖြစ်သော သပြုပင်ရွာထိပ်၌ အရိပ်ရသော ညောင်ပင်တစ်ပင်အောက်တွင် သီလရှင်နှစ်ပါးက အရိပ်ခိုနေရင်းမှ သူတို့ အလှူခံရသောငွေများကို ရေတွက်၍နေလေသည်။ ချက်ကြီးနှင့်မှတ်ကြီးတို့သည် ထိုညောင်ပင်အောက်၌ စက်ဘီးကိုအသာရပ်ပြီး မှတ်ကြီးက-

"ချက်ကြီးရေ၊ မပင်ပန်းဘဲနဲ့ လွယ်လွယ်ကူကူငွေရမယ့်အလုပ်ကို လုပ်ကြမယ်ဟေ့"

ဟု ချက်ကြီးနားကို တိုးတိုးလေးပြောသောအခါ ချက်ကြီးကလည်း ခေါင်းညိတ်လက်ခံပြီး ဆရာလေးနှစ်ပါးရှေ့သို့ ရဲဝံ့စွာသွားကာ ချက်ကြီးကဓားကိုပြပြီး-

"ဟေ့ကောင်- ဆရာလေးနှစ်ပါး ဗန်းထဲက ပိုက်ဆံတွေ ယူခဲ့"

ဟု ခပ်တည်တည်ဖြင့် မှတ်ကြီးကို ပြောသောအခါ မှတ်ကြီးက-

"ဟုတ်ကဲ့ပါ ဆရာ"

ဟု ရိုသေစွာ ချက်ကြီးကိုပြောပြီး နှစ်ယောက်ပေါင်း ဗန်းထဲမှ ငွေစက္ကူငါးထောင်တီတီ၊ အကြွေ တစ်ရာတန်၊ နှစ်ရာတန်များကိုယူပြီး ချက်ကြီးကိုပေးလေသည်။

ချက်ကြီးက-

"အားတော့နာပါတယ်ဆရာလေးတို့ရယ်၊ ငတ်လို့လုပ်ရတာပါဗျာ။အသက်

မသေချင်ရင် ညောင်ပင်ရွှေ့ကိုလှည့်ပြီး ဦးခေါင်းပေါ် လက်နှစ်ဖက်တင်ပြီး ငြိမ်ငြိမ်လေးနေကြပါ။ အော်မယ်တော့မကြံနဲ့နော်။ ကျုပ်တို့ဓားက ပြတ်တယ်ဗျ"

ဟု ပြောပြီး ချက်ကြီးနှင့်မှတ်ကြီးတို့နှစ်ယောက်သည် လက်ပံစုရွာသို့မသွားတော့ဘဲ လာခဲ့သောလမ်းကို စက်ဘီးနင်းပြီး လှည့်ပြန်လေတော့သည်။

သီလရှင်နှစ်ပါးလည်း ကြောက်ကြောက်နှင့် နာရီဝက်လောက်ကြာမှ လူသံတွေကြားလို့ လှည့်ကြည့်မိတော့ သူတို့ကို အေးမြတိုက်သွားသော လူနှစ်ယောက်ကို အပြစ်မတင်သည့်အပြင် သူတို့၏အသက်ကို သတ်မသွားလို့ တော်ပေသေးသည်ဟု ကျေးဇူးတင်မိလေ၏။

ထိုဆရာလေးနှစ်ပါးသည် တကယ်တော့ သီလရှင်အစစ်များ မဟုတ်ကြပါ။ လင်သေ ကြွေးထူပြီး ကြံရာမရသည့် နောက်ဆုံး ဆံထုံးကိုသာ အနစ်နာခံပြီး အကြံတူသော သူငယ်ချင်း မုဆိုးမများပင် ဖြစ်ကြပါသည်။

သာသနာကို ယုံကြည်သူတို့က လှူဒါန်းကြသည်မှာ တောရပ်ကျေးရွာ ရိုးသားသော လူများက လှူဒါန်းကြပါသည်။ သူတို့ဘဝသည် ရိုးသားမှုဖြင့် လုပ်ကိုင်မစားတတ်ကြပါ။ ပေါ့ပေါ့တန်တန်ရသောအလုပ်သည် ငွေရပေါက်ချောင်သည်ဟု ထင်မှတ်ပြီး လုပ်ကြ၏။ သံသရာကိုတွေးလျှင် ရင်လေးစရာပါ။ သူတို့ဘဝကြင်ဖော် ယောကျ်ားများက အားမကိုးရသော အရက်သမားများ ဖြစ်ကြသဖြင့် အသေစောသည်မှာ မဆန်းသော်လည်း နောင်ဘဝ နောက်ခန္ဓာဟု သဘောထားပြီး သူမတို့တစ်တွေက ကြံမိကြံရာကြံစည်ကြခြင်းသာ ဖြစ်ကြသည်။

ငရဲမကြောက်သောသူများအတွက် ဘာသာကိုခုတုံးလုပ်ပြီး စီးပွားရှာကြသူများရှိနေသရွေ့ ယခုဘဝတွင်လည်း မကောင်းနိုင်သလို နောင်တမလွန်ဘဝတွင်လည်း မိမိတို့ပြုသည့်ကံက တစ်ဖန်ခံစားကြရဦးမည်မှာ မလွဲမသွေပင် ဖြစ်ပေမည်။ သီလရှင်နှစ်ပါးသည် အလှူခံရသောငွေများကို ပေးလိုက်ရသဖြင့် သူတို့လက်ထဲတွင် ငွေမရှိသော်လည်း တစ်ပါးလျှင် ဆန်နှစ်ပြည်က ရှိပါသေးသည်။ သပြူပင်ရွာထိပ်ညောင်ပင်မှ ဆက်ပြီး အိုင်ကြီးရွာသို့အလှူခံသွားမည်ဟု အကြံရကြသော်လည်း ကားလမ်းမကြီးဘေး သချိုင်းအလွန် လှည်းလမ်းအနီး၌ ကလေးငိုသံကြားသဖြင့် မိခင်စိတ်ရှိသော မိန်းမသားများဖြစ်ကြသဖြင့် ငိုသံကြားရာသို့ သွား၍ ကြည့်မိရာတွင် ဖာတောင်းထဲတွင်ထည့်၍လွှင့်ပစ်ထားသော ကလေးငယ်ကိုတွေ့ရသောအခါ သီလရှင်သူငယ်ချင်းနှစ်ယောက်က ကလေးကို တစ်ယောက်ကပွေ့ချီပြီး တစ်ယောက်သောသူက ဖာတောင်းထဲတွင်ပါသောစာနှင့် ပိုက်ဆံ၊ ရွှေဆွဲကြိုးတစ်ကုံးကိုယူပြီး ဖာတောင်းကို လမ်းဘေးချောက်ထဲသို့ပစ်ချပြီး ချောင်းမကြီးရွာမှ သူတို့၏တဲရှိရာသို့ နှစ်ယောက်အတူပြန်လာခဲ့ကြသည်။

သူတို့၏လူနာမည်များက ရွှေမိနှင့် အေးဘုံပါ။ သူတို့နှစ်ယောက်က လင်ရပြီး ကလေးမမွေးဖူးပေမယ့် ကလေးကိုချစ်တတ်သော မိခင်စိတ်က အပြည့်ရှိသည်။ ရွှေမိက ကလေးကို သူ့တူလေးဟု အများသိအောင်ပြောသလို အေးဘုံကလည်း ရွှေမိနှင့်ညီအစ်မအရင်းပါဟု ကြေညာထား၏။ ကလေးက ယောကျ်ားလေးဖြစ်သလို ဝဝတုတ်တုတ်ကလေးဆိုတော့ သူတို့နှစ်ယောက်မှာ ချစ်မဝနိုင်။ ကလေးအတွက် နို့ဘူးကို အေးဘုံက နို့စားနွားများမွေးသော ဦးချစ်ကြည်ခြံတွင် နွားနို့စစ်စစ်ကို နေ့စဉ် တာဝန်ယူပြီး ဝယ်ယူ တိုက်ကျွေးသည်။ ကလေးအတွက် ငွေတစ်သိန်းနှင့် စာတစ်စောင်၊ ရွှေဆွဲကြိုး တစ်ကျပ်သားတစ်ကုံးကို ကလေးအတွက်ဖြစ်သည်ဟု စာထဲတွင်ပါသော်လည်း ငွေကို သုံးခွင့်ပြုသဖြင့် သူတို့နှစ်ယောက် ကလေးအတွက် မပူမပင်ပြုစုကြသည်။ ရွာတွင်းမှလူများကမေးလျှင် သူတို့၏ညီမအငယ်က ကလေးမွေးပြီး ဆုံးသွားသဖြင့် သူတို့မွေးထားရသည်ဟု ပြောပါသည်။ လူကုံထံ အသိုင်းအဝန်းထဲမှ လင်ကောင်မပေါ်ဘဲ မွေးသောကလေးဟုထင်မှတ်ရသော်လည်း သူတို့သူငယ်ချင်းနှစ်ယောက်က ရေထဲကဆားပေါ်သလို လိမ်ညာရခြင်းကို ပီတိဖြစ်မိလေသည်။ သီလရှင်အဝတ်များဖြင့် လိမ်ညာမစားတော့ဘဲ ကလေးက မ,သောငွေဖြင့်သာ ကလေးရော သူတို့နှစ်ဦးပါ မပူမပင် စားသောက်ကြရလေတော့၏။

ကလေးကို ရွှေမိက နာမည်ရွေး၍ပေးသည်။ အင်္ဂါနေ့က ကောက်ရသဖြင့် ဇော်ဝင်းမောင်ဟုပေးသည်။ အေးဘုံက သဘောကျသည်။ သူတို့နေထိုင်သော ချောင်းမကြီးရွာတွင် တဲထိုးပြီးနေကြပါသော်လည်း ရွာသားများက သူတို့နှစ်ယောက်ကို ဘာလုပ်ကိုင်စားမှန်း မသိကြပါ။

ကလေးကို ကောက်ရပြီး တစ်လပြည့်သောနေ့တွင် ကလေးအမေက ရွှေမိကို လပြည့်ည သန်းခေါင်ယံ၌ အိပ်မက်ပေးသည်။

'ကျွန်မသားလေးပြန်ပေးပါ'

ဆိုပြီး ရွှေမိလက်ထဲက ကလေးကို အတင်းလုသည်။ ရွှေမိကလည်း မပေး။ အေးဘုံလက်ထဲကို ပြောင်းထည့်ပေးပြီး ကတ်ကတ်လန်အောင် ရန်တွေ့သည်။ ကလေးအမေက ပြောသည်။

'ကျွန်မသားလေးကို ရှင်တို့နှစ်ယောက် မွေးကျွေးထားတာကို ကျွန်မ ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမယ့် ပြန်ပေးပါရှင်'

ဟု ငိုပြီး တောင်းပါသော်လည်း ရွှေမိနှင့် အေးဘုံက မပေးပါ။

တမလွန်ဘဝမှ ကလေး၏မိခင်ဖြစ်သူက-

'ရှင်တို့နှစ်ယောက်လိမ်ညာပြီးလုပ်ကိုင်စားသောက်နေမယ် ဆိုရင် ကျွန်မသားလေးရဲ့နောင်ရေးအတွက် ရင်လေးစရာပါ။ ကျွန်မသားလေးကို ရှင်တို့ရဲ့သားလေးအရင်းလိုချစ်ရင် ရှင်တို့အလုပ်လုပ်ကြပါ။ သမ္မာအာဇီဝကျတဲ့ အလုပ်တစ်ခုခုပေါ့ရှင်'

ဟု ပြောပြီး ပျောက်သွားလေ၏။ ထိုအိပ်မက်သည် ထူးဆန်းပါ၏။ ရွှေမိနှင့် အေးဘုံတို့နှစ်ယောက် ပြိုင်တူမက်သောအိပ်မက် ဖြစ်သည်။

ဇော်ဝင်းမောင်လေး၏မိခင်ရင်းက အိပ်မက်ပေးသည်ကို ရွှေမိနှင့် အေးဘုံတို့နှစ်ယောက်က အံ့ဩမိသည်။ မိန်းမသားချင်း ကိုယ်ချင်းစာမိကြသည်။ ဇော်ဝင်းမောင်လေး၏ အမေ သေသွားလို့ အိပ်မက်ပေးတာကို သနားမိကြသည်။ ဒုက္ခ ဟူသည် ဆင်းရဲသူ၊ ချမ်းသာသူဟူ၍ မခွဲခြားပါ။ မျက်နှာမလိုက်ပါ။ အိုနာ၊ သေသည်လည်း သက်ရှိလူသားတို့အတွက် အမြဲရှိနေပါသည်။ မိန်းမများသည် ယောကျ်ားတို့ထက် သံယောဇဉ်မေတ္တာကြီးမားကြသည်မှာ မိခင်စိတ်ရင်းက အရင်းခံ ဖြစ်သည်။ လူ ဆိုသည်မှာ အသိဉာဏ်ပညာ အမြော်အမြင်ကြီးမားကြသည်။ သို့သော် ဆင်းရဲ၊ ချမ်းသာရှိသည်။ အရှက်အကြောက်ရှိသည်။

တိရစ္ဆာန်တို့သည်ကား အမများသည် မိခင်စိတ်ဓာတ် ရှိပြီး အရှက်အကြောက်မရှိကြပါ။ သို့သော် မွေးဖွားသောသားသမီးတို့ကို ချစ်ခင်ကြ၏။ ခွေးကလေးများ၊ ကြောင်ကလေးများက လူတို့နှင့်အနေနီး၍ သူတို့၏ဘာသာဘာဝသဘောကိုသိရှိရ၏။ အိမ်မွေးတိရစ္ဆာန်များနှင့် ငှက်များ၊ တောရိုင်းသားကောင်

များသည်လည်း သူတို့ မွေးဖွားသော သားသမီးများကို ချစ်ခင်လို့ မျိုးပွားကြပါသည်။

ဒေါ်ရွှေမိနှင့် ဒေါ်အေးဘုံတို့နှစ်ယောက် အသက်ကြီးလာတော့ သားဖြစ်သူ မောင်ဇော်ဝင်းမောင်က ရဟန်းပြုပြီး မိခင်နှစ်ပါးကို ကျောင်းဆောက်ပေးပြီး သီလရှင်ဝတ်စေပါသည်။ ဒေါ်ရွှေမိနှင့်ဒေါ်အေးဘုံတို့က ငယ်ဘဝက သီလရှင်များမဟုတ်တော့သလို ယခု အသက် (၆၀) အရွယ်တွင် မယ်တော်ကြီး သီလရှင်တွေပင် ဖြစ်နေကြပေပြီ။ သားမောင်ပဉ္စင်းက 'အရှင်ဇာဂရ' ဘွဲ့အမည်ဖြင့် ကျောင်းထိုင်ဆရာတော်တစ်ပါးဖြစ်သလို မယ်တော်နှစ်ပါးကလည်း တကယ့်သီလရှင်စစ်စစ်များပင် ဖြစ်အောင် ဦးပဉ္စင်းက ဆုံးမဩဝါဒများပေးပြီး ဒေါ်ရွှေမိကို 'ဒေါ်ရေဝတီ' ဟု လည်းကောင်း၊ ဒေါ်အေးဘုံကို 'ဒေါ်အေးသိင်္ဂီ' ဟု လည်းကောင်း ဘွဲ့အမည်အသီးသီးပေးလိုက်လေတော့သည်။ အကယ်၍များ မောင်ဇော်ဝင်းမောင် (ခေါ်) ဦးပဉ္စင်းကြီး ရှင်ဇာဂရသည် မိခင်ရင်း၊ ဖခင်ရင်းတို့နှင့် အတူရှိနေမည်ဆိုလျှင် မြင့်မြတ်သော လူ့ဘဝတွင် သူဌေးတစ်ဦးအဖြစ် တည်ရှိနေပေလိမ့်မည်။ သို့သော် ဘဝပေးကုသိုလ်ကံက ပါလာခဲ့သော အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ခဲ့ရသော လူ့ဘဝကြီးကလည်း မြင့်မြတ်သော သာသနာ့ဘောင်သို့ သူ့အား တိုက်တွန်း ပို့ဆောင်ပေးသည်မှာ သူ၏စိတ်ထားဖြူစင်ခြင်းကြောင့်ပင် ဖြစ်လေသည်။ သူ့တွင်မဟုတ်၊ ကျေးမွေး စောင့်ရှောက်သော အတိတ်ဘဝက တော်စပ်ခဲ့သည့် မိခင်ဟောင်းနှစ်ဦးကိုပင် သူကပြန်လည်၍ သာသနာ့ဘောင်သွတ်သွင်းပြီး ကျေးဇူးဆပ်ခဲ့လေပြီ။

ဒေါ်ရေဝတီနှင့် ဒေါ်အေးသိင်္ဂီတို့က အိပ်မက်ပေးသော ဦးပဉ္စင်းရှင်ဇာဂရ၏မွေးမိခင်ကို နာမည်မသိသော်လည်း အလှူအတန်းပြုလုပ်တိုင်း အမျှပေးဝေလေသည်။

တမလွန်ဘဝကိုရောက်ပြီး မကျွတ်မလွတ်သောဘဝတွင် သားသမီးစွဲဖြင့် ပေတဖြစ်နေသော မိန်းကလေးတစ်ဦး၏ 'ကျွန်မသားလေး ပြန်ပေးပါ' ဟူသော ဇာတ်လမ်းကို တက္ကသိုလ်လမ်း ရွှေဝင်းဝင်းစားသောက်ဆိုင်၌ မိတ်ဆွေတစ်ဦး ပြောပြသည်ကို အမည်နာမများအား လွှဲပြောင်း၍ ရေးသားပါသည်။

ဧရာမြေကျော်ဝေ

ဖခင်ကြီး၏ကိုယ်တွေ့ ရေယုန်မန်းဂါထာ

ချာယီ



ဖခင်ကြီးကွယ်လွန်သွားသည်မှာ နှစ်ပေါင်း (၃၀) ကျော်ပါပြီ။ ရွာထဲရပ်ထဲက ရေယုန်ပေါက်လျှင် ဖခင်ကြီးထံ လာရောက် ကုသတတ်ပါသည်။ ဖခင်ကြီး ကုသပေးလိုက်လျှင် တစ်ခေါက်က နှစ်ခေါက် လာရောက်ရုံနှင့် ပျောက်ကင်းသွားတာ တွေ့ရပါသည်။

ငယ်ငယ်ကတော့ အကျင့်သီလကြောင့်ပဲလား၊ နည်းစနစ်က စွမ်းတာလား၊ ဂါထာကစွမ်းတာလား ကွဲကွဲပြားပြားမသိခဲ့ပါ။ တော်တော်အရွယ်ရောက်လို့ ကိုယ်ကိုယ်တိုင် ရေယုန်ပေါက်တော့မှ ဖခင်၏ရေယုန်မန်းဂါထာအစွမ်းကို သံသယမရှိဘဲ ယုံကြည်မိပါတော့သည်။

ဖခင်၏ ငယ်ဘဝကို ပြန်စဉ်းစားကြည့်လျှင် အမေကြီးအုန်း (ဖခင်၏အမေ)ပြောသည့်စကားကို ကြားယောင်မိပါသည်။

"မြေးတို့အဖေငယ်ငယ်က ဘာဟင်းချက်လဲလို့ မမေး။ အမေ၊ ကုန်းကောင်လား၊ ရေကောင်လားလို့ မေးတယ်။ ကြက်၊ ဝက် ကုန်းကောင်ဆိုရင် သူမစားတော့ဘူး။ ရေကောင်-ငါး၊ ပုစွန်ဆို သူစားတယ်"

ဟု ပြောပြတတ်ပေသည်။

ဖခင်ကြီးသည် တစ်သက်လုံး ကုန်းသတ္တဝါ လုံးဝ မစားခဲ့ပါ။

ကျွန်တော် ရေယုန်ပေါက်စဉ်က ဖခင်ဂါထာမရွတ်ခင် အောက်ပါအတိုင်း ပြုလုပ်သည်ကို တွေ့ရပါသည်။

မီးဖိုထဲမှဖိုခုံလောက်ဆိုင်(အလယ်သား) ပြာနုကလေးများကို လက်ညှိုး၊ လက်မ၊ လက်ခလယ် သုံးချောင်းဖြင့်ယူရပါသည်။ ပြီးလျှင် ရေနွေးကြမ်းခွက်ထဲသို့ထည့်သည်။ ပြီးတော့ ဆီမီးတစ်တိုင်၊ ရေချမ်းတစ်ခွက်ဖြင့် မြတ်စွာဘုရားရှေ့၌ ငါးပါးသီလယူပါသည်။ ပြီးလျှင် အသင့်ထည့်ထားသောပြာခွက်ကိုယူ၍ လူကဆောင့်ကြောင့်ထိုင်ပြီးအောက်ပါအတိုင်း ဂါထာရွတ်ဆိုပါသည်။

'ဥုံ- ရေယုန်၊ နင်ပြေးငါလိုက်၊ ငါကိုက် နင်သေ၊ သေဆရာသေ၊ ကျေဆရာကျေ'

ဟူ၍ (၇) အုပ်မန်းပေးရပါသည်။

ပြီးသော် ရေယုန်ပေါက်**သော**နေရာသို့ သိဒ္ဓိတင်ပြီးသား ပြာမန်းဖြင့်သုတ်လိမ်းပေးရပါသည်။ ပထမတစ်ရက်တွင် ညှိုးကျသွားပါသည်။ နောက်တစ်ရက် လူးသော် ညှိုးခြောက်ပြီး အရည်ကြည်ဖုလေးများ ပျောက်ကင်းသွားပါတော့သည်။

ရေယုန် ဟူသည် မျက်နှာ၊ ပါး၊ လက်နှင့် တချို့လည်း လည်ပင်း၊ ကျောကုန်းများတွင် ပေါက်တတ်ပေသည်။ ပေါက်လျှင် အစုအဖွဲ့ပမာ စပျစ်သီးခိုင်ကဲ့သို့ အရည်ကြည်ဖုလေးများတည်လာပြီး ထိုအရည်ကြည်လေးများမှတစ်ဆင့် ကူးစက်သည့်သဘောပင် ဖြစ်ပါသည်။ မျက်နှာတွင် ပေါက်ခဲ့သော် ရေမထိရပါ။ ပို၍ အပွားမြန်လှပေသည်။

ကျွန်တော့၏ဖခင် ဂါထာဖြင့်ကုသောနည်းမှာ အဘဆရာကြီးဦးသံဒိုင်၏ ဆေးကုနည်းဝင် ဖြစ်ပါသည်။ အဘမဆုံးမီ အဖေ့အတွက် ပညာအမွေထားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အဖေက အဘအမွေဖြင့် မိမိပတ်ဝန်းကျင် ရွာနီးချုပ်စပ် လူသားအကျိုးဆောင်နိုင်ခြင်းပင်ဖြစ်သည်။

တစ်ခုသတိပြုမိသည်မှာ ရောဂါပျောက်ကင်း၍ ဆရာ့ကိုကန်တော့ပါက ငွေကြေးကို လက်မခံပါ။ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ဇီဝိတဒါနအဖြစ် ဆေးကုသခြင်းကြောင့် ဆေးစွမ်းထက်သည် ဟူက မှားမည်မထင်တော့ချေ။

အထူး သတိပြုရန်မှာ ရေယုန်နာခြောက်သွားပါက အဖတ်ကို ဆွဲမခွာ၊ မလှန်ပါနှင့်။ ထိုနေရာချိုင့်ခွက်ဖြစ်ကာ ကျန်နေပါလိမ့်မည်။ သူ့အလိုလို အနာဖေးခြောက်ပြီး ကွာကျသွားသည်အထိ စောင့်ရပါမည်။ ရေယုန်နာဖြစ်သော နေရာသည် နှစ်များစွာ ထုံလျက်နေပါတော့သည်။

ဤကား မိမိ၏ကိုယ်တွေ့ပင် ဖြစ်တကား။

ချာယီ

(မှတ်ချက်-ကျေးဇူးရှင်ဖခင်ကြီးသို့ ဤစာဖြင့် ကန်တော့ပါ၏။)

သော့ခတ်ကြိုးချည် မရပြီ
စစ်သည်အစွမ်း အံ့မခန်း

ရွှေနွယ်ရိုး

ဆရာကြီးဦးရွှေရိုး (ထက်/အုပ်-ငြိမ်း)သည် စာပေဝါသနာပါ၏။ 'ဝါသနာ ဘာလီ၊ ဆက်တိုင်းမီ၊ စာဂီမလေ့၊ လွန်ပျော်မွေ့' ဆိုသည့်အတိုင်း ဆရာကြီးဦးရွှေရိုးသည် စာဖတ်ခြင်း၊ စာရေးခြင်းဖြင့် မွေ့လျော် ပျော်ပိုက်နေတတ်၏။

စာရေး၊ စာဖတ် မလုပ်ဖြစ်လျှင်လည်း ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းတိုက်သို့သွားကာ စာပေရောင်းရင်း အပေါင်းအသင်း ရေးဖော်ရေးဖက်များ အချင်းချင်း စာစကား ပေစကား စပ်မိစပ်ရာ ပြောကြားရင်း စာပေကုန်ကြမ်းများ ရှာဖွေလေ့ရှိ၏။ တစ်ခါတစ်ရံတွင်မူ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း စနေစာပေဝိုင်းသို့လည်း မျက်စိလည်ပြီး ရောက်သွားတတ်သေး၏။

ဤသို့ဖြင့် ဆရာကြီး ဦးရွှေရိုးမှာ စာပေအပေါင်းအသင်းရောင်းရင်း စာပေမိတ်ဆွေများ တဖြည်းဖြည်းနှင့် ပေါများလာ၏။ ထိုစာရေးဆရာများ၊ စာပေမိတ်ဆွေများက သူတို့လက်ရာစာအုပ်များကို အချင်းချင်း အပြန်အလှန် လက်ဆောင်ပေးကြ၏။ စာအုပ်များကို ပုံနှိပ်ရိုက်ထုတ်ပြီး ငွေကြေးဖြင့် မရောင်းချဘဲ လက်ဆောင်အဖြစ် ပေးကမ်း ဖြန့်ဝေသူများအား စာအုပ်ထုတ်ဝေသူများဟု ကျီစယ်ကာ အပြောင်အပြက်ခေါ် ဝေါ်တတ်ကြ၏။

ထို စာအုပ်ထုတ်ဝေသူများထံမှ ဆရာကြီးဦးရွှေရိုး လက်ဆောင်ရရှိထားသော စာအုပ်များ အများအပြားရှိသည်။ ထိုစာအုပ်များထဲမှ ဆရာကြီး ဦးရွှေရိုး အနှစ်သက်ဆုံးနှင့် စိတ်အဝင်စားဆုံး စာအုပ်မှာ 'မှူးကျော် (ပန်းတနော်)' ၏ 'ကျွန်တော်နှင့်တပည့်ကျော်များကိုယ်တွေ့ဖြစ်ရပ်မှန်အကြောင်းများ' စာအုပ် ဖြစ်၏။ စာအုပ်မှာ စိတ်ဝင်စားဖွယ်ရှိပြီး ဆွဲဆောင်အားကောင်းလှသဖြင့် တစ်ထိုင်တည်းနှင့်ပင် အပြီးဖတ်လိုက်မိ၏။ ဖတ်ကောင်းသည့်အပြင် ဗဟုသုတလည်းများစွာရ၏။ ဘာသာရေး၊ လူမှုရေးနှင့် ပတ်သက်၍ ဂမ္ဘီရဆန်ဆန် ထူးခြားဆန်းပြားဖြစ်ရပ်များကိုလည်း ဖတ်ရမှတ်ရ၏။

မှူးကျော် (ပန်းတနော်) ဒုတိယဗိုလ်မှူးကြီးမြင့်ကျော်(ငြိမ်း)သည် ၁၉၆၅ ခုနှစ်တွင် ဗိုလ်သင်တန်းဆင်းပြီး ဒု-ဗိုလ်အဆင့်ဖြင့် အမှတ် (၁၀၅) ခြေမြန်တပ်ရင်း တပ်ခွဲ (၁)၊ တပ်စု (၂) သို့ ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဒု-ဗိုလ်မြင့်ကျော်၏ အကူရဲဘော်မှာ တပ်သားစိန်အောင်ဖြစ်၏။ တပ်သားစိန်အောင်သည် ဒု-ဗိုလ်မြင့်ကျော်နှင့် အနီးကပ် နေထိုင်ကာ ဒု-ဗိုလ်မြင့်ကျော်၏ဝေယျာဝစ္စနှင့် တပ်ရုံးကိစ္စများကို ကူညီဆောင်ရွက်ရသည်။

တပ်သားစိန်အောင်မှာအသောက်အစားကင်းပြီး ဘာသာရေးကို လေးစားကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ ခရီးမည်မျှပန်းစေ စခန်းချမည့်နေရာရောက်သည်နှင့် ၎င်းလုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ ပြီးလျှင်ပြီးချင်း အမြဲတမ်း ဘုရားရှိခိုးသည်၊ ပုတီးစိပ်သည်။ ဘယ်တော့မှ ဝတ်ပျက်ခံလေ့မရှိပါ။

တစ်နေ့သော် မြောင်းမြမြို့နယ်အတွင်း တစ်ဖက်လက်နက်ကိုင်များ ရှိနေနိုင်သည့် ခွေးလေးကြီးရွာနှင့်ဆင်ကြီးလည်ပင်းရွာများသို့ တက်ရောက် ရှင်းလင်းစဉ် ခွေးလေးကြီးရွာအဝင်တွင် တစ်ဖက် လက်နက်ကိုင်များနှင့် တပ်စု (၁) တို့ (၁၀) မိနစ်ခန့်ကြာ တိုက်ပွဲဖြစ်ခဲ့၏။

တိုက်ပွဲအပြီးတွင် ခွဲ (၂) (ကူညီရန် နောက်မှလိုက်လာသောတပ်ခွဲ) နှင့် ဒု-ဗိုလ်မြင့်ကျော်၏တပ်ခွဲ(၁)အပါအဝင် စစ်ကြောင်းရုံးအဖွဲ့ အတွက် နေ့လယ်စာကို ရွာသူကြီးနှင့်ညှိနှိုင်းတိုင်ပင်ချက်ပြုတ်ထားရန် ညွှန်ကြားချက်ရပါသည်။ ရွာအဝင်တွင် တိုက်ပွဲဖြစ်ပွားထား၍ ရွာသားအားလုံး ထွက်ပြေးသွားကြပြီ။ ထို့ကြောင့် တပ်စုတပ်ကြပ်ကြီး ဆရာကြီးတင်လှိုင်အား တပ်စိတ်တစ်စိတ်ဖြင့် ရွာသူကြီးနှင့် ရွာသားများအား အရှာခိုင်းလိုက်သည်။ မကြာမီ ရွာသူကြီးနှင့် ရွာသားသုံးယောက်တို့ရောက်ရှိလာသည်။

ဒု-ဗိုလ်မြင့်ကျော်က ရွာသူကြီးနှင့် ရွာသားသုံးယောက်ကို ဆန် (၂) တင်း၊ ဟင်းသီးဟင်းရွက်နှင့် သားငါးများရှာပေးရန် ပြောဆိုပါသည်။ ထိုအခါ ရွာသူကြီးက ဆန်နှင့် ကုန်မျိုးစုံရောင်းသောဆိုင်မှာ ဆိုင်ရှင်မရှိ။ ဆိုင်ကို သော့ခတ်ပြီး ထွက်ပြေးသွားကြပြီ။ ထိုသော့ကိုဖွင့်နိုင်ပါက ဆန်၊ ဆီ၊ ဆားများရရှိနိုင်ကြောင်း ပြောပါသည်။

ထိုအခါ တပ်သား စိန်အောင်က ၎င်းလိုက်ဖွင့်ပေးမည် ဆိုကာ ရွာသူကြီး

နှင့် ရွာသားများရှေ့မှောက်မှာပင် ဆိုင်တံခါးသော့ခလောက်ကိုကိုင်၍ တစ်ချက်သုပ်လိုက်သည်နှင့် သော့ပွင့်သွားသည်။ သို့ဖြင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်များရရှိခဲ့သည်။ ကျသင့်သောတန်ဖိုးငွေကို ဒု-ဗိုလ်မြင့်ကျော်က ရွာသူကြီးအား အကျေအလည်ပေးအပ်ကာ ဆိုင်ရှင်ကို အကျိုးအကြောင်းပြောပြပြီး လွှဲပြောင်းပေးအပ်ရန် မှာကြားခဲ့ပါသည်။တပ်သား စိန်အောင်ကလည်း ဆိုင်သော့ကို မူလအတိုင်း ခြေရာလက်ရာမပျက် ပြန်လည်ခတ်ပေးခဲ့ပါသည်။

၁၉၆၇ ခုနှစ်၌ ငသိုင်းချောင်းမြို့နယ်၊ ဖန်ခါးပင်ရွာတွင် ဒု-ဗိုလ်မြင့်ကျော်တို့တပ်ခွဲ စစ်ရေးတာဝန်ထမ်းဆောင်နေစဉ်က် တပ်ခွဲအရာခံဗိုလ် ဆရာကြီးကေအက်(စ်)ကမန်းက တပ်သားစိန်အောင်ကို ကြိုးတုပ်ထား၍မရကြောင်း၊ ခတ်ထားသည့် သော့ခလောက်များကိုလည်း ဖွင့်စေနိုင်ကြောင်း၊ တပ်သားစိန်အောင်၏ သူငယ်ချင်းများက ပြောပြ၍ သိရကြောင်းဖြင့် ဒု-ဗိုလ်မြင့်ကျော်ကိုသတင်းပို့ပါသည်။

သို့နှင့် တပ်သား စိန်အောင်ကို တပ်စခန်းချထားသည့် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံအတွင်းဆီသို့ ခေါ်လာပြီး တတ်ထားသောပညာများကို လက်တွေ့ပြသပေးပါရန် တောင်းဆိုကြပါသည်။ တပ်သားစိန်အောင်ကလည်း လိုလိုလားလား ပြသပေးပါသည်။ တပ်သား စိန်အောင်အား ခြေဆင်းထိုင်ခိုင်းပြီး ခြေထောက်နှစ်ဖက်စလုံးကို ခြေချင်းဝတ်မှနေ၍ လည်းကောင်း၊ လက်နှစ်ဖက်အားလည်း နောက်ပစ်ခိုင်းပြီး လက်ကောက်ဝတ်မှနေ၍ လည်းကောင်း နိုင်လွန်ကြိုးဖြင့် တင်းကျပ်စွာ ပူးတွဲချည်နှောင်လိုက်သည်။

ချည်နှောင်သူမှာလည်း သာမန်ရဲဘော်မဟုတ်။ ကြိုးချည်သင်တန်းတက်ရောက် အောင်မြင်ထားသူ တပ်ကြပ်အောင်တင် ဖြစ်၏။ ထို့နောက် ဓမ္မာရုံအဝင်ပေါက်တံခါးကို အတွင်းမှ သော့ခတ်ထားလိုက်၏။ တပ်သားစိန်အောင်မှာ ကြိုးကိုမဖြေနိုင်၊ သော့ကိုမဖွင့်နိုင်ပါက နေ့လယ်တစ်နာရီတွင် သော့ကိုလာဖွင့်ပေးမည်၊ ကြိုးကိုလည်း ဖြေပေးမည်ဖြစ်ကြောင်း အသေအချာမှာကြားထားသည်။

ပြီးလျှင် တပ်ခွဲမှူး၊ဒု-ဗိုလ်မြင့်ကျော်၊ ဗိုလ်ထွန်းအောင်၊ ဒု-အရာခံဗိုလ် ကေအက်(စ်)ကမန်း၊ တပ်ကြပ်အောင်တင်တို့အားလုံး ပြတင်းပေါက်တစ်ပေါက်ကို ကျော်၍ အပြင်သို့ထွက်ခဲ့ကြ၏။ ပြတင်းပေါက်ကိုလည်း အပြင်ဘက်မှနေ၍ နှစ်တစ်လက်မ ပျဉ်းကတိုး သစ်မာချောင်းသုံးချောင်းဖြင့် သံရိုက်ပြီး အသေပိတ်ထားလိုက်၏။

ဒု-ဗိုလ်မြင့်ကျော်တို့အဖွဲ့ ဓမ္မာရုံထဲမှထွက်လာပြီး ခြေလှမ်း (၁၅) လှမ်းခန့်အရောက်တွင် တပ်သား စိန်အောင်မှာ ဓမ္မာရုံအပြင်ဘက်သို့ ရောက်နေပြီး ဒု-ဗိုလ်မြင့်ကျော်တို့အဖွဲ့အား လှမ်းခေါ်ပါသည်။ ချည်ထားသောကြိုးများနှင့်ခတ်ထားသော အာမခံသော့ကိုလည်း (၅) မိနစ်အတွင်း ဖယ်ရှားပစ်နိုင်ကြောင်း ထူးခြားစွာ တွေ့မြင်ခဲ့ရပါသည်။ မျက်လှည့်ပညာတော့ မဟုတ်ပါ။

တပ်သားစိန်အောင် ငယ်စဉ်ဘဝကိုရင် (၁၀) ဝါရသည့်တိုင် ပျဉ်းမနားမြို့ ကျည်တောင်ကန်ဆရာတော်နှင့် အနီးကပ်နေခဲ့ရစဉ် ဆရာတော်က ၎င်းတစ်ဦးတည်းကိုသာပေးခဲ့သော ဂါထာတော်၏ အစွမ်းကြောင့်ဟု တပ်သားစိန်အောင်က ဆိုပါသည်။

၎င်းဂါထာတော်ကိုလက်ဆင့်ကမ်းမျှဝေလိုက်ပါသည်။

ကျည်တောင်ကန်ဆရာတော်ကြီး၏ဂါထာ

ဥုံ- ဟိဟိပိ၊ ကာထရံ၊
အနိစ္စ၊ ဒုက္ခံ၊ အနတ္တံ၊
သတ္တဘောဇဉ်ကော၊
ထင်ကော၊ ဂီကော၊ ဝါယော၊
သဗ္ဗတ္ထ၊ ဟိတဟိ။
(တစ်နေ့လျှင် ၁၀၈ လုံး ပုတီးကုံးသုံးပတ်ရအောင် စိပ်ရမည်။)

စာကြွင်း။ ။ တပ်သားစိန်အောင်မှာ တပ်ကြပ်ကြီးရာထူးဖြင့် တပ်မတော်မှ သက်စေ့ပင်စင်ယူပြီးနောက် ယခုအခါ ကျည်တောင်ကန်တွင် ဥယျာဉ်လုပ်ကိုင်ရင်း မိသားစုနှင့်အတူနေထိုင်လျက် ရှိပါသည်။

ရွှေနွယ်ရိုး

ဝန်ခံချက်။ ။

မှူးကျော် (ပန်းတနော်) ၏ 'ကျွန်တော်နှင့် တပည့်ကျော်များ ကိုယ်တွေ့ဖြစ်ရပ်မှန်အကြောင်းများ' ပထမအကြိမ်ထုတ်စာအုပ် အခန်း (၇)၊ စာမျက်နှာ (၁၁၉) ပါ 'ကြိုးချည် ချုပ်နှောင်၍မရသော တပည့်အကြောင်း' ကို မှူးကျော် (ပန်းတနော်)ဒုတိယဗိုလ်မှူးကြီးမြင့်ကျော် (ငြိမ်း)၏ခွင့်ပြုချက်ဖြင့် ဆီလျော်အောင် ပြုပြင်ရေးသားထားခြင်း ဖြစ်ပါသည်။

နတ်မောက်လှမြင့်သစ်
ချက်ချင်းအမြန်
ကင်းဆိပ်ပြေပျောက်နည်း

ကင်းမြီးကောက်၊ ကင်းမလက်မည်း၊ ကင်းခြေများ (၎င်းကင်းထိုးလျှင် ဖျားနာသည်အထိဖြစ်တတ်သဖြင့် ကင်းခြေဖျားဟုလည်း အချို့ဒေသတွင် ခေါ်ဝေါ်ပညတ်ကြပါသည်) ဟူ၍ ကင်း(၃) မျိုးရှိသည်ကို လူတိုင်းသိပါသည်။

ကင်းတစ်မျိုးမျိုးက လူကိုထိုးလျှင် အနည်းဆုံး (၂၄)နာရီမှ အများဆုံး (၇၂) နာရီအထိ ကင်းဆိပ်တက်တတ်ပါသည်။ (၇၂) နာရီအထိ လူတွင် ကင်းဆိပ်တက်လျှင် လူကထုထည်ကြီးမားသဖြင့် ကင်းဆိပ်ပြေပျောက်သွားသော်လည်း ထိုးသောကင်းမှာမူ လူဆိပ်တက်၍သေသွားပါလေသည်။ လူတွင်လည်း လူဆိပ်ရှိပါသည်။ သို့အတွက် လူ-လူချင်း ပေါက်ပြဲအောင် ပါးစပ်သွားဖြင့် ကိုက်ဆွဲပါက အဆိပ်သင့်ပြီး တော်တော်နှင့်မပျောက်နိုင်တော့ပါချေ။ထားပါတော့။ကြုံကြိုက်၍ တင်ပြခြင်းပါ။

လူနှင့် ကင်းကြားတွင် ထူးခြားချက်တစ်ခုရှိပါသည်။ သိသူများသလို မသိသူများလည်းရှိပါသည်။ ထိုထူးခြားချက်မှာ လူတိုင်း လူတိုင်းတွင်ရှိပြီး 'ကင်းသုံးကင်း တစ်ကင်းပြီးသည်' ဆိုသော အချက်ပင် ဖြစ်ပါသည်။ ကျွန်ုပ်သည် ကင်းမလက်မည်းပြီးသူဖြစ်ပါသည်။ကင်းပြီးသည် ဆိုသည်မှာ ထိုကင်းထိုးလျှင် အဆိပ်မတက်၊ မနာခြင်း ဖြစ်ပါသည်။ ကျွန်ုပ်အား ကင်းမလက်မည်းထိုးလျှင် လုံးဝ မနာ၊ လုံးဝ အဆိပ်မတက်ပါချေ။

မည်သို့ပင်ဖြစ်စေ၊ ကင်းသုံးကင်း ထိုးလျှင် ချက်ချင်းအမြန် အဆိပ်ပြေ၊ အဆိပ်မတက်စေရန် အောက်ပါ နီးစပ်ရာ ရရာတစ်မျိုးမျိုး အသုံးပြုလိုက်ပါ။

- ◆ ကစော့မြစ် သို့မဟုတ်၊
- ◆ ကြောင်ပန်းမြစ် သို့မဟုတ်၊
- ◆ သမန်းမြက် သို့မဟုတ်၊
- ◆ ဖောင်းမြက်။

ရရာတစ်မျိုးမျိုးကို ပါးစပ်ထဲထည့်ဝါးပြီး ကင်းထိုးရာ ကင်းအစွယ်ရာပေါ်သို့ ထွေးချပေးလိုက်ပါ။ နာရီဝက်အတွင်း ကင်းဆိပ်ချက်ချင်းပြေပျောက်သွားသည်ကို တွေ့ရပါမည်။ အထက်ပါ (၄) မျိုးစလုံးသည် ကင်းဆိပ်မှန်သမျှကို နိုင်ပါသည်။ လက်တွေ့အမြန်ပြေပျောက်စေပါသည်။

နတ်မောက်လှမြင့်သစ်

အကုသိုလ်ကံကို အကြမ်းအားဖြင့် ကြီးမားထင်ရှားသော အကုသိုလ်အလုပ်ပြုမိခြင်းနှင့် အသေးအမွှားမထင်မရှားသည့် အကုသိုလ်အလုပ်ပြုမိခြင်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားကြည့်မိပါ၏။ ပုထုဇဉ်တို့သည် တစ်နေ့တစ်နေ့ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့ဖြင့် တစ်ခုမဟုတ်တစ်ခု နေ့စဉ် ကျူးလွန်မိနေကြသည်သာ ဖြစ်၏။ မနောကံအပြစ်များစွာရှိကြကုန်၏။

ကြီးမားသော အကုသိုလ်ကံကြီးတို့တွင် လူတစ်ယောက်ကို ရက်ရက်စက်စက် ငှက်ကြီးတောင်ဓားဖြင့် ခုတ်သတ်ခြင်း၊ တစ်ခုသော တိုက်အိမ်မှ ငွေကျပ်သိန်းနှစ်ရာနှင့် အဖိုးတန်ရတနာပစ္စည်းတို့ကို ခိုးယူခြင်း၊ လင်ရှိမယားကို ခိုးယူသိမ်းပိုက် ပေါင်းသင်းနေခြင်း၊ မင်္ဂလာဆောင်တွင် ဝတ်ဆင်ရန် စိန်ဘယက်ငှားရမ်းပြီး ပြန်မပေးခြင်း၊ အရက်သေစာမူးအောင်သောက်၊ တစ်ညလုံး ရပ်ကွက်ထဲ အော်ဟစ်ဆူညံနေခြင်းတို့သည် ကြီးမားထင်ရှားသောအကုသိုလ်ပြုလုပ်ခြင်းများ ဖြစ်ကြကုန်၏။

အသေးအမွှား အကုသိုလ်လေးများ ကားလမ်းသွားစဉ် ပိုးမွှားလေးများကို မမြင်မိဘဲ နင်းသတ်မိသလို ဖြစ်သွားခြင်း၊ ခန္ဓာကိုယ်ကို ခြင်ကိုက်လျှင် ရိုက်သတ်မိခြင်း၊ သူတစ်ပါးအိမ်သို့ အလည်သွားစဉ် ဧည့်ခန်းစားပွဲပေါ် အိမ်ရှင်တင်ထားသည့် ငွေအကြွေအချို့ကို အိမ်ရှင်အလစ်တွင် ယူခဲ့ခြင်း၊ သားပျို၊ သမီးပျိုများနှင့် သူတစ်ပါးဇနီးမယားကိုနှစ်သက်သည့်စိတ်ဖြင့် ပြစ်မှားမိခြင်း၊ သူငယ်ချင်းကို အယုံသွင်း ငါလာခဲ့မယ် ကတိပေးထားပြီး ရှောင်နေခြင်း၊ အရက်ဆိုင်ထဲရှိ သူတစ်ပါးတို့၏ခွက်ကျန်များယူသောက်ခြင်းတို့ ဖြစ်ကြကုန်၏။

ထို အကုသိုလ်အလုပ်အသေးအမွှားထဲတွင် အမှတ်တမဲ့ ပြုမှားမိသော အကုသိုလ်အများအပြားပါဝင်နေသည်။ အမှတ်တမဲ့ အကုသိုလ်တို့ များစွာရှိကြကုန်သော ဘုရားဂေါပကလူကြီးသည် သူ၏သမီးငယ်လေးအတွက် သင်တိုင်းဝယ်ယူရန် လိုနေသော ငွေငါးကျပ်ကို ဘာမှမဖြစ်နိုင်ပါဘူးလေဟု ကိုယ့်ကိုယ်ကိုယ်ညာကာ အလှူခံငွေဖလားထဲမှ ယူငင်ခြင်း၊ သူတစ်ပါးအိမ်ခြံဝင်းထဲမှ ပန်းတစ်ပွင့် ခူးယူမိခြင်း၊ ရုံးဝန်ထမ်းတစ်ဦးအဖို့ ရုံးသုံးစာရွက်တစ်ရွက်ကို ကိုယ်ပိုင်သုံးစွဲလိုက်ခြင်း၊ ရုံးချိန် (၁၀း၀၀) နာရီသတ်မှတ်ထားသော်လည်း (၁၀း၀၀) နာရီထက် နောက်ကျ ရုံးတက်အလုပ်လုပ်ခြင်း၊ မပြည့်သောအလေးကို အသုံး

အမှတ်တမဲ့ အကုသိုလ်ကျူးလွန်ကြသူများ

(မခိုးရေး) အောင်မြင့်ထွန်း



ပြု ဈေးရောင်းချခြင်း၊ မုသားမပါ လက်ာခချောဟုဆိုကာ အလွယ်တကူ ပြောဆိုလိုက်ခြင်း စသည်တို့ လူ့လောကတွင် များစွာ တွင်ကျယ်လျက် ရှိနေသည်။

အကုသိုလ်ကိုကြောက်တတ်ဖို့လိုပါသည်။ နောက်ဘဝ နောက်ကိုယ်နှင့် နောက်ခေါင်းကျမှ မချိမဆံ့ ခံစားနေကြရပေလိမ့်မည်။ ထိုအကုသိုလ်တွေထဲမှာ အမှတ်တမဲ့ အဒိန္နဒါနာ အကုသိုလ်ကံ ခံစားလိုက်ရပုံကို တင်ပြပေးလိုပေ၏။

ထိုအဖြစ်အပျက်က သူရဋ္ဌမဂ္ဂဇင်း အဟောင်း (မည်သည့်လထုတ်မဂ္ဂဇင်း

မမှတ်မိ) တွင် ဖတ်ရှုလိုက်ရခြင်းဖြစ်၏။ မှတ်မိသလောက် ပြန်လည်တင်ပြပေးပါမည်။

တစ်ခုသော အညာအရပ်ဒေသမှ ဘုန်းကြီးကျောင်းတွင် ကိုရင်ကြီးတစ်ပါး ရှိလေ၏။သီတင်းကျွတ်လအခါသမယ၌ အောက်ပြည်အောက်ရွာရှိ ရှင်ပြုအလှူပွဲမှ ထိုကိုရင်ကြီးကိုကြွရောက်ပါရန် ပင့်ဖိတ်လိုက်ကြပါသည်။ ကိုရင်ကြီးက သူ့အမျိုးများရှိရာရွာ ဖြစ်နေ၍ လာခဲ့မည်ဖြစ်ကြောင်း အကြောင်းပြန်လိုက်သည်။

အချိန်တန်သော် ကိုရင်ကြီးသည် ကျောင်းသားတစ်ယောက်ကို အဖော်ခေါ်ကာ အောက်ပြည်အောက်ရွာသို့ ကြွလာခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် နယ်မြေသို့ ကိုရင်ကြီးရောက်လာခဲ့ပါသည်။ ရွာထဲသို့ဝင်ရန် လယ်ကွင်းများကို ဖြတ်လျှောက်ခဲ့ကြသည်။ ကိုရင်ကြီးတို့ ရွာသို့ရောက်ရှိခဲ့ကြသော အချိန်ကာလသည် စပါးများမှည့်ချိန်ဖြစ်လေ၏။ လယ်ကွက်တစ်ခုသို့ရောက်သော် စပါးနှံမှ စပါးသီးလေးများသည် အတောင်ပံလေးများနှင့် ထူးခြားနေပါသည်။ ကိုရင်ကြီးစိတ်ထဲမှ ဒီ ငကျွဲတောင်ပြန်စပါးသီးလေးများကို အညာသူအညာသားတို့မမြင်ဘူးကြချေ။ သူတို့မမြင်ဘူးသော အတောင်ပံနှင့် စပါးသီးလေးများကို ပြန်ပြချင်စိတ် ဖြစ်ပေါ်လာသဖြင့် အပြန်ခရီးတွင် ခူးယူသွားလိုသည်။

ကိုရင်ကြီးလည်း အလှူပွဲ၌ သူ၏ အမျိုးများနှင့် တွေ့ရ၍ ပျော်ရွှင်နေပါသည်။ အလှူပွဲကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။ ကိုရင်ကြီးနှင့်ကျောင်းသားတို့သည် ကိုရင်ကြီး၏ဆွေမျိုးများကို နှုတ်ဆက်ကြသည်။ ရွာမှအထွက်တွင် ငကျွဲတောင်ပြန်စပါးစိုက်ခင်းအနီးကပင် ပြန်လာခဲ့ကြ၏။ ကိုရင်ကြီးသည် လယ်ကွက်ထဲက ငကျွဲတောင်ပြန်စပါးနှံတစ်ခက်ချိုးယူလိုက်သည်။ ထိုအတောင်ပံပါ စပါးသီးလေးများကို အညာသူအညာသားတို့က အထူးအဆန်းအဖြစ် ကြည့်ကြရပေတော့မည်။

ကိုရင်ကြီးနှင့် မောင်ကျောင်းသားတို့ အညာသို့ စပါးနှံတစ်ခက်နှင့်အတူ ပြန်ရောက်လာကြ၏။ အညာသို့ရောက်ကြသော် အောက်ပြည်အောက်ရွာမှ လယ်ပိုင်ရှင် မသိဘဲ ချိုးယူလာခဲ့သည့် တောင်ပံပါ စပါးသီးလေးများကို ရွှေညာသူရွှေညာသားတို့ ပျော်ရွှင်စွာ ကြည့်နေကြသည်ကို ကိုရင်ကြီးသဘောကျလျက် ရှိနေသည်။

သို့သော်လည်း ကိုရင်ကြီး၏အပြုအမူကား အကုသိုလ်ကံမြောက်နေ၏။ ကိုရင်ကြီးလည်း အချိန်တန်သော် ပျံလွန်တော်မူပါသည်။ သူစပါးနှံတစ်ခက်ခိုးယူခဲ့သည့် အကုသိုလ်ကံကြောင့် သူငရဲသို့ကျ၏။ ငရဲ၌ နှစ်ပေါင်း (၅၀၀) ခံရသည်။ ငရဲ၌ နှစ်ပေါင်း (၅၀၀) ခံစားရပြီးနောက် လွတ်မြောက်သွားပြီ ဖြစ်သည်။ ကိုရင်ကြီး၏ဝဋ်ကြွေးမကုန်သေးပါ။ တစ်ခါက လယ်ပိုင်ရှင်ဖြစ်ခဲ့ဖူးသူ၏သမီးငယ်အဖြစ် ယခု လူ့ဘဝ၌ လူ့ဘုံမှာပင် အတူတကွဆုံကြပြန်သည်။ ဝဋ်ကြွေးကား ကြီးမားလှသည်။ ဘဝတွေဘယ်လိုပြောင်းခဲ့ကြသော်လည်း ဝဋ်ကြွေးဆပ်ရန် ပြန်လည်တွေ့ဆုံကြရခြင်းဖြစ်တော့၏။ လယ်ပိုင်ရှင်ကြီးသည် ယခုဘဝတွင်လည်း လယ်ပိုင်ရှင်ပင် ပြန်ဖြစ်နေတော့သည်။

နို့စို့အရွယ်ကတည်းက မိခင်နို့ကို ဝအောင်မစို့ခဲ့ရပါ။ ရေတစ်ပုံးနိုင်သည့်အရွယ်ရောက်လာပြန်သော် အိမ်ခြေရင်းက ချောင်းရိုးထဲမှရေကို မနားတမ်း ခပ်ပေးရသည်။ ဖခင်ကြီးနှိပ်စက်ရိုက်ပုတ်မှုကို နိစ္စဓူဝ ခံစားနေရလေသည်။ အစ်ကိုနှင့်အစ်မတို့၏ မတရားခိုင်းစေမှုများကိုလည်း လုပ်ပေးနေရသည်။ ပင်ပန်းလှချေ၏။ လူ့ဘဝသို့ရောက်ခဲ့ရသော်လည်း နေ့စဉ် ငရဲနှင့်မခြားခံစားနေရလျက်ပါပဲ။ ကိုရင်ကြီး၏အကုသိုလ်ကား ကြီးလွန်းပေ၏။

တစ်နေ့တွင် ဖခင်လယ်သမားကြီးက သမီးငယ်အား ရေနွေးကျိုခိုင်းထားခဲ့ပြီး လယ်တောသို့ဆင်းသွားသည်။ သမီးငယ်လေးသည် ရေနွေးဆူသော် လယ်သမားကြီးသောက်သည့် ရေနွေးအိုးထဲသို့ ရေနွေးထည့်စဉ် ရေနွေးများ ဖိတ်စဉ်ကျကုန်သည်။ သူမ ရေနွေးပူအလောင်ခံလိုက်ရသည်။ ဖခင်ကြီး ဆာဆာနှင့် စားသောက်ရန် ထမင်းအိုးမတည်ရသေးချေ။ လယ်ထဲမှ မောမောနှင့် ပြန်လာသော ဖခင်ကြီးလည်း ဆာဆာလောင်လောင်ဖြစ်လာ၏။ အိမ်သို့ရောက်သော် သူစားရန် ထမင်းမချက်ရသေး။ ထမင်းဆာလောင်နေသော ဖခင်ကြီး ဒေါသထွက်လေတော့၏။ ထမင်းချက်မထားရကောင်းလားဟု ဒေါသတကြီးဖြင့် အနီး၌ရှိသော ထင်းချောင်းဖြင့် ရက်ရက်စက်စက် ရိုက်နှက်၏။ ထိပ်ကွဲခေါင်းပြဲဖြစ်သည်အထိရိုက်သည်။ မကျေနပ်သေးဘဲ ထပ်မံရိုက်နှက်ရာ သမီးငယ်၏ညာလက်မောင်းပါ ကျိုးသွားရှာပါသည်။

သမီးလေးခမျာ မေ့မြောသွား၏။ အတန်ကြာမေ့မြောနေရာမှ သူမ သတိပြန်လည်လာသည်။ ထိုအခါမှ သမီးငယ်လေးက ကျန်လက်တစ်ဖက်ဖြင့် သူ့ဖခင်ကို လက်အုပ်ချီလျက် ဖခင်ကြီး မထင်မှတ်သောစကားတစ်ခွန်း ပြောလိုက်ပါသည်။

သူမသည် တစ်ခါတုန်းက ကိုရင်ကြီးဘဝဖြင့် ယခုဖခင်ဖြစ်ခဲ့သောသူ၏ လယ်မြေကွက်မှ စပါးနှံတစ်ခက်ချိုးယူခဲ့သူဖြစ်ကြောင်း၊ ထိုအကုသိုလ်အကျိုးပေးက ငရဲ၌ ခံစားခဲ့ရကြောင်း၊ ငရဲမှ ပြန်လွတ်သော် ဝဋ်ကြွေးမကုန်သေးဘဲ ယခုလူ့လောကကြီးသို့ လယ်ရှင်ကြီးလည်း လူ့ဘဝသို့ပြန်ရောက်နေသလို သူမသည်လည်း လယ်ရှင်ကြီး၏သမီးဘဝအဖြစ်နှင့် ပြန်ဆုံတွေ့ရခြင်းဖြစ်ကာ ဝဋ်ကြွေးကို ဆက်လက်ဆပ်ခဲ့ပါကြောင်း၊ သမီးကိုခွင့်လွှတ်ပေးပါရန် ဖခင်ကြီးကို ငိုယိုကာ တောင်းပန်လေသည်။

ထိုအခါမှ လယ်ပိုင်ရှင်သည် သမီးလေးအား ကရုဏာသက်မိကာ-

"အဖေတို့ခွင့်လွှတ်ပါတယ် သမီးလေးရယ်၊ ခွင့်လွှတ်ပါတယ်ကွယ်"

ဟု ခွင့်လွှတ်စကား ကြားလိုက်ရပြီးသည်နှင့် သမီးငယ်လေးသည် ဇက်လည်ကျကာ အသက်ထွက်သွားလေတော့သည်။

အမှတ်တမဲ့အဒိန္နဒါနာအကုသိုလ်ကံ ဖြစ်လေသည်။

❖ ❖ ❖

အတွဲ (၂၀)၊ အမှတ် (၂)၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ် သူရဋ္ဌမဂ္ဂဇင်း၌ အမှတ်တမဲ့အကုသိုလ်အလုပ်ပြုလုပ်မိသူတစ်ယောက်အကြောင်းဖတ်ရှုလိုက်ရ၏။ 'လောဘကျွန်ဖြစ်၊ သောကနွံနစ်' ဟူသော ခေါင်းစဉ်ဖြင့် စာရေးဆရာ နေနီက ရေးသားထားပါသည်။ လိုရင်းအကျဉ်းချုပ်လျက် ပြန်လည်ဖော်ပြပေးလိုပါ၏။ အမှတ်မဲ့ ပြုလုပ်မိသော အကုသိုလ်လေးသည်ပင် ကြီးမားသော ဆင်းရဲဒုက္ခကို ခံစားရကြောင်း အသိပေးလိုပါသည်။ အမှတ်တမဲ့ဖြစ်သွားသော အကုသိုလ်ကံ အကျိုးပေးပုံမှာ ဤသို့တည်း။

ရွာတောင်ပိုင်းတွင် မပြုံးမေ ဆိုသော အပျိုကြီးတစ်ယောက် ရှိလေ၏။ အမြဲတမ်း ပြုံးပြုံးဖြင့်နေတတ်သူ။ အထူးသဖြင့် တရားသမားကြီးဟု လူသိများသော အဖေအိုကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်ပါသည်။ မပြုံးမေ၌ မောင်နှမ

သုံးယောက် ရှိကြ၏။ အစ်ကိုအကြီးဆုံးနှင့် အစ်မတို့ အိမ်ထောင်ပြုသွားကြသော်လည်း အငယ်ဆုံး မပြုံးမေသည် အိမ်ထောင်မပြုခဲ့ချေ။ မပြုံးမေ ငယ်စဉ်အတည်းက မိခင်ဆုံးပါးသွား၏။ မပြုံးမေတို့အဖေကြီး ဦးအေးကြီးကို တစ်ရွာလုံးက ရိုသေလေးစားကြသည်။ နာမည်နှင့်လိုက်အောင် အေးသည်။ ဘာသာတရား ကိုင်းရှိုင်းသည်။ အလှူအတန်းလည်း ရက်ရောလေ၏။ သူတို့ရွာဓလေ့ထုံးစံက ငွေအကူခံကာ အလှူပေးကြသည်။ ဦးအေးကြီးက ငွေအကူခံခြင်းမရှိဘဲ အလှူပေးသူပါ။

ဦးအေးကြီးသည် လူရိုးလူအေးကြီး၊ စကားနည်း၏။ စကားပြောဖြောင့်မတ်မှန်ကန်သည်။ အနေအထိုင်တည်တံ့သည်။ တရားဘာဝနာ ပွားများ အားထုတ်လျက် ရှိသည်။ ထို့ကြောင့်လည်း တစ်ရွာလုံးက ရိုသေလေးစားကြရခြင်း အကြောင်းရင်း ဖြစ်ပါ၏။

လူတိုင်းလူတိုင်းမှာ လျှို့ဝှက်ချက်တွေကိုယ်စီရှိကြလေကုန်၏။

ဤစကားသည် မှန်၏။ ကောင်းတာလည်းရှိ၏။မကောင်းတာတွေလည်း ရှိကြပြန်သည်။ လူမသိသူမသိ ရွှေအိုးမြှုပ်နှံထားသည်ကို သေခါနီးမှ ဖွင့်ပြောသည်။ ဤအချက်ကား ကောင်း၏။ သူများမြှုပ်နှံထားသည့်ရွှေအိုးကို တူးဖော်ရောင်းပြီး သုံးစွဲလိုက်သည်။ မိမိသေခါနီးမှ ငါတော့ ဘယ်သူ့ရွှေအိုးကို ဖော်ယူသုံးစွဲခဲ့မိသည်။ မင်းတို့က ငါ့ဘဝကူးကောင်းအောင် ပြန်ဆပ်ပေးကြပါ ဆိုသည်ကတော့ မကောင်းချေ။

ယခုလည်း ဦးအေးကြီး၌ မည်သူမျှမသိသော မကောင်းသည့်လျှို့ဝှက်ချက်ရှိနေပါ၏။ သေသည်အထိ ဖွင့်မပြောဝံ့ခဲ့သည့်လျှို့ဝှက်ချက်ဖြစ်နေတော့သည်။ မိမိသည် သူတော်ကောင်းကြီးဖြစ်၏။ လူအများတို့၏အရိုအသေခံနေရသူ။ ထိုသူသည် အမှားတစ်ခုရှိခဲ့လျှင် ထိုသူအဖို့ ဝန်ခံဖို့ရာ အလွန် ခဲယဉ်းပေလိမ့်မည်။ အဘယ်ကြောင့်ဆို သူ ထိုအမှားကိုဝန်ခံလိုက်ပါက သူ့မှာရှိထားသည့် ကောင်းမွန်ပါသည်ဟုခံယူထားသောဂုဏ်ပုဒ်ကြီးကို အထိခိုက်မခံနိုင်ပါ။ အမှားတစ်ခုပြုလုပ်ထားသည်ကို လူအများသိရှိသွားပါက မိမိ၏ဂုဏ်ပုဒ်သည် မိမိထံမှ ထွက်ခွာသွားပေရော့မည်။ လူ ဆိုသည်မှာ ကောင်းသည့်အချက် မည်မျှပင်ရှိရှိ ထိုမကောင်းသည့် အချက်တစ်ချက်ကိုသာ မြင်တတ်ကြသည် မဟုတ်ပါလား။

ဦးအေးကြီးတွင် သူပြောနေကျ စကားတစ်ခွန်းရှိ၏။

“လူတစ်ယောက်သည် သူတစ်ပါး၏ပန်းခင်းကြီးထဲ ဖြတ်သန်းသွားစဉ် ပန်းတွေက မွှေးလိုက်တာဆိုပြီး တပ်မက်တဲ့စိတ်နဲ့ ရှူရှိုက်လိုက်မယ်ဆိုရင် အဲဒီလူဟာ သူခိုးပဲ။ ကာယကံမြောက် ခိုးမှခိုးတာ မဟုတ်ဘူး။ စိတ်ရဲ့ လိုချင်တပ်မက်မှုကြောင့် မျက်စိ၊ နား၊ လျှာ၊ ကိုယ်တို့ဟာ ကျူးလွန်ကြတာ”

ဦးအေးကြီးသည် အသက် (၉၉) နှစ်တွင် ဆုံးသည်။ ဦးအေးကြီးသည် အသေကောင်းကြောင်း၊ သူ၏သေပုံမှာ အိပ်နေသကဲ့သို့ဖြစ်ကြောင်း၊ တရားသမားကြီး ဆိုတော့ ဒီလိုပဲဖြစ်ရမယ်လို့ အရပ်က ချီးမွမ်းထောမနာပြုနေကြ၏။ ရက်လည်သည့်နေ့တွင်လည်း အထူးတရားပွဲပင် ထည့်လိုက်ကြသေး၏။

သို့သော်. . .

ဦးအေးကြီး ဆုံးပြီး (၂) လခန့်အကြာ၌ သမီးမပြုံးမေကို ဖခင်ဦးအေးကြီးက အိပ်မက်ပေးသည်။ အိပ်မက်ထဲ၌ ဦးအေးကြီးသည် တောင်းခပ်ကြီးကြီးတစ်လုံးကို ထမ်းထားသည်။ ငိုလည်းငိုနေပါသည်။

‘သမီးပြုံးမေ၊ အဖေတော့ သဲတွေထမ်းပြီး တစ်နေရာက တခြားတစ်နေရာဆီကို သယ်ပို့ပေးနေရတယ် သမီးရယ်။ နားရတယ်လည်းမရှိဘူး။ မောလိုက်တာ သမီးရယ်၊ ဗိုက်ထဲကလည်း ဆာလိုက်တာ။ တကယ့်ကို ဆင်းရဲဒုက္ခရောက်လိုက်တာ။ အဖေ့ကိုကယ်ပါဦးကွယ်’

‘ဘာဖြစ်လို့အဲဒါတွေလုပ်နေရတာလဲအဖေ။ အဖေ့ကို မကြည့်ရက်တော့ဘူး။ သမီးစိတ်မကောင်းဖြစ်လိုက်တာ။ သမီး ဘယ်လိုလုပ်ပေးရမလဲဟင်’

ဤတွင် ဦးအေးကြီး၏ လျှို့ဝှက်ချက်ပေါ်လာတော့၏။သူအိမ်ထောင်ကျစဉ် မိဘတို့နှင့်အတူမနေတော့ဘဲ အိမ်ခွဲဆင်းခဲ့သည်။ သူသွားရောက်နေထိုင်သည့်နေရာသည် သူ့လိုပင် အိမ်ခွဲခါစဇနီးမောင်နှံတို့နေသောခြံနှင့် ကပ်လျက်နေရာ ဖြစ်ပါ၏။ ထိုဇနီးမောင်နှံတို့တွင် ဇနီးသည်က ဦးအေးကြီးတို့ရွာက ဖြစ်သည်။ သူမ၏ယောကျ်ားက တခြားရွာကပါ။ လူအေးတစ်ယောက်ပင် ဖြစ်၏။ ဦးအေးကြီးက သူ့အိမ်ခြံဝိုင်းကို ခြံခတ်ရာတွင် ထိုဇနီးမောင်နှံ၏မြေထဲသို့ မြေအကျယ်တစ်တောင်ခန့်တိုး၍ ခြံဝင်းခတ်ယူလိုက်ပါသည်။ တစ်ဖက်ခြံက ရွာသားက သူများရွာမို့ ကြောက်လို့ပဲလား၊ သိသိကြီးနှင့်ပဲ အားနာလို့ မပြောတာလား၊ ခွင့်လွှတ်တဲ့စိတ်နှင့်ပဲ မပြောခဲ့သည်လားတော့ မသိပါ။ နှစ်ပေါင်း (၇၀) လုံးလုံး အေးချမ်းစွာ နေထိုင်ခဲ့ကြပါသည်။

ဦးအေးကြီးသည် အိမ်ထောင်ကျပြီးနောက်ပိုင်း စီးပွားတက်ခဲ့၏။ အလှူအတန်းများလည်းလုပ်၊ တရားဘာဝနာလည်း အားထုတ်နေထိုင်လာသောအခါ ရွာ၌ ဂုဏ်သိက္ခာမြင့်မားသူဖြစ်နေသည်။ သူတော်ကောင်းကြီး ဟူ၍ တစ်ရွာလုံး သတ်မှတ်ထားကြ၏။ ထို့ကြောင့် သူ၏ ရေရှည်အမှားကြီးကိုဖွင့်ပြောရန်မှာ ရှက်ဖွယ်လိလိ ဖြစ်နေဘိ၏။

◆ ◆ ◆

မပြုံးဝေသည် သူ၏အိပ်မက်အကြောင်းကို ဘုန်းကြီးကျောင်းသို့ သွားကာ ဆရာတော်ထံ အိပ်မက်အကြောင်း လျှောက်ထားလိုက်သည်။ အရပ်ထဲက လူကြီးသူမတွေနှင့်လည်း တိုင်ပင်၏။ မပြုံးမေ ယခုကဲ့သို့ ပြောဆိုလုပ်ကိုင်နေမှုများကို သူမ၏အစ်ကိုနှင့် အစ်မတို့က မကြိုက်ချေ။ ဆရာတော်ကြီးနှင့်တကွ ရွာထဲက သက်ကြီးရွယ်အိုတို့ တိုင်ပင်ကြသည်။ ဦးအေးကြီး ဖြစ်စေချင်သည့်အတိုင်း သူခိုးယူထားသည့်မြေများအား တစ်ဖက်ခြံမှ တစ်ရွာသား အဘိုးကြီးကို လူအများရှေ့၌ ပြန်ပေးလိုက်ပါသည်။ တစ်ရွာသား အဘိုးကြီးက သူ့မြေကို ဦးအေးကြီးယူထားသည်ဆိုသည်ကို မသိခဲ့ချေ။ ယခု ဦးအေးကြီး မြေခိုးထားတာကို သူ့အနေဖြင့် ခွင့်လွှတ်ကြောင်း လူအများရှေ့၌ အေးချမ်းစွာပြောပြလေ၏။

ထိုခိုးမြေပြန်ပေးသည့်နေ့တွင် ဦးအေးကြီးကိုရည်စူးကာ မပြုံးမေတို့မောင်နှမတစ်စု အလှူတစ်ခုပြုလုပ်ကြသည်။ တစ်ရွာလုံးအယုတ်အလတ်အမြတ်မရွေး ငွေကူလက်မခံဘဲ မီးခိုးတိတ်အလှူကြီးပေးလိုက်ကြ၏။ အမျှဝေသည့်အချိန်၌ ဦးအေးကြီးနာမည်ကို ခေါ်ကာ ခိုးမြေများကိုပြန်ပေးပြီးကြောင်း၊ အလှူပွဲလည်း လုပ်ပြီး ဖြစ်ကြောင်း၊ ထိုအလှူပွဲသည် ဦးအေးကြီးအား ရည်စူးပြီး ပြုလုပ်ခြင်း ဖြစ်ကြောင်း ပြောဆိုကာ အမျှဝေခြင်း ဖြစ်၏။ ဆရာတော်ကြီးက ရှေ့မှတိုင်ပေးသည်ကို မပြုံးမေတို့မောင်နှမတစ်စုက နောက်က လိုက်ဆိုခဲ့ကြပါသည်။ အမျှပေးဝေရင်း မောင်နှမတို့လည်း မျက်ရည်ကျခဲ့ရသလို ပရိသတ်ထဲမှလည်း ငိုကြလေသည်။

ဦးအေးကြီးအတွက်စိတ်မကောင်း

ဖြစ်ရကြောင်း၊ ထိုကဲ့သို့ ငယ်ရွယ်စဉ်က မသိသည့်အတွက် မှားမိသည့်အမှားမျိုးတို့ နားလည် ခွင့်လွှတ်ကြကြောင်း၊ ထိုမြေခိုးမှုအမှားလေးအတွက် ဆင်းရဲဒုက္ခများကိုပေးဆပ်ပြီးဖြစ်၍ သူ့ရဲ့ကုသိုလ်ကောင်းမှုတွေက အကျိုးပေးပါမည်။ ကောင်းမွန်ရာဘုံဘဝကို ရောက်ရှိသွားရပေလိမ့်မည်။ အရပ်ထဲက ဝေဖန်သုံးသပ်မှုများပင်ဖြစ်ပါ၏။ ဦးအေးကြီးသည် ယခုကဲ့သို့ ပြိတ္တာဘဝ ဒုက္ခခံစားလိုက်ရသည်မှာ ခေတ္တခဏသာဖြစ်ပါလိမ့်မည်။

အလှူပေး အမျှဝေပြီးသည့်ညသို့ မပြုံးမေ အိပ်မက်မက်လေသည်။

ဦးအေးကြီးက သူ့အမျှရကြောင်း၊ သာဓုခေါ်လိုက်ရသဖြင့် သူသည် ခံစားနေရသော ဘဝဆိုးကြီးမှ လွတ်မြောက်ခဲ့ရကြောင်း ရယ်မောပြောဆိုပြီး ပျောက်သွားလေ၏။ ထိုအိပ်မက်မက်ပြီးနောက်ပိုင်း ဦးအေးကြီးနှင့် ပတ်သက်၍ မည်သည့်အိပ်မက်မျှ မမက်တော့ချေ။

လောဘဇောတက်နေစဉ်က ခိုးသည်ဟု မထင်မှတ်ခဲ့သော အဒိန္နာဒါနာ အကုသိုလ်ကြီးပါတကား။

◆ ❖ ◆

ကိုထွန်းသန်းဝေသည် ဟသ်ာတ-ပုသိမ် သစ်တောနယ်၊ ဒု-တိုင်းဦးစီးဌာနမှူးရုံး၌ ဝင်ရောက်ကာ အလုပ်တာဝန်များကိုထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးဖြစ်လေသည်။ သူ၏ရာထူးအဆင့်မှာ အောက်တန်းစာရေးရာထူးကို ပိုင်ဆိုင်ထား၏။ ကိုထွန်းသန်းဝေ အလုပ်ရပြီး (၅) နှစ်အကြာ၌ အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်သက် (၂) နှစ်ခန့်မျှသာ ရှိသေးသည်။ သူ့အိမ်ထောင်ဖက်အမည်က နှင်းဟေမာန် ဖြစ်သည်။ သူ၏ဇနီးသည်က ချစ်ခင်ပွန်းအတွက် ဖြူဖြူချောချော သမီးရတနာလေးကို မွေးဖွားပေးထားပေးသည်။ မအေတူသမီးလေးဖြစ်သည်။ သူတို့၏သမီးရတနာ အိမ်ဆည်းလည်းလေးကို ရွှက်နုဝေဟု ကင်ပွန်းတပ်ကြကုန်၏။ အိမ်ဆည်းလည်းလေးအား ကိုထွန်းသိန်းဝေရော နှင်းဟေမာန်ပါ တုန်နေအောင် ချစ်ကြကုန်၏။ မျက်နှာချိုချို ရွှက်နုဝေလေးမို့ ချစ်ကြသည်ပေါ့။ ယခုဆိုလျှင် ရွှက်နုဝေသည် လေးဖက်တွားသွားတတ်နေလေပြီ။

သူတို့မိသားစုသုံးယောက်တို့သည် ပုသိမ်မြို့၌ ပျော်ရွှင်စွာ နေထိုင်ကြကုန်၏။ ဒု-တိုင်းဦးစီးဌာနမှူးရုံးသည် နေအိမ်နှင့်နီးသောကြောင့် များစွာအဆင်ပြေနေသည်။ စိတ်ချမ်းသာစရာအချိန်လေးပါ။

ကိုထွန်းသန်းဝေသည် အမှုထမ်းပေါက်စလေးဘဝမို့ ဝန်ထမ်းပြောင်းရွှေ့သည့်အတွေ့အကြုံမရှိသေးချေ။ သို့သော်လည်း မမှားသောရွှေ့နေ၊ မသေသော ဆေးသမား ဆိုသကဲ့သို့ မပြောင်းရွှေ့ရသောဝန်ထမ်း ဟူ၍ မရှိချေ။ မပြောင်းရွှေ့ဘူးသောဝန်ထမ်းဟူ၍မရှိစကောင်းပါ။

၁၉၈၃ ခုနှစ်သည် သစ်တောဦးစီးဌာနလောက၌ အပြောင်းအလဲတစ်ခုပြုလုပ်လိုက်သောနှစ် ဖြစ်လေ၏။ မြန်မာတစ်ပြည်လုံးရှိ သစ်တောဦးစီးဌာန၊ ဒု-တိုင်းဦးစီးဌာနမှူးရုံး (ခရိုင်ရုံး) များအားဖျက်သိမ်းခဲ့သောနှစ် ဖြစ်ပါလေသည်။ ကြားခံခရိုင်ရုံးမထားတော့ဘဲ မြို့နယ်ရုံးများနှင့် တိုင်းရုံး တိုက်ရိုက်ဆက်သွယ်သောစနစ် ဖြစ်သည်။ ဒု-တိုင်းဦးစီးရုံးဖျက်သိမ်းလိုက်သောကြောင့် အောက်တန်းစာရေးရာထူးအဆင့်ရှိသူတို့ မြို့နယ်မှူးရုံးများဆီသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြရပေလိမ့်မည်။ ထို့ကြောင့် အောက်တန်းစာရေးများကို မြို့နယ်ရုံးများသို့ပြောင်းရွှေ့ရမည့် Order မကြာမီထုတ်ပေးရန် စီစဉ်နေသည်။ ကိုထွန်းသန်းဝေလို့အောက်တန်းစာရေးပေါက်စလေးအဖို့ မဖြစ်မနေ ပြောင်းရပါတော့မည်။ ဤသတင်းသည် ရုံးတွင်း၌ ပျံ့နှံ့သွားလေ၍။ ဤသတင်းကို ကြားကြားချင်း ကိုထွန်းသန်းဝေ တုန်လှုပ်သွား၏။ ရင်ခုန် စိတ်လှုပ်ရှားနေသည်။ သူသည် တစ်ခါသားမျှ ပြောင်းရွှေ့ဖူးသူ မဟုတ်ချေ။

လူတစ်ဦးတစ်ယောက်သည် အခြေတကျ နေထိုင်နေရာမှ အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာပါက စိတ်မလှုပ်ရှားသူ မည်သူရှိအံ့နည်း။ ယခုအပြောင်းအရွှေ့သည် ရာထူးတိုး၍ ပြောင်းရွှေ့ရခြင်းလည်း မဟုတ်ချေ။ ရာထူးတိုးလျှင်တော့ ခံသာ၏။ မူရင်းရာထူးဖြင့်သာ ပြောင်းရွှေ့ရသောကြောင့် ကိုထွန်းသိန်းဝေ ရင်ခံနေသည်။ မပြောင်းရွှေ့ပါက အလုပ်မှနုတ်ထွက်ရန်မှတစ်ပါး အခြားမရှိချေ။

ညနေ ရုံးဆင်းချိန်၌ သူ၏စိတ်တို့လေးလံနေ၏။ သူ၏အိမ်အပြန်ခြေလှမ်းတို့ လေးလံနေ၏။ သူ၏မျက်နှာမှာ သုန်မှုန်နေသည်။ ဘယ်သူ့ကိုစိတ်ဆိုးရမည်လည်း မသိပါ။ လမ်းဘေးအိပ်နေသော ခွေးကိုပင် ကန်ပစ်ခဲ့သည်။ ဇနီးသည်နှင်းသာ ဒီသတင်းကြားလိုက်ရလျှင် သူ့ရော စိတ်ကောင်းနိုင်ပါတော့မည်လော။

နှင်းဟေမာန်ကိုတွေး၍ ကိုထွန်းသန်းဝေ သနားနေမိသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဇနီးသည် နှင်းဟေမာန်တစ်ယောက် စိတ်မကောင်းမဖြစ်စေလိုပေ။

အိမ်နားသို့ရောက်လာခဲ့၏။ သူ၏မျက်နှာအနေအထားကို ပြုပြင်လိုက်၏။ အချိုပေါ် သို့ သကာလောင်းထားသည့် မျက်နှာမျိုးဖြင့် အိမ်ပေါ် သို့ လှမ်းတက်လိုက်ပါ၏။

"ကိုကို၊ ရုံးဆင်းလာပြီလား။ နားလိုက်ဦးနော်။ ဒီမှာ ရေလေးသောက်လိုက်ပါဦး"

အလိုက်သိတတ်သော နှင်းဟေမာန်က ကိုထွန်းသန်းဝေကို ကြိုဆိုပြီးသည်နှင့် သူ့ခေါက်လက်စ ရွှက်နုဝေ၏ အကျီလေးများကို ဆက်ခေါက်နေလိုက်ပါသည်။ ကိုထွန်းသန်းဝေကတော့ ဘာစကားမှမပြောဖြစ်ပါ။ ကိုထွန်းသန်းဝေ နားပြီးချိန်လောက်၌-

"ရေချိုးတော့လေ ကိုကိုရဲ့၊ နှင်းထမင်းပွဲပြင်လိုက်တော့မယ်"

"အေးပါ နှင်းရဲ့၊ ရေချိုးလိုက်ဦးမယ်ကွာ။ထမင်းတူတူစားရအောင် ခဏလေးစောင့်နော်။ ဒါနဲ့ သမီးလေးကော နှင်းရဲ့"

"ခြေရင်းအိမ်က ညီမလေးနဲ့ သွားဆော့နေတာ။ သမီးလေးကို ထမင်းခွံ့ပြီးပြီ ကိုကို"

ကိုထွန်းသန်းဝေ ရေချိုးပြီးသောအခါ နှင်းဟေမာန်က ရေသုတ်ရန်တဘက်၊ လဲလှယ်ဝတ်ဆင်ရန် ပုဆိုးနှင့် စွပ်ကျယ်ချိုင်းပြတ်တို့ကို ယူကာ စောင့်နေသည်။ အလိုက်သိတတ်သော ဇနီးသည်အား ကိုထွန်းသန်းဝေက အမြတ်တနိုးရှိလေ၏။ လင်ယောကျ်ားကို ဦးစားပေးသော၊ လင်ယောကျ်ားကို ရိုသေလေးစားတတ်သူ နှင်းဟေမာန် ဖြစ်လေ၏။ ထို့ကြောင့်လည်း ကိုထွန်းသန်းဝေက မြတ်နိုးရခြင်းပါ။ရိုသေလေးစားတတ်သော ဇနီးနှင့် မြတ်နိုးတွယ်တာရသော လင်ယောကျ်ားတို့ ပေါင်းစည်းမိကြလေသောအခါ စိုပြည်တည်ငြိမ်သော အိမ်ထောင်စုလေးတစ်ခု ဖြစ်လာ၏။

ထမင်းဝိုင်းကို နှင်းဟေမာန်က ဖွယ်ဖွယ်ရာရာပြင်ဆင်ပေးထားပါသည်။ စားချင့်စဖွယ်ထမင်းဝိုင်းလေးဖြစ်သည်။ ထမင်းဝိုင်း၌ လင်မယားနှစ်ယောက် ဝင်ထိုင်လိုက်ကြသည်။ ချစ်ဇနီးနှင့် ထမင်းအတူစားနေရသော်လည်း ကိုထွန်းသန်းဝေ ထမင်းစားရသည်မှာ စိတ်မပါချေ။

'ပြောင်းရမယ်၊ ပြောင်းရမယ်'

ဒီအသံတွေသာ သူ့နားထဲ၌ပဲ့တင်ထပ်နေသည်။ ကိုထွန်းသန်းဝေ ဟန်ဆောင်နေ၍မရတော့ချေ။ ကိုထွန်းသန်းဝေ၏မျက်နှာ ပြုံးတော့မည့်မိုးနှယ် ညှိုးလာတော့သည်။

လင့်တစ်မျက်နှာ တစ်ရွာမှတ်ကာ ကိုထွန်းသန်းဝေနှင့် တစ်အိုးတစ်အိမ်ထူထောင်နေခဲ့ကြသူမို့ လင်တော်မောင်၏ မျက်နှာရိပ်မျက်နှာကဲကို နှင်းဟေမာန်က အမြဲကြည့် ဂရုစိုက်နေသူပါ။

"ကိုကို၊ထမင်းလည်းသိပ်မစားဘူး။ နှင်းချက်ထားတဲ့ဟင်းတွေက မကောင်းလို့လားဟင်"

"အို-နှင်းကလည်း၊ စားလို့ကောင်းပါတယ်ကွ။ ကိုယ်ဗိုက်သိပ်မဆာလို့ပါ"

"မဟုတ်ဘူး၊ ကိုကို နှင်းကို ညာတယ်။ ရုံးဆင်းလို့ ကိုကိုထိုင်နေကတည်းက ကိုကို့မျက်နှာ နှင်းသတိထားမိတယ်။ ကိုကို တစ်ခုခုဖြစ်လာတယ်၊ သေချာတယ်။ နှင်းကို အမှန်အတိုင်း ပြောပြပါလား ကိုကို"

နှင်းသိနေတယ် ဆိုပါလား။ နှင်းစိတ်မကောင်းဖြစ်မှာစိုးလို့ မပြောခဲ့တာပါလို့ ကိုထွန်းသန်းဝေ စိတ်ထဲမှာပြောနေမိပါ၏။

ယခုပုံအတိုင်းဆိုလျှင် မပြောမပြီး မတီးမမြည်ဆိုသလို အမှန်အတိုင်းမပြော၍ မဖြစ်တော့ချေ။ ပြောမှ ဖြစ်ပါတော့မည်။ ကိုထွန်းသန်းဝေက နှင်းဟေမာန်ရဲ့အကြောင်းကို သိပြီးသားပါ။ လင်တော်မောင်ကို အရိပ်အကဲ အမြဲကြည့်နေသူ၊ ဂရုတစိုက်ရှိသူ နှင်းဟေမာန်ကို ဆက်လက်ဖုံးကွယ်ထားရန် မသင့်တော့ပြီလေ။

"နှင်းစိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ကိုယ်ပြောပြပါ့မယ်။ ကိုယ်တို့ရဲ့ခရိုင်ရုံးကို လယ်ယာနဲ့ သစ်တောဝန်ကြီးရုံးက ဖျက်သိမ်းလိုက်ပြီ။ မြန်မာတစ်ပြည်လုံးက ခရိုင်ရုံးတွေမထားတော့တာ။ မြို့နယ်ရုံးတွေပဲထားတော့မှာ။ မြို့နယ်ရုံးတွေကို အောက်တန်းစာရေးတွေ အပို့ခံရတော့မယ်။ အဲဒါကြောင့် ကိုယ်လည်း မြို့နယ်ရုံးကို လိုက်ပြောင်းရမယ်။ ပုသိမ်မှာ ကိုယ့်အတွက် နေရာမရှိဘူး။ ပုသိမ်မှာ နေလို့မရတော့ဘူး နှင်းရယ်"

"ဩော်- ကိုကိုရယ်၊ ဝန်ထမ်းဘဝဆိုတာ အပြောင်းအရွှေ့နဲ့ မကင်းကြပါဘူး။ တစ်နေ့မဟုတ်တစ်နေ့ ပြောင်းကြရမှာပဲ။ ဝန်ထမ်းဘဝကို နှင်းနားလည်ပါတယ်။ နှင်းရဲ့ဖေဖေက ယစ်မျိုးဝန်ထောက် ဆိုတော့ နှင်းတို့လေ အမြဲမြို့အနယ်နယ်ကို ပြောင်းရတယ် ကိုကိုရဲ့။ ကိုကိုလည်း ဝန်ထမ်းပဲလေ။ သူ့ဆန်စားရဲရမှာပေါ့ ကိုကိုရဲ့။ ဘာမှစိတ်မကောင်းမဖြစ်နဲ့နော်။ နှင်းတို့မိသားစု ပျော်ပျော်ရွှင်ရွှင်ပြောင်းကြတာပေါ့နော်။ မိသားစုအစုံအလင်နဲ့ ပြောင်းရတာ ဆိုတော့ အဆင်ပြေပါတယ်လေ"

နယ်ပြောင်းရတော့မယ့်သတင်းကို နှင်းဟေမာန် ကြားလိုက်ပါက သူမစိတ်ထိခိုက်သွားလိမ့်မည်ဟု ကိုထွန်းသန်းဝေ တွက်ထားမိခဲ့တာပါ။ ကိုထွန်းသန်းဝေ စိုးရိမ်သလိုမဟုတ်ခဲ့ပါလေ။ နှင်းဟေမာန် စိတ်ငြိုငြင်သွားမည်ကို ကိုထွန်းသန်းဝေ မလိုလားခဲ့တာ အမှန်ပါ။ နှင်းဟေမာန်၏စကားကို ကြားလိုက်ရတော့မှ လင်တော်မောင်ကိုပင် အားပေးနိုင်ခဲ့သည့် အာဂသတ္တိခဲမိန်းကလေးပါလားဆိုတာကို သိလိုက်ရသည်။

ထိုအချိန်မှစ၍ ပြောင်းရွှေ့ရမည့် အခက်အခဲ ဟူသမျှကို ကိုထွန်းသန်းဝေ ခေါင်းထဲမရှိတော့ချေ။ ပြောင်းရွှေ့ရန်သာ လိုအပ်သည်တို့ကို စီစဉ်လိုက်တော့သည်။

◆ ❖ ◆

ကိုထွန်းသန်းဝေတို့မိသားစု ငပုတောမြို့နယ်ရုံးသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ တစ်ခါမျှ ခရီးမသွားဘူးသော ရွှက်နုဝေလေးက လမ်းခရီးရှိ မမြင်ဘူးသည့် ရှုခင်းများ၊ လှေသင်္ဘောများ၊ လူများ၊ အဆောက်အအုံတို့ အထူးအဆန်း သဖွယ်ကြည့်ရင်း လိုက်ပါလာခဲ့သည်။ အာဂသတ္တိခဲမလေးက အရာရှိတစ်ဦး၏ သမီးဖြစ်လေရာ နယ်အစုံစုံအရပ်ရပ်သို့ ပြောင်းရွှေ့ခဲ့ဖူး၏။ သည်အတွေ့အကြုံတွေကိုရရှိထားသူ ဖြစ်လေသည်။ အိမ်ထောင်စုပြောင်းရွှေ့ရမည့်အရေးကိစ္စ၌ လမ်းခရီးတွေ့ကြုံရမည့် လုပ်စရာကိုင်စရာသော် လည်းကောင်း၊ အခက်အခဲ တစ်စုံတစ်ရာကိုသော် လည်းကောင်း၊ သိထားသူ ဖြစ်လေ၏။ ငပုတောမြို့သို့ မိသားစုပြောင်းရွှေ့ခဲ့ကြရာတွင် နှင်းဟေမာန်က ကိုထွန်းသန်းဝေကိုပင် အားပေးလျက် စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးနိုင်ခဲ့လေသည်။

အောက်တန်းစာရေးရာထူးအဆင့်ရှိသူများအပြောင်းအရွှေ့၌ ကိုထွန်းသန်းဝေတို့. ဟင်္သာတ-ပုသိမ်သစ်တောနယ်ရုံးတွင် ကိုထွန်းသန်းဝေနှင့် ကိုမျိုးမြင့်တို့ နှစ်ဦးကို ပြောင်းရွှေ့တာဝန်ပေးရန် သူတို့နယ်အတွင်းရှိ ငပုတောမြို့နယ်နှင့် မြစ်ဝကျွန်းပေါ် သစ်တောနယ်အတွင်းရှိ လပွတ္တာမြို့နယ်သာကျန်၏။ ဘယ်သူ့ကို ဘယ်မြို့သို့ တိုင်းသစ်တောဦးစီးမှူးအမိန့်နှင့် တာဝန်ခွဲလိုက်ပါက ဘက်လိုက်မှုရှိနိုင်သည်။မတရားရာကျမည်စိုး၍ တရားမျှတမှုရှိစေရန် ထိုဝန်ထမ်းနှစ်ယောက်ကို ပွင့်လင်း မြင်သာစွာ မဲနှိုက်စေခဲ့ပါသည်။

ရုံးအုပ်ကြီး ဦးတင်မြင့်သည် မြို့အမည်ရေးထားသော မဲလိပ်နှစ်လိပ် ထည့်ထားသည့် ဖလားကို သူ့ရှေ့စားပွဲ၌ ထား၏။ အရင်ဦးဆုံး ကိုမျိုးမြင့်က မဲလိပ်နှိုက်သည်။ သူ့လက်ထဲမှ မဲလိပ်ကို ဖွင့်ကြည့်လိုက်၏။ လပွတ္တာမြို့ဟု ရေးထားသည်ကို တွေ့ရသည်။ နှစ်ယောက်တည်းနှိုက်ရသောမဲလိပ်ဖြစ်၍ ကျန်တစ်လိပ်သည် ငပုတောမြို့ ကျန်တော့မည်။ ကိုထွန်းသန်းဝေကလည်း ကျန်မဲလိပ်ကို နှိုက်၍ဖွင့်ကြည့်လိုက်သည်။ သူငပုတောမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပေတော့မည်။ ရုံးအုပ်ကြီးဦးတင်မြင့်က ပြောင်းရွှေ့ရမည့်ဝန်ထမ်းနှင့် မြို့အမည်တွဲ၍ တိုင်းဦးစီးထံသို့ အစီရင်ခံရသည်။ တိုင်းသစ်တောဦးစီးမှူး၏ အပြောင်းအရွှေ့ Order ကိုထွန်းသန်းဝေလက်ထဲသို့ ရောက်လာပြီ ဖြစ်သည်။ သူသည် (×××) ရက်နေ့က ပြောင်းရွှေ့ထွက်ခွာအစီရင်ခံစာကို ရုံးအုပ်ကြီးဦးတင်မြင့်ထံ ပေးပို့ခဲ့ပါသည်။ သူတို့မိသားစု ငပုတောမြို့သို့ ထွက်ခဲ့ကြလေတော့သည်။

သူတို့မိသားစု ငပုတောမြို့ဆီသို့ ရောက်ကြလေ၏။ ကံမကောင်းဟုဆိုရမည်။ ဝန်ထမ်းနေအိမ် ဝန်ထမ်းအခန်းတွဲတို့အားလုံး ဝန်ထမ်းမိသားစု ကိုယ်စီနေရာအပြည့်ရှိနေကြသည်။ ကိုထွန်းသန်းဝေတို့သည် ဝန်ထမ်းအိမ်ရာနေထိုင်ခွင့် မရကြတော့ချေ။ ထိုအခက်အခဲကို ဦးစီးမှူးနှင့် သွားရောက် တွေ့ဆုံ၍ အခက်အခဲကို တင်ပြ၏။ ကိုထွန်းသန်းဝေ ကံကောင်းတယ်ပဲပြောရမလား၊လောလောဆယ် ဂိုထောင်အဟောင်းတွင် ယာယီနေထိုင်ကြရန် ဦးစီးမှူးက ခွင့်ပြုပေးလိုက်ပါသည်။ သစ်တောဝင်းထဲ၌ပင် တဲသာသာ အိမ်လေးတစ်လုံး အမြန်ဆုံးအကောင်အထည်ဖော်ရန် ဘိနယ်ဝန်ထမ်းတို့ကို ဦးစီးမှူးတာဝန်ပေးအပ်လိုက်၏။

မြို့နယ်ဦးစီးမှူးသဘောကောင်း၍သာ တော်တော့သည်။ ကိုထွန်းသန်းဝေရော နှင်းဟေမာန်တို့ပါ စိတ်အေးသွားရ

သည်။ မိမိတို့အိတ်စိုက်ကုန်ကျစရာမလိုဘဲ မိသားစုနေထိုင်ကြရန် အိမ်ငယ်တစ်လုံး အဆင်ပြေသွားပါ၏။ ကိုထွန်းသန်းဝေကိုပြောလိုက်သော ရုံးအုပ်ကြီးဦးတင်မြင့်က 'မင်း သွားသာသွားပါကွာ။ ငပုတောဝန်ထမ်းတွေက ညီတယ်ကွ။ မင်းကို အကူအညီပေးကြလိမ့်မယ်။ ဦးစီးမှူးကိုလည်း ငါမှာထားပြီးပါပြီ။ မင်းစိတ်ချသာသွားပါ ညီလေးရာ' တဲ့။ ရုံးအုပ်ကြီးမှာလိုက်သောစကားကို ပြန်လည် ကြားယောင်ရင်း ဦးတင်မြင့်ကို အစ်ကိုကြီးသဖွယ် ကျေးဇူးတင်နေမိပါတော့သည်။

"ကိုကိုတို့ရဲ့ဦးစီးမှူးက သဘောကောင်းလိုက်တာ။ သူစီစဉ်ပေးတာ အကွက်ကိုစေ့နေတာပဲ ကိုကိုရဲ့၊ သိလား"

"အေးကွာ၊ ဦးစီးမှူးကို ကျေးဇူးတင်လိုက်တာ"

ထိုအိမ်လေး၌ ကိုထွန်းသန်းဝေတို့မိသားစု (၃) ဦးနေထိုင်ကြလေ၏။ သစ်တောဝင်းထဲ၌ပင်နေရသောကြောင့် အိမ်မကွာကြမ်းမကွာ ရုံးတက်နိုင်ခဲ့ပါသည်။

ငပုတောသို့ ပြောင်းလာခါစက သမီးလေးရွက်နုဝေသည် လေးဖက်တွားသွားနေတုန်းပင် ဖြစ်သည်။ သစ်တောဝင်းထဲက အိမ်သစ်လေး၌ (၂)ရက်ကြာနေထိုင်အပြီး ရွက်နုဝေ လမ်းလျှောက်ပါလေတော့သည်။ အိမ်ငယ်လေး၏ကြမ်းခင်းတို့ကား ရွှေပေါ်ထိုးထားသည်မဟုတ်ချေ။ ကြမ်းခင်းသည် ချောမွေ့မှုမရှိ၊ ကြမ်းတမ်းသောအနေအထား ဖြစ်၏။ လက်နှစ်ဖက်၊ ဒူးနှစ်ဖက်ထောက်သွားရသည်မှာ အဆင်ပြေမှုမရှိတော့ပေ။ သူ့အားသူကိုး၍ မတ်တတ်ရပ်၏။ လမ်းစမ်း၍လျှောက်၏။ သူမ၏ဒူးခေါင်းတို့ နီရဲလျက် အရေခွံပွန်းနေလေသည်။

ထိုအခြင်းအရာကိုကြည့်၍-

"ဪ. . . ဒါကြောင့် ငါတို့သမီးလေး လမ်းလျှောက်စောသွားတာကိုး"

◆ ◆ ◆

သမီးလေးရွက်နုဝေသည် အိမ်ပေါ်၌ လမ်းလျှောက်ကစား၍ပျော်နေသည်။ ရွက်နုဝေကိုကြည့်၍ ကိုထွန်းသန်းဝေနှင့် နှင်းဟေမာန်တို့လည်း သူတို့ရဲ့ရင်ထဲမှာ ကြည်နူးကြရပါ၏။

ငပုတောမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းတို့ စည်းလုံးမှုရှိကြကုန်၏။ အခက်အခဲရှိသောအလုပ်ကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြသည်။ မခိုမကတ် အလုပ်လုပ်ကြခြင်းဖြင့် ကိစ္စဟူသမျှကို အောင်မြင်စွာ ဖြတ်ကျော်ကြသည်။

ကိုထွန်းသန်းဝေ ရုံးပိုင်းဆိုင်ရာ အဆင်ပြေ၏။ ကိုထွန်းသန်းဝေ ဤရုံး၌ အလုပ်လုပ်ရသည်ကို ပျော်ရွှင်လေ၏။ ယနေ့ထိ လူ့ဘဝသက်တမ်းတစ်လျှောက်၌ အဆင်ပြေသည်လည်းရှိသလို အခက်အခဲနှင့်လည်း ကြုံရတတ်လေ၏။ ဘဝဆိုသည်မှာ ငုက်ခါးပျံသလိုပဲဟု ရှေးလူကြီးတို့၏ ဆိုရိုးစကား ရှိခဲ့သလိုပါပဲ။

ကိုထွန်းသန်းဝေတို့နေသော အိမ်ကလေးသည် ဝါးထရံကာအိမ်လေး ဖြစ်ပါသည်။ ရေနံသုတ်ထားပါမှ နှစ်ကြာရှည် ခိုင်ခံ့ပေလိမ့်မည်။ သမီးလေး ရွက်နုဝေ ပျော်ရွှင်သည့် ဒီအိမ်လေး ကြာရှည် တည်တံ့စေချင်သည်။ သည်အိမ်လေးကို ရေနံသုတ်လိုက်ချင်ပါ၏။

အိမ်လေးကို ရေနံသုတ်ပေးသည်အထိ ဦးစီးမှူးကို အပူမကပ်သင့်ပေ။ နေအိမ် အဆင်သင့် နေထိုင်ရသည်ကိုပင် ကျေးဇူးတင်လှပေပြီ။ ယခု ရေနံသုတ်ရမည့်ကိစ္စ မိမိကုန်ကျစရိတ်ထုတ်ပြုလုပ်ရန် ကိုထွန်းသန်းဝေ စိတ်ဆုံးဖြတ်လိုက်ပါ၏။ မိမိလစာသည် (၁၉၀) ကျပ်သာရှိ၏။ အိမ်ကို ရေနံသုတ်ရမည် ဖြစ်၍ ရေနံတစ်ပုံး ကုန်ကျနိုင်သည်။ ရေနံတစ်ပုံးကို (၃၀) ကျပ်ပေးဝယ်ရပါသည်။ ရေနံသုတ်ခက · ရေနံဝယ်စျေးအတိုင်းပင် ပေးရသည်။ စုစုပေါင်းကုန်ကျစရိတ် (၆၀) ကျပ် မိမိလစာထဲက ချော့ပေရော့မည်။ ကုန်ကျစရိတ်ထွက်ရပြီ ဆိုလျှင် ဝန်ထမ်းအဖို့ ရှင်ခုန်စိတ်လှုပ်ရှားတော့သည်။

ဇနီးသည်နှင်းဟေမာန်နှင့် တိုင်ပင်ရသည်။ နှင်းဟေမာန်၏သဘောက အိမ်နေရဖို့အရေးကြီးသည်။ မိမိတို့နေသောအိမ်ကို မိမိတို့ ထိန်းသိမ်းရမည်။ ရေနံသုတ်မှဖြစ်မည်။ ရေနံသုတ်ရမည့် ယခုလအတွက် စားစရိတ်လျှော့သုံးကြမည် ဖြစ်ကြောင်း နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြ၏။ ရေနံသုတ်မည့်သူကို စုံစမ်းရပြန်လေသည်။ ကြားရသည့်သတင်းက မကောင်းချေ။ ရေနံသုတ်သမားရှားပါးသောမြို့ ဖြစ်၏။ တစ်ယောက်တော့ရှိ၏။ ကြုံရာကျပန်း အစုံလုပ်ကိုင်၏။ ထိုသူသည် စကားမမှန်၊ ကတိမတည်ဟု မြို့ခံတို့က ဝိုင်းဝန်းသတိပေးကြကုန်၏။ ရေနံသုတ်ရန် အချိန်ဆွဲနေ၍မဖြစ်တော့ချေ။ ရှေ့လလောက်တွင် မိုးလာတော့မည်။ ရေနံစိုစိုကို မိုးရေထိလျှင် မှိုတက်လာပြီး ထရံကိုဆွေးစေ၏။

'ဒီလိုပဲ ချော့မော့ခိုင်းရတော့မှာပဲလေ' ဟု တွေးကာ အစီအစဉ်ရေးဆွဲ အကွက်ချလိုက်သည်။ ကိုယ့်အစီအစဉ်နှင့်ကိုယ် မိမိစိတ်ကို ဖြေရလေ၏။ သို့ဖြစ်၍ ကိုထွန်းသန်းဝေ ရေနံအရောင်းဆိုင်သို့သွား၍ ရေနံတစ်ပုံးဝယ်ယူလိုက်သည်။ ပြီးတော့ ရေနံသုတ်ပေးမည့်သူ မောင်မောင်တာကို အခေါ်ခိုင်းလိုက်၏။ ရုံးလုလင် မောင်တင်ဌေးက မြို့ခံဖြစ်၍ မောင်မောင်တာကို ခေါ်ပေးမည် ဆို၍ သူ၏အကူအညီကို ရယူလိုက်သည်။

မောင်မောင်တာသည် ကိုထွန်းသန်းဝေကို လာရောက်တွေ့ဆုံ အလုပ်စကားပြောကြသည်။ တနင်္ဂနွေနေ့ လာသုတ်ပေးမည်ဟု ကတိတစ်ခုရလေ၏။ ကတိပေးသူကတော့ ကတိပေးပါသည်။ ကြားထားရသည့်သတင်းက မကောင်းသောကြောင့် သူ၏ကတိစကားကို ကိုထွန်းသန်းဝေက ရွံ့ရွံ့တွံ့တွံ့ဖြင့် မယုံမရဲနှင့်ရယ်ပါ။

စိတ်ပူရသည်က ရေနံသုတ်ရန် အလုပ်စကားပြောပြီးသည်နှင့် မောင်မောင်တာက ငွေစကားစပြောတော့၏။

"ကျွန်တော့်ကို စရန်ငွေ (၁၀) အရင်ပေးရမယ်"

ငွေတောင်းခံသူက ငွေပေးမည့်သူကို ညင်ညင်သာသာ မပြော၊ ခပ်တင်းတင်းပြောနေ၏။ အပေါ်စီးက ပြောနေလိုက်သေးသည်။ ငွေကျပ်(၁၀)ကိုလည်း နသားပါယား ယူသွားလိုက်သေးသည်။ ကိုယ်က မခိုင်းလို့လည်းမဖြစ်သောအခြေအနေသို့ရောက်နေပြန်သောအခါ မလွှဲမရှောင်သာပေးလိုက်ရပြန်သည်။ ဒီလိုနဲ့ တနင်္ဂနွေနေ့သို့ ရောက်လာသည်။ ကိုထွန်းသန်းဝေ အလုပ်မသွားရပါ။ မောင်မောင်တာကို စိတ်စောစွာဖြင့် စောင့်နေရသည်။ မောင်မောင်တာ တော်တော်နှင့် ပေါ်မလာပါ။ ကိုယ်တော်ချောတန်နက်(၉)နာရီကျော်မှရောက်လာသည်။ အမေ နေမကောင်းလို့၊ အလုပ်လည်းလုပ်နေရလို့ စသော ဆင်ခြေပေါင်းသောင်းခြောက်ထောင်ပေးကာ ပေါက်ပေါက်ဖောက်သလို ပြောပြနေလေ၏။

ကိုထွန်းသန်းဝေပါးစပ်အဟောင်းသားဖြင့် နားထောင်သည့်ဘက်က ဖြစ်နေရသည်။ သူက ရေပက်မဝင်အောင်ပင်ပြောနေသည်ကိုး။ သူပြော၍ဝတော့ အလုပ်စသည်။ အလုပ်လုပ်တဲ့နေရာမှာ လျင်မြန်သူတော့ဖြစ်သည်။ မွန်းလွဲပိုင်းနေမစောင်းမီ အိမ်ခေါင်းရင်းဘက်နှင့် ခြေရင်းဘက်ခြမ်းပြီးသွားလေ၏။ ယနေ့ အလုပ်လက်စသတ်လိုက်သည်။ မနက်ဖြန် အိမ်အနောက်ဘက်ခြမ်းနှင့် အိမ်

ရှေ့မျက်နှာစာ ကြာစရာမရှိ။

မောင်မောင်တာက အိမ်၌ အမေ နေမကောင်းလို့ သူစောစောပြန်ရမည်။ အမေ့အတွက် ဆေးဝယ်သွားရန်နှင့် အမေ့အတွက် ဆန်ပြုတ်ပြုတ်ရန်လိုသော ကြောင့်ကို ထွန်းသန်းဝေထံမှ ကျန်လုပ်အားခ အကျေပေးရန် အတင်းတောင်းဆိုနေ၏။ ကိုထွန်းသန်းဝေက အလုပ်မပြီးမှာလည်း စိုးရိမ်မိသည်။ နောက်နေ့မလာမည်ကိုလည်းစိုးပါသည်။ထို့ကြောင့်လည်း ပေးရမည့် ကျန်ငွေ (၂၀) ကို ထုတ်ပေးလိုက်ရပြန်၏။ ရင်ထဲမှာတော့ ပူနေသည်။

ပေးသာပေးရသည်။ကိုထွန်းသန်းဝေ၏ဘဝလမ်းမှာ အလိမ်အညာတို့ကို အညှဲခံရင်း (သည်းခံရင်း) ရင်ဆိုင်ခဲ့ရသည်က အကြိမ်ကြိမ်။ ကိုထွန်းသန်းဝေသည် ဒေါသကြီးတတ်သူမဟုတ်ချေ။ သူသည် သည်းခံစိတ်ဖြင့် အရှုံးပေးကာ အဆင်ပြေသလိုနေတတ်သူ ဖြစ်ပါလေသည်။

နောက်တစ်နေ့-

ကိုထွန်းသန်းဝေ စိတ်ပူသည့်အတိုင်း မောင်မောင်တာ ပေါ်မလာတော့ချေ။ နောက်တစ်ရက် သည်းခံ စောင့်ကြည့်သော်လည်း အခြားတစ်နေရာ၌ အလုပ်ဝင်နေသည်ဟု သတင်းရရှိပါသည်။

မောင်မောင်တာ၏ အချိုးမပြေမှု လုပ်ရပ်ကို ကိုထွန်းသန်းဝေက သည်းခံနိုင်သော်လည်း နှင်းဟေမာန် ဒေါကန်လေတော့၏။ ထိန်းမနိုင်သိမ်းမရ ဒေါပွနေပါသည်။ ရင်ထဲ၌ ကြိတ်မနိုင်ခဲမရဖြစ်လာကာ မောင်မောင်တာကိုသွားရောက်ရန်တွေ့တော့မည့် နှင်းဟေမာန်အား ကိုထွန်းသန်းဝေ ဆွဲထားလိုက်ရ၏။ သူမသည် စိတ်ဆိုးလေ့မရှိပါ။ ယခု မောင်မောင်တာ၏အပြုအမူသည် သူမ စိတ်ဆိုးမည်ဆိုလည်း ဆိုးစရာဖြစ်နေချေ၏။ နှင်းဟေမာန် မည်မျှစိတ်ဆိုးနေသနည်း။ ထိုနေ့က ရွက်နုဝေ မဆော့ချေ။ ဖခင်ရင်ခွင်ထဲ၌ ပုန်းခိုလျက် သူ့အမေကိုခိုး၍ သာကြည့်နေသည်။ နှင်းဟေမာန် စိတ်ဆိုးပြေစေရန် ကိုထွန်းသန်းဝေ ချော့မော့ရလေ၏။

တစ်ခါတုန်းက ကိုထွန်းသန်းဝေ စိတ်ဓာတ်ကျစဉ်တုန်းက သူမက လင်ယောကျ်ားကို အားပေးသူ၊ ယခုအခါမတော့ သူမပေါက်ကွဲနေသည်။ လင်နှင့်မယားတို့သည် တိုင်ပင်ဖော်တိုင်ပင်ဖက်၊ မညီမျှနေသည်ကို ညီမျှရန် ဖေးမလက်တွဲနေကြသူများ ဖြစ်ကြကုန်၏။ အိမ်ထောင်သာယာရေးကိုဖန်တီးနေကြရသူ ဘဝလက်တွဲဖော်များ မဟုတ်ပါလား။

"နှင်း"

"ဘာလဲ"

ကြင်ကြင်နာနာ ခေါ်လိုက်သော်လည်း ဒေါကန်နေသူမှ တုံ့ပြန်မှုကပြင်းထန်သည်။ သူကတင်းရင် ကိုယ်ကလျှော့ရမည်။ စိတ်နာနေသူ သူမ စိတ်ပြေစေရန်မှာ သူမ နားဝင်နိုင်မည့်စကားလုံးကို ရွေး၍ ချော့ရပေလိမ့်မည်။

"နှင်း၊ စိတ်မဆိုးပါနဲ့တော့။ စိတ်ဆိုးနေတော့လေ ကိုယ့်ကိုယ်ကိုယ် ပူလောင်အောင် လုပ်နေသလိုပါပဲ နှင်း။ စိတ်လျှော့လိုက်နော်။ ဒီလိုကွာ- ကိုကိုတို့ပေးလိုက်ရတဲ့ပိုက်ဆံကို လှူတယ်လို့ သဘောထားလိုက်ကွ။ အဲဒါအေးရော၊ အချည်းနှီးဖြစ်မသွားတော့ဘူးပေါ့။ ဘာကြောင့်လဲဆိုတော့ ကိုယ်တို့ရဲ့သံသရာအတွက် စုငွေ ဖြစ်သွားလို့ပဲ။ မိမိပိုင်ပစ္စည်းကို ဘယ်သူကမှ မတရားယူလို့ မရပါဘူး"

"ဟင်"

"ဟုတ်တယ် နှင်း၊ အခုသူယူသွားတာ ဒီဘဝမှာပဲ အကျေဆပ်ပါမှ၊ ဒါမှမဆပ်ဘူးဆိုရင်တော့ကွာ သံသရာကြွေးပါသွားပြီ။ ဒီဘဝမကျေရင် ဘဝအဆက်ဆက် တစ်ခုသောဘဝမှာတော့ အကျေဆပ်ရလိမ့်မယ်။ ဘယ်နည်းနဲ့ပြန်ဆပ်ရတော့မလဲဆိုရင် မိမိရဲ့အသွေးအသားနဲ့ ပြန်ဆပ်ရတာရှိသလို ပခုံးနဲ့ ပြန်ဆပ်ရတာလည်း ရှိတယ်။ အဲဒါမှမဟုတ်ရင် သူတစ်ပါးအိမ်အောက်မှာလာနေ၊ သခင်ကိုစောင့်ရှောက်ပေးခြင်းဖြင့် ဆပ်ရတော့တာပဲ နှင်းရဲ့၊ တစ်နည်းနည်းနဲ့ ပေးဆပ်မှသာ ကျေတာပါ။ အဲဒါကြောင့် နှင်းရယ်၊ စိတ်မကောင်းမဖြစ်နဲ့တော့နော်"

သူမက စိတ်ပြေသွားပြီး-

"ဟုတ်တယ်နော် ကိုကို။ အင်းပါ၊ အခုလို ကိုကိုရှင်းပြတာကို နှင်းလက်ခံပါတယ်။ နှင်းလေ- သဘောပေါက်ပါပြီ ကိုကိုရယ်။ ကိုကို့ကို နှင်း သိပ်ကျေးဇူးတင်တာပဲ။ ကိုကိုက တရားစာအုပ်တွေဖတ်ထားပြီး မိန်းမကို ချော့တတ်လိုက်တာ။ ဟွန့်- လူလည်ကြီး"

"နှင်းကလည်းကွာ၊ ဘာလဲ- နှင်းက ကိုယ့်ကိုမကျေနပ်ဘူးလား"

"ဟုတ်ရပါဘူးနော်။ ကိုကို့ကို ကျေးဇူးတင်ပါတယ်လို့ ပြောပြီးသားပဲဟာ။ ကဲ- ထပ်ပြီး ပြောလိုက်ဦးမယ်။ ကျေးဇူးတင်ပါတယ်၊ ကျေနပ်ပါတယ် ကိုကိုရှင့်"

"ဟဲဟဲဟဲ"

နှင်းဟေမာန် စိတ်ဆိုးပြေသွားပြီဖြစ်သည်။ သူမကိုကြည့်၍ ကိုထွန်းသန်းဝေသည် နှင်းဟေမာန်အနေဖြင့် နားလည်သဘောပေါက်သွားသည်ကို ကျေနပ်ရလေ၏။ မေတ္တာ ဟူသည် အေးမြသလို အိမ်ထောင်တစ်ခု၏အပြန်အလှန်ယှက်နွယ်ကူးသန်းနေသည့် သံယောဇဉ်ကြိုးလေးတစ်မျှင် ဖြစ်ပါသည်။ လင်နှင့်မယားတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာရှိကြ၏။ ဤသို့ဖြင့် သူတို့သည် သာယာသောအိမ်ထောင်ရေးကို ရယူပိုင်ဆိုင်နိုင်ခဲ့ကြလေသည်။ မေတ္တာသည် အေးမြသည့်သဘောကိုဆောင်ပါသည်။

◆ ❖ ◆

မောင်မောင်တာသည် သူ့တာဝန်သူ မကျေပွန်ခဲ့သူပါတကား။

မောင်မောင်တာခရီးသွားနေသည်၊ နယ်သို့သွား၍ အလုပ်လုပ်နေသည်ဟု သတင်းများသာ ကြားနေရပါသည်။ မောင်မောင်တာသည် သူ၏လိုဘပြည့်သွားသည်နှင့် ကိုထွန်းသန်းဝေကိုရှောင်နေပါသည်။ မောင်မောင်တာ ဝမ်းရေးအတွက် အလုပ်လုပ်ရာ၌ အလုပ်မျိုးစုံလုပ်ရလေရာ သူများအိမ်ကြိုအိမ်ကြားရှိ မြောင်းပုပ်များကို ဖော်ပေးရသည်။ အိမ်သာကျင်းတူးရသည်။ ယခုဘဝမှာပင် သူ၏ဘဝနိမ့်ကျနေ၏။ မောင်မောင်တာဘဝ မလှပခဲ့ချေ။ မောင်မောင်တာ၏ နောင်လာမည့်ဘဝအား ကိုထွန်းသန်းဝေ မတွေးရဲပါလေ။

လူတို့သည် အမှတ်တမဲ့အကုသိုလ်တို့ရှိကြကုန်၏။ ကိုရင်ကြီးသည် အမှုမဲ့အမှတ်မဲ့ဖြင့် သူတစ်ပါး စိုက်ပျိုးထားသည့် လယ်ကွက်ထဲမှ စပါးနှံတစ်ခက်ချိုးယူမိခဲ့၍ အမှတ်တမဲ့ ပြုမှားမိသည့် အကုသိုလ်ကံထိုက်ခဲ့ရ၏။ ဦးအေးကြီးသည် လူမသိသူမသိ မိမိ၏ခြံကို သူများမြေကွက်ထဲသို့ တစ်တောင်ခန့် တိုးဝင်ကာ ခြံခတ်လိုက်ပါသည်။ ထိုအခြင်းအရာသည်လည်း အမှတ်တမဲ့ ပြုမှားမိသည့် အကုသိုလ်ကံထိုက်ပါသည်။

ဤသို့ဆိုလျှင် မောင်မောင်တာသည် လူအများကို သူ၏အကျင့်စရိုက်အတိုင်း လှည့်ပတ် လိမ်လည်နေသည့် သူ၏ဘဝအကျိုးပေးသည်လည်း. . .။

သုခီအတ္တာနံ ပရိဟရန္တု

အောင်မြင့်ထွန်း(မသုံးလုံး)

အုံ့ကြွယ်

သိမှတ်ဖွယ်ရာ သင်္ဂါယနာ

"အမယ်-လူစုံတက်စုံပါလားဟေ့။ တပ်ထောင်တာ ဗိုလ်ထုနဲ့ လူစုလာကြတယ် ဆိုတော့ အကြောင်းကိစ္စတစ်ခုခုတော့ ရှိနေကြပြီ ထင်ပါရဲ့ဗျား"

ခြံတံခါးကို ဖွင့်လာကြသော လူငယ်တစ်စုကိုတွေ့ရ၍ ဦးမောင်သိန်းက ပဋိသန္ထာရစကားဖြင့်မေးတော့ လူငယ်များထဲမှ ပိန်ပိန်ရှည်ရှည်ပလွေရိုး မောင်မျိုးဇော်က-

"ဟုတ်တယ်သိန်းသိန်းရေ ကနေ့ ကဆုန်လပြည့်နေ့မို့ ရုံးတွေ၊ အလုပ်တွေနားလို့ ကျွန်တော်တို့ညီအစ်ကိုတွေစုပြီး ဗုဒ္ဓကုန်း၊ ရွှေမုဋ္ဌောလေးမျက်နှာဘုရားကို သွားကန်တော့ပူဇော်ပြီး အကြောင်းအရာလေးတစ်ခုပေါ်လာလို့မေးရအောင် လာတာပါ ခင်ဗျ"

ဟု ဖြေခဲ့သည်။

"ဘာအကြောင်းကိစ္စများလဲကွယ့်။ အပြည့်အစုံ ရှင်းပြကြစမ်းပါဦးနော်"

"ဒီလိုပါ သိန်းသိန်းခင်ဗျ။ ဘုရားဖူးပြီးအပြန်မှာ လက်ဖက်ရည်သောက်၊ အကြော်စားနေရင်း အခြားအရပ်က အလှူခံအဖွဲ့ရဲ့ကားပေါ်ကနေ အသံချဲ့စက်နဲ့ ဘုရားတည်၊ ကျောင်းဆောက်ဖို့ အလှူခံနေတာကိုကြားရပါတယ်။ အခု အလှူခံနေတဲ့ဘုရားက ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးရဲ့ ကောင်းမှုဖြစ်ကြောင်းပြောသွားခဲ့ပါတယ်။ အဲဒီနေရာမှာ 'သင်ဂါယတနာ'၊ 'သံဃာရတနာ' 'သံဃာယနာ' ဆိုပြီး အမျိုးမျိုးဝိဝါဒကွဲပြီးအပြင်းပွားနေရပါတယ်ခင်ဗျ။ အဲဒီ ဘယ်ဟာအမှန်လဲဆိုတာ သိန်းသိန်းက ဆုံးဖြတ်ပေးစေချင်ပါတယ်နော်"

ဦးမောင်သိန်း အဖြစ်စုံကိုရှင်းပြဖို့ ပြောတော့ မောင်ငြိမ်းချမ်းက ရှင်းပြခဲ့သည်။

"ဟင် - မင်းတို့ သိချင်တဲ့ကိစ္စက အကြောင်းအရာလေးမဟုတ်ဘူးဗျ။ ဒီကိစ္စရပ်က ဘာသာရေးမှာ အရေးပါပြီး တို့များဗုဒ္ဓဘာသာ တည်ရှိနေသရွေ့ သိထားရမယ့် အကြောင်းအရာကြီးပဲကွ။ အေး-မင်းတို့လူငယ်တွေသိထားသင့်တဲ့ကိစ္စမို့ သိန်းသိန်း သိရှိသမျှ ရှင်းပြရမှာပေါ့ကွာ။ အရင်ဆုံး မင်းတို့ အငြင်းအခုံဖြစ်နေတဲ့ 'သင်ဂါယတနာ'၊ 'သံဃာရတနာ'၊ 'သံဃာယနာ' ဆိုတဲ့ စကားလုံးတွေက တစ်ခုမှမဟုတ်ဘူးဗျ။ အလှူခံပုဂ္ဂိုလ်ပြောသွားတာက 'သင်္ဂါယနာ' ပါကွ။ သင်္ဂါယနာဆိုတာ ပါဠိစကား 'သံ+ဂါယနာ'ဖြစ်တယ်။ 'သံ'ဆိုတာ 'သဘောတူပေါင်းစုသည်' လို့ အဓိပ္ပာယ်ရပြီး 'ဂါယနာ' ကတော့ ရွတ်ဆိုခြင်းလို့ ဆိုပါတယ်။ ဒါကြောင့် ဒီစကားလုံးနှစ်ခုကိုပေါင်းပြီး 'သင်္ဂါယနာ'ဆိုသည်မှာ 'ဘုရားဟောတရားတော်များကို သံဃာတော်များ စုပေါင်းရွတ်ဆိုခြင်း' လို့ အဓိပ္ပာယ်ရတယ်ကွယ့်။ ဗုဒ္ဓမြတ်စွာဘုရားရှင်မြတ်ကြီးရဲ့ (၄၅) ဝါပတ်လုံး ဟောကြား လမ်းညွှန်တော်မူခဲ့တဲ့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ အင်္ဂါကထာစတဲ့ မူကွဲပါဠိတော်များကို မူရင်းပြော၊ ဟော၊ လမ်းညွှန်မှုအတိုင်း အမှားအယွင်းမရှိအောင်၊ မပျောက်ပျက်အောင် သံဃာတော်များ စုပေါင်းရွတ်ဆို၊ အတည်ပြု မှတ်တမ်းတင်ခဲ့ကြတာကို ခေါ် ဆိုတာဖြစ်ပါတယ်။ အဲဒီလိုစုပေါင်းရွတ်ဆို သင်္ဂါယနာတင်ကြရမှာလည်း ဘယ်နှနှစ်ရှိရင်လုပ်ရမယ်၊ ဘယ်နေရာ ဆောင်ရွက်ရမယ်၊ ဘယ်သူတွေပါဝင်ကြရမယ်လို့ သတ်မှတ်ထားတာမျိုးမဟုတ်ဘဲ 'သာသနာတော်ကြီးကို တစ်စုံတစ်ခုသောအကြောင်းကြောင့် ထိခိုက်နစ်နာ၊ ဆုံးရှုံး၊ ညစ်နွမ်း၊ နိမ့်ကျနိုင်စေမယ့်ကိစ္စရပ်များဖြစ်ပေါ်လာရင်' သံဃာအံများ စုပေါင်းပြီး သင်္ဂါယနာတင်လေ့ရှိကြတယ်ကွယ့်။ အခုဆိုရင် သာသနာတော်နှစ် (၂၅၅၀) နှစ်ကျော်လာတဲ့တိုင်သင်္ဂါယနာတင်ခဲ့တဲ့အကြိမ်ဟာ (၆)ကြိမ်သာ ရှိခဲ့ပါတယ်"

"သိန်းသိန်း ပြောပုံအရဆိုရင် ဒီသင်္ဂါယနာတင်တဲ့ (၆) ကြိမ်ဟာ မြန်မာနိုင်ငံသာမက ဗုဒ္ဓဘာသာဝင်နိုင်ငံတိုင်းနဲ့ ဆိုင်နေတာပေါ့နော်။ ကျွန်တော်ထင်ထားတာက သင်္ဂါယနာဆိုတာ မြန်မာတို့ရဲ့ရိုးရာထုံးတမ်းစဉ်လာတစ်ရပ်လို့ ထင်ထားတာခင်ဗျ"

"အေး- မောင်ကျော်စိုးပြောသလိုပဲ သင်္ဂါယနာဆိုတာကို ယနေ့ခေတ် လူငယ်အတော်များများမသိကြတော့ဘူးဗျ။ ဗုဒ္ဓဘာသာဝင် နိုင်ငံတိုင်းနဲ့တော့ ဆိုင်တာ မဟုတ်ဘူးကွ။ တို့များ 'ထေရဝါဒ

ဗုဒ္ဓဘာသာ'နိုင်ငံတွေမှာသာ သင်္ဂါယနာတင်ပွဲ လုပ်ကြပါတယ်။ 'မဟာယာန' ဂိုဏ်းဝင် ဗုဒ္ဓဘာသာနိုင်ငံတွေ ဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဘူတန် စတဲ့ နိုင်ငံတွေမှာတော့ သင်္ဂါယနာတင်မှုမပြုကြဘူးလေ။ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတွေကော သိကြရဲ့လားကွယ့်"

"ဟုတ်ကဲ့၊ ဒါတော့ သိပါတယ်။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာ စတဲ့ (၅) နိုင်ငံပါ ခင်ဗျ"

မောင်ချမ်းကြီးက မှတ်ထားခဲ့သမျှ ပြောပြခဲ့သည်။

"အေး- ဟုတ်တယ်။ ဒီထေရဝါဒဗုဒ္ဓဘာသာ(၅)နိုင်ငံက သံဃာတော်တွေပဲ စုပေါင်းရွတ်ဆို အတည်ပြု မှတ်တမ်းတင်ခဲ့ကြတာပါပဲ"

"အဲဒီလိုဆိုရင် သိန်းသိန်းရယ်၊ အခုလို ကြုံတုန်းဆုံတုန်း ကျွန်တော်တို့လည်း သိရှိနားလည်မှတ်သားနိုင်ဖို့ သင်္ဂါယနာတင်ခဲ့ပြီးတဲ့ (၆) ကြိမ်အကြောင်း ပြောပြပါလားခင်ဗျ"

တစ်ချိန်လုံး ဘာမှမပြောဘဲခေါင်းညိတ် နားထောင်နေသူ မောင်သန့်ဇင်က ဆန္ဒပြု တောင်းဆိုလာသဖြင့် ဦးမောင်သိန်းက စာအုပ်စီရှိမှ မှတ်စုလေးကိုယူကာ ချောင်းဟန့်ပြီး စကားဆက်ခဲ့သည်။

"မင်းတို့အမေးက ကျယ်ပြန့်နက်နဲလွန်းလို့ သိန်းသိန်းလည်း ပြည့်ပြည့်စုံစုံ အလုံးစုံတော့ မသိနိုင်ဘူးဗျ။ မှတ်ထားသလောက် အကျဉ်းချုံးမျှသာ ရှင်းပြနိုင်မှာပါ။ တင်ခဲ့တဲ့သင်္ဂါယနာ (၆) ကြိမ်ကို တစ်ကြိမ်ချင်းအလိုက် ပြောပြမယ်နော်။

ပထမသင်္ဂါယနာ

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူတော့ တချို့ ပုထုဇဉ်ရဟန်းတွေကပူဆွေးငိုကြွေးကြတာပေါ့။ ထူးထူးခြားခြား 'သုဘဒ္ဒ' အမည်ရတဲ့ ရဟန်းကြီးကတော့ ပူဆွေးငိုကြွေးမှုမရှိတဲ့အပြင် 'ရဟန်းတို့ မငိုကြွေးကြနဲ့။ ဘုရားရှင်သာရှိနေရင် ဘယ်တရားကို ဘယ်လိုကျင့်ရမယ်၊ ဘယ်ဟာကိုတော့ မကျင့်ရ ဆိုပြီး ပညတ်နှိပ်ကွပ်တာကြောင့်အနေအထား ကျဉ်းမြောင်းရတယ်။ ယခု သူမရှိတော့ ကျင့်ချင်သလိုကျင့်၊ နေချင်သလိုနေလို့ ရတော့မယ်' လို့ ကြမ်းတမ်းယုတ်မာ၊ မရိုမသေပြောနေတာကို 'ရှင်မဟာကဿပ' ကိုယ်တော်ကြီးက ကြားသွားခဲ့တယ်။ 'ဒါဟာ သာသနာတော် ပျက်စီးဆုတ်ယုတ်ရာအကြောင်းနိမိတ်ဖြစ်တယ်။ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ပိဋကတ်တော်၊ တရားတော်များ မပျက်မစီး၊ တည်တံ့အောင်ပြုမှ ရတော့မယ်'လို့ကြံရွယ်ပြီး သံဃာတော်များတိုင်ပင်ကာ ပထမဆုံးသော သင်္ဂါယနာတင်ပွဲကို ကျင်းပ ပြုလုပ်ကြပါတယ်။

ဒီ ပထမသင်္ဂါယနာတင်ရာမှာ ရဟန္တာအပါး (၅၀၀) တို့က (၇) လကြာ နှုတ်ဖြင့် အာဂုံဆောင်ရွတ်ဆိုပူဇော်မှတ်တမ်းတင်ခဲ့တာဖြစ်တယ်ကွ။

'အရှင်မဟာကဿပ'ရဟန္တာအရှင်က ဦးဆောင်ပြီး သာသနာနှစ် ၁ ခုနှစ်၊ ဘီစီ ၅၄၄ မှာ ဖြစ်ပြီး ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်ယံ၊ စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိအမည်ရှိတဲ့လိုဏ်ဂူမှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးက ချီးမြှင့်ထောက်ပံ့မှုပြုတယ်လို့ဆိုပါတယ်။ အဲဒီအချိန်မှာ ရဟန္တာ (၅၀၀) တို့က နှုတ်တက် အာဂုံရွတ်ဆိုမှတ်တမ်းပြုခဲ့တာကြောင့် ဒီပထမသင်္ဂါယနာတင်ပွဲကို 'ပဉ္စသတိကာ' လို့ ခေါ်ခဲ့ကြပါသေးတယ်။

ကဲ- ဒါက အကျဉ်းချုပ်ပါပဲဗျား။

ဒုတိယသင်္ဂါယနာ

ပထမသင်္ဂါယနာတင်ပွဲနဲ့ နှစ် (၁၀၀) ကွာတဲ့ ဘီစီ ၄၄၄ ခုနှစ်၊ သာသနာတော်နှစ် ၁၀၀ ပြည့်နှစ်မှာ ဒုတိယသင်္ဂါယနာတင်ခဲ့ရတယ်။ သင်္ဂါယနာပြုရတဲ့အကြောင်းကတော့ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား သံဃာများဟာ ဝိနည်းနဲ့အညီ လိုက်နာကျင့်ဆောင်မှု မရှိကြဘဲ ဝိနည်းတော်နဲ့ အလွဲလွဲ၊ အကွဲကွဲတွေ ကျင့်ကြံကြ၊ ဟောပြောကြ၊ နေထိုင်ကြတာကြောင့် ကြာရင် သာသနာတော် မှေးမှိန်မယ့်အရေးကိုမြင်ပြီး ရဟန္တာအရှင်မြတ် 'ရှင်မဟာယသ' မထေရ်က ဦးဆောင်ပြီး သံဃာတော်အပါး (၇၀၀) က ဒုတိယအကြိမ်သင်္ဂါယနာကို ပြုလုပ်ခဲ့ကြတယ်။ နေရာက ဝေသာလီပြည်၊ ဝါလိကာရုံကျောင်းတော်မှာဖြစ်ပြီး ဝေသာလီပြည့်ရှင်မင်းကြီး ကာလာသောကမင်းလက်ထက်အခါမှာဖြစ်တယ်။ အချိန်အားဖြင့် (၈) လတိုင် ကြာခဲ့ပြီး နှုတ်တက်အာဂုံရွတ်ဆိုခဲ့ကြတာဖြစ်ပြီး ရဟန်းသံဃာအပါး (၇၀၀) က ဆောင်ရွက်ကြတာဖြစ်လို့ 'သတ္တသတိကာ' လို့လည်း ခေါ်ဆိုကြသေးတယ်ကွယ့်။ နှစ် (၁၀၀) အကွာနဲ့တိုက်ဆိုင်တာဖြစ်ပြီး နှစ် (၁၀၀) ကြာရင် ပြုလုပ်လေ့ရှိတယ်လို့ မမှတ်ကြနဲ့နော်။

တတိယသင်္ဂါယနာ

ကျင်းမပြုလုပ်ခဲ့တဲ့ကာလက သာသနာနှစ် ၂၃၅ ဖြစ်ပြီး ဘီစီ ၃၀၉ မှာဖြစ်ပါတယ်။ ဒုတိယသင်္ဂါယနာနဲ့ဆိုရင် နှစ်ပေါင်း (၁၃၀) ကျော်ကွာတာပေါ့။ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးက ဒါယကာပြုပြီး အသောကရုံကျောင်းတော်ကြီးမှာ သံဃာတော်ပေါင်း (၁၀၀၀) တို့က (၉) လတိုင်တိုင် နှုတ်တက်အာဂုံရွတ်ဆို သင်္ဂါယနာတင်ခဲ့ကြပါတယ်။ ဦးစီးအကြီးအမှူးမထေရ်မြတ်ကြီးကတော့ 'အရှင်မဟာမောဂ္ဂလိပုတ္တတိဿ' ဆရာတော်ပါ။ ဝါဒစွဲ ဂိုဏ်းခွဲတွေများလာလို့ရယ်၊ တိတ္ထိရဟန်းတုကလာဘ်လာဘငဲ့ပြီး မိစ္ဆာအယူတွေပြောဆို ကျင့်ဆောင်နေကြလို့ရယ်၊ ရဟန်းကောင်းများကလည်း သီးခြားနေကာ ဥပုသ်ပဝါရဏာ မပြုကြတော့တာရယ်၊ ဂိုဏ်းတွေကွဲပြီး အဓိကဂိုဏ်းဖြစ်လာကြတာရယ်တို့ကြောင့် မငြိမ်းအေးတဲ့သံဃာအဝန်းအဝိုင်းဖြစ်လို့လာခဲ့တယ်။ တစ်နည်းအားဖြင့် သာသနာတော်ကို ချီးမြှောက်ဖို့ လိုလားတာကြောင့် တတိယသင်္ဂါယနာတင်ဖို့ ဖြစ်လာရတယ်လို့ ဆိုခဲ့တယ်။ သံဃာအပါး (၁၀၀၀) တို့က စုပေါင်းဆောင်ရွက်ခဲ့တာကြောင့် 'သဟဿိက' လို့လည်း ခေါ်ပါတယ်။

ကဲ-စတုတ္ထသင်္ဂါယနာအကြောင်းဆက်ကြရအောင်နော်။ အခုပြောမယ့် စတုတ္ထသင်္ဂါယနာကစပြီး သင်္ဂါယနာတင်ပွဲကို အိန္ဒိယမှာမပြုလုပ်ကြတော့ဘဲ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာဒေသတွေမှာသာ ကျင်းပတော့တာကို တွေ့ရတယ်ကွယ့်။

စတုတ္ထသင်္ဂါယနာ

သာသနာတော်နှစ် ၄၅၀ ပြည့်နှစ်၊ ဘီစီ ၉၄ ခုနှစ်မှာ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ)၊ မလယဇနပုဒ်၊ အသောကလိုဏ်ဂူမှာ စတုတ္ထသင်္ဂါယနာတင်ပွဲပြုလုပ်ခဲ့ပါတယ်။ တတိယအကြိမ်နဲ့ဆိုရင် နှစ်ပေါင်း (၂၁၀) ကျော်ကွာခဲ့ပါပြီ။ ဒါယကာကတော့ သီဟိုဠ်ဘုရင် ဒုဋ္ဌဂါမဏိမင်းကြီးဖြစ်ပြီး ဦးဆောင်ဆရာတော်က 'အရှင်မဟာဓမ္မရက္ခိတ'မထေရ်မြတ် ဖြစ်ပါတယ်။ သံဃာအပါး (၅၀၀) တို့က (၁၂) လတိုင်တိုင် အဋ္ဌကထာနဲ့တကွ ပရိယတ္တိပါဝစနတို့ကို တိမ်းစောင်းချွတ်ချော်မှု မရှိစေဘဲ မှန်ကန်အောင် ရွတ်ဆိုစိစစ်ကြပြီး ပေထက်မှာ အက္ခရာရေးထိုး မှတ်တမ်းတင်နိုင်ခဲ့ကြပါတယ်။ သင်္ဂါယနာတင်ရတဲ့ အကြောင်းရင်းက

တော့ သီဟိုဠ်မှာ (၁၂) လတိုင်အောင် မငြိမ်မသက်ဖြစ်ကာ သူပုန်တွေ ထကြွခဲ့ကြလို့ သံဃာတော်များ အလွန် ပင်ပန်းဆင်းရဲအတိဒုက္ခရောက်ခဲ့ကြတယ်လေ။ ဒါပေမယ့် ဘုရားသားတော်တွေပီပီ ဖွဲ့သတ္တိအပြည့်နဲ့ ပိဋကတ်တော်တွေကို အစဉ်အလာအတိုင်း နှုတ်ငုံဆောင်ခဲ့ကြပါတယ်။ ဒီဘေးကြီး ငြိမ်းအေးသွားတဲ့အခါမှာ သံဃာတော်မထေရ်ကြီးတွေက ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တာ နှစ်ပေါင်း (၄၅၀) ရှိပြီ။ ဒီကာလအတွင်းမှာ နှုတ်ငုံ အာဂုံဆောင်ထားရတဲ့အတွက် နောင်အခါ သတိ၊ ပညာ၊ သဒ္ဓါ ယုတ်လျော့လာကြရင် အာဂုံဆောင်နိုင်ကြဖွယ် မရှိနိုင်တော့ဟု သုံးသပ်ကြပါတယ်။ နောင်အစဉ်အဆက် မပျောက်ပျက်ဘဲ ရေရှည်တည်တံ့နိုင်စေဖို့ ပေထက်အက္ခရာတင်ခဲ့ကြတယ်ကွယ့်။ သူတော်စင် ရဟန္တာများ၊ ရဟန်းသံဃာတော်များရဲ့ ကျေးဇူးက အလွန် ကြီးမြတ်လှပါပေရဲ့နော်။ ဒီသင်္ဂါယနာတင်ပွဲကိုတော့ 'ပေါတ္ထကာရုဠ စတုတ္ထသင်္ဂါယနာ' လို့လည်း ခေါ်တွင်ခဲ့တယ်ကွယ့်။

ကဲ- နောက်ကျန်တဲ့ သင်္ဂါယနာတင်ပွဲတွေကို ဆက်ရအောင်နော်။ ကျန်တဲ့ ပဉ္စမနဲ့ ဆဋ္ဌမသင်္ဂါနာယတင်ပွဲတွေကိုတော့ ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံလို့ဆိုရမယ့် တို့များရဲ့မြန်မာနိုင်ငံမှာ ကျင်းပခဲ့တယ်လေ။ ကဲ- ဘယ်လောက်ဂုဏ်ယူစရာကောင်းလဲနော်။

ပဉ္စမသင်္ဂါယနာ

သာသနာတော်နှစ် ၂၄၁၅၊ မြန်မာနှစ် ၁၂၃၃ ခု၊ ခရစ်နှစ် ၁၈၇၁ ခုနှစ်မှာ မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်လို့ခေါ်တဲ့ မန္တလေးမြို့၊ မန်းတောင်ခြေမှာတည်ရှိတဲ့ လောကမာရဇိန်ကုသိုလ်တော် ဘုရားဝင်းအတွင်းမှာ ကျင်းပခဲ့ပါတယ်။ စတုတ္ထသင်္ဂါယနာတင်နဲ့ဆိုရင် နှစ်ပေါင်း (၁၉၆၅) နှစ်တောင် ကွာခဲ့ပါတယ်။ ရတနာပုံပြည့်ရှင် မင်းတုန်းမင်းကြီးက ဒါယကာပြုပြီး 'ဘုရားကြီးကျောင်းဆရာတော်၊ မြင်းဝန်ကျောင်းဆရာတော်၊ ဆီးပန်းနီဆရာတော်' စတဲ့ ဆရာတော်ကြီးသုံးပါးက ဦးဆောင်ကာ သံဃာအပါး (၂၄၀၀) တို့က နှုတ်တက်အာဂုံရွတ်ဆိုခဲ့ကြပြီး စကျင်ကျောက်ဖြူထက်မှာ ရေးထိုးမှတ်တမ်းတင်ခဲ့တာမို့ (၁၂) နှစ်တိုင်တိုင်လုပ်ဆောင်ကြရတယ်လို့ မှတ်တမ်းများအရ သိရပါတယ်ဗျာ။ အဲဒီမှတ်တမ်းတွေအရ နှုတ်ဖြင့် ရွတ်ဆိုမှုက (၄) နှစ်တာ ကြာခဲ့ပြီး ကျောက်ထက်အက္ခရာတင်ရာမှာ ကြာတဲ့ကာလက (၇) နှစ် (၆) လနဲ့ (၁၄) ရက်ကြာခဲ့တယ်လို့ တွေ့ရှိရပါတယ်။ တစ်ခါ ကျောက်ထက်အက္ခရာတင်ပြီးခဲ့တဲ့ ပိဋကတ်၊ အဋ္ဌကထာများကို စိစစ်တည်းဖြတ်တဲ့ကာလက (၅) လနဲ့ (၃) ရက်ကြာခဲ့တယ်လို့လည်း သိရပါတယ်။ အခုတိုင်လည်း 'ကမ္ဘာ့အံ့ဖွယ် စာအုပ်ကြီးများ' အဖြစ် ကုသိုလ်တော်ဘုရားဝင်းအတွင်းမှာ အက္ခရာတင်ခဲ့တဲ့ ကျောက်ချပ်တစ်ချပ်ကိုဗိမာန်တစ်ဆောင်စီ ထားရှိထားတာကို တွေ့နိုင်ပါရဲ့နော်။ ပဉ္စမသင်္ဂါယနာတင်ရခြင်းအကြောင်းကတော့ နှစ်ကာလကြာမြင့်လာပြီ ဖြစ်လို့ သာသနာရေးမှာ ကွဲလွဲချွတ်ယွင်းမှုတွေ မရှိစေရန်နှင့် သာသနာတော်ကြီး တည်တံ့ခိုင်မြဲ စည်ပင်စေရန် ချီးမြှင့်လိုတဲ့ဆန္ဒတွေကြောင့် ပြုလုပ် ကျင်းပခဲ့တာ ဖြစ်တယ်လို့ သိရှိရပါတယ်ဗျာ။

ကဲ- ဆဋ္ဌမသင်္ဂါယနာ ပြောပြပါမယ်။

ဆဋ္ဌမသင်္ဂါယနာ

ဒီသင်္ဂါယနာပွဲကြီးကတော့အလွန်ထူးခြားတဲ့ပွဲကြီးလို့ ဆိုရမှာ ဖြစ်တယ်ကွယ့်။ ဆဋ္ဌမသင်္ဂါယနာတင်ပွဲကို သာသနာတော်နှစ် ၂၄၉၈ ခုနှစ်၊ မြန်မာနှစ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယမှာစတင်ကျင်းပခဲ့တာဖြစ်ပြီး သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်၊ မြန်မာနှစ် ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ထိ (၂)နှစ်တိုင်တိုင် ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ သာသနာနှစ် ၅၀၀၀ ရဲ့ တစ်ဝက်၊ ဘုရားသာသနာလို့ သတ်မှတ်တဲ့ နှစ်ပေါင်း (၂၅၀၀) ပြည့် အထိမ်းအမှတ်အဖြစ် သီဟိုဠ် (သီရိလင်္ကာ)၊ ယိုးဒယား (ထိုင်း)၊ လာဩ (လာအို) နဲ့ ကမ္ဘောဇ (ကမ္ဘောဒီးယား)၊ မြန်မာ စတဲ့ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားရာနိုင်ငံအစုံအညီက ရဟန်းသံဃာအပါး (၂၅၀၀)ပါးတို့က သင်္ဂါယနာတင်ခဲ့ကြပါတယ်ကွယ်။ ခရစ်နှစ်နဲ့ပြောရရင် ၁၉၅၄ ခုကနေ ၁၉၅၆ ခုနှစ်ထိအောင်ပေါ့လေ။ ကျင်းပခဲ့တဲ့နေရာကတော့ ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ ဖြစ်ပါတယ်။ အကြီးအမှူးဆရာတော်များအဖြစ် မန္တလေးမြို့၊ ညောင်ရမ်းဆရာတော်ဘုရားကြီးဘဒ္ဒန္တရေဝတ(အဘိဓဇမဟာရဋ္ဌဂုရု) က သံဃာ့ဥက္ကဋ္ဌ၊ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့တယ်။ ကျေးဇူးရှင်'မင်းကွန်းဆရာတော်ကြီး' လည်း ပါတာပေါ့။ အထူးခြားဆုံးကတော့ သာသနာတော်ရေရှည်တည်တံ့ပြန့်ပွားစေဖို့ ပိဋကတ်စာပေများကို ပုံနှိပ်အက္ခရာနဲ့ စတင်ရိုက်နှိပ် ပြုစုနိုင်ခဲ့တာပါပဲ။ ဒီလိုဆောင်ရွက်နိုင်ခဲ့လို့ ရဟန်းရှင်လူအများ အစဉ်အဆက် အလွယ်တကူ ဖတ်ရှုရွတ်ပွား သာသနာပြုနိုင်ဖို့ အဆင်ပြေခဲ့ရသလို တို့များမြတ်ဗုဒ္ဓရဲ့ အဆုံးအမ၊ လမ်းညွှန်တရားဓမ္မတွေဟာလည်း ကမ္ဘာတည်သရွေ့ မပျောက်ပျက်နိုင်တော့လို့ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိစေခဲ့တယ်လေ။ သင်္ဂါယနာတင်ရတဲ့အကြောင်းကတော့ သာသနာတော် မညှိုးနွမ်းစေဘဲ ရေရှည်တည်တံ့ပြန့်ပွားဖို့ အဓိကထား ဆောင်ရွက်ရန် ရည်မှန်းတော်မူကြတယ်တဲ့။

အဲဒီအချိန်က အစိုးရဘက်ကတော့ 'နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု' က ဦးစီးဒါယကာပြုခဲ့တာပဲကွယ့်။

ကဲ- ဒါတွေကတော့ ဘုရားသာသနာနှစ် ၂၅၀၀ အတွင်းမှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားဖို့ ရဟန္တာမထေရ်မြတ်များ၊ ရဟန်းသံဃာတော်များရဲ့ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ပေါက်လာခဲ့တဲ့ သာသနာ့သမိုင်းဝင် သင်္ဂါယနာတင်ပွဲ(၆)ကြိမ်ရဲ့အကျဉ်းချုပ်ပါပဲဗျား။ သိန်းသိန်း သိမှတ်မိသလောက် ပြောရတာပါပဲနော်"

"အခုလို ကျွန်တော်တို့တစ်တွေ မသိသေးတဲ့၊ သိဖို့လည်း လိုအပ်လှတဲ့ သင်္ဂါယနာသမိုင်းကြောင်းကို အတိုချုံးရှင်းပြပေးတဲ့ သိန်းသိန်းကို အထူးကျေးဇူးတင်ပါတယ်။ လမ်းညွှန်မှာကြားစရာများရှိရင်လည်း ပြောပြ မှာကြားပါ ခင်ဗျာ"

ညီအစ်ကိုများရဲ့ကိုယ်စား မျိုးဇော်က တလေးတစားပြောခဲ့သည်။

"နေဦးကွ။ သင်္ဂါယနာအကြောင်းပြောတော့ 'သင်္ဂါယနာရှိခိုးဆုတောင်းဂါထာ' အကြောင်း ပြောပြရဦးမယ်ကွ။ ဒီရှိခိုးဆုတောင်းဂါထာကို မင်းတို့ရဲ့ဘိုးလေးဖြစ်တဲ့ 'ဘုန်းဘုန်းဦးမင်းသား' က ချီးမြှင့်ပေးခဲ့တာဗျ။ ဒီဘုန်းဘုန်းဟာတစ်ခေတ်တစ်ခါက 'ရွှေမန်း ပန်တျာ နန်းအောင်' ဆိုပြီး နာမည်ရ ဇာတ်သဘင်ပညာရှင်ကြီးပဲ။ ခေါင်းဆောင်ဇာတ်မင်းသားဖြစ်ပြီး မင်းသားဘဝကတည်းက ဘုရား၊ တရားမြဲခဲ့သူပေါ့။ အိမ်ထောင်လည်းလုံးဝမပြုခဲ့ဘူး။ အရွယ်လေးရလာတော့ ဇာတ်သဘင်အလုပ်ကို နားပြီး သာသနာ့ဘောင်ဝင်ခဲ့တာ အခု သက်

တော် (၈၀) ကျော်လာခဲ့ပါပြီ။ ဘုန်းဘုန်းက မြိုင်မြို့ စိန်ပန်းကျောင်းတိုက်မှာ သီတင်းသုံးလျက်ရှိပြီး ဘွဲ့နာမကတော့ ဦးကုန္တကဖြစ်တယ်ကွယ့်။ဇာတ်မင်းသားဖြစ်ခဲ့တာကိုစွဲပြီး ဘုန်းကြီးဘွဲ့အမည်တော်ပျောက်ပြီး ဘုန်းဘုန်းဦးမင်းသားသို့သာခေါ်ခဲ့ကြပါတယ်။အဲဒီဦးမင်းသားက ဒီသင်္ဂါယနာရှိခိုးဆုတောင်းဂါထာကို မနက် ဘုရားဝတ်ပြုချိန် တစ်ကြိမ်နဲ့ ညဘက် ဇာတ်ပွဲမကခင် တစ်ကြိမ် နေ့စဉ်ရှိခိုး ရွတ်ပွား ပူဇော်ခဲ့တယ်လို့ အမိန့်ရှိဖူးပါတယ်။ ဒါကြောင့် သူ့ဘဝမှာ ပူပန်သောကဖြစ်စရာတွေ၊ ဘေးဥပဒ် အန္တရာယ် ရောဂါဘယဆိုတာတွေ မြူမျှမထင်ကျရောက်ခဲ့ဘဲ ကောင်းကျိုးလိုရာဆန္ဒပြည့်စုံခဲ့ရတယ်လို့လည်း မိန့်မှာခဲ့ဖူးပါတယ်ကွယ့်။ ဒါကြောင့် မင်းတို့လည်း ရောဂါကင်းဝေး အန္တရာယ်တွေပြေးပြီး စိတ်အေးချမ်းသာ ဖြစ်စေရအောင် ဒီရှိခိုးဆုတောင်းဂါထာကို ရွတ်ပွားပူဇော်ကြပါလို့ မှာပါရစေနော်”

ဦးမောင်သိန်းက သူ၏ ဦးလေးတော် ဦးမင်းသားအကြောင်းကို ပြောပြရင်း ဘေးကင်းရန်ကွာ ဆန္ဒပြည့်ဝတဲ့ သင်္ဂါယနာရှိခိုးဆုတောင်း ဂါထာကိုချီးမြှင့်ခဲ့သည်။

သင်္ဂါယနာတင် ရှိခိုးဆုတောင်းဂါထာ

မြတ်ဘုရားရှင်၊ နိဗ္ဗာန်စံဝင်၊ မကြာခင်နှစ်၊ တစ်နှစ်ပြည့်တွင်၊ အယူလွဲထ၊ သုဘဒ္ဒ၏၊ သာသာနာရေး၊ ဖျက်မည့်ဘေးကြောင့်၊ မနှေးမှန်စွ၊ ရှင်ကဿပမှာ၊ သံဃာအပါး၊ ငါးရာအားကို၊ ဟောကြားမိန့်မြွက်၊ စည်းရုံးလျက်ပင်၊ သင်္ဂါယနာတင်ပွဲ၊ သာသနာပွဲကို၊ ပြည်ရာဇဂြိုဟ်က၊ ဝေဘာရတောင်၊ သတ္တပါဏိ၊ အမည်ရှိမှတ်၊ လိုဏ်ဂူမြတ်တွင်၊ အထွတ်မှတ်ထား၊ ကျင်းပငြားလျက်၊ ကြာရက်အမှန်၊ ခုနစ်လတန်မျှ၊ ပထမသင်္ဂါယနာ၊ တင်ခဲ့ပါသည်၊ တရားနတ်စည်၊ မြိုင်ဟည်းစေသတည်း။ဤသို့ရှိလာ၊ ရဟန္တာအများ၊ သံဃာများနှင့်၊ တင်ထားသင်္ဂါယနာ၊ ပွဲမဟာကို၊ သဒ္ဓါရိုကျိုး၊ ကျွန်ရှိခိုးသည်၊ နှလုံးအေးမြ၊ ခံစားရလျက်၊ ချမ်းမြကြည်သာရှိစေသော်၀။

သာသနာနှစ်ကား၊ ပြည့်ငြားတစ်ရာ၊ ရှိခဲ့လာလျက်၊ ဝိနည်းဖောက်ဖျက်၊ ရဟန်းပျက်များ၊ ထင်ရှားပေါ်လာ၊ ထိုအခါတွင်၊ မဟာယဿ၊ မည်ရခေါ်လာ၊ ရဟန္တာအရှင်၊ ဦးအောင်တင်သည်၊ ဝေသာလီပြည်သာ၊ ဝါလိကာရုံ၊ မဟာကျောင်းမြတ်၊ နေရာမှတ်ကာ၊ ရဟန္တာအများ၊ သံဃာအပါးမှာ၊ ခုနစ်ရာတို့၊ ပေါင်းကာစုရုံး၊ ရှစ်လလုံးလျှင်၊ စည်းလုံးညီညာ၊ ရွတ်ဆိုကာဖြင့်၊ နှုတ်မှာအာဂုံ၊ တစ်ဖုံတစ်နည်း၊ အားကြီးမောင်းသန်၊ ဆောင်ရွက်ပြန်သည်၊ ဒုတိယပွဲ၊ အမည်ရှိလာ၊ သင်္ဂါယနာကို၊ ပူဇော်ရိုကျိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးအနန္တ ပြည့်စေသော်၀။

သာသနာနှစ်၊ သုံးနှစ်ငါးဖြစ်၊ ပြည့်ချစ်ဖော်ထုတ်၊ ပါဋလိပုတ်မှာ၊ သီရိဓမ္မာ၊ သောကရာဇာ၊ နန်းစံကာကြဲ၊ အသောကာရုံ၊ ကျောင်းမြတ်ဘုံမှာ၊ ရဟန္တာဖြစ်သည့်၊ ရှင်မဟာမောဂ္ဂလိ၊ ပုတ္တတိဿ၊ မည်ရထင်ရှား၊ ဦးစီးထားလျက်၊ သံဃာအားမှာ၊ တစ်ထောင်ပါရှင့်၊ ဂိုဏ်းခွဲဝါဒ၊ ပေါ်ပေါက်လာရာ၊ ထိုကာလ၌၊ ကိုးလတိုင်တိုင်၊ သံပြိုင်ညီညာ၊ ပြုခဲ့ပါသည်၊ တတိယသင်္ဂါ၊ ယနာတင်ပွဲ၊ ခြိမ့်ခြိမ့်သဲလျှံ၊ အာဂုံနှုတ်ရွ၊ ရွတ်ဆိုကြနှင့်၊ ထိုမှတစ်ခါ၊ ညီညီညာညာ၊ ပြုခဲ့ပါသည်၊ ရင်မှာပီတိ၊ လွှမ်းထိရိုကျိုး၊ ကျွန်ရှိခိုးသည်၊ တန်ခိုးဂုဏ်နှင့် ပြည့်စေသော်၀။

စတုတ္ထအခါ၊ သင်္ဂါယနာ၊ သီဟိုဠ်မှာလျှင်၊ သာသနာနှစ်၊ တွက်စစ်ပိုင်းခြား၊ လေးရာ့ငါးဆယ်၊ ဖြစ်လေသည်ခါ၊ ဒုဋ္ဌဂါမဏိ၊ မည်ရှိထင်ရှား၊ မင်းတစ်ပါးလျှင်၊ စံမြန်းကာလ၊ မလယရွာ၊ အာသောကာဟူ၊ လိုဏ်မြတ်ဂူမှာ၊ သံဃာအပါး၊ ငါးရာအားနှင့်၊ ရွှေ့ထားဆောင်ရာ၊ ရဟန္တာမှာ၊ အရှင်မဟာ၊ ဓမ္မရက္ခိတ၊ မည်ရထင်ရှား၊ ဦးစီးထားလျက်၊ ကြာငြားဆယ့်နှစ်လ၊ ကျင်းပခဲ့ချီး၊ ပွဲတော်ကြီးမှာ၊ ပေထက်အက္ခရာ၊ ကမ္ပည်းစာဖြင့်၊ ထားရှိခဲ့ရာ၊ ဤအခါကို၊ သဒ္ဓါရိုကျိုး၊ ကျွန်ရှိခိုးသည်၊ ပြည့်ဖြိုးကျန်းမာရှိစေသော်၀။

ထိုမှတစ်ခါ၊ သာသနာနှစ်၊ နှစ်လေးတစ်ငါး၊ ရောက်လေးငြားကြာ၊ ရတနာပုံ၊ နန်းရပ်လုံပေ၊ မန်းတောင်ခြေက၊ လောကမာရဇိန်၊ ဂုဏ်ရှိန်ပြင်းပြင်း၊ ပရဝဏ်တွင်းမှာ၊ ရဟန္တာထင်ရှား၊ ဆရာတော်သုံးပါး၊ ဦးစီးထားလျက်၊ သံဃာအားမှာ၊ နှစ်ထောင့်လေးရာတို့၊ ဆယ့်နှစ်နှစ်ကြာမျှ၊ တင်ကအက္ခရာ၊ ကျောက်ထက်မှာပေ၊ ထားရှိလေ၏၊ ထိုဘိပဉ္စာ၊ သင်္ဂါယနာ၊ ပွဲမဟာကို၊ လွန်စွာမြတ်နိုး၊ ရိုကျိုးစိတ်မှာ၊ အခါခါဖြင့်၊ ထိပ်မှာပန်ဆင်၊ ရှိဦးတင်သည်၊ မြဲပင်အန္တရာယ်၊ ကင်းပကွယ်စေသော်၀။

ထိုမှတစ်သွယ်၊ နှစ်ရှစ်ဆယ်ကျော်၊ လွန်လာသော်ဖြစ်၊ သာသနာနှစ်လျှင်၊ နှစ်လေးကိုးရှစ်၊ သက္ကရာဇ်မှာ၊ ထေရဝါဒ၊ စံထနိုင်ငံ၊ ကြီးစွတန်ခိုး၊ သံဃာမျိုးများ၊ နှစ်ထောင့်ငါးရာ၊ ရှိလေပါ၏၊ မည်ရှိခေါ်ဆန်း၊ ညောင်ရမ်းဆရာတော်၊ ဦးစီးတော်မူ၊ ပြုမူဆောင်ထ၊ တိပိဋကကို၊ စက္ကူမှာပင်၊ ပုံနှိပ်တင်ထား၊ လွန်ထူးခြားကာ၊ သာသနာအဓွန့်၊ ရှည်စေလွန့်ကာ၊ သီရိမင်္ဂလာ၊ ကုန်းမြေသာတွင်၊ မဟာပါသာဏ၊ မြတ်ထလိုဏ်ဂူ၊ ဝှန်းဆူကျွက်ကျွက်၊ ဆောင်ရွက်လေကြ၊ ဆဋ္ဌသင်္ဂါယနာ၊ မြတ်မဟာကို၊ သဒ္ဓါရွှင်လန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကြမ်းမာန်လျော့၊ ကျွန်ကန်တော့သည်၊ ထူးမည်လာဘ၊ လာဘ်ဟူသမျှ၊ မုချရစေသော်၀။

ကဲ- ဒါကတော့ သင်္ဂါယနာရှိခိုးဆုတောင်းဂါထာပါပဲ။ဒီဂါထာကိုရွတ်ဆိုဆုတောင်းရင် ဘာအကျိုးထူးများ ရနိုင်ပါသလဲလို့ သားတို့က မေးကြမယ်။ ဗုဒ္ဓသာသနာတော် အဓွန့်ရှည် တည့်တံ့ပြီး မူရင်း ဘုရားဟော ဒေသနာတွေ၊ ပိဋကတ်၊ အဋ္ဌကထာတွေ အတိမ်းအစောင်း၊ အချွတ်အချော်မရှိ ပကတိအတိုင်း ဖြစ်စေဖို့ ဆောင်ရွက်တော်မူခဲ့ကြတာဟာ တို့များ ဗုဒ္ဓဘာသာ ကမ္ဘာတည်သရွေ့၊ မပျက်ရွေ့စေဖို့ဖြစ်တာကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ သာသနာ့သမိုင်းဝင်ဆောင်ရွက်ချက်တွေပါနော်။

ဒီလို တန်ခိုးတော်၊ ဂုဏ်တော်တွေနဲ့ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရှင်နဲ့ သင်္ဂါယနာတင်ခဲ့ကြတဲ့ ရဟန္တာပုဂ္ဂိုလ်တွေ၊ ရဟန်းသံဃာတွေကို ရည်စူး ရှိခိုးပူဇော်ခဲ့တာမို့ ထူးမြတ်လှပါတယ်။ ဒီထူးမြတ်တဲ့ကုသိုလ်တွေရခြင်းကပဲ အတိုင်းမသိ ကျေးဇူးပါကွယ်။ ဘုရား၊ ရဟန္တာများရဲ့အစောင့်အရှောက်ကို ရပြီဖြစ်တဲ့အတွက် တောင်းတဲ့ဆုတွေကလည်း မလွဲမသွေပြည့်ဝရစေမှာဖြစ်တယ်လို့ဆိုလိုက်ပါရစေဗျာ”

ညီအစ်ကိုများမှာ ရှိခိုးဆုတောင်းဂါထာကိုကူးယူ၊ ဦးမောင်သိန်း၏ဩဝါဒမိန့်မှာကြားချက်ကို နာခံပြီးနောက် နေအိမ်အသီးသီးသို့ပြန်ခဲ့ကြပါတော့သည်။

အံ့ကြွယ်

(ဝန်ခံချက်။ ။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ အနာဂတ်သာသနာအရေး စာအုပ်နှင့် ဆရာကြီးဦးဖိုးကျား၏ မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယာနဂိုဏ်း စာအုပ်တို့ကို မှီငြမ်းပြု ရေးသားပါသည်။)

(မိုးစက်နှင်း)
မင်းသန့်ကျော်
ညောင်ကျိုးမှာ သာတဲ့လ

တပေါင်းလဆန်း (၁၄) ရက်၏လသည် ထိန်ထိန်သာနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး လမင်း၏ အလင်းရောင်ဖြင့် လင်းလင်းကျင်းကျင်း ရှိနေလေသည်။

ကျွန်ုပ်နှင့် ဦးတင်ရွှေသည် အင်ပူမြို့နယ် ညောင်ကျိုးရွာတွင် ဖွင့်လှစ်ထားသော စပါးအဝယ်ဒိုင် (ဒိုင်ခွဲ) သို့ နံနက်ပိုင်းကရောက်ရှိပြီး ဒိုင်၏လုပ်ငန်းဆောင်တာများ၊ စာရင်းဇယားများကို စစ်ဆေးရာ ညနေဦးပိုင်းတွင် ပြီးစီးသွားသဖြင့် ရေချိုးနေသောအချိန် ဖြစ်လေသည်။

ကျွန်ုပ်တို့စစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးစောထွန်းမှာ ရန်ကုန်ရှိ သူ့မိသားစုများထံ ခွင့် (၃)ရက်ယူကာ ပြန်သွားသဖြင့် ဤခရီးစဉ်တွင် ဦးစောထွန်း မပါရှိချေ။

ကျွန်ုပ်တို့အား ကူညီရန်အတွက် အင်ပူမြို့နယ်ရုံးက မောင်စည်သူ ခေါ် လက်နှိပ်စက်စာရေးကလေးကို အဖော်အဖြစ် ထည့်ပေးလိုက်လေသည်။

မောင်စည်သူသည် စီမံရေးရာမန်နေဂျာဦးချစ်သန်း၏သားဖြစ်ပြီး လုပ်ငန်းများတွင် အားကိုးရသောလူငယ်တစ်ယောက် ဖြစ်လေသည်။

ရေချိုးနေစဉ် ဒိုင်မှုဝန်ထမ်းလူငယ်များရောက်လာကြ၏။ တစ်ယောက်က-

"ဆရာတို့ညစာသုံးဆောင်ပြီးရင် လက်ဝှေ့ပွဲသွားကြမလား"

"တို့က ညောင်ကျိုးကို အခုမှ ရောက်ဖူးတာကွ။ ဒါနဲ့ - လက်ဝှေ့ပွဲက ဘယ်မှာလဲ"

"ရွာထဲမှာပါ။ သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် နာမည်ရ လက်ဝှေ့သမားတွေ ထိုးသတ်မှာပါ။ ဆရာတို့ အပျင်းပြေတာပေါ့"

မောင်စည်သူက ကျွန်ုပ်အား-

"သွားကြမယ် အစ်ကို၊ ကျွန်တော်က လက်ဝှေ့ပွဲကြည့်တာဝါသနာပါတယ်"

ကျွန်ုပ်သည် အချင်းချင်း ရန်ငြိုးမရှိဘဲ ထိုးသတ်နေသောလက်ဝှေ့ပွဲများကိုကြည့်ရှုရန် ဝါသနာမပါချေ။ သို့သော် မောင်စည်သူကသွားချင်နေသဖြင့် ကျွန်ုပ်ပါ လက်ဝှေ့ပွဲသို့ လိုက်ပါသွားလေ၏။

ဦးတင်ရွှေမှာ လူကြီးလည်းဖြစ်၊ ကောင်းစွာလည်း နေမကောင်းသဖြင့် လက်ဝှေ့ပွဲသို့ လိုက်ပါခြင်းမရှိဘဲ ညစာစားအပြီးတွင် အိပ်ရာထဲလှဲကာ ပုတီးစိပ်နေလေသည်။

ကျွန်ုပ်တို့ ညအိပ်ရန် စီစဉ်ထားသောနေရာမှာ ဒိုင်နှင့်မလှမ်းမကမ်းတွင်ရှိသော အိမ်ကြီးတစ်လုံးတွင် ဖြစ်၏။

အိမ်ကြီးမှာ လူမနေသည်မှာကြာမြင့်ပြီဖြစ်ပြီး အစဉ်အမြဲ သော့ပိတ်ထားသဖြင့် ကျွန်ုပ်တို့ဧည့်သည်များရောက်မှ သော့ကိုဖွင့်ပြီး အိမ်ကိုသန့်ရှင်းရေးလုပ်ကာ အိပ်ရာများခင်းပေးထားခြင်း ဖြစ်လေသည်။

ညအိပ်ရန် ခုတင်တစ်လုံးသာရှိရာ ဦးတင်ရွှေသည် ထိုခုတင်ပေါ်တွင်နေရာယူ၍ ကျွန်ုပ်နှင့်မောင်စည်သူတို့အတွက်ကို ကြမ်းပြင်တွင် အိပ်ရာခင်းပေးထား၏။

အိပ်တွင် လျှပ်စစ်မီးမရှိချေ။ ထို့ကြောင့် ဖယောင်းတိုင်၊ မီးခြစ်မှစ၍ ခြင်ဆေးခွေ၊ သောက်ရေသန့်ဘူး စသည်တို့ကို အပြည့်အစုံပေးထားလေသည်။

ဤသို့ဖြင့် ထမင်းစားပြီးသောအခါ ကျွန်ုပ်တို့သည် လက်ဝှေ့ပွဲသို့သွားကြလေသည်။ ဒိုင်မှုလူငယ်လေးများက လိုက်ပို့ကြ၏။

လမ်းတွင် လက်ဝှေ့ပွဲသွားသူများ၊ ပြန်လာသူများဖြင့် စည်ကားလျက်ရှိ၏။

အတော်အတန် လမ်းလျှောက်ပြီးသောအခါ လက်ဝှေ့ပွဲကျင်းပရာနေရာသို့ရောက်ကြလေသည်။ လက်ဝှေ့ပွဲအနီးတွင် ဈေးတန်းတစ်ခုရှိသည်။ ဈေးတန်းသည် ဝယ်ချင်စရာများ၊ စားချင်စရာများဖြင့် ပြည့်နေလေသည်။

လက်ဝှေ့ပွဲမစမီ တီးခတ်နေသောဆိုင်းသံများသည် လက်ဝှေ့ပွဲရုံအတွင်းမှ ထွက်ပေါ်လာ၏။ လက်ဝှေ့ပွဲကြည့်မည့်သူများသည် လက်မှတ်များ အသီးသီးဝယ်ယူကာ ရုံအတွင်းဝင်နေကြလေ၏။

ကျွန်ုပ်တို့သည် ဒိုင်မှလူငယ်လေးများဦးဆောင်ရာသို့ သူတို့နောက်မှလိုက်သွားကြရ၏။ သူတို့သည် ရုံအဝတွင် အပေါက်စောင့် လက်မှတ်သိမ်းသူနှင့် စကားအနည်းငယ်ပြောပြီး ကျွန်ုပ်တို့ကို ရုံးအတွင်းသို့ ခေါ်သွားလေသည်။

ရုံအတွင်းတွင်ကား အလယ်တွင် လက်ဝှေ့ထိုးမည့်စင်အား ကြိုးတန်းများကာရံလျက်ပြုလုပ်ထားရှိပြီး ကြည့်ရှုမည့်သူများသည် ခင်းထားသောဖျာကြမ်းကြီးများပေါ်တွင် ထိုင်ရလေသည်။

မကြာမီ လက်ဝှေ့ပွဲ စလေတော့၏။ လက်ဝှေ့ပွဲထိုးမည့်လူငယ်လေးများမှာ တစ်ယောက်က ဘောင်းဘီအပြာကို ဝတ်ထားပြီး တစ်ယောက်က အနီကိုဝတ်ထားလေသည်။

လက်ဝှေ့မထိုးမီတွင် ဒိုင်လူကြီး

က လက်ဝှေ့ထိုးကြမည့်လူငယ်များအား လက်ဝှေ့ပွဲ၏စည်းကမ်းချက်များကို ရှင်းပြလေသည်။ ထို့နောက် နှစ်ဦးသားသည် လက်ဝှေ့ထိုးရန် ဟန်ရေးပြရင်း မည်သည့်အကွက်က စထိုးရမည်ကို တစ်ဦးနှင့်တစ်ဦး အကဲခတ်နေကြလေသည်။

ထို့နောက် အပြာဝတ်က စတင်၍ ရှောင်တိမ်းလေ၏။ အနီဝတ်က ကျွမ်းကျင်စွာ ရှောင်တိမ်းလေသည်။လက်သီးဖြင့် တစ်ဦးကိုတစ်ဦးထိုးသတ်တာလည်း ပါ၏။ ခြေထောက်ဖြင့် ကန်ကျောက်တာလည်းပါ၏။

ဤသို့ ထိုးသတ်နေစဉ်တွင် အပြာဝတ်က အနီဝတ်ကို လက်သီးဟန်ပြပြီး ခြေထောက်ဖြင့်ကန်လေသည်။ အနီဝတ်က ရှောင်လိုက်ပြီး အပြာဝတ်၏မျက်နှာကို လက်သီးဖြင့်ထိုးလိုက်ရာ အပြာဝတ်မှာ လျှပ်တစ်ပြက်ဖြစ်၍ မရှောင်နိုင်တော့ဘဲ အမိခံလိုက်ရလေ၏။ တစ်ခဏချင်းမှာပင် အပြာဝတ်၏နှာခေါင်းမှ သွေးများထွက်လာပြီး မျက်နှာကိုအုပ်ကာ အနီဝတ်၏ ထပ်ဆင့်ကျရောက်လာမည့်လက်သီးများကို ရှောင်နေလေသည်။

ထိုခဏတွင် ဒိုင်လူကြီးသည် သူတို့နှစ်ဦးအလယ်သို့ဝင်ရောက်ပြီး လူချင်းခွဲကာ တစ်စုံတစ်ရာကို ပြောလိုက်လေ၏။ ဆေးမှူးလည်း ချက်ချင်းရောက်လာပြီး အပြာဝတ်အား ကုလားထိုင်တွင်ထိုင်စေကာ ဒဏ်ရာရထားသောနှာခေါင်းကို ဆေးထည့်ပေးလေသည်။

မောင်စည်သူသည် ကျွန်ုပ်အား-

"အစ်ကို၊ ကျွန်တော်က လက်ဝှေ့ပွဲသာ ဝါသနာပါတာ။ သွေးကျတော့ မကြည့်ရဲဘူး။ ပြန်ကြရအောင်"

ဒိုင်မှလူငယ်လေးများမှာ လက်ဝှေ့ပွဲကို ဆက်၍ကြည့်ချင်သေးသော်လည်း ကျွန်ုပ်တို့က ပြန်မည်ပြော၍ နေရာမှထကာ ရုံတွင်းမှထွက်၍ အားလုံးပြန်လာကြလေသည်။

❖ ❖ ❖

ကျွန်ုပ်တို့ လက်ဝှေ့ပွဲမှပြန်ရောက်သောအခါ ဒိုင်မှဝန်ထမ်းများမှာ မအိပ်ကြသေးချေ။ ကျွန်ုပ်တို့အိပ်ရမည့်အိမ်ကြီးသို့ လိုက်ပို့ကြလေ၏။

ဒိုင်မှူးက-

"စိတ်ချလက်ချအိပ်ပါ ဆရာ၊ ကျွန်တော်တို့ ဒိုင်မှာ ရှိပါတယ်။ အကြောင်းရှိရင်လည်း လှမ်းခေါ်လိုက်ပါ"

မောင်စည်သူသည် ဖယောင်းတိုင်ထွန်းညှိခြင်း၊ ခြင်ထောင်ပေးမထားသောကြောင့် ခြင်ဆေးခွေထွန်းညှိခြင်းတို့ကို ဆောင်ရွက်ပြီးနောက် သူ့အတွက် ခင်းထားသောအိပ်ရာသို့ ဝင်လေသည်။

ကျွန်ုပ်သည် ညအိပ်ရာမဝင်မီတွင် ပြုမြဲထုံးစံအတိုင်း ဘုရားရှိခိုးကာ ပဋ္ဌာန်းရွတ်လေသည်။ မေတ္တာပို့ အမျှဝေပြီးသောအခါ (၁၂) နာရီခန့်ရှိပြီ ဖြစ်၏။ မောင်စည်သူမှာ ကျွန်ုပ်ပဋ္ဌာန်းရွတ်ရန် ပြင်ဆင်နေဆဲမှာပင် အိပ်ပျော်နေလေပြီ။

ကျွန်ုပ်ပဋ္ဌာန်းရွတ်ပြီးချိန်တွင် သူ တစ်ရေးနိုးလာ၏။

"အစ်ကို၊ ကျွန်တော် အပေါ့သွားချင်လို့ လိုက်ပို့ပါဦး"

ကျွန်ုပ်သည် မောင်စည်သူကို အိမ်သာသို့သွားနှင့်စေကာ ဓာတ်မီးယူပြီး သူ့နောက်မှလိုက်လာလေ၏။

အိမ်သာရှိရာသို့ မောင်စည်သူရောက်သောအခါ သူသည် အိမ်သာတံခါးကို ဆွဲဖွင့်နေကြောင်း တွေ့ရ၏။ တံခါးမှာ အပြင်မှသော့ခတ်ထားခြင်းမရှိဘဲ ဖွင့်၍မရချေ။

"အထဲမှာ လူရှိသလားဗျို့။ အပေါ့သွားချင်လို့"

အိမ်သာထဲမှာ လူရှိဟန်မတူချေ။ ပြန်ဖြေသံမကြားရချေ။ သူသည် တံခါးကို ခပ်ပြင်းပြင်းဆွဲဖွင့်၏။ ဖွင့်လို့မရချေ။ အထဲမှာ တစ်စုံတစ်ယောက် ရှိနေပြီး တံခါးကို ချက်ချထားဟန်တူလေသည်။

ကျွန်ုပ်ရောက်လာသောအခါ-

"မောင်စည်သူ၊ ဘာဖြစ်လို့လဲ"

"တံခါးဖွင့်မရလို့ အစ်ကို၊ တခြားနေရာမှာ အပေါ့သွားမှပဲ"

"နေဦး၊ မလုပ်နဲ့ကွ။သတ်မှတ်ထားတဲ့နေရာမှာပဲသွား။ တို့က ဒီအရပ်ကို တစ်ခါမှရောက်ဖူးတာမဟုတ်ဘူး။ နေရာဒေသအလိုက် နတ်ကြီးတဲ့နေရာတွေရှိတယ်။ သွားမလုပ်နဲ့၊ ခဏအောင့်ထားပါဦး"

ကျွန်ုပ်သည် အိမ်သာသို့သွားကာ တံခါးကိုဆွဲဖွင့်လိုက်၏။

"အထဲမှာ ဘယ်သူမှမရှိရင်လည်း ဖွင့်လို့ရရမှာပေါ့"

ကျွန်ုပ်ဆွဲဖွင့်လိုက်သောအခါတံခါးသည် အလွယ်တကူပွင့်သွားလေသည်။ မောင်စည်သူသည် ကျွန်ုပ်ကိုကြည့်ကာ အံ့ဩသောမျက်နှာဖြင့် အိမ်သာပေါ်သို့ ခပ်သုတ်သုတ်တက်သွားလေသည်။

အိမ်ကြီးမှာ ခြံအကျယ်ကြီးထဲတွင် ဆောက်ထားသဖြင့် အိမ်သာမှာ အိမ်နှင့် ခပ်လှမ်းလှမ်း ခြံအစပ်၌ ဆောက်ထားလေသည်။

ကျွန်ုပ်တို့ကိစ္စပြီး၍ ပြန်လာသောအခါ လမ်းရှိသရက်ပင်ကြီးပေါ်မှ သရက်ကိုင်းတစ်ကိုင်းသည် ကျွန်ုပ်တို့ရှေ့တွင် ကျိုးကျလာလေ၏။ကျွန်ုပ်သည် သရက်ကိုင်းကို ဓာတ်မီးဖြင့်ထိုးကြည့်သောအခါ ကျိုးကျသောနေရာတွင် တိတိရိရိပြတ်နေပြီး သရက်သီးများသီးလျက်ရှိကြောင်း တွေ့ရလေ၏။

မောင်စည်သူကို ကြည့်ရသည်မှာ တစ်စုံတစ်ရာကိုတွေးတော၍ ကြောက်လန့်နေပုံရလေသည်။

"မောင်စည်သူ၊ ဘာမှမကြောက်နဲ့။ လာ- ပြန်အိပ်ကြစို့"

ကျွန်ုပ်တို့ အိပ်ရာထဲဝင်ကြသောအခါ ခုတင်ပေါ်တွင် အိပ်နေသော ဦးတင်ရွှေသည် နိုးလာလေသည်။

"ညီလေးတို့၊ ကောင်းကောင်းအိပ်ရရဲ့လား။အစ်ကိုတော့ ဘယ်လိုဖြစ်တယ် မသိဘူး၊ စောင်ခြုံလို့ကိုမရဘူး။ ခြုံလိုက်တိုင်း အောက်ကတစ်စုံတစ်ယောက်က ဆွဲလိုက်သလိုဖြစ်ပြီး လျှောကျနေတယ်"

သူသည် ခုတင်ခြေရင်းတွင်လျှောကျနေသောစောင်ကိုယူ၍ ခြုံလိုက်ရင်း ပြောလေသည်။

"ဘာမှမဟုတ်ပါဘူးအစ်ကိုကြီးရာ၊ စိတ်ထင်လို့နေမှာပါ။ စိတ်ချလက်ချသာ အိပ်ပါ"

ဦးတင်ရွှေနှင့် မောင်စည်သူတို့ အိပ်ပျော်သွားသောအခါ ကျွန်ုပ်သည် မေတ္တာသုတ်လာ မေတ္တာပို့နည်း (၁၁) နည်းနှင့် အရပ် (၁၀) မျက်နှာမေတ္တာပို့တို့ကို ရွတ်ဆို၍ မေတ္တာပို့လေသည်။

ကျွန်ုပ်သည် အိပ်ရာပေါ်၌လှဲလိုက်ရာ မကြာမီ အိပ်ပျော်သွားလေသည်။ အိပ်ပျော်၍မှ မကြာသေးမီ ကျွန်ုပ်သည် အိပ်မက်မက်လေ၏။

အိပ်မက်ထဲတွင် အသက် (၇၀) ခန့်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ယောဂီရောင်ခေါင်းပေါင်း၊ ယောဂီရောင်အကျႌနှင့် ပုဆိုးတို့ကို ဝတ်ဆင်လျက် လည်ပင်းတွင် ပုတီးတစ်ကုံးဆွဲကာ ကျွန်ုပ်ရှေ့တွင် တဖြည်းဖြည်းပေါ်လာလေသည်။

ထိုပုဂ္ဂိုလ်ကြီးတွင် ထူးခြားသော အမှတ်အသားပါရှိ၏။ ထိုအမှတ်အသားမှာ ညာဘက်မျက်လုံးအောက်တွင် ဖုသီးကြီးတစ်ခုရှိနေခြင်းပင် ဖြစ်၏။ ဖုသီးကြီးသည် သျှားဖြူသီးကြီးကြီးတစ်လုံးခန့်ရှိကြောင်း ကျွန်ုပ် မှတ်မိလေသည်။

'လူလေးတို့က ဧည့်သည်တွေပဲ။ အဘက အရင်က ဒီအိမ်ကြီးရဲ့အိမ်ရှင်ပေါ့ကွယ်။ အဘမှာ သားသမီး တစ်

ထောက်မှ မရှိဘူးကွယ့်။ ဇနီးကလည်း အဘထက်အရင် ကွယ်လွန်သွားတယ်။ အဘက တပည့်ကလေးတစ်ဦးနှင့်အတူ နေတာပါ။ သူက ပန်းရန်လုပ်တဲ့အဖွဲ့မှာ နေ့စားအဖြစ်လိုက်ပါပြီး ပန်းရန်လုပ်တယ် ကွယ့်။ အဘလည်း တရားဓမ္မတွေကျင့်ကြံ အားထုတ်ပေမယ့် ဘဝကူးခါနီးမှာ အစွဲအလမ်းတစ်ခုကြောင့် ခုထိ မကျွတ်ဘဲ ဖြစ်နေရတယ်ကွယ်။ အဘကွယ်လွန်ပြီးကတည်းက ဒီအိမ်မှာ ညအိပ်တဲ့ဧည့်သည်တွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် သူတို့က မယုံရလို့ ဘာမှမပြောခဲ့ဘူး။ ခုတော့ လူလေးရဲ့ရိုးသားမှုကိုယုံကြည်တဲ့ အတွက် လူလေးကို အသိပေးရတာပါ။ ဒီအိမ်အပေါ်ထပ်မှာ အဘမသေခင်က ဝှက်ထားခဲ့တဲ့ ရွှေဒင်္ဂါးတွေရှိတယ်။ ဝှက်ထားနေရာကိုတော့ အဘ မသိလိုက်ဘူး။ ဒေသမှာနေတဲ့ အဘညီက ဆောက်ပေးထားတဲ့အိမ်ပါ။ အဘက ညီကိုယုံတော့ အဘရဲ့ရွှေဒင်္ဂါးတွေကို အိမ်ရဲ့အပေါ်ထပ်မှာ ဝှက်ထားပေးဖို့ သူ့ကိုမှာခဲ့တယ်။ ပြီးတော့ အဘက တပည့်လေးနဲ့အတူ ခရီးထွက်ခဲ့တယ်။ ခုတော့ မကွေးက ညီဖြစ်တဲ့လက်သမားဆရာလည်း မရှိတော့ဘူး။ သူ အိမ်ဆောက်ပြီးတဲ့အချိန်မှာ အဘက အိမ်မှာမရှိဘူးကွယ့်။ ဒါနဲ့ မကွေးကိုသွားပြီး ညီရဲ့သားသမီးတွေကို သွားမေးသေးတယ်။ သူတို့အမေက ဒီအိမ်နဲ့ ပတ်သက်လို့ ဘာမှမသွားဘူးလို့ပြောတယ်။ အဲဒီမှာ လမ်းစပြတ်သွားတာပဲ။

အဘခရီးထွက်တာက လှေနဲ့လေ။ အဲဒီမှာတင် မြစ်လယ်မှာ လှေမှောက်ပြီး အဘရော တပည့်ကလေးပါ ရေမကူးတတ်တော့ တဖြည်းဖြည်းနဲ့ နစ်မြုပ်ပြီး သေဆုံးခဲ့ရတယ်။ အဘတို့ ကွယ်လွန်ခါနီးမှာ ဒီရွှေတွေကို သွားသတိရတယ်။ အဘရဲ့ရွှေဒင်္ဂါးတွေနဲ့အတူ တပည့်လေး လုပ်အားခတွေစုပြီးလုပ်ထားတဲ့ ရွှေဆွဲကြိုးတစ်ကုံးလည်းပါတယ်။ အဲဒါကို စွဲလမ်းပြီး မကျွတ်လွတ်သေးတာဘဲ။ လူလေးတို့က အိမ်အပေါ်ထပ်မှာဝှက်ထားတဲ့ရွှေတွေကို ရှာပေးပါကွယ်။ တွေ့တဲ့အခါ ဘုရားတို့၊ ကျောင်းတို့မှာ လှူပေးပါ။ အဲဒီလိုလှူဒါန်းပြီး အဘနဲ့ အဘရဲ့ တပည့်ကလေးကို အမျှအတန်းပေးဝေပါကွယ်'

အိပ်မက် ပြီးဆုံးသွားသောအခါ ကျွန်ုပ်သည် လန့်၍နိုးလာလေ၏။

အိပ်မက်တို့၏ထုံးစံမှာ အိပ်မက်မြင်မက်နေစဉ် အဖြစ်အပျက်တို့သည် အမှန်တကယ် ဖြစ်ပျက်နေသည့်အလား မြင်မက်တတ်ကြပြီး အိပ်ရာမှနိုးလာသောအခါတွင် ဘာကိုမျှ တိတိကျကျမမှတ်မိတော့ဘဲ ဖြစ်တတ်သည်ကို ကိုယ်တိုင်လည်းသိ၏။ အများကလည်း ထိုကဲ့သို့ပင် ပြောကြလေသည်။

ယခု ကျွန်ုပ်မြင်မက်သောအိပ်မက်မှာ ထိုသို့မဟုတ်။ မိမိရှေ့တွင်လာ၍ပြောနေသယောင် ထင်မှတ်မိ၏။ အိပ်မက်ထဲမှပုဂ္ဂိုလ်ကြီးပြောသမျှအချက်အလက်များကိုလည်း အသေးစိတ်မှတ်မိနေ၏။

ကျွန်ုပ်သည် ရေကို ထသောက်လိုက်ပြီး လက်မှနာရီကို ကြည့်လိုက်ရာ နံနက် (၄) နာရီထိုးနေပြီ ဖြစ်၏။ ခဏအကြာတွင် ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံများကို ကြားရလေ၏။

ကျွန်ုပ်လည်း ဆက်မအိပ်တော့ဘဲ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများကို ဆောင်ရွက်ပြီး ဦးတင်ရွှေနှင့် မောင်စည်သူတို့ကိုနိုးရ၏။ ဦးတင်ရွှေမှာ ညစောစောကတည်းက အိပ်ထားသဖြင့် ကျွန်ုပ်နှိုးလိုက်သည်ဆိုလျှင်ပင် ချက်ချင်းနိုးလာသည်။ မောင်စည်သူသည်လည်း အိပ်ရာနိုးလာလေသည်။

သူတို့လည်း မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသောအခါ ကျွန်ုပ်အနီးသို့ရောက်လာကြ၏။

ကျွန်ုပ်လည်း ဦးတင်ရွှေ၏ခုတင်ပေါ်သို့သွားထိုင်ကာ မောင်စည်သူကိုပါခေါ်ပြီး ညကမြင်မက်ခဲ့သော အိပ်မက်ကို သူတို့အား အစအဆုံး အသေးစိတ်ပြောပြလိုက်လေသည်။

"အိပ်မက်က ဆန်းကြယ်တယ် အစ်ကိုကြီး။ ဒီအိမ်ရဲ့အိမ်ရှင်လို့ပြောတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ပေါ်လာပြီး ဒီအိမ်အပေါ်ထပ်မှာ သူဝှက်ထားခဲ့တဲ့ ရွှေဒင်္ဂါးတွေအကြောင်းပြောသွားတယ်။ ဝှက်တဲ့နေရာကို သူမသိဘူးတဲ့။ သူ့ညီ လက်သမားဆရာကဝှက်ပေးတာတဲ့။ အဲဒါကို တွေ့အောင်ရှာပြီး အလှူအတန်းလုပ်၊ သူ့ကို အမျှပေးဝေဖို့ ပြောသွားတာပဲ"

"ညီလေးကို အိပ်မက်ပေးတယ်ဆိုတော့ ညီလေးက ညစဉ်ညတိုင်း ပဋ္ဌာန်းရွတ်တာကို သိပုံရတယ်။ စိတ်ကောင်းရှိတာကိုလည်း သိပုံရတယ်။ ဒါကြောင့် သူဝှက်ထားတဲ့ရွှေတွေအကြောင်း ယုံယုံကြည်ကြည်နဲ့ပြောသွားတာပဲ"

မောင်စည်သူက-

"ဒါနဲ့ စကားဖြတ်ပြောရဦးမယ်။ ညက ကျွန်တော် အိမ်သာတံခါးဖွင့်မရတာရယ်၊ သရက်ကိုင်း ကျိုးကျတာရယ်၊ ဦးလေးဦးတင်ရွှေခြုံထားတဲ့စောင်ကိုတစ်ယောက်ယောက်က ဆွဲချနေတာတွေဟာ အဲဒီပုဂ္ဂိုလ်ကြီးလုပ်တာတွေလား"

"မဟုတ်လောက်ဘူးကွ။ သူနဲ့အတူ တပည့်တစ်ယောက်ပါတယ်လို့ပြောတယ်လေ။ ရွှေတွေဝှက်ထားတဲ့နေရာမှာ အဲဒီတပည့်ကလေးရဲ့ ရွှေဆွဲကြိုးတစ်ကုံးပါတယ်လို့ပြောတယ်။ သူတို့ခရီးထွက်တော့ မြစ်လယ်မှာလှေမှောက်ပြီး ဆုံးသွားကြတာ။ ဆုံးခါနီးမှာ သူတို့ရွှေတွေကို စိတ်ရောက်သွားလိမ့်မယ်။ ဒါကြောင့် နှစ်ဦးစလုံး မကျွတ်မလွတ်ဘဲ ဖြစ်နေတာပေါ့။ ညကဖြစ်တဲ့ကိစ္စတွေကတော့ သူ့တပည့်ရဲ့လက်ချက် ဖြစ်ပါလိမ့်မယ်"

ဦးတင်ရွှေက-

"ဟုတ်တယ်လို့ပဲထားလိုက်ပါတော့။ ဒီတော့ ညီလေး အိပ်မက်ကိစ္စကို ဘယ်လိုလုပ်ချင်သလဲ"

"ကျွန်တော်ကတော့ ကျွန်တော့်ကိုယုံကြည်လို့ ဖွင့်ပြောသွားတာပဲ။ ရွှေတွေကိုတွေ့အောင်ရှာချင်တယ်။ ဒါပေမယ့် ကျွန်တော်တို့စစ်ဆေးရေးအဖွဲ့က ဒီနေ့မနက် ကွင်းကောက် (မြောက်) ဒိုင်ကိုကူးမယ်လို့ စီစဉ်ပြီးပြီလေ။ဟိုကိုလည်း အကြောင်းကြားပြီးပြီမဟုတ်လား"

"အေးကွ၊ ဟိုကလူတွေစောင့်နေကြမှာ"

ကျွန်ုပ်တို့ ထိုသို့စကားပြောနေစဉ် ဒိုင်မှူးနှင့်ဒိုင်ဝန်ထမ်းတစ်ဦးတို့ရောက်ရှိလာကြ၏။

ဒိုင်မှူးက-

"ဆရာတို့ အစောကြီးနိုးနေကြပါလား။ လက်ဖက်ရည်သွားသောက်ကြရအောင်"

ကျွန်ုပ်တို့လူစုလည်း လက်ဖက်ရည်ဆိုင်သို့လမ်းလျှောက်၍လာခဲ့ကြ၏။

ဆိုင်သို့ရောက်သောအခါ မိမိတို့သောက်လိုရာကိုအသီးသီးကို မှာကြပြီးနောက် ကျွန်ုပ်က-

"ဒိုင်မှူးကိုပြောရဦးမယ်။ ညက ကျွန်တော် အိပ်မက်မက်တယ်ဗျ"

ကျွန်ုပ်သည် အိပ်မက်အစအဆုံးကို ဒိုင်မှူးအား ပြောပြလေ၏။

ဒိုင်မှူးလည်း အံ့အားသင့်လျက်-

"အိပ်မက်ထဲမှာတွေ့တဲ့ပုဂ္ဂိုလ်ကြီးက ဦးထွန်းအောင်ကျော်ဖြစ်ရမယ်။ ညာဘက်မျက်လုံးအောက်မှာ ဖုသီးကြီးနဲ့ဆို"

"ဟုတ်တယ်ဗျ"

"ဒါဆိုရင် ဟောဟိုက လက်ဖက်ရည်ဖျော်နေတဲ့ မောင်ကျော်စိုးရဲ့ဦးလေးပဲ"

ထိုအခါမှ ကျွန်ုပ်လည်းလက်ဖက်

ရည်ဖျော်နေသူကိုကြည့်မိ၏။ လက်ဖက်ရည်ဖျော်နေသူကို ကျွန်ုပ် မြင်ဖူးသည်။ ဘယ်နေရာမှာပါလိမ့်ဟု စဉ်းစားနေဆဲ သူ၏နှာခေါင်းတွင် ပလတ်စတာကပ်ထားသည်ကိုမြင်တော့မှ ညကလက်ဖွေ့ပွဲတွင် လက်ဖွေ့ထိုးခဲ့သော ဘောင်းဘီအပြာဝတ်လူငယ်ကလေးဖြစ်မှန်း မှတ်မိလေ၏။

"မောင်ကျော်စိုးရေ အားရင် ခဏကွာ"

"ဟုတ်ကဲ့ ဦးလေး"

မောင်ကျော်စိုးရောက်လာသောအခါ ဒိုင်မှူးက ညကကျွန်ုပ်မြင်မက်သောအိပ်မက်ကို အစအဆုံးပြောပြလိုက်လေသည်။

"ဟာ-အဲဒါဆို ကျွန်တော့်ဦးလေး ဦးထွန်းအောင်ကျော်ပဲ။ သူက အထက်အညာကလေ။ မန္တလေးကလို့ ပြောတာပဲ။ သူက ုိးဘောင်ခေတ်က မင်းမှုထမ်းတစ်ဦးရဲ့အနွယ်တော်တစ်ယောက်ပဲ။ သူရယ်၊ သူ့ညီရယ်၊ ညီအစ်ကိုနှစ်ယောက် ရေကြည်ရာမြက်နုရာ စီးပွားရှာမယ်ဆိုပြီး အောက်ပြည်အောက်ရွာကိုဆင်းလာကြတာ။ ညီလုပ်သူက မကွေးမှာ မကွေးသူတစ်ယောက်နဲ့အကြောင်းပါပြီး အဲဒီမှာပဲ နေရစ်တယ်တဲ့။ သူကတော့ ခယ်မရဲ့အချိုးမကြိုက်လို့ အဲဒီမှာမနေဘဲ အညာကမျှောလာတဲ့သစ်ဖောင်ကြီးစီးပြီးလိုက်လာတာ။ သစ်ဖောင်မှာပါလာတဲ့ အင်္ဂပူသားတစ်ယောက်နဲ့ခင်မင်ပြီး ဒီမှာဆင်းနေရစ်ခဲ့ရင်းနဲ့ ကျွန်တော့်အဒေါ်တစ်ယောက်နဲ့ အကြောင်းပါတာပါ"

"ဩော်- အရင်တလောက ကွယ်လွန်သွားတဲ့ အဒေါ်လား"

"ဟုတ်တယ်ဗျ။သူတို့မှာသားသမီးလည်းမရှိဘူး။ ဒီရွှေတွေပါလာတာ သူ့ဇနီးလည်း သိဟန်မတူဘူး။ ဦးလေးက သိပ်လျှို့ဝှက်တာခင်ဗျ။ ဒီအိမ်ကို ကျွန်တော်ပဲ ထိန်းသိမ်းစောင့်ရှောက်ထားရတာ။ ကျွန်တော်က ဒီမှာမနေချင်တော့ အိမ်ကိုသော့ပိတ်ထားတာပါ။ ခုမှ ဧည့်သည်တွေကို ညအိပ်သိပ်မယ်လို့ ဒိုင်မှူးက ပြောလို့ သော့ဖွင့်ပေးတာပါ"

"ဒါဆို ဟုတ်ပြီ။ ဒီက ဆရာက သူမြင်မက်တဲ့အိပ်မက်ထဲမှာ မင်းဦးလေး ပြောတဲ့ ရွှေတွေကို ရှာချင်တယ်"

ဤတွင် ကျွန်ုပ်က စကားဖြတ်၍-

"ဒီလိုပါဗျာ၊ ကျွန်တော်တို့အဖွဲ့က ဒီနေ့မနက်မှာ ကွင်းကောက် (မြောက်) စပါးဒိုင်ကို ရောက်မယ်လို့ အကြောင်းကြားပြီးနေပြီ။ ကျွန်တော်တို့က စီမံချက်ဆွဲပြီးလုပ်ရတာကိုး။ဒါကြောင့်ကျွန်တော်နဲ့ဦးတင်ရွှေသွားရပါမယ်။ ဒီက မောင်စည်သူကိုထားခဲ့ချင်တယ်။ ဒိုင်မှူးက ရပ်ရွာလူကြီးတွေကိုအကြောင်းကြားပြီး ဦးထွန်းအောင်ကျော်နဲ့ တပည့်ကလေးတို့ထားခဲ့တဲ့ ရွှေတွေကို ရှာပေးပါ။ ဒိုင်မှူးလည်း စပါးအပြည့်အဝဝယ်ပြီးပြီဆိုတော့ အားလပ်နေပါပြီ။ ကူညီပေးလိုက်ပါဗျာ"

ကျွန်ုပ်က မောင်စည်သူကို ဆက်လက်၍-

"မောင်စည်သူက ဒီမှာ နေရစ်ပြီး ဒီကလူကြီးတွေ ရှာလို့တွေ့တယ်ဆိုရင် ဘယ်လိုရှာတယ်၊ ဘယ်နေရာက တွေ့တယ် ဆိုတာ ကွင်းကောက် (မြောက်) ဒိုင်ကို မင်းလိုက်လာတဲ့အခါ ငါ့ကိုပြောပြ၊ ဟုတ်လား။ ဘယ်လိုလုပ်မယ် စီစဉ်ထားသလဲဆိုတာပါ မှတ်သားလာခဲ့"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော်နေရစ်ခဲ့ပါမယ်"

◆ ❖ ◆

ထိုနေ့မနက်ပိုင်းတွင် ကျွန်ုပ်နှင့် ဦးတင်ရွှေတို့သည် ကွင်းကောက်(မြောက်) ဒိုင်သို့ဆက်လက်လာရောက်ခဲ့ကြ၏။ဒိုင်မှူး ကိုရွှေကိုသည် ကျွန်ုပ်တို့ကိုကြိုဆိုနေလေသည်။

ကွင်းကောက် (မြောက်) ဒိုင်သည် ဒိုင်ခွဲမဟုတ်ဘဲ ဒိုင်မကြီးဖြစ်သောကြောင့် စာရင်းဇယားများစစ်ဆေးရာတွင် ထိုနေ့ ညဥ့်ဦးပိုင်းတွင် ပြီးစီးသွားသဖြင့် ငွေသားလက်ကျန်များ စစ်ဆေးရန် ထိုည ကွင်းကောက် (မြောက်) ဒိုင်တွင် ညအိပ်ရ၏။

ငွေသားလက်ကျန်မှာ ကွင်းကောက် (မြောက်) ရဲစခန်းတွင် မီးခံသေတ္တာဖြင့်ထားရှိသဖြင့် ညအချိန် ရဲစခန်းသို့မသွားလိုသောကြောင့် မနက်ဖြန်နံနက်မှ စစ်ဆေးရန် စီစဉ်ရ၏။

ညစာစားခါနီး ကျွန်ုပ်တို့ရေချိုးနေစဉ်တွင် မောင်စည်သူ ရောက်ရှိလာ၏။ သူသည် ရောက်လျှင်ရောက်ချင်းမှာပင်-

"အံ့ဩစရာကောင်းလိုက်တာဗျာ။ အစ်ကို့အိပ်မက်ထဲကအတိုင်း ရွှေတွေကို ရှာလို့တွေ့တယ်"

"ဘယ်လိုရှာတယ်ဆိုတာ ပြီးတော့ ပြောပြကွာ"

ကျွန်ုပ်တို့ညစာထမင်းစားပြီးသောအခါ ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း ရွှေများရှာသည့်အကြောင်းကို မောင်စည်သူက ကျွန်ုပ်တို့အား ပြောပြပါသည်။

"ဒီလိုအစ်ကိုရ၊ ရပ်ရွာလူကြီးတွေ ရောက်လာကြတော့ ရွှေတွေ ဘယ်မှာဝှက်ထားတယ်ဆိုတာရှာဖို့လုပ်ကြတယ်။ လက်ဖက်ရည်ဆိုင်က ကိုကျော်စိုးလည်းပါတယ်။ ဒါနဲ့ လူကြီးတွေ တိုင်ပင်ကြတယ်။ ဒီမှာ ကိုကျော်စိုးက-

'ဒီအိမ်ဆောက်တော့ ကျွန်တော်လည်းပါတယ်ဗျ။နေ့စားလုပ်သားအနေနဲ့လိုက်လာတာပါ'

'ဒီလိုဆို လက်သမားဆရာကြီးဘာတွေလုပ်တယ်ဆိုတာမင်းသိမှာပေါ့'

'ဟုတ်ကဲ့ သိပါတယ်။ ဒါပေမယ့် အိမ်ဆောက်လို့ပြီးသွားတော့ သူလုပ်စရာတစ်ခုကျန်သေးတယ်လို့ ပြောပြီး အိမ်ပေါ်ကိုတစ်ယောက်တည်းတက်သွားတယ်။ ဘယ်သူမှလိုက်မလာဖို့လည်းမှာသွားတယ်။ သူလည်း အိမ်ပေါ်ရောက်ရောလှေကားမှာတပ်ထားတဲ့မိုးကျတံခါးကိုပိတ်လိုက်တယ်ဗျ။ သူလက်ထဲမှာကိုင်သွားတာတွေကတော့ ကျွန်တော်မှတ်မိသလောက် လက်ထိုးလွှတစ်ချောင်းရယ်၊ ဆောက်တစ်လက်ရယ်၊ တူကလေးတစ်ချောင်းရယ်ယူသွားတာတွေ့တာပဲ။အိမ်ပေါ်ထပ်မှာ ဘာတွေဘယ်လိုလုပ်တယ်ဆိုတာ မသိရပါဘူး' လို့ ပြောပြတယ်။

ဒါနဲ့ ကျွန်တော်တို့အဖွဲ့လည်း အိမ်ပေါ်ကိုတက်ကြတယ်။ အိမ်ပေါ်မှာရှင်းနေတာပဲ။ အိမ်ထောင်ပရိဘောဂပစ္စည်းတွေဖြစ်တဲ့ ဗီရို၊ စားပွဲတို့၊ ကုလားထိုင်တို့ ဘာတစ်ခုမှမရှိဘူး။

ကျွန်တော်တို့လည်း ကြမ်းပြင်တို့၊ နံရံတို့မှာ အံဝှက်လုပ်ထားသလားလို့ရှာကြည့်တယ်။ဘာအံဝှက်မှမတွေ့ရဘူးဗျ။ ဒါနဲ့ ကျွန်တော်က အိမ်အမိုးတွေမှာလုပ်ထားသလားဆိုပြီး အပေါ်ပိုင်းကို ကြည့်ကြတယ်။ အဲဒီမှာ ဒိုင်က ငွေချေတဲ့ ကိုလှထွန်းက ပြောတယ်။

'ကျွန်တော် မှတ်မိပြီ။ တစ်နေ့မှာ ဒိုင်မှူးက သရက်သီးအစိမ်းစားချင်တယ်ဆိုလို့ခူးဖို့လာခဲ့တယ်။သရက်ပင်ကြီးပေါ်တက်ပြီး သရက်သီးခူးနေတုန်း လူတစ်ယောက် ပုဆိုးကို ခါးတောင်းကျိုက်ပြီး အိမ်တိုင်ကို ဖက်တက်နေတာ ပြတင်းပေါက်ကနေ ခပ်ဝါးဝါးလှမ်းမြင်ရတယ်။ ပြီးတော့ လွှဖြတ်သံကြားရတယ်။ အိမ်ထဲမှာ မှောင်နေတော့ ဘယ်တိုင်ဆိုတာ ကျွန်တော် မမှတ်မိဘူး' လို့ပြောတယ်။

ရပ်ရွာလူကြီးတစ်ယောက်က-

'ဒီလိုဆို တိုင်တစ်တိုင်ပေါ်တက်တာ သေချာနေပြီ။ ကဲ- တိုင်တွေပေါ်တက်ရှာရအောင် လှေကားတစ်ခုရှာခဲ့ကွာ' လို့ ပြောတာနဲ့ မန္တရာသီမှာ မီးချိတ်

ဘပ်နဲ့ လေ့ကားတွေ အိမ်တိုင်း အိမ်တိုင်း လုပ်ထားကြတာကြောင့် အဲဒီမှာ လှေကားတစ်စင်းတွေ့တာနဲ့ လှေကားကို ယူလာပြီး တိုင်တစ်တိုင်ချင်း လှေကားထောင်ပြီး တက်ကြတယ်။

'သေသေချာချာကြည့်ကွာ။ တိုင်မှာ အပေါက်တွေဘာတွေတွေ့သလား၊ အပေါက်လုပ်ပြီးတော့များ ရွှေတွေကို ထည့်ထားသလားဆိုတာ'

တိုင်ပေါ်တက်တဲ့လူက တစ်တိုင်ပြီးတစ်တိုင် လှေကားထောင်ပြီးတက်ရှာလိုက်တာ ဘယ်တိုင်မှာမှ ထူးခြားချက်မတွေ့ဘူး။ နောက်ဆုံးတက်တဲ့တိုင်ကျတော့မှ ထူးခြားချက်တွေ့ရတယ်။

အဲဒီတိုင်ကတော့ အိမ်ရဲ့အရှေ့ထောင်အရပ်မှာရှိတဲ့ ဥရုတိုင်ပဲဗျ။ အဲဒီတိုင်ရဲ့ထိပ်ဖျားနားမှာ လွှတို့ ဆောက်တို့နဲ့အပေါက်ဖောက်ပြီး အထဲမှာ ကတ္တီပါအိတ်ကလေးထည့်ထားတယ်။ ပြီးတော့ အပေါက်နဲ့ အံကျအောင် ပြန်ပိတ်ထားတယ်။ ပိတ်ထားတဲ့အံကို ဆွဲဖွင့်လိုက်တော့ ကတ္တီပါအိတ်ကလေးကို တွေ့ရတာပဲ။ အဲဒီလူလည်း ကတ္တီပါအိတ်လေးယူပြီး အောက်ကို ဆင်းလာပြီး လူကြီးတွေအားလုံးရှေ့မှာ အိတ်ကလေးကိုဖွင့်ကြည့်ကြတယ်။ တွေ့ရတာကတော့ ရွှေဒင်္ဂါး (၁၀) ပြားနဲ့ ရွှေဆွဲကြိုးတစ်ကုံးပဲ။ ဒါနဲ့ ဘယ်ခေတ်က ရွှေဒင်္ဂါးပြားလဲ သိရအောင် ရွာထဲကရှေးဟောင်းသုတေသနဌာနမှာလုပ်ခဲ့ပြီး ပင်စင်ယူထားတဲ့ ဦးဖိုး၊ သိန်းကို ပြကြည့်ကြတယ်။ သူက သေသေချာချာစစ်ဆေးပြီး ရွှေဒင်္ဂါးပြားတွေကတော့ ကုန်းဘောင်ခေတ်ကသွန်းလုပ်ခဲ့တာဖြစ်ပြီး ရွှေဆွဲကြိုးတစ်ကုံးကတော့ အခုခေတ်လက်ရာလို့ ပြောတယ်။

တွေ့တဲ့ရွှေဒင်္ဂါးတွေကို သက်ဆိုင်ရာဌာနကိုအပ်ပြီး သက်ဆိုင်ရာကသတ်မှတ်ပေးတဲ့အတိုင်း ရလာမယ့်ငွေတွေကို ဦးထွန်းအောင်ကျော် မှာခဲ့တဲ့အတိုင်း အလှူဒါနလုပ်ဖို့စီစဉ်ကြတယ်။

ဒါနဲ့ ရွာဦးကျောင်းကဆရာတော်ထံသွားပြီး ဩဝါဒခံယူကြတော့ ရတဲ့ငွေရဲ့တစ်ဝက်ကို တောင်ပေါ်မှာတည်ထားတဲ့ဘုရားပေါ်တက်တဲ့စောင်းတန်းအရှည်ကြီးကိုဆောက်ဖို့နဲ့ လှေကားထစ်တွေလုပ်ဖို့ဆုံးဖြတ်ကြတယ်။ ကျန်တဲ့တစ်ဝက်ကိုတော့ ကျောင်းမှာလိုအပ်နေတဲ့သိမ်ကို အဟောင်းပြင်ပြီး အသစ်ဆောက်ဖို့ဆုံးဖြတ်ကြတယ်။ ရွှေဆွဲကြိုးကတော့ ရောင်းပြီး ရောင်းရတဲ့ငွေနဲ့ အလှူဒါနလုပ်တဲ့နေ့မှာ ဧည့်ပရိသတ်ကို ဧည့်ခံကျွေးမွေးဖို့ ဆုံးဖြတ်ကြတယ်"

မောင်စည်သူစကားဆုံးသောအခါတွင် နားထောင်နေကြသူအပေါင်းက သာဓုခေါ်ကြပါသည်။

မောင်စည်သူက ဆက်ပြောလေသည်။

"ဒီနေ့က တပေါင်းလပြည့်နေ့လေ။ အခုဆို လတလည်းသာလိုက်တာ။ တစ်လောကလုံး လှပ အေးချမ်းနေတာပဲ။ ညောင်ကျိုးမှာလည်း လသာမှာပဲနော်။ အခု ဒီသတင်းကိုကြားပြီး ရွာသူရွာသားတွေလည်း ပျော်ရွှင်နေကြတယ်။ ဘုရားမှာလည်း လိုအပ်တဲ့ အုတ်လှေကားနဲ့ စောင်းတန်းနဲ့ ဖြစ်တော့မယ်၊ ဘုန်းကြီးကျောင်းမှာလည်း နှစ်ထပ်သိမ်အသစ်ကြီး ပေါ်လာတော့မယ်ဆိုတော့ သူတို့ရင်ထဲမှာလည်း လသာနေမှာပါ"

◆ ◆ ◆

ထိုညက ကျွန်ုပ်သည် ဦးထွန်းအောင်ကျော်ကို အိပ်မက်မက်လေ၏။ သူ့ဘေးတွင် သူ့တပည့်ဖြစ်ဟန်တူသူတစ်ဦးကိုလည်းတွေ့ရပါသည်။ သူသည် ယခင်တစ်ကြိမ်တွေ့ရစဉ်အတိုင်း အဝတ်အစားများဝတ်ဆင်ထားပြီး သူရော သူ့တပည့်ပါ နှစ်ဦးစလုံး၏မျက်နှာများသည် ပြုံးရွှင်နေပါသည်။

ကျွန်ုပ်က ဦးထွန်းအောင်ကျော်အား ဝှက်ထားသည့်ရွှေများကိုရှာတွေ့ပြီဖြစ်ကြောင်း၊ မည်သည့်နေရာတွင် မည်သည့်ကောင်းမှုများပြုလုပ်မည့်အကြောင်းများကို ဝမ်းသာအားရ ပြောပြလိုက်ပါသည်။

ဦးထွန်းအောင်ကျော်က-

'သာဓု. . . သာဓု. . . သာဓုပါကွယ်။ အဘ အခုမှပဲ စိတ်အေးရတော့တယ်။ လူကလေးကိုလည်း ကျေးဇူးတင်ပါတယ်။ သွားလေရာလာလေရာ ခလုတ်မထိ ဆူးမငြိဘဲ လုပ်ငန်းများအောင်မြင်ချောမောပါစေကွယ်။ ကဲ-အဘသွားပြီ'

ဦးထွန်းအောင်ကျော်က ပြုံးရွှင်စွာပြောပြီး ပျောက်ကွယ်သွားပါသည်။

◆ ◆ ◆

ဤ အဖြစ်အပျက်ကလေးသည် ၁၉၉၈-၉၉ စပါးရာသီတွင် အင်ပူမြို့နယ် စပါးဒိုင်များသို့ ကျွန်ုပ်တို့အဖွဲ့ စစ်ဆေးရေးထွက်နေစဉ်တွင် ညောင်ကျိုးဒိုင်ခွဲသို့ ရောက်ရှိခဲ့စဉ် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကလေး ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မင်းသန့်ကျော်(ဓါးကုန်း)

ဒူလာရောဂါ

အမြစ်ပြတ်ဆေးကုနည်း

မောင်ရေမွှေး(နတ်မောက်)



မြန်မာ့ တိုင်းရင်းဆေးပညာတွင် ယောကျ်ားဒူလာ၊ မိန်းမမီးယပ်ဟူသော ဆိုစကားရှိပါသည်။ အမျိုးသားများတွင် ဒူလာရောဂါစွဲကပ်တတ်ပြီး ဒူလာအပေါင်းရှစ်သောင်းလေးထောင်ဟုပင် ဒူလာရောဂါ အမျိုးပေါင်းများပြားလှသဖြင့် တင်စားဖွဲ့ဆိုခဲ့ကြပါသည်။ ထို့အတူပင် အမျိုးသမီးများမှာလည်း မီးယပ်အပေါင်း ရှစ်သောင်းလေးထောင်ပင်ဖြစ်ပါသည်။

ညောင်းညာကိုက်ခဲ၊ ထုံကျဉ်၊ မျက်စိမှုန်၊ ကိုယ်လက်နွမ်းနယ် နုံးချည့်ဝေဒနာ တစ်မျိုးပြီးတစ်မျိုးဖြစ်ပေါ်လာခြင်းကိုဆိုလိုပါသည်။

အမျိုးသမီးများ မီးယပ်ရောဂါနှင့် အမျိုးသားများ၏ ဒူလာရောဂါနှစ်မျိုးလုံးအမြစ်ပြတ် ပျောက်ကင်းစေသောဆေးနည်းတင်ပြအပ်ပါသည်။ အမျိုးသားရော အမျိုးသမီးပါ စား၍သင့်ပြီးမည်သည့် ဘေးထွက်ဆိုးကျိုးမှမရှိပါ။ ဆေးဖော်စပ်နည်းမှာ-

* ထန်းဖိုဦးထန်းလျက်(၁၀)ကျပ်သား၊
* မန်ကျည်းမှည့် (၁၀) ကျပ်သား၊
* ကြက်သွန်နီ (၁၀) ကျပ်သား၊
* ဆား (၅) ကျပ်သား၊
* နှမ်းဆီ (၃) ကျပ်သား၊

ဆေးအမယ်များကို ထုသင့်တာ ထုထောင်းသင့်ရာထောင်းပြီး သမအောင်ရောမွှေ ဖော်ထားပြီး ဖန်ပုလင်းတွင်ထားပါ။ နေ့စဉ် ဆီးသီးလုံးခန့်စားပြီး ရေအေးဝဝသောက်ပါ။ ဆေးတစ်ဖုံနှင့် အညောင်းအကိုက်ဒူလာ၊ မီးယပ်ဖြူနီညိုမည်းကွက်များပျောက်ကင်းပြီး သုံးဖုံစားပြီးလျှင် မျက်စိပါကြည်လင်၍ တက်ကြွလန်းဆန်းအားခွန်ပြည့်ဖြိုးလာပါမည်။

မောင်ရေမွှေး(နတ်မောက်)

ထိပ်တင်အုန်းကျော်

အခြေခံဆန်းကျမ်းဗဟုသုတများ

မေး။ တော်တော်ကိုစုံတဲ့ ဌာနနေရာအတွဲတွေပါဆရာ။ပညာတွေရော၊ ဗဟုသုတတွေရောရလို့ မဆုံးနိုင်အောင်ဖြစ်နေရပါတယ်။ ဆန်းကျမ်းပညာဟာ ကျွန်တော်တို့လေ့လာသလောက် လိုက်စားသလောက်ကိုသာ မြင်တတ်တာမြင်နိုင်ခဲ့တာ။ အခု ဆရာပြောပြမှမဟုတ်ပါဘူး။ သင်ပြမှ တော်တော်လေး နက်နက်နဲနဲပိုသိလာရတော့တယ်ဆရာ။ ပိုသိလာလေ ဆန်းကျမ်းပညာကြီးကို အံ့သြရလေပါပဲ။

ဖြေ။ ဆန်းကျမ်းပညာကို တန်ဖိုးမဖြတ်နိုင်တာ အဲဒါပဲဗျ။ ဒီဂြိုဟ်ကဒီလိုရှိတယ်။ ဟိုဂြိုဟ်က ဟိုလိုရှိတယ်ဆိုပြီး ပညာရှင်ကြီးတွေပြဆိုခဲ့တာကို အဲဒီဂြိုဟ်တွေရဲ့တစ်ခုချင်းစွမ်းအားတွေကို ကြည့်အလုပ်လုပ်ပုံတွေကိုကြည့် မလွဲစေရဘူးတန်းနေတာပဲ။ အဲဒီတော့ ရှေးပညာရှင်ကြီးတွေရဲ့ အစဉ်အဆက် နောက်ပိုင်းပညာရေရှိကိုသောက်စို့နေရတဲ့ ခင်ဗျားတို့ ကျွန်တော်တို့တွေဟာ အဲဒီဂြိုဟ်တစ်ခုနဲ့ဂြိုဟ်တစ်ခုပူးလိုက်တာနဲ့ ဘာဖြစ်တော့မယ်ဆိုတာ ဘာလို့မပြောနိုင်ရမှာလဲဗျ မဟုတ်ဘူးလား။ ပညာရှင်ကြီးတွေ ပြထားပြီးသားလေ။

မေး။ ဟုတ်တာပေါ့ဆရာ။

ဖြေ။ ဒါအခိုင်အမာရှိတဲ့ပညာလေဗျာ။ ခင်ဗျားတို့ကျွန်တော်တို့ ထင်ရာစိတ်ကူးပြီး မှန်းသမ်းရမ်းသမ်းလို့မရဘူး။ ပညာရှင်ကြီးတွေက ဖြစ်မယ်ဆိုတာကို ကျွန်တော်တို့က ပျက်မယ်သွားပြောလို့ မရဘူး။ ပညာရှင်ကြီးတွေက ပျက်မယ်ဆိုရင်လည်း ခင်ဗျားတို့ ကျွန်တော်တို့က ကောင်းမှာပါလို့ သွားလုပ်လို့မရဘူး။

မေး။ ဟုတ်တယ်။ ဟုတ်တယ်။

ဖြေ။ ဒါအခြေခံအဆင့်လောက်လေးတွေပဲရှိသေးတယ်နော်။ အခြေခံအဆင့်တောင် အဲဒီလောက်တွေ့နေရရင် တဖြည်းဖြည်းမြင့်သွားတဲ့အခါ ဆန်းကျမ်းပညာကြီးရဲ့သတ္တိစွမ်းအားကို စဉ်းစားသာကြည့်တော့။ ဘယ်လောက်ထောင့်စေ့လိုက်သလဲလို့။

မေး။ ဟုတ်ပါ့ဆရာ။

ဖြေ။ ခင်ဗျားစဉ်းစားကြည့် လူတစ်ယောက်ကို ဟောတော့မယ်ဆိုတာနဲ့မွေးနံကို ဦးဆုံးကြည့်တယ်။ ဟောပြီးရင် (၇)ဌာနအသီးသီးရဲ့ အဝင်တွေအထွက်တွေကိုကြည့်တယ်။ ကြည့်စမ်းဘယ်လောက်စိတ်လိုက်လဲ။ ပြီးတော့မွေးနံကိုကပ်တဲ့ဂြိုဟ်ဟာ မိတ်လား၊ ရန်ဂြိုဟ်လား၊ ခတ်ဂြိုဟ်တွေများလား၊ ဥဒါသိန်ဂြိုဟ်တွေလား၊ ဟော-ကြည့်ရပြန်တယ်။ ဒါ မဟောသေးဘူးနော်။ တချို့ပညာရှင်ကြီးတွေဆိုရင် မွေးနံရဲ့ အညွန့်ဂြိုဟ်တို့ အခြေဂြိုဟ်တို့ကိုတောင် ဘယ်လိုဂြိုဟ်တွေကပ်သလဲဆိုတဲ့အထိ အသေးစိတ်ကြည့်ပြီး အသေးစိတ် ဒေါက်ခနဲဒိုးခနဲပြောနိုင်ကြတယ်။ ဒါတင်လားမဟုတ်သေးဘူး။ လာမေးသူဟာ ယောက်ျားလား၊ မိန်းမလား အသေးစိတ်ခွဲပြီးကြည့်ကြပြန်တယ်။ ယောက်ျားကမေးရင် တချို့ဂြိုဟ်ပရိယာယ်ကျ တစ်မျိုး၊ မိန်းမကမေးရင် ဂြိုဟ်ပရိယာယ်ကတစ်မျိုး မတူပြန်ဘူး။ အဲဒီမှာမှ ထပ်ခွဲတယ်။ သက်ရှိလား၊ သက်မဲ့လား၊ လူ့ဂြိုဟ်လား၊ တိရစ္ဆာန်ဂြိုဟ်လား၊ ဟော- မလွတ်သေးဘူးနော်ခင်ဗျား။ ဘာစုံသလဲ မမေးနဲ့။ ပြီးတော့ ဌာနမမာနလား၊ ကာလပမာနလားဆိုပြီး ဝင်ပုံထွက်ပုံကို ကြည့်ပြန်တယ်။ အကပ်ဂြိုဟ်ဟာ အထက်ဂြိုဟ်တွေလား၊ အောက်ဂြိုဟ်တွေလား ကြည့်ပြီးတာနဲ့ ဘယ်ဌာနက ဂြိုဟ်ဟာဝင်မှာလဲ၊ ဘယ်ဌာနဂြိုဟ်ထွက်မှာလဲ။ ဟော- ဝင်ခြင်း ထွက်ခြင်းကြည့် ပြန်ရော။ ဟုတ်ပြီ။ ထွက်တဲ့ဂြိုဟ်ကို တွေ့ပြီဆိုတာနဲ့ အပူနဲ့ထွက်တာလား အအေးနဲ့ထွက်တာလား။ ဟာဗျာ အများကြီးပဲ။ ကပ်ဂြိုဟ်တစ်ခုထဲ ကြည့်ပြီး မွေးနံတစ်ခုထဲကြည့်ပြီး ကောင်းမကောင်း ကောင်းဆိုးဟောရုံနဲ့ပြီးတဲ့ ပညာမှမဟုတ်တာ။

မေး။ အားရစရာကြီးပဲနော်ဆရာ။ ထောင့်ပိတ်ပြီးဟောသလိုပဲ။

ဖြေ။ ထောင့်ပိတ်ပြီးဟောတယ်ဆိုလို့ တစ်ခါက ပညာရှင်ဆရာတစ်ဆူဆီကို လူနှစ်ယောက် ပစ္စည်းပျောက်သွားမေးကြတယ်တဲ့။ ဆရာကခုနလိုပေါ့ဗျာ။ ဂြိုဟ်တွေကို အသေးစိတ် စစ်ဆေးလည်းပြီးရော အဲဒီနှစ်ယောက်ထဲက အကျီလျှော့ရဲရဲ ဝတ်ထားတဲ့သူကို ဟိုလမ်းထိပ်မှာ ဖယောင်းတိုင်လေးငါးတိုင်လောက် သွားဝယ်ပေးစမ်းပါမောင်ရင်ရယ်။ ညကျရင် ဘုရားဝတ်ပြုဖို့ ငါ့မှာဖယောင်းတိုင်နည်းနေလို့ဆိုပြီး အဝယ်

ထွက်လိုက်တယ်။ ဟိုသူငယ်သွားလည်းဝယ်ရော ကျန်တဲ့သူငယ်ကို မင်းပစ္စည်းသူ့ဆီမှာ၊ အဲဒီတော့ မင်းချော့သာတောင်းတော့ သွားမကြွမ်းနဲ့။ မရရင်လဲကွာ အရမ်းကာရော တောင်းမနေပါနဲ့တော့။ ရန်မများအောင်နေလို့ ပြောလိုက်တော့ ကျန်ခဲ့တဲ့သူငယ်က မျက်လုံးပြူးသွားပြီး ဟာ-ဟုတ်တယ်ဆရာ။ ကျွန်တော်လည်း သိတယ် သူယူထားတာကို၊ ဒါပေမယ့် သူကဖွတ်ငြင်းနေလို့။ ကဲ-လာကွာ မင်းလည်းမသိ၊ ငါလည်းမသိဖြစ်နေတာ။ တို့ပစ္စည်းပျောက် သွားမေးကြည့်မယ်။ ခင်းရောငါရော စိတ်ရှင်းသွားအောင်လို့ ဆိုပြီးခေါ်လာတာ။ အမှန်က ဖျောလိုက်ပြီဆိုတာ ကျွန်တော့်ကို ပြောတဲ့လူက ပြောတယ်ဆိုတော့ ဆရာက ပစ္စည်းက ရောင်းမထွက်သေးပါဘူးကွယ်။ သူ့လက်ထဲမှာပဲရှိပါသေးတယ်။ မကြာခင်တော့ ရောင်းရင်လည်း ရောင်းတော့မှာပေါ့။ တောင်းမနေပါနဲ့တော့လို့ ပြောလိုက်တော့ ပိုင်ရှင်သူငယ်လည်း ကျေနပ်သွားပါတယ်တဲ့။ ဆိုလိုချင်တာက ခုနပြောသလိုဂြိုဟ်တွေကို အသေးစိတ်စစ်ဆေးပြီးဟောလိုက်တဲ့အခါ ထွက်လာတဲ့ဟောပေါက်ကိုပါ။

မေး ။ တကယ်ကြောက်စရာနော်။ လိမ်လို့ကိုမရဘူး။

ဖြေ ။ ကျွန်တော်တို့ သင်ကြားဖတ်မှတ်ခဲ့ရဖူးတာကတော့ ပညာရှင်ဆိုတာ မပြောချင်ရင်သာရှိရမယ် တစ်နည်းမဟုတ်တစ်နည်းနဲ့တော့ သိတာပဲတဲ့။ ဒါပေမယ့် ဆိတ်ဆိတ်နေကြတယ်တဲ့။ အခုပြောပြတဲ့အဖြစ်လေးကိုကြည့်။ ဟောပြောသူဆရာဟာ ရန်မများအောင်ထိန်းပေးလိုက်တယ်။ ကာယကံရှင်ကလည်း သိချင်ရုံသဘောဆိုတော့ ကျေနပ်သွားတာပဲ။ ဒါဟာ ဂြိုဟ်တွေကို လက်ဝဲ၊ လက်ယာ အရှင်ဂြိုဟ်၊ ကျွန်ဂြိုဟ်၊ နဂိုရ်ဂြိုဟ်၊ ယာယီဂြိုဟ်၊ ကျားဂြိုဟ်၊ မဂြိုဟ် ခွဲခြားစိတ်ဖြာပြီး အဝင်အထွက်တွေ ကာလတွေဌာနတွေကို ဆန်းစစ်ဟောလိုက်တာကို ဗဟုသုတပြောပြတာပါ။ နှစ်တွေမနည်းဘူးကြာသွားခဲ့ပါပြီ။

မေး ။ သိပ်လေးစားဖို့ကောင်းတယ်နော်။ ဟောသူရော၊ ပညာရော တကယ်လေးစားဖို့ကောင်းတယ်။ ငါမပြောချင်ပါဘူးကွာဆိုတာနဲ့ မပြီးဘူးနော်ဆရာ။ လက်တွေ့ကို ဟောပြတာသာမန်ကြည့်ရင် ဒီလိုဟောလိုက်လို့ ရန်များသလိုတွေးမိနိုင်ပေမယ့် ဒီဟောကိန်းကိုဟောဖို့ရော၊ ကာယကံရှင်ကို နှစ်သိမ့်ဖို့ရော အခြေအနေတစ်ခုကို ဖျတ်ခနဲပြောင်းလဲပြီးမှဟောလိုက်တာ။ လူကဲခတ်များနော် တော်လိုက်တာ။ ကာယကံရှင်ပေါက်ကွဲနိုင်လား၊ နှစ်သိမ့်နိုင်လားဆိုတာကို ဝါအရသမ္မာအရ အကဲခတ်ပြီး ဒီလိုသိနိုင်တယ်၊ မပြောချင်လို့ ဆိုတာမျိုးလုပ်ပြသွားတော့ ကာယကံရှင်လည်းလာရကျိုးနပ်၊ သိချင်တာလည်းသိသွားတော့ ဆရာကိုလည်း လေးစား၊ ဆရာပြောတာကိုလည်း နားထောင်သွားတာပေါ့။ ရန်လည်းမများတော့ဘူးပေါ့နော်ဆရာ။

ဖြေ ။ ဟုတ်တယ်။ ပညာရှင်ကြီးများဟာ ခင်ဗျားတို့၊ ကျွန်တော်တို့ အတူယှဉ်နေရလောက်အောင်ကို တကယ်ရှားပါးတဲ့ပုဂ္ဂိုလ်ကြီးတွေပါ။ တကယ်လေးစား တကယ်ရှိသေထိုက်ပါတယ်။

မေး ။ ဟုတ်ပါ့ဗျာ။

ဖြေ ။ ဘယ်လောက် စေ့စပ်သေချာကြလဲဆိုရင် ယတြာချေရင်လည်း ကြည့်၊ ဘာအတွက်လဲ၊ စီးပွားအတွက်လား၊ စီးပွားကျနေလို့ ချေမှာလား၊ တန့်နေလို့လား၊ စီးပွားတက်ချင်လို့လား၊ ကျန်းမာရေးအတွက်ချေမှာလား၊ ကျန်းမာရေး မကောင်းတဲ့သူအတွက်ချေချင်တာလား၊ ကျန်းမာရေးအမြဲကောင်းနေအောင် ကာကွယ်တဲ့အနေနဲ့ချေချင်တာလား၊ ဘုန်းကြီးချင်တာလား၊ အတိုက်အခံရန်တွေကိုနိုင်ချင်တာလား၊ ဒါမှမဟုတ် လုပ်ငန်းလုပ်ဖို့အတွက် အကြံစည်တွေ အောင်ဖို့လား၊ ငွေဝင်ချင်တာလား၊ အထွက်ကြမ်းလို့ ငွေမြဲချင်တာလား၊ ခင်ဗျားတို့ကျွန်တော်တို့ဆို ငွေဝင်ချင်ရင် ငှက်ကျွေးမယ်၊ ခွေးကျွေးမယ်ဒါပဲလေ။

မေး ။ ဟုတ်တယ်လေ။

ဖြေ ။ ဘယ်ကလာငွေမြဲအောင်တွေ၊ ဘာတွေအတွက် ဘယ်ရှိမလဲ။ ဒါ ငွေဝင်တယ်ဆိုတာပဲပြောပြီး ပေးလိုက်တာပဲ။ ဟော- ပညာရှင်ကြီးတွေကျတော့ ဒီလိုမဟုတ်တော့ဘူး၊ ဆိုကြပါစို့ နိစ်တို့ ပြတ္တိမှာ ဇေယျဂြိုဟ်တို့၊ ဝရဂြိုဟ်တို့ကပ်ရင် ရသမျှကုန်တာပဲ။ ငွေနံတွေကိုကြည့်တဲ့အခါ ပြောပါတယ်။ ငွေဝင်အားကောင်းမကောင်းကိုကြည့်တဲ့အခါပေါ့။ အဲဒါမျိုးကျ ပညာရှင်ကြီးတွေက တခြားမှာထားခိုင်းတယ်ဗျာ။ ဟော- ငွေမြဲပါလေရော။ ဘဏ်မှာထားမလား၊ လုပ်ငန်းထဲထည့်ထားမလား၊ ရွှေကိုပေးလိုက်တာ။ ဉာဏ်ကြီးလွန်းကြပါတယ်ဗျာ။ တကယ်လိုက်မမီပါဘူး။ ကျွန်တော်တို့က အခြေခံလောက်လေးကြည့်နေတာတောင် တော်တော်ကြိုးစားပြီး မနည်းကြည့်နေရတာ။

မေး ။ ဆရာပြောတာ ဟုတ်ပါတယ်။ ဉာဏ်မှလိုက်မမီဘဲဟုတ်တယ်။ မနည်းလိုက်ကြည့်နေရတယ်။

ဖြေ ။ ဘယ်- ခင်ဗျားနှယ် ဆန်းကျမ်းပညာရှင်တစ်ယောက်နဲ့ စကားလက်ဆုံကျတော့ ကျွန်တော့်ကို မေးတယ်၊ ခင်ဗျားဆီမှာ ပယင်းကျောက်ဝင်ပြီးပြီလားတဲ့။ ကျွန်တော်က ဟုတ်ကဲ့ ဝင်ပြီးပါပြီဆရာဆိုတော့ အဲဒီပယင်းကျောက်မှာ ကွဲအက်တဲ့အနာကြီး ပါလာလိမ့်မယ်၊ ပြန်ကြည့်တဲ့။ ဟာ- ဟုတ်တယ်ဗျာ ကြည့်စရာမလိုဘူး။ ဟုတ်ပါတယ်ဆရာ။ (၂၇) လုံး ပယင်းပုတီးပါ တစ်လုံးက တစ်ဝက်နီးပါးပဲ့နေပါတယ်လို့ကပျာကယာပြောလိုက်မိလျက်သားဖြစ်သွားတယ်။

မေး ။ အားပါးပါး တော်လိုက်တာဗျာ။

ဖြေ ။ တစ်ခါလည်းဒီလိုပဲ လူတစ်ယောက် ကားဝယ်တယ်ဆိုပြီး အဲဒီကားနဲ့ပတ်သက်လို့ လုပ်ငန်းလုပ်ဖို့ ဆရာတစ်ယောက်ဆီ သွားမေးတယ်။ ဆရာက ခင်ဗျားကားဝင်တဲ့ကိန်းရှိတာတော့မှန်ပါရဲ့ ဒါပေမယ့် ခင်ဗျားကားက ကားသစ်သာပြောတယ် ဒဏ်ရာဒဏ်ချက်နဲ့ပါလားလို့ပြောလိုက်တယ်။ ပိုင်ရှင်ဆိုတာ ဘာမှမပြောနိုင်မဆိုနိုင်ဘဲ ပါးစပ်အဟောင်းကြီးဖြစ်သွားတယ်။ ဟုတ်တယ် သူ့ကိုရောင်းလိုက်တဲ့ကားက သူ့အတွက်ကားသစ်ဖြစ်ပေမယ့် အရင်လူလက်ထဲမှာ တိုက်ထားလို့ ဘယ်ဘက်တံခါးမှာ ဒဏ်ရာ အပိန်အချိုင့်တွေကို ပတ်တီးတွေ၊ ဆေးတွေနဲ့ သေချာအုပ်ထားတဲ့ကားဖြစ်နေတယ်။ အဲဒါကို သဲလွန်စတွေ့လို့ အားလုံးပြုပြင်လုပ်ကိုင်ပြီးမှ အဲဒီဆရာဆီ သူတို့သွားမေးတာကြည့်စမ်း။

မေး ။ ဟား- ဒီလိုပညာရှင်တွေရဲ့ ရှေ့မှာဆို ကျွန်တော်ဆိုထိုင်တောင်ထိုင်ရဲတော့မှာမဟုတ်ဘူးဆရာ။

ထိပ်တင်အုန်းကျော်(သုတေသီ)

လူ့ဘဝမြစ်ပြင်ကျယ်တွင် ဖြစ်ရပ်မျိုးစုံရှိပါသည်။ ယခုဖြစ်ရပ်ကို ဂမ္ဘီရဆန်သည်ဟုပြောလည်း ရပါသည်။ ဂမ္ဘီရဆန်သောအဖြစ်အပျက်များဟုဆိုရာတွင် ဂမ္ဘီရဟုခေါ် ဆိုရခြင်းကပင် မာဂဓဘာသာပါဠိဝေါဟာရအရ နက်ရှိုင်းခြင်း၊ လျှို့ဝှက်ဆန်းကြယ်ခြင်း၊ ခက်ခဲနက်နဲသိမ်မွေ့ခြင်း၊ ယုံကြည်လက်ခံရန် တွေဝေစေခြင်းဟုဆိုထားပါသည်။

ဘာမဟုတ်သည့် အကြောင်းအရာလေးတစ်ခုက

(ဝက်မှုစက္ကူသိုက်ဝင်)

သက်လှိုင်မျိုး

၁၉၈၃ ခုနှစ်တွင် ကိုဘဆွေသည် မြို့နယ်လေးတစ်ခုရှိ သူငယ်ချင်းအိမ်သို့ အလည်ရောက်ရှိသွားရာ အံ့သြစရာဖြစ်ရပ်တွေ့ရှိခဲ့သည်။ သူငယ်ချင်းအိမ်ခြံပေ (၈၀) ပတ်လည်မှာ သစ်ပင်ကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိကာ အေးမြလှပါသည်။ ထိုသစ်ပင်ကြီးများကို သေသေချာချာကြည့်လိုက်သောအခါ သစ်ပင်တစ်ပင်လုံးတွင် အိပ်တန်းတက်နေသော ငှက်များကို ထောင်ချီ၍ တွေ့ရပါသည်။ ထိုငှက်များထဲတွင် အများစုမှာ ဗျိုင်းငှက်များ ဖြစ်ကြပါသည်။ ထိုစဉ် အချိန်အခါကိုကြည့်လိုက်သောအခါ ည (၇) နာရီခန့် ရှိပါပြီ။

နောက် (၂)လခန့်ကြာသောအခါ မိုးအကုန်ဆောင်းအကူးကာလသို့ရောက်ရှိလာပါပြီ။ ကိုဘဆွေသည် သူ့ညီ ကိုရန်နိုင်ရှိရာ အင်းစိန်၊ တညင်းကုန်းဘက်သို့ သွားလည်ဖြစ်သည်။ ကိုရန်နိုင်၏အိမ်နောက်ဘက်တွင် ကန်စွန်းခင်းရှိသော အလျား (၁၀) ပေ၊ အနံ (၅) ပေ၊ အနက် (၂) ပေခန့်ရှိသည့် ရေကန်လေးတစ်ကန်ရှိပါသည်။ ထိုရေကန်လေး၏ ပတ်ပတ်လည်တွင် ဖီးကြမ်းငှက်ပျောပင်များ စိုက်ပျိုးထားပါသည်။ ကိုရန်နိုင်အိမ်ခပ်လှမ်းလှမ်း လမ်းမကြီး၏ ဟိုဘက်တွင် လယ်ကွင်းပြင်ကြီး တစ်မျှော်တစ်ခေါ် ရှိသည်။

တစ်နေ့ ကိုရန်နိုင်အိမ်သို့ အလည်ရောက်နေချိန် ဖြစ်ပါသည်။ ကန်ပေါင်တစ်နေရာရှိ ငှက်ပျောပင်အောက်တွင် ထိုင်၍ စာဖတ်နေချိန် နွားရိုင်းသွင်းချိန်ဖြစ်၍ အိမ်ရှေ့လမ်းမကြီးပေါ်တွင် ကျွဲအုပ်၊ နွားအုပ်များ မောင်းနှင်လာကြပါသည်။ ထိုကျွဲအုပ်၏နောက်တွင် ကျွဲကျောင်းသားကလေးတစ်ယောက်သည် ဗျိုင်းကလေးတစ်ကောင်ကို အရှင်လတ်လတ်အမွေးနုတ်ကာ လိုက်လာပါသည်။ ထိုမြင်ကွင်းကိုမြင်ရသောအခါ ကိုဘဆွေသည် ဖတ်လက်စစာအုပ်ကိုပိတ်၍ အိမ်ရှေ့လမ်းမကြီးဘက်သို့ ထွက်ခဲ့ပါသည်။ ဗျိုင်းကလေးသည် ကျွဲကျောင်းသားလက်ထဲတွင် တဆတ်ဆတ်တုန်နေပါသည်။

ကိုဘဆွေက-

"ဒီမှာ ငါ့ညီ၊ ဘာဖြစ်လို့ ဗျိုင်းကို အရှင်လတ်လတ် အမွေးနုတ်ပစ်ရတာလဲကွာ။ ဗျိုင်းကလေးကိုမသနားဘူးလား"

ဟု မေးလိုက်ပါသည်။

"ဒီလို အစ်ကိုရဲ့၊ သတ္တဝါတွေကို သနားပေမယ့် ကျွန်တော့်မှာ ဟင်းစားမရှိဘူး။ အိမ်ရောက်မှ ဟင်းချက်စားရမှာမို့ ဒီဗျိုင်းကလေးမပျံနိုင်အောင်၊ ကြိုတင်ပြီးတော့ အဆင်သင့်ဖြစ်အောင် အမွေးနုတ်နေတာပါ"

"အို - မိုက်လိုက်ပါဘိ ငါ့ညီရယ်။ ဝဋ်ကို မကြောက်ဘူးလား။ ဝဋ် ဆိုတာ လိုက်တတ်တယ်ကွ"

ကျွဲကျောင်းသားလေးသည် ကျွန်တော်ပြောသောစကားကို နားဝင်၊ မဝင်တော့မသိပါ။ အမွေးနုတ်တော့ မပျက်ပါ။ ဆက်လက်၍သာ အမွေးနုတ်နေပါသည်။

ကိုဘဆွေသည် ဖတ်ဖူး၊ မှတ်ဖူးသည့် (၅၅၀) နိပါတ်မှဇာတ်ကြောင်းတစ်ခုကို သွား၍ သတိရမိပါသည်။

မြတ်စွာဘုရားလက်ထက်တော်က တိဿမထေရ်သည် အတိတ်ဘဝက ငှက်များကိုကြာကြာခံနိုင်ရန်အတွက် အတောင်များကိုချိုးခဲ့သည်၊ ခြေများကိုချိုးခဲ့သည်။ ထိုအကုသိုလ်များကြောင့်ပင် နိဗ္ဗာန်ဝင်တော့မည့် ရဟန်းဘဝမှာပင် ၎င်း၏တစ်ကိုယ်လုံးပုပ်ပွနေသည့်ဝဋ်ဆင်းရဲကိုခံစားသွားရရှာသည်။

(တိဿမထေရ်သည် အတိတ်ဘဝက ဖမ်းဆီးရရှိသောငှက်များကို မရောင်းမီ၊ မစားမီ ကြားကာလ ငှက်များကို အစာရေစာကျွေးသော်လည်း ဒီကြားထဲ ကြာကြာခံနိုင်ရန်အတွက် အတောင်ချိုး၊ ခြေချိုးခဲ့သည့် အကုသိုလ်ကို ဖန်တီး လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်ပါသည်။)

ဩော်- သတ္တဝါတစ်ခု ကံတစ်ခုပေတကား။ ကိုဘဆွေသည် ကျွဲကျောင်းသားကလေး၏လက်ထဲမှ ဗျိုင်းကလေးအသက်ကို ကယ်တင်လိုစိတ်ပေါ် ပေါက်လာခဲ့ပါသည်။

"ဒီမှာ ငါ့ညီ၊ ဗျိုင်းကလေးကို အစ်ကိုကြီးဆီမှာ တစ်ဆယ်ကျပ်နဲ့ရောင်းခဲ့ပါလားကွာ။ ငါ့ညီလည်းကုသိုလ်ရပါတယ်"

"အစ်ကိုကြီးရေ၊ (၁၅) ကျပ်တော့ ပေးပါ အစ်ကို"

"အေးအေး"

ကျွဲကျောင်းသားလေးသည် ဗျိုင်းကလေးကို ကိုဘဆွေလက်ထဲသို့ ထည့်ပေးလိုက်ပါသည်။

(၁၉၈၃ အစိုးရ နေ့စားဝန်ထမ်းမှာ ၃ ကျပ် ၁၅ ပြားခေတ်ဝယ် ငွေ ၁၅ ကျပ်မှာ တန်ဖိုးမနည်းလှပါ။)

ဖျိုင်းကလေးမှာ အမွေးနုတ်ထားသောဒဏ်ကြောင့် သွေးများစို့ပြီး တဆတ်ဆတ်တုန်နေပါသည်။ အိမ်ရောက်သောအခါ ဖျိုင်းကလေးအား နနွင်းမှုန့်များဖြင့်

သိပ်ပေးပါသည်။ ထို့နောက် ကိုဘဆွေ၏ညီအိမ်မှ ထိုဖျိုင်းလေးကို ယူဆောင်ကာ ကိုဘဆွေအိမ်တွင် နေ့စဉ်နေ့တိုင်း ဖျိုင်းလေးအား နနွင်းမှုန့်သိပ်၍ ကောင်းမွန်စွာပြုစုစောင့်ရှောက်ထားခဲ့ပါသည်။ ဤသို့ဖြင့် (၂) လအကြာတွင် အမွေးအတောင်များ ပေါက်လာကာ နောက်ဆုံး ၎င်း၏နေရင်းဒေသသို့ ပျံသန်းသွားပါတော့သည်။

(တညင်းကုန်းရှိ ကိုဘဆွေ၏ညီကို အားကျ၍ သူ့အတိုင်း ကိုဘဆွေအိမ်တွင် ရေကန်တူးထားပါသည်။ ကန်စွန်းစိုက်ထားပါသည်။ ငှက်ပျောပင်များကို

လည်း စိုက်ထားပါသည်။)

ထူးဆန်းသည်မှာ မပြန်ခင် ဖျိုင်းကလေးမှ ကျွန်တော်၏အိမ်အပေါ် သုံး၊ လေးကြိမ် လေမှာဝဲ၍ ပျံသန်းသွားခြင်းဖြစ်ပါသည်။ ထိုဖျိုင်းကလေးမှာ ကျွန်တော်၏အိမ်သို့ တစ်လတစ်ကြိမ်မျှလာရောက်ပါသည်။ မိုးဦးကျချိန်တွင် လည်းကောင်း၊ ဆောင်းဦးကျချိန်တွင် လည်းကောင်း ကျွန်တော်၏အိမ်အနီးတွင်ရှိသောရေကန်ကြီးတစ်ကန်သို့လာရောက်အစာရှာလေ့ ရှိပါသည်။ တစ်ခါတစ်ရံ ဖမ်းမိသောငါးအသေများ၊ ငါးအရှင်များကို အိမ်ရှေ့ကပြင်တွင် ချထားလေ့ရှိပါသည်။ သို့သော်လည်း ထိုငါးများအားကိုဘဆွေတို့ မစားမသောက်ခဲ့ပါ။ ထိုအချိန်က ကိုဘဆွေသည် ဘီ-အီး ရေနံအင်ဂျင်နီယာဘွဲ့ကိုရပြီးပြီ။ အလုပ်ဝင်ပြီးပြီ။ အသက်(၂၉)နှစ်အရွယ်တွင် အစိုးရအလုပ်မှထွက်ပြီး သင်္ဘောလိုက်ရန် အဆင်သင့်ရှိနေသောအနေအထား ဖြစ်ပါသည်။

နိုင်ငံကူးလက်မှတ်၊ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်လည်း ရရှိပြီး၍ သင်္ဘောလိုက်ရန် အဆင်သင့်ဖြစ်နေပါသည်။ ထိုစဉ်က ကျွန်တော်သည် ဝင်ငွေရရှိရန်အတွက် အားလပ်သည့်အချိန်တွင် ပြင်ပ ပုဂ္ဂလိကစက္ကူစက်တွင် နေ့စားအလုပ်ဝင်ကာ စားဝတ်နေရေးကိုဖန်တီးနေရပါသည်။ အိမ်ထောင်မရှိဘဲ လူပျိုလူလွတ်ဖြစ်သဖြင့် တော်သေး၏။ ထိုစဉ်က သင်္ဘောလိုက်ရန်အတွက် စာရွက်စာတမ်းများဖြင့် အဆင်သင့်ဖြစ်နေသော်လည်း ကိုဘဆွေအဖို့ အလုပ်ခန့်စာ မရရှိသေးပါ။

ထိုကာလက စင်ကာပူနိုင်ငံတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာသွားရောက်၍ သင်္ဘောတက်လိုလျှင် မြန်မာငွေ (၅၀၀၀၀) ကျပ်ခန့်ရှိနေလျှင် အဆင်ပြေပါသည်။ စင်ကာပူသို့ သွားရောက်ပြီး အဆက်အသွယ်ရှာ၍ ထိုနိုင်ငံရှိ သတင်းစာများကို ဖတ်ရှုကာ လက်တွေ့ သွားရောက်အင်တာဗျူးပါက အလုပ်ရရှိနိုင်သည့်အနေအထားရှိပါသည်။ စင်ကာပူ (၁) ဒေါ်လာသည် မြန်မာငွေ (၁၀)ကျပ်နှင့်ညီမျှပါသည်။ ကိုဘဆွေလက်ထဲတွင် ငွေအင်အားနည်း၍ စိတ်မာတ်ကျနေမိသည်။ အမေက အိမ်ပေါင်မည်။ သူ့တွင်ရှိသော ရွှေငွေ၊ လက်ဝတ်လက်စားများကိုရောင်းချ၍ ငွေကိုရှာပေးမည်ဆိုသော်လည်း လက်မခံခဲ့ပါ။

"ကျွန်တော်သင်္ဘောမလိုက်ရရင်လည်း နေပါစေ။ အမေတို့ လောလောဆယ် အိမ်ရာမဲ့ ဖြစ်မှာကိုတော့ ကျွန်တော်မလိုလားပါဘူး။ မရောင်းပေးပါနဲ့ အမေရယ်"

ဟု ကိုဘဆွေက ပြောခဲ့သည်။

ကိုဘဆွေကို ငွေချေးပေးမည်ဆိုသောမိတ်ဆွေအဆက်နှင့် ရန်ကင်းအိမ်တစ်အိမ်သို့ သွားရောက် ဆက်သွယ်မိသော်လည်း အတိုးနှုန်းထားကြီးမားခြင်း၊ သူ၏စာချုပ်မှာ သူတို့ဘက်မှနေ၍ တစ်ဖက်စောင်းနင်းချုပ်ဆိုထားခြင်းတို့ကြောင့် ကိုဘဆွေမှာ ထိုသူ့ထံမှ ငွေခကြေးလည်း မချေးဖြစ်ခဲ့ပါ။

ကိုဘဆွေစိတ်ထဲ တစ်မျိုးဖြစ်လာသည်။ တွေးပြီးဝမ်းနည်းသလိုလိုဖြစ်လာသည်။ အမေ ပြောပြသော 'အရဟံ ဗုဒ္ဓေါ ပုဒ်အာ မာရဇိဏ်' ဂါထာကို အခေါက်ပေါင်းများစွာ ရွတ်ဆိုနေမိတော့သည်။

နောက်တစ်နေ့တွင် ကိုဘဆွေသည် သူ့သူငယ်ချင်းထံမှ လိပ်စာရရှိသော သင်္ဘောကုမ္ပဏီ (၃) ခုသို့ အငယ်တန်းအင်ဂျင်နီယာအလုပ် လျှောက်လွှာတင်လိုက်ပါသည်။ ထိုကုမ္ပဏီ (၃) ခုမှာ ရန်ကုန်တွင် ကိုယ်စားလှယ်များထားရှိပါသည်။ ထိုကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံခြားကုမ္ပဏီများသို့ ကိုဘဆွေ အလုပ်လျှောက်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုစဉ်က နိုင်ငံခြားတိုင်းပြည် မည်သည့်နေရာသို့ ဖြစ်စေ၊ ရန်ကုန်စာတိုက်ကြီးမှ မှတ်ပုံတင်ပြုလုပ်ပြီးထည့်ပါက ထိုလျှောက်လွှာပါစာအိတ်အလေးချိန်အရ စာတစ်စောင်လျှင် ငွေ (၅) ကျပ် (၂၅) ပြားသာကုန်ကျပါသည်။ ကိုဘဆွေသည် ထိုရက်များကာလက (၉) ရက်အဓိဋ္ဌာန် ပုတီးစိပ်ဖြစ်ပါသည်။ 'အရဟံ ဗုဒ္ဓေါ ပုဒ်တာ မာရဇိဏ်' ဆိုပြီး ပုတီးတစ်လုံးချကာ နေ့စဉ် ပုတီး (၃) ပတ်စိပ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုနေ့က ကိုဘဆွေသည် သူ့အိမ်တွင်ရှိသောဖီးကြမ်းငှက်ပျောပင်ကြီးတစ်ပင်အောက်တွင် ထိုင်၍ စဉ်းစားနေစဉ် တောင်ဘက်မှ ဖျိုင်းတစ်အုပ် ကိုဘဆွေ၏အိမ်အနီး ရေကန်ဆီသို့ ပျံသန်းလာနေပါသည်။ ထိုစဉ် ပတ်ဝန်းကျင်တွင် လေတွေ တဖြည်းဖြည်းမှန်မှန်တိုက်ခတ်နေပါသည်။ ကိုဘဆွေသည် ပျံသန်းလာသော ဖျိုင်းအုပ်ထဲတွင် သူကယ်တင်ခဲ့သော ဖျိုင်းကလေး ပါ၊ မပါ ကြည့်ရှုနေမိပါသည်။

ထိုစဉ် ထူးဆန်းသော ဖျိုင်းတစ်ကောင်သည် ဖျိုင်းအုပ်စု နောက်ဆုံးမှလိုက်ပါပြီး ကိုဘဆွေအိမ်ကို လက်ဝဲရစ် (၃) ကြိမ် (၃) ခါ ဝဲပတ်နေပါသည်။ ကိုဘဆွေကယ်တင်ခဲ့သော ဖျိုင်းကလေးပင်ဖြစ်ပါသည်။ ထိုဖျိုင်းလေးကို ကယ်တင်စဉ်က ကိုဘဆွေမှာ ဖျိုင်းကလေး၏နှုတ်သီးပေါ်တွင် အနီဆေးစက်(သတော်ဆေး)သုတ်ပေးခဲ့သည်။ ထိုဆေးစက်အနီရှိနေသေး၍ ကိုဘဆွေမှာ ဖျိုင်းကိုမှတ်မိခြင်း ဖြစ်ပါသည်။

ထို့နောက် ဖျိုင်းကလေးက သူ့ကိုပြုစုစဉ်က အိပ်တန်းနေရာတွင် ခေတ္တနားပြီး ကိုဘဆွေထိုင်နေသောငှက်ပျောပင်နားတွင် ဝဲပျံနေပါသည်။ 'ကီးကီးကီး' နှင့် အော်မြည်လိုက်၊ အပေါ်သို့ပျံတက်လိုက်၊ အောက်သို့ ပျံဆင်းလိုက်နှင့် အဆင်းအတက်လုပ်နေသဖြင့် ကိုဘဆွေသည် မမျှော်လင့်ဘဲ ငေးကြည့်နေမိပါသည်။

မရည်ရွယ်ဘဲ ကိုဘဆွေသည် ထိုင်ရာမှထကာ ဖျိုင်းကလေး အတက်အဆင်းဝဲပျံနေရာသို့ သွားရောက်ကြည့်ရှုရာ သတင်းစာစက္ကူအဟောင်းဖြင့်ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကို တွေ့ရပါသည်။ ကိုဘဆွေသည် သားရေကွင်းနှင့်ချည်နှောင်ထားသော ထိုအထုပ်ကိုဖြေကြည့်ရာ (၁၀) ကျပ်တန်ငွေစက္ကူအရွက်(၇၀)တိတိ၊ စုစုပေါင်း ငွေ (၇၀၀) ကျပ်တိတိ ထွက်လာပါသည်။ ထိုစဉ်က အစိုးရဝန်ထမ်း အငယ်တန်းစာရေး၏ လစာမှာ (၁၂၆) ကျပ်သာ ဖြစ်ပါသည်။ ကိုဘဆွေ အံ့ဩဝမ်းသာသွားသည်။

တစ်ဖန် ထိုငွေစက္ကူများကို ထုပ်ထားသော စာရွက်စာတမ်းအဟောင်းလေးတွင် 'တိုမို တိုမို' ဟူသော စကားလုံးနှစ်လုံးကို တွေ့ရသဖြင့် ဘာပါလိမ့်ဟုအံ့ဩရပြန်သည်။ ကိုဘဆွေသည် ထိုကောက်ယူရရှိသော ငွေ (၇၀၀) ကျပ်ကိုအမေသို့ပေးလိုက်ပါသည်။ အမေက ငွေ (၂၀၀) ကျပ်ကို အိမ်သုံးစရိတ်ထားပြီး ကျန်ငွေ (၅၀၀) ကျပ်အားလုံးကို အိမ်အနီးတွင်ရှိသော ဘုန်းကြီးကျောင်းသို့ စေတနာသုံးတန်ပြဋ္ဌာန်းကာ လှူဒါန်းလိုက်ပါသည်။

ထိုဘဆွေလည်း ထို 'တိုမို' ဟူသော စကားလုံးကို စဉ်းစားရင်းက 'ဒီစကားလုံးနဲ့ ငါနဲ့ တော်တော်ရင်းနှီးပါတယ်' ဟု တွေးတောနေမိရာက-

'ဪ- ဟုတ်ပေသားပဲ။ လွန်ခဲ့တဲ့သုံးရက်က ရန်ကုန်ကိုယ်စားလှယ်ကတစ်ဆင့် စင်ကာပူကို လျှောက်ထားတဲ့ တိုမိုသင်္ဘောကုမ္ပဏီပါလား။ ငါ အခုမှ

ကျွဲနွား ဆေးဖက်ဝင် ဗျိုင်းချေးပင်

ဓာတ်ပုံတွင် မြင်ရသည့်အပင်ငယ်အား လူတိုင်းတွေ့ဖူးမြင်ဖူးမည်ထင်ပါသည်။ အများအားဖြင့် ကျွန်းမြေကိုင်းမြေတို့တွင်သာပေါက်တာမြင်တွေ့ရသည်။ ကိုင်းတောင်သူ၊ ယာတောင်သူ ကျေးလက်ဒေသနေထိုင်သူတို့ ပိုမိုမြင်တွေ့ရများသည့်အပင်ငယ်မျိုးဖြစ်သည်။

အများဆုံးမြင်တွေ့ရသည့် နေရာတို့မှာ ကျွန်းကိုင်းမြေလတာပြင် သို့မဟုတ် မြေနုကျွန်းပေါ်တို့တွင် အလေ့တကျပေါက်လျက် မြင်တွေ့ရပါသည်။ အပင်ငယ်မှာ မြေမှာကပ်လျက် အများဆုံးမြင်တွေ့ရပြီး ဘေးမှအမှီ အခြားအပင်တို့ မရှိလျှင် အပင် အရပ်၊ တစ်ပေဘစ်တောင် အထိမြောင်၍မြင့်တက်တာတွေ့ရသည်။ အပွင့်ကဖြူဖြူ အသီးကပုတီးလုံးကလေးများလို လုံးစက်လျက် အရောင် အဝါ၊ အပြာရောင်၊ မရမ်းရောင်စုံတွေ့ရကား တချို့ကလည်း ဗျိုင်းချေးပင် သို့မဟုတ် ပုရစ်စာပင်ဟုခေါ်ကြသည်။

ရေလုပ်သားကြီးများကတော့ ပုရစ်စာပင်ဟုခေါ်လျက်ရှိကြသည်။ ပုရစ်တို့ အလွန်ကြိုက်နှစ်သက် စားသောက်တာတွေ့ရသည်။ ရေလုပ်သားကြီးများက ပုရစ်နီတို့အား ငါးတန်းစာအဖြစ်အသုံးပြုရန် မြေကျင်းထဲကတူးယူပြီး မြေအိုး၊ အပေါက်ဖောက်ထားသည့် သံပုံးထဲထည့်ကာ သိုလှောင်ထားချိန် ပရစ်စာပင်တို့အား ၎င်းတို့အစာအဖြစ် ထည့်ထားလေ့ရှိတတ်ကြသည်။ ပုရစ်တို့ ထိုအပင်ငယ်အား စားသောက်၍နေတာသိရ၍ ပုရစ်စာပင်ဟုလည်းခေါ်တာတွေ့ရသည်။

တစ်နေ့ အိမ်နီးနားချင်းဖြစ်သူ မနုတစ်ယောက် မြက်ရိတ်နေရာ ဗျိုင်းချေးပင် လက်နှစ်ဆုပ်၊ သုံးဆုပ်ရောနှောကရိတ်နေတာ စာရေးသူမြင်တွေ့ရလျှင်-

"မနု နင်အခုရိတ်နေတာ ဗျိုင်းချေးပင်တွေ မဟုတ်လား။ များရင် နွားတွေက စားကောစားမှာလား"

ဟုပြောသည့်အခါ-

"ဒီအပင်လေးတွေက ကျွဲနွားတွေဝမ်းချုပ်၊ လေချုပ်ဖြစ်ရင် သူ့အပင်နှစ်ဆုပ်သုံးဆုပ် နွားစာမြက်ထဲရောထည့်စဉ်ကျွေးလိုက်ရင်ဝမ်းလည်းသက်တယ်။ လေလည်းလည်တယ်။ ညဘက်နွားတွေစားမြုံ့ပြန်တဲ့အခါ လေလည်တာ တဘူဘူနဲ့။

အစ်ကိုကြီးသက်ရှည်ရဲ့ နွားတွေ မယုံရင်ထည့်ကျွေးကြည့်"

ဟုပြောပါသည်။

ဗျိုင်းချေးပင် (ခေါ်) ပုရစ်စာပင်ငယ်တို့မှာ ကိုင်းမြေမ ကျွန်းမြေများပေါ်တွင် အများအပြား ပေါက်ရောက်မြင်တွေ့ရသလို ကုန်းပိုင်၊ ယာမြေ၊ မြေနု၊ မြေစီးတို့တွင်လည်း မြေမှာကပ်လျက် ပေါက်တာမြင်တွေ့ရပါသည်။

ကျွဲ၊ နွားများက ကိုင်းပင်၊ ကျူပင်ကဲ့သို့ မြက်စိုများ အစားလွန်တဲ့အခါ အစာတောက်၊ လေချုပ်၊ ဗိုက်ဖောင်းစသည်ဝေဒနာတို့ ဖြစ်တတ်ကြုံတတ်သည်ဝေဒနာတို့အား ကြိုတင်ကာကွယ်ပြီးသားဖြစ်စေပါသည်။

ဗျိုင်းချေးပင် သို့မဟုတ် ပုရစ်စာပင်တို့အား မိမိတို့ကျွေးသည့်ကျွဲစာ၊ နွားစာတို့တွင်ရောနှောကာ ရိတ်ကျွေးမွေးပေးခြင်းဖြင့် အစာမကြေ ဗိုက်ဖောင်းလေတောင့်သည့်ဝေဒနာတို့အား ကြိုတင်ကာကွယ်ပြီး ဆေးတစ်နည်းအား ဖော်ပြပေးလိုက်ရပါသည်။

ဆေးနည်းပြောပြပေးတဲ့မနုအား အထူးပင်ကျေးဇူးတင်လျက်။

ကိုသက်ရှည်

သတိရတယ်။ ဒါဟာ အတိတ်ကောင်းနိမိတ်ကောင်းပဲ'

ဟု ကိုဘဆွေ စဉ်းစားမိသည်။

ကိုဘဆွေက-

'ငါ ဘုရားရှိခိုးတိုင်း သတ္တဝါတွေမေတ္တာပို့နေရာက သတ္တဝါတွေအားလုံးအပြင် တိုမိုသဘော်ာကုမ္ပဏီက သူဌေး၊ ဝန်ထမ်းအားလုံးကို ပုတီးစိပ်ပြီးတိုင်း အထူးအာရုံစိုက်လို့ မေတ္တာပို့ပေးမယ်'

ဟု ရည်ရွယ်လျက် စိတ်ထဲက ထူးထူးခြားခြားမေတ္တာပို့ပေးနေမိပါသည်။

ကိုဘဆွေတို့အိမ်သည် လူသူနှင့်အလှမ်းဝေးပါသည်။ ဗျိုင်းကလေး ပေးသော ငွေ (၇၀၀) ကျပ်အထုပ်ကလေးရရှိပုံကို စဉ်းစားရင်း အိမ်အနီးရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်အရှင်ဦးသောဘိတ မိန့်ကြားသော ဩဝါဒကိုကြားယောင်နေမိပါသည်။

"ဒီမှာ ဒကာ ကိုဘဆွေ၊ ဒကာက ဗျိုင်းကလေးရဲ့အသက်ကို ငွေ (၁၅) ကျပ်နဲ့ ကယ်တင်ခဲ့တဲ့ စေတနာအကျိုးပေ့ါ။ ဒါကြောင့် ဒကာ့အမေ လှူဒါန်းဖို့ စိတ်ဆန္ဒဖြစ်တဲ့အခါမှာ ငွေက အလိုအလျောက် ရရှိလာတာပေ့ါ။ ဒကာကြီးအမေဒေါ်သင်းကြူကတတ်နိုင်သလောက် မကြာခဏလှူဒါန်းနေတာပဲ။ အခု ဗျိုင်းကလေးက ဒေါ်သင်းကြူ အလှူဖြစ်မြောက်ဖို့ စေတနာတုံ့ပြန်တာနေမှာပေ့ါ"

ဆရာတော်၏ မိန့်ကြားချက်က မှန်ကန်ပါသည်။ ကိုဘဆွေ (၉) ရက် အဓိဋ္ဌာန်ပုတီးစိပ်ပြီး နောက်တစ်နေ့တွင် ကိုဘဆွေအိမ်သို့ ကုမ္ပဏီစာရေး ဆိုသူတစ်ယောက်ရောက်ရှိလာကာ စာအိတ်တစ်အိတ်ပေးပါသည်။ဖောက်ဖတ်ကြည့်ရှုလိုက်သောအခါ တိုမိုသဘော်ာကုမ္ပဏီမှ ကိုဘဆွေအတွက် အငယ်တန်းအင်ဂျင်နီယာအလုပ်ခန့်စာ ဖြစ်နေသည်။

အဖေ၊ အမေနှင့်တကွ ကိုဘဆွေတို့တစ်အိမ်သားလုံး၏ အံ့ဩဝမ်းသာမှုမှာ ပြောမပြတတ်အောင်ပင်။

တကယ်တော့ ဘာမဟုတ်သည့် အကြောင်းအရာလေးတစ်ခု၏ တုံ့ပြန်ကျေးဇူးကို ခံစားရခြင်းပင် ဖြစ်သည်ဟု ကိုဘဆွေယုံကြည်နေမိပါသည်။ ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်ကျေးဇူးက ထိပ်ဆုံးက ပါပါသည်။

မှတ်ချက်- အရှင်လတ်လတ် ဗျိုင်းအမွေးနုတ်သည့် ကျွဲကျောင်းသားလေးမှာ ရုတ်တရက်ဖြစ်လာသည့် အရေပြားရောဂါအား တစ်လကျော် ကုသခဲ့ရပါကြောင်း။

သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)

အခုဆို အစ်ကိုခင်အောင်နဲ့ မမကျင်သန်း သေဆုံးခဲ့ပြီးပါပြီ။ အစ်ကိုခင်အောင်က အရင်သေတာပါ။ မမကျင်သန်းက နောက်မှသေတာ။

မမကျင်သန်းရဲ့အမေ ဒေါ်ကျင်စိန်က ညီမ၊ ဒေါ်တင်တင်ကြည်ရဲ့အမေ ဒေါ်လှသိန်းက မမ၊ ညီအစ်မအရင်း။ ဒီတော့ ဒေါ်တင်တင်ကြည်နဲ့ မမကျင်သန်းက ညီအစ်မတစ်ဝမ်းကွဲ။

ညီအစ်မတစ်ဝမ်းကွဲ ဆိုပေမယ့် ညီအစ်အရင်းလို ချစ်ခဲ့ကြ၊ ခင်ခဲ့ကြ၊ သံယောဇဉ်ရှိခဲ့ကြတာ။

အဲဒီ ဒေါ်တင်တင်ကြည်က ကျွန်တော့်ဇနီး။

◆ ❖ ◆

သစ်စက်ဝင်းထဲကို အလည်ရောက်ခဲ့ကြတာ။

ခင်မာလွင်တို့၊ ယဉ်ယဉ်မော်တို့က ပျော်လို့။ သူတို့က မမကျင်သန်းရဲ့မောင်လေး မောင်စိုးဝင်းနဲ့ အမြင့်ရဲ့သမီးတွေ။

◆ ❖ ◆

မောင်စိုးဝင်းလိုက်ပို့လို့ ကျွန်တော်တို့ သီတာကုန်းမြင့်ကို ရောက်တယ်။ သီတာမောင်နှမရုပ်တုကို တွေ့တယ်။ စေတီတော်ကို ကြည်ညိုပူဇော်ရတယ်။

ဘုရားတန်ဆောင်းမှာရေးထားတဲ့ သီတာဒေဝီတို့ဖြစ်စဉ်ကိုဗဟုသုတအဖြစ် မှတ်မှတ်ရရ ဖတ်ခဲ့ရပါတယ်။

အမှတ်တရအရှိဆုံးကတော့ ဧရာဝတီမြစ်ကမ်းနံဘေးက သစ်ပင်မြင့်ကြီးပေါ်က တွဲလောင်းကျနေတဲ့ ဒန်းကြီး။ နွယ်ကြိုးကြီးနဲ့ လူတွေတမင်သက်သက်လုပ်ထားသလို သဘာဝအတိုင်းရှိတဲ့ ဒန်းကြီး။

အဲဒီ ဒန်းကြီးပေါ်မှာ ညီမဖြစ်တဲ့ သီတာဒေဝီက စီးမှာပေါ့။ ဒန်းလွဲပေးမှာက သူ့အစ်ကို။ ကျွန်တော် မြင်ယောင်ခဲ့ပါတယ်။ ရေကြည်ပြီး ရေစီးတဲ့ ဧရာဝတီမြစ်ကမ်းနံဘေးက စိမ်းလန်းစိုပြည် သာယာလှပတဲ့ ရှုခင်းတွေကို ကြည့်ရှုခံစားရင်း ပျော်နေကြမယ့် မောင်နှမကိုပြောတာ။ ပြီးတော့-

"သီတာ သီတာ မြသား×××ကြာကြာငါးပါး"

ဆိုတဲ့ သီချင်းကို မောင်နှမနှစ်ယောက်ဆိုမယ်လို့ ကြားယောင်ခံစားမိခဲ့တာ။

◆ ❖ ◆

မမကျင်သန်း ကောင်းမှုကြောင့် ကျွန်တော်တို့ တောင်ပေါ်ကျောင်းဆရာတော်ဘုရားကြီးဘဒ္ဒန္တကုမာရကို ဖူးတွေ့

ဆင်နှင်းလို့မသေတဲ့ကိုရင်ကြီး ပန်းတနော်နောင်လတ်

သီတာကုန်းမြင့်နဲ့ သိပ်မဝေးတဲ့ အမှတ် (၁၀၅) သစ်စက်မှာ အစ်ကိုခင်အောင် တာဝန်ကျတော့ မမကျင်သန်းက ကျွန်တော်တို့ဇနီးမောင်နှံကိုအလည်လာဖို့ခေါ်တယ်။ 'ညီမလေး၊ အလည်လိုက်ခဲ့ပါလား" တဲ့။

တင်တင်ကြည်က ကျွန်တော့်ကို မေးတယ်။ 'လိုက်သွားမလား' လို့။

ကျွန်တော်တို့လင်မယားနှစ်ဦးက မူလတန်းကျောင်းအုပ်တွေ။ အခုလို ပင်စင်မရကြသေးဘူး။ အဲဒီအချိန်က နွေရာသီကျောင်းပိတ်ရက်။

'သွားမယ်'ဆိုတဲ့ ကျွန်တော်စကားကြောင့် ကျွန်တော်တို့ အဲဒီအမှတ်(၁၀၅)

ချင့်ရခဲ့ပါတယ်။

အမှတ် (၁၀၅) သစ်စက်ကနေ တောင်ပေါ်ကျောင်းရောက်တဲ့အထိ ဆိုင် တော်တော်ဝေးတယ်။ တော်တော့်ကို လျှောက်ခဲ့ရတယ်။လမ်းတစ်လျှောက်မှာတော့ တစ်တောဝင်ထွက်၊ တစ်ကုန်းတက်လို့ တစ်တောင်ကိုကျော် ဆိုတဲ့ သီချင်းထဲကအတိုင်းပါပဲ။

လမ်းဘေး မနီးမဝေးမှာ ဂန္ဓကုဋိတိုက်လိုလို၊ ဘုရားတန်ဆောင်းလို လို၊ ဘုရားကျောင်းလို ရှေးဟောင်း အဆောက်အအုံတစ်ခုတွေ့တယ်။

မမကျင်သန်းက ကျွန်တော့် ကို-

"အဲဒါနှစ်ပေါင်းရာကျော်နေပြီတဲ့ မောင်လေး"

လို့ ပြောတော့-

"သွားကြည့်ရအောင် မမကျင်သန်း"

လို့ ပြောပြီး ကျွန်တော်တို့ သွားကြည့်ခဲ့ကြတာ။

နောက်ဘက်လန်ကျနေတဲ့ အုတ်နံရံကြီး။အုတ်နံရံကြီးကအကြီးကြီး။လန်ကျနေပုံက မြေကြီးကဆို (၈၀) ဒီဂရီလောက်တိမ်းစောင်းနေတယ်။ ဒါပေမယ့်လဲမကျဘူး။တော်တော့်ကိုထူးဆန်းတာ။

"ပြန်မမတ်ဘူးလား၊ ပြန်မပြင်ဘူးလား"

လို့ မေးတော့-

"အလှူရှင် မရှိသေးဘူး။ တော်ရုံတန်ရုံလောက်နဲ့ ပြုပြင်ဖို့မလွယ်ဘူး" တဲ့။

ဟုတ်ကဲ့။ အဲဒီတုန်းက အဲဒီ

အဆောက်အအုံကြီးအလျားက ပေ(၂၀၀) ရာကျော်ပြီး အနံက ပေ (၆၀) လောက် ရှိမယ်။ တောင်ပေါ်ဒေသ တောတွေ တောင်တွေကြားမှာဆိုတော့ အလှူရှင်ရှားခဲ့တာနေမှာပေါ့။

နောက်လန်နေတဲ့ အုတ်တံတိုင်းကြီးနဲ့ကွာပြီးကျန်ခဲ့တာက မတ်ရပ်တော်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး။အံ့သြစရာ၊ ကြည်ညိုစရာ၊ ရိုသေစရာ အလွန့်ကိုကောင်းတဲ့ တန်ခိုးထူးတဲ့ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီး။

ပြီးတော့ အဲဒီ အဆောက်အအုံကြီးရဲ့ အနောက်တောင်ဘက်မှာ ကျွန်တော်မတွေ့ဘူးခဲ့တဲ့ သိပ်ကြီးတဲ့ ညောင်ပင်ကြီး။

"အဲဒါ ညောင်ခြေထောက်ပင်ကြီး မောင်လေးရဲ့"

အဲဒီလို မမကျင်သန်းက ပြောခဲ့တာ။

"ညောင်ပင်ကြီးက အကြီးကြီးပဲ"

"ဟုတ်တယ်မောင်လေး၊နှစ်ပေါင်း တစ်ရာမကျော်တောင် တစ်ရာနီးပါးတော့ရှိမယ်လို့ ပြောကြတာပဲ။ အဲဒါ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ကုမာရ အမိန့်ရှိတာတဲ့"

ညောင်ပင်ကိုင်းကြီးတွေက တိုးလိုးတွဲလဲကျနေကြတဲ့ နွယ်ကြိုးလေးတွေလိုလို၊ အမြစ်လေးတွေလိုလိုတွေက အများကြီး။ အဲဒီထဲမှာ တွဲလွဲ လေထဲမှာ မနေဘဲ မြေထဲဝင်နေတဲ့ အချောင်းကြီးတစ်ချောင်းက ခြေသလုံးထက်တောင်ကြီးမယ်။

မမကျင်သန်းက အဲဒီ နွယ်လိုလို၊ အမြစ်လိုလိုအချောင်းလေးတွေကို လက်ညှိုးထိုးပြီး-

"အဲဒါတွေက အမြစ်တွေ။ မြေကြီးထဲဝင်နေတဲ့ ဟိုအမြစ်ကြီးက တဖြည်းဖြည်းကြီးလာတဲ့အခါ ညောင်ပင်ကြီးရဲ့ ပင်စည်နဲ့ မြစ်မကြီးကလည်း တဖြည်းဖြည်း ညှိုးနွမ်းလာတယ်။ မြေထဲဝင်တဲ့ အမြစ်ကြီးက ကြီးကြီးလာပြီး ပင်စည်အသစ်ဖြစ်လာတဲ့အခါ မူလပင်စည်ကြီးနဲ့ မြစ်မကြီးကသေသွားတယ်။ အဲဒီအခါ မြေထဲဝင်တဲ့အမြစ်ကြီး ပင်စည်အသစ်အနေနဲ့ ဆက်ပြီးအသက်ရှင်တယ်။ အဲဒီလိုနဲ့ တစ်နေရာကတစ်နေရာကို လူတွေ ခြေထောက်လှမ်းပြီးသွားသလို ညောင်ခြေထောက်ပင်ကြီးကလည်း နေရာရွှေ့သွားတာ"

လို့ ရှင်းပြခဲ့ပါတယ်။

"ဂန္ဓကုဋိတိုက်ကျောင်းကြီးရဲ့ရှေ့ မျက်နှာနားမှာ စတင်ရှိခဲ့တဲ့ ညောင်ခြေထောက်ပင်ကြီး လမ်းလျှောက်ပြီး ရွှေ့သွားတာ ဆယ့်ငါးလံတောင်ရှိပြီ"

ဆိုပြီးတော့လည်း မမကျင်သန်းက ကျွန်တော်တို့ကို ရှင်းပြခဲ့ဖူးပါတယ်။

❖ ❖ ❖

တောင်ပေါ်ကျောင်းကို ရောက်။ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရနဲ့ ဦးပဉ္စင်းတစ်ပါး၊ ကိုရင်နှစ်ပါးကို တွေ့။ ဘုန်းကြီးကျောင်းရဲ့ဘုရားခန်းမှာသီတင်းသုံးတော်မူနေတဲ့ မြတ်စွာဘုရား ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုရှိခိုးကြ။ ဆရာတော်နဲ့ သံဃာတော်တွေကို ကန်တော့ကြ။ အဲဒီလို ကျွန်တော်တို့လုပ်ခဲ့ကြတာပါ။

"သူတို့က တပည့်တော်တို့ရဲ့ ညီနဲ့ ညီမပါဘုရား။ ဆရာတော်ကိုဖူးတွေ့ချင်တယ်ဆိုလို့ ခေါ်လာတာပါဘုရား"

လို့ အစ်ကိုခင်အောင်က ကျွန်တော်တို့ဇနီးမောင်နှံကို ဆရာတော်နဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။

ဆရာတော်ကြီးက အသိအမှတ်ပြုတဲ့အနေနဲ့ ခေါင်းတစ်ချက်မသိမသာ ညိတ်ပြီး-

"လူမနီးသူမနီးတဲ့ တောင်ပေါ်ကိုလာပြီး တရားရှာနေတာကလည်း သံဃာပါပဲ။ လူတွေသူတွေနဲ့ရောယှက်ပြီး မြို့ထဲ၊ ရွာထဲမှာ နေတာကလည်း သံဃာပါပဲ။ သံဃာဆိုရင် ဘုရားရှင်ရဲ့ အဆုံးအမအတိုင်းလိုက်နာကျင့်သုံးဖို့လိုတယ်။ ဒါမှသာ သံဃာ့တာဝန်ကျေတယ် ဒကာ၊ ဒကာမတို့ရဲ့။ လူ့ဘဝရတုန်း လူဖြစ်ရကျိုးနပ်အောင် ကြိုးစားဆောင်ရွက်ကြဖို့လိုတယ်။ အဲဒီလို လူဖြစ်ကျိုးနပ်အောင် ကြိုးစားနိုင်ကြတဲ့လူတွေဖြစ်အောင် ကြိုးစားနိုင်ကြပါစေ"

လို့ ဆုချီးမြှင့်ပေးခဲ့၊ ဩဝါဒပေးခဲ့ဖူးပါတယ်။

ကျွန်တော်က-

"ဥပုသ်နေ့မဟုတ်လို့ ထင်တယ်။ ကျောင်းကိုလာတဲ့လူတွေ သိပ်မရှိဘူးနော်"

လို့ ပြောတော့ ဆရာတော်က-

"ဒကာလေးရေ တို့များ သီတင်းသုံးတာက တောင်ပေါ်မှာရှိတဲ့ဘုန်းကြီးကျောင်းဆိုတော့ ဥပုသ်နေ့ဆိုလည်း တောင်ခြေကလာပြီး သီလယူဖို့ မလွယ်ဘူး။ လမ်းခရီးကြမ်းပြီး ဝေးတာကိုး။ ဒါပေမယ့် အခု ဒကာတို့လို လာချင်သူတွေကတော့ လာကြပါတယ်။ တစ်ခါတစ်ခါတော့ လူအုပ်စုလိုက် လူတွေတော်တော်များတယ်။ ဘုရားဖူးလာကြတာပေါ့။ အင်း- နိဗ္ဗာန်ရောက်ဖို့ဆိုတာ မလွယ်ဘူး။ ဖွဲ လုံ့လ၊ ဝီရိယနဲ့ နည်းမှန်လမ်းမှန် တော်တော့်ကိုကြိုးစားမှရတာ။ နိဗ္ဗာန်ရောက်ဖို့၊ ရဖို့လမ်းမှာတော့ ဒုက္ခပေါင်းစုံရှိကြတာပေါ့။ဒီဒုက္ခတွေကိုကျော်ဖြတ်နိုင်ဖို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို ရှုမှတ်ဆင်ခြင်ဖို့ မမေ့နဲ့"

ဆိုပြီး သတိပေးဆုံးမပြန်ပါတယ်။

ဆရာတော်ကြီး ဘဒ္ဒန္တကုမာရနဲ့ အချိန်နည်းနည်းလေး စကားပြောကြည့်ရရုံနဲ့ပဲ ဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို ကျွန်တော်တို့ အာရုံယူ ပူဇော်ခွင့်ရခဲ့ပါတယ်။

"ကဲကဲ- ဒကာတို့လွတ်လွတ်လပ်လပ်နေကြ။ အားလုံးထမင်းစားပြီးမှပြန်ကြ။ ဒီမှာတော့ သံဃာအားလုံးက အသားသက်လွတ် ဘုဉ်းပေးတာဆိုတော့ ဒကာတို့လည်း အသားသက်လွတ်ဟင်းနဲ့ စားသွားကြ"

လို့ အမိန့်ရှိတဲ့အခါ မမကျင်သန်းက ကျွန်တော်တို့ယူသွားတဲ့ထမင်းချိုင့်ကြီးပြပြီး-

"တပည့်တော်မတို့လည်း ဆရာတော်ကြီးနဲ့ သံဃာတော်တွေအတွက် အသားသက်လွတ်ဟင်းနဲ့ ထမင်းတွေယူလာပါတယ်ဘုရား၊ ဆရာတော်အလှူခံပါဘုရား"

လို့ ဆွမ်းချိုင့်ကြီး ကပ်လှူတော့ ဆရာတော်က အလှူခံရင်း-

"သာဓု သာဓု သာဓု"

လို့ သာဓုခေါ်ပြီး ဘုရားခန်းထဲဝင်သွားပါတယ်။ လုပ်နေကျဖြစ်တဲ့ ဘုရားရှိခိုးပူဇော်တာနဲ့ ဝိပဿနာအလုပ်အားထုတ်ဖို့ ထင်ပါရဲ့။

❖ ❖ ❖

ဆရာတော်နဲ့သံဃာတော်တွေကို ကျွန်တော်တို့အဖွဲ့ ဆွမ်းကပ်ခဲ့ကြတယ်။ ဆရာတော်နဲ့ ဦးပဉ္စင်းကတစ်ဝိုင်း၊ ကိုရင်နှစ်ပါးက တစ်ဝိုင်း။

ဒီတော့မှ စောစောက မမြင်ခဲ့ရတာကိုမြင်တယ်။ အဲဒါ ကိုရင်တစ်ပါးမှာ ခြေထောက်တစ်ဖက်မရှိတာ။ဘယ်ဘက်ခြေထောက်။ခြေထောက်တစ်ချောင်းလုံးတော့မဟုတ်ပါဘူး။ ဒူးဆစ်အောက်ပိုင်းတစ်ပိုင်းလုံးမရှိတဲ့ အနေအထား။ စောစောက အဲဒီကိုရင် ထိုင်နေလို့ အဲဒီခြေထောက်ကို သင်္ကန်းဖုံးထားလို့မမြင်တာ။

ဆွမ်းဘုဉ်းပေးဖို့ တခြား ကိုရင်

တစ်ပါးကတွဲပြီး အကူအညီပေးရတာ။ အဲဒီကိုရင် လက်ခွဲဏက ချိုင်းထောက်နဲ့၊ အကူအညီပေးတဲ့ ကိုရင်က ရှင်သုဇန။

ကျွန်တော်က သိချင်နေပေမယ့် မေး မလျှောက်သေးပါဘူး။ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးပြီးလို့၊ အချိုပွဲ သုံးဆောင်ပြီးလို့၊ ကျွန်တော်တို့လည်း ထမင်းစားပြီးလို့ အဲဒီတော့မှ ကိုရင် ရှင်လက်ခွဲဏကို မေးလျှောက်ခဲ့တာ။

"ကိုရင့်ခြေထောက်က မွေးရာပါလား"

"မဟုတ်ပါဘူး"

ဆိုတဲ့ ကိုရင်ရှင်လက်ခွဲဏရဲ့စကား ဆုံးတာနဲ့ ဦးပဥ္ဇင်းက ပြောတယ်။

ဦးပဥ္ဇင်းဘွဲ့က ဦးဝိမလ။

"အဲဒီကိုရင်ခြေထောက်က မွေးရာပါမဟုတ်ဘူး ဒကာကြီးရေ ဒီလို"

ဆိုပြီး ပြောပြတဲ့ ဦးပဥ္ဇင်းဦးဝိမလရဲ့စကားက စိတ်ဝင်စားစရာ၊ သင်ခန်းစာယူစရာ၊ ဗဟုသုတရစရာ သိပ်ကောင်းတာပဲ။

❖ ❖ ❖

ဦးပဥ္ဇင်းဘွဲ့က ဦးဝိမလ၊ လူနာမည်က မောင်လင်း။ ဦးပဥ္ဇင်းတို့က တောင်ပေါ်သားတွေ အမဲလိုက်ပြီး ဝမ်းစာလုပ်ခဲ့တယ်။ အမဲလိုက်တဲ့ ဓလေ့က ဘိုး၊ ဘွား၊ မိဘတွေဆီက လက်ဆင့်ကမ်းခဲ့တာ။

မောင်လင်းဆိုတဲ့ဦးပဥ္ဇင်းမှာ မောင်အင်းလို့ခေါ်တဲ့ အစ်ကိုအရင်းတစ်ယောက်ရှိတယ်။ အမဲလိုက်တာက ဦးပဥ္ဇင်းတို့ ညီအစ်ကိုရယ်၊ အားတီလို့ခေါ်တဲ့ တစ်ယောက်ရယ်၊ နောက်စိရယ်၊ အားလုံး လေးယောက်။

တောကောင်လေးတွေကို လိုက်တာ။ တောကောင်လေးတွေ ဆိုတာ မျောက်၊ သမင်၊ ဒရယ်လိုအကောင်လေးတွေ။ အကောင်ကြီးတွေကိုတော့ ကျုပ်တို့ထက် အသက်ကြီးတဲ့ လူကြီးတွေက လိုက်တာ။

လူကြီးတွေလိုက်တဲ့အမဲက တောကောင်ဆိုတဲ့ကျား။ ကျုပ်တို့ဦးပဥ္ဇင်းတို့က အသက် (၁၂) နှစ်ကျော်ကျော်လောက်ကတည်းက အမဲလိုက်တာ။ ကျုပ်တို့ အမဲလိုက်လို့ (၄) နှစ်ရှိမှ ဒီ ကိုရင်လက်ခွဲဏ၊ လူနာမည် မောင်လေးက အမဲစလိုက်တာ။ သူပါလာတော့ ကျုပ်တို့အဖွဲ့က လေးယောက် မဟုတ်တော့ဘဲ ငါးယောက်ဖြစ်ခဲ့တာပေါ့။

အမဲလိုက်တာကတော့ လေးနဲ့ မြားနဲ့။ မြားတံကို အဆိပ်သီးအရည်ထဲ အဖျားစိမ်ရတာ။ နေ့တစ်ဝက်အနည်းဆုံး စိမ်နိုင်ရင် အကောင်းဆုံး။

ကျုပ်တို့တောင်ပေါ်သားအားလုံး မြားကောင်းကောင်းပစ်နိုင်တယ်။ မြားပစ်ကျွမ်းတယ်။

❖ ❖ ❖

မောင်လေးမပါခင်အခေါက် အမဲလိုက်တုန်းက ကျုပ်တို့ သမင်တစ်ကောင်ကိုတွေ့ခဲ့တယ်။ ကျုပ်တို့ပစ်ဖို့ အမဲလိုက်ဖို့သွားခဲ့တာက မျောက်ဖင်နီ။ မျောက်ဖင်နီကိုမတွေ့ခင် သမင်ကို တွေ့တာ။ တွေ့တဲ့ သမင်ကို ပစ်ရင် ထိနိုင်တယ်။ သမင်ကိုရနိုင်တယ်။ ဒါပေမယ့် ကျုပ်တို့ မပစ်ရဲဘူး။ ဘာလို့ဆိုတော့ အမဲလိုက်မယ်ဆိုကတည်းက တောပိုင်တောင်ပိုင်တွေကို စားသောက်စရာတွေနဲ့ တင်မြှောက်ပသ ကတိပေးပြီးမှ အမဲလိုက်ရလို့။ ကတိစကားက-

"တောပိုင်တောင်ပိုင်ကြီးများ ခင်ဗျား၊ ကျွန်တော်တို့အမဲလိုက်မယ့်လူစုက တွေ့ထားခဲ့တဲ့ မျောက်ဖင်နီကို ရအောင် အမဲလိုက်ပါမယ်။အမဲလိုက်မယ့် မျောက်ဖင်နီကို အလွယ်တကူရအောင် တောပိုင်တောင်ပိုင်ကြီးများက စောင့်ရှောက်ကူညီပါ။ မျောက်ဖင်နီကိုပစ်ဖို့ အမဲလိုက်တဲ့ ကျွန်တော်တို့က တခြား ဘာကောင်ကိုတွေ့တွေ့၊ ဘာသတ္တဝါကို တွေ့တွေ့ အမဲမလိုက်ပါဘူး၊ မပစ်ပါဘူး၊ မသတ်ပါဘူး။ တကယ်လို့ အခုပေးတဲ့ ကတိမတည်ရင် ကျွန်တော်တို့ကို တောပိုင်တောင်ပိုင်ကြီးများက အပြစ်ပေးပါ။ ကျွန်တော်တို့ မျောက်ဖင်နီကို အမဲလိုက်တဲ့နေရာမှာ ဘာအန္တရာယ်မှမတွေ့အောင်၊ မျောက်ဖင်နီကိုရအောင် စောင့်ရှောက်ကူညီဖို့ ကြက်ဖိုတစ်ကောင်၊ ကြက်မတစ်ကောင်ကို ကောဝ်လုံးကြော်ပြီး အရက်တစ်အိုးနဲ့ ပသပါတယ်။ အရက်သောက်ပါ၊ ကြက်ကြော်စားပါ"

အဲဒီလိုကတိပေးခဲ့ပြီးမှ အမဲလိုက်ခဲ့ရတာ။ အမဲလိုက်တဲ့လူတိုင်း အဲဒီလို မပသဘဲ၊ မပူဇော်ဘဲ အမဲလိုက်ရင် တောထဲမှာ သားကောင်အစာဖြစ်ပြီး သေတာနဲ့၊ အချင်းချင်း ပစ်ခတ်မိပြီး သေတာနဲ့ အဲဒီလိုဖြစ်တာ။

ပူဇော်ပသပြီး ကတိမတည်တော့လည်း ဒုက္ခမျိုးစုံတွေ့တာပဲ။ ဒါကြောင့် ကျုပ်တို့က မျောက်ဖင်နီပစ်ဖို့ အမဲလိုက်သွားတုန်းက တွေ့တဲ့သမင်ကိုမပစ်တာ။

❖ ❖ ❖

"တို့တွေ့ခဲ့တဲ့ သမင်က ရွှေသမင်ထင်တယ်။ လှလိုက်တာကွာ၊ မျက်လုံးတွေကိုဝင်းနေတာပဲ"

"ရွှေသမင်တော့ မဟုတ်ဘူးကွ။ တော်တော်တော့လှတယ်"

"ဟုတ်တယ်ကွ၊ ဦးချိုတွေက သိပ်လှတယ်"

"သမင်ချိုကစျေးကောင်းတယ်ကွ"

လို့ ကျုပ်တို့ပြောပြီး-

"ဒီတစ်ခေါက်အမဲလိုက်ရင် အဲဒီသမင်မကိုရအောင် အမဲလိုက်မယ်"

လို့ ဆုံးဖြတ်တာ။

ကျုပ်တို့ပြောနေတာကို ကြားတဲ့ မောင်လေးက အဲဒီတုန်းက အသက် (၁၃) နှစ်ပဲ ရှိသေးတယ်။ သူက-

"အစ်ကိုတို့ ဒီတစ်ခေါက် အမဲလိုက်ရင် ကျွန်တော်လည်းလိုက်ပါရစေ"

လို့ တောင်းပန်တာကြောင့် ကျုပ်တို့က သူ့ကိုပါအမဲလိုက်ဖို့ခေါ်ခဲ့မိတာ။

❖ ❖ ❖

ထုံးစံအတိုင်း ပူဇော်ပသဖို့ ကြက်ကြော်တွေ၊ အရက်တွေကို စင်ပုလေးပေါ်တင်၊ မြေကြီးပေါ်မှာ အမဲလိုက်ရင် သုံးရမယ့် လေးတွေ၊မြားတံတွေချ၊ ကျုပ်တို့ငါးယောက်က အဲဒီနောက်မှာဆောင့်ဆောင့်ထိုင်၊ ကတိပေး၊ ပသ။ အဲဒီလို လုပ်ပြီးတော့မှ ကျုပ်အစ်ကို မောင်အင်းက-

"ကျန်တဲ့ လူတွေက သိပြီးသား၊ မောင်လေး နားထောင်။ အမဲလိုက်တဲ့အခါ ခြေသံလုံပါစေ၊ စကားလုံးဝမပြောနဲ့။ တို့ငါးယောက် တစ်ယောက်တစ်ကွဲစီ သွားပြီး သမင်မကိုရှာရမယ်။ တွေ့တွေ့ချင်း မပစ်နဲ့၊ ပစ်ကွင်းပိုင်တော့မှ ပစ်။ မပိုင်ရင် လူဆီပြေးလာပြီး ရန်ပြုတတ်တယ်။ တောထဲမှာ တစ်ယောက်နဲ့တစ်ယောက် နာမည်မခေါ်နဲ့။ လမ်းပျောက်တယ်၊ လမ်းမှားတယ်ထင်ရင် ဝူး-ဝူး ဆိုပြီး အသံပေး။ ကြားတဲ့လူကလည်း ဝူး-ဝူးနဲ့ ပြန်ထူး၊ ဒီလို အဆက်အသွယ်ယူ။ သတိကြီးကြီးထားရမှာ နှစ်ခု။ တစ်ခုက အမဲလိုက်တဲ့၊ လိုချင်တဲ့ သားကောင်သမင်မကိုရဖို့၊ စိတ်သိပ်စောနေတာနဲ့ တောကောင်တွေ၊ မြွေတွေရဲ့ ချောင်းမြောင်းနေတဲ့အန္တရာယ်ကို သတိမထားမိဘဲ နေတတ်တယ်။ အဲဒါ သတိအထူးထား။ နောက် သတိအထူးထားရမှာက ရချင်တာက သမင်မ။ သမင်မ မတွေ့ဘဲ တခြားဘာသားကောင်တွေ့တွေ့ မပစ်နဲ့။ နောက်ဆုံး သေနေတဲ့သားကောင်

တွေ့လည်း မကောက်နဲ့။ အဲဒါက သိပ် အန္တရာယ်ကြီးတယ်။ အထူးသတိထား။ အမဲမလိုက်ခင် တောပိုင်တောင်ပိုင်တွေကို ပသတုန်းက ပေးထားတဲ့ကတိ လုံးဝမပျက်စေနဲ့။ ကတိပျက်ရင် ဒုက္ခအကြီးကြီးရောက်မယ်"

လို့ ကြိုတင် သတိပေးခဲ့တာ။

ဒကာကြီးရေ၊ မောင်လေးကျုပ်ကိုပြောပြခဲ့တာက သူက လူစုခွဲပြီး အမဲလိုက်ဖို့ တောထဲဝင်လို့ ခဏသာ ကြာတယ်။ မြက်စားနေတဲ့ ယုန်တစ်ကောင်ကို တွေ့တယ်တဲ့။

အဲဒီလိုတွေ့တော့ အမဲမလိုက်ခင်က တောပိုင်တောင်ပိုင်တွေကို ပူဇော်ပသပြီး ပေးခဲ့တဲ့ ကတိကိုရော ကျုပ်အစ်ကို ကျုပ်တို့အမဲလိုက်အဖွဲ့ခေါင်းဆောင်မောင်အင်း ပြောခဲ့၊ သတိပေးခဲ့တဲ့ စကားကိုပါ မေ့သွားတယ်။

သူက ဖိုးပစ်ချင်တဲ့လူကိုး။

'ဟာ- ယုန်တစ်ကောင်ပါလား။ မြက်စားနေတာ ငါ့ပစ်ကွင်းထဲမှာအပိုင်ပဲ' လို့ မောင်လေးကတွေးပြီး-

"ကဲကွာ"

ဆိုပြီး မြားနဲ့ပစ်လိုက်တယ်တဲ့။

ဒကာထိပဲ။ လက်တည့်တဲ့လူ။ အမဲလိုက်တာသာ အတွေ့အကြုံမရှိသေးတာ။ သူက တောကြက်တွေ၊ ငှက်တွေကို မြားနဲ့ပစ်ဖမ်းယူခဲ့ဖူးတဲ့လူ။

မြားတံက အစာစားနေတဲ့ယုန်ကို ထိတော့ မြားတံတန်းလန်းနဲ့ လဲကျသွားတယ်။ ထွက်မပြေးနိုင်ဘူး။ မြားတံက သေကွင်းကို ထိသွားတာ ဖြစ်မယ်လို့ မောင်လေးကတွေးပြီး အဲဒီယုန်ကိုပြေးကောက်တယ်။

အနားရောက်လို့ ယုန်ကိုလည်း လက်နဲ့ကောက်ယူလိုက်ရော-

"ဟာ"

ဆိုပြီး ဖြစ်သွားတယ်တဲ့။

ဘာလို့ဆိုတော့ သူ မြားနဲ့ပစ်လို့ လဲကျနေတဲ့ယုန်က ပျောက်သွားလို့။ ယုန်ပျောက်သွားပေမယ့် မြားတံကိုတော့ တွေ့တယ်။ မြေထဲ စိုက်ဝင်နေတာ။

မြားတံကိုဆွဲနုတ်ကြည့်တော့ သွေးတစ်စက်မှ မတွေ့ရဘူး။ ယုန်လဲကျတဲ့နေရာမှာလည်း သွေးတစ်စက်မှမတွေ့ရပါဘူး။

အဲဒီအချိန်မှာ သူ့အလိုလိုကြောက်လာပြီး ကြက်သီးမွေးညင်းထခဲ့တယ်။ အဲဒါနဲ့ ကြောက်ပြီး-

"ဝူး. . . ဝူး. . . "

လို့ မောင်လေးက အသံကုန် အော်တာပေါ့။

ကျုပ်တို့ကိုခေါ်တာ။ ကျုပ်တို့ သူ့ဆီရောက်တော့ သူက အဲဒီလို ယုန်ကို မြားနဲ့ပစ်တယ်လို့ မပြောဘူး။ တောခြောက်ခံရသလိုလို ဘာလိုလို၊ တခြားသစ်ပင်တွေက ငြိမ်နေပြီး သစ်ပင်ကြီးတစ်ပင်က တဝုန်းဝုန်းနဲ့ အကိုင်းတွေလှုပ်နေလို့ဆိုပြီး သူနဲ့မနီးမဝေးက သစ်ပင်ကြီးတစ်ပင်ကို လက်ညှိုးထိုးပြပြီး ပြောခဲ့တာ။ မောင်အင်းက-

"မင်းစိတ်ကချောက်ချားနေလို့ဖြစ်မှာပါ မောင်လေးရာ။ မောင်လင်း၊ သူ့ကို ခွဲမထားနဲ့။ မင်းနဲ့အတူတူခေါ်ပြီး အမဲလိုက်"

လို့ အစ်ကို မောင်အင်းက ကျုပ်ကိုပြောခဲ့တာ။

အဲဒီနေ့က သမင်မကို မတွေ့ဘူးမဟုတ်ဘူး၊ တွေ့တယ်။ တွေ့တာမှ နီးနီးလေး။ ပြီးတော့ ပစ်ကွင်းထဲမှာ၊ ကျုပ်တို့မြားနဲ့ချိန်တုန်း လုစ်ခနဲ လုစ်ခနဲပြေးတာ။ အဝေးကြီးမဟုတ်ဘူး၊ လှည့်ပတ်ပြေးတာ။

ဘယ်လိုမှပစ်လို့မရဘဲ မှောင်တဲ့ဘက်ကိုလုလာပြီ။ ဒီတော့-

"မှောင်ရင်မကောင်းဘူးဟေ့၊ ပြန်ကြမယ်"

ဆိုပြီးအစ်ကိုမောင်အင်းဦးဆောင်မှုနဲ့ ကျုပ်တို့ပြန်ခဲ့ကြတာ။

❖ ❖ ❖

အဲဒီညက လမိုက်ည။ ကြယ်တွေတောင် ကောင်းကောင်းအလင်းရောင်မရှိဘူး။ အိပ်နေကြပြီ။ ကျုပ်တို့အိပ်ပျော်မယ်ဖြစ်တုန်း-

"ဝုန်း. . . ဝုန်း. . . ဝုန်း. . . ဝုန်း"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဆိုတဲ့အသံတွေကြားခဲ့ရတယ်။

အဲဒါ တောဆင်ရိုင်းတစ်ကောင် တောတိုးပြေးလာတဲ့အသံ၊ ဝါးပင်တွေကိုနင်းတဲ့အသံ၊ ဝါးကိုင်းတွေကို ချိုးတဲ့အသံ။ ကျုပ်တို့တောင်ခါးပန်းရွာဆိုတာ သစ်ကြီးဝါးကြီးတွေရှိတဲ့နေရာ။

အဲဒီညက-

"ပြေးကြဟေ့၊ ပြေးကြ ပြေးကြ"

ဆိုပြီး မှောင်နှင့်မည်းမည်းထဲမှာ ခြေဦးတည့်ရာပြေးကြရတာ။ တောဆင်ရိုင်းကြီးလာတဲ့ဆန့်ကျင်ဘက်ကိုပြေးတာ။ အဝေးကြီးမဟုတ်ဘူး။ သစ်ပင်ကြီးတွေနောက်နားနဲ့ ပုန်းကွယ်လို့လွတ်မယ်ထင်တဲ့နေရာတွေကို ပြေးကြ၊ ပုန်းကြတာ။

ပြေးကြ၊ ပုန်းကြတာက ကျုပ်တို့ကိုးအိမ်သာရှိတဲ့အထဲက လူကြီးတွေနဲ့ အားတီ၊ နောက်စိ၊ မောင်အင်းနဲ့ ကျုပ်ဆိုတဲ့ မောင်လင်း။ မောင်လေးကတော့ ပြေးချိန်မရလိုက်ဘဲ သူ့အိမ်ထဲမှာ ကျန်ခဲ့တယ်။

မောင်လေးရဲ့မိသားစုတွေပြေးနိုင်ကြတယ်။ ဘာမှမဖြစ်ဘူး။ ဖြစ်တာက ကျုပ်တို့ အမဲလိုက်သမားတွေဖြစ်တဲ့ အားတီက ပြေးရင်း သစ်ပင်ကြီးနဲ့ ဝင်တိုက်မိလို့ ခေါင်းကွဲတယ်။ နောက်စိက လည်း ပြေးရင်း ချော်လဲလို့ မြေပြင်ပေါ်က သစ်ငုတ်ထိုးမိပြီး ဒုက္ခရောက်တယ်။ သေတော့ မသေဘူး။ အစ်ကိုမောင်အင်းကလည်း ပြေးရင်း အရှိန်လွန်ပြီး ချောက်ထဲကျတယ်။တော်သေးတာပေါ့၊ ချောက်က သိပ်အနက်ကြီးမဟုတ်လို့။ ဒါတောင် သူ့ခမျာ တော်တော်လေးခံခဲ့ရတာ။

ကျုပ်လည်း ဘယ်သက်သာမလဲ။ မှောင်ထဲမှာပြေးရတာဆိုတော့ ဝါးရုံကြားထဲခေါင်းဝင်ပြီး လည်ပင်းနဲ့မျက်နှာတော်တော်နာခဲ့တာ။

နာခဲ့တဲ့နေရာမှာ အနာဆုံးက အမဲလိုက်တဲ့နေရာမှာ ကတိမတည်ခဲ့တဲ့ သစ္စာဖောက်ခဲ့တဲ့ မောင်လေး။ မှောင်ထဲမှာ တောဆင်ရိုင်းကြီးကို သူမြင်တယ်။ မီးခွက်ထွန်းထားလို့မြင်တာ။

တောဆင်ရိုင်းကြီးက သူ့တို့အိမ်ကိုဖြိုပြီး သူ့ခေါင်းကို ခြေထောက်ကြီးနဲ့နင်းခြေမယ်လုပ်တာ။ သူက မျက်စိမှိတ်လိုက်တယ်။ ခဏကြာတယ်။ ခေါင်းမကျေဘူး။ သူ မျက်စိပြန်ဖွင့်တယ်။ ဆင်ကြီးရဲ့ခြေထောက်တစ်ချောင်းက မြှောက်ပြီး သူ့ဗိုက်ကိုနင်းခဲ့တော့မလို့၊ သူက မျက်စိပြန်မှိတ်တယ်။ တစ်အောင့်ကြာတဲ့အထိလည်း ဗိုက်က ဒီအတိုင်းပဲ၊ မျက်စိပြန်ဖွင့်တော့ အဲဒီ ဆင်ခြေထောက်ကြီးက သူ့ဘယ်ဘက်ခြေထောက် ဒူးဆစ်အောက်ကနေ ခြေချောင်းလေးတွေအထိ ကြေမွအောင် နင်းခြေလိုက်တာခံရတော့တာပဲ။

"အား. . ."

လို့ အသံနက်ကြီးအော်ပြီး မောင်လေးက သတိလစ်သွားတာ။

အဲဒီမှာပြောစရာကျန်တယ်။အဲဒါက ကျုပ်တို့က မကြာမကြာ ဒီဘုန်းကြီးကျောင်းကို လာတတ်တာ။ ဆရာတော်ကြီးက ကျုပ်တို့ကိုစားသောက်စရာတွေ ကျွေးတယ်။ ပေးတယ်။ကျုပ်တို့ကလည်း ပန်းကန်တွေဆေးတာ၊ မြက်တွေရှင်းတာကအစ လုပ်ပေးခဲ့တယ်။

ကျုပ်တို့ကို ဆရာတော်ကြီးက-

'ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ

ဗွာမိ၊ သံယံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သရဏဂုံသုံးပါးကို သင်ပေးခဲ့တာ။ ကျုပ်တို့အားလုံးရတယ်။

တောဆင်ရိုင်းကြီးလာလို့ပြေးလိုက်ကြ၊ ပုန်းလိုက်ကြလုပ်တော့လည်း ကျုပ်တို့က အဲဒီ သရဏဂုံသုံးပါးကို ရွတ်ကြတာပဲ။

ဟောဒီ မောင်လေးပြောတဲ့အထဲမှာ သူလည်း တောဆင်ရိုင်းကြီးက သူ့ခေါင်းကိုနင်းခြေမယ်လုပ်တုန်းကလည်း သရဏဂုံသုံးပါးကိုရွတ်တယ်။ ရင်ဘတ်ကိုနင်းမယ်လုပ်တုန်းကလည်းရွတ်တယ်။ ခြေထောက်ကို နင်းခါနီးမှာတော့ အဲဒီ သရဏဂုံသုံးပါးကိုရွတ်တဲ့ဆီ မရောက်လောက်ဘူးတဲ့။

အဲဒီလိုဖြစ်တာ ဘာမှသိပ်မကြာလိုက်ပါဘူး။ အလွန်ဆုံး (၁၅) မိနစ်။

◆ ◆ ◆

မိုးလင်းလို့ အရုဏ်ဆွမ်းဘုဉ်းပေးပြီးတာနဲ့ ဆရာတော်ကြီးက တောင်ပေါ်ကဆင်းလာပြီး ဘယ်သူ့ကိုမှ မမေးဘဲ၊ ဘယ်သူကမှမဖြေဘဲ-

"ဒကာကြီးတို့ ညကဆင်လိုက်ခံရတယ်၊ ဆင်နင်းခံရတယ် ဟုတ်လား"

လို့ပြောတော့ လူကြီးတွေက-

"ဟုတ်ပါတယ်ဘုရား"

ပေါ့။ ဒီတော့ ဆရာတော်က-

"အဲဒီဆင်က တကယ့်သက်ရှိဆင်မဟုတ်ဘူး။ ဆင်လိုက်ခံရတဲ့ ဒကာတွေနဲ့ ဆင်နင်းခံရတဲ့ဒကာက မနေ့က အမဲလိုက်တယ် မဟုတ်လား။ အဲဒီမှာ ကတိသစ္စာမတည်လို့ တောစောင့်၊ တောင်စောင့်၊ တောပိုင်၊ တောင်ပိုင်တွေက နောက်ကို ကတိသစ္စာတည်အောင် အပြစ်ပေးတာ။ တကယ့်တောဆင်ရိုင်းဆို အားလုံးသေကုန်ပြီ။ ဆင်နင်းခံရတဲ့ ဒကာ၊ မင်းက ကတိသစ္စာဖောက်ခဲ့တဲ့လူ၊ ဟုတ်လား"

ဆိုတော့မှ သမင်လိုက်ရင်း ယုန်ကို မြားနဲ့ပစ်မိပါတယ်လို့တော့ ဒီမောင်လေးက ဝန်ခံတာ။

ဒါနဲ့ပဲ ဆရာတော်ကြီးက-

"ပျက်စီးသွားကြတဲ့အိမ်တွေကို စုပေါင်းပြီးပြန်ဆောက်ကြ။ ဝါးတွေ၊ သစ်တွေပေါတာပဲ။ ကဲ- ဒဏ်ရာရတဲ့ မုဆိုးလေး လေးယောက်နဲ့ ခြေကျိုးသွားတဲ့ မုဆိုးတစ်ယောက်ကို သန်သန်မာမာလူတွေက ပုခက်တွေနဲ့ ဘုန်းကြီးကျောင်းကိုသယ်ခဲ့ကြ။ တို့ ပျောက်ကင်းအောင် ကုပေးမယ်"

လို့ပြောပြီး ရှေ့ကနေပြန်ကြွသွားတော့ ကျုပ်တို့ဆီက ကျန်းမာတဲ့လူကြီးတွေက ကျုပ်တို့ကို ပုခက်နဲ့သယ်ခဲ့ကြရတာပေါ့။

တိုတိုပြောရရင် ကျုပ်တို့ကို ဆရာတော်ကြီးက ပရိတ်ရေတွေတိုက်၊ သစ်ဥသစ်ဖုတွေကိုဆေးဖော်ပြီးကု၊ အဲဒီလိုနဲ့ အားလုံး ပြန်ကျန်းမာခဲ့ကြတာပါ။ ဒီမောင်လေး မေးပြီး လမ်းလျှောက်နိုင်ဖို့ ချိုင်းထောက်ကိုလည်း ဆရာတော်ကြီးက သူ့ငွေနဲ့ဝယ်ပေးခဲ့တာ။

ဆရာတော်ကြီးရဲ့ကျေးဇူးက သိပ်ကြီးတယ်။ မကျန်းမာမချင်း ကျုပ်တို့ ဒီဘုန်းကြီးကျောင်းမှာ စားလိုက်အိပ်လိုက်နဲ့။ ကျန်းမာလာကြတော့-

"မင်းတို့မှာရှိတဲ့ အကုသိုလ်တွေ လုံးလုံးကြီးမရှင်းတောင် အကုသိုလ်တွေနည်းပါးအောင် ကိုရင်ဝတ်ကြရမယ်။ အနည်းဆုံး (၇) ရက် ဝတ်ရမယ်"

လို့ ဆရာတော်ကြီးက အမိန့်ရှိတာနဲ့ ကျုပ်တို့လည်း သာသနာ့ဘောင်ထဲဝင်ခဲ့ကြတာပါ။

အားတီတို့၊ နောက်စိတို့ကတော့ (၁၀)ရက်အထဲပဲနေပြီး လူပြန်ထွက်တာ။ ကျုပ်တို့ကတော့ မထွက်တော့ဘူး။

◆ ◆ ◆

အခုဆို အဲဒီတောင်ပေါ်ကျောင်းမှာ သီတင်းသုံးရင်း ဆရာတော်ဘုရားကြီး အဒ္ဓန္တကုမာရက အရှင်ထွက် ထွက်သွားတာ နှစ်တွေများစွာရှိနေပါပြီ။

ကျွန်တော်လည်း အဲဒီကျောင်းကို နောက်ထပ် မရောက်လို့ 'ဆင်နင်းလို့မသေတဲ့ ကိုရင်ကြီး' အဲဒီကျောင်းမှာရှိနေသေးလား၊ မရှိတော့ဘူးလား ဆိုတာ မသိတော့ပါဘူး။

ရှိနေသေးရင်လည်း 'ဆင်နင်းလို့မသေတဲ့ ကိုရင်ကြီး' က ဦးပဥ္စင်းဖြစ်နေလောက်ပါပြီ။

ပန်းတနော်နောင်လတ်

ဆီးလမ်းကြောင်းမှ ကျောက်တည်ခဲ့သော် ဤဆေးသောက်ပါ

ဆရာမြင့်(ကသာ)

ဆီးလမ်းကြောင်းမှာ ကျောက်တည်နေခဲ့သော အလွန်ခံရခက်သော ဝေဒနာဖြစ်ပါသည်။ ဆီးသွားခြင်းသော်လည်း အပြည့်အဝမသွားနိုင်၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရပါသည်။ သံမနိုင်၊ ကျောက်မနိုင်အပင်များ၊ ကျောက်ကွဲရွက်များ သုံးခွက်တစ်ခွက်တင်ကျိုသောက်၍ပျောက်သူများလည်း ရှိပါသည်။ ခရုဖင်ချွန်းအခွံကိုမီးဖုတ်၊ သံပရာရည်ညှစ် ထိုအရည်ကိုသောက်ရင်လည်း ပျောက်တာတွေ့ရသည်။ ပျောက်လည်းပျောက်ပါသည်။ စာစောင်များတွင် ဆေးမြီးတို ဗဟုသုတများ ဖတ်ရှုရပါသည်။ ဘယ်နည်းနှင့်ဖြစ်ဖြစ်ပျောက်ဖို့ ဝေဒနာသက်သာဖို့လိုရင်းဖြစ်ပါသည်။

အခုရေးသားမည့် ဆေးနည်းကစာရေးသူကိုယ်တိုင် မသိသေးသော စာစောင်မဂ္ဂဇင်းများတွင် မတွေ့မဖတ်မိသောဆေးနည်းဖြစ်ပါသည်။ ဆီးလမ်းကြောင်းမှ ကျောက်တည်ဝေဒနာဖြစ်ဖူးသောဦးဇော်နိုင်ထူး၏ ပြောပြချက်ကို ရေးသားတင်ပြထားပါသည်။ 'တရော်ပင်' (ခေါင်းလျှော်ရာတွင် သုံးသောအပင်၏အခေါက်) တရော်ပင်ကို ခုတ်ဖြတ်ယူပြီး သစ်သားချောင်းဖြင့် ထုရိုက်အခွံခွာပြီး အခေါက်ကို ရေအေးနှင့် သကြားတစ်ဇွန်းခန့်ထည့်မွှေပြီး ကိုင်းဖန်ခွက်ဖြင့် မနက်၊ နေ့လယ် ညတစ်ခွက်စီ သောက်လိုက်ရုံပါပဲ။ ချွဲကျိကျိချွဲချွဲနှင့် ဗိုက်ထဲဝင်သွားပါမည်။ သောက်ရမခက်ပါ။ သုံးခွက်လောက်သောက်ရင် လုံလောက်ပါသည်။ ဦးဇော်နိုင်ထူးကိုယ်တိုင် ဝေဒနာခံစားရတော့၊ တရော်ခေါက်ဖျော်ရည်ကိုသောက်လိုက်ရာ ဆီးသွားချင်လို့သွားလိုက်တော့ ဆီးအနယ်အနှစ်များနှင့်အတူ (နေကြာစေ့) အရွယ်ကျောက်တစ်လုံးကျလာသည်ကို တွေ့ရပါသည်တဲ့။ ဘာမှမခံစားရဘဲ သက်တောင့်သက်သာ ပျောက်ကင်းသွားပါသည်။ ဗိုက်ဆံလည်းမကုန်ပါ ဘေးထွက်ဆိုးကျိုးလည်းမရှိပါ။ ဆေးနည်းကုသိုလ်ပြုခြင်းလို့ ဤဆေးနည်းရေးဖို့ တိုက်တွန်းသဖြင့် မခွဲမစိတ်၊ ဗိုက်ဆံမကုန် လူလည်းသက်သာသော ဆေးနည်းမို့ စာရေးသူကိုယ်တိုင် သဘောတွေ့သဖြင့် စာမူရေးသားလိုက်ပါသည်။

အားလုံးကျန်းမာကြပါစေ။

ဆရာမြင့်(ကသာ)

အိပ်မက်နိမိတ်

(ဆေးရာဇာ) တင့်ထူး

သပြေကုန်းရွာအရှေ့ပိုင်းရှိ ဘုန်းကြီးကျောင်းဝိုင်းအတွင်းမှ ညနေပိုင်းလေးနာရီအချိန်တွင် အသံချဲ့စက်သံက ဆူညံစွာထွက်ပေါ်လာခဲ့သည်။ ထိုအသံချဲ့စက်သံမှာ တစ်ရွာလုံး ကြားရသည့်အပြင် ပတ်ဝန်းကျင်ရှိ ရွာများသို့တိုင်အောင် ကြားရလေသည်။ ကျေးလက်တောရွာများ၏ ဓလေ့အရ ရပ်ရွာထဲ၌ သာရေးပဲရှိရှိ နာရေးပဲရှိရှိ အသံချဲ့စက်ငှားရမ်းကာ ဖွင့်ကြလေသည်။ အသံချဲ့စက်မပါ၍မဖြစ်ကြပေ။ ထိုအသံချဲ့စက်ကို နီးစပ်ရာမြို့ပေါ်မှအသံချဲ့စက်ထောင်ထားကာ ငှားရမ်းသောနေရာမှ ငှားရမ်း၍ဖွင့်ကြခြင်း ဖြစ်သည်။

မြို့များထွင် အသံချဲ့စက် တည်ထောင်ထားသူများက တစ်ဦးတည်း ရှိသည် မဟုတ်ပေ။ စက်တော်တော်များများ ရှိနေရာမှ အသံကျယ်ပြီး သီချင်း၊ ဇာတ်ထုပ်၊ ပြဇာတ်၊ ခေတ်ပေါ်တေးသီချင်းများစုံလင်သောစက်ကိုသာရွေး၍ငှားကြလေသည်။ မင်္ဂလာဆောင်ကိစ္စအတွက် ငှားလျှင် မိုက်ကောင်းကောင်းပါသောစက်ကို ငှားကြ၏။ ညဘက်ရောက်လျှင် ရွာထဲရှိကာလသားလူငယ်များက သူတို့ရရှိထားသော တေးသီချင်းများကို မိုက်နှင့် သီဆိုကြ၏။ သီချင်းသံအတိုင်းတူအောင်ဆိုတတ်သူများရှိသလို အသံသေးအသံကြောင်နှင့် စည်းမကိုက်ဝါးမကိုက်၊ နားထောင်ရသူတို့အဖို့ နားကလောဖွယ် အသံများနှင့် သီဆိုသူများလည်း ရှိလေသည်။ မင်္ဂလာကိစ္စဖြစ်၍ လူငယ်ကာလသားများ၏ ပျော်ရွှင် သီဆိုကြမှုကို နားကလောစရာပင် ဖြစ်သော်လည်း မချစ်သော်လည်း အောင့်ကာနမ်း ဆိုသကဲ့သို့ မကြားချင်သော်လည်း နားထောင်၊ ကြားနေရပေသည်။

ကျေးရွာများတွင် ကိစ္စဝိစ္စရှိတိုင်း အသံချဲ့စက်မပါ၍မဖြစ်ပေ။ ထိုကိစ္စများတွင် လာရောက်ဝိုင်းဝန်းကာ ကူညီလုပ်ကိုင်ပေးကြသူတို့အတွက် မပျင်းမရိရအောင် ဧည့်ခံပေးသည့်သဘောပင် ဖြစ်၏။ မြို့တွေမှာက ည (၉)နာရီအထိသာ ဖွင့်ခွင့်ရလေ၏။ ကျေးလက်ဒေသတွင်မူ တစ်ညလုံးဖွင့်ကြလေသည်။

ယခုလည်း ရွာဦးဘုန်းကြီးကျောင်းဝိုင်းထဲတွင် ချက်ပြုတ်ကြော်လှော်နေသူများ၊ ဟင်းချက်နေကြသူများက ဝိုင်းဝန်းလုပ်ကိုင်ပေးနေကြ၏။ ထိုသို့ ဝိုင်းဝန်းလုပ်ကိုင်နေကြခြင်းမှာ ရွာထဲမှ လူတချို့ တစ်နေရာတည်းတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အစုလိုက် သေဆုံးသွားခဲ့ကြသဖြင့် ရက်လည်ဆွမ်းသွတ်ရန် စုပေါင်းလုပ်ဆောင်နေကြခြင်း ဖြစ်သည်။

"မိအေးရေ နင်တို့ ကြက်သွန်လှီးနေကြတာ မပြီးကြသေးဘူးလားဟေ့"

"ပြီးတော့မှာပါ အရီးလေးရဲ့၊ နည်းနည်းပဲ ကျန်ပါတော့တယ်"

"အေး- ကြက်သွန်လှီးလို့ပြီးကြရင် ငရုတ်သီး ဆက်ထောင်းကြဟေ့။ ချင်းတက်တွေလည်း အခွံတွေသင်ထားကြ"

တာဝန်ခံ ချက်ပြုတ်နေသူ အရီးလေး ဒေါ်ထွေးက လုပ်ရမည့်အလုပ်ကို ဆက်လုပ်ကြရန် စီစဉ်ပေးနေ၏။ ဘုန်းကြီးကျောင်းဝိုင်းကြီးထဲတွင် ကျောင်းကြီးဘေး၌ မီးစက်မောင်းပြီး ထွန်းထားသော မီးချောင်းများက ထိန်ထိန်လင်းနေသည်။ ထမင်းချက်အဖွဲ့က ထမင်းစတင်၍ချက်ကြရန် ပြင်ဆင်နေကြလေပြီ။ ကျောင်း

အောက်ရှိ ခုတင်ရှာစ်လုံးပေါ်တွင် အသံခဲ့ စက်တင်ထားပြီး စက်သမားက တစ်ခွေပြီးတစ်ခွေ ဖွင့်ပေးနေသဖြင့် စက်သံကတညံညံ၊ လုပ်ကိုင်နေသူများက တရှန်းရှန်းနှင့် စည်ကားနေလေသည်။

မနက်လင်းလျှင် ကျောင်းရှိသံဃာကုန်နှင့် အနီးဝန်းကျင်ကျောင်းများမှ ပင့်ထားသော သံဃာများကို အရှက်ဆွမ်းကပ်လှူပေးကြရမည်ဖြစ်သည်။ ဆွမ်းစားပြီးလျှင် အချိုပွဲကပ်ပြီးပါက ရေစက်ချ၊ တရားနာ၊ အမျှအတန်းပေးဝေကြရမည်ဖြစ်လေသည်။ တစ်ဦးတစ်ယောက်၏ နာရေးကိစ္စအတွက်ဆိုလျှင် နာရေးဖြစ်သည့်အိမ်၌ပင် ရက်လည်အတွက် လုပ်ကိုင်ကြသည်။ ယခုကိစ္စက ရွာထဲမှ လူတစ်စု၏နာရေးကိစ္စဖြစ်နေ၍ ဘုန်းကြီးကျောင်းတွင် စုပေါင်းလုပ်နေကြခြင်းဖြစ်သည်။

သေဆုံးသူတို့နှင့် ပတ်သက်သော ဆွေမျိုးများလည်း ညကတည်းကရောက်ရှိနေကြလေသည်။ လုပ်ကိုင်နေသူတွေက လုပ်ကိုင်နေကြသလို သက်ကြီးပိုင်းမှ လူကြီးများက ရေနွေးကြမ်းဝိုင်းဖွဲ့ကာ စကားစမြည်ပြောဆိုနေကြ၏။

"ကျွန်တော်တို့မသိလို့ မေးပါရစေ ဦးကြီးရယ်"

"မေးပါလေ၊ ဘာများမေးချင်တာပါလဲ"

"ဒီလိုပါ။ အခုဆွမ်းသွတ်ဖို့လုပ်နေကြတဲ့လူတစ်စုဟာ ဘယ်လိုတွေဖြစ်ပြီး သေဆုံးခဲ့ကြရတယ် ဆိုတာ မသိကြလို့ပါ ဦးကြီးရယ်"

သေဆုံးသူတချို့နှင့် သားချင်းဖြစ်ဟန်ရှိသော မြို့မှ ညအိပ်ရောက်လာကြသော လူတချို့က ရေနွေးကြမ်းဝိုင်းထဲမှ အသက်ကြီးကြီး ဦးကြီးတစ်ယောက်ကို မေးလာခဲ့ခြင်း ဖြစ်သည်။

"အင်း- သူတို့အဖြစ်ကသနားစရာပါကွယ်။ သူတို့ရဲ့အဖြစ်ကို ပြန်ပြောပြရမယ် ဆိုရင် အစကချီပြီး ပြောပြပေးမှ လိပ်ပတ်လည်အောင်သိကြမှာပဲကွယ့်"

"ဟုတ်ကဲ့ ဦးကြီး၊ ပြောပြပေးပါဗျာ"

မြို့မှ ညကတည်းကရောက်လာကြသူများက မေးလာသဖြင့် ထိုဦးကြီးလည်း ဖြစ်ကြောင်းကုန်စင်ကို အစမှချီကာပြောပြပေးခဲ့လေသည်။

❖ ❖ ❖

သပြေကုန်းရွာက အိမ်ခြေနှစ်ရာကျော်ရှိသော ရွာတစ်ရွာ ဖြစ်သည်။ ရွာထဲတွင် 'တစ်ရွာလုံးက ကိုးကွယ်နေကြသော ရွာဦးဘုန်းကြီးကျောင်းကြီးက ရွာ၏အရှေ့ဖျားတွင် တည်ရှိနေသည်။ ထိုဘုန်းကြီးကျောင်းကြီးမှာ ရွာတည်စကတည်းက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်၍ နှစ်တွေကြာလာခဲ့သောအခါ ကျောင်းကြီးက အိုမင်းကာလိုင်ရွဲ့ပြီး ပေါက်သည့်နေရာကပေါက်၊ ကျိုးသည်နေရာကကျိုး၊ ဆွေးသည့်နေရာကဆွေးဖြစ်လာခဲ့သည်။

ထိုအခြေအနေအား ကျောင်းသို့ ဥပုသ်သီလသီတင်းလာရောက်ဆောက်တည်ကြသူတွေက တွေ့မြင်ခဲ့ကြသည်။ ထိုအခြေအနေကိုတွေ့မြင်ကြသူတိုင်းက စိတ်မချမ်းမြေ့ကြတော့ပေ။ ထိုသို့ဖြစ်နေသည်ကို ပြန်လည် အသစ်ဆောက်လုပ်လှူဒါန်းပေးနိုင်ကြရန် ရွာလူကြီးတွေက ညှိနှိုင်းတိုင်ပင်ခဲ့ကြလေသည်။

"ကျောင်းကြီးတစ်ကျောင်းလုံးကို အသစ်ပြန်ဆောက်မှာဆိုတော့ တိုင်တွေ၊ ပျဉ်တွေ၊ ထုပ်ပတ်လျောက်ပတ်တွေက အဓိတလိုလာမယ်ဗျ။ ကျောင်းကြီးလည်း ကြာကြာတည်တံ့အောင်လို့ ခိုင်ခိုင်ခံ့ခံ့ဆောက်လုပ်ဖို့ဆိုရင် ကျွန်းတိုင်တွေ၊ ပျဉ်းကတိုးတိုင်တွေ၊ ကျွန်းပျဉ်တွေနဲ့ ဆောက်ကြရမှာပဲ။ ဒီတော့ ရွာလူကြီးများက တိုင်ခွဲဖို့၊ ပျဉ်ဆွဲဖို့ ရွာထဲကလူတွေကို စုဖွဲ့ပြီး တာဝန်ပေးပါ။ ကျွန်တော်တို့ ကိုယ်တာဝန်ကျတဲ့အလုပ်ကို ဝိုင်းဝန်းလုပ်ဆောင်ကြပါမယ်။ မိမိရပ်ရွာ၊ မိမိကျောင်းကန်ကိစ္စဖြစ်လို့ ကုသိုလ်တောင် ရကြမယ်မဟုတ်လား"

"သိပ်မှန်တာပေါ့ကွယ်။ ပျက်အစဉ်ပြင်ခဏလို့ ဆိုထားတယ် မဟုတ်လားကွယ်။ ပျက်နေတာကို မပြင်ဘဲထားရင်ကြာရင် ပိုဆိုးလာမှာပဲလေ။ ဒီတော့ ကျောင်းသစ်ကြီးပြန်ဆောက်နိုင်အောင် ထိုလူကြီးတွေက ရွာထဲက သင့်ရာတော်ရာလူစုဖွဲ့ပြီး ဝိုင်းဝန်းလုပ်နိုင်ကြဖို့ တာဝန်ခွဲပေးရမယ်။ မိမိတို့ကျတဲ့တာဝန်တွေကိုသာ အောင်အောင်မြင်မြင်ဖြစ်အောင် စုပေါင်းလုပ်ပေးကြပေါ့ကွယ်"

ဒီလိုနဲ့ပဲ ရွာက လူတွေဟာ သူတို့တာဝန်ကျတဲ့ လူစုနဲ့အတူ တောတက်လာခဲ့ကြပြီး တိုင်ခွဲသူ၊ ပျဉ်ဆွဲသူတွေလုပ်ကြရခြင်းဖြစ်သည်။ တောတက်ပြီး ချက်ချင်းမရနိုင်တာကြောင့် စားရိက္ခာပါ ယူဆောင်၍ လေး၊ ငါးညအိပ်ပြီး လုပ်ကြရမည် ဖြစ်သည်။

ကျောင်းကြီးရေရှည်တည်တံ့ခိုင်မာနိုင်ရန် တိုင်တို့၊ ပျဉ်တို့ကို အပင်ကြီးကြီးနှင့် သက်တမ်းရင့်သောသစ်ဖြစ်ရန်အတွက် တောင်ကုန်းမြင့်မြင့်ပေါ် သို့တက်၍ရှာဖွေကြရလေသည်။ ချိုင့်ထဲ၊မြောင်ထဲ အနိမ့်ပိုင်းက သစ်ပင်ထက် ကုန်းမြင့်တောင်ကုန်းပေါ်က သစ်ပင်များက ပို၍မာကျောကာ ပို၍ရင့်မာကြလေသည်။

"အေး- တိုင်ခွဲမယ့်အုပ်စုနဲ့ ပျဉ်ဆွဲကြမယ့်အုပ်စုက အတူတူတက်ကြမယ်ဟေ့။ ဒါမှ တိုင်ခွဲတဲ့လူကခွဲ၊ ပျဉ်ဆွဲတဲ့လူစုက ပျဉ်ဆွဲကြတာပေါ့ကွာ"

သူတို့အုပ်စုနှစ်စုလည်း တောင်ကုန်းပိုမြင့်လေ၊ သစ်ပိုမာကျောလေ ဖြစ်ခြင်းကြောင့် တောင်ကုန်းအမြင့်များပေါ်သို့တက်ရှာလာခဲ့ကြသည်။ သူတို့ထက်ရှာသော ကျွန်းပင်၊ ပျဉ်းကတိုးပင်များက ကျွန်းတော၊ပျဉ်းကတိုးတောမဟုတ်ပေ။ အခြားသစ်ပင်များကြားတွင် ပေါက်နေသော ကျွန်းပင်၊ ပျဉ်းကတိုးပင်ကြီးမျိုးကို ရှာ၍ တိုင်ခွဲ၊ ပျဉ်ဆွဲကြရန် ဖြစ်သည်။

သူတို့အဖွဲ့လည်း လွှ၊ တူ၊ သံ၊ သပ်များသယ်ဆောင်ကာ တက်ရှာလာခဲ့ကြရာ တောင်ကုန်းအမြင့်တစ်နေရာတွင် ကျွန်းပင်နှင့် ပျဉ်းကတိုးပင်များ ရောပြွမ်းပေါက်နေသည်ကို တွေ့ကြ၏။

"ငါတို့အဖွဲ့တွေ ဒီနေရာမှာဆိုရင် တိုင်တွေ၊ ပျဉ်တွေခွဲလို့ရနိုင်မယ်ဟေ့"

"ဟုတ်တယ်ဗျို့။ ကျွန်းနဲ့ ပျဉ်းကတိုးပင်ကြီးတွေကကြီးပြီး သက်တမ်းရင့်ကြမှာပဲဗျ"

"ကဲ - ထွန်းတင်တို့လူစုက ဟိုဘက်ကိုသွားပြီး ပျဉ်ဆွဲကြပေါ့ကွာ။ ငါတို့လူစုကတော့ ဒီဘက်မှာ တိုင်ခွဲကြမယ်ဟေ့"

တိုင်ခွဲခြင်း၊ ပျဉ်ဆွဲခြင်းအလုပ်တို့က အပြောလွယ်သလောက် လက်တွေ့လုပ်ရသည့်အခါ၌ ခက်ခဲကြလေသည်။ တိုင်ခွဲမည့် ပျဉ်းကတိုးပင်ကို မလှဲဖြတ်မီ ပင်စည်၌ အနာအဆာ၊ သစ်ဆွေး၊ သစ်ခေါင်းရှိမရှိစစ်ကြရသည်။ အပင်လှဲဖြတ်ပြီးမှ အနာအဆာတွေ့ပါက နောက်တစ်ပင်ရှာကာ လှဲဖြတ်ရမည် ဖြစ်၍ နှစ်ခါပင်ပန်းကြရမည်သာ ဖြစ်သည်။

"ကဲ- ဒီပျဉ်းကတိုးပင်ကြီးကတော့ ဖြောင့်စင်းပြီး အနာအဆာလည်း တင်းတယ်ဟေ့။ လှဲကြမယ်"

ပျဉ်းကတိုးပင်အရင်းအထက်နားမှစ၍ လွှဖြတ်ကြသည်။ ပင်စည်တစ်ဝက်ခန့်အရောက်၌ လွှပြန်နုတ်၍ ယခင်လွှကြောင်းအထက်ဘက် တစ်ထွာသာသာမှ နောက်ထပ်ပင်စည်တစ်ဝက်ခန့်ထပ်ဆွဲဖြတ်ရသည်။ ပြီးလျှင် အတွင်းမှဖြတ်စကို ရိုက်ထုတ်လိုက်လျှင် သစ်ပင်လှဲချမည့်ဘက်တွင် ဟိုက်သွား၏။ ပြီးမှ ကျောဘက်အောက်ဆုံး လွှကြောင်းနှင့် တန်းတန်းတွင် လွှတိုက်ပေးသည်နှင့် သစ်ပင်ကြီး ဟန်ချက်ပျက်ကာ ယိမ်းယိုင်လာတော့၏။

"ဖြည်းဖြည်းဆွဲဖော့။ သစ်ပင်ကြီးယိုင်လာပြီနော်"

"ဟော - တော်တော်ယိုင်လာပြီ၊ သတိထားကြဟေ့"

မကြာမီအချိန်မှာပင် သစ်ပင်ကြီးသည် လှဲချမည့်ဘက် မြေပေါ်သို့ လဲကျသွားခဲ့တော့သည်။

"ဟာ- သစ်ပင်ရဲ့ ပင်စည်ကြီးကတော့ ဖြောင့်စင်းနေတာပဲဟေ့။ ကြီးလည်းကြီးတော့ တိုင်(၆)လုံးစာလောက်ကို ခွဲလို့ရနိုင်မှာပဲဟေ့"

တိုင်အရှည်အတွက်တိုင်းထွာကာ သစ်ပင်၏ပင်စည်ကို ဖြတ်ပိုင်းကြသည်။ သစ်လုံးကြီးရလျှင် ထိုသစ်လုံးကို ထက်ခြမ်းခွဲရန် ထိပ်တစ်ဖက်မှ အပေါ်ဘက်က သံသပ်တစ်ချောင်း၊ အောက်ဘက်နားက တစ်ချောင်း ရိုက်သွင်းပေးသောအခါ သစ်လုံးကြီးကွဲအက်လာသည်။ ပြီးမှ ထိုအက်ကြောင်းတစ်လျှောက် သံသပ်သွင်း၍ ရိုက်ခွဲသွားကြရသည်။ မကြာမီ သစ်လုံးကြီး ထက်ခြမ်းကွဲခဲ့သည်။ ထိုသစ်ခြမ်းကို တိုင်သုံးလုံးစာမျှ၍ သပ်ရိုက်ခွဲယူကြရသည်။ တိုင်ခွဲသည့်လူစုကများသဖြင့် သစ်လုံးခြမ်းသူ၊ တိုင်ခွဲစိတ်သူ၊ ခွဲစိတ်ပြီးသော တိုင်ကြမ်းကို ထိပ်နှစ်ဖက်အား အောက်မှ သစ်ကိုင်းတုံးခံတင်ပြီး ဓားမဝမ်းပူဖြင့် ချောအောင်ရွေယူရ၏။ ဖျဉ်းဓားမအရွေကောင်းလျှင် စက်ကျအတိုင်း ရှစ်ပတ်လည်တိုင်ချောများ ရရှိလာသည်။

ပျဉ်ဆွဲသူများအုပ်စုကလည်း သစ်ပင်များကိုလှဲဖြတ်ကာ ရရှိလာသောသစ်လုံးကို တောထဲ၌ပင် တောင်စောင်းဘေး၌ လွှစင်ဆောက်၍ လိမ့်တင်ကာ သစ်လုံးကို အလယ်မှ ထက်ခြမ်းခွဲရ၏။ ထက်ခြမ်းခွဲနိုင်ရန် သစ်လုံးကို မျဉ်းရိုက်ပေးရသည်။ မျဉ်းရိုက်သည် ဆိုသည်မှာ ခေတ်ခဲအတွင်းမှ ဇဝက်သာ၊ ကော်နှင့် ကာဗွန်ချောင်းထုခြေ၍ ရောထားသော အရောင်မည်းနေသည့်အထဲသို့ မျဉ်းကြိုးကိုနှစ်ပြီး သစ်လုံး၏အလယ်တည့်တည့် ချိန်၍ ထိပ်နှစ်ဖက်တင်းအောင်လက်နှင့်ဖိထားကာ မျဉ်းကြိုးအလယ်မှအပေါ်သို့ ဆွဲမြှောက်၍ ပြန်လွှတ်ချပေးလိုက်လျှင် သစ်လုံးအလယ်တည့်တည့်အတိုင်း မျဉ်းကြိုးအမည်းရာထင်လာခဲ့သည်။ ထိုမျဉ်းကြိုးရာအတိုင်း လွှစင်အောက်က တစ်ယောက်၊ သစ်လုံးပေါ်က တစ်ယောက်နေပြီး နှစ်ယောက်ဆွဲလွှကြီးဖြင့် တဖြည်းဖြည်းဆွဲကာ ထက်ခြမ်းခွဲကြရသည်။ ထိုသစ်ခြမ်းအား လိုသောပျဉ်များ ထပ်မံစိတ်ယူကြရလေသည်။

တိုင်ခွဲသည့်လူစုနှင့် ပျဉ်ဆွဲသည့်လူစုတို့က နေ့ခင်းပိုင်းတွင် သူတို့အလုပ်သူတို့လုပ်ကြပြီး ညဘက်ရောက်လျှင် တစုတဝေးတည်း အိပ်ကြလေသည်။

အလုပ်နား၍ ညစာချက်ပြုတ်ပြီးလျှင် တောပိုင်တောင်ပိုင်ကြီးအား စားဦးစားဖျား ပသ တင်မြှောက်ပေးကြကာ ဘေးဘယာဝေးစေကြောင်း ဆုတောင်းကြ၏။ ပြီးမှ ဝိုင်းဖွဲ့၍စားသောက်ကြပြီး ညဉ့်ဦးပိုင်း မအိပ်ချင်သေးလျှင် ရေနွေးကျို၍သောက်ကြသည်။ ရေနွေးတည်ရသည်က လွယ်ကူ၏။ ဝါးပိုးဝါးကြီးကြီး နှစ်ဆစ်ကို အဆစ်ခံ၍ဖြတ်ပြီး အပေါ်အဆစ်ကို အပေါက်သေးသေးဖောက်၍ အလယ်ဆစ်ကို တုတ်နှင့်ထိုးဖောက်ပေးပြီး ရေအပြည့်ထည့်ကာ မီးဖိုတွင်ထောင်၍ မီးထည့်ပေးထားခြင်းဖြင့် ဆူပွက်လာသည်။ ရေဆူလျှင် လက်ဖက်ခြောက်ခတ်ကာ နှပ်ထားပေးရသည်။ ထိုရေနွေးဘူးကို ဝါးခွက်ကလေးများထဲသို့ စောင်းငှဲ့ထည့်၍သောက်ရခြင်း ဖြစ်သည်။

နေ့ခင်းအလုပ်လုပ်ရင်း လွှဆွဲရင်း မောပြီး ခေတ္တနားစဉ်တွင် တည်ပြီး နှပ်ထားသောရေနွေးဘူးမှငှဲ့ထည့်၍ ရေငတ်ပြေ သောက်ကြရသည်။ ရေနွေးကြမ်းဝအောင် သောက်ထားလျှင် ရေတော်တော်နှင့်မငတ်တော့ပေ။ ရေကိုကျို၍ချက်ထားသောရေနွေးကြမ်း ဖြစ်၍ ဝှက်ဖျားရောဂါလည်း ကင်းဝေးနိုင်လေသည်။

◆ ◆ ◆

သူတို့အဖွဲ့နှစ်ဖွဲ့ လူစုများသည် နေ့ခင်းဘက်တွင် အလုပ်ပင်ပန်းစွာလုပ်ကိုင်ခဲ့ကြရသဖြင့် ညစာစားသောက်ပြီးကြလျှင် မောမောနှင့် မီးဖိုကြီးဘေးတွင်

ယေဘုယျ ဝယ်ဘဝပုံရိပ်များနှင့်ထူးခြားဆန်းကြယ်လှသည့်

အပိုင်း (၂)

ဂမ္ဘီရကိုယ်တွေ့ဆေးနည်းများ

ဦးမင်းဇင်(ရွှေနဝင်း)

စာရေးသူ (၄၊ ၅) နှစ်သားအရွယ်မှာ မကြုံစဖူးထူးကဲစွာ ခေါင်းတစ်ခေါင်းလုံး အနာမီး၊ အနာစက်၊ အနာစာဥ ဟည်းဟူသော ဦးခေါင်းတွင်ပေါက်တတ်သော အနာမျိုးစုံစုပေါင်း၍ ကန်ထွက်လာပြီး မအိပ်နိုင်၊ မစားနိုင် တငိုငိုဘဂျီဂျီဖြင့် အဘိုး၊ အဘွား မိဘများသည်း စိတ်မချမ်းသာနိုင်တွေ့ကြုံနေရလေသည်။

ဖြစ်တာကိုလည်း အပြစ်တင်၍မရလောက်အောင် စာရေးသူကို သဲသဲလှုပ်ချစ်လှစွာသော အဘွားက အုန်းဘမင်း၊ အုန်းနို့ခေါက်ဆွဲ၊ ဩဇာသီး၊ ဒူးရင်းသီးစသော စာရေးသူအကြိုက်အစားအစာများကိုသဘောရှိ စားစေသတည်းဖြစ်အောင် အလိုလိုက်ထားခြင်းကြောင့်-

ဒီလောက်အပူကန် အခိုးထွက်စာများစားခဲ့ခြင်းကြောင့် တစ်ခေါင်းလုံးပြတ်ထွက်မသွားတာဘဲ ကံကောင်းသည်ဟုပြောရမလိုဖြစ်နေသည်။

ဒီတော့ ထုံးစံအတိုင်း ကလေးကိုကျောပိုးပြီး ဆေးစုံ၊ ဆရာစုံလည်ပြီးကုရပါသော်လည်း အနာများက ချပ်သလိုလိုရှိလိုက် ပြန်ပြီးပြည်တည်လိုက် သားငံချည်တစ်စက်စက်ထွက်လိုက်နဲ့ လုံးလည်လိုက်ပြီး လနှင့်ချီ၍ မပျောက်နိုင်မကင်းနိုင်ဖြစ်ရလေသည်။

အင်္ဂလိပ်ဆေးဆရာဝန်၊ ဗမာဆေးတိုင်းရင်းဆေးဆရာ စုံလင်စွာနဲ့ကုကြပါသော်လည်း ထိုနည်းလည်းကောင်းပင် ကလေးမှာ မအိပ်နိုင်၊ မစားနိုင်နဲ့ ယခင်ခန္ဓာကိုယ်၏တစ်ဝက်မျှ ပိန်ချုံးကျသွားလေတော့ မိဘ၊ ဘိုးဘွားများက ပိုလို့စိုးရိမ်မှုများဖြစ်လာကြလေသည်။

အနာအကု ကောင်းသည်ဆိုလို့ အနာကြီးရောဂါကုသသော ဆရာနှင့်ခေါ်ကုသပါသေးသည်။ ဒါလည်း မရပါ။

ဒီလိုနဲ့ တစ်နေ့မှာ မိဘများဈေးဆိုင်သို့ဈေးဝယ်လာသော အဂ္ဂိရတ်ဆရာကြီးတစ်ဦးက စာရေးသူ၏ခေါင်းမှအနာများကိုတွေ့သွားကာ အကျိုးအကြောင်းမေးမြန်းပြီး အဖေနဲ့အမေကိုဆေးနည်းသေချာစွာပြောပြ၍ အမြန်ဆုံးလုပ်ပေးပါဟုမှာခဲ့လေသည်။

ထိုအဂ္ဂိရတ်ဆရာကြီး ပြောခဲ့သော ဆေးနည်းကို မိဘများကလည်း ဒီလောက်ဆေးစုံ၊ ဆရာစုံနေတဲ့ မပျောက်နိုင်တဲ့ ခေါင်းက အနာတွေကို ပျောက်လိုပျောက်ငြားဆိုတဲ့ စိတ်ဆန္ဒနဲ့ ချက်ချင်းပဲဆေးရှာဝယ်ပြီး အကောင်အထည်ဖော်လေတော့သည်။

ဒီတစ်ခါတော့ အနာနဲ့ဆေးတည့်သွားပြီဟုထင်ပါသည်။ တစ်နေ့တခြားဆေးထည့်နေရင်း အနာများချပ်ကျ၍ အစေးမထွက်၊ အရောင်ကျသွားလိုက်တာ (၃) ရက်အတွင်းမှာကို နင်နေ ငါ သွားဖြစ်သွားလေတော့သည်။

ဆေးနည်းညွှန်ခဲ့သော အဂ္ဂိရတ်ဆရာကြီးကိုလည်း ကျေးဇူးအနန္တတင်ကြလေသည်။

သို့သော် ကလေး၏ခေါင်းမှအနာများကောင်းသွားသော်လည်း ကလေး၏လည်ပင်းတွင် ခမည်းပေးဆွဲထားသော ငါးမူးသား ရွှေဆွဲကြိုးလေးမှာ ရွှေရောင်ပျောက်ပြီး ငွေရောင်ဖြစ်နေ၍ ကလေးကို လူကြီးများအလစ်တွင် ဘယ်သူကများ ရွှေဆွဲကြိုးကိုလဲသွားကြသလဲဟု ဟိုမေးဒီမြန်းနဲ့လူကြီးများ အလုပ်များရလေတော့သည်။

နောက်ဆုံး အဖေရဲ့မိတ်ဆွေ ပန်းတိမ်ဆရာကြီးရောက်လာပြီး ကလေးရဲ့လည်ပင်းမှ ငွေရောင်ဖြစ်နေသော ဆွဲကြိုးကိုဖြုတ်ယူသွားပြီး ပန်းတိမ်ဖိုမှာ ရွှေဟုတ်မဟုတ် မြေချဉ်ဖြစ်ပြီး အရောင်တင်ကြည့်လိုက်တော့ မူလရွှေဆွဲကြိုးပင်ဖြစ်နေလေတော့သည်။

ဒီတော့မှ ပန်းတိမ်ဆရာကြီးက တရားခံကိုရှာပေးနိုင်တော့သည်။

"မင်းတို့ ကလေးကို ပြဒါးပါတဲ့ ပစ္စည်းတွေ ဘာတွေပေးကိုင်မိတာမျိုးရှိသလား"

ဟုမေးလေသည်။

ထိုအခါမှ အဂ္ဂိရတ်ဆရာကြီးပေးခဲ့သော ကလေးခေါင်းမှ အနာများကိုဆေးနည်းညွှန်ခဲ့သည့်အထဲတွင် ပြဒါးပါဝင်နေသည်ကို သတိရကြလေသည်။

ပန်းတိမ်ဆရာကြီးက-

"အေး- ကလေးခေါင်းက အနာကို ပြဒါးပါတဲ့ဆေးနဲ့ထည့်တော့ ခေါင်းကပြဒါးဓာတ်က လည်ပင်းကရွှေဆွဲကြိုးဆီကိုဓာတ်ကူးလာပြီး ရွှေမှာပြဒါးပတ်နေတော့ ရွှေဆွဲကြိုးကနေ ပြဒါးရောင်၊ ငွေရောင်ပြောင်းသွားပြီး မင်းတို့တွေ ဟိုလိုလို ဒီလိုလိုတွေးထင်နေကြတာပေါ့ကွာ"

ဟုဆိုလေသည်။

နောင်ကို ပြဒါးပါတဲ့ဆေး (သို့) ပြဒါးပါဝင်နေတဲ့ပစ္စည်းတွေနဲ့ ရွှေကို အတူမထားနဲ့ ထားရင်အခုလိုမျိုးဖြစ်မှာပဲဟုသတိပေးခဲ့ပါသည်။

နိဂုံးချုပ်တော့မယ်ဆိုတော့ စာရှုသူများ ကလေးခေါင်းတွင်ပေါက်သော အနာမီး၊ အနာစက်၊ အနာစာဥ၊ အနာစုံထွက်၍ မပျောက်နိုင်၊ မကင်းနိုင်၊ ဆေးစုံဆရာစုံနေတဲ့ ခေါင်းကအနာကို ဘာဆေးနဲ့များ ဒီလောက်မြန်ဆန်စွာကောင်းသွားသလဲဟု သိချင်နေကြမည်ဟုထင်ပါသည်။

ပြောပါမည်။ အဲဒီအစွမ်းထက်တဲ့ဆေးကတော့ ပြဒါး တစ်မူးသား (သို့) လေးပဲသားကို ကွမ်းရွက် (၁) ကျပ်သားနဲ့ ကောလိကျအောင်ကြိတ်ပြီး ခေါင်းက အနာကိုထည့်ပေးခြင်းဖြစ်ပါသည်။ လွန်စွာလျင်မြန်ပျောက်ကင်းပါသည်။

သို့သော် ယနေ့ခေတ် ဆေးသိပ္ပံအမြင်အရ ပြဒါးသည် ကြောက်စရာကောင်းလှသည့် ပြဒါးဆိပ်သင့်ခြင်းကို ဖြစ်စေပါသည်ဟု အတိအလင်းဆိုထားပါသည်။

ဒီနေရာမှာ ရိုးရာအဂ္ဂိရတ်ဓာတ်ပညာနည်းစနစ်ဖြင့် ပြဒါးကိုနိုင်နင်းတဲ့ ကွမ်းရွက်က ပြဒါးရဲ့ (၄) ဆ (သို့) (၈) ဆခန့် ကဲပြီး ပြဒါးအခိုးကိုသတ်ထားခြင်းက မြန်မာဂမ္ဘီရအဂ္ဂိရတ်ဓာတ်ပညာ၏ဆန်းကြယ်လှစွာသောလျှို့ဝှက်နည်းပညာတစ်ခုဖြစ်ပြီး ၎င်းကိုသူနေရာနှင့်သူ အံဝင်ခွင်ကြအောင် အသုံးချကုသခဲ့ခြင်းဖြစ်ပါသည်။

ဝါသနာရှင်တိုင်း ဆန်းကြယ်နက်နဲသည့်ဂမ္ဘီရဆေးပညာရပ်များကို ဖော်ထုတ်ပြီး လက်တွေ့အစွမ်းထက်မြက်စွာ အသုံးချနိုင်ကြပါစေ။

ဦးမင်းဇင်(ရွှေနဝင်း)

ဆိုရေးရှိက

'ကိုယ်ခင်တဲ့ စာရေးဆရာ တစ်ယောက်ရှိရင် အဲဒီစာရေးဆရာအိမ်နဲ့ မျက်စောင်းထိုးမှာတောင် မနေမိပါစေနဲ့' ဆိုသောစကားရှိသည်။

စာရေးဆရာမျက်လုံးသည် ယထာဘူတမျက်လုံး။ ထိုမျက်လုံးသည် လူကိုခင်သော်လည်း မှုကိုပြင်လိမ့်မည်မဟုတ်ချေ။ ကိုယ်မတော်မတည့်လုပ်မိလျှင် ထိုမတော်မတည့်တွေသည် စာရေးဆရာ၏စာမှုတစ်ဆင့် လောကအတွက် သင်ခန်းစာ ဖြစ်သွားနိုင်သည်။

စာရေးဆရာကိုမှမွေးမိလေသော အခါ. . . ။

နာမည်ကြီးကျူရှင်ဆရာတစ်ဦးက ဇနီးနှင့်သမီးကိုပစ်၍ ရင်ခွင်သစ်မှာ ခိုလှုံသွား၏။ ဇနီးသည်ခမျာ မျက်ရည်နှင့်မျက်ခွက်ဖြစ်ကျန်ရစ်လေသည်။ သမီးလေးကြီး၍ စာရေးဆရာမဖြစ်လာသော အခါတွင် သူ့အဖေအကြောင်းရေးကာ ဝေဒနာ ပြည့်ရှာသိအောင် ကြေညာတော့သည်။ ပြစ်မှားလိုစိတ်ကြောင့်ရေးခဲ့ခြင်းကား မဟုတ်။

ယခုလည်း အဖေ့သားက စာရေးဆရာ။ ရောက်ရာဘုံဘဝကနေ နားလည်ပေးပါ အဖေ။

လူမိုက်နဲ့ငွေ

တကယ်တော့ အဖေသည် ရွှေလင်ပန်းနှင့်အချင်းဆေးခဲ့သူဖြစ်သည်။

မြို့မြောက်ဘက်မှာ မီးရထားသံလမ်းရှိ၏။ ကားလမ်းမကြီးက မီးရထားသံလမ်းဂိတ်ကိုဖြတ်ပြီး စိမ်းစို ညို့မှောင်ခိုရောင်သန်းသည့် ရှမ်းတောင်တန်းကြီးရှိရာ မြောက်ဘက်သို့ ဦးတည်သွား၏။ ကားလမ်းဝဲ-ယာသည် လယ်ကွင်းများ။ ကားလမ်းအနောက်ဘက်ကရှမ်းတောင်တန်းမှ ရေရသည်။ကားလမ်းအရှေ့ဘက်က မြို့တောင်ဘက် ရေကန်ကြီးမှ ရေရသည်။ အရှေ့ကို လျှောက်လျှောက်၊ အနောက်ကိုမျှော်မျှော် အဘိုးတို့ အဘွားတို့ လယ်ပွဲတွေက လက်ညှိုးထိုးမလွဲ။ တစ်နှစ် တစ်နှစ် စပါးတင်းရေ သောင်းဂဏန်းရသည်။

အထင်ကရကုသိုလ်တွေကလည်း မနည်း။ ဘုရားဒကာ၊ ဘုရားအမ၊ ကျောင်းဒကာ၊ ကျောင်းအမတွေ။

အဖေ ချည်လုံးချည်ကို မမြင်ဘူးချေ။ အဖေ့ပုဆိုးအားလုံးသည် ဘန်ကောက်ညွှန့်တွေချည်း။

ကံက အဖေ့ကို လောကနိဗ္ဗာန်ရှိရာပို့ခဲ့သည်။

မိန်းမနှစ်ကျိပ် ပျော်ကြောင်းသိပ်လျှင် အဖေအိပ်သည်။ သေနင့်အရက်စီးပွားဖျက်ကို မက်စက်ခုံမင်သည်။ ပျော်ရွှင်အံ့လောင်း မကောင်းမိတ်ဖျင်း ဘယ်သင်းကိုမှ အလွတ်မပေး။ မကြီးဘဲလည်း ကြက်တိုက်သည်။ မစီးဘဲလည်း ဖဲရိုက်သည်။ သာပေါင်းညာစားတွေကလည်း မြှောက်ပေးသည်။ သူဌေးလေး၊ သူဌေးလေး ဟူ၏။

သည်လိုနှင့် သူဌေးလေး ဘဝတစ်ဝက်မှာ အလှူပျက်ခဲ့၏။ ငွေရှိစဉ် တစ်ပြည်လုံးမှာ တင့်တယ်သော်လည်း ငွေမရှိလျှင် တစ်ဆွေလုံးက ပစ်ပယ်လေ၏။

သနားစရာကောင်းတာကအမေ။

လင်ဆိုးမယားတဖားဖားဆိုလည်း မှန်၏။ မင်းကတော် ကျွန်ပုံပေါက် ဆိုလည်း မှန်၏။

မနက်စာစားစဉ် ညစာမရှိ။ ညစာစားလျှင် မနက်စာ ဘယ်ရှာရမှန်းမသိ။

'မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်' ငါးအင်လင်မှု တစ်ခုမှမသိသော အဖေ့ကို အမေက သည်ဘဝ သည်မျှနှင့်တန်လိုက်သည်။ အမေ့နောက် ပတ္တမြားရွှေကြုတ် နှုတ်ငုံတော်လေး မေ့းကပ်ပါလာ

မြေပိုင်ရှင်

(မန်းတက္ကသိုလ်) မောင်မောင်စိုးယု

ည်တိုပင် အမေ မသိလိုက်။

တကယ်တော်တော့ အဖေလည်း တော်သေသည့်မသာ အဖြစ်မခံနိုင်။ ရဲထဲ ဝင်လိုက်၏။

အမေ့ရုပ်ရည်က အသက်တစ်ရာ ခင်တစ်ရာယူချင် ရနိုင်၏။ သို့သော် သားလေးက ရှိသေးသည်။ သူ့အပင်နှင့် သူ့အသီးသာ တင့်တယ်၏။ သူ့အသီး လေး သူ့အပင်ဆီရောက်အောင် အမေ ကြိတ်မှိတ်၍ အဖေနှင့်ပြန်ပေါင်းထုပ်ခဲ့ သည်။

အမေ့ပတ်ဝန်းကျင်အသစ်သည် ဆောင်းလျှားလေးများ။ ကိုယ့်ဝမ်းစာကိုယ် ရှာ လင့်လုပ်စာ မမြင်ဘူးခဲ့။

သည်သားလေးကို ကြိုးစားရုန်း

ကန်ပြီး ဆယ်တန်းအထိတော့ အမေ ကျောင်းထားပေးခဲ့သည်။ ထမင်းချိုင့် လေးထဲမှာ ဟင်းလည်း တူတူတန်တန်ပါ ချင်မှပါ၏။ သားလေးအိတ်ကပ်ထဲမှာ မုန့်ဖိုးလည်း ပါချင်မှပါ၏။ မပါသည့် နေ့က များရာစု။ မုန့်ဖိုးမပါဘဲ ကျောင်း သွားသည့် သားလေး၏ကျောပြင်အား နောက်စိတ်တစ်ဆုံး ငေးကြည့်ရင်း အမေ နက်ရည်ဝဲရသည့်နေ့တွေ ဘယ်လောက် များလေမလဲ။

သားလေး ဆယ်တန်းအောင်တော့ အမေ လက်ပန်းကျနေရရှာပါပြီ။ သား လေးကို အမျိုးထဲမှ အမြင်မတော်သူက ကျောင်းဆက်ထားပေးသည်။ ကျောင်း စရိတ် တစ်လ တစ်ရာ ထောက်သည်။ ကောလိပ်ကျောင်းသား ဖြစ်သွားသည့် သားလေးအတွက် မပူရတော့။

အဖေလည်း ပင်စင်ထိုင်ရန် နှစ်က ဘယ်လောက်မှမလိုတော့။ ပင်စင်ယူလျှင် ဘယ်ဇရပ်မှာ သွားနေရမှန်းမသိ။ သား လေးဘွဲ့မရခင် ပင်စင်ကယူကိုယူရတော့ မည်။ ကျောင်းပိတ်လျှင် သားလေးပြန် လာစရာ အမေ့အိမ် မရှိသေး။ အတွေး များ ချာချာလည်ရင်း အမေ မိုးလင်းရ ပေါင်း များပါပြီ။

အိမ်ကလေးတစ်လုံး လိုချင်လှပါ သည်။

သရဲခြောက်တဲ့အိမ်

အမေ အိမ်လိုချင်နေမှန်း သိ၍ အမေ့ဓမ္မမိတ်ဆွေ စော်ဘွားကတော်ကြီး တစ်ယောက်က အိမ်တစ်လုံးစပ်ပေး၏။ စော်ဘွားကတော်ကြီး၏ဆွေမျိုး လမ်း ဗိုလ်ကြီး၏အိမ်။ အိမ်ဝိုင်းလည်း အသင့် အတင့်ကျယ်ဝန်း၏။ အိမ်က (၅×၃)ပင် မြေစိုက်အိမ်ကြီး ဟိန်းနေ၏။ ရွှေ (၁) ကျပ်သား (၂၀၀) ကျပ် ကျော်ကျော် လောက်ခေတ်ဖြစ်ရာ (၂၀၀၀၀) ကျပ် လောက်တန်၏။ ဘယ်လောက်လျှော့ ရောင်းရောင်း ဝယ်သူမရှိ။ အိမ်ဝိုင်းထဲ မြက်ကလေးပဲ ရှင်းပေးပါ။ အလကား တက်နေပါ ဆိုသည့်တိုင် နေမည့်သူမရှိ။ မြေကြမ်းလွန်းသည်။

နွေရာသီ အပန်းဖြေရန် ဆောက် ခဲ့သည့်လမ်းဗိုလ်ကြီး ထွက်ပြေးခဲ့ရသည်။

ရဲစခန်းနှင့်နီး၏။ အယုံအကြည်မရှိသည့် စခန်းမှူးတစ်ယောက် ပြောင်းလာစက တက်နေ၏။ ခြေထောက်က မ,လိုက်၊ ခေါင်းကမ,လိုက်လုပ်၏။ စခန်းမှူးလည်း ညတွင်းချင်း ပြေးရ၏။ လမ်းဗိုလ်ကြီးက စော်ဘွားကတော်ကြီးကို ‘ရသလောက် သာရောင်း၊ ပေးသလောက်သာယူ’ ဆို

ကာ အပ်ခဲ့၏။ အိမ်ဖိုးဖယ်လျှင် မြေဖိုး မရှိ။ ထိုနေရာ နေမည့်သူမရှိ၍ လမ်း ဗိုလ်ကြီးက ဝင်ဆောက်ထားခြင်း ဖြစ် သည်။

စော်ဘွားကတော်ကြီးက (၁၃၀၀) ကျပ်ပဲပေးပါဟုဆိုသည်။ ကိုယ့်နားကိုယ် ပင် မယုံချင်။

“(၁၃၀၀)ဆိုတာ တခြားမှာလိုက် ရှာရင် မြေဖိုးပဲရှိပါတယ်။ ရစေချင်လို့ပါ။ မြေကြမ်းတယ် ဆိုပေမယ့် လူအပေါ် မှာ လည်း မူတည်ပါတယ်။ ရှင့်ကိုတော့မနိုင် လောက်ပါဘူး”

ဟု ဆိုသည်။

မှန်ပါသည်။ အမေသည် လူကြမ်း ရင် နတ်ကြမ်းမခံနိုင်ဘူးဟု ကြွေးကြော် ထားသူ။

(အမှန်မှာ လူစွမ်းရင် နတ်ကြမ်း မခံနိုင်ဘူးဟု ဖြစ်ရမည်။ စာရေးသူ)

သို့သော် ကိုယ့်ဝမ်းနာ ကိုယ်သာ သိ၏။ မြေကြမ်းတာထက် ငွေခန်းတာ ခက်နေ၏။

“ပင်စင်ယူလို့ ကရုဏာကြေးလေး ရရင် ယူနိုင်မလား မသိပါဘူး”

ဟု မတင်မကျနှင့် စကားဖြတ်လိုက်ရ၏။

အဆင်ပြေချင်တော့ ကောလိပ် ပထမနှစ်၌ လျှောက်ထားသည့် စတိုင်ပင် (ပညာသင်ထောက်ပံ့ကြေး) က နှစ်ကုန်မှ တစ်လ (၇၅)ကျပ်နှုန်းနှင့် (၉၀၀) ကျပ် တစ်လုံးတည်းကျလာ၏။ ကျောင်းထားပေးသည့်အမျိုးကို ပြန်ပေးတော့-

'မင်းအမေကိုပဲ ပေးလိုက်ပါ' ဟု ဆိုသည်။

စော်ဘွားကတော်ကြီးကို အကျိုးအကြောင်းပြောပြပြီး ထိုငွေကလေးကို အပ်လိုက်သည်။ ကျန်ငွေကို အဆင်ပြေသလို ဖွဲ့ပေးသွားရန် ဖြစ်သည်။ မြေပိုင်ဆိုင်မှု အရှုပ်အရှင်းဖြစ်လျှင် ရောင်းသူက တာဝန်ယူ ဖြေရှင်းပေးရန် စာချုပ်လည်းချုပ်သည်။

သည်လိုနှင့် အမေ လိုချင်သည့် ကျောခင်းစရာအိမ်တစ်လုံး ရလိုက်လေသည်။

အမေသည် နံနက် (၄) နာရီခန့်ထ၍ ဓမ္မစကြာသုတ်ကို ဝတ်မပျက် ရွတ်လေ့ရှိသည်။ ညဆိုလျှင် ပဋ္ဌာန်းဒေသနာတော်ကြီးဖြင့် စည်းချပြီးမှ အုံးဖျာခေါင်းချ ဆံစလက်တင် အိပ်ရာဝင်၏။ အမေဘာအနှောင့်အယှက်တစ်ခုမှ မတွေ့ရပေ။

သောင်းကျန်းပြီ

အမေတို့ ထိုအိမ်ကြီးသို့ရောက်ပြီးကတည်းက ဘာမှမဖြစ်ပါသော်လည်း ပတ်ဝန်းကျင်တွင် ချောက်ချောက်ချားချားတွေ ဖြစ်ကုန်သည်။

အမေ့ကြောင့် အိမ်ဝိုင်းထဲမှထွက်ပြေးရသော ပရလောကသားက လမ်းထွက်ပြီး သောင်းကျန်းလေသည်။

'ကိုယ့်ရွာမှာ ကိုယ်ကြက်ဖ၊ သူ့ရွာမှာ ကိုယ်ကြက်မ' ဆိုသောစကားသည် လူ့လောကမှာသာမဟုတ်။ ပရလောကမှာလည်း မှန်လေသည်။ ပေတဂတိသို့ လားရောက်စတွင် ခန္ဓာကိုယ်က သေးသေး၊ တန်ခိုးက္ကဒ္ဒိပါဒ် မဖြစ်စလောက်။ တိရစ္ဆာန်လောကလိုပင် ကြီးနိုင်ငယ်ညှဉ်းလုပ်ကြလေရာ သရဲပေါက်စတို့ခမျာ အမြဲ ကြောက်ကြရကုန်၏။ သရဲလားမြောက်ချိန်ရောက်မှ သတ္တိဗလပြနိုင်ကြ၏။ ထို့ကြောင့် သရဲကြီး သဘက်ဟု စကာ ဆိုထားသည်။

အမေ့ကြောင့် အိမ်ဝိုင်းထဲမှထွက်ပြေးရသောပရလောကသားသည် သရဲဝါရင့်နေပုံရသည်။ လမ်းထွက်ပြီး ကြွက်မနိုင် ကျီမီးနှင့်တိုက်နေ၏။

ညဘက် လမ်းသွားလမ်းလာတွေကို ကိုယ်ထင်ပြလားပြ၏။ တစ်ခါတစ်ရံ နီရဲနေသောမျက်လုံးကြီးနှစ်လုံးကိုပြ၏။ ဆေးလိပ်မီးတဖွားဖွားခြွေပြ၏။ ညဘက် ပတ္တရောင်(ညကင်း)လှည့်သည့်ရဲဘော်တွေ ပိုတွေ့ရ၏။ လှည်းမောင်းသွားလျှင် နွားတွေလန့်၏။ တစ်ခါတစ်ရံ နေ့ခင်းကြောင်တောင် နဖားကြိုးဝင်လုပြီး နွားလှည်းကို ချုံထဲ ဆွဲခေါ် ချင်ခေါ် သည်။ နောက်က ခြေသံတရှုပ်ရှုပ်နှင့်ကပ်လိုက်လာပြီး လှည့်ကြည့်လျှင် ပျောက်သွား၏။

အမေတို့ ထိုအိမ်ကြီးသို့ ရောက်လာပြီးမှ အိမ်ပတ်ဝန်းကျင်တွင် လူပြောသူပြောများလောက်အောင် ချောက်ချားစရာတွေ တစ်နေ့တခြား များလာသည်။ အမေက ရှေးကထက်ပို၍ စက်ကြီးတစ်ဆယ့်သုံးပါးရော ပဋ္ဌာန်းတွေရော ပရလောကသား နားပူလောက်အောင်ရွတ်၏။ မရပါ။ နားပူလေ တအားဆူလေ၊ မန်းလေ ပြလေနှင့် ကဲ-ကဲလာ၏။

အဆိုးဆုံးက ရေနှင့်ထင်းကိစ္စဖြစ်သည်။ ရေတစ်စည် (၁)ကျပ်၊ ထင်းတစ်လှည်း (၂)ကျပ်နှင့် ဝယ်သုံးနေရချိန်ဖြစ်သည်။ ရေစည်လှည်းလာလာ၊ ထင်းလှည်းလာလာ အိမ်ဝိုင်းထဲမောင်းသွင်း၍မရ။ ထင်းကို တော်ရာချခဲ့စေပြီး သွားသယ်ယူရသည်။ ရေကို တစ်မိုင်လောက်ဝေးဝေးသွားပြီး ချောက်ကမ်းပါးထဲဆင်းခပ်ရလေသည်။ အလုပ်အကိုင်ပျက်ကာ လူလည်း ပင်ပန်းလေတော့၏။

မြေပိုင်ရှင်ပေါ်လာပြီ

မြွေပူရာ ကင်းတစ်မှောင့် ဆိုသလို အရေးထဲ မြေပိုင်ရှင်က ပေါ် လာပြန်၏။ သူ့မြေပါတဲ့။

တစ်နေ့သား မိန်းမကြီးတစ်ဦး ရောက်လာ၏။ ဖြူဖြူတုတ်တုတ်၊ မျက်နှာအသားထူထူ၊ နှာခေါင်းပိပိ၊ မျက်နှာထားက တစ်တိုင်းပြည်လုံး သူ့လုပ်စာစားနေရသည့်မျက်ခွက်မျိုး။

'ဒါ ငါ့အိမ်ဝိုင်း၊ ညည်းတို့ဖယ်ပေးကြ'

'ဒီအိမ် ဒီဝိုင်း ကျွန်မတို့ စာချုပ်စာတမ်းနဲ့ဝယ်ထားတာပါရှင်။ ရှင်တို့ပိုင်တယ်ဆိုရင်လည်း စော်ဘွားကတော်ကြီးနဲ့ပြောပါ'

'ပြောစရာမလိုပါဘူး။ ညည်းတို့နေတာ ညည်းတို့နဲ့ပဲ ပြောရမှာပေါ့'

'ကျွန်မတို့ကတော့ အဆုံးခံမှာမဟုတ်ဘူး'

'ဒါဖြင့် အိမ်ဖျက်ယူသွား။ ငါ့မြေပေါ် လာကျူးပြီး အိမ်ဆောက်သွားတာ။ ဖယ်ကတော့ ဖယ်ရမှာပဲ'

'မဟုတ်သေးပါဘူး။ တော့်ဟာက ဇွတ်ကြီးပါလား။ တော် ဘယ်သူလဲ'

'ဩော် - ငါလား။ ငါ့နာမည်က မဆက်။ မေ့သွားဦးမယ်'

ပြောပြောဆိုဆို ထိုမိန်းမကြီးက အိုးခြမ်းကွဲလေးနှစ်ခုကို ဆက်ပြသည်။ ပြီးတော့ ဆက်ပြောသည်။

'ငါ့ယောကျာ်းက ကိုဝဏ္ဏ။ အခု မရှိတော့ဘူး'

ထိုစဉ် အမေဖျတ်ခနဲနိုးလာသည်။ အိပ်မက်လာပေးနေတာပါလား။

သည်လို မြေပိုင်ရှင်ပေါ် လာတာမျိုး စော်ဘွားကတော်ကြီးလည်း စာချုပ်အတိုင်း တာဝန်ယူ ဖြေရှင်းပေးနိုင်မှာမဟုတ်။

မနောစိတ္တပြုဟာဒ်က ဆရာ

ရဲမြို့နယ်မှူးမှာ မနောစိတ္တပြုဟာဒ်မှ ဆရာတစ်ဦး ဖြစ်သည်။ ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်သွားသည့် ဦးစဝ်ခွန်သိန်းဖြစ်၏။ ထိုစဉ်က ဦးစဝ်ခွန်သိန်းသည် ဆရာဖြစ်စရှိသေး၏။ (၁၅) ကျပ်စည်းလောက်သာရှိဦးမည်။ မနောစိတ္တပြုဟာဒ်၏ အန္တိမစည်းကြီးမှာ (၁၀၀) ကျပ်စည်း ဖြစ်သည်။

ဦးစဝ်ခွန်သိန်းကို အမေက သွားရောက် အကူအညီတောင်းသောအခါ စည်းပိုကြီးသော ဆရာတစ်ယောက်နှင့် အတူ လိုက်လာ၏။

ဒိဗ္ဗစက္ခုမျက်စဉ်း (ခေါ်) အစီအမံမျက်စဉ်းကို အတူပါ ဆရာက အမေ့မျက်လုံးကို ကွင်းပေးလိုက်ပြီး ကြည့်ခိုင်းလေသည်။

အိမ်ဝိုင်းသည် အရှေ့ဘက်၌ ဝင်ပေါက်တစ်ပေါက်၊ မြောက်ဘက်၌ ဝင်ပေါက်တစ်ပေါက်ရှိ၏။ ပိတ်ချင်လျှင် ဝါးလုံးတန်းထိုး၍ပိတ်ရသည်။ မဆက်သည် မြောက်ဘက်ပေါက် အပြင်မှနေ၍ ထဘီရင်ရှား မျက်ထောင့်နီကြီးနှင့် အမေ့ကို စိန်းစိန်းကြီး ကြည့်နေလေသည်။

"ဒေါ် ခင်မြင့်၊ မြင်ရဲ့လား"

ဦးစဝ်ခွန်သိန်းက မေးသည်။

"မြင်ပါတယ် ဗိုလ်ကြီး"

"ကွဲပြားရဲ့လား"

ဦးစဝ်ခွန်သိန်း၏စကားအဆုံးတွင် မဆက်၏ရုပ်သွင်ကို အနီးကပ် ကြည့်ရသလို ပို၍ထင်ရှားစွာမြင်လာရသည်ဟု ဆို၏။ ထို့နောက် မျက်စဉ်းကိုဖျက်လိုက်

ကြသည်။

ခိုကိုးရာမဲ့

သေချာပါသည်။

အကုန်လုံး ကသိကအောက်ဖြစ်အောင်လုပ်နေသူမှာ မဆက်မှတစ်ပါး အခြားမရှိ။ ဒါပေမင့် ကာယကံရှင်ကို အပြန်းရဦးမည်။ သရဲနှင့်လူ တိုက်ရိုက်စကားပြော၍မရ။ ပူးဝင်စရာလူလို၏။

အမေသည် ဘုရားတရားမြဲ၏။ စိတ်လည်း ခိုင်၏။ ထိုအချက်ကို ဦးစဝ်ခွန်သိန်းက သိနေသည်။ စိတ်ခိုင်သူကို မဆက် ဘယ်လိုမှ ဝင်မပူးနိုင်။

ရဲသားမိန်းမတစ်ယောက်ကိုခေါ်လိုက်၏။ ထိုမိန်းမလေးက လိပ်ပြာငယ်သည်။ ဆရာက ထိုမိန်းမထံ ဝင်ပူးစေသောအခါ ဝင်ပူးတော့သည်။

ဦးစဝ်ခွန်သိန်းမှာ ပညာယူနေသူဖြစ်၍ ဘေးမှအသာကြည့်နေပြီး စည်းကြီးသောဆရာက စတင်မေးလေသည်။

"ညည်း ဘာလို့ သူများကို လိုက်နှောင့်ယှက်နေတာလဲ"

"ဆရာကြီးရယ်၊ သူတို့က လာကျူးကျော်နှောင့်ယှက်တာပါ။ ဒါ ကျွန်မပိုင်းပါ။ အဲဒါကြောင့် လူကွေက သူတို့ကို မောင်းထုတ်အောင်လုပ်တာ"

"ညည်းကို ဘယ်သူမှမသိပါဘူး။ ဘာကြောင့် ညည်းပိုင်းလို့ ပြောနေတာတုံး"

ထိုအခါ မဆက်က မြေရာဇဝင်ကို ဇာတ်ကြောင်းလှန်၏။ အတိုချုပ်မှာ ထိုပတ်ဝန်းကျင်၌ အိမ်ခြေမဆိုစလောက်ရှိစဉ်ကဖြစ်၏။ တစ်ညနေ စားစရာဆန်မရှိ၍ ရှိသည့်ကောက်ညှင်းဆန်လေး နို့ဆီတစ်ဘူးစာလောက်ကို ကောက်ညှင်းကျည်တောက်ဖုတ်ပြီး ညစာပြီးရန် စီစဉ်ကြ၏။ ကိုဝဏ္ဏနှင့် မဆက်တို့တွင် သားသမီးလည်း မရှိရှာ။

ကောက်ညှင်းကျည်တောက်ဖုတ်လျှင် မီးဖိုပေါ် သံချောင်းတင်၍ ဝါးကျည်တောက်ကို သံချောင်းမှာ ခပ်စောင်းစောင်းလေးမှီပြီး အထဲ၌ မီးညီအောင် လှည့်လှည့်ပေးရသည်။

ထိုနေ့က နှစ် (၃၀)လောက်အသုံးပြုလာသော သံကျည်ပွေ့အား မီးဖိုပေါ်တင်ပြီး လင်မယားနှစ်ယောက် မီးလှုံရင်း ကောက်ညှင်းကျည်တောက်ဖုတ်ကြ၏။ ထိုငရုတ်ကျည်ပွေ့မှာ မပေါက်ကွဲသေးသော ဗုံးအ ဖြစ်နေသည်။ မီးအပူရှိန်ကြောင့် ငရုတ်ကျည်ပွေ့လည်း ထပေါက်ကွဲလေသည်။ တဲလေးလည်း မီးလောင်သွား၏။ ချစ်လင် ကိုဝဏ္ဏကိုလည်း ထိုကတည်းက မတွေ့ရတော့။ မဆက်တစ်ယောက်တည်း ဤနေရာ၌ အငတ်ငတ် အပြတ်ပြတ် နေလာခဲ့ရ၏။ ယခုသော် နေစရာပင်မရှိတော့ဘဲ လေလွင့်နေရပြီ ဟု ဆိုလေသည်။

မေတ္တာသဒ္ဒါ အနန္တော

"ဒေါ်ခင်မြင့်၊ ဘယ်လိုဖြစ်စေချင်သလဲ"

ဦးစဝ်ခွန်သိန်းက မေးသည်။

"သူလည်း နေစရာမရှိပေမယ့် အတူနေလို့မှမဖြစ်တာ။ ဘယ်လိုလုပ်ရမလဲ ဗိုလ်ကြီးရယ်"

ဦးစဝ်ခွန်သိန်းက အိမ်ဝိုင်းအနေအထားကို ကြည့်သည်။ အရှေ့မြောက်ထောင့်က ကြက်လျှာစွန်းလေး ဖြစ်နေသည်။ မြေအနေအထားက အနောက်ဘက်စည်းတန်း ပေ (၁၀၀) လောက်၊ အရှေ့ဘက်စည်းတန်း(၁၁၅)ပေလောက်ရှိသည်။ အရှေ့ဘက်စည်းတန်းမှ (၁၅) ပေ ဖဲ့ထုတ်ပြီး မဆက်နေဖို့ ကြက်လျှာစွန်းအကွက်ကလေးကို ဝင်းခတ်ပေးခိုင်းသည်။ အပင်လေးတစ်ပင်ပင်လည်းစိုက်ပေးခိုင်းသည်။ အမေကလည်း သဘောတူသည်။

မည်သူမည်ဝါ တစ်စုံတစ်ယောက်ကိုမှ မနှောင့်ယှက်ရန် မဆက်ကို သစ္စာရေတိုက်ပြီး ပူးရာမှ ခွာစေလိုက်သည်။

အမေက နေ့စဉ်ပင် မေတ္တာပို့၍ ကုသိုလ်အမျှဝေပါသည်။ ကျွတ်ချိန်တန်လျှင် မဆက် သာဓုခေါ်ပါလိမ့်မည်။

ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ အရာရာ အေးချမ်းသွားသည်ကတော့ အမှန်ပင်။

သူတော်ကောင်းတရား
ထွန်းကားပါစေ

မောင်မောင်စိုးယု(မန်းတက္ကသိုလ်)

ကလေးသူငယ်အတွက်ဆေးတစ်လက်

နတ်မောက်မင်းသန့်နိုင်

'လင်းနေ' ခေါ် 'လင်းလေ' ပင်ကို လူသိများပါသည်။ မသိသူရှားပါသည်။ အပင်ကိုမမြင်ဘူးကြသော်လည်း ကြားဖူးကြမည်ဖြစ်ပါသည်။ ပရဆေးဆိုင်များတွင်လည်း ပေါများလွယ်ကူစွာ ဆေးအစစ် ဝယ်ယူရရှိနိုင်ပါသည်။ တန်ဖိုးအလွန်မကြီးသဖြင့် အတုလည်းမရှိပါ။ ရေနည်းပါးပြီး ရွှံ့နွံထူထပ်သောနေရာများတွင်ပေါက်ရောက်ပါသည်။ ဥအမြစ်မှဖြာထွက်၍ ရှင်သန်ကြီးထွားပေါက်ရောက်ပါသည်။

'လင်းနေ' ခေါ် 'လင်းလေ' ဥအမြစ်ကိုယဉ်အောင် ပြုလုပ်ရပါသေးသည်။ ချက်ချင်းတူးယူ၍ ဆေးသုံးမရပါ။ ဥအမြစ်ကိုတူးယူပြီး အမြစ်၏အဆစ်တွင်ရှိသော အခွံများဖယ်ရှား၍ ရေဖြင့် စင်ကြယ်အောင်ဆေးရပါသည်။ ပြီးမှ ဆူပွက်နေသော ရေနွေးပူထဲနှစ်ပြီး ဆယ်စက္ကန့်ရှိလျှင် ချက်ချင်းဆယ်ယူကာ နေရိပ်တွင် သဘာဝအတိုင်း အလိုလိုခြောက်သွေ့စေရပါမည်။ နေပူတွင် အခြောက်မလှန်းရပါ။ နေပူတွင် အခြောက်လှန်းလျှင် အဆီဩဇာများ ခြောက်ခန်း၍ ဆေးအဖြစ်သုံးမရတော့ပါ။ ဆေးအာနိသင် ပြယ်သွားပါသည်။ စူးရှသောအနံ့ရှိပြီး ခါးသက်စပ်ဖျဉ်းဖျဉ်း အရသာရှိပါသည်။

လင်းနေသည် ဝမ်းသက်ဆီးရှင်၏ ပိုးကိုနိုင်ပါသည်။ အညစ်အကြေးများ ဆီးများကို သန့်ရှင်းစေနိုင်သည်။ အစာမကြေခြင်း၊ ချုပ်ခြင်း၊ ထိုးအောင့်ခြင်း၊ ဝမ်းဖောဝမ်းရောင်ခြင်း၊ လေနာ၊ သလိပ်နာ၊ အဖျားရောဂါတို့ကို ပယ်စေနိုင်ပါသည်။

ကလေးသူငယ်များအတွက် လင်းနေ (ဝါ) လင်းလေသည် များစွာအကျိုးပြုသောဆေးဖက်ဝင်ပစ္စည်းဖြစ်ပါသည်။ လင်းနေတစ်ထွာ ကလေးတစ်ရာတု ဆိုရိုးပြုပါသည်။ 'လင်းနေအမြစ်ဥ တစ်ထွာရှိလျှင် ကလေးသူငယ်တစ်ရာကို ဆေးကုသနိုင်သည်' ဟုဆိုလိုပါ သည်။

ကလေးသူငယ်များတွင် 'သူငယ်နာအဖျားရောဂါ' နှင့် 'ချောင်းဆိုးရောဂါ' သည်အဖြစ်များပါသည်။ ထိုရောဂါအတွက် အထူးဆေးဝါးမလိုအပ်ဘဲ 'လင်းနေ (ဝါ) လင်းလေ' ဥအမြစ်ကို မိခင်၏နို့ရည်နှင့်သွေးပြီး လက်ဖက်စားဇွန်းတစ်ဇွန်းတန်သည်၊ နှစ်ဇွန်းတန်သည် တိုက်ကျွေးပေးလိုက်ပါ။ နာရီပိုင်းအတွင်း စိုးရိမ်စရာမလိုဘဲ လက်တွေ့ပျောက်ကင်းသော မြန်မာ့ရိုးရာလက်စွဲဆေးဖြစ်၍ရေးသားတင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

ရွှေပေါက်ကျွန်းဆရာတော်၏ ကြိုတင်သိမြင်နိုင်သောစွမ်းအား

ဆလိုင်းငွန်သိန်း

ရွှေပေါက်ကျွန်း ဆရာတော်လို့ပြော လိုက်တာနဲ့ တစ်ပြည်လုံးက သိကြပါ တယ်။ နိုင်ငံခြားရောက်နေတဲ့ ဗုဒ္ဓဘာ သာဝင်တွေလည်း သိကြပါတယ်။ ၁၉၇၀ ပြည့်နှစ်လောက်မှာ လူသိများ လာပါတယ်။ ဆရာတော်ရဲ့စွမ်းအား တွေကြောင့်ပါ။ ရွှေပေါက်ကျွန်းဆိုတာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းမှာ တည်ရှိပါ တယ်။ ရွှေပေါက်ကျွန်းရွာကို အစွဲပြုပြီး ရွှေပေါက်ကျွန်းကျောင်းရယ်လို့ ပေါ် ပေါက်လာတာပါ။ များသောအားဖြင့် တော့ မလှိုင်မြို့ကတစ်ဆင့် သွားကြပါ တယ်။ အခုဆိုရင်တော့ မလှိုင်မြို့နဲ့ ရွှေ ပေါက်ကျွန်းကျောင်းကားလမ်းတွေ သိပ် ကောင်းနေပါပြီ။ မိတ္ထီလာမြို့နယ် ပင်း တလဲရွာကတစ်ဆင့်လည်း သွားလို့ရပါ တယ်။ ပင်းတလဲရွာနဲ့ တစ်မိုင်ကျော် လောက်ပဲဝေးပါတယ်။ ဘယ်လိုသွား သွားအဆင်ပြေပါတယ်။ ၁၉၇၀ ပြည့် နှစ်ဝန်းကျင်မှာ အရက်ကိုစွဲလမ်းနေတဲ့ အရက်သမားအများစုဟာ ရွှေပေါက် ကျွန်းဆရာတော်ထံလာပြီး အရက်ဖြတ် ကြပါတယ်။ ဆရာတော်က အရက် သမားတွေကို အမဲသား၊ ဝက်သား မစားလို့ အထူးသဖြင့် ကုန်းသတ္တဝါ တွေကိုရှောင်ဖို့ အရက်မသောက်ဖို့ တားမြစ်ပါတယ်။ ကတိသစ္စာခံရပါတယ်။ ဆရာတော်ရဲ့မေတ္တာရေကို သောက်ရပါ တယ်။ တချို့က ဆရာတော့်ကျောင်းမှာ တစ်လလောက်နေပြီး အရက်ပြတ်သွား ကြပါတယ်။ တချို့ကတော့ ဆရာတော် ကိုကတိပေးပြီး မိမိတို့အိမ်ကို ပြန် သွားကြပါတယ်။ ဆရာတော်ထံလာတဲ့ လူတွေအားလုံး အရက်ပြတ်သွားကြတာ များပါတယ်။ တချို့လူတွေကတော့ မိမိ တို့ရဲ့စီးပွားရေးကြီးပွားရေးအတွက် တိုး တက်အောင် ဆရာတော်ထံလာကြတာ ပါ။ နေ့စဉ်လာတဲ့လူတွေများပါတယ်။ ဆရာတော်က သူတို့လျှောက်တင်တာ ကိုနားထောင်ပြီး နေ့သားအလိုက် ဆောင်ရန် ရှောင်ရန်တွေပေးပါတယ်။ ကျင့်စဉ်တွေပေးပါတယ်။ လာတဲ့သူ



အများစုလည်း အဆင်ပြေကြတာများ ပါတယ်။ ဒါကြောင့်လည်း တဖြည်းဖြည်း လူတွေများလာတာပေါ့။ အဆောက် အအုံတွေ ဘုရားစေတီတွေတိုးတက် များပြားလာပါတယ်။ ဝန်ထမ်းတွေ လည်းလာကြပါတယ်။ ရာထူးအဆင့် အတန်းအမျိုးမျိုးလာကြပါတယ်။ ဝန် ထမ်းတွေကတော့ သူတို့ရာထူးတိုးဖို့ ကိစ္စ၊ အပြောင်းအရွှေ့ကိစ္စတွေပေါ့။ ဆရာတော်ပေးတဲ့ကျင့်စဉ်တွေက သူတို့ ကိစ္စတွေကို အောင်မြင်စေပါတယ်။ ဆရာတော်ဘုရားထံကို အဂ္ဂိရတ်သမား တွေဖိုထိုးတဲ့သူတွေပေါ့။ သူတို့လည်း ရွှေပေါက်ကျွန်းဆရာတော်ကို အားကိုးကြ ပါတယ်။ နည်းလမ်းကောင်းတွေ၊ နည်း လမ်းမှန်တွေကိုလမ်းညွှန်ပြီး သွန်သင် ပြသပေးပါတယ်။ ဓာတ်လိုင်း၊ နှတ်လိုင်း များ၊ ဘိုးတော်၊ မယ်တော်များ စုဝေးရာ နေရာဖြစ်ပါတယ်။ အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်းစုံအောင်ရှိပါတယ်။ အားလုံးကို ရှစ်ပါးသီလဆောက်တည် စေပါတယ်။ လုပ်ငန်းအလိုက် ကျင့်စဉ် တွေပေးပါတယ်။ အမြဲတန်းလူဦးရေ (၂၀၀) ခန့်ရှိပါတယ်။ နေ့စဉ်သက်သတ် လွှတ်ကျွေးပါတယ်။ ခိုကိုးရာမဲ့တွေ စီးပွားပျက်လို့ စားဝတ်နေရေးခက်ခဲတဲ့ သူတွေအားလုံးကိုလက်ခံပြီး စောင့် ရှောက်ပေးပါတယ်။ အနုပညာရှင် သဘင်သည်တွေလည်း ရောက်လာ ကြပါတယ်။ ဇာတ်သဘင်အဖွဲ့တွေ မြန်မာဆိုင်းဝိုင်းအဖွဲ့တွေ ရှိပါတယ်။ ဘုရားထီးတင်တဲ့ အ ဖွဲ့တွေလည်း ရှိပါ တယ်။ ဒီအဖွဲ့သား တွေနဲ့ ရွှေပေါက်ကျွန်း ဆရာတော်ကြီး ဦး ဆောင်ပြီး ဘုရား စေတီထီးတင်ပွဲတွေ လုပ်ပေးပါတယ်။ ထီး တင်လို့မအောင်မြင်တဲ့ စေတီတော်တွေဆိုရင် ဆရာတော်ကြီးကိုယ် တိုင် တင်ပေးမှ အောင်မြင်တာတွေရှိ ပါတယ်။ နိုင်ငံကျော် မင်းသမီးကြီး ပန်တျာ ဒေါ်တင်တင်မြင့်ဆိုရင် ရွှေပေါက်ကျွန်းမှာ အမြဲ လိုလိုရှိပါတယ်။ သီ ချင်းဆို အလွန် ကောင်းပါတယ်။ ဓမ္မတေးတွေနဲ့ ပျော် မွေ့နေသူပါ။ ရွှေပေါက်ကျွန်းဆရာတော် ကြီး သက်တော်ထင်ရှားရှိစဉ်တုန်းက ကျွန်တော်တို့ ရမည်းသင်းမြို့ကိုကြွလာ ပါတယ်။ အကြောင်းကတော့ ရမည်း သင်းမြို့လယ်ဘုရားဖြစ်တဲ့ ရန်အောင် မြင်စေတီကို ထီးတော်အသစ်တင်လှူဖို့ ဖြစ်ပါတယ်။ ဆရာတော်ကြီးကိုဖူးချင်တဲ့ စိတ်နဲ့လာကြတာဆိုတော့ တော်တော် စည်ကားပါတယ်။ လူတွေတင်မကပါဘူး နတ်တွေ၊ ဥစ္စာစောင့်တွေတောင် လာကြ ပါတယ်။ ဥစ္စာစောင့်တွေလာလှူသွားတဲ့ ရတနာအထုပ်တွေ့ရပါတယ်။ ထီးတော် မှာချိတ်ဆွဲလှူဒါန်းဖို့ ရတနာတွေကုန်ပြီး မှ လင်ပန်းပေါ်ကို အလိုလိုရောက်လာ တာပါ။ ထင်ထင်ရှားရှားပါပဲ။ လက်ဝတ် ရတနာတွေပါ အဖိုးတန်တွေပေါ့။ အား လုံးအံ့သြသွားကြပါတယ်။ ဆရာတော် ကြီးကတော့ ဒီဘုရားမှာစောင့်တဲ့ဥစ္စာ စောင့်တွေလာလှူသွားတာလို့ မိန့်တော် မူပါတယ်။ ကိုယ်တွေ့အဖြစ်အပျက် တစ်ခုပါပဲ။ အထူးအဆန်းတစ်ခုပေါ့။ ရွှေပေါက်ကျွန်းနာမည်ကြီးစဉ်က ရွှေပေါက် ကျွန်းဆိုတဲ့အမည်နဲ့ လစဉ်ထုတ် စာ

ဆောင်ရှိပါတယ်။ ရွှေပေါ်ကျွန်းဆရာတော်ရဲ့မှာကြားချက်၊ ဟောကြားချက်တွေအမြဲပါပါတယ်။ နေ့သားတွေအလိုက် ကျင့်စဉ်တွေ၊ ယတြာချေစရာတွေ၊ ဂါထာတွေပါပါတယ်။ စီးပွားရေးသမားတွေက ရွှေပေါ်ကျွန်းနာမည်အသုံးပြုပြီး ပါစင်ဂျာကားတွေပြေးဆွဲကြပါတယ်။ အဝေးပြေးကားတွေ၊ ကုန်တင်ကားတွေလည်း တွေ့ရပါတယ်။ တစ်ပြည်လုံးကလူတွေ ရွှေပေါ်ကျွန်းဆရာတော်ဆီကို လာကြပါတယ်။ လှူကြပါတယ်။ ဆန်တွေဆိုရင် ဂိုထောင်နဲ့ထားရပါတယ်။ ဆီ၊ ဆန်၊ ဆား၊ ဟင်းသီးဟင်းရွက်မီးဖိုချောင်ပစ္စည်း ဘာမှဝယ်မသုံးရပါဘူး။ ထင်းတွေကအစပြည့်စုံပါတယ်။ ဘာမှသုံးမကုန်အောင်ပေါများပါတယ်။ လူတွေနေဖို့အဆောက်အအုံတွေ တိုးချဲ့ပြီးဆောက်ပေးပါတယ်။ ဘုရားစေတီအမျိုးမျိုးလည်း တည်ထားပါတယ်။ အထူးသဖြင့်ခေတ်ဘုရားတွေ စုံအောင်ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်ကြုံခဲ့ရပုံလေး ပြောပြီးမယ်။ ၁၉၇၂ ခုနှစ်တုန်းကပေါ့ ကျွန်တော်က မွေး/ကု ဦးစီးဌာနကတိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်ပါ။ သာစည်မြို့နယ် ယင်းမာပင်မှာ တာဝန်ကျပါတယ်။ တစ်နှစ်လောက်ကြာတော့ ကျွန်တော် ယင်းမာပင်က ပြောင်းချင်စိတ်ပေါက်လာပါတယ်။ ဒါပေမယ့် သတ်မှတ်တဲ့ကာလမပြည့်သေးတော့ ပြောင်းရွှေ့ဖို့လျှောက်လွှာမတင်ရဲပါဘူး။ ဒီလိုနဲ့စိတ်ညစ်နေတုန်း မြင်းခြံမြို့က မြို့နယ်ဦးစီးမှူး ဦးထွန်းရွှေမြင့်၊ ကျွန်တော့်ဆီကိုရောက်လာပါတယ်။ အဲကြောင်းကတော့ သူ့ရဲ့ထင်းကားတွေ မှန်မှန်ကုန်တင်နိုင်အောင်လို့ပါပဲ။ သူကဝန်ထမ်းဆိုပေမယ့် စီးပွားရေးနဲ့တွဲလုပ်တဲ့ဆရာပါ။ ကျွန်တော်နဲ့ဌာနတူလည်း ဖြစ်တယ်။ ကိုယ့်ထက်ရာထူးကြီးတဲ့ဆရာဆိုတော့ လေးလည်းလေးစားပါတယ်။ သဘောလည်းကောင်းပါတယ်။ သူက ယင်းမာပင်လာရင် (၂) ရက်၊ (၃) ရက်လောက်နေတာဆိုတော့ ယင်းမာပင်မှာ ဆေးကုရတဲ့လုပ်ငန်း နည်းနေတာ သိသွားတယ်။ မြင်းခြံဘက်ကိုပြောင်းဖို့ ကျွန်တော့်ကိုတိုက်တွန်းပါတယ်။ ကျွန်တော်ကလည်း ပြောင်းချင်ပေမယ့် နှစ်မစေ့သေးတဲ့အကြောင်း ပြောပြပါတယ်။ ဒါနဲ့ သူက မလှိုင်ရွှေပေါ်ကျွန်းဆရာတော်ဆီသွားပြီး ပြောင်းရွှေ့ချင်တဲ့အကြောင်းလျှောက်ထားဖို့ အကြံပေးပါတယ်။ ဆရာတော်တန်ခိုးကြီးပုံတွေ၊ ဝန်ထမ်းတွေအောင်မြင်ပုံတွေ ပြောပြပါတယ်။ ကျွန်တော်စိတ်ဝင်စားသွားပါပြီ။ သွားချင်စိတ်တွေများလာပါပြီ။ ဒါနဲ့ ကျွန်တော် ရွှေပေါ်ကျွန်းကိုသွားပါတယ်။ ရွှေပေါ်ကျွန်းကျောင်းနားမှာ ပင်းတလဲဆိုတဲ့ရွာကြီးရှိပါတယ်။ အဲဒီရွာမှာ ကျွန်တော့်ရဲ့ယောက်ဖဖြစ်သူ ကိုအောင်ကြီးရှိပါတယ်။ သူကလည်း တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်ပါပဲ။ ကျွန်တော် မိတ္ထီလာမြို့ကတစ်ဆင့် ကားစီးပြီး ပင်းတလဲရွာကို ရောက်သွားပါတယ်။ ကိုအောင်ကြီးကလည်း ပြောပါတယ် စီးပွားရေးသမားတွေ၊ ဝန်ထမ်းတွေလာတဲ့အကြောင်းနဲ့ သူတို့ကိစ္စတွေ အောင်မြင်ကြောင်း၊ ဆရာတော်တန်ခိုးကြီးပုံတွေ အမျိုးမျိုးပြောပြပါတယ်။ နောက်တစ်နေ့နံနက်မှာ ကျွန်တော်တို့နှစ်ယောက် ရွှေပေါ်ကျွန်းကျောင်းကိုသွားကြပါတယ်။ လှမ်းမြင်နေရပါတယ်။ တစ်မိုင်ကျော်လောက်ပဲ ဝေးမယ်ထင်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် စကားတပြောပြောနဲ့ ခဏလေးနဲ့ရောက်သွားပါတယ်။ ခြေကျင်သွားကြတာပါ။ ကျောင်းကိုရောက်တော့ လူတွေအများကြီးတွေ့ရပါတယ်။ ကပ္ပိယကြီးကို စာရင်းပေးရပါတယ်။ တော်တော်ကြာကြာစောင့်ရပါတယ်။ ကျွန်တော့်အလှည့်ရောက်တော့ ဆရာတော်ကို ဦးချကန်တော့ပြီး ကျွန်တော် မြင်းခြံနယ်ကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ချင်တဲ့အကြောင်း လျှောက်ထားပါတယ်။ ဆရာတော်က ကျွန်တော့်ရဲ့နေ့နံတွေကိုမေးပြီး ပြောစကားနားထောင်ရင် အောင်မြင်ပါတယ်လို့ ပြောပါတယ်။ ကျွန်တော်ဝမ်းသာလိုက်တာ၊ စကားပြောလျှောက်ထားရတာလည်း အဆင်ပြေတယ်။ ဆရာတော်က ကျွန်တော့်ကို ကျင့်စဉ်၊ ဆောင်ရန်၊ ရှောင်ရန်တွေပြောပါတယ်။ ဒီမှာညအိပ်ပြီး လုပ်ဆောင်ဖို့နဲ့ နံနက်ဖြန်မှပြန်ဖို့ပြောပါတယ်။

ကျွန်တော်လည်း ဆရာတော် သတ်မှတ်ပေးထားတဲ့နေရာမှာ ဆရာတော်ပေးထားတဲ့ ကျင့်စဉ်တွေကို ကြိုးစားအားထုတ်ပြီး အချိန်ကုန်သွားပါတယ်။ နောက်တစ်နေ့နံနက်မှာတော့ ပြန်ဖို့ဆုံးဖြတ်ပြီး ဆရာတော့်ကို ကန်တော့နှုတ်ဆက်ဖို့သွားရင်းနဲ့ လူတွေများနေပါပဲဆိုပြီး ဆရာတော့်ဆီမသွားဖြစ်တော့ပါဘူး။ ကျောင်းရဲ့နောက်ပေါက်ကထွက်ပြီး တောလမ်းလေးအတိုင်း ထွက်လာခဲ့ပါတယ်။ ပင်းတလဲကတစ်ဆင့်ပြန်မယ်ပေါ့။ လမ်းလျှောက်သွားရင်း လမ်းပေါ်မှာ မြွေပွေးတစ်ကောင်ကိုတွေ့ရပါတယ်။ ကျွန်တော်တို့လည်းကြောက်ပြီးတစ်ဖက်ကကွေ့သွားတော့ မကြာခင်မှာပဲ လမ်းပေါ်မှာ မြွေပွေးတစ်ကောင်ထပ်တွေ့ပါတယ်။ ကျွန်တော် ကြောက်သွားပါတယ်။ ဆက်မသွားရဲတော့ပါဘူး။ နောက်ကြောင်းကို ပြန်လှည့်ရတာပေါ့။ ကျွန်တော်တို့ထွက်လာတဲ့ ကျောင်းပေါက်ဝမှာ ဆရာတော်ရပ်နေတာတွေ့လိုက်ရပါတယ်။ ဆရာတော်ကိုဦးချကန်တော့ပါတယ်။ ဆရာတော်က ကျောင်းပေါ်ကိုခေါ်သွားပါတယ်။ ကျွန်တော်တို့က ဆရာတော်နဲ့ မလှမ်းမကမ်းမှာထိုင်နေပြီး ဆရာတော်ကို နှုတ်မဆက်ဘဲပြန်သွားမိတာကို နောင်တရနေပါတယ်။ မကြာခင်မှာပဲ မိတ္ထီလာစစ်တပ်ကဗိုလ်ကြီးတစ်ယောက် ရောက်လာပြီးဆရာတော်ကို နှုတ်ဆက်ကန်တော့ပါတယ်။ ဆရာတော်နဲ့ရင်းနှီးပုံရပါတယ်။ ဆရာတော်က တပ်ရင်းမှူးကြီးကိုပေးလိုက်ဆိုပြီး ပုတီးတစ်ကုံးစွန့်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ကိုလက်ညှိုးထိုးပြီး သူတို့နှစ်ယောက်ကိုခေါ်သွားလိုက်ပါလို့ မိန့်တော်မူပါတယ်။ ကျွန်တော့်ကိုလည်း ဆောင်ရန်ရှောင်ရန်တွေ ဂရုစိုက်ပါ၊ လုပ်ပါလို့ မိန့်တော်မူပါတယ်။ ကျွန်တော်တို့လည်း ဆရာတော်ကိုနှုတ်ဆက်ကန်တော့ပြီး ဗိုလ်ကြီးနဲ့လိုက်သွားပါတယ်။ ဗိုလ်ကြီးကဖော်ဖော်ရွေရွေပါပဲ။ သဘောလည်းကောင်းပါတယ်။ မလှိုင်ရောက်တော့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း စကားပြောရင်း ရင်းနှီးသွားကြပါတယ်။ ကျွန်တော်တို့ကို ပျော်ဖွယ်အထိလိုက်ပို့ပေးပါတယ်။ ကျွန်တော့်မိဘတွေက ပျော်ဘွယ်မှာနေပါတယ်။ ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးကြောင့် အိမ်အထိ သက်သက်သာသာနဲ့ရောက်ခဲ့ပါတယ်။ ကျွန်တော်လည်း ဆရာတော်ကြီးပေးတဲ့ကျင့်စဉ်တွေ၊ ဆောင်ရန်ရှောင်ရန်တွေကို လိုက်နာဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက် တစ်လအကြာမှာကျွန်တော်မြင်းခြံမြို့နယ်၊ ဆီမီးခုံကိုပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါတယ်။ အခုတော့ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး မရှိတော့ပါဘူး။ ဆရာတော်ကြီးရဲ့ ကြိုတင်သိမြင်နိုင်တဲ့စွမ်းအားကတော့အံ့ဩစရာပါပဲ။ အများကြီးရှိပါသေးတယ်။ အဆင်သင့်သလို ရေးသားဖော်ပြပါဦးမယ်ခင်ဗျာ။

ဆလိုင်းငွန့်သိန်း(မြေညီးသင်း)

အဆိုတော် မောင်ကြည်တိုး၏ 'ကလောအလွန် တစ်ဘူတာ' သီချင်းသံကို ရေဒီယိုက ညင်းညင်းညံညံကြားနေရသည်။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲ စာပေဆုကို ကိုသက်နိုင်(ပြင်ဦးလွင်) တို့နှင့်အတူ ယူပြီးပြန်တော့ ကလောကို ခေတ္တဝင်ခဲ့ကြ၏။ ဆရာချမ်းမြဆောင်း ကလော၊ ဆရာမြမျိုးလုံတို့နှင့် တွေ့ပြီး ကနေလာဈေးထဲက ရှမ်းထမင်းသုပ်ဖြင့် ဧည့်ခံခဲ့သည်ကို အမှတ်ရနေမိသည်။ ပိုပြီးအမှတ်ရမိသည်မှာ တူမလေး ရွှေစင်အေး ပြောပြသော ကလောမြေက တစ္ဆေအိမ်ကြီးအကြောင်းပင် ဖြစ်သည်။

အောက်ပြည်အောက်ရွာမှာ နွေရာသီတွင် အလွန်ပူပြင်းလှသည်။ ရာသီဉတုပြောင်းလာတော့ ပိုဆိုးသည်။ တူမလေးယောကျ်ားက မောင်ထွန်းလှအောင် ဖြစ်သည်။ သူက ကားမောင်း စက်ပြင်ကျွမ်းကျင်သည်။ ကုမ္ပဏီသူဌေးတစ်ဦး၏တူ လူယုံလည်း ဖြစ်သည်။ ရန်ကုန်တွင် ခြံစိုက်နေထိုင်သော်ငြား ပူပြင်းလှသည့်နွေရာသီကာလ၌ နှစ်စဉ် ပုံမှန် အပန်းဖြေ အပူရှောင် ခရီးတစ်ခုခုကို သွားနေကျ ဖြစ်၏။ ဒေသန္တရဗဟုသုတ အလို့ငှာ တစ်နှစ်တစ်နေရာသို့သွားလေ့ရှိသည်။ ပြင်ဦးလွင်၊ နောင်ချိုကျောက်မဲ၊ သီပေါ၊ လားရှိုး၊ တောင်ကြီး၊ အင်းလေး စသည်ဖြင့် နေရာစုံမှာ အပန်းဖြေ နားနေခဲ့ဖူးပြီ။

ယခုနှစ် နွေရာသီကိုတော့ ရှမ်းပြည်တောင်ပိုင်း ကလောဒေသကို သူစိတ်ကြိုက်ရွေးချယ်ထားသည်။ သူဌေး ဦးပိုင်စိုး ဆိုသူက အပန်းဖြေနားနေရန် အတွက် လှူရှပ်သည့် တည်းခိုခန်းတွေ၊ ဟိုတယ်တွေကို မနှစ်သက်။ အေးချမ်းဆိတ်ငြိမ်သည့်နေရာ၌ ခြံဝင်းကျယ်ကျယ် သီးသန့်လုံးချင်းအိမ်မျိုးကို နှစ်သက်၏။ ကားထားရန်နှင့် နေထိုင်ရန် လုံခြုံမှုရှိပြီး ပတ်ဝန်းကျင်နှင့်ဖရာထွေးယှက်တင်မနေချင်သောဆန္ဒလည်းရှိသည်။ သူမိသားစုနှင့်မသွားမီကပင် ကလောမြို့သို့ ကိုထွန်းလှအောင်ကို အရင်ဆုံး ကြိုတင်စေလွှတ်၍ စုံစမ်းရှာဖွေ ငှားရမ်းထားစေသည်။

ကလောမြို့သည် ရှမ်းပြည်နယ်တောင်ပိုင်း သာစည်ဘူတာလမ်းခွဲအရှေ့ဘက် မီးရထားလမ်းပေါ်တွင် သာစည်မြို့မှ ရထားလမ်းမိုင် (၆၃) မိုင်အကွာတွင် တည်ရှိသည်။ မော်တော်ကားလမ်းမိုင်နှင့်ကြည့်လျှင်တော့ မိုင် (၆၀) ကွာဝေး၏။ မြို့အကျယ်အဝန်းမှာ စတုရန်း (၉)မိုင်ခွဲအာသာရှိ၍ ထိုစဉ်က လူဦးရေ ကျပါးသည်။ ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ (၄၃၀၀) ခန့်တွင် တည်ရှိပြီး တပေါင်း၊ တန်ခူး နွေရာသီ၏ အမြင့်ဆုံးအပူချိန်မှာ (၇၄) ဒီဂရီစင်တီဂရိတ်သာရှိ၍ အေးချမ်းစွာ နေထိုင်ရန် ကောင်းလှသည်။ ပြာသို၊ တပို့တွဲ ဆောင်းရာသီ၌ အပူချိန် (၅၄) ဒီဂရီသာရှိ၍ ချမ်းအေးသော တောင်ပေါ် ဒေသ ဖြစ်သည်။

မြို့ပုံသဏ္ဌာန်ကိုကြည့်လိုက်လျှင် ပတ်ပတ်လည်၌ တောင်များဝန်းရံထား၍ ဇလုံနှင့်တူနေ၏။ ပလောင်ဘာသာဖြင့် 'ကလောက်'ဇလုံမြို့ဟုခေါ်တွင်လာရာမှ ကာလရွေ့လျားလာသည်နှင့်အမျှ ကလောမြို့ဟုခေါ်ခဲ့ကြောင်း သိရှိလေ့လာရသည်။ ရှေးယခင်အခါက ပလောင်အမျိုးသားများ တည်စိုက်ခဲ့သောဒေသလည်း ဖြစ်ပေသည်။

သာစည်မြို့ အရှေ့ဘက်ထွက်လိုက်သည်နှင့် တောင်စဉ်တောင်တန်းများကိုတွေ့မြင်လာရသည်။ လှိုင်းတက်၊ ယင်းမာပင်၊ ဘုရားသုံးဆူ စသောရွာများကိုကျော်လွန်ပြီး ဝက်ဖြူတောင်ကို တရွေ့ရွေ့တက်လာခဲ့လျှင်တော့ တွေ့ရသည့် သစ်ပင်များမှာ မြေပြန့်ကလို သစ်ပင်များမဟုတ်တော့။ လေတိုက်လျှင် တရှဲရှဲမြည်နေသည့် ထင်းရှူးတောကြီးများကို

ရွှေကလောမြေက တစ္ဆေအိမ်ကြီး
ပန်းမြိုင်လယ်စိန်ဝင်း



တွေ့မြင်လာရသည်။

တောင်ထိပ်ရှိ မြေပြန့်ကျယ်ကျယ်တစ်ခုမှာ ကျောင်းကန် ဘုရားစေတီ၊ ကိုတ်တာအိမ်ရာတွေနှင့် အေးချမ်းသာယာ လှပနေသည့် ကလောမြို့ကို တွေ့နိုင်ခဲ့ပသည်။

တောင်စခန်းမြို့ကလေး ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်ရှိ တောင်စဉ်တောင်တန်းများမှာ ထင်းရှူး၊ ချယ်ရီ၊ ဗိုးစာ၊ သစ်သော့သီး၊ ပန်းသီး၊ ဆီးသီးစသည့် အပင်များဖြင့် ဝေဝေဆာဆာ။ ဘန်းပရွာအနီးရှိ ရွှေဥမင်ဘုရားမှာလည်း ထင်ရှားကျော်ကြားသည်။

ကိုထွန်းလှအောင်က ကလောနှင့် ပတ်သက်သည့် သိမှတ်စရာအချို့ကို ကြိုတင်မေးမြန်းထားရသည်။ သူ့အလုပ်ရှင် သူဌေးစိတ်ကြိုက်ဖြစ်နိုင်မည့် ခြံဝင်းကျယ်နှင့် အိမ်ကို တစ်လတာအတွက် ရှာဖွေငှားရမ်းရသည်မှာ အကယ်တော့ မလွယ်လှပါ။ အပေါ်ထပ် အောက်ထပ် ငှားတာမျိုး၊ ခြံဝိုင်းတစ်ခုတည်းမှာ နှစ်အိမ်ဆောက်ထားတာမျိုးတွေမှ အခက်တွေ့နေသည်။

မတတ်သာသည့်အဆုံး ကလောစိတ္တသုခ၊ အမှတ် (၈) ရပ်ကွက်အတွင်းရှိ ပေ (၁၀၀) ပတ်လည်ခြံဝိုင်းကျယ်ကြီးအတွင်းရှိ အုတ်ပတ်ကာ နှစ်ထပ်တိုက်ကို ငှားမည့်သူမရှိ၍သာ ရလိုက်တော့သည်။ ထိုစဉ်က အချိန်ကာလသည် ၁၉၉၇ ခုနှစ်ကဖြစ်၍ အိမ်လခမှ တစ်လတာအတွက် (၆၀၀၀)ကျပ်ပေးခဲ့ရသည်။

အိမ်ကြီးမှာ လူတွေမနေကြ။ အိမ်အတွင်းတွင် ရှိအပ်သော အိမ်အသုံးအဆောင်ပစ္စည်းများမှာ အတန်အသင့်ရှိနေသည်။ ခြံကြီးအတွင်းတွင် ဂေါ်ရခါးပင်၊ ကုမုဒြာ ဂမုန်းပင်၊ လိမ္မော်ပင်နှင့် နတ်သြဇာပင်များက ဝေဝေဆာဆာ။ အိမ်ကလေးမှာ တောင်အောက်ခြေတွင် ရှိနေပြီး ကွေ့ကောက်ဝေ့ဝိုက်တက်သွားသော ကားလမ်းလေးကို အပေါ်အမြင့်၌ တွေ့နေရသည်မို့ ကြည့်၍ပင်ကောင်းနေသည်။ သူဌေး၏ရွှေ့တော်ပြေးအဖြစ် ရောက်ရှိနေသည်မှာ ကိုထွန်းလှအောင်နှင့် သူ့ဇနီး မရွှေစင်အေး၊ သူဌေးအစ်မ အန်တီမေမြင့်တို့ပင် ဖြစ်သည်။

သူတို့ငှားထားသည့်ထိုအိမ်ကြီး၏ ဝန်းကျင်ပတ်ကုံးတွင် ပလောင်၊ ရှမ်း၊ ပအိုဝ့်နှင့် ဗမာအချို့ကို တွေ့ရသည်။ တစ်လတာ အပန်းဖြေရန်အတွက် ငှားရမ်းထားကြသည့် ကိုထွန်းလှအောင်တို့တွေကိုတော့ ပတ်ဝန်းကျင်ရှိလူများက ထူးထူးဆန်းဆန်းဖြစ်ပြီး အံ့သြနေကြဟန်ရှိနေသည်။

ထူးခြားသည်မှာ ဤခြံပိုင်ရှင်များသည် ကလောတစ်မြို့တည်းတွင်ရှိနေပြီး အဘယ်ကြောင့် ထိုအိမ်ကြီးတွင် မနေကြပါသနည်း။ ကိုယ်မနေသော်လည်း အလကားထားမည့်အတူတူ အခြားတစ်ဦးတစ်ယောက်ကိုရော ဘာကြောင့်ငှားမထားသနည်း။ ရောင်းချလျှင်ကော မရဘူးလား။ သို့လောသို့လောအတွေးဝင်မိသည်တော့ အမှန်ပါ။ ပတ်ဝန်းကျင်ကို စုံစမ်းကြည့်ပြန်တော့လည်း တိတိပပအဖြေမရ။ တစ်စွန်းတစ်စ စကားတွေကတော့ အိမ်ပိုင်ရှင်တွေက သူတို့မနေပေမယ့် အိမ်ငှားများကို သင့်မြတ်သည့်ဈေး

နှင့် ပေးငှားပါသည်။ သို့သော် တစ်လမပြည့်မီမှာပင် စပေါ်ငွေကို အဆုံးခံပြီး အခြားတစ်နေရာကိုပြောင်းသွားကြသည်မှာ လေး၊ ငါး၊ ခြောက်ဦးမကတော့ပြီဟု သိရသည်။ ဘာကြောင့်ဟုတော့ အဖြေမရ။ ပဟေဠိတော့ဆန်လှသည်။

ယခု ရန်ကုန်က သူဌေးမိသားစု အေးအေးချမ်းချမ်း လာရောက် အပန်းဖြေ နေကြမှာ ဆိုတဲ့ သတင်းစကားနှင့်အတူ ရွှေတော်ပြေး ကိုထွန်းလှအောင်တို့လင်မယားနှင့် သူဌေးအစ်မကြီးတို့က ကြိုတင်လာရောက်ပြီး ရှင်းလင်းနေရာချ လုပ်ကိုင်နေကြတာကို ပဟေဠိဆန်သော ပန္နာတစ်ပုဒ်ပမာ အမျိုးမျိုးဝေဖန်ခန့်မှန်းကာ တီးတိုးတီးတိုး သဖန်းပိုးထိုးနေကြသည်။

ခြံကြီးအတွင်းမှာတော့ ခြံစောင့် ဦးဘတူး မည်သော ပလောင်တိုင်းရင်းသားကြီးတစ်ဦး ရှိသည်။ ဦးဘတူးကလည်း တကယ့်ကို လူအေးကြီးတစ်ဦးပါ။ မည်သူ့ကိုမျှ စပ်စပ်စုစုမရှိ။ မေးထူးခေါ်ပြောထက် စကားမပို။ သူနေရမည့် လုံခြုံရေးအိမ်ခန်းလေးမှအပ အိမ်ကြီးပေါ် သို့ဝင်၍ ရောရောနှောနှော မနေ။ နှစ်ရက်တစ်ခါ ခြံကြီးအတွင်းမှ ပန်းပင်အချို့ကို ရေလောင်းခြင်း၊ ခြံရှင်းခြင်း လုပ်၏။ ထိုအိမ်ကြီးတွင် လူငှားမရှိစဉ် အခါက နေ့နေ့ညညလုံခြုံရေးတာဝန်ကို အချိန်ပြည့် ထမ်းဆောင်ရသော်လည်း ယခုလို ယာယီ လူငှားတွေ ရောက်လာတော့ ခြံရှင်း၊ သစ်ပင်ရေလောင်းအလုပ်ကိုသာ လုပ်နေပါတော့သည်။

ဦးဘတူးက ကာလဒေသ ရာသီဥတုအရ ယမကာကိုတော့ မှီဝဲနှစ်သက်သူ ဖြစ်၏။ ကိုထွန်းလှအောင်ကလည်း နေရာဒေသအလျောက်မိတ်ဆွေဖွဲ့သည့်အနေဖြင့် ရှမ်းပြည်နယ်က ဦးဘတူးကို ကချင်မီးတောက်အရက်တစ်ပုလင်းလက်ဆောင်အဖြစ်ပေးတော့-

"ကျေးဇူးပဲ ဆရာလေး။ အကူအညီလိုတာရှိရင်လည်း ပြောပါနော"

ဟူသော ရင်းနှီး ချစ်ခင်ဖွယ်ရာ စကားတစ်ခွန်းကို ပြန်လည်လက်ဆောင်ရရှိလိုက်သည်။

သုံးရက်မြောက်ရောက်တော့ အိမ်ကြီးမှာ အားလုံး အရန်သင့် ပြင်ဆင်ပြီး နေရာချပြီးသွားပြီ။

ပထမဦးဆုံးညက ညည်းညူသံသဲ့သဲ့ကို ကိုထွန်းလှအောင်တို့လင်မယားနှစ်ယောက်လုံး ကြားရသလို အန်တီမေမြင့်ကလည်း သူ့အိပ်ခန်းဆီမှ ကြားနေရသည်။ ကိုထွန်းလှအောင်တို့၏ ထင်မြင်ယူဆချက်မှာ အန်တီမေမြင့် ခရီးပန်းလာ၍ ညည်းညူသည်ဟုထင်သလို အန်တီမေမြင့်ကလည်း ကိုထွန်းလှအောင်တို့ပန်းဖျားဖျားပြီး ညည်းညူသည်ဟု ထင်နေသည်။ မနက်လင်းလာတော့ မေ့မေ့ပျောက်ပျောက်နှင့် သတိမရကြတော့။

အိမ်ခြံဝင်းအတွင်း လမ်းလျှောက်ရင်း လေ့လာကြည့်တော့ အိမ်နောက်ဖေးဘက်တွင် ပယ်ခွဲသား သစ်ပုံကြီးတစ်ပုံသည် လူတစ်ရပ်နီးပါးအမြင့်ရှိနေသည်။

ဒုတိယည သန်းခေါင်ယံအချိန်၌ လေတိုးသံလိုလို၊ သီချင်းညည်းသံလိုလို ကြားနေရပြန်သည်။တံခါးဖွင့်ကြည့်လိုက်တော့ သစ်ပုံကြီးပေါ်မှာ အိမ်ကြီးကို ကျောပေးလျက် ဆံပင်ရှည်ကြီးကို ဖားလျားချကာ ထိုင်နေသည့် လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက်ကို အန်တီမေမြင့်က တွေ့မြင်လိုက်ရခြင်းပင်။

အန်တီမေမြင့်၏စိတ်ထဲတွင် ထူးထူးခြားခြားတော့ မတွေးထင်မိပါ။ ညစောင့်ကြီး ဦးဘတူး၏သမီး ဖြစ်တန်ရာသည်ဟူသောအတွေးကြောင့် ကြောက်သည့်စိတ် မဖြစ်ပေါ်ခဲ့။ ညည်းညူသီဆိုသံ သဲ့သဲ့ကလေးသည် နားထောင်၍ပင်ကောင်းနေသည်သို့ ခံစားနေမိပြန်သည်။ သည်နောက်တော့ ညအချိန်မတော်မှာ ချစ်သူရည်းစားနှင့်ချိန်းတွေ့ဖို့စောင့်နေတာများလားဟူသောအတွေးက စီးမျောဝင်လာ၏။ သို့သော်လည်း မိန်းကလေးတစ်ယောက် ရှိသင့်သည့်အချိန် မဟုတ်သည်က တစ်ကြောင်း၊ မမှားသင့်သောအမှားမျိုး ကျူးလွန်မိမှာကို တွေးမိပြီး စိုးရိမ်မိသည့်အတွေးကြောင့် မိန်းကလေးရှိရာသစ်ပုံအနီးသို့ ဆင်းလာလိုက်တော့ ထိုမိန်းကလေး မရှိတော့။ ပတ်ဝန်းကျင်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။

"ဩော် - ညစောင့်ကြီးရဲ့သမီးလေး သူ့အိမ်ထဲပြန်ဝင်သွားတာဖြစ်မှာပေါ့လေ"

ဟူသောတွေးဆထင်မြင်ချက်ဖြင့် အိမ်ပေါ်ပြန်တက်ပြီး အတွေးနယ်ချဲ့ကာ ပြန်အိပ်လိုက်တော့သည်။

မနက်လင်းလာတော့လည်း ညကအမြင်ကို အမှုမဲ့အမှတ်မဲ့သာ နေလိုက်မိသည်။ မနက်စာစား၊ လက်ဖက်ရည်သောက်ကြသည့်တိုင် စကားမစပ်မိ၍ မပြောဖြစ်ခဲ့။ နေ့လယ်စာအတွက် ရွှေစင်အေးကို ဈေးဝယ်လွှတ်လိုက်သည်။ သည်နေ့တော့ သူဌေးဦးပိုင်စိုးတို့ရောက်လာကြမည်ဖြစ်သည်။ အန်တီမေမြင့်တနောက်ဖေးမီးဖိုခန်းတွင် ထမင်းဟင်းချက်ဖို့ စီစဉ်နေပြီ။ ဟင်းအဆင်သင့်ချက်နိုင်ရန်အတွက် အာလူးအခွံသင်နေစဉ် သူ့ရှေ့နားဆီမှ ဆံပင်ရှည် ဖားလျားချပြီး ဖြတ်လျှောက်သွားသည့် မိန်းကလေးကို သေချာစွာမော့မကြည့်ဖြစ်သော်လည်း ရိုးတိုးရိပ်တိပ်တော့ မြင်လိုက်သည်။

သူ့စိတ်ထဲမှာတော့ ရွှေစင်အေး ဈေးက ပြန်ရောက်လာပြီး အဝတ်လဲဖို့ သူ့ရှေ့က ဖြတ်လျှောက်သွားသည်ဟု ထင်လိုက်မိခြင်းပင်။ ဈေးကပြန်လာပြီး ရွှေစင်အေးက သူ့ကိုတောင် နှုတ်ဆက်ဖော်မရဘူးဟုပင် စိတ်ထဲကတွေးထင်နေမိသည်။ ပြီးတော့လည်း အဝတ်တစ်ခါလဲနေသည်မှာ ကြာသင့်သည်ထက်ကြာနေသည်မို့ စိတ်ထဲတွင် စနောင့်စနင်းဖြစ်သွားပြီး-

"ရွှေစင်အေး၊ ရွှေစင်အေးရေ၊ ဒီကလေးမ အဝတ်လဲနေတာ ကြာလှချည့်လား။ ဘာလုပ်နေလဲ"

ဘာသံမျှ တုံ့ပြန်သံမကြားရတာကြောင့် မီးဖိုခန်းမှထွက်လာပြီး အခန်းတွေလိုက်ကြည့်သော်လည်း မည်သူ့ကိုမျှ မတွေ့တာကြောင့် စိတ်ထဲတော့ ထင့်သွားမိသည်။

'ဩော်-သူသန့်စင်ခန်းဝင်နေတာဖြစ်မှာပါလေ'

ဟူသောအတွေးဝင်လာ၍ စိတ်သက်သာရာရသွားသည်။ သို့သော် ရွှေစင်အေးက ယခုမှပင် ဈေးခြင်းအပြည့်ကို မနိုင်မနင်းဖြင့် မောကြီးပန်းကြီးပြန်လာပြီး-

"အန်တီမြင့်ရေ၊ သမီး ဈေးကပြန်လာပြီ။ လတ်လတ်ဆတ်ဆတ်အသီးအနှံတွေက ပေါမှပေါ။ အကြိုက်ဝယ်လာခဲ့တယ်"

ဟု အားရပါးရပြောပြီး အိမ်ထဲဝင်လာသော ရွှေစင်အေးကို ကြည့်ပြီး အန်တီမေမြင့် မှင်တက်မိသလိုဖြစ်သွားခဲ့ရသည်။

'ဟင်- ဒါ. . . ဒါဆို စောစောကငါ့ရှေ့နားကဖြတ်သွားတာ ရွှေစင်အေးမှဟုတ်ဘူးပေါ့။ ဒါဖြင့် ဘယ်သူလဲ။ ဒီအိမ်က သရဲလား၊ တစ္ဆေလား၊ သူခိုးလား။ ရိပ်ခနဲမြင်လိုက်တာတော့ အသေအချာပါ'

အန်တီမြင့်က သူ့စိတ်ထဲမှ အသံတိတ်စကားများဖြင့် တစ်ဦးတည်း ပြောနေဘိသို့ ငိုင်တွေးသည်။

"အန်တီမြင့်၊ ဘာတွေစဉ်းစားနေ

တာလဲ”

ရွှေစင်အေးက ပစ္စည်းများကို မီးဖို ခန်းရှိရာသို့ သယ်ယူလာပြီး မေးလိုက် သည်မို့ သတိပြန်ဝင်လာပြီး-

“သမီးရွှေစင်အေး၊ စောစောတုန်း က သမီး အိမ်ကိုတစ်ခေါက်ပြန်လာသေး လား”

“မလာပါဘူး အန်တီမြင့်၊ ဘာဖြစ် လို့လဲ”

“ဩော်-ဘာမှမဟုတ်ပါဘူး။ သမီး များ ဈေးကနေ တစ်ခေါက်ပြန်လာသေး သလားလို့၊ အန်တီစိတ်ထဲ ရိုးတိုးရိပ်တိပ် မြင်လိုက်မိသလားလို့ကွယ်”

ဟု စကားစကို သိမ်းလိုက်ရသည်။

◆ ❖ ◆

သူဌေးဦးပိုင်စိုးတို့မိသားစုရောက် လာခဲ့ကြပြီ ဖြစ်သည်။ အေးချမ်းသည့် ဆိတ်ငြိမ်ရပ်ကွက်မှာ ခြံဝင်းကျယ်နှင့် သီးသန့်လုံးချင်းအိမ်ကို သဘောကျ၏။ ရန်ကုန်မြို့ကြီးမှာ နေ့စဉ်နှင့်အမျှ မျက်စိ နှင့် နားပူ ဆူညံသံများဖြင့် ကားများစွာ ၏ ကာဗွန်ဒိုင်အောက်ဆိုက်ကို ရှူနေရ သည်။ ယခုလို လေကောင်းလေသန့်ရ ပြီး အေးဆေးစွာ တစ်လတာကို ဖြတ် သန်းရမည်မို့ ပျော်ရွှင်နေကြသည်။ တစ် နှစ်တာ ပင်ပန်းသမျှကို နယ်မြေသစ်မှ ဒေသန္တရဗဟုသုတများကိုလည်းရှာရင်း တိုင်းရင်းသားညီအစ်ကိုများ၏ ဓလေ့ များကိုလည်း လေ့လာလို့ အနားယူရ သည်ကို နှစ်သက်သည်။

အပေါ်ထပ်တွင်သူဌေးဦးပိုင်စိုးတို့ ဇနီးမောင်နှံအတွက် အခန်းတစ်ခန်းနှင့် သားဖြစ်သူ မောင်ဥက္ကါအတွက် တစ်ခန်း ကို နေရာချထားပြီးဖြစ်သည်။ အချိန်က ည (၇) နာရီခန့် ရှိနေပေပြီ။ မိသားစု အားလုံး စုစုရုံးရုံးဖြင့် ညစာထမင်းစား သောက်နေကြသည်။

ထမင်းစားနေချိန်တွင် ထမင်းစား ခန်းဝင်ထွက်ပေါက်ကို မျက်နှာပြု၍ စား နေသူ အန်တီမေမြင့်က လှစ်ခနဲ မိန်းမ တစ်ယောက်ကျောပေးပြီးဖြတ်သွားသည့် အရိပ်အယောင်တစ်ခုကို မြင်လိုက်မိ၏။ ထမင်းဝိုင်းမှထပြီး အမြန်ပြေးလိုက်ကြည့် တော့ ဘာမှမတွေ့ရတော့။ သူဌေးက သူ့အစ်မကြီး ဖျန်းခနဲထလိုက်ပြီး ပြူးတူး ပျာတာလိုက်ကြည့်နေသည်ကို အထူးအ ဆန်းဖြစ်လို့-

“မမမြင့်၊ ဘာတွေ့လိုက်လို့နောက် ကနေ ပြေးလိုက်ကြည့်တာလဲ”

“အေး- ငါ့မောင်ရေ၊ ဒီအိမ်ကြီးမှာ မကျွတ်မလွတ်ဖြစ်နေတဲ့ သူငယ်မတစ် ယောက်တော့ ရှိနေလိမ့်မယ်နဲ့တူတယ်။ မမမြင့် အခုလို ရိုးတိုးရိပ်တိပ်မြင်တာ နှစ် ခါရှိပြီ။ အဦးဆုံးရောက်တဲ့ညက ညည်း သံကြားတယ်။ နောက်ညမှာတော့ ဟို နောက်ဘက်က သစ်ပုံပေါ်မှာ ဆံပင် ဖားလျားချပြီး ကျောခိုင်းလို့ သီချင်းညည်း နေတာတွေ့လိုက်တယ်။ သေချာအောင် လို့ မမမြင့် လိုက်ပြီးကြည့်တော့ မတွေ့ ရတော့ဘူး”

“ဒါ. . . ဒါဆို ဒီအိမ်ကြီးက သရဲ ခြောက်တာပေါ့၊ ဟုတ်လား မမမြင့်”

ယောက်မ သူဌေးကတော်က ကြောက်လန့်တကြား မေးသည်။

“သရဲခြောက်တယ်ရယ်လို့လည်း ပြောလို့မရဘူး။ နာနာဘာဝတွေဆိုတာ သူတို့လည်း သွားလာနေကြတာ။ တိုက် ဆိုင်တော့လည်း မြင်လိုက်မိတာပေါ့။ ဘာမှကြောက်စရာမရှိပါဘူးကွယ်”

အန်တီမြင့်ကလုံးဝကြောက်တတ် သူမဟုတ်သလို သူဌေးဦးပိုင်စိုးကလည်း သရဲတစ္ဆေဆိုတာကို အယုံအကြည်မရှိ။ သူကိုယ်တိုင်မြင်ရတွေ့ရမှ ယုံကြည်မည့် သူမျိုး။ လက်တွေ့သမား။ ငယ်ငယ်က ဆို လောင်းကြေးထပ် သွားရဲခဲ့တဲ့သူ။ ယခုလည်း သူ့အစ်မပြောပြတာကိုပင် ရယ်စရာပြက်လုံးတစ်ခုအဖြစ်သာသဘော ထားလိုက်သည်။

ထိုစဉ်မှာပင် အိမ်အပေါ်ထပ်ဆီမှ ခြေသံလိုလို ရှပ်ရှပ်မြည်သံများကို အား လုံး ကြားလိုက်ရသည်။

◆ ❖ ◆

တိတ်ဆိတ်သောည။

အားလုံး အိပ်မောကျကုန်ပြီ။

ဦးပိုင်စိုးတစ်ယောက်သာ ညတစ် ရေးနိုး အပေါ့စွန့်ပြီး အိပ်ရာထက် ပြန် လှဲ၍ တောင်တောင်ဈဈတွေ စဉ်းစား နေမိသည်။ နာရီကိုကြည့်လိုက်တော့ သန်းခေါင်ကျော်သန်းလွဲ (၁) နာရီ။

“အူ. . . အု. . . အူ. . . အူး. . . အူး. . .”

ဆွဲငင်ငင်အူလိုက်သော ခွေးအူသံ ကို ဟိုးအဝေးတောင်ထိပ်ဆီလောက်က ကြားလိုက်ခြင်းဖြစ်သည်။ ကြောက်တတ် သူများအဖို့တော့ ချောက်ချားစရာ။

ထိုစဉ် ဦးပိုင်စိုးတို့အိပ်ခန်းတံခါး ပေါက်ဆီမှ ဖောက်ထွင်းဝင်လာသော အသံကြောင့် နားစွင့်နေမိသည်။

“ဒေါက်. . . ဒေါက်. . . ဒေါက်”

တံခါးခေါက်သံကို ပီပီသသ ကြား ရသည်။ ခေါ်သံတော့ မကြားရ၍ ငြိမ် ပြီးနားထောင်ကြည့်သည်။ တစ်အောင့် အကြာတွင် ထပ်မံ၍-

“ဒေါက်. . . ဒေါက်. . . ဒေါက်”

ခေါက်ပြန်၏။

“အပြင်က ဘယ်သူလဲ”

အမေးရှိသော်ငြား ပြန်ဖြေသူမရှိ။

ခဏအကြာ၌ ညည်းညူသံ သဲ့သဲ့ ကြားလိုက်ရသည်မှအပ ဘာအဖြေမှ မရတော့ပါ။ သူ့စိတ်ထဲ စနိုးစနောင့်ဖြစ် နေသည်မို့ တိကျသည့်အဖြေရဖို့ ချက် ချင်းထပြီး အိမ်ရှေ့အပေါ်ထပ်ဝရန်တာ တံခါးမကြီးကိုဖွင့်၍ ကြည့်သည်။ ဘာမှ မတွေ့ရ။ ပကတိ တိတ်ဆိတ်ငြိမ်သက် လျက်။

သည်လိုနှင့် ညစဉ်လိုလို ညည်းညူ သံ၊ ခွေးအူသံ၊ အိမ်မြောင်စုတ်ထိုးသံ၊ တောက်တဲ့အော်သံမှအပ အခြားထူးထူး ခြားခြားတော့ မရှိပါ။ နှစ်ရက်ခြား၊ သုံး ရက်ခြား တံခါးခေါက်သံတွေကိုတော့ကြား နေရဆဲ။ သို့သော်လည်း အဖြေမရှိသည့် ပဟေဠိပုစ္ဆာတစ်ပုဒ်ကဲ့သို့သာရှိနေသည်။

ဘာလိုလိုနှင့် ရက်သတ္တပတ် သုံး ပတ်ပင် ကြာခဲ့ပါပြီ။ တစ်လပင် ပြည့် တော့မည်။ ပတ်ဝန်းကျင်က ဘာမှမဖြစ် သည့်သူတို့မိသားစုများကိုကြည့်၍ အံ့သြ နေကြသည်။

အန်တီမေမြင့်ကလည်း ရောက်စ မှစ၍ ညစဉ်ဘုရားရှိခိုးပြီး မေတ္တာပို့အမျှ ဝေပေးသည်။ ရိုးတိုးရိပ်တိပ်ကိုတော့ အန်တီမြင့်တစ်ယောက်မှလွဲ၍ မည်သူမျှ မမြင်ကြပါ။ ရန်ကုန်ပြန်ဖို့တောင်နီးလာ ပြီ ဖြစ်သည်။

ဦးပိုင်စိုးက ပြန်ရောက်လျှင် လုပ် ရမည့်အလုပ်တွေကို ပြန်လည် စဉ်းစား ရင်း အစီအစဉ်တွေကို ဦးနှောက်ထဲမှာ ရေးဆွဲလို့ရနေပြီ။ ဇနီးဖြစ်သူကတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပါပြီ။ အိပ် ခန်းတစ်ခုအတွင်း နှစ်ယောက်အတူအိပ် သော်လည်း တစ်ယောက်ခုတင်တစ်လုံးစီ ဖြစ်သည်။

ဦးပိုင်စိုး စဉ်းစား တွေးတောရင်း မှေးခနဲ အိပ်ပျော်သွားသည်။ ထိုအချိန် တွင် ‘ကျွီ’ ခနဲမြည်သံနှင့်အတူ တံခါးတစ် ချပ်ပွင့်သွားပြီး အခန်းတွင်းကိုဝင်လာသူ မိန်းကလေးတစ်ဦးကို ညအိပ်မီးအလင်း ရောင် မှုန်ပျပျအောက်မှာ မားမားကြီး တွေ့လိုက်ရ၏။ မိန်းကလေးမှာ လုံးကြီး ပေါက်လှ တောင့်တောင့်ဖြောင့်ဖြောင့် နှင့် ဆံပင်ကို ဖားလျားချထားသည်မှာ ဒူးဆစ်အောက်ပင် အောက်နေသည်။

မိန်းကလေး၏မျက်နှာမှာ အား
ငယ်ညှိုးလျှစွာ ငိုထားသည့် မျက်နှာမျိုး
နှင့်။ အသံကလည်း တိုးတိုးညင်သာ။

'အစ်ကိုကြီး၊ ကျွန်မ ဒီအိမ်ကြီးက
နန်းစံပယ်ပါ။ ဒီအိမ်ကြီးမှာ အိမ်ဖော်လုပ်
ပါတယ်။ ကျွန်မ ဘယ်ကိုမှ မသွားမလာ
ရနဲ့ ဒီအိမ်ကြီးမှာ စောင့်နေရပါတယ်။
ကျွန်မအတွက် သံဃာတော်တွေကိုပင့်
ပြီး ဆွမ်းကျွေးလို့ အမျှပေးဝေပါ။ ပြီး
တော့ နောက်ဘက်က စံကားဝါပင်ကြီး
အောက်ခြေကို တူးကြည့်ပါနော်။ ကျွန်မ
သွားတော့မယ်'

ဦးပိုင်စိုးကိုကြည့်ပြီး မျက်ရည်စက်
လက်ဖြင့် ထွက်သွားတော့သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ဟူသောအသံကြားလိုက်တော့မှ
ဦးပိုင်စိုး အိပ်မက်က လန့်နိုးခဲ့ရသည်။

မနက်လင်း၍ နံနက်စာ Break-
fast စားကြတော့ ဦးပိုင်စိုး မက်သည့်
အိပ်မက်မျိုး ဇနီးဖြစ်သူနှင့် အန်တီမေ
မြင့်ပါ မက်ခဲ့ကြ၍ အံ့သြကြရသည်။ ဤ
အဖြစ်ကို သိနိုင်သူမှာ ဦးဘတူးပင် ဖြစ်
ပါလိမ့်မည်။

ညနေပိုင်း၌ ဦးပိုင်စိုးက ခြံစောင့်
ကြီး ဦးဘတူးကို အထူးဖိတ်ကြား၍ ပြန်
ခါနီး နှုတ်ဆက်ပွဲသဘောမျိုးဖြင့် ယမကာ
ဝိုင်းဖွဲ့ကာ ကျကျနန ဧည့်ခံသည်။ လူ
တန်းစား မခွဲခြားတတ်သော ဦးပိုင်စိုးက
သူ့ဇာပည့် ထွန်းလှအောင်နှင့်အတူ သုံး
ဦးသား စကားပြောရင်း စားကြသောက်
ကြခြင်းဖြစ်၏။ အနည်းငယ် မူးတူးရီဝေ
ဖြစ်လာတော့မှ ဦးပိုင်စိုးက ဦးဘတူးကို
ရင်းနှီးသောလေသံဖြင့်-

"ဦးဘတူး၊ မြောပြမယ်ဆိုရင် ကျွန်
တော်သိချင်တာလေး မေးချင်တယ်ဗျာ"

"ဆရာ ဘာသိချင်တာလဲ။ ကျွန်
တော်သိတာဆို ပြောပြပါ့မယ်"

"အေးဗျာ-ဒီအိမ်မှာ အိမ်ဖော်လုပ်
သွားတဲ့ မနန်းစံပယ်ဆိုတဲ့ကလေးမလေး
အကြောင်းကိုပါ"

"ဗျာ- ဆရာက ဒီကလေးမ အ
ကြောင်းကို ဘယ်လိုလုပ်သိနေတာလဲ။
ဘယ်သူပြောတာလဲ"

"ဒီလိုဗျာ"

ဆို၍ အိပ်မက်အကြောင်းပြောပြ
လိုက်တော့မှ ဦးဘတူးက ခေါင်းညိတ်ပြီး

"ဩော်-နန်းစံပယ်လေးဟာ သနား
စရာကောင်းလှပါတယ်ဗျာ။ အိမ်ဖော်လို့
ဆိုရပေမယ့် သူ့ရုပ်ရည်ဟာ တကယ်ကို
တော်ဝင်နန်းထိုက်တဲ့ ပန်းကလေးလို ဖြူ
ဝင်းပြီး လှပနေတာပါ။ တိုတိုပြောရရင်
အဲဒီကလေးမလေးဟာ ဒီအိမ်ကြီးရှင်ရဲ့
သားနဲ့ ချစ်ကျွမ်းဝင်တယ်ပေါ့ ဆရာ။
နောက်တော့ မိဘက သဘောမတူလို့
လိုက်ပြေးတယ်ပဲ ပြောပါတော့ ဆရာ။
အိမ်ကြီးရှင်တွေက အမျိုးမျိုးခွဲကြပေမယ့်
စွဲလမ်းနှစ်သက်နေတဲ့ အိမ်ကြီးရှင်ရဲ့သား
က တစ်ဇွတ်ထိုးသမား ဆိုတော့ ခွဲလို့
မရပါဘူး။ ဒါနဲ့ပဲ ပေးစားလိုက်ရတယ်
ပေါ့။ နောက်တော့ ကောင်လေးကို သူ့
မိဘတွေက နိုင်ငံခြားမှာအလုပ်သွားလုပ်
ခိုင်းတယ်။ ကံဆိုးချင်တော့ ကောင်လေး
က နိုင်ငံခြားမှာ ကားတိုက်လို့သေတယ်။
ကောင်မလေးကတော့ ဒီအိမ်ကြီးမှာ
သူဌေးချွေးမပေမယ့် အိမ်ဖော်ပဲပေါ့။ သူ့
ယောကျာ်းကိုမျှော်ရင်းနဲ့ စိတ်မကျန်းမာ
ဖြစ်လာပြီး ယဉ်ယဉ်လေးနဲ့ရူးလာတယ်။
သစ်ပုံဘောမှာထိုင်ပြီး သီချင်းဆိုချင်ဆိုနေ
တယ်။ငိုချင်လည်းငိုနေပြန်ရော။နောက်
တော့ လွမ်းဖျားလွမ်းနာကျပြီး သေတယ်
ပဲပြောပါတော့ ဆရာရယ်"

ဦးဘတူးက ဇာတ်လမ်းစုံကို အ
ကျဉ်းချုံးပြောပြလိုက်ပြီး လက်ထဲမှ ခွက်
လက်ကျန်ကို မော့ချသည်။

"အေးဗျာ- ဒါပေမယ့် ဦးဘတူး
ရယ်၊ အပေါ်ထပ်က ကျုပ်တို့အခန်း
တံခါးဝမှာ ညညကျ လာပြီး တဒေါက်
ဒေါက်နဲ့ တံခါးလာလာခေါက်တာတော့
ထူးဆန်းနေတယ်ဗျ။ ညည်းညူသံတွေ
ကလည်း ညတိုင်းကြားရတယ်။ ပြီးတော့
အိမ်ပေါ်ထပ်ကလိုလို၊ ခေါင်မိုးပေါ်က
လိုလို ခြေသံတွေ တရှပ်ရှပ်ကြားရတာ
တွေဟာ အထူးအဆန်းဖြစ်သလို သရဲ
ခြောက်တယ်ဆိုတာများလားဗျာ"

ဦးပိုင်စိုးစကားဆုံးတော့ ဦးဘတူး
က-

"ဟား. . . ဟား. . . ဟား. . .
ဆရာက အဲဒါတွေကို သရဲခြောက်တယ်
လို့ ထင်နေတာကိုး။ မဟုတ်ပါဘူးဗျာ။
ဒေါက်ဒေါက်မြည်သံက ဆရာတို့အိပ်တဲ့
အခန်းအပြင်မှာ ချိတ်ဆွဲထားတဲ့ ပန်းချီ
ကားကြီးရှိတယ်လေ။ အဲဒီ ပန်းချီကား
ကြီးအောက်မှာ တောက်တဲ့ကြီးရှိတယ်။
သူ့အမြီးရိုက်သံနဲ့ ပိုးကောင်ဖမ်းပြီး ခါရိုက်
သံတွေကြောင့် မြည်တာပေါ့။ ပြီးတော့
ညည်းညူသံတွေ ဆိုတာက အိမ်ကြီးရဲ့
မျက်နှာကြက်တွေပေါ်မှာ ခိုတွေရှိတယ်။
ခိုညည်းသံတွေဟာ တိတ်ဆိတ်လာတော့
လူညည်းသံလိုဖြစ်နေတာပါ"

"ဒါဆိုရင် အိမ်ပေါ်ထပ်က ခြေသံ
လိုလိုတွေ ကြားနေရတာရောဗျာ"

"ဩော်- ဒါက ဆရာရယ်၊ အိမ်
ခေါင်မိုးသွပ်နဲ့ ဟိုယူကလစ်ပင်ကြီးက
အကိုင်းနဲ့ မလွတ်တော့ လေတိုက်တိုင်း
တရှဲရှဲမြည်နေတာပေါ့"

ဦးဘတူးက တစ်ခုချင်းရှင်းပြလိုက်
တော့ သို့လော သို့လော သံသယက
ပျောက်သွားခဲ့ရပါပြီ။

"ကဲ- ဒါတွေကတော့ ဟုတ်ပါပြီ
ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ ဒီအိမ်ကြီး
မှာနေကြတဲ့ မိသားစုတစ်ခုလုံး ထူးထူး
ဆန်းဆန်း အတူတူမက်တဲ့ အိပ်မက်ကျ
တော့ ဘယ်လိုပြောရမှာလဲဗျာ"

"အဲဒါတော့ ဆရာရယ်၊ ကောင်မ
လေးက ကျွတ်ချင်လို့ အကူအညီတောင်း
တာပါ။ ရပ်ကွက်ထိပ်မှာရှိတဲ့ဗုဒ္ဓဘာသာ
ဘုန်းတော်ကြီးကျောင်းက ဘုန်းကြီးငါးပါး
လောက်ပင့်ပြီး ဆွမ်းကပ်ပေးလိုက်ရုံပေါ့
ဗျာ"

"ကဲ- ဒါဆို ကိုဘတူးပဲ မနက်ဖြန်
နေ့ဆွမ်းကပ်ဖို့ဘုန်းကြီးငါးပါးပင့်ပေးဗျာ။
မောင်ထွန်းလှအောင်က အကောင်းဆုံး
စားသောက်ဆိုင်ကြီးက ဘုန်းကြီးငါးပါး
တပ်ဖို့နဲ့ အနီးအနားက လူကြီးတွေကို
ကျွေးဖို့ ကားနဲ့ စောစောသွားဝယ်ပေး။
ပြီးတော့ ဘုန်းကြီးလှူဖို့ ထီး၊ ဖိနပ်၊ ယပ်၊
သင်္ကန်းပါ ငါးစုံဝယ်ခဲ့။ ဒါကတော့ မနန်း
စံပယ်လေးအတွက် ရည်စူးပြီး လှူမယ့်
အလှူပွဲကလေးပေါ့။ မနန်းစံပယ်ကို
လည်း ဖိတ်ထားပေါ့ဗျာ"

တစ်ညတာသည် လှလှပပ အေး
ချမ်းခဲ့ပြီ ဖြစ်သည်။

အားလုံးအဆင်ပြေပါသည်။ ဆွမ်း
မကပ်မီကပင် မနန်းစံပယ်လေးကို ဖိတ်
ထားခဲ့သည်။ မမျှော်လင့်ပါဘဲ နွေရာသီ
အပန်းဖြေခရီးမှာ အခြားဘုံဘဝတစ်ခုမှ
ဒုက္ခသည် မစံပယ်လေးအတွက် လှူဒါန်း
ခွင့်ကြုံရ၍ ပီတိတွေဖြစ်ခဲ့ရသည်။

စံကားဝါပင်အောက်တူးကြည့်တော့
မနန်းစံပယ်လေး၏ငွေဆွဲကြိုးလေးတစ်
ကုံးနှင့် အရိုးအိုးလေးတစ်လုံးကို တွေ့ခဲ့
ရသည်။ ငွေဆွဲကြိုးကိုတော့ ရွှေတိဂုံ
ဘုရားမှာ လှူပေးဖို့ ယူသွားမည်။

ကလောမြေမှာ တစ်လတာ၏
နောက်ဆုံး နှုတ်ဆက်ညတွင် သစ်လွင်
တောက်ပသော ဝတ်ကောင်းစားလှများ
ဝတ်ကာ ကျေးဇူးတင်စွာ အပြုံးဖြင့် လာ
ရောက် နှုတ်ဆက် ထွက်ခွာသွားသော
မနန်းစံပယ်လေးပေးသည့် အိပ်မက်ကို
နွေးထွေးစွာ ထွေးပွေ့ခံစားရင်း ရန်ကုန်
အပြန် ကားကလေးမှာ တဖြည်းဖြည်း
ကလောမြို့နှင့် ဝေး၍ ဝေး၍ ပြေးခွာ
နေပေတော့သည်။

ပန်းမြိုင်လသယ်စိန်ဝင်း

ဝံသည်းခြေ တစ်ပင်တိုင်ဆေး

ဦးနန

မှတ်မှတ်ရရ ၂၀၀၆ ခုနှစ်ကဖြစ်၏။ နေရာကား ပဲခူး ဒေးစွန်ပါဘုရား၏ အနောက်မြောက်ဘက် (၁၅) မိုင်မျှကွာဝေးသော ပဲခူးရိုးမတောနက်ကြီးထဲမှ ဆိတ်ဖူးတောင်ဘုရားအား ဖူးမြော်ရန် ရောက်ရှိနေချိန်ကဖြစ်သည်။

ကျွန်ုပ်၏အနီးရှိ လူငယ်လေးတစ်ယောက်သည် ကျောက်ပျဉ်တစ်ချပ်ဖြင့် အရာဝတ္ထုတစ်ခုအား သွေးကာ လည်ပင်းနှင့် ရင်ဘတ်ကို လူးလိုက်၊ လျှာဖြင့် လျက်လိုက်နှင့် အလုပ်ရှုပ်နေလေ၏။ ကျွန်ုပ်လည်း စူးစမ်းလိုစိတ်များဖြစ်ပေါ်လာသောကြောင့်-

"ဘာတွေသွေးလူးနေတာလဲကွ"

ဟူ၍မေးမြန်းရာ-

"ဆေး အဘရေ ဆေးဗျ"

ဟုအဖြေပေးရင်း ထိုင်ရာမှထ ရင်ကြပ်ရောဂါရှိတယ်။ ရှစ်လသားအရွယ်ရောက်တဲ့အထိ ဆေးရုံဆေးခန်းနှံ့နေအောင်သွားခဲ့ရတယ်။ မသက်သာဘူးတဲ့။ သေမှာပဲဆိုပြီး အားလုံးကထင်နေကြတယ်။ တစ်နေ့ ကျွန်တော့်ဦးလေးရဲ့ဆရာ ဦးပဥ္စင်းလေးတစ်ပါး ဒီဆိတ်ဖူးတောင်ကအပြန် အိမ်မှာဝင်နားနေတုန်း ခွီးခွီးခွတ်ခွတ်ဖြစ်နေတဲ့ ကျွန်တော့်ကိုတွေ့သွားပြီးမေးတော့ အဘွားတင်စိန်ကအကြောင်းစုံရှင်းပြတယ်။ ဦးပဥ္စင်းလေးက သူ့သပိတ်ထဲမှာရှိတဲ့ ဝံသည်းခြေသီးတစ်လုံးထုတ်ပေးပြီး ကလေးရဲ့လည်ပင်းနဲ့ရင်ဘတ်ကိုလူး ကလေးပါးစပ်ထဲကိုလည်း နည်းနည်းထည့်တိုက်လို့မှာထားခဲ့ပြီး ရန်ကုန်ကြွသွားတယ်။

ဦးပဥ္စင်းလေး ရန်ကုန်ကပြန်လာတော့ အိမ်ဝင်ပြီးကျွန်တော့်အခြေအနေ

ကာ ကျွန်ုပ်အနီးသို့ ရောက်လာ၏။ ထို့နောက် လူငယ်က-

"ဒီဆေးလေ အဘ"

ဟု ဆိုကာ လက်ဝါးပေါ်တင်၍ ဖြန့်ပြလေ၏။ ကျွန်ုပ်လည်းကြည့်ရင်း ဇဝေဇဝါဖြစ်နေသောကြောင့်-

"ဘာလဲဟ"

ဟူ၍ ထပ်မေးရပြန်၏။ လူငယ်က-

"ဝံသည်းခြေသီးလို့ ခေါ်တယ် အဘ၊ ဒီတောင်မှာပေါတယ်အဘ"

ဟု ဖြေရာ ကျွန်ုပ်က-

"ဘာရောဂါတွေ ပျောက်လို့လဲ"

ဟု မေးလိုက်သောအခါ. . .

"ကျွန်တော်က မွေးရာပါ ပန်းနာကို ဝင်ကြည့်တယ်။ တစ်ကြိမ်တည်းနဲ့ ပျောက်သွားတယ်လို့ အဘွားကဝမ်းသာအားရနဲ့ပြောပြတော့ ဒါဆို တစ်ခါတိုက်ပြီးကတည်းက ထပ်မတိုက်တော့ဘူးပေါ့ဟုတ်လားလို့ ဦးပဥ္စင်းလေးကပြောတော့ အဘွားက တင်ပ့ါ မတိုက်တော့ဘူးဆိုပြီး ပြန်ဖြေလိုက်တယ်တဲ့။ ဦးပဥ္စင်းလေးက အဘွားကိုဆူတော့တာပဲ။ အနည်းဆုံး ဒီတစ်လုံးကုန်အောင်သွေးပြီး တိုက်ရမယ်လို့မှာထားခဲ့ပြီး တောထဲပြန်ကြွသွားတယ်။ ကျွန်တော့်အသက်ကိုကယ်ခဲ့တာ ဦးပဥ္စင်းလေးနဲ့ ဝံသည်းခြေသီးပဲအဘရေ"

ဟု ရှည်လျားစွာ ရှင်းပြလေ၏။

သို့နှင့် ကျွန်ုပ်က အပန်းမကြီးဘူးဆိုလျှင် အပင်ကိုလိုက်ပြပေးရန်တောင်းဆိုရာ လူငယ်ကလိုက်ပြလေ၏။ အပင်ကား ပင်ယောင်နွယ်ယောင်အမျိုးအစားပင်။ နုစဉ်ခါအသီးသည်အစိမ်းရောင်ဖြစ်၍ မှည့်သောအခါအမည်းရောင်ဖြစ်၏။ တပေါင်း၊ တန်ခူးလများ၌ ရင့်မှည့်လေ့ရှိသည်။

၎င်းတို့ရွာရှိ ကလေးငယ်ရှိသောအိမ်တိုင်း၌ အခြောက်လှန်း၍ သိမ်းထားလေ့ရှိ၏။ အဘယ်ကြောင့်ဆိုသော် မွေးကင်းစကလေးငယ်များအား လူးပေးတိုက်ကျွေးလျှင် ချွဲသလိပ်ကြေသောကြောင့်ပင်ဟု ဆို၏။ လူကြီးများလည်း အသုံးပြု၍ ရသည်ဆိုသောကြောင့် ကျွန်ုပ်စမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

ညအချိန်တွင် လူငယ်သွေးပေးသော ဝံသည်းခြေသီးဆေးတို့ကို လည်ပင်းနှင့်ရင်ဘတ်တို့၌လိမ်း၏။ သောက်ကားမသောက်ရဲ။ သို့နှင့် နံနက်အိပ်ရာထချိန်၌ ဆေးလိပ်သောက်၊ ကွမ်းစားခြင်းတို့ကြောင့် ချွဲသလိပ်များနှင့် အမြဲတစေရှိနေခဲ့သော ကျွန်ုပ်၏လည်ချောင်းတစ်လျှောက်သည် ရှင်းလင်း၍ ပေါ့ပါးပါးကြီးဖြစ်နေလေ၏။ ချွဲသလိပ်တို့သည် မစင်အဖြစ်သို့ရောက်ရှိသွားသည်ဟုလည်း လူငယ်က ရှင်းပြ၏။

ထို့နောက်တွင်ကား ကျွန်ုပ်၏လွယ်အိတ်အတွင်း၌ ဝံသည်းခြေသီးကို အမြဲဆောင်ကာ ရောက်ရာဒေသ၌ ပန်းနာရင်ကျပ်ရောဂါသည်များ အဆုတ်ကင်ဆာသည်များနှင့် ချွဲကျပ်သော ကလေးငယ်တို့အား ဇီဝိတဒါနအဖြစ် လှူဒါန်းနေသည်မှာ ယခုတိုင်အောင်ပင်။

၎င်းဝံသည်းခြေသီးအား အမျိုးသမီးများ သနပ်ခါးနှင့်ရောသွေး၍လူးပါကမျက်နှာချောမွေ့ဖြူဝင်း၏။ ရေနွေးပူလောင်ပါက သွေးလိမ်းလျှင်လည်း အနာပျောက်ကင်း၍ အမာရွတ်မကျန် ပကတိအသားကဲ့သို့ ပြန်ဖြစ်၏။ နေပူလောင်၍ ပါးပြင်၌ အမည်းကွက်များဖြစ်နေပါကလည်း သွေးလူးလျှင် ရက်အနည်းငယ်အတွင်း မူလပါးပြင်ကဲ့သို့ ပြန်လည် ချောမွေ့ဖြူဝင်းလေ၏။

ထိုဝံသည်းခြေသီးအား အလိုရှိပါက ရန်ကုန်- နေပြည်တော်အမြန်လမ်း သစ် (၅၂) မိုင် တစ်ဖာလုံရှိ သစ်နီကျေးရွာသို့ သွားရောက်စုံစမ်းရှာဖွေပါက အလွယ်တကူရရှိနိုင်ပါကြောင်းအား ပြန်လည်၍မျှဝေလမ်းညွှန်လိုက်ပါ၏။

ဦးနန

ကျွန်ုပ်နှင့်ကျော်ဖိုးတေ

(ဖိုးရှော်)

ရွှေပြည်စိုး

ဖိုးတေနဲ့ဆိုးပေ

ဖိုးတေ အကြောင်းကို ပြောရရင် ဆိုးပေ ဆိုတဲ့ ကျုပ်အကြောင်းလည်း ပါမှရမှာ။ ပျဉ်းမနားမြို့နယ်မှာ ပြန်ကပြေး ဆိုတာ နာမည်ကြီးသလို ပြန်ကပြေးက အတွဲညီလှတဲ့ ဖိုးတေနဲ့ ဆိုးပေ ဆိုတဲ့ ကျုပ်တို့သူငယ်ချင်းနှစ်ယောက်ရဲ့နာမည် ကလည်း ကြီးပ။ ကောင်းလို့ ကြီးတာ မဟုတ်ဘူးနော်။

ဘယ်တုံးကစပြီးကြီးတယ်ထင်လဲ။ အသင်အပြကောင်းတဲ့နေရာမှာရော အ ရိုက်အနှက်ပါကြမ်းလွန်းလို့ သူ့ခေတ်နဲ့ သူ့အခါ အလွန်နာမည်ကြီးတဲ့မှန်ကျောင်း ဘုန်းတော်ကြီး ဦးလောရှည်ထံမှာ ဘုန်း ကြီးကျောင်းသားဘဝနဲ့နေစဉ်ကတည်း က ဖိုးတေနဲ့ဖိုးတေ ဆိုတာ နာမည်တစ် လုံးနဲ့နေတာ။

မှန်ကျောင်းဘုန်းတော်ကြီးဘွဲ့က ဦးပညာဇောတတဲ့။ ဒါပေမယ့် ကျုပ်တို့ က ဒေါသကြီးလွန်းတဲ့ဘုန်းတော်ကြီးကို ကွယ်ရာမှာ ဦးပညာဒေါသလို့ ခေါ်ကြ တာ။ နာမည်ပြောင်အနေနဲ့ အရပ်ကြီး ရှည်လွန်းလို့ ဦးလောရှည်လို့လည်းခေါ် ကြတယ်။ ဩော်- ရှေ့မှာတော့ ဘယ် ခေါ်ရဲမှာလဲ။ ခေါ်လို့ကတော့ ကြိမ်တန်း ကြီးတစ်တန်းလုံး ကုန်အောင် ရိုက်မယ် ထင်တယ်။

ကျောင်းပေါ်မှာ သက်န်းလှန်းတဲ့ ကြိမ်တန်းကြီးရှိတယ်။ ငါးမူးလုံးလောက် ရှိတဲ့ကြိမ်နွယ်ကြီးနဲ့တန်းထားတာ။ အရင် ဘုန်းတော်ကြီးလက်ထက်ကတည်းက ဒီ ကြိမ်တန်းရှိခဲ့တယ်ပြောတာပဲ။ အောက် ဆုံး လူနေကျောင်းဆောင်မှာ အရှေ့နဲ့ အနောက် တန်းထားတာပါ။ (၄) ခန်း အပြည့် ဆိုပါတော့။

ဟုတ်ကဲ့။ အောက်ဆုံးလူပရိသတ် နေတဲ့အဆောင်က (၄) ခန်း။ အထက် ဆင့် သံဃာဆောင်က (၂) ခန်း၊ အပေါ် ဆုံးဆင့် ဘုရားဆောင်က (၂)ခန်းဆိုပြီး အဆင့် (၃)ဆင့်နဲ့ ဖွဲ့စည်းထားတဲ့ ရှေး ဟောင်းကျောင်းကြီးပါ။ (၇) ခန်း၊ (၆) ခန်းကျောင်းကြီးပါ။

ကျုပ်နဲ့ ဖိုးတေဟာ နှစ်ယောက် ပေါင်းတော့ နှစ်အားဖြစ်ပြီး ကျောင်းသား တွေအပေါ် အမြဲဗိုလ်ကျလေ့ရှိတာကိုး။ အရွယ်တူ၊ စိတ်တူ၊ ကိုယ်တူ ဆိုတာ ကျုပ်တို့နှစ်ယောက်မှအစစ်ပါ။

ဘယ်အထိ ဗိုလ်ကျသလဲ ဆိုရင် ကျောင်းရှိ ကျောင်းသားတွေအားလုံး ကျုပ်တို့ကို ဈေးနေ့တိုင်း တစ်ယောက်ကို (၅)ပြား ဆက်ကြေးပေးကြရတယ်။ ဈေး နေ့ဆို ဘုန်းတော်ကြီးက တစ်ကျောင်း လုံး မုန့်စားလွှတ်တာကိုး။ ဈေးထဲမှာ မိဘတွေ မတွေ့ရင် အိမ်ပြန်ပြီး မုန့်ဖိုး တောင်း၊ မုန့်ဝယ်စားလုပ်ကြတာ ထုံး… ဆိုတော့ သူတို့တွေဆီက ကျုပ်တို့နှ… ယောက်က တစ်ယောက် (၅)ပြား မိုက် ကြေးခွဲကြတာ။ ဆိုရရင်တော့ အနိုင် ကျင့်တာပေါ့ဗျာ။ ကလေးတွေဆိုတာက လည်း ကျုပ်တို့ကိုကြောက်တော့ ဘုန်း ကြီးကို ဘယ်လျှောက်ရဲမှာလဲ။

ဘာပြုလို့လဲဆိုတော့ ကျုပ်တို့နှစ် ယောက် အရိုက်ခံရပြီးရင် ဘုန်းကြီးကို လျှောက်တဲ့ကောင်ကို ကျုပ်တို့က ကိုတ် ပြီးပြန်တွယ်ကြတာကိုး။ ကျုပ်တို့နှစ်ဦး ကလည်း နှစ်ကိုယ့်တစ်စိတ်။ ဖြစ်ရင်

အတူတူခံဖို့ အဆင့်သင့်ပဲ။

အဲ- တစ်နေ့မှာတော့ ဒေါ်ပုံဆိုတဲ့ ကောင်ကြောင့် ကျုပ်တို့ပြဿနာတက်ရတယ်။ သူက ဈေးနေ့တိုင်း ကျောင်းသားတွေရတဲ့မုန့်ဖိုးထဲက တစ်ယောက်ကို (၅) ပြား မဖြစ်မနေပေးရကြောင်း၊ မပေးရင် အတွယ်ခံရကြောင်းတွေ သူ့မိဘကိုငိုယိုပြီး ပြောပြတယ်ဆိုပဲ။ ဒေါ်ပုံ ဆိုတဲ့အတိုင်း ဒီကောင်ကလည်း ဒေါသကြီးတဲ့အကောင်ပါ။ အဲဒါကြောင့် သူ့နာမည် မင်းဆွေ ပျောက်ပြီး ဒေါ်ပုံလို့ နာမည်ဖြစ်လာရတာ။

ဒေါ်ပုံ မွေးလိုက်တဲ့မီးကြောင့် သူ့မိဘတွေ မခံမရပ်နိုင်ဖြစ်ပြီး ဘုန်းတော်ကြီး လာလျှောက်ပါလေရောဗျို့။ ရှိသမျှ ကျောင်းသား လေး၊ ငါးဆယ် တန်းစီပြီး စစ်မေးတော့ အားလုံးကလည်း ဟုတ်မှန်ကြောင်း ဝန်ခံကြရတယ်။ မှန်လည်း မှန်နေတာကိုး။ ကျုပ်တို့နှစ်ယောက်ပေါင်းပြီး နိုင်တိုင်းကျင့်ခဲ့ကြတာကိုး။ ဟော-ခုတော့ ဘူးပေါ် သလိုပေါ်ပြီပေါ့ဗျာ။

အဲဒီမှာ ဘုန်းတော်ကြီးရဲ့မျက်နှာဟာ နဖူးကြောကြီးတွေထောင်ပြီး နီရဲလာတယ်ဗျ။ ဘာလုပ်တယ်လို့ထင်လဲ။

သက်န်းလှန်းတဲ့ ကြိမ်နွယ်တန်းကြီးကို ဓားနဲ့ခုတ်ဖြတ်ပြီး အလောတော် ခုတ်ဖြတ်ပြီး ပုံလိုက်တာ ကြိမ်အတော်ရတယ်ဗျ။ ငါတို့ကို ဒီကြိမ်နဲ့ဆော်တော့မယ်ဆိုတာ အလိုလို သိလိုက်တယ်။ ဆော်မှာတောင်မှ ကြိမ်တန်းကြီးကုန်အောင်ဆော်မယ်ထင်တယ်လို့တွေးပြီး ကျုပ်က ဖိုးတေကို တံတောင်နဲ့တွက်ပြီး မျက်ရိပ်မျက်ခြည်ပြလိုက်တယ်။ ပြေးကြစို့ပေါ့ဗျာ။

အဲဒီမှာ ကျုပ်တို့နှစ်ယောက် မျက်ရိပ်မျက်ခြည်ပြပြီး တစ်ပြိုင်နက် လှစ်ခနဲထပြေးကြတော့တာပဲ။ ပြေးနိုင်မှ လွတ်တော့မှာလေ။ ကျုပ်တို့အပြစ်ကလည်း အတော်ကြီးတာကိုးဗျ။ နောက်ကျတဲ့ခြေထောက် သစ္စာဖောက် ဆိုပြီး နောက်ကြောင်းမလှည့်စတမ်းပြေးလိုက်ကြတာ တောထဲ ကြံခင်းတွေဆီရောက်မှ ကြံခင်းတွေထဲဝင်ပြီး ကြံစုပ်ရင်း အမောဖြေနိုင်ကြတယ်။အဲဒီကျတော့လည်း လွတ်လပ်ပေါ့ပါးသွားလို့ ရယ်မောလိုက်ကြတာ အတော်ပျော်စရာကောင်းတယ်ဗျ။

မိဘတွေကလည်း မှန်ကျောင်းဘုန်းတော်ကြီးအကြောင်း သိနေတော့ ပြန်မပို့ပါဘူး။ ဒီလိုနဲ့ တန်းကျောင်းသားဖြစ်လာကြပြန်တယ်။ အဲဒီတန်းကျောင်းမှာကျတော့ ကျုပ်တို့နှစ်ယောက် တစ်လိုင်းပြောင်းသွားကြပြန်တယ်။ အဲဒါက ကျုပ်တို့နှစ်ယောက် တက်ညီလက်ညီ ကောင်မလေးတွေကို စကြတာလေ။ လူနောက်လူပြောင်တွေဖြစ်လာပြန်တယ်။

ဖိုးတေနဲ့ ဆိုးပေ ဆိုတာ ဆရာ၊ ဆရာမတွေရဲ့ မျက်စိစပါးမွေးစူးစရာဖြစ်လာရပြန်တယ်။ ဘုန်းကြီးကျောင်းသားစရိုက်က ဖျောက်လို့မှမရတာ။ တစ်ခုမလုပ်ရရင် တစ်ခုလုပ်ချင်တာလေ။ ဒီတော့ ရွယ်တူကောင်မလေးတွေရဲ့ ချဉ်ဖတ် ဖြစ်လာရပြန်တာပေါ့။ စ,လိုက်နောက်လိုက်တာကလည်း တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် နောက်ပြောင်ကြတာ။ ဒီလိုနဲ့ စာမေးပွဲတဖုန်းဖုန်းကျပြီး (၈) တန်းတောင် မအောင်လိုက်ဘူး။ ကျုပ်တို့ လူပျိုဖြစ်ပြီး ကျောင်းကထွက်ခဲ့ရတာကလားဗျာ။

လူပျိုဖြစ်ပြန်တော့လည်း ကျုပ်တို့နှစ်ယောက်က လင်မယားထက်တောင် ချစ်ကြတာ။ လက်တွဲမဖြုတ်စတမ်း ပွေကြတေကြပြန်တာပါပဲ။ ပွေလို့တေလို့ဝမှ ဖိုးတေက မဗျားကြီးနဲ့ အိမ်ထောင်ကျတယ်။ ကျုပ်က မဩဇာနဲ့အိမ်ထောင်ကျတယ်။ အဲဒါလည်း ကျုပ်တို့နှစ်ယောက်က လက်တွဲမဖြုတ်သေးဘူး။ ငယ်မူငယ်သွေးတွေက မကုန်သေးဘူးလေ။

ကျုပ်မိန်းမက ဩဇာဆိုတဲ့အတိုင်း ကျုပ်ကို အရမ်းဩဇာပေးတာ။ အဲဒီတော့ ကျုပ်က မဩဇာရဲ့ ဩဇာကို လက်ခံရတယ်။ ဒါကို ဖိုးတေက ဆွေ့ဆွေ့ခုန်အောင် ခံပြင်းတတ်တယ်။ မိန်းမဆိုတာ အိမ်ထောင်ဦးစီးရဲ့ဩဇာအာဏာကိုသာ လက်ခံရမှာ။ မိန်းမရဲ့ ဩဇာအာဏာကိုလက်ခံရင် အဲဒါ ယောကျ်ားစစ်စစ်က မိန်းမဖြစ်သွားပြီ ဘာညာပေါ့ဗျာ။ ကျုပ်ကို အမြဲနာအောင်ပြောတယ်၊ နှိမ်တယ်ပေါ့ဗျာ။ ဘာတတ်နိုင်မှာလဲ။ ဘဝပေးအခြေအနေအရ ကျရာမှာပျော်ပိုက်ရတော့မှာ မဟုတ်လားဗျာ။

အဲ- ဒီလိုနဲ့ ကျုပ်တို့ကြီးပြင်းလာလိုက်ကြတာ အသက် (၄၀) ကျော်အရွယ်တွေရောက်စပြုလာတယ်။ ကျုပ်တို့ကတော့ ကောင်းတိုင်ပင် ဆိုးတိုင်ပင်သူငယ်ချင်းကောင်း ပီသစွာ သစ္စာလက်တွဲနေဆဲပါပဲ။ သားသမီးတွေတောင် ပွားစီးနေကြပြီ။ အရွယ်တွေလည်းရောက်ခဲ့ကြပါပြီ။

ဖိုးတေ ဆုံးပြီ

ဒါနဲ့ ပြောရဦးမယ်။ ကျုပ်နဲ့ဖိုးတေမှာ ကွာခြားချက်လေးရှိတယ်။ အဲဒါက ဖိုးတေတို့က လယ်မြေအတော်များများပိုင်တဲ့ တောင်သူကြီးတွေစာရင်းမှာ သူတို့ပါတယ်။ သူ့အဖေဦးဘအုန်းဆုံးတော့ ဂုံမင်းရွာအနောက်ဘက်က (၁၀) ဧကကျော်ကျော်ရှိတဲ့ လယ်မြေတွေကို သူ့ရဲ့ခွဲတမ်းအမွေရထားလေတော့ တောင်သူကြီးစာရင်းမဝင်ပေမယ့် (၁၀) ဧကဆိုတာ နည်းမှတ်လို့။

အဲဒီလယ်ကွက်ကြီးရဲ့အလယ်မှာ တစ်ဧကလောက်ရှိတဲ့ သရက်ဥယျာဉ်ရှိတယ်၊ လယ်တဲရှိတယ်၊ ရေတွင်းရှိတယ်။ လယ်တဲဆိုလို့ တဲမထင်နဲ့။ ကျွန်းတိုင်ကြီးတွေနဲ့ ခိုင်ခိုင်မာမာဆောက်ထားတဲ့အိမ်ပါ။ အောက်ထပ်မှာ နွားတွေထားတယ်။ သီးပင်စားပင်လေးတွေနဲ့ဆိုတော့ နေချင့်စဖွယ် ဆိုပါတော့။

သူတို့မောင်နှမ (၅)ယောက်အမွေခွဲရာမှာ အဲဒီသရက်ဥယျာဉ်နဲ့ လယ်မြေတွေရထားပြီးတဲ့နောက် ဖိုးတေဟာ အိမ်မှာ သိပ်မနေတော့ဘဲ လယ်တောမှာ အနေများတယ်။ ကျုပ်ကကျတော့ သူ့လောက် လယ်မြေမပိုင်ဆိုင်ပါဘူး။ လယ်လေး (၃) ဧကပဲရှိတာပါ။ ကျုပ်မှာ ကျွဲတစ်ရှဉ်းနဲ့ လှည်းတစ်စင်းပဲ ပိုင်တာပါ။ ဝမ်းစာစပါး ပိုတဲ့အပြင် ရောင်းချနိုင်တဲ့အဆင့်ရှိတော့ကာ မပူရမပင်ရလို့ ဆိုနိုင်ပါတယ်။ မဩဇာကလည်း အသုံးအစွဲစေ့သလားမမေးနဲ့။ အဲဒါကြောင့်လည်း မိသားစု မပူရမပင်ရ နေနိုင်တာပါ။

အလုပ်မရှိတဲ့နေ့၊ လှည်းတိုက်မလိုက်ရတဲ့နေ့တွေမှာဆို ဖိုးတေရဲ့လယ်ကွက်မှာ ကျုပ်ရဲ့ကျွဲတွေ သွားကျောင်းရင်း ဖိုးတေနဲ့ စကားဖောင်ဖွဲ့ဖြစ်တယ်။ ဒါဆိုရင် ကျုပ်တို့နှစ်ယောက် ဘုန်းကြီးကျောင်းသားဘဝ မှန်ကျောင်းကို ပြန်ရောက်လိုက်၊ တန်းကျောင်းရှိရာ ကြားကျောင်းကိုပြန်ရောက်လိုက်နဲ့ တဝါးဝါးတဟားဟား ပျော်စရာကြီးကိုဖြစ်လို့ဗျ။

အဲ-တစ်နေ့မှာတော့ သူ့ရဲ့ရိုးပြတ်တွေရှိတဲ့လယ်တွေထဲ ကျွဲနှစ်ကောင်လွှတ်ထားပြီး ဖိုးတေနဲ့စကားဖောင်ဖွဲ့ဖို့ သရက်ဥယျာဉ်ဆီသွားတဲ့အခါမှာ ရေတွင်းနားမှာ ဖိုးတေ လဲနေတာ တွေ့ရတာပါပဲ။ ကျုပ်လည်း ချက်ချင်း ကောက်ပွေ့ပြီး အနီးနားမှာရှိတဲ့ သူ့အိမ်ဆီ သယ်ခဲ့ပါတယ်။ အသက်ကတော့ မသေသေးပါဘူး။

အနီးမှာလည်း ဘယ်သူမှမရှိတာနဲ့ ကျုပ်လည်း အတင်းလှုပ်ပြီး-

"ဖိုးတေ. . . ဖိုးတေ သူငယ်ချင်း၊ ဘာဖြစ်တာလဲကွာ။ ငါ မင်းရဲ့သူငယ်ချင်း ဆိုးပေလေ"

လို့အော်ပြောတော့ မျက်စိမနည်းဖွင့်ကြည့်ပြီး အာလေးလျှာလေးနဲ့-

"ငါ့ကို မြွေပွေး. . . မြွေပွေး. . ."

လို့ပဲ ပြောနိုင်ပါတယ်။

ဒါနဲ့ ကျုပ်လည်း-

"ဖြစ်ရလေ သူငယ်ချင်းရာ"

ဆိုပြီး သူ့ခြေထောက်ကြည့်လိုက်တော့ သွေးစို့ပြီး ခြောက်နေတဲ့ မြွေစွယ်ရာနှစ်ခုကိုတွေ့ရတာပါပဲ။အချိန်နောက်ကျသွားပြီ ဆိုတာ ကျွန်တော် သိလိုက်တယ်။ အချိန်အတန်ကြာခဲ့ပြီနေမှာပါ။ ဖိုးတေ သတိမရှိတော့ပါဘူး။ အသက်ကိုတော့ ခက်ခဲစွာ ရှူနေပါသေးတယ်။ ဒါနဲ့ ကျုပ် ရွာကိုပြေးပြီး ပြောရပါတယ်။ သူ့မိသားစုတွေ၊ အိမ်နီးချင်းတွေ အူယားဖားယား မပြေးရုံတစ်မည် လာခဲ့ကြပေမယ့် ဖိုးတေရဲ့အသက်ကို မမီလိုက်ကြတော့ပါဘူး။

ကျုပ်ဆို ရုတ်တရက်ကြီး ခုလို ခွဲသွားတော့ ယောကျ်ားတန်မဲ့ အော်ပြီး ငိုပစ်လိုက်မိတယ်။ အချစ်ဆုံးသူငယ်ချင်းဆိုတဲ့ သံယောဇဉ်ဟာ အတော်ကြီးတာပါလားဗျာ။ တကယ်ပါ။ တော်တော်နဲ့ မဖြေသိမ့်နိုင်ခဲ့ပါဘူး။တကယ်တော့ အနီး

မှာ အဖော်သဟဲမရှိဘဲ တောထဲ တစ်ယောက်တည်းနေတဲ့အဖြစ်လို့ဆိုရမှာပါ။

နွားတသား ဖိုးပျင်းထုံ

ဖိုးတေ ရုတ်တရက်ကြီးဆုံးသွားတဲ့အခါ သားကြီးဖြစ်တဲ့ ဖိုးပျင်းထုံက ဖခင်နဲ့အရိုက်အရာ လယ်တောအိမ်ကြီးမှာ သာနေရတာယ်။ အိမ်က ပစ်ထားလို့မရဘူးလေ။ အိုးခွက်ပန်းကန်၊ အိပ်ရာအိပ်ခင်းအပြည့်အစုံ၊ လူအမြဲနေတဲ့အိမ်လိုရှိနေတဲ့အခါ ပစ်ထားလို့မရဘူးဆိုရမှာပါ။

ဖိုးပျင်းထုံနာမည်က သက်မောင်တဲ့ဗျ။ ဒါပေမယ့် အပျင်းထူတဲ့နေရာမှာ ပြင်ထဲက ငပျင်းထက်တောင် ပျင်းလွန်းလို့ လူတွေက နာမည်ပြောင် ပျင်းထုံလို့ ခေါ်ကြတာပါ။ ပျင်းရုံဆို တော်သေးရဲ့။ ထုံကလည်းထုံသေးတာဆိုတော့ နာမည်နဲ့လူ အတော်လိုက်ဖက်တာပါ။ သူက အိမ်မှာ အစ်ကိုကြီးပါ။ သူ့မှာ ညီမ (၂) ယောက် ရှိတယ်။ ဒီတော့ အစ်ကိုကြီးတော့ အဘအရာ ဖြစ်ခဲ့ခြင်းပါ။

ဖိုးပျင်းထုံ ဘယ်လောက်ပျင်းလဲဆိုရင် မိုးရာသီစပါးစိုက်ကာလမှာ လယ်တွေအပြည့်စိုက်ထားတဲ့အချိန်ဆိုရင် သူ့ဖခင် ဖိုးတေက နွားဇော့အိမ်မှာပို့ထားပြီး ဖိုးပျင်းထုံကို လွတ်ရာစားကျက်တွေမှာ ကျောင်းခိုင်းတယ်။ အဲဒီအခါ နွားတွေကို ကြိုး (၅) ချောင်းဆက်ပြီးချည်တာ အိမ်ကထွက်တာပါပဲ။ စဉ်းစားသာကြည့်။ ကြိုးတစ်ချောင်း (၁၀) တောင် ရှိတယ်။ (၅)ချောင်းဆိုတော့ အတောင် (၅၀) ရှိတယ်။ အိမ်က ကြိုးတန်းလန်းနဲ့ ထွက်တဲ့နွားဟာ ကြိုးက အတော်နဲ့မဆုံးနိုင်ဘူး။ အတောင် (၅၀)ပြည့်မှ ကြိုးက အိမ်ဝိုင်းနဲ့လွတ်လေ့ရှိတာ။ ဘာလို့ အဲဒီလိုလုပ်တာလဲဆိုတော့ စားကျက်ရောက်ရင် နွားတွေကို ကြိုးရှည်ရှည်နဲ့လံထားလိုက်တာပါပဲ။ အတောင် (၅၀) ပတ်ပတ်လည်မှာ မြက်တွေစားနိုင်တယ်။ ဒီတော့ သူများစိုက်ခင်း ဝင်စားရင် ရိုက်မောင်းရမှာတို့၊ တခြားဆီထွက်သွားပြီး နွားပျောက်မှာတို့ မပူရတော့ဘူး။ ဖိုးပျင်းထုံကတော့ သစ်ရိပ်ကောင်းကောင်းမှာ တခေါခေါနဲ့ အိပ်ပျော်တာပါပဲ။ အချိန်တန်ရင် ကြိုးတွေဖြုတ်ပြီး နွားပြန်သွင်းလေ့ရှိတာပါ။ အဲ- ဖိုးပျင်းထုံ နွားတွေသွင်းလာပြီဆိုလို့ကတော့ (၁၀) တောင်ကြိုး (၅)ဆက်ရှည်တဲ့ ကြိုးရှည်ကြီးတန်းလန်းတန်းလန်းနဲ့ အဲဒီကြိုးတွေ မနင်းမိအောင် ရှောင်ကြရတာကလည်း တစ်ဒုက္ခဗျ။ ဒါက သူ့ရဲ့ ပုံသေ၊ သူ့ရဲ့ နွားကျောင်းနည်းပါ။ ကျောင်းစာသာမတော်တာ၊ ဒီကောင်က လူသက်သာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာတော့ ရွှေဉာဏ်တော်က ပြေးသဗျ။ ဒီကောင် ဒီလောက်အထိပျင်းတာ၊ ရွာမှာ နာမည်ကြီးအပျင်းချင်းပြိုင်ရင် ပထမရမယ့်အကောင်ပါ။ သူ့အဖေက တေလို့ နာမည်ကြီးတာ၊ သူက ပျင်းလို့ နာမည်ကြီးတာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သူ့ခေတ်နဲ့ သူ့အခါ သူလည်း နာမည်တစ်လုံးနဲ့နေတဲ့ကောင်ပါ။

အဲဒီလောက်ပျင်းတဲ့အကောင်က မမျှော်လင့်ဘဲ သူ့ဖခင်အရိုက်အရာကို ဆက်ခံရတော့တာပေါ့ဗျာ။ အင်း- ဒါက လည်း သူ့အကြောင်းနဲ့သူပေါ့လေ။

'ငပျင်းရေ ငှက်ပျောသီးဟော့' ဆိုလို့ရှိရင် 'အခွံနွာပြီးသားလား' လို့ ပြန်မေးတဲ့ကောင်မျိုးက လယ် (၁၀) ဧကကျော်ကျော်ရဲ့ဦးစီး ဖြစ်လာတော့ သူ့အစား ကျုပ်ရင်လေးမိတာအမှန်ပါ။

ကျတ်ဖိုးတေ

ကျုပ်က ဖိုးတေအကွက်မှာ ကျွဲကျောင်းနေကျ ဆိုတော့ လယ်ရိုးပြတ်တောမှာ ကျွဲတွေလွှတ်ပြီး လယ်ကွင်းကြီးရဲ့အလယ်မှာရှိတဲ့ သရက်ဥယျာဉ်ရိပ်ကနေ ထိုင်ပြီး ကျွဲတွေကိုကြည့်နေမိတယ်။ မကြည့်လို့မရဘူး။ ကျွဲထီးတွေ ဆိုတာ သူစိမ်းကျွဲထီးကိုမြင်တာနဲ့ စောင်ပြီးပြေးခတ်ကြတာ။ အမှန်တော့ စားကျက်လုတာပေါ့လေ။ အဲဒီလိုမဖြစ်ရလေအောင် မျက်ခြည်မပြတ် ကြည့်နေမှ တော်ရုံကျတာ။ ကျွဲတွေခတ်ကြပြီ ဆိုရင် မီးကုန်ယမ်းကုန်ခတ်ကြတာဆိုတော့ နိုင်တဲ့ကျွဲရော ရှုံးတဲ့ကျွဲပါ အားကုန်ပြီး နုံးထွက်သွားတယ်။ ဒါဆိုရင် ခိုင်းတဲ့နေရာမှာ ထမ်းပိုးသိပ်မကောင်းချင်တော့ဘူး။ ပြီးတော့ ကျွဲတွေကို မခတ်ခင်က တားနိုင်မှ တော်ရုံကျတာ။ ခတ်ပြီဆိုလို့ကတော့ အနားမကပ်နဲ့တော့။ သခင်သော ဘာသော ညာသော နားမလည်တော့ဘူး။ မည်းမည်းမြင်ရင် ကျုံးခတ်တတ်ကြတာ။ အဲဒါကြောင့် အခြားကျွဲတွေဝင်လာရင် ကိုယ့်ကျွဲကို တားနိုင်အောင် စောင့်ကြည့်နေခြင်းပါ။ အဲဒီလိုကြည့်နေတယ်ဆိုရင်ပဲ 'အဟမ်း အဟမ်း' ဆိုတဲ့ ချောင်းဟန့်သံကြားလိုက်ရတော့ ကျုပ်နည်းနည်းဖျံ့သွားသလိုပဲ။ ဒါ ဖိုးပျင်းထုံရဲ့အသံမဟုတ်ဘူး။ ကျုပ်နဲ့တစ်သက်လုံးတွဲခဲ့တဲ့ ဖိုးတေရဲ့ချောင်းဟန့်သံ။ ဒါပေမယ့် ဒီကောင်က သေပြီးနေပြီပဲ။ ဘယ်လိုဖြစ်တာလိမ့်ဆိုပြီး ကြည့်လိုက်တော့ အိမ်ပေါ်ကဆင်းလာတဲ့ ဖိုးတေကို အမှန်တကယ် မြင်နေရပါတယ်။ ကျုပ် အံ့ဩမဆုံးဘူးဖြစ်နေတာပေါ့။ အောင်မာ- ဒီကောင်က ကျုပ်ဆီ လာနေပါပေါ့လား။ ဒီကောင် သေပြီးပါပြီ။ သူ့အလောင်းကို ကျုပ်ကိုယ်တိုင် ပြန်ကပြေးသင်္ချိုင်းမှာ မြှုပ်ပေးခဲ့တာ။

အဲဒီတုန်းက-

'သူငယ်ချင်းဖိုးတေရေ၊ မင်း ငါ့ကို ခုလို ရုတ်တရက်ကြီးခွဲသွားတော့ ငါ အရမ်းစိတ်မကောင်းပါဘူး သူငယ်ချင်းရာ။ ငါ မင်းကို နှုတ်ဆက်ပါတယ်' လို့ပြောပြီး ယောကျာ်းရင့်မာကြီးပေမယ့် မျက်ရည်က ကျခဲ့သေးတာဗျ။

ဟုတ်တယ်။ ကျုပ် ဒီကောင့်ကိုခွဲရမှ မျက်ရည်ကျတာ။ မသြဇာ သေရင်တောင် မျက်ရည်က ကျချင်မှကျမှာ။ ခုတော့ ဒီကောင်ကမသေဘဲ ကျုပ်ဆီလာနေပါပေါ့လား။ ကျုပ်တစ်ကိုယ်လုံးတောင့်သလိုကြီးဖြစ်နေရတယ်။ အနားရောက်တော့-

'ဟေ့ကောင် ဆိုးပေ၊ မင်းက အချိန်မှန်ပါပဲလားကွ'

လို့ နှုတ်ဆက်တယ်။ ဒါပေမယ့် မပြုံးမရယ် ခပ်တည်တည်ပုံစံနဲ့ပါ။ အဝတ်အစားကတော့ ခပ်နွမ်းနွမ်းပါပဲ။

'အေးလေကွာ။ ခု လည်းတိုက်အလုပ်မရှိတော့ မှန်မှန်လာနိုင်တာပေါ့ကွာ။ ဒါထက် ဖိုးတေ၊ မင်းသေလို့ မင်းအလောင်းကို ငါကိုယ်တိုင် ပြန်ကပြေးသင်္ချိုင်းမှာ ဦးစီးပြီး မြှုပ်ပေးခဲ့တာကွ။ အဲဒါ မင်းက ဘယ်လိုပြန်ရှင်လာတာလဲ'

လို့ အံ့ဩတကြီးမေးတော့-

'အေးလေ၊ လူဖိုးတေကတော့ သေပြီးပြီပေါ့ကွာ။ ခုဟာက ကျတ်ဖိုးတေလေ။ ငါ့လယ်မြေကွက်တွေရှိရာမှာ ငါ ပြန်လာပြီး နေတာပေါ့ကွာ။ ဒါက ငါ့အကွက်တွေလေ။ မင်းလည်း သိသားနဲ့ ဆိုးပေရာ'

လို့ ပြောတော့ 'ဩော်- ဖိုးဆော ကျတ်လို့ခေါ်ကြတဲ့ပြိတ္တာ ဖြစ်နေပါပေါ့လား' လို့ စိတ်ထဲကသိလိုက်တယ်ဆိုရင်ပဲ ကြက်သီးမွေးညင်းဖြန်းခနဲထပြီး အသိစိတ်ပြန်ဝင်လာခဲ့တယ်။ ဒီကျမှ အိပ်မက်မက်နေတာပါလားလို့ သိလိုက်တယ်။

အဲဒီမှာ ကျုပ် တွေးနေမိတယ်။ ဖိုးတေ သူ့အကွက်မှာ အမှန်တကယ် ကျတ်ဖြစ်နေတာလား သို့မဟုတ် စွဲလမ်းလို့ မက်နေတာလားပေါ့လေ။

အင်း- ဒီကောင် သူ့လယ်တော၊ သူ့သရက်ဥယျာဉ်၊ သူ့အိမ်ကို အလွန်မြတ်နိုးတာ။ ဒီတော့ ဖြစ်နိုင်ခြေရှိတယ်

လို့လည်း တွေးမိပြန်ပါတယ်။

တိုးမောင်ကို ကျွတ်ကိုင်ခြင်း

တိုးမောင်နဲ့ တိုးအောင် ဆိုတာက ကျုပ်ကျွဲကြီးနှစ်ကောင်ပါ။ ကျုပ်ရဲ့လက်ရုံးတွေပမာ အားထားရတဲ့ ကျွဲတစ်ရှဉ်းပါ။ လိမ္မာတယ်။ ဗလကောင်းတယ်။ ကျန်းမာသန်စွမ်းတယ်။ လူ့စကား နားလည်တယ်။ ဒီတော့ ကျွဲကျောင်းရင် ကျုပ်က ပစ်မထားဘူးလေ။ အရိပ်တကြည့်ကြည့်ကျောင်းတာ။ အချိန်တန်ရင် ဖိုးတေလယ်တော သရက်ဥယျာဉ်ရဲ့အလယ်မှာရှိတဲ့ အုတ်ရေတွင်းကရေငင်ပြီး ကျွဲတွေကိုချိုးပေးနေကျ။ ရေတွင်းအလွန်မှာတော့ စီးကျရေမြောင်းက အိုင် ဖြစ်နေတော့ အဲဒီအိုင်မှာ ကျွဲတွေလူးရင်း ကျွဲလူးအိုင် ဖြစ်နေပါတယ်။ ကျွဲတွေအတွက် အလွန်အဆင်ပြေတာပါ။

ဒါနဲ့ ကျုပ်ဟာ ဘာရယ်မဟုတ်ပါဘူး။ လယ်ကွက်ထဲ မြက်တွေစားနေတဲ့ ကျွဲတွေကို သရက်ပင်တစ်ပင်ပေါ် တက်ပြီး အရိပ်ကောင်းတဲ့ သရက်ကိုင်းတစ်ကိုင်းပေါ် ထိုင်ပြီး ကြည့်နေမိတယ်။ အဲဒီမှာ အိပ်မက်ထဲက ကျွတ်ဖိုးတေကိုပြေးပြီး သတိရမိတယ်ဗျ။

‘ဒီကောင် တကယ်များကျွတ်ဖြစ်နေလားမသိပါဘူး’ ဆိုတဲ့အတွေးလည်း ဝင်လာမိတာပေါ့ဗျာ။ ဒါနဲ့ ကျုပ်က-

“ဟေ့ကောင် ဖိုးတေ၊ မင်းတကယ်ကျွတ်ဖြစ်နေတာဆိုရင် ငါ့ကို မင်းအစွမ်းပြစမ်းပါကွ”

လို့ ခပ်ကျယ်ကျယ် ပြောလိုက်ပါတယ်။

အဲဗျာ-မကြာလိုက်ပါဘူး။ သရက်ပင် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်သွားပြီး ကျုပ်ထိုင်နေတဲ့သရက်ကိုင်းကို လှုပ်ခါတော့တာပဲဗျို့။ လေမတိုက် ဘာမတိုက်နဲ့ သရက်ကိုင်းကြီးက အထက်-အောက်ခါနေပါလေရော။ ကျုပ် ဆိုတဲ့ကောင်ကလည်း ဘာရမှာလဲ။ မကျနိုင်အောင် ကိုင်းငယ်တွေကို မြဲမြဲဆုပ်ကိုင်ထားတာပေါ့။ ကလေးဘဝ သရက်ကိုင်း၊ မန်ကျည်းကိုင်း၊ ကုက္ကိုကိုင်းစီးသလို တငြိမ့်ငြိမ့်နဲ့ပေါ့ဗျာ။ အဲဒီမှာ ကျုပ်က သဘောကျပြီး-

“ဟေ့ကောင် ဖိုးတေ၊ ငါ ဆိုးပေပါကွ။ ခပ်ကြမ်းကြမ်းလွှဲစမ်းပါ အဟားဟား. . .။ ငါတို့ ဘုန်းကြီးကျောင်းသားတုန်းက ဒါမျိုးတွေ စီးလာတာ ရိုးနေပြီ ဟေ့ကောင်။ ဆိုးပေကို ဒီလိုလုပ်လို့မရပါဘူးကွာ။ ဟား ဟား ဟား- လွှဲစမ်းပါ။ ခပ်ကြမ်းကြမ်းလေးလွှဲစမ်းပါ”

ဆိုတော့ မုန်တိုင်းကျသလိုကို ဝုန်းဒိုင်းကြဲအောင်လွှဲတော့တာဗျို့။ ကျုပ်ကလည်း မိမိရရကိုင်ထားတော့ သူဘယ်လောက်လွှဲလွှဲ၊ ဘယ်လောက်ခါခါ ဘာမှမဖြစ်ဘူးလေ။

“ဖိုးတေ၊ မင်းလည်း ငါ့အကြောင်းသိသားနဲ့။ ဆိုးပေကို ဒီလိုလုပ်လို့ ရရိုးလားကွာ ဟား ဟား ဟား။ မင်းတစ်နေကုန်လွှဲနေရင် ငါ တစ်နေကုန်စီးနေမှာ။ မင်းလည်း ကျွတ်ဖိုးတေ၊ ငါလည်း လူဆိုးပေပါကွ”

လို့ပြောလိုက်တော့ လွှဲတာခါတာ ချက်ချင်းရပ်သွားပြီး ငြိမ်သွားပါတယ်။

ဒါနဲ့ ကျုပ်က-

“ဟေ့ကောင် ဖိုးတေ၊ ဆိုးပေကို လက်လန်သွားပြီလား”

လို့ ပြောပြီး ကျွဲတွေရှိရာကိုလှမ်းကြည့်လိုက်တော့ တိုးမောင်ဟာ ကောင်းကင်ကိုမော့ပြီး စိုင်စိုင်ကြီး မလှုပ်မယှက်ရပ်နေတာ တွေ့ရတယ်ဗျ။

ဒီလိုပုံစံဟာ ကျွဲထီးတစ်ကောင်က ကျွဲမတစ်ကောင်ကိုတွေ့ပြီး မိတ်လိုက်မယ်အလုပ်မှာ နမ်းရှုပ်ပြီး ကောင်းကင်ကို ဒီလိုမော့နေတတ်တာထုံးစံပါ။ ကျုပ်တို့ကလေးတုန်းက အဲဒီလိုလုပ်တာကို မိုးနတ်တင်တယ်လို့ခေါ်ကြတယ်။ အမှန်တော့ မိတ်မလိုက်မီ ဖီး(လ်)ခံစားနေတာပါ။

ကျုပ် တိုးမောင်ကို အသေအချာကြည့်နေမိတယ်။ အနီးအနားမှာ ကျွဲမလည်းမရှိဘဲ ဘာလို့ နှာခေါင်းလှန်ပြီး မိုးနတ်တင်နေတာလဲပေါ့။ ကေန္တ ဒါဟာ မရိုးသားဘူးဆိုပြီး သရက်ပင်ပေါ်ကနေ ဒုန်းဆင်းပြီး တိုးမောင်ဆီ ပြေးရတယ်။ တိုးအောင်ကတော့ သူ့ဟာသူ မြက်စားနေတာပါပဲ။

ကျုပ် တိုးမောင်ရဲ့တင်ပါး လက်နဲ့ ရိုက်ပြီး-

“ဟဲ့ကောင်- တိုးမောင်၊ ဘာဖြစ်နေတာလဲ”

လို့မေးတော့လည်း ကျွဲတိုးမောင်ဟာ ကောင်းကင်ကို မျက်တောင်မခတ် နှာခေါင်းကြီးလှန်ပြီး မော့ကြည့်မြဲ ကြည့်နေလိုက်တာ ကျောက်ရုပ်ကြီးတစ်ရုပ်ချထားသလားလို့ အောက်မေ့ရလောက်အောင် ငြိမ်သက်နေတာဗျ။

ဒါဆို သေချာသွားပြီ။ ဟိုကောင်ဖိုးတေဆိုတဲ့ ကျွတ် ကိုင်ထားတာနေမှာဆိုပြီး ကျွဲကြီးလှုပ်အောင် ဘယ်လိုလုပ်ပေမယ့် မရပါဘူး။ ကျွတ်ဆိုတာ ကျွဲကို သေသည်အထိ အချို့ကျွတ်တွေ လုပ်တတ်ကြောင်းသိထားတဲ့ ကျုပ်ဟာ တိုးမောင် သေသွားမှာကိုတော့ လုံးဝ မလိုလားဘူးလေ။ ဒီတော့ ကျုပ် တိုးမောင် ကျွတ်ကိုင်ခြင်းက လွတ်မြောက်အောင် ထုံးစံအတိုင်း ကျွတ်စာကျွေးဖို့ ကတိပြုရပါတယ်။

“ကဲ- ဖိုးတေရေ့ မင်းကိုငါ ကြက်ဖို-ကြက်မအစုံနဲ့ ကျွတ်စာလာကျွေးပါ့မယ်ကွာ။ ငါ အခုပြန်ပြီးစီစဉ်မယ်။ မင်း ငါ့ကျွဲတွေကြည့်ကျောင်းထားပေးပါကွာ။ တိုးမောင်လည်း အစာစားပါစေကွာ။ မနက်ဖိုင်း ခိုင်းစရာရှိတယ်ကွ”

လို့ ပြောပြီး အိမ်ကို ဒုန်းပြန်ကာ ကျွတ်စာကျွေးတတ်တဲ့ ဦးဖိုးဦးကိုခေါ်ပြီး ကြက်ဖို၊ ကြက်မရှာကာ စီစဉ်ရပါတယ်။ ကာလသားချက် ခပ်သွက်သွက်ချက်ပြီး ဦးဖိုးဦးနဲ့ ကျွတ်စာလာကျွေးရပါတယ်။

အဲဒီမှာ ကျွတ်ဖိုးတေကို သူငယ်ချင်းပြော လုံးဝမပြောရပါဘူး။ ကျုပ်တို့ ကျွတ်စာကျွေးဖို့ရောက်တော့ တိုးမောင်က မြက်စားနေပါပြီ။ ကျုပ်ပြန်သွားကတည်းက လွှတ်ပေးလိုက်ဟန်ရှိပါတယ်။ တကယ်တော့ ကျုပ်ကို ကျွတ်သမ္မာပြလိုက်ခြင်းပါပဲ။ ငါ့ကို ဘာမှတ်လဲ။ ငါလုပ်နိုင်တယ်၊ လုပ်လို့ရတယ်ဆိုတာ မျက်မြင်လက်တွေ့ပြလိုက်ခြင်းပါပဲ။ အေးဗျာ-ဘဝချင်းမှ မတူတော့တာ။ သွေးလည်း မတူတော့ သွေးကွဲသွားပြီလေ။ လူတွေတုန်းကလို ပခုံးဖက်နေလို့ရတော့တဲ့ဘဝတွေမှ မဟုတ်တာ။ ဟုတ်ဘူးလားဗျာ။ ဒီတော့ သူ့အစွမ်းအစလေးကိုလည်း ပြချင်ရှာမှာပေါ့။ အပြစ်တော့ မဟုတ်ပါဘူး။ ကျုပ် နားလည် ခွင့်လွှတ်ပါတယ်ဗျာ။ မေတ္တာမပျက်ပါဘူး။

ဖိုးပျင်းထုံရဲ့သဗ္ဗေတ

ဖိုးပျင်းထုံပျင်းပုံမျိုးကာချဲ့ရရင် ဖွဲ့လို့ကုန်နိုင်မယ် မထင်ဘူးဗျ။ အဝတ်ဆိုရင် ကြေးညှော်အထပ်ထပ်နဲ့ ညစ်ပတ်နေလိုက်တာ။ ဝတ်ပြီဆိုကတည်းက မချွတ်တော့ဘူး။ စုတ်မှပြတ်မှ ဝတ်မဖြစ်တော့မှ ချွတ်တော့တာ။ ကြာကြာတစ်ခါ ဆပ်ပြာမတိုက်ဘာမတိုက်နဲ့ ရေတော့ချိုးပါရဲ့။ သူချိုးတာက ခြေးနူးသလို ဖြစ်နေတာ။ သူက ကြေးညှော်ကင်းစင်ဖို့ချိုးတာမဟုတ်ဘူး။ နွေရာသီ ပူလွန်းလို့ အပူသက်သာအောင် ချိုးတာ။ တောထဲလယ်ထဲမှာ တစ်ယောက်တည်း လာနေတော့ ပိုတောင်ဆိုးလာသေးတယ်။ ပျင်းချင်တိုင်းပျင်းပေါ့လေ။

အိမ်မှာတုန်းကတော့ သူ့ရဲ့ညီမ မယ်ရင်နဲ့ မယ်တင်တို့ အတင်းအကြပ် တိုက်တွန်းလွန်းလို့ နားပူသက်သာအောင် နေတာ။ တောထဲ တစ်ယောက်တည်းနေရတဲ့အခါမှာတော့ ဖိုးပျင်းထုံဟာ စိတ်ရှိ လက်ရှိ အသားကုန်ပျင်းခွင့်ရသွားတယ်။ ဘွတ်လပ်စွာ ပျင်းခွင့်ရသွားတယ်ဆိုရင် မှားပါဘူး။ ဘယ်ဘဝ ဘယ်ပါရမီကြောင့် ခုလောက်ပျင်းမှန်းမသိပါဘူး။

"ဖိုးပျင်းထုံ ဘာဟင်းချက်လဲ"

လို့ တစ်ခါတစ်ရံ မေးကြည့်တဲ့အခါ-

"သဗ္ဗေတုပေါ့ဗျာ"

လို့ ပြန်ဖြေလေ့ရှိတယ်။

ဒါနဲ့ သဗ္ဗေတုဟင်းဆိုတာ ဘာနေပါလိမ့်ပေါ့။ ကြားမှမကြားဘူးတာ။ အဲဒါကြောင့် သူ့သဗ္ဗေတုဆိုတာ ဘာပါလိမ့် ဆိုပြီး မီးဖိုထဲဝင်ပြီး အိုးတွေလှန်ကြည့်တော့ ဘယ်အိုးမှာမှ ဟင်းမရှိတာနဲ့ ထမင်းအိုးကို လှန်ကြည့်လိုက်တော့ သဗ္ဗေတု ဆိုတာကို သဘောပေါက်သွားခဲ့ပါတယ်။

သူ့ရဲ့သဗ္ဗေတုက ထမင်းအိုးထဲကို ဆန်ထည့်၊ ရေထည့်ပြီးရင် ဟင်းချက်ရာတွေ့ပါ အကုန်လုံးစည့်ပြီး ဝက်စာကျိုသလို ကျိုချက်ထားတာကိုးဗျ။ ဒါနဲ့ ကျုပ်က မေးကြည့်မိတယ်။

"ဟေ့ကောင် ပျင်းထုံ၊ မင်းဟာက ထမင်းရော ဟင်းရော ဝက်စာကျိုသလို ရောကျိုထားတော့ ဘယ်ကလာ စားလို့ကောင်းမှာလဲကွာ။ မင်းရဲ့ သဗ္ဗေတုက လူစာနဲ့မတူဘဲ ဝက်စာနဲ့တူနေတာဟ"

"အိုဗျာ. . . လေးဆိုးပေကလည်း၊ လူတွေ ထမင်းတွေဟင်းတွေ အလီလီ အလာလာ ချက်ပြုတ်ကြရတာ ဘယ်လောက်ပင်ပန်းလဲ"

"ဩော် - ဒါတော့ စားကောင်းအောင် လုပ်ကြရတာပေါ့ဟ"

"ကဲဗျာ- ထမင်းနဲ့ဟင်းတွေစားပြီးပါပြီတဲ့။ အဲဒီထမင်းဟင်းတွေဟာ ဗိုက်ထဲမှာ အပြင်မှာလို သီးသန့်နေကြတာ မဟုတ်ဘူး။ အကုန်လုံးရောကုန်တာ"

"ဒါက ထုံးစံလေ"

"ကျုပ်ကတော့ အထဲမှာရောကုန်မယ့်အတူတူ အပြင်မှာကတည်းက အကုန်ရောထားလိုက်တာအေးရောမဟုတ်လား။ အလုပ်ရှုပ်ခံပြီး အလီလီအလာလာ ချက်မနေနိုင်ပါဘူးဗျာ။ မီးက ပူကပူသနဲ့ တယ်ပြီးမချောင်ဘူး။ အဲဒီတော့ ထမင်းအိုးတစ်လုံးတည်လိုက်တာနဲ့ ဟင်းရော ထမင်းရော ကျက်ပြီးသားနည်းကိုတီထွင်ထားတာဗျ။ အိမ်ကလာပို့တဲ့ဝက်သားနဲ့ ငေါ်ဖီထုပ်၊ ငေါ်ဖီပန်း၊ ခရမ်းချဉ်သီး၊ ကြက်သွန် အကုန်လှီးထည့်ပြီး ဆီ၊ ဆားပါထည့်လိုက်တော့ ပြီးရော မဟုတ်လား။ သဗ္ဗေတု ဆိုတာ အားလုံး ထည့်ချက်တာကိုပြောတာ။ ဘယ်လောက်သက်သာလဲ။ ဟင်းအိုး၊ ဟင်းပန်းကန် ဆေးစရာ မလိုတော့ဘူး။ လူတွေက ဒီနည်းကိုမသိကြဘူး။ အလုပ်ရှုပ်ခံကြတာ"

"အေးကွာ-မင်းရဲ့သဗ္ဗေတုထမင်းဟင်းကတော့ စံပြုပါပဲ။ တို့ပြန်ကပြေးမှာရော တို့တိုင်းပြည်မှာပါ မင်းရဲ့သဗ္ဗေတုထမင်းဟင်းချက်နည်းကို သိကြဦးမယ် မထင်ဘူး။ သဗ္ဗေတုစားဖွယ် ဆိုပြီး ဆိုင်ဖွင့်ရင် မင်းတော့ သူဌေးကြီးတောင်ဖြစ်သွားနိုင်တယ်ကွ။ မင်းအတော့်ဦးနှောက်ပြေးတဲ့အကောင်ပဲကွာ"

လို့ပြောတော့ ဖိုးပျင်းထုံ တဟဲဟဲရယ်နေတော့တယ်ဗျ။

သူ့အဖေဖိုးတေ သွက်သလောက် သူကျမှပဲ တကယ့်အံ့ဖွယ် ပျင်းထုံထုံကောင် လာမွေးရတယ်လို့ဗျာ။ ဘယ်လိုအကျိုးပေးရယ် မသိတော့ပါဘူး။

ဒီကောင့်အရွယ်ဟာ လူပျိုကြီးဖြစ်နေပါပြီ။ သူကလည်း မိန်းကလေးတွေကို-စိတ်မဝင်စားသလို သူ့ကိုလည်း စိတ်ဝင်စားတဲ့မိန်းကလေးရှိတယ်မကြားမိပါဘူး။ သူ့ရဲ့အပျင်းသတင်းကအတော်ကြီးတော့ကာ ဘယ်မိန်းကလေးမှလည်း စိတ်ဝင်စားမယ်မထင်ပါဘူး။

သူ့ရဲ့သဗ္ဗေတုကိုမြင်ခဲ့ရတော့ လူဆိုတာ အထူးအဆန်းတွေ့ရင် ပြောပြချင်ကြတာလေ။ အဲဒီတော့ ကျုပ်လည်း ရေငုံမနေနိုင်ဘဲ သူ့မိသားစုဆီသွားပြောပြတယ်။ နောက် ကြုံရာဆုံရာမှာပြောပြမိတာပေါ့ဗျာ။

အဲဒီမှာ သူ့မိသားစုက သူ့ဆီ ဝက်သား၊ အမဲသား စတဲ့ အသားတွေ အစိမ်းမပို့တော့ဘဲ ကောင်းကောင်းစားစေချင်လို့ ဈေးနေ့ဆို ချက်ပြီးမှ သွားပို့တယ်။

သူ့ညီမတွေက-

"အစ်ကိုကြီး၊ ဟောဒီဝက်သားနှပ်က နှစ်ရက်စာနော်။ ဆီပြန်ချက်ထားတာ မသိုးဘူး၊ ထားလို့ရတယ်"

လို့ ဆိုပြီး ကုန်ခြောက်ဖြစ်တဲ့ ငါးခြောက်၊ အာလူး၊ ကြက်သွန် စတာတွေ တစ်ဈေးစာ (၅ ရက်စာ) လာပို့သွားတယ်။ အဲဒီမှာ ဖိုးပျင်းထုံ ဘာလုပ်တယ်ထင်လဲ။ ဖိုးပျင်းထုံဟာ ထမင်းချက်မနေတော့ဘဲ ဟင်းတွေချည်း ထိုင်စားပစ်လိုက်တယ်။ ဟင်းချက်စရာမရှိတဲ့နေ့ဆိုလည်း မပူဘူး။ ထမင်းချည်းချက်ပြီးထိုင်စားလေ့ရှိတယ်။ လူကသာ ရေမချိုးလို့ ကြေးထူတာ။ စိတ်ကတော့ လုံးဝကြေးမထူတဲ့အကောင်ပါပဲဗျာ။ တကယ့် ရှားရှားပါးပါးအကောင်ပါ။

ထမင်းထုပ်ပူပူနွေးနွေး

ဖိုးပျင်းထုံ အပျင်းရောဂါထတဲ့နေ့ဆိုရင်တော့ အိပ်ရာထဲခွေပြီး အိပ်နေတော့တာပဲ။ နွားတွေကိုတော့ စားကျက်ထဲ အတောင် (၅၀) ရှည်တဲ့ကြိုးတွေနဲ့ လှီထားပြီး လူက အိပ်ရာထဲ ဝင်ခွေနေလေ့ရှိတယ်။ ဘယ်လောက်ပျင်းလဲဆိုရင် ထမင်းတောင် သဗ္ဗေတုဟင်းနဲ့ထမချက်တော့ဘဲ ရေသောက်ဗိုက်မှောက်ပြီးအိပ်တော့တာ။ အိပ်ပျော်နေရင် ဆာတယ်ဆိုတာမရှိဘူးလေ။ ဒီတော့ အိပ်နိုင်တာပေါ့။

အဲဒီလို ထမင်းမချက်ဘဲ အိပ်နေတာကို ဖခင်ဖြစ်သူ ကျွတ်ဖိုးတေက မြင်ရက်ဟန်မတူဘူးဗျ။

အိပ်ပျော်နေတဲ့ သားဖိုးပျင်းထုံကို အိပ်မက်ပေးတယ်။

'ငါ့သား၊ မင်း အပျင်းထူတာက ထမင်းအငတ်ခံပြီးတောင် ပျင်းတာကိုး။ ထမင်းလေးတော့ စားဦးမှပေါ့ကွ။ ကဲ-ထထ၊ ငါတို့ လယ်တောအဆုံးရဲ့ကန်သင်းပေါ်မှာ ငါ မင်းအတွက် ထမင်းထုပ်ယူလာပေးတယ်။ သွားယူပြီး စားလိုက်ဦး။ ကဲကဲ- ထတော့'

လို့ နှိုးလေတော့ ဖိုးပျင်းထုံလည်း အိပ်ရာကနိုးလာတယ်။ နေက ချစ်ချစ်တောက်ပူနေပြီ။ နေ့လယ် မွန်းတည့်ချိန်တောင်ရောက်နေပြီလေ။ ဒီတော့ ဗိုက်က တဂွီဂွီ အော်သံပေးပြီး ဆာလောင်နေတဲ့အကြောင်း သတိပေးတာပေါ့။

'အဖေအိပ်မက်ပေးတာ တတယ်မှားလား မသိဘူး' ဆိုပြီး လယ်ကွက်အဆုံး ကန်သင်းတွေကိုပတ်လိုက်တော့ ကန်သင်းတစ်နေရာမှာ အင်ဖက်နဲ့ထုပ်ထားတဲ့ ထမင်းထုပ်ကြီး တွေ့ရတယ်။ ဝမ်းသာအားရ ကောက်ကိုင်လိုက်တော့ ပူပူနွေးနွေးကြီးပဲရှိနေသေးတာ။ ဒါနဲ့ ယူလာပြီး ထမင်းထုပ်ဖြေပြီး စားပါတယ်။ ဟင်းက ဟင်းသီးဟင်းရွက်ရောရာကြော်ထားတဲ့ဟင်းပါ။ ဆာကလည်းဆာတော့ကာ စားလို့ကလည်း ကောင်းသလား မမေးနဲ့။ ထမင်းတစ်ထုပ်လုံးကို ခေါင်းမဖော်စတမ်းစားပစ်လိုက်တယ်။ဒီထမင်းထုပ်ဖြစ်အောင် ကျွတ်ဖိုးတေက ဖန်ဆင်းတာလား၊ တစ်နေရာရာက ယူလာတာ

လားဆိုတာတွေ ဘာဘာညာညာ တွေး မနေပါဘူး။ သူက စားရဖို့ လိုရင်းလေ။ ဘာကိုမှအလေးထားတတ်တာမှမဟုတ်တာ။

နောက်နေ့ကျပြန်တော့လည်း ဒီလိုပဲ အိပ်မြဲအိပ်တာပဲ။ လုံးဝအိပ်မရလို့ မျက်စိကြောင်မှ ထမင်းထုပ်တွေ့လို့တွေ့ငြား လယ်ကန်သင်းစပ်ဘက်ကို ထွက်ခဲ့တယ်။ နေရာသာန့်ရော ဘာထမင်းထုပ်မှမတွေ့ဘူး။

အဲဒီတော့ ဖိုးပျင်းထုံ ဒေါသထွက်ပြီး အော်တယ်။

"အဖေရေ သား ဒီနေ့လည်း ထမင်းမချက်ချင်ဘူးဗျ။ အဲဒါ ထမင်းထုပ်ပို့ပေးဦး။ သား အတော်နေရင်လာယူမယ်"

လို့ အော်ပြောပြီး အိမ်ဆီပြန်လာပြီး ဆေးလိပ်ထိုင်ဖွာနေတယ်။ အတော်နေလို့သွားကြည့်တော့ တကယ်ပဲ ထမင်းထုပ် ပူပူနွေးနွေးကို တွေ့ရပြန်တာပါပဲ။ အဲဒီမှာ ငပျင်းက သိသွားပြီ။ သူ့အဖေ သူ့ကိုပစ်မထားဘူး ဆိုတာပါ။ အဲဒီမှာ ငပျင်းက 'တော်ပြီ၊ ဒီကရှေ့ ငါ ထမင်းမချက်တော့ဘူး။ အဖေ့ဆီမှာ စားမယ်' လို့ ဆုံးဖြတ်ချက်ချလိုက်တော့တာပါ။

သားနဲ့အဖေ ဘစချင်းမတူတော့ တာတောင် ကျုပ်သူငယ်ချင်းဖိုးတေဟာ သူ့သားကို စောင့်ရှောက်နေတာ အလွန်အံ့သြဖို့ကောင်းတာပါ။ ဒါမျိုးက ရှားရှားပါးပါးပါပဲ။ ပြောရင် ယုံချင်စရာမရှိဘူး။ ကျုပ်နဲ့ သားချင်းလို အတူတူနေလို့ ဒါတွေသိနေတာ။

အဲဗျာ - အဲဒီနေ့ညမှာပဲ ကျုတ်ဖိုးတေက သူ့သားကို အိပ်မက်ပေးသတဲ့ဗျ။

'ဟေ့ကောင် ပျင်းထုံ၊ မင်း ထမင်းငတ်မှာ မမြင်ရက်လို့ ငါက သနားလို့ ထမင်းထုပ်ပေးတာ။ မင်းက ထမင်းတောင်မချက်ချင်အောင်ပျင်းလာပြီး ငါ့ကိုအားကိုးတယ်ပေါ့ ဟုတ်လား။ တော်ပြီ၊ လုံးဝ မမျှော်လင့်နဲ့တော့။ မင်းမှာ ချက်ဖို့ ဆန်၊ ဆီ၊ ဆား ဟင်းချက်စရာအကုန်ရှိတယ်။ ကိုယ့်ဟာကိုယ်ချက်စား။ ငါ့ကိုအားကိုးပြီးတော့ ပျင်းမယ်မကြံနဲ့။ ပျင်းရင် မင်းငတ်မှာပဲ။ အငတ်ခံနိုင်ရင်တော့ ပျင်းပေါ့ကွာ'

လို့ ပြောတယ်ဆိုပဲ။

ဖိုးပျင်းထုံကလည်း ဘာအညံ့ခံမလဲ။

"အဖေရေ ကျုပ် ထမင်းမချက်ချင်ဘူး။ အဲဒါ ထမင်းထုပ်သာပို့ပေးပါ"

လို့ အော်ပြန်တယ်။ အော်ပြီး လိုက်ရှာတော့ ဘာထမင်းထုပ်မှမတွေ့ဘူး။ ဒီတော့ ပျင်းပျင်းနဲ့ သဖွေတုထမင်းဟင်းချက်ရပြန်တာပါပဲ။

အေး- ဒါပေမယ့် တစ်ခုတော့ရှိတယ်။ သူ့သားငပျင်း လယ်ထွန်ယက်ချိန်တွေဘာတွေမှာ၊ စပါးရိတ်သိမ်းချိန်တွေမှာ အလုပ်မအားလို့ မချက်ဖြစ်ရင်တော့ ထမင်းထုပ်ထားပေးလေ့ရှိတယ်။ ငပျင်းကလည်း သိတယ်။ သူ့အလုပ်လုပ်ရချိန် မအားလို့မချက်ဖြစ်ရင် သူ့အတွက်ထားပေးမယ် ဆိုတာ သိပြီးသား။ ဒါဆို ငပျင်းက 'ကန်သင်းတစ်ပတ်ပတ်လိုက်တာပဲ။ အဲဗျာ- အင်ဖက်နဲ့ တစ်ယောက်စာ ဝဝလင်လင် စားလို့ရနိုင်တဲ့ ထမင်းထုပ်တစ်ထုပ်ပါလာတာ ကျုပ်က မျက်မြင်ကိုယ်တွေ့မို့သာ ယုံရတာ။ သူများပြောရင် ယုံနိုင်မယ်တောင် မထင်ဘူး။ ဒါက သားအပေါ် ထားတဲ့ ကျုတ်ဖိုးတေရဲ့သံယောဇဉ်ပေါ့ဗျာ။

ရေတွင်းထဲမှာ

ဖိုးတေတို့၊ ဖိုးပျင်းထုံတို့ကသာ ကြံမစိုက်တာ။ သူတို့ရဲ့ ခပ်လှမ်းလှမ်းမှာ ကြံခင်းတွေ ရှိတယ်။ ကြံက စပါးထက်ပိုကိုက်တာသိပေမယ့် ဖိုးတေက မိဘလက်ငုတ်လယ်တွေမှာ စပါးပဲစိုက်တာ။ လယ်ကောင်းမြေကောင်းတွေ ဆိုတော့ စပါးက နှစ်စဉ် ထွက်အားကောင်းတယ်။ ဒီတော့ ကြံကို ဖိုးတေတို့က မခုံမင်ဘူး။ ဖိုးပျင်းထုံလက်ထက်မှာလည်း မိဘလက်ငုတ် စပါးပဲ စိုက်မြဲစိုက်တာ။

တစ်နေ့မှာ မိန်းမအုပ်စုတစ်စု ကြံခုတ်နားချိန်မှာ အရိပ်ကောင်းတဲ့ ဖိုးပျင်းထုံတို့ရဲ့သရက်ဥယျာဉ်ထဲ ထမင်းစားဖို့ ချိုင့်ကိုယ်စီနဲ့လာကြတယ်။ ကျုပ်လည်း အရိပ်ကောင်းကောင်းမှာထိုင်ပြီး ကျွဲတွေကိုကြည့်နေရတယ်။ ဖိုးပျင်းထုံကတော့ ထုံးစံအတိုင်း အိပ်နေတာနေမှာပါ။ နွေဦးပေါက်ရာသီဆိုတော့ အတော်ပူပြီကိုး။ ဒီတော့ အရိပ်ကောင်းကောင်းကို ခိုချင်ကြတာ လူတိုင်းရဲ့ဓမ္မတာပါ။

မိန်းမအုပ်စုဟာ လက်ဆေးဖို့ ရေတွင်းဆီကို ဦးတည်ကြတယ်။ ရေပုံးက အသင့်ရှိနေပါတယ်။ ဒီဝန်းကျင်က ရေထွက်အားကောင်းတော့ ရေတွင်းတွေက ဘာနက်မလဲ။ နက်လှ လေး၊ ငါးတောင်ပေါ့။ မိန်းမတွေ ရေတွင်းကိုငုံ့ကြည့်တယ် ဆိုရင်ပဲ တစ်ပြိုင်နက်-

"အောင်မလေးတော့်"

ဆိုပြီး အလန့်တကြား ရေတွင်းကနေ နောက်ဆုတ်ပြေးကုန်ကြတယ်။

ကျုပ်လည်း စီညံစီညံနဲ့ လန့်တဲ့အသံကြားတာကြောင့် သူတို့ဆီ ချက်ချင်းပြေးလာမိတယ်။ ဘာလဲ။ မြွေပွေးကြီးလား၊ မြွေဟောက်ကြီးလား၊ ငန်းမြွေကြီးလားပေါ့။ ဒါနဲ့ မေးမိတယ်။

"ဟေ့- ဘာဖြစ်ကြတာလဲ"

"ကိုဆိုးပေရေ ရေတွင်းထဲမှာ ကိုဖိုးတေကြီး ငုတ်တုတ်ကြီး ထိုင်နေတာတွေ့ရတယ်တော့်။ ကိုဖိုးတေမှ ကိုဖိုးတေအစစ်ပါ။ ကျွန်မတို့အားလုံးမြင်ကြရတာ"

"ဩော်- နင်တို့ကလည်း၊ ဖိုးတေက သေပြီးပြီလေ။ ဘယ်လိုလုပ် ရေတွင်းထဲဆင်းပြီး ငုတ်တုတ်ထိုင်နိုင်မှာလဲ"

"အဲဒါတော့ မသိဘူး။ ကျွန်မတို့အားလုံးမြင်ကြရတာ။ အပေါ်ကို တစ်ချက်မော့ကြည့်လို့သိရတာ။ ကိုဖိုးတေမှ ကိုဖိုးတေအစစ်ပါ။ မယုံရင် ကိုဆိုးပေသွားကြည့်"

ဆိုတော့ ကျုပ်သွားကြည့်တယ်။ ရေတွင်းထဲမှာ ရေကလွဲပြီး ဘာမှမရှိပါဘူး။ ရေက ကြည်လို့စိမ်းလို့။

"ဘာမှမရှိပါဘူးဟာ- နင်တို့ကလည်း။ အမြင်လွဲလို့နေမှာပါ"

"လွဲရအောင် တစ်ယောက်တည်းမြင်တာမဟုတ်ဘူး။ ကျွန်မတို့ ခြောက်ယောက်စလုံး မြင်ကြရတာ"

"နင်တို့ကလည်း ညံ့လိုက်တာဟာ။ ရေပုံးနဲ့ ဖိုးတေခေါင်းပေါ် တည့်တည့်ချိန်ပြီး ပစ်ချလိုက်ရင် ပြီးတာပဲ။ ဒါဆိုရင် ဒီကောင် အီစလန်ဝေသွားမှာ"

"အောင်မလေး- မလုပ်ရဲပါဘူးတော်။ ကဲဟေ့- သွားကြမယ်။ အခြားအရိပ်ရှိတဲ့နေရာတစ်နေရာရှာပြီးစားကြတာပေါ့"

ဆိုပြီး မိန်းမအုပ်စု ထွက်သွားကြတယ်။

ကျုပ် ထင်တယ်။ ကျုတ်ဖိုးတေဟာ ကျုပ်တို့ရွာထဲက ဒီမိန်းမတွေကို လူ့ဘဝကတည်းက မျက်မုန်းကျိုးနေဟန်ရှိတယ်။ ဒါကြောင့် ခြောက်လှန့်လိုက်ဟန်တူပါတယ်။ မြောက်ကြွကြွနဲ့ ကြည့်မရလို့လေ။

ကျွဲလူးအိုင်ထဲသို့

ကျွဲဆိုတာ အအေးကြိုက်သတ္တဝါပါ။ ဒီတော့ နေ့တိုင်း ညနေပြန်ချိန်နီးရင် ကျုပ်က ကျွဲတွေကို ရေချိုးလေ့ရှိတယ်။ အဲဒီသုံးတဲ့ရေတွေ စီးရာ အိုင်လေးမှာ နေ့လယ်နေ့ခင်း ကျွဲတွေက ဗွက်လူးလေ့ရှိတယ်။ ကျွဲလူးအိုင်ပေါ့ဗျာ။

ကျွဲတွေ ဗွက်လူးလိုက်တာနဲ့ ရွှံ့တွေ တစ်ကိုယ်လုံးပေလူးကုန်တော့ကာ သူတို့အပူသက်သာကြတာပေါ့လေ။အဲဒီအခါထဲ အိပ်လိုက်၊လူးလိုက်လုပ်တတ်ကြတာ ကျွဲတွေရဲ့ဓမ္မတာပါ။ အဲဒီ ရွှံ့ဗွက်နဲ့နဲ့ ရွှံ့ဗွက်အေးအေးလေးထဲ စိမ်နေရရင် ကျွဲတွေက ကျွဲစည်းစိမ်လို့ ခေါ်မလားသိဘူးပေါ့နော်။ စားမြုံ့ကလေးပြန်ပြီး မျက်တောင်ကိုစင်းနေတာဗျ။ အတော်မိန်ရှိပုံရတယ်။ ကျုပ်တို့လူတွေ အဲယားကွန်းအခန်းထဲဝင်နေရတဲ့စည်းစိမ်လိုနေမယ် ထင်ပါရဲ့။

ဒီနေ့တော့ ဗွက်လာမလူးကြသေးဘူး။ဝမ်းတန်းမှလာလူးကြတာများတယ်။ ဝမ်းတန်းတယ်ဆိုတာ စားလို့အသင့်အတင့်ဝသွားတာကို ပြောတာနော်။ ဝမ်းတန်းရင် ဗွက်လူး၊ ဗွက်လူးပြီးပြန်စားရင် ဝမ်းပြည့်တာနဲ့ နေဝင်ချိန်အတော်ပဲ။ ကျွဲတွေ ရေချိုးပေး၊ ကျွဲသွင်း။ ဒါ နေ့စဉ်ကျွဲကျောင်းဖြစ်တဲ့နေ့ လုပ်နေကျ လည်ပတ်မှုပဲဗျ။

ဘာရယ်မဟုတ်ပါဘူး။ ကျုပ်ဟာ အရိပ်လည်း ကောင်း၊ ထိုင်လို့လည်း ကောင်းမယ့် သရက်ပင်ကို ရှာကြည့်တော့ ကျွဲလူးအိုင်ဘေးက သရက်ပင်တွေ့တာနဲ့ သရက်ကိုင်းပေါ် တက်ထိုင်ပြီး ကျွဲတွေကိုကြည့်နေမိတယ်။

ကျုပ် ကျတ်ဖိုးတေအကြောင်းတွေတွေးနေမိတယ်ဗျ။ အင်း- ဖိုးတေကတော့ လယ်အစွဲ၊ ခြံအစွဲနဲ့ ပြိတ္တာနွယ်ဝင်ကျတ်ဖြစ်နေပြီ ဘာညာပေါ့ဗျာ။ နောက်တော့ ဘုန်းကြီးကျောင်းသားဘဝ ဆိုးခဲ့တာခဲ့၊ သူများကိုအနိုင်ကျင့်ခဲ့တာတွေ၊ တန်းကျောင်းသား ဖြစ်ပြန်တော့လည်း ကောင်မလေးတွေကို စခဲ့နောက်ခဲ့တာတွေ၊ လူပျိုဖြစ်ပြန်တော့လည်း နှစ်ယောက်ပေါင်းပြီး သောင်းကျန်းခဲ့တာတွေ စားမြုံ့ပြန်နေမိတယ်ဗျ။ အဲဒီလိုတွေးမိပြန်တော့လည်း ဟန်မဆောင်နိုင်ဘဲ တစ်ယောက်တည်း တဟဲဟဲရယ်နေမိပြန်တယ်။

အဲဒီလိုရယ်နေတုန်းမှာပဲ ကျုပ်ရဲ့ကျောပြင်ကို တအားတွန်းသလို ခံစားရလိုက်ပြီး သရက်ကိုင်းပေါ်က ခြေလွတ်လက်လွတ် ပြုတ်ကျသွားလိုက်တာ ရင်ထဲ အေးခနဲဖြစ်ပြီး ဗွမ်းဆိုမှ ကျွဲလူးအိုင်ထဲ ဖင်ထိုင်လျက်ကျသွားမှန်းသိရတယ်။

လူစင်စစ်က ကျွဲဖြစ်သွားသလားအောက်မေ့ရတယ်။ ကျုပ်တစ်ကိုယ်လုံးဗွက်တွေပေလူးကုန်ပါရောလား။ တော်သေးတယ်။ အောက်မှာ ကျွဲလူးအိုင် ရှိနေလို့ပေါ့။ နို့မို့ရင် ဒီအမြင့်ကနေကျရင် ကျိုးကြေသွားနိုင်တယ်။ ပြီးတော့ အကျလည်း တော်လို့ပေါ့လေ။

"ငတောက်- ဟော့ကောင် ဖိုးတေ၊ မင်းတော့ကွာ။ လူလူချင်းဆိုလို့ကတော့ နပန်းလုံးပစ်လိုက်တယ်။ မင်း အဲဒီလို မလုပ်သင့်ဘူးကွ။ မတော်လို့ အကျမတော်ရင် ဘယ်လိုလုပ်မလဲ။ တော်ပြီ ဟော့ကောင်၊ မင်းအကွက်ထဲ ငါကျွဲလာမကျောင်းတော့ဘူး။ မင်းမလာစေချင်ရင် မလာဘူး ဟော့ကောင်။ မင်းလည်း ကျတ်ဖိုးတေ၊ ငါလည်း လူဆိုးပေပါကွ"

လို့ အော်ဟစ်ပြီး ဆဲဆိုပစ်လိုက်တယ်။ဒေါသလည်း အရမ်းထွက်မိတယ်။ သူငယ်ချင်း အချင်းချင်း ကျီစယ်တာဆိုရင်တောင် ဒီလိုအမြင့်က တွန်းမချသင့်ဘူးလေ။ အကျမတော်ရင် ဘယ်လိုလုပ်မလဲ။ အဲဒီနေ့ကစပြီး ကျုပ် ကျတ်ဖိုးတေနဲ့ အဆက်ဖြတ်လိုက်တယ်။ သျှခြံဆီကို မသွားတော့ဘူး။ လေိုက်ချောင်းရိုးမှာပဲ ကျွဲကျောင်းဖြစ်တော့တယ်။ ဒါပေမယ့် ဖိုးတေကိုတော့ အမြဲသတိရတာ အမှန်ပါ။

ဘယ်ဝယ်ဘယ်ဆီ

နေပြည်တော်ကြီး တည်လိုက်တဲ့အခါမှာတော့ ကျတ်ဖိုးတေရဲ့အကွက်လည်း စီမံကိန်းထဲ ပါသွားတယ်။ ခုချိန်မှာတော့ ကျုပ်ရဲ့သူငယ်ချင်း ဘယ်ဆီရောက်လို့ ဘယ်ဆီပေါက်နေတယ်ဆိုတာတောင် မသိတော့ပါဘူး။

ဘဝချင်းမတူတော့ပေမယ့် ကျုပ်သူ့ကို အမြဲလိုသတိရနေတာပါ။ သူငယ်ချင်းဖိုးတေကိုသတိရသလို ကျောင်းနေဖက်သူငယ်ချင်းတွေကိုလည်း သတိရသဗျ။ သေတဲ့လူတွေလည်း သေကုန်ကြပါပြီ။ ရှိတဲ့လူတွေလည်း ရှိသေးရဲ့။

လူ့ဘဝ ဆိုတာ ခဏတာလေး ဆိုတာ ကျုပ် သဘောပေါက်ရတာက မနေ့တစ်နေ့ကမှ ကျောင်းကထွက်လာသလို ခံစားနေရတာဟာ လူ့ဘဝဟာ ခဏလေး ဆိုတဲ့ အဖြေပါပဲ။

အဲဒီ ခဏတာမှာ ကျုပ်နဲ့ ဖိုးတေ၊ နောက်တော့ ကျတ်ဖိုးတေပေါ့ဗျာ။ အတူတူနေရတာတွေဟာ မမေ့စရာပါဘဲ။ ကျုပ်တောင် ခြောက်ဆယ်ကျော်စပြုပြီလေ။ ဒါပေမယ့် နေရတာကြာတယ်လို့ မထင်ပါဘူး။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(မိုးကုတ်)

(ကိုနိုင်ထူးသို့ ကျေးဇူးတင်လျက်)

အဖု၊ အကျိတ်၊ အနာလုံး ပျောက်ကျေပြုန်း

နှတ်မောက်မင်းသန့်နိုင်

လူ၏ခန္ဓာကိုယ်အရေပြားပေါ်သို့ ဝမ်းတွင်းခန္ဓာအပိုင်းမှ အပူခိုး၊ အပုပ်ခိုး၊ ရောဂါအခိုးများစုဖွဲ့ပြီး အဖု၊ အကျိတ်၊ အနာလုံးအဖြစ် တိုးထွက်ပေါ်လာတတ်ပါသည်။ မကြောက်ပါနှင့်။ ထိုသို့အဖု အကျိတ် အနာလုံးထွက်လာခြင်းသည် ကောင်းပါသည်။ လူ့ခန္ဓာကျန်းမာရေးအတွက် လွန်စွာကောင်းလှပါသည်။

အဘယ့်ကြောင့်ဆိုသော်၊ ထိုသို့ခန္ဓာကိုယ်အရေပြားပေါ်သို့ ထိုးထွက်မလာဘဲ ဝမ်းတွင်းပိုင်းတွင်အဖုအကျိတ်အနာလုံးဖြစ်တည်နေပါက လွန်စွာမှ ကုသရခက်ခဲရပါမည်။ အပ်နှင့်ထွင်းမရဘဲ ပုဆိတ်ဖြင့် ထွင်းရမလိုဖြစ်ပါမည်။ သို့အတွက်ကြောင့် ခန္ဓာကိုယ်အရေပြားပေါ်သို့ အဖု၊ အကျိတ်၊ အနာလုံးထွက်ပေါ်လာခြင်းသည် တစ်နည်းအားဖြင့် ကောင်းသည်ဟုဆိုရခြင်းဖြစ်ပါသည်။

ရှင်းအဖု၊ အကျိတ်၊ အနာလုံးကို ကုသရန်အလွန်ပင်လွယ်ကူပါသည်။

ဩဇာစေ့သုံးလေးစေ့ကို ညက်စွာထောင်းပါ။ ထိုဩဇာစေ့အမှုန့် ထောင်းနှင့် ကွမ်းစားထုံးပျစ်ပျစ်နယ်ပြီး အဖုအကျိတ် အနာလုံးပေါ် ထူထူလိမ်းပေးထားပါ။ တစ်နေ့သုံးကြိမ်လိမ်းပေးပါ။ သုံးရက်လိမ်းလျှင် အဖု၊ အကျိတ်၊ အနာလုံးသည် ပျက်ကြေပြုန်း ပျောက်ကင်းသွားပါမည်။

အဖု၊ အကျိတ်၊ အနာလုံးဖြစ်ပေါ်နေစဉ်အတွင်း ညှော်နံ့ဆိုးများရှောင်ပါ။ မရှူမိပါစေနှင့်။ အနာပြန်ဝင်သွားတတ်ပြီးထိခိုက်တတ်ပါသည်။ ညှော်နံ့များ သတ်နိုင်သည့်ရှိန်းခို တစ်မတ်သားကို ငရုတ်ကောင်းစေ့ ကိုးစေ့နှင့်ရောထောင်းပြီး သုံးခါခွဲစားပေးပါ။ လက်တွေ့မြန်မာ့ရိုးရာ အဖု၊ အကျိတ်၊ အနာလုံးတုထုံးအစစ်ဖြစ်၍ရေးသားတင်ပြအပ်ပါသည်။

နှတ်မောက်မင်းသန့်နိုင်

ကျွန်တော်တွေ့ကြုံရသောခိုးမှုများ

(ရေးမြို) သန်းလွင်

ယခင် ပြစ်မှုဆိုင်ရာဥပဒေ၊ ယခု ရာဇသတ်ကြီးဥပဒေ ၃၇၉ မှ ၃၈၂ ထိ သည် ခိုးမှုများ ဖြစ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၃၇၉ ခိုးမှုသည် အဆောက်အအုံပြင်ပခိုးမှု ဖြစ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၃၈၀ သည် အဆောက်အအုံအတွင်း၊ ရေယာဉ်အတွင်း ခိုးမှု ဖြစ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၃၈၁ သည် စေခိုင်းသူ အလုပ်ရှင်၏ပစ္စည်းကို စာရေးအစေခံ ခိုးယူခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂ မှာ သေစေရန် နာကျင်စေရန် ပြင်ဆင်ပြီးမှ ကျူးလွန်သည့်ခိုးမှု ဖြစ်ပါသည်။ ဗုဒ္ဓဟောကြား မြတ်တရားတွင် အဒိန္နဒါနကံအင်္ဂါငါးမျိုးနှင့်ပြည့်စုံမှ ကံထိုက်ပါသည်။

၁။ သူတစ်ပါးပိုင်ပစ္စည်းဖြစ်ခြင်း၊
၂။ သူတစ်ပါးပိုင်ပစ္စည်းဟုသိခြင်း၊
၃။ ခိုးယူလိုစိတ်ရှိခြင်း၊
၄။ ခိုးယူရန် အားထုတ်ခြင်း၊
၅။ ခိုးယူခြင်းတို့ပါပဲ။

သို့သော် ပိုင်ရှင်က ‘အာလယ’ ပြတ်စွန့်လွှတ်ထားသော ပိုင်ရှင်မဲ့ပစ္စည်းကို ခိုးမှုကံမမြောက်ပါဟု လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ခန့် ဗုဒ္ဓဟောကြားတရားတွင်ပါဝင်ပါသည်။

ပုဂံခေတ် သူခိုးပပျောက်ရေးစီမံချက်ကို ၁၂၃၅ မှ ၁၂၄၉ အထိ ပုဂံကို အုပ်ချုပ်သော တြိဘဝနာဒိတျပဝရပဏ္ဍိတ်မဓမ္မာရာဇာဘွဲ့ခံ ကျစွာမင်းကြီးသည် ပုဂံခေတ်အခေါ် အဝေါ် အရ အမှုနွန်စာဟုခေါ်သည့် ရာဇဝတ်မှုဖြတ်ထုံးစီရင်ချက်ဟုအဓိပ္ပာယ်ရသည့် သူခိုးပပျောက်ရေးစီမံချက်ပင်ဖြစ်ပါသည်။ ကျောက်စာကို သက္ကရာဇ် ၆၁၁ ခု၊ ကဆုန်လဆန်း (၉) ရက်၊ ကြာသပတေးနေ့တွင် အပြီးရေးထိုးခဲ့သည်။ ကျောက်စာတွင် ခိုးမှုနှင့်မိသောသူတို့အား ပြစ်ဒဏ်ပေးပုံ၊ ကြီးပွားရာကြီးပွားကြောင်း လုပ်ကိုင် စားသောက်နည်း၊ ကျောက်စာသိုပုံမှအစ ဖတ်ရန်၊ နာကြားရန်တို့ကိုပါ အသေးစိတ် ဖော်ပြထားပေသည်။

သူခိုးပပျောက်ရေးနှင့် ပြစ်ဒဏ်ကြေညာချက်တို့ကို သက္ကရာဇ် ၆၁၁ ခု၊ ပြိဿသိုက်နှစ်၊ ကဆုန်လဆန်း (၉)ရက် ကြာသပတေးနေ့ မာဃနက္ခတ် သေထုံလဂ် (၅) နာရီတွင် ရေးထိုးပြီးသည်။ ခိုးသောသူတို့သည် ချမ်းသာလိမ့်နိုးနှင့် ခိုးကြသည်။ ထိုသူတို့သည် ချမ်းသာမှုဆိုသည့်အိမ်သူ သူရှာ၊ သူမယား၊ သူသား သူ့ခစ္စာတို့ကို ပျက်စီးအောင် အနိုင်အထက်ပြုသောချမ်းသာခြင်းဖြစ်၍ ဤသို့ပြု၍ ချမ်းသာခြင်းကိုရောက်ပါသလော၊ အပျက်အစီးကိုရပါသလော။ သင်တို့ကြံစည်စဉ်းစားကြကုန်လော့ဟု ကျောက်စာတွင် ရေးထိုးထားပါသည်။

ကျွန်တော်ကြုံခဲ့ရသောခိုးမှုများ

အဝတ်အထည်များခိုးတတ်သောသူခိုးများနှင့် ရွှေထည်ပစ္စည်းများသာ သီးသန့်ခိုးတတ်သောသူခိုးများဟူ၍ နှစ်မျိုးရှိပေသည်။ ယခုခေတ်တွင် ငွေရလွယ်

သော ဖုန်းခိုးသောသူခိုးများ၊ ဆိုင်ကယ်ခိုးသည့်သူခိုးများ ပေါ်ပေါက်လာခဲ့၏။ ဆိုင်ကယ်ခိုးသည့် သူခိုးများသည် ဆိုင်ကယ်ကို စနစ်တကျခိုးတတ်ကြပေသည်။ ယခင်သူခိုးများအား နယ်ထိန်းဒိုင်ယာရီတွင် ပြစ်ချက်ဟောင်းမှတ်တမ်း၌ တွေ့ရသော်လည်း ယခုသူခိုးများသည် စီးပွားရေးကြောင့် ကြုံရင်ကြုံသလို၊ လစ်ရင်လစ်သလိုခိုးယူနေကြပါသည်။ ရွှက်ပုန်းသီးသူခိုးများဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်များ ခိုးမှုဖော်ထုတ်ရာတွင် ခက်ခဲနေကြပါသည်။ ထို့ပြင် မြန်မာလူမျိုးတို့၏ မှုခင်းအသိနှင့် မှုခင်းသတိနည်းပါးမှုများလည်းပါဝင်နေပါသည်။ 'မြန်မာလူမျိုးတို့သည် ငယ်စဉ်ကတည်းက ရုံးကနားဝေးလို့ ဆယ်အိမ်ခေါင်းအိမ်တောင်မရောက်ဘူးသည်ကို ဂုဏ်ယူနေတတ်ကြပါသည်' ဤစကားသည် မှုခင်းဖော်ထုတ်သူများ အခက်အခဲတွေ့စေသောစကားများ ဖြစ်ပါသည်။

လူ့လောက၌ သစ်ပင်ကွယ်လျှင် မမြင်ရပေ။ လူကွယ်လျှင် လူကိုဖယ်ရှားလိုက်ပါက မြင်နိုင်ပေသည်။ ငါနှင့်မဆိုင်၊ ငါနှင့်မပတ်သက်၊ ငါမသိဘူး။ 'ဘူးတစ်လုံးဆောင်၊ အိုတောင်မဆင်းရဲ' ဆိုသည့်စကားကို လက်သုံးထားနေကြ၍ ဤသည်ကား မှုခင်းဖော်ထုတ်သူများ တွေ့ကြုံရသောအခက်အခဲများဖြစ်ပေသည်။

ယခုအခါ မှုခင်းဖော်ထုတ်မှုတွင် လက်ဗွေနမူနာ၊ ခြေဗွေနမူနာ၊ DNA ရသူမှုများ၊သိပ္ပံနည်းကျကျဖော်ထုတ်မှုများ ပေါ်ပေါက်နေပါသည်။ သို့ပါ၍ အမှုဖြစ်ပွားလာပြီဆိုလျှင် အမှုအား မှန်မှန်နှင့်မြန်မြန် ပေါ်ပေါက်ဖို့ရန် အဓိကတာဝန်သည် ရဲတစ်ဖွဲ့၏တာဝန်ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုကိုကာကွယ်စောင့်ရှောက်နေရသောသူများဖြစ်သည်။ ထို့ပြင် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းအဝဝကိုဆောင်ရွက်ကြရာတွင်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီသာဆောင်ရွက်ကြရသည်။ပြည်သူလူထုအကျိုးကို ကာကွယ် စောင့်ရှောက်ခြင်းနှင့် ပြစ်မှုတားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း မပြုပါကမည်မျှပင် စေတနာမှန်ကန်နေစေကာမူ ထိုရဲတပ်ဖွဲ့ဝင်တို့သည် လုပ်ရင်းကိုင်ရင်းနှင့် တရားခံဘဝသို့ရောက်သွားတတ်ပေသည်။

ခိုးမှုဖြစ်ပွားရာတွင်လည်း အိမ်ရှင်ပစ္စည်းပိုင်ရှင်ပေါ့ဆမှုသည် (၅၀) ရာခိုင်နှုန်းပါပါသည်။ ဒီကြားထဲက ပစ္စည်းပိုင်ရှင်များသည် ဥစ္စာပျောက် ငရဲရောက်ဆိုသည့်အတိုင်း ရဲတပ်ဖွဲ့မှ စုံစမ်းဆောင်ရွက်နေစဉ် ဗေဒင်၊ နတ်များမေး၍ မလုစုန်းနိုး၊ မရှိခိုးနိုး အတွေးအခေါ်များကို ထင်မြင်တတ်ကြပေသည်။အမှုမပေါ်ခင် တောင်ထင်မြောက်ထင် ထင်တတ်သလိုလကြာသောအခါ အမှုစစ်ကို အကူအညီမပေးသည့်အပြင် အမှုမပေါ်ပါက တိုင်မည်တန်းမည် ခြိမ်းခြောက်နေတတ်ကြပါသည်။ အမှုပေါ်လျှင်လည်း ပျောက်ဆုံးပစ္စည်းအားလုံး တစ်ခုမကျန်ပြန်ရစေချင်ပါသည်။အမှန်တကယ်ပျောက်သည်မှာ အိမ်ရှင်၏ပေါ့လျော့မှု အဓိကကျပါသည်။ အဓိကကျသော်လည်း မှုခင်းဖော်ထုတ်ရမည့်တာဝန်မှာ ရဲတပ်ဖွဲ့ဝင်တို့၏တာဝန် ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်တိုင်းတွင် မျက်စိမရှိပါ။ ကွင်းဆက်ဖော်ထုတ်မှု၊ ပြစ်ချက်ဟောင်းရှာဖွေမှု၊ ပစ္စည်းပျောက်ပုံသဏ္ဍာန်၊ ပစ္စည်းပျောက်ကြော်ငြာပေးပို့မှုမှ အခြားရဲစခန်းများ ဖမ်းဆီးရမိသည့်အခါ ပစ္စည်းများ စစ်ဆေးပေါ်ပေါက်သည့်အတွက် ခရိုင်ရုံး၊ မြို့နယ်ရုံးများသို့ အကြောင်းကြားစဉ် လျှင်မြန်စွာပေါ်ပေါက်သောအမှုများလည်း ရှိတတ်ပါသည်။

ကျွန်တော်တွေ့ကြုံရသည့် သူခိုးများ သုံးတတ်သော ဂါထာများ

(၁) ခွေးမဟောင်ဂါထာ။

'ဉုံ သုနကော အာလု ဝေစရာဝေ'။

(၂) နွားမသားဝှက်ဂါထာ။

'ဉုံ ဂေါဏပုတ္တံ ဝနေ၊ ဘယံနတ္ထိ။

အထက်ပါဂါထာများသည် ကျွန်တော် တာဝန်ထမ်းဆောင်စဉ်က ဖမ်းမိသောသူခိုးများ တွေ့လျှင် 'မင်းတို့ခိုးစဉ်အိမ်ရှင်မသိအောင်၊ မမြင်အောင်၊ ခွေးတွေမဟောင်အောင် ဘယ်လိုသွားသလဲ၊ ဘာဂါထာများရွတ်သလဲ' ဟုမေးမြန်းရာ အထက်ပါဂါထာများသည် သူခိုးများသုံးတတ်သောဂါထာများ ဖြစ်ပေသည်။ သို့သော် ၎င်းဂါထာများသည် ရွတ်နေရုံနှင့် အစွမ်းမထက်ပါ။အစီအမံများရှိပါသည်။ ထိုအစီအမံများကို စနစ်တကျ ရွတ်ဆိုဆောင်ရွက်မှသာ အောင်မြင်အောင် စွမ်းဆောင်နိုင်ပါမည်။ ဂါထာကို ရေးသားဖော်ပြသော်လည်း အစီအမံများကို ရေးသားဖော်ပြခြင်း မပြုပါ။ မသမာသူများ၊ ဒုစရိုက်သမားများလက်ထဲရောက်မည်စိုးရိမ်၍ ဖြစ်ပါသည်။

ကျွန်တော်တွေ့ကြုံရသော နွားမသားဝှက်ဂါထာ

ကျွန်တော်သည် ငယ်စဉ်က အဘိုးအဘွားတို့နေထိုင်ရာတောမြို့သို့အလည်သွားရောက် နေထိုင်ပြီး နံနက်ပိုင်းတွင် အဘိုးအဘွားများခိုင်းသော နွားကျောင်းသောအလုပ်ကို လုပ်ကိုင်ခဲ့ပါသည်။

နွားများကို အုပ်စုလိုက်ကျောင်းရသည့်အတွက် သားပေါက်ကလေးများပါသော နွားမများ အများဆုံး ပါတတ်ပါသည်။ ကျွန်တော်တို့သည် နွားများကို မြက်နုများပေါသော စားကျက်များတွင် လံထားသည်။ ကျွန်တော်တို့နွားကျောင်းသောညီအစ်ကိုအဖွဲ့များသည် နွားများကို မြက်ပေါသောနေရာတွင်လံပြီး သစ်ပင်ရိပ်ရှိသောအောက်တွင် နားနေကြပါသည်။

ညနေ (၄) နာရီခန့်အချိန် နွားများလံထားသည့်နေရာမှ နွားများကို အုပ်စုလိုက် ပြန်စုပြီး ပြန်ရန်ပြင်ဆင်နေသည့်အချိန်တွင် နွားသားပေါက်များမတွေ့ရ၍ ရှာနေစဉ် နွားမကြီးများရောက်လာပြီး နွားသားပေါက်များကို သူ၏အသံဖြင့် အော်ဟစ် အသံပေး ခေါ်လိုက်ရာ နွားသားပေါက်များသည် မထင်မှတ်သောနေရာမှ ရုတ်တရက် ပေါ်လာသည်ကို တွေ့ရသည်။ ဤဖြစ်ရပ်ကို ကျွန်တော် စဉ်းစားမိပါသည်။ နွားမကြီးများသည် မြက်စားနေစဉ် နွားသားပေါက်များမှ စားကျက်တွင် မြက်ကိုကောင်းကောင်းမစားနိုင်ရန်ပြုလုပ်တတ်၍လည်းကောင်း၊ နွားသားပေါက်ကလေးများအား အခြားလူများခိုးယူသွားမည်ကိုစိုးရိမ်၍ မထင်မှတ်သောနေရာတွင်ဝှက်ထားခဲ့ပြီး ပြန်ခါနီးမှ အသံပေး၍ နွားသားပေါက်များကို ခေါ်သည့်အတွက် နွားသားပေါက်များ ပြေးလာပြီး မိခင်နို့စို့နေသည်ကို ထူးဆန်းစွာ တွေ့ရသည်။

ကျွန်တော်သည် အိမ်ပြန်ရောက်သောအခါ ကျွန်တော့်အဘိုးနှင့်အဘွားတို့ကိုမေးကြည့်ရာ နွားမသားဝှက်ဂါထာနှင့် ဝှက်ထားကြောင်း လူကြီးများပြောပြခဲ့သော်လည်း နွားမသားဝှက်ဂါထာအား ဇာစ်ဇာစ်မြစ်မြစ် ကျွန်တော် မသိခဲ့ပါ။

ကျွန်တော် ရဲအရာရှိဘဝရောက်သောအခါ သူခိုးများဖမ်းဆီးစစ်ဆေးရာမှ သူခိုးများရွတ်ဆိုတတ်သော ဤဂါထာကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ နွားမသားဝှက်ဂါထာသည် လူသတ္တဝါတို့ အန္တရာယ်ကင်းရန်အတွက် ရွတ်ဆိုသောဂါထာဖြစ်သော်လည်း မသမာသူတို့လက်ထဲရောက်

သောအခါ အသုံးချခံဂါထာ ဖြစ်သွားပေသည်။ ခွေးမဟောင်သော ဂါထာသည်လည်း ထိုနည်းအတူပင် ဖြစ်ပါသည်။

ကျွန်တော် သိရှိသော ခိုးမှုဇာတ်လမ်းတစ်ပုဒ်အား ရေးသား တင်ပြလိုပါသည်။

၂၀၀၆ ခုနှစ်က ကြံခင်းရဲစခန်း၊ ဆိပ်သာရဲကင်းအပိုင် သောင်ကြီးကျေးရွာတွင် တစ်နှစ်လျှင် တစ်မှုနှုန်းဖြင့် ခိုးမှု (၅) မှု ဖြစ်ပွားလာခဲ့ရာ ထိုခိုးမှုများအား ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အမှုစစ်အဖွဲ့များအား လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော အမှုစစ်အဖွဲ့များနှင့်ဖွဲ့၍ စစ်ဆေးစေခဲ့ရာ အမှုများပေါ်ပေါက်ခြင်းမရှိဘဲဖြစ်နေ၍ ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူးမှ မှုခင်းဖော်ထုတ်ရာ၌ စေ့စပ်သေချာသော အမှုစစ်တစ်ဦးအား အဖွဲ့ဖွဲ့၍ ဖော်ထုတ်စေခိုင်းခဲ့ရာ သောင်ကြီးရွာခိုးမှုကြီးပေါ်ပေါက်ခဲ့ပါသည်။ ၎င်းအမှုစစ်သည် သောင်ကြီးကျေးရွာ ခိုးမှုကို စတင် ကိုင်တွယ်သည်နှင့် ကြံခင်းရဲစခန်းသို့သွားရောက်၍ အရာခံအုပ်ချုပ်အေးသန်းနှင့်တွေ့ပြီး သောင်ကြီးကျေးရွာပတ်ဝန်းကျင်ရှိအမှုများ (၁၀) နှစ်ခန့်ဖြစ်ပွားသောခိုးမှု (FIR) ပထမသတင်းပေးတိုင်တန်းချက်များအား ရှာဖွေစေပြီး အမှုများထဲမှတရားခံများ၊ ထောင်ကျနေသူများနှင့် ပြန်လည်လွတ်လာသူများကို ခွဲခြားစေပြီး အမှုမှလွတ်လာသော်လည်း ဆိပ်သာရဲကင်းအပိုင်တွင် နေထိုင်ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးစေခြင်း၊ ရယကများနှင့် တွေ့ဆုံ၍ ဆွေးနွေးခြင်း၊ ထိုသို့ဆွေးနွေးစဉ် ရွာထဲတွင်မနေဘဲ ကွင်းထီးထီးတွင်နေထိုင်သောအိမ်များကို စုံစမ်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ခိုးမှုသဘောသဘာဝအရ သက်သေခံပစ္စည်းမရလျှင် တရားစွဲတင်နိုင်ရန် ခက်ခဲပေသည်။ သို့ပါ၍ ပိုင်နိုင်အောင် စုံစမ်းထောက်လှမ်းရပေသည်။

သူခိုးများ၏ အမှုအကျင့်သည် မပေါ်ပေါက်မည်ဟု ထင်မိလျှင် ဘယ်သောအခါမှ ဝန်မခံတတ်ပေ။ ရဲတပ်ဖွဲ့၏စစ်ဆေးဖော်ထုတ်ချက်များကို တတ်နိုင်သမျှ ပေခံတတ်သလို မူရာမာယာမျိုးစုံနှင့် ဟန်ဆောင်တတ်ကြပေသည်။ အချုပ်ခန်းထဲတွင် ချုပ်ထားစဉ် အချုပ်ခန်းမှ လွတ်မြောက်ထွက်ပြေးရန် လွတ်ကွက်ဟာကွက်များကြည့်ပြီး အမြဲတစေချောင်းမြောင်းနေတတ်ပါသည်။ ဒါကိုသက်ဆိုင်ရာ စခန်းအုပ်ချုပ်သူတွေက သတိထားပြီး ဆောင်ရွက်ရပါသည်။

အထက်ပါသောင်ကြီးရွာခိုးမှုသည် (၅) နှစ်ဆက်တိုက် ခိုးခံရသောခိုးမှု ဖြစ်ကြောင်း လေ့လာ သိရပါသည်။ ဥပမာ- ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် အမှုဖြစ်မည်ဆိုလျှင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်တတ်သလို ၂၀၀၈ ခုနှစ် မတ်လ၊ ၂၀၀၉ ခုနှစ် ဧပြီလ၊ ၂၀၁၀ ပြည့်နှစ် မေလ ဖြစ်ပွားတတ်ပေသည်။ ခိုးမှု (၄)မှုစလုံး ပေါ်ပေါက်ခြင်းမရှိသည့်အတွက် နောက်ဆုံးတစ်မှုမှသာ အမှုစစ်က အချိန်ကုန်ခံ၊ ကိုယ့်စရိတ်ကိုယ်စားပြီး လူသူကင်းဝေးသော ကိုင်းထဲတွင် သွားရောက်နေထိုင်ပြီး ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ သောင်ကြီးရွာသည် ကြံခင်းရဲစခန်းလက်အောက် ဆိပ်သာရဲကင်းနယ်မြေတွင်ရှိပြီး ဧရာဝတီမြစ်မကြီးနှင့် နွေရာသီတွင် တစ်မိုင်ခွဲခန့်ဝေးသော်လည်း မိုးရာသီတွင် ရွာအတွင်း အိမ်အောက်ခြေအထိ ရေများရောက်တတ်သည့် ရွာကြီး ဖြစ်ပါသည်။ အနောက်ဘက်တွင် မြစ်ကျိုး၊ တောင်ဘက်တွင် ကိုင်းသောင်ခုံ၊ မြောက်ဘက်တွင် ကိုင်းကျွန်းကြီးများအလယ်တွင်ရှိသော သီးသန့်ကုန်းပြင်မြင့်ဖြစ်၍ သောင်ကြီးရွာဟု ခေါ်ခြင်း ဖြစ်ပါသည်။ အိမ်ခြေ(၁၅၀)ခန့်ရှိပြီး မိုးတွင်း၌ ဧရာဝတီမြေရေရောက်သည့်အတွက် အိမ်အမြင့်နှင့် အောက်ခြေတိုင်ကြီးများဖြင့် ရေဒဏ်မိုးဒဏ်ခံနိုင်ရန် ထည့်သွင်းတည်ဆောက်၍ အိမ်အမြင့်သည် (၁၂) ပေခန့် အမြင့်ဖြင့် တည်ဆောက်ထားသောအိမ်များ ဖြစ်ပါသည်။

ယခု နေအိမ်များသို့ ဝင်ရောက်ခိုးနေသူသည် အိမ်များခိုးယူပုံခိုးယူနည်းစနစ်သည် တစ်ထပ်တည်းကျနေသဖြင့် တစ်ဦးတည်း သို့မဟုတ် တစ်ဖွဲ့တည်းဖြစ်မည်ဟု စဉ်းစားမိကြပါသည်။ ခိုးမှုနှင့်ပတ်သက်၍ မသင်္ကာဖွယ်ပစ္စည်းတစ်စုံတစ်ရာမရရှိသည့်အတွက် ခိုးမှုကိုလက်လျှော့ရမလိုဖြစ်နေစဉ် အမှုစစ်အဖွဲ့မှ ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့်ဆက်စပ်သော မိုးညိုရဲစခန်းသို့ သွားရောက် စုံစမ်းခဲ့ရာ သောင်ကြီးကျေးရွာနေ မသင်္ကာသူ မြင့်စိုးသည် မိုးညိုမြို့နယ်တွင် ခိုးမှုနှင့် ထောင်ကျကြောင်း စုံစမ်းသိရှိရသဖြင့် ဖမ်းရန်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ စီစဉ်ဆောင်ရွက်နေစဉ်ပင် ယခင် အခိုးခံရသောနေအိမ်ဖြစ်စဉ်များအား လိုက်လံစုံစမ်းစစ်ဆေးကြည့်ရာ နေအိမ် (၄) အိမ်ခိုးစဉ်အခါက နေအိမ်ပေါ်ရှိ ရွှေသေတ္တာများအား ကြိုးဖြင့် အောက်သို့ချပြီး ကိုင်းကွင်းထဲသို့ သယ်၍ သေတ္တာများဖွင့်ရာ အဝတ်အထည်များမယူဘဲနှင့် ရွှေထည့်သောဘူးများသာ ယူသွားသဖြင့် သူခိုး၏ ခိုးပုံခိုးနည်းနှင့် လုပ်ပုံလုပ်နည်းများကိုလေ့လာရာ တစ်ထပ်တည်းဖြစ်နေသည့်အတွက် တစ်ဦးတည်း သို့မဟုတ် တစ်ဖွဲ့တည်းဟု သုံးသပ်ရပေသည်။

အမှုအား ခေါင်းအေးအေးဖြင့် သုံးသပ်ဆောင်ရွက်ရသောခိုးမှုဖြစ်သဖြင့် နောက်ဆုံးခိုးမှုသည် ရွာလယ်နေ မြင့်ဦးနေအိမ်ခိုးမှုသည် ယခင်ခိုးမှုများကဲ့သို့ပင် တစ်ထပ်တည်း တူညီနေပါသည်။ ထူးဆန်းသည်မှာ မြင့်ဦးနေအိမ်မှ ခွေးများသည် အိမ်ရှင် မဟုတ်လျှင် ဟောင်ပြီး ကိုက်သည့်ခွေးများဖြစ်၍ အခိုးခံရသည့်နေ့၌ ခွေးများမှာ မဟောင်သည့်အပြင် နိုးကြားမှုမရှိသည့်အတွက် မြင့်ဦးမှ ၎င်းခွေးများအား ခွေးသားစားသူများထံသို့ ရောင်းချရန်စီစဉ်သော်လည်း သားသမီးများမှ မရောင်းချရန် တောင်းပန်သည့်အတွက် ဆက်လက်မွေးမြူထားကြောင်း တရားလိုမြင့်ဦးပြောပြချက်အရ သိရပါသည်။

အမှုစစ်အဖွဲ့သည် ရွာနှင့် ဝေးသော ကိုင်းထဲတွင် စစ်ဆေးမှုပြုလုပ်စဉ် ပတ်ဝန်းကျင်သက်သေများကို ညဘက်မှသာ ခေါ်ယူစစ်ဆေး ဆောင်ရွက်ခဲ့ရာ ယခင် ပြည်သူ့ကောင်စီလက်ထက်က တာဝန်ရှိသူများနှင့်တွေ့ဆုံစစ်မေးရာ ထိုသက်သေများမှ ယခုရာသီတွင် ကိုင်းသမားများရှိသော်လည်း သောင်ကြီးရွာတွင်မနေဘဲ ကိုင်းကွင်းထဲတွင်နေသော မြင့်စိုးတို့မိသားစုသည် တန်ဖိုးကြီးသော နွားတစ်ရှဉ်းအား ဝယ်ယူထားခြင်း၊ ကိုင်းရှိသော်လည်း အခြေမပျက်နေထိုင်ခြင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ခိုးမှုကျူးလွန်ကြောင်း ပြစ်ချက်ဟောင်းရှိခြင်းတို့အပြင် ရွာဦးထိပ်ရှိ တရားလိုမြင့်ဦးအား ကိုးမြို့ရှင်စင်တွင် အမှုပေါ်ပေါက်ရန်အတွက် သွားရောက် ဆုတောင်းရန် ခိုင်းစေခဲ့ပါသည်။

မသင်္ကာဖွယ်မြင့်စိုး၏အိမ်သို့သွားရောက်၍ ဇနီးနှင့် သမီး၊ မြင့်စိုးတို့ (၃) ဦးအား ဖမ်းဆီးချုပ်မိန့်တောင်းခံပြီး စစ်တောင်းခံပြီး စစ်ဆေးခဲ့ရာ မြင့်စိုး၊ ဇနီးနှင့်သမီးတို့ အစစ်ခံချက်အရ ပထမ (၄) အိမ်ခိုးယူစဉ် ၎င်းတို့မှ နေအိမ်သို့ သွားရောက်လေ့လာပြီး ရွှေထားသည့်နေရာများအား စုံစမ်း၍ ခိုးယူမည့်အချိန်မတိုင်ခင် မြင့်စိုးအား ရွှေရှိသည့်သေတ္တာများထားသည့်နေရာကို ပြောပြခဲ့ပါသည်။

လေငန်းဖြစ်၍ လက်တုန်သော် နေပြည်တော်ကျော်ကျော်စိုး

နေပြည်တော်ကောင်စီ နယ်မြေ၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်အလယ်ပိုင်းမှာ သက်ကိုဦး၊ ခတ်ပုံ၊ ဗီဒီယို၊ ခတ်စက်အငှားဆိုင်ပိုင်ရှင် ကိုစံလှဟာ အသက်အလွန်ကြီးမကြီးသေးပါဘူး။ ရှိလှမှ (၆၀) ဝန်းကျင်နေမှာပါ။

လူမှုကိစ္စအဝဝတွေမှာ စားကြသောက်ကြတဲ့အခါမှာ ကိုစံလှရဲ့လက်တွေဟာ တဆတ်ဆတ်တုန်နေတာကြောင့် ဇွန်းခက်ရင်းကိုင်ရာမှာ အဆင်မပြေလှပါဘူး။ တဆတ်ဆတ်တုန်နေတာကြောင့် ပါးစပ်ထဲဖြောင့်ဖြောင့်မဝင်ဘဲ အဖိတ်ဖိတ်အစင်စင်နဲ့ပါ။ ဒီအဖြစ်ဟာ ကာလအတော်လေးကြာခဲ့ပါတယ်။

သူတစ်ပါးရဲ့ အားနည်းချက်ကို မေးရင် အချို့က မကြိုက်ကြတာမို့ မမေးဖြစ်ပါဘူး။ တကယ်တော့ လေငန်းဆွဲနေခြင်းပါ။ ဘယ်လိုထိန်းထိန်း မရပါဘူး အလိုလိုတုန်နေတာပါ။

၂၀၂၀ ဇူလိုင်လထဲမှာတွေ့တော့ အစားအစာကို ဣန္ဒြေရရ ကိုင်တွယ်စားသောက်နိုင်လာတာတွေ့တော့ ဝမ်းသာစိတ်ဖြစ်မိပါတယ်။ အမြင်မတင့်တဲ့ ဝေဒနာက လွတ်အောင်ရုန်းထွက်သွားနိုင်စွမ်းရှိလို့ပါ။ ဒီအခါမှာတော့ ဝမ်းမြောက်ဝမ်းသာမေးကြည့်ဖြစ်ပါတယ်။

"ကိုစံလှရဲ့လက်တုန်တာ ပျောက်သွားပြီပဲ။ ဟန်ကျလိုက်တာဗျာ။ ဘာဆေးနဲ့ပျောက်သွားတာလဲ"

"အေးဗျာ - ဝေဒနာဆိုတာ သူ့ဆေးနဲ့မတွေ့သေးရင် ကျန်တာဆေးထိုးဆေးသောက်ဘာလုပ်လုပ်မရဘူးဗျ။ သူ့ဝေဒနာနဲ့ သူ့ဆေးချက်ထည့်တော့လည်း ခုလိုပျောက်သွားတော့တာပဲဗျ"

"ဆေးနည်းလေးဘာလေးလုပ်ပါဦး ကိုစံလှရဲ့"

"ဆေးနည်းကတော့ နနွင်းခါးမှုန့်ကို ပျားရည်နဲ့တေစားရတာပဲဗျ။ ချက်ချင်းကြီးတော့ မပျောက်ဘူးဗျ။ တဖြည်းဖြည်းသက်သာလာကတည်းက ဒီဆေးဒီဝေဒနာနဲ့ချက် တည့်ပြီဆိုတာသိတော့ စွဲစားရတာပေါ့ဗျာ။ ခုတော့ ကိုယ်တိုင်ဖော်မစားတော့ပါဘူး ဆိုင်မှာ နနွင်းခါးပျားရည်ဆေးလုံးဘူးတွေရှိတော့ လွယ်လွယ်ကူကူဝယ်စားနေတာပါ။ အမြစ်ပါပြတ်သွားအောင် စွဲပြီးစားနေရတာပါ။ အရင်ကဆိုရင် ပါးစပ်ထဲထမင်းတစ်ဇွန်းဝင်အောင် မနည်းစားနေရတာ။ ခုတော့ မြင်တဲ့အတိုင်းပါပဲ။ အရင်လို အရုပ်မဆိုးတော့ဘူးပေါ့ဗျာ"

လို့ ပြောပြပါတယ်။ သွက်ချာပါဒ လေငန်းဆေးနည်းတွေ မြန်မာဆေးမြီးတိုလောကမှာ များစွာရှိပါတယ်။ လေငန်းဖြတ်ဆေးတွေလည်း ရှိပါတယ်။ ကိုစံလှရဲ့ လေငန်းဖြတ်ဆေးကလည်း ကိုယ်တိုင်ကိုယ်ကျပျောက်ထားတဲ့ဆေးနည်းမို့ အလေးထားသင့်ကြောင့်တင်ပြလိုက်ခြင်းပါပဲ။

ချမ်းမြေ့ကြပါစေ။

နေပြည်တော်ကျော်ကျော်စိုး

သက်ကိုဦး ခတ်ပုံ၊ ဗီဒီယို၊ ခတ်စက်အငှားဆိုင်ပိုင်ရှင် ဦးစံလှသို့ ကျေးဇူးတင်ပါသည်။

ဥပမာ- ရွှေရိုပုံရှိနည်းလေ့လာရန်မှာ ရွာရှိ အလှူအတန်းများတွင် ဝတ်ဆင်ထားသည့်ရွှေများကိုလေ့လာခဲ့ခြင်းဖြစ်သည်။ ရရှိသောပစ္စည်းများကို ကြံခင်း ရွှေဆိုင်နှင့် မြန်အောင်ရွှေဆိုင်တို့တွင် ရောင်းချခဲ့ကြောင်းထွက်ဆို၍ သက်သေခံပစ္စည်းများကိုသိမ်းဆည်းပြီး တရားခံမြင့်စိုးအားထပ်မံစစ်ဆေးခဲ့ရာ နောက်ဆုံး တရားလိုမြင့်ဦးနေအိမ်ခိုးမှုအား ၎င်းကပြောပြခဲ့သည်မှာ ၎င်းနေအိမ်အား ယခု သိမ်းဆည်းရမိသောမျက်နှာဖုံးကိုစွပ်ပြီး ညဉ့် (၂) နာရီမှ (၄) နာရီခြားတွင် နေအိမ်ရှိပွင့်နေသောပြတင်းပေါက်မှတက်ရောက်ခဲ့ရာ နေအိမ်ပေါ်သို့ ရောက်ရှိပြီး ၎င်းမိန်းမ ပြောပြသော ရွှေထည့်ထားသည့်သေတ္တာအား အိမ်ရှင်များ အိပ်မောကျနေစဉ် ပါလာသောကြိုးနှင့်ချည်ပြီး (၁၂) ပေခန့်မြင့်သော အိမ်ပေါ်မှ တိတ်ဆိတ်စွာချခဲ့ပါသည်။ ၎င်းနောက် အိမ်ပေါ်မှဆင်း၍ သေတ္တာကိုသယ်ယူခဲ့စဉ် မြင့်ဦးနေအိမ်မှ ခွေးများသည် မဟောင်ပါ။ အိပ်မောကျနေသည်ကို တွေ့ရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ခွေးမဟောင်ဂါထာရွတ်ခဲ့သလို အိမ်ရှင်များမနိုးအောင်လည်း နှားမသားဝှက်ဂါထာ ရွတ်ဆိုပြီး ခိုးယူခဲ့ကြောင်း အစစ်ခံထွက်ဆိုပါသည်။ နေအိမ်မှာ သံတူးရွင်းနှစ်ခုရှိကြောင်း၊ နှစ်ခုအနက် အရှည်ဆုံးကိုယူပြီး နေအိမ်အရှေ့ဘက်တိုင်မှ သံတူးရွင်းအားတိုင်းပြီး (၁၂) လံအကွာ ကိုင်းထဲတွင် ရွှေများကို လူတစ်ရပ်ခန့် ကြွင်းတူးပြီးမြှုပ်ထားကြောင်း အစစ်ခံချက်အရ သက်သေများနှင့်အတူ တူးဖော်ရာ လူတစ်ရပ်ခန့်အရောက်တွင် ပလတ်စတစ်ရေသန့်ဘူးဖြတ်ပြီး ထည့်ထားသော ခိုးရာပါပစ္စည်းဖြစ်သည့် ရွှေထည်ပစ္စည်းများကို ပြန်လည် ရရှိခဲ့ပါသည်။

ရွှေထည်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းစဉ် ရွှေဘူးထဲတွင် ထူးဆန်းသောပစ္စည်းတစ်ခုကို သိမ်းဆည်း ရရှိခဲ့ပါသည်။ ထူးဆန်းသောပစ္စည်းမှာ မိုးကာဖျင်အနက်ဖြင့်ချုပ်ထားသော ခေါင်းစွပ်မျက်နှာဖုံးအနက်ရောင်တစ်ခုသိမ်းဆည်းရရှိပါသည်။

သူခိုး မြင့်စိုး မျက်နှာဖုံးစွပ်သည့်အကြောင်းအား အမှုစစ်အဖွဲ့မှစစ်ဆေးရာ ခိုးမှုကျူးလွန်ရာနေအိမ်ပေါ်သို့တက်ရောက်စဉ် မျက်နှာဖုံးအား စွပ်ပြီး ဝင်ရောက်ခိုးယူကြောင်းနှင့် အိမ်တစ်အိမ်သို့ဝင်ရောက်လျှင် ခွေးမဟောင်၊ အိမ်ရှင်မနိုးကြောင်း အစစ်ခံထွက်ဆိုခဲ့ပါသည်။

အမှုပေါ်ပေါက်သည့်အတွက် အမှုစစ်အဖွဲ့အား အထက်ဌာနမှ ဂုဏ်ပြုခဲ့သလို တရားလိုမှ အမှုတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော တပ်ကြပ်ကြီးမောင်ဝင်းအား ၎င်းစီးသော Viva ဆိုင်ကယ်အား လက်ဆောင်ပေးခဲ့ပါသည်။ ဤအမှုတွင် မြင့်စိုးသည် ဂမ္ဘီရဆန်သော မျက်နှာဖုံးဝတ်ဆင်ရုံတွင်သာမက ကျွန်တော် အထက်တွင် ဖော်ပြထားသော ဂါထာများကိုရွတ်ဆိုကြောင်း သုံးသပ်မိပါသည်။

ဤခိုးမှုသည် လွန်စွာခက်ခဲနက်နဲသောခိုးမှုဖြစ်သောဇာတ်လမ်းတစ်ပုဒ်ဖြစ်၍ စာဖတ်သူများ လေ့လာသိရှိနိုင်ရန် အတွက် ရေးသား တင်ပြအပ်ပါသည်။

သန်းသွင်(ရေမြေ)

(ထူးဆန်းဖွယ်ရာ ခိုးမှုဇာတ်လမ်းကိုပြောပြသူ ဒုရဲမှူးမြင့်ဝေအား ကျေးဇူးတင်လျက်)

(ရွာအမည်နှင့် ပါဝင်ထားသူများ၏အမည်ကိုလွှဲပြောင်းထားရှိပါသည်)

၁။ နတ်မကြိုက် လယ်စိုက်မိရာမှ

"ဟ-ဒီလယ်က ဘယ်လိုလယ်ကြီးလဲ။ ဘယ်လောက်စိုက်စိုက် အောင်မြင်ခြင်းဖြစ်ထွန်းတယ်လို့ကို မရှိဘူး။ ဘာအနှောင့်အယှက်တွေရှိလို့ ငါနှယ် ဒီလောက်တောင် ကံခေနေရပါလိမ့်"

လယ်ပိုင်ရှင်ဦးထွန်းခတစ်ယောက် ချူသံပါအောင် ညည်းညူလိုက်ရပြီ။ သူ ညည်းလည်းညည်းလောက်စရာပါ။ဘယ့်နှယ်ဗျာ - ဒီလယ်ကိုလုပ်လိုက်မိခါမှ ဦးထွန်းခ ခမျာ ဖြူခါပြာခါကျလုမတတ်ဖြစ်နေပြီကော။

အစကတော့ ပိန်းဇလုတ်မြို့အထွက် တောစပ်မှာ မြေယာသစ်အနေနှင့် ဘယ်သူမှ လက်မဦးအောင် လုပ်လိုက်ပါသည်။ အဲဒီလို လုပ်မိလိုက်မှ လူငှားရ နောက်ချေး(နွားချေး) ဝယ်ချရ မျိုးစပါးတို့ဝယ်ရနှင့် အရင်းချကြည့်မှ အရှုံးဘက်က အလေးသာနေကြောင်း တွေ့လိုက်ရသည်။ ရှေးမီနောက်မီ တချို့ကတော့ သတိပေးကြပါသေးသည်။

"ဟော့ကောင် ထွန်းခ၊ မင်းလုပ်တဲ့ မြေနေရာဟာ တစ်ချိန်တုန်းက ဖုန်းဆိုးမြေ ကျတ်တီးကုန်းတဲ့ကွ။ အဲသဟာကြောင့် နှစ်ပရိစ္ဆေဒ များစွာ ဘယ်သူမှ မလုပ်ရဲကြဘဲ ခုလို ကျစ်မြေတွေဖြစ်နေတာပေါ့ကွာ။ မင်းမို့လို့ လုပ်ရဲကိုင်ရဲတာအံ့ပါ့ကွာ။ မင်းလုပ်တုန်းကိုင်တုန်း ပုံမှန်ထက် ထူးခြားတာ ဘာမှမတွေ့ဘူးလားကွ-ဟေ"

"အို - ဘကြီးထွန်းကလည်းဗျာ။ ကျုပ်က ဒါမျိုးတွေကို အယုံအကြည်မရှိဘူးဗျ။ ဒီလယ်တစ်ခုလုံး ကျုပ်ခုတ်ထွင်ရှင်းလင်းထားလို့ ခုဆို ကျုပ်အပိုင်ဖြစ်နေပြီပဲ၊ ဟုတ်ဘူးလား"

ဟုတ်တော့လည်း ဟုတ်သည်။ ထွန်းခအနေနှင့် ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်၊ ကျောမွဲဘဝမှ ခုလို လယ်ပိုင်ရှင်ဘဝရောက်မှတော့ ဘယ်သူတွေ ဘာပြောပြောလုပ်ကိုလုပ်ရတော့မည်။ ကျားမြီးဆွဲထားမိမှတော့ လွှတ်လို့ဘယ်ဖြစ်မှာတုံး။ သို့နှင့်အမျှ ပူပူနွေးနွေးရထားသည့် လယ်ပိုင်ရှင် ဆိုသည့် ဂုဏ်ပုဒ်ကိုတော့ ဘယ်နည်းနှင့်မျှလက်လွှတ်မခံနိုင်။အဆုံးအရှုံးအထိအခိုက် အပွန်းအပဲ့ပင်မခံနိုင်။

ဖြစ်နိုင်မည်ဆိုလျှင် မြေလွတ်မြေရိုင်းဟုအမည်ခံထားပေထသည့် တောမတစ်ခုလုံး သူ့လယ်ကွက်အဖြစ် တိုးချဲ့လိုက်ချင်ပြီ။ သို့ပေမယ့် အခုတော့ သူစဉ်းစားနေရပြီ။ တစ်နှစ်တစ်နှစ် ဒီလယ်ထဲ ဖို့ထည့်နေရတာနဲ့တင် အမြတ်မပြောနှင့်၊ အရှုံးပေါ်လို့ ခုဆို သူ့မှာကြွေးလည်း ပင်းခိုက်နေပြီ။

သည်လယ်က မရမဟုတ်၊ရတော့ရပါသည်။သို့သော် စားလောက်သောက်လောက်အောင်တော့မရ။ သမင်မွေးရင်း ကျားစားရင်းပါပဲ။

သူ့မိန်းမ မယ်သော့ကတော့ နီစွှဝ တဖျစ်တောက်တောက်ဖြင့် မြည်

နတ်မိမယ်နှင့်အရက်သမား

ညိုရောင်

တွန်တောက်တီးတတ်နေပြီ။

"ကထွန်း၊ တော့်လယ်က ကျုပ်တို့မိသားစုအတွက် ဘာမှအကျိုးမဖြစ်ထွန်းဘူး။ တော်က ရိုးရာတို့၊ နတ်တို့မှ အယုံအကြည်မရှိတာဘဲ။ ကြည့်ပါလား၊ တော့်လယ်တန်သင်းရိုးပေါ်မှာ နတ်ရုပ်

ကြီးက အခုံသားကိုထိုင်လို့။ တော်က တောင်းပန်ပြီး တော်ရာလျော်ရာကိုမှ ရွှေ့မထားတာ"

"နတ်ရုပ်က သူ့ဘာသာသူနေတာ၊ ငါနဲ့ဘာဆိုင်တာလိုက်လို့။ နင်ပြောသလို ငါလည်း သူရင်းငှား ထော်ကြီးနဲ့ မ,ရွှေ့

ဖူးပါတယ်ဟာ။ နတ်ရုပ်က ကျောက်ရုပ်မို့လား မသိပါဘူးကွာ။ ဘယ်လိုရွှေ့ရွှေ့ သူဖင် ခြင်ကိုက်သလောက်တောင် တွန့်သွားဘူး။ တို့လည်း လက်မှိုင်ချပြီး ဒီအတိုင်းပစ်ထားလိုက်တာတာပဲကွာ”

သည်တုန်းက ကိုထွန်းခလည်း မယ်သော့ကိုရှင်းပြအပြီး စိတ်ပျက်လက်ပျက်ဖြင့် သူ့လယ်ကွက်ထဲ ထွက်သွားလိုက်သည်။

ကိုထွန်းခပြောလည်းပြောလောက်သည်။ သူနှင့်ထော်ကြီးတို့ အကြိမ်ကြိမ်အခါခါရွှေ့ကြည့်ကြပေမယ့် အနီနတ်ရုပ်ကတစ်စက်ကလေးမှမရွှေ့။ ဖင်ကျောက်ဆူးချထားသည့်အလား တုံးပေကတ်သတ်ကုပ်ကတ်ပြီး နေမြဲတိုင်း အမြိုင့်သား ပေတေ၍ တင်းခံနေ၏။

ထူးဆန်းတာတစ်ခုတော့ရှိသည်။ ဘယ်လိုပင် သူတို့ရွှေ့ရွှေ့ နတ်ရုပ်က မရွှေ့ပေမယ့် အဲ- သူတို့လယ်ထဲဆင်းလာချိန်မှာ၊ ဥပမာဆိုပါစို့။ အရှေ့ဘက်မျက်နှာမူနေသည့်နတ်ရုပ်သည် သူ့အလိုအလျောက် အနောက်ဘက်သို့ လည်းကောင်း၊ မြောက်ဘက်သို့လည်းကောင်း မျက်နှာမူချင်သလို မူနေတတ်ပြန်၏။ ထိုဖြစ်ရပ်တို့ကို အံ့ဩတကြီးကြည့်ရင်း ကိုထွန်းခတို့ဆရာတပည့်နှစ်ယောက် နင်ပဲငဆ အငြင်းအခုံပင်ဖြစ်လိုက်ကြသေး။

“ဟဲ့-ထော်ကြီး၊ ငါမရှိတုန်း ဒီနတ်ရုပ်ကို နင်ရွှေ့ကစားလိုက်သေးလား”

“ဟာ. . . ပေါက်ပေါက်ရှာရှာ ကိုထွန်းခကလည်း၊အားအားယားယားရှိလို့ ကျုပ်ရွှေ့ပါ့မလား၊ စွပ်စွပ်စွဲစွဲဗျာ။ခင်ဗျားနဲ့ကျုပ်တို့နှစ်ယောက်မ,တာတောင်မရွှေ့တဲ့ဥစ္စာ။ ကျုပ်တစ်ယောက်တည်း ဘယ်လို ရွှေ့နိုင်မှာလဲ။ ကိုရင်ပဲ နွားကျောင်းသားတွေနဲ့ပေါင်းပြီး ကျုပ် အံ့ဩသွားအောင် ရွှေ့ပြထားသလားမှမသိတာ”

“ဘာကိစ္စ မနေနိုင်မထိုင်နိုင်ရွှေ့ရမှာတုံးကွ။ အင်း- မင်းလည်းမရွှေ့၊ ငါလည်းမရွှေ့ ဆိုတော့ ဒီနတ်ရုပ်အောက်မှာ ခြေထောက်ပေါက်နေတာပဲဖြစ်မယ်”

တစ်ခါတလေတော့လည်း နတ်ရုပ်အနီးသို့ နွားကျောင်းသားတစ်စုတို့သည် ငှက်ပစ်ထွက်ရင်း ရောက်လာတတ်ကြသည်။ နှစ်ပရိစ္ဆေဒ မည်မျှကြာပြီဟု မည်သူမျှမသိနိုင်သည့် နတ်ရုပ်မှာ ကား ကြေးညှော်၊ ရေညှိတို့တက်ကာ အဆင်အသွေးပင် ကောင်းစွာ မပီပြင်လေတော့။

နွားကျောင်းသားတို့သည် တောစပ်မှာ ငှက်ပစ်ပြီး ပြန်လာတိုင်း အပျင်းပြေဆိုသလို ထိုနတ်ရုပ်ကို အလောင်းအစားတစ်ခုနှယ် ရွှေ့ကြည့်ကြသေး၏။ ထို့ပြင် လောက်စာလုံးရန် ရွှံ့တုံးတို့ နှိုက်လာခဲ့သည့် ပေကျံနေသောလက်ဖြင့် နတ်ရုပ်တစ်ကိုယ်လုံးကိုပင် လက်သုတ်ပဝါလိုသဘောထားလျက် ရွှံ့စေးတို့ဖြင့် သုတ်နယ် လိမ်းကျံလိုက်လေသေးသည်။

နတ်ရုပ်ခမျာ နှစ်များစွာကြာအောင် မိုးထဲနေထဲ အထီးကျန်ကျန် အကျည်းတန်စွာ နေနေရပေမယ့် တစ်ဦးတစ်ယောက်မျှ ပသခြင်းလည်း မရှိ။ ကိုယ်လက်သန့်စင်ပေးခြင်းလည်းမပြု။အလေးဂရုပြုဖို့နေနေသာသာ ဝေးစွ ခြောက်ပါးဆီမီး နံ့သာရည် လောင်းပြီး ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်းကာ ပူဇော်ပသဖို့ကိုတောင် အမှတ်မရကြ။ ထိုနည်းတူစွာ ဒီနတ်ရုပ်အတ္ထုပ္ပတ္တိရာဇဝင်ကိုလည်း မည်သူမျှဂဃနဏစိတ်မဝင်စားကြချေ။

ပိန်းဇလုတ်မြို့မြောက်ဘက်ရေကန်နံဘေးက နတ်စင်လောက်မှ ဒီနတ်ရုပ်အား အလေးမထားကြချေ။ မြောက်ဘက်နတ်စင်မှာတော့ ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ ပန်း၊ နံ့သာတို့ကို လှိုင်လှိုင်လေးတော့ ဆက်ကပ်နေကြသည်။ အနီ- မျက်နှာမွဲ နတ်ရုပ်ခမျာမှာတော့ ဘယ်ရှေးရေစက်ကြောင့်မသိ။ တန်ခိုးအရှိန်အဝါ လာဘ်လာဘတွေပိတ်ကာ မွဲခြောက်ခြောက် အဆင်းနှင့်သာ ဝစီပိတ် ငြိမ်ဆိတ်နေရသည်။

တစ်ညမှာတော့ သည်နှယ် နှုတ်ဆိတ်နေသည့် နတ်ရုပ်သည် သက်ဝင်လှုပ်ရှားလာကာ နတ်စကားပြောလာချေ၏။

၂။ အကျည်းတန်အရက်သမားဇာတ်တစ်ဖက်သတ်အချစ်

ထိုတစ်ည၌ နတ်ရုပ်သည် ရွာအော့ကြောလန်အရက်သမားတစ်ဦးနှင့် ဆန်းဆန်းပြားပြား ပလဲနံပသင့်လေ၏။ ထိုအရက်သမားဆိုသူမှာ အခြားမဟုတ်။ ရွာရိုးကိုးပေါက်လျှောက်ချင်တိုင်းလျှောက်၊ သောက်ချင်တိုင်းသောက်နေတတ်သည့် စံလှ ဆိုသူတည်း။ စံလှခမျာ အရုပ်ဆိုးအကျည်းတန်သလို အထီးကျန်ရှာ၏။

‘ရှိုင်း၍နက်စောက်၊ နှာရောင်ကောက်နှင့်၊ မျက်ပေါက်လည်းမှေး၊ နှုတ်လည်းကွေး၏၊ သွေးရောင်မသန်း၊ ကျွန်နှုတ်ခမ်းက၊ ပြာနှမ်းမည်းညို၊ ခြောက်မစိုသည်’

ဆိုသည့် ကဗျာဆရာ တင်မိုး၏ ‘အကျည်းတန်ချစ်သူ’ကဗျာလိုပင် အောချရလောက်အောင်အရုပ်ဆိုးသူပါတည်း။

အနီစံလှသည် ရုပ်ဆိုးသလောက် သူ့ရုပ်ကိုမှအားမနာ၊ ရွာမှ လှပေ့ချောပေ့ဆိုသည့် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တို့ကိုမှရွေးကာ မမီသည့်ပန်း တုံးခုလို့ လှမ်းချင်သူပါတည်း။

“ဒီမှာ- ဟဲ့ကောင် စံလှ၊ ခွေးပေးလို့ဝက်မစားတဲ့ နင့်ရုပ်နင့်ရည်ကိုမှအားမနာ ငါ့အနားကပ်ဝံ့တယ်။ ဟင်း- ငါ့ကို ရည်းစားစကားပြောရတယ်ရှိသေး။ သွားသွား- ငါ့ကို ရည်စားစကားမပြောခင် တစ်ခေါက်လောက်ပြန်ပြီး နင့်ရုပ်ကိုနင် မှန်ထဲပြန်ကြည့်လိုက်ပါဦး။ သွားလေ- ဘာပေကတ်ကတ်လုပ်နေလဲ၊ ငါ့အနားက အခုထွက်သွား။ ဟားဟား - အားကြီး ရယ်ရတဲ့အကောင်”

သူကြီးသမီး မိထွေးရှင်က ရှင်လောင်းလှည့်ပွဲတစ်ခုမှာ ရိသဲ့သဲ့ ရစ်သီရစ်သီလုပ်နေသည့် စံလှကို အားမနာလျှာမကျိုး မှိုချိုးမျှစ်ချိုးပြောပစ်လိုက်ခြင်းဖြစ်သည်။

ဒီတုန်းက ခွေးဝဲစားတစ်ကောင်လောက်တောင် တန်ဖိုးမထားလေဘဲ မတူမတန် မောင်းထုတ်ခံလိုက်ရပေမယ့် စံလှအဖို့ သည်မျှလောက်နှင့် စိတ်မနာနိုင်သေး။

စံလှဆိုတာကလည်း တစ်ကောင်ကြွက်တစ်မျက်နှာမဟုတ်ပါလား။လူမှန်းသိတတ်စ အရွယ်ကတည်းက မိဘဆိုတာ ဘယ်နေမှန်းမသိ။ လူတကာတွေ ‘အဖေ၊ အမေ’ ခေါ်နေစဉ်မှာ စံလှတစ်ယောက် ‘မိဘ ဆိုတာ ဘယ်လိုလဲ’ ဟု မေးယူရလောက်အောင် စံလှဘဝက ဒီမျှ နုံချာခဲ့၊ အထီးကျန်ခဲ့ရသည်။ မြို့ဦးဘုန်းတော်ကြီးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးဇဋိလက သနားသဖြင့် ကောက်ယူမွေးစားပြီး ဘုန်းကြီးကျောင်းသားအဖြစ် အလုပ်ခန့်ထား၍သာ ‘ဆွမ်းတော်ဖျို’ လို့အော်ရင်း သူ့ဘဝကို သူညအောက်နိုးနိုးစတင်ခဲ့ရသူပါတည်း။ ညှိုးသိုးသိုး မျက်နှာပေါက်နှင့် အရုပ်ဆိုး အကျည်းတန်လွန်း၍လည်း အဘယ်ဘုန်းကြီးကျောင်းသား သူကောင်းသားကမျှ ဆေးဖော်ကြောဖက် မလုပ်ချင်ကြချေ။

ဘုန်းကြီး ဖိုထိုးသည့် ဖြုတ်စဗျင်းတောင်း မီးသွေးပုံဘေးက ယိုင်နဲ့နဲ့ မသာခုတင်ထက် ဖြစ်သလိုအိပ်၊ ညှိုးငယ်စွာ အခန်းအောင်းရင်း ခန္ဓာဝန်တစ်ခုအတွက် သူ့ဇာတ်သူ က,နေရရှာ၏။

ကာမအဆိပ်ငယ်ထိပ်တက်ဆောင့်မိပြီမို့ အရက်သမား အမှားတစ်ထောင်

ဆိုသည့်စကားအတိုင်း စံလှ အမှားကြီး မှားခဲ့တော့၏။

တစ်နေ့တော့ မြို့အထွက် နတ်ရေကန် ရေခပ်ဆင်းလာသည့် မုဆိုးမ မြကြူတ် ဆိုသူ ရေအိုးရွက်အလာ သစ်ပင်ကွယ်မှပင်နောက်မှ အကွက်ကောင်းကို စောင်းနေသော စံလှတစ်ယောက် ဘွား ခနဲ ထွက်ချလာလိုက်သည်။ ဝုန်းခနဲဆို သလိုမပြောညာမပြော မြကြူတ်ရှေ့ပိတ် ရပ်လိုက်သည်။

မြကြူတ်ဆိုတာကလည်း ပြောမည့် သာပြောရ၊ စံလှနှင့် နင်လား အရုပ်ဆိုး ချင်းပြိုင်လျှင် ပိန်မသာလိမ်မသာပါ တည်း။ စံလှသည် ရေအိုးရွက်လျက် ရေခပ်ပြန်လာသည့် မြကြူတ်လက်ကို ဆွဲပြီး ခွေးအ လှည်းနင်းသည့်အသံဖြင့် တတုန်ကယင် ပြောချလိုက်သည်။

"ဒီ. . . ဒီမှာ မြ. . . မြကြူတ်လေး ရယ်။ နင့်ကို ငါအရမ်းချစ်. . . ချစ်တယ် ကွာ။ ငါ. . . ငါ့ကို ပြန်ချစ်. . . ချစ်ပေး ပါလားဟယ်"

ရေအပြည့်အိုးကို ရွက်လာခိုက် စံလှက အလိုက်ကမ်းဆိုးမသိ ဆွဲလွဲ လိုက်၍ မြကြူတ်၏ မြေရေအိုးလည်းကွဲ ပြီ၊ သည်မှာတင် မြကြူငေါ် ဒေါသူပုန်ထ လေ၏။

ခပ်လှမ်းလှမ်းရှိ နတ်ရေကန်အနီး တွင်လည်း ရေခပ်ဆင်းသည့် လုံမေတစ် သင်းက ဝိုင်းကြည့်ရင်း တခဲ်ခစ်နှင့်ပြက် ရယ်ပြုနေကြပြီ။ သည်တော့ ရေအိုးကွဲ သလို အရှက်အိုးလည်းအခွဲခံလိုက်ရသည့် မြကြူတ် ရှက်ရမ်းရမ်းလာသည်။ သို့ဖြင့် သူ့အပေါ် ဆွဲလားရမ်းလားလုပ်သည့်စံလှ ပါးကို ဘယ်ပြန်ညာပြန် ဖြန်းခနဲ ရိုက်ချ လိုက်တော့၏။

"ခွေးသူတောင်းစား- ငါ့များဘာ မှတ်နေလဲ။ နင့်လို အနုပ်စုတ်ကုပ်စုတ် ကောင်ကများ ကိုယ်ထိလက်ရောက်ဆွဲ လားရမ်းလားနဲ့ ငါ့ကိုရည်းစားစကားပြော ရတယ်ရှိသေး။ နင့်ကိုခုလိုပြောနေရတာ တောင် ငါ့ပါးစပ်သနတယ်တဲ့။ ဟွန်း- အိမ်ရောက်မှ ပါးစပ်ရေဆေးပစ်ဦးမယ်။ အမလေးအရုပ်ကတို့ရယ်၊ ငါ့နှယ်- အနူ လက်နဲ့အနှိုက်ခံရသလောက်ကိုနာတယ် တဲ့။ ငါ့လက်ကိုနင်ဆွဲတယ်နော်။ ဘာရ မလဲ-သူကြီးဆီသွားပြီးတော့ကိုတိုင်မယ်။ တဏှာရူးကောင်- ကဲဟာ ကဲဟာ"

မြကြူတ်သည် ရှက်ရမ်းရမ်းပြီးသ ကာလ အမနာပစကားဖြင့် ပစ်ပေါက်ရုံ မျှအားမရနိုင်သေးဘဲ ဝေးကြောင်ကြည့် နေရာသည့် စံလှခေါင်းက နီကြောင် ကြောင်ဆံပင်ကိုဆွဲ၊ စံလှပါးကို ဆင့်ကဲ ဆင့်ကဲ မနားတမ်းဆက်ရိုက်နေပြန်သေး သည်။

ထိုနေ့က တစ်ဖက်သတ်ရန်စောင် ပွဲအပေါ် ကြည့်ကောင်းကောင်းနှင့်ကြည့် နေကြသည့် လုံမေတစ်သင်းတို့သည် မြကြူတ်ပြောသည့် အနူလက်ဖြင့်အနှိုက်ခံ လိုက်ရခြင်းလား၊ စံလှတစ်ယောက် မြေခြောက်ပဲ အကိုက်ခံလိုက်ရခြင်းလား ဆိုတာ ခွဲခြားလို့တောင်မသိနိုင်တော့ချေ။

ဤသို့ စံလှနှင့်မြကြူတ်တို့ ဗရုတ်ဗရက်ဖြစ်နေချိန်တွင် မြကြူတ်ကိုပိုးပန်း ရင်း အချောင်နှိုက်ချင်သည့် 'ပွေးမြီး' ဆို သူကလည်း ရေကန်အနီးမှာ ရောက်နေ ခိုက်ဖြစ်သည်။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ပေ မို့ မြကြူတ်ရှေ့ လူစွမ်းကောင်းလုပ်ပြချင် သည့် ပွေးမြီးသည် ဆောလျင်စွာသော အပြေးဖြင့် သူတို့နှစ်ဦးရှေ့ပေါက်ချလာ ၏။ ပွေးမြီးသည် လူကျင့်ဝတ်၊ လောက ဝတ်တို့ကိုပင် ဂရုမမူနိုင်ဘဲ မပြောမဆို နှင့် စံလှပုဆိုးကို လူမဆန်စွာ ဆွဲချွတ် လိုက်ပါတော့သည်။

"ဟာ- တို့ ကိုစံလှကြီး ဖွားဖက် တော် (ငယ်ပါ) တန်းလန်းနဲ့ဗျို့၊ သူ့ဖင်မှာ လည်း ပွေးတွေ၊ ဒက်တွေ ဗရပွနဲ့ ဖင် ဂျွတ်တက်နေတယ်ဗျို့။ ဟေး- ကရော် ကရော် ဟား ဟား- ရှက်စရာကြီးဟေ့"

စံလှဆိုလျှင်စချင်နောက်ချင်သည့် ကလေးတစ်သိုက်ကလည်း မီးလောင်ရာ လေပင့်လိုက်သလို ကြေညာမောင်းခတ် လိုက်ပြန်လေ၏။တောသူအပျိုတစ်သိုက် မှာလည်း ထင်မှတ်မထားသည့် စံလှ၏ ရှက်စဖွယ်ပြကွက်ကြောင့် 'အိုခနဲ' မျက်နှာ များရဲသွားကြကာ မျက်နှာတို့ကို လက် နှင့်အုပ်လျက် တစ်ဖက်သို့လှည့်လိုက်ကြ တော့သည်။

ပွေးမြီးသည် ပုဆိုးချွတ်လိုက်ရုံနှင့် အားမရနိုင်သေး။ အားကိုးအားထားမရှိ ရှာသည့် စံလှကို တွန်းလှဲလိုက်ပါသေး သည်။ စံလှခမျာ ရှက်ရှက်နှင့် မနည်းပင် ကုန်းထနေရရှာ၏။ တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ဆိုသည့်အလား ပုဆိုး ကားရားနှင့် စံလှအဖြစ်က လူပုံအလယ် မျက်နှာပြဖို့စရာတောင်မကောင်းတော့။

'မရှိ ခိုးနိုး၊ မလှ စုန်းယိုး' ဆိုသလို မလောက်လေးမလောက်စားကလေးများ ကပင် သူ့ကို မြေနိမ့်ရာလှံစိုက်ကြပြီ။ ထို အဖြစ်အပျက်က 'လူမလေး ခွေးမခန့်' ဟု ဆိုရလောက်အောင် မြကြူတ်နှင့် စံလှဇာတ်လမ်းက ထိုရွာလေးတွင် ပြော စမှတ်ပြုကြသည်။

၃။ ခွေးသားချို၊ လူ့သားခါး

ထိုနေ့က သူကြီးအိမ်ဝိုင်းထဲမှာ စံလှတစ်ယောက် 'ခြောက်ပေါက်' ခေါ် 'ထိတ်တုံး' ခတ်ခံရခြင်းဖြင့်သာ ဖူးစာဆုံ လိုက်ရသည်။ လူမိန်းမနှင့် ဖူးစာဆုံဖို့မှာ ကား ဝေးစွ ခြောက်ပါးသာတည်း။ ထိတ် တုံးခတ်ခံလိုက်ရသည့် ထိုနေ့မှစ၍ လူရိုး ကြီးစံလှသည် လောကကြီးကို စိတ်အနာ ကြီးနာသွားလေပြီတကား။

အထူးသဖြင့် မိန်းမဟူဘိ ထိုက္ကတ္တိ တို့အပေါ် စိတ်အနာကြီးနာ၊ အရွံကြီးရွံ အမုန်းကြီးမုန်းမိလေ၏။ နေ့ညမဟူ စံလှ ခမျာ သူ့ဝေဒနာ၊ သူ့အရှက်ကို အရက် နှင့်စိမ်သောက်ရင်း အရက်သမားဘွဲ့ကို လုံးလုံးကြီးခံယူလိုက်တော့၏။

တစ်နေ့သ၌ စံလှတစ်ယောက် မိုးသောက်ရောင်နီလာသည်နှင့် အရက် နှင့် မျက်နှာသစ်စဉ်ဝယ် ဘယ်ကမှန်း မသိသည့် ခွေးဝဲစားတစ်ကောင်သည် မယောင်မလည်ဖြင့် စံလှအနီး ရောက်ချ လာ၏။ ထိုခွေးဝဲစားကောင်သည် ဘယ် နှနေ့၊ ဘယ်နှလက ငတ်ကြီးကျလာမှန်း မသိ။ ညတုန်းက အရက်အန်ဖတ်ဆို့ကာ အန်ကျထားသည့် စံလှ၏အန်ဖတ်တို့ကို မြိန်ရေရှက်ရေ ဟပ်၍စားလေ၏။ စံလှ သည် အန်ဖတ်တို့အား နတ်သုဓာအလား ဟပ်စားနေသည့် ခွေးဝဲစားလေးကိုကြည့် ရင်း သနားစိတ်တိုးပွားလာ၏။

"စား စား ကလေးရယ်၊ မင်းနဲ့ငါ ဟာ ဘဝတူပဲပေါ့။မင်းကုပ်ပေါ် မှာလည်း ဖြူနီကြောင်ကျား အမွေးစုတ်ဖွားတွေနဲ့ ဆိုတော့ ဒီနေ့ကစပြီး မင်းကို 'ကုပ်ကျား' လို့နာမည်မှည့်လိုက်ပြီကွ။ ဒီနေ့ဒီအချိန် ကစပြီး မင်းငါ့ဆီမှာပဲနေ၊ ဘယ်မှမသွား ရလို့ တစ်ချက်လွှတ်အမိန့်တော်မြွက် ငါ ချမှတ်လိုက်ပြီ။ ငါစားရသလို ဆွမ်းဟင်း၊ ဆွမ်းထမင်း အကြွင်းအကျန်တွေကို နေ့ ဖို့ညစာချန်ထားပြီး မင်းကို ကျွေးပါ့မယ် ကွာ။ ဘယ်သူမှ ဆေးဖော်ကြောဖက် မလုပ်တဲ့ငါ့ကို မင်းအဖော်လုပ်ပေးဖော်ရ လို့ ဒီနေ့ကစပြီး မင်းနဲ့အဆွေခင်ပွန်းဖြစ် ပြီပေါ့ကွာ- ဟား ဟား"

စကားပြောဖော်မရှိသည့်စံလှတစ် ယောက် ခွေးတစ်ကောင်နှင့် ရင်ဖွင့်ခွင့်ရ ပြီ။ တစ်လက်စတည်း စံလှသည် သူ့အိပ် နေကျ ဖိုရုံသို့ဝင်ကာ မီးသွေးခဲတစ်ခဲဖြင့် ထရံပေါ် စာတစ်ကြောင်းကို ကောက် ရေးလိုက်သည်။ ပြီးတော့ နောက်တစ် ကြောင်း။

'လူသားခါး၏။ ခွေးသားချို၏'

'လူတို့အကြောင်း ပိုသိလေ၊ ခွေးတွေကို ပိုချစ်လေ'

အခါအားလျော်စွာပင် စံလှတစ်ယောက် အရက်မူးလာတိုင်း 'ကုပ်ကျား' လေးကို ပုဏ္ဏားတိုင်ထားလျက် နိစ္စမူဝ အပ်ကြောင်းထပ်နေသည့်စကားတို့ကို ဆိုတတ်လေ၏။

"ဒီမှာ ကုပ်ကျား၊ မင်းနားစိုက်ပြီး မထောင်နဲ့။ နားရွက်ထောင်ပြီး ငါ့စကားကိုမြေဝယ်မကျမှတ်သားထားလေရော့။ အေ့-ဝေါ့ - ငါ. . . ငါ လူမိန်းမဆိုရင် အားကြီး စိတ်နာတယ်။ အဲ- နတ်မိမယ် ဆိုရင်တော့ စံလှတစ်ယောက် တော်ကောက်ပစ်လိုက်မဟ- ဟီဟိ"

ရံခါ ဖြတ်သွားဖြတ်လာတို့သည် စံလှတစ်ယောက် အရက်ကလေးတထွေထွေဖြင့် ပိန်းဇလုတ်မြို့အထွက် ရေတွင်းပျက်အနီး ပလောင်ထင်း ပုလင်းထောင်လျက် တော့င်စဉ်ရေမရ အရက်စကားတို့ကိုပြောပြီး ရှိုက်ကြီးတငင် ငိုနေသည်အား အမြဲလိုလိုတွေ့နေကြားနေရတတ်သည်။

"အင်း- စံလှတစ်ယောက် ဖိုရိုမှာ အနေများလို့လားမသိ၊ ဓာတ်ပေါက်သွားရှာပြီ။ အရက်သမားက နတ်စကားပြောနေပြီဟော့ အရပ်ကတို့ရေ"

သည်လို သည်လို ရွာသားများက ပြောစမှတ်ပြုလာကြပြီ။

၄။ နတ်ကညာတစ်ပါးနှင့် အကြောင်းရယ်ဖန်လာ

စံလှဆိုတာက အရက်သမားသာ ဖြစ်ပေမယ့် သဘောသကာရ မဲနော့ဟဒယတော့ ကောင်းရှာလေသား။ တစ်နေ့တစ်နေ့ အရက်သောက်ရင်း လောကကြီးကို ခြေကန်ထားလျက် ဥပေက္ခာပြုလျစ်လျူရှုနေတတ်သူ။ ဘယ်သူ့ပစ္စည်းမှ မခိုးဝှက်၊ ဘယ်သူ့ကို မစော်ကား၊ ဒုက္ခမပေးတတ်သူ။ သူ့အလုပ်သူလုပ်ရင်း ရွာမှာ ထင်းခွဲ၊ ရေခပ်၊ တောက်တိုမည်ရဟာဟီရလိုက်လုပ်ပေးရင်း သူ့ဝမ်းမီးသူငြိမ်းသတ်။ သူ့ဇာတ် သူက,ရင်း တစ်ပင်တိုင်မင်းသားအဖြစ်နေရသူတည်း။ တစ်နည်းဆိုလျှင် ဆောင်းလေပမာညီ မတည်ငြိမ်သောသဘောရှိသည့် ဣတ္ထိယမိန်းမတို့နှင့် ကင်းနိုင်သမျှ ကင်းပအောင် နေလိုက်တော့သည်။

တစ်ညမှာတော့ အရက်သမား စံလှသည် လူမှန်းမသိအောင်သောက်မိသည့် အရက်ရှိန်ကြောင့် မျက်စိလည်လမ်းများကား ဦးထွန်းခလယ်ထဲသို့ သိုင်းကွက်နင်းလျက် အမှတ်မထင် ရောက်သွားလေ၏။ သူသည် သောက်လက်စ မီးတောက်အရက်ပုလင်းကို ခါးကြားထိုးလျက် အမြည်းအဖြစ် ဆရာတော်စွန့်သည့် ငါးရံ့ကောင်လုံးကြော်တို့ကို လွယ်အိတ်ထဲထည့်ယူလာရင်း အဆိုပါနတ်ရုပ်ရှေ့သို့ မရည်ရွယ်ဘဲရောက်ရှိလာသည်။

အရက်မည်မျှပင် မူးစေဦး၊ အမူးပါး စံလှသည် နတ်ရုပ်ကိုတော့ မှတ်မိပေသား။ ရွာရိုးကိုးပေါက် ဖနောင့်သံစူးလျှောက်သွားနေတတ်သူမို့ စံလှတစ်ယောက်ကို-ထိုနတ်ရုပ်ကို မမှတ်မိစရာ အကြောင်းမရှိပေ။

"အလို. . . နတ်မိမယ်လေး၊ ဘုန်းမေတစ်ယောက်တည်း ပျင်းနေပလား။ ဟဲဟဲ- ငါ့မှာ နတ်ဆက်ဖို့ အရက်ပါလာတယ်ဟေ့။ ငါ့အရက်ကို တစ်ဝက်ယူသောက်။ထစ်အာတာလောက် ငါ့အရက်နဲ့ပဲ နင်နဲ့ငါ ခွက်လှည့်ကြတာပေါ့ ဟင်းဟင်း။ အဲ- ငါးရံ့ကြော်အမြည်းလည်း နှိုက်စား၊ အားမနာနဲ့နော်။ စံလှမှာက ဘာမှမရှိ-ဟီဟိ။ အင်- အရက်နဲ့အမြည်းကိုတော့ အလကား စွန့်ကြဲပေးဖော်ရတယ်နော်"

စံလှသည် ပျော်စေပျက်စေ ကလက်စေဆိုသည့်သဘောနှင့်ပဲလား၊ ဒါမှမဟုတ် စေတနာအရင်းခံကြောင့်လား တော့မသိ။ နတ်ရုပ်ရှေ့သို့ အရက်ပုလင်းနှင့် အမြည်းတို့ကို အလွန်တရာ ကျိုးနွံသည့်ပုံနှင့် တရိုတသေချပြီး ပြုံတီတီမျက်နှာပေးဖြင့် တင်မြှောက်ပသလိုက်သည်။ တစ်လမ်းလုံး နွားငတ်ရေကျသောက်လာသမျှအရက်ရှိန်ကြောင့် စံလှခမျာ မဟန်နိုင်တော့ဘဲ နတ်ရုပ်ရှေ့မှာပင် စက်တော်ခေါ်ကာ အိပ်ပျော်ခြင်းအဖြစ်သို့ ရောက်လေ၏။ ထိုညမှာပင် စံလှက နတ်မိမယ်လို့ အမည်ပေးထားသည့် နတ်ရုပ်မက သူ့ကို အိပ်မက်ပေးလေ၏။

'ဟဲ့- စံလှ၊ နင် ငါ့ကို အရက်နဲ့ အမြည်းတွေချပြီး ကျွေးမွေး ပသတာ ငါသိပ်သဘောကျတယ်။ ကျေလည်း ကျေနပ်ပါတယ်။ အဲ- ပြီးတော့ ကျေးဇူးလည်းတင်တယ်။ နောက်ညတွေလည်း လာဆက်သဦး။ နင့်ကျေးဇူးကို ငါမမေ့ဘူး။ တစ်နေ့တော့ နင့်ကို ငါ မစမယ်၊ သိလား စံလှ'

ထိုနေ့မနက် စံလှလည်း နေ့ဖင်ထိုးမှနိုးတော့သည်။ သူ့ကို ဘယ်သူများ နှိုးလိုက်ပါလိမ့်လို့လည်း ဘေးဘီသို့ ကျီးကန်းတောင်းမှောက်လှည့်ပတ်ကြည့်လိုက်သေးသည်။ သူဘယ်နေရာရောက်နေသည်ကိုပင်မသိလေဘဲ ဇဝေဇဝါဖြစ်နေမိသည်။ သူ့အနီးတွင် ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မတွေ့သည်နှင့်-

"ဩော်- ငါ့ကိုနှိုးလိုက်တာ ဒီနတ်မိမယ်လေးပဲဖြစ်မှာ။ ဟေး- နတ်မိမယ်ရေ၊ စိတ်ချ။ ငါ့ကို မ-မစလည်း ငါမမှုပါဘူး။ ဘယ်သူမှ လူရာမသွင်းတဲ့ ငါ့ကို နတ်မိမယ်လေးက အရေးတယူရှိပေသားဟဲဟဲ။ စိတ်သာချ နတ်မိမယ်လေးရဲ့ နင့်ဆီ ညတိုင်းငါလာမယ်။ အမြည်းကောင်းကောင်းနဲ့ အရက်လည်းတိုက်မယ်"

ထိုတစ်ညမှစ၍ စံလှသည် မိမိအတွက် စားစရာရှိရှိ၊ မရှိရှိ၊ သောက်စရာ ရှိရှိ၊ မရှိရှိ နတ်ရုပ်အတွက်ကိုမူ အရက်တစ်ပိုင်းနှင့် အမြည်းတစ်ခုခုကိုတော့ မဖြစ်မနေ ယူလာတတ်လေ၏။

လိုချင်မျက်စိဖြင့် မကြည့်လေဘဲ တစ်လမ်းသွား စုန်ရေလို စံလှစေတနာသည်ကား ရှာမှရှားလှသည်။အယူမဖက် အပေးသက်သက် သူ့ရက်ရောမှုအပေါ် နတ်ရုပ်မသည် ခံစား နားလည်ပေးပုံရသည်။ စံလှအဖို့ တစ်ညလည်းမဟုတ်၊ ညတိုင်းလိုလို မပျက်မကွက်ပင် အရက်နှင့်အမြည်းကိုယူလျက် ရောက်နေသည်မှာ အတော့်ကိုကြာလေပြီကော။ သည်လိုနှင့်, (၁၀)ရက်၊ (၁၅)ရက်ခန့်အချိန်တို့သည် မသိလိုက်မသိဘာသာ ကုန်ဆုံးသွားလေ၏။

တစ်ညသားမှာတော့ မီးတောက်အရက်ကပြင်းရှရှအမြည်းကခပ်ကောင်းကောင်းနှင့်မို့ ဆက်ရက်မင်းစည်စိမ်းယစ်ကာ စံလှတစ်ယောက် တခေါခေါဖြင့် အိပ်မောကျလေ၏။ ဤတွင် နတ်မိမယ်လေးက စံလှအားထူးဆန်းသည့်အိပ်မက်တစ်ခုကို လက်ဆောင်အဖြစ်ပေးပါလေ၏။

'စံလှ၊ နက်ဖြန်ခါ အိမ်ရာကနိုးလာရင် ငါဆီလာလှည့်။ရွှေမန်ကျည်းတောင့်တစ်တောင့်တွေ့လိမ့်မယ်။အဲဒီအတောင့်ရရင် နင်လည်းသလို ငွေအသပြာအဖြစ် ပြောင်းလိုက်။ နင်လည်းစား၊ ငါ့ကိုလည်း လာကျွေးလှည့်'

ခါတိုင်းဆိုလျှင် ညကမက်သည့်အိပ်မက် မနက်နိုးလာတော့ စံလှ မမှတ်မိဘဲ ရှိတတ်၏။ ယောအခုတော့ နတ်သမီးပေးသော အိပ်မက်ကို ပြက်ပြက်ထင်ထင်၊ ထင်ထင်ရှားရှား စံလှကောင်းကောင်းမှတ်မိနေသည်။ မူးရီမပြေသည့် အရက်ဦးမှာ စိတ်ကူးဖြင့် ပုံဖော်၍ရနေ

သည်။

"ဟယ်-ဟုတ်သော်ရှိမဟုတ်သော် အရှုံးမရှိလောက်ဘူး။ နတ်မိမယ်ပေးတဲ့အိပ်မက် တကယ်ဟုတ်၊ မဟုတ် သိရအောင် သူကိုမ,ပြီး ငါ့ကိုယ်တော်မြတ် ရွှေတော်မူမယ်။ ဦးဖွ- ဘုရားသိကြားမ, တို့ အယ်- မဟုတ်ပါဘူး၊ နတ်မိမယ်လေး မစလို့ ကြွလေရော့လဟယ်"

မနက်စောစောစီးစီး ကျီးကန်းတွေတောင် အိပ်ရာမှမထသေး။ အရက်သမားဝီရိယဖြင့် ဆွမ်းခံကြွ ကိုရင်တွေထက်တောင် စံလှတစ်ယောက် နိုးကြားထက်ကြွနေချေပြီ။ သို့နှင့် မှောင်မှောင်မည်းမည်းထဲမှာပင် နတ်သမီးကျောက်ချရာ လယ်ကွင်းထဲသို့သွားကာ ပုဆိုးကိုခါးတောင်းကျိုက်လျက် နတ်သမီးရုပ်အား အနည်းငယ်မျှ ရွေ့သွားအောင်အားစိုက်၍ ရွှေ့လေ၏။

လယ်ပိုင်ရှင် ဦးထွန်းခနှင့် သူရင်းငှား ထော်ကြီးတို့ ဘယ်လိုပင်ရွှေ့ရွှေ့မရွှေ့သည့် နတ်ရုပ်သည် စံလှရွှေ့တော့သည်း အလိုက်သင့်ပင် ထူးထူးခြားခြားကြွတက်လာသည်။ စံလှသည် ကြွတက်လာသည့် နတ်သမီးရုပ်အောက်သို့ လက်သျှိုပြီး နှိုက်ထုတ်လိုက်သည်။

"ဟာ. . . ဟင်- အလိုဗျာ- ရွှေမန်ကျည်းတောင့် အဟုတ်ပဲဟ။ ဟီဟီ- ဘကယ်ပဲ နတ်မိမယ်လေးက ငါ့ကို မစလိုက်ပြီ။ ဟား- ပျော်လိုက်တာ"

ငမူးစံလှတစ်ယောက် ပျော်လိုက်သည့်ဖြစ်ခြင်း။သောက်ထားသည့်အရက်နံ့တွေတောင် ကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်ကြပြီ။မျောက်ရွှေတစ်ပဲသားရသည့်အလား အခုမှပင် ရွှေအစစ်ကိုမိမိရရ ဆုပ်ကိုင်ဖူးသည့် စံလှခမျာ ရွှေမန်ကျည်းတောင့်ကို ဖင်ပြန်ခေါင်းပြန်ကြည့်လျက် ပီတိလေဟုန်စီးကာ အပျော်ကြီးပျော်နေရှာ၏။

ဤသို့ဖြင့် စံလှတစ်ယောက်မကြာခဏဆိုသလို ရွှေမန်ကျည်းတောင့်ထစ်တောင့်ကျ ခွဲတမ်းရကာ ဟန်ကျပန်ကျဖြစ်နေတော့သည်။

ထိုခေတ် ထိုအခါက ပိန်းဇလုတ်နေ မြို့သူမြို့သားအပေါင်းတို့သည် မြို့တက်ပြီး ငွေကို ရေလိုလေလိုသုံးဖြုန်းနေသည့် စံလှကိုကြည့်ပြီး တအံ့တဩဖြစ်မိကြသည်။

"ဟဲ့- ဒီအကောင် ခုတစ်လောထောနေပါလား။ကေန္တ-ဒီကောင့်ကိုဥစ္စာစောင့်မတ ရွှေတွေ ပေးနေတာလားမှ မသိတာ"

"အို-ကံကောင်းတဲ့ခွေး ချေးပုံဟပ်ဆိုသလို လူမစွမ်း နတ်မ,လိုက်တာ နေမှာပေ့ါ"

လိုသူတွေရော မလိုသူတွေကပါ စံလှအပေါ် ဤသို့ထင်မြင်ချက်အမျိုးမျိုးပေးကြကုန်၏။ အရက်သမား စံလှကလည်း သူပေးထားသည့်ကတိအတိုင်း ညစဉ်မပျက် အရက်နှင့်အမြည်းကို သူ့နတ်မိမယ်လေးအား မပျက်မကွက်ဆက်မြဲဆက်နေလေ၏။

စံလှကလည်း အရက်သမားပင်ဖြစ်လင့်ကစား နှုတ်လုံလှ၏။ ဘယ်သူမေးမေး နတ်ရုပ်နှင့် သူ့အကြောင်းကို တစ်ခွန်းတစ်ပါဒ တစ်စွန်းတစ်စမျှ ဖွင့်ဟခြင်း မရှိလေခဲ့ချေ။

၅။ နတ်မိမယ်နှင့် အရက်သမား

တစ်နေ့မှာတော့ စံလှအား တစေ့တစောင်း ချောင်းမြောင်း အကဲခတ်နေကြသည့်သိုက်ဆရာသုံးယောက်တို့သည် စံလှ မရှိခိုက် နတ်ရုပ်အနီးသို့ တိတ်တဆိတ် ချဉ်းကပ်ကြလေ၏။ သိုက်ဆရာအမည်ခံ အောက်လမ်းဆရာဆိုသူသည် သူ့တပည့်နှစ်ဦးအကူဖြင့် နတ်အုပ်ရှေ့အင်း၊စမတွေချကာ ဦး အစချီ ဂါထာတို့အား ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်သရဇ္ဈာယ်ကြလေ၏။ ခေါင်းဆောင်ဖြစ်သူ အောက်လမ်းဆရာသည် အင်း၊ စမကွက်တို့ချအပြီးတွင် အသင့်ယူလာသည့် ချည်မန်းကွင်းဖြင့် နတ်ရုပ်လည်ပင်းကို စွပ်လိုက်လေ၏။

"ဟဲဟဲ - ငါ့တပည့်တို့၊ ချည်မန်းကွင်းကိုစွပ်လိုက်တာနဲ့ ဘယ်နတ်၊ ဘယ်ဥစ္စာစောင့်မှ မခံနိုင်တော့ဘူး။ တို့လိုချင်တဲ့ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားတွေ မကြာခင်ရတော့မှာကွ- ဟီးဟီး"

သိုက်ဆရာတို့ ဆရာတပည့်၏ မျက်နှာများသည် မလိုလောဘဇောတွေနှင့် အဆီပြန်ကာ နတ်ရုပ်ရှေ့အစီအရင်တွေပြုရင်း လောကကြီးကို ဥပေက္ခာပြုလျက် လောင်မြိုက်ကြလေ၏။ ချည်မန်းကွင်း၏အစွမ်းကြောင့် နတ်ရုပ်သည် ပူလောင်ကျွမ်းမြည့်သည့်ဒဏ်ကို မချိမဆံ့ခံစားလိုက်ရကာ ဆိုးဆိုးဆတ်ဆတ်တုန်ရီလာလေ၏။

သို့ဖြစ်လင့်ကစား နတ်ရုပ်ခမျာ သူချစ်ခင်တွယ်တာရသည့် စံလှအတွက် ရည်စူးထားသည့်ရွှေမန်ကျည်းတောင့်များကိုတော့မူ လားလားမျှအထိမခံ။ ကိုယ်ယောင်ဖျောက်ကာ တင်းခံလျက် ကြိတ်မှိတ်ခံစားရရှာ၏။ နေရာမှတစ်လက်မမျှမရွှေ့သလို တစ်ရွှေးသားပင် အပွန်းအပဲ့မခံချေ။

သိုက်တူးသမား အောက်လမ်းဆရာတို့သည် သိုက်အင်းချကာ ချည်မန်းကွင်းတို့ ဘယ်လိုစွပ်စွပ် နတ်ရုပ်ကြီးကို ရွှေ့မရတော့သည့်အဆုံး လက်မှိုင်ချကာ စိတ်ပျက်လက်ပျက်ပြန်သွားကြလေတော့သည်။

ထိုညက စံလှသည် ဘုန်းကြီး ဖိုထိုးသည့် အဂ္ဂိရတ်တဲထဲ၌ အမူးလွန်ပြီး အိပ်နေရင်း ထူးဆန်းသည့်အိပ်မက်တစ်ခုကိုမက်ပြန်၏။

'ဟေး-စံလှ၊ ထထ၊အချိန်မရတော့ဘူး။ ဟိုလူယုတ်မာ သိုက်တူးသမားတွေ ငါ့လည်ပင်းမှာ ချည်မန်းကွင်းနဲ့စွပ်ထားလိုက်ကြပြီ။ မီးမြိုက်ခံထားရသလို ငါ အင်မတန်ပူနေပြီ။ငါ့ရွှေမန်ကျည်းတောင့်တွေ နင်မရမှာစိုးလို့ နင့်အတွက်နဲ့ ငါ ကြိတ်မှိတ်ပြီးခံနေရတယ် သိလား စံလှရဲ့။ နင် ငါ့ဆီ ခုချက်ချင်းလိုက်လာခဲ့။ ဟိုအယုတ်တမာသိုက်ဆရာတွေ နောက်တစ်ကျော့ ပြန်မလာခင် သူတို့စွပ်ထားခဲ့တဲ့ ချည်မန်းကွင်းကို အမြန်လာဖြုတ်ပေးလှည့်တော့'

သည်တစ်ညတော့ နတ်မိမယ်၏ မေတ္တာဓာတ်အပြည့်စိတ်စွမ်းအင်တန်ခိုးကြောင့်လားမသိ။ သူ့အလိုလို စံလှတစ်ယောက်လန့်နိုးလာ၏။ အချိန်က သန်းခေါင်ယံ ညဉ့် (၁၂) နာရီ။ အခါမဆိုင်း ဖိန်းမောင်းတုတ်ကာ နတ်ရုပ်ရှိရာသို့ အပြေးကလေး အသော့နှင်လေ၏။

အိပ်မက်အလိုအတိုင်း စံလှ အမှန်ပင် တွေ့လိုက်ရပါပြီ။ သူ့နတ်မိမယ်လေး၏လည်ပင်းတွင် သူမက်သည့်အိပ်မက်အတိုင်း ချည်မန်းကွင်းတွေ တိုးလိုးတွဲလောင်းနှင့်ပါတကား။

နတ်ရုပ်၏ ရွှေမျက်နှာတော်မှာလည်း ခါတိုင်းနှင့်မတူ ပြုံးနေဟန်မပြ။ ပူလောင်သောကတစ်ခုကြောင့် ပြင်းပြသောဝေဒနာတို့ရပြီး ညှိုးရော်နေပုံပေါက်နေသည်။

မဆိုင်းမတွမှာပင် စံလှသည် နတ်သမီးလည်ပင်းမှ ချည်မန်းကွင်းတို့အား အကြောက်အရွံ့မရှိ ဖြုတ်ပေးလိုက်၏။ ချည်မန်းကွင်းကို စံလှဖြုတ်အပြီးမှာ နတ်ရုပ်သည် စူးစူးဝါးဝါးအသံဖြင့် ကျယ်လောင်စွာ ဟစ်အော်လိုက်လေ၏။ သူ့တစ်ကိုယ်လုံးလည်း လျှပ်စီးလက်သလို မီးညွန့်မီးပန်းတို့ ဟုန်းခနဲထကာဖြာထွက်လာလေ၏။ ပြီးလျှင် ‌ေ ချာက်ချားဖွယ် အသံတစ်ခုဖြင့် ကြုံးဝါးလိုက်ပြန်၏။

(ဆောင်းပါး)

သွေးနီဥ
နပျိုခြင်းအလှ၊ အိုမင်းခြင်းဘဝ

(၁)

'အချိန် ဆိုတာ တကယ် အရှိမဟုတ်' ဟု မကြာမီက ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။

သူ့အဆိုမှာ ပညာပိုင်းဆိုင်ရာ လေ့လာမှုဖြင့်ပြောခြင်းဖြစ်ဟန်ရှိပါသည်။ သာမန်လူများအတွက်မှာကား အချိန်ကို သတိမူလျက် အချိန်နှင့်လုပ်၊ အချိန်နှင့်နား၊ အချိန်နှင့်သွား စသည်ဖြင့် အချိန်ဟူသော အတိုင်းအတာပေါ်၌ အမှီသဟဲပြု အမှတ်အညာထားပြီး လူ့မှုကိစ္စအရပ်ရပ်ကို ဆောင်ရွက်နေကြရသည်။

အချိန်သည် လူတစ်ဦးချင်းအတွက်ဖြစ်စေ၊ လုပ်ငန်းကြီးတစ်ရပ်အတွက် ဖြစ်စေ၊ တိုင်းပြည်နိုင်ငံတစ်ခုအတွက် ဖြစ်စေ ရပ်တည်မှု၊ အောင်မြင်မှု၊ ဖွံ့ဖြိုးမှု စသည်တို့မှာ အချိန်ကိုသုံးစွဲနိုင်မှုပေါ်၌ အမိကတည်နေလေသည်။

ထို့ကြောင့် 'ဒီရေနှင့်အချိန်သည် လူကိုမစောင့်' ဟူ၍ သိုးဆောင်းစကားပုံ ခေတ်စားခဲ့သည်။ မြန်မာတို့၌ 'အချိန်ရှိခိုက် လုံ့လစိုက်၊ မိုးလွန်မှထွန်ချ၊ အလာကောင်းသော်လည်း အခါနှောင်းသည်' အစရှိသော ဆိုစကားများစွာတို့မှာ အချိန်ကို ပဓာနထားရခြင်း၏သဘောကို ဆိုလိုသည်။

အချိန်သည် ရုပ်ပစ္စည်းကဲ့သို့တိုက်ရိုက် ထိဆုပ် ကိုင်တွယ်၍မရကြောင်း၊ မြင်အပ်ခြင်းငှာလည်း မစွမ်းသာကြောင်း မှန်ပါသည်။ သို့သော် အချိန်ကို ကိုယ့်အမှတ်အသား သင်္ကေတနှင့် အမှတ်အသားပြု၍ သိသာအောင် တိုင်းတာ သတ်မှတ်ကြသည်။

နာရီမပေါ်မီ ရှေးအခါက သုံးခဲ့ကြသော 'ရေနာရီ'၌ ဖလား၏အပေါက်ငယ်မှ ရေအပြည့် စိမ့်ဝင်သွားချိန်သည် 'တစ်ယူနစ်' ဖြစ်သည်။ 'ရေနာရီ' အားဖြင့် တစ်နာရီ ဖြစ်သည်။ ထို အခြေခံယူနစ်သည် 'ဧကမူ' ဟု ခေါ်ကြသော အတိုင်းအဆ ဖြစ်၏။

သဲအပြည့် ထည့်ထားသော ဖန်

"ဟားဟား ဟားဟား - သိုက်ဆရာစုတ်တွေ၊ခုချိန်ကစပြီးငါ့အကြောင်း သိရစေမယ်ဟေ့- ဟား ဟား ဟီး ဟီး"

နတ်ရုပ်မ၏ ကြုံးဝါးသံ၊ နတ်စက်ကွင်းတို့ကြောင့် ဘုရားအိုကျောင်းပျက်ထဲပုန်းအောင်းနေကြသည့် သိုက်ဆရာသုံးယောက်တို့လည်း နေမထိထိုင်မသာဖြစ်ကာ အိပ်နေရာမှ အထိတ်တလန့်နိုးလာကြတော့၏။ သူတို့ရင်ဘတ်တစ်ခုလုံးသည်လည်း လောင်မီးကျသလို တူသောအကျိုးပေးလျက် မခံမရပ်နိုင်အောင် ပူလောင်လာကြပေတော့၏။

"အား- ပူတယ်. . . ပူတယ်. . . မနေနိုင်တော့ဘူး။ ရေ. . . ရေပေးကြပါ၊ ရေငတ်တယ်။ တစ်ကိုယ်လုံးလည်းပူလှပြီဗျာ။ ရေ. . . ရေလောင်းပေးကြပါတော့"

ဤကဲ့သို့ တစာစာဟစ်အော်ရင်း အရူးမီးဝိုင်းသလို ဆောက်တည်ရာမရ ပတ်ပြေးကြလေ၏။

သို့ဖြင့် သိုက်တူးသမားတို့သည် နတ်ရုပ်နှင့်ပြိုင် မနိုင်တော့မှန်းသိလာ၍ ခြေဦးတည်ရာ ပြေးမိပြေးရာသို့ ကစဉ့်ကလျား ပြေးထွက်သွားကြလေ၏။

ထိုသူတို့သည် လယ်ကန်သင်းရိုးတစ်လျှောက် လယ်ကွက်တစ်ခွင် ပတ်ပြေးရင်း မြေပြင်ကို ရေအထင်ဖြင့် အပူဝေဒနာ သက်သာလိုသက်သာငြား ကူးခပ်နေကြရလေပြီတကား။

"ဟော- ဟိုမှာ ရေ. . . ရေတွေ။ အောင်မယ်လေးဗျ- ရှေ့မှာလည်း ရေ၊ နောက်မှာလည်းရေ၊ ရေ. . . ရေတွေ ပတ်လည်ဝိုင်းလို့ ရေလုံးရေခဲတွေ တို့နောက် လိုက်လာကြပြီ။ ကူးကြ ယက်ကြ၊ လွတ်အောင်ပြေးကြတော့ဟေ့"

မြေပြင်ကို ရေအမှတ်ဖြင့် ကူးခပ်နေကြသည့်လူတစ်စုတို့ ဥစ္စာရူးရူးသည့်စိတ်ကြောင့် ပင်ကိုအသိတို့ပျောက်ကွယ်ကြလေပြီ။ ဒီလိုနှင့် သိုက်ဆရာတစ်စုတို့သည် မတတ်သာသည့်အဆုံး ခြေကုန်လက်ပန်းကျကာ အမှန်တကယ်မရှိသည့် ရေလှိုင်းပြင်ထက်ဝယ် အမောဆို့၍ သေကြလေ၏။

စံလှမရှိသည့်အချိန်တွင် မသမာသူတို့သည် စံလှ ဝှက်ထားသည့် ရွှေမန်ကျည်းတောင့်တို့ကိုခိုးယူဖို့အလို့ငှာ ဂူဝင်းအိပ်သည့် အဂ္ဂိရတ်တဲထဲသို့ ရောက်လာကြသည်ဆို၏။ သူခိုးတို့သည် အစဦးမှာတော့ ရွှေရောင်တဝင်းဝင်းနှင့်လင်းပနေသည့် ရွှေမန်ကျည်းတောင့်တို့ကို မြင်လိုက်ကြလေငြား လက်နှင့်ထိလိုက်သည်နှင့် ထိုရွှေမန်ကျည်းတောင့်တို့မှာမီးသွေးခဲအဖြစ်သို့ ဆန်းကြယ်လှစွာဘဝပြောင်းသွားကြောင်း အံ့သြတကြီး တွေ့လိုက်ကြတော့၏။

"ဩော်- ရတနာဆိုတာ ထိုက်သူမှရတတ်သည့်အမျိုးပါတကား"

ထိုအဖြစ်အပျက်တို့ ဖြစ်ပျက်ပြီးမကြာခင်မှာ စံလှသည် လည်းကောင်း၊ သူချစ်သည့်နတ်မိမယ်လေးသည် လည်းကောင်း ဆန်းကြယ်စွာ ပိန်းဇလုတ်မြို့တစ်ခွင်မှ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားလေ၏။ တချို့က ထင်ကြေးအမျိုးမျိုးပေးလျက် မည်ကာမတ္တ နတ်ရုပ်ပင်ဖြစ်လင့်ကစား ဥစ္စာစောင့်မလေးက အယောင်ပြထားသည့် ဝိညာဉ်ပူးနတ်ရုပ်သာဖြစ်ကြောင်း၊ ဥစ္စာစောင့်တို့၏ ကမ္မဇိဒ္ဓိအစွမ်းဖြင့် ထိုနတ်ရုပ်ကိုလျှင် အပြီးအပိုင် ကိုယ်ယောင်ဖျောက်စေလျက် ပျောက်ဆုံးသွားစေကြောင်း အမျိုးမျိုးမှတ်ချက်ပေးကြလေ၏။

မည်သို့ဆိုဆို ပုံပြင်ဆန်ဆန်ပါးစပ်ရာဇဝင်အရ အရက်သမားစံလှသည် သူချစ်သည့် နတ်မိမယ်လေးအား ခေါ်ယူပေါင်းသင်းကာ လူ့ရပ်လူ့ရွာနှင့်ဝေးရာသို့ အပြီးတိုင်စွန့်ခွာသွားသည်ဆိုသည့် ယုံတမ်းစကားအဖြစ်သာ ထင်ကျန်ရစ်ခဲ့လေ၏။

ညီခြောင်

(ကိုစိန်လွင်ပြောပြသည့်ဖြစ်ရပ်မှန်အား ခံစားရေးဖွဲ့သည်။)

ဆွတ်ထဲမှနေ၍ ဖန်ခွက်၏အောက်ဘက် အတန့်သို့ သဲပွင့်များ ကျဆင်း ကုန်ဆုံး သွားသော အချိန်သည်လည်း 'သဲနာရီ တစ်နာရီ' သို့မဟုတ် 'ဧကမူ' တစ်ခုဖြစ်သည်။ အချို့လူမှုစနစ်များ၌ ဤသည်ကို အကြောင်းပြု၍ အချိန်ကို သဲပွင့်များနှင့် နှိုင်းလျက် Sands of Time ဟု သုံးကြသည်။

(၂)

ထိုသို့မဟုတ်မူဘဲ နေရောင်ရသော နေရာ၌ ပျဉ်ပြားပေါ်တွင် ငုတ်တိုင်စိုက်၍ တိုင်ငုတ်အရိပ်ကျပြီး ရွေ့လျားအကွာအဝေး အတိုင်းအတာကို စစ်ကြည့်လျက် အချိန်ကို မှတ်သားနိုင်သည့် 'နေနာရီ' များလည်းပေါ်ခဲ့သည်။ လူတို့စိတ်ကူးဖြင့် တီထွင်၍ မှတ်သားသော မည်သည့်ကိရိယာမျှ မရှိသောအခါ နေထွက်ချိန်၊ နေဝင်ချိန်တို့စပ်ကြား အချိန်ကို အမျိုးမျိုး ပိုင်း၍ မှတ်သားနိုင်သေးသည်။

ထို့ကြောင့် 'နေလုံးတစ်ပြူ၊ နေ ထန်းတစ်ဖျား၊ နေ့မွန်းတည့်၊ နေဝင်ရီ ဘရော' စသည်ဖြင့် အချိန်ကို အကြမ်း မှတ်သားနိုင်သည်။ အချိန်မှန်းဆရာ၌ အတိအကျ မဟုတ်သော်လည်း မိမိတို့ လူမှုအနေအထိုင် ဓလေ့နှင့်ယှဉ်လျက် ခပ်ဓလေ့အသုံးဓလေ့ အသုံးနှင့်ဆိုလျှင်-

ဆွမ်းခံပြန်၊ ကြက်ဦးတွန်၊ သူငယ် တိတ်ဆိတ်၊ လုလင်ပြန်၊ သက်ကြီးခေါင်းချ၊ ညီအစ်ကို မသိတသိ စသည်ဖြင့် အမှတ် သညာပြုကြသေးသည်။ ကာလကြာ ညောင်း၍ အချိန်နှင့် ပတ်သက်သော အယူအဆတို့ တိုက်ဆိုင် ညီညွတ်လာ ကြသောအခါ အချိန်၏ 'ဧကမူ' သည် တစ်နာရီမျှ မဟုတ်တော့။

အနောက်တိုင်းစနစ်တွင် 'မိနစ်၊ စက္ကန့်၊ နာရီစက္ကန့်' စသည်ဖြင့် စိတ်ဖြာလျက်၊ တစ်ရက်တာ ပျမ်းမျှ (၂၄) နာရီ အတွင်းမှတ်သားကြသည်။

မြန်မာတို့၏အစဉ်အလာ အချိန် အတိုင်းအတာဖြစ်သော မျက်စိ ၁ မှိတ်၊ ၁ ခဏ၊ ၁၀ ခဏ= ၁ လယ၊ ၁၀ လယ= ၁ ခရာ (၁ မှုတ်)၊ ၁၀ ခရာ= ၁ ပြန်၊ ၆ ပြန်= ၁ ဗီဇနာ၊ ၁၅ ဗီဇနာ= ၁ ပါဒ်၊ ၄ ပါဒ်= ၁ နာရီ၊ ၆၀ နာရီ= ၁ ရက် ဟူသောအသုံးအနှုန်းတို့မှာ လူမှုစီးပွား ရှုပ်ထွေးထူထဲသောခေတ်ကာလနှင့် အဆင် မပြေတော့ပေ။

ယခုအခါ အချိန်နာရီသည် နံရံ ပေါ်၊ စားပွဲပေါ်နှင့် ရုပ်မြင်သံကြားမျက်နှာ ပြင်ပေါ်၊ လက်တွင်ပတ်သောနာရီတို့၌

ရောက်ခဲ့ပြီ။ အချို့နာရီက လက်တံနှင့် ပြသည်။ အချို့နာရီများက ဂဏန်းနှင့် ပြသည်။ အချို့နာရီများက လက်ကိုင်ဖုန်း များက ပြသည်။ ထိုလက်တံ၊ ထိုဂဏန်း တို့သည် အချိန်ကာလ၏ အစိတ်အပိုင်း များတစ်လျှောက် ရွေ့လျားနေနေကြ၏။ ထိုမျက်နှာထိုကိုကြည့်၍ ရောက်ဆဲခဏ အချိန်နာရီ၊ အချိန်းအချက်ထားသော နေ့ရက်၊ သတ်မှတ်ချက် ဇယားပြက္ခဒိန်၊ မွေးရက်၊ ခုနှစ်၊ လတို့ကို အလိုကျ မှတ် သားနိုင်သည်။

ထိတွေ့ဆုပ်ကိုင်၍မရသောအချိန် ကို (၁၂)လရာသီဟုလည်းခွဲသည်။ ပန်း များပွင့်ချိန်၊ သစ်သီးကောက်နှံများပေါ် ချိန်တို့နှင့်လည်း ယှဉ်၍မှတ်သားကြ၏။ 'ရာသီမသိ ပန်းနှင့်ညှိ' ဟူ၍ ဆိုကြသေး သည်။

ကောင်းကင်တွင် ထွန်းလင်းသော ကြယ်နက္ခတ်များကား ရှေးလူတို့ အစဉ် အလာကပင် အချိန်နှင့်ရာသီကိုအမှတ် အသားပြုခဲ့ကြသည်။ 'ခုနစ်စဉ်ကြယ် ပြောင်း အမိုးထောင်၊ သန်းခေါင်ချိန်သို့ ရောက်' စသည်ဖြင့် အစဉ်အလာ၊ အမှန်း အတား မှတ်သားကြ၏။ သို့ဖြင့် ပြက္ခဒိန် သည် ကောင်းကင်နက္ခတ်တို့ကို အမှီပြု ၍ လူတို့အကျိုးငှာ ပေါ်လာရသည်။

(၂)

အချိန်၏ ဖြစ်တည်မှုကို ရှာရင်း လူ့ပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်း တို့၌ အချိန်၏ စာမျက်နှာများကို တွေ့ နိုင်သေးသည်။ ရွက်နုတို့ ဖူးပွင့်ချိန်၊ ရွက် ဟောင်းတို့ ကြွေလောင်းချိန်၊ ပင်ပျိုတို့ လန်းသစ်ချိန်၊ ပင်အိုတို့ ယွင်းသိုချိန်တို့ ကိုလည်း အမှတ်သညာပြု၍ ရသည်။

ပျိုမျစ်သောမျက်နှာ၏တင့်တယ်မှု၊ အိုမင်းသောမျက်နှာ၏လှပမှုတို့ ကို မြင်သာသော မျဉ်းကွေးများ၊ အစင်း အကြောင်းများနှင့်လည်း သင်္ကေတထား ကာ ဘဝ၏တည်ငြိမ်ခြင်း အလှတရား များကို မြင်တွေ့နိုင်မည်။

သစ်ပင် သစ်သားဘဝနှင့် သက်ရှိ သတ္တဝါတို့မှ မြေအောက်တွင် နှစ်ပေါင်း များစွာကြာအောင် မာကျောသောအသွင် သို့ပြောင်းသည့် 'ပယင်း၊ မီးသွေး' စသော ကျောက်ဖြစ်ရုပ်ကြွင်းများက အချိန်၏ လေးနက်မှုသရုပ်ကိုဖော်ပြနေ၏။ အချိန် ၏ ထိုက်သင့်သမျှ တိုတောင်းခြင်း၌ အလှ အပ တက်ကြွနုပျိုမှုနှင့် အချိန်၏ ရှည် လျားခြင်းကြောင့် အတွေ့အကြုံများမှု၊ လောကစံ အထုအထောင်းကြောင့် အ ကျည်းတန်မှုတို့ကိုလည်း လူတို့စိတ်၌ ယူ တတ်လျက် ဆင်ခြင်တတ်သောသဘော တရားကိုရနိုင်ပြန်သည်။

သာမန်အားဖြင့် အချိန်ကို ဆန့် ထုတ်၍မရ၊ အချိန်ကိုချုံ့ပစ်၍မရသော် လည်း လူတို့သည် မိမိတို့အမှုကိစ္စကို လိုက်၍ အလုပ်၏လျင်မြန်ခြင်း၊ ခရီး၏ ပေါက်မြောက်ခြင်း၊ အရေအတွက်၏ များပြားခြင်းတို့ကို လိုသလို ရအောင် တီထွင်ကြံဆောင်နေကြသည်။

စက်မှုသိပ္ပံနည်းနာတို့ကို ရေလဲ အမျိုးမျိုးဖြင့် သုံးစွဲ၍ အလိုပြည့်အောင် လုပ်ကိုင်နေကြသည်။ စိတ်ထင်တိုင်း ပေါက်သည်လည်းရှိ၏။ ထင်သလောက် မပေါက်သေးသည်လည်းရှိ၏။ ဤသည် မှာ လူ့အားမာန်နှင့် အချိန်၏အစွမ်းပင် ဖြစ်သည်။

(၄)

တစ်နည်းကြည့်လျှင် 'အချိန်သည် သမိုင်းဖြစ်လေသည်'။ ကိုယ့်သမိုင်း၊ သူ့ သမိုင်း ဟူ၍ ကာလအရှည်၊ အတိုသော ကွာခြားသည်။ အချိန်၏ ရှည်လျားခြင်း ကို ပြက္ခဒိန်နှစ်တို့ဖြင့်သာမက ခေတ် တစ်ခေတ်၊ ရာစုတစ်ခု၊ ထောင်စုတစ်ခု တို့အဖြစ် ပိုင်းဖွဲ့ တိုင်းတာကြပြီး ပါဠိ ဘာသာအားဖြင့် 'ကာလယုဂ်ကြီးများ' စသည်ဖြင့် သဘောပေါက်အောင် မှတ် သားကြသည်။ အချိန်၏အကြောင်းကို ဝေးဝေးတွေးလျှင် 'အတိုင်းမသိ' ဟူ သော အသုံးအနှုန်းကသာ ဆီလျော်ပေ သည်။

သို့သော် လူ့ကိစ္စများတွင်ကား ရ သောအချိန်၊ ရောက်သောအရွယ်၊ ပေး သော အခွင့်ကာလတို့ကို မိမိရရ အသုံး ချကြဖို့မှာ အဓိကဖြစ်ကြောင်း သဘော ထားအပ်ပေသည်။

(အချိန်၏အရှင်သခင် ဖြစ်ကြပါစေ)

သွေးနီဥ(မန္တလေး)

ကျော်ဝင်း
(ရန်ကုန်တက္ကသိုလ်)

ကုန်းဘောင်ခေတ်က မြို့သူကြီး

ကုန်းဘောင်ခေတ် အဝေးမြို့ရွာ အုပ်ချုပ်ရေးသည် ဘုရင်ဇကရာဇ်ကခန့်အပ်ထားသော အမျိုးမျိုးသောအရာရှိများလက်တွင်းတွင်ရှိသည်။ စီရင်စုတစ်ခု၏အကြီးအကဲသည် မြို့ဝန်ဖြစ်သည်။ မြို့သည်အုပ်ချုပ်ရေး၏ သာမန်အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ တစ်ခါတစ်ရံ ထိုက်၊ ဒိုင်း၊ ထောင်စသည်အမည်များဖြင့်လည်းခေါ်ဆိုလေ့ရှိသည်။ မြို့၊ ထိုက်၊ ဒိုင်း၊ ထောင်တစ်ခုစီကို ဒေသဆိုင်ရာ ရိုးရာအရာရှိဖြစ်သူ မြို့သူကြီးကအုပ်ချုပ်သည်။ မြို့သူကြီးသည် တိုက်သူကြီး၊ ထောင်မှူး စသည့်အမည်များဖြင့်လည်း သိရှိကြသည်။

မြို့တစ်မြို့တွင် မြေဇရိယာ အတော်များများပါဝင်သည်။ ပုံမှန်အားဖြင့် မြို့တစ်မြို့နှင့် ၎င်း၏အတွင်းပိုင်းများပါဝင်သည်။ မြို့သူကြီးသည် ဒေသတွင်အဓိကအာဏာပိုင်ဖြစ်သည်။ ၎င်းသည် မြို့ဝန်ထက်ပို၍ဩဇာရှိပြီး နောက်လိုက်လည်းပိုများသည်။ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းမှာ မြို့သူကြီးသည် ဒေသခံပုဂ္ဂိုလ်ဖြစ်ပြီး ၎င်း၏မိသားစုမှာလည်း မျိုးရိုးအစဉ်အဆက်အုပ်ချုပ်ခဲ့သောကြောင့်ဖြစ်သည်။ မြို့သူကြီးရာထူးသည် မျိုးရိုးအလိုက် ကြီးစိုးသောရာထူးလည်းဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ စစ်တမ်းများတွင်-

'အနိမ့်ရွာကို ကျွန်တော်ဘေးငနှောင်းကြီးစိုးစီရင်သည်၊ မရှိလျှင် သားငထိုးကြီးစိုးစီရင်သည်။ မရှိလျှင် သားကျွန်ုပ်တော် ငရန်အောင်ကြီးစိုးစီရင်သည်'

ဟူ၍ တွေ့ရှိရသည်။

မြို့သူကြီး၏အခန်းကဏ္ဍ

ဒေသဆိုင်ရာ အကြီးအကဲများတွင် မြို့သူကြီးသည် အရေးအပါဆုံးသောပုဂ္ဂိုလ်ဖြစ်သည်။ ၎င်းသည် ဘုရင့်အစိုးရနှင့် ပြည်သူတို့အကြားဆက်သွယ်ပေးရသူဖြစ်၍ စီရင်စုအတွင်း နိုင်ငံနှင့်လူမှုရေးစနစ်၏မဏ္ဍိုင်ပင် ဖြစ်သည်။ မြန်မာ့လူမှုအဖွဲ့အစည်း၏ ဒေသန္တရဆိုင်ရာအဆင့်တွင် စစ်မှန်သောတည်ငြိမ်ရေးသည် ဒေသခံရှိရာ အကြီးအကဲများအပေါ်တွင် အခြေပြုထားသည်။

မြို့သူကြီးခန့်အပ်ပုံ

မြို့သူကြီးရာထူးသည် ရိုးရာအလိုက်ဖြစ်သည်။ သို့ရာတွင် ရိုးရာအလိုက်ဆက်ခံရမည်ဟူသော ဥပဒေအတိအကျချမှတ်ထားခြင်း မရှိပေ။ မြို့သူကြီး၊ တိုက်သူကြီး၊ ရွာသူကြီးစသည့်အရာထမ်းတို့သည် ပုဂံခေတ်ကပင်ရှိခဲ့ကြသည်။ အချို့မြို့ရွာများတွင် သူကြီးအစား ပြည်စိုးဆိုသူမှာ ရှေးကပင်ရှိခဲ့သည်။ ကုန်းဘောင်ခေတ်ဦးတွင် မြေတိုင်းမြို့သူကြီးအုပ်ချုပ်သည့် မြို့ရွာများမှာ စလေမြို့၊ မကွေးရာမြို့၊ မြစ်သားမြို့စသည်တို့ဖြစ်၍ ရွာများမှာ စလေမြို့ကျေးဥယျာဉ်ရွာ၊ တူရွင်းထိုင်မြို့ကျေးရွာက စပိုရွာ၊ တောပျာရွာ၊ ပင်းတလဲမြို့ကျေးတောင်ဦးရွာတို့ဖြစ်ကြသည်။

မြို့သူကြီး ရာထူးဆက်ခံရွာတွင် တိကျသောဥပဒေမရှိသဖြင့် ပြဿနာများပေါ်ပေါက်ခဲ့ကြောင်းကို ပဒုံမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် တွေ့ရှိရသည်။ သို့ဖြစ်၍ ပဒုံမင်းသည် ယင်းပြဿနာများ ထပ်မံမဖြစ်ပွားအောင် တားဆီးရန်ကြိုးပမ်းခဲ့သည်။ ခရစ်နှစ် ၁၇၅၄ ခုနှစ်တွင် ထုတ်ပြန်သောရာဇသတ်ခေါ် ပြန်ထမ်းတွင် အရာထမ်းတိုးဆက်ခံပုံနှင့်စပ်လျဉ်း၍ တိကျစွာ အမိန့်ချမှတ်ထားသည်ကို တွေ့ရှိရသည်။ အဝေးမြို့ရွာဒေသများတွင် မြို့သူကြီးနှင့်

သူကြီးကိုခန့်ထားရာတွင် ဘုရင်၏ အဘော်တူညီချက်သာမက ရပ်ပြည်သူတို့၏ထောက်ခံမှုနှင့် လေးစားခံရမှုလည်းရရှိဖို့လိုအပ်သည်။ မြို့သူကြီးခန့်ထားရာတွင် ၎င်းတို့၏ အကျင့်စာရိတ္တကောင်းမွန်မှု၊ ထင်ပေါ်ကျော်ကြားမှု၊ စွမ်းဆောင်ရည်နှင့် မျိုးရိုးတို့အပေါ် အခြေခံပြီးခန့်အပ်ခြင်း ဖြစ်သည်။ မြို့သူကြီးကိုမခန့်ထားမီ မြို့သူကြီးလုပ်သည့်ပုဂ္ဂိုလ်သည် တံဆိပ်ပေးရန် လျှောက်ထားရသည့် လျှောက်လွှာကို လွှတ်တော်ထံ တင်သွင်းရသည်။ လျှောက်ထားသူအပြိုင်ရှိလျှင် စစ်တမ်းဖြစ်သော ၄၅ ခုနှင့် ၆၄ ခုနှစ် စစ်တမ်းတို့နှင့် တိုက်ဆိုင်စစ်ဆေးရန် ရှေ့တိုက်အရာရှိတို့အားလွှဲအပ်သည်။ တစ်ခါတစ်ရံတွင် ခရိုင်အရာရှိဖြစ်သော မြို့ဝန်သို့မဟုတ် အဆင့်မြင့်သော မြို့သူကြီးတစ်ဦးအား စစ်ဆေးစေပြီး သူ၏အစီရင်ခံစာကိုတင်သွင်းစေသည်။ အသနားခံတင်လွှာကို ဝန်၏အစီရင်ခံစာနှင့်အတူ ဘုရင်ထံဆက်သွင်းရသည်။ ထို့နောက် နာခံသည် ဘုရင်၏အမိန့်တော်ကိုပေးအပ်သည်။ ပြီးလျှင် ဝန်ကြီးဝန်ထောက်များမှတစ်ဆင့် လုလင်ကိုပေးအပ်သည်။ လုလင်က လျှောက်လွှာရှင်အားပေးအပ်သည်။ အမိန့်တော်နှင့်အတူ အခြားစာတစ်စောင်ကို အတွင်းဝန်များက ရှေ့တိုက်သို့ပေးပို့သည်။ ထိုစာတွင် လျှောက်လွှာရှင်နှင့် အသည်စာရေးတို့၏ ရှေ့မှောက်တွင် စစ်တမ်းများကို ပြောင်းလဲရန်အမိန့်တော်ရှိသည်။

မြို့သူကြီးခန့်အပ်သည့် ခန့်အပ်လွှာကို အမိန့်တော်တစ်ကြောင်း စာချွန်ဟုခေါ်ဆိုသည်။ ပေပေါ်တွင် တစ်ကြောင်းတည်းသော စာချွန်ကို ရေးသားထားပြီး ၎င်းစာချွန်တွင် နေ့စွဲ၊ အမည်နှင့် နေရာဒေသတို့ပါရှိသည်။ စာချွန်၏ ကျောဘက်တွင် မြို့သူကြီးအား အုပ်ချုပ်ရန်နှင့် အသည်တို့ကိုကူညီရန် ညွှန်ကြားထားသည်။

မြို့သူကြီးရာထူးကိုဆက်ခံပုံ

ဗဒုံမင်းထုတ်ပြန်သော ရာဇသတ်ခေါ်ပြန်တမ်းတွင် မြို့သူကြီးအရာဆက်ခံပုံနှင့်စပ်လျဉ်း၍ တိကျစွာချမှတ်ထားသည်။ မြို့ရွာအုပ်ချုပ်စီရင်သူတို့သည် များသောအားဖြင့် မျိုးရိုးအလိုက်အုပ်ချုပ်စီရင်ပြကြောင်းကို စစ်တမ်းများတွင်တွေ့ရှိရသည်။ သာဓကအားဖြင့်-

'ကမြို့ရွာကို ကျွန်တော်ငလှ ကြီးစိုးသည်။ မရှိလျှင်သားငကျော်ကြီးစိုးသည်။ မရှိလျှင် သားငပေါက်ကြီးစိုးသည်။ မရှိလျှင်သား ကျွန်တော်ငမြတ်ကြီးစိုးသည်'

အုပ်ချုပ်သူကွယ်လွန်မှ အရာခံသားစဉ်မြေးဆက် ဆက်ခံရသည်မဟုတ်ချေ။ အကြောင်းအမျိုးမျိုးကြောင့် အရာလွှဲပေးရသည်ကိုတွေ့ရှိရသည်။ ဥပမာ အုပ်ချုပ်သူအသက်အရွယ်အိုမင်းခြင်း၊ ခန္ဓာကျိုးပဲ့ခြင်း၊ နာမကျန်းဖြစ်ခြင်း၊ ရာထူးတိုးမြှင့်အသနားတော်မြတ် ခံရခြင်းနှင့်ရဟန်းပြုခြင်းတို့ဖြစ်သည်။ မကျန်းမာသောကြောင့် ရာထူးလွှဲပြောင်းပေးရပုံနှင့်ပတ်သက်ပြီး တူရွင်းထိုင်မြို့စစ်တမ်းတွင်-

'ကျွန်တော်ဘငဆိုးဟု ကြီးစိုးစီရင်သည်။ ငဆိုးဟု မကျန်းမမာလျှင် သားကျွန်တော် ဆက်ခံကြီးစိုးသည်'

ဟု ဖော်ပြထားသည်။

ရှုံးသွပ်သောကြောင့် လွှဲပြောင်းရပုံကို ကျွန်တော့်ဘငချမ်းကြီးစိုးသည် ငချမ်းအိုကြီး၍ မဆောင်ရွက်နိုင်လျှင် စားရင်းကျသားကြီး ငအိမ် မင်းစိတ်မကောင်းလျှင် မဆောင်နိုင်လျှင် ကျွန်တော်ညီ ငသာလှဆက်ခံကြီးစိုးသည်ဟု စစ်တမ်းတွင် တွေ့ရသည်။ အုပ်ချုပ်သူရာထူးတိုးမြှင့်သွားသဖြင့် သူကြီးအရာကို မထမ်းရွက်နိုင်ဘဲ အရာလွှဲပြောင်းပေးရသည်လည်းရှိသည်။ မြို့သူကြီးသာသနာဘောင်ဝင်သောကြောင့် ညီကဆက်ခံရသည်ကိုလည်း စစ်တမ်းတစ်ခုတွင်တွေ့ရသည်။

အရာဆက်ခံသူ သားမြေးငယ်ရွယ်နေလျှင် အခြားတစ်ယောက်က အုပ်ချုပ်ပေးရသည်လည်းရှိသည်။ အချို့ဒေသများတွင် အရာခံသားမြေးငယ်ရွယ်နေသဖြင့် ရင်ခွင်ပိုက်၍စီရင်ရကြောင်းကိုလည်းတွေ့ရှိရသည်။

အထက်မြန်မာနိုင်ငံတွင် အုပ်ချုပ်သူအကြီးအကဲမျိုးရိုးပြတ်လပ်၍ အခြားမှခန့်ထားရသည်ကိုလည်း တွေ့ရှိရသည်။ ဟံသာဝတီ (၃၂) မြို့တွင် မျိုးရိုးဆက်ခံရာမဟုတ်သည့် မြို့သူကြီးများကို တွေ့ရသည်။

ဆက်လက်ဖော်ပြမည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

ကျမ်းညွှန်း

၁။ ပုသိမ်မြို့စစ်တမ်း (၁၇၈၄)

၂။ ရာဇသတ်ခေါ်ပြန်တမ်း (သက္ကရာဇ် ၁၁၅၆) (အေဒီ၁၇၈၄)

ငါးသလောက် အရိုးနူးမြေ့အောင် ချက်နည်း

'အသီးမှာသရက်၊ အရွက်မှာလက်ဖက်၊ အသားမှာဝက်' ဟု ဆိုရိုးစကားလာရှိသကဲ့သို့ ငါးမှာငါးသလောက်' ဟုလည်း ပြောစမှတ်စကားလာရှိပါသည်။

ဟုတ်ပါသည်။ ငါးထဲတွင် ငါးသလောက်ငါးသည် စားသုံးသူတိုင်းမကြိုက်သူ၊ မနှစ်သက်သူမရှိပါချေ။ ငါးသလောက်ငါးသည် လေးလေးပင်ပင်ချို၏။ ဆိမ့်၏။ အင်အားကို တိုးပွားစေ၏။ သွေးကိုလေးစေသည်။ အိပ်စက်ခြင်းကိုဖြစ်ပေါ်စေသည်။ အကြောအချဉ်တက်စေသည်ဟုဆိုပါသည်။ သို့အတွက် ငါးသလောက်ကို ရှောက်ရည်၊ သံပရာရည်ညှစ်ထည့်ပြီးချက်ခြင်း၊ ရှာလကာထည့်ချက်ခြင်းပြုလုပ်ကြပါသည်။

ရှောက်ရည်၊ သံပရာရည်၊ ရှာလကာရည်သည် ငါးသလောက်ကိုအရိုးပါနူးမြေ့စေပြီး အမြန်ကျက်နပ်ကာ စားလို့လည်း ပိုမိုကောင်းမွန်နူတ်မြိန်စေပါသည်။ ထားပါတော့။

ရှောက်ရည်၊ သံပရာရည်၊ ရှာလကာရည်မရနိုင်လျှင် မရှိသောနေရာတွင် ငါးသလောက်အရိုးနူးမြေ့အောင်မည်သို့ချက်မည်နည်းဟု အမေးရှိလာပါသည်။ ငါးသလောက်သည် စား၍ကောင်းသော်လည်း အရိုးများ အရိုးမာပေါများစွာပါဝင်သဖြင့် အရိုးမျက်မှာ စိုးရိမ်ရသောငါးဖြစ်ပါသည်။ သို့အတွက် ငါးသလောက် အရိုးနူးမြေ့ပြီး အကျက်မြန်စေရန်အတွက် ချက်ပြုတ်ရန် တုံးတစ်ပြင်ဆင်ပြီးသော ငါးသလောက်ဟင်းအိုးထဲသို့ ကြွေဇွန်း သို့မဟုတ် ကြွေပန်းကန်လုံး၊ ကြွေပန်းကွဲအစကြီးကြီးကို ထည့်ပြီးချက်ပေးပါ။ အသားနူး၊ အရိုးမြေ့၍ ငါးသလောက်ရိုးပါနူးပြီဆိုမှ ကြွေဇွန်း၊ ကြွေပန်းကန်ဖယ်ကာ အသင့်စားသုံးနိုင်ပါသည်။

မှတ်ချက်။ ။ ကက်ကင်းရိုက်ချက်နည်းဟုယူဆမိပါသည်။ ငါး= ကြွေ၊ ငါးသည် တနလ်ာနံ (၂) ဖြစ်သလို 'ကြွေ' သည်လည်း တနလ်ာနံ (၂) ဖြစ်နေပါသည်။ 'က၊ ခ၊ ဂ၊ ဃ၊ င' တနလ်ာနံမဟုတ်ပါပြီလော။

နတ်မောက်မိုးထိန်

မိုးဥတု၌ဖြစ်တတ်သောရောဂါအချို့အား

တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်ခြင်း

ဒေါ်နေနေနိုင်ရည်

မိုးဥတုကို ရောက်ရှိလာတဲ့အခါမှာ တိုင်းရင်းဆေးပညာအမြင်အရ ရာသီဥတုသဘောသဘာဝနှင့် ရာသီဥတုအလိုက် ဖြစ်ပေါ်ကျရောက်တတ်ထဲ့ ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် အချက်များ၊ လိုက်နာနိုင်ရန် အချက်များနဲ့ရှောင်ကြဉ်နိုင်ရန်အချက်များကို သိရှိနိုင်ရန်၊ မိုးဥတု၌ဖြစ်တတ်သောရောဂါအချို့အား တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်ခြင်း အကြောင်းအရာများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တစ်ဆင့် ပြည်သူလူထုထံတင်ပြလိုပါတယ်။ ဒါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊တိုင်းရင်းဆေးပညာဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဒေါ်နေနေနိုင်ရည်နှင့် တွေ့ဆုံ မေးမြန်းဆွေးနွေးတင်ပြသွားပါမယ်ရှင့်။

မေး- ဆရာမမင်္ဂလာပါ။

ဖြေ- ဟုတ်ကဲ့မင်္ဂလာပါ။

မေး-မိုးဥတုရဲ့ကာလအပိုင်းအခြားသဘာဝနှင့်ပညာဆိုင်ရာ ခေါ်ဆိုသုံးနှုန်းပုံများကို တိုင်းရင်းဆေးပညာအလိုအရ ကျေးဇူးပြုပြီး ရှင်းပြပေးပါရှင့်။

ဖြေ- ဟုတ်ကဲ့ပါ၊ တိုင်းရင်းဆေးပညာအလိုအရ မိုးဥတုကို ဝါဆိုလပြည့်ကျော် (၁) ရက်နေ့ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ သတ်မှတ်ထားပါတယ်။ မိုးဥတုအချိန်အခါကိုလည်းမိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလများဆိုပြီး ဝေါဟာရအားဖြင့် ပိုင်းခြားတတ်ကြပါတယ်။ သဘာဝအရ မေထုန်ခွင်၊ နွေစွန်လမှာမို့ မိုးမာန်ကတအုံအုံ၊ မည်းတဲ့၏လို့မှန် ဆိုတဲ့တိုင်းတားမြို့သူကြီးဦးဖက် ရေးသားခဲ့တဲ့တေးထပ်အဆိုအရ နယုန်လဟာ ကောင်းကင်တပြင်လုံး မိုးသားမည်းမှောင်အုံဆိုင်းပြီး မိုးသံပေးကာ မိုးသေးဖွဲများ ရွာသွန်းလာချိန်ဖြစ်ပါတယ်။ နေပူရှိန်လျော့လျော့လာပြီး မိုးကလည်း တစ်ကျော့ပြီးတစ်ကျော့လာနေချိန်ဖြစ်ပါတယ်၊ စာဆိုပညာရှင်များက နယုန်လကို နွေနှောင်းလ၊ နွေစွန်လဟု ဖွဲ့နွဲ့လေ့ရှိပါတယ်။ လနယုန်မေထုန်ဆန်းရင်ဖြင့်၊ ခိုင်ပန်းပွင့် စံပယ်ဖြူလို့ ဆိုတဲ့အတိုင်း နယုန်လမှာ စံပယ်ပန်းများလည်းပွင့်တတ်ကြပါတယ်။ ဒါကြောင့် နွေကုန်ဆုံးလို့ မိုးဥတုရောက်ရှိလာချိန်ဖြစ်ပါတယ်။ အခုလိုနွေဥတု အဆုံးပိုင်းကာလများနဲ့ မိုးဥတုအစပိုင်းကာလများမှာအပူအအေးနှစ်ပါး ပြိုင်ဆိုင်တတ်ပါတယ်။ ရာသီဥတုအကူးအပြောင်းပြုချိန်အဆက်အစပ်ပြုနေချိန်များမှာ ကျန်းမာရေးကိုယ်ခံအား လျော့နည်းသူများမှာ ရောဂါဘယနှိပ်စက်မှုများကို ခံရတတ်ကြပါတယ်။ 'ရတုသန္ဓိ ရောဂါဖိ၊ သတိရှိကြစေ'ဆိုတဲ့စကားအရ ဥတုအကူးအပြောင်းပြုနေချိန်များမှ ရောဂါဘယအဖြစ်များတတ်ကြတာမို့ အစားအသောက်အနေအထိုင်၊ အပြုအမူများကိုသတိနှင့်ယှဉ်ပြီး နေထိုင်စားသောက်သင့်ဖို့လိုပါတယ်။

မေး- ဟုတ်ကဲ့ဆရာမ၊ ဆက်ပြီးရှင်းပြပေးပါဦးရှင့်။

ဖြေ- ဟုတ်ကဲ့ပါ။ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလနှင့် ဝါခေါင်လများမှာ ပြင်ပလေအားကြီးတဲ့အတွက် သည်းခြေဓာတ်ငုပ်ပါတယ်။ လေဓာတ်ဖျက်ပါတယ်။ ဝမ်းမီးနုံ့ပါတယ်။ မှတ်၊ ခြင်၊ ယင်၊ သတ္တဝါတွေပေါက်ပါတယ်။ မိုးဥတုဟာ အလွန်ပူပြင်းတဲ့ နွေဥတုနဲ့ အလွန်အေးမြတဲ့ ဆောင်းဥတုတို့ အကြားမှာ တည်ရှိနေတာဖြစ်တဲ့အတွက် အပူနဲ့အအေး ရောထွေးပြီး ဖောက်ပြန်တဲ့အတွက် ဝမ်းမီးအညံ့ဆုံး၊ ရောဂါအဖြစ်အများဆုံး ဥတုဖြစ်တာကို တွေ့ရှိရပါတယ်။

မေး- ဟုတ်ကဲ့ပါ။ မိုးဥတုမှာဖြစ်တတ်တဲ့ရောဂါအချို့ကိုလည်း ပြောပြပေးပါဦးဆရာမ။

ဖြေ- ဟုတ်ကဲ့ပါ။ မိုးဥတုမှာဖြစ်တတ်တဲ့ရောဂါအချို့ကိုတင်ပြရရင်တော့ လေထိုး၊ လေအောင့်ရောဂါ၊ အစာမကြေရောဂါ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါတို့ဖြစ်တတ်ပါတယ်။

မေး- ဟုတ်ကဲ့ပါ၊ မိုးဥတုဖြစ်တတ်တဲ့ရောဂါအချို့ကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ လိုက်နာရန်အချက်များနဲ့ရှောင်ကြဉ်နိုင်ရန် အချက်များကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ- ဟုတ်ကဲ့ပါ။ မိုးဥတုလေထိုးလေအောင့်ဖြစ်ရင် ကြိုတင်ကာကွယ်လို့ရပါတယ်။ ဒါတွေကတော့-

လေထိုး၊ လေအောင့်ရောဂါ ပြုစုကုသနည်း။ သာမန်ထိုးအောင့်ရာမှာ အမြန်သက်သာစေရန်-

၁။ ဆားခါးလက်ဖက်ရည်ဇွန်း (၁) ဇွန်းကို ရေနွေးဖြင့် ဖျော်၍ဖြစ်စေ၊

၂။ ကန့်ကလာမြစ်ကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ဆား၊ ပျားရည်တို့ဖြင့်ဖြစ်စေ။

၃။ သဘော်ဖိုမြစ်ကို သုံးခွက်တစ်ခွက်တင်ကျို၍ဖြစ်စေ။

၄။ လေမျိုး (၈၀) ဆေးရည်ဟင်းစားဇွန်း (၁)ဇွန်းကိုဖြစ်စေ၊ လွယ်ကူရာတစ်မျိုးမျိုးကိုတိုက်ကျွေးပါ။

၅။ ရေနွေးအိတ်ကပ်ပေးခြင်း၊

၆။ အိုးငယ်ဖြင့် လေချူပေးခြင်းဖြင့်လည်း သက်သာရာရစေနိုင်ပါတယ်။

၇။ အစာကြမ်းများကိုမကျွေးဘဲ စွပ်ပြုတ်ရည်ကျဲကျဲတစ်မျိုးကိုတိုက်ကျွေးပါ။

၈။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၊ ၂၅)တို့ကိုလည်း တိုင်းရင်းဆေးပညာရှင်တို့၏ညွှန်းဆိုမှုအတိုင်းသောက်နိုင်ပါတယ်။

လေထိုးလေအောင့်သူများ၌ ခြေဖျားများပူအောင်မီးကင်ခြင်း၊ ကြပ်ထုပ်ထိုးခြင်း၊ ဆေးပူလိမ်းခြင်းလုပ်ပေးနိုင်ပါတယ်။

ထိုကဲ့သို့ ဖြစ်လာသောအခါမှာ ဝမ်းဗိုက်ကိုလွန်မင်းစွာ မနှိပ်မိစေရန်နှင့် အတွင်းကောဋ္ဌာသများပျက်စီးမှုရှိ မရှိ သတိပြုရန် အထူးလိုအပ်ပါတယ်။

ဥပမာ-အစာအိမ်ပေါက်ခြင်း၊အူပေါက်ခြင်း၊ အူအတက်ပေါက်ခြင်းစသည့်ကောဋ္ဌာသများပျက်စီးပါက နာကျင်သည့်နေရာ မရွေ့ပြောင်းသည့်အပြင် ဝမ်းခေါင်းလည်းတဖြည်းဖြည်းတင်းလာတတ်သည်။ ထိုအခါ နီးရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့သင့်ပါတယ်။

အစာမကြေရောဂါ ပြုစုကုသနည်းကတော့-

၁။ အစာကိုဖြတ်ပါ။

၂။ အန်ချပါက လက်ထိုးအန်ပါ။

၃။ ပူ၊ ခါး၊ စပ်သောဆေးအစာတို့ကိုတိုက်ကျွေးပါ။

၄။ သံပရာ ဟင်းစားဇွန်း (၂)ဇွန်းနှင့် ဆား မီးဖုတ်တစ်ရွေးသားရောစပ်၍ တိုက်ကျွေးပါ။

၅။ သံပရာရည်ဟင်းစားဇွန်း (၁) ဇွန်း

ထန်းလျက် (၁) ကျပ်သား (၃)ခဲခန့်၊ ရေနွေးပူပူနှင့် ရောစပ်၍ ထန်းလျက်ပြုတ်ရည် အကြမ်းပန်ကန် (၁) လုံးစာကိုလည်းကောင်း တိုက်ကျွေးပါ။

၆။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၉) တစ်ကျပ်သားလျှင် သကြား (၈) ကျပ်သား ရောစပ်ပြီး တိုင်းရင်းဆေးပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း အစာမစားမီနှင့် အစာစားပြီး လက်ဖက်စားဇွန်းတစ်ဇွန်း ရေနွေးနှင့် တိုက်ပါ။

၇။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂)(၂၅)တို့ကို မကြာမကြာ လျက်ဆေးအဖြစ်တိုက်နိုင်ပါတယ်။

၈။ ကြက်သွန်ဖြူ ငရုတ်ကောင်းဟင်းခါးသောက်ပေးပါ။

ဝမ်းလျှော၊ ဝမ်းပျက်ဝမ်းကိုက် ရောဂါပြုစုကုသနည်းကတော့-

ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်ပါက-

၁။ ကြက်သား စွပ်ပြုတ်ရည်ကို သောက်ပါ။

၂။ ကြက်သားကြော်ကို ပါးပါးလှီးပြီး၊ ကြက်သွန်ဖြူများများ ရှောက်၊ သံပရာဖြင့်သုပ်စားပါ။

၃။ ငှက်ပျောသီးဖီးကြမ်းကို ပြုတ်၍ဖြစ်စေ၊ မီးကင်၍ဖြစ်စေစားပါ။

၄။ သရက်ရွက်နု၊ မရန်းရွက်နုကိုပြုတ်၍ နှမ်းလှော်များများနှင့်သုပ်စားပါ။

၅။ ထမင်းမီးဖုတ်ကို ရေနှင့်ဖျော်ပြီး အရည်သောက်ပါ။

ဝမ်းကိုက်ရောဂါဖြစ်လာပါက-

၁။ ကြက်သားပြုတ်ကြော်ဖြစ်စေ၊

၂။ ထားဝယ်မှိုင်းရွက်ကိုဖြစ်စေ၊

၃။ သဘော်ဖိုရွက်ကိုဖြစ်စေ၊

၄။ မင်းစေး (ခေါ်) ကျွဲကျောင်းမင်းစေရွက်ကိုဖြစ်စေ၊ ရေနွေးတွင်ဖျော်၍ ကြက်သွန်ဖြူ နှမ်းလှော်တို့ဖြင့် သုပ်ကျွေးပါ။

၅။ ဝမ်းကို ပျော့ပျော့သက်သာအောင်နုတ်ပေးပါ။

၆။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂ ၈) တို့ကိုတိုင်းရင်းဆေးပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း ရောစပ်၍တိုက်ကျွေးပါ။

သန်ကောင်၊ တုတ်ကောင် ရောဂါပြုစုကုသနည်းကတော့-

ကလေးများကို သန်ချမည်ဆိုပါက ညနေ (၄) နာရီလောက်မှာ သန်ချမည့်ကလေးကိုအစာလျှော့ကျွေးပြီး အဲဒီနောက် ဘာမှမကျွေးတော့ဘဲ အရည်လောက်ကိုသာတိုက်ကျွေးပြီး ည (၉) နာရီမှာ ကလေးကို သန်ချဆေးတိုက်ကျွေးရပါမယ်။

သန်ရောဂါရှိသည့်ကလေးများ၌ အင်အားကုန်ခမ်းချည့်နဲ့ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကိုယ်ပူရောဂါရှိခြင်း အတက်ရောဂါရှိခြင်း၊ ဝမ်းသွားစဉ်သွေးပါခြင်း စသည့်ဆင့်ပွားရောဂါများ ရှိနေတတ်သဖြင့် ထိုရောဂါတို့ ရှိ/မရှိ စိစစ်ပါ။ မရှိပါက-

၁။ပထမဦးစွာ သန်ငြိမ်ဆေး လိမ်းဆေးအနေနဲ့ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၄၇) ခုနစ်ပါး ဆေးဝါးလေး လက်ဖက်ရည်ဇွန်း (၁) ဇွန်းစာကို အုန်းဆီနှင့်ဖျော်ပြီး ကလေးရဲ့လည်မျိုရင်းချိုင့်မှစပြီးတော့ ဆီးစပ်အထိ ခပ်ပါးပါး လိမ်းပေးနိုင်ပါတယ်။

၂။ကလေးကိုယ်ပူပါက ကိုယ်ပူကျစေသည့် လိမ်းဆေးအနေနဲ့ ခုနစ်ပါးဆေးဝါလေး (၁) ရွေးခန့်ကို သနပ်ခါးရည်ကျဲကျဲဖြင့် ဖျော်လိမ်းပေးပြီး စောင်ပါပါးခြုံ၍ လေလုံရာ၌ သိပ်ထားပါ။ မကြာမီကိုယ်ပူကျသွားလိမ့်မယ်။

၃။ကလေးချောင်းဆိုးပြီး နှာပိတ်နေပါက ချောင်းဆိုးသက်သာစေသည့် ဆေးဖြစ်သော ကွမ်းရွက်၊ ကသော့ရွက်၊ သတ္တုရည်ကို ဆားအနည်းငယ်ထည့်၍ လက်ဖက်ရည်ဇွန်း (၁) ဇွန်းစာ တစ်နေ့ (၃) ကြိမ်တိုက်ပေးနိုင်ပါတယ်။ နှာပိတ်ပါက နှာပွင့်စေသည့်ဆေးဖြစ်သော ရှိန်းခိုကိုအုန်းဆီဖြင့်ဖျော်၍ နှာဝနှင့်ငယ်ထိပ်တို့ကိုအုပ်လိမ်းပေးနိုင်ပါတယ်။ ရှူဆေးတစ်မျိုးကိုလည်း ရှူပေးနိုင်ပါတယ်။

ဒါ့အပြင် နာနတ်သီးမှည့်သည် သန်ကျစေတတ်သော အာနိသင်ရှိတာကြောင့် နာနတ်သီးကို ပျားရည်နဲ့ရောစပ်ပြီး တစ်နေ့ (၂) ကြိမ်ခန့်ကျွေးနိုင်ပါတယ်။ ကြက်တက်ရွက် သုပ်စားခြင်း၊ သဘော်သီးစိမ်းသုပ်စားခြင်း၊ သဘော်သီးစိမ်းကို အမဲသားနဲ့ချက်စားခြင်းများ ပြုလုပ်နိုင်ပါတယ်။

သန်ကောင်ရောဂါမှကာကွယ်ရန် အစားအစာများကို မစားသောက်မီ လက်ကိုစင်ကြယ်အောင် ဆေးကြောမှ စားသောက်ခြင်း၊ လက်သည်းခြေသည်းများရှည်ပါက ညှပ်ပေးခြင်း၊ ဟင်းသီးဟင်းရွက်များကို ရေပေါပေါနဲ့စင်ကြယ်အောင်ဆေးကြောပြီး ချက်စားပါ။ အသားဟင်းများကိုနူးနပ်အောင်ချက်စားပါ။ နွေးနွေးထွေးထွေး နေထိုင်သင့်ပါတယ်။ မိုးဥတုမှာ ချွေးအောင်းခြင်း၊ အနှိပ်နင်းခံခြင်း၊ ကရမက်၊ ကတိုး၊ ကုံကုမံ၊ အမွှေးနံ့သာများကိုလိမ်းကျံသင့်ပါတယ်။ ကြေလွယ်တဲ့ပူ၊ ခါး၊ စပ် အစာအဟာရများကို စားသောက်သင့်ပြီး ကုန်းမှာ ကျက်စားတဲ့သားငါးများသာ စားသင့်ပါတယ်။ အသားငါးများကို ကလေးငယ်များရဲ့ အရွယ်နဲ့လိုက်ပြီး မျှတစွာကျွေးပါ။ အသီးရွက်များများ ကျွေးပါ။ ဆေးအနေနဲ့ကတော့ ဒီဥတုမှာ ကြစုသီး၊ သိန္ဓောတို့ကဲ့သို့ ဆေးများစားသင့်ပါတယ်။ အိမ်သာတက်ပြီးတိုင်း လက်ကို ဆပ်ပြာနဲ့ စင်ကြယ်စွာဆေးပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး ပတ်ဝန်းကျင်သန့်ရှင်းရေးကိုရှုစိုက်ပါ။ ရှောင်ကြဉ်ရန်အနေနဲ့ကတော့ မိုးဥတုတွင် ကလေးငယ်များကို ပြောင်းဖူး၊ ကောက်ညှင်း၊ ပေါက်ပေါက်များမကျွေးရပါ။ အစာမကြေစာတွေ မစားသင့်ပါဘူး။ သန်ထစေပါတယ်။

မေး- ဟုတ်ကဲ့ပါဆရာမ။ ထပ်ပြီး မှာကြားချင်တာရှိရင်လည်းပြောပြပေးပါဦးရှင့်။

ဖြေ- မိုးဥတုအတွက်အထူးမှာချင်တာကတော့ မိုးဥတုနဲ့အတူ ပေါ်ပေါက်လာတတ်တဲ့ အမှည့်လွန်သော သစ်သီးများ၊ ယင်နားစာများ၊ ဝမ်းနူးစာများ၊ မသန့်ရှင်းသော အစားအစာများ၊ မလတ်ဆတ်သော အစားအစားများကို ရှောင်ကြဉ်သင့်ပါတယ်။ နွေအကုန် မိုးအကူးဖြစ်တတ်တဲ့ရောဂါ ဖြစ်တတ်တဲ့အတွက် မိုးမိခြင်း၊ အအေးအလွန်အမင်းခံခြင်းများမပြုလုပ်ကြရန် ထပ်ပြီး မှာကြားချင်ပါတယ်။

မေး- အခုလိုပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့ ဆရာမကို အထူးကျေးဇူးတင်ပါတယ်။

ဖြေ- ဆရာမလည်း ကျေးဇူးတင်ပါတယ်။

ဒေါ်နေနေနိုင်ငြိမ်

ကျမ်းကိုး

* ဥတုဘောဇနသင်္ဂဟကျမ်း။
* အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အခြေခံတိုင်းရင်းဆေးပညာသင်တန်းလက်စွဲစာအုပ်။
* တိုင်းရင်းဆေးကုဋ္ဌာနသုံး ဆေးနည်းများစာအုပ်။
* မြန်မာစာစကားပုံများစာအုပ်။
* လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ်အတွဲ (၁)။

"ဆရာ၊ ဆရာက အင်ဂျင်နီယာမှူး ဦးငွေမင်းလား ခင်ဗျ"

"ဟုတ်ပါတယ်၊ ကိုယ် ငွေမင်းပါ"

"ဆရာ့ကို တွေ့ချင်လို့တဲ့ ခင်ဗျ။ ဧည့်သည်တစ်ယောက် ဂိတ်ဝမှာစောင့်နေပါတယ်။ ကျွန်တော် ဒီကိုခေါ်ခဲ့ပေးရမလားခင်ဗျ"

"ကောင်းသားပဲ ကိုယ့်ညီရာ၊ ခေါ်လာလိုက်ပါ"

လုံခြုံရေးဝတ်စုံနှင့်လူငယ်လေးက ပြန်ထွက်သွားသည်။ လုပ်ငန်းခွင်က အကြီးကြီး၊ အကျယ်ကြီးဖြစ်သည်။ လူတွေကလည်း အများကြီးရှိသည်။ အင်ဂျင်နီယာတွေပါ သူ့ဆိုက်နှင့်သူ အများအပြားရှိသည်။ လုံခြုံရေးဝန်ထမ်းလူငယ်လေးက ကျွန်တော့်နာမည်ကို လိုက်မေးပြီး စုံစမ်းခဲ့ဟန် တူသည်။ ကျွန်တော် ဤကင်တင်းထဲမှာရှိနေကြောင်းကိုလည်း တစ်စုံတစ်ဦးကညွှန်ပြလိုက်ဟန်တူပါသည်။

သိပ်မကြာလိုက်ပါ။ လုံခြုံရေးဝန်ထမ်းလူငယ်လေးက ပြန်ရောက်လာ၏။ သူ့နောက်မှာ ရှာထိုးဦးထုပ်ကို ဆောင်းထားပြီး ကျောပိုးအိတ်တစ်လုံးကို လွယ်

ရဲမြတ်တင်
(အမျိုးသားစာပေဆုရ)

မေတ္တာကိုပါရှုပ်သိမ်းလိုက်ပြီတဲ့

ထားသည့် အဝတ်အစားခပ်နွမ်းနွမ်းနှင့် လူငယ်တစ်ယောက်က ပါလာသည်။ ကျွန်တော့်ကိုတွေ့ချင်သည့် ဧည့်သည်ဆိုသူပင် ဖြစ်မည်။

ကျွန်တော့်ရှေ့ကိုရောက်သည်နှင့် လုံခြုံရေးဝန်ထမ်းလေးက-

"သူပါ ဆရာ၊ ဆရာနဲ့တွေ့ချင်တဲ့သူ"

"ဩော်- အေး၊ ကျေးဇူးပဲ။ ဟိုညီလေး၊ ထိုင်ကွာ။ ကိုယ် ငွေမင်းပဲ"

လုံခြုံရေးဝန်ထမ်းလေး ပြန်ထွက်သွားသည်။ ကျန်ခဲ့သည့်လူငယ်လေးက မျက်နှာချင်းဆိုင်တွင် ခပ်ယို့ယို့ဝင်ထိုင်သည်။

ကျွန်တော်က အလိုက်သင့် စကားစ,ပေးလိုက်သည်။

"ဘာကိစ္စရှိလဲညီလေး၊ ကိုယ်ဘာကူညီပေးရမလဲ"

"ကျွန်တော် တွံတေးကပါ ခင်ဗျ။ ကျွန်တော့်နာမည် ဆန်းဝင်းဇော်ပါ"

"ဩော်- မင်းက တွံတေးကကိုး"

တွံတေးက ကျွန်တော့်မွေးရပ်မြေဖြစ်သည်။ သို့ကြောင့် သူနှင့်ကျွန်တော်က တစ်မြို့တည်းသားချင်းတွေပေါ့။

ဆက်လက်ပြီး ပို၍ရင်းနှီးစေမည့် စကားကို သူကပြောလာခဲ့သည်။

"ကျွန်တော်က ကိုခင်မောင်ကြိုင်ရဲ့ညီပါ။ ဦးထွန်းညိုရဲ့သားပါ"

"ဩော်- မင်းက ခင်မောင်ကြိုင့်ညီကိုး။ အေး- တွေ့ရတာ ဝမ်းသာတယ်ဟေ့။ ဘကြိုင်ကြီးနဲ့ မတွေ့တာတောင် အတော်ကြာပြီ။ ဒီကောင်ကြီး ဘာတွေလုပ်နေလဲ"

“သူက ဘာမှအလုပ်မည်မည်ရရ မရှိပါဘူး။ ဈေးထဲက ကုန်စိမ်းဒိုင်ကို သူ့မိန်းမကပဲဦးစီးလုပ်နေတာဆိုတော့ သူက အိမ်စောင့်၊ ကလေးထိန်းပဲ ဆိုပါတော့ ခင်ဗျာ”

ခင်မောင်ကြိုင်က ကျွန်တော်နှင့် ငယ်သူငယ်ချင်း ဖြစ်သည်။ ကျောင်းနေဖက်ဖြစ်သည်။ သို့သော် ဒီကောင်ကြီးက အလွန် ပေလွန်းတေလွန်းသဖြင့် ပညာရေးတွင် (၉) တန်းကနေ အထက်ကို မတက်နိုင်ခဲ့။ စာမေးပွဲအကြိမ်ကြိမ်ကျသည့်ပြင် မိဘကလည်း ဆင်းရဲသဖြင့် ဒီကောင် ကျောင်းထွက်ခဲ့ရသည်။ ကျွန်တော် ဘွဲ့ရပြီး ပြန်လာတော့ တွံတေးမှာ လမ်းလျှောက်ပွဲစားလိုလို ဘာလိုလိုလုပ်နေသည့် ဒီကောင်နှင့် ပြန်တွဲဖြစ်ခဲ့သေးသည်။ ထို့နောက် ကျွန်တော် အလုပ်ရပြီး ဘဝကိုအလုပ်ခွင်ထဲထည့်ထားလိုက်သည့်အချိန်ကစပြီး ဒီကောင်နှင့် ပြန်မတွေ့ဖြစ်ခဲ့တော့ပေ။ ယခု သူ့ညီဖြစ်သော ဆန်းဝင်းဇော်နှင့် တွေ့ရခြင်းအတွက် ရပ်ဆွေရပ်မျိုးသဖွယ်ဖြစ်နေသည်မို့ ဘာပဲပြောပြော ကျွန်တော်ဝမ်းသာပါသည်။

“ခင်မောင်ကြိုင်အောက်က ခင်

မောင်လှိုင်ကိုတော့ ငါသိပါတယ်။ အဲဒီတုန်းက မင်းက တော်တော်ငယ်သေးတာ ဆိုတော့ ငါက မမှတ်မိတော့ဘူး။ ကိုင်း-လုပ်ကွာ၊ မင်းတစ်ခုခုစားပါဦးလား"

"ဟုတ်ကဲ့ အစ်ကို၊ ရပါပြီ၊ ကျွန်တော်စားခဲ့ပါပြီ"

"ဒါဖြင့် လိုရင်းကိုစပြောကွာ။ မင်း ငါ့နာမည်မေးပြီးလိုက်လာတာဟာ တစ်ခုခုအကူအညီလိုချင်လို့ပဲမဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ အစ်ကို ဒီဆိုက်မှာရှိနေတာသိလို့ ကျွန်တော်လာခဲ့တာပါ။ ဟိုဒင်းခင်ဗျ၊ ကျွန်တော် ဒီမှာ အလုပ်ဝင်လုပ်ချင်လို့ပါ"

"ဩော် - ဒါလား၊ ရပါတယ်ကွ။ အလုပ်ကမရှားပါဘူး။ ဒီအတွက် ငါစီစဉ်ပေးမယ်။ ဘာမှမပူနဲ့ ဟုတ်လား ညီလေး"

ကျွန်တော်က သူ့ကို လိုလိုလားလားပင် ပြန်ပြောလိုက်သည်။ သူလည်း ဝမ်းသာသွားသည်။ သည့်နောက် သူနှင့် ဆက်ပြီး စကားလက်ဆုံကျနေမိသည်။ မရောက်တာကြာပြီဖြစ်သည့် ဇာတိရပ်ရွာအကြောင်း ကျွန်တော်က သိလိုသမျှ မေးသည်။ သူကလည်း သူသိသလောက် ပြန်ဖြေသည်။

◆ ❖ ◆

နှစ်နှစ်ဆက်တိုက် (၁၀) တန်းစာမေးပွဲကျခဲ့သော ဆန်းဝင်းဇော်ကို ကျွန်တော်က တာလီသမားအဖြစ် အလုပ်သွင်းပေးလိုက်သည်။ အလုပ်လုပ်ရတာချင်း၊ အခွင့်အရေးရတာချင်း တူလျှင် ဒီအလုပ်က အတန်ငယ် သက်သာမှုရှိသည်။ ရပ်ဆွေရပ်မျိုးတစ်ဦးအပေါ် ဒီနည်းဖြင့် ကျွန်တော်ကကြည့်ရှုပေးလိုက်ခြင်းလည်း ဖြစ်သည်။

ဆန်းဝင်းဇော်က တော်ရှာပါသည်။ အလုပ်ကို ကြိုးစားသည်။ ဂရုတစိုက်၊ လေးလေးစားစားရှိသည်။ ပြီး-ကျွန်တော့်အတွက်လည်း သူက တစ်နည်းတစ်လမ်းအားဖြင့် အားကိုးရသူတစ်ဦးဖြစ်နေပြန်သည်။ သူက အလုပ်ချိန်မှာ အလုပ်လုပ်သည်။ အလုပ်သိမ်းလျှင် အလုပ်သမားတန်းလျားမှာ ပြန်နေသည်။ သူ၏ ကိုယ်ပိုင်အားလပ်ချိန်အတွင်းမှာပင် ကျွန်တော်ရှိရာ အရာရှိဆောင်ဘက် မကြာမကြာကူးလာပြီး ကျွန်တော့်ဝေယျာဝစ္စများကို ပြုစု လုပ်ကိုင်ပေးသည်။ ကျွန်တော့်အခန်းကို သန့်ရှင်းရေးလုပ်ပေး၏။ ကျွန်တော့်အဝတ်အစားများကိုလျှော်ဖွပ်ပေးသည်။ ကျွန်တော် အညောင်းအညာပြေစေရန် နင်းနှိပ်ပေးခြင်းကိုလည်း ပြုသည်။

ကျွန်တော်က ကျွန်တော့်အိမ်ကို ရုံးပိတ်ရက်အတွင်းလောက်သာပြန်ခွင့်ရသည်။ ကျန်သည့် နေ့ရက်များက ဤဆိုက်အတွင်းမှာပင် ကုန်ဆုံးရသည်။ ကျွန်တော်သာမက အားလုံးလိုလိုပင် ဒီလုပ်ငန်းခွင်ကို ရှေ့တန်းစခန်းတစ်ခုပမာသဘောထားပြီး တာဝန်ထမ်းဆောင်နေကြရခြင်းဖြစ်သည်။ သည်လို အခြေအနေမျိုးမှာ ဆန်းဝင်းဇော်က ကျွန်တော့်အတွက် များစွာအဆင်ပြေစေသည်။ သူက စကားပြောဖော်အဖြစ် အပျင်းပြေစေသလို ကိုယ်ရေးကိုယ်တာကိစ္စလေးတွေအတွက်လည်း အကူအညီရသည်။

သည်လိုနှင့် တစ်နေ့မှာတော့ ကျွန်တော်က ဆန်းဝင်းဇော်အကြောင်း အတွင်းကျကျ သိခွင့်ရဖို့ ကြုံဆုံလာသည်။ ထိုနေ့က လကုန်ရက်ဖြစ်သည်။ အလုပ်သမားများ လစာထုတ်ရက်လည်း ဖြစ်သည်။ ဆန်းဝင်းဇော်က သူ ပထမဆုံး ထုတ်ယူရရှိသော လစာငွေကလေးကို ကိုင်ပြီး ကျွန်တော့်ထံရောက်လာသည်။ ကျွန်တော့်ကိုလည်းအဆိုတစ်ခုပြုသည်။

"အစ်ကို၊ ကျွန်တော့်ပိုက်ဆံလေးတွေ အစ်ကို့ဆီမှာ အပ်ထားချင်လို့။ တန်းလျားမှာက လူစုံတယ် အစ်ကိုရ၊ ကျွန်တော့်မှာ သိမ်းစရာနေစရာမရှိဘူး။ ဖြစ်နိုင်ရင် နောက်လတွေမှာပါ လစာထုတ်ပြီးတာနဲ့ အစ်ကို့ဆီမှာ ကျွန်တော်လာစုထားချင်တယ်"

"အေးပါကွ၊ ရပါတယ်။ ငါ့ဆီမှာ လာအပ်ထားပါ"

သူက ထမင်းစရိတ်ဖြတ်တောက်ပြီး အသားတင်ရရှိလာသော သူ့ပိုက်ဆံလေးတွေကို ထိုးအပ်လာသည်။ ကျွန်တော်က လှမ်းယူထားလိုက်ရင်း သူ့ကို စ,လိုက်မိသည်။

"ဘာလဲ၊ မင်းက မိန်းမယူဖို့ ပိုက်ဆံစုနေတာလားဟေ့ကောင်-ဟုတ်လား"

"ဟို. . . အင်း- အဲဒီအတွက်ပဲလို့ ပြောပါတော့ အစ်ကိုရာ"

ခပ်ရှက်ရှက်၊ ရယ်ကျဲကျဲအမူအရာဖြင့် သူက ပြန်ဖြေသည်။ သို့သော် ထိုအခိုက်မှာပင် သူ့မျက်နှာက ပြောင်းလဲသွားသည်။ ရုတ်တရက်ဆိုသလို မှုန်သွားသည်၊ မှိုင်းသွားသည်။ ထိုသို့မျက်နှာပြောင်းသွားရခြင်းမှာ ခံစားချက်ပြောင်းသွားခြင်းကြောင့်သာ ဖြစ်၏။ ထိုအဖြစ်ကို ကျွန်တော် ရိပ်မိလိုက်သည်။

ထို့ကြောင့် စိတ်ဝင်စားသွားခြင်းနှင့်အတူ မေးခွန်းကိုဆက်လိုက်မိသည်။

"ပြောစမ်းပါဦးကွ။ မင်းအခြေအနေကဘယ်လိုရှိလဲ။ မင်းကောင်မလေးကရော တွံတေးကပဲလား"

"ဟုတ်ကဲ့ အစ်ကို၊ တွံတေးကပဲ။ ဒီအကြောင်းပြောရမှာ ကျွန်တော်ကိုယ်တိုင် ရင်နာပါတယ် အစ်ကိုရာ"

သူက သက်ပြင်းရှိုက်သည်။ သူ့မျက်လုံးတွေကလည်း ရီဝေလာသည်။ ကျွန်တော်က အသာငြိမ်နေလိုက်ရာ 'အစ်ကို့ကိုတော့ ပွင့်ပွင့်လင်းလင်းပဲပြောပြပါ့မယ်။ ကျွန်တော့်အဖြစ်က ဒီလိုပါ' ဟု အစချီပြီး သူက ရင်ဖွင့်လာတော့သည်။

"သူ့နာမည်က ခင်ဆွေရီပါ။ သူနဲ့ ကျွန်တော်က ပုံကျဈေးလှည့်ရောင်းရင်း ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ။ ကျွန်တော်တို့က ဈေးကုန်တွေကိုဆိုင်ကယ်နဲ့တင်ပြီး ဈေးတကာလှည့်ရောင်းပါတယ်။ ကျွန်တော်တို့ချစ်သူဖြစ်ခဲ့ကြတာ သုံးနှစ်ကျော်ကျော်လောက်ရှိပါပြီ။ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြပေမယ့် နှစ်ယောက်စလုံးက အဆင်မပြေကြသူတွေမို့ နီးစပ်ဖို့ မလွယ်ဘဲ ဖြစ်နေပါတယ်။ အထူးသဖြင့် သူ့ဘက်ကပေါ့။ သူ့အမေက တော်တော်မကျန်းမမာဖြစ်နေတယ်။ ရောဂါတွေကတော့ စုံနေတာပဲ ခင်ဗျ။ မီးယပ်ရော၊ ကျောက်ကပ်ရော၊ သွေးတိုးနဲ့ နှလုံးရော စုံကိုနေတာပဲ။

ဒီအမေအတွက် ဆေးဖိုးဝါးခက အစ သူတို့အိမ်မှာ သူပဲရှန်းနေရတာဆိုတော့ အချစ်ရေးကိစ္စ ဘယ်ရှေ့တန်းတင်နိုင်တော့မလဲအစ်ကိုရာ။ ကျွန်တော့်ဘက်ကတော့ သိပ်မဆိုးပါဘူး။ ကျွန်တော့်အနေနဲ့ ကိုယ်လွတ်ရုန်းမယ်ဆို ရုန်းလို့ရတယ်။ ကျွန်တော်က အဖေတို့၊ အမေတို့ ဆုံးသွားပြီးတဲ့နောက် ကိုခင်မောင်လှိုင်တို့မိသားစုနဲ့ အတူနေတယ်။ ကျွန်တော်ဈေးလိုက်ရောင်းနေတဲ့အရင်းအနှီးတွေကို ကိုခင်မောင်လှိုင်တို့ကထုတ်ပေးထားတာဆိုတော့ ကျွန်တော်ရောင်းချလို့ရတဲ့ အမြတ်ငွေအတော်များများကိုလည်း သူတို့ကိုပဲ ပြန်အပ်နေရတာပေါ့။ အဲဒီလိုအခြေအနေမျိုးမှာ ကျွန်တော်က မျက်စိမှိတ်ပြီး အိမ်ထောင်ပြုလိုက်မယ်ဆို ပြုလို့ရပါတယ်။ ဒါပေမယ့် နှစ်ယောက်စလုံး ဘာမှမရှိတဲ့ဘဝမှာ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တဲ့ ဘဝမျိုးပဲ ရောက်သွားပါလိမ့်မယ်။ သူကလည်းပဲ သူ့အမေ ရောဂါသည်ကြီးရှိနေတဲ့အခြေအနေမျိုးမှာ သူ့ဆီကို ဆွဲမခေါ် ချင်ပါဘူး။ မသာယာနိုင်တဲ့အိမ်ထောင်သည်ဘဝကို မထူထောင်

သိပါဘူး။ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် နီးလျက်နဲ့ဝေးကြရာက ပြီးခဲ့တဲ့ (၆) လလောက် ကတော့ ပိုပြီးဝေးစေဖို့ ဒန်လာခဲ့ပါတယ်။ သူ ပိုက်ဆံရှိ အဘိုးကြီးတစ်ယောက်ရဲ့ တိတ်တိတ်ပုန်းမယားငယ် ဖြစ်သွားတယ် အစ်ကို"

"ဟာ - ဘယ်လိုကြီးလဲ။ သူက ခင်းကို လမ်းခွဲသွားတာလား၊ ပစ်ထားခဲ့တာလား"

"ဒီလိုတော့မဟုတ်ဘူး အစ်ကို။ ဒီအခြေအနေမျိုးရောက်အောင်သူ့အတင်းတွန်းသွင်းခံလိုက်ရတာ။ ဖြစ်ပုံကဒီလိုပါ။ သူ့အထည်တွေယူရောင်းနေတဲ့ ဆိုင်ပိုင်ရှင်အဘိုးကြီးနဲ့ပဲ သူက ငြိသွားတာပါ။ စောစောက ပြောခဲ့သလိုပဲ၊ သူ့မိသားစုအခက်အခဲတွေကြောင့် သူ့ဖောက်သည်ဆိုင်ကို အချိန်မှန်မှန် ငွေပြန်မသွင်းနိုင်တဲ့အခါမျိုးတွေ အတော်များများရှိလာပါတယ်။ အဲဒါကိုပဲ အခွင့်အရေးယူပြီး ဟိုအဘိုးကြီးက သူ့ကို ခြေထောက်တင်လွှတ်လိုက်တာခင်ဗျ"

"ဟ- အကြွေးရှိတာရှိတာပေါ့ကွ။ ဒီလိုတော့ ဘယ်လက်ခံသင့်ပါမလဲ။ ဒီလိုအဖြစ်ခံစရာမလိုဘူးလေ"

"သူက ဒီသဘောမျိုး မဟုတ်ဘူး အစ်ကို၊ လုံးဝလက်မခံပါဘူး။ အဘိုးကြီးမှာပွေပြီး မယားငယ်တွေများတယ် ဆိုတာလည်းသူသိတယ်။ ခုဟာက အတင်းကို အလုံးခံလိုက်ရတာ။ မုဒိမ်းဆန်ဆန်ဖြစ်သွားတာ"

"ဟာ- အဲလိုကြီးလား"

"ဟုတ်တယ်ခင်ဗျ၊ မုဒိမ်းကိုကျင့်ခံလိုက်ရတာ။ အဘိုးကြီးကလည်း ဒီလိုလုပ်လို့ရပြီဆိုတာသိလို့ ခပ်ရဲရဲလုပ်သွားတာပေါ့ အစ်ကိုရာ"

"ဒီအဖြစ်အပျက်ကို သူကမင်းကို ချက်ချင်းပြောပြသလား"

"ဘယ်ပြောမလဲ။ အတော်ကြီး အချိန်နှောက်ကျမှ ပြောပြတာ။ ကျွန်တော်က သူမှုပျက်နေတာကိုသတိထားမိပြီး အစ်အောက်မေးကြည့်တော့မှ အခြေအနေမှန်ကို သိခဲ့ရတာ။ အဲဒီအချိန်မှာ သူက အဘိုးကြီးနဲ့ တော်တော်ခရီးလွန်နေပါပြီ။ အဘိုးကြီးနဲ့ဆက်ပြီးစခန်းသွားနေရတဲ့အကြိမ်ပေါင်းလည်း တော်တော်များနေပါပြီ"

"ဟင်-ဘယ်လိုတုံးဟ၊ ဘာကြောင့် အဲဒီလို ဆက်ဖြစ်သွားရတာလဲ"

"ငွေပေါ့အစ်ကို၊ ငွေပေါ့။ လောကမှာ ငွေပဲ။ ပထမအကြိမ် အဘိုးကြီး ဗလက္ကာရပြုတာကို ခံခဲ့ရကတည်းက ကြိတ်မှိတ်ပြီး ကိုယ့်ဘာသာမျိုသိပ်နေခဲ့ရတာလည်း ဒီငွေကြောင့်ပဲ။ နောက်ထပ်ဒီအဘိုးကြီးနဲ့ပဲ ဆက်ပြီး မှားယွင်းသွားတာကလည်း ဒီငွေကြောင့်ပဲ။ သူက ဒီအဘိုးကြီးကို လွှန်မှမလွန်ဆန်နိုင်တော့တာပဲ။ ခြုံပြီးပြောရရင် သူ့အိမ်ပြဿနာ၊ သူ့မိသားစုပြဿနာကို ဖြေရှင်းဖို့က ငွေလိုတယ်လေ။ ဒီငွေရဲ့ ရပေါက်ရလမ်းကလည်း ဒီအဘိုးကြီးဆီမှာပဲ ရှိတယ်။ ဒီတော့ သူက ဒီအဘိုးကြီးကို ရွံရှာမုန်းတီးမိတယ်ပဲထား၊ အိမ်မှာငွေလိုလာတဲ့အခါကျတော့ငွေနဲ့အလဲအလှယ်လုပ်ဖို့အသင့်စောင့်နေတဲ့ ဒီအဘိုးကြီးမျက်နှာကိုပဲ ပြေးပြေးပြီးမြင်ယောင်နေရတယ်။ ဒီလိုနဲ့ပဲ အခက်အခဲတွေကို ဒီနည်းနဲ့ဖြေရှင်းသွားရာက နောက်ဆုံး အဘိုးကြီးပိုက်ကွန်ထဲက ရုန်းမထွက်နိုင်အောင်ဖြစ်သွားရတော့တာပဲ ခင်ဗျ"

"နို့- မင်းက ဒီအကြောင်းတွေကို ဘယ်တော့မှသိတာလဲ။ ဘယ်လိုလုပ်သိသလဲ"

"တဖြည်းဖြည်း သိလာတာပေါ့ အစ်ကိုရာ။ မကောင်းမှု ဆိုတာ ဆိတ်ကွယ်ရာမှမရှိဘဲ။ သူဘယ်လောက်ပဲဖုံးဖုံး မလုံနိုင်ပါဘူး။ အဲလို စဖြစ်ပြီးကတည်းက ကျွန်တော်နဲ့တွေ့တဲ့အခါ သူ့မျက်နှာက အရင်လိုမှမဟုတ်တော့ဘဲ။ မျက်နှာက ပျက်နေတယ်၊ ညှိုးနေတယ်လေ။ ကျွန်တော်က အလွန့်အလွန်မသင်္ကာဖြစ်လာပြီး ဒေါသနဲ့ မရမက မေးကြည့်တော့မှ သူက ချုံးပွဲချငိုပြီး ဒီအဖြစ်ကိုပြောပြလာတာ"

"ဒီတော့ မင်းက ဘယ်လိုခံစားရသလဲ။ သူ့အပေါ် မုန်းမသွားဘူးလား၊ စိတ်ပျက်မသွားဘူးလား"

"ခံစားရတာကတော့ နေရာမှာတင် လဲသေလိုက်ချင်လောက်အောင် ခံစားလိုက်ရတာပဲ။ ဒါပေမယ့် သူ့အပေါ် အပြစ်တင်ချင်တာမျိုး၊ မုန်းချင်တာမျိုးတော့ ကျွန်တော့်စိတ်ထဲမှာ ဖြစ်မပေါ်မလာဘူး ခင်ဗျ။ ဒါဟာ သူ့ဖြစ်အင်ကို ကရုဏာနဲ့ နားလည်ပေးတဲ့စိတ်မျိုး ကျွန်တော့်မှာ ဖြစ်ပေါ်နေလို့ပဲလား၊ သူကျွန်တော့်အပေါ်ထားတဲ့ မေတ္တာစွမ်းအားကြောင့်ပဲလား ဆိုတာကိုတော့ ကျွန်တော်လည်း မပြောနိုင်တော့ဘူး"

"အေး-ဒီအတွေးအခေါ်မဆိုးဘူး။ သူက မင်းအပေါ်တော့ ချစ်မြဲပဲမဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ ချစ်မြဲပါပဲ။ ဟိုအဘိုးကြီးလက်ထဲ ခန္ဓာကိုယ်ကိုပေးဆပ်လိုက်ရပေမယ့် ကျွန်တော့်အပေါ်ထားတဲ့မေတ္တာကတော့ တစ်ရွေးသားမှ မလျော့ပါဘူးဆိုတဲ့အကြောင်းကို သူက ကျိန်တွယ်ပြီး ပြောတယ်။ ဒါကို ကျွန်တော်ကလည်းယုံတယ်။ ယုံလို့လည်း ဒီအကြွေပန်းကိုပဲ မစွန့်လွှတ်နိုင်ဘဲဖြစ်နေတယ်။ ကျွန်တော့်အတွက် ချန်ထားတဲ့ သူ့မေတ္တာ၊ သူ့နှလုံးသားကိုပဲ တန်ဖိုးထားပြီးတော့ ဆက်ချစ်နေမိတယ် အစ်ကို"

"အေးကွာ၊ ကြားရတာနဲ့တင် ငါတောင် မင်းအစား ရင်နာနေမိတယ်။ မင်းက ဘယ်လိုဆက်စခန်းသွားဖို့စဉ်းစားထားလဲ"

"ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပဲ တိုင်ပင်ကြတယ်။ အစီအစဉ်တွေဆွဲကြတယ်။ လောလောဆယ် ဒီတိုင်းပဲ ဟန်မပျက် ဆက်နေသွားကြမယ်။ သူ့အမေအခြေအနေက နောက်နှစ်တိုမကူးတော့ဘူး။ အလွန်ဆုံးနေရလှ ဒီနှစ်ကုန်လောက်အထိပဲ။ သူက ဒီအမေအတွက်ပဲ အဓိကဝန်ထမ်းနေရတာဆိုတော့ ဒီဝန်ထုပ်ဝန်ပိုးကြီးသာ ပြုတ်ကျသွားပြီဆိုရင် အားလုံးကိစ္စပြီးသွားပြီလေ။ ဒီတော့ ဒီအချိန်ကို ကျွန်တော်တို့စောင့်ကြမယ်။ ဒီအချိန်ကိုရောက်တာနဲ့ ကျွန်တော်တို့နှစ်ယောက် အတိတ်ကို လုံးဝခြေရာဖျောက်ပြီး ရွှတ်လွှင့်သွားကြမယ်။ အဲဒီ အစီအစဉ်ပဲ အစ်ကို။ ဒီကြားထဲမှာ ကျွန်တော်က တတ်နိုင်သလောက် ငွေရှာထားဖို့လိုတာမို့ အလုပ်လုပ်ရအောင် အစ်ကို့ဆီထွက်လာခဲ့တာပဲ။ ကိုခင်မောင်လှိုင်တို့နဲ့အတူ ဆက်နေလို့ကတော့ ဘယ်လိုမှငွေစုနိုင်မှာမဟုတ်ဘူးလေ"

"အေးကွာ၊ အေးအေး- အဲဒီအစီအစဉ်ကောင်းတယ်။ မင်းတို့ကြိုးစားကြပေါ့။ ဒီကြားထဲမှာ ထူးခြားတာရှိရင်လည်း ငါ့ကိုလာတိုင်ပင်ပေါ့။ ငါလည်း တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

ဆန်းဝင်းဇော်အကြောင်းကို သို့ကလို သိခဲ့ရခြင်းပင်ဖြစ်သည်။ သူ့အချစ်ရေးက မလှမပနှင့် ဆိုးဆိုးရွားရွားကို ဖန်တီးလာခဲ့သောအဖြစ်မျိုး ဆိုတော့လည်း ကျွန်တော် စိတ်မကောင်းဖြစ်ရခြင်းနှင့်အတူ ကရုဏာပါဖြစ်ရပါသည်။ သို့ကြောင့်ပင် ထိုနေ့ကစပြီး သူ့အပေါ်ကို ကျွန်တော် ပို၍ အရေးတယူနှင့် ဂရုတစိုက်သဘောထားခဲ့မိသည်။ မကြာမီသူ့ကို တာလီသမားအဖြစ်မှ ပစ္စည်းထိန်းအကူအဖြစ်သို့ ကျွန်တော်အလုပ်ပြောင်းပေးနိုင်ခဲ့သည်။ 'ပစ္စည်းထိန်းအကူက

ယခင်အလုပ်ထက် ရပေါက်ရလမ်းလေးတွေပိုရှိသည်။ အနည်းဆုံးတော့ စားပြီးသောက်ပြီး၊ သုံးပြီးစွဲပြီး လစာတစ်လစာလုံးလောက်ကို အသားတင်စုမိနိုင်သည်။ သည့်ထက်လည်း ပိုချင်ပိုနိုင်သေးသည်။ ထပ်မံပြီး ကျွန်တော်တတ်နိုင်သည့်နေရာက သူ့ကို ကြည့်ရှုလိုက်ခြင်း၊ ကူညီလိုက်ခြင်း ဖြစ်သည်။

◆ ◆ ◆

နောက်ထပ် (၅)လလောက် ကြာမြင့်သွားသည်။

တစ်နေ့မှာတော့ ကျွန်တော်ကိုယ်တိုင်မျှော်လင့်နေမိသလို ဆန်းဝင်းဇော်လည်း အစောင့်စားကြီးစောင့်စားနေရသည့် အခိုက်အတန့်အတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာတော့သည်။ ထိုနေ့က ဆန်းဝင်းဇော်တစ်ယောက် ဖျတ်လတ်စွာဖြင့် ကျွန်တော့်ထံ ရောက်လာသည်။ အချိန်က အလုပ်မဆင်းမီ အချိန်လောက်မှာ ဖြစ်သည်။

သူက တက်ကြွပြီး စိတ်လှုပ်ရှားသောအမူအရာဖြင့် ကျွန်တော့်ကို ပြောလေသည်။

"အစ်ကို၊ ခင်ဆွေရီ့အမေဆုံးသွားပြီတဲ့။ အခုပဲ ကျွန်တော်သတင်းရလိုက်တာ"

"ဟုတ်လား။ သေတဲ့သူအတွက် စိတ်မကောင်းပေမယ့် မင်းအတွက်က သတင်းကောင်းပဲ။ သူကိုယ်တိုင် မင်းကို ဖုန်းဆက်ပြောသလား"

"မဟုတ်ဘူး အစ်ကို၊ သူတို့အိမ်နားက ကျွန်တော့်သူငယ်ချင်း ထွန်းမောင်က လှမ်းပြောတာ။ ခင်ဆွေရီနဲ့က ကျွန်တော် ဖုန်းမရတာ ရက်ပေါင်း (၅၀) လောက်ရှိသွားပြီ။ သူ့ဖုန်းကို ခေါ်လို့မရဘူး။ နံပါတ်ပြောင်းသွားသလားမသိဘူးပေါ့။ ဟိုတလောတုန်းကတည်းက ကျွန်တော့်ကို ထွန်းမောင်ကပြောတယ်။ ခင်ဆွေရီကို ခုတလော သူ့အိမ်မှာမတွေ့ရတာ တော်တော်ကြာသွားပြီတဲ့။ သူဘာတွေလုပ်ပြီး ဘယ်တွေကိုသွားနေသလဲ ကျွန်တော်လည်းမသိဘူး။ သူနဲ့ဖုန်းမရတော့ ကျွန်တော်က ထွန်းမောင်နဲ့ပဲလှမ်းဆက်နေရတာပေါ့။ ဘာပဲပြောပြော ကျွန်တော်ပြန်ဖို့လိုပြီထင်တယ်အစ်ကို"

"ဒါပေါ့။ ကိုယ့်ချစ်သူကို နှံ့ထဲကနေ မြန်မြန် ပြန်ဆွဲထုတ်ရမှာပေါ့။ ဒီလိုလုပ်။ မင်းခွင့်တင်ပြီးပြန်သွား။ ဒီအလုပ်ကို မစွန့်ပစ်ခဲ့နဲ့။ မင်းတို့ ဟိုမှာ မင်္ဂလာတွေဘာတွေဆောင်ပြီးတာနဲ့ ဒီပြန်လာ၊ ဒီမှာ အလုပ်ဆက်လုပ်။ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်သွားတာပေါ့ကွာ။ အိမ်ထောင်ဦးမှာ အလုပ်နဲ့အကိုင်နဲ့ နေစရာထိုင်စရာနဲ့ အဆင်သင့်ဖြစ်နေသလို မင်းချစ်သူအတွက်လည်း လိပ်ပြာငယ်စရာ၊ ရှက်ရွံ့သိမ်ငယ်စရာအတိတ်ကိုကျော်ခိုင်းပြီးသား ဖြစ်နေတာပေါ့"

"ဟုတ်ကဲ့အစ်ကို၊ ကျွန်တော်အဲဒီအတိုင်းပဲ လုပ်မယ်"

သူ့မျက်နှာက ဝင်းလက်နေသည်။ ချစ်သူနှင့်နီးခွင့်ကြုံရပြီမို့လည်း ရွှင်လန်းနေသည်။ ကျွန်တော်က ကျွန်တော့်ဆီမှာ သူစုဆောင်းထားသည့် ငွေများကို ပြန်ထုတ်ပေးလိုက်သည်။ ဒါ့အပြင် ကျွန်တော့်ငွေတချို့ကိုပါ လက်ဖွဲ့သဘောမျိုးဖြင့် ထပ်ဆောင်းပြီးထုတ်ပေးလိုက်သေးသည်။ ပြီး- သူ့အလုပ်အတွက်ကိုလည်း ကျွန်တော်က တာဝန်ယူပေးလိုက်သည်။ နေရာကောင်းရထားသည့် သူ့အလုပ်ကလေးကို တစ်လအတွင်း မည်သူ့ကိုမျှ အစားမထိုးစေရန် ကျွန်တော်ကတာဝန်ယူလိုက်သည်။ သူ့ကိစ္စဝိစ္စမှန်သမျှကို တစ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီးနောက် ဒီကိုပြန်လာပြီး အလုပ်ဆက်ဝင်နိုင်စေရန် ဖြစ်သည်။

သို့နှင့် နောက်တစ်ရက်မှာပင် ဆန်းဝင်းဇော်က ကျောပိုးအိတ်ကလေးကိုလွယ်ပြီး ချစ်သူ့နယ်မြေဆီသို့ ဖျတ်လတ်စွာ ထွက်ခွာသွားတော့သည်။

◆ ◆ ◆

အချိန်တွေကတစ်ရက်ပြီးတစ်ရက် ကုန်လွန်သွား၏။ ကျွန်တော်က အလုပ်ထဲမှာ အာရုံစိုက်နေရင်း တစ်ဖက်ကလည်း ဆန်းဝင်းဇော်သတင်းကို စောင့်မျှော်နေမိသည်။ သူ့အခြေအနေ ဘယ်လိုရှိသလဲ၊ သူ့အဆင်ပြေသလား၊ မပြေဘူးလား ဆိုတာကို သိချင်နေမိသည်။ ကျွန်တော့်ထံ ဖုန်းခေါ်ပြီး ပြောပြလာမည့်အချိန်ကို စောင့်မျှော်နေမိသည်။

သို့သော် တစ်ရက်ပြီးတစ်ရက်၊ တစ်ပတ်ပြီးတစ်ပတ် အချိန်တွေသာကုန်ဆုံးသွားသော်လည်း ဆန်းဝင်းဇော်က ကျွန်တော့်ကို တစ်စုံတစ်ရာ ဆက်သွယ်လာခြင်းမရှိ။ ထူးထူးခြားခြားပင် သတင်းအစအနပျောက်လျက်ရှိသည်။ သူဘယ်လိုနေလေသလဲ၊ အခြေအနေက ထင်သလောက် မလွယ်ကူဘဲ ဖြစ်နေလေသလား၊ သို့တည်းမဟုတ် သူတို့ချစ်သူနှစ်ယောက်အပြီးတိုင်ခြေရာဖျောက်၊ သတင်းဖျောက်ပြီး အဝေးတစ်နေရာသို့ ထွက်ခွာသွားကြပြီလား စသဖြင့် ကျွန်တော်က ထင်မိထင်ရာတွေ တွေးတောနေမိ၏။ ဘာတစ်ခုမှတော့ ရေရေရာရာ ကောက်ချက်ချနိုင်ခြင်းမရှိပါ။

သို့နှင့် အချိန်ကတစ်လတိတိပြည့်သွားခဲ့သည်။ ကျွန်တော့်လုပ်ပိုင်ခွင့်ထဲမှ ဆိုင်းငံ့ပေးထားနိုင်သည့်အချိန်က ကုန်လွန်သွားခဲ့ပြီဖြစ်ရာ ဆန်းဝင်းဇော်နေရာကို မဖြစ်မနေလူစားထိုးပေးရတော့မည်။ ကျွန်တော် မတတ်နိုင်တော့ပါ။ ပစ္စည်းထိန်းဌာနသို့ သင့်တော်သူတစ်ဦးအား ခန့်ထားလိုက်ရန် အကြောင်းကြားလိုက်ရတော့သည်။

သည်ရက်ပိုင်းများအတွင်း မိုးတွေက တအားကောင်းနေသည်။ နေ့စဉ်ရက်ဆက်ဆိုသလို မိုးတွေ တရကြမ်းရွာချနေသည်။ မိုးစဲသည့်အချိန်ဟူ၍ ခဏတစ်ဖြုတ်လောက်သာရှိပြီး နေ့ရောညပါ စဉ်ဆက်မပြတ် ရွာချလျက်ရှိသည်။ ထို့ကြောင့် လုပ်ငန်းခွင်အားလုံးကို ရပ်နားထားလိုက်ရသည်။ မိုးလေကင်းစင်မည့်အချိန်ကိုစောင့်ရင်း ဝန်ထမ်းအားလုံး သူ့နေရာ၊ ကိုယ့်နေရာတို့၌ အသာငြိမ်နေကြရသည်။

မိုးစွေရက်များအတွင်း ကျွန်တော်က စာအုပ်ကိုသာ အဖော်ပြုနေမိသည်။ သည်ညတွင်လည်း အရာရှိစားသောက်ဆောင်မှာ ညစာစားပြီး ပြန်လာကတည်းက စာအုပ်ကိုပင် ကောက်ကိုင်နေလိုက်သည်။ အပြင်ဘက်မှာတော့ မိုးကရွာချနေဆဲပင်။ ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေပြီး မိုးသံလေသံနှင့်အတူ မိုးခြိမ်းသံများပါ ထွက်ပေါ်လျက်ရှိသည်။ မိုးအေးအေးတွင် အနွေးထည် ထပ်ဝတ်ပြီး မီးရောင်အောက်မှာ စာဖတ်ကောင်းနေဆဲ ည (၉) နာရီခန့်အရောက်တွင်-

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံကပေါ်လာခဲ့သည်။ စာအုပ်ပေါ်ကမျက်နှာကို တံခါးဘက်သို့ လှည့်လိုက်၏။ အပြင်ဘက် အပေါက်ဝမှာ ရပ်နေသည့် အရိပ်မည်းမည်းတစ်ခုကိုတွေ့ရ၏။ ဘယ်သူပါလိမ့်၊ ဘာကိစ္စပါလိမ့်ဟုတွေးရင်း ကျွန်တော်ထိုင်ရာက ထလိုက်သည်။ တံခါးဆီသို့လျှောက်သွားလိုက်သည်။ ချက်ကိုဖြုတ်၍လည်း တံခါးကိုဖွင့်ပေးလိုက်သည်။

ဤတွင် အပေါက်ဝမှာ ပေါ်လာသူက မိုးကာအင်္ကျီကို ဦးခေါင်းအထိဝတ်ဆင် ခြုံလွှမ်းထားသော်လည်း ကျွန်တော့်အဖို့တော့ တစ်ခါမြင်၊ တစ်ခါမှတ်မိနိုင်သည့်ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသည်။

"ဟင်- ဆန်းဝင်းဇော်"

အာမေဍိတ်သံ လွှတ်ခနဲ ထွက်သွားသည်။ သူက တကယ်ဆန်းဝင်းဇော်ပါ။ ကျွန်တော် အံ့အားတသင့်ဖြစ်နေဆဲမှာပင် သူက မိုးကာအင်္ကျီကိုချွတ်သည်။ ကြိုးစက်တွေကိုခါချသည်။ အင်္ကျီကို ကြိုးတန်းပေါ် လွှားတင်သည်။ ပြီးလျှင် အထဲကိုဝင်လာသည်။ ဤတွင် ပို၍လင်းထိန်သောမီးရောင်အောက်မှာ ကျွန်တော်က သူ့ကိုကြည့်ပြီး အပြည့်အစုံအကဲခတ်ပြီးသားဖြစ်နေသည်။ သူ့ပုံစံက အတော်တပျစ်ကညစ်နိုင်လှသည်။ ဆံပင်တွေက ရှည်လျားပြီး ဖရိုဖရဲဖြစ်နေသည်။ လူကလည်း သိသိသာသာပင် ပိန်သွားသည်။ မျက်လုံးအရောင်၊ မျက်နှာအရောင်တွေကပါ တောက်ပခြင်းကင်းမဲ့လျက် မှိန်မှိန်ပြာပြာဖြစ်နေသည်၊ ခြောက်ခြောက်သွေ့သွေ့ဖြစ်နေသည်။ သူ့ထံမှ အောက်သိုးသိုး၊ ချဉ်စုတ်စုတ်အနံ့တစ်မျိုးကိုပါ ကျွန်တော်ရှူရှိုက်ရသည်။ ပြောရလျှင် သူ၏ပြန်လည်ရောက်ရှိလာပုံက လက်ရှိဖြစ်ပေါ်နေသော စိတ်ပျက် ညစ်ညူးဖွယ်ရာသီဥတုနှင့် လိုက်ဖက်နေသည်၊ တစ်ထပ်တည်းကျနေသည်။

"လာ-ဆန်းဝင်းဇော်၊ မင်းကလည်း အချိန်မတော်ကြီးပါလား"

သူ့ကိုခေါ်ပြီး မူလနေရာမှာ ကျွန်တော်ပြန်ထိုင်လိုက်သည်။ သူက နောက်က လိုက်လာပြီး ကျွန်တော့်မျက်နှာချင်းဆိုင်မှာဝင်ထိုင်သည်။ ထိုအခိုက် မိုးခြိမ်းသံတစ်ချက်ထွက်ပေါ်လာသည်။ မိုးခြိမ်းသံနောက်တွင် မိုးက အရှိန်လျော့သွားသည်။ မိုးလုံးသေးသွားသည်နှင့်အမျှ မိုးသံကပါ တိုးတိတ်သွားသည်။

"မင်း ဘာကြောင့် နောက်ကျနေသလဲ။ မင်းနေရာကို လူစားခန့်ဖို့တောင် စီစဉ်နေပြီ။ ဒီရက်ပိုင်းတွေမှာ မိုးကောင်းနေလို့ မခန့်ဖြစ်သေးတာ"

ဤစကားဖြင့်သာ သူ့ကို စတင်ပြောဆိုရတော့မည်။ သူ့ပုံစံကိုကြည့်ပြီး သူ့ပတ်ဝန်းကျင်အခြေအနေမကောင်းခဲ့မှန်း၊ အဆင်မပြေခဲ့မှန်း ကျွန်တော်ရိပ်မိနေပြီ။

"ကျွန်တော် ကြိုးစားပြီး ဒီကိုပြန်လာခဲ့တာ အစ်ကို။ ပထမ ပြန်တောင်မလာတော့ဘူးလို့ ဆုံးဖြတ်ထားတာ။ ကျွန်တော် တော်တော်စိတ်လေသွားတယ်"

ခြောက်ကပ်ပြီး အားမပါသောလေသံဖြင့် သူကပြောသည်။ ကျွန်တော်က သူ ဆက်ပြောနိုင်ရန် ဖွင့်ထားပေးလိုက်သည်။

"အစ်ကို့ဆီကိုလည်း ကျွန်တော် ဖုန်းမဆက်ချင်တော့ဘူး။ကိုယ်ထင်သလိုမှ မဖြစ်မလာဘဲ။ အစ်ကို့ကို စိတ်ညစ်စရာ၊ ဒေါသထွက်စရာတွေ ပြန်ပြောပြမနေချင်တော့ဘူး"

ကျွန်တော်က သူ့ကိုစိုက်ကြည့်ပြီး ငြိမ်မြငြိမ်နေသည်။

"ကျွန်တော်ဟိုရောက်တော့ ကျွန်တော် ကြိုးစားခဲ့ရတာတွေ၊ မျှော်မှန်းခဲ့တာတွေက အားလုံး သဲထဲရေသွန် ဖြစ်ကုန်တယ်။ သူက သူ့အဘိုးကြီးနဲ့ တရားဝင် လက်မှတ်ထိုးပြီးသွားပြီ။ ကျွန်တော် ဒီမှာ အလုပ်လုပ်နေကတည်းက လက်မှတ်ထိုးပြီးနေတာ"

ပထမဆုံးအကြိမ် ကျွန်တော်လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူကပဲ ဆက်ပြောသည်။

"ကျွန်တော် ဟိုရောက်ရောက်ချင်းပဲ သူတို့အိမ်ကို တန်းသွားလိုက်တယ်။ သွားတော့ ခင်ဆွေရီကို အိမ်မှာမတွေ့ဘူး။ သူတို့အမေကတော့ ရက်လည်ပြီးနေပြီ။ သူတို့အိမ်မှာ သူ့အဖေနဲ့သူ့အစ်မတွေ၊ သူ့မောင်တွေကိုပဲတွေ့ရတယ်။ ဒါနဲ့ ကျွန်တော်က ခင်ဆွေရီဘယ်သွားနေလဲလို့ မေးကြည့်တယ်။ သူတို့က ဘယ်သူမှ ရေရေရာရာ အဖြေမပေးကြဘူး။ မြို့ထဲက ကုန်တိုက်တစ်တိုက်မှာ လစာနဲ့သွားပြီးအလုပ်လုပ်နေသလိုလိုပြောကြတယ်။ သူ ဘယ်မှာနေပြီး ဘယ်မှာအလုပ်လုပ်နေသလဲ ဆိုတာကိုကျတော့ လိပ်စာတိတိကျကျ ပြောမပြဘူး။ ဟိုလိုလို ဒီလိုလိုနဲ့ ဝေ့လည်ကြောင်ပတ်လုပ်နေကြတယ်။ ကျွန်တော်စိတ်တိုပြီး သူတို့အိမ်ကပြန်လာခဲ့တယ်။ သူတို့အိမ်က ထွက်လာခဲ့ပြီး မကြာခင်မှာဘဲ ခင်ဆွေရီရဲ့အစ်မ မသီသီဦးက ကျွန်တော့်နောက်က လိုက်လာပြီး ကျွန်တော့်ကို လှမ်းခေါ်တယ်။ ကျွန်တော်က ရပ်နေလိုက်တယ်။ မသီသီဦးက ကျွန်တော့်နားရောက်တာနဲ့ ဖျောင်းဖျစကားတွေ ပြောလာတော့တယ်။

ငါ့မောင်တဲ့၊ သူ့ကို ဒီဘဝ ဒီမျှနဲ့ပဲ လက်လျှော့လိုက်ပါတော့တဲ့။ သူက ဟိုအဘိုးကြီးနဲ့ တရားဝင် လက်မှတ်ထိုးလိုက်ပြီတဲ့။ မမျှော်လင့်ဘဲ ကိုယ်ဝန်ရှိသွားရာက မဖြစ်မနေ လက်မှတ်ထိုးရတဲ့အထိဖြစ်သွားတာပါတဲ့။ဒီကိစ္စကို အဘိုးကြီးရဲ့ဆန္ဒအရ အပြင်လူတွေ လုံးဝ မသိစေဘဲ လျှို့ဝှက်ထားခဲ့တာပါတဲ့။ ငါ့မောင်ကိုတော့ အကျိုးမရှိတဲ့ ဒီခရီးကို ဆက်မလျှောက်စေချင်တော့လို့ တကယ့်စေတနာနဲ့ ဖွင့်ပြောပြရတာပါတဲ့။ အဲဒီလိုပြောလာပါတယ်"

"ဒါဆို သူက ခုချိန်မှာ ဗိုက်ကြီးနဲ့ပေါ့၊ ကိုယ်ဝန်ကြီးနဲ့ပေါ့။ ဒီလိုလား"

"ကျွန်တော်လည်း ပထမတော့ အဲဒီလိုပဲထင်ပြီး စိတ်ဓာတ်ကျသွားပါတယ်။ သူ ဒီလိုဖြစ်သွားပြီဆိုရင်တော့ လမ်းဆုံးပြီလို့ပဲ တွက်လိုက်မိတာပေါ့။ ဒါပေမယ့် မသီသီဦးက သူ့ကိုယ်ဝန်ပျက်ကျသွားတဲ့အကြောင်းကို ဆက်ပြောလာတယ် အစ်ကို။ ဒီတော့ ကျွန်တော့်မျှော်လင့်ချက်ကလည်း ပြန်ပြီး ရှင်သန်လာတာပေါ့။ သူ့မှာ ကလေးမရှိဘူးဆိုရင် ငဲ့ကွက်စရာ၊ ငြိတွယ်စရာလည်း ဘာမှမရှိဘူးလေ။ သူလွတ်လွတ်လပ်လပ်ဖြစ်နေဆဲပဲ။ ဒီတော့ သူကျွန်တော့်အပေါ် ထားတဲ့မေတ္တာတရားကလည်း အရင်လိုခိုင်မြဲနေဆဲပဲ။ အဲဒါကို မျှော်ကိုးပြီးတော့ ကျွန်တော်က ဖြစ်ချင်ရာဖြစ်၊ ဇွတ်လုပ်ဖို့ စဉ်းစားတယ်။ သူ အဘိုးကြီးနဲ့ လက်မှတ်ထိုးထားတာက မှန်တယ်။ ဒါပေမယ့် သူ့သဘောပဲ။ သူသာလိုက်မယ်ဆိုရင် ကျွန်တော် သူ့ကိုခိုးပြေးမယ်။ ခုအချိန်မှာ သူ့အမေကလည်းသေပြီ။နောက်ဆံငင်စရာ ဘာမှမရှိတော့ဘူး။ အဝေးဆုံးတစ်နေရာကို ကျွန်တော်တို့ ထွက်သွားကြမယ်။ အဲဒီလို ကျွန်တော်က စိတ်ကူးပေါ်လာတယ်။

ဒါနဲ့ ကျွန်တော်က မသီသီဦးကိုပဲ အချိုသတ်ပြီး ဆက်မေးရတာပေါ့။ ကျွန်တော်နောက်ဆုတ်လိုက်ပါပြီ။ သူ့အဆင်ပြေရင်ပြီးတာပါပဲ။ သူ့အခု ဘယ်မှာနေသလဲဆိုပြီး အသာမေးကြည့်တယ်။ အဲဒီမှာတင် အဖြေမှန်ကပေါ်လာပါတယ်။ သူ့ခရေမွှန်အိမ်ရာက တိုက်ခန်းတစ်ခန်းမှာရောက်နေတယ်။ အဲဒီတိုက်ခန်းမှာပဲ အဘိုးကြီးက သူ့ကို ဆွဲတင်ထားတာ အစ်ကိုရ"

"မင်းက ခရေမွှန်အိမ်ရာကိုလိုက်သွားရောဆိုပါတော့"

"ဟုတ်တယ်အစ်ကိုရ၊ ကျွန်တော် လိုက်သွားတယ်။ မသီသီဦးကတော့ ခရေမွှန်အိမ်ရာလို့ပဲ အကြမ်းဖျင်း ပြောသွားတာပေါ့။ သူနေတဲ့အခန်းအတိအကျကိုတော့ ကျွန်တော့်ဘာသာဆက်ပြီးစုံစမ်းရတာပေါ့။ စုံစမ်းတဲ့အတိုင်းလည်း အတိအကျသိရတယ်၊ သူနဲ့လည်းတွေ့ရတယ်။ ခရေမွှန်အိမ်ရာကို အများက မယားငယ်အိမ်ရာလို့ ပြောနေကြပါတယ်။ အလွှာပေါင်းစုံက ပိုက်ဆံရှိပုဂ္ဂိုလ်တွေ မယားငယ်ယူပြီး အဲဒီက တိုက်ခန်းတွေပေါ်

လာတင်ထားကြတာများလို့ အဲလို မယားငယ်အိမ်ရာ ဆိုပြီး သမုတ်ထားကြတာ။ ပြောတဲ့အတိုင်းလည်း တကယ်မှန်ပါတယ်။ သူ့အခန်းကို ကျွန်တော်ရောက်သွားတော့ သူက ဘဝတူမယားငယ်တွေနဲ့စုပေါင်းပြီး ဖဲထိုင်ရိုက်နေတာကို တွေ့ရတယ် အစ်ကိုရ။ သူ့ရဲ့အဝတ်အစားက၊ အစ အပြောအဆို အမူအရာတွေကပါ အရင်ကနဲ့ ဘာမှမတူတော့ဘူး။ အကုန်လုံးပြောင်းလဲကုန်ပြီ။ ရိုးသားသန့်စင်ပြီး မေတ္တာတရားကို တန်ဖိုးထားတတ်တဲ့ အရိပ်အခြည်တွေ ဒီကောင်မမှာ ဘာမှ မရှိတော့ဘူး။

ကျွန်တော်က တံခါးခေါက်လိုက်တော့ တံခါးကိုလာဖွင့်ပေးတယ်။ တံခါးဝမှာတင် သူနဲ့ မျက်နှာချင်းဆိုင်လိုက်ရတယ်။ သူက မျက်နှာပိုင်းပြီး အံ့ဩသွားတယ်။ သူ့နောက်မှာတော့ ဟိုကောင်မတွေက တဟီးဟီးတဟားဟားနဲ့ ဖဲရိုက်နေကြတယ်။ တံခါးဝမှာပဲ ကျွန်တော်ရပ်ပြီး စကားပြောခဲ့ရတာ။ ကျွန်တော့်ကို အထဲဝင်ပါဦးလို့တောင် မဖိတ်ခေါ်တော့ဘူး။ သူကစပြီးပြောတယ်။ ဘဝခြားနေကြပြီ၊ ဘယ်လိုမှမဖြစ်နိုင်တော့ဘူးဆိုပြီး အကြောင်းစုံကိုပြောပြတယ်။ ကျွန်တော်က ဒါတွေက သိသင့်သလောက်သိပြီးပြီ ဖြစ်တဲ့အကြောင်း၊ ဒါပေမယ့် သူ့ဆီက မေတ္တာတရားကိုပဲ အထူးတလည်တန်ဖိုးထား မျှော်ကိုးပြီးတော့ လာခဲ့တာဖြစ်တဲ့ အကြောင်းနဲ့ ကျွန်တော့်အစီအစဉ်တွေကိုပါ ပြောပြတယ်"

"ဒီတော့ မင်းမအောင်မြင်တော့ဘူး မဟုတ်လားကွ။ သူက မယားငယ်ဝါသနာပါသွားပြီ။ လူရော စိတ်ရောပြောင်းလဲနေပြီ"

"ကွတ်တိပဲ၊အဲဒီအတိုင်းပဲအစ်ကို။ သူကပြောင်ပြောင်ပဲပြောလာတယ်။ ဟိုတုန်းကတော့ မှတ်ပါတယ်တဲ့။ ခုတော့ ဒါတွေကို သူ့ရင်ထဲက ဖယ်ထုတ်လိုက်ပြီတဲ့။ အဲဒါတွေကို စိတ်ကူးယဉ်လောကထဲမှာပဲထားခဲ့လိုက်ပြီတဲ့။ မေတ္တာတစ်ခုတည်းနဲ့ လောကကြီးထဲမှာ ဘယ်လိုမှ မရပ်တည်နိုင်ဘူးတဲ့။ အဘိုးကြီးက သူ့အမေ သေပြီးပေမယ့် သူတို့မိသားစုကို ဆက်ပြီး ထောက်ပံ့နေသတဲ့။ ဒီတော့ ကျွန်တော်က သူ့ရင်ထဲမှာမရှိတော့သလို ကျွန်တော့်အတွက် ချန်ထားပါတယ် ဆိုတဲ့ မေတ္တာတရားကို အပြီးရုပ်သိမ်းလိုက်ပြီ၊ နုတ်သိမ်းလိုက်ပြီလို့သာ သဘောထားလိုက်ပါတဲ့။ ခုအချိန်ကစပြီး အားလုံးပြတ်ပြီ၊ ဘာမှလာပြီးမပတ်သက်နဲ့တော့လို့ နောက်ဆုံးပြောပြီး တံခါးကိုဆွဲပိတ်သွားတယ်အစ်ကို။ ကျွန်တော်လည်း စိတ်ကိုမထိန်းနိုင်ဘဲ သူ့တံခါးကိုပဲလက်သီးနဲ့ သုံး၊ လေးချက်လောက် ဆင့်ထိုးထားခဲ့တယ်။ ဒီကောင်မ အစ်ကိုပြောသလိုပဲ မယားငယ်အရသာတွေ့ပြီး မယားငယ်ဝါသနာပါသွားတာ အစ်ကို"

မိုးက အနည်းငယ် အရှိန်ပြန်မြင့်လာပြန်သည်။ မိုးသံဖြတ်ဝင်လာသောကြောင့်တစ်ကြောင်း၊ ပြောစရာစကားကုန်သွားသောကြောင့် တစ်ကြောင်း နှစ်ယောက်စလုံး နှုတ်ဆိတ်သွားသည်။ သိရသမျှအတွက် ကျွန်တော် စိတ်မကောင်းပါ။ ထို့ပြင် ဤအတောအတွင်း သူ၏ နောက်ဆုံးအခြေအနေကိုလည်း ကျွန်တော်က ခန့်မှန်းမိပြီးသားဖြစ်နေသည်။ သူမျှော်မှန်းချက်ဖြစ်သည့် မေတ္တာကိုပါ ရုပ်သိမ်းခံလိုက်ရသည့်အတွက် သူစိတ်ထိခိုက်သွားမည်၊ စိတ်လေသွားမည်။ သို့အတွက် အချိန်နှင့်အမျှ အရက်တွေကို သောက်နေမည်။ နောက်တော့မှသာ သတိလေးပြန်ဝင်လာပြီး ကျွန်တော့်ထံ ကြိုးစားပြန်လာခဲ့ခြင်း ဖြစ်သည်။

လတ်တလော သူ့နေရာကလေးကို အစားထိုးခြင်းမရှိသေးသည့်အတွက် သူကံကောင်းသည်ဟုဆိုနိုင်သည်။ မည်သို့ဆိုစေ ပြီးခဲ့တာတွေကို တကယ်ပဲ ပြည်ဖုံးကားချလိုက်ပြီး ဘဝသစ်အတွက် အာရုံစိုက်သွားနိုင်ဖို့သာ အရေးအကြီးဆုံး ဖြစ်သည်။ ဒါကို သူကြိုးစားပြီးလုပ်သွားဖို့လိုသည်။ လုပ်သွားနိုင်ပါစေဟုလည်း ကျွန်တော် ဆန္ဒပြုမိသည်။

မိုးသံတွေ ပြန်လည် ဆူညံလာစဉ်မှာပင် သူက ထိုင်ရာမှထလိုက်သည်။ ကျွန်တော် လှမ်းပြောလိုက်သည်။

"မင်းဒီမှာအိပ်သွားပါလား၊ ခုတင်တစ်လုံး အပိုရှိတယ်"

"နေပါစေတော့ အစ်ကို၊ တန်းလျားမှာပဲ ပြန်အိပ်လိုက်မယ်။ ဟိုမှာလည်း တာဝန်ခံကို ကျွန်တော်ပြန်ရောက်ကြောင်း သတင်းပို့ပြီးပါပြီ"

သူ အပြင်ဘက်ကို ထွက်သွား၏။ မိုးကာအင်္ကျီကိုဆွဲယူသည်။ ပြီးလျှင် ဝတ်ဆင်ပြီးနောက် မိုးပေါက်တွေကြားထဲ တိုးဝင်သွားသည်။ တန်းလျားဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

ကျွန်တော်က ရပ်ပြီး သူ့ကို ငေးကြည့်နေမိသည်။ ထိုသို့ငေးကြည့်နေရင်း သူ့အတွက် သက်ပြင်းချရမည့်အဖြစ်ကိုပင် မေ့လျော့နေမိသည်။

ခဲမြတ်ဝင်း(အမျိုးသားစာပေဆုရ)

မျက်စိကြည်လင်စေသည့် စားသောက်နည်း

နတ်မောက်မင်းသန့်နိုင်

လူ့ခန္ဓာကိုယ်တွင် မျက်စိသည် အလွန်နုနယ်သောအနုဆုံးအရာဖြစ်ပါသည်။

မျက်စိအသုံးများသူများ ဥပမာ- ကွန်ပျူတာ၊ တယ်လီဖုန်း၊ တီဗီနှင့် စာကြည့်များသူများနှင့် မျက်စိကို ဂရုမစိုက်သူများသည် အရွယ်မတိုင်မီ မျက်စိမှုန်မှိုင်းတတ်ကြပါသည်။

အသက်အရွယ်အရ အသက်လေးဆယ်ကျော်မှ ငါးဆယ်၊ ခြောက်ဆယ်တွင် မျက်စိမှုန်တတ်ကြပါသည်။ သို့သော် အချို့သူများမှာ မူလကပင် မျက်စိ အားနည်းသဖြင့် မျက်စိစောစွာ မှုန်တတ်ပါသည်။ ထားပါတော့။

မည်သို့ပင်ဖြစ်စေ၊ အောက်ပါ မြန်မာရိုးရာဆေးကိုဖော်စပ်၍ စွဲမြဲစွာ စားလျှင် သုံးလမှငါးလအတွင်း အထူးပင် (လက်တွေ့) မျက်စိကြည်လင်လာစေပါသည်။ ဆေးနည်းမှာ-

*မြင်းခွာရွက်ပဥ္စင်းပါးကို ရေစင်စွာဆေး၍နေရိပ်တွင် သဘာဝအတိုင်း ခြောက်သွေ့ပါစေ။ ခြောက်သွေ့မှ ထောင်းကောင်းအောင် နေပူလှန်း၍မှုန့်စွာထောင်းထားပါ။ ထိုအမှုန့် (၁၀) ကျပ်သား။

*ပျားရည်စစ်စစ်(၁၅)ကျပ်သား၊
*ငရုတ်ကောင်းအမှုန့်(၃)ကျပ်သား
*ပိတ်ချင်းသီးအမှုန့်(၃)ကျပ်သား၊

၎င်းဆေးအမယ် လေးပါး သမအောင်မွှေထားပါ။ သမစေရန် နာနာမွှေပေးရပါမည်။

နေ့စဉ်ထမင်းစားပြီးတိုင်း ဆီးစေ့ခန့်ဆေးကိုစားသွားပါ။ တစ်နေ့ (၂)ကြိမ် ဖြစ်ပါသည်။ ထိုဆေးကို မှန်မှန်စားသွားလျှင် တစ်လအတွင်းသိသာစွာ မျက်စိကြည်လင်လာပါမည်။ သုံးလ ငါးလစွဲစားသဖြင့် မျက်မှန်လွှတ်သွားသူတွေပင်ရှိပါသည်။ အထူးမှာ ထမင်းစားကောင်းပြီး ဆီး၊ ဝမ်း၊ ဓာတ်လေပါမှန်ကန်ကျန်းမာလာစေပါသည်။

နတ်မောက်မင်းသန့်နိုင်

လေ့လာအသုံးချ လက္ခဏာပညာ

မောင်ပလ(သုတေသီ)

လက္ခဏာပညာရပ်အရ လက်ဝါး ပြင်ပါအရေးအကြောင်း (လမ်းကြောင်း) များ၊ အမှတ်အသား၊ အစက်အပြောက်များစသည့်အနေအထားအမျိုးမျိုးသည် သက်ဆိုင်ရာလက်ဝါးပိုင်ရှင်၏ နဂိုပါဗီဇ စရိုက်လက္ခဏာ၊ စိတ်နေစိတ်ထား၊ အကြံအစည်၊ ဘဝပေးအခြေအနေ အမျိုးမျိုးအား တိုက်ရိုက်ကိုယ်စားပြု ထားကြောင်း လေ့လာတွေ့ရှိရသည်။

လူတစ်ဦးချင်းစီအလိုက် လက်ဝါး ပြင်နှင့်လက်ချောင်းများ တည်ဆောက်ပုံကွာခြားခြင်းကြောင့် စိတ်နေစိတ်ထားများကလည်း တိုက်ရိုက်အကျိုးသက်ရောက်မှုအဖြစ် လိုက်လံကွဲပြားကြသည်။ ထို့ကြောင့် အချို့သော‌သူများက လက်ချောင်းရှည်ပြီး အချို့ကတိုတုတ်ကြသည်။ အချို့က လက်ဝါးပြင်သား နူးညံ့ပျော့ပျောင်းပြီး အချို့က မာကြမ်းကြသည်။ လက်မတည်ဆောက်ပုံတစ်ခုတည်းမှာပင် မာကြော်တောင့်တင်း၍ ကွေးဆန့်ရန်မလွယ်ကူသော အခြေအနေရှိတတ်သလို အချို့သောလက်မများက အလွယ်တကူ ရှေ့နောက်ကွေးညွတ်ခြင်း၊ နောက်သို့လှန်နိုင်ခြင်းပြုနိုင်သည်ကိုတွေ့ရှိရသည်။

လက်ဝါးပြင်ကိုလေ့လာရာတွင်လည်း လမ်းကြောင်းများ များပြားပြီး သေးမျှင်မှုန်ဝါးနေပါက စိတ်ခံစား တုံ့ပြန်မှု၌ လွယ်ကူလျင်မြန်တတ်ပြီး လက်ဝါးပြင်ပါလမ်းကြောင်းများ ထူထည်း၊ နက်ရှိုင်း၊ ထင်ရှားပါက အာရုံခံစားမှု၌ လျင်မြန်မှုမရှိဘဲ (အာရုံ၏စေ့ဆော်မှုအမျိုးမျိုးကို ခံနိုင်ရည်ရှိသည့်သဘော၊ အကြမ်းအတမ်း ခံနိုင်သည့်သဘော) (သို့) တုံးတိတိနိုင်သည့်သဘောကို ဖော်ပြနေပါသည်။

သိစိတ်နှင့် မသိစိတ်ကို ကိုယ်စားပြုခြင်း

ဝဲဘက်လက်သည် မသိစိတ်ကို ကိုယ်စားပြုပြီး ယာဘက်လက်ကသိစိတ်ကိုကိုယ်စားပြုထားသည်။ အကယ်၍ ဝဲယာလက်နှစ်ဖက်စလုံး တစ်ထေရာတည်းတူညီနေပါက အဆိုပါ လက်ဝါးပိုင်ရှင်၏ သိစိတ်နှင့်မသိစိတ်တို့ ဟန်ချက်ညီညီလှုပ်ရှားနေကြောင်း မှတ်ယူနိုင်ပါမည်။

လက်ဝါးပြင်အား လေ့လာရာ၌ ဝဲ,ယာနှစ်ဖက်စလုံးအား နှိုင်းယှဉ်လေ့လာပေးရမည်။ သို့မှသာ သိစိတ်နှင့် မသိစိတ်တို့အပြင် အတွင်းစိတ်တွင်ရှိ ပဋိပက္ခ အမျိုးမျိုးအား ဆင်ခြင်တွေးခေါ်မှုဖြင့် ဆုံးဖြတ်နိုင်စွမ်းရှိပုံကိုပါ လေ့လာသိရှိနိုင်မည်ဖြစ်သည်။

လက်ဝါးပြင်နှစ်ဖက်အား ယှဉ်တွဲဖြန့်ခင်းလေ့လာရာတွင် အကယ်၍ ယာဘက်လက်ဝါးပြင်၌ ပါဝင်သော လမ်းကြောင်းများက ဝဲဘက်လက်ဝါးပြင်ထက် ပိုမိုမှုန်ဝါးသေးမျှင်ပြီး များပြားနေခြင်းကြောင့် မသိစိတ်အပေါ် သိစိတ်၏ထိန်းချုပ်မှု အားကောင်းနေသည်ဟု အကြမ်းဖျင်းဆိုနိုင်သော်လည်း လက္ခဏာပညာရပ်၏ ရှုထောင့်ပေါင်းစုံဖြင့်လေ့လာပြီးစီးခြင်း မရှိသေးပါက မှန်ကန်သောအဖြေအဖြစ် ထစ်ထစ်ချ မမှတ်ယူနိုင်သေးကြောင်း သတိပြုရပါမည်။

စိတ်ပိုင်းဆိုင်ရာ နယ်ပယ်အတွက် လက်ဝါးပြင်ပါ အဓိကလမ်းကြောင်း တစ်ခုဖြစ်သည့် ဦးခေါင်းလမ်းကြောင်းအားသေချာစွာစိစစ်လေ့လာပေးရမည်။



Fig-1 Fig. 1.

A=ဦးခေါင်းလမ်းကြောင်း။
B=အသက်လမ်းကြောင်း။
ယာဘက်လက်ဝါးပြင်ရှိ စိတ်ပိုင်းဆိုင်ရာကိုယ်စားပြု ဦးခေါင်းလမ်းကြောင်း A သည် ရှည်လျားဖြောင့်တန်းလျက် ထင်ရှားစွာရှိနေသည်ကို တွေ့ရမည်။ တစ်ဖန် ယာဘက်လက်ဝါးပြင်ဖြစ်နေခြင်းကြောင့် သိစိတ်ကို ညွှန်ပြနေပါသည်။ ဦးခေါင်း လမ်းကြောင်းတစ်လျှောက် ကျွန်းခံနေခြင်းမှ ကင်းလွတ်နေခြင်းကြောင့် အာရုံစူးစိုက်မှုအားကောင်းခြင်း၊ အရာရာထိရောက်အောင်မြင်အောင် ထက်မြက်စွာလုပ်ကိုင်နိုင်ခြင်း၊ မလိုအပ်ဘဲတွေးတောပူပန်ခြင်း၊ ယောက်ယက်ခတ်ခြင်း လုံးဝမရှိတတ်သောကြောင့် တွက်ချက်လုပ်ကိုင်ရသောကိစ္စများ၌ အခက်အခဲမရှိအောင်မြင်ခြင်းသဘောများကို တိုက်ရိုက်ဖော်ပြနေပါသည်။ အကယ်၍ ဦးခေါင်းလမ်းကြောင်း သာမန်ထက်တိုတောင်းနေပါက စိတ်ပိုင်းဆိုင်ရာ သဘောပေါက်နားလည်နိုင်စွမ်း၌ အကန့်အသတ်ရှိနေပါမည်။

အဲ(လ်)ဘတ်အိုင်းစတိုင်း၏လက်ဝါးပြင်ကိုလေ့လာပါက စိတ်ပိုင်းဆိုင်ရာကိုယ်စားပြု ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်တစ်ပြင်လုံးနီးပါးအထိ ဆင်ခြေလျှောပုံစံဖြင့် ပြေပြစ်စွာ ဆင်းသွားသည်ကိုတွေ့ရသည်။ ယင်းမှာ လက်တွေ့ကျကျ စဉ်းစားတွေးခေါ်တတ်သည့်သဘော၊ အရာရာမှန်ကန်စွာ အဖြေထုတ်နိုင်စွမ်းရှိသည့်သဘောကို ဖော်ပြသည်။

အသက်လမ်းကြောင်းကို လေ့လာပါက လက်မအောက်ခြေနှင့်တန်းသောနေရာ၌ ကွေ့ဝိုက်၍ဝိုင်းသွားသည်ကိုတွေ့ရမည်။



Fig-2 Fig. 2.

A=ဆင်ခြင်လျှောဦးခေါင်းလမ်းကြောင်း။

B=တစ်ဖြောင့်တည်းအစက်ချမျဉ်း

ကြောင်း။

ဦးခေါင်းလမ်းကြောင်းအစပြုနေရာနှင့် အသက်လမ်းကြောင်းအစပြုနေရာအကြား (ကြားနေရာ) ကျယ်ပြန့်နေသည်ကိုတွေ့ရမည်။ ယင်းမှာ မြင့်မားစွာတွေးခေါ် မျှော်မြင်တတ်ခြင်း၊ လက်တွေ့ကျကျစိစစ်တွက်ချက် အဖြေထုတ်နိုင်ခြင်းသဘောကိုဖော်ပြသည်။

စိတ်ကူးဉာဏ်မြင့်မားခြင်းနှင့်ပတ်သက်၍ ဦးခေါင်းလမ်းကြောင်း (ဆင်ခြေလျှောအခုံး) ၏ အနားစွန်းတစ်ဖက်တစ်ချက်စီအား တစ်ဖြောင့်တည်းတန်းနေအောင် အစက်ချမျဉ်းကြောင်းဆွဲပေးခြင်းဖြင့် လေးကိုင်းပုံစံပေါ်လာပါက အတည်ပြုသတ်မှတ်နိုင်ပါမည်။ နမူနာပုံအရ A နှင့် B ကြောင့် လေးကိုင်းပုံစံပေါ်လာစေပါသည်။



Fig. 3.

Fig-3

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ ကျဉ်းမြောင်းနေသည်ကိုတွေ့ရမည်။ နေရာကျယ်ခြင်း၊ ကျဉ်းခြင်းအလိုက် အဆိုပါ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာသည် သက်ဆိုင်ရာလက်ဝါးပိုင်ရှင်၏ အတွင်းစွဲဝါဒအရ ဘာသိဘာသာနေတတ်ခြင်း (တစ်သီးတစ်သန့်နေတတ်ခြင်း) (သို့) ပျော်ပျော်နေတတ်ခြင်း၊ ဘွင်းဘွင်းရှင်းရှင်းဆက်ဆံပြောဆိုတတ်ခြင်းသဘောများကို ကိုယ်စားပြုဖော်ပြသည့်နေရာဖြစ်သည်။

Fig (3) တွင်ဖော်ပြထားသည့် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ A သည် သိစိတ်၏ တည်ဆောက်ဖွံ့ဖြိုးမှု အနေအထားကို ဖော်ပြပြီး (Fig- (3) ကဲ့သို့ ယာလက်မဟုတ်ဘဲ ဝဲဘက်လက်တွင်ပါရှိနေပါက) ၎င်း A သည် မသိစိတ်၏ပင်ကိုယ် သဘောကိုဖော်ပြခြင်းသာဖြစ်သည်။



Fig. 4.

Fig-4

A = ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြား (ကျယ်ပြန့်သောနေရာ)

နမူနာပုံပါ A အမှတ်အသား၏ ဖော်ပြချက်အရ ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်းကြားနေရာ ကျယ်ပြန့်နေခြင်းကြောင့် ဘွင်းဘွင်းရှင်းရှင်း ပြောဆိုဆက်ဆံတတ်သူ၊ ပျော်ပျော်နေတတ်သူ၊ သဘောထားကြီးတတ်သူဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

Fig (3) စာမျက်နှာ (၃၀) A တွင် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း ကြားနေရာ ကျဉ်းမြောင်းလွန်းခြင်းကြောင့် ဘာသိဘာသာနေတတ်သူ၊ လူအများနှင့် (သဘောထားကြီးစွာ) အရောတဝင်မနေတတ်သူအဖြစ် တွေ့ရှိရသည်။

Fig (3) နှင့် Fig (4) တို့အား နှိုင်းယှဉ်လေ့လာပါက Fig (4) ပါ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ ကျယ်ပြန့်နေခြင်းကြောင့် ၎င်းလက်ဝါးပိုင်ရှင်မျိုးအား ကောင်းသောလက်ဝါးပိုင်ရှင် အဖြစ်သာမက ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ သဘောထားရှိသူ၊ မိမိနှင့် တိုက်ရိုက် မသက်ဆိုင်သည့်ကိစ္စဖြစ်သော်လည်း အများကောင်းကျိုးအတွက် တာဝန်ယူဖြေရှင်းလိုစိတ်ရှိသူ (သဘောထားကြီးသူ) အဖြစ်ပါ သတ်မှတ်နိုင်ပါသည်။

လက်ဝါးပြင်ပါ လက်ချောင်းများအားလေ့လာရာတွင် လက်သူကြွယ်လက်ချောင်းသည် လက်ခလယ်ဘက်သို့ကွေးနေပါက မိမိကိုယ်မိမိကာကွယ်စောင့်ရှောက်တတ်သည့် အထုံပါရမီအားကောင်းသူအဖြစ်တွေ့ရှိရသည်။

တစ်ဖန် ယာဘက်လက်ရှိ လက်သူကြွယ်က အတွင်းဘက်သို့ကွေးဝင်နေပါက သိစိတ်အနေဖြင့် မိမိကိုယ်မိမိကာကွယ် စောင့်ရှောက်တတ်သည့်သဘောကို အထင်အရှားဖော်ပြနေကြောင်းတွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်း၏ထင်ရှားစွာရှည်လျားနေခြင်းနှင့် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း ကြားနေရာကျယ်ပြန့်နေခြင်းတို့က သက်ဆိုင်ရာပုဂ္ဂိုလ်၏ သဘောထားကြီးမြတ်မှု နားလည်မှုအတိုင်းအတာ ကျယ်ပြန့်မှုတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်နေကြောင်း သိမြင်နိုင်သော်လည်း Fig-(5) ပါ ဦးခေါင်းလမ်းကြောင်းပေါ်၌ အမွေးပွပုံစံဖြင့် အောက်သို့ဆင်းနေခြင်းကြောင့် စိုးရိမ်သောကဗျာပါဒများသူအဖြစ်တွေ့ရတတ်သည်။

Fig. 5.

Fig-5

A = အမွေးပွပုံစံဖြင့်ရှိနေသော ဦးခေါင်းလမ်းကြောင်း။

နမူနာပုံပါ ဦးခေါင်းလမ်းကြောင်းအား ကျန်းမာရေးဆိုင်ရာ ဟောကိန်းထုတ်ပါက သွေးအတွင်း အက်ဆစ်ဓာတ်ပါဝင်မှု များပြားနေကြောင်းပြောကြားနိုင်ပြီး ဦးခေါင်းလမ်းကြောင်းပေါ်၌ ထူထည်သော ဂွမ်းစပုံစံများပါရှိနေပါက ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအတွက် ဟော်မုန်းထုတ်ပေးသည့် ပစ်ကျူထရီဂလင်းချို့တဲ့အားနည်းနေကြောင်း အဖြေထုတ်နိုင်ပါသည်။ ထိုသို့သောလက္ခဏာပိုင်ရှင်အများစုအား စိတ်အာရုံစုစည်းနိုင်စွမ်းအားနည်းပြီး အရေးကြီးကိစ္စများ၌ ဆုံး

တ်ချက် ပိုင်နိုင်စွာမချနိုင်ခြင်း၊ အငို
ယ်တတ်သလို တစ်မုဟုတ်ချင်းထရယ်
တ်ခြင်း စသည့်စိတ်ခံစားမှုလွယ်ကူသူ
းအဖြစ်တွေ့ရတတ်သည်။

Fig-6

ဦးခေါင်းလမ်းကြောင်းသည် ဂွမ်းစ ပမာ ပွယောင်းနေသောကြောင့် ပစ်ကျူ ထရီဂလင်းချို့တဲ့ကြောင်း ဖော်ပြနေပြီး လက်ဝါးပြင်ပေါ်၌ သေးမျှင်သောလမ်း ကြောင်းများစွာပါရှိနေခြင်းကြောင့် စိတ် ခံစားတုံ့ပြန်မှုမြင့်မားတတ်ကြောင်း၊ တစ် နည်းအားဖြင့် ဆတ်ဆတ်ထိမခံတတ် ကြောင်း အသိပေးနေပါသည်။

တစ်ဖန် လက်ချောင်းများကိုလေ့ လာပါက လက်ညှိုးအရှည်က လက်သူ ကြွယ်ထက်တိုနေသောကြောင့် အမြဲတ စေ သိမ်ငယ်စိတ်ရှိနေသူ (အားငယ်၊ ဝမ်း နည်းနေတတ်သူ) အဖြစ် တွေ့ရပါမည်။ ထို့ကြောင့် လက်ညှိုးတိုတောင်းလေလေ ဝမ်းနည်း သိမ်ငယ်စိတ်များလေလေ ဖြစ် နေပါမည်။ ထိုသို့သောလက်ဝါးပိုင်ရှင် တို့၏ ပင်ကိုယ်စရိုက်အရ မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းလာပြီး အရာရာ စီမံဆုံးဖြတ်ရဲသည့်စိတ်မထားရှိနိုင်ခြင်း ကြောင့် ရည်မှန်းချက်များရှိနေခဲ့သည့် တိုင် တစ်ပါးသူ၏အလွယ်တကူဖျက်ဆီး ခြင်းခံရနိုင်ပါသည်။

လက်ဝါးပြင်အား လေ့လာရာ၌

Fig-7

Fig-8

တစ်ဖက်တည်းကိုသာ သီးခြားလေ့လာ ခြင်းမပြုဘဲ မသိစိတ်ကိုယ်စားပြု ဝဲဘက် လက်နှင့် သိစိတ်ကိုယ်စားပြု ယာဘက် လက် (နှစ်ခုစလုံးအား) ယှဉ်တွဲလေ့လာ ပေးရန်လိုသည်။

Fig-(7) ကိုလေ့လာပါက ဝဲဘက် လက်တွင်ပါရှိသော ဦးခေါင်းလမ်း ကြောင်းပေါ်၌ ထင်ရှားစွာ တွန့်ခံ နေခြင်းကြောင့် အာရုံစူးစိုက်မှု၌ အားနည်းသူအဖြစ် ဖော်ပြနေပြီး အောက်သို့ဆင်ခြေလျှောပုံစံ ဆင်းနေ ခြင်းကြောင့် တွေးခေါ်စိတ်ကူးမှု၌ အားနည်းတတ်သူအဖြစ်ပါ တွေ့ရှိရ

Fig-9

သည်။

Fig-8

ဦးခေါင်းလမ်းကြောင်း ဆင်ခြေ လျှောပုံစံဆင်းမနေသည့်ပြင် တွန့်ခံ နေခြင်းလည်းမရှိသောကြောင့် အာရုံစူး စိုက်မှုအား ကောင်းစွာဆောင်ရွက်လုပ် ကိုင်နိုင်ကြောင်း ဖော်ပြနေပါသည်။

Fig-9

မှုရင်းစာမျက်နှာ(၄၇)ပါအကြောင်း အရာကိုလေ့လာပါက ဦးခေါင်းလမ်း ကြောင်းသည် အသက်လမ်းကြောင်း အစပြုနေရာ၌ချိတ်ဆက်နေပြီး ဦးခေါင်း လမ်းကြောင်းက နှစ်ကြောင်းကွဲနေသည် ဟန် (သို့) ကြီးမားကျယ်ပြန့်သော ခက် ရင်းခွကြီးတစ်ခုအဖြစ် ထင်ရှားစွာရှိနေ သည့်ပြင် ခက်ရင်းခွ၏အောက်ဖက်ကျ သောအနားတစ်ခုက လက်ဝါးပြင် အတွင်းသို့ သိသာစွာကွေးဝင်လျက် လက်ကောက်ဝတ် နေရာထိတိုင် ဦး တည်၍ဆင်းလာနေခြင်းကြောင့် စိတ် ကူးများကို လက်တွေ့အကောင်အထည် ဖော်နိုင်သည့်သဘော ဖော်ပြနေပြီး ခက်ရင်းခွ၏ အပေါ်ဘက်ကျသော အနားတစ်ဖက်က ဖြောင့်တန်းနေခြင်း ကြောင့် တွေးတောစိတ်ကူးမှုများ မြင့် မားသည့်သဘောကို ရည်ညွှန်းနေ ကြောင်းတွေ့ရှိရသည်။

Fig-(9) ရှိ A- ဦးခေါင်းလမ်း ကြောင်း ခက်ရင်းခွစတင်သည့်နေရာ လက်ဝါးပြင်ပါ ဦးခေါင်းလမ်းကြောင်း ပေါ်၌ ခက်ရင်းခွဖြစ်ပေါ်ခြင်းအား ယာ

ဘက်လက်တွင်သာ အများဆုံးတွေ့ရ တတ်သည်။ အထူးသဖြင့် အသက် (၂၀) ဝန်းကျင်ကာလ၌ ပေါ်လာတတ်သည်။

စိတ်ပိုင်းဆိုင်ရာအခြေအနေကို ကိုယ်စားပြုဖော်ပြသည့် ဦးခေါင်းလမ်းကြောင်း တိုတောင်း၍ ဖြောင့်တန်းနေသည့်အပြင် လက်ဝါးပြင်ပေါ်၌ အခြားသောလမ်းကြောင်းများပါဝင်မှု အလွန်နည်းပါး၍ ရှင်းလင်းနေပါက စဉ်းစားတွေးခေါ်ခြင်းထက် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်တတ်သူအဖြစ် တွေ့ရပါမည်။

အကယ်၍ ယာဘက်လက်ဝါးပြင်ပါ ဦးခေါင်းလမ်းကြောင်းတိုတောင်းမှုလွန်ကဲပါက ခံစားသိမြင်နားလည်နိုင်စွမ်းနှင့် ပြန်လည်တုံ့ပြန်နိုင်စွမ်းရှိခြင်းအပေါ် သိစိတ်ကထိန်းချုပ်ကန့်သတ်ထားကြောင်းတွေ့ရှိရပြီး ဝဲဘက်လက်ရှိ ဦးခေါင်းလမ်းကြောင်း ရှည်လျားနေခဲ့ပါက မသိစိတ်နယ်ပယ်အတွင်း ခံစားတုံ့ပြန်မှုများ မြင့်မားစွာရှိနေကြောင်း တွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်း၏ တည်ဆောက်ပုံ (အတို၊ အရှည်နှင့် ဖြောင့်တန်းခြင်း၊ ကောက်ကွေ့ခြင်း) တို့က ဝဲ၊ယာလက်နှစ်ဖက်စလုံး၌ ဆင်တူစွာပါရှိရန် အလွန်ခဲယဉ်းပါသည်။

လက္ခဏာပညာနှင့်ဆက်စပ်နေသော လူတစ်ဦးချင်းစီ၏ ထူးခြားသောစရိုက်လက္ခဏာများ

လူသားတို့ တီထွင်ဖန်တီးပြုလုပ်ထားသည့် စက်ပစ္စည်းကိရိယာတစ်ခုချင်းစီ၌ ထူးခြားမှုတစ်ခုစီ ပါရှိနေသကဲ့သို့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ထူးခြားသော စရိုက်လက္ခဏာတစ်မျိုးစီ ပါရှိနေတတ်သည်။ ယင်းကို စိတ်ပညာဆိုင်ရာ ရှုထောင့်အရလေ့လာပါက ငယ်ရွယ်စဉ်အချိန်၌ ထိတွေ့ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်တစ်ခုခုအပေါ် (ကောင်းခြင်း၊ ဆိုးခြင်းအလိုက်) ဉပါဒါန်အစွဲအဖြစ် ဆက်လက်ပါရှိနေစေခြင်းကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုသို့ငယ်ရွယ်စဉ်က အတွေ့အကြုံအဖြစ်အပျက်များအပေါ် သာယာကြည်နူးခြင်း (သို့) မနှစ်မြို့ခြင်းများကသိစိတ် (သို့) မသိစိတ်အတွင်း၌ သိုမှီးတည်ရှိနေတတ်သည့်သဘောကို ဝဲဘက်လက်ဝါးပြင်နှင့် ယာဘက်လက်ဝါးပြင်ပါ လက္ခဏာအရေးအကြောင်းများက ကိုယ်စားပြုဖော်ပြပေးသည်။

Fig. 10.

Fig-10

မူရင်းစာမျက်နှာ (၅၅) ပါ အကြောင်းအရာ) Fig-(10) ပါ ယာဘက်လက်ဝါးပြင်နမူနာကို လေ့လာပါက လက်ဝါးပြင်ပါလမ်းကြောင်းများ ရှင်းလင်းထင်ရှားလျက်ရှိသည်ကို တွေ့ရမည်။ ယင်းလက်ဝါးတွင် အဓိကလမ်းကြောင်းများဖြစ်သည့် ဦးခေါင်းလမ်းကြောင်း၊ နှလုံးလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က သိသာမြင်သာသော်လည်း သေးမျှင်လျက်ရှိသည်။

ဦးခေါင်းလမ်းကြောင်းကိုလေ့လာပါက သေးမျှင်နေခြင်းအပြင် အခြားသော မှုန်ဝါးသည့်လမ်းကြောင်းခွဲများက ကျွန်းပုံစံအဖြစ်ဖွဲ့စည်းရန် အောက်သို့ ဖြာဆင်းလျက်ရှိသည်။

လမ်းကြောင်းတည်ဆောက်ပုံများ သေးမျှင်ခြင်းသည် စိတ်ခံစားတုံ့ပြန်မှုလွယ်ကူမြန်ဆန်ခြင်း (ဆတ်ဆတ်ထိမခံတတ်ခြင်း) သဘောကိုဖော်ပြပြီး ကျွန်းပုံစံဖွဲ့စည်းရန် အောက်သို့ဖြာဆင်းနေသောလမ်းကြောင်းငယ်များက ပူးပေါင်းဆောင်ရွက်လိုစိတ်မရှိသူ၊ ဘာသိဘာသာနေတတ်သူ၊ အာရုံစူးစိုက်မှု လျော့နည်းတတ်သူအဖြစ် ရည်ညွှန်းနေပါသည်။ စိတ်ပိုင်းဆိုင်ရာ ရှုထောင့်အရ ကလေးငယ်များ၏ ပုံသေကားကျ မှတ်သားတတ်ပုံ၊ တစ်စုံတစ်ရာအပေါ်၌သာ စွဲမြဲယုံကြည်တတ်ပုံနှင့် များစွာဆင်တူနေကြောင်း လေ့လာတွေ့ရှိရသည်။ တစ်နည်းအားဖြင့် တွေးခေါ်ဆင်ခြင်နိုင်စွမ်းအားနည်းပြီး အကောင်း၊ အဆိုး သေချာစွာမဝေခွဲတတ်သူပင်ဖြစ်သည်။

ဘဝ တစ်သက်တာအတွင်း အောင်မြင်ခြင်း၊ ကျရှုံးခြင်းနှင့်ပတ်သက်၍ကံလမ်းကြောင်းက ကိုယ်စားပြုဖော်ပြပေးသည်။ သို့သော် ပောကိန်းထုတ်ရာ၌ ကံလမ်းကြောင်းအပြင် အောင်မြင်ရေးလမ်းကြောင်း (သို့) Apollo လမ်းကြောင်းတည်ဆောက်ပုံနှင့်ပါတွဲဖက်၍ လေ့လာဖတ်ကြားရသည်။

ကံလမ်းကြောင်းသည် လက်ဝါးပြင်အောက်ခြေမှ အစပြုတက်လာပြီး လက်ခလယ်၏ အောက်ခြေထိတိုင် မရောက်ရှိဘဲ ပြတ်တောက်နေခဲ့ပါက ဘဝတစ်သက်တာအတွင်း အရာရာပြောင်းလဲမှုများနေတတ်ပြီး အနာဂတ်အတွက် သေချာရေရာမှုမရှိသည့် သဘောဖော်ပြနေပါသည်။

မောင်ဗလ (သုတေသီ)

Noel Jaquin ၏ **Practical Palmistry** စာအုပ်ကိုဆီလျော်အောင် ပြန်ဆိုပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွက်

ဓနသိဋ္ဌိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဋ္ဌိနက္ခတ် စန်းယှဉ်ချိန်၊ မနသိဋ္ဌိနက္ခတ် လင်ဖြတ်ကျော်ချိန်၊ မနသိဋ္ဌိနက္ခတ်ဖြတ်ကျော်ချိန်တို့တွင် အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်တရားထိုင်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီးအပါအဝင် ဓနံ၊ လာဘံဂါထာမန္တန်များ ရွတ်ဖတ်ပူဇော်ပါလျှင် လိုရာဆန္ဒပြည့်စုံနိုင်ပါသည်။

(၄- ၁-၂၀၂၂) နေ့ ညဉ့် (၈း၁၆) နာရီတွင် စန်းသည် မနသိဋ္ဌိနက္ခတ်နယ်ထဲသို့ စတင်ဝင်ရောက်ပြီး (၅- ၁- ၂၀၂၂)နေ့ နံနက် (၈း၁၅း၅၁) နာရီတွင် စန်းသည် မနသိဋ္ဌိနက္ခတ်နှင့်ယှဉ်မည်ဖြစ်ပြီး ၎င်းနေ့ညဉ့် (၈း၁၆) နာရီတွင် စန်းသည် မနသိဋ္ဌိနက္ခတ်နယ်မှထွက်ခွာမည်ဖြစ်သည်။

(၅-၁-၂၀၂၂) နေ့ (၈း၂၃း၁၁) နာရီမှ (၈း၃၁း၁၉) နာရီအတွင်း လင်သည် မနသိဋ္ဌိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ (၁၄း၃၆း၀၃) မှ (၁၆း၀၁း၅၉) နာရီအတွင်း မွန်းတည့်မျဉ်းသည် မနသိဋ္ဌိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

လင်ဖြတ်ကျော်ချိန်			မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်		
ရက်	စဝင်ချိန်	စထွက်ချိန်	ရက်	စဝင်ချိန်	စထွက်ချိန်
၁	၈း ၄၀း ၅၅	၈း ၄၆း ၀၃	၁	၁၄း ၅၁း ၄၇	၁၆း ၁၇း ၄၃
၂	၈း ၃၆း ၅၉	၈း ၄၂း ၀၇	၂	၁၄း ၄၇း ၅၁	၁၆း ၁၃း ၄၇
၃	၈း ၃၃း ၀၃	၈း ၃၈း ၁၁	၃	၁၄း ၄၃း ၅၅	၁၆း ၀၉း ၅၁
၄	၈း ၂၇း ၀၇	၈း ၃၅း ၁၅	၄	၁၄း ၃၉း ၅၉	၁၆း ၀၅း ၅၅
၅	၈း ၂၃း ၁၁	၈း ၃၁း ၁၉	၅	၁၄း ၃၆း ၀၃	၁၆း ၀၁း ၅၉
၆	၈း ၁၉း ၁၅	၈း ၂၇း ၂၃	၆	၁၄း ၃၂း ၀၇	၁၅း ၅၈း ၀၃
၇	၈း ၁၅း ၁၉	၈း ၂၃း ၂၇	၇	၁၄း ၃၈း ၁၁	၁၅း ၅၄း ၀၇
၈	၈း ၁၁း ၂၃	၈း ၁၉း ၃၁	၈	၁၄း ၃၄း ၁၅	၁၅း ၅၀း ၁၁
၉	၈း ၀၇း ၂၇	၈း ၁၅း ၃၅	၉	၁၄း ၃၀း ၁၉	၁၅း ၄၆း ၁၅
၁၀	၈း ၀၃း ၃၁	၈း ၁၁း ၃၉	၁၀	၁၄း ၂၆း ၂၃	၁၅း ၄၂း ၁၉
၁၁	၇း ၅၉း ၃၅	၈း ၀၇း ၄၃	၁၁	၁၄း ၂၂း ၂၅	၁၅း ၃၈း ၂၃
၁၂	၇း ၅၅း ၃၉	၈း ၀၃း ၄၅	၁၂	၁၄း ၁၈း ၃၁	၁၅း ၃၄း ၂၇
၁၃	၇း ၅၁း ၄၃	၇း ၅၉း ၅၁	၁၃	၁၄း ၁၄း ၃၅	၁၅း ၃၀း ၃၁
၁၄	၇း ၄၇း ၄၇	၇း ၅၆း ၅၅	၁၄	၁၄း ၁၀း ၃၉	၁၅း ၂၆း ၃၅
၁၅	၇း ၄၃း ၅၁	၇း ၅၂း ၅၉	၁၅	၁၄း ၀၆း ၄၃	၁၅း ၂၂း ၃၀
၁၆	၇း ၃၉း ၅၅	၇း ၄၈း ၀၃	၁၆	၁၄း ၀၂း ၄၇	၁၅း ၁၈း ၄၃
၁၇	၇း ၃၅း ၅၉	၇း ၄၄း ၀၈	၁၇	၁၃း ၅၈း ၅၁	၁၅း ၁၄း ၄၇
၁၈	၇း ၃၂း ၀၃	၇း ၄၀း ၁၁	၁၈	၁၃း ၅၄း ၅၅	၁၅း ၁၀း ၅၁
၁၉	၇း ၂၈း ၀၇	၇း ၃၆း ၁၅	၁၉	၁၃း ၅၀း ၅၉	၁၅း ၀၆း ၅၅
၂၀	၇း ၂၄း ၁၁	၇း ၃၂း ၁၉	၂၀	၁၃း ၄၇း ၀၃	၁၅း ၀၂း ၅၉
၂၁	၇း ၂၀း ၁၅	၇း ၂၈း ၂၃	၂၁	၁၃း ၄၃း ၀၇	၁၄း ၅၉း ၀၃
၂၂	၇း ၁၆း ၁၉	၇း ၂၄း ၂၇	၂၂	၁၃း ၃၉း ၁၁	၁၄း ၅၅း ၀၈
၂၃	၇း ၁၂း ၂၃	၇း ၂၀း ၃၁	၂၃	၁၁း ၃၅း ၁၅	၁၄း ၅၁း ၁၁
၂၄	၇း ၀၈း ၂၇	၇း ၁၆း ၃၅	၂၄	၁၃း ၃၂း ၁၉	၁၄း ၄၇း ၁၈
၂၅	၇း ၀၄း ၃၁	၇း ၁၂း ၃၉	၂၅	၁၃း ၂၇း ၂၃	၁၄း ၄၃း ၁၉
၂၆	၇း ၀၀း ၃၅	၇း ၀၈း ၄၃	၂၆	၁၃း ၂၃း ၂၈	၁၄း ၃၉း ၂၃
၂၇	၆း ၅၆း ၃၉	၇း ၀၄း ၄၅	၂၇	၁၃း ၁၉း ၃၁	၁၄း ၃၅း ၂၇
၂၈	၆း ၅၂း ၄၃	၇း ၀၀း ၅၁	၂၈	၁၃း ၁၅း ၃၅	၁၄း ၃၂း ၃၁
၂၉	၆း ၄၈း ၄၇	၆း ၅၆း ၅၅	၂၉	၁၃း ၁၁း ၃၉	၁၄း ၂၇း ၃၅
၃၀	၆း ၄၄း ၅၁	၆း ၅၂း ၅၉	၃၀	၁၃း ၀၇း ၄၃	၁၄း ၂၃း ၃၉
၃၁	၆း ၄၀း ၅၅	၆း ၄၉း ၀၃	၃၁	၁၃း ၀၃း ၄၇	၁၄း ၁၉း ၄၃

ဓာတ်ပုံမော်မော်အေး
ဗိုလ်ကြီးတာရွှေနှင့်သမ္မာဒွေစည်း

ကျွန်တော်၏မွေးရပ်ဇာတိသည် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းတွင်ရှိသော လက်ပံတန်းမြို့လေးနှင့် တစ်မိုင်ခန့်အကွာတွင်ရှိ ကွမ်းခြံ ဆိုသောရွာကြီးဖြစ်ပါသည်။ ကျွန်တော်၏မိဘများသည် ဆင်းရဲသားလူတန်းစားဖြစ်၍ ကြုံရာကျပန်းလုပ်ကိုင်ရသူများ ဖြစ်၏။ အမေနှင့် အစ်မကြီးက မိုးအခါကောက်စိုက်လိုက်ရ၏။ အဖေက ပဲခူးရိုးမတောတက်၍ ဝါးခုတ်ပြီး ဖောင်ဖွဲ့ ဝါးရောင်းရ၏။

အဖေ့ဝါးဖောင်များ ကျွန်းကလေးသစ်ဆိပ်တွင် ရောင်းချပြီး ပြန်လာလျှင် မိသားစုအတွက် ခေါက်ဆွဲကြော် ဝယ်လာလေ့ရှိပါသည်။ ကျွန်တော်တို့လည်း ခေါက်ဆွဲကြော်စားရသဖြင့် အလွန်ပျော်၏။ မိသားစုတွေ ဝမ်းသာအားရစားနေကြသည်ကိုကြည့်ကာ ဝါးတောထဲတွင် ပင်ပန်း ဆင်းရဲခဲ့သမျှ ပြေပျောက်ကာ ပီတိတွေဝေနေသည်က အဖေပါ။

ညဘက်တွင် ဝါးခုတ်သွားရသော ရိုးမအတွင်းမှ အတွေ့အကြုံများ၊ ဝါးဖောင်ဖြင့် ကုတင်ဘီးလင်းချောင်းအတွင်း မျှောရသောအခက်အခဲများ၊ အန္တရာယ်များအကြောင်း သည်းထိတ်ရင်ဖို နားထောင်ရပါသည်။ တောတွင်းအတွေ့အကြုံများပြောပြီးတိုင်း-

"မယ်ရှင်ရေ ငါ့သား ကြီးလာရင် ငါ့လို ဆင်းရဲဒုက္ခမျိုး မကြုံရလေအောင် လောကဓာတ်ကျောင်းကို ဖြစ်တဲ့နည်းနဲ့ ထားပေးရမယ်"

ဟု နိဂုံးချုပ်ပါသည်။

အမေ့နာမည်က မဖွားရှင် ဖြစ်၍ အဖေက မယ်ရှင်ဟုခေါ်ခြင်းပါ။ လောကဓာတ်ကျောင်း ဆိုသည်မှာ ယနေ့အခေါ် အ. မ. က၊ အ. လ. က၊ အ. ထ. ကများ ဖြစ်ပါသည်။ အဖေတို့ခေတ်က လောကဓာတ်ကျောင်းဟု ခေါ်သည်။

မွေးချင်းလေးယောက်တွင် ကျွန်တော်က အငယ်ဆုံး ဖြစ်ပါသည်။ ကျွန်တော့်အထက် အစ်ကို၊ အစ်မများက စာရေးတတ်ဖတ်တတ်ရုံမျှသင်ရပြီး ကြုံရာကျပန်းလုပ်ကိုင်နေကြရပါသည်။ အဖေ တောထဲတွင် ဆင်းရဲပင်ပန်းစွာ ဝါးမခုတ်ရတော့ပါ။ သို့သော် အဖေ့လိုပင် တောတောင်တို့၌ ကျင်လည်ရသောဘဝမျိုးပင် ဖြစ်ခဲ့ရပါသည်။ အဖေ ကျင်လည်ခဲ့ရသည်က ပဲခူးရိုးမအနောက်ခြမ်း ကုတင်ဘီးလင်းချောင်းဖျားတစ်ဝိုက်ရှိ ဝါးတောများဖြစ်၏။ ကျွန်တော်ကျင်လည်ရသည့် တောတောင်တို့ကား ရှမ်းရိုးမ၊ တနင်္သာရီရိုးမ၊ ရခိုင်ရိုးမ၊ ချင်းတောင်၊ မြင့်မားသီခေါင် ကချင်တောင်တန်းကြီးများ၊ မဟာမြိုင်တော၊ ကျွန်းပေါင်း (၈၀၀) ရှိသည်ဆိုသော မြိတ်ကျွန်းစုများအထိ စုံ၏။ အဖေက ဝါးခုတ်ရင်း ရိုးမငှက်ဖျားစွဲ၏။ ကျွန်တော်က သယံဇာတရှာဖွေသည် ဝါးခုတ်လုပ်ငန်းမှ ရိုးမငှက်ဖျားမိ၍ ၁၉၄၉ ခုနှစ်တွင် ကွယ်လွန်သွားပါသည်။ သေအံ့မူးမူးတွင် ကျွန်တော့်ကို ကျောင်းထားပေးရန် မှာကြားခဲ့ပါသည်။ ဇာတိသံယောဇဉ်ကြီးမားသူဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကာလနှင့် ပြည်တွင်းသောင်းကျန်းမှုများကြောင့် အသက် (၁၃) နှစ်သားရောက်မှ ကျောင်းစနေရပါသည်။

'ဘမျိုးဘိုးတူ ချိုလေးနဲ့' ဆိုသောစကားလို အဖေ့ဆန္ဒအတိုင်း လောကဓာတ်ကျောင်းမှာနေခွင့်ရခဲ့သောကြောင့်

များတွင်လည်း တွေ့ရ၏။ နာမည်ကျော် ဂုတ်ထိပ် (ဂုတ်တွင်း) တွင်လည်း ကြုံဖူး ၏။ အတွင်းရိုးမရှိ ဓားသွေးကျောက်ကြီး ဝိုင်းမှတစ္ဆေသည် တော်တော်ဆိုးသည်။ ကျွန်တော်က အဖေ့ထက် သားတစ်လ ကြီးသူဖြစ်၍ မြန်မာပြည်ရှိ တောတောင်

ရင်း သပိတ်ကျင်းငှက်ဖျား၊ မဘိမ်းငှက်၊ ကောလင်းကျောက်ပုထိုးငှက်သုံးမျိုးပေါင်း မိပြီး ငှက်ဖျားပိုး ဦးနှောက်ထဲရောက်သွား သဖြင့် ကံကောင်းလို့မသေ သံချောင်း တို့အဖေ ဖြစ်ခဲ့၏။ တစ္ဆေသရဲနှင့်လည်း နပန်းလုံးခဲ့ဖူး၏။

တစ္ဆေသရဲတို့သည် လူသူနှင့်မနီး သော တောတောင်ထဲတွင်လည်း တွေ့ရ ၏။ နာမည်ကျော် မဟာမြိုင်တောတွင် လည်းတွေ့ဖူး၏။ ပင်လယ်ပြင်ရှိ ကျွန်းစု

အနံ့ ကျင်လည်ရပါသည်။ ထို့ကြောင့် တစ္ဆေသရဲတို့နှင့်ကြုံရခြင်း ဖြစ်၏။

တစ္ဆေသရဲတို့နှင့် ဆုံရခြင်းသည် ကျွန်တော်တစ်ကိုယ်တည်းရှိသလို အဖွဲ့လိုက်ကြုံသည်လည်း ရှိပါသည်။

ယခုဖော်ပြမည့် ဖီလာကြီးကတစ္ဆေနှင့် သမ္မုဒ္ဒေစည်းသည် ကျွန်တော်တို့ ဘ. ဓ. ရ အဖွဲ့သား (၇) ယောက်နှင့် ဒေသခံ အလုပ်သမား (၄) ယောက်တို့ ဖြစ်သည်။ နေရာဒေသသည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဘောက်ဆိုက် (BAU-XITE) သယံဇာတ လေ့လာ ရှာဖွေရင်း ဆောင်ရွက်နေရသော တောတွင်းတစ်နေရာ သပြေပင်ဧရိယာ ဖြစ်၏။

ဘောက်ဆိုက်သယံဇာတ တွေ့ရှိသောနေရာသည် များစွာ မကျယ်ဝန်းသောကြောင့် သုံး၊ လေးလခန့်သာကြာမည်ဟုခန့်မှန်းရပါသည်။ ထို့ကြောင့် နေထိုင်ရန်တဲကိုလည်း အခိုင်အခံ့မဆောက်ဘဲ လူ (၁၁) ယောက်အိပ်သာရုံ့ သက်ငယ်မိုး၊ သက်ငယ်ကာ၊ ဝါးကြမ်းခင်းတစ်ဖက်ယပ်တဲဆောက်ပါသည်။ ထိုတဲပေါ်တွင် ဘူမိအဖွဲ့ရော အလုပ်သမားများပါ စုပေါင်းအိပ်ကြပါသည်။ ဘူမိဗေဒပညာရှင်(၆)ဦးနှင့် မြေတိုင်းဆာဗေယာတစ်ဦးဖြစ်၏။ ကျွန်တော်က ဆာဗေယာဖြစ်ပါသည်။

ဘူမိအဖွဲ့တွင် အဘထင်ကျော်က တာဝန်ခံအရာရှိဖြစ်၍ ကျန်သော အမ်ဖော်တူး၊ ကိုခင်မောင်လေး၊ ဗစ်တာလှဝင်းတို့က လက်ထောက်အရာရှိလေးများ ဖြစ်၏။

ကျွန်တော်တို့အဖွဲ့ ဘောက်ဆိုက်သယံဇာတလေ့လာရှာဖွေရေးဆောင်ရွက်ရသည့်အချိန်သည် မေ၊ ဇွန်၊ ဇူလိုင်လများဖြစ်ရာ တောတွင်း၌ မှို၊ မျှစ်၊ ခတ်ချိုး၊ စိန္တဘော်ညွန့်တို့လှိုင်လှိုင်ပေါ်သောရာသီဖြစ်ပေရာ ဖက်ဆွတ်မှို၊ ထင်းရှူးမှိုတို့ကို မုန်းအောင်စားကြရပါသည်။ ဖက်ဆွတ်မှိုဆိုလျှင် စားမကုန်သဖြင့် မှိုခြောက်ပင်လှန်းထားရပါသည်။

ကျွန်တော်တို့အဖွဲ့သည် အဖွဲ့ငယ်လေး ဖြစ်သဖြင့် ဆက်သွယ်ရေးကြိုးမဲ့ကြေးနန်းစက်၊ မီးစက် စသည်တို့ မပါရှိပါ။ ညအခါ ဖယောင်းတိုင်မီးထွန်း၍နေရပါသည်။ တဲ၏တစ်ဖက်ခြမ်းခြေရင်းမှ မြေကွက်လပ်တွင် ထင်းတုံးကြီးများဖြင့် ညလုံးပေါက်ခံအောင် မီးဖိုထားရသည်။ အကာအရံဆို၍ ဘေးတစ်ဖက်တစ်ချပ်နှင့် အိပ်ရာခေါင်းရင်းဘက်၌သာ သက်ငယ်ပျစ်ဖြင့် ကာထား၏။ ခြေရင်းဘက်က ဘာမျှ အကာအရံမရှိသဖြင့် ကျား လာဆွဲလျှင် အသာလေးပါနိုင်ပါသည်။

အဖွဲ့တွင် ကျွန်တော်က အသက်အကြီးဆုံးဖြစ်၍ တာဝန်ခံအရာရှိ အဘထင်ကျော်က ဒုတိယအသက်ကြီးဆုံးသူ ဖြစ်ပါသည်။ ညနေ အလုပ်သိမ်းချိန်များတွင် တစ်ခါတစ်ရံ ဝိုင်းဖွဲ့၍ ကက်ဆက်သီချင်းသံ နားထောင်ရင်း တောအရက်ကလေးဖြင့် အပန်းဖြေကြ၏။ လူနေရွာဖြင့်ဝေးသောကြောင့် အလုပ်သမားများ နားရက်ပြန်မှ အရက်မှာရပါသည်။

သယံဇာတရှိရာတောတောင်များတွင် ကျင်လည်ကြရသော ဘ. ဓ. ရ ကွင်းဆင်းဝန်ထမ်းတို့သည် တောတောင်တို့၏ဆိုးကျိုးဖြစ်သော ငှက်ဖျားရောဂါကို အများအားဖြင့် ခံကြရပါသည်။ ထို့ကြောင့် အဘထင်ကျော်က ကဗျာလေးတစ်ပုဒ်စပ်ထား၏။ အဘထင်ကျော်၏ ကဗျာသည် လုပ်ငန်းခွင် ပင်ပန်းမှုများ ပြေပျောက်စေရန် ရည်ညွှန်းထား၏။

သရီး(3)ပက်

‘သယံဇာတ
ရှာဖွေရလို့
တို့များပင်ပန်း
ညနေချမ်းမှာ
ရွှင်လန်းစေဖို့
သောက်စို့အရက်
သရီး(3)ပက်’

ဆိုသောကဗျာလေးပါ။

ညများ အိပ်ရာဝင်ချိန်တွင် ကျွန်တော်မှလွဲ၍ မည်သူမျှ ဘုရားရှိခိုးသည်ကို မတွေ့ရပါ။ ကျွန်တော်ငယ်စဉ်ဘဝသည် ဒုတိယကမ္ဘာစစ်ကာလဖြစ်သောကြောင့် စာတစ်လုံးမျှမတတ်ခင် အမေနှုတ်တိုက်သင်ပေး၍ သမ္ဗုဒ္ဓေဂါထာတော်ကို စွဲမြဲစွာရထားသူ ဖြစ်ပါသည်။ ယခုဘောက်ဆိုက်သယံဇာတလေ့လာရှာဖွေရေးဆောင်ရွက်နေသည့် သပြေပင်စခန်းတွင်လည်း ညစဉ် ရွတ်၏။

သပြေပင်စခန်း၌ ဖယောင်းတိုင်မီးသာရှိသဖြင့် ညဘက်များတွင် အိပ်စင်ခြေရင်းရှိ မြေကွက်လပ်၌ ထင်းတုံးကြီးများဖြင့် ညလုံးပေါက်ခံအောင် မီးဖိုထားရပါသည်။ မအိပ်ခင် ဖယောင်းတိုင်တစ်တိုင်သာထွန်းပြီး အိပ်ရာပေါ် လှဲလျောင်းရင်း ထွေရာလေးပါး ပြောကြဆိုကြဖြင့် တစ်နေ့တာပင်ပန်းခဲ့သမျှ ပြေပျောက်ကြရ၏။ စကားသံများတိတ်သွားချိန်တွင် ပတ်ဝန်းကျင်သစ်ပင်ကြီးများပေါ် မှ ည၌ ငှက်မြည်သံများ အတော်ဝေးဝေးဆီမှ ချေဟောက်သံ၊ တဒေါက်ဒေါက်ဖြင့် မြေဝပ်ငှက်မြည်သံများ လွှမ်းမိုးလာပါသည်။

တဲတန်းလျား၏ မြောက်ဘက်ဆုံးတွင် ဒေသခံ အလုပ်သမားလေးများအိပ်၍ အလယ်၌ ဗစ်တာလှဝင်း၊ ကိုခင်မောင်လေး၊ အမ်ဖော်တူး၊ အဘထင်ကျော်၊ ကျွန်တော်က တောင်ဘက်အစွန်ဆုံး ဖြစ်၏။

တစ်ညတွင် စကားပြောသံများ တိတ်ဆိတ်သွားချိန်၌ အလုပ်သမားလေးများဘက်မှ ဟောက်သံများ ကြားနေရသဖြင့် နေ့လယ်က တောခုတ်တောရှင်းများသွား၍ အိပ်မောကျကုန်ပြီဟု တွေးနေဆဲ မြောက်ဘက်အစွန်ဆုံး၌ အိပ်သူဝင်းကြည်၏ ရုတ်တရက်ထအော်သည့်-

“အမယ်လေးဗျ”

ဆိုသော အသံကြောင့် အားလုံးနိုးလာပြီး ကျားဆွဲသည်ထင်၍-

“ဟေး. . . ဟေး. . . ဟေး. . .”

ဟု ဝိုင်းအော်လိုက်ကြပြီးမှ-

“ကျားလား”

မေးကြ၏။

“ကျား. . . ကျား မဟုတ်ဘူး၊ လက်အေးကြီးနဲ့ ခြေထောက်ကို လာဆွဲတာ”

ဟု တုန်လှုပ်စွာ ဆိုပါသည်။

ပတ်ဝန်းကျင်ကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်သော်လည်း ဘာမျှထူးခြားမှုမတွေ့ရသဖြင့်-

“မင်း အိပ်မက်ပြီး လန့်အော်တာ ဖြစ်မှာပါ”

ဟု နှစ်သိမ့်ကာ ပြန်အိပ်ကြ၏။

နောက်တစ်နေ့ညတွင် ခြေရင်းမှ မီးဖိုကြီး၌ မီးမပြတ်စေရန် ထင်းတုံးကြီးများထည့်ထားပြီး အားလုံးနိုးနိုးကြားကြား သတိဖြင့် အိပ်ကြ၏။ ထိုညက ဘာမျှ ထူးခြားမှုမရှိချေ။ ဝင်းကြည် အိပ်မက်ဖြင့် လန့်အော်သည်ဟု အတည်ပြုလိုက်ကြသည်။

ငါးရက်မြောက်ညတွင် အဖွဲ့သားအားလုံး အိပ်ကောင်းနေဆဲ-

“အမယ်လေးဗျ. . . လုပ်ကြပါဦး၊ ခြေထောက်ကိုလာဆွဲတယ်”

ဟုအော်သံနှင့် မြေကြီးပေါ် ‘ဘုတ်’ ဆို ကျသံတို့ တစ်ပြိုင်တည်းကြားရသဖြင့် အားလုံးလန့်နိုးကာ-

“ဟေး. . . ဟေး. . .”

ဟု အော်သူအော်၍ ကြမ်းခင်းကိုထုသူထုနှင့် ဆူညံသွားပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြရာ အိပ်ရာခြေရင်း မြေကွက်လပ်တွင် စောင်လေးပတ်ကာ ပက်လက်ကျနေသော ဝင်းကြည်ကို မြင်ကြရပါသည်။

ဝင်းကြည် ခါးနာသွားကာ ချက်

ခုင်းမထနိုင်၍ ဝိုင်းဝန်းချီမပြီး အိပ်ရာပေါ်တင်ပေးရသည်။ သူတို့က ဒေသခံ ရွာသားများဖြစ်၍ ဤဝန်းကျင်၌ ဖီလာကြီးတစ္ဆေရှိသည်ဟု ဆို၏။

ဤအတိုင်းဆိုလျှင် နောက်ညများသည်း ဆက်လက်နှောင့်ယှက်နေဦးမည်ဟုတွေးရင်း တစ်စုံတစ်ခု အကာအကွယ်လုပ်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။

ချက်ချင်းပင် ကျန်အလုပ်သမားများဖြစ်သော ပွကြီး၊ ဝင်းမောင်၊ မြင့်ဆွေလေးတို့ကို ဝါးခြမ်းပြားပန္နက်တိုင် (၉) ချောင်းခုတ်ခိုင်း၏။ ပန္နက်တိုင်များရလျှင် ကျွန်တော်သည် ဘုရားရှင်ထံ ငါးပါးသီလ ခံယူဆောက်တည်ပါသည်။ ငါးပါးသီလခံယူပြီး ပန္နက်တိုင် (၉) ချောင်းကို လက်နှစ်ဖက်ဖြင့်ကိုင်၍ သမ္ဗုဒ္ဓေဂါထာတော်ကြီး (၉) ခေါက် ရွတ်ဆို ပူဇော်ပါသည်။ ရွတ်ဆိုပူဇော်ပြီးသည်နှင့် အဘဆင်ကျော်ကိုခေါ်၍-

"ကဲ- အဘထင်ကျော်ရေ ဒီအဖွဲ့မှာ အဘက တာဝန်ခံအရာရှိဖြစ်လို့ ဒီသမ္ဗုဒ္ဓေပန္နက်တွေကို အဘကိုယ်တိုင် ရိုက်ရမယ်။ ကောင်လေးတွေက ရိုက်မယ့်နေရာ ချုံပင်ရှိရင် ရှင်းပေးကြ"

ဆိုကာ တဲနှင့် ပေ (၂၀)ခန့်ခွာ၍ တဲကို ဗဟိုပြုကာ ပန္နက်တိုင် (၉) ချောင်း ရိုက်ကြပါသည်။ ဗစ်တာလှဝင်းနှင့် ကိုခင်မောင်လေးက မီးပြပေး၏။ ပန္နက်တိုင်များရိုက်ပြီး-

"ဤဝန်းကျင်၌ နေထိုင်ကြသော မြင်အပ်၊ မမြင်အပ် ပရလောကသားတို့၊ ကျွန်ုပ်တို့အဖွဲ့သားများသည် နိုင်ငံတော်အစိုးရ၏တာဝန်ဖြင့် ဤနေရာတွင် သယံဇာတရှာဖွေနေကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အား ခြောက်လှန့်နှောင့်ယှက်ခြင်းမပြုကြနှင့်။ ဤသမ္ဗုဒ္ဓေစည်းဝိုင်းအတွင်း ကျူးကျော်မဝင်ကြနှင့်။ ဘုရားရှင်အပေါင်း၏အမိန့်တော်"

ဟူ၍ အမိန့်ပြန်လိုက်ပါသည်။

သမ္ဗုဒ္ဓေစည်းအောင်မြင်ပါသည်။ ထိုညမှစ၍ ဘာအနှောင့်အယှက်မျှမရှိတော့ဘဲ စိတ်ချမ်းမြေ့စွာ အိပ်ကြရပါသည်။

ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို မိုးတဖွဲဖွဲကျနေသော ဇွန်လ၏ညတစ်ညတွင် ကြုံကြရပါသည်။ မအိပ်ကြသေးဘဲ အိပ်ရာထဲလှဲ၍ စကားပြောနေကြစဉ် ခြေရင်းဘက်ဆီမှ ဖလံတောင်ဝှေးပင်များကို တိုးဝှေ့လာသော အကောင်ကြီးတစ်ကောင်၏ခြေသံကြားရသဖြင့် အားလုံးစကားပြောရပ်ကာ အသံကြားရာဆီသို့ ကြည့်နေကြ၏။ မိုးသားတိမ်လိပ်တို့ကြောင့် မလင်းတစ်လှည့် လင်းတစ်လှည့်ဖြစ်နေသည့် လရောင်မှုန်ပျပျတွင် ဝက်ဝံဟု ထင်ရသော မည်းမည်းကောင်ကြီးမြင်ရပါသည်။

အလုပ်သမား ဝင်းမောင်က တူမီးသေနတ်ဖြင့်ပစ်ရန် သူ့သေနတ်ကိုဆွဲယူသည်။

ကျွန်တော်က-

"ဟော့ ဟော့ - ဝင်းမောင်၊ စည်းကျော်ဝင်လာမှပစ်"

ဟု တိုးတိုးသတိပေး၏။

သမ္ဗုဒ္ဓေစည်းသည် တဲကို ဗဟိုပြု၍ စက်ဝိုင်းသဏ္ဍာန်ချထား၏။ နောက်ပိုင်းတွင် ပန္နက်တိုင် (၉) တိုင်ကိုအခြေခံ၍ ဝါးလုံးတန်း (၃) တန်းဖြင့် ပတ်ဝိုင်းကာရံထားသဖြင့် စည်းကို မြင်နေရပါသည်။ ဝါးလုံးတန်း (၃)တန်းသည် အခိုင်အမာမဟုတ်၊ စတိလောက်သာ ကာထား၏။ တိုးဝင်ချင်လျှင် အလွယ်လေးပင်။

ဝင်းမောင်သည် ကျွန်တော်ပြောသောကြောင့် မပစ်သေးဘဲ သေနတ်ကို အသင့်ချိန်ထား၏။ အကောင်ကြီးသည် ဝက်ဝံကြီးဟုထင်ပါသည်။ သမ္ဗုဒ္ဓေစည်းနားရောက်လျှင် ရပ်လိုက်ပြီး ဘယ်ညာစောင်းငဲ့ကြည့်ကာစည်းကိုပတ်၍လျှောက်ပါသည်။ မူလနေရာ ပြန်ရောက်လျှင် ဘယ်ကိုမျှမကြည့်တော့ဘဲ လာရာတောထဲသို့ပြန်ဝင်သွားတော့၏။ ဝက်ဝံကြီးပြန်သွားမှ အားလုံးသက်ပြင်းချနိုင်ပါတော့သည်။ သမ္ဗုဒ္ဓေတန်ခိုးတော်ဟု သာဓုခေါ်ကြပါသည်။

ဤဖြစ်ရပ်သည် စိတ်ကူးဖြင့် ရေးသားခြင်းမဟုတ်ပါ။ ၁၉၈၁ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း ပြင်ဦးလွင်မြို့နယ် တောတွင်းတစ်နေရာတွင် ဘောက်ဆိုက် သယံဇာတ လေ့လာရှာဖွေရေးဆောင်ရွက်စဉ် ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်မှန်ပါ။ထိုစဉ်က ပါဝင်သူ ဘူမိဗေဒပညာရှင်နှင့် အလုပ်သမားများပါ အမည်မှန်အတိုင်း ဖော်ပြပါသည်။

ထိုစဉ်က ဆာဗေယာအဖြစ် ပါဝင်ခဲ့သော ကျွန်တော်သည် ယခုလူတွေက 'အဘ၊ အဘ' ဟု ခေါ်နေကြသော ဘကြီးအေး (ဓာတ်ပုံမောင်မောင်အေး) (၈၅) နှစ် ဖြစ်နေပါပြီ။

သမ္ဗုဒ္ဓေကို
နေ့စဉ်ရွတ်က
ကင်းလွတ်ဘေးဘျမ်း
မြဲမသန်း။

ဓာတ်ပုံမောင်မောင်အေး

ဘောဂကြီးဂမုန်း စီရင်စိုက်ပျိုးနည်း

နတ်မောက်အောင်အိုး

တနင်္ဂနွေ ရုံးအားရက်တစ်ရက်တွင် မိတ်ဆွေဦးကျော်ရွှေ၏နေအိမ်သို့ အလည်ရောက်ဖြစ်ခဲ့ရာ ဂမုန်းပင်များကို ဂါထာအမျိုးမျိုး ရွတ်နေသည်ထင်ပါသည်။ ကျွန်ုပ်ကိုမြင်သောအခါ လက်ကာပြပြီး ကုလားထိုင်တွင်ဝင်ထိုင်ရန် လက်ညှိုးထိုးပြပါသည်။

ငါးမိနစ်ခန့်ရှိသောအခါမှ ကိုယ်လက်ဆေးပြီး ကျွန်ုပ်နှင့်အတူ ရေနွေးကြမ်းဝိုင်းလာထိုင်ပါသည်။

"ခုန ကိုရေလောင်းနေတဲ့ ဂမုန်းကဘောဂကြီးဂမုန်းကွ။ သူဖြစ်ထွန်းတာနဲ့အမျှ ကိုယ့်မှာစီးပွားတက်ခဲ့တာပဲ။ ဂါထာရွတ်ပြီး ရေလောင်းရတယ်လေ။ ကိုယ့်ဆရာကြီးဦးညွန့်က စီရင်စိုက်ပေးထားတာ"

"ဪ- ဟုတ်လား၊ ကိုယ့်အချင်းချင်းတွေပဲ"

ဟုဆိုကာ အောက်ပါအတိုင်း ပြောပြပါသည်။

"ဘောဂကြီးဂမုန်းကို မြေအိုးသစ်ထူထူခိုင်ခိုင်ခန့်ခန့်ကို ဈေးမဆစ်ဘဲဝယ်ယူစိုက်ပါ။ ရွှေ ငွေ သတ္တုပြားတစ်မျိုးမျိုးအပေါ်တွင် ဂါထာရေးရမည်။ 'သိဒ္ဓိ၊ နမောဗုဒ္ဓါယ၊ မဟာဘောဂံ၊ ဘိ ဥုံ' ဟုရေးထား၊ ရေးထားသည့်သတ္တုပြားကို မြေအိုးအောက်ခြေတွင်ခံထည့်ပြီး မြေစာထည့်ရေလောင်းစိုက်ပါ။ ရေလောင်းသောအခါတိုင်း ၎င်းဂါထာကိုးခေါက် ဖြည်းဖြည်းမှန်မှန် ရွတ်ဖတ်ရင်း လောင်းရပါမည်။

ဤသို့စနစ်တကျ စီရင်စိုက်ပျိုးထားလျှင် အလုပ်အကိုင် အကြံအစည်များတိုးတက်၍ ကြီးမားကျယ်ပြန့်စွာ အောင်မြင်လာပါမည်။ စီးပွားဥစ္စာ၊ ရတနာရွှေ၊ ငွေများဝင်လာမစဲ တသဲသဲ တိုးပွားလာပါမည်။ စီးပွားဖြစ်ထွန်းလာသည်နှင့် အလှူဒါနပြုပေးရန် မမေ့ပါနှင့်။

မိတ်ဆွေဦးကျော်ရွှေ လက်တွေ့စိုက်ပျိုးအောင်မြင်နေပြီး ပြောပြချက်ကို တင်ဆက်ရေးသားပါသည်။

နတ်မောက်အောင်အိုး

မြန်မာ့တံဆိပ်ခေါင်းများနှင့်သည်ပြဿနာ ကြည့်လွှင်





မြန်မာတံဆိပ်ခေါင်းပေါ်မှ နိုင်ငံအမည်စာတန်း The ပါရှိနေ။

မြန်မာတံဆိပ်ခေါင်းများနှင့် သည်ပြဿနာဆိုရာမှာ ဘာပြဿနာကိုဆိုလိုပါသနည်း။ သည်ပြဿနာဟူသည်မှာ သည်ပြဿနာကိုဆိုလိုပါသည်။ ရှင်းလင်းစွာဖြေကြားရသော် အင်္ဂလိပ်ဘာလုံး The ပြဿနာကို ဆိုလိုခြင်းဖြစ်သည်။ အချို့သော မြန်မာတံဆိပ်ခေါင်းများပေါ်မှ နိုင်ငံအမည်စာတန်းတွင် အင်္ဂလိပ်ဘာသာဖြင့် The ဟူသော စာလုံးက စာတန်းရှေ့တွင် ပါရှိနေသည့် ပြဿနာဖြစ်သည်။ အမှန်မှာ ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအမည်အရှေ့တွင် The ပါရှိရမည်မဟုတ်ပေ။ နိုင်ငံတော်ဆိုင်ရာ တရားဝင်ကြေညာချက်၊ သဇင်လွှာတို့တွင် နိုင်ငံအမည်ရှေ့တွင် The မပါရှိပေ။ သို့ရာတွင် ပြဿနာဟုဆိုရခြင်းမှာ မြန်မာစာပို့တံဆိပ်ခေါင်းများပေါ်ရှိ အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအမည်အရှေ့တွင် The ပါရှိနေခြင်းဖြစ်သည်။ ဤကဲ့သို့ လွဲချော်နေခြင်း၊ မှားယွင်းနေခြင်းစသည့် ပြဿနာပေါ်ပေါက်ခဲ့ပုံ၊ အမှန်ပြုပြင်ရန်လမ်းညွှန်ပေးမှုများ၊ ယနေ့တိုင်ပြုပြင်ခြင်းမရှိသော အမှားတံဆိပ်ခေါင်းများနှင့် ဤပြဿနာအပေါ် သုံးသပ်ချက်များကို တင်ပြထားခြင်းဖြစ်သည်။

ဗွေဆော်ဦး- စတင်ထွက်ပေါ်လာပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ် ၁/ ၂၀၁၁ တွင် နိုင်ငံအမည်အား 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ' ဟုခေါ်တွင်စေပြီးနောက် ထိုသို့သော အမည်သစ်ဖြင့် အစိုးရအဖွဲ့က တာဝန်ယူခြင်းအထိမ်းအမှတ်အဖြစ် ၅၀၀ ကျပ်တန်တံဆိပ်ခေါင်းနှစ်မျိုးကို ၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ လာလာချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ နိုင်ငံအမည်သစ်ကို ဂုဏ်ပြု၍ ထုတ်ဝေသော ပထမဆုံးတံဆိပ်ခေါင်းနှစ်မျိုးလုံးတွင် အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအမည်ကို The Republic of the Union of Myanmar ဟူ၍ နိုင်ငံအမည်ရှေ့တွင် The ဟူသော စာလုံးပါရှိခဲ့သည်။ ဤသို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်၍ မှားယွင်းစွာပါရှိခဲ့သော်လည်း တံဆိပ်ခေါင်းဝါသနာရှင်များအပါအဝင်၊ စာပို့လုပ်ငန်းမှ တာဝန်ရှိသူများမှာ သတိမမူမိကြဘဲ ဤသို့မှားယွင်းနေခြင်းအကြောင်းကို မည်သူ့ထံကမှ မည်သည့်အသံမျှမကြားခဲ့ရပေ။ သို့ရာတွင် မှားယွင်းတံဆိပ်ခေါင်းနှစ်မျိုးမှာမူ ပြည်တွင်းနှင့် နိုင်ငံတကာချောစာအိတ်များပေါ်တွင် ကပ်ပါလျက် ပျံ့နှံ့ပြီး ကမ္ဘာနေရာစုံသို့ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ဟိုဒီ- မေးမြန်း၊ ရှာဖွေစူးစမ်း

တံဆိပ်ခေါင်းဝါသနာရှင်ဟူသည်မှာ တံဆိပ်ခေါင်းနှင့်ပတ်သက်လာလျှင် စူးစမ်း၊ ရှာဖွေ၊ လေ့လာလိုစိတ်အမြဲရှိနေရမည် ဖြစ်သည်။ လေ့လာမှုမရှိဘဲ တံဆိပ်ခေါင်းများကို စုဆောင်းထားပါက တံဆိပ်ခေါင်းစုဆောင်းခြင်းဟု မမည်ဘဲ တံဆိပ်ခေါင်းသိမ်းဆည်းခြင်းသာ ဖြစ်လိမ့်မည်။ ၂၀၁၁ ခုနှစ်တွင် ထုတ်ဝေလိုက်သည့် မြန်မာနိုင်ငံအစိုးရသစ်ဂုဏ်ပြုတံဆိပ်ခေါင်းနှစ်မျိုးလုံးတွင် The Republic ဟူ၍ The အစချီပါရှိသော အင်္ဂလိပ်စာတန်းပါရှိ အကြောင်းဖော်ပြခဲ့ပြီးဖြစ်သည်။ ဤစာရေးသူမှာ ဝါသနာရှင်တစ်ယောက်အနေဖြင့် နိုင်ငံတကာတံဆိပ်ခေါင်းများစွာကိုတွေ့ဖူးခဲ့ပြီ ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံကို Republic of Koren၊ ကွန်ဂိုနိုင်ငံကို Republic of Congo ဟူ၍ တံဆိပ်ခေါင်းစာတန်းအရှေ့တွင် The မပါရှိသည်ကို သတိပြုမိခဲ့သည်။ သို့ရာတွင် အဘယ်ကြောင့်မြန်မာနိုင်ငံတံဆိပ်ခေါင်း၌ The ပါနေရပါသနည်း။ နိုင်ငံအတော်များများမှ တံဆိပ်ခေါင်းများတွင် Republic ဟူ၍သာ The မပါရှိဘဲ ပိုမိုတွေ့ရှိလာရရာ စိတ်ထဲတွင် ဘဝင်မကျသည့်စိတ်များ လွှမ်းမိုးလာခဲ့သည်။ နောက်ဆုံးမှာတော့ ဤပြဿနာအားအင်္ဂလိပ်ဘာသာကျွမ်းကျင်သူ ကျူရှင်ဆရာများကို မေးမြန်းရတော့သည်။ အလွန်ရင်းနှီးသော အင်္ဂလိပ်စာကျူရှင်ဆရာက The မပါတာမှန်တယ်ဟု ပြောလိုက်ရာအဖြေမှန်ရပြီဟု ယူဆမိလိုက်သည်။ ထို့နောက် အင်္ဂလိပ်စာ ဆရာကြီးလည်းဖြစ်၊ တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးလည်း ဖြစ်သူအား မေးကြည့်ရာ The ပါတာမှန်တယ်

ပြောလိုက်ပြန်သည်။ အင်္ဂလိပ်သဒ္ဒါအရ ဖိလစ်ပိုင်နိုင်ငံကို The Philippines ဟု The ပါကြောင်းလည်းရှင်းပြပါသည်။ အင်္ဂလိပ်စာကျွမ်းကျင်သူများကို မေးကြည့်တော့ တစ်ဦးက The ပါတာမှန်သည်။ နောက်တစ်ဦးက The မပါတာမှန်သည်ဟု နှစ်မျိုးကွဲလွဲနေတော့သည်။ သဒ္ဒါနည်းမျဉ်းအရ အဘယ်ကြောင့် တိကျမှုမရှိဘဲ ဆရာနှစ်ဦးက အဖြေတစ်မျိုးစီဖြစ်နေရပါသနည်း။

ဟောင်ဒွအတွက်- အဖြေမှန်သိပြီ

အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူဆရာများကိုယ်တိုင်က တစ်ဦးနှင့်တစ်ဦး တွေ့ညီကြဘဲ ဝိဝါဒကွဲပြားလျက်ရှိရာ အကြံအိုက်လာရတော့သည်။ နောက်ဆုံး၌ ဤကိစ္စမှာ အင်္ဂလိပ်ဘာသာမှ စာလုံးတစ်လုံး၏ ပြဿနာဖြစ်ပါ၍ အင်္ဂလန်နိုင်ငံမှ အင်္ဂလိပ်တစ်ယောက်ကို မေးမြန်းကြည့်ပါက မှန်ကန်သော အဖြေရနိုင်သောကြောင့် အင်္ဂလိပ်တစ်ယောက်ကိုသာ မေးမြန်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။ အင်္ဂလန်မှ မည်သူ့ကို မေးမည်နည်း။ အင်္ဂလန်၌ မြန်မာတံဆိပ်ခေါင်းများကို လေ့လာသောအသင်းရှိသည်။ ထိုအသင်း၏ဥက္ကဋ္ဌကြီးမှာ မြန်မာ တံဆိပ်ခေါင်းများအကြောင်း သိရှိထားသူတစ်ဦးဖြစ်ရာ အဆင်ပြေမည့်ပုဂ္ဂိုလ် ဖြစ်သဖြင့် ဥက္ကဋ္ဌကြီးထံ လှမ်းမေးရသည်။ မြန်မာတံဆိပ်ခေါင်းများပေါ်၌ Republic အရှေ့တွင် The ပါရှိသည်က မှန်ပါသလား။ သို့တည်းမဟုတ် The မပါရှိသည်က မှန်ပါသလားဟူသည်ကို အင်္ဂလိပ်သဒ္ဒါဖြင့် ရှင်းလင်းပြပါရန် တောင်းဆိုမေးမြန်းလိုက်သည်။ ဥက္ကဋ္ဌကြီးက စာပြန်ကြားရာတွင် အလွန်မေးသင့်သည့် မေးခွန်းတစ်ခုဖြစ်ကြောင်း နိုင်ငံတစ်နိုင်ငံ၏ တံဆိပ်ခေါင်းပေါ်က နိုင်ငံအမည်တွင် The ပါခြင်း- မပါခြင်းမှာအင်္ဂလိပ်သဒ္ဒါနှင့် မည်သို့မျှပတ်သက်မှုမရှိကြောင်း၊ ထိုသက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံဆိုင်ရာ ဥပဒေစည်းမျဉ်းနှင့် သတ်မှတ်ထားသည့်အတိုင်းသာ သုံးစွဲရကြောင်း ရှင်းလင်းပါရှိသည်။ ဥက္ကဋ္ဌကြီး၏အီးမေးလ်ကို ဖတ်ရှုပြီးနောက် စာပေဗိမာန် စာအုပ်အရောင်းဆိုင်သို့ အပြေးသွားခဲ့ပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ (အင်္ဂလိပ်) စာအုပ်ကို ဝယ်၍ဖတ်ရှုကြည့်လိုက်သည်။ ထိုစာအုပ်၏အခန်း (၁) ပြည်ထောင်စုနိုင်ငံ

Chapter I

Basic Principles of the Union

The Republic of the Union of Myanmar

1. *Myanmar* is an independent sovereign Nation.
2. The State shall be known as the Republic of the Union of Myanmar.
3. The State is where multi-National races collectively reside.
4. ...Sovereign power of the Union is derived from the citize...

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ The ပါရှိရန်မလိုကြောင်းပြသထား။

U Htin Kyaw

Former President

Republic of the Union of Myanmar

သမ္မတဟောင်း ဦးထင်ကျော် ၏ အမှာစာတွင် The မပါရှိ။

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICTY AND ENERGY
MYANMA OIL AND GAS ENTERPRISE
(INVITATION FOR OPEN TENDER)
(19/2020-2021)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တင်ဒါကြော်ငြာတွင် The ထည့်သွင်းထား။

တော်၏အခြေခံစည်းမျဉ်း Basic Principles of the Union ခေါင်းစဉ်အောက်ရှိ အပိုဒ် (၂) တွင် The State Shall be known as the Republic of the Union of Myanmar ဟု ပါရှိသည်။ Republic ရှေ့တွင်ရှိသော the မှာ အက္ခရာစာလုံးသေးဖြင့် ပုံနှိပ်ထားရာ နိုင်ငံအမည်အရှေ့တွင် The ဟူသောစာလုံးမပါရှိကြောင်းအဖြေကို သိလိုက်ရသည်။ အကယ်၍ the မဟုတ်ဘဲ The ဟု ရေးသားပုံနှိပ်ထားပါက နိုင်ငံအမည်အရှေ့တွင် The ပါရှိရမည်။ ယခုအခါတွင်မူ အင်္ဂလိပ်ဘာသာဖြင့် မြန်မာနိုင်ငံ၏အမည်ရှေ့တွင် The မပါရှိကြောင်း အသေအချာသိလိုက်ရပြီ ဖြစ်သည်။ ထို့ကြောင့် မြန်မာထံဆိပ်ခေါင်းများပေါ်တွင် ပုံနှိပ်ထားသော The Republic of the Union of Myanmar ဟူသည့် စာတန်းမှာ မှားယွင်းလွဲချော်နေပေသည်။

အမှန်ပြင်ရန်- လမ်းညွှန်ပေး

ယခုအခါတွင် အင်္ဂလိပ်ဘာသာဖြင့် မြန်မာနိုင်ငံ၏တရားဝင်အမည်ကို မည်သို့ရေးသားရမည်ကို ကွက်ကွက်ကွင်းကွင်းသိရှိလာရလေပြီ။ ထို့ကြောင့် မည်သည်တို့က မည်သည့်နေရာများ၌ နိုင်ငံအမည်ကို မှားယွင်းစွာသုံးစွဲနေကြသည်ကို လေ့လာစိစစ်ကြည့်မိသည်။ စာပို့တံဆိပ်ခေါင်းများတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ကွဲလွဲကာ မှားယွင်းနေသော်လည်း အခွန်တံဆိပ်ခေါင်းများတွင် နိုင်ငံအမည်ကို မှန်ကန်စွာသုံးထားသည်ကို တွေ့ရှိရသည်။ သို့ရာတွင် MRTV နံနက်ခင်း ရုပ်မြင်သံကြား အစီအစဉ်စတင်ရာတွင် နိုင်ငံတော်အလံနှင့်

အတူ နိုင်ငံအမည် အင်္ဂလိပ်စာတန်းတွင် The ပါရှိနေသဖြင့် မှားယွင်းနေသည်။ သတင်းစာများတွင် ပါလေ့ရှိသော ဝန်ကြီးဌာနဆိုင်ရာကြော်ငြာနှင့် ကြေညာချက်များတွင် အချို့က The ပါရှိသည်။ အချို့က The မပါရှိကြပေ။ ဝန်ကြီးဌာနများကပင် သတ်မှတ်ထားသော နိုင်ငံအမည်ကို မှန်ကန်စွာ တစ်ပြေးညီသုံးစွဲခြင်းမရှိသည်ကို တွေ့ရသည်။ မြန်မာတို့အဖို့မှာ The ဟူသည့်စာလုံးကို ဝါကျ၏အရှေ့တွင် ပါရှိမှခန့်ညားသည်၊ ထည်ဝါသည်ဟုအထင်ရှိကြပုံရသည်။ သို့ရာတွင် မိမိတို့သုံးစွဲလိုက်သော အသုံးအနှုန်းမှာ မှန်ကန်ပါ၏လော၊ သေချာပါ၏လောဟူ၍ သတိမူ စိစစ်မှုပြုလုပ်ကြလိမ့်မည်မထင်ပေ။ တကယ်တမ်း အမှန်သုံးစွဲပုံကိုသိရှိလိုပါက မြန်မာနိုင်ငံထုတ်အင်္ဂလိပ်သတင်းစာများတွင်ပါလေ့ရှိသော နိုင်ငံတော်သမ္မတ၏သဝဏ်လွှာ၊ ကြေညာချက်စသည်တို့ကို သတိပြုဖတ်ရှုသင့်သည်။ ထိုအခါ Republic ဟု အစချီသော The အရှေ့က မပါသည့်နိုင်ငံအမည်စာတန်းကိုတွေ့ရမည်သာဖြစ်သည်။

ဤသို့ဖြင့် တံဆိပ်ခေါင်း ဝါသနာရှင်အသင်းမှ စာရေးသူအား ဝါသနာရှင်များအတွက် တံဆိပ်ခေါင်းဆိုင်ရာ အကြောင်းအရာတစ်ခု ဟောပြောပေးပါရန်ဖိတ်ကြားခဲ့သည်။ ထိုအခမ်းအနား၌ မြန်မာတံဆိပ်ခေါင်းများတွင် အင်္ဂလိပ်အမည်စာတန်းရှေ့၌ The မပါသင့်ကြောင်းကို အကျိုးအကြောင်းများနှင့်တကွ ရှင်းလင်းဟောကြားခဲ့သည်။ အခမ်းအနားသို့တက်ရောက်လာသော မြန်မာတံဆိပ်ခေါင်းများ ထုတ်လုပ်မှုပိုင်းတွင်ပါဝင်ပတ်သက်သူပုဂ္ဂိုလ်အချို့အားလည်း နောင်အခါတွင် ပုံနှိပ်မည့်မြန်မာ့တံဆိပ်ခေါင်းများ၏ စာတန်းအရှေ့တွင် The မပါစေရေးအတွက် ကြိုးကြပ်စီစဉ်ပေးပါရန် မေတ္တာရပ်ခံပန်ကြားခဲ့သည်။ ထို့ကြောင့်ထင်သည် ဟောပြောပွဲပြီးနောက်ပိုင်းထုတ်ဝေသောမြန်မာတံဆိပ်ခေါင်းများတွင် Myanmar ဟူသော စာလုံးတစ်လုံးတည်းသာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုသို့သုံးနှုန်းသည်ကို ကြိုဆိုရပါသည်။ နိုင်ငံတကာ၌ အချို့နိုင်ငံများတွင် နိုင်ငံအမည်အတိုကိုသာမဟုတ် အမည်အတိုကောက်ကိုလည်း သုံးစွဲကြသည်။ အမေရိကန်နိုင်ငံဆိုလျှင် USA ဟုသာ ပုံနှိပ်တော့သည်။ တစ်ခါတစ်ရံ US ဟု စာလုံးနှစ်လုံးတည်းသာ တံဆိပ်ခေါင်းပေါ်တွင် ပုံနှိပ်တော့သည်။ ရှင်းရှင်းလင်းလင်း၊ ထင်ထင်ရှားရှားမြင်တွေ့စေချင်သည့်သဘောဖြစ်သည်။ သို့ရာတွင် မြန်မာတံဆိပ်ခေါင်း သုံးလေးမျိုးကို MYANMAR ဟူသည့်စာလုံးဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ပြီးသည့်နောက် ထုတ်ဝေခဲ့သော မြောက်မြားစွာသော မြန်မာတံဆိပ်ခေါင်းအမျိုးမျိုးတို့မှာ The Republic ဟူသည့် မှားယွင်းစာတန်းဖြင့် ဆက်လက်ပုံနှိပ်ထုတ်ဝေနေပြန်ပါတော့သတည်း။

အမှား- အလွဲထုတ်ဝေမှု

တံဆိပ်ခေါင်း ဝါသနာရှင်များအသိုက်အဝန်းကြား၌ ဤစာရေးသူ၏ ဟောပြောပို့ချမှု ပြီးသည့်နောက်တွင် တံဆိပ်ခေါင်းများ၏နိုင်ငံအမည်စာတန်းရှေ့တွင် The ဟူသောစာလုံးပါရှိနေခြင်းမှာမှားယွင်းနေခြင်း ဖြစ်သည်ဟု နားလည်သဘောပေါက်ကြလိမ့်မည်ဟု မှတ်ယူခဲ့သည်။ ဟောပြောပို့ချမှုအပြီးတွင် ထုတ်ဝေသော တံဆိပ်ခေါင်းပေါ်တွင် MYANMAR ဟု စာလုံးတစ်လုံးတည်းသာပါရှိရာ နိုင်ငံအမည်စာတန်းမှားယွင်းမှုမှာ ယခုအခါ၌ ဇာတ်သိမ်းသွားခဲ့ပြီဟု ထင်မှတ်မိလိုက်သည်။ Myanmar ဟု သုံးခဲ့ခြင်းမှာလည်း The ကိုဖြုတ်ပြီး အမှားကိုတော့မပြင်ဘူး။ နောက်အမည်စာလုံးသစ်ကိုသာ သုံးပြုလိုက်မည်ဟူသည့်သဘောမျိုး ဟုတ်မဟုတ်ကိုတော့ မသိရပေ။ မည်သို့ပင်ဖြစ်စေ၊ လွန်ခဲ့သည့်သုံးလေးနှစ်အတွင်း ထုတ်ဝေခဲ့သော ဤစာရေးသူ၏ဆောင်းပါးနှင့်စာအုပ်များ၌အခါအခွင့်သင့်လျှင် သင့်သလို နိုင်ငံအမည်စာတန်းရှေ့တွင် The ပါရှိနေခြင်းမှာ မှားယွင်းပါကြောင်း ထောက်ပြရှင်းလင်းခဲ့သေးသည်။ မျိုးဆက်သစ်စာပေမှ ကြည်လွင်၏ ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေသော 'တံဆိပ်ခေါင်းဝါသနာဆောင်းပါးများ' စာအုပ်နှင့် တာမိုးညဲစာပေမှ ကျော်မြင့်မောင်၏ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေသော 'မြန်မာ့စာပို့တံဆိပ်ခေါင်းများ' စာအုပ်တို့တွင် တံဆိပ်ခေါင်းများ၏နိုင်ငံအမည်စာတန်းရှေ့တွင် The ထည့်သွင်းရေးသားခြင်း မပြုကြရန်နှင့် ထိုသို့သုံးနှုန်းခြင်းမှာ မှားယွင်းပါကြောင်း အသေအချာရှင်းလင်းရေးသားခဲ့ဖူးသည်။

သို့ပါသော်လည်း ယနေ့အချိန်အခါ ၂၀၂၀ ခုနှစ် အထိ မြန်မာတံဆိပ်ခေါင်းများပေါ်တွင် The စာလုံးပါရှိနေဆဲသာလျှင် ဖြစ်သည်။ The ပါသော အလွဲအမှား တံဆိပ်ခေါင်းအမျိုးမည်မျှ ထုတ်ဝေပြီးပါပြီလဲ။ ပထမဆုံးအကြိမ် မှားယွင်းခဲ့သော ၂၀၁၁ ခုနှစ်မှ စ၍ ယခုနှစ် ၂၀၂၀ ခုနှစ်အထိဆိုပါလျှင် (၁၀) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ဤဆယ်စုနှစ်အတွင်း The ပါရှိသည့် မှားယွင်းတံဆိပ်ခေါင်း အမျိုးရေ (၁၀၅) ထုတ်ဝေခဲ့ပြီးလေပြီ။ သို့ရာတွင် ပျက်အစဉ်၊ ပြင်ခဏဆိုသကဲ့ သို့ ယခုနှစ် ၂၀၂၀ ခုနှစ်မှ စတင်၍ အမှားပြင်ဆင်သင့်ပေသည်။ The ကို ဖြုတ်လိုက ဖြုတ်နိုင်သည်။ MYANMAR ဟု တစ်လုံးတည်းပုံနှိပ်လိုကပုံနှိပ်နိုင်သည်။ ဤ The အက္ခရာတစ်လုံးတည်းအတွက် ရေးကြီးခွင်ကျယ်လုပ်ပြီး အဘယ်ကြောင့် ပြောဆိုနေရပါသနည်းဟုဆိုရသော် အဖြေမှာ စာပို့တံဆိပ်ခေါင်းဟူသည်မှာ နိုင်ငံ၏အဆောင်အယောင်ဟု သတ်မှတ်ထားကြသောကြောင့်ဖြစ်သည်။ နိုင်ငံ၏မော်ကွန်းတင်ထားသော အမှတ်တံဆိပ်ဟုလည်း ခံယူကြသောကြောင့်ဖြစ်သည်။ ဆက်လက်၍ဆိုရသော် ကမ္ဘာ့နိုင်ငံအသီးသီးသို့မြန်မာ့ဂုဏ်သတင်းကို ပျံ့နှံ့စေသောအရာတစ်ခု ဖြစ်သည်။ ထိုသို့အရေးပါလှသည့် နိုင်ငံ၏တရားဝင်ပစ္စည်းပေါ်မှ မှားယွင်းနေမှုကို အမြန်ဆုံးပြင်ဆင်စေလိုသောကြောင့် ဖြစ်သည်။

သည်မှန်အုပ်စု- သည်မှားအုပ်စု

တံဆိပ်ခေါင်းဝါသနာအလုပ်ဟူသည်မှာ နူးညံ့သိမ်မွေ့သောအလုပ်တစ်ခုဖြစ်သောကြောင့် တံဆိပ်ခေါင်းဝါသနာရှင်တို့မှာ ခက်ထန်ကြမ်းတမ်းသောသရုပ်သကန်များ မရှိကြပေ။ သို့ရာတွင် အယူအဆခံယူချက်ကွဲလွဲကြသောအခါ မိမိ၏ စိတ်သဘောဖြင့်ဆုံးဖြတ်ကာ ဝါဒတစ်ခုအပေါ် လွတ်လပ်စွာ ယုံကြည်မှုထားလေ့ရှိသူများ ဖြစ်သည်။ ဤသို့သော ကွဲလွဲမှုအတွက် 'အုပ်စု' ဟု ခေါ်ဝေါ်ရလောက်အောင် ပြင်းထန်စွာကွဲပြားကြသည် မဟုတ်ပေ။ ရန်ကုန်မြို့ရှိ တံဆိပ်ခေါင်း ဝါသနာရှင်အချို့က နိုင်ငံအမည်အရှေ့တွင် The ပါသည်က မှန်ကန်သည်ဟု ယူဆကြသည်။ ထိုသူတို့အတွက် The ပါရှိခြင်းကမှန်ကန်သည်ဟူသည့် အထောက်အထားကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ (အင်္ဂလိပ်) စာအုပ်မှပင်ရရှိသည်။ ထိုစာအုပ်၏အခန်း (၁) အတွက် ခေါင်း

ခဲ့တစ်ခုတွင် The Republic of the Union of Myanmar ဟု ရေးသားပုံနှိပ်ထားသည်။ ထို့ကြောင့် Republic အရှေ့တွင် The ပါသည်က မှန်ကန်သည်ဟု ယူဆပြောဆိုကြခြင်းဖြစ်သည်။ အမှန်စင်စစ်မှာဆို The သည် သဒ္ဒါနည်းအရ တစ်စုံတစ်ရာကို သီးသန့်ရည်ညွှန်းထားခြင်းသာဖြစ်သည်။ ဥပဒေအပိုင်တစ်ခုတွင် ဤသို့သုံးနှုန်းရမည်ဟု ဖွင့်ဆိုထားခြင်းမဟုတ်ပေ။ ခေါင်းစဉ်တစ်ခု၏ အမည်သာ ဖြစ်သည်။ ခေါင်းစဉ်တွင် အဓိပ္ပာယ်ရှင်းလင်းစေရန် မည်သည့်သမ္မတ နိုင်ငံနည်း။ မြန်မာသမ္မတနိုင်ငံဖြစ်သည်ဟူ၍ သီးသန့်ညွှန်ပြသော The အမျိုးအစားဖြစ်သည်။ အကယ်၍ နိုင်ငံအမည်တစ်လုံးတည်းသာရေးပါက ညွှန်ပြစရာမလိုတော့၍ The ပါရှိတော့မည်မဟုတ်ပေ။

ဆက်လက်၍ ရှင်းလင်းရသော် ရုပ်ရှင်ကားအမည် The Bridge on the River Kwai (ကွေမြစ်ပေါ်မှတံတား) တွင် အရှေ့မှ The မှာ တံတားကို ညွှန်းထားခြင်းဖြစ်သည်။ မည်သည့်တံတားနည်း။ ကွေမြစ်ပေါ်မှ တံတားသာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားတံတားမဟုတ်ခြင်းကို ကွဲပြားစေလို၍ The သုံးထားခြင်း ဖြစ်သည်။ ထိုကဲ့သို့သော ပုံစံဖြင့် The Republic ဟု သုံးစွဲထားခြင်းသာဖြစ်သည်။ အခြားတစ်ဖက်၌ အချို့သောဝါသနာရှင်တို့ကမူ The မပါရှိသည့် တံဆိပ်ခေါင်းများကသာ အမှန်ဟုပြောဆိုယူဆကြသည်။

သည်ပြုသနာ သုံးသပ်ချက်

အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအမည်စာတန်းအရှေ့တွင် The ပါရှိနေခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏သတ်မှတ်ချက်နှင့် မကိုက်ညီပါသဖြင့် ထိုသို့သုံးစွဲခြင်းကို ရှောင်ကြဉ်ကြရမည်။ တံဆိပ်ခေါင်းများပေါ်၌သာမက ဆိုင်းဘုတ်၊ ကန့်လန့်ကာ၊ နဖူးစီး၊ နံရံ မည်သည့်နေရာတွင်မဆို The ကို အရှေ့တွင် ရေးသားပါရှိခြင်းမရှိစေရပေ။ နိုင်ငံအမည်စာတန်းအရှေ့တွင် The ပါရှိမှ မှန်ကန်သည်ဟု ဆိုကြသူများအတွက်မှာလည်း ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ် (၆၀၀ ကျပ်)ကိုဝယ်ယူဖတ်ရှု၍ စည်းမျဉ်းဥပဒေအပိုဒ်ကို အသေအချာဖတ်ရှုသင့်ပေသည်။ ထိုသို့မဟုတ်ပါကလည်း The Global New Light of Myanmar သတင်းစာ၌ အခါအားလျော်စွာပါရှိတတ်သော နိုင်ငံတော်အကြီးအကဲပြည်ထောင်စုဝန်ကြီးများ၏ သဝဏ်လွှာ၊ ကြေညာချက် စသည်တို့တွင် The မပါရှိကြောင်းကို သက်သေအထောက်အထားအနေဖြင့် ကြည့်ရှုနိုင်သည်။ မြန်မာစာပို့တံဆိပ်ခေါင်းများကို ထုတ်လုပ်ရန် တာဝန်ယူထားသောပုဂ္ဂိုလ်တို့အနေဖြင့်လည်း ဤကိစ္စကို အလေးတယူကိုင်တွယ်၍ မှားနေသည်ကို မှန်ကန်အောင် ပြုပြင်သင့်သည်။ ဤကဲ့သို့ မှားယွင်းမှုမှာ စာတိုက်လုပ်ငန်းဌာန၏ အမှားသာဟုပြောဆို၍မရပေ။ စင်စစ် နိုင်ငံအစိုးရ၏အမှားဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း လိုက်နာဆောင်ရွက်နေရသောအစိုးရအဖွဲ့အနေဖြင့် အလွန်အရေးကြီးလှသည့်နိုင်ငံအမည်ကို မှားယွင်းစွာ ပုံနှိပ်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်နေခြင်းဖြစ်သည်။ စာပို့ တံဆိပ်ခေါင်းဟူသည်မှာ နိုင်ငံတကာနှင့်ဆက်စပ်နေသော ပစ္စည်းတစ်ခုဖြစ်သည်။ ဤကဲ့သို့ ကွဲလွဲမှားယွင်းနေသည်ကို သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ယုတ်စွအဆုံး ကမ္ဘာ့စာပို့တိုက်များ၊ သမဂ္ဂမှပုဂ္ဂိုလ်ကြီးများ သိရှိကြပါက နိုင်ငံအနေဖြင့် မျက်နှာပျက်စရာကောင်းလှသည်။ ရှက်စရာကောင်းလှ၏။ နိုင်ငံဦးသျှောင်ပုဂ္ဂိုလ်များအတွက်လည်း ဂုဏ်သရေကျစေမည့်ကိစ္စမျိုးဖြစ်သည်။ ဤဆောင်းပါးကိုဖတ်ရှုပြီးနောက် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦးမှတစ်ဆင့် အဆင့်ဆင့်တက်လှမ်း၍ စာပို့တံဆိပ်ခေါင်းများပေါ်တွင် မှန်ကန်သော အင်္ဂလိပ်အမည်စာတန်းတစ်ခုခုကို ပြောင်းလဲပုံနှိပ်မည်ဆိုပါက ဤဆောင်းပါးရေးသားရကျိုးနပ်ပြီဖြစ်ပါသည်။

ကြည်လွင်

ကိုးကားမှုများ

၁။ Constitution of the Republic of the Union of Myanmae- 2008 (2008) Printing& Publishing Dept,Ministry of Information.

၂။ ကြည်လွင် ၂၀၁၈ တံဆိပ်ခေါင်းဝါသနာဆောင်းပါးများ၊ (မျိုးဆက်သစ်စာပေ) ရန်ကုန်မြို့။

ဝဲနှင်းခူနာပျောက်ဆေးကုထုံး

နတ်မောက်မင်းသန့်နိုင်

ဝဲနှင်းခူနာသည် ယားနာအကြီးစားဖြစ်ပြီး အလွန်ကုသရခက်ခဲပြီးပျောက်ခဲသောရောဂါအနာဖြစ်သည်။ အစို၊ အခြောက်နှစ်မျိုးရှိပြီး အစိုမှာပြည်တစိုစိုနှင့် ညှီစော်အနံ့ဆိုးထွက်တတ်သည်။ နေ့စဉ် လက်ဖက်ခြောက်ဖန်ရည်၊ တမာရွက်ပြုတ်ဖနီရည်၊ နဘူးရွက်ပြုတ်ဖန်ရည်ဖြင့် ဖန်ရည်ဆေးပေးရသည်။ ဆပ်ပြာမသုံးရပါ။ ဝဲနှင်းခူကို ဆပ်ပြာတိုက်လျှင် ပိုမိုကြီးလာပွားလာတတ်ပါသည်။

ဝဲနှင်းခူကုသသည် အစွမ်းထက်ဆေးတင်ပြပါမည်။

*ပထမဆေးနည်းမှာ အုံဆေးဖြစ်ပါသည်။ ကြခတ်ဝါးပင်ကို လူတိုင်းသိပါသည်။ ဝါးပင်တစ်မျိုးဖြစ်ပါသည်။ ကြက်ခတ်ဝါးပင်မှအမြစ် (၅) ကျပ်သားတူးယူပြီး ရေစင်ခွာဆေးပါ။ မဖောက်ထုံးမှုန့် (၁) ကျပ်သား၊ ထမင်းကြမ်းခဲ (၃)ကျပ်သားလိုပါသည်။

ကြခတ်ဝါးမြစ်ကို ညက်မှုန့်အောင်ထောင်းပါ။ ထို့နောက် ထုံးမှုန့်နှင့်ရောမွှေပါ။ ပြီးမှ ထမင်းကြမ်းခဲနှင့် ဗုံတွင်ကပ်သည် ပတ်စာကဲ့သို့ရောကြိတ်ပါ။ ထို့နောက် အပြားလုပ်ပြီး ဝဲနှင်းခူနာပေါ် အုံကပ်ထား၍ ပိတ်စဖြင့်စည်းပေးထားပါ။ အနာမှ မကောင်းသောသွေးပြည်ရောဂါပိုးများ စုပ်ယူသွားပါမည်။ တစ်နေ့တစ်ကြိမ်ပြုလုပ်အုံပေးပါ။ (၅) ရက်ဆက်တိုက်လုပ်ပေးလျှင် ပကတိကောင်းပါပြီ။

*ဒုတိယနည်းမှာ လိမ်းဆေးနည်းဖြစ်သည်။ ငရုတ်ကောင်း၊ လေညှင်းပွင့်၊ ကန့်ခဲ၊ ဒုတ္ထာ၊ ဇာတိပ္ဖိုလ်သီး၊ ငုင်းဆေးငါးပါးကိုဆတူ (၁) မတ်သားစီယူ၍ ကွမ်းရွက်သုံးရွက်နှင့် ညက်စွာကြိတ်ချေပါ။ ထို့နောက် နှမ်းဆီနှင့်ပျစ်ပျစ်ဖျော်ပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့နှစ်ကြိမ်လိမ်းပေးပါ။ ငါးရက်မှ ဆယ်ရက်အတွင်း အလွှားလိုက်ကွာကျပျောက်ကင်းသွားပါမည်။

နတ်မောက်မြို့နယ်၊ စမ်းတောရွာမှ အနာပေါက်အမျိုးမျိုး ကုထုံးဆရာကြီးဦးသန်း၏ဆေးနည်းအမှန်ကို ဆရာစားမချန်ရေးသားတင်ပြပါသည်။

နတ်မောက်မင်းသန့်နိုင်

အသက်ရှည်ရာအနာမဲ့ကြောင်း

ချောင်းဆုံအုန်းသွင်

အသက်ရှည်ခြင်းနှင့် အနာမဲ့ခြင်း (ကျန်းမာခြင်း) သည် အမြဲယှဉ်တွဲနေ အပ်သောတရား ဖြစ်၏။ အသက်ရှည်ပြီးမကျန်းမသာနှင့် နာတာရှည်နက္ခတ ဖြစ်နေလျှင်လည်းမကောင်း၊ ကျန်းမာသော်လည်း အသက်တိုလျှင်လည်း မကောင်းပါ။အသက်ရှည်ပြီးကျန်းမာနေမှကောင်းပါသည်။

အသက်ရှည်ခြင်းနှင့် ကျန်းမာခြင်းတို့သည် အတိတ်ဘဝကကံနှင့်လည်း ဆိုင်ပြီး ယခုဘဝကံနှင့်လည်း ဆိုင်ပါသည်။

ယခင်ဘဝက အသက်ရှည်ဖို့ ကံပါလာသော်လည်း ယခုဘဝတွင် အစားအသောက်၊ အနေအထိုင် မဆင်ခြင်မှု၊ အကုသိုလ်ဒုစရိုက်မကောင်းမှုများကိုသာပြုမှုကြောင့် ရောဂါဝေဒနာဖိစီး၍ ဖြစ်စေ၊ မတော်တဆဖြစ်၍ဖြစ်စေ အတိတ်ဘဝကံအတိုင်း မနေရဘဲ အသက်တိုတတ်ပါသည်။

အတိတ်ဘဝက အသက်ရှည်ဖို့ကံ မပါသော်လည်း ယခုဘဝတွင်အသက်ရှည်အောင်ပြုမူနေထိုင်လျှင် အသက်ရှည်နိုင်ပါသည်။

မွေးကင်းစ ကလေးငယ်တစ်ဦးသည် သူ့အတိတ်ဘဝကံက မွေးပြီး (၇) ရက်အတွင်း ဘီလူးအစားခံရပြီးသေရမည်။ ဝေဿဝဏ်နတ်မင်းကြီးသည် ဘီလူးတစ်ကောင်အား အကြောင်းတစ်ခုဖြင့် ထိုကလေးအား (၇) ရက်အတွင်း စားနိုင် ကစားရန်ခွင့်ပေးထားသည်။ (၇)ရက်ကျော်လျှင် စားခွင့်မရှိတော့။

ကလေးမိဘများ ကိုးကွယ်သော ဆရာတော်သည် ဤအကြောင်းကို သိ၏။ ထို့ကြောင့် မိဘများအား ကလေးမွေးခါနီးမှ မွေးပြီး (၇) ရက်အထိအိမ်တွင် သံဃာတော်များ အသံမစဲ ပရိတ်ရွတ်စေရန်ညွှန်ကြားသည်ခါ အများက ဆရာတော် ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်သည်။ တန်းခိုးကြီးနတ်များ မပြတ် ပရိတ်တရားလာနာကြသဖြင့် ဘီလူးကအနားမကပ်နိုင်။ (၇)ရက်ပြည့်သော်ဟု စားပိုင်ခွင့်မရှိတော့၊ ကလေး အသက်ရှည်သွားသည်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဗေဒင်အတတ် တစ်ဖက်ကမ်းခတ်သူ ပုဏ္ဏားတစ်ဦးသည် သူ့ကိုယ်သူ ဗေဒင်တွက်ကြည့်ရာ နောက်သုံးနှစ်ကြာလျှင်သေမည်၊ သေပြီးနောက် ဟိမဝန္တာတောင်ခြေတွင် မျောက်သွားဖြစ်မည်ဟု မြင်သည်။ ရဟန်းဂေါတမသည် ဉာဏ်ပညာကြီးသူဟုကျော်ကြားသည်။ သူ့တို့လည်း သွားမေးကြည့်သင့်သည်ဟုအကြံရပြီး ဘုရားထံလာရောက်လျှောက်ထား မေးမြန်းသည်။ မြတ်စွာဘုရားက သင်မြင်သည့်အတိုင်းမှန်သည်ဟု မိန့်ကြားလိုက်သည်။

ပုဏ္ဏား ပြန်သွားပြီးနောက် မျောက်ဖြစ်လျှင် စားသောက်ရန် ဟိမန္တာတောင်ခြေ ခရီးသွားလမ်းဘေးတွင် သီးစုံဥယျာဉ်နှင့် ရေကန်တစ်ကန်ဖန်တီးလုပ်ဆောင်လိုက်သည်။ မဏ္ဍပ်လည်းထိုးသည်။ ခရီးသွားများအား နားခိုပါ။ သစ်သီးစားပါ။ ရေသောက်ပါ။ ရေချိုးပါစသည်ဖြင့် ဧည့်ခံမည်။ ထိုအရပ်၌ မွေ့လျော်နေရာတုံးနှစ်ကို အတော်ကျော်သွားမှ သူသတိရသည်။ ထိုအခါ ဘုရားကိုသွားလျှောက်သည်။ မြတ်စွာဘုရားက-

အတိတ်ကံအရ ထိုအချိန်တွင် သေရမည်မှန်သော်လည်း သင်ရဲ့ပစ္စုပ္ပန် ကံကကုသိုလ်ကောင်းမှုပြုခြင်း ဖြစ်၍ ထိုကုသိုလ်ကောင်းမှုကံက သင့်အား အသက်ရှည်ရန် အသက်ဆောက် ထောက်ပံ့ပေးခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူသည်။

လူတို့သည် ကောင်းကံရော မကောင်းကံရော လုပ်ကြပါသည်။ အနည်းနှင့်အများသာကွာခြားပါသည်။ အားများသောကံက အခွင့်သာပြီး အကျိုးပေးပါသည်။ အတိတ်ဘဝ ကောင်းကံဖြင့် အသက်ရှည်ရန်ဖြစ် သော်လည်း မကောင်းမှုပြုနေလျှင် မကောင်းကံက အားကြီးသွားပြီး အသက်တိုအောင်၊ နာမကျန်းဖြစ် အောင်၊ ဆင်းရဲအောင် အကျိုးပေးမည်။ ထို့ကြောင့် အတိတ်ဘဝ ကောင်းကံနှင့် ပစ္စုပ္ပန်ဘဝကောင်းကံ ဆက်ပြီးကျန်းမာ အောင်၊ ချမ်းသာအောင် အသက်ရှည်

အောင်ကောင်းမှုများကိုသာ များနိုင်သမျှ များအောင် ပြုလုပ်ရပေမည်။

ထို့အပြင် အသက်ရှည်အောင်၊ ကျန်းမာအောင် မည်ကဲ့သို့ နေထိုင်ပြုမူ စားသောက်ရမည်ကိုလည်းသိပြီး လိုက်နာရန်လိုပါသည်။ လှူဒါန်းပေးကမ်းပြီး သီလဆောက်တည်ပြီး ဘာဝနာပွားများနေသော်လည်း မသိသဖြင့် မသင့်သောအနေအထိုင်၊ အစားအသောက်တို့ဖြင့် နေထိုင်စားသောက်လျှင်လည်း အသက်ရှည်ကျန်းမာခြင်းတို့ဖျက်ဆီးပေလိမ့်မည်။ ထို့ကြောင့် ထိုအတွက် ဗဟုသုတရှာမှီးရပါမည်။

ရှေးဦးစွာ လူတိုင်းနှင့်မသင့်သောအနေအထိုင်၊ အပြုအမူနှင့် အစားသောက်တို့ကိုသိရပါမည်။ တက်စာ၊ ချုပ်စာတို့သည် လူတိုင်းနှင့်မသင့်သော အစားအစာများဖြစ်သည်။ အိပ်ပျက်ခံခြင်း၊ မတန်တဆအပင်ပန်းခံခြင်း၊ အပူအအေးမျှတစွာမနေဘဲ လွန်ကဲသော အပူအအေးများဖြင့်နေခြင်း၊ အစားအစာကို အချိန်မှန်၊ ပုံမှန်မစားခြင်း၊ လူတိုင်းနှင့်မသင့်သော အစားအစာများကိုသာလွန်ကဲစွာစားခြင်း စသည်တို့မှာလူတိုင်းနှင့်မသင့်သောအနေအထိုင်၊ အစားအသောက်များ ဖြစ်ပါသည်။ ထို့ပြင် အခြားသူများနှင့်သင့်သော်လည်း မိမိနှင့်မသင့်သော အစားအစာများကို သိအောင်လုပ်ပြီး ရှောင်ရပါမည်။

အသက်ရှည်လိုသော် စိတ်ကောင်းမွေးရမည်ဟုသောအဆိုလည်းရှိသည်။ မကောင်းသောစိတ်မှာ-

၁။ လောဘအလိုရမက်ကြီးခြင်း၊

၂။ ဒေါသ(အမျက်ဒေါသကြီးခြင်း)၊

၃။ မောဟ အမှန်ကို အမှား၊ အမှားကိုအမှန်ထင်ပြီး တလွဲပြုလုပ်ခြင်း၊ လောဘနှင့် ဒေါသတွင်လည်း သူ့ပါသည်တို့ဖြစ်သည်။ ကောင်းသောစိတ်မှာ အထက်ပါသုံးပါးကိုမရှိအောင် ဖယ်ရှားထားသော စိတ်ဖြစ်ပါသည်။

ပြင်သစ်သူ ဂျင်းနီကဲလ်မင့်န်ဆိုသူသည် ည (၁၀)နာရီထက် နောက်မကျဘဲ အိပ်ရာဝင်ပြီး နံနက် (၈) နာရီထက် နောက်မကျဘဲ အိပ်ရာမှထသည်။ အသက် (၁၂၂) နှစ်၊ (၁၆၄) ရက်နေသွားသည်။ အီမာမိုရန်နို ဆိုသူသည် ကြက်ဥစိုသော ဥအမျိုးမျိုးစားပြီး အသက်(၁၁၇)နှစ် (၁၃၇) ရက်နေသွားသည်။ မီဆာအိုအိုကာဝါဆိုသူသည် ဆေးလိပ်နှင့်အရက် လုံးဝမသောက်ဘဲ ဘာသာတရားနှင့်ပျော်မွေ့ပြီး အသက် (၁၁၇)နှစ်နေသွားသည်။ အလက်စန္ဒားအီမစ်ဆိုသူသည် အရက်မသောက်၊ ရေကူးပြီး ကျန်းမာရေးနှင့်မသင့်သောအစာများကိုရှောင်ကာ အသက် (၁၁၁) နှစ်၊ (၁၂၄) နေသွားသည်။ ဒူရာနောင့်ဘေးလာဒ်ဆိုသူသည် ငါးနှင့်ဟင်းသီးဟင်းရွက် မြင်းစားဂျုံတို့ အဓိကထားစားပြီး အသက် (၁၁၀) နေသွားသည်။ ဂျက်ဆီဂယ်လန်ဆိုသူ အပျိုကြီးသည် ယောကျ်ားနှင့်ကင်းကင်းနေပြီး ယောကျ်ားကြောင့်ရသောကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုများရှောင်ရှားခြင်း၊ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းနေထိုင်ခြင်း အလုပ်ကိုကြိုးကြိုးပမ်းပမ်းလုပ်ခြင်းဖြင့် အသက် (၁၀၉) နှစ်နေသွားသည်။ ဂျော့ဘော့ဂုက်စ်ဆိုသူသည် လမ်းများများလျှောက်ခြင်းဖြင့် အသက် (၁၀၄) နှစ်နေသွားသည်။ ရှသ့်ကိုဗင်ဆိုသူသည် အလေးမခြင်းစသည် ကိုယ်လက်လှုပ်ရှားအားကစားကို မပြတ်ပြုလုပ်ခြင်း၊ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနေပြီး စိတ်ကို ကြည်လင်အောင်ထားခြင်းဖြင့် အသက် (၁၀၃) နှစ်နေသွားသည်။

ကမ္ဘာ့အသက်အရှည်ဆုံးလူသားများ၏အစားအသောက်ကို လေ့လာကြည့်သောအခါ မြင်းစားဂျုံ၊ ဆန်လုံးညိုများကိုစားပြီး ချွတ်ဆေးဖြင့်ချွတ်ထားသည့် ဂျုံဖြူ ဆန်ဖြူများကို မစားခြင်း။ အစာကြေလွယ်သော ကြက်သား၊ ငါးနှင့် ဥများကိုစားပြီး အစာကြေခဲသော အမဲသား စသည်များကို မစားခြင်း၊ ခန္ဓာကိုယ်ကိုသန့်ရှင်းသပ်ရပ်စေပြီး စိတ်ကိုဖြူစင်စေခြင်း၊ မေတ္တာပွားခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကိုလုပ်ခြင်း၊ အလုပ်ကိုကြိုးကြိုးပမ်းပမ်းလုပ်ခြင်း၊ ဘာသာတရား၌ မွေ့လျော်ခြင်းစသည့် အချက်များကိုတွေ့နိုင်ပေသည်။ အသက်ရှည်ရန်လိုက်နာကျင့်သုံးသင့်ပါသည်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့ထုတ်ကြေးမုံသတင်းစာမှ ဒေါက်တာဇော်ထွန်းလင်း ဆေးပညာမဟာသိပ္ပံ၏ကျန်းမာသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်များ (၁၀) ဆောင်းပါးမှကောက်နုတ်ချက်။

ကျွန်တော့်အသက် ယခု (၈၉)နှစ်ရှိပါပြီ။ (၈၀) ကျော်လျှင် အသက်ရှည်သူစာရင်းထဲဝင်ပါသည်။ ကျွန်တော့်မှာ အစာအိမ်ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်နေသဖြင့် ထမင်းနှင့်ဟင်းမစားရသည်မှာ (၁၈) နှစ်ရှိပါပြီ။ နို့မှုန့်ကို ရေနွေးဖြင့် သကြားမထည့်ဘဲဖျော်ပြီး ဘီစကွတ်မုန့်ဖြင့်သာစားနေခဲ့ရပါသည်။ ဆီးကျိတ်ခွဲရင်းမှ လေဖြတ်ခံထားရသည်မှာလည်း (၁၂)နှစ်ရှိပါသည်။ ထမင်းဟင်းနှင့် ဟင်းမစားရသဖြင့် ဆေးငါးမျိုးကလွတ်ကင်းနေပါသည်။ ဆေးငါးမျိုးမှာ-

၁။ ဆိုးဆေး၊

၂။ ချွတ်ဆေး၊

၃။ ပိုးသတ်ဆေး၊

၄။ တာရှည်ခံဆေး၊

၅။ ကြီးထွားဆေးတို့ဖြစ်ပါသည်။

ထိုဆေးငါးမျိုးသည် လူကို တဖြည်းဖြည်းဒုက္ခပေးပါသည်။ ရောဂါပေါင်းစုံကိုအားပေးပါသည်။ အသက် (၄၀) ပြည့်သည့်နေ့မှစပြီး ဆေးလိပ်နှင့် အရက်ကိုလုံးဝဖြတ်လိုက်ပါသည်။ သူ့အသက်သတ်ခြင်းကိုလည်း သစ္စာဆိုပြီး လုံးဝရှောင်ခဲ့ပါသည်။

အသက် (၇၀) ပြည့်သည့်နေ့မှာစပြီး အာဇီဝဋ္ဌမက (၈)ပါးသီလကို အပြဟ္မစရိယာဖြင့် အကျိုးမပေါက်အောင်စောင့်ထိန်းခဲ့ပါသည်။ ဘာသာရေးစာပေများကိုသာရေးပြီး ဘာသာရေးကုသိုလ်ရေးတို့၌သာ စိတ်ကိုနှစ်ထားခဲ့ပါသည်။ စားဝတ်နေရေးနှင့် ဆေးဝါးကုသရေးတို့အတွက် သားသမီးများတာဝန်ယူထားသဖြင့် စာမူခနှင့် ကန်တော့ငွေ၊ ထောက်ပံ့ငွေများကို အကုန်ပြန်လှူလိုက်ပါသည်။ ည (၁၀) နာရီထက်နောက်ကျပြီးမအိပ်ပါ။ မနက် (၅)နာရီထက်နောက်ကျပြီးမထပါ။ အိမ်တွင်ပင် အချိန်ရသရွေ့ လမ်းလျှောက်ပါသည်။ ယမန်နှစ်ကအထိ နံနက်တိုင်း (၆)ထပ်ကြီးဘုရားသွားပါသည်။ ကျွန်တော့်လမ်းလျှောက်နှုန်းများမှာ တစ်နေ့ခြေလှမ်းတစ်သောင်းထက်မနည်းပါ။ အမျက်ထွက်ခြင်း၊ သောကရောက်ခြင်း စိတ်သည် ဒေါသစိတ်၊ အကုသိုလ်ဟုသိပြီး မဖြစ်အောင် ထိန်းချုပ်ထားပါသည်။ ဘုရားဂုဏ်တော်ကို အာရုံပြုပွားများပြီး မေတ္တာများများပို့ပါ။ အထက်ပါအချက်များသည် ကျွန်တော်အသက်ရှည်ရခြင်း အကြောင်းဟုယူဆပါသည်။ အသက်ရှည်လိုသူများသည် တင်ပြခဲ့သော အချက်များကို လေ့လာပြီး နိုင်သရွေ့ကျင့်ကြံအားထုတ်ခြင်းဖြင့် အသက်ရှည်နိုင်ပါသည်။

သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်ပါစေ။

ချောင်းဆုံအုန်းသွင်

ရိုဟန်ကို

မနုဿလူသား သေပြီးနောက်ဘဝမှာ လူပြန်ဖြစ်လိုပါသလား

မြတ်ဗုဒ္ဓ ဂေါတမဘုရားရှင်ဟာ ကောသလတိုင်း၊ ဝေဠုဒွါရဲရွာကို ဒေသစာရီကြွရောက်တော်မူခဲ့တယ်။

ဘုရားရှင်ကြွလာတော့ ရွာသူရွာသားတွေဟာ စုဝေးပြီး နေရာထိုင်ခင်းတွေပြုလုပ်ပေးကြတယ်။ ဆွမ်းအစရှိတဲ့ အာဟာရတွေကို ကပ်လှူကြတယ်။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတော့ ဝေဠုဒွါရဲရွာ ပုဏ္ဏားရွာကြီးမှ ပုဏ္ဏားအကြီးအကဲတစ်ဦးက ရွာသူရွာသားတွေကိုယ်စား မြတ်စွာဘုရားရှင်ကို လျှောက်တင်ပါတယ်။

"အရှင်သူမြတ်ကြီးဘုရား၊ တပည့်တော်တို့ဟာ အရှင်ဘုရားရဲ့သားတော် သမီးတော်၊ ရဟန်းသံဃာတော်တွေ၊ ရဟန်းဘိက္ခုနီမတွေလိုလည်း သာသနာ့ဘောင်ကို မဝင်ရောက်နိုင်ပါဘူး။ ဘုရားတပည့်တော်တို့ဟာ စားဝတ်နေရေးအတွက် နေ့စဉ်နဲ့အမျှ စီးပွားရေးအလုပ်တွေကို လုပ်ကိုင်နေရပါတယ် ဘုရား။

တပည့်တော်တို့ဟာ ယခုဘဝမှာ ဤ ဇနီးမယား၊ သားသမီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြပါတယ် ဘုရား။

ဘုရားတပည့်တော်တို့ အိုမင်းရင့်ရော်ပြီး သေဆုံးသွားပါက လူ့ဘဝမှာ လူပြန်ဖြစ်လိုပါတယ်ဘုရား။ ဤဇနီးနဲ့လည်း အတူတူပြန်လည်ပေါင်းသင်းချင်ပါတယ်ဘုရား။

ဘုရားတပည့်တော်တို့ မည်သည့်တရားမျိုးကို ဆောင်ရပါမလဲ ဘုရား။ ဘုရားတပည့်တော်တို့အား သနားတော်မူသောအားဖြင့် မဟာကရုဏာတော်ကြီးမားတော်မူတဲ့ မြတ်စွာဘုရား ဟောပြတော်မူပါဘုရား"

ပုဏ္ဏားအကြီးအကဲကြီးရဲ့လျှောက်တင်ချက်ကို မြတ်ဗုဒ္ဓကကြားရပြီးတော့ ဝေဠုဒွါရဲရွာမှရွာသူရွာသားတွေကို တရားဟောတော်မူတယ်။

"သင်တို့ နောက်တမလွန်ဘဝမှာ လူပြန်ဖြစ်လိုပါက၊ သင်နဲ့အတူတူ သင့်ဇနီးနဲ့လည်း အတူတူပြန်ဆုံချင်ပါက စိတ်တူကိုယ်တူ အလုပ်လုပ်ကြရမယ်၊ သီလဆောက်တည်လည်း အတူတူ၊ ဒါနပြုလည်း အတူတူ၊ ဘာဝနာများလည်း အတူတူ ပြုလုပ်ကြရမယ်။

ရွာသူရွာသားများအားလုံး လူပြန်ဖြစ်လိုကြပါရင်-

ဒုစရိုက် (၁၀) ပါးကို ရှောင်ကြဉ်ရမယ်။

၁။ ကာယဒုစရိုက် (၃) ပါး။
၂။ ဝစီဒုစရိုက် (၄) ပါး။
၃။ မနောဒုစရိုက် (၃) ပါးတို့အား ကောင်းမွန်စွာ စောင့်ထိန်းကြရမယ်။

၁။ ကာယဒုစရိုက် (၃) ပါး

သူတစ်ပါးရဲ့အသက်ကို မသတ်ပါနဲ့။ သူတစ်ပါးဥစ္စာပစ္စည်းကို မခိုးယူပါနဲ့၊ မလုယူပါနဲ့၊ မရိုက်ယူပါနဲ့။ သူတစ်ပါးပိုင်ဆိုင်သော ဇနီးမယား (လင်သား) တို့ကို မပြစ်မှားပါနဲ့၊ မကျူးလွန်ပါနဲ့။

၂။ ဝစီဒုစရိုက် (၄) ပါး

လိမ်ညာပြီး ဘယ်တော့မှမပြောပါနဲ့။ တစ်ဦးနဲ့တစ်ဦး မသင့်မြတ်တောင်ကုန်းတိုက်တဲ့စကားကိုမပြောကြားပါနဲ့။ ကြမ်းတမ်းသောစကား၊ ဆဲရေးတိုင်းထွာခြင်းစကားကို မပြောကြားပါနဲ့။ အကျိုးမဲ့သောစကားတွေကိုလည်း ပြောမနေကြပါနဲ့။

၃။ မနောဒုစရိုက် (၃) ပါး

သူတစ်ပါးပိုင်ပစ္စည်းတွေကိုမတပ်မက်ပါနဲ့၊ မလိုချင်ပါနဲ့။ ငါ့ပစ္စည်းတွေဖြစ်ရင် ကောင်းမှာပဲလို့ မကြံစည်ပါနဲ့၊ မတွေးတောပါနဲ့။ သူတစ်ပါးကိုသေကျေပျက်စီးစေလိုတဲ့၊ နှိပ်စက်လိုတဲ့စိတ်ထားမျိုး မထားပါနဲ့။ မိစ္ဆာဒိဋ္ဌိအယူဝါဒ၊ မှားယွင်းတဲ့အယူဝါဒတွေကို မယူကြပါနဲ့။

ကံ,ကံရဲ့အကျိုးကိုယုံကြည်ရမယ်။
(၁၀) ဘုံဝါဒရှိတာကို ယုံကြည်ရမယ်။
ဘုရား၊ တရား၊ သံဃာတွေအပေါ်မှာ ယုံကြည်ရမယ်၊ ဆည်းကပ်ရမယ်။

ပုဏ္ဏားကြီးတို့၊ သင်တို့ရွာသူရွာသားတွေဟာ ဒုစရိုက်(၁၀)ပါးကိုရှောင်ရမယ်၊ ဖယ်ရမယ်၊ မကျူးလွန်မိပါစေနဲ့။

ပြီးတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော် (၉)ပါးကိုအဖန်ဖန်ပွားများရမယ်။ ဗုဒ္ဓါနုဿတိလို့ ခေါ်ပါတယ်။

၁။ **အရဟံ**-ပူဇော်အထူးကိုခံယူတော်မူထိုက်သော မြတ်စွာဘုရား။
၂။ **သမ္မာသမ္ဗုဒ္ဓေါ** - အလုံးစုံသော တရားအပေါင်းတို့ကို မဖောက်မပြန် မှန်မှန်ကန်ကန် ကိုယ်ပိုင်ဉာဏ်နဲ့ သိတော်မူသော မြတ်စွာဘုရား။
၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** - အသိပညာ ဝိဇ္ဇာနဲ့အကျင့်စရဏတွေပါပြည့်စုံတော်မူသော မြတ်စွာဘုရား။
၄။ **သုဂတော** - ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရား။
၅။ **လောကဝိဒူ** - လောကသုံးပါးကို အကုန်အစင် သိတော်မူသော မြတ်စွာဘုရား။
၆။ **အနုတ္တရော ပုရိသ ဒမ္မသာရထိ** - လူယောက်ျား၊ နတ်ယောက်ျား၊ တိရစ္ဆာန်ယောက်ျားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူသော မြတ်စွာဘုရား။
(လူယောက်ျား - အင်္ဂုလိမာလ၊ အာဠဝက၊ နတ်ယောက်ျား- ဗက ဗြဟ္မာမင်းကြီး၊တိရစ္ဆာန်ယောက်ျား နန္ဒောပနန္ဒနဂါးမင်း၊ နာဠာဂီရိဆင်)
၇။ သတ္ထာဒေဝ မနုဿာနံ - လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား။
၈။ **ဗုဒ္ဓေါ** - သစ္စာလေးပါးမြတ်တရားကို ကိုယ်တိုင် ရှေးဦးစွာ သိပြီး သတ္တဝါများတို့ကိုလည်း ဟောကြားပေးတော်မူသော မြတ်စွာဘုရား။
၉။ **ဘဂဝါ** - ဘုန်းတော်အလွန်ကြီးတော်မူသော မြတ်စွာဘုရား။

ဓမ္မာနုဿတိ၊ တရားဂုဏ်တော် (၆) ပါးကိုလည်း အဖန်တလဲလဲ ပွားများရမယ်။

၁။ **သွာက္ခာတော ဘဂဝတာ ဓမ္မော**- မြတ်စွာဘုရားက မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ် ဆိုတဲ့ တရားတော် (၁၀) ပါးကို ကောင်းမွန်စွာဟောထားတဲ့တရားတော်ကို အာရုံပြုနေရပါမယ်။
၂။ **သန္ဒိဋ္ဌိကော** - မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့တရားတော် (၉) ပါးကိုလည်း မြတ်စွာဘုရားက ပြောထားပါတယ်။ အာရုံပြုနေရမယ်။
၃။ **အကာလိကော**- ဤတရားတော်တို့ဟာ အခါမလင့် အကျိုးပေးပါတယ်လို့ ဟောတော်မူတာကိုလည်း အာရုံပြုနေရပါမယ်။
၄။ **ဧဟိပဿိကော**- ဤတရားတော်တွေဟာ နိဗ္ဗာန်ကို ရောက်နိုင်တယ်၊ ပို့နိုင်တယ်လို့ ဘုရားရှင် ဟောတော်မူထားပါတယ်။ အာရုံပြုနေရပါမယ်။
၅။ **ဩပနေယျိကော**-ဤတရားတော်တွေဟာ နိဗ္ဗာန်အကျိုးငှာ မိမိသန္တာန်တွင် ကပ်၍ဆောင်ထားထိုက်ပါတယ်လို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။ အာရုံပြုနေရပါမယ်။
၆။ **ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ** - ဤတရားတော်တွေဟာ ပညာရှိ သူတော်ကောင်းတို့ ကိုယ်စီ ကိုယ်စီ သိထိုက်တဲ့တရားဖြစ်တယ်လို့မြတ်စွာဘုရား ဟောတော်မူပါတယ်။ အာရုံပြုနေရမယ်။

သံဃာနုဿတိ သံဃာဂုဏ်တော် (၉) ပါးကိုလည်း အာရုံပြုနေရပါမယ်။

၁။ **သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**- မြတ်စွာဘုရားရဲ့သားတော် ရဟန်း သံဃာတော်တွေဟာ ကောင်းမွန်စွာ ကျင့်ကြံနေပါတယ်။
၂။ **ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**- ရဟန်းသံဃာတော်ဟာ ဖြောင့်မတ်စွာ ကျင့်ကြံနေကြပါတယ်။
၃။ **ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**- ရဟန်းသံဃာတော်တွေဟာ နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံနေကြပါတယ်။
၄။ **သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**- ရဟန်းသံဃာတော်တွေဟာ အရိုအသေပြုခြင်းခံထိုက်အောင် ကျင့်ကြံနေကြပါတယ်။
၅။ **အာဟုနေယျော** - ရဟန်းသံဃာတော်တွေဟာအဝေးမှယူဆောင်လာတဲ့ ပစ္စည်းတွေကို အလှူခံထိုက်ပါတယ်။
၆။ **ပါဟုနေယျော** - မိမိအိမ်မှာ သိမ်းဆည်းထားတဲ့ပစ္စည်းများကိုလည်း အလှူခံယူခြင်းငှာ ထိုက်ပါတယ်။
၇။ **ဒက္ခိဏေယျော**-တမလွန်လောကကို ယုံကြည်ပြီး အလှူခံယူခြင်းငှာ ထိုက်ပါတယ်။
၈။ **အဉ္ဇလိ ကရဏီယော** - လူ, နတ်, ဗြဟ္မာတို့ရဲ့ ရှိခိုးခြင်းကို ခံယူထိုက်တဲ့ ရဟန်းသံဃာတော်တွေ ဖြစ်ပါတယ်။
၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ**- လူအပေါင်းတို့ လယ်ယာမြေကောင်းသဖွယ်နဲ့ ရဟန်းသံဃာတော်တွေဟာ တူပါတယ်။
(၁) ဗုဒ္ဓါနုဿတိ။
(၂) ဓမ္မာနုဿတိ။
(၃) သံဃာနုဿတိ။

ဘုရား၊ တရား၊ သံဃာတွေရဲ့ ဂုဏ်တော်တွေကို အဖန်တလဲလဲ ပွားများနေကြရမယ်။

ငါးပါးသီလလည်းမြဲရမယ်။
၁။ သူ့အသက်မသတ်ရ။
၂။ သူ့ဥစ္စာမခိုးရ။
၃။ သူတစ်ပါးသားမယားမပြစ်မှားရ။
၄။ လိမ်လည်မပြောရ။
၅။ မူးယစ်စေသောသေရည်သေရက် မသောက်ရ။

မနုဿလူသားတို့ နောက်ဘဝမှာ လူပြန်ဖြစ်လိုပါရင်-
၁။ မကောင်းမှုဒုစရိုက် (၁၀) ပါးကို ရှောင်ရမယ်။
၂။ ဘုရားဂုဏ်တော်ကိုပွားရမယ်။
၃။ တရားဂုဏ်တော်ကို ပွားရမယ်။
၄။ သံဃာဂုဏ်တော်ကို ပွားရမယ်။
၅။ ငါးပါးသီလမြဲရမယ်။

လင်နဲ့မယား အတူတူပြန်လည်ပြီး နောင်ဘဝမှာ ပြန်ဆုံချင်တယ်ဆိုရင် ကုသိုလ်ကောင်းမှုတွေကို အတူတူလုပ်ရပါမယ်၊ စိတ်တူကိုယ်တူပြုလုပ်ရမယ်။

နောက်ဘဝမှာ လူချမ်းသာကြီး ဖြစ်ချင်ရင်တော့ ယခုဘဝမှာ ဒါန (လှူဒါန်းပါ)၊ စာဂ (ပေးကမ်းစွန့်ကြဲပါ)။

မေတ္တာဘာဝနာများ ပွားများပါ။ လူချမ်းသာ၊ ရုပ်ချောရုပ်လှဘဝများကိုပါ ပိုင်ဆိုင်နိုင်ပါကြောင်း။

မိုဟာန်ကို

ယတိဝိစက္ခဏ (ဘုရားဖြူ) ဆရာတော်စာအုပ်ကိုမှီးပါ၏။

ဒီအကြောင်းလေးရေးဖို့ တာစူထင်း အလိုလိုလက်တွန့်နေပါပြီ။ ရေးဖို့ကြံတာ နှစ်ပေါင်း (၂၀) ပင် ကြာလာပါပြီ။ ဆောင်းပါးအတွင်းပါရှိတဲ့ ကာယကံရှင်မိန်းကလေးတွေမှာ ယခု စာရေးချိန်အထိ သက်ရှိထင်ရှားရှိနေကြသည့်အတွက် ပုဂ္ဂိုလ်ရေးအကြိမ်ကြိမ်ငဲ့ကွက်တာလည်းပါလေပြီ။ အခုတော့ မအောင့်နိုင်တော့လို့ ရေးလိုက်ပါပြီ။

နေရာ၊ ဒေသ အတိအကျမပြောဘဲ ယောနယ်လို့သာ ညွှန်းဆိုပါရစေ။ ဒီတစ်မိသားစုလုံး ယခုလိုဘဝပျက်သွားရတဲ့အကြောင်း ဒီတစ်ရွာတည်းသာမကတစ်ဆွေလုံး၊ တစ်မျိုးလုံးသိကြတဲ့အပြင်တစ်နယ်လုံးပါ မသိတဲ့သူမရှိသလောက်သတင်းကြီးခဲ့ဖူး၍ ဖြစ်ပါတယ်။

တစ်ဖန် ဒီမိသားစုဟာ စာရေးသူတို့မိသားစုနဲ့လည်း မိသားစုလို ရင်းနှီးဘယ်ဆိုရင်လည်း ပိုလို့မှန်ပါသေးတယ်။ အကယ်၍များ ဒီမိသားစုဝင်တွေ ဒီဆောင်းပါးလေး ဖတ်မိကြလို့ စောဒကတက်၊ အပြစ်တင်ကြမယ် ဆိုရင်လည်း ဖိုးစိုးမင်းကခံပေးဖို့အဆင်သင့်ပါပဲ။ တစ်ဖက်မိသားစုရဲ့အတွင်းရေး ထုတ်ဖော်မပြောကောင်းသော်လည်း စာဖတ်သူတို့အတွက် ပညာယူစရာ၊ သင်ခန်းစာရစရာတွေ ပြောပြချင်သေးသည့်အတွက်နောက်လူများအတွက် မှတ်သားစရာပေးခြင်းသက်သက်ဖြစ်ပါတယ်။

စာရေးသူအလုပ်မပြုတ်ခင် ၁၉၉၅ မှာ ယောနယ် ရောက်ပါပြီ။ ထိုစဉ်ကကလေး-နတ်ချောင်း-ဂန့်ဂေါလမ်း ပထမဆုံး တာဝန်ကျတဲ့အဖွဲ့ထဲမှာ စာရေးသူဟာ မိသားစုနဲ့အတူ ပါခဲ့ပါတယ်။ မှတ်မှတ်ရရ အလုပ်သင်ဘဝပဲ ရှိပါသေးတယ်။

တစ်နှစ်လောက် အကြာမှာတော့ တောဘူတာလေးမှာ တာဝန်စကျပါပြီ။ ဒီရွာလေးက အတော်အေးချမ်းတဲ့ရွာလေးပါ။ ကိုစိုးတို့မိသားစု စိတ်ချမ်းသာရပါတယ်။ ဒီဘူတာမှာ လိုင်စင်ဆောင်တဲ့ ဈေးသည် (၅)ဦးရှိပါတယ်။ ရထားလမ်းဖွင့်တာမကြာသေးတော့ ရွာထဲက ဈေးရောင်းချင်တဲ့သူကို ချော့ချော့မော့မော့ ဖေးမ တွဲခေါ် ရတယ်။

တောဘူတာအများစုက ရွာထဲမှာမရှိဘူးလေ။ ရွာရဲ့အနောက်ဖျား၊ အရှေ့ဖျား၊ တချို့ရွာတွေဆိုရင် (၄) ဖာလုံကွာဝေးတာတောင်ရှိကြတယ်။ ဘူတာဝန်ထမ်းမိသားစု သုံး၊ လေးယောက်ပဲရှိတာလေ။ အရေးအကြောင်း ဈေးသည်လေးတွေ အဖော်လုပ်ရတာပေါ့။

ဈေးဆိုင် (၅) ဦးထဲမှာ (၄) ဦးကမိသားစုတွေနဲ့။ အဲ- ဒီအထဲမှာ ဆံပင်ကောင်းကောင်းနဲ့ အပျိုကြီးကတော့တစ်မူ ထူးခြားနေတယ်။ သူက သူများတွေလို ထမင်း၊ မုန့်ဟင်းခါး၊ အကြော်တွေမရောင်းဘူး။ ဘူတာဈေးလာဖွင့်တဲ့အခါ လက်ဆွဲခြင်းတောင်းနှစ်လုံးနဲ့ လွယ်

ရှမ်းဆေးသမားတစ်ဦးရဲ့ပီယဆေးတွေကြောင့် ဘဝပျက်ရရှာတဲ့ ယောနယ်တစ်မိန်းမချောလေး

စိုးမင်း

(မြောက်ဥက္ကလာ၊ ရွာစေ)

အိတ်ထောင်တစ်လုံးလွယ်ပြီး ဆိုင်ဖွင့်တယ်။ ကလေးစားစရာလေးတွေနဲ့ ဆေးလိပ်၊ ကွမ်းယာပဲ ရောင်းတယ်။

မနက်လင်းရင် ဒီအပျိုကြီး ဈေးစဖွင့်လို့ ညနေစောင်းမှ ဆိုင်သိမ်းပြန်တယ်။ သူ့ကို သတိမကြာမကြာထားလို့ အကဲခတ်မိတယ်။ အဲဒီသတိထားတာက ပုံစံထဲမှာဝင်နေသလိုမှန်းသိသာနေတယ်။ ဆိုချင်တာက သူဝတ်တဲ့အဝတ်အစားဟာ သာမန်အမျိုးသမီးတွေထက် ဝိသေသထူးနေလို့ပါပဲ။

သနပ်ခါးဖွေးနေအောင်လိမ်းလာတယ်။ ဆံပင်ကကောင်းတော့ ဆံကျစ်နဲ့ အမြဲတစေ တွေ့ရတယ်။ တစ်ခါတလေတော့ တစ်ပတ်လျှိုဆံထုံးလေးနဲ့ပေါ့။ နေ့ခင်းပိုင်း ခေါင်းလျှော်တဲ့အခါ ဖားလျားချပေါ့။ အရှည်က ဒူးခေါင်းနားထိပေါ့။ အသားကတော့ ညိုညို၊ အရပ်လည်း (၅) ပေကျော်မို့ ပိန်ပိန်ပါးပါး ကြည့်လို့ကောင်းတဲ့ရုပ်ရည်ပါပဲ။

စောစောကထူးခြားချက်ကသာမန်နဲ့မတူ ထူးနေတာက ဒီအပျိုကြီးဝတ်လာတဲ့အဝတ်အစားဟာ လက်တို လက်စကပါးပါး ဘယ်အခါမှမတွေ့ရဘူး။ အနွေးထည်လက်ရှည် အသားကပ်၊ ခေါင်းစွပ်ဆွယ်တာ အမြဲတမ်း ဝတ်နေခြင်းဟာ တခြား အမျိုးသမီးတွေထက် ဆန့်ကျင်ဘက်လို့ မြင်လို့ရပါတယ်။ မနက်၊ နေ့၊ ည အချိန်တိုင်းမှာ လက်ရှည်အကျႌဝတ်ထားသူဟာ သာမန်မဟုတ်တတ်ပါဘူး။ သာမန်ထက် ဝိသေသထူးနေရင်တော့ ဒါဟာ ဘေးအမှောင့်ပယောဂတစ်ခုခု ငြိစွန်းနေတယ် ဆိုတာ ခန့်မှန်းလို့ ရပါတယ်။

ပရိသတ်တို့ စဉ်းစားကြည့်ပါ။

ဆောင်းအခါ ချမ်းတယ်။ အနွေးထည်ဝတ်ရတယ်။ ဒါက သာမန်ပါ။ မိုးအခါ မိုးအုံ့၊ မိုးရွာရင် အေးတယ်။ အနွေးထည်ဝတ်ရတယ်။ ဒါက သဘာဝအတိုင်းပဲလေ။ နွေအခါ ဒီလောက် ပူပြင်းနေတာ ဒီလို ဆောင်း၊ မိုးဝတ်တဲ့ အနွေးထည်ဝတ်ဖို့ လိုပါ့မလား။ ကျန်းမာရေးကောင်းနေတဲ့သူတိုင်း နွေအခါ အနွေးထည်မဝတ်ကြပါဘူး။ အခုတွေ့မြင်နေရတဲ့အပျိုကြီးဟာ သူတစ်ယောက်တည်းဖောက်လို့ နေ့တိုင်းနေ့တိုင်း တစ်နေကုန် အနွေးထည်မချွတ်ဘဲ ဝတ်ထားတာဟာ သာမန်မဟုတ်ဘူးဆိုတာ ထင်ရှားနေပါပြီ။ ပယောဂ မစစ်ဆေးဘဲ အလိုလိုရှိနေမှန်း သိနေပါပြီ။

စာရေးသူလည်း ကွမ်းစားသူမို့ ဒီအပျိုကြီးဆိုင်မှာပဲ အမြဲတစေ ဝယ်စားပါတယ်။ တစ်ရက် တစ်ရက်နဲ့ သတိထားရာက ဒီအပျိုကြီးဆိုင်မှာ တခြားအမျိုးသမီးငယ်တစ်ယောက်က မကြာမကြာလာတယ်။ သူလာရင် အပျိုကြီးကို တပွတ်ပွတ်နဲ့ ပြောဆို ဆူဆူသွားတယ်။ သူက အကြာကြီးတော့မဆူပါဘူး။ (၁၀) မိနစ်လောက်ပေါ့။

အဲဒီလာဆူတဲ့ အမျိုးသမီးငယ်က ခန့်မှန်းအသက် (၂၄-၂၅) လောက်ပဲရှိမယ်။ သူ့ကို စမြင်ကတည်းက ငေးမောကြည့်ခဲ့ရသေးတယ်။ အသားကဖွေးဖွေး၊ ရုပ်ရည်ကလည်း ချောချောလှလှ၊ အရပ်က (၅) ပေ (၄) လက်မလောက် ကိုစိုးတို့အရပ်မျိုးနဲ့ တော်တော်ချောတဲ့ မိန်းကလေးပါ။ ဒီမိန်းကလေးရဲ့အလှထဲမှာ ဆံပင်ရဲ့ကောင်းခြင်းကထိပ်ဆုံးကအမှတ်ပေးရမှာပါ။

သူဟာ တစ်ပတ်လျှိုဆံထုံးလေးထုံးပြီး ဆံမြိတ်ကိုချထားတယ်။ အဲဒီ ချထားတဲ့ ဆံမြိတ်က ဒူးခေါင်းထိတယ်။ တစ်ပတ်လျှိုဆံထုံးသာဖြေခဲ့ရင် သူ့ဆံပင်ဟာ ခြေဖနောင့်ထိမယ်။ သူ့မျက်နှာဟာ ပင်ကိုလှနေသားမို့ သနပ်ခါးမလိမ်းတာတောင် ချောတုန်းလှတုန်းပါပဲ။ သတိထားမိတိုင်း သူလေးက သနပ်ခါးသိပ်မလိမ်းဘူး။ တစ်ခါတလေပဲ လိမ်းတယ်ထင်ပါရဲ့။ မြန်မာဆန်ဆန် ချောမောလှပတာတော့ အမှန်ပါပဲ။

သတိထားမိသလောက်တော့ အဲဒီအသက်ငယ်တဲ့ ချောချောကောင်မလေးက အပျိုကြီးကို မကြာမကြာလာလာဆူတာ တွေ့နေပေမယ့် အဲဒီအပျိုကြီးက ပြုံးပြုံးပဲ ရယ်နေရှာတယ်။ ဒေါသနှောလို့ တစ်ခါမှ ပြန်မအော်ရှာဘူး။ သူတို့ဘယ်လို ဆွေမျိုးတော်လဲ၊ ကိုယ်က မသိလေတော့ ကြားမဝင်ရဲဘူး။ မသိသလိုဘဲနေရတယ်ပေါ့။

လလေးကြာလာတော့ ရင်းရင်းနှီးနှီးခင်ကြပြီး တစ်နေ့မနက်ပိုင်း ကွမ်းယာသွားဝယ်တော့ အခုလိုပဲ မိန်းမငယ်လေးက အပျိုကြီးကွမ်းယာနေတုန်း လာဆူသွားပြန်တယ်။ အသံကျယ်ကျယ်နဲ့တော့ မအော်ရှာဘူး။ တိုးတိုးတိတ်တိတ်ပဲ ဆူသွားတာ။ သူ့စကားထဲမှာ ကောင်လေးတစ်ယောက်ပါနေတော့ ဧကန္တ ဒီအပျိုကြီးဟာ ဒီကောင်လေးနဲ့ ရည်းစားများဖြစ်နေမလားဘဲ။ မိန်းမငယ်လေးဟာ စိတ်တော်တော်တိုနေပုံပဲ။ သူ့မျက်နှာအသားတွေနီရဲနေတယ်။ အဲ- ကိုစိုးကိုတော့ တစ်ချက်တလေ ငဲ့စောင်းကြည့်လို့ သူပြောချင်တာ ပြောပြီးရင် ရွာထဲတန်းပြန်သွားတယ်။ အပျိုကြီးကတော့ အပြုံးမပျက်ဘဲ ကျန်ရစ်ရှာတယ်။

ဒီနေ့တော့ အပျိုကြီးက ကိုစိုးကို ဖွင့်ဟရှာပါတယ်။

“စောစောကလာတာ ကျွန်မညီမလေးပါ။ ကျွန်မကို လာဆူသွားတာ”

အဲဒီလိုပြောမှ အံ့သြမိတယ်။ ညီအစ်မတဲ့။ အစ်မကြီး အပျိုကြီးက အသားက ညိုညို၊ ဟိုညီမကျ ဖွေးဖွေးချောချော။ ဧကန္တ ကြားကားများဝင်တိုးရသလားပဲ၊ အစ်မကြီးလုပ်သူက ပြုံးပြုံးပဲ။ ညီမလာဆူတာ အပြစ်မတင်ဘူး။ သည်းခံနိုင်စွမ်းအပေါ် ချီးကျူးမိနေတယ်။

ရောက်ခါစက ဒီအမျိုးသမီးရဲ့ နာမည်မသိဘူး။ အများကအပျိုကြီးခေါ်တယ်၊ အစ်မကြီး ခေါ်တယ်။ ကိုစိုးကလည်း ဘယ်လိုခေါ်ရမှန်းမသိလေတော့ အသက်မေးကြည့်ရတော့တယ်။

“ဩော်- အဲဒီလိုလား။ ကျွန်တော်က အားနာလို့မမေးတာ။ ဒီမိန်းကလေးလာတာ ခဏခဏတွေ့တယ်။ မရင်းနှီးသေးတာနဲ့ နှုတ်မဆက်ဖြစ်တာ။ ဒါနဲ့ ဒီက အစ်မကြီးအသက်က ဘယ်လောက်ရှိပြီလဲ”

“ကျွန်မအသက်က (၃၅) နှစ်ပါ။ စောစောက လာသွားတဲ့သူက ညီမအလတ်။ သူက အသက်အစိတ်လောက်ရှိပြီ။ သူ့ကြားထဲမှာ (၃) ယောက်လောက်ခြားသေးတယ်။ မောင်နှမမွေးချင်း (၆) ယောက်ရှိပါတယ်။ ဦးစိုး အားတဲ့အခါ အိမ်အလည်လာလို့ရပါတယ်။ ကျွန်မတဖိတ်ပါတယ်”

“ဟုတ်ကဲ့ပါဗျာ။ အားတဲ့အခါကျ အလည်လာပါ့မယ်။ ဒါနဲ့ အစ်မကြီးတတော်တော်သည်းခံနိုင်တယ်နော်။ အပြုံးတောင်မပျက်ဘူး”

“ဩော် - ဒါကတော့ ကျွန်မတအစ်မအကြီးဆုံးဆိုတော့ သူတို့အပေါ် အပြစ်မတင်ရက်လို့ပါ။ ကိုယ့်လက်ပေါ်မှာပဲ ကြီးပြင်းလာခဲ့တော့ ဒီလိုပဲခွင့်လွှတ်နားလည်ပေးရတာပေါ့”

“မသိလို့မေးဦးမယ်။ အစ်မကြီးရဲ့ ညီမလေးက အပျိုလား။ နာမည်က ဘယ်သူလဲ”

“သူက အပျို မဟုတ်တော့ဘူး။ တစ်လင်ကွာ ဆိုတော့ တစ်ခုလပ်ပေါ့။ နာမည်က သင်းသင်းပါ”

“ဟောဗျာ- ဘယ့်နှယ်ဖြစ်ပါလိမ့်။ ကျွန်တော်က အပျိုထင်တာ။ လွဲပြီပေါ့။ ဒါဖြင့် သူ အိမ်ထောင်ပျက်သွားတာ

ကြောသေးဘူးပေါ့နော်”

အစ်မကြီးက စကားသံမထွက်။ သူ့ခမျာ ထင့်သွားလေပြီ။ ဒီစကားပြောသင့်၊ မပြောသင့်ချိန်နေပုံပါပဲ။ ကိုယ်မေးတဲ့စကားတ လွန်သွားတယ်။ ဒါလည်း သတိထားမိလေတော့ စကားပြန်သိမ်းရပြန်တယ်။

“ကဲ - အစ်မကြီး၊ စကားလည်း ပြောလို့ကောင်းတယ်။ ကျွန်တော်ပြန်ဦးမယ်”

အလိုက်သင့်နှုတ်ဆက်ရင်း ရုံးခန်းပေါ် တက်လာခဲ့ရတယ်။ ကိုယ်ထင်တာနဲ့တလွဲစီပဲ။ သင်းသင်းက အပျိုမဟုတ်တော့ဘူးဆိုတာ အံ့ဩနေမိတာအမှန်ပါပဲ။ ခုမြင်နေရတာဟာ တကယ့်လုံးကြီးပေါက် ချောတုန်းလှတုန်းမို့ မထင်ရက်စရာမို့ပါ။ နောက်တစ်ခါမှ မေးတော့မယ်။ ဒီနေ့တော့ ဒီလောက်နဲ့ ရပ်ထားလိုက်ရပြီ။

ကွမ်းယာဝယ်ရင်း အစ်မကြီးနဲ့ စကားဆိုင်မိပြန်ပြီ။

“ကွမ်းယာ သုံးကျပ်ဖိုး။ ထုံးလေးလေးနဲ့”

အစ်မကြီးဟာ ပြုံးစိစိနဲ့ ကွမ်းယာနေတယ်။ ဒီက ဘေးက တန်းလျားခုံထိုင်ရင်း-

“ဒီနေ့ လာလာဆူတဲ့ ညီမလတ် မတွေ့ပါလား”

“ဪ- သင်းသင်းလား။ ပေါင်းထိုးလိုက်သွားတယ်။ အရှေ့ဘက်ကမ်း ပါသွားလေရဲ့”

“ဟောဗျာ- ပေါင်းထိုးလိုက်သွားတယ်။ သူက လုပ်နိုင်လို့လားဗျာ”

“အင်း- သူများတွေလိုတော့ဘယ် လုပ်နိုင်ပါ့မလဲ။ ပိုက်ဆံရချင်လို့လိုက်တာ နေမှာပေါ့”

“အဲပါဗျာ- သူ့ပုံစံနဲ့ ဘယ်လွယ်မလဲ”

စိတ်ထဲမကောင်းတာ အမှန်။ အသားဖွေးဥနေတဲ့သူ၊ ဆံပင်တစ်ရပ်ရှိနေကဲ့သူ၊ နေလောင်ဒဏ် ခံနိုင်ပါ့မလား။ သူ့ဆံပင်ဆံထုံးက အုံထူပါဘိသနဲ့။ ဒီဆံပင်တောင် မနည်းနိုင်အောင် ထိန်းရမယ့်သူက။ တွေးကြည့်ရင်း အလိုလိုပင် သနားနေမိတော့တယ်။

“အစ်မကြီး၊ စိတ်တော့မရှိနဲ့နော်။ သင်းသင်းကအစ်မကြီးကိုကွက်ကျားကွက်ကျား လာဆူနေတာ အဓိပ္ပာယ်ရှိတာ ကျွန်တော်သိတယ်။ ဘာတွေလဲဗျ”

တခစ်ခစ်နဲ့ အသံထွက်အောင် ရယ်သူက အစ်မကြီးပေါ့။ အပျိုကြီးပီပီရှက်တာလည်းပါမှာပေါ့။

“အဲဒါ ကျွန်မ ပြောမထွက်အောင်ပါပဲ ဦးစိုးရယ်။ ကျွန်မ ပါသွားမှာစိုးလို့ ညီမလေးကထိန်းပေးတာပါ။ ဦးစိုးသတိထားမိမှာပဲ။ တစ်ခါတလေ ကျွန်မဆိုင်လာလာထိုင်တဲ့ ဆံပင်ကောက်ကောက်နဲ့ကောင်လေးတစ်ယောက်ကိုသတိထားမိလား”

“အင်း-ဟုတ်တယ်။ တစ်ခါတလေ ကျွန်တော်မြင်တယ်။ အဲဒီ ကောင်လေးက ဒီရွာကလား”

“ဒီရွာကမဟုတ်ဘူး၊ အညာဘက်က။ သူက လက်သမား ပန်းရန်တတ်တယ်။ ကျွန်မကို သူက လက်ထပ်ခွင့်တောင်းထားတယ်။ သူက လူပျိုလူလွတ်ပါ။ သူ့မှာပိုက်ဆံမရှိသေးလို့ စောင့်ခိုင်းထားတယ်။ အသက်က ကျွန်မထက် (၁၀) နှစ်လောက် ငယ်တယ်။ ဒီကို သူလာရင် ညီမတွေကမကြိုက်ဘူး။ အမှန်အတိုင်းပြောရင် သဘောမတူဘူးပေါ့ ဦးစိုးရယ်၊ ဒါပါပဲ”

“ဟုတ်ပြီ၊ ရှင်းပြီ။ သင်းသင်းက သူ မလိုတာနဲ့ တားရှာတာကိုး။ ကျွန်တော်လည်းမေးမယ်၊ မေးမယ်နဲ့ အားနာလို့ မမေးရက်ဘူး။ သင်းသင်းအကြောင်း ကျွန်တော်သိချင်တာကြာလှပြီ။ သူတစ်ပါးအတွင်းရေးမို့ နှုတ်ဆိတ်နေရတာ။ သူ့ခမျာ အသက်ကလေးငယ်ငယ်နဲ့ တစ်ခုလပ်ဖြစ်ရရှာတာ။ မယုံနိုင်အောင်ဘဲဗျာ”

အစ်မကြီးမျက်နှာအကဲခတ်တော့ ရုတ်တရက် ညှိုးသွားတာ သတိထားမိတယ်။ အတိတ်ကအကြောင်းတွေ စဉ်းစားနေရှာတယ်။ ပြောသင့်၊ မပြောသင့် ချင့်ချိန်ရှာနေတယ်ထင်ပါရဲ့။

“ညီမလေးအကြောင်းက တစ်ရွာလုံး သိကြတယ်။ တစ်ရွာလုံးထက် တစ်နယ်လုံးကသိတယ်ဆိုရင် ပိုမှန်ပါတယ်။ ကျွန်မပြောမပြလည်း နောင်ဦးစိုးကိုပြောပြကြမှာပါပဲ။ ညီမလေးသင်းသင်း အိမ်ထောင်ပျက်သွားတာ (၉-၁၀) နှစ်ရှိသွားပြီ ဦးစိုးရဲ့”

“ဟောဗျာ- ဟုတ်ရဲ့လား အစ်မကြီးရယ်။ သင်းသင်းက အခုမှ အစိတ်လောက်ပဲရှိသေးတာမဟုတ်လား။ ဒါဆို သင်းသင်းက (၁၅-၁၆) လောက်နဲ့ အိမ်ထောင်ကျတာပေါ့။ အဲဒီလိုကြီးလား”

အစ်မကြီးအလိုက်သင့်ခေါင်းညိတ်တော့ ကိုစိုးတောင် ပါးစပ်အဟောင်းသားနဲ့ အံ့ဩရတယ်။

“ဟုတ်တယ်ဦးစိုးရဲ့။ သင်းသင်းက ငယ်ငယ်လေးနဲ့အိမ်ထောင်ကျပြီး အိမ်ထောင်ပျက်ရှာတယ်။ သူ့ဘဝက သနားစရာပါ။ မသမာတဲ့ ဆေးသမားရဲ့ အပြုံးတွေကြောင့် ဘဝပျက်ရရှာသူပါ”

အစ်မကြီးရဲ့စကားသံက တဖြည်းဖြည်းတိုးလို့ တိမ်ဝင်လာတယ်။ ဝမ်းနည်းသံလည်း ပါလာရှာတယ်။ သူ့ညီမလေးအကြောင်း အခုလို အသေးစိတ်ပြောပြရှာပါတော့တယ်။

◆ ◆ ◆

ရွက်ဟောင်းတွေကြွေလို့ ရွက်သစ်တို့အစားထိုးလေပြီ။ အသစ်အသစ်သောအရွက်၊ အညွန့်တို့၊ အဖူးအခိုင်တို့ဝေဆာနေကြသလို ဒီရွာမှာ အလှဆုံးစာရင်းဝင်နေတဲ့ သင်းသင်းဟာလည်း ပွင့်သစ်စပန်းတို့လို အလှချင်းပြိုင်နေကြပါပြီ။

အသက်ကလေးက (၁၅-၁၆) မြီးကောင်ပေါက်အပျိုဖားဖားပင်ဝင်လာပြီ။ အရပ်က(၅)ပေသုံးလောက်။ အသားကဖွေးဖွေး။ အညာသနပ်ခါးအဖွေးသားနဲ့။ ဆံကျစ်မြီးက သူ့တစ်ရပ်။ ကျောင်းစိမ်းကျောင်းဖြူလွယ်အိတ်ကလေးနဲ့ စံပယ်ပန်းကုံးလေးများပန်ထားရင် နန်းဆန်တဲ့အလှနဲ့ (၉) တန်းကျောင်းသူလေး သင်းသင်းဟာ သူတို့ကျောင်းမှာတော့ အလှဆုံးစာရင်းဝင်ပေါ့ဗျာ။ ဆရာ၊ ဆရာမတွေတောင် သူ့အလှငေးရတဲ့သူ။ ရပ်ထဲရွာထဲမှာလည်း ကိုကိုကာလသားတွေက စာတောင်လိုက်ပေးခံနေရပြီပေါ့။

သင်းသင်းဘဝ အခုမှစကာ အခုမှ လှုခါစဝင်ကာရှိပါသေးတယ်။ သူ့ဘဝတစ်ခုလုံးကို မကြာခင်မှာ အဖျက်ဆီးခံရတော့မယ့် တဏှာဘီလူးတွေ ရောက်တော့မယ်လေ။ ရွာထဲမှာ သတင်းအစအနကြားနေတယ်။ တစ်နယ်တစ်ကျေးက ဧည့်သည်ဆေးသမားတွေ ရွာထဲမှာဆေးကုနေသတဲ့။ ဆေးသမားတွေဆိုပေမယ့် ဗေဒင်ဟောတာ၊ ပယောဂကုတာပဲလုပ်ပါသတဲ့။

သတင်းအရ အသက်(၃၀)အရွယ်ရှမ်းဆေးသမားနဲ့ သူ့အစ်မလိုလို မိတ်ဆွေလိုလို၊ အမည်က မတင်မူ၊ သူတို့နှစ်ယောက်ပါတဲ့။ ဆေးကုတဲ့ သတင်းက တစ်စတစ်စနဲ့ သတင်းကြီးလာတယ်။ ရောဂါတွေပျောက်ကြသတဲ့။

အပျိုကြီးတို့အိမ်က ရွာလယ်ကောင်မှာ။ ရေနံချေးသုတ်၊ နှစ်ထပ်ပျဉ်ထောင်အိမ်ပေါ့။ အိမ်ရှင်ဦးမြင့်မောင်၊ ဒေါ်ခင်မေ၊ အပျိုကြီး၊ သားကြီးနှစ်ယောက်၊ ညီမအလတ် မယ်စိန်၊ သင်းသင်းနဲ့ အငယ်

ဆုံး နှစ်တန်းကျောင်းသူလေး မစံပယ်တို့ အတူနေကြပါတယ်။

သားအကြီး (၂) ယောက်က အိမ်ထောင်တွေကျလို့ အိမ်ခွဲသွားပါပြီ။ ဒီအိမ်မှာ အဖေ၊ အမေနဲ့ ညီအစ်မတစ်တွေပဲ ရှိပါတော့တယ်။ သား (၂) ဦးဟာ တစ်ခါတလေမှသာ အလည်ပေါ်လာတတ်ပါတယ်။

ဒီနေ့ မနက်ပိုင်း ညှော်သည် ဆေးသမားနဲ့ မတင်မူက ဦးမြင့်မောင်တို့အိမ် အလည်ရောက်လို့လာပါတယ်။ မတင်မူက ဆေးမကုတတ်ပါဘူး။ သူက ရှေ့က လန်ရှူးလုပ်ပေးတဲ့သူပါ။ သူလန်ရှူးလုပ်လို့ရလာတဲ့ ငွေကြေး၊ ကန်တော့ပစ္စည်းကတော့ နှစ်ယောက်ခွဲယူနေမှာပေါ့။

မတင်မူရဲ့လန်ရှူးဟာ မြင်မြင်သမျှ တွေ့တွေ့သမျှ ရိုက်စားလုပ်ခြင်းပါပဲ။ အဲဒီရိုက်စားကတော့ ပယောဂအတိုက်မိထားပြီး အသေလုပ်ထားတာ၊ ရှူးအောင်ကြံစည်ထားတာအထိ စတင် ခြောက်လှန့်ကာ စကားစစ်ထိုးလေ့ ရှိပါတယ်။ မတင်မူရဲ့စကားယောင်ကိုမှ ရှမ်းဆေးသမားက သံယောင်ဖမ်းလို့ ဟုတ်တယ်ပြောပြီးဆေးညာကုစားနေတဲ့နှစ်ယောက်ပါပဲ။ သူတို့ ဒီလိုညာနေတာ တစ်ရွာလုံး တစ်ယောက်မှ မသိရှာပါဘူး။ တောသူတောင်သားတွေဟာ အလွန်ပဲ ရိုးသားကြရှာတယ်။ သူတို့ပြောတာ အကုန်ယုံကြတယ်လေ။

အခုလည်း ဦးမြင့်မောင်၊ ဒေါ်ခင်မေဟာ မတင်မူရဲ့စကား စကြားလိုက်တာနဲ့ ဖိမ့်ဖိမ့်တုန် ကြောက်နေကြပါပြီ။ မတင်မူပြောစကားအရ အကြီးဆုံးဖြစ်တဲ့ အစ်မကြီးနဲ့ မယ်စိန်က စုန်းပင်း၊ ကဝေပင်းတွေတိုက်ထားခံရပြီတဲ့။အချိန်မီမကုသရင် ရူးသွားနိုင်သတဲ့လေ။ ဒီစကားကိုကြားတော့ ဦးမြင့်မောင်တို့နှစ်ယောက်က လိုလိုလားလားသဘောတူလိုက်ရပြီပေါ့။ ဒီနေရာမှာ စာဖတ်သူတို့အတွက် အငိုက်မိစေတာရှိတယ်။

အဲဒီ အငိုက် ဆိုတာ အားနာခြင်းကိုပြောတာ။ နောက် ကိုယ်ပိုင်စဉ်းစားဉာဏ် မညှံ့ဖို့လိုတယ်။ ရှေ့နောက်ဆက်စပ်တွေးတောတာလိုမယ်။ ဖြစ်နိုင်၊ မဖြစ်နိုင် ဝေဖန်နိုင်ရမယ်။ ဥပမာ - ဒီကိစ္စအလွယ်ကလေး ခေါင်းညိတ်စရာလား၊ သူတို့ပြောတိုင်း ခေါင်းညိတ်စရာလား၊ လိုက်လျောစရာလား။

ဦးမြင့်မောင်တို့လင်မယား အခုပထမဆုံး စမှားသွားပြီ။ ဘာလို့ အလွယ်ကလေးယုံတာလဲ။ ကိုယ်ပိုင်ဉာဏ် အတွေးအခေါ် အတော်ညံ့ဖျင်းတယ်ဆိုတာ အသိသာကြီးပဲ။ သူ့အိမ်မှာ သူနေ့တိုင်း မြင်နေရတာ။ ဒီသမီးကြီး အပျို (၃) ယောက်နဲ့ ကလေးပေါက်စ စုန်းပူး၊ နတ်ပူး၊ ကဝေပူး ဘာဆိုဘာမျှမဖြစ်ခဲ့ပါဘဲနဲ့ ဒေါင်ဒေါင်မြည်ကျန်းမာရေးကောင်းနေပါလျက်နဲ့တင် တစ်ခါတည်းပြတ်ပြီးသား။ ရှေ့ဆက်စရာတောင် မလိုတော့ဘူး။

ဒါကို သူများကပြောတာ အကုန်ယုံတယ်။ အဓိက တရားခံက အိမ်ရှင်မိဘဖြစ်တဲ့ ဦးမြင့်မောင်နဲ့ ဒေါ်ခင်မေက စ,ခဲ့တာပဲ။ အဲဒီလိုတွေ ပြုစားထားကြတာဆိုရင်လည်း ဆရာကို့ရယ် ကယ်တော်မူကြပါပေါ့။ ဦးမြင့်မောင်တောင်းဆိုလိုက်တာနဲ့ပွဲကစပြီ။ကြိုက်သလောက်လိမ်ကောင်းပြီပေါ့။ ရှမ်းဆေးသမားထက် လန်ရှူး မတင်မူက ကဲကဲပေါ့။

အုန်းပွဲ၊ ငှက်ပျောပွဲတွေ ပြင်ဆင်ခိုင်းပြီး မညှာမတာခိုင်းရင်တော့ (၉) ပွဲ၊ (၅) ပွဲအထိ ခိုင်းလေ့ရှိတယ်။ အခုဟာတော့ (၃) ပွဲပဲ အထိုးခိုင်းသတဲ့။ ရောဂါဖြစ်တဲ့သူက အပျိုကြီးနဲ့ ညီမအလတ် မယ်စိန်တဲ့။ သူတို့ဟာ ဘာရောဂါမှမရှိပါဘဲ အလိုလို ဆေးကုခံရတော့မယ်။

ကြားဖြတ်လို့ ပြောရဦးမယ်။ ဒီအပျိုကြီးနှစ်ယောက်ကလည်း သူများယောင်တိုင်း ယောင်သင့်သလား။ ဟိုက စုန်း၊ နတ်၊ ကဝေ၊ အောက်လမ်းတွေ တိုက်ထားတယ်ပြောတိုင်း ယုံစရာလား။ ဘာမှမစစ်ဆေးဘဲ၊ ဘာမှမသိဘဲနဲ့ ဒီအပျိုကြီး (၂) ယောက်ကလည်း သံယောင်လိုက်ကြတယ်။ အဲဒီအချိန်မျိုးမှာ စာဖတ်သူရဲ့စိတ်နဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်ရင် အခုလိုပဲလိုက်လျောမိမှာလား။ အားနာတာနဲ့ ခါးပါမှာပဲလား။ ဆေးသမားဟာ ကြောက်စရာလား၊ လန့်စရာလား၊ ဒါလောက်အထိ ရှိန်စရာလား။ အဲဒီ ဆေးသမားက ကိုယ့်အပေါ် တစ်ခုခုပြုစားမှာကိုကြောက်လို့ သည်းခံတဲ့သဘောလား။

ဒီနေရာမှာ ကိုစိုးက အကြံပေးလိုက်မယ်။ သေချာမှတ်ထားပါ။ ဘယ်ဆေးသမားမှ ကြောက်စရာ၊ ရှိန်စရာ မလိုဘူး။ အားနာစရာလည်းမလိုဘူး။ ကိုယ့်စိတ်က မသတီရင်၊ စိတ်မပါရင် စကားအလိမ္မာသုံးလို့ ရှောင်ထွက်သွားပါ။ ဘာမှမဖြစ်စေရပါဘူး။ အဲ- သတိထားရမှာက သူတို့ဆိုတဲ့ဆေးသမားကျွေးတဲ့ အစားအစာတွေ၊ ဆေးတွေ၊ အင်းတွေအပြင် ခံဆေးလို့ ခေါ်တဲ့ (ပေါက်ဆေး) ဆေးအပေါက်မခံရစေနဲ့။ အဲဒီလို တစ်ခုခု စားလိုက်လို့၊ ဆေးတစ်ပေါက်လောက် အပေါက်ခံလိုက်ရတာနဲ့ ကိုယ့်ဘက်ကပါသွားပြီး သူတို့လိုရာဆွဲဆောင်နိုင်တဲ့ စိတ်ပိုင်းဆိုင်ရာကအစ ကြိုးဆွဲရာ ပါသွားနိုင်တယ်။ ဒီအထဲက ခြေတို့လက်တို့ တို့ဆေး ဆိုတာ ရှိသေးတယ်။ ဒါလေးလည်း သတိထားကြဦး။

အခုဆိုရင် အပျိုကြီးညီအစ်မနှစ်ယောက် အကောင်းကနေ အဆိုးဖြစ်ရတော့မယ်။ သူတို့နှစ်ယောက်ဟာ ဘာမှမသိဘဲနဲ့ ဆေးကုခံရတော့မယ်။ အကြံပုံများ ပြောပါတယ်ဗျာ။ သူတို့အထဲက သင်းသင်းလေးကမသိရှာသေးဘူး။ ကိုးတန်းကျောင်းသူဆိုတော့ ကျောင်းသွားတယ်လေ။

မနက်ပိုင်း လိုအပ်တဲ့ အုန်းသီး၊ ငှက်ပျောတွေဝယ်လို့ ပွဲတွေပြင်၊ အပ်လှူကြတယ်ပေါ့။ ပွဲတွေ အပ်လှူပြီးတော့ အပျိုကြီးတို့နှစ်ယောက်က ဆေးကုခံရတော့တယ်။

တကယ်လည်း ဘာပယောဂမှမရှိရှာပါဘူး။ နှစ်ယောက်စလုံး အကောင်းပကတိပါပဲ။ ဒါပေမယ့် ဆေးသမားက သူကိုယ်တိုင်လည်းပြုစားတဲ့သူ၊ သူကိုယ်တိုင်လည်း ဖြေတဲ့သူ ဆိုတော့ အောက်လမ်းဆရာပီပီ ဉာဏ်နီဉာဏ်နက်သုံးလိုက်ပြီ။

ဘာမှမရှိတဲ့ အပျိုကြီးနှစ်ယောက်ဟာ ခန္ဓာကိုယ်တုန်တုန်ခါခါဖြစ်လို့ လက်အုပ်တွေချီပြီး ဝင်စီးကုန်ပြီ။ စီးမှာပေါ့။ ဒီရှမ်းဆေးသမားက အောက်လမ်းတွေပဲကိုင်ထားတာကိုး။ ဆေးကျွေးမယ်၊ အင်းတွေတိုက်မယ်။ ဒီကြားထဲ ပေါက်ဆေးတွေပါ ထိုးနှံလိုက်သေးတယ်။

အပျိုကြီးနဲ့ မယ်စိန်ဟာ စုန်းတွေ၊ နတ်တွေဝင်ပူးကုန်ပြီ။ အရင်က ဘာမှမဖြစ်တဲ့သူတွေ အခု ဆေးသမားအလိမ်အညာကြောင့် အပူးခံနေရပြီ။ ဆေးတွေ၊ အင်းတွေကြောင့် အပြုစားခံလိုက်ရတာလေ။ အခုမှ အပြုစားခံရတာ။ အရင်က အကောင်း။ အဲဒါသာကြည့်ပေါ့ဗျာ။

ဘီလူးလည်း ပူးတယ်၊ နတ်သရဲတွေပူးတယ်၊ သရဲပြိတ္တာတွေပူးတယ်။ ဒီညီအစ်မနှစ်ယောက်ဟာ ဆေးသမားပြုတာ အလူးအလဲခံစားနေရပြီ။ သမီးနှစ်ယောက် တစ်ယောက်ပြီးတစ်ယောက် ဝင်ပူးနေပြီ။ တစ်ယောက်က နားတာနဲ့ နောက်တစ်ယောက်က အဆင်သင့် ဝင်ပူးပေါ့။

အဖေ ဖြစ်တဲ့ ဦးမြင့်မောင်ဟာ တအံ့တသြ ရင်သပ်ရှုမောလို့ ငေးနေရပြီ

ပေါ့။ ရှမ်းဆေးသမားနဲ့ မတင်မူ လိမ်တာ လိုမိုခံနေရရှာပြီ။ ဒါကို တစ်မိသားစုလုံး ဘယ်သူမှမသိရှာကြဘူး။ ဦးမြင့်မောင်တို့လင်မယားက ဆေးသမားကို ကယ်တင်ရှင်ကြီးအဖြစ်၊ ကျေးဇူးရှင်ကြီးအဖြစ် မှတ်ချက်တွေပေးနေပြီပေါ့။

တကယ်တမ်းမှာတော့ အစကနေအဆုံးထိ ရှမ်းဆေးသမားကပဲ အောက်လမ်းပညာတွေနဲ့ ပြုစားထားခြင်းသာဖြစ်ပါတယ်။ ဒီနေ့ တစ်မနက်ခင်းလုံး ဆေးကုလိုက်တာ နေ့ခင်းကျောင်းဆင်းချိန်မှ ခဏနားကြတယ်။

လှေကားရင်း သူစိမ်းဖိနပ်တွေမြင်တာနဲ့ အိမ်ပေါ်မှာ ဧည့်သည်ရောက်မှန်း သင်းသင်းက အလိုလိုသိနေပြီ။ စိတ်ထဲသိပ်မကြည်။

လှေကားထစ်အတိုင်း အပေါ်ရောက်တော့ ခြေစုံရပ်လို့ အကဲခတ်လိုက်တယ်ဆိုရင်ပဲ သင်းသင်းရဲ့စိတ်တွေ ဒေါသူပုန်ထ နေပြီ။

အဖေနဲ့ အမေ၊ အစ်မကြီးတွေက အစ ဘာတွေလုပ်ကြပြန်တာလဲပေါ့။ ဘုရားဆောင်ရှေ့ စားပွဲပေါ်မှာ အုန်းပွဲတွေ အစီအရီနဲ့၊ သူစိမ်းဧည့်သည်တွေနဲ့။ မြင်ရတဲ့အခင်းက ဧကန္တ ဒါဆေးကုကြတာပဲ ဖြစ်မယ်။

အားလုံးဟာ သင်းသင်းဆီ အာရုံစိုက်နေပြီ။ ဒီအထဲက သင်းသင်းမသိတဲ့ သူနှစ်ယောက်တွေ့တော့ မြင်တာနဲ့စိတ်ပျက်သွားပြီ။ မသိမသာ မျက်စောင်းထိုးလို့ အနောက်ခန်းထဲဝင်ပြီး လွယ်အိတ်ချ၊ သက်ပြင်းချရင်း ဒေါသအလိုလိုထွက်နေမိတယ်။ ဒီဧည့်သည်နှစ်ယောက်ဟာ မဟုတ်မှလွဲရော လွန်ခဲ့တဲ့နှစ်ပတ်လောက်က ရွာထဲ ဆေးလှည့်ကုနေတဲ့သူတွေပဲ ဖြစ်မယ်ဆိုတာ အသံနဲ့တင် သင်းသင်း ရိပ်မိနေပြီ။ ကျောင်းအဝတ်အစားလဲ၊ ရေချိုး၊ ထမင်းစားပြီးတာနဲ့ သင်းသင်းဟာ ဘယ်သူ့ကိုမှ စကားမပြောဘဲ ကျောင်းပြန်သွားခဲ့ရတယ်။ စိတ်ထဲမှာတော့ တစ်စက်မှမကြည်လင်ဘူး။ ညနေပိုင်း စာသာသင်တယ။။ သင်းသင်းစိတ်က အိမ်မှာ။ မိဘဖြစ်သူတွေကို အလိုလို စိတ်တိုနေတာပေါ့။

အမှန်အတိုင်းပြောရရင် အခုလို ဆေးကုတာတွေ၊ နတ်တွေ၊ စုန်းတွေ၊ ကဝေတွေ၊ အောက်လမ်းတွေ ဆိုတာ သင်းသင်းကအယုံအကြည်မရှိဘူး။ဆေးသမားကိုလည်းမယုံဘူး။ ပါလာတဲ့အမျိုးသမီးကိုလည်း သင်းသင်းမယုံဘူး။ ဒါက သင်းသင်းရဲ့စိတ်အမှန်အတိုင်းပါပဲ။

ဦးမြင့်မောင်၊ ဒေါ်ခင်မေတို့ဟာ အလွန်ရိုးသားတဲ့လင်မယားပါ။တစ်ဖက်သားက ဘာပြောပြော ဟုတ်ကဲ့၊ ဟုတ်ကဲ့ပဲ ပြန်ဖြေတတ်တဲ့သူတွေပါ။ မြို့ကြီးပြကြီးတွေကိုလည်း တစ်ခါမှမရောက်ဘူးသလို ဒီအသက်အရွယ်အထိ ဒီရွာမှာပဲ ကြီးပြင်းလာကြတဲ့သူတွေပါ။ဦးမြင့်မောင်တို့ဟာ တောင်သူလုပ်လို့ အသက်မွေးကြပါတယ်။

လယ်ယာမြေ အသင့်အတင့်ရှိလို့ မိသားစုစားဝတ်နေရေးချောင်လည်တဲ့ မိသားစုဆိုရင် မှန်ပါတယ်။ အလယ်အလတ်လူတန်း ;တွေပေါ့။ လင်မယားနှစ်ယောက်စလုံးဟာ အသက် (၅၅) တန်း ရောက်ပါပြီ။

ညနေပိုင်း ကျောင်းပြန်လာတော့ အိမ်ပေါ်မှာ မနက်កဧည့်သည်တွေက ရှိတုန်းမို့ သင်းသင်း စိတ်မကြည်လင်။ ဖနောင့် မသိမသာဆောင့်လို့ မျက်နှာထားတင်းတင်းနဲ့ အခန်းထဲဝင်ခဲ့ရတယ်။ ဒီဧည့်သည်တွေ ဘယ်အချိန်မှပြန်ကြမှာလဲ။ စိတ်ရှုပ်လိုက်တာနော်။ တကတဲ။

အခန်းထဲက တစ်စွန်တစ်ဖျားကြားနေရတယ်။ အဖေနဲ့ အမေအပြင် အစ်မကြီးနှစ်ယောက်ပါ အလိုတူအလိုပါ သူတို့လေးယောက်က ဆေးသမားဘက်ပါသွားပြီ ထင်ရပုံပဲ။ ဧည့်သည်အမျိုးသမီးရဲ့အသံကတော့ စွာစွာပေါ့။

ညနေသာစောင်းတယ်။ ထမင်းကျွေးရပြန်ပြီ။ ဒီဧည့်သည်တွေ မပြန်ကြသေးဘူး။ မှောင်ရီသန်းပြီ။ ဧည့်သည်ဆေးသမားတွေမပြန်သေး။ ဒီတိုင်းဆို ဒီအိမ်မှာများ ညအိပ်တော့မှာလား။ တွေးလို့စိတ်ပူနေသူက သင်းသင်းပေါ့။ညပိုင်းစာကျက်ရဦးမယ်။ အော်ကျက်မှ စာရသူမို့ ညစာကျက်ရင် ဒုက္ခတွေ့ပြီ။ဧည့်သည်ရှိတော့ သင်းသင်းခမျာ အော်ချင်သလို မအော်ရ။ ဒီနေ့ည သင်းသင်း စာမကျက်နိုင်ဘူး။ ဧည့်သည်တွေ ငဲ့ရတာနဲ့ပေါ့။

မနက်လင်းတော့လည်း ဒီဆေးဆရာတွေ မပြန်ကြသေးဘူး။ အဖေနဲ့ အမေ ဧည့်သည်တွေကို ညဥ့်အိပ်ညဥ့်နေ ဧည့်ခံထားခြင်းအပေါ် သင်းသင်းဟာ လုံးဝမနှစ်မြို့ရှာပါဘူး။ ဒီနေ့လည်း ကျောင်းသာသွားရတယ်။ စိတ်က ဧည့်သည်တွေအပေါ် အလိုလို ရန်လိုနေမိတယ်။

တစ်ရက်၊ တစ်ရက်နဲ့ ငါးရက်တောင်ရှိလာပြီ။ အိမ်မှာ ညအိပ်တည်းတာအပြင် ထမင်းဟင်းပါ မနက်၊ ညကျွေးနေရတာ။ တော်တော်အလိုက်မသိတဲ့ဧည့်သည်တွေပါလား။ ညည စာကျက်ရတာ မဖြောင့်ဘူး။ စာလည်းမရဘူး။

သင်းသင်းဟာ အဖေနဲ့ အမေတို့ ကွယ်ရာမှာ တီးတိုးပြောလို့ ဧည့်သည်ကို ပြန်စေဖို့ ခဏခဏ ပြောရှာတယ်။ ဒါကို ဦးမြင့်မောင်တို့လင်မယားက မသိကျိုးကျွန်ပြုနေကြတယ်။ ဒီကြားထဲ ဟိုအပျိုကြီးနှစ်ယောက်ကလည်း ဆေးသမားပြောတာ အကုန်ယုံတယ်။

သင်းသင်းဟာ ရှမ်းဆေးသမားနဲ့ မတင်မူကို လုံးလုံးကြည့်မရဘူး။ မျက်နှာချင်းဆိုင်တောင်မဆိုင်ဘူး။ သူတို့မြင်သာအောင်၊ သူတို့ အလိုက်သိသိထွက်သွားအောင် ဖနောင့်ဆောင့်ထွက်ပြတာမျိုး၊ ကျောပေးနေတာတစ်မျိုး၊ မျက်စောင်းထိုးလို့တစ်ခါ အရိပ်အယောင်ပြလို့ သွေးအေးအေးနဲ့ သင်းသင်းခမျာ နှင်ပါလေရဲ့။ ဧည့်သည်က မလှုပ်ရှားချမလှုပ်ပေ။

တကယ်တော့ ရှမ်းဆေးသမားဟာ အထက်လမ်းဆရာအစစ်မဟုတ်ဘဲ အောက်လမ်းဆေးသမား ဆိုတာ ဘယ်သူမှမသိကြဘူး။ မတင်မူကတော့ လန်ရှူးဆိုတော့ သူကလည်း ဆေးသမားနဲ့ ပင်စားဆိုတော့သူသိတယ်။ သိရဲ့သားနဲ့ တမင် ပြောင်လိမ်စားကြတာပေါ့။

ဒီဆေးသမားမရောက်ခင် အိမ်မှာ ဘာပြဿနာမှမရှိခဲ့ဘူး။ တစ်မိသားစုလုံး အေးချမ်းနေတယ်။ ဟော- အခုကြည့်။ သင်းတို့ ဂြိုဟ်ဆိုးမွေတာက စလာပြီ။ အပျိုကြီး (၂) ယောက်ဟာ ဒီအောက်လမ်းဆေးသမားကြောင့် ပူးတာတွေ၊ ခွာတာတွေဖြစ်လာတာ။ သူတို့နှစ်ယောက်လည်း ရောဂါစရပြီ။ သင်းသင်းကလည်း သင်းကွဲလို့ တစ်ယောက်တည်း ဖြစ်လာပြီ။ အဖေ၊ အမေနဲ့ အစ်မကြီးတို့ (၄) ယောက်က အခုမှ စည်းလုံးနေတယ်။

သင်းသင်းက အစ်မကြီးနှစ်ယောက်ကို မယုံကြည်ဖို့ပြောရှာသေးတယ်။ ဟိုတွေက မရတော့ဘူး။ ပြောသမျှ ယုံနေကြပြီ။ ဒီအိမ်မှာ ဆေးကုနေတာ တစ်ပတ်ရှိပြီ။ အစ်မကြီးနှစ်ယောက်မပျောက်သေးဘူး။ ဘယ်ပျောက်မလဲ၊ အိတ်ထဲက ဖား အချိန်မရွေး ထုတ်ရိုက်လို့ ရတယ်လေ။ အဲဒီလိုဆိုက်ကိုသုံးလို့ ပြုစားထားတာ။ စိတ်အညစ်ရဆုံးက သင်းသင်းပေါ့။ ဒီဧည့်သည်တွေမပြန်မချင်း ဒုက္ခခံနေရမှာပဲပေါ့။

အဲဒီအထဲက မတင်မူက အိမ်နီးချင်း ဟိုအိမ် ဒီအိမ် လှည့်လည်၊ သူ့ဆေးသမားကောင်းလို့ ဒီအပျိုကြီးနှစ်ယောက်

အသက်ချမ်းသာရာရသလို ကြွားလုံးထုတ်နေသေးရဲ့။ အမှန်က ဒီအိမ်က ဂေါ်စရာမ်ကောင်းနေပြီလေ။ စားဖို့ အိပ်ဖို့ ရေချိုးကအစ အစစအရာရာအားလုံး အဆင်ပြေတယ်မှ လား။ အမှန်ကတော့ ဒီမှာကြာနိုင်သမျှကြာလေ သူတို့အတွက် လမ်းစတွေ့လေပဲပေါ့။ သင်းသင်းကတော့ အရင်နဲ့မတူတော့ဘူး။ နည်းနည်းကြမ်းပြလာပြီ။

အိမ်ရှင်ကိုမှ အားမနာ၊ သူတို့အိမ်လို သဘောထားလာတော့ သင်းသင်းကဘယ်ကြည်ဖြူမလဲ။ အိမ်မှာရှိတဲ့အခါတိုင်း ဆူတယ်၊ ဆောင့်တယ်၊ မကျေနပ်တဲ့ဟန်နဲ့ပဲ နေပြနေတာပေါ့။ အထူးသဖြင့် ရှမ်းအောက်လမ်းဆေးဆရာကို ကြည့်မရဆုံးဘဲ။

အသားကလည်းမွဲခြောက်ခြောက်၊ မျက်နှာက ဆယ်ပြားစေ့၊ မျက်လုံးက မျက်ရစ်မပါ မျက်ပေတုံး၊ မျက်စိပေါက်က မှေးမှေး၊ ကြက်မျက်သင့်တဲ့ရုပ်နဲ့။ သင်းသင်းက တစ်စက်မှ ကြည့်မရဘူး။ ဟိုမတင်မူလည်းကြည့်လေ။ နဖူးမောက်မောက်၊ ဆံပင်က ဖွာတလန်၊ အုန်းဆီဘယ်တော့မှမလိမ်း၊ သနပ်ခါးက ကြမ်းကြမ်းလိမ်း၊ ကွမ်းကဝါး၊ လည်ချောင်းသံနှောလို့ ယောက်ျားအသံကြီးနဲ့ 'သမီး၊ သမီး' လာလုပ်သေးတယ်။ ရွံစရာကြီး။

ရှမ်းဆေးသမားက အသက် (၃၀)၊ မတင်မူကတော့ (၃၅) လောက်ရှိပြီပေါ့။ တစ်လပင် ပြည့်ပြီ။ ခုထိ ဆေးကုမပြီးသေးဘူး။ အိမ်မှာ အိပ်/စားလုပ်နေကြတာ။ သင်းသင်း ခေါင်းတွေရှုပ်နေပြီ။ အဖေ၊ အမေ၊ အစ်မကြီးတွေက အခုထိ မလှုပ်ကြသေးဘူး။ သူတို့မလှုပ်ချင်နေ၊ သိအောင်တော့ပြပေးရမယ်။ သင်းသင်းအတွေးလေ။

သင်းသင်းဟာ နေ့တိုင်း မလိုတမာမျက်နှာဟန်ပန်နဲ့ ဆောင့်ဆောင့်အောင့်အောင့်နေပြပေးတယ်။ဧည့်သည်တွေက သိတယ်။

သူတို့နှစ်ယောက်က အကြံသမားတွေလေ။ ကိုယ့်အကြံအစည်အောင်ဖို့အတွက် ဒီလောက်တော့ သည်းခံရမယ်ပေါ့။ သင်းသင်းဟာ မနက်၊ နေ့၊ ညမြူစူစောင်းမြောင်းပြနေတဲ့အတွက် မတင်မူက အခဲမကျေဘူးလေ။ ဆေးသမားကို ပညာပေးဖို့ သူက ကြံစည်ပြီပေါ့။

မတင်မူအကြံအစည်စပါပြီ။ အပျိုကြီးတွေနဲ့ဝင်ရောပြီး မီးဖိုချောင်ဝင်ပါပြီ။ ဟင်းရွက်ခဲတွေသင်၊ ဟိုဟင်းက ဘယ်လို၊ ဒီဟင်းကဘယ်လို၊ ဆရာလုပ်လို့ ဝင်ရောပါပြီ။ မတင်မူ ဝင်ရောတာက ပက်စက်တဲ့အကြံနဲ့ဝင်ရောတာ။ ဒါကို ဘယ်သူကမှမသိရှာဘူးလေ။ မတင်မူက သူတို့အပေါ် အမြဲစောင်းမြောင်းနေတဲ့ သင်းသင်းကို ကလဲ့စားချေချင်တာလေ။

ဒီအိမ်ရောက်တာနဲ့ အပျိုကြီးနှစ်ယောက်ကို ပြုစားတယ်။ ပြုစားပြီး ဆေးကုတယ်။ ဒီအကြောင်းလေး သိအောင် ပြောပြဦးမယ်။ ရွှေးကျမ်းတွေ၊ အစောင်စောင်မှာလည်းရေးထားတယ်။ ဆေးသမားဟာ ပြုစားသူလည်းသူ၊ အဲဒီပြုစားတာကို ကုပေးတာလည်းသူလို့ ဆိုတယ်။ တစ်ဖန် သူစိမ်းပြုစားသူနဲ့လည်း အဲဒီ ဆေးသမားက မိတ်ဖွဲ့ပြန်တယ်။ တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန် အကျိုးပြုနေကြခြင်းသာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ဆေးသမားဟာ အောက်လမ်းပညာ (သို့) အလယ်အလတ်ပညာ ဒီနှစ်မျိုးသာ တတ်တဲ့သူဆိုရင် သူတို့ပြုစားတဲ့သူကို သူတို့ကိုယ်တိုင် တစ်ဖက်လှည့်နဲ့ ပြန်ကုတယ်ဆိုပါတော့။ ဆေးပြန်ကုတဲ့အခါ သက်သာရာပဲ ရမယ်။ ပျောက်အောင်မကုနိုင်တော့ဘူး။

ရှင်းရှင်းပဲ ပြောလိုက်မယ်။ ဒီလိုဆေးသမားဟာ ဘယ်သူ့နာကိုမှ အရှင်းပျောက်အောင်မကုနိုင်ဘူး။ ဘာကြောင့်လဲ သိလား။ အဖြေက ရှင်းရှင်းလေးပါ။ အဲဒီ ဆေးသမားကိုင်တဲ့ ဆေးတွေဟာ အောက်လမ်းဆေးတွေပဲလေ။ ဆေးကောင်းတစ်ခုမှမရှိဘူး။ အဲဒီဆေးတွေ တိုက်မယ်၊ အစွဲထုတ်မယ်၊ အပင်းတွေချပေးမယ်။ အဲ- စောစောက တိုက်ထားတဲ့ အပင်းတွေ ကျချင်ကျမယ်။

သူတို့တိုက်တဲ့ဆေးက သူနာကိုနောက်ထပ်အပင်းထပ်ကျွေးတာနဲ့အတူတူပဲ။ အဲဒီဆေးပင်းက အလိုလို သန္ဓေစွဲလို့ အပင်းထပ်မိစေပါတယ်။ ဒါကြောင့် လုံးဝမပျောက်ဘူးလို့ ဖိုးစိုးမင်းက သတိပေးလိုက်တာပဲ။ ပျောက်တယ် ဆိုတဲ့သူ မရှိဘူး ဆိုတာ သတိကပ်ပါ ပရိသတ်ရယ်။

မတင်မူဟာ မီးဖိုချောင်ကဝင်ပူးမှ သင်းသင်းကို လက်စားချေနိုင်မှာမို့လား။ သင်းသင်းဘာကြိုက်သလဲ၊ ဘာတွေစားတတ်သလဲ။ အပျိုကြီးတွေနဲ့ပူးရင် အလိုလို သိပြီးသားလေ။ အခု မီးဖိုချောင်ထမင်းဝိုင်းက လူကြီးတွေ၊ ဧည့်သည်တွေကျွေးမွေးပြီးရင်တော့ နေ့လယ် ကျောင်းပြန် သင်းသင်းတို့ညီအစ်မနှစ်ယောက်အတွက် ဟင်းပန်းကန်လေးတွေခွဲလို့ အုပ်ဆောင်းကလေးအုပ်၊ ပြင်ဆင်ပေးထားတာ နေ့တိုင်းပဲလေ။

ဒီအကြောင်း မတင်မူ အစအဆုံးသိပြီ။ သင်းသင်းစားမယ့် ဟင်းခွက်ကို ပီယဆေး (ခေါ်) ချစ်ဆေးခတ်ဆေး ဖြူးလိုက်ပါပြီ။ ပီယဆေးဟာ အများကြီး မဟုတ်ပါ။ မုန့်ညင်းစေ့လောက် ပါသွားရင်တောင် ဓာတ်က မိနေပါပြီ။ အဲဒီလောက် စွဲပါတယ်ခင်ဗျာ။

ယခင့်တုန်းကလည်း ပီယဆေးအကြောင်း အနည်းအကျဉ်း ဖော်ပြပေးခဲ့ပါပြီ။ နောက်ပိုင်းမှာ နည်းနည်းတော့ပြောပါမည်။

နေ့ခင်းထမင်းစားကျောင်းဆင်းလို့ သင်းသင်း ကျောင်းကပြန်၊ ရေမိုးချိုးပြီး ထမင်းစားပါပြီ။ သင်းသင်းစားမယ့် ဟင်းလျာတွေထဲမှာ ရှမ်းဆေးသမားနဲ့မတင်မူ ကြံစည်ထားတဲ့ ခတ်ဆေး ခေါ် စွဲဆေးထည့်ထားပြီမို့ မတင်မူဟာ တစေ့တစောင်း အကဲခတ်နေပါပြီ။

ဘာမှမသိရှာသော သင်းသင်းကတော့ ဆာဆာနဲ့စားမိပါပြီ။ ဒီနေ့မှ ထူးခြားလိုက်တာ။ သင်းသင်းဟာ တစ်ခါမှ မဖြစ်ဘူးတဲ့ ကြက်သီးတွေဖြန်းဖြန်းထနေပါပြီ။ သူ့ရဲ့ဖြူဖွေးနေတဲ့ လက်မောင်းရိုးတစ်လျှောက် မွေးညင်းတွေတောင်ထောင်နေလေရဲ့။ ထမင်းစစားတဲ့အချိန်က ပြီးတဲ့အချိန်အထိ သင်းသင်းခမျာ ကြက်သီးတဖြန်းဖြန်းသာထရင်း ထမင်းပြီးခဲ့ရရှာပြီ။

မတင်မူဟာ သူ့အကြံတိုင်း ပက်စက်လိုက်ပါပြီ။ သင်းသင်းရဲ့ဂုဏ်မာနမငြိမ်တဲ့ ဟန်ပန်ကိုတောင် ရိပ်မိနေပါတယ်။

မတင်မူဟာ သားသမီးချင်းကိုယ်ချင်းစာစိတ်၊ မောင်နှမချင်း ကိုယ်ချင်းစာစိတ် လုံးဝကင်းမဲ့နေပြီဆိုတာ ထင်ရှားပါတယ်။ မတင်မူ ကြံစည်တာဟာ သူ့အတွက်တော့ အဓိကမဟုတ်ပေ။ ရှမ်းဆေးသမားအတွက် သက်သက်လုပ်ပေးလိုက်ခြင်းသာ ဖြစ်ပါတယ်။

နေ့ခင်းကျောင်းပြန်သွားမယ့်သင်းသင်းကို မတင်မူဟာ နှုတ်ဆက်လိုက်ပါသေးတယ်။ ဒါကို သင်းသင်းက အလေးတောင်မမူခဲ့ပါဘူး။ နဂိုကတည်းကကြည့်မရတာမို့ သူစိမ်းလိုပဲနေရင်း လှေကားကဆင်းလို့ ကျောင်းကိုလာခဲ့ရတယ်။

ကျောင်းကိုရောက်လို့ရောက်မှန်းမသိဘူး။ ဒီနေ့စိတ်တွေထွေနေတယ်၊ ပူနေတယ်။ စိတ်မကြည်လင်ဘူး။ အခန်းထဲမှာ ဒီနေ့ စာသင်ရတာ စိတ်ကိုမပါဘူး။ စိတ်ထဲမှာ ထူးထူးခြားခြား သတိရ

နေတာက အိမ်က ရှမ်းဆေးဆရာရဲ့ မျက်နှာပေါ်နေတယ်။ ဘာကြောင့်များ ပါလိမ့်။ ဒီဆေးသမားက ဒါလောက် အသက်ကြီးနဲ့ ငါနဲ့ ဘာဆိုင်သလဲ။ ဒီလူကို ငါကြည့်မရပါဘူး။ တကယ်မုန်းစရာကောင်းတဲ့သူပဲ။ သိတဲ့စိတ်၊ မသိတဲ့စိတ် ပေါင်းလို့ သင်းသင်းကို လွှန်ဆွဲနေပါပြီ။

ပရိသတ်ရေ ဒါ ပထမနေ့ပဲ ရှိပါသေးတယ်။ သင်းသင်းရဲ့ မူလစိတ်တွေ စတင်ဖောက်ပြန်လာပါပြီ။သာမန်မဟုတ်ဘူးဆိုတာ သတိရစေချင်လို့ပါ။ အထူး သတိထားကြပါဗျာ။ နေ့ခင်းပိုင်း ဆရာတွေ၊ ဆရာမတွေ ဝင်ထွက်လို့ စာတွေ သင်သွားတယ်။ သင်းသင်း ဘာမှမသိလိုက်တော့ဘူး။ သိလိုက်၊ မသိလိုက်စိတ်က အိမ်မှာပဲ စိုးမိုးနေပြီ။ ကိုယ်ကြည့်မရတဲ့ ဆေးသမားမျက်နှာက အထင်းသား ပေါ်လို့ပင်နေပြီ။ ခက်ပြီ။ ဒီဆေးသမားနဲ့ ငါနဲ့ ဘာဆိုင်သလဲ။ မဆိုင်ဘူး။ သင်းကို ငါမှကြည့်မရတာဘဲ။ ဖျောက်စမ်း။ သင်းကို စိတ်ထဲကဖျောက်။ သင်းသင်းဟာ သူ့စိတ်နဲ့သူ့ကိုယ်ကပ်အောင် အမျိုးမျိုး နှိုးဆော်ပေးရှာတယ်။ စိတ်ထဲပေါ်သွားတာက ခဏလေးသာပျောက်ကွယ်လေရဲ့။

ညနေ ကျောင်းဆင်းပြီ။ ဒီနေ့ ညနေပိုင်း ဆရာတွေစာသင်သွားတာ သင်းသင်း ဘာမှမသိလိုက်တော့ဘူး။ ကယောင်ချောက်ချားပဲ မှတ်မိလိုက်တယ်။ ကျောင်းက အိမ်ကိုသာပြန်လာတယ်။ စိတ်က ဆေးသမားဆီမှာရောက်နေပြီ။ စိတ်ထဲမှာ ဖျောက်လို့မရအောင် ပေါ်လို့နေပါပြီ။

အိမ်ရှေ့ရောက်တော့ မသိမသာ ခြေစုံရပ်လို့ အိမ်ထဲ၊ အိမ်ပြင် အကဲခတ်သေးတယ်။ ကိုယ်က မိန်းကလေးလေ။ ဣန္ဒြေဆယ်ရမယ် မဟုတ်လား။

အထဲဝင်၊ အိမ်ပေါ်ရောက်တာနဲ့ သင်းသင်းမျက်လုံးတွေက ဆေးသမားဆီ တန်းမြင်တာနဲ့ ဟိုကလည်း အကြည့်ချင်းဆုံ၊ စူးစူးရဲရဲမျက်လုံးတွေဆုံပြီ။

သင်းသင်းရင်ထဲမှာ ဗလောင်ဆူသွားပြီ။ ကြက်သီးတွေဖြန်းဖြန်းထလို့ ရင်တွေခုန်၊ တုန်လှုပ်နဲ့ အခန်းထဲကို ပြေးဝင်ရတော့တယ်။

ရင်ဘတ်လေးအသာဖိလို့ ခုန်နေတဲ့နှလုံးက ခါတိုင်းထက် ပိုမြန်နေတယ်။ စိတ်တွေက ဟိုဟိုဒီဒီပြေးနေပြီ။ကျောင်းအဝတ်အစား ခုမှ လဲရမှာ။ ဒါတောင် အဝတ်အစားလဲပြီးတာတောင်. စိတ်က မသိလိုက်ဘူး။စိတ်အားအပြင်းဆုံးနေရာက ဆေးသမားမျက်နှာဆီမှာ။ စိတ်က လေးငြိမ်အောင် မနည်းထိန်းနေရတယ်။ အပြင်ထွက်တာနဲ့ ဧည့်ခန်းမှာထိုင်နေတဲ့ ဧည့်သည်ဆေးသမား အကြည့်စူးစူး။ သူ ဘယ်လိုတောင့်ခံရမလဲ ကြိုလို့ပင်တွေးပူနေရပြီ။

အခန်းပြင်ထွက်ရမယ်။ မီးဖိုချောင် အစ်မတွေဆီ ကူပြီးရင် ရေမိုးချိုးရမယ်။ ညစာစားပြီးရင် စာကြည့်ရမယ် မဟုတ်လား။ အပြင်ကို မရဲတရဲထွက်ရပြီ။

ဣန္ဒြေအပြည့်နဲ့ မျက်လွှာချလို့ ဆေးသမားမျက်နှာ မသိမသာခိုးကြည့်ရင်း မီးဖိုချောင်ဝင်ခဲ့ရတယ်။ ရင်ထဲမှာတော့ လှိုက်ဖိုမောနေရပြီ။ သင်းသင်းဟာ စိတ်တွေဂနာမငြိမ်ရှာပါဘူး။ မီးဖိုချောင်မှာသာ ကူနေတာ၊ စိတ်က ဆေးသမားဆီပဲ ရောက်နေပါပြီ။

ဒီနေ့ ညစာစား၊ ဧည့်သည်တွေ ကျွေးမွေးပြီးတော့ သင်းသင်းထမင်းစားဝင်တယ်။ စားရတာ အရင်ကလို စိတ်က မလွတ်လပ်ဘူး။ ဣန္ဒြေအပြည့်နဲ့ စားနေရပြီ။ သူ့ကိုယ်သူ လူကြီးတစ်ယောက်လို အမူအရာတွေပါလာပြီ။ ညပိုင်းစာအော်ကျက်လို့မရတော့ဘူး။ သူရှက်နေပြီ။

သူ့အသံပြကြီးနဲ့ အော်ရင် ဧည့်သည်တွေ နားမခံသာမှာစိုးရိမ်လာတယ်။ အရင်က ဒီဧည့်သည်နှစ်ယောက်ပြန်စေချင်လို့ စာကို အသံကုန် အော်ကျက်ခဲ့တာ။ ဒီစိတ်တွေဘယ်ကိုရောက်သွားကြပါလိမ့်။

ညသာနက်လာတယ်။ သင်းသင်း စာတစ်လုံးမှမမှတ်မိရှာဘူး။ စိတ်ကထွေနေပြီကိုး။ ညကလည်း ကောင်းကောင်း အိပ်မပျော်။

မနက်လင်းတော့ မျက်လုံးတွေဖန်နေပြီ။ အိပ်ရေးမဝမှန်းသိနေပြီ။သူ့ခေါင်းက ဆံပင်လေးတွေ ဘီးလေးနဲ့ အသာအယာဆွဲချရှင်းနေပေမယ့် ရှက်စနိုးစိတ်က ဆေးသမားဆီမှာသာ လွှမ်းမိုးနေရှာတယ်။ မနက်ကျောင်းသွားတော့ အလှဆုံးပြင်၊ ဆံပင်ကို ကျစ်ဆံမြီးလေးပြင်၊ စံပယ်ပန်းလေးပန်လို့ အလှဆုံးပြင်ထားတဲ့ သင်းသင်းဟာ ဆေးသမားကို မသိမသာ ရှက်စနိုးခိုးကြည့်ရင်း ကျောင်းသွားခဲ့တယ်။

ကျောင်းမှာလည်း စာသာသင်တယ်၊ ဘာမှမသိတော့ဘူး။ စိတ်က အိမ်ရောက်နေပြီ။ နေ့ခင်း ထမင်းစားကျောင်းဆင်းလို့အိမ်ရောက်ပြီ။အိမ်ပေါ် အတက် ဆေးသမားနဲ့အကြည့်ချင်းဆုံလို့ ရင်တွေပူရပြန်ပြီ။ အဝတ်အစားလဲပြီး ထမင်းဝိုင်းထိုင်လို့ အုပ်ဆောင်းလေးဖွင့်ပြီးကြည့်နေမိပြီ။ ဟင်းတွေက စားချင်စဖွယ်တွေပဲလေ။

လူလည်မ မတင်မူဟာ ဒီနေ့လည်း သင်းသင်းစားမယ့် ဟင်းခွက်တွေထဲမှာ အချစ်ဆေးတွေဖြူးထားပြီးပါပြီ။ မတင်မူက ဒီလိုကြံချင်လို့ မီးဖိုချောင်က အပျိုကြီးတွေနဲ့ ဝင်ပူးတာပါ။

သင်းသင်းကတော့ ဘာမှမသိရှာဘူးလေ။ နေ့ခင်းထမင်းကလည်း စားလို့ကောင်းလိုက်တာ။ ကျောင်းပြန်သွားတော့ သင်းသင်းဟာ ဆေးသမားကိုစူးစူးရဲရဲအကြည့်နဲ့သေချာကြည့်လို့ ကြာပေးသွားခဲ့ပြီ။ ဆေးသမားက မချိပြုံးလို့ ကျန်ခဲ့တယ်ပေါ့။

အမေဖြစ်သူက သမီးလေး သင်းသင်း ကြည့်တဲ့အကြည့်အပေါ် သံသယဝင်သွားတယ်။ ဒီနေ့ ငါ့သမီးဟာ ထူးဆန်းတယ်။ သူမုန်းနေတဲ့ဆေးသမားကို ကြည့်သွားတာ တစ်မျိုးကြီးပဲ။ မိန်းမချင်း သိတယ်လေ။ အမေက ငယ်ရာက ကြီးလာလို့ သူ့ကိုမွေးထားတာမဟုတ်လား။ သမီးချစ်တဲ့စိတ်နဲ့ အမေက ရိပ်မိပေမယ့် ဧည့်သည်ရှေ့မို့ မသိသလိုဘဲ ငြိမ်နေရတယ်။

ညနေကျောင်းပြန်လာတယ်။ သင်းသင်းဟာ ဆေးသမားအပေါ် ရဲရဲတင်းတင်းကြည့်လာပြီ။ သူ့ပုံစံက ဆေးသမားနဲ့စကားတွေတတီတီပြောချင်လာတယ်။ သူ့အယုအယကို လိုချင်လာတဲ့ပုံစံနဲ့ ဟန်ရေးလေးတွေပြပြလာပြီ။

လူကြီးတွေစကားပြောနေတယ်။ သင်းသင်းက ဝင်ပူးပြောလာပြီ။ သူ့ကိုလည်းလူရာသွင်းစေချင်တဲ့သဘောပေါ့။ အစ်မကြီးတွေခမျာ သင်းသင်းပုံစံကြည့်ပြီး အံ့ဩလာပြီ။ ဒီကောင်မလေး ဘယ်လိုဖြစ်နေတာပါလိမ့်။ နှစ်ရက်၊ သုံးရက်အတွင်း ပုံစံတွေပြောင်းနေပါလား။အမေကလည်း သမီးသင်းသင်းရဲ့အရောတဝင်နေပုံထိုင်ပုံကြည့်ပြီး အံ့ဩလာတယ်။

ဟဲ့- ကောင်မလေး၊ ဒါနင့်နေရာမဟုတ်ဘူး။ အခန်းထဲဝင်၊ စာကျက်'လို့ သတိပေးရင်လည်း သင်းသင်းက ဆင်ခြေဆင်လက်တွေပေးတတ်လေပြီ။

ဒီနေ့ည တစ်ညလုံး မအိပ်ရဘူး။ သင်းသင်းစိတ်တွေမွှန်နေပြီ။ အထူးသဖြင့် သူ့စိတ်ထဲမှာ ဆေးသမားနဲ့ နှစ်ယောက်တည်းသာ စကားတွေပြောလို့ သာယာချင်ပြီ။ ကျန်တာသူမတွေးတော့ဘူး။

မနက်လင်းတော့ မျက်လုံးတွေဖန်

နေပြီ။ ကျောင်းသာသွားနေတာ စိတ်မပါ။ နေ့ခင်း ကျောင်းပြန်တော့လည်း ရောက်ချင်စိတ်ကြောင့် စိတ်စောနေပြီ။ အိမ်မှာ သူမြင်ချင်တဲ့သူကို တွေ့ရမှာ မဟုတ်လား။

အိမ်ရောက်တာနဲ့စူးစူးရဲရဲအကြည့်တွေနဲ့ ဆေးသမားကို ကြည့်လိုက်ပြီ။ တစ်အိမ်လုံး ပါးစပ်အပေါင်းသားနဲ့ သင်းသင်းမျက်နှာကြည့်လို့ အာနေကြပြီ။ မိဘတွေ၊ အစ်မကြီးတွေ၊ ညှော်သည်တွေတောင် ဂရုမထားနိုင်ရှာပြီ။ သင်းသင်း စောင့်စည်းခဲ့တဲ့ ဣန္ဒြေတွေ ဘယ်ရောက်ကုန်ပါလိမ့်။ အပျိုပေါက်လေး သင်းသင်းဟာ ဆေးသမားကို အစွဲကြီးစွဲနေပါပြီ။

ခတ်ဆေး တစ်နည်းအားဖြင့် ချစ်ဆေး နှစ်ကြိမ်စားမိထားတဲ့ သင်းသင်းဟာ ဣန္ဒြေမဆည်နိုင်ပါဘူး။ ဒီလိုဆေးတွေဟာ အလွန် ယုတ်ညံ့သောပစ္စည်းများနဲ့စီရင်ထားတာမို့ ဆေးရဲ့အာနိသင်ဟာ မှော်တစ်ပိုင်းမျှအထိ အဆင့်ရှိပါတယ်။

အမှန်အတိုင်းပြောရရင် သင်းသင်းဟာ အောက်လမ်းဆေးသမားကို မမြင်ရရင် မနေနိုင်အောင် စွဲလမ်းနေတာ။ ဆေးသမားက ဘာပဲတောင်းဆိုဆို သူက ပေးတော့မှာပါ။ သတိပြုစေလိုတာက ဒီလိုလောကီအစီအရင်တွေနဲ့ စီရင်ထားတဲ့ပီယဆေးတွေဟာ လူတစ်ဦးတစ်ယောက်ကို တဒင်္ဂ စွဲစွဲလမ်းလမ်း ဖြစ်သွားအောင်၊ မမြင်ရ မနေနိုင်အောင် တမင်သက်သက် ကြိုတင် ကြံစည်ထားတယ်ဆိုတာ စာဖတ်သူတို့သဘောပေါက်ကြပါ။

ဒီပီယဆေးမှာ စစ်မှန်သောအချစ် လုံးဝ (လုံးဝ) ကင်းနေပါတယ်။ ဒါလေးလည်း သိထားပါ။ ဘယ်မိန်းမ၊ ဘယ်ယောကျ်ားမဆို ထိခိုက်ပါတယ်။ နည်းတာ၊ များတာ ကွာဟချက်ပဲ ရှိပါတယ်။

ရိုးသားသောအချစ်၊ ဖြူစင်သောမေတ္တာ၊ ရိုးမြေကျအချစ်တွေ ဆိုတာ ဒီပီယဆေးမှာ မပါဝင်ပါဘူး။ ပီယဆေးခေါ် အချစ်ဆေး စွဲဆေးဟာ အထက်ကပြောသလို တဒင်္ဂသာဟု ပြောရတာ အကြောင်းရှိပါတယ်။

ပီယဆေးသက်တမ်းဟာ သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လ၊ ဒါလောက်အချိန်ဟာ အများဆုံးပါပဲ။ အကြာမြင့်ဆုံးအချိန်က (၆) လခန့်သာ ရှိပါတယ်။ ဒီထက်ကြာသွားရင်တော့ ဆေးက ပျက်ပြယ်လို့ ကာယကံရှင်ကသိသွားရင်တော့ အဲဒီဆေးကျွေးတဲ့သူကို လက်စားပြန်ချေပါလိမ့်မယ်။ သတ်ချင်ဖြတ်ချင်တဲ့စိတ်တောင်မက သူ့အသားကိုတောင် အစိမ်းလိုက် ဝါးစားချင်လောက်အောင်အထိ ဒေါသတခြောင်းခြောင်းနဲ့ရန်သူကြီးသဖွယ် မြင်နေရပါလိမ့်မယ်။

တွေ့ရာသင်္ချိုင်း စားမဆိုင်း ဆိုသလို ဒီလူရဲ့မျက်နှာ မြင်တာနဲ့ စိတ်က ဒေါသအလိုလိုထွက်နေပါလိမ့်မယ်။ ရွံစရာ၊ မသတီစရာလို့ပင် မြင်နေပါတော့တယ်။ ဒါလေးက ကြားဖြတ်လို့သတိပေးတာပါနော်။

ဒီနေ့ နေ့ခင်း ထမင်းစားလိုက်ပြီ။ မတင်မှုရဲ့ နောက်ဆုံးအကြံအစည်တွေ အောင်မြင်ပြီ။ သုံးကြိမ်၊ သုံးခါစေ့ပြီမို့ လုံလောက်သွားပြီလေ။ သင်းသင်းဟာ ထမင်းသာစားနေတာ၊ စိတ်က ဆေးသမားဆီပေါ့။ သူ့ခမျာ စွဲစွဲလမ်းလမ်းပင် ဖြစ်လို့နေပါပြီ။

ကျောင်းမှာ စာသာသင်နေတယ်၊ ဘာမှန်းမသိ။ စိတ်ကမပါ။ အသားက မည်းမည်း၊ ဆံပင်ကကောက်သေး၊ မျက်ပေတုံးနဲ့ ပေကတ်ကတ်လူဟာ သူ့မျက်စိထဲက မထွက်တော့ဘူး။ စာသင်တာ ဘာမှမမှတ်မိဘူး။ အချိန်တိုင်း လင်စိတ်မွန်နေရှာပြီ။

အခုဆိုရင် ရက်ပိုင်းလေးပဲရှိသေးတယ်။ အင်မတန်ရိုးသားတဲ့ သင်းသင်းလေးဟာ ရေတိမ်နစ်ရရှာတော့မယ်။ သူ့စိတ် သူမနိုင်ရှာတော့ဘူး။ သူ့ခမျာ အကောင်းပကတိက လင်တရူးဘဝ အလိုလိုရောက်လာပြီ။ အသက်ကလေး (၁၅) နှစ်ပြည့်တာပင် မကြာသေး၊ နုနုနယ်နယ် အပြစ်ကင်းစင်တဲ့ မိန်းကလေးဟာ စိတ်တွေဖောက်လို့ ဆောက်တည်ရာမဲ့လာပြီ။

ကျောင်းသွား၊ စာသင်၊ ဘာတွေပဲသင်သင် သူ မစွဲ။ သူသိတာက ဆေးသမားတစ်ယောက်တည်းသာ အချိန်ပြည့်လွှမ်းမိုးနေပြီ။ ဘယ်လိုမှမေ့ဖျောက်လို့မရတော့ဘူး။ ခဏတာပဲ ဖျောက်နိုင်ရှာတော့တယ်။ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်။ အချိန်တိုင်းမှာ ရှမ်းဆေးသမားက အနိုင်ယူသွားပြီ။

သင်းသင်းလေးဟာ သူ့စိတ်သူ အကြိမ်ကြိမ်မေးနေတယ်။ ဟုတ်တယ်။ သူသိနေတဲ့စိတ်ဟာ ဒါတစ်မျိုးတည်းပဲ။ တဏှာရာဂအားတွေစုနေတဲ့စိတ်။ အဲဒီဆေးသမားနဲ့အတူတူတွေ့ချင်ဆုံချင်တာ။ တွေ့ဆုံလို့ သူ့ဆန္ဒအလိုလိုက်ဖို့ သင်းသင်းစိတ်တွေက အလျှော့ပေးနေပြီ။

တစ်နေကုန်၊ တစ်ညလုံး ဒီစိတ်တွေသာ ထုံမွှမ်းနေတာ။ စိတ်တွေမွှန်းကျပ်နေရှာပြီ။ ဒီဝေဒနာ သူမခံစားနိုင်တော့ဘူး။ မိဘတွေရှေ့မှာတောင် သူ့မှာ အရှက်တရားဆိုတာကင်းမဲ့လာပြီ။ ဆေးသမားကိုကြည့်တဲ့အကြည့်ဟာ အရင်လို မဟုတ်တော့ဘူး။ အိုးကမပူ၊ စလောင်းကပူ၊ သင်းသင်းကပင် စနေရပြီ။ အရိပ်ပြ အကောင်ထင် မို့လား။

သင်းသင်းရဲ့အကြည့်တွေနဲ့ မိဘတွေ၊ အစ်မကြီးတွေဟာ အလိုလိုစိတ်ပူလာရပြီ။ ငါ့သမီးလေး၊ ငါ့ညီမလေး ဘယ်လိုတွေဖြစ်နေတာပါလိမ့်။ အရှက်တရားတောင်မရှိအောင် ဖြစ်လာပါပြီလား။ ဒီဧည့်သည်နှစ်ယောက်ကို မလိုတဲ့သူ၊ အမုန်းကြီးမုန်းနေသူက အခုတော့ ဆေးသမားကို ကြာပစ်နေပါပေါ့လား။

သင်းသင်းဟာ မွန်သွားပါပြီ။ ဘာဆိုဘာမျှဆောက်တည်ရာမရတော့ပါဘူး။ မိဘတွေ၊ အစ်မကြီးတွေပြောစကား နားမဝင်တော့ပါဘူး။ ဆေးသမားကို ထိကပါးရိကပါးလုပ်ပါပြီ။ ဆေးသမားကတော့ ကျိတ်ပြုံးပြုံးပေါ့။ လန်ရှူး မတင်မှုကတော့ အောင်နိုင်သူပီပီ မသိသလိုပေါ့။

သင်းသင်းတစ်ယောက်က လင်တရူးရောဂါရသွားရှာပြီ။ တကယ်မမြင်ရရင် မနေနိုင်အောင်ဘဲ၊ မတွေ့ရရင် မနေနိုင်အောင်ဘဲ လင်တရူးသွားပါပြီ။ စာဖတ်သူတို့ ဝင်စားကြည့်ပါဗျာ။ ကိုယ့်စိတ်နဲ့ တကယ်မချစ်ပါဘဲ၊ သမီးရည်းစားစကားတောင် မပြောတတ်ရှာဘဲ အလိုလို လင်တရူးရောဂါရသွားတာက ဘယ်သူ့ကြောင့်လဲ။

အောက်လမ်းပညာသည် ရှမ်းဆေးသမားရဲ့ပီယဆေးတွေ စားမိရှာလို့ မတင်မှုရဲ့ ပက်စက်တဲ့အကြံအစည်တွေကြောင့် လူကောင်းပကတိကနေ အလိုလို လင်တရူးရောဂါရရှာတာပါ။ ဒီလိုပီယဆေး၊ စွဲဆေးစားမိသူတိုင်းဟာ ဘယ်လိုမိန်းမလေးမှ ခံနိုင်ရည်မရှိရှာပါဘူး။

ယခင်က စာရေးသူက ပီယဆေးအကြောင်း နည်းနည်းပြောပြဖူးပါတယ်။ ကိုစိုးတို့တွေ့ခဲ့တာ အတော်များပါတယ်။ အိမ်ထောင်သည်ယောကျ်ားတချို့လည်း ပါသလို မုဆိုးမ၊ တစ်ခုလပ်၊ အပျိုတွေလည်း တွေ့ခဲ့ဖူးပါတယ်။ လတ်တလောအချိန်အားဖြင့် တစ်လမှ နှစ်လအတွင်းဟာ ဆေးရှိန်အမြင့်မားဆုံးအချိန် ဖြစ်ပါတယ်။

ဒီလိုဆေးမိလို့ ကောက်ကောက်ပါ

သွားခဲ့ဖူးသူတွေထဲမှာ အရာရှိကြီးရဲ့ဇနီး သည် ကလေးတွေ တစ်ပုံတစ်ခေါင်းနဲ့ တောင် မျက်မြင် ဆုံခဲ့ရဖူးတယ်။ ဆေး ဟာ အဲဒီလောက်အထိ ကြောက်စရာ ကောင်းပါတယ်။ ခြိမ်းခြောက်တာတော့ မဟုတ်ရပါဘူးနော်။ တကယ်မသိသေး တဲ့ ရိုးလွန်းအ,လွန်းတဲ့သူတွေဟာ ဒါမျိုး ဆေးတွေနဲ့ မတွေ့မဆုံရဘူးလို့ ဘယ်သူ အတပ်ပြောနိုင်ပါလဲ။ မသကာ တွေ့ခဲ့ ရင်တောင် ရှောင်ရန်၊ ဆောင်ရန်လေး နားလည်ထားဖို့ အကြံပေးတာပါ။

လူမပြောနဲ့။ တိရစ္ဆာန်တောင် မရ ဘူးဗျ။ ကောက်ကောက်ပါတာပဲ။ အရင် ကပြောဖူးတယ်။ အဲဒီဆေးကို မြက်စိမ်း စိမ်းမှာ နည်းနည်းသုတ်လို့ တောထဲက ဖြစ်စေ၊ အိမ်မှာဖြစ်စေ နွားမတမ်းတစ် ကောင်ကို အဲဒီမြက် ကျွေးကြည့်။ စားမိ တာနဲ့ အဲဒီနွားဟာ အဲဒီပီယဆေးကျွေး တဲ့သူနောက် လိုက်ခဲ့လိမ့်မယ်။ အဲ-နေ့ ခင်းမှာ ပေါ်မလာသေးရင် ညပိုင်း ချည် ထားတဲ့ကြိုး ပြတ်အောင်ရုန်းလို့ အိမ် အထိ အဲဒီ နွားမတမ်း ရောက်အောင် လာလိမ့်မယ်။ အဲဒီလောက် ဆေးကို ညွှန်းထားတယ်ဗျာ။

အခုလည်း အဖြူထည်သက်သက် သင်းသင်းဟာ ဒီဆေးတွေစားမိလို့ လင် ဘရူးရောဂါရနေပါပြီ။ သင်းသင်းခမျာ ကျောင်းမသွားချင်တော့ဘူး။ အိမ်မှာပဲ ဆေးသမားနဲ့ ပလူးပလဲ နေချင်တော့ တာ။ အနေအထိုင်ဟာ အရင်ကနဲ့ လား လားမျှမတူ။ လိုသည်ထက် လွန်လာပြီ။ ကြာလေကဲလေ၊ မန်းလေပြလေ ဖြစ်လာ ပြီ။ အဖေနဲ့ အမေက 'ဟဲ့ကောင်မလေး၊ ကိုယ့်နေရာကိုယ်နေ' လို့ အော်ပြောနေ တာတောင် သင်းသင်းက မကြားချင် ယောင်ဆောင်လာပြီ။ ပတ်ဝန်းကျင်ဆို တာ မသိသလိုဘဲ ဖြစ်လာပြီ။

အခုဆိုရင် အိမ်ပေါ်မှာ အမြဲလိုလို ရှိနေတဲ့ အဖေ၊ အမေနဲ့ အပျိုကြီး အစ်မ တွေဟာ သင်းသင်းရဲ့ အရှက်တရားမဲ့ လာမှုတွေကြောင့် မျက်စိမျက်နှာပင်ပျက် လာကြရပြီ။ ဒီလိုဖြစ်လာအောင် ဘယ် သူစ,တာလဲ ဆိုတဲ့အမေး ဦးမြင့်မောင်၊ ဒေါ်ခင်မေတို့ ကိုယ့်ရှူးကိုယ်ပြန်ပတ်ပါ ပြီ။

သူတို့လင်မယားရဲ့ ဘုမသိဘမသိ စ,လိုက်တဲ့ဇာတ်လမ်း အခု ကိုးတန်း ကျောင်းသူလေး အပျိုဖော်ဝင်စ ရေတိမ် နစ်တော့မည်။ အဖေတွေ၊ အစ်မတွေကို လည်း သင်းသင်းက မခံတော့။ စကား တွေ ပြန်ပက်လာပြီ။ သင်းသင်းဟာ အနားကွာပ်မရတော့ရှာဘူး။ စိတ်တွေမွှန် ထူသွားပြီ။

တစ်မိသားစုလုံးဟာ သင်းသင်းကို မနိုင်တော့ဘူး။ ဦးမြင့်မောင်တို့တစ်အိမ် လုံး စိတ်ဆင်းရဲရပြီ။

ဒီအချိန်မှာ ဦးမြင့်မောင်က ကိုယ့် ဆွေမျိုးတွေခေါ်လို့ အကျိုးအကြောင်း နားချရှာသေးတယ်။ သင်းသင်းကတော့ ဟုတ်ကဲ့တော့ လိုက်ပါရဲ့။ သူလုပ်ချင်ရာ စိုင်းမှာတော့ အသေအချာပါပဲ။

ဒီအချိန် ဘယ်သူမှ နားချလို့မရ တော့ဘူး။ သင်းသင်းစိတ် သင်းသင်းပိုင် တယ်။ သင်းသင်းသိတာ တစ်ခုတည်း ရှိတယ်။ ဆေးသမားနဲ့အတူတူနေရဖို့ပဲ အဲဒီစိတ်ပဲ ရှိတယ်။ သံယောဇဉ်တွေ၊ ချစ်တာတွေ၊ သနားတာတွေလည်းမမေး နဲ့။ သူသိတာက ဆေးသမားနဲ့အတူတူ နေဖို့ပဲ သိပါတော့တယ်။

ပီယဆေးတွေများ အများအပြား ရှိပါတယ်။ သန့်သန့်ရှင်းရှင်း ပီယဆေး ဟာ စိုးစဉ်းငယ်မျှသာရှိပြီး အများက တော့ ယုတ်ညံ့သော ပစ္စည်းများနဲ့သာ စီရင်ထားကြပါတယ်။ လူတစ်ဖက်သား ကို စိတ်ပြောင်းသွားအောင်၊ ကိုယ့်အ ပေါ် စိတ်ညွှတ်သွားအောင်၊ ကျွေးတဲ့သူ ကို စွဲစွဲလမ်းလမ်းဖြစ်အောင် လုပ်လိုက် တဲ့အပြုအမူဟာ ဘယ်နည်းနဲ့မှကောင်း တယ်လို့ မြင်မရပါဘူး။ ယုတ်ညံ့တယ် ဆိုတာ အထင်အရှားပါပဲ။

ဒါကြောင့် ပေးတိုင်းလည်း မယူ စေချင်ပါဘူး။ ကျွေးတိုင်းလည်းမစားစေ ချင်ပါဘူး။ တစ်စုံတစ်ဦးက ကိုယ့်အပေါ်၊ မိမိအပေါ် ဘယ်လောက်အထိညစ်ပတ် ထားမှန်းမသိနိုင်သည့်အတွက် ရှောင်နိုင် တာဟာ အန္တရာယ်အကင်းဆုံးပါပဲ။

နောက်ဆုံးတော့ သင်းသင်းဟာ နေမြင့်လေ အရူးရင့်လေ ဖြစ်ပါပြီ။

အိုးကမပူ၊ စလောင်းက ပူရှာပြီ။ သင်းသင်းဟာ လန်းရှူး မတင်မူကို တီးတိုး ချဉ်းကပ်ရရှာပြီ။ သူကတစ်ဆင့် ပြောပေးဖို့ပေါ့။ မတင်မူရဲ့ရိုက်ချက်ထဲ တန်းဝင်လာပြီမို့ ဒီကကောင်မက ကျိတ် လို့ဝမ်းသာနေပြီပေါ့။

သင်းသင်းဟာ အရှက်တရားမဲ့ မတင်မူကိုပြောလိုက်တဲ့စကားလေးက-

"ဦးကိုပြောပေးပါ။ သမီးကို ခိုးပါ တော့လို့"

ဒီလိုလာမယ်ဆိုတာ ဆေးသမား နဲ့မတင်မူကသိတယ်လေ။ဒါတွေအားလုံး က သူ့ကိုအကြံအစည်တွေပဲမို့လား။ ဟို ဆေးသမား ငနွားက အကြံပိုင်သလား မမေးနဲ့။ နောင် ပြဿနာတစ်စုံတစ်ရာ ဖြစ်လာမှာ သူက ကြိုတင်ကာကွယ်နိုင် မှာမို့လား။ သူ့ဘက်က လက်ဆေးထား ပြီးသားဗျာ။ ပိုင်သလားမမေးနဲ့။တကယ် ပါ။ အကြံအတော်ကြီးတဲ့သူတွေပါ။

စာဖတ်သူတို့ စဉ်းစားသာကြည့် ဗျာ။ ဒီဆေးသမား အကြံပက်စက်ပုံ။

သင်းသင်းဟာ အသက်မပြည့် သေးဘူးနော်။ (၁၆) နှစ်ထဲမှာ။ အသက် မပြည့်ဘဲနဲ့ ခိုးယူပေါင်းသင်းခဲ့ရင်၊ ပြဿ နာတစ်ခုခုဖြစ်ခဲ့ရင် ဂါတ်တဲရောက်မှာ မဟုတ်လား။ အဲဒီ ဂါတ်တဲ မရောက် အောင်လို့ တမင်ကြံစည်တာဗျ။

'ကျွန်တော်က အနေသာကြီးပါ။ ခင်ဗျားတို့သမီးက ကျုပ်ကို ခိုးခိုင်းလို့၊ တစ်ခါမက, နှစ်ခါမကပြောလွန်းလို့ ကျုပ် ကခိုးတာပါ။ ကျုပ်မှာအပြစ်မရှိ။ ခင်ဗျား တို့သမီးခိုင်းလို့ ကျုပ်ကလုပ်တာပါ' လို့ ဆင်ခြေအလွယ်ကလေးပြန်ပေးမယ်လေ။

သင်းသင်းဟာကျောင်းသွားလိုက်၊ ပျက်လိုက် တစ်ပတ်အတွင်းမှာပဲရင်တွေ ပူလို့ စိတ်တွေယိုင်နေရှာပြီ။ ဘာအလုပ် မှလည်း ကောင်းကောင်းလုပ်မရ။ စိတ် ထဲက အကျိတ်အခဲက မေ့ဖျောက်လို့ လုံးလုံးမရတော့တာမို့ မတင်မူကို တိုက် တဆိတ် ပြောပြလိုက်ရပြီ။ သူကတစ် ဆင့် ဆေးသမားကို အပြောခိုင်းထားရှာ တာပေါ့။

ဒီနေ့တော့ သင်းသင်းဟာ အလှ ဆုံးနေ့ပဲ။ သူ့ရဲ့တစ်ရပ်လောက်ဆံကေ သာမှာ အုန်းဆီမွှေးတွေလူး၊ မည်းနက် နေတဲ့ သူ့ဆံစလေးတွေ အသာအယာ ဖြီးလို့ ကျစ်ဆံမြီးလေးကျစ်ထားရှာတယ်။ သနပ်ခါးမွှေးမွှေးလေးလိမ်း၊ နှုတ်ခမ်းနီ ပါးပါးလေးဆိုးလို့ သဇင်ပန်းတွေဝေနေ အောင် ပန်၊ ကျောင်းစိမ်းလုံချည် ရင်ဖုံး အဖြူနဲ့ ကျောင်းကိုသွားခဲ့ပြီပေါ့။

သင်းသင်းရဲ့အရိပ်အခြည်ကို အ သေးစိတ်စောင့်အကဲခတ်နေသူကတော့ မတင်မူနဲ့ ဆေးသမားပေါ့။ ဆေးသမား ကတော့ တဏှာဘီလူးပီပီ ကျိတ်လို့ပြုံး နေရှာမှာပေါ့။ ဒါတွေက မတင်မူရဲ့ အကြံအစည်တွေပါပဲ။ သင်းသင်းကို အဖြူအစိမ်းဝတ်၊ ကျောင်းကို သွားခိုင်း လေမှ ဘယ်သူမှမရိပ်မိမှာကိုး။

သင်းသင်းရဲ့အဝတ်အစားနဲ့ ဟို ဆေးသမား အဝတ်အစားတွေကိုတော့ မတင်မူက အလိုက်သင့်ထည့်လို့ ရွာ လည်ထွက်ရင်း ယူခဲ့မှာလေ။ ဒီနေရာ လေးမှာ သင်းသင်းဘဝ အညွန့်မကျိုး သေးခင် အကောင်းမြင်စိတ်ကလေးဝင်

မိပါရဲ့ဗျာ။

ဦးမြင့်မောင်တို့အိမ်မှာ အလည် ရောက်တယ်။ တည်းအိမ်နဲ့ စားစရာ ကောင်းတော့ မတရားနည်းစသုံးတယ်။ ဆိုလိုတာက စားပေါက်ရအောင် လုပ်တာပေါ့။ ဒီအိမ်မှာဆေးကုတယ်။ သူတို့က စီးပွားလာရှာတာ။ အလိမ်အညာတွေနဲ့ စီးပွားရှာတာတောင် အေးအေးလူလူ မရှာဘူး။ တစ်ဖက်မိသားစုကို ပြောင်းဆန်အောင်ဒုက္ခပေးကြတာလေ။ တည်းခိုခွင့်နဲ့ ထမင်းတစ်နပ်ကျေးဇူးတွေ ဘယ်ရောက်ကုန်ကြပါလိမ့်။ သံသရာဘေး တွေးမကြောက်ကြဘူး။

မတင်မူက လန်ရှူးပီပီ ဒီလိုကိစ္စတွေမှာ ကျွမ်းနေပြီထင်ရဲ့။ သူလည်း ဒီဆေးသမားနဲ့ နယ်တကာလျှောက်လိုက်လိမ်စားနေတာ။ သူတောင် ဒီဆေးသမားနဲ့လွတ်ပါ့မလား။ သူ့မှာလည်း လင်ကြီးနဲ့ သားသမီးတွေရှိမှာပဲလေ။ ရောက်တဲ့အရပ် သူတို့က မောင်နှမတဲ့။ တစ်နေရာရောက်ရင် တူဝရီးတဲ့။ ဆရာ၊ တပည့်မတဲ့။ အမျိုးမျိုးလိမ်နေတာ။

ဒီအထဲက စကားပြောတဲ့အခါ စကားမတည်ဘူး။ သူတို့နေတဲ့ရွာက ရှမ်းပြည်နယ်ပဲ။ ဟိုရွာ ဒီရွာ စုံနေအောင်ပြောတာပဲ။တိတိကျကျမပြောဘူး။လိုက်လာလို့မရအောင်။ အဲဒီလောက် ပါးနပ်ကြတယ်။ တချို့အသိတွေက နှာခေါင်းတောင် ရှုံ့နေပြီ။ ဒီဆေးသမားနဲ့ သူက မောင်နှမတဲ့။ ရုပ်က လားလားမျှမတူ။ ဟိုဆေးသမားက မျက်ပေတုံး။ မျက်ရစ်က မပါဘူး။ အသားက မည်းတာလိုလို၊ ဖြူတာလိုလို။ တကယ့်ရှမ်းအစစ်။ သူက ဗမာရုပ်။ ဒါ မောင်နှမလား။

အလှဆုံးပြင်ထားတဲ့သင်းသင်းဟာ ကျောင်းကို တစ်နာရီလောက်စောထွက်ခဲ့တယ်။ အကြောင်းပြချက်က ဒီနေ့ အသင်းအလှည့် သန့်ရှင်းရေးလုပ်မယ့်နေ့တဲ့။ သင်းသင်း သွားလို့ နာရီဝက်လောက်အကြာမှာတော့ မတင်မူက အဝတ်အစားထုပ်နဲ့ ရွာထဲအလည်ဆိုပြီး ထွက်တယ်ပေါ့။

မတင်မူထွက်လို့ နာရီဝက်အကြာမှာ ဆေးသမားက ရွာထဲထပ်ထွက်တာပေါ့။ ရွာက စာသင်ကျောင်းကအစွန်မှာ။ ကျောင်းရှေ့မျက်နှာစာမှာပဲ ခြံစည်းရိုးရှိတယ်။ ဘေးနှစ်ဖက်နဲ့ နောက်ကျောက ဂျာမနီချုံတွေ၊ နဘူးချုံတွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်းခြံစည်းရိုးပဲ ရှိတယ်လေ။

သင်းသင်းဟာချိန်းထားတဲ့အတိုင်း ကျောင်းနောက်ကျောက နဘူးချုံနားမှာ ထိုင်လို့စောင့်နေရှာတာပေါ့။ သိပ်မကြာ၊ မတင်မူက သင်းသင်းဆီ လိုက်လာပြီ။ မတင်မူဆီက အဝတ်အစားယူ၊ လဲခိုင်းပြီးတော့ သင်းသင်းဟာ သာမန်အရပ်သူ ဖြစ်သွားပြီ။

ကျောင်းလွယ်အိတ်ကလေးနဲ့ အဝတ်အစားထုပ်လေးပိုက်လို့ ချုံနံဘေးမှာ ကြောက်ဒူးတွေတုန်နေရှာပြီ။ သူ့ခမျာ အရဲစွန့်ခဲ့ရှာတာကိုး။ အိမ်က မိသားစုတွေ ပြောင်းဆန်နေမှာ ကြိုသိတယ်။ သူမျှော်နေရှာတာက ဆေးသမားကိုပေါ့။ မတင်မူက အလိုက်သင့်စောင့်ရင်း ကျိတ်ပြုံးနေမှာပေါ့။

သိပ်မကြာ။ဆေးသမားတဖျာရှူးပေါ်လာပြီ။ မတင်မူက အလိုက်သင့်ဆီးကြို။

"လာ- ငါ့နောက်လိုက်ခဲ့"

မတင်မူခေါ်တဲ့နေရာက ရေဆိပ်ကို။ ဟိုဘက်ကမ်း ကူးတို့ဆိပ်နဲ့ကူးမှာလေ။ ခြေရာဖျောက်တာပေါ့။

ကူးတို့ဆိပ် ရောက်ပြီ။ ဟိုဘက်ကမ်းကူးဖို့ပြင်ပြီ။ ကူးတို့သမားက ဦးမြင့်မောင်ရဲ့သူငယ်ချင်းမို့ သင်းသင်းကိုသိတယ်။ တစ်ဖက်ကမ်း ပေါင်းထိုးသွားမယ်အထင်ပဲ မြင်တာကိုး။ တစ်ဖန် သင်းသင်းရဲ့အဝတ်အစားက အဟောင်းတွေဝတ်ထားတာ ဆိုတော့ တကယ့်တောသူနဲ့ တူနေတာလေ။

ဒီကူးတို့က တစ်ဖက်ကမ်းက ပဲခင်း၊ နှမ်းခင်း၊ နေကြာခင်းတွေဆီကို အလုပ်သွားလုပ်ကြတဲ့ တောင်သူတွေ၊ အလုပ်သမားတွေ ပို့ပေးတဲ့ ကူးတို့သာ ဖြစ်တယ်။ ခေါက်ပြန်ပေးစနစ်တော့ မဟုတ်ပေ။ တစ်နှစ်လုံးမှာ ပုတ်ပြတ်ပေးရသောစနစ်သာဖြစ်ပါတယ်။အလုပ်သမားတွေက ဘယ်နှခါသွားသွား အခင်းရှင်နာမည်သာ ပြောရုံပါပဲ။ သူက နှစ်ပြတ်ဆောင်ထားတာမို့လား။

တစ်ဖက်ကမ်းရောက်လို့ လာရာလမ်း ကူးတို့ဆိပ် လှမ်းမျှော်ကြည့်တော့ မတင်မူရဲ့ လက်ပြနေဟန်က အထင်းသားမြင်ရသေးတယ်။ သင်းသင်းနဲ့ဆေးသမားနှစ်ယောက်တည်းပေါ့။ သင်းသင်းဟာ ဆေးသမားနောက် ခိုးရာလိုက်ခဲ့မိပြီလေ။ သူတို့နှစ်ယောက် မနားအား။ သောင်ပြင်အခင်းတွေ တစ်ခင်းပြီးတစ်ခင်းဖြတ်ခဲ့ပြီ။ နှစ်ယောက်သား ချွေးတွေသံတွေနဲ့ ခပ်သုတ်သုတ် နှင်လာလိုက်တာ တောင်ခြေနီးလာပြီ။

တောင်ကုန်း ခင်တန်းလေးတွေတက်လိုက်၊ ဆင်းလိုက်နဲ့ မောရမှန်းမသိရှာ။ တောင်ခြေရင်းအကျိုးအကြား ပဲခင်းတွေနားရောက်ခဲ့ပြီ။ နေတောင်မွန်းတည့်နေပြီ။ ပတ်ဝန်းကျင်အကဲခတ်တော့ သူ့အခင်း ကိုယ့်အခင်း တဲလေးတွေက ဟိုတစ်လုံး၊ ဒီတစ်လုံးပေါ့။ ဒီဘက်နယ်က အခင်းရှင်တွေဟာ သူ့တဲ၊ ကိုယ့်တဲ ဆောက်တဲ့အကျင့် ရှိတယ်။ ဖြစ်သလို မဆောက်ကြဘူး။ ကျွန်းတိုင်ကောင်းကောင်းနဲ့ ခြေတံရှည် နွားလွတ်ဆောက်ထားလေ့ရှိတယ်။ အပေါ်မှာမီးဖိုတောင်ထားကြတယ်။

တစ်ဖန် တဲရှင်တွေဟာ စိုက်ပျိုးပြီးလို့ အိမ်ပြန်တဲ့အခါ အိုးခွက်တွေ၊ စောင်ထုပ်တွေ အပေါ်ကျပ်ခိုးစင်မှာ တင်ထားလေ့ရှိကြပြန်တယ်။ တစ်ဖန် ပြောင်းဖူးခြောက်၊ ဖရုံသီးကအစ စင်မှာတင်ထားကြလေရဲ့။ ဒီအထဲက အမိုးအကာလုံတဲ့တဲလေးတစ်လုံးဟာ သူတို့နှစ်ယောက်အတွက်တော့ ဘုံကောင်းလေးပေါ့။

ဒီထက် ဝမ်းသာစရာက တဲရှင်ရဲ့လင့်စင်ပေါ်က ဒန်အိုးဟောင်းနဲ့ ပြောင်းဖူးခြောက်တွေကအသင့်။ စောင်ထုပ်တလည်းဟောင်းပေမယ့် ခြုံလို့ရသေးတယ်လေ။ ရာသီကလ ဆောင်းဝင်ပြီလေ။ သစ်ကြီးဝါးကြီးတောင်ခြေရင်းမို့ ညနေစောင်းတော့ အေးစိမ့်လာပြီ။ ဝမ်းသာစရာက တောင်ခြေရင်းက စားတော်ပဲခင်းတွေက အညွန့်တလူလူ။ လေယူရာယိမ်းနေလေပြီ။

ဆေးသမားက ထင်းတုံးကြီးတွေထမ်း၊ တဲအောက်မှာမီးဖိုတယ်။ စားစရာကတော့ ပြောင်းဖူးခြောက်ပြုတ်ရမယ်၊ ပဲညွန့်တွေကောက် ပြုတ်စားရမယ်။ ဒါပဲရှိတယ်လေ။ အနီးအနားရွာမှ မရှိဘဲ။

ဒီနေ့ မနက်စာလည်းမစားရသေးဘူး။ စားတော်ပဲရွက်လည်း ဆားမပါတော့ ရေလုံပြုတ်ပေါ့။ သင်းသင်းခမျာ မစားရဲရှာဘူး။ သူ့ခမျာ အပျိုပေါက်နုနုထွတ်ထွတ်လေးပဲ ရှိသေးတာကိုး။ ခေါင်းလေးငုံ့လို့သာ နေရရှာမှာပေါ့။ ဟိုတဖျာဘီလူးက အသက် (၃၀)ဆိုတော့ အားရှိအောင် စားမှာပေါ့။ တဖြည်းဖြည်းနဲ့ နေဝင်စပြီ။

သင်းသင်းဟာ တဲပေါ်မှာ တစ်ကိုယ်လုံးတုန်နေရှာတယ်။ဘယ်လောက်ကြောက်ရှာမလဲလေ။စဉ်းစားကြည့်ပေါ့။ ဆေးသမားက အပါး။ ပါလာတဲ့ ဖက်ကြမ်းဆေးလိပ်သောက်ရင်း အကြံထုတ်နေပြီပေါ့။ ဒီနေရာလေးမှာ ဆေးသမားက ကျေးဇူးတရားသိတတ်ခဲ့ရင် အချိန်မီပါသေးတယ်။ သူ့နှမ၊ ကိုယ့်နှမပေါ်ထား

မယ့် မေတ္တာတရား၊ ကိုယ့်သွေးကိုယ့်သားတစ်ယောက်လို ထင်ရာမစိုင်းဘဲ အချိန်မီ အိမ်ပြန်ပို့ခဲ့မယ် ဆိုရင် ဘယ်လောက်ဝမ်းသာစရာကောင်းမလဲဗျာ။

အမှန်တကယ်တော့ ဆေးသမားက လူအိုပါ။ သူ့မှာ မယားကြီးငုတ်တုတ်နဲ့လို့ ကလေးတောင် နှစ်ယောက်ရှိပါတယ်။ ဒီမိန်းကလေးကို သူဟာ ခြေတော်တင် ဖျက်ဆီးဖို့သက်သက်ပဲ ကြံသတ်တာ ထင်ရှားပါတယ်။ ကြာကြာပေါင်းရမှန်းလည်း သိတယ်။ တမင်သက်သက် ယုတ်မာသွားတာပါ။

ဒီနေ့ညမှာပဲ တောင်ကြားတောဘက်က တဲလေးထဲမှာ သင်းသင်းရဲ့ အပျိုစင်ဘဝဟာ အောက်လမ်း ဆေးသမားရဲ့ သားမယားအဖြစ် ပြုကျင့်ခြင်းကိုခံရပါတော့တယ်။ သင်းသင်းဘဝက ဘာမသိညာမသိ လင်ရသွားရှာပါပြီ။

လန်ရှူး မတင်မူကတော့ သင်းသင်းနဲ့ဆေးသမား လှေဆိပ်မှာကွယ်တာနဲ့ ရွာထဲကို ဟန်မပျက် အိမ်ပြန်ဝင်လာပါတယ်။ သူ့ပုံစံက သူဘာမှမသိသလိုပေါ့။ နေ့ခင်းကျောင်းဆင်းတော့ သင်းသင်းဟာ ထမင်းစားမပြန်လာဘူး။ ဧကန္တသူ့သူငယ်ချင်းအိမ် လိုက်စားတာလားပေါ့။

ထူးဆန်းတာက ဆေးသမားလည်း ဒီနေ့တစ်နေ့လယ်လုံး အိမ်မှာမရှိ။ထမင်းလည်းမစားသေး။ မတင်မူကတော့ ဟန်မပျက် လိမ်နေမှာပေါ့။ ညနေ ကျောင်းဆင်းပြီ။ သင်းသင်းပေါ်မလာဘူး။အိမ်က အငယ်ဆုံးမလေးက အိမ်ရောက်ပြီ။ သူ့အစ်မသင်းသင်းအကြောင်းမေးတော့ မသိဘူးတဲ့။

အဖေ၊ အမေနဲ့ အပျိုကြီးတွေ မျက်ပြူးဆန်ပျာဖြစ်ကြပြီ။ နီးစပ်ရာတွေ ထွက်လို့စုံစမ်းကြပြီ။ သင်းသင်းရဲ့သူငယ်ချင်းတွေအကုန်မေးကြည့်တော့ ပိုလို့စိတ်ပူရပြီ။ သင်းသင်းဟာ မနက်ပိုင်းကတည်းက ကျောင်းမတက်ဘူးလို့ပြောကြပြီ။ ဒီကလည်း မနက်ကတည်းက ကျောင်းဝတ်စုံအပြည့်နဲ့ ကျောင်းသွားတယ်။ ခက်ချေပြီ။ ဒါဆို သင်းသင်းဘယ်ရောက်နေလဲရှာကြပြီ။

ဦးမြင့်မောင်တို့ စမွေးတဲ့မီး အခုသမီးငယ်သင်းသင်း ဒုက္ခတွေ့နေပြီ။ ဒီတိုင်းနေလို့တော့ မဖြစ်ချေဘူး။ ဦးမြင့်မောင်ဟာ အမျိုးတွေ အကူတောင်းလို့ တောင်မြောက်လေးပါးလူတွေခွဲလို့အရှာခိုင်းရပြီ။ ဒီအထဲက အထူးခြားဆုံးက မတင်မူပါပဲ။ သူက ဘာမှမဖြစ်သလို၊ မသိသလိုနဲ့ ဖောလျှောလိုက်နေတယ်။

သူ့ဆရာဆေးသမား ပျောက်နေတာတောင် ရွာအနောက်ပိုင်း ဆေးကုသွားနေတယ်လို့ ပြောင်လိမ်ထားသေးတယ်။ အချိန်က တဖြည်းဖြည်းနဲ့ ညရောက်လာပြီ။ ဦးမြင့်မောင်တို့ တစ်မိသားစုလုံးဟာ ထမင်းတောင်မစားနိုင်ရှာပါဘူး။ အရှာထွက်တဲ့သူတွေက အလျှိုလျှိုတော့ ပြန်ခဲ့ကြပါရဲ့။ ဘာသတင်းမှမထူး။

အပျိုကြီးတွေခမျာ တစ်အိမ်ဆင်း၊ တစ်အိမ်တက်နဲ့ ဖတ်ဖတ်မောနေပြီ။ ဒေါ်ခင်မေကတော့ မျက်ရည်စက်လက်နဲ့ ငိုနေပြီပေါ့။

ညဉ့်နက်လာတော့ ဦးမြင့်မောင်တို့ရိပ်မိပြီ။ ဆေးသမားဟာ ခုထိအိမ်ပြန်မရောက်သေးဘူးလေ။ ဧကန္တ ငါ့သမီးလေးကိုသင်းမျှားခိုးသွားလေရော့သလားပေါ့။ မတင်မူအနားမှာရှိတာတောင် ရဲရဲတင်းတင်းမမေးရဲရှာဘူး။ အားနာကြီးလို့ထင်ရဲ့။

ဒီနေ့တစ်ညလုံး သင်းသင်းအလာစောင့်ရင်း မိုးစင်စင်လင်းခဲ့ပြီ။ မနက်လင်းတော့ ဦးမြင့်မောင်ဟာ ဖွဲ့မလျှော့ရှာပါဘူး။ သမီးကိုလူစုခွဲရှာဖို့ စီစဉ်ပြန်တယ်။ အဖွဲ့လိုက် အဖွဲ့လိုက်ခွဲလို့ ရိက္ခာတွေပေးလို့ ဂန့်ဂေါနယ်၊ ထီးလင်းနယ်အထိတောင် ထွက်ရှာခဲ့ကြတယ်။ အဲဒီအချိန်က ယောနယ်မှာ ရထားလမ်းကမရှိသေးဘူး။ ကားလမ်းကလည်း ချိုင့်ခွက်ကျောက်ကြမ်းလမ်းလေး။ကလေး၊ဂန့်ဂေါ၊ ထီးလင်း ခရီးသွားရင် လှည်းနဲ့သွားကြတယ်။ တချို့က စက်ဘီးနဲ့ညအိပ်သွား၊ တချို့က ခြေကျင်ပေါ့။ အခု သင်းသင်းကိုရှာတဲ့သူတွေဟာ ခြေကျင်ခရီးပဲသွားရတယ်။

လူပျောက်ရှာပေမယ့် တစ်ယောက်တည်းမရှာရဲဘူး။ တစ်ရွာနဲ့တစ်ရွာ တောတွေ၊ တောင်တွေဖြတ်ရတယ်။ တောကောင်တွေက ပေါပါဘိသနဲ့။ အဖွဲ့နဲ့ရှာမှသာ အဆင်ပြေမယ်လေ။ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက် ချင်းတောင်ရိုးအထိ ရှာကြတာ။ ရှာသူတွေ စရိတ်ပြတ်လို့ ရွာပြန်ရောက်ကြပြီ။ သင်းသင်းကိုတော့မတွေ့ရှာဘူး။ ဒါတွင်မက နောက်ရက်တွေမှာလည်း ရိက္ခာထပ်ဖြည့်လို့ရှာသေးတယ်။ အစ်ကိုကြီးနှစ်ယောက်လည်း သူတို့သူငယ်ချင်းတွေနဲ့ ရှာပါတယ်။ မတွေ့ရှာပါဘူး။

(ဆက်ရန်)

စိုးမင်း(မြောက်စည်း-ရွာသစ်)

နွားဦးချိနာကုသနည်း

မောင်ရေမွှေး(နတ်မောက်)

နွားများတွင် ဦးချိနာဖြစ်ပါက မကုသလျှင် ပိုးဝင်လောက်တတ်ပြီး ပျက်စီးဆုံးရှုံးတတ်ပါသည်။

အထူးသဖြင့် နွားအချင်းချင်း အငွေ့သန်ရန်လိုသော နွားများနှင့် နွားသိုး၊ နွားပျို၊ မညှပ်ရသေးသော နွားများသည် အချင်းချင်းရန်စောင်ဝှေ့ရာမှဦးချိအပေါ်ခွံကျွတ်ထွက်သွားခြင်း၊ ဦးချိကျိုးပဲ့ပျက်စီးခြင်းဖြစ်ပြီး ဦးချိနာဖြစ်ရသည်ကများပါသည်။ သို့သော် တစ်ခါတစ်ရံတွင် မတော်တဆ ထိခိုက်ရာမှလည်း ဦးချိနာဖြစ်ပေါ်တတ်ပါသည်။

ထိုသို့ ဦးချိနာဖြစ်လာပါက အောက်ပါစည်းဆေးပြုလုပ်၍ အမြန်ဆုံးစည်းပေးထားလိုက်ပါ။ တစ်ကြိမ်စည်းပေးထားလျှင်ပြီးပါသည်။ အနာခြောက်သွေ့ပျောက်ကင်းပါသည်။ ပိုးလည်း မဝင်နိုင်ပါ။ စည်းဆေးပြုလုပ်နည်းမှာ-

* ပရဆေးဆိုင်မှ ဆေးငရုတ် (၁)ကျပ်သား၊
* ဆေးရွက်ကြီးအမှုန့်ပြု (၁) ကျပ်သား၊
* ကွမ်းစားထုံး (၁) ကျပ်သား၊
* ထန်းလျက်တစ်ခဲသင့်သင့်။

အားလုံးကို ညက်စွာထောင်းသမစေပြီး ဦးချိနာကိုစည်းပေးထားလိုက်ပါ။ သူ့အလိုလို တစ်ပတ်ဆယ်ရက်ရှိလျှင် ပျောက်ကင်းသွားပါမည်။ ဦးချိနာအတွက် ကုသမခက်၊ ဆေးမခက်ကြောင်းတင်ပြရေးသားအပ်ပါသည်။

မောင်ရေမွှေး(နတ်မောက်)

မိုးကျော့ ၏ ဂမ္ဘီရရွှေအိုးကြီး

သူရဋ္ဌမဂ္ဂဇင်း အခန်းဆက်ဝတ္ထု | ရ

(ယခင်လမှအဆက်)

မြသင်တို့မြေးအဖိုး ရွာ၌ မိမိတို့ရှိနေကြစဉ်က ရက်ဆက် ရွာသွန်းနေသော နယုန်လမိုးသည် ယခုတော့စဲသွားပြီ။ လမ်းတစ်လျှောက်တွင် စိမ်းလန်းစိုပြေသော သစ်တောသစ်ပင်များမှာသာယာစိုပြေလျက်ရှိသည်။ သို့သော် အတိဒုက္ခရောက်လာကြသော မြသင်တို့မြေးအဖိုးနှစ်ယောက်အတွက်ကား ဘာမြို့ရှိရာအရပ်ဘက် ခရီးဆက်လာကြသည်။

ရောကန္တရကပ်ဆိုးကြီးမှ အသက်လုပြေးလာကြရသူများပီပီ ပင်ပန်းနွမ်းနေသည်ကိုလည်း သတိမထားနိုင်ကြ။ ရှိသမျှ ခွန်အားကို စိုက်ထုတ်ကာ ခရီးကြမ်းကြီးကိုသာ အပြင်းနှင်လာကြ၏။ သူတို့မြေးအဖိုး စိတ်စောနေသည်မှာ မြို့ကိုမြန်မြန်ရောက်ရေးသာ။

ထို့ကြောင့် လမ်းခရီးစပ်ကြားတွင် ရွာကိုတွေ့သော်လည်း သူတို့မြေးအဖိုးမှာဘယ်ရွာကိုမှမဝင်ရဲကြ။ သူတို့အား ဝေးဝေးလံလံက သူတို့ကြားဖူးသော ရွာတစ်ရွာကဟုသာပြောလာကြသည်။

အကယ်၍ သူတို့မြေးအဖိုးအား ကပ်ရောဂါကြီး ကျရောက်နေသော ညောင်ရွာက ပြေးလာကြသူတွေဟု သိသွားကြလျှင် တစ်ဆင့်စကားတစ်ဆင့်နားနှင့် မြို့ပြည်ကို သတင်းပေါက်ကြားသွားပါက သူတို့မြေးအဖိုးအား မြို့တလည်း အဝင်မခံဘဲ မောင်းထုတ်ကြမှာတွေးပူလာကြရသေးသည်။

ထို့ကြောင့်လည်း သူတို့မြေးအဖိုးမှာရွာကိုတွေ့သော်လည်း မဝင်ရဲ၊ အိမ်ကိုတွေ့သော်လည်း ဝင်မတည်းခိုရဲ။ လူတွေကိုတွေ့သော်လည်း နှုတ်မဆက်ရဲနှင့်၊ မိုးချုပ်မှ လူသူကင်းမဲ့နေသော ယာတဲဟောင်း၊ နွားတင်းကုတ်ဟောင်းများ၌သာ ဝင်အိပ်ကြ၊ ရောက်ရာနေရာတွင်ဆန်ပြုတ်ပြုတ်စားကြနှင့်။

တစ်ခုမှသာယာမည်ဟုမမြင်မိကြ။ တစ်သက်တာလုံးနေထိုင်ခဲ့ကြသော မိမိတို့ရွာကိုခွဲခွာပြီး ပြေးလာကြရသူတွေဖြစ်သဖြင့် အရာဝတ္ထုအားလုံးမှာ လွမ်းစရာဆွေးစရာချည်းသာ။

ကောင်းကင်တွင် မိုးမရွာသော်လည်း မိုးသားတိမ်တိုက်များ အုံ့ဖွဲ့နေသည်။ အပူရှိန်မှာ ပြင်းပြင်းစူးရှခြင်းမရှိ။ ထို့ကြောင့်လည်း မြသင်တို့မြေးအဘိုးနှစ်ယောက်မှာ ထင်ခဲ့ကြသည်ထက်ပင် ခရီးတွင်လာကြသည်။ သည်လိုနှင့်သူတို့မြေးအဘိုးမှာ တစ်တောဝင်တစ်တောင်တက်၊ တစ်ကွင်းကျော်၊ တစ်ရွာဖြတ်နှင့် ကပ်ရောဂါကြီး ဆိုက်ရောက်နေသော ညောင်ရွာကလူတွေမှန်း သိသွားကြမှာ အလွန် စိုးရိမ်ကြောင့်ကြလျက်ရှိကြသည်။ ထို့ကြောင့် လမ်းခင်းတွင် မည်သူမေးမေး ညောင်ရွာကဟု ယောင်၍ပင် မထွက်မိစေရန်လည်း အထူးသတိထားလာကြရသည်။ သူတို့မှာ သူတို့ရွာနားတစ်ရွာရွာကပါဟုပင် မပြောရဲကြဘဲ

မနက်ကျလျှင်လည်း လူတွေမြင်မှာတွေ့မှာစိုး၍ ကြက်ဦးမတွန်မီကပင် ဆန်ပြုတ်ပြုတ်သောက်ပြီး ခရီးဆက်ထွက်လာကြရသည်။

သည်လိုနှင့် လမ်းခရီး၌နှစ်ညအိပ်ပြီးသောအခါ မြို့နား ပြည်နားရောက်

သာကြ၏။

ဈေးပြင်ကမ်းနားမှ ပြန်လာကြသူများ၊ ဟင်းသီးဟင်းရွက်သွားရောင်းကြသောလူများ၊ နွားလှည်းများကို လမ်းတစ်လျှောက်တွင် ပြတ်တောင်း ပြတ်တောင်းတွေ့လာရသည်။ တစ်လှည်းနှင့်တစ်လှည်း တစ်ယောက်နှင့်တစ်ယောက် ဈေးသတင်း၊ မြို့သတင်းမေးကြ၊ စုံစမ်းကြသံကိုလည်း ကြားလာရသည်။

မြို့နှင့်နီးလာပြီးဖြစ်သဖြင့် လူတွေလှည်းတွေကိုရှောင်၍မရတော့။ တစ်ကွေ့မဟုတ်တစ်ကွေ့ လူတွေနှင့်ပက်ပင်းတိုးမိကြသည်ချည်းသာ၊ မြို့ကိုနီးလာပြီဟူသောအသိနှင့် မြသင်တို့မြေးအဘိုးနှစ်ယောက်မှာ ခြေလှမ်းပိုသွက်လာကြသည်။

သို့သော် သူတို့မြေးအဖိုးအားဘယ်ရွာကလဲ၊ ဘာကိစ္စမြို့ကိုသွားကြတာလဲ၊ ဘာရောင်းမလို့လဲ၊ ဘာဝယ်မလို့လဲဟုတွေ့သူတိုင်းက မေးကြမြန်းကြမှာစိုးသဖြင့် သူတို့မြေးအဖိုးမှာသူတောင်းစားမြေးအဖိုးပမာဆောင်၍ အကျီလုံချည် အစုတ်အပြဲအဖာအထေးအဟောင်းအနွမ်းတွေကို လဲဝတ်ကာတွေ့သမျှလူတွေ၊ လှည်းတွေဆီက ထမင်းကျန် ဟင်းကျန်များကို တမင်တောင်းစားကြရပြန်သည်။

သည်လိုနှင့် သူတို့မြေးအဖိုးသည် သုံးမြောက်သောနေ့မှာ မြို့အဝင်ဝကို ရောက်လာကြသည်။

နေညိုသွားပြီးဖြစ်သဖြင့် မြို့ထဲကို

ချက်ချင်းမဝင်ဝံ့ကြသေး။ မြို့နားတွင် တစ်ညတည်းခိုအိပ်စက်ကြရမည့်နေရာ ကိုရှာကြရာ မြို့အဝင်ဝက ဇရပ်ပျက်တစ် ဆောင်ကိုတွေ့ရလေသည်။

ထိုဇရပ်ပျက်တွင် ဇရပ်အောက်၌ ခရီးသွားများ ကုန်ရောင်းကုန်ဝယ်နှင့် မြို့ကိုလာကြသူများ၊ တည်းခိုသွားကြ သော မီးဖိုနှင့်နွားစာအကြွင်းအကျန် များကိုတွေ့ကြရ၏။

ဤမျှဆိုလျှင် သူတို့မြေးအဘိုး လည်း ဤဇရပ်ပျက်ကြီးတွင် တစ်ည တော့တည်းခိုနိုင်ပြီဆိုသည်ကို သိကြ သဖြင့်ဝင်ရောက်တည်းခိုလိုက်ကြသည်။

*

မိုးချုပ်၍ မကြာမီမှာပင် တစ်ရက် နှစ်ရက် အုံ့မှိုင်းနေသော နယုန်လမိုးကြီး သည် ရုတ်ခြည်း သဲကြီးမဲကြီးရွာချလာ ၏။ ထိုအခါ အမိုးမလုံသော ဇရပ်ခေါင် မိုးပေါ်က မိုးရေမိုးပေါက်များသည် မြသင်တို့မြေးအဖိုး အိပ်စက်နားနေရန် လုပ်ထားသောနေရာသို့ ဒလဟောသွန် ကျလာသည်။

မြေးအဖိုးနှစ်ယောက်မှာ လေ ကွယ်မိုးကွယ်ဟူသောအထင်နှင့် နေရာ ယူထားကြသော ထိုနေရာမှဇရပ်ထောင့် တစ်နေရာသို့ ပြောင်းရွှေ့ကြရပြန်၏။ မိုး ကား ပို၍ပင် သဲသဲမဲမဲရွာလာသည်။

ထိုအချိန်မှာပင် မှောင်ကြီးမည်း ကြီးထဲ တုန်တုန်ခိုက်ခိုက်နှင့် ဇရပ်ပေါ် တက်လာကြသော လူသားနှစ်ယောက် ၏အသံကို တီးတိုးတီးတိုးနှင့် ကြားလာ ရ၏။ မိုးကြီးသဲသဲမဲမဲရွာကာ မှောင်ကြီး ကျနေသဖြင့် လူရိပ်လူရောင်ကိုမှ လုံးဝ မမြင်ရ။ ထိုလူနှစ်ယောက်၏ တုန်တုန် ခိုက်ခိုက်ပြောနေကြသံကို မြသင်တို့ မြေးအဖိုးနှစ်ယောက်မှာ ကြောက် ကြောက်ရွံ့ရွံ့နှင့် အထိတ်တလန့်နားစွင့် ထားကြရ၏။

အကာလညအချိန်တွင် သူခိုးသူ ဝှက်များ ခိုးရာဝှက်ရာမှ ပြန်လာကြ သလား၊ မိုးသံလေသံတွေကြောင့် လူ သားနှစ်ဦး၏ တိုးတိုးတိတ်တိတ်ပြောဆို နေကြသံကိုလည်း ပီပီပြင်ပြင်မကြားရ။ မိုးသံလေသံကြောင့် နားစွင့်ထားကြ သော်လည်း သဲသဲကွဲကွဲမကြားရ။

"ကို ကို ကိုဘသန်း၊ ကျွန်မ ချမ်း လှပြီတော့"

"အေး - အေးပါ။ ငါလည်း ချမ်း တာပါပဲ အေးလှရယ်။ စိုလာတဲ့အဝတ် တွေလဲလိုက်၊ ငါ ဇရပ်အောက်ဆင်းပြီး ငါလည်း မီးဖိုလိုက်မယ်"

မြသင်က မှောင်ကြီးမည်းကြီးထဲ သူ့အဘိုးကိုလက်ကုတ်၏။

"ဘာလဲ လုံမလေး၊ ဓားပြတွေ လား၊ သူခိုးတွေလား"

အဘိုးကြီးက အသံထွက်ရုံလေနှင့် နှစ်ကိုယ်ကြားမေး၏။

"မဟုတ်ဘူးအဘ၊ ကျွန်မတို့ရွာက အေးလှနဲ့ ကိုဘသန်းကြီးတို့ထင်တာပဲ။ သူတို့လည်း ကျွန်မတို့လိုပဲ ရွာကထွက် ပြေးလာကြတယ်ထင်တာပဲ"

"ဟုတ်မဟုတ်ပါလေစ လုံမလေး ရယ်၊ သေသေချာချာနားစွင့်ကြည့်ပါဦး။ လူဆိုးသူခိုးတွေများဖြစ်နေရင် ဒုက္ခဖြစ် ကုန်ပါ့မယ်။ အဘက နားထိုင်းတော့ ဘာဆိုဘာမှတော့မကြားရသေးပါလား"

လူကြီးဖြစ်သူ ဦးဖိုးခက လူကြီးပီပီ စဉ်းစဉ်းစားစားပြော၏။

"ဟုတ်ပါတယ်အဘရယ်၊ အေးလှ မှ အေးလှအသံအစစ်ပါ။ ကိုဘသန်းကြီး အသံဆို ကျွန်မက ပိုတောင်မှတ်မိသေး တယ်"

"နားထောင်ပါဦး၊ စောင့်ကြည့် ပါဦး"

ဟု ဦးထွန်းခက တွေးတွေးဆဆ ထပ်ပြော၏။

မိုးကြီးလေကြီးထဲကြားနေရသော အသံကို မြသင်က ပို၍ပို၍နားစွင့်ရ၏။

"တော့် ကျေးဇူးကြီးပါပေတယ် ကိုဘသန်းရယ်။ တော်သာ သက်စွန့်ဆံ ဖျားလာမခေါ်ရင် ကျွန်မလည်း အမေ မောင်လေးတို့သေသလို . . .။"

"အို - ဒါတွေ ပြောငိုမနေပါနဲ့ တော့အေးလှရယ်။ ရွာက အကြောင်း တွေ၊ ဒီအဖြစ်ဆိုးတွေကို အားလုံးမေ့ပစ် လိုက်ပါတော့။ တို့လိုရာခရီးဖြစ်တဲ့မြို့ကို လည်းရောက်နေပါပြီ။ မနက်ဖြန် မိုးလင်း တာနဲ့ တို့မြို့ထဲဝင်ကြမှာပဲ။ ဘာမှအား မငယ်ပါနဲ့၊ အရင်က ငါ မြို့မှာ ကူလီခံ အငှားလုပ်ဖူးတဲ့ ပွဲရုံကြီးတွေရှိပါတယ်။ သူတို့ကိုပြောပြပြီးအလုပ်တောင်းရ. ."

"အမလေး ကျွန်မတို့အကြောင်း သိရင် ဘယ်လူက လက်ခံအလုပ်ပေးရဲ ပါ့မလဲတော်။ ရိနာကျလို့ ရွာကထွက် ပြေးလာကြတဲ့သူမှန်းသိရင် မောင်း ထုတ်. . ."

"ရွာက ရိနာကျလို့ပြေးလာကြရ တဲ့အကြောင်းတော့ ဘယ်ပြောပါ့မလဲ ကွယ်။ ပွဲရုံလူတွေကို ငါသိတယ်ဆို ပေမယ့် ကူလီအလုပ်သမားပဲ သူတို့သိ ထားကြတာ၊ ဆိပ်ကမ်းမှာလည်း ငါစပါး ထမ်းအငှား လနဲ့ချီပြီးလုပ်ဖူးပါတယ်။ ဘာမှမပူနဲ့ ငါဇရပ်အောက်ဆင်းပြီး လေ ကွယ်ရာမှမီးသွားဖိုလိုက်မယ်"

"ကျွန်မ ဇရပ်ပေါ်တစ်ယောက် တည်းမနေရဲပါဘူး၊ လိုက်ခဲ့မယ်"

ကိုဘသန်းနှင့် အေးလှတို့ ဇရပ် အောက်ဆင်းသွားကြသောအခါ မြသင် ကသူ့အဘိုးအား သူတို့ရွာက ကိုဘသန်း နှင့်အေးလှတို့အမှန်ဖြစ်ကြောင်း ဝမ်း သာအားရပြောလိုက်ရ၏။

သို့သော် ဦးထွန်းခက သူ့မြေးမြ သင်ပြောသည်ကိုပင် သံသယမရှင်း သေးဘဲ စိုးရိမ်လွန်ကာ-

"ချက်ချင်းအသံပေး နှုတ်မဆက် ပါနဲ့ဦး လုံမလေးရယ်၊ သူခိုးဓားပြမဟုတ် ပေမယ့် ဇရပ်ပျက်၊ ကျောင်းပျက်တို့ဆို တာ မိစ္ဆာမကောင်းဆိုးရွားတွေလည်း ရှိ တတ်ကြတယ်။ သူတို့က လူကိုလည်း လှည့်စားတတ်ကြတယ်။ သူတို့မီးဖိုကြ မယ်ဆိုတော့ အဲဒီခါမှ သူတို့မျက်နှာ တွေကို မီးရောင်နဲ့ထင်ထင်ရှားရှား အဘ ကြည့်ပါရစေဦး"

ဟု ဆိုပြန်သည်။

ကိုဘသန်းနှင့်အေးလှတို့က ဇရပ် အောက်တွင် မီးဖိုကြသည်။ တံစက်မြိတ် မှ ရေကိုခံကာ လူတို့ပါလာသော ဆန် ကိုလည်း ယခုမှ စိတ်ချလက်ချထမင်း ချက်ကြသည်။

ဦးထွန်းခမှာ ဘသန်းနှင့်အေးလှ တို့၏မျက်နှာကို မီးရောင်ထဲတွင် ပီပီထင် ထင် မြင်လိုက်ရသောအခါ မြသင်ကိုပင် ဘာမှမပြောနိုင်တော့ဘဲ ဘသန်းနာမည် ကိုလှမ်းခေါ်ကာ အားရဝမ်းသာနှင့် ဇရပ်ပေါ်က သူအရင်ဆင်းချသွားတော့ သည်။

ရုတ်တရက်မူ ဘသန်းနှင့် အေးလှ တို့ကလည်း ဦးထွန်းခတို့ မြသင်တို့ကို အံ့အားသင့်ကာ အထိတ်တလန့်ပင်ဖြစ် သွားကြသည်။ သူတို့သည်လည်း ဒုက္ခ သုက္ခမျိုးစုံနှင့် ရွာကထွက်ပြေးလာကြရ သူများပီပီ ဦးထွန်းခနှင့် မြသင်တို့ကို စောစောက ဦးထွန်းခသံသယဝင်သလို သံသယဝင်သွား၍ဖြစ်မည်။

နောက်တော့မှ တစ်ဦးအကြောင်း တစ်ဦးပြောကြရာ အပြန်ပြန်အလှန်လှန် အကြံတူသော တစ်ရွာတည်းသားမှန်း အတတ်သိသွား၍ အေးလှက ဦးထွန်းခ ကိုဖက်ငိုတော့သည်။

သူ့အမိနှင့် သူ့မောင်လေးနှစ် ယောက်ပါ ကာလဝမ်းရောဂါနှင့်ရွာတွင် ဆုံးကျန်ခဲ့ကြောင်းလည်း ပြောပြသည်။

ယခုတော့ သူတို့အိမ်တွင် လယ်စရင်းငှား သာလုပ်နေသူ မိမဲ့ဖမဲ့တစ်ကောင်ကြွက် ကိုဘသန်းက ဘေးဆိုးကပ်ဆိုးလွတ်ရာ မြို့ကိုခေါ် လာ၍ အသက်ရှင်ရကြောင်း ငိုယို၍ပြောပြသည်။

သည်လိုနှင့် ပြေးရင်းလွှားရင်း လမ်းတွင်ညားလာကြသော ကိုဘသန်း တို့လင်မယားနှစ်ယောက်က ဦးဆောင် ကာ မြသင်တို့မြေးအဖိုးနှစ်ယောက်ကို သည်း မြို့ထဲခေါ် လာကြသည်။

ဦးထွန်းခ၊ မြသင်၊ ဘသန်းနှင့် အေးလှတို့ မြို့ထဲရောက်လာကြသော အခါ ဦးထွန်းခက လူကြီးမိဘနေရာက နေရသည်။

သူတို့တွင်ပါလာကြသောရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားအနည်းငယ်နှင့် အိမ်တစ် ဆောင်ဝယ်ကာ စုနေကြသည်။

ဘသန်းတို့လင်မယားနှင့် မြသင် တို့မှာ ဦးထွန်းခအား အိမ်စောင့်ထားပြီး နေ့စဉ် ထင်းသယ်၊ စပါးစက်တွင် စပါး သည်အထမ်းလိုက်နှင့် မြို့တွင်ဇာတ်မြုပ် ကာ ကူလီလုပ်နေကြသည်။

သူတို့မိသားစုအား မြို့သူမြို့သား တွေကလည်း ကူလီမိသားစုတစ်စုဟု သာအသိအမှတ်ပြုထားကြ၏။ ဘသန်း ကလမ်းတွင် အေးလှအား ပြောခဲ့သလို ဘယ်ရွာကပြောင်းလာကြလဲ၊ ဘယ် အရပ်ကလဲဟုပင် စပ်စပ်စုစုတစ်ခွန်းမျှ မမေးကြ။ ခိုင်းစရာရှိလျှင် ခေါ်ခိုင်းပြီး ပေးစရာရှိလျှင်လည်း ပေးကမ်းသာ သူ့ စည်းကိုယ့်စည်းသဘောသာနေနေကြ သည်။

မြို့တွင် နှစ်ကြာနေလာကြသော် လည်း မြသင်ကား ငယ်ချစ်ဦးဖြစ်သော ကွင်းမရွာသားကိုလူမောင်ကို တစ်နေ့မှ မမေ့။ လှေဆိပ်သို့ စပါးသယ်ပေးရန် လိုက်ရတိုင်း မြို့ကိုစပါးလာရောင်းကြ သော လှေသားများအား ကိုလူမောင်တို့ လှေအားတွေ့လို့တွေ့ငြားဟူသော တမ်း တစိတ်နှင့် ဟိုလှေကဘယ်ကလဲ။ ဒီလှေ ကဘယ်အရပ်ကတုန်းနှင့် လှေဆိပ်တွင် တွေ့သမျှလှေများကို မျှော်လင့်ချက်နှင့် မေးရမြန်းရသည်မှာ နေ့စဉ်လိုလိုပင်။

သို့သော် တစ်နှစ်တာ၏စပါး ရောင်းရာသီသာ ကုန်သွားသည် ကိုလူ မောင်တို့ ကွင်းမရွာကလှေကို မတွေ့ရ သေး။ သူတို့မြို့ရောက်နေသည်မှာလည်း တစ်နှစ်နီးပါးပင်ရှိသွားလေပြီ။

*

မြို့ကို စပါးသွားရောင်းကြသော ကိုလူမောင်တို့ ပိန်းတောလှေကြီး ကွင်းမ ချောင်းထဲဝင်လာသည်။ အပြန်ခရီးဖြစ် သဖြင့် အိမ်ပြန်နွှား မြက်မစားဆိုသလို သူတို့၏တက်ချသံက ပိုကျယ်လာသည်။

"မမလေး ထဘီဖို့ကြိုးစားလိုက်ကြ ဟေ့"

ဟူသော လှေသူကြီး၏အားပေး သံနှင့်အတူ အိမ်ပြန်နွှား မြက်မစားဆိုပါ လားဟေ့၊ ဗွက်အဲ ဗွတ်အဲ အဲ အဲဟု နဝလီသမားတို့၏ တုံ့ပြန်သံကလည်း သူတို့လှော်ခတ်လာကြသောလှော်တတ် သံနှင့်အတူ ဆူညံလာ၏။

ရေဆ ပဆန်ဖြစ်သဖြင့် သူတို့ သည် ပိန်းတောလှေကြီးကို အားသွန်ခွန် စိုက်လှော်ခတ်လာကြ၏။ အချိန်မှာ သက်ငယ်ခေါင်းချ ညကိုးနာရီခန့်တွင် ဖြစ်သည်။

ရွာအပြန် အိမ်အပြန်ဖြစ်သဖြင့် သူတို့ကသာ ဆူညံလာကြသော်လည်း ကွင်းမချောင်းဆိပ်ကမ်းမှာမူ မကြုံစဖူး ထူးထူးခြားခြား တိတ်ဆိတ်နေသည်။ ခါတိုင်းအခေါက်တွေဆိုလျှင် ကွင်းမ ချောင်းထဲ ပိန်းကောလှေကြီးဝင်လာ၍ ပိတောက်မော်ကျော်လာသည်နှင့် ဆိပ် ကမ်းမှ ကာလသားတို့၏ ပလွေသံများ ကိုကြားရတတ်သည်။

ယခု တစ်ဦးတစ်ယောက်၏ပလွေ သံကိုမျှ မကြားရပေ။ ပလွေကျူခြင်းကို အလွန်ဝါသနာကြီးသော ကိုလူမောင်မှာ ဤသည်တို့ကို သတိထားမိရင်း စိတ်ထဲ တစ်မျိုးကြီးဖြစ်လာ၏။

ဒီလိုနှင့် ကိုလူမောင်တို့ ပိန်းတော လေကြီးသည် ကွင်းမဆိပ်ကမ်းနား တရွေ့ရွေ့ကပ်လာ၏။ ဆိပ်ကမ်းနှင့်နီးပြီး ဖြစ်သဖြင့် လှော်တက်များကိုချကာ နဝလီသမားများက ထိုးဝါးကိုယ်စီကိုင် ကြရသည်။ ကမ်းဘေးရှိ သစ်ငုတ်ချုံပုပ် တွေနှင့် မတိုးမိအောင် ပိန်းကောလှေ ကြီးကို ထိုးဝါးတွေနှင့်နှစ်ဖက်ညှပ်ထိန်း ကာ ဆိပ်ကမ်းနားကပ်လာကြသည်။

"ဟေ့ဟေ့၊ ဘယ်ကလှေလဲကွ"

ဆိပ်ကမ်းကို လှေမကပ်ရသေး။ ဆိပ်ကမ်းရှိ လူနားဇရပ်က တစ်စုံတစ် ယောက်၏ မာရေကြောရေ လှမ်းမေးသံ ကိုကြားကြရသည်။

ထူးထူးဆန်းဆန်းလှမ်းမေးနေသံ ကြောင့် ပိန်းကောလှေကြီးရှိ လူများ၏ အကြည့်မှာ ဆိပ်ကမ်းနားရှိ လူတည်း နားခိုရာ ဇရပ်ဘက်စုပြုံရောက်သွားကြ သည်။

လူတည်းလူနားဇရပ်ရှေ့တွင် မီးဖို ကြီးတစ်ဖိုဖိုပြီး လူသုံးလေးယောက် ဓား လှံကိုယ်စီနှင့် မတ်ထတ်ရပ်စောင့်ကြည့် နေကြသည်။ ထိုသူလုံးလေးယောက် သည် မီးဖိုနားမှ ဆိပ်ကမ်းနဖူးဆီ ပြေး ထွက်လာကြပြီး-

"ဟေ့- ဟေ့ ဘယ်ကလှေလဲလို့ မေးနေတာ မကြားဘူးလားကွ၊ မင်းတို့ ဘယ်ကလှေလဲ"

"ဟ-ကွင်းမက ငါ့လှေပါဟ၊ ကျော်သာလှေပါကွ၊ မင်းတို့က ဘယ်သူ တွေတုန်း၊ ဘာဖြစ်နေကြလို့ဒီလောက် တောင် မေးနေစစ်နေကြရတာလဲကွ"

"ဩော်- ကိုကြီးကျော်သာ၊ ကျွန် တော်တို့ပါဗျိုးလာ၊ လာ လှေကပ်ကြပါ"

"ဟင်- ငမဲတို့လားဟေ့၊ မင်းတို့ ဟာ မထိတ်သာမလန့်သာနဲ့ ဘာဖြစ်နေ ကြတာလဲဟ"

ငမဲဆိုသူ ကိုယ့်ရွာသားအသံကို မှတ်မိသောလှေသူကြီး ဦးကျော်သာက လှမ်းမေးသည်။

"အကြောင်းပေါ်နေလို့ပါ ကိုကြီး ကျော်သာ၊ အစ်ကိုကြီးလှေမှန်းမသိကြ လို့ပါ လုပ်ပါ လှေကပ်ကြပါ"

အကြောင်းပေါ်နေလို့ဆိုသော ငမဲ၏စကားမှာ ရွာရှိ တစ်အိမ်အိမ်ကို ဓားပြတန္တ ဝင်တိုက်သည်ကလွဲလျှင် တခြားအကြောင်းမဖြစ်နိုင်ဟု လှေသူ ကြီးနှင့် လှေထိုးသားအားလုံးတို့ ကွက် မိလိုက်ကြသည်။ ညအခါ ရွာကိုဓားပြ တန္တဝင်တိုက်သွားသဖြင့် ယခုအခါ ဆိပ် ကမ်းမှာကင်းစောင့်နေကြရလေပြီ။

ပိန်းကောလှေကြီးဆိပ်ကမ်းကပ် ရာတွင် ကိုလူမောင်က ဤအခေါက်မှ ပယ်လာမိသော လက်နှိပ်ဓာတ်မီးနှင့် ဆိပ်ကမ်းကို လှမ်းထိုးကြည့်ရာ တစ်ခါမှ မကိုင်ဘူး မမြင်ကြဘူးသေးသော လှေ ဆိပ်စောင့်ရွာသားတွေမှာ လက်နှိပ်ဓာတ် မီးရောင်ကို အထိတ်တလန့်ပြူးကြည့် ပြောင်ကြည့်လှမ်းကြည့်နေကြသည်။

ယခင်က လမိုက်ည၌ သူတို့ဆိပ် ကမ်းကိုလှေကပ်လျှင် မီးတုတ်၊ မီးရှူးတွေထွန်း၍သာ ကပ်လေ့ကပ်ထ ရှိခဲ့ကြသည်မဟုတ်ပါလား။

လက်နှိပ်ဓာတ်မီးမှာ သူတို့မြို့ သူတို့အရပ်၌ပေါ် ခါစသာရှိသေးသဖြင့် သူတို့ရွာသူရွာသား၊ နယ်သူနယ်သားများ အတွက် အဆန်းတကျယ်ဖြစ်နေသည်။ မြို့သားများပင် လူတိုင်းမကိုင်ကြသေး သောလက်နှိပ်ဓာတ်မီးကို ယခုလို လူ မောင်က ဝယ်လာသောအခါ ဟိုလူနှိုက် ကြည့်နှင့်အထူးအဆန်းလိုဖြစ်နေကြ၏။

"ငမဲ၊ ဘယ်သူ့အိမ်တွေလဲကွ၊ ငါ့အိမ်. . ."

လှေသူကြီးဦးကျော်သာမှာ ကွင်းရွာ၌ သူလည်းကြေးရတတ်တစ်ယောက်ဖြစ်သဖြင့် မေးတိုက်ရာတွင် သူ့အိမ်ပါပါသွားလေသလားဟူသော စိုးရိမ်စိတ်နှင့်ထစ်ထစ်ငေါ့ငေါ့မေးမိလိုက်သည်။

"ဘာကိုလဲ ကိုကြီး"

"ဓားပြတိုက်ခံရတာဆိုကွ၊ ဘယ်နေ့ကလဲ"

"ဟင်- ဘယ်မှာတုံး"

"တို့ရွာမှာ ဆိုးလားလို့"

"မကြားမိပါလား ကိုကြီး"

"မင်းအဘ၊ စောစောကမင်းပြောတော့ ရွာမှာအကြောင်းပေါ် နေလို့ပါဆိုကွ၊ မဟုတ်ဘူးလား"

"ဩော်- ဒါလား"

ဟု ဆိုလိုက်ကာ ငမဲက ဦးကျော်သာနားကပ်လာသည်။ ပြီးမှ ညောင်ရွာတွင် ကာလဝမ်းရောဂါအကြီးအကျယ်ဖြစ်နေ၍ ညောင်ရွာနှင့်ပတ်ဝန်းကျင်ရွာများအားလုံး အဆက်အသွယ်ဖြတ်ထားကြရကြောင်း သူတို့ကွင်းမဆိပ်ကမ်းတွင်လည်း တစ်ရပ်တစ်ကြေးကလှေဆိုလျှင် လုံးဝအကပ်မခံကြရန် သူကြီးအမိန့်နှင့် သူတို့လာစောင့်နေကြရကြောင်း လှေသူကြီးဦးကျော်သာအား တိုးတိုးတိတ်တိတ် ပြောပြရသည်။

ငမဲ၏စကားကို ကြားလိုက်ရသောအခါ ကိုလူမောင်မှာ ချက်ချင်း ရင်ကွဲပက်လက်ဖြစ်သွားရရှာသည်။

ကိုလူမောင်နှင့် မြသင်တို့ အကြောင်းအတွင်းသိ၊ အစင်းသိအစအဆုံးသိထားသော ဖြူလှဆိုသူနောက်ကင်းသမားတစ်ယောက်က မြသင်တို့ မြေးအဖိုး သူတို့ရွာကို ကိုလူမောင်အားကိုးနှင့် ခိုကပ်ရန် ပြေးလာကြကြောင်း သို့သော် သူကြီးအမိန့်နှင့် ကင်းသမားများကရွာကိုအဝင်မခံကြသဖြင့် မျက်ရည်စက်လက်နှင့် ငိုပြီးပြန်သွားကြရကြောင်းပြောပြလိုက်သောအခါ ကိုလူမောင်မှာ မတ်တတ်က ရင်ဆို့မတတ်ဖြစ်သွားရှာသည်။

ဤနှစ်ဝါမဝင်မီ မြသင်နှင့်လက်ထပ်ရန် မျှော်လင့်ထားသော ရည်မှန်းချက်တောင်ကြီးသည် ဖြူလှစကားကြောင့် ချက်ချင်း ပြိုလဲသွားလေပြီ။ ကိုလူမောင်မည်သို့လုပ်ရမည်နည်း။

*

ကိုလူမောင်သည် ညကြီးမင်းကြီး မိမိအိမ်သို့ရောက်လာသည်။ ခရီးရောက်မဆိုက်ပင် ကိုလူမောင်၏မိဘနှစ်ပါးက ညောင်ရွာသူ၊ ညောင်ရွာသားတို့၏ အဖြစ်ဆိုးကို ဝမ်းနည်းပက်လက်ပြောပြကြသည်။ ကိုလူမောင် ပိုပြီးစိတ်မကောင်းဖြစ်မည်စိုးသဖြင့် မြသင်တို့ မြေးအဖိုး အားကိုးတကြီးနှင့် သူတို့ရွာပြေးလာပြီး ခိုလှုံခွင့်တောင်းကြကြောင်းကိုတော့ မိဘနှစ်ပါးက လုံးဝမဟဘဲ ထိမ်ချန်ထားကြသည်။

"ကိုဖြူလှပြောပြလို့ ဆိပ်ကမ်းမှာတုန်းကပင် ကျွန်တော်ကြားခဲ့ရပြီး အမေဘယ်လိုမှစိတ်မကောင်းစရာဘဲ။ ခု မြသင်တို့ မြေးအဖိုးအခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော် ညောင်ရွာကိုတိတ်တိတ်သွားကြည့်ရင် မကောင်းဘူးလား"

ကိုလူမောင်၏စကားကို ကြားလိုက်ရသောအခါ မိဘနှစ်ပါးမှာကြက်သီးမွေးညှင်းတွေ ဖြန်းဖြန်းထသွားပြီး အထိတ်တလန့်ဖြစ်သွားကြသည်။

"အမယ်လေးလေး တစ်ရွာလုံးတစ်နယ်လုံးက ကြည့်ထားကြတဲ့ဥစ္စာ။ ဘယ်သွားလို့ တော်ပါမလဲသားရယ်၊ သား ညောင်ရွာကို သွားမှန်းသိရင် ကိုယ့်ရွာကိုဘယ်ပြန်ပြီး အဝင်ခံကြတော့မလဲ သားရယ်၊ သူကြီးအမိန့်နဲ့ကို ပညတ်ထားတာ"

"ပြန်အဝင်မခံကြရင်လည်း ကျွန်တော်ညောင်ရွာမှာပဲ မြသင်တို့မြေးအဖိုးနဲ့တစ်မိုးလောက် သွားနေပါရစေလား အမေရာ။ သူ့ခမျာများ အားကိုးရာမဲ့ဖြစ်နေချိန်မှာ ကျွန်တော်သွားနေသင့်တယ် ထင်တာပဲ။ သီတင်းဝါလကျွတ်လို့ ရောဂါပျောက်၊ မသေမပျောက်ကြဘူးဆိုရင်လည်း မြသင်တို့မြေးအဖိုးကို ကျွန်တော်တစ်ပါတည်း ခေါ် လာတော့မယ်"

"အမလေး ဘုရား ဘုရား၊ မကြံကောင်းမစည်ရာသားရယ်၊ မြသင်တို့ မြေးအဖိုး ဒီရွာကိုလာပြီး ခိုလှုံခွင့်တောင်းခံသွားကြတယ်ဆိုတာကလည်း တစ်လလောက်တောင်ရှိသွားကြပါပြီ။ ခုဆို သူတို့မြေးအဖိုးလည်း အခြားညောင်ရွာသားတွေလို ကာလဝမ်းရောဂါကပ်ဆိုးကြီးထဲ ပါရင်လည်းပါသွားကြရောပေါ့။ အသက်ရှင်ကျန်ရှိချင်မှလည်း ရှိကြတော့မှာပါ။ မသွားကောင်း မကြံစည်ကောင်းတွေကို မကြံစည်ပါနဲ့သားရယ်၊ အမေတို့မှာ သားတစ်ယောက်တည်းပဲ အားကိုးရာရှိတာပါသားရယ်"

မိဘ၊ ညီအစ်ကိုမောင်နှမဆွေမျိုးအားလုံးက ကိုလူမောင်ကို ဟန့်တားကြသည်။ နောက်ဆုံး ကိုလူမောင် ညောင်ရွာကို တိတ်တိတ်ပုန်းသွားမိမှာစိုး၍ ကိုလူမောင်နှင့် မြသင်တို့အဖြစ်ကဲ့သို့ ယခင်အထက်ကျော်ကာရီက သူတို့နယ်တွင် အမှန်တကယ်ဖြစ်ခဲ့ကြသည် ဆိုသော အဖြစ်အပျက်တစ်ခုကိုလည်း ဥပမာဆောင်၍ စီကာပတ်ကုန်းပြောပြဟန့်တားကြသည်။

သူတို့နယ်တွင် မကျည်းရွာနှင့် တောင်ရင်းရွာဟူသော ရွာနှစ်ရွာရှိသည်။ တောင်ရင်းရွာက မမေဦးဆိုသော မိန်းကလေးတစ်ယောက်နှင့် မကျည်းရွာက မောင်သံတိုင်ဆိုသော လူလင်ပျိုတစ်ယောက်ကို ရည်ငံချစ်ကြိုက်နေကြသည်။

ထိုအချိန်တွင် မကျည်းရွာက မောင်သတိုင်သည် နဝလီလိုက်သွား၏။ အောင်သံတိုင် နဝလီလိုက်သွားချိန်၌ပင် တောင်ရင်းရွာတွင် ကျောက်ကြီးရောဂါဖြစ်သည်။ ထိုအခါ ကျောက်ကြီးရောဂါကူးစက်မှာစိုး၍ တောင်ရင်းရွာကို ရွာနီးချုပ်စပ်ကစ၍ တစ်နယ်လုံးက အဆက်ဖြတ်ကြဉ်ထားကြသည်။ တစ်ရွာနှင့်တစ်ရွာ အဆက်အသွယ်ဖြတ်ထားကြသည်။ ကူးလူးသွားလာမှုမရှိကြ။

မေဦးအပါအဝင် တောင်ရင်းရွာသူရွာသားများသည် ကျောက်ကြီးရောဂါနှင့် တစ်ရွာလုံးနီးနီး ပြုတ်ပြုတ်ပြုန်းမတတ်သေဆုံးကြသည်။ သို့သော် တောင်ရင်းရွာမှာ နေ့ခင်းနေ့လယ်၌သာ လူသံသူသံကို မကြားရသော်လည်း ညရောက်လာပြီဆိုလျှင်တော့ အိမ်တိုင်းစေ့မီးရောင်ကိုမြင်ကြရသည်။ ကာလသားတို့၏ပလွေသံကိုလည်း တောင်ရင်းရွာဆီမှ ညတိုင်းကြားကြရသည်။ လူသံသူသံ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များကအစ ခွေးသံ၊ ကြက်သံတို့ကိုလည်း ယခင်ကျောက်ကြီးရောဂါမဖြစ်မီကကဲ့သို့ ညတိုင်းကြားနေကြရသည်။

ဤသို့ဖြစ်ရသည်မှာ ကျောက်ကြီးရောဂါကျ၍ သေသူများကို သင်္ဂြိုဟ်မည့်သူမရှိသဖြင့် သေသူအားလုံး ဖုတ်ဝင်နေကြသည်ဆို၏။

ဤသည်ကိုမသိဘဲ လနှင့်ချီခရီးသွားရာက ပြန်ရောက်လာသော မကျည်းရွာသား မောင်သံတိုင်အား မောင်သံတိုင် မိဘဆွေမျိုးက ပြောပြကြသည်။ သို့သော် မောင်သံတိုင်ကား လုံးဝမယုံ။ တောင်ရင်းရွာသူမေဦးနှင့် သူ့မိဘများကလည်း ကြည်ကြည်ဖြူဖြူသဘော

တူထားကြခြင်းမရှိသဖြင့် သူ့အား မေဦးနှင့်ညားသွားကြမှာစိုးသဖြင့် တမင်ဉာဏ်ဆင်၍ပြောကြသည်ဟုသာ ထင်သည်။ သို့သော် မိဘမောင်နှမဆွေမျိုးများက တားကြသဖြင့် နေ့ခင်းတော့ တောင်ရင်းရွာကို သူမသွားပေ။

သို့သော် ညရောက်၍ မေဦးကိုလွမ်းပြီး သူတို့ရွာဘက်ကို လှမ်းကြည့်လိုက်ရာ ယခင်အတိုင်းပင် မီးတထိတ်ထိတ် လှသံသူသံ၊ ကြက်သံ၊ ခွေးသံတွေနှင့် တောင်ရင်းရွာမှာ ဘာမှမဖြစ်ခဲ့သလို ပကတိအတိုင်းပင်။ ထိုအခါ မေဦးနှင့်သူ့ကိုသဘောမတူကြသဖြင့် မိဘဆွေမျိုးများက သက်သက်ဉာဏ်ဆင်ပြီးပြောကြခြင်းသာဟုပို၍ထင်သွားသည်။

ထို့ကြောင့် မောင်သံတိုင်သည် ညနေလူခြေတိတ်၍ တောင်ရင်းရွာသို့ထွက်လာသည်။ မိဘ၊ ညီအစ်ကိုများပြောသည်ကို~~ည်းသတိရသဖြင့် ဘကြီးဘုန်းကြီးက ယုံရာသုံးဟုမေးထားသော မဟူရာ ကျောက်ရှင်တစ်လုံးကိုတော့ လိုလိုမည်မည် အိတ်ထဲထည့်ယူလာသည်။ သို့နှင့် သူလာပြီဆိုသည်ကို ခါတိုင်းလို မေဦးသိအောင် ပလွေလေးကျူပြီး တောင်ရင်းရွာထဲဝင်လာသည်။

တောင်ရင်းရွာကား ခါတိုင်းကဲ့သို့ပင် ဆီမီးခွက်အိမ်တိုင်းစေ့နှင့် ကာလသားများက ပလွေတကျော်ကျော်၊ ကာလသမီးများကလည်း ခါတိုင်းလိုပင် အိမ်ရှေ့လသာဆောင်တွင် ဗိုင်းငင်ဝါဖန်နေကြသည်။ ကလေးများကလည်း ရွာလယ်လမ်းတွင် သူ့အစုနှင့်သူကစားနေကြသည်။ ထို့ကြောင့် မောင်သံတိုင်သည် ပလွေသံတကျော်ကျော်နှင့် သူ့ချစ်သူမေဦးဆီရောက်သွားသည်။

ယခုလည်း ခါတိုင်းနေ့တွေကဲ့သို့ပင် မေဦးကိုလည်း ခြေတံရှည်အိမ်ကြီးရှေ့ လသာဆောင်တွင် သနပ်ခါးအဖွေးသားနှင့်ဗိုင်းငယ်၍တွေ့ရသည်။ မောင်သံတိုင်မှာ အားရဝမ်းသာနှင့် အိမ်ပေါ်ပြေးတက်သွားသည်။ အမွှေးနံ့သာကိုထုံမွှန်းနေသော ချစ်သူအနားတွင်ထိုင်လိုက်သည်။ ဘယ်နေ့ကပြန်ရောက်လဲဟု မေးဦးကမေးပြီး ချစ်သူတို့ဘာဝ ချစ်စကားကြိုက်စကားတွေကိုအထွေအငြေ့တွေနှင့်ပြောနေကြသည်။

သို့နှင့် သန်းခေါင်ယံနီးလာသောအခါ မောင်သံတိုင်၏ နှာခေါင်းထဲမှာ ပုပ်စော်လိုလိုနံလာသည်။ ညဦးက သနပ်ခါးနံ့ မေဦး၏ပါးပြင်မှအမွှေးနံ့သာအနံ့တို့လည်း ဘယ်ဆီရောက်ကုန်ကြသည်မသိတော့။ မေဦး၏မျက်နှာကိုစေ့စေ့ကြည့်မိရာ မျက်နှာပေါ်မှာ ကျောက်ပေါက်မာ တစ်လုံးပြီးတစ်လုံးပေါ်လာသည်။ ထိုအခါမှ မောင်သံတိုင်မှာကျောစိမ့်ကြောက်ရွံ့လာကာ ပြေးပေါက်ရှာရတော့၏။

သူ့ပလွေကို အမှတ်တမဲ့လိုလိုနှင့် အောက်သို့ပစ်ချလိုက်သည်။ ပလွေလက်က လွတ်ကျသွား၍ ဆင်းကောက်မည်ဟုပြောသောအခါ မေဦးက မောင်မဆင်းပါနဲ့မေကောက်ပေးပါ့မယ် ပြောပြီး ခြေတံရှည်အိမ်ပေါ်ကကျသွားသော သူ့ပလွေကို ရှည်ကြီးထုတ်ပြီး လျှာနှင့်ကောက်ယူပေးလိုက်သည်။ ထိုအခါမှ သူ့ချစ်သူမေဦးသည် လူစင်မဟုတ်တော့ဘဲဖုတ်ဝင်နေသော ဖုတ်မကြီးဆိုသည်ကိုအတတ်သိသွားလေသည်။

ကြောက်ကြောက်နှင့် ပြန်တော့မည်ဟုပြောတိုင်း မေဦးက မတွေ့တာကြာလို့ ကြည့်မဝသေးပါဘူး၊ နေပါဦးနေပါဦးနှင့် အတင်းတားထားသည်။ ထိုအခါ အကြောက်ကြီးကြောက်လာသောမောင်သံတိုင်မှာ အကြံထုတ်ရသည်။ ညဥ့်နက်ပြီး ဗိုင်းငင်ဝါဖန်ရဟတ်ကို အိမ်ထဲသွားသွင်းထားလိုက်တော့ အေးအေးဆေးဆေးစကားပြောရင်း အတူအိပ်ကြရအောင်ဟု ပရိယာယ်နှင့် ပြောလိုက်ရသည်။

ထိုအခါ မေဦးလည်းချစ်သူစကားကို နားထောင်ဟန်နှင့် ရဟတ်ကို အိမ်ထဲသွားသွင်း၏။ မေးဦးရဟတ်ကို အိမ်တွင်းထဲသွားထားနေချိန်မှာပင် မောင်သံတိုင်သည် အိမ်ပေါ်ကပြေးဆင်းကာ မကျည်းရွာဘက် တချိုးတည်းပြေးချလာခဲ့သည်။

မေဦးလည်း လူသေထည့်သော ခေါင်းတစ်လုံးကို ခေါင်းရွက်ကာ မောင်ရယ် စောင့်ပါဦး၊ စောင့်ပါဦးနှင့် ပြေးလိုက်လာသည်။ မောင်ဦးမှာအကြောက်လွန်ကာ ရွာထဲမဝင်ရဲဘဲ ဘကြီးဘုန်းကြီးကျောင်းဝင်းထဲကိုသာ ဝင်ပြေးလာမိသည်။

ဘုန်းကြီးကျောင်းဝင်းထဲ မဝင်ရဲသော ဖုတ်မကြီးမေဦးသည် ကျောင်းခြံဝက ခေါင်းပေါ် ရွက်လာသော ခေါင်းကိုလက်တစ်ဖက်နှင့် မြေစိုက်ထောက်ကိုင်ကာ နင့်အကြံ ဦးလေတယ်၊ နင့်အကြံဦးလေတယ်ဟု တက်တစ်ခေါက်ခေါက်နှင့် တောင်ရင်းရွာဘက် ပြန်သွားလေသည်ဟူ၏။

ယခု ကိုလူမောင်နှင့် မြသင်တို့အဖြစ်မှာလည်း မောင်သံတိုင်နှင့် မေဦးတို့အဖြစ်ချင်းနှင့်တူနေလေရာ မိဘဆွေမျိုးအားလုံးက ညောင်ရွာကို ယောင်လို့တောင်မသွားရန် ဟန့်တားထားကြသည်။

သို့သော် မည်သူက မည်သို့ပြောပြော ကိုလူမောင်ကား မြသင်ဆီသွားရန်သာ ဆုံးဖြတ်ထားသည်။ အကယ်၍ ယခင့်ယခင်ကပင် သူကြားဖူးထားသောယခုလည်း သူ့အား ထပ်တလဲလဲပြောပြသတိပေးနေကြသော မောင်သံတိုင်နှင့် မေဦးတို့ပုံပြင်ထဲကလို မြသင်က ဖုတ်မကြီးဖြစ်ပြီး သူ့ကို ဂုတ်ချိုးသတ်စားမည်ဆိုလျှင်လည်း သူအသေခံဝံ့သည်။ မြသင်က သူ့ကို ဂုတ်ချိုးမသတ်ဘဲ ဖုတ်လောကထဲခေါ် သွားလျှင်လည်း မြသင်နှင့်သာ အတူနေရမည်ဆိုလျှင် မြသင်ဆီသူလိုက်သွားဝံ့သည်။ သူကား မြသင်အပေး ဤမျှအချစ်ကြီးနေသူဖြစ်သည်။

ဤသည်ကို သူ့မိဘညီအစ်ကိုမောင်နှမဆွေမျိုးများကလည်း သိထားကြရာ သူ့ကိုစိတ်မချသဖြင့် မျက်စိအောက်ကအပျောက်မခံ စောင့်ကြည့်နေကြသည်။ ထိုအခါ လူမောင်မှာမောင်သံတိုင်နှင့် မေဦးတို့ပုံပြင်ကို နားထောင်ပြီးသောနေ့မှစ၍အကြောက်ကြီးကြောက်လန့်သွားသလို ဟန်ဆောင်ရတော့သည်။

မြသင်ရှိရာ ညောင်ရွာဘက်ကိုသွားရဲဖို့မဆိုထားနှင့် ညောင်ရွာဘက်သွားကင်းတဲ၌ တာဝန်ကျသည်ကိုပင်မသွားရဲသောစကားဆိုလာသည်။

"ကျွန်တော် ညောင်ရွာဘက်သွားတဲ့ ရွာဝင်ဝပေါက်မှာ ကင်းစောင့်နေရင် မြသင်ဖုတ်မကြီးက သူနဲ့အတူလာနေဖို့ လာဆွဲရင် ဘယ့်နှယ်လုပ်မလဲ။ အဲဒီရွာဝင်ပေါက်မှာတော့ ကျွန်တော့်ကိုတာဝန်မပေးကြပါနဲ့ဗျာ။ ကျွန်တော်ကြောက်တယ်"

ဟု ပရိယာယ်နှင့်ငြိုးသည်။

ထိုအခါမှ မိဘ၊ ဆွေမျိုးများက ယုံကြည်သွားကြကာ ကိုလူမောင်ကို ညောင်ရွာဘက်သွားကင်းတံခါးပေါက်မှ ကင်းစောင့်မခိုင်းကြတော့ပေ။

ထိုအခါ အကြံသမားကိုလူမောင်မှာရွာသားကြီးများကင်းမရှိသောနေရာမှညောင်ရွာဘက်ကို ညတစ်ည၌ ပုန်းလျှိုးကွယ်လျှိုး ရွာကထွက်ပြီး ညောင်ရွာဘက်သွားရလေသည်။

(ဆက်ရန်)

ဗိုးကျော့

(ရမည်းသင်း)

အေးချမ်းအောင်

ပဟေဋ္ဌိဆန်သောဖြစ်ရပ်

ထိုနေ့က ကျွန်တော်တို့အဖွဲ့ ခြေကုန်လက်ပန်းကျ မောဟိုက်နေကြသော်လည်း မျှော်လင့်ချက်နှင့် စိုးရိမ်စိတ်များကြောင့် စိတ်ဆန္ဒအလိုကို ခန္ဓာကိုယ်က မလိုက်ပါချင်တာကိုသိနေပေမယ့်၊ အားတင်းသွားနေရသည်။

အကြောင်းမှာ ကျွန်တော်တို့သစ်တောထွက်ကုန်ထုတ်လုပ်သော ကုမ္ပဏီမျှစ်အဝယ်ဒိုင် အလုပ်စခန်းမှ လုပ်သားကောင်လေး သက်နိုင်တစ်ယောက် အပေါ့အပါးသွားရန် အလုပ်ရုံလိုင်းဘေးတွင်ရှိနေသော ဝါးရုံတောကြီးထဲဝင်သွားတာ ပြန်ရောက်မလာ၍ တောနင်းရှာနေခြင်းဖြစ်သည်။

လုပ်သားတွေအသုံးပြုရန် အိမ်သာဆောက်ပေးထားပေမယ့် ဒီကောင်မသွားဘဲ တောတိုးဖြေရှင်းသည်။

မနေ့က မနက်ကတည်းက ပျောက်သွားတာ ခုထိရှာမတွေ့သေး။ မျှစ်အဝယ်ပိတ်ကာ နယ်ခံလူများအကူအညီယူ၍ စခန်းအဖွဲ့တွေနှင့် ပေါင်းလူစုခွဲရှာကြသည်။ ဒီနေ့လည်း နေဝင်တော့မည်။ ရှာမတွေ့သေး။ တောတောင်ထဲမှာဆိုတော့ မျက်စိလည် လမ်းမှားသွားတာဖြစ်နိုင်သည်။ လူကိုအန္တရာယ်ပေးမည့် တောသတ္တဝါတွေကတော့မရှိပေ။

အလုပ်ထဲပျော်လို့ အိမ်ပြန်ပြေးတာတော့မဖြစ်နိုင်။ သက်နိုင်က အမြဲတမ်းလုပ်သားဖြစ်သည်။ တောတောင်ထဲမှာနေရတာကို သူကပိုနှစ်သက်သူဖြစ်သည်။

အလုပ်ရုံ (၅) ခုကို တာဝန်ယူလုပ်ကိုင်ရသော တာဝန်ခံကျွန်တော့်မှာ အလုပ်တာဝန်သာမက လုပ်သားများ၏ ကျန်းမာရေး၊ လူမှုရေးကအစ ကျွန်တော့်တာဝန်ဖြစ်နေတော့ ပိုလို့ပင်ပူပန်နေရပါသည်။

သူနှင့်ရင်းနှီးသည့်နယ်ခံမိတ်ဆွေအိမ်တွေများ ရောက်နေလေမလားဆိုတဲ့အတွေးနဲ့ မေးမြန်းရှာဖွေသော်လည်း သတင်းအစပင်မရ။ ဖြစ်နိုင်ချေရှိသောလမ်းကြောင်းဟူသမျှ လိုက်လံစုံစမ်းခဲ့ပြီးပြီးဖြစ်သည်။ သတင်းကားမရ။

တောထဲ အပေါ့အပါးသွားရင်း မျက်စိလည် လမ်းမှားသွားလို့သာဟု ကောက်ချက်ဆွဲကြသည်။

တစ်တောဝင် တစ်တောင်တက်ရောက်တဲ့ တောတောင်တိုင်း တကြော်ကြော်အော်ခေါ်ရင်းနှင့်ပင် မှောင်ရီပျိုးလို့တစ်နေကုန်ပြန်သည်။ သက်နိုင်သည်ကား ရှာမတွေ့ပေ။

*

သက်နိုင်ပျောက်နေတာ (၃) ရက်မြောက်နေ့တွင် ကျွန်တော့်မှာ အရမ်းစိတ်ပူနေရပြီဖြစ်သည်။ တောင်ပေါ်မှာ သက်နိုင်ပျောက်နေတာ သူ့အိမ်ကမသိပေ။

တောနင်းပြီးလိုက်ရှာပေးတဲ့နယ်ခံတွေကိုလည်း အားနာနေရပြီလို့ နေ့တွက်နှစ်ဆပေးပြီး လူအားနှင့် အဖွဲ့ ငါးဖွဲ့ခွဲကာရှာကြသည်။

အဖွဲ့ (၃) မှာ ကျွန်တော်ပါဝင်လေသည်။ ရောက်တဲ့တောတောင်တိုင်းမှာသက်နိုင်နာမည်တကြော်ကြော်ခေါ်တောနင်းနေကြတဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ခေါ်သံတွေဟာ ခေါ်လိုက်တိုင်းပဲ့တင်သံတွေ အထပ်ထပ်ကြားနေရသည်။

တစ်နေ့ရာအရောက်တွင် သက်နိုင်ရေဟု ခေါ်လိုက်သံအဆုံးတွင် ဗူးဆိုတဲ့ပြန်ထူးသံကြားလိုက်ရသည်မို့ ကျွန်တော်တို့အဖွဲ့အားတက်သွားရသည်။

ပြန်ထူးတဲ့အသံက လျှိုကြီးတစ်ခုရဲ့အောက်ဘက်ထဲကလာတာဖြစ်သည်။ အသံလာရာလျှိုကြီးထဲဆီ အပြေးအလွှားဆင်းကြသည်။

ခေါ်လိုက်တိုင်း ဗူးဆိုတဲ့အသံဆက်တိုက်ကြားနေရသည်မို့ သက်နိုင်ဖြစ်မှာသေချာပြီဆိုတဲ့ အတွေးကိုယ်စီနဲ့ ဝမ်းသာအားရလျှိုထဲဆင်းနေကြသည်။

လျှိုကြီးအောက်ပိုင်း ကျွန်တော်တို့ရောက်သွားတော့ သက်နိုင်နာမည်ဘယ်လောက်ခေါ်ခေါ် ပြန်ထူးသံမကြားရတော့။ သက်နိုင်ကိုတွေ့လေနိုးနှင့် ကျွန်တော်တို့အားလုံး လျှိုထဲနေရာအနှံ့ပိုက်စိတ်တိုက်ရှာကြသည်။

သက်နိုင်ကိုကားမတွေ့ကျွန်တော်တို့စိတ်ပျက်စွာနှင့် လျှိုထဲမှ အထက်ပြန်တက်ကာ မြေအနည်းငယ်ညီတဲ့နေရာတွင်အမောပြေနားနေကြသည်။ အတွေး

ကိုယ်စီနှင့် တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြဘဲ အမောဖြေနေကြသည်မှာ အချိန်အတော်ကြာသွားသည်။ အဖွဲ့ထဲမှာ တစ်ယောက်က ထိုင်နေရာမှ ထရပ်ကာ သက်နိုင်ရေဟု အော်ခေါ်လိုက်တော့ ဝူးဆိုတဲ့ ထူးသံကြားလိုက်သည်မို့ အားလုံးထိုင်နေရာမှ ထရပ်လိုက်ကြသည်။

ထိုအချိန်တွင် ကျွန်တော်တို့အဖွဲ့ကိုဦးဆောင်လာသော မုဆိုးကိုကျော်ကြီးက စကားမပြောကြရန် လက်ဟန်ခြေဟန်ပြ၍ စောစောက သက်နိုင်နာမည်ခေါ်တဲ့သူနားသွားကာ ဆက်ခေါ်ခိုင်းသည်ထင်၏။ သက်နိုင်နာမည်ဆက်တိုက်ခေါ်သလို 'ဝူး' ဆိုတဲ့ ပြန်ထူးသံလည်း ခေါ်လိုက်တိုင်းကြားနေရသည်မို့ မုဆိုးကိုကျော်ကြီးက လေသံတိုးတိုးနှင့်-

"ဒီမှာအားလုံးနဲ့ နေခဲ့ကြဗျို့။ အသံလာရာဆီ ကျွန်တော်တစ်ယောက်တည်းသွားမယ်။ ခေါ်သံမပြတ်စေနဲ့"

ဟု ပြောရင်း ပခုံးမှာလွယ်ထားတဲ့ တူမီးသေနတ်ကြီးဖြုတ်ကိုင်ရင်း အသံလာရာ လျှိုကြီးထဲဆင်းသွားလေသည်။

မုဆိုးကိုကျော်ကြီးပြောတဲ့အတိုင်း သက်နိုင်နာမည်မပြတ်ခေါ်ပေးနေသည်။ ခေါ်လိုက်တိုင်း 'ဝူး' ဆိုတဲ့အသံက ပြန်ပြုမြဲ။

အမှန်ဆိုလျှင် 'ဝူး' ဆိုတဲ့အသံတစ်ခုတည်းကိုပဲ ပြန်ပေးနေသည်မို့ ကျွန်တော်တို့လည်း မစဉ်းစားတတ်။ ထူးသံကလူထူးနေသံဖြစ်သည်။

"ဟေး- အပေါ်ကအဖွဲ့တွေ ဆင်းခဲ့ကြဗျို့"

မုဆိုး ကိုကျော်ကြီးခေါ်လိုက်သံကြောင့် အပြေးအလွှားဆင်းကြသည်။ သက်နိုင်ကိုတွေ့ပြီအထင်နှင့် အားလုံးအရမ်းပျော်သွားကြသည်။ မုဆိုးကိုကျော်ကြီးရှိတဲ့နေရာ သူ့ထက်ငါ အပြေးအလွှား ဆင်းနေကြသည်။

မုဆိုးကိုကျော်ကြီးနား ကျွန်တော်တို့ရောက်သွားတော့ ထင်ထားသလို သက်ခိုင်ကိုမတွေ့ရဘဲ ကိုကျော်ကြီးလက်ထဲတွင် အညိုရောင်သန်းနေသော အလုံးကြီးကိုင်ထားသည်ကိုတွေ့ရသည်။

"အဲဒါ အဲဒါ ဘာကြီးလဲကိုကျော်ကြီး"

ကျွန်တော်ကမေးလိုက်တော့-

"သက်နိုင်ကို ကျွန်တော်တို့ခေါ်တော့ ဝူးဆိုတဲ့ အသံနဲ့ပြန်ထူးတဲ့ တရားခံလေ"

"ဟုတ်လား ဘာကြီးလဲဗျ"

စူးစမ်းသလိုကြည့်ရင်း ထပ်မေးလိုက်တော့-

"သင်းခွေချပ်လေ"

ပြောရင်းလုံးနေတာကို တစ်နေရာမှကိုင်၍ ခါချလိုက်တော့ အလုံးကြီးပြေသွားကာ၊ ခြေတွေ၊ လက်တွေနှင့် အကြေးခွံအမာတွေ ဖုံးကာထားသော သင်းခွေချပ်ဆိုသည့်အကောင်ကို တွေ့လိုက်ရသည်။

မုဆိုးကိုကျော်ကြီးကသူ့မှာအသင့်ပါလာသော သံကြိုးလေးနှင့်အကြေးခွံတွေလှန်ပြီး ချည်ထားလေသည်။

"ဒီလဲနေတဲ့သစ်ပင်ကြီးအောက်မှာယက်ပြီး ဒီကောင်ကဝပ်နေတာ။ ကျွန်တော်တို့ခေါ်တော့ ကျင်းထဲကနေထူးနေတာ။ စိတ်ကထင်လို့ ကျွန်တော်တစ်ယောက်တည်းဆင်းပြီး ရှာလို့တွေ့တာ။ လူအများနဲ့ဆို တွေ့ဖို့မလွယ်ဘူး။ အဝေးကခေါ်သံကို ဒီကောင်က အာရုံရောက်ထူးနေတာ"

တောတောင်တွေထဲမှာ လူကဲ့သို့ အသံပြုတတ်သော သတ္တဝါရှိပါလားဟု သိလိုက်ရသည်။

ထိုနေ့သည်လည်း နေညိုပြန်ပြီမို့ ပြန်ခဲ့ရလေသည်။

*

အလုပ်ရုံကို ကျွန်တော်တို့ပြန်ရောက်တော့ လုံးဝမျှော်လင့်မထားတဲ့ သက်နိုင်တစ်ယောက် ပြန်ရောက်နေသည်ကို တွေ့လိုက်ရသည်။

သက်နိုင်ကို တွေ့လိုက်ရတော့ ပင်ပန်းနွမ်းနယ်နေကြတဲ့ ကျွန်တော်တို့ ပြောမပြတတ်အောင် ပျော်ရွှင်သွားကြသည်။ သက်နိုင်ရှာတဲ့အဖွဲ့တွေအားလုံး ပြန်ရောက်နေကြပြီ ဖြစ်သည်။ ဘယ်အဖွဲ့က တွေ့လာသည်လဲမေးတော့ သူ့ဘာသာပြန်လာတာဟုသိရသည်။

ကျွန်တော်မေးကြည့်တော့-

"ကျွန်တော်တောထဲကို အပြင်သွားတာပါအစ်ကိုကြီး။ ဘာဖြစ်လို့လဲ"

ကျွန်တော့်စိတ်ထဲထောင်းခနဲဖြစ်သွားသည်။ သက်နိုင်ဖြေပုံက ဘာမှအရေးမကြီးသလို ပြောလာ၍ဖြစ်သည်။

"မင်းအပြင်သွားတာ တို့အားလုံးသိတယ်။ တောထဲအပြင်သွားရင် မင်းပျောက်နေတာ (၃) ရက်ရှိပြီ။ ခု မင်းဒီမှာတွေ့နေရတဲ့သူတွေအားလုံးက နေ့တိုင်းမင်းကိုလိုက်ရှာနေကြတဲ့အဖွဲ့တွေကွ"

ဒေါသနှင့် ကျွန်တော်ပြောလိုက်တော့ သူကြည့်နေသူတွေကို နားမလည်သလို မျက်နှာနှင့် တစ်ယောက်ခြင်းလိုက်ကြည့်နေသည်။

"ဒီ (၃) ရက်အတွင်းမှာ မင်းဘယ်မှာနေနေတာလဲ"

"ဘယ်မှ ကျွန်တော်မနေပါဘူး။ တောထဲအိမ်သာသွားပြီး ချက်ချင်းအလုပ်ရုံထဲပြန်လာခဲ့တာပါ"

ဒီကောင် ပုံမှန်စိတ်ဟုတ်ရဲ့လား။ သံသယဖြစ်လာသည်။ ပျောက်သွားတာ (၃) ရက်၊ သူပြောတော့တောထဲအိမ်သာသွားပြီး ချက်ချင်းပြန်လာသည်တဲ့။ အကြိမ်ကြိမ်မေးလည်း ဒီအဖြေပဲပေးသည်။

"မင်းပြောသလိုထားပါတော့ကွာ။ မနက်အိပ်ရာထတော့သွားတာ ချက်ချင်းပြန်လာတယ်လို့ မင်းပြောတယ်။ မင်းစဉ်းစားကြည့် ခုမှောင်နေပြီ။ မင်းဘယ်လိုပြောမလဲ"

"ကျွန်တော် မပြောတတ်ဘူး။ အိမ်သာသွားပြီး တန်းပြန်လာတာပဲ"

"ငါမေးဦးမယ်။ မင်းမှာထမင်းဆာတာတို့၊ ရေဆာတာတို့ မဖြစ်ဘူးလား"

"မဖြစ်ဘူးအစ်ကိုကြီး"

ဆက်မမေးချင်တော့။ တစ်ခုခုတော့ မှားနေပြီဆိုတာသိလိုက်သည်။ ဆက်မေးနေလည်း ထူးမှာမဟုတ်။ သူ့မျက်နှာမှာ အမှန်တွေပြောနေတယ်လို့ ကျွန်တော်သိနေသည်။ အခြေအနေကို စောင့်ကြည့်ရုံသာ။

အလုပ်ရုံထဲမှာရှိနေကြတဲ့သူတွေအားလုံးကလည်း သူတို့သိချင်တာတွေမေးကြသည်။ အဖြေကတော့ ဒီအဖြေပဲဖြစ်သည်။

သဘာဝမကျလွန်းသော အဖြေကိုသာပေးနေတဲ့သက်နိုင်ကို အားလုံးကအထူးအဆန်းသတ္တဝါတစ်ကောင်ပမာ ဝိုင်းကြည့်နေကြသည်။

သက်နိုင်၏အခြေအနေတို့ ရက်အတော်ကြာ စောင့်ကြည့်ခဲ့သော်လည်း အကြောင်းကားမထူး၊ ပုံမှန်အခြေအနေပင်။

အသိတစ်ခုရလိုက်သည်က တောတောင်တွေထဲမှာ အပေါ့အပါးသွားမည်ဆိုလျှင် ဆင်ခြင်သင့်ကြောင်း မဖြစ်မနေသွားရပါက တောပိုင်၊ တောင်ပိုင်ကြီးများကို တောင်းပန်ပြီးမှသွားသင့်ကြောင်း

အဖြေရှာမရသည့် ပဟေဠိဆန်သော တွေ့ကြုံခဲ့ရသည်ကို ရေးသားတင်ပြလိုက်ရပါသည်။

အေးချမ်းအောင်(ရမည်းသင်း)

ချောင်းဆုံအုန်းသွင်
စိတ်ထားကောင်းသူ

စိတ်ထားကောင်းသူ၊ သဘောကောင်းသူ၊ စိတ်ကောင်းနှလုံးကောင်းရှိသူ စသည်ဖြင့် သူတစ်ပါးနှင့် ဆက်ဆံရာတွင် သူတစ်ပါးကို မနစ်နာအောင် ကျေနပ်အောင် ဆက်ဆံတတ်သူကို သူတစ်ပါးက ဤသို့ဂုဏ်ပြုတွဲ့အမည်ပေးကြသည်။ ထိုသို့ ဂုဏ်ပြုခံရသူများတွင် အချို့သည် သူတို့ကိုယ်တိုင်လည်းမသိ။ အခြားသူများလည်းမသိသော သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါဆိုသည့် (သင်ဆိုးလျှင် ကျွန်ုပ်မကောင်းပါဆိုသည်) သူများလည်းရှိနေတတ်ပါသည်။

သူတော်လို့ ကိုယ်ကောင်းနေသည့်သူတော်ကောင်းမျိုးလည်း ရှိပါသေးသည်။ တရားနာရာမှ ကြားရ၊ မှတ်ရသောအဖြစ်ပါ။ အတိအကျမဟုတ်ပါ။ သဘောလောက်သာမှတ်မိသရွေ့တင်ပြပါမည်။

ရှေးအခါက ပစ္စည်းဥစ္စာကြွယ်ဝသောသူဌေးမကြီးတစ်ဦးရှိသည်။ သူမှာ (ထိုခေတ်အခေါ်) ကျွန်တွေအများကြီးရှိပါသည်။ သူသည် ကျွန်များကိုဆက်ဆံရာ၌ အခြားသူဌေး၊ သူဌေးကတော်များနှင့်မတူဘဲ အလွန်သိမ်မွေ့သည်၊ ဆဲရေးရိုက်ပုတ်ဖို့မဆိုထားနှင့် အော်ငေါက်ခြင်းပင်မပြု၊ ချိုချိုသာသာပြောဆိုဆက်ဆံသည်၊ ကျွန်များအလွန်ပျော်ပြီး အလုပ်ကြိုးစားလုပ်ကြသည်။ ပတ်ဝန်းကျင်က သူ့ကိုက သူတော်ကောင်းဟု အသိအမှတ်ပြုကြသည်။ စိတ်ထားကောင်းသူဟုချီးမွမ်းကြသည်။

တစ်နေ့နံနက်တွင် အိမ်မှုကိစ္စကို ဆောင်ရွက်ရသော ကျွန်မတစ်ယောက်က အိပ်ရာမှထနေကျအချိန်မထဘဲ နေမြင့်မှထသည်။ သူဌေးမကြီးက ဘာဖြစ်လို့လဲ နေမကောင်းဘူးလားဟု မေးသည်။ ကျွန်မက ကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူးဟုဖြေသည်။ သူဌေးမကြီးမသိမသာ မျက်နှာကြောတင်းသွားသည်။ ဘာမှတော့မပြော။

နောက်နေ့နံနက်ကျွန်မက မနေ့ကအတိုင်းထ၊ သူဌေးမက ထိုအတူမေး ကျွန်မက အလားတူပြန်ဖြေတော့သူဌေးမကြီးမျက်နှာကြော သိသိသာသာတင်းသွားသည်။ ဘာမှမပြောသေး။

တတိယနေ့မှာလည်း အလားတူထပ်ဖြစ်တော့ သူဌေးမကြီး ဆဲမျိုးစုံဖြင့် ဆဲရေးပြီး တံမြက်စည်းဖြင့်လိုက်ရိုက်ပါတော့သည်။ ထိုအခါ ကျွန်မကအိမ်ရှေ့လမ်းမပေါ် ထွက်ပြေးရင်း-

ကျုပ်တို့သူဌေးမကြီးက ကျုပ်တို့တော်နေလို့ သူကောင်းနေတဲ့ အယောင်ဆောင်သူတော်ကောင်းမကြီးပဲ။ စိတ်ထားကောင်းဟန်ဆောင်နေတာ၊ သူကျေနပ်အောင်အလုပ်လုပ်နေကြလို့ သူ့ပင်ကိုယ်စရိုက်ထွက်မလာတာ၊ အခုသူမကျေနပ်အောင်လုပ်မိတာနဲ့ သူ့ပင်ကိုယ်စရိုက်ထွက်လာတယ်။ ဆဲလည်းဆဲတယ်၊ ရိုက်လည်းရိုက်တယ်။

ဟုအော်ဟစ်ပြောဆိုသောဟူ၏။

သူတော်သဖြင့် ကိုယ်ကောင်းနေသော သူတော်ကောင်းများရှိသလို၊ သူမတော်လည်း ကိုယ်ကောင်းသည့် သူတော်ကောင်းများလည်း များစွာရှိပါသည်။ သူတစ်ပါးနှင့် ဆက်ဆံရာတွင် သည်းခံတတ်ခြင်း၊ အနစ်နာခံတတ်ခြင်း၊ မျှဝေတတ်ခြင်း၊ သူတစ်ပါးကိုသာစေပြီး မနာစေခြင်း စသည့်လူကောင်းသူကောင်းများကို အားလုံးစုပေါင်းပြီး စိတ်ထားကောင်းသူဟုဆိုနိုင်ပါသည်။

ဤသို့သော စိတ်ထားကောင်းသူသည် အပြည့်အဝစိတ်ထားကောင်းသူမဟုတ်သေးပါ။ တစ်ဝက်တစ်ခြမ်း စိတ်ထားကောင်းသူသာဖြစ်ပါသေးသည်။ နောက်တစ်ဝက်က မိမိကိုယ်အပေါ် မိမိစိတ်ထားကောင်းရပါမည်။ အပါယ်မချရပါ။

အများအပေါ် စိတ်ထားကောင်းသူသည် မျက်မှောက်ဘဝနှင့် သံသရာဘဝများတွင်သာချမ်းသာခြင်းကို ရနိုင်ပြီး နိဗ္ဗာန်ချမ်းသာကိုမရနိုင်ပါ။ မိမိအပေါ် မိမိစိတ်ထားကောင်းမှ သံသရာဝဋ်ဆင်းရဲမှလွတ်စေလိုသော စိတ်ရှိမှနိဗ္ဗာန်ချမ်းသာကိုရနိုင်ပါမည်။

ပထမဆင့်အနေဖြင့် ကုသိုလ်များများရပြီး အကုသိုလ်နည်းအောင်လုပ်ရပါမည်။ ကုသိုလ်များပြီး အကုသိုလ်နည်းသော် ပုံမှန်အားဖြင့် ကောင်းရာသုဂတိဘုံများကိုသာရောက်ရပါသည်။ ကောင်းမှုနှင့် မကောင်းမှုကို မြတ်စွာဘုရားက ဆားနှင့်ရေပမာပေးထားပါသည်။ ဆားလက်တစ်ဆုပ်စာ (ဆားခဲတစ်ခဲ) ကို ရေဖန်ခွက်တစ်လုံးထဲ ထည့်လိုက်သော် ဆားသတ္တိကများပြီး ရေသောက်၍မရပါ။ ထိုဆားခဲကို အင်းလျားကန်တော်ကြီး စသည်ကဲ့သို့သော ရေကန်ထဲထည့်လိုက်သော် ငန်ခြင်းသတ္တိလုံးဝမရှိတော့ပါ။ သတ္တိမပြနိုင်ခြင်းသာဖြစ်ပြီး လုံးဝပျောက်သွားသည်တော့မဟုတ်ပါ။

ထို့အတူ အကုသိုလ်က ဆားခဲပမာ၊ ကိုယ်က ရေတစ်ဖန်ခွက်ပမာဖြစ်သော် အကုသိုလ်သတ္တိဖြင့် အပါယ်ကျသွားပါမည်။ ကျသွားနိုင်ပါသည်။ အပါယ်ဘုံသားတို့တွင် ကုသိုလ်ပြု၍ မရှိဘဲ အကုသိုလ်သာတိုးပွားနေသဖြင့် နှစ်သည်ထက်နှစ်ခါ ငရဲကြီးနှစ်ထပ်ကိုတစ်ထပ်ကျဆင်းသွားနိုင်ပါသည်။

ကုသိုလ်က ရေကန်တစ်ကန်တမျှဖြစ်သော် အကုသိုလ်သတ္တိ မပြနိုင်သဖြင့် သုဂတိဘုံကိုရောက်ရပြီး ကောင်းမှုပြုခွင့်ရှိသည့်အတိုင်း ကောင်းမှုသာဆက်ပြုနေက သုဂတိဘုံများတွင်သာကျင်လည်ရပြီး အကုသိုလ်အကျိုးပေးနှင့်မရပါ။

ဒုတိယအဆင့် အနေဖြင့် ဝိပဿနာတရား ကျင့်ကြံအားထုတ်သဖြင့် ပေါက်မြောက်အောင်မြင်ပြီး တစ်မဂ်တစ်ဖိုလ် ရသွားသည်ရှိသော် အကုသိုလ်သည် လုံးဝအကျိုးပေးခွင့်မရတော့ပါ။ ပထမအားဖြင့် သမုဒ္ဒရာကမ်းစပ်အထိ လိုက်လောင်လာသော တောမီးသည် သမုဒ္ဒရာတစ်ဖက်ကမ်းကို ကူးမြောက်သွားသော သတ္တဝါအား လိုက်ပြီး မလောင်စေနိုင်၊ ဒုက္ခမပေးနိုင်သကဲ့သို့တည်း။

ထို့ကြောင့် ကုသိုလ်များများရအောင် ရှေးဦးစွာပြုလုပ်ရပါမည်။ ကာမာဝစရကုသိုလ်ဟုခေါ်သော လူ့ချမ်းသာ၊ နတ်ချမ်းသာရဖို့ပြုရန် ကုသိုလ်သည်အလွန်လွယ်ကူပါသည်။ ဆွမ်းတစ်ပန်းကန် သံဃာတော်ကိုလောင်းရုံဖြင့်ရနိုင်ပါသည်။ အခြားသူများလောင်းသည်ကိုမြင်ပြီး သာဓုခေါ် ရုံဖြင့်လည်းကောင်းထပ်တူထပ်မျှကုသိုလ်ရပါသည်။

ကောင်းမှု၊ မကောင်းမှုတို့နှစ်ခု၌-

၁။ ကိုယ်တိုင်၊
၂။ တိုက်တွန်း၊
၃။ ချီးမွမ်း၊
၄။ စိတ်တူ ဤလေးတူဖြင့်ထပ်တူထပ်မျှအကျိုးရသတည်းဟူသော အချက်ကို သတိရှိရပါမည်။

အမြဲတမ်းကုသိုလ်ရနေဖို့အတွက် မြတ်စွာဘုရားက အချက်(၄)ချက် ဖြည့်ဆည်းရန် ညွှန်ပြထားပါသည်။ ၎င်းတို့မှာ-

၁။ အမြဲကုသိုလ်သာ ဖြစ်နေရမည် ဟုစိတ်ကိုပြဋ္ဌာန်းထားရမည်၊
၂။ စိတ်ကို ကုသိုလ်ဘက်သာအမြဲ ဦးလှည့်ထားရမည်၊ သတိကပ် ထားရမည်၊
၃။ နှလုံးသွင်းမှန်ကန်မှုရှိရမည်၊
၄။ မပြတ်လေ့ကျင့်နေရမည် ဟူ၍ ဖြစ်ပါသည်။

အမှတ်စဉ် (၃) မှ အချက်မှာသိရန်ရော၊ လုပ်ရန်ရောခက်ပါသည်။

မည်သို့သော နှလုံးသွင်းမှုသည် မှန်ကန်သော နှလုံးသွင်းမှုဖြစ်သည်ကို ရှေးဦးစွာသိရန်လိုပါသည်။

ဤတွင် ရှေးဦးစွာကြောင်းကျိုးဆက်စပ်မှုကိုသိရပါမည်။ ကောင်းသည့်ကိစ္စ (အကောင်း) ဆိုးသည့်ကိစ္စ (အဆိုး) ဖြစ်လာမှုမှန်သမျှသည် အကျိုးဖြစ်၏။ ဤအကျိုးဖြစ်ရန် အကြောင်းရှိရပါမည်။ အကြောင်းမရှိဘဲ ဖြစ်သောအကျိုးဟူသည် လုံးဝမရှိ၊ ဤကား ဗုဒ္ဓ၏အခြေခံ မယူဝါဒတည်းမပြုလျှင် အသစ်ဖြစ်လျှင် အဟောင်းဟူ၍ ဆောင်ပုဒ်ပြုထားပါသည်။

ထိုအကြောင်းကို သင်္ခါရာသို့ မဟုတ်ကံဟုခေါ်သည်။ကျွန်တော်တို့လိုသာမန်လူများအတွက် ပုညာဘိသင်္ခါရ (ကောင်းမှုပြုခြင်း) အပုညာဘိသင်္ခါရ (မကောင်းမှုပြုခြင်း) ဟူ၍ ဖြစ်ပြီး ကောင်းကံ၊ ဆိုးကံ ဟူ၍လည်းခေါ်သည်။

ထိုကံသည် အတိတ်ကံ၊ ပစ္စုပ္ပန်ကံဟူ၍နှစ်မျိုးရှိပါသည်။ အတိတ်ကံဟူသည် လက်ရှိအချိန်မတိုင်မီ ယခုဘဝတွင်ဖြစ်စေ၊ ယခင်ဘဝများတွင်ဖြစ်စေ ပြုခဲ့သောကံဖြစ်ပြီးပါသည်။ ဥပမာအားဖြင့်-

ကျောက်ခဲတစ်လုံး ခေါင်းပေါ် မြှောက်တင်ပြီး မရှောင်ဘဲနေက ခေါင်းပေါ်ကျောက်ခဲကျပြီး အနာတရဖြစ်မည်။ မိမိပြုသောပစ္စုပ္ပန်ကံအကြောင်း၏အကျိုးတည်း။

အကယ်၍ အခြားသူတစ်ဦးက ကျောက်ခဲဖြင့်ပေါက်သောကြောင့် မိမိမှာဒဏ်ရာရလျှင် မိမိပြုခဲ့သောအတိတ်ကံအကြောင်း၏အကျိုးတည်း။

မုံလယ်ဆရာတော်က အလှူအိမ်မှာဖိနပ်ပျောက်လျှင် အသိရှိသူများက နှုတ်ပိတ်ပြီး ဆိတ်ဆိတ်ပြန်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဖိနပ်အခိုးခံရတယ်လို့ပြောခြင်းဟာ အရင်ဘဝက ငါဟာဖိနပ်သူခိုးပဲလို့ မိမိကိုယ်မိမိထုတ်ဖော်ကြေညာခြင်းဖြင့်လို့ပဲဟူ၍ မိန့်ကြားပါသည်။

ဤသို့အတိတ်ကံ၊ ပစ္စုပ္ပန်ကံ (ပစ္စုပ္ပန်ကံသည် အခြားသူကိုပြုသော အနာဂတ် ကံအတိတ်အကြောင်းဖြစ်ပြီး မိမိကိုယ် မိမိပြုလည်းဖြစ်တတ်ပါသည်။ (သတ်သေခြင်းက ဝဋ်လိုက်သည်ဆိုခြင်းမျိုးသည်) တို့၏ ကောင်းကျိုး၊ ဆိုးကျိုးပေါ်နေသည်မှာ မပြတ်ဖြစ်ပါသည်။ ပေါ်လာခြင်းကို အာရုံဟုခေါ်သည်။ အာရုံ (၆) ပါးရှိပါ သည်။ ၎င်းတို့မှာ-

၁။ အဆင်း၊
၂။ အသံ၊
၃။ အနံ့၊
၄။ အရသာ၊
၅။ အထိအတွေ့၊
၆။ စိတ်ကူးစိတ်သန်းဟူ၍ ဖြစ်ပါသည်။

ထိုအာရုံတို့သည် အကြောင်းကင်းပြီးမပေါ်ပါ။ အကြောင်းတစ်ခုခုကြောင့် သာပေါ်ခြင်းဖြစ်ပါသည်။

ထိုဖြစ်ပေါ်လာသော အာရုံတို့မှာ များသောအားဖြင့် (ကိုးဆယ်ရာခိုင်နှုန်းကျော်ကျော်မှာ) လောဘတက်စရာနှင့် ဒေါသထွက်စရာချည်း ဖြစ်ပါသည်။ လောဘတတ်တယ်၊ ဒေါသထွက်ရောက် အကုသိုလ်ချည်းဖြစ်ပါသည်။

ကြိုက်နှစ်သက်ဖွယ်အသံကိုကြားသော် ထပ်ကြားလို၊ မပြတ်ကြားလိုသည့် လောဘ၊ မနှစ်သက်စရာအသံကို ကြားလျှင် ကံသုံးပါးဖြင့် ကြမ်းတမ်းစွာတုန့်ပြန်လိုသည်ဒေါသ။

အလားတူအဆင်း၊ အနံ့၊ အရသာ အထိအတွေ့များတွင်လည်း နှစ်သက်ဖွယ်ဆိုလျှင် လောဘ၊ မနှစ်သက်ဖွယ်ဆိုလျှင် ဒေါသဖြစ်သည်။ အလားတူခံတွင်းတွေ့ခဲ့သော အစားအစာ (အရသာ)ကို ပြန်တွေးမိလျှင် ချက်ချင်းစားချင်လာသည့်လောဘ၊ ပျို့အန်လောက်အောင် မကောင်းသည့်အစားအစာ စားမိခဲ့သည်ကိုပြန်တွေးမိလျှင် ထိုအရသာပြန်ပေါ်လာသကဲ့သို့ဖြစ်ပြီး ဒေါသဖြစ်ရပြန်သည်။

ကျွန်တော်တို့သည် (၂၄) နာရီပတ်လုံး တစ်သတ်ပတ်လုံး လောဘတတ်စရာ၊ ဒေါသထွက်စရာအာရုံများဖြင့်သာနေကြရပါသည်။ အိပ်ပျော်နေတုန်းပင် လောဘတက်ဖွယ်၊ ဒေါသထွက်ဖွယ် အိမ်မက်များကို မြင်မက်နေသေးသည်။

ထိုသို့ကြုံသော် အကုသိုလ်မဖြစ်ဘဲကုသိုလ်ဖြစ်စေရန် သင့်တင့်စွာနှလုံးသွင်းရပါမည်။

နှလုံးသွင်းပုံအမျိုးမျိုး ရှိနိုင်သော်လည်းနှစ်မျိုးကိုတင်ပြပါမည်။

လောဘတက်စရာအာရုံနှင့် ကြုံသော် မမြဲခြင်းသဘော၊ အနိစ္စသဘောကိုနှလုံးသွင်းသင့်ပါသည်။ ဥပမာ-သာယာသောအသံအပေါ် လောဘတက်သော် ထိုအသံတို့သည် တစ်ခွန်းချင်း၊ တစ်သံချင်း ပျောက်နေကြသည်။ နောက်အသံပေါ် ရှေ့အသံပျောက်နှင့် နောက်ဆုံးပျောက်ကုန်ကြသည်။ ထိုအသံအပေါ်တွယ်တာနေ၍ အကျိုးမရှိ။ အလားတူ မိမိ၏ရုပ်နှင့်နာမ်တို့သည်လည်းပျက်လိုက် အစားထိုးဖြစ်လိုက်၊ ထပ်ပျက်လိုက်၊ ထပ်အစားထိုးဖြစ်လိုက်နှင့် ငယ်ရာကရွယ်၊ ရွယ်ရာကကြီး၊ ကြီးရာကအို နောက်ဆုံးသေရခြင်းဖြင့် အဆုံးသတ်ရသည်။ ထို့ကြောင့်သည် ရုပ်နာမ်အပေါ် တွယ်တာနေ၍လည်း အကျိုးမရှိဟု မှန်ကန်စွာနှလုံးသွင်းလိုက်လျှင်အကုသိုလ်မဖြစ်ဘဲ ကုသိုလ်ဖြစ်ပါမည်။

အကယ်၍ဒေါသထွက်စရာအာရုံနှင့်ကြုံသော် ပြုတာအသစ်၊ ဖြစ်တာအဟောင်းဆိုသည့်အတိုင်း အတိတ်ကံကြောင့်ကြုံရတာပဲ။ ဒီအပေါ် ထပ်ဒေါသဖြစ်ပြီး ကံသုံးပါးနှင့်ထပ်ကျူးလွန်လျှင် အသစ်ထပ်ပြုခြင်းဖြစ်ပြီး အဟောင်းမှအသစ်၊ အဟောင်းမှအသစ်နှင့် သံသရာတစ်လျှောက်လုံးလိုက်နေမည်။ အခုဖြစ်သည့်အခိုက်မှာ အပြတ်ဖြစ်မည်ဟု သင့်တင့်စွာ နှလုံးသွင်းပြီး မေတ္တာပွားနေလိုက်လျှင် အကုသိုလ်မှ ကုသိုလ်ဖြစ်သွားပါမည်။

ထို့သို့မှန်ကန်သော နှလုံးသွင်းမှုသည် လေ့ကျင့်ဖန်များသော် အထူးသတိပြုစရာမလိုတော့ဘဲ ပေါ်သည်နှင့် နှလုံးသွင်းပြီးသား ဖြစ်သွားပါမည်။ ဤအသိကိုသိထားဖို့ ဗဟုသုတလိုပါသည်။ တရားနာပါ၊ တရားစာဖတ်ပါ။

ထိုသို့ နှလုံးသွင်းမှန်ကန်မှသာ အပြည့်အဝစိတ်ထားကောင်းသူဖြစ်ပါမည်။

စိတ်ထားကောင်းသူများဖြစ်ကြပါစေ။

ချောင်းဆုံအုန်းသွင်

ကလေးအဖတ်တင်စေရန်

စိုးလင်းအောင်(မြန်အောင်)

ဆိုင်ကယ်နှီးမရသဖြင့် သစ်ချိုကုန်းတဲတန်းမှာရှိသော ရဲဇော်ထက်၏ ဆိုင်ကယ်ပြင်ဆိုင်သို့ ရောက်ရပြန်၏။ ထိုအချိန် ဆိုင်ကယ်ပြင်ဆိုင်ရှေ့သို့ ဆိုင်ကယ်တစ်စီးထိုးရပ်လာပြီး-

"ရဲဇော်ထက်ရေ ငါတော့ရလာပြီကွ"

ဟုပြောလိုက်၏။

ထိုသူက ဖျာလိပ်ကိုယူလာကာ ပြောခြင်း ဖြစ်သည်။ အခြေအနေမေး. ကြည့်သောအခါ ရဲဇော်ထက်နှင့်အတူ အညာသားကိုလှဝင်းဆီမှ ထန်းကြောဖျာများမှာထားကြ၏။ ယခုသူက ဖျာရလာပြီး ရဲဇော်ထက်ကမရသေးကြောင်း သိရသည်။ အသေအချာကြည့်မှ ကျော်ထူးတို့လင်မယားမှန်း သိရတော့၏။ စာရေးသူက-

"အေး-ထန်းကြောဖျာကခိုင်တယ်။ နွေမှာအေးတယ်ကွ"

ဟုဆိုလိုက်ရာ ရဲဇော်ထက်က-

"လေးလေးရေ ခိုင်လို့အေးလို့ မဟုတ်ဘူးဗျာ။ ဂမ္ဘီရနည်းနဲ့အသုံးပြုကြဖို့ ထန်းကြောဖျာမှာကြတာ"

ဟုဆိုသဖြင့် စာရေးသူစိတ်ဝင်စားသွားသည်။ ကလေးအဖတ်မတင်သူများ ကလေးအဖတ်တင်စေရန် နည်းလေးတစ်ခုဖြစ်ပါသည်။

ကျေးလက် တောရွာများတွင် ကလေး သုံးလေးယောက်မွေးဖွားကြသော်လည်း အဖတ်မတင်သူများရှိကြ၏။ အစွဲရှိလို့ဆိုက ကလေးအဖတ်တင်စေရန် အမျိုးမျိုးပြုလုပ်ကြလေသည်။ ထိုအခါ မိခင်ဖြစ်သူက ဆင်အောက်၊ ခြသေ့ အောက် (အရုပ်ခြသေ့) တိုးဝင်ရခြင်း၊ မွေးလာသောကလေးကို ဘုန်းကြီး



အားရောင်းခြင်းတို့ ပြုလုပ်ကြလေ၏။ တချို့ကလည်း ကလေးအဖတ်တင်စေရန် ယောကျ်ားလေးဖြစ်ပါက မောင်တင်ဟုနာမည်ပေးရသလို မိန်းကလေးဖြစ်ပါက မတင်ဟုခေါ်၍ အသက်ရှင်နေသူများရှိပါသည်။ တချို့မှာ ဤကလေးကောင်းစားသွားစေရန် မောင်ကောင်း၊ မကောင်းဟု နာမည်ပေးကြပြန်၏။ တချို့လည်း ပိုက်ဖြင့်အုပ်ထားရသဖြင့် ပိုက်အုပ် ပိုက်အုပ်ဟုနာမည်တွင်သူတွေရှိသလို ပိုက်ပေါ်တင်ထားရ၍ ပိုက်တင်ဟု ခုထက်တိုင် အသက်ရှင်နေသူတွေရှိပါသည်။

တချို့မိဘများမှာ မိဘနှစ်ပါးကို ဘယ်လိုနည်းပညာဖြင့်စစ်စစ် ဘယ်လိုပြစ်ချက်မှ ရှာမရသူတွေရှိသည်။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်၍ မဟာဗောဓိမင်းသားက မြတ်စွာဘုရားကိုအဘယ်အကြောင်းကြောင့် သားသမီးမရနိုင်ကြောင်း မေးလျှောက်ပုံကို တင်ပြချင်ပါသည်။

"အရှင်ဘုရား၊ တပည့်တော်အား အဘယ်ကံများကြောင့် သားသမီးမရရာသတည်း"

ဘုရားရှင်က-

"သင်မင်းသားသည်လည်းကောင်း မိဖုရားသည်လည်းကောင်း အခြားမဲ့ဘဝကပြုခဲ့သော မကောင်းမှုကံအားကြီး၍ သားသမီးမရရာသည်"

ဟုဖြေလေ၏။

"အဘယ်မကောင်းမှုပါနည်း"

"သင်မင်းကြီးသည် ရှေးလွန်းလေပြီးသောအခါ လူအများနှင့် ရေကြောင်းခရီးသွားကြ၏။ သင်္ဘောပျက်၍ လူများသေကြေကြသော်လည်း သင်မင်းသားနှင့် မိဖုရားတို့သာအသက်ရှင်ပြီး ကျွန်းငယ်တစ်ခုသို့ရောက်ရလေ၏။ စားသောက်ရန်မရှိသဖြင့် ငှက်သိုက်မှငှက်ဥတို့ကို နှစ်ဦးသားရွှင်ပျစွာစားသောက်ကြရသည်။ ဤမကောင်းမှုကံကြောင့် ယခုဘဝတွင် သားသမီးမရနိုင်ကြပါ"

အသင်မင်းသား အရွယ်သုံးပါးတွင် အကြင်သူသည် ပထမအရွယ်၌ ပါဏာတိပါတစသော မကောင်းမှုကို ပြုခဲ့ဖူးအံ့၊ ဘဝအသစ်ဖြစ်သော ငယ်စဉ်ကပင် ရောဂါကပ်ငြိနှိပ်စက်ခြင်း၊ အသက်တိုခြင်း၊ သားသမီးမရနိုင်ခြင်း စသည်ဖြင့်ချို့တဲ့စွာဖြစ်၏။

ဒုတိယအရွယ်သို့ရောက်မှပြုခဲ့သူက ဒုတိယအရွယ်သို့ရောက်သောအခါ ချို့တဲ့စွာဖြစ်ရ၏။ တတိယအရွယ်သို့ရောက်မှ ပြုခဲ့မူကား တတိယအရွယ်သို့ရောက်သောအခါ ချို့တဲ့စွာဖြစ်ရ၏။

ထို့ကြောင့် ချို့တဲ့ခြင်းကိုအလိုမရှိကြကုန်သော သူတော်ကောင်းတို့သည် အရွယ်သုံးပါး၌ပင် ကာယဒုစရိုက်တရားတို့ကို မြစ်တားစောင့်ရှောက်ကုန်ရာ၏ ဟုဟောတော်မူပါသည်။ ဤအကြောင်းအရာကိုထောက်ရှုခြင်းအားဖြင့် သားသမီးအဖတ်မတင်သည်မှာ ပစ္စုပ္ပန်တံ သက်သက်သာမဟုတ် အတိတ်အကြောင်းလည်းရှိသည်ဟု မှတ်ယူရာသည်။

ကလေးအဖတ်တင်စေရန် ကြံဆောင်ခဲ့သည့်နည်းကလည်း စုံလင်လှပေပြီ။ သိပ္ပံနည်းပညာ၊ ဂမ္ဘီရနည်းပညာတွေသုံးကြည့်သော်လည်း ခုထက်ထိ တစ်ယောက်မှ အဖတ်မတင်သေး၍ စိုးရိမ်နေကြ၏။ ဘယ်သူကဘယ်လိုလုပ်ဆိုလုပ်ကြည့်လိုက် ဒီလူက ဒီနည်းကောင်းတယ်ဟု လုပ်ကြည့်စမ်းဆိုလုပ်ကြည့်နေကြရသည်။ အေးအေးချမ်းချမ်းမိသားစုတွေနေချင်ကြတာကိုး။

ယခုတင်ပြမည့်နည်းမှာ ရဲဇော်ထက်ခေါင်းရင်းဘက်ခြံသို့ ရိုက်မဲ့သင်းရွာမှပြောင်းလာသည့် ဦးအောင်ရွှေမိသားစုပေးသော နည်းကလေးဖြစ်သည်။

တစ်ခါတွင် ရှေ့မီနောက်မီလူကြီးတစ်ဦးကအကြံပေး၏။ ကလေးမွေး၊ မွေးချင်းကြမ်း သို့မဟုတ် ပျဉ်ပေါ်သို့မချခင် ထန်းကြောဖျာပေါ်သို့ အရင်ဆုံးတင်လိုက်ပါတဲ့။ ထန်းဆိုသည့်အတိုင်း ထန်းထားသည်ဟုဆို သည်။

သူတို့လည်း မထင်မှတ်ဘဲ ကလေးမွေးရက်စော၍ မွေးဖွားသဖြင့် ထန်းကြောဖျာကမရသေးပါ။ ထို့ကြောင့် ကလေးမွေးသောအခါ ထန်းရွက် ထန်းကြောများ အမြန်ပြေးယူသွား၊ ကလေးကို စတိအနေဖြင့်တင်ထားလိုက်သည်။ ထိုကလေးကား အရင်ကလေးများလို မဟုတ် ယခုထက်တိုင်ရှိပြီးမိန်းမတောင် ရနေပါပြီ။

ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ကလေးမွေးဖွားပြီး အဖတ်မတင်သူများ ဤနည်းကလေးဖြင့် စမ်းကြည့်ကြပါဟု အကြံပြုလိုက်ပါသည်။

သမ္မာဆန္ဒပြည့်ဝကြပါစေ။

စိုးလင်းအောင်(မြန်အောင်)

မိုမြေး

ဇိနတ္တပကာသနီကျမ်း။

ရေသကျည်းပင်ဟာ
ကျန်းမာရေးအတွက်
ဆေးတစ်လက်ဖြစ်မှန်း သိသူရှားနေပြီ

ဇန်းမော်ညိုသူ





'ရေသကျည်းပင်'ကိုသိသူအလွန်ရှားသွားပါပြီ။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာတော့ ရေသကျည်းပင် ရှေးရေး 'ယာသကျည်းပင်' လို့ ဖော်ပြထားတာတွေ့ရပါတယ်။ ရေသကျည်းပင်ဆိုတာ အပင်နိမ့်မျိုးဖြစ်ပါတယ်။ အမြင့်ဆုံးဟာ လူတစ်ရပ်ကျော်မြင့်ပြီး ကင်ပွန်းချဉ်ပင်လို အရွက်များဖြာကျနေပါတယ်။ တစ်နည်းပြောရရင် စိန်ပန်းရွက်လို ဖြစ်ပါတယ်။

စာရေးသူအဖေဟာ မွန်တိုင်းရင်းသား ဖြစ်ပါတယ်။ တိုင်းရင်းဆေးမှာ အလွန် ဝါသနာကြီးတဲ့သူ ဖြစ်ပါတယ်။ သူကြားသိသမျှ ဆေးပင်များကို အိမ်ခြံဝင်းအတွင်းမှာ စိုက်တတ်ပါတယ်။ ဒါကြောင့် စာရေးသူတို့အိမ်ခြံဝင်းဟာ တိုင်းရင်းဆေးပင်များနဲ့ အလှဆင်ထားသလို ဖြစ်နေပါတယ်။ ဆေးကုစားခြင်း မရှိပါဘူး။ သူတစ်ပါး လိုအပ်လို့ တောင်းလာရင် ဆေးရွက်၊ ဆေးမြစ်များနဲ့ အခေါက်များကို ဒါနလုပ်တတ်ပါတယ်။

တစ်ရက် ဈေးမှာ ဈေးရောင်းပြီး ပြန်လာတဲ့ စာရေးသူရဲ့အမေဟာ အိမ်ခြံပေါက်လည်းရောက်ရော မူးလဲသွားပါတယ်။ အဖေဟာ မေ့နေတဲ့ အမေ့ကို ပွေ့ယူပြီး အိပ်ရာပေါ်မှာ သိပ်ပါတယ်။ ပြီးတော့ စာရေးသူကို အစောင့်ထားပြီး ဓားတစ်လက်နဲ့ အိမ်ခြံဝင်းထဲ ဆင်းသွားပါတယ်။ သိပ်မကြာလိုက်ပါဘူး။ အဖေပြန်ရောက်လာပါတယ်။ လက်ထဲမှာ ရေသကျည်းပင်အရွက်တွေ ပါလာတယ်။

"သားရေ၊ ဒီရေသကျည်းအရွက်ကိုထောင်းပြီး ယူလာခဲ့"

အဖေက ရေသကျည်းရွက်များကို စာရေးသူလက်ထဲထည့်ပေးလိုက်ပါတယ်။

စာရေးသူလည်း ပျာယီးပျာယာ ထောင်းထုပြီး အဖေ့လက်ထဲအပ်လိုက်ပါတယ်။ အဖေက ထောင်းထုထားတဲ့ ရေသကျည်းရွက်ကို အမေ့ရဲ့ငယ်ထိပ်မှာ အုပ်ပြီး ပုဆိုးစနဲ့ မျက်နှာကို သိုင်းချည်လိုက်ပါတယ်။ ထောင်းထုထားလို့ရတဲ့ ရေသကျည်းအရည်ကို ဇွန်းလေးနဲ့ခပ်ပြီး မေ့မြောနေတဲ့ အမေ့ပါးစပ်ထဲကို ဖြည်းဖြည်းချင်းထည့်ပေးပါတယ်။ သိပ်မကြာလိုက်ပါ။ မေ့မြောနေတဲ့အမေဟာ သတိရလာပါတယ်၊ စကားတွေပြောလာပါတယ်။

အဖေက စာရေးသူကို ပြောပါတယ်။

"ငါ့သား၊ ဒီအပင် ဒီအရွက်က ရေသကျည်းရွက်လို့ခေါ်တယ်။ အလွန်တန်ဖိုးရှိတဲ့အရွက်ပေါ့။ အဖေဟာ ဆေးဆရာ မဟုတ်ပေမယ့် ဆေးဆရာတွေ လုပ်နည်းလုပ်ဟန်ကိုသိထားလို့ သားတို့အမေကိုကုပေးလိုက်တာပေါ့။ အဖိုးတန်တဲ့အပင်မို့ အဖေခြံဝင်းထဲမှာစိုက်ခဲ့တာပဲ။ လူတွေဟာ နေပူထဲမှာ သွားရင်းလာရင်း ခေါင်းကိုက်တာတို့ဖြစ်တတ်တယ်။ ခေါင်းမူး၊ ခေါင်းကိုက်လာရင် မျက်စိအကြည်ဟာ မှုန်ဝါးဝါးဖြစ်လာတတ်တယ်။ မူးလဲတတ်တယ်။ သားတို့အမေကိုကြည့်လေ။ နေပူထဲမှာ ခေါင်းကိုက်၊ ခေါင်းမူးဖြစ်လာပြီး မူးလဲခဲ့တယ် မဟုတ်လား။ နောက်ပြီး ရေသကျည်းရွက်ဟာ နှလုံးကိုကြည်မြစေပါတယ်။ အရွက်ကို ရေနွေးနဲ့ဖျော်ပြီး ဆီ၊ မြေပဲထောင်းများနဲ့ သုပ်စားရင် နှလုံးရောဂါသည်များတောင် ရောဂါပျောက်တယ်လို့ ဆရာများကဆိုကြတယ်။

ရေသကျည်းပင် ဆိုတာ အအေးဓာတ်ကိုပေးတဲ့အပင်မျိုး ဖြစ်တယ်။ ဒါကြောင့် ရေသကျည်းရွက်ဟာ အအေးဓာတ်ရှိတဲ့အရွက်ဖြစ်နေလို့ ခန္ဓာကိုယ်မှာ ဖောက်ပြန်ပျက်စီးနေတဲ့ အပူဓာတ်များကို ညီညွတ်မျှတစေတဲ့သတ္တိရှိတယ်။ ရှေးက လူကြီးတွေဟာ ရေသကျည်းရွက်များကို အခြောက်လှန်းပြီး ရေနွေးကြမ်းသဘောနဲ့ သောက်ကြတယ်လို့ ဆရာတွေပြောပြလို့ အဖေသိခဲ့ရတယ်"

အဖေပြောခဲ့တဲ့ စကားများဟာ နှစ်ပေါင်း (၆၀) ကျော်ခဲ့ပါပြီ။ အခု အဖေလည်းမရှိတော့ပါဘူး။ စာရေးသူအသက်တောင် (၈၀) ကျော်နေပါပြီ။

ရာသီဥတုဒဏ်၊ ရေဘေးဒဏ်တို့ကြောင့် စာရေးသူတို့ အိမ်ခြံဝင်းထဲမှာ အဖေစိုက်ခဲ့တဲ့ရေသကျည်းပင်လည်းမရှိတော့ပါဘူး။ ခြံထဲမှာ ပြန်စိုက်ဖို့အတွက် ရေသကျည်းပင်မျိုးလိုက်ရှာလည်းမတွေ့တော့ပါဘူး။ အောက်ပြည်အောက်ရွာ တိုင်းဒေသကြီး၊ ပြည်နယ်များမှာတော့ ရှိရင်ရှိနေမယ်လို့ စာရေးသူထင်ပါတယ်။ အကယ်၍ ရှိနေရင်လည်း စာရေးသူတင်ပြခဲ့သလို ကျန်းမာရေးအတွက် ရေသကျည်းရွက်ကို အသုံးပြုကြပါလို့။

ကျန်းမာချမ်းသာကြပါစေ

ဇန်းမော်ညိုသူ



ကိုဇော်ဝင်း

(ရေနံသာ)

မြစိမ်းမင်းသမီး၊ ကျောက်စိမ်းဘုရားနှင့် မြေစိမ်းတို့ကြီးစိုးရာဒေသ

ကျွန်တော်တို့ မင်္ဂလာအဝင်ည၌ အဘညီပြန်ရောက်လာပါ၏။

မြန်မာပြည်မြောက်ဖျားမှပြန်လာသည်ဆိုပါ၏။ မိသားစုများအားလုံး အဘညီပြန်ရောက်လာသည့်အတွက် ဝမ်းပန်းတသာရှိကြသည်။

အဝင်နေ့ညနေတွင် ရွာအပျိုများ အောင်ပန်းစည်းကြသည်။ အရွယ်ရောက်ပြီး အမျိုးသမီးများက လက်ဖက်၊ ဂျင်း ထုပ်နေကြ၏။

မင်္ဂလာနေ့နံနက်ခင်း ရောက်လာသမျှပရိသတ်ကို အောင်ပန်းဝေမည်၊ ထမင်းကျွေး လက်ဖက်ရည် တိုက်ဧည့်ခံပါမည်။

တစ်ရွာလုံး တစ်ရပ်လုံး အသံချဲ့စက်မှ မင်္ဂလာတေးများ လွှင့်နေမည်။ နေ့ (၁၀) နာရီ အချိန် သံဃာများ ဆွမ်းကပ်ပါသည်။ ဝတ္ထုငွေများလှူပါမည်။

အဘညီက ရွာရင်းကျောင်းဆရာတော်နှင့် အနောက်တောရကျောင်းဆရာတော်ကို ငွေသားတစ်သိန်းစီ သီးသန့်လှူပါသည်။

ကျွန်တော်တို့ဇနီးမောင်နှံအတွက် အဘညီက ရွှေငါးကျပ်သားလက်ဖွဲ့ပါသည်။

ဆွမ်းကပ်ပြီး သံဃာတော်များပြန်ကြသည်။

နှစ်ဖက်မိဘများနှင့် အဘညီကို ကျွန်တော်တို့ဇနီးမောင်နှံ ကန်တော့ပါသည်။

ဧည့်လည်းစဲပြီ၊အသံချဲ့စက်လည်း သိမ်းတော့မည်။

ရွာအပျိုခေါင်းနှင့် အမျိုးသမီးများကလက်ဖက်ထုပ်၊ ဂျင်းထုပ်တောင်းများ ခေါင်းပေါ်ရွက်လျက် တစ်ရွာလုံး တစ်အိမ်တက်ဆင်း လက်ဖက်ထုပ်၊ ဂျင်းထုပ် ဝေပါသည်။ ရွာမရပ်မှ ကျွန်တော်တို့ ဇနီးမောင်နှံကို အကြင်လင်မယားအဖြစ်

အသိအမှတ်ပြုပါရန် လက်ဖက်ထုပ်၊ ဖျင်းထုပ်များ ပေးဝေခြင်းဟုဆိုပါသည်။

အားလုံး ပျော်ပျော်ရွှင်ရွှင်ရှိခဲ့ကြပါလေ၏။

ကျွန်တော့်ဇနီးနှင့်ကျွန်တော်သည် မောင်နှမဝမ်းကွဲများ တော်စပ်ပါ၏။ အဘညို၏တူနှင့် တူမများလည်း ဖြစ်ပါသည်။

ကျွန်တော်တို့ရွာသည် အိမ်ခြေသုံးရာကျော်မျှရှိသော ရွာသူ၊ ရွာသားများ စည်းလုံးညီညွတ်သောရွာလည်း ဖြစ်ပါ၏။

မောက်ကြီးရွာဟု အမည်တွင်ပါသည်။

အဘညို ရွာမှာသုံးရက်မျှကြာ၏။

'စစ်ကိုင်းဘက်မှာ ဘုရားတစ်ဆူ ဖူးမြင်ရန်ရှိသည်' ဆိုလျက် အဘညိုပြန်မည်။ 'မောင်ညို မင်းလိုက်ပို့' ဟု ပြောပါ၏။

ညဦးကတည်းက ကျွန်တော့် ကန်ဘိုဆိုင်ကယ်လေးကို ဆီအပြည့်ထည့်ထားသည်။ အောက်ဆီမီမမီစစ်ထားသည်။ လိုအပ်သမျှပြင်ဆင်ထားခဲ့၏။

နံနက်လေးနာရီမှာ အမေချက်ထားသော ကောက်ညှင်းပေါင်းကို ကျွန်တော်နှင့် အဘညိုစားပါသည်။ ရေနွေးကြမ်းသောက်ပါသည်။

ကျွန်တော့်ဇနီး မခင်ဆွေသန်းက အဘညိုကို အကျႌအတွက် ဖျင်တစ်စနှင့် ဖျင်ချောတဘက်တစ်ထည်ကန်တော့ပါသည်။

'မောင်ညိုကို တစ်လနီးပါးကြာမှ ပြန်လွှတ်မည်' ဟု အိမ်ကို အဘညိုပြောပါ၏။ ကျွန်တော့်ဇနီး ပူပူ နွေးနွေး၊ သတိ့သမီး မခင် ဆွေသည် မျက်နှာမကောင်း ပါ။

အဘညိုသည် ညီမများထဲတွင် ကျွန်တော့်အမေကိုအချစ်ဆုံး၊သံယောဇဉ်အရှိဆုံးဖြစ်ပါသည်။ အဘညိုကျေးဇူးကလည်းကြီးပါသည်။

*

အဘညိုမှာ ဖျင်လွယ်အိတ်ကြီး တစ်လုံးသာပါ၏။

နံနက် (၇) နာရီအချိန်ကျွန်တော်တို့ရွာမှထွက်သည်။ စစ်ကိုင်းရွှေဘိုကားလမ်းမက ကျယ်သည်။ တောင်တည့်တည့်ကျွန်တော်ဆိုင်ကယ်ကို ဖြည်းဖြည်းမှန်မှန်စီးပါသည်။

လှတောရွာ၊ ရွာသာကြီး၊ ဆားတောင်ကိုကျော်လာသည်။

အုန်းတောလမ်းဆုံအလွန် လမ်းအရှေ့ဘက် ထမင်းဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ အဘညိုက ဆိုင်ကယ်ရပ်ရန် နောက်မှပြော၍ ဝင်လိုက်ရသည်။

စားပွဲကုလားထိုင်အခင်းအကျင်းက သပ်ရပ်သန့်ရှင်း၏။ ဆိုင်ရှင်နှင့်စားပွဲထိုးများက ဖော်ရွေသည်။

ကျွန်တော်နှင့် အဘညို ထမင်းဆီဆမ်းတစ်ပွဲ၊ အကြော်တစ်ပွဲမှာစားသည်။ ရေနွေးကြမ်းလည်း ကောင်းပါသည်။

အဝေးပြေးမှန်လုံကားကြီးနှစ်စီးဆိုင်ရှေ့ဝင်လာသည်။ ကျသင့်ငွေရှင်းပြီးကျွန်တော်နှင့်အဘညိုဆိုင်ထဲကထွက်ပါသည်။ တောင်တည့်တည့် ကုန်းမော့မော့လေးအတိုင်း ကားလမ်းပေါ် ရောက်၏။

ကန်ဘိုအမျိုးအစား ကျွန်တော့်ဆိုင်ကယ်လေးက စက်သံညက်သည်။

စစ်ကိုင်းမြို့ကိုမရောက်သေး။ အနည်းဆုံးဆယ်လေးငါးမိုင်အကွာအဝေးမျှ လိုဦးမည်။ ကားလမ်းအနောက်ဘက်လှည်းလမ်းကလေးအတိုင်း အဘညိုက ချိုးဝင်ခိုင်းသည်။ ဆိုင်ကယ်ကို စက်ရှိန်လျှော့လိုက်ရသည်။

ချုံနွယ်များ လွန်စွာထူထပ်သည်။ တစ်ဖက်တစ်ချက်၌ ပြဿဒ်ပင်များ၊ အပြိုင်းအရိုင်းရှိသည်။ လှည်းဘီးရာများ ချိုင့်နက်၍ ဆိုင်ကယ်ထိန်းစီးနေရ၏။

"အေးဟော့၊ဘယ်ဘက်ကိုဝင်လိုက်"

နောက်မှ အဘညိုအသံ ကြား

လိုက်ရပါ၏။ ကျွန်တော် ချိုးကွေ့ဝင်သည့်ရှေ့မှာ ထန်းရွက်တဲကလေးတစ်လုံး။ ထိုထန်းရွက်တဲကလေးထိုးထားသည်က ကြာသေးပုံမရှိသေး။ ထန်းရွက်တဲကလေးရှေ့ ကျွန်တော် ဆိုင်ကယ်ရပ်သည်။

ဩော်- ရသေ့ကြီးဦးညို၊ ဘရသေ့ကြီးဦးညိုက ထန်းရွက်တဲကလေးအတွင်း ဝါးကွပ်ပျစ်ကလေး တစ်လုံးပေါ်ထိုင်လျက် ကျွန်တော်တို့ကို ပြုံးရွှင်စွာကြိုဆိုနေသည်။ ရသေ့ကြီး ဦးညိုရှေ့မြေပြင်ပေါ်တွင် ယောကျ်ားသားကြီးလေးငါးဆယ်ယောက်ခန့်ရှိနေပါ၏။

"ဘုရားတည်မည့်ဒကာရောက်လာပါပြီဗျာ"

ဟု ရသေ့ကြီးဦးညိုက ထိုယောကျ်ားသားကြီးများကို မိန့်ကြားပါပြီ။

အဘညိုနှင့် ကျွန်တော်က ရသေ့ကြီးဦးညိုကို ရှိသေစွာဂါရဝပြု ကန်တော့လိုက်ကြပါသည်။

ကျွန်တော့်အမည်ကမောင် ညို။ ကျွန်တော့်ကို အဘညိုက 'လူလေး' ဟုခေါ်ပါသည်။

ဩော် - ညိုသုံးညိုဆုံကြပါလေပြီ။

*

ထန်းရွက်တဲကလေး၏ အနောက်ဘက်မိုင်ဝက်ခန့်ရှိမည်။ လွန်စွာ ကျယ်ပြန့်ပါသော အင်းရေပြင်ကျယ်ကြီး။

အင်းရေပြင်နှင့် ထန်းရွက်တဲကြား ရွာကြီးတစ်ရွာရှိ၏။ ထိုရွာကြီးနှင့် မိုင်ဝက်ခန့် မြောက် စူးစူးတွင် ရွာငယ်တစ်ရွာရှိပါ၏။

ထိုရွာကြီးအမည်က 'မင်း ရွာကြီး' ရွာငယ်အမည် 'စစ်သူကြီး ရွာ' ဟု အမည်ရှိကြောင်းသိရ သည်။

ရသေ့ကြီးသီတင်းသုံးရာထန်းရွက်တဲကလေးနှင့်ကပ်လျက် ဝါးလေးငါးရိုက်အကွာကုန်းမို့မို့တစ်ခု။

ထိုကုန်းမို့မို့လေးသည် စေတီဟောင်းတစ်ခုဟုမည်သူမျှမသိ။ မြေကြီးများ၊ ချုံနွယ်များ ဖုံးအုပ်နေပါ၍ နှစ်ကာလကလည်း ကြာမြင့်ပြီဖြစ်ပါသဖြင့် မင်းရွာကြီးက လူများလည်း စေတီဟုမသိ။ စစ်သူကြီးရွာကလူများလည်း မသိကြ။ သို့သော် မြေ့မြုပ်ဝင်နေသော ချုံနွယ်များ ဖုံးအုပ်နေပါသော ထိုစေတီငယ်သည် ထိုမင်းရွာကြီး ထိုစစ်သူကြီးရွာကြီးတို့နှင့် အဆက်အစပ်ရှိနေ၏။ ပတ်သက်မှုရှိ၏။

ရှေးရှေးလူများက စေတီဒကာများဖြစ်ခြိမ့်မည်ဟု ရသေ့ကြီးဦးညိုဆိုသည်။

ရသေ့ကြီးဦးညိုသည် မြန်မာတစ်ပြည်လုံးအနှံ့ သာသနာပြုနေသူတစ်ဦးဖြစ်၏။ စေတီ၊ တန်ဆောင်း၊ ဇရပ်၊ လမ်းတံတားအားလုံး အဟောင်းမှန်သမျှ ပြင်သည်။ သမိုင်းကို နှံ့နှံ့စပ်စပ်သိရှိသူလည်းဖြစ်၏။

မည်သည့်မြို့ မည်သည့်နေရာ၌ မည်သည့်ရှေးဟောင်းစေတီရှိကြောင်း ပြောနိုင်သူလည်းဖြစ်၏။ သိရှိသူလည်းဖြစ်၏။

ယခု စေတီက ရသေ့ကြီးဦးညို သမိုင်းအရ ရှာနေသော စေတီမဟုတ်။ 'မြစိမ်းမင်းသမီး' က ရသေ့ကြီးဦးညိုကို ပြုပြင်ရန် အိပ်မက်ပေးလျှောက်ထားလာပါ၍ နေရာလည်းသိရှာ၍လည်း တွေ့လာခြင်းဖြစ်၏။

ထိုစေတီအသစ်ပြုပြင်ရန် ကျွန်တော် အဘဦးညိုကို ရသေ့ကြီးက တာဝန်ပေးအပ်နှံပါသည်။

ကုန်းမို့မို့တစ်ဝိုက်တွင် ချုံနွယ်များကြီး၍ လူမဆိုထားနှင့် တိရစ္ဆာန်ငယ်များပင် တိုးဝင်ရန်မလွယ်ပါ။

ထို့အပြင် ထိုထိုသောချုံနွယ်များပေါ်တွင် မြွေစိမ်းများ အကောင်ပေါက်များစွာရှိသည်။ တစ်ကောင်နှင့်တစ်ကောင် ရစ်ပတ်၍ အထွေးလိုက်တွေ့ရပါသည်။

မြွေစိမ်းခေါင်းပြားသည် လွန်စွာ အဆိပ်ပြင်းပါ၏။

မြွေစိမ်းခေါင်းပြား 'မြွေပွေးသား' ဟုဆိုရိုးရှိပါသည်။

မြွေစိမ်းခေါင်းပြားကိုက်ချက်မိလျှင် အရိုးများကြွေသည်အထိ နာကျင်မှုကြီးသည်။ ကျွန်တော် တိုးဝင်၍ရသမျှ လျှောက်၍ရသမျှ ကျွန်တော် ကြည့်သည်။

ကုန်းမြေပေါ်ရှိ ချုံနွယ်တိုင်း မြွေစိမ်းတို့အကောင်ပေါင်းများစွာ တွေ့ရပါလေသည်။

ဩော်- မြွေစိမ်းတို့ကြီးစိုးရာဒေသပါတကား။

*

ငှက်ပျောပွဲ၊ အုန်းပွဲများပြင်ဆင်ပြီး သက်ဆိုင်ရာအပ်နှံသည်။

(၇) ရက် အလင်းတိုင်၊ နံ့သာတိုင်များ ထွန်းညှိပူဇော်လျက် တောအနှံ့တောင်အဆုံး ရသေ့ကြီးဦးညို မေတ္တာပို့

အမျှအတန်းပေးဝေပါသည်။

မင်းကြီးရွာ၊ စစ်သူကြီးရွာတို့မှ ရောက်လာကြသည်။ ပေါက်ပြား၊ပေါက် ချွန်၊ ကိုင်းခုတ်ဓားအစုံနှင့် ဖြစ်၏။ စစ် ကိုင်းမြို့သူ၊ မြို့သားအချို့လည်းပါသည်။

ကုန်းမြေတစ်ခုလုံး ရှင်းလင်းရန် ပြင်ဆင်နေခဲ့ကြပါ၏။

နေ့ (၁၂) နာရီအချိန် အားလုံး အုံးအုံးကျက်ကျက်နှင့် စိတ်အားထက် သန်စွာလုပ်အား ကုသိုလ်ယူကြမည်။

တောင်စူးစူးမှပျားကောင်ကြီးများ တဝီဝီအသံပေး အုပ်လိုက် ကုန်းမြေပေါ် ရောက်လာသည်။ ပျားကောင်ကြီးများ အရွယ်အစားက တစ်လက်မနီးနီးရှိမည်။ အလွန်အဆိပ်ပြင်းသော ပျားကြီးမျိုးဖြစ် သည်။

ရသေ့ကြီးဦးညိုက နောက်ဆုတ်ကြ အန္တရာယ်ကြီးတယ်ဟု မိန့်ကြား၏။ လူများရုတ်ရုတ်သဲသဲဖြစ်နေ၏။

ထိုအချိန် အနောက်စူးစူးအင်းရေ ပြင်ကမ်းစပ်ဘက်မှ ကျွဲရိုင်းနှစ်ကောင် ဒေါသတကြီး နှာခေါင်းသံကြီးပေးပြီး ကုန်းတော်ရှိရာပြေးလာပါသည်။

ကျွဲရိုင်းကြီးနှစ်ကောင်၏ဦးချိုကားကားကြီးမှာ ကြောက်မက်ဖွယ်ရာအတိ ဖြစ်သည်။ ပြီးနောက် ကျွဲရိုင်းကြီးနှစ် ကောင်ကဒေါသအလွန်ကြီးနေပုံမျိုးတွေ့ ရပါသောကြောင့် လူများလှည်းလမ်း အတိုင်း ပြေး၏ပြေးရာပြေးကြပါလေပြီ။

ကုန်းမြေပေါ် ရသေ့ကြီးဦးညိုနှင့် အဘညို၊ ကျွန်တော်နှင့် မင်းကြီးရွာ သားသုံးဦးသာရှိပါတော့သည်။

ရသေ့ကြီးနှင့် အဘညိုတို့မျက်နှာ များက လွန်စွာ တည်ငြိမ်လှပါသည်။ ကျွန်တော်သည် ရွာသားသုံးဦးကို ကြည့် လိုက်ရာ မျက်နှာများပျက်နေပါသည်။ သို့သော် ကျွန်တော်တို့ မပြေးလျှင် သူ တို့လည်း ပြေးမည့်ပုံမရှိ။

ရသေ့ကြီးဦးညိုကို ရွာသားသုံးဦး ယုံကြည်အားထားပုံမျိုး တွေ့ရပါသည်။ ကျွဲရိုင်းနှစ်ကောင်နှင့် ကျွန်တော်တို့ အကြား ဝါးလေးငါးရိုက် အကွာမျှရှိ တော့သည်။

"အဘ သတိထားပါ။ ဘာမှမဖြစ် ပါဘူး။ ကျွန်မအစ်ကိုနှစ်ယောက်က တော်တော်ဆိုးပါတယ်။ ကျွန်မတို့ဘိုး ဘိုးကြီးကိုယ်တိုင် အတော်ထိန်းနေရပါ တယ်။ ကျွန်မကိုလည်း ညီမအငယ်ဆုံးမို့ ချစ်ကြပါတယ်"

ရသေ့ကြီးဦးညိုရှေ့ မိန်းကလေး တစ်ဦး လက်အုပ်ကလေးနှစ်ဖက်ချီပြီး

ရပ်လျက်လျှောက်ထားနေ၏။

ထိုမိန်းကလေးသည်စောစောပိုင်းကမရှိပါ၊ မတွေ့ပါ။

ထိုမိန်းကလေး မျက်ဝန်းအစုံကဖိတ်ဖိတ်လက် တောက်လွန်းပါဘိခြင်း။ ပြီးနောက် ထိုမိန်းကလေးသည် အစိမ်းရောင်ချည်သားထဘီနှင့် အစိမ်းရောင်ချည်သားအင်္ကျီကိုဝတ်ဆင်ထားပါ၏။

ထိုမိန်းကလေးသည် ရသေ့ကြီးဦးညိုရှေ့မှ ချာခနဲလှည့်ကာ ကျွဲရိုင်းကြီးနှစ်ကောင်ရှေ့ ပြေးရပ်လိုက်ပါသည်။ ဦးချိုကြီးများကိုင်လျက် နောက်ပြန်တွန်းထုတ်နေပါ၏။

ကျွဲရိုင်းကြီးနှစ်ကောင် နှာပြင်းပြင်းမှုတ်လျက် မြေပြင်ခွာတလျှပ်လျှပ်ပေါက်လျက် ဦးချိုကြီးများတရမ်းရမ်းနှင့် အချိန်အနည်းငယ်ကြာ ရန်လုပ်နေရာမှ နောက်ပြန်လှည့်ပြေးသွားပါသည်။

ထိုမိန်း‌ကလေးသည် ကျွဲရိုင်းကြီးနှစ်ကောင်နောက်ပါသွားသည်။ အားလုံးမြင်ကွင်းထဲမှပျောက်သွားချိန် 'ဟင်း' ခနဲကျွန်တော်သက်ပြင်းချလိုက်နိုင်သည်။

ရွာသားသုံးဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြပါ၏။ ပြီးနောက် တစ်ပြိုင်တည်း ကျွန်တော်တို့ပြုံးပြသည်။

ကျွန်တော်သတိရ၍ ကြည့်လိုက်ရာ ကုန်းတော်ပေါ် ပျားကောင်ကြီးများလည်း မရှိတော့ပါပြီ။

မည်သည့်အချိန် မည်သည့်ဘက်ကို ပျံသွားကြသည်မသိပါ။

"အဘ မိန်းကလေးက ဘယ်သူလဲ"

ဟု ကျွန်တော် အဘညိုကိုမေးပါသည်။ အဘညိုကမဖြေပါ။ အဘညိုကိုယ်စား ရသေ့ကြီးဦးညိုက ပြန်ဖြေပါ၏။

"လူလေး မသိရင်မှတ်ထား၊ အဲသဟာ မြစိမ်းမင်းသမီးလေးပေါ့ကွယ်"

ရွာသားကြီးသုံးဦးနှင့်ရင်းနှီးလာပါ၏။ မင်းကြီးရွာ၊ စစ်သူကြီးရွာတို့မှ ရပ်မိရပ်ဖ ရွာခေါင်းဆောင်များဖြစ်ပါသည်။

ရသေ့ကြီးအဘညိုနှင့် ကျွန်တော်တို့စားရေးနေရေးအတွက် ထိုရွာသားကြီးများပင် ဖြည့်ဆည်းလုပ်ကိုင်ပေးပြီး ကုန်းတော်ပေါ် ကျွန်တော်တို့နှင့် အတူနေပါသည်။

နံနက် (၉) နာရီအချိန်. . .

စစ်ကိုင်းမြို့မှ ကားနှစ်စီး မင်းကြီးရွာ၊စစ်သူကြီးရွာတို့မှ ရွာသူ၊ ရွာသားလှည်းငါးစီးစုမိကြပါပြီ။

မြေသားများညိုကြမည်၊ ချုံနွယ်များညိုကြမည်။

ရသေ့ကြီးနှင့် အဘညိုတို့တစ်ညလုံး ပရိတ်ရွတ်၊ မေတ္တာပို့အမျှ အတန်းပေးဝေခဲ့ကြပါသည်။

ဓားကိုင်သူ၊ ပေါက်ပြားကိုင်သူများ ကုန်းတော်ပေါ်မှ အမြန်ပြေးဆင်းလာပါ၏။

"အဘ မြွေစိမ်းတွေပိုများလာတယ်၊ ရှေ့မတိုးရဲဘူး"

ဟု ရသေ့ကြီးကို လျှောက်ထားချိန်. . .

ရသေ့ကြီးသည် ငှက်ပျောပွဲအုန်းပွဲများရှေ့မှာရှိသော အဖြူရောင်ကျောက်သလင်း လင်ပန်းတစ်ချပ်၏ အဖုံးအနီရောင်ချည် တဘက်ကလေးကို ဆွဲလှန်လိုက်ပါသည်။

"မြွေစိမ်းဘုရင်ကြီး အကျွန်ုပ်တို့သည် ဘုရားရှင်၏သာသနာအဓွန့်ရှည်စေရန် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ နောက်မဆုတ်နိုင်ပါ။ အသင့်တပ်သားများကို ရှင်းပေးပါ ပို့သသော မေတ္တာပေးဝေသော ကုသိုလ်ကိုခံယူပါ"

ဟု ရဲရဲကြီး နှုတ်မှ မိန့်ကြားလိုက်ပါသည်။

ပရိသတ်ကြီးက 'ဟင်' ခနဲ 'ဟာ' ခနဲမြင်ကွင်းကိုကြည့်ပြီး ဖြစ်သွား ရပါ၏။ အဖြူရောင်ကျောက်သလင်း လင်ပန်းအလယ်တွင် တစ်လက်မ လုံးပတ်ရှိမည်ဖြစ်သော မြွေစိမ်းတစ်ကောင်ခွေလျက် အခွေပေါ် ခေါင်းတင်ထားသည့် ကျောက်စိမ်းရုပ်တုလေးကို တွေ့လိုက်ရပါသောကြောင့်. . .

ပွဲများတွင် ထွန်းညှိထားပါသော အလင်းတိုင်များ၊ အမွှေးတိုင်များ၊ ဖျက်ခနဲငြိမ်းသွားကြပါသည်။

မြေကုန်းပေါ်မှ 'မြွေစိမ်းတွေတစ်ကောင်မှ မရှိတော့ဘူးဗျို့' ဆိုသောအသံက တစ်မုဟုတ်ချင်း ဝန်းကျင်တစ်ခုလုံးလွှင့်ပျံ့လာပါတော့သည်။

ဦးစွာ ကုန်းမြေပေါ်ရှိသမျှ ချုံများနွယ်များ အပင်ကြီးငယ်များ ရှင်းလိုက်ကြပါသည်။ အောက်ဘက်တစ်နေရာတွင် စုပုံထားပြီး မီးရှို့လိုက်ကြ၏။

ကုန်းမြေတစ်ခုလုံး ပေါက်ပြားသံပေါက်ချွန်သံ မြေသယ်သံများဆူညံသွားပါလေပြီ။

လုပ်အားပေးကြသူများ ထိုလုပ်အားပေးသူများကို ကျွေးမွေးကုသိုလ်ရှင်များ ငြိမ်းငြိမ်းညံ သိမ့်သိမ့်တုန်လျက်ပါတကား။

တဖြည်းဖြည်း အုတ်ချပ်များပေါ်လာပြီ။

စေတီလေးပုံ ပေါ်လာ၏။ ထီးတော်ကား ဆွေးမြေ့ကြေပျက်လျက်တွေ့ရ၏။

*

"သမီးတော် ရတနာတွေပြန်သိမ်းပါ။ နောင် ဒီစေတီကို ဒီထက်ကြီးအောင်ပြန်လည်ပြုပြင်တည်ကြရမယ်။ သမီးတော်တို့က သည်စေတီရဲ့ဒကာဒကာမအစစ်တွေပါ။ ယခုစေတီတော်ကို ပြုပြင်တည်ဆောက်နေတဲ့ ဒကာကလည်း သမီးတို့အဆက်ပါပဲ။ ပြီးရင် သမီးတော်တို့ကို အမျှအတန်းပေးဝေပါလိမ့်မယ်။ အားလုံး ဝမ်းမြောက်ဝမ်းသာသာဓုခေါ် ပေးကြပါ"

ရသေ့ကြီးရှေ့၌ လက်အုပ်ချီကန်တော့နေသော မိန်းကလေးကို မိန့်ကြားခြင်းဖြစ်၏။ ထိုမိန်းကလေးသည် အစိမ်းရောင်ချည်ထဘီ အစိမ်းရောင်ချည်အင်္ကျီနှင့်ဖြစ်၏။

ထိုမိန်းကလေး၏ မျက်ဝန်းများဝင်းလက်တောက်ပနေကြသည်ကို ကျွန်တော်နောက်တစ်ကြိမ်မြင်လိုက်ရပါ၏။

ကျွဲရိုင်းကြီးများကို သတိထားနေရ၍ ထိုမိန်းကလေးကို ကျွန်တော် သေချာစွာဂရုမထားမိလိုက်။

မိန်းကလေးကရသေ့ကြီးရှေ့ ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ရှိသေစွာထိုင်နေခြင်းပါ။ ဆံပင်များက ရှည်လျားကောင်းမွန်လှပါဘိသည်။ တဖိတ်ဖိတ်တောက်မျက်တောင်ကော့ကြီးများ၊ ကိုယ်နေကိုယ်ဟန်လွန်စွာလှပတင့်တယ်ပါဘိခြင်း။

ဘုရားဘုရား ထိုမိန်းကလေးကို ကျွန်တော်အသိမှာ ရင်းနှီးနေသည်။ ကောင်းစွာသိကျွမ်းနေသည်။

မည်သည့်နေရာမှာ တွေ့ခဲ့ပါသနည်း။

ကျွန်တော်ရင်ခုန်နှုန်းက မြင့်တက်နေသည်။ ချာချာလည်နေပါသော ကျွန်တော့်အတွေး ရှုပ်ထွေးလှစွာသော ကျွန်တော့်အမြင်. . .။

စစ်ကိုင်းမြို့ ပန်းရန်ဆရာအဖွဲ့က သွက်လက်မြန်ဆန်သော သေသပ်သည့် စေတီတော်မြတ် အကြမ်းတည်ပြီးနေပြီ။

အနောက်စူးစူး အင်းရေပြင်အစပ်မှ ထိုမိန်းကလေး ရေအိုးတစ်လုံးရွက်လျက်ရောက်လာသည်။

ရသေ့ကြီးရှေ့ ရေအိုးချသည်။ ရှိသေစွာထိုင်လျက်ကန်တော့သည်။

ရေအိုးအတွင်းမှာအထုပ်တစ်ထုပ်ပါလာ၏။ ရတနာများဖြစ်နိုင်မည်။ နောင်ပြန်လည်ပြုပြင်ချိန် အသုံးပြုရန် ရသေ့ကြီးမိန့်ကြားသည်။

"ပြည့်စုံပါတယ်အဘရှင်၊ ရှုတော်မူလိုက်ပါဦးအဘ"

ဟုထိုမိန်းကလေးသည် ရသေ့ကြီးကိုလျှောက်ထားလျက် ကုန်းမြေကို ညာလက်ဖြင့် သုံးချက်ရိုက်လိုက်ပါ၏။

အဘညိုနှုတ်မှ 'အို'ဟုအသံထွက်သွားပြီး ကျွန်တော်နှုတ်က 'ဟင်' ဟု မြည်တမ်းလိုက်မိသည်။

ရသေ့ကြီးမျက်နှာတော်က ပီတိတည်ငြိမ်လွှန်းလှစွာ. . .။

မြင်တင်ထဲတွင် ရွှေအုတ်များစီထားသော အခန်းတစ်ခန်း ထိုအခန်းထဲ ကြမ်းပြင်တွင် ကျောက်စိမ်းဘုရားတစ်ဆူနှင့် ရတနာမျိုးစုံက အရောင်တဖိတ်ဖိတ် ကြမ်းခင်းနှင့်အပြည့်ဖြစ်ပါ၏။

ဩော်-ဘုရားဌာပနာတိုက်တော်ပါတကား။

"သိုက်ဆရာတွေလာကြပါတယ်။ ကျွန်မအစ်ကိုတော် နှစ်ယောက်က ညကျွဲရိုင်းအသွင်ယူပြီး တိုက်ခိုက်လွှတ်လို့ပြေးကြရပါတယ်အဘရှင့်"

ထိုစဉ် လျှောက်ထားပြောဆိုပြီး မြေပြင်ကို ညာလက်ဖြင့် သုံးချက်ရိုက်လိုက်ပြန်ပါသည်။ ထိုမြင်ကွင်းပျောက်သွားပါသည်။ ထိုကလေးမ ရသေ့ကြီးကန်တော့ရေအိုးရွက်ပြီး အနောက်စူးစူးဖြစ်သွားပါပြီ။ ကျွန်တော် အဘညိုနှင့် ရသေ့ကြီးတို့သာဌာပနာတိုက်တော်ကို ဖူးခွင့်ရလိုက်ကြမ်းသည်။

ပန်းရန်အလုပ်သမားများ မင်းကြီးရွာစစ်သူကြီး၊ ရွာများမှ ဝေယျာဝစ္စလုပ်ကိုင်ကြသော ရွာသူရွာသားများ၊ စစ်ကိုင်းသူစစ်ကိုင်းသားအချို့ရှိကြပါ၏။

တစ်ဦးနှင့်တစ်ဦး စကားပြောမပျက်ကြ။

ထိုကလေးမ ရောက်လာသည်ကိုလည်းကောင်း၊ ပြန်သွားသည်ကိုလည်းကောင်းသိရှိကြပုံမပေါ်၊ မြင်တွေ့ကြပုံမရှိ။

ဖိုးရွှေလက အားကောင်းလှစွာသာနေသည်။ မြောက်အရပ်မှလေပြည်အေးအေးလေးက တိုးဝင်လာနေပြီ။

အဘညိုသည် ရောက်လေရာအရပ်၌ဆေးကုသည်။ ဗေဒင်ဟောသည်။ တိုင်းရင်းဆေးပညာကောင်းစွာတတ်မြောက်၍ဗေဒင်ပညာနှံ့စပ်သည်။

အခမဲ့ဆေးကုခြင်း ဗေဒင်ဟောခြင်းဖြစ်၏။

သို့သော် ငွေကြေးပြည့်စုံသူတို့လှူလျှင်ယူသည်။ ထိုအရပ်၌ပင် လိုအပ်သောနေရာ၌ ပြန်လှူသည်။

အဘညိုကို အားကိုးယုံကြည်ချစ်ခင်သူများပါ၏။

အိတ်တစ်လုံးအပြည့် ငွေများပါလာသည်ကို ကျွန်တော်မသိ. . .

"အေးဗျ။ ရွှေလုပ်ငန်းရှင်တွေလှူလိုက်ကြပါသဗျာ။ စေတီတော်ပြင်ဖို့အဆင်ပြေသွားသပေါ့။ ရသေ့ကြီးညိုက တာဝန်ပေးတော့ ဝမ်းသာကြည်နူးမိပါတယ်။ လူလေးရေ ပြောမပြတတ်အောင်ကို ပျော်ရွှင်သဗျာ"

စစ်ကိုင်းမြို့မှ ထုံး၊ အုတ်သဲ၊ သံကုန်သည်ကြီးများကို အဘညိုငွေရှင်း`သည်။ ပန်းရန်လက်သမား၊ အလုပ်သမားများကိုလည်း ရသင့်ရထိုက်သောအဖိုးအခထက်ပိုရှင်းပေး၏။

စေတီတော်မြတ် ထီးတော်နှင့်စကျင်ဘုရားရုပ်ပွားတော်တစ်ဆူကို စစ်ကိုင်းမြို့ ရတနာကုန်သည်ကြီးက လှူသည်။ မင်းကြီး ရွာသူရွာသားများကလှည်းလမ်းနှင့် စေတီကြား သုံးခန်းနှစ်ခန်း အုတ်ခဲသွပ်မိုးဇရပ်တစ်ဆောင်လှူ၏။ စစ်သူကြီး ရွာသူရွာသားများကစေတီတော်ဝန်းကျင်ကြွေပြားခင်းပြီး လှူကြပါ၏။

စစ်ကိုင်းမြို့ပေါ်မှ သံဃာအချို့နှင့်အနီးပါးမှ ရှိသမျှ သံဃာအားလုံးပင့်ပြီးဆွမ်းကျွေးဆွမ်းကပ်ဝတ္ထုငွေယူလာသမျှပရိသတ်ထမင်းကျွေး၊ သောက်ရည်တိုက်ဆုတောင်းပြည့်ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်၊ဘုရားအနေကဇာတင်ဆုတောင်းပြည့်ဘုရားပွဲတော်ရက် သတ်မှတ်ခြင်းမင်္ဂလာ။

အားလုံး အဘညိုကုန်ကျစရိတ်ခံသည်။

ရေစက်ချအမျှဝေချိန် ပရိသတ်ရှေ့ဆုံး၌ ဝတ်ဖြူစင်ကြယ်ဝတ်ဘိုးဘိုးတစ်ဦး အစိမ်းရောင်ချည်ထည်ထဘီအစိမ်းရောင်ချည်ထည်အင်္ကျီနှင့် မိန်းကလေးတစ်ဦး မျက်နှာစိမ်းအမျိုးသား၊ အမျိုးသမီးနှစ်ဆယ်ခန့်ကို တွေ့ကြရကြောင်း ရွာသူ၊ ရွာသားများ ပြောဆိုကြပါ၏။

သာဓု ခေါ်သံ စေတီဝန်းကျင်တစ်ခုလုံးသောသောညံညံခဲ့ရပါပြီ။

တစ်နေ့လုံး တစ်ညလုံး အိုးစည်ဘုံမောင်း အကာအခုန်များနှင့် အားလုံးပျော်ရွှင်ကြရသောပွဲ။ ကျွန်တော်လူလေးမောင်ညိုလည်း ပျော်ရွှင်ခဲ့ရပါ၏။

သို့သော် နောက်နေ့နံနက်၌ ကျွန်တော်မပျော်ရတော့ပြီ။ ကျွန်တော်ငိုရပြီ။

အဘညိုနှင့် ရသေ့ကြီးတို့က မြန်မာပြည်အနှံ့ သာသနာပြုခရီးဆက်ကြမည်။ ကျွန်တော်က ကျွန်တော့်ရွာကို ပြန်ရမည်။ မောက်ကြီးကိုပြန်ရမည်။

အဘညိုနှင့်ကျွန်တော် မည်သည့်ရက် မည်သည့်အချိန် ပြန်တွေ့ရမည်ကို ကျွန်တော်မသိ။

ဝမ်းနည်းစိတ်ကြောင့် ကျွန်တော်မျက်ဝန်းတစ်ခုလုံး အုံ့မှိုင်းလာပါသည်။

ကျွန်တော်ငိုသည်။

အဘနှင့် ရသေ့ကြီးကို ကျွန်တော်ရှိသေစွာကန်တော့၏။ ပြီးနောက် ထန်းရွာထဲကလေးအတွင်းမှ ကျွန်တော့်ဆိုင်ကယ်လေး ဆွဲထုတ်ပါ၏။

အဘညိုနှင့် ရသေ့ကြီးတို့လည်း ခရီးဆက်ထွက်ရန် ပြင်ဆင်လျက် စေတီကုန်းပေါ် ကျန်ခဲ့ပြီ။

လှည်းလမ်းမှ ရွှေဘိုစစ်ကိုင်းကားလမ်းပေါ် ကျွန်တော်မည်သို့ တက်ခဲ့သည်မသိ။ ကျွန်တော်ဆိုင်ကယ်လေးက စက်သံညက်ညက်နှင့် ပုံမှန်အတိုင်း မြောက်တည့်တည့်ကိုပြေးနေ၏။

အုန်းတောကို ကျော်ခဲ့ပြီ။ ဆားတောင်၊ ရွာသာကြီး၊ လှတောကိုဖြတ်ခဲ့ပြီ။ လမ်းမှာမနားပါ။ ဘာမှစားချင်စိတ်မရှိ။ ကျွန်တော်ရင်တစ်ခုလုံးဟာနေသည်။

နေ့ (၁၁) နာရီအချိန် ရွာအဝင်လမ်းမှချိုးကွေ့ပြီး ကျွန်တော့်အိမ်ဝိုင်းထဲရောက်ပါ၏။ ဆိုင်ကယ်စက်သပ်ပြီး ကျွန်တော်ဆင်းသည်။

"ဟော- အမေရေ ကိုယ်ပြန်လာပြီ"

ဟု ဆိုလျက် ကျွန်တော့်ဇနီးမခင်ဆွေသန့် မီးဖိုဆောင်မှ ကျွန်တော်ရှိရာလျှောက်လာပြီး ကြိုသည်။

အိမ်မထဲမှကျွန်တော့်အမေလည်းထွက်လာပါ၏။

ကျွန်တော်နှင့် ကျွန်တော့်အချစ်ဆုံးဇနီး မျက်နှာချင်းဆုံမိချိန် ကျွန်တော်နှုတ်မှ 'ဟင်' ခနဲဆိုလျက် အံ့ဩမှင်သက်တွေဝေစွာ ကျွန်တော့်ဇနီးကိုရပ်ကြည့်နေမိပြီး မျက်နှာကျပုံ၊ ဆံပင်ရှည်ကြီးများမျက်တောင်ကော့ကြီးများ။ ပြီးနောက် ကျွန်တော့်ဇနီးသည် အစိမ်းရောင်ချည်ထဘီအစိမ်းရောင်ချည်အင်္ကျီကို ဝတ်ဆင်ထားလျက် ထိုမိန်းကလေးနှင့်တူလှပါဘိခြင်း၊ တူလိုက်ပါဘိခြင်း။

ရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေသည့် ဆီးဖြူသီး

စောမိသွင်-ရန်ကုန်

ဆရာ့ဆီကို ဆီးဖြူသီးလိုချင်သည်ဟုတောင်းထား၍ ဆီးဖြူသီးများကို လူကြုံနှင့်ပို့လိုက်သည်။ ဆီးဖြူသီးကို နေပူထဲတွင် အခြောက်လှန်းကာ ခြောက်သွားပါက မျက်စိကွင်းဆေးလုပ်ချင်၍ဖြစ်ပါသည်။ ရန်ကုန်မှာနေတုန်းက ဆီးဖြူသီးအခြောက်ကို ဆီးဖြူသီးအခြောက်မှန်းမသိ။ မျက်စိကိုက်၍ ဘေးအိမ်မှ ဒီအသီးခြောက်လေးကိုသွေးပြီး မျက်စိမှာကွင်း မျက်စိကိုက်တာပျောက်တယ်ဆို၍ ကျောက်ပျဉ်တွင် ရေဖြင့်သွေးကာ မျက်စိတွင်ကွင်း၍ လိမ်းသည့်အခါ သက်သာပျောက်ကင်းပါသည်။ စာဇ ် နှင့်မျက်နှာမခွာ၍ မကြာခဏမျက်စိကိုက်သည်၊ မျက်ရိုးကိုက်သည်။ ခြင်ထောင်ထဲတွင် အဖေ အမေမသိအောင် ဝတ္ထုစာအုပ်တွေဖတ်သည်။ ဒါကြောင့်လည်း မျက်စိက မကြာခဏကိုက်ခြင်းပါ။ သူများဆီ ခဏခဏတောင်းရတော့ အားနာသဖြင့် ဘာသီးလေးလဲမေးမှ ဆီးဖြူသီးခြောက်မှန်းသိ၍ မင်းဘူးခရိုင်လယ်ကိုင်းအနီး ကံစွယ်ရွာမှဘုန်းဘုန်း ဦးရေဝတကျောင်းကို ဆီးဖြူသီးလိုချင်ကြောင်းမှာရသည်။ နှစ်ပေါင်းမနည်းတော့သော်လည်း ဆီးဖြူသီးများမြင်လျှင် ဘုန်းဘုန်းကျောင်းကို သတိရနေမိပါသည်။

အခုလည်း စကောတစ်ချပ်စာဆီးဖြူသီးများကို အခြောက်ခံရန် နေပူလှန်းရသည်။ ချန်ထားသည့် ဆီးဖြူသီးဆယ့်ငါးလုံးခန့်ကို ရေမြှုပ်ရုံထည့်ကာ ပြုတ်ပြီး နူးအိသွားသည့်အခါ အစေ့များထုတ်ရသည်။ ပြီးတော့ ညက်နေအောင်ထောင်းပြီး ငရုတ်ဆုံထဲမှနေ၍ ပန်းကန်လုံးထဲပြောင်းထည့်လိုက်သည်။ အသင့်နွှာထားသောကြက်သွန်ဖြူကို ညက်အောင်ထောင်း၊ ငရုတ်သီးစိမ်းများ မီးဖုတ်ထားသည်ကိုထောင်း ပုစွန်ခြောက်များကိုလည်း ထောင်းကာ ထောင်းပြီးသားဆီးဖြူသီးထဲသို့ထည့်လိုက်ပါသည်။ ဆားအနည်းငယ် ဟင်းခတ်မှုန့်အနည်းငယ်ထည့်ကာ ကြက်သွန်ဖြူဆီသပ်ထားသောဆီများကို ဆီးဖြူသီးထောင်းထဲသို့ သမအောင်မွှေလိုက်ပါက စားချင်စဖွယ်ဆီးဖြူသီးထောင်းလေးကိုရရှိပါသည်။

ထိုဆီးဖြူသီးထောင်းကို ထမင်းနှင့်စားသည့်အခါ သိသိသာသာ ဆီးချိုပုံမှန်ဖြစ်ပါသည်။

ဆီးဖြူသီးကိုပြုတ်၍ နူးသည့်အခါ အစေ့ထုတ်၍ ငရုတ်ဆုံတွင်ထောင်းကာ ငါးရံ့ကိုလည်းပြုတ်၍ အသားနွှင်ကာ ကြက်သွန်နီ၊ ကြက်သွန်ဖြူဆီသတ် ငရုတ်မှုန့်အနုထည့်ဆီသတ်၍ အသားဟင်းချက်သလို ဆီးဖြူသီးကို ငါးရံ့ပြုတ်ကိုရောချက်ကာစားလျှင် ဆီးချိုပုံမှန်ဖြစ်၍ဆီးချိုတက်ခြင်း သက်သာစေပါသည်။

ဆီးဖြူသီးကို အင်္ဂလိပ် Gooseberry လို့ခေါ်ပြီး ဆီးဖြူသီးအမျိုးပေါင်းများစွာရှိသော်လည်း အမြဲအသုံးပြုနေသည့် ဆီးဖြူသီးက Alma လို့ခေါ်သည့် Indian Go osberry အမျိုးအစားဖြစ်ပါသည်။ ဆီးဖြူသီးသည် ဗိုက်တာမင်စီကြွယ်ဝသော အသီးဖြစ်ပြီး သွေးတွင်းသကြားဓာတ်ကိုလျှော့ချပေးသောသတ္တိရှိသည်။ အစေ့ဖယ်ထားသော ကြက်ဟင်းခါးသီးအရည် တစ်ဖန်ခွက်ထဲသို့ ဆီးဖြူသီးအရည်တစ်ဇွန်း ရောပြီးသောက်ပါက ဆီးချိုရောဂါကိုသက်သာစေပါသည်။

ဆီးဖြူသီးစားခြင်းဖြင့်

၁။ စိုးရိမ်ပူပန်မှု လွန်ကဲခြင်းကိုကာကွယ်နိုင်၍ မှတ်ဉာဏ်ကိုလည်းကောင်းစေပါသည်။

၂။ အအေးမိခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာများ၊

၃။ နာတာရှည် ချောင်းခြောက်ဆိုးခြင်းကို ပျားရည်နှင့်ရောသောက်ပါကပျောက်ကင်းစေပါသည်။

၄။ သွေးယိုစိမ့်ခြင်း၊ နှာခေါင်းသွေးယိုခြင်းကို သက်သာစေသည်။

၅။ သွေးအန်ခြင်းဖြစ်ပါက ဆီးဖြူသီးပြုတ်ရည်ကိုသောက်နိုင်ပါသည်။

၆။ ဗီတာမင်စီဓာတ်ချို့တဲ့၍ ဖြစ်သောသွေးမတိတ်ခြင်းရောဂါများနှင့်သန်ထခြင်း၊

၇။ နှလုံးရောဂါများ၊ ခေါင်းကိုက်ခြင်း၊ သွေးအားနည်းခြင်း၊ အမျိုးသမီးများအဖြူဆင်းခြင်း။

၈။ လေနာဗိုက်အောင့်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လိပ်ခေါင်းဖြစ်ခြင်း၊

၉။ အဆစ်အမြစ် ရောင်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

နံနက်စောစောထ၍ ဆီးဖြူသီးပြုတ်ရည်နှင့်ပျားရည်ကိုရော၍သောက်သုံးပါက ကျန်းမာရေးကောင်းမည်ဖြစ်ပါကြောင်း။

စောမိသွင်-ရန်ကုန်

"ဩော်-ကိုရယ် ကျွန်မကိုများ မမြင်ဘူးတဲ့အတိုင်း ကြည့်နေလိုက်တာကွယ်။ လာကို ကိုထမင်းမစားရသေးဘူးမဟုတ်လား။ ကို့အကြိုက် ကို့အမေမန်ကျီးရွက်သုပ်ထားတယ်၊ ပဲဟင်းချိုလည်းချက်ထားတယ်။ ကိုတစ်ခါထဲထမင်းဝင်စားလိုက်ပါ"

ဟု ပြောပြောဆိုဆို ကျွန်တော်ညာဘက်လက်မောင်းကို ကျွန်တော်ဇနီးသူ့ညာလက်ကလေးဖြင့်ဝင်တွဲခေါ်နေပါတော့သည်။

ကျွန်တော် ရပ်နေသောနေရာမှမရွှေ့မိသေး မရွှေ့ဖြစ်သေး။

"အဘရော သားနဲ့ပြန်လိုက်မလာဘူးလား၊ အေးကွယ် မင်းအဘက ခရီးသွားပြီး သူဝါသနာပါတဲ့ ဆေးကုတာနဲ့ ပျော်နေတာပါ။ ကဲပါကွယ် သမီးက တို့များထမင်းစားကြမလို့ ပြင်နေသကွဲ့။ ကိုင်းကိုင်း လူလေး အမေတို့နဲ့အတူ ထမင်းစားလိုက်ကြရအောင်"

ကျွန်တော့်အမေသည် ပြောပြောဆိုဆို မီးဖိုဆောင်ရှိရာ လျှောက်သွားပါ၏။

'လူလေး' တဲ့လား။ ကျွန်တော့်အမေက ကျွန်တော့်ကို 'လူလေး'ဟုခေါ်ပါသည်။ အဘညိုကမူ တစ်ခါတစ်ရံ 'မောင်ညို' တစ်ခါတစ်ရံ 'လူလေး' ဟုခေါ်သည်။ 'လူလေး' ဟု အခေါ်များပါ၏။

အဘညိုကို လွမ်းသည်၊ သတိရသည်။ ပြီးနောက် ထိုမိန်းကလေး. . .။

ကျွန်တော်ရပ်နေဆဲ ကျွန်တော့်နေရာမှမရွှေ့သေး ကျွန်တော်လက်ထပ်ပြီးစ ကျွန်တော့်ဇနီးမခင်ဆွေသန့်က ကျွန်တော့်ညာဘက်လက်မောင်းကို သူ့လက်များနှင့် ဆုပ်ကိုင်ထားရင်း ကျွန်တော့်ကိုမော့ကြည့်နေပါ၏။ မော့ကြည့်နေပါလေ၏။

မေတ္တာဖြင့်

ကိုဇော်ဝင်း(လှစော)

တိုက်ဆိုင်မှုများသော မြန်မာ့ဗေဒင်

ဦးကိုကိုကြီး(စစ်သေးရေး)

ကာဝေ(၁၂)။ ထုံးအို

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ တုံကင်းကျေးရွာရှိ အသက် (၈၀) ဝန်းကျင်ရှိ ဗိန္ဓောဆေး ဆရာကြီး ဦးဘိုးရွှေဆိုသူမှာ သူ၏ အသက် (၁၂) နှစ်သားအရွယ်တွင် မိခင်၊ ဖခင်နှစ်ဦး စလုံးသေဆုံးကုန်ခဲ့ကြပါသည်။

မိခင်၊ ဖခင်တို့ကလည်း ဆင်းရဲတဲ့သူဖြစ်သလို ဆွေမျိုးသိုင်းဝိုင်းကလည်း ဆင်းရဲကြ၍ ရွာဦးဘုန်းတော်ကြီးကျောင်းတွင်သာ အားကိုးအားထားပြု၍သွားရောက်နေထိုင်ခဲ့ရပါလေသည်။

ဘုန်းတော်ကြီး ကျောင်းတွင် ဦးဘိုးရွှေသည် ဆွမ်းခံခြင်းကျောင်း၏ ဝေယျာဝစ္စလုပ်ခြင်းတို့အပြင် ညနေပိုင်းတွင် ဘုန်းတော်ကြီးအား နင်းနှိပ်ပေးခြင်းတို့ကိုလုပ်ရပါသည်။

ဘုန်းကြီးကျောင်းသား လေးငါးဦးရှိသည့်အထဲမှ ကျောင်းထိုင်ဘုန်းတော်ကြီးမှ ဦးဘိုးရွှေအား အချစ်ဆုံး၊ အယုံကြည်ဆုံးအဖြစ် ထားရှိခြင်းကိုခံရလေသည်။

ဦးဘိုးရွှေသည် ပရိတ်ကြီး (၁၁) သုတ်ကို ထုံးလိုမွေ့၊ ရေလိုနှောက်နိုင်အောင် သင်ယူတတ်မြောက်ခဲ့ပါသည်။

ထိုရွာတွင် ထိုစဉ်အခါက လူအများ မကျန်းမမာဖြစ်ပါက မြို့ဆေးရုံဆေးခန်းသို့မသွားနိုင်ကြဘဲ ကျောင်းထိုင်ဘုန်းတော်ကြီးထံတွင်သာ ဆေးဝါးကုသမှုခံယူကြရပေသည်။

ထို့ပြင် ရွာရှိလူတို့သည်မှာလည်း ကံဇာတာနှင့်ပတ်သက်၍ အညံ့ရှိလာခဲ့ကြလျှင်လည်း ရွာဦးဘုန်းတော်ကြီးကျောင်းကိုသာ ဗေဒင်မေးရန်သွားကြပါကုန်၏။

သို့ကလို ဘုန်းတော်ကြီး၏တတ်မြောက်သည့် ဆေးပညာ၊ ဗေဒင်ပညာတို့ကိုလည်း ဦးဘိုးရွှေအား ဘုန်းတော်ကြီးမှ သင်ကြားပေး၍ တတ်မြောက်ခဲ့ရပါလေသည်။

ဘုန်းတော်ကြီး အိုမင်းလာသည့်အခါ ရွာတွင် ဆေးကုသခြင်း၊ ဗေဒင်ဟောခြင်းတို့ကို ဦးဘိုးရွှေအား ဘုန်းတော်ကြီးမှတာဝန်ပေးသဖြင့် လုပ်ပေးရပါလေသည်။

ဘုန်းတော်ကြီး ပျံလွန်တော်မူသည့်အခါ ဦးဘိုးရွှေသည် မိဘနှစ်ပါးထားခဲ့သည့် အိမ်ခြံဝင်းအတွင်းတွင် ပြောင်းရွှေ့နေထိုင်ကာ အိမ်ထောင်မပြုဘဲ ဗေဒင်ဟောခြင်း၊ ဆေးကုသခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုပါလေသည်။

စာရေးသူမှာလည်း ဦးဘိုးရွှေနှင့် အင်မတန်မှရင်းနှီးသဖြင့် ဦးဘိုးရွှေပေးသောစာမူများ မဂ္ဂဇင်းတွင်ပါလာခဲ့ပါလျှင် စာမူခ၏သုံးချိုးတစ်ချိုးကို ဦးဘိုးရွှေအား စာရေးသူကန်တော့ပါ၏။

ယခုလည်း လူသားတို့၏ စိတ်နေသဘောထားနှင့် ရှေ့အနာဂါတ်မှာဖြစ်လာမယ့် အကြောင်းအရာတွေကို တိတိကျကျဟောပြနိုင်ပြီး 'ရှေးကျ၍လွယ်ကူရိုးဆင်းသော ဗေဒင်ဟောနည်း' ကို စာရေးသူသည် ဦးဘိုးရွှေထံမှ ရရှိခဲ့ပါသဖြင့် စာဖတ်ပရိသတ်များအတွက် မေတ္တာစေတနာအရင်းခံကာ ရေးသားတင်ပြလိုက်ရပါသည်။

*

ဤဗေဒင်ဟောနည်းသည် မိမိ၏မြန်မာသက္ကရာဇ် တိကျမှန်ကန်ဖို့ရန်အထူးလိုအပ်မည်ဖြစ်ပါသည်။

ဗေဒင်မေးလိုသူ၏ မြန်မာမွေးသက္ကရာဇ်ကိုတည်။ (၈) နှင့်စားပြီးလျှင် အကြွင်းကို အောက်တွင်ဖော်ပြထားသော ဟောကိန်းအတိုင်း ဟောဆိုရမည်ဖြစ်ပါသည်။

(၁) ခုကြွင်းအဟော

အိုဇာတာကောင်းပါ၏။ ဝီရိယကောင်းတတ်သည်။ ဇွဲရှိတတ်သည်။ အတ္တဟိတ၊ ပရဟိတမျှတစွာနေထိုင်၏။ စေတနာထားတတ်သူ ဖြစ်သဖြင့် မျက်နှာလိုက်သူများကို သဘောမကျသူဖြစ်၏။

ဒေါသကြီးတတ်သူ ဖြစ်သော်လည်း စာနာမှုအပြည့်ရှိသူဟုဆိုရမည်။ သူတစ်ပါးကိုလည်း ကူညီတတ်သူဖြစ်ပေ၏။ အနစ်နာလည်းခံတတ်၏။ လူတွေတောထဲမှာ ရောရောနှောနှောမနေတတ်သူလည်းဖြစ်သည်။

ကိုယ့်အလုပ်နှင့်ကိုယ် အေးအေးဆေးဆေးနေတတ်၏။ စည်းကမ်းတကျသုံးစွဲတတ်သူဖြစ်ပြီး အာဂတိတရားကင်းစွာနေထိုင်လေသည်။ စာတွေ့ထက်၊ လက်တွေ့ကိုသဘောကျသူဖြစ်၏။

သစ္စာတရားကို ခိုင်ခိုင်မာမာလက်ကိုင်ထားသူဖြစ်သည်။ ပိုက်ဆံအတွက် အလုပ်လုပ်ပါလျှင် ကြားထဲကနေ၍ ကတိဝင်မပေးပါနှင့်။ ငွေတိုးပေးမစားပါနှင့်။

အပေါင်ပစ္စည်းမပါဘဲ ပိုက်ဆံမချေးမိပါက ဆုံးရှုံးမည်။ လောင်းကစားလုံးဝမလုပ်ပါနဲ့။ ငွေကုန်ကြေးကျများတတ်၍ သတိကြီးကြီးထားပေးရမည်။

ပထမအရွယ်တွင် ပိုက်ဆံမစုဆောင်းမိဘဲရှိမည်။ ဒုတိယအရွယ်တွင်လည်း စုမိဆောင်းမိမှုနည်းပါးမည်။ အိုမှပင်ပိုက်ဆံပြည့်စုံမည်။

အလုပ်အကိုင်နှင့် ပတ်သက်၍

တွင် ငယ်သားဘဝနှင့် နေရသော် ည်း မကြာမီ ခေါင်းဆောင်ကောင်း လာမည်။

အလုပ်အကိုင် သုံးလေးကြိမ် င်းရပါမည်။ အလုပ်ကိုတာဝန်ကျေ လုပ်တတ်သူဖြစ်ပါသည်။ တီထွင် တတ်မှုကြောင့် ကြီးပွားပါမည်။ နာမည် ကောင်းရ၍ ရာထူးတိုးမည်။

စက်မှု၊ လက်မှု၊ ကုန်သည်၊ ပွဲစား၊ ဆေးဝါး၊ ပညာရှင်လုပ်ငန်းတို့ဖြင့်အကျိုး ပေးပါမည်။

အိမ်ထောင်ဦး၊ အချစ်ဦးတို့နှင့်ကွဲ ကွာ၊ လွဲတတ်ပါသည်။ အိမ်ထောင်ရေး ကောင်းသော်လည်း စိတ်တိုင်းမကျ ဖြစ်တတ်ပါသည်။

ကျန်းမာရေးနှင့် ပတ်သက်လို့က တော့ မျက်စိမကောင်း ဖြစ်တတ်၏။ ဘာမန်နာစေးချောင်းဆိုးတော့ရှိမည်။

နောက်ကြော၊ ဇက်ကြောတတ် တတ်၏။ အဆစ်အမြစ်ကိုက်ခဲတတ်၏။ ဆိုးဆိုးဝါးဝါးကျန်းမာရေးမျိုးမရှိပါ။

မိမိဘဝသာယာစေဖို့ ပတ္တမြားဖြစ် စေ၊ ကျောက်အနီရောင်ဖြစ်စေ ဆောင် ထားပါက ကောင်းမွန်ပါသည်။

(၂) ခုကြွင်းအဟော

လက်တွေ့မရှိသော စိတ်ကူးယဉ် များမလုပ်ရပါ။ ပညာရှာရာတွင် လူ တော်တစ်ယောက် ဖြစ်ပါသည်။ ထူးချွန် တတ်သူ၊ သနားတတ်သူဖြစ်ပါသည်။ အောက်ခြေသိမ်းအလုပ်ကို လုပ်တတ် သော်လည်း အတွင်းစိတ်ညံ့ဖျင်းသူဖြစ် ၏။

တစ်ခါတရံစိတ်အားငယ်နေတတ် သလို တစ်ခါတရံမှာလည်း သတ္တိတွေ အပြည့်ဖြင့်နေတတ်၏။ အစွန်းနှစ်ဖက်နဲ့ လူဟုပြောရပေမည်။

တည်တည်ကြည်ကြည်လေးလေး နက်နက်ဖြင့်လည်းနေတတ်သလို မိတ် ဆွေ အပေါင်းအသင်းတွေမှာလည်း ဖွဲ့မြဲစွာခင်မင်တတ်သူဖြစ်၏။ ဆုံးလည်း ဆုံးမတတ်သဖြင့် မိတ်ဆွေအပေါင်း အသင်းတို့၏မုန်းခြင်းကိုခံရပါမည်။

မိဘ၊ ဘိုးဘွားတို့၏အမွေအနှစ် ကိုရနိုင်သလို လူတစ်ယောက်ယောက် ကကူညီထောက်ပံ့ခြင်း၊ ထီပေါက်နိုင် ခြင်းတို့ကြောင့် ငွေကြေးအထူးအဆင် ပြေမယ့်သူဖြစ်ပါသည်။

ရေရှည်လုပ်မည့် လုပ်ငန်းများ မလုပ်သင့်ပေ။ စပ်တူလုပ်ရမည့်လုပ်ငန်း များလည်း အကျိုးမပေးပေ။ လှုပ်လှုပ် ရှားရှား၊ သွားသွားလာလာလုပ်ငန်းများ နှင့်ပေါ်ပင်လုပ်ငန်း အကျိုးပေးပါလိမ့် မည်။

ရှင်းရှင်းလင်းလင်း ပြောရမည်ဆို ပါက ရွှေနေ၊ ပွဲစား၊ ကုန်သည်၊ ခရီးသွား နေရသောလုပ်ငန်းများ အကျိုးပေးပါ လိမ့်မည်။

အိမ်ထောင်ရေးတွင် မိမိချစ်သော သူနှင့်မရနိုင်။ စိတ်ကသူမသိ၊ ငါပိုးစိတ် ဖြစ်၏။

ကျန်းမာရေးနှင့် ပတ်သက်၍ မကြာခဏ အအေးပတ်တတ်၏။ အဆုတ်နှင့်ပတ်သက်သောရောဂါများ ရနိုင်ပါသည်။ အားနည်းတတ်၏၊ မူး မော်တတ်ပါသည်။

မိမိဘဝသာယာစေဖို့ရန် ပုလဲဖြစ် စေ၊ ကျောက်စိမ်းဖြစ်စေ ဆောင်ထားပါ ကကောင်းမွန်ပါမည်။

(၃).ခု အကြွင်းအဟော

အားနာတတ်သူဖြစ်သောကြောင့် မိမိရဲ့ဘဝကြီး ပုံစံပြောင်းသွားနိုင်ပါ သည်။ မိမိကိုယ်ကိုမိမိ အမှန်တရားကို သာလိုလားနေသူဟု စွဲမက်၊ ထင်မြင်ယူ ဆနေခြင်း၊ ဆင်ခြင်တုံပညာကို အထင် မကြီးခြင်း။ စိတ်ခံစားမှုကို အလိုလိုက် ခြင်းတို့ကြောင့် ပြဿနာတို့နှင့်ရှုပ်ထွေး နေတတ်ပါသည်။

စိတ်ကို ထိန်းသိမ်းခြင်းမရှိတဲ့ အတွက် မိမိရဲ့ဂုဏ်သိက္ခာထိခိုက်နိုင် ပေ၏။ သူတစ်ပါးကို ကူညီတတ်သော် လည်းမစဉ်းမစား၊ ကူညီတတ်မှုကြောင့် ပြဿနာတွေနှင့် လုံးထွေးနေတတ်ပါ သည်။

လွတ်လပ်လိုစိတ် အင်မတန်များ သူဖြစ်ပါ၏။ ခေတ်၏သားကောင်ဖြစ် တတ်ပါသည်။

စိတ်ချမ်းသာလျှင် ပြီးရောဟုနေ တတ်သဖြင့် ငွေကြေးရလိုမှုမရှိဖြစ်နေ ပါမည်။ ငွေကြေးကြောင့်ပင် စိတ်ပင်ပန်း ဆင်းရဲတတ်ပါသည်။

လူဖြောင့်စိတ်တို လူစားမျိုးဖြစ် သဖြင့် အထက်လူကြီးကို ဂရုမစိုက်ရှိ သဖြင့် ရာထူးတိုးတက်မှုနှောင့်နှေးနေပါ မည်။ ပေးအပ်လာသောတာဝန်ကိုတော့ ကျေပွန်အောင်ထမ်းဆောင်ပါသည်။

မိမိ၏စိတ်တွင်ဖြစ်ပေါ်လာသည့် အလုပ်ကိုသာ ရွေးချယ်မည့်သူဖြစ်ပြီး မိမိ၏စိတ်အတိုင်း လုပ်ငန်းအောင်မြင်မှု ဘဝလမ်းသာယာမှုရှိမည်။

အချစ်ရေး၊ အိမ်ထောင်ရေးတို့ တွင်လည်းပတ်ဝန်းကျင်ကြောင့် စိတ်ညစ် နေတတ်ရသော်လည်း မိမိရဲ့ဆုံးဖြတ် ချက်ပေါ် မူတည်နေပါသည်။

ကျန်းမာရေးကတော့ လေနာ၊ ခါးနာ၊ ဗိုက်နာတို့ဖြစ်တတ်ပါသည်။ မိမိ ဘဝသာယာဖို့ရန် စိန်နှင့်ကျောက်စိမ်း ဆောင်ထားပါကကောင်းမွန်ပါမည်။

(၄) ခုအကြွင်းအဟော

ပထမအရွယ်တွင် ပင်ပင်ပန်းပန်း နေရတတ်၏။ မနာလိုမုန်းတီးသူများရှိ တတ်၏။ လူကဲခတ်ကောင်းသူဖြစ် သဖြင့် အကင်းပါးပါ၏။ စာရည်စီမံ ကိန်းများဖြင့် ဘဝအကျိုးပေးမည်။

အပျော်အပါး ဝါသနာပါသူဖြစ် သည်။ အလုပ်အကိုင်တွင် စေ့စေ့စပ်စပ် လုပ်တတ်သလို ပညာကိုလေးစားသူ ဖြစ်ကာ ပညာမာနရှိသူလည်းဖြစ်၏။

ခေါင်းအေးအေးထားကာ ဖွဲ့ရှိသူ လည်းဖြစ်သလို စိတ်အေးအေးထားကာ ရိုးသားဖြောင့်မတ်မှုကို တန်ဖိုးထားသူ ဖြစ်သည်။

အများအတွက်လည်း ပူပန်တတ် သူဖြစ်၏။ အားနာတတ်မှုကြောင့် ဒုက္ခ တွေ့တတ်ပေသည်။

ဗိုက်ဆံကို ခပ်ကြမ်းကြမ်းသုံးတတ် သူဖြစ်သည်။ အပေးအကမ်းရက်ရော၏။ လိုချင်လာပြီဟေ့ဆိုလျှင် တန်ဖိုးထက် ပင်ပိုပေးပြီး ရအောင်ယူတတ်သူဖြစ်ပါ သည်။

ဘဝတစ်သက်တာအတွက် စီမံ ကိန်းချလုပ်ရသော အလုပ်မျိုးဖြင့်အကျိုး ထူးပေးပါမည်။

မည်သို့သော အလုပ်ကိုဖြစ်စေ စေ့စေ့စပ်စပ်လုပ်တတ်သော စိတ် ကြောင့် အောင်မြင်မှုတွေရရှိပါ၏။

အိမ်ထောင်ရေးတွင် မိမိတို့ဇနီး မောင်နှံနှစ်ဦးတည်းနေမှသာ ကောင်းပါ မည်။ ကိုယ်အိုးကိုယ့်အိမ်နဲ့စီးပွားကောင်း ပါမည်။

အိမ်ထောင်ရေး ကောင်းသော် လည်း ညားခါစ၌ ဆင်းဆင်းရဲရဲနေရ တတ်ပါ၏။ အိမ်ထောင်ပြုပြီး (၆) နှစ်က စ၍ကံကောင်းပါမည်။

စိတ်ရောဂါ ဖြစ်နိုင်သည်။ နှလုံး အားနည်းမည်။ မတော်တဆထိခိုက်မှု ရှိမည်။

မိမိဘဝသာယာဖို့ရန် ဥဿဖရား၊ စိန်၊ နီလာတို့ကို ဆောင်ထားပါက ကောင်းမွန်ပါမည်။

(၅) ခုအကြွင်းအဟော

စနစ်တကျနေထိုင်သူ ဖြစ်ပါသည်။ အောက်ကျ၊ နောက်ကျမခံတတ်။ စိတ်တိုတတ်သူဖြစ်သည်။

ဇီဇာကြောင်တတ်သူ ဖြစ်သည်။ သဝန်လည်းတို၊ အတွေးလည်းခေါင်တတ်သူဖြစ်ပါသည်။ ပညာနှင့်သက်မွေးဝမ်းကျောင်းပြုရတတ်၏။

ငယ်ဇာတာ ညံ့သော်လည်း အသက် (၂၁) ကျော်လျှင် အကျိုးပေးစတင်ပါမည်။ အောက်သက်ကျေသူဖြစ်သဖြင့် လောကဓံကိုကောင်းကောင်းရင်ဆိုင်ရဲသူဖြစ်သည်။

ရိုးသားတည်ကြည်သူ ဖြစ်သည့်အားလျော်စွာ ဖော်ရွေ၍ကျေးဇူးသိတတ်သူဖြစ်ပါသည်။ အလုပ်မာနရှိသူဖြစ်သဖြင့် လုပ်ရာကိုင်ရာတွင်သေသေသပ်သပ်ရှိ၏။ အားနာတတ်မှုကြောင့် အခွင့်အရေးဆုံးရှုံးရပါ၏။

ပထမအရွယ်တွင် ငွေကြေးခက်ခဲသော်လည်း မစမည့်သူပေါ်လာပါလိမ့်မည်။ စည်းစနစ်ကျနမှုရှိသဖြင့် ဘဝတိုးတက်ပါမည်။

ရေရှည်စီမံကိန်းချ၍လုပ်ရသောအလုပ်များဖြင့် အကျိုးပေးပါမည်။ အသိပညာ၊ အတတ်ပညာစသော လုပ်ငန်းများဖြင့်လည်း အကျိုးပေးပါမည်။

တရားသူကြီး၊ ကျောင်းဆရာ၊ လက်မှုပညာ၊ ဘာသာရေးဆရာ စသည့်လုပ်များနှင့်လည်း အကျိုးပေးပါမည်။

အိမ်ထောင်ရေးတွင် လူကြီးမိဘပေးစားသူနှင့် အကျိုးပေးပါမည်။ ကိုယ်ချစ်ရာပါက ကံမကောင်းနိုင်ပါ။

ကျန်းမာရေးမှာ အဆစ်၊ အမြစ်များကိုက်ခဲနေတတ်ပါသည်။ လေးလံထိုင်းမှိုင်း၍ မှုးမော်တတ်သည်။

မိမိဘဝသာယာဖို့ရန် ရွှေ၊ ငွေနှင့်ပုလဲတို့ကိုဆောင်ထားပါက ကောင်းမွန်ပါမည်။

(၆) ခုအကြွင်းအဟော

တဇွတ်ထိုး၊ တဇောက်ကန်းလုပ်ခြင်းကို မိမိကိုယ်ကို ထိန်းနိုင်မှ ဘဝသာယာပါမည်။ အစပထမတွင် အားနာနေသော်လည်း နောက်ပိုင်းတွင် ဇွတ်တရွတ်လုပ်တတ်သူဖြစ်သည်။

သဘောကောင်းသလိုနှင့် ခေါင်းမာ၏။ ဆုံးဖြတ်ပြီးလျှင် ပြန်မပြင်သူဖြစ်သည်။ သူလုပ်ချင်သည်ကို လုပ်ပစ်လိုက်သူဖြစ်မည်။

မိမိလိုချင်တာကို မရမချင်း တမ်းတနေသူဖြစ်ပါသည်။ ဘယ်သူကိုမျှတိုင်ပင်မှုမရှိဘဲ လုပ်ချင်ရာလုပ်တတ်၏။

လောလောဆယ် အရေးကိုသာ ဦးစားပေးတတ်သူ၊ တဇွတ်ထိုးလုပ်တတ်သဖြင့် ဘဝတွင် မကောင်းတာတွေများစွာတွေ့နိုင်သည်။

ငွေကြေး ရောင့်ရဲလွယ်သူဖြစ်သဖြင့် ပိုက်ဆံကိုချေးမိပါက မကြာခဏဆိုသလို ဆုံးရှုံးပါလမ့်မည်။

စည်းကမ်းအညီ နေထိုင် စားသောက်၊ အလုပ်လုပ်ပါက ကြီးပွားတိုးတက်ချမ်းသာနိုင်မည်။

အနိုင်ယူလိုစိတ် ရှိနေသဖြင့် အကျိုးမဲ့စွာရှိနေနိုင်ပါ၏။ ဇွတ်တရွတ်မှုတွေမရှိမှသာလျှင် အိမ်ထောင်ရေးသာယာပါမည်။

ကျန်းမာရေးနှင့်ပတ်သက်၍ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဒူလာနှင့်မီးယပ်ရောဂါတို့ဖြစ်တတ်ပါ၏။

မိမိဘဝသာယာဖို့ရန် နီလာ၊ စိန်နှင့်ပုလဲတို့ကိုဆောင်ပါက ကောင်းမွန်ပါသည်။

(၇) ခုအကြွင်းအဟော

ဆရာသမားဇာတာ ပါသူတော့ဖြစ်ပါသည်။ လောကီပညာရပ်များ၊ ဂန္ဓာရီပညာရပ်များ၊ လျှို့ဝှက်ပညာရပ်များ၊ ပုတီးစိပ်၊ တရားထိုင်တို့ကို ဝါသနာပါတတ်သူဖြစ်မည်။

အတိုက်အခံများနှင့် ထင်ရှားအောင်မြင်မည်။ ထင်ရှားကျော်ကြားသလို ရန်များတတ်သည်။

ကိုယ်ပေါင်းစိတ်ခွာ နေတတ်သူဖြစ်ပါသည်။ အကူအညီပေးစရာရှိလျှင် ရက်ရက်ရောရောကို ကူညီတတ်၏။ ဂုဏ်၊ သိက္ခာကို တန်ဖိုးမထားပါက မပေါင်း သင်းတတ်ပေ။

ဒေါသကြီးသဖြင့် ရန်ဖျက်လာလျှင် လက်လွန်၊ ခြေလွတ်ဖြစ်တတ်၏။ သူတစ်ပါး၏လုပ်ငန်းတို့ကို ဝေဖန်ပြောဆိုတတ်သဖြင့် လူမုန်းများ၏။ ရန်များ၏။

ငွေကို ရေလိုသုံးတတ်သူဖြစ်သည်။ ငွေကိုလည်း ရအောင်ရှာတတ်၏။ အသုံးကြမ်းသဖြင့် ငွေမစုမိပါ။

ကံကောင်းထောက်မစွာ ငွေတွေကလည်း ဝင်နေတတ်ပါသည်။

အသိပညာ၊ အတတ်ပညာနှင့် အလုပ်လုပ်ရသော လုပ်ငန်းတို့ဖြင့် အကျိုးပေးပါမည်။ အကောင်းနှင့်အဆိုးရောပြွမ်း၍ကျော်ကြားမည်။

စက်မှု၊ လက်မှုလုပ်ငန်းများ ပြုလုပ်ပါက အကျိုးပေးပါမည်။

အချစ်ရေး၊ အိမ်ထောင်ရေးကံမကောင်းသူဖြစ်ပါသည်။ သစ္စာရှိမှု၊ ကြင်နာမှုတို့ကို မိမိစိတ်ဝယ်ကောင်းမွန်စွာထားနိုင်ပါက အိမ်ထောင်ရေးသုခခံစားရပါမည်။

ကျန်းမာရေးကတော့ အကြောပိုင်းဆိုင်ရာရောဂါများ ဖြစ်တတ်ပါသည်။

မိမိဘဝသာယာဖို့ရန် နီလာ သို့မဟုတ် ပုလဲကိုဆောင်ထားပါက ကောင်းမွန်ပါမည်။

(၀) ခု အကြွင်းအဟော

အင်မတန်မှ စိတ်ဝင်စားဖွယ်ကောင်းသောဘဝကို ပိုင်ဆိုင်နိုင်သူဖြစ်ပါ၏။ စကားအပြောအဆိုကောင်းလွန်း၍မည်သူမှလိုက်မမီပါ။

သံယောဇဉ်ကြီးသူ ဖြစ်၏။ သံယောဇဉ်ရှိသူတို့က မြှောက်ပင့်ညာစားမှုကိုယုံကြည်သဖြင့် ကိုယ်ကျိုးနဲဒုက္ခရောက်တတ်ပါသည်။

ရွှင်ရွှင်ပျပျပျော်ပျော်နေတတ်သူဖြစ်ပါ၏။ အဝတ်အစားဝတ်ရာတွင် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းဝတ်တတ်၏။

ထက်ထက်မြက်မြက် ရှိသော်လည်း ဟိုလိုလို၊ ဒီလိုလိုနှင့်အဆုံးမသတ်တတ်သူဖြစ်၏။ အပင်ပန်းလုံးဝမခံနိုင်ပါ။

ပိုက်ဆံကတော့ရလိုက်၊ ကုန်လိုက်နေပါမည်။ အခြားသူများကြောင့်လည်း ငွေကြေးဝင်နိုင်ပါ၏။

အလုပ်လုပ်ရာတွင် သူများကြောင့် မိမိနာမည်ရခြင်း၊ မိမိကြောင့်သူများနာမည်ရခြင်းတို့ရှိပါမည်။ အလုပ်မမြဲပါ။ အလုပ်မမြဲသော်လည်း စီးပွားဖြစ်တတ်ပါသည်။

အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျတတ်၏။ သူ့ဘက်ကိုယ့်ဘက် လိုက်မနေဘဲ ကိုယ့်ဘာသာကိုယ်နေပါမှ ကောင်းပါမည်။

ကျန်းမာရေးကတော့ နှလုံးအားနည်းရောဂါရရှိတတ်ပါသည်။

မိမိဘဝသာယာဖို့ရယ် ကျောက်စိမ်းကိုဆောင်ထားပါက ကောင်းမွန်ပါမည်။

နတ်၊ လူ၊ သတ္တဝါအားလုံးကျန်းမာချမ်းသာကြပါစေ။

ဦးကိုကိုကြီး (စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံးဘို၊

ချောင်းဆုံအုန်းသွင်
ရိုးသားခြင်း၊ ကြိုးစားခြင်း

ဤဆောင်းပါးသည် မိုက်မဲသူဆောင်းပါး၏အဆက် ဖြစ်ပါသည်။ အချိန်ဖြုန်းနေသော မြေးဖြစ်သူမောင်မျိုးတင့်ကို အချိန်ဖြုန်းပြီး မိုက်မဲသူဘာရာဏသီသူဌေးသားနှစ်ဦး သူတောင်းစားဖြစ်သွားပုံကို ပြောပြပြီးနောက် ကိုယ်တိုင်နစ်နာဆုံးရှုံးရသည်ကို ပြောပြပါမည်ဟု ထိုဆောင်းပါးတွင် ပြောခဲ့သည့်အတိုင်း ယခုဆောင်းပါးတွင် ပြောပြပုံကိုဆက်လက်တင်ပြပါမည်။

အဘိုး ဆယ်ကျော်သက်အရွယ်ကကြွေပန်းကန်ပြားကို လက်ဝါးပေါ်တင်ပြီး အိမ်ရှေ့ကနောက်ဖေးကိုယူသွားတာအဖေကတွေ့တော့-

"ဟေ့ကောင်၊ ကြွေပန်းကန်ကို လက်ဝါးပေါ်တင်သွားရင် ခလုတ်တိုက်လို့ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကျပြီးကွဲသွားမယ်၊ လက်ချောင်းတွေနဲ့ မိမိရရကိုင်သွား"

လို့ ပြောတယ်။ ပြီးတော့ ဆက်ပြီး-

"ငါ အခုပြောတာစာထဲမှာတွေ့လို့စာတွေ့ပြောတာမဟုတ်ဘူး၊ ကိုယ်တိုင်ကျကွဲဖူးလို့ အဖေရိုက်တာကို မှတ်လောက်သားလောက်အောင် ခံခဲ့ရဖူးလို့ ကိုယ်တွေ့ပြောတာ"

လို့ ပြောတယ်၊ မှန်တယ် လူကြီးတွေဟာ လူငယ်တွေကို ဒီအလုပ်မလုပ်နဲ့ကောင်းကျိုးမပေးဘူး၊ ဆိုးကျိုးပဲပေးတယ်လို့ပြောတာ ကိုယ်တွေ့ကြုံဖူးလို့ပြောတာ။

အဘိုး (၁၁) နှစ်သား၊ တတိယတန်းအရောက်မှာ ဒုတိယကမ္ဘာစစ်မီးမြန်မာပြည်ကို ကူးလာလို့ ကျောင်းတွေပိတ်လိုက်ရတဲ့အတွက် ဘုန်းတော်ကြီးကျောင်းပြောင်းနေခဲ့ရတယ်။

(၁၈) နှစ်သားမှာ ရန်ကုန်ရောက်ပြီး စာတိုက်ကြီးမှာ စာပို့လုလင်(ပို့စ်မင်း) လုပ်တယ်၊ စာတိုက်အသင်းကဖွင့်ပေးတဲ့ အင်္ဂလိပ်စာ ကျူရှင်တက်ရတယ်၊ ကျောင်းချိန်က မနက် (၈) နာရီက (၉) နာရီ၊ ရုံးချိန်က (၉) နာရီခွဲ၊ နေတာက စမ်းချောင်းမှာ ကားမရှိလို့လမ်းလျှောက်လာရတဲ့နေ့ကများလို့ ကျောင်းကတက်တစ်ဝက်၊ ပျက်တစ်ဝက်ပဲ။

အသက် (၂၁) နှစ်မှာ အလုပ်ထွက်၊ ချောင်းဆုံပြန်ရောက်ပြီး မော်လမြိုင်မှာ ဘာသာစုံသင်တဲ့အလွတ်သင်ကျောင်းမှာနေရတယ်။ အင်္ဂလိပ်စာဖတ်ခိုင်းပြီး (၈) တန်းမှာထားပေးတယ်။ အက္ခရာသင်္ချာနဲ့ ဂဲဩမေရနီဆိုတာအဲဒီတော့မှမြင်ဖူးတာ၊ သင်္ချာကိုအလွတ်ကျက်သူဖြစ်လာတယ်။ စာမေးပွဲပြီးတော့ ရန်ကုန်မှာ အလုပ်ပြန်လုပ်ရင်းကျောင်းဆက်တတ်မယ်ဆိုပြီး ရန်ကုန်ပြန်သွားတယ်။ စာတိုက်မှာ မလုပ်တော့ဘဲ တခြားမှာရှာတယ်။ (၃)လကြာသွားတယ် မရဘူး၊ အိမ်က အလုပ်မရလည်းကျောင်းဆက်တက်ဆိုပြီး တစ်လ (၃၀) ကျပ်ပို့ပေးတယ်။ ကျောင်းလခက (၅၅) ကျပ် နောက်ကျမှ ကျောင်းဝင်ရတယ်။ တက္ကသိုလ်ဝင်တန်းမှာတက်ရတယ်။

အဘိုးတို့ခေတ်က ပင်ရင်းမြန်မာစာ၊အင်္ဂလိပ်စာ၊ သင်္ချာနဲ့ အပို (၂) ဘာသာပေါင်း (၅) ဘာသာပဲဖြေရတယ်။ အဘိုးက အပိုကို ပါဠိနဲ့သမိုင်းယူတယ်။ စာမေးပွဲနီးတော့ ဆရာကြီးက မင်းအင်္ဂလိပ်စာကလွဲရင် အကုန်အောင်နိုင်တယ်။ အင်္ဂလိပ်စာတော့ မလွယ်ဘူး အတွေ့အကြုံရအောင် ဖြေကြည့်ပေါ့ကွာလို့ပြောတယ်။

စာမေးပွဲဖြေခွင့် လျှောက်လွှာတင်တော့ အိမ်ကငွေပို့နောက်ကျနေတာနဲ့ စုပေါင်းတင်တဲ့အထဲ ပါမသွားဘူး။ နောက်မှသွားတင်ရတယ်။ ရန်ကုန်တက္ကသိုလ် ဘယ်မှာရှိမှန်းမသိလို့ သူငယ်ချင်းကလိုက်ပို့ရတယ်။ ကျောင်းနဲ့ကျောင်းသားတွေကိုတွေ့တော့ သိပ်ပြီးအားကျသွားတယ်၊ အပြန်မှာ သူငယ်ချင်းကို-

"ကိုအောင်သန်း စာမေးပွဲပြီးရင် ကျွန်တော့်အတွက် နှစ်လမ်းပဲရှိတယ်။ တစ်လမ်းက ဒီရန်ကုန်တက္ကသိုလ်၊ နောက်တစ်လမ်းက ဟိုကြုံတောသချိုင်းပဲ"

လို့ ပြောခဲ့တယ်။ (၂၄) နာရီမှာ (၄) နာရီပဲအိပ်ပြီး ကျန်တဲ့အချိန်အားလုံး စားသောက်ချိန်၊ အိမ်သာတက်ချိန်ပါမကျန် စာပဲလုပ်တယ်၊ အတိုချုံးရရင် စာမေးပွဲဖြေပြီးတော့ အင်္ဂလိပ်စာအောင်ရင်သုံးဘာသာဂုဏ်ထူးနဲ့အောင်မယ်လို့ ပြောခဲ့တယ်။ အောင်စာရင်းထွက်တော့ တတိယအဆင့်နဲ့အောင်တယ်၊ ဘယ်သူမှထင်မထားကြလို့ အားလုံးဝမ်းသာအံ့ဩကြတယ်။

အမှတ်စာရင်းတောင်းကြည့်တော့ မြန်မာစာ၊ ပါဠိ၊ သင်္ချာသုံးဘာသာ (၈၀) ကျော်ပြီး အင်္ဂလိပ်စာက- ၂၈+၂= ၃၀ တဲ့၊ အပေါင်း (၂) ဆိုတာ အဘိုးတို့ခေတ်က တစ်ဘာသာမှာတစ်မှတ်၊ နှစ်မှတ်လိုရုံနဲ့ စာမေးပွဲမကျရအောင်ဆိုပြီး မော်ဒရေးရှင်းဘုတ်လို့ ခေါ်တဲ့အစည်းအဝေးထိုင်ပြီး တတ်နိုင်သမျှရှာကြံဖြည့်ပေးကြတယ်၊ ဖြည့်မရတဲ့လူလည်းရှိမှာပါ။ အဘိုးက အဲဒီဘုတ်ရဲ့ ကျေးဇူးနဲ့ (၂) မှတ်အဖြည့်ခံရပြီး အောင်တာ။ ဒါကြောင့် ဂုဏ်ထူးမရဘူး။

အတူအောင်ကြတဲ့ သူငယ်ချင်းကိုတင်ကြိုင်ရဲ့အစ်ကို ကိုအုန်းလှိုင်က ငါ့အိမ်မှာနေပြီး ငါ့ညီနဲ့ကျောင်းအတူတက်၊ ထမင်းအလကား ကျွေးထားမယ် ပြောတယ်။ အောင်ခဲ့တဲ့ ကျောင်းကလည်း ညဘက် အကြိုတက္ကသိုလ်ဝင်သင်တန်းမှာ မြန်မာစာတစ်ချိန်ပြပေး၊ တစ်လ (၁၅) ကျပ်ပေးမယ်ပြောတယ်။ အောင်တဲ့ ၁၉၅၃ ခုနှစ်မှာ အသက်

(၂၃)နှစ်မှာ အဘိုးရေးတဲ့ဆောင်းပါး တစ်ပုဒ် သတင်းစာထဲပါလို့ သတင်းစာနဲ့ ဆက်သွယ်ပြီး တစ်လဆောင်းပါးတစ်ပုဒ်နဲ့ဝတ္ထုကို တစ်ပုဒ်ရေးခွင့်ရတယ်။ (၁၅)ကျပ်စီရတယ်။ တစ်လ (၄၅)ကျပ်ဆိုတော့ သုံးဖို့လုံလောက်သွားပြီ။ ဒါနဲ့ ကျောင်းဆက်တက်တယ်။

ကျောင်းမှာ အင်္ဂလိပ်စာ လုံးဝ မလိုက်နိုင်ဘူး။ ဒါပေမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဖို့ ကြိုးစားတဲ့ ဝီရိယကို လုံးဝစွန့်လွှတ်လိုက်ပြီး ကျောင်းလည်း မှန်မှန်မတတ်ဘူး၊ ကျောင်းဆရာယောင်ယောင်၊ စာရေးဆရာ၊ သတင်းစာဆရာယောင်ယောင်နဲ့ ယောက်ခြောက်ဆယ် လုပ်နေလိုက်တယ်။ တစ်နှစ်ကို မတ်လ ရယ်၊ ဇွန်လရယ် စာမေးပွဲနှစ်ကြိမ်ပြုလုပ်ပေးတယ်။ နှစ်ကြိမ်လုံး ကျတယ်၊ အင်္ဂလိပ်စာက အမှတ် (၂၀) တောင် မပြည့်ဘူး။ ဒုတိယနှစ် ဇွန်ကျမှအောင်တယ်၊ အမှတ် တောင်းကြည့်တော့ အင်္ဂလိပ်စာက (၂၈+ ၂) ပဲ၊ နောက်နှစ် မတ်ရော၊ ဇွန်ရောကျတယ်၊ နောက်နှစ်လည်းကျတယ်။ ဒီတော့ တက္ကသိုလ်မှာ အင်္ဂလိပ်စာပင်ရင်းဘာသာက ပြုတ်မှငါပြန်လာခဲ့မယ်လို့ ကြွေးကြော်ပြီး ထွက်ခဲ့တယ်။

၁၉၅၈ ခုနှစ်လောက်ကစပြီး လုပ်ငန်းခွင်ဝင်တယ်၊ အိမ်ထောင်လည်းကျတယ်။ (၈) နှစ်လောက် အလုပ်သုံးနေရာလောက်ပြောင်းပြီးနောက် ၁၉၆၅ ခုနှစ်ကျတော့ပါတီဌာနချုပ်မှာ အလုပ်ရတယ်။ စာမေးပွဲဝင်ဖြေပြီးရတာ (၁၀၀) ကျော်လောက်ဖြေတဲ့အထဲ (၁၈) ယောက်ပဲရတယ်။ အငယ်တန်းအရာရှိပေါ့။ လစာက (၂၀၀) ကျပ်နဲ့ ရှားပါးစရိတ်။ (၃၀၀) ကျပ်နီးပါးပေါ့။ ကလေးကလည်း သုံးယောက်ရလာပြီး အားလုံးမှသုံးယောက်ပဲ အတွေ့အကြုံလည်းရ၊ နည်းနည်းလည်း ရင့်ကျက်လာတော့ ဘဝတစ်ခုကို အသေအချာဆောက်တည်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီလို ဆောက်တည်ရာမှာ ပညာအရည်အချင်းကလည်း (၁၀)တန်းအောင်ပဲဆိုပါစို့။ ပြီးတော့ သိပ်ပြီး ထူးထူးခြားခြား တော်သူလည်းမဟုတ်တော့-

ရိုးသားခြင်းနဲ့ ကြိုးစားခြင်းကို အခြေပြုပြီး ဆောက်တည်ဖို့ဆုံးဖြတ်လိုက်တယ်။

မသိတာ၊ မတတ်တာကို ဘယ်တော့မှ သိဟန်၊ တတ်ဟန်မဆောင်ဘူး။ မသိရင်မေးတယ်၊ မရှက်ဘူး။ ဒါကို လူကြီးတွေကသဘောကျတယ်။

နောက်စကားတစ်ခုရှိတယ်။ မင်းတိုင်းကျေမလုပ်နဲ့တဲ့၊ ဆိုလိုတာက တာဝန်ကျေရုံပဲမလုပ်နဲ့။ စေတနာထားပြီး ပိုရင်ပိုပါစေလုပ်သေးတို့ပေါ့။ အဘိုးရဲ့ အထက်လူကြီးက-

မင်းတိုင်းကျေရုံပဲ လုပ်ပေးရင် တော်ပါပြီ။ မင်းတိုင်းကျေတောင်လုပ်တဲ့ လူသိပ်မရှိလို့ လုပ်ငန်းမတွင်ကျယ်ဘူးလို့ပြောတယ်။ အဘိုးကတော့ မခိုဘူး၊ မကပ်ဘူး၊ အလုပ်ချိန်မှာမပြီးရင် အချိန်ပိုမတင်ဘဲ အချိန်ပိုဆင်းလုပ်တယ်။ အချို့အလုပ်ချိန်မှာ ပြီးရမယ့်အလုပ်ကို မပြီးအောင်လုပ်ပြီး အချိန်ပိုတင်လုပ်ကြတယ်။ အချိန်ပိုကြေးယူတာပေါ့။

ကောင်းတာဖြစ်စေ၊ ဆိုးတာဖြစ်စေ ကြာလာရင် လူသိလာတာပဲ။ အဘိုးကိုလည်း လူကြီးတွေက ကြာတော့ သိလာကြတယ်။ အဘိုးကို တိုးဂိုက်အုပ်ချုပ်တဲ့ လူကြီးကသိပ်သဘောကျတယ်။

ဒီတော့ အချိန်ကျလာတာနဲ့ အဆင့်မြှင့်ပေးဖို့ ရာထူးတိုးဖို့ တင်ပေးတယ်။ ဒီလိုနဲ့ (၂၀၀) ကျပ်က (၃၃၀) ကျပ်၊ နောက် (၃၅၀) ကျပ်၊ နောက် (၅၀၀) ကျပ်၊ အဲဒီလို အဆင့်ဆင့်တက်လာတာ နောက်ဆုံး လုပ်သက် (၁၅) နှစ်ရတော့ (၅၀၀) ကျပ်စကေးကနေ တစ်ဆင့်ထပ်တက်ဖို့ဖြစ်လာတယ်။

အဘိုးရဲ့အထက်လူကြီးက ပင်စင်သွားတော့ ဌာနမှာအကြီးဆုံးဖြစ်တဲ့ဌာနကြီးမှူးက အဲဒီနေရာ အဘိုးကိုပေးဖို့ တင်ပေးတယ်။ အဲဒီမှာ တက်ရမယ့် အဆင့်က (၈၀၀) ကျပ်စကေး ဒီအဆင့်ကအပြင်မှာ (၁၃၀၀) ကျပ်စကေး၊ ညွှန်မှူးအဆင့် နောက်တော့ တွဲဘက်အထွေထွေအတွင်းရေးမှူးက သိလို့ (၁၃၀၀) ကျပ်ဆိုပြီး ပြင်ပေးလိုက်တယ်။

အဲဒီမှာ အဘိုးအတွက် ပြဿနာပေါ်တော့တာပဲ။ အဆင့်ကျော်လို့ မဟုတ်ဘူး။ ဖွဲ့စည်းပုံမှာ ဒီအတိုင်းပဲ။ ပြဿနာက အဘိုးဘွဲ့ရမထားခြင်းဘဲ။ ဒီမှာအချိန်ဖြုန်းခဲ့တဲ့ ဆုံးရှုံးမှုဒဏ်ကို လူလူပပခံရတော့မှာဖြစ်တယ်။ ဒီရာထူးမျိုးကို ဘွဲ့မရသူ၊ တပ်ကမဟုတ်ရင်ကို ပေးခွင့်မရှိဘူး။

စီမံဌာနကြီးမှူးက ဒါကို ထောက်ပြီးပယ်ချတယ်။ အဘိုး ထိုဌာနကြီးမှူးက အဘိုးကို သိပ်သဘောကျတယ်။ ဒီတော့ နည်းလမ်းရှာတယ်၊ နည်းလမ်းက လုပ်ငန်းအတွက်လိုအပ်လို့ခေါ်ခန့်ထား တာဆိုရင် ဘွဲ့မရလည်းပေးနိုင်တယ်။

ဌာနကြီးမှူးက အဘိုးကိုမမေး အဲဒီလိုခန့်ထားတာဆိုပြီး ထပ်တင်တယ်။ ပြီးတော့မှ အဘိုးကိုမေးတယ်။ အဘိုး စာမေးပွဲနဲ့ဝင်တယ်။ ပြောတော့ စီမံ ခေါ်မေးရင်တော့ အမှန်အတိုင်းသာ ပြောပေတော့။ ခင်ဗျားကံပဲလို့ ပြော တယ်။ တကယ်ပဲခေါ်မေးတာပဲ။ ဒါပေ မယ့် အဲဒီလိုအရင်မမေးဘဲ စီမံဌာနကြီး မှူးက-

"ခင်ဗျား ဒီတာဝန်ကို ဘာအား ကိုးနဲ့ထမ်းမှာလဲ"

လို့ မေးတယ်။ အဘိုးက-

"ရိုးသားခြင်းနဲ့ ကြိုးစားခြင်းတို့ကို အမာခံအားကိုးပြီး တာဝန်ကိုကျေပွန် အောင်ထမ်းပါ့မယ်"

လို့ ပြန်ဖြေလိုက်တယ်။ သူလည်း အဘိုးအကြောင်း သိသင့်သလောက်သိ မှာပေါ့။ ဒါက စီမံအလုပ်ပဲ။ အဘိုးရဲ့ ဌာနကြီးမှူးကလည်း သိပ်လိုလားနေ တယ်ဆိုတာသိတော့ စီမံဌာနကြီးမှူးက-

"ခင်ဗျားရဲ့ဌာနကြီးမှူး တင်ပြ ထားတဲ့အတိုင်း ရီခရူခေါ်ယူတာဝန်ပေး ထားခြင်းဆိုတာကိုလက်ခံပြီး ကျပ် ထောက်ခံပေးလိုက်တယ်။ ရိုးရိုးသား သားကြိုးကြိုးစားစားနဲ့ အောင်မြင် လောက်အောင်တာဝန်ထမ်းပေတော့"

ပြောပြီး ပြန်လွှတ်လိုက်တယ်။ အဲဒီနေရာမှာ (၈) နှစ်တာဝန်ထမ်းပြီး လုပ်သက် (၂၃) နှစ်အရမှာ ပါတီပျက် ပြီး ပြုတ်ခဲ့တယ်။

အဓိကပြောချင်တာက သား အချိန်မဖြုန်းနဲ့ အချိန်ဖြုန်းသူလောက် မိုက်မဲသူမရှိဘူး၊ မှားတာကို သိတဲ့ အချိန်မှာ ချက်ချင်းပြင်၊ ဘဝတစ်ခုကို ဆောက်တည်နိုင်အောင်ကြိုးစား၊ အဲဒီ မှာမလွှတ်တမ်း လက်ကိုင်ထားရမှာက ရိုးသားခြင်းနဲ့ကြိုးစားခြင်းပဲ။

ကျွန်တော်က စကားကို ဤသို့ အဆုံးသတ်လိုက်ပါသည်။ မောင်မျိုးတင့် က-

"သင့်တော်မယ့် အလုပ်တစ်ခုကို အမြန်ရှာလုပ်ပြီး အဘိုးပြောသလို ရိုးရိုး သားသား ကြိုးကြိုးစားစားလုပ်ကိုင်ပါ့ မယ်"

ဟု ဝန်ခံကတိပြုသွားပါသည်။

အချိန်မဖြုန်းဘဲ ရိုးသားကြိုးစား ကြပါကုန်။

ချောင်းဆုံအုန်းသွင်

(မြန်အောင်)
စိုးလင်းအောင်
အလိမ်အညာမခံရစေဖို့

၁၉၆၉ ခုနှစ်၊ စာရေးသူ အသယ့် တစ်နှစ်သားလောက်က ဂရိတ်ပီကိုလာ မျက်လှည့်အဖွဲ့ကို ကြည့်ဖူးသည်။ ထို မျက်လှည့်အဖွဲ့ပြသရာတွင် လူသားနှင့် လျှပ်စစ်ဆိုသော ပြကွက်ပါ၏။

မီးသီးကို ပါးစပ်မှာကိုက်ထားပြီး ပလပ်ပေါက်ထဲသို့ လက်ထိုးဟန်ပြုသော အခါ ကိုက်ထားသော မီးသီးမှာလင်း သွားသဖြင့် အံ့ဩရသည်။ ပထမလူက မီးလင်းသွားသောအခါ နောက်မီးသီး ကိုက်ထားသောလူ၏ လက်ကိုသွား၍ ဆွဲလိုက်၏။ နောက်လူကိုက်ထားသော မီးသီးလည်း လင်းသွားပြန်သည်။ သူတို့ မှာဓာတ်မလိုက်ဘဲ မီးလင်းခဲ့ရသည်မှာ ထိုစဉ်က အံ့ဩလို့မဆုံးနိုင်ပေ။

နောက် အနှစ် (၄၀) လောက် ကြာသောအခါ ထိုအံ့ဩမှုက ရပ်တန့် သွားလေ၏။ မီးသီးဖင်ကို လျှာနှင့်တို့ လိုက်သောအခါ မီးလင်းသွားသော မီး သီးတွေ နယ်တွေအရောက်ပေါ်လာ သောကြောင့်ဖြစ်ပါသည်။

ထို့အတူ ၁၉၆၉ ခုနှစ်ကပင် အမေ ရိကန်က လကမ္ဘာပေါ်သို့ လူသားတွေ ခြေချနိုင်ပုံကို ကမ္ဘာမြေပြင်က Television တွေနှင့် သူတို့နိုင်ငံမှာ မြင်နေကြရ ပြီ။ ၁၉၈၈ ခုနှစ် ပတ်ဝန်းကျင်ရောက် မှမြန်မာနိုင်ငံမှာ TVတွေ ဗီဒီယိုတွေပေါ် ပေါက်လာတော့၏။တိုးတက်မှုစီးကြောင်း က နှေးကွေးနေပါသည်။ ထိုနှေးကွေးမှု တို့ကိုအခွင့်ကောင်းယူ၍ လိမ်ချင်ညာ ချင်သူတို့က တချို့မှာ စီးပွားဖြစ်အခွင့် ကောင်းယူ၍ လိမ်လည်ကြသည်။

အလယ်တန်းကျောင်းသားဘဝက လည်း ရွာစဉ်လှည့်လည်ပြသသော မျက် လှည့်အဖွဲ့ကိုကြည့်ဖူး၏။ လူအများမြင် ကွင်းက နောက်ချေးပုံတစ်ပုံကိုယူ၍ သံ ခွေထဲထည့်လိုက်ကာ အဝတ်စတစ်ခုနှင့် အုပ်ထားသည်။ ပါးစပ်က ပွစိပွစိနှင့် မန်း လိုက်၊ ပလွေမှုတ်လိုက်လုပ်နေ၏။မကြာမီ ဖွင့်ပြရာ နောက်ချေးတုံးများမှာ သွေး သံတရဲရဲနှင့် အံ့ဩဖွယ်ရာတွေ့လိုက်ကြ ရသည်။ လူကြီးတွေက အစိမ်းတိုက်လို လို အောက်လမ်းလိုလိုပြောကြ၍ ငယ် ရွယ်သူပီပီ ကြောက်လန့်တုန်လှုပ်မိပါ သည်။

တစ်ခါကထောင်ထွက်တစ်ယောက် သည် စာရွက်ပေါ်တွင် အင်းကွက်ရေး (ဆွဲ) ၍ မီးရှို့လိုက်၏။ ထိုပြာများကို လက်ဝါးပေါ်တင်လျက် လက်ဝါးနှစ်ဖက် ရိုက်လိုက်ရာ လက်ဝါးပေါ်တွင် စက္ကူ ပေါ်မှာရေးဆွဲထားသောအင်းကွက်ပေါ် လာသည်ကို အံ့ဩစွာတွေ့ကြရသည်။

ထိုသူက သူ့အလိမ်ကို ဖြေပြ၏။ စက္ကူပေါ်က အင်းကွက်မျိုး သူ့လက်ဝါး ပေါ်တွင် အိမ်သုံးဆပ်ပြာကို ခဲတံလုံး လောက်လုံးပြီး ထိုအချွန်ဖြင့် အင်းကွက် ရေးဆွဲပါ။ အင်းစက္ကူကို မီးရှို့ပြာချ၍ လက်ဝါးပေါ်ရိုက်ကပ်လိုက်သဖြင့် ဆပ် ပြာနှင့်ဆွဲထားသော အင်းကွက်အတိုင်း ပေါ်လာတာကို မြင်တွေ့ရပါတော့၏။

လိမ်နည်းညာနည်းတွေကို မသိ လျှင် ပညာရပ်တစ်ခုဟုထင်ကာအထင် ကြီးကြ၏။ သဒ္ဓါလွန်တော့ တဏှာကျွန် ဖြစ်ရသည်။ ထို့ကြောင့် လူတိုင်း အလိမ် အညာမမိနိုင်ကြစေဖို့ အင်တာနက်က ရှာဖွေကာစုဆောင်းတင်ပြလိုက်ပါသည်။

မယုံမရှိနဲ့စမ်းကြည့် လိမ်နည်း ပေါင်းစုံပါ။

၁။ မီးရဲရဲပေါ် လမ်းဖြတ်လျှောက် ရန် ကျောက်ချဉ်ရယ် သဲဆပ်ပြာ၊ ရွှေဝါ ဆပ်ပြာ ဆတူ (အမျှ) ဖျော်၍ လိမ်းပါ။ လိမ်းထားတဲ့နေရာမှန်သမျှ မီးမဟပ်၊ မီး မပူပါ။

၂။ ထုံးကို အရုပ်စုံထုလုပ်ထား၊ ကျိုးကန်းသည်းခြေကို ကြိမ်လုံးထိပ်သုတ် လိမ်းပြီး ထုံးရုပ်ကိုတို့လိုက်တာနှင့် မီး ထတောက်၏။

၃။ နှင်းဆီပန်းကို အညှာဖြုတ်၊ အပ်နှင့်အပ်ချည်ကို ပြဒါးစိမ်၊ တွဲလျက် သား အပ်ချည်ပါအပ်ကို ပန်းဖင်မှာထိုး ထား ပန်းထိပ်ကို ပြဒါးသုတ်၊ အပေါ်က ကြေးလင်ပန်းတီးကြည့် ထိုပန်းထက မည်။

၄။ နို့ဆီဘူးကို အပေါက်မဖောက် ဘဲကုန်တာဟာ နတ်ဘုရားတန်ခိုး ကြောင့်မဟုတ်ပါ။ ပြဒါးကြောင့်ပါ။ သံနဲ့ပြဒါး ဓာတ်ပြုမြဲမို့ သုတ်လိမ်းထားပြီး များ မကြာမီပူလာပြီး အငွေ့အဖြစ် ပြောင်းလဲသွားသဖြင့် ပျောက်သွား တတ်ပါသည်။

၅။ ပုလင်းတွေ၊ ဖန်ခွက်တွေ ဝါး တဲ့နည်းပါ။ ဟင်းနုနယ်ဆူးပေါက်ရိုးနီပင် ပဥ္စင်းပါးနှင့် ဝါးပြမည့်ဖန်ပုလင်းတွေကို (၇)ပတ်ပြုတ်ပါ။ ဝါးမယ့်သူကလည်း အစာမခံထားဘဲ (၇) ပတ်တိုင် ဟင်းနု နယ်သတ္တုပြုတ်ရည်သောက်၊ စားပြီးမှ ဝါးရတယ်။ ပြုတ်သားဝမှသာ ပါးစပ်ထဲ ရောက်သည်နှင့်အရည်ပျော်သွားစမြဲပါ။ လျှာ၊ အာ ထိခိုက်ပွန်းပဲ့ နာကျင်ခြင်း မရှိတဲ့နည်းဖြစ်ပါတယ်။

၆။ မသိုးထမင်း၊ မသိုးဟင်းလုပ် နည်းလေးပါ။ အထားခံနိုင်အောင်ချက် ထားပါ။ နတ်သုဒ္ဓါနဲ့ နှိုင်းရတဲ့အထိ (၃) ရက်တာ မသိုးအောင် စီမံနည်းလေးပါ။ ထမင်းကို တောင့်တောင့်လေးရအောင် ငှဲ့ ပဲဆီ သို့မဟုတ် နှမ်းဆီကို ထည့်နှပ်။ မီးနွေးနွေးနဲ့ပတ်ချာလည်နှပ်။ ကျက်တဲ့ အခါ ဝါး,ဆန်ဆေး (တောင်း) ထဲ ပိတ် စိမ်းပါးခံပြီး ခူးထားပါ။ သွားလို့ရာယူ သွားလိုပါက ငှက်ပျောဖက် သို့မဟုတ် အင်ဖက်နဲ့ထုပ်၊ မသိုးထမင်းလေးပါ။

၇။ မြင်းအသည်းကို သံပရာရည်နဲ့ စိမ်၊ အလိပ်ဖြစ်အောင် သေးသေးတွေ လုပ်၊ အခြောက်လှန်းထား၊ ပယောဂရှိ သည်ဆိုကာ သွေးဆေးနဲ့ရောတိုက်၊ ဝမ်းထဲရောက်သွားသောအခါ အကြီး ကြီးပြန်ဖြစ်သွားရော အန်ဆေးတိုက် တော့ အသားစိုင်အသားခဲတွေ အန်ပါ လေရော။ ဒီနည်းနဲ့ အထက်လမ်းလိုလို အောက်လမ်းလိုလို ဆေးပယောဂလိုလို ပညာမဲ့အသိမဲ့တဲ့ လူတွေဆီက ငွေလိမ် စားကြတဲ့အကျင့်ဆိုးတွေပါ။

ဗဟုသုတရစေရန်
အရှင်ဇာဂရ (မနောမြေ)

'တစ်လတိုင်အောင် ထမင်းမစား ဘဲ နေနိုင်တဲ့နည်း' ကို အလျဉ်းသင့်၍ လောကီသုတလင်္ကာရကျမ်းမှ တင်ပြချင် ပါသည်။

ခရုအခွံတွင် ဟင်းနုနယ်ပင်စိုက် ပါ။ ၎င်းအပင်ကြီးလာပါက အပင်ကြီး တစ်ပင်လုံးကိုယူ၍ မားနဲ့စင်းပြီး နေသွေ့ အောင်လှန်းအမှုန့်ပြုပါ။

ထို့နောက် ပုစွန်ဆီ၊ ကြက်သည်း ခြေ၊ စမုန်နက် ၎င်းသုံးပါး ဆတူရော၍ ဟင်းနုနယ်အမှုန့်တို့နှင့်ရော၍ အမှုန့်ဖြစ် အောင်ကြိတ်ရမည်။ ပြီးလျှင် ကောင်း မွန်စွာထားပါ။ ဆီးကင်းခန့် သုံးလုံးလုံး၍ မနက် (၆) နာရီတစ်လုံး၊ နေ့လည် (၁၂) နာရီတစ်လုံး၊ ညနေ(၆)နာရီတစ်လုံးစစား သည့်နေ့ကစ၍တစ်လအတွင်း ထမင်း မစားဘဲနေနိုင်၏။

'သမ္မာဆန္ဒပြည့်ဝကြပါစေ'
စိုးလင်းအောင်(မြန်အောင်)

(ဍူမဒေ)

စိုးထွန်း

မရဏာသန္တဇောနဲ့စွဲလမ်းခြင်း



သတ္တဝါတစ်ဦးဦး သေခါနီး စက္ကန့်ပိုင်းအလိုတွင် ထားရှိသည့် စိတ်ထားကို မရဏာသန္တဇောဟု ခေါ်ရပေမည်။ ထိုစိတ်ထားမှန်လျှင် လူ့ဘုံနတ်ဘုံသို့ရောက်ပေမည်။စိတ်ထားမမှန်ဘဲ မှားလျှင်တော့ အပါယ်လေးဘုံသို့ရောက်ပေလိမ့်မည်။ ဒီအယူအဆကတော့ မြန်မာလူမျိုး ဗုဒ္ဓဘာသာရဲ့အတွေးအခေါ်ပါ။ အခြားဘာသာတွေနဲ့တော့ တူမှာမဟုတ်ပါ။ သို့သော် အောက်မှ ဖော်ပြမယ့် ဖြစ်ရပ် (၃) ခုက လောကပေတံနဲ့တိုင်းမယ်ဆိုရင်လည်း အတိုင်းခံနိုင်ပါတယ်။ သိပ္ပံနည်းကျလည်း စမ်းလို့ရနိုင်ပါလိမ့်မယ်။ ဒီဖြစ်ရပ် (၃) မျိုးကို တင်ပြတော့မှာပါ။

မြန်မာတွေရဲ့ ဗုဒ္ဓဘာသာတရားတော်အရဆိုရင် လူဟာ သေပြီးတာနဲ့ ရောက်ချင်တဲ့နေရာကို မရောက်ပါဘူး။ လူ့စိတ်ရဲ့စွဲလမ်းမှုအလိုက် ပထမက ဂရုကံ၊ ဒုတိယက အာသန္နကံ၊ တတိယက အာစိဏ္ဏကံ၊ စတုတ္ထက ကဋတ္တာကံ၊ ကံတစ်မျိုးမျိုးနဲ့ အခြားနေရာကိုရောက်သွားမှာပါ။ ဂရုကံကတော့ ရဟန္တာသတ်သူ၊ သံဃာသင်းခွဲသူ၊ ဘုရားအား သွေးစိမ်းထွက်အောင်ပြုသူ၊ အမိ,အဘသတ်သူတွေ ရရှိမယ့် ကံပါ။ အာသန္နကံကတော့ အစွဲကြီးသူတွေ ဖြစ်ပြီး လောဘဇောနဲ့သေရင် ပြိတ္တာဖြစ်တတ်ပါတယ်။

အာသန္နကံမရှိရင် အာစိဏ္ဏကံကလည်း အကျိုးပေးတတ်ပါတယ်။ နေ့စဉ် ပြုအပ်သော ကုသိုလ်လို့ ခေါ်ရမှာပါ။ ကဋတ္တာ ကံကတော့ သာမန်မထင်မှတ်ဘဲပြုခဲ့တဲ့ ကံပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အဟောသိကံ ဖြစ်ဖို့ကများပါလိမ့်မယ်။

မရဏာသန္တဇောနဲ့ အစွဲအလမ်းအကြောင်းပြောမယ်ဆိုရင် ကိုလိုနီခေတ် ၁၈၅၀ ကျော်ကစရပါလိမ့်မယ်။ ဒီအချိန် က အင်္ဂလိပ်တွေက မြန်မာပြည်ကို ရခိုင်တနင်္သာရီသိမ်းရာက မြစ်ဝကျွန်းပေါ်တစ်ခုလုံးသိမ်းလို့ပြီးပါပြီ။ အင်္ဂလိပ်တွေက အိန္ဒိယလည်းသိမ်း၊ မြန်မာနိုင်ငံလည်းသိမ်းတဲ့အချိန်ဆိုတော့ လက်အောက်ခံကိုလိုနီနိုင်ငံအချင်းချင်း ဗီဇာမလိုဘဲ ဥဒဟိုသွားလို့ရတဲ့အချိန်ပါ။ ဒီအချိန်မှာ စိန်ဘာဘူတွေနဲ့ ချစ်တီးတွေ ရောက်လာပါတယ်။ ချစ်တီးတွေက ငွေချေးတယ်၊ မြန်မာ ဆိုတာက ချေးမယ့်သူရှိရင် ဆင်တောင် သက်စေ့ယူမယ့်လူတွေလို့ ဆိုရိုးစကားရှိပါတယ် မဟုတ်လား။

ငွေချေးပြီး ပြန်မဆပ်နိုင်ရင်တော့ ပထမ နွားသိမ်း၊ နောက် လယ်သိမ်းတယ်။ နောက်ပိုင်း လယ်လုပ်ချင်ရင် ချစ်တီးဆီကပြန်ပြီးငှားရပါတယ်။ ဒီလိုနဲ့ ပုသိမ်တစ်မြို့လုံးနီးပါး ချစ်တီးလယ်တွေ ဖြစ်ကုန်ပါပြီ။ ချစ်တီးတွေဟာ လယ်တွေကို တော်တော်လေး စွဲလမ်းကြတာက လား။ ဒီလယ်ကြောင့် ရွှေတွဲလွဲငွေတွဲလွဲဖြစ်ရ၊ မြန်မာ့ကွမ်းတောင်ကိုင်အလှပဂေးဆိုရင် ကုလားမယားဖြစ်တော့တာပါပဲ။ ဒီတော့ လယ်ယာမြေအပေါ်မှာ စွဲသည်ထက်စွဲလာတော့ သေမယ်ဆိုရင်တောင် စိတ်မဖြောင့်တော့ပါဘူး။ ငါ့ကို ငါ့လယ်ထဲမှာပဲမြှုပ်ပါလို့ ဇနီးမယားနဲ့ သမီးသားကိုမှာတော့တာပါပဲ။ ဒီလိုနဲ့ သေခါနီးမှာ မရဏာသန္တဇောက ဦးစီးပြီး အစွဲကြီးတဲ့ ချစ်တီးကြီးဟာ ဘာကုသိုလ်မှမရှိရင် အမှတ်မထင် ကဋတ္တာကံ (အကုသိုလ်) က အကျိုးပေးပြီး လယ်ကိုစွဲတာကြောင့် လယ်ပိုင်၊ ကွင်းပိုင် ဖြစ်တော့တာပါပဲ။

ဒီလို လယ်ပိုင်ကြီး၊ ကွင်းပိုင်ကြီး ဖြစ်နေတာ ၁၈၆၀ ပြည့်နှစ်သတ်မှတ်ရင်တော့ ၁၉၆၂ ခုနှစ်အထိ နှစ်ပေါင်း





(၁၀၂) နှစ် မကျွတ်
သေးပါဘူး။

ဒါတောင် လယ်တွေကို နိုင်ငံပိုင်အဖြစ် အတင်းသိမ်းလို့ ချစ်တီးခေတ်က တစ်ခန်း ရပ်သွားတာပါ။ ဒါပေမယ့် အစွဲကြီးတဲ့ ကိုရွှေချစ်တီးက မကျွတ်လွတ်ပါဘူး။ ဘယ်လောက်အထိ ဒီအစွဲကြီး ရှိသေးလဲဆိုရင် ၂၀၁၂ ခုမှာ အထည်ချုပ်စက်ရုံ နောက်အသစ်တစ်လုံးဆောက်တယ်။ ၂၀၁၂ ခုနှစ်နဲ့ လယ်တွေသိမ်းတဲ့ ၁၉၆၂ ခုနှစ်ကို ခြားနားလိုက်ရင် နှစ်ပေါင်း (၅၀) ရှိပါတယ်။ (၁၀၂) နှစ်နဲ့ပေါင်းရင် နှစ်ပေါင်း (၁၅၂) နှစ်အထိကိုရွှေချစ်တီးက မကျွတ်လွတ်သေးပါဘူး။

စက်ရုံဆောက်ဖို့ ပန္နက်ရိုက်တယ်ဆိုရင်ပဲ တစ်စခန်းထတော့တာပါ။ တရုတ်ကြီးတွေကိုတော့ မပြောဘူး။ မြန်မာအင်ဂျင်နီယာလေးကို အိပ်မက်ပေးတာပါ။ သူ့မှာ မြေတွေမရှိတော့လို့ ဒီသစ်ပင်မှာ နေရတယ်။ ဒါကြောင့် ဒီအပင်ကိုတော့ မခုတ်ပါနဲ့လို့ အိပ်မက်နဲ့ ပြောပြတာပါ။ စက်ရုံကြီးက အကြီးကြီးဆိုတော့ ဒီအပင်ကမလွတ်ပါဘူး။ အင်ဂျင်နီယာလေးက တရုတ်စကားပြန်နဲ့ပြောပေမယ့် တရုတ်ကြီးက လုံးဝ နားမထောင်ပါဘူး။ အမှုအရာနဲ့ပြတာတော့ ပန္နက်ဆက်ရိုက်လို့ ညွှန်ကြားတာဖြစ်နိုင်ပါတယ်။ ဒီတရုတ်ကြီးက နတ်ပဲကိုးကွယ်တဲ့လူလို့ ပြောပါ

တယ်။

ဒီလိုနဲ့ အဆောက်အအုံကြီးပြီးတဲ့ အထိလည်း ဘာပြဿနာမှ မဖြစ်ဘူး။ အထည်ချုပ်စက်တွေတပ်ဆင်တော့လည်း မထူးခြားဘူး။ အားလုံးပြင်ဆင်ပြီးလို့ လူပေါင်း (၁၅၀)လောက်အလုပ်လုပ်တော့မှ တစ်စခန်းထတော့တာပေါ့။ ပထမ တစ်ယောက်ပူးတော့ အလုပ်ပျက်အောင် နှောင့်ယှက်တာ။ ဒီကောင်မ စိတ်မမှန်တာလို့ ဆူလိုက်ငေါက်လိုက်တာ အလုပ်မဖြုတ်ရုံတစ်မည်ပါပဲ။ သုံး၊ လေးရက်လည်းကြာရော (၁၀) ယောက်လောက် တစ်ပြိုင်တည်း ဝင်ပြီးပူးပါလေရော။ ဒါလည်း စက်ရုံတာဝန်ခံတွေက အလေးမထားပါဘူး။ နောက်နေ့ရောက်တော့ လူ (၆၀) ယောက် တစ်ပြိုင်တည်းပူးလာတယ်။ ပိုဆိုးတာက ပူးတဲ့ကလေးမတချို့က အန္တရာယ်ပေးမယ့် စက်ထဲကို လက်ထည့်လိုက်လို့ လူနာတင်ကားနဲ့ ပုသိမ်ဆေးရုံပို့ရတဲ့အထိ ပွဲကြမ်းလာတယ်။ စက်ရုံလည်း (၃) ရက်လောက် ပိတ်လိုက်ရတယ်။

ဒီအဆင့်ရောက်မှ စက်ရုံမှူးတွေ ခေါင်းကြီးလာတယ်။ သူတို့ရဲ့စီးပွားရေးကို တိုက်ရိုက်ကြီး ထိခိုက်လာတာကိုး။

ဒီအခြေအနေရောက်မှ ပထမ တည်ဆောက်စဉ်က မြန်မာ့အင်ဂျင်နီယာလေးကိုပြန်ခေါ်ရတာပေါ့။ ရောက်တော့မှ မက်ခဲ့တဲ့အိပ်မက်ကိုပြောပါဦးဆိုတော့ တရုတ်စကားပြန်နဲ့ ပြန်ပြီးရှင်းပြပါတယ်။

သူဟာ ဟိုလွန်ခဲ့တဲ့ နှစ် (၁၀၀) ကျော်ကချစ်တီးတစ်ယောက်ဖြစ်ကြောင်း၊ အစိုးရက မင်းမိန့်နဲ့သိမ်းလိုက်လို့ သူမပိုင်တော့ကြောင်း၊ သူမသေခင်က သားသမီးတွေကို ဒီလယ်ထဲမှာမြှုပ်ပါဆိုလို့ မြှုပ်ခဲ့ကြောင်း၊ အဲဒီမြှုပ်တဲ့နေရာက ကုက္ကိုပင်ဟာ သူ ခေါင်းချတဲ့နေရာဖြစ်ကြောင်း၊ မင်းမိန့်နဲ့သိမ်းချိန်မှာ သူက ဒီအပင်ကို အမှီပြုနေရကြောင်း၊ အခု ဒီအပင်ကို ခုတ်လိုက်လို့ စက်ရုံထဲနေလိုက်, အပြင်ထွက်လိုက်လုပ်နေရကြောင်း၊ အသိပေးလို့ရတဲ့လူနဲ့ အခုလိုပြောရကြောင်းတွေ ရှင်းပြပါတော့တယ်။

ဒီအခါတော့ ကိုရွှေတရုတ်လည်း ခေါင်းခဲစပြုလာပါပြီ။ ဒီတော့မှ 'ကျွန်တော်ဘာလုပ်သင့်သလဲ၊ အကြံပေးပါဦး' လို့ စကားပြန်နဲ့ပြောလာတယ်။ အင်ဂျင်နီယာလေးက 'ကျွန်တော်တို့ဗုဒ္ဓဘာသာထုံးစံအတိုင်း ဘုန်းတော်ကြီးတွေပင့်ပါ၊ ပရိတ်ရွတ်ပါ။ ကမ္မဝါဖတ်ပါ။ သူ့အတွက်နေရာအစားပေးပါ။ ဒီလိုလုပ်ရင် လူကြီးမင်းပြဿနာအားလုံးကို ရှင်းသွားမှာပါ' လို့ ပြောလိုက်တယ်။ ကိုရွှေတရုတ်က 'ဒီကိစ္စတွေ ခင်ဗျားပဲပြီးစီးအောင်ဆောင်ရွက်ပေးပါဗျာ။ ကျသင့်သလောက် ကျွန်တော်ထုတ်ပေးပါမယ်' လို့ ဗုဒ္ဓဘာသာထုံးစံကို လက်ခံသွားပါတယ်။

ဒီအဖြစ်ကိုကြည့်ရင် မရဏသန္ဓေဇောရဲ့အစွဲ ဘယ်လောက်ကြီးတယ် ဆိုတာ သံဝေဂရလောက်ပါတယ်။

ဒုတိယဇာတ်လမ်းကတော့ ဂျပန်ခေတ်အပြီး၊ အင်္ဂလိပ်ပြန်ရောက်လာပြီး လွတ်လပ်ရေးရချိန်မှာ ရောင်စုံသူပုန်တွေ မြန်မာပြည်မှာ သောင်းကျန်းနေချိန်ပေါ့။ ဒီအထဲမှာ ကွန်မြူနစ်အဖွဲ့၊ ရဲဘော်ဖြူအဖွဲ့၊ ဗိုလ်လင်းယုန်အဖွဲ့၊ မဲလုံးအဖွဲ့ဆိုပြီး အားကြီးရှိပါတယ်။ ရဲဘော်ဖြူတစ်ယောက် နယ်ကျွံပြီး ကွန်မြူနစ်ထဲရောက်လာတော့ အဲဒီအချိန်က အရေးယူတယ်ဆိုတာ သတ်လိုက်တာပါပဲ။ ရဲဘော်ဖြူကို လက်ပြန်ကြိုးတုပ်၊ ကျွန်းတုံးကြီးမှာ ထပ်ပြီးချည်လိုက်သေးတယ်။ ပြီးတော့မှ 'မင်းက တယ်ပြီးခြေရှုပ်တဲ့အကောင်ပဲ။ ငါတို့မျက်စိနောက်အောင်လုပ်လို့ ဒီအတုံးမှာနေပေတော့'လို့ပြောပြီး လည်ပင်းခုတ်လိုက်တာပါ။

ဒီကိစ္စတွေ ဒီဘက်ခေတ်လူတွေ ဘယ်သူမှ မသိကြပါဘူး။ ၁၉၄၉ ခုနှစ်လောက်က ဆိုတော့ နှစ်တွေကလည်း အတော်ကြာညောင်းနေပါပြီ။ ပြီးတော့ ဒီကျွန်းတုံးက လူတစ်ရပ်လက်တစ်ဖောင်လောက်သာရှည်လို့ အိမ်တိုင်လည်းလုပ်လို့ မရ။ လူတွေက ပရိဘောဂလုပ်ရင် ကောင်းမယ် စိတ်ကူးပေမယ့် နွားရိုင်းသွင်းချိန်ဆို လူလိုလို၊ နွားလိုလို မည်းမည်းကြီးက ကျွန်းတုံးပေါ် မှာထိုင်နေတာတွေ့ကြလို့ ဘယ်သူမှ မထိရဲတော့ဘူး။ ခေတ်တွေပြောင်းလာတော့ မြေကြီးထဲကို တစ်ဝက်ဝင်ပြီး ကျွန်းတုံးမှန်းတောင် လူတွေမသိကြတော့။

ပုသိမ်မြို့မှာ မှန်စက်ရုံကြီးလည်း စဆောက်ရော ဒီကျွန်းတုံးပြဿနာက တစ်စခန်းထလာတယ်။ ဘယ်ကစသလဲဆိုရင် ဆောက်လုပ်ရေးအဖွဲ့တွေက အဆောက်အအုံကြီးကို ဆောက်ကြတော့ အလုပ်သမားတွေက တဲကြီးတွေထိုးပြီး နေကြတယ်။ ညနေအလုပ်သိမ်းရင် အပြင်ထွက်ကြ၊ လက်ဖက်ရည်သမားက လက်ဖက်ရည်ဆိုင်ရောက်၊အရက်သမားက အရက်ဆိုင်ရောက်ပေါ့။ သောက်စားပြီး ပြန်တဲ့ လူငယ် (၃) ယောက်က မှန်စက်ရုံဝင်းထဲမဝင်ခင် အပေါ့သွားချင်လာတော့ (၃) ယောက်သား မှောင်ရိပ်ခိုပြီး အပေါ့စွန့်ကြတာပေါ့။ မှောင်မှောင်မည်းမည်းဆိုတော့ အပေါ့စွန့်တဲ့အောက်မှာ ဘာရှိမှန်းတောင် မသိပါဘူး။ တကယ်တော့ မြေထဲကိုတစ်ဝက်မြုပ်နေတဲ့ ကျွန်းတုံးကြီးက သူတို့အပေါ့စွန့်တဲ့နေရာ ဖြစ်နေတယ်။

အပေါ့သွားနေတုန်းလည်း ဘာပြဿနာမှမပေါ်ပါဘူး။ ညအိပ်တော့လည်း ငြိမ်းငြိမ်းချမ်းချမ်းပါပဲ။နောက်နေ့ရောက်တော့ စက်ရုံကြီးကို အမိုးမိုးဖို့ ခေါင်မိုးပေါ် ကိုတက်ကြရတာပေါ့။စက်ရုံကြီးက (၄) ထပ်သာဆိုတယ်၊ မြို့ထဲက တိုက်တွေဆို ဒီအမြင့်ဟာ (၅) ထပ်ရှိပါတယ်။ ဒီ (၃) ယောက်ကလည်း အမိုးမိုးဖို့ (၃) ယောက်စလုံး အပေါ်ရောက်နေချိန်မှာ ဒီကောင်တွေကိုတွန်းချလိုက်တာပါ။ ကံကောင်းသွားတာက အောက်မှာက သဲပုံကြီးကရှိနေတာကိုး။ ဒါကြောင့် ကျိုးတာပဲ့တာမရှိဘဲ တစ်ယောက်ကတော့ သည်းခြေလေပေါ်သွားပြီး ဆေးရုံရောက်သွားတယ်။ နှစ်ယောက်ကတော့ ဆေးရုံမတက်ရပါဘူး။ ပါးစပ်ကသာ ကယောင်ကတမ်းတွေပြောတော့တာပါ။

"ငါ့ကို ပုဂ္ဂိုလ်ကြီးတစ်ဦးက ဟေ့ကောင်- အသေမသတ်နဲ့။ မင်းမကျွတ်လွတ်ဖြစ်လိမ့်မယ်။ မင်းကကျွတ်ချိန်တန်နေပြီ။ သတိပေးရုံလောက်သာလုပ်လို့ ငါ့ကိုသတိပေးလို့ ငါကမသတ်တာ။ ဒီကောင်တွေကို ပထမ အသေသတ်ဖို့ ချောင်းနေတာ။ အမိုးပေါ် တက်ကြတော့ ငါ့အကြံအောင်ပြီဆိုပြီးငါလည်းဒီကောင်တွေနဲ့လိုက်သွားတုန်း ခုနပုဂ္ဂိုလ်ကြီးက သတိပေးလို့ ဒီကောင်တွေမသေတာ၊ အနောက်ဘက်သာတွန်းချရင် ကျောက်ပုံကြီးမှာ ခွေသေသေကြမှာ။ ငါကမသေနိုင်တဲ့ သဲမွမွနေရာ တွန်းချလို့ ဒီကောင်တွေ သက်သာသွားတာပေါ့။ ငါနေတဲ့ ကျွန်းတုံးကို ဒီသုံးကောင်က သေးနဲ့ပန်းတယ်လေ။ ဘယ်လောက်မိုက်ရိုင်းလိုက်သလဲလို့။ ငါ့ကျွန်းတုံးမှာ ဓားနဲ့ခုတ်ထားတဲ့ ဓားခုတ်ရာရှိတယ်။ သွားကြည့်လိုက်"

ဆိုပြီး ထွက်သွားတာပါ။

ဒီကောင်တွေသတိပြန်ရလာတော့ စက်ရုံမှူးကြီးက-

"ဟေ့ကောင်တွေ၊ မင်းတို့ ညက ဘယ်နေရာမှာ သေးပေါက်သလဲ"

"ပိတောက်ပင်နားက လမ်းဘေးမှာ ပေါက်တာပါ"

"မင်းတို့ပေါက်တဲ့အောက်မှာ သစ်တုံးတစ်တုံးရှိတာ သိသလား"

"သစ်ခွေးတုံးလိုလို တုံးတစ်တုံး တော့တွေ့တယ်။ မြေကြီးထဲကိုဝင်နေလို့ နည်းနည်းပဲပေါ်ပါတယ် ဆရာ"

"မင်းတို့နှစ်ကောင်လိုက်ခဲ့။ ကျန်တဲ့ ကောင်တွေက တူးရွင်းတွေ၊ ပေါက်တူး တွေ၊ ရေပုံးတွေယူခဲ့ကြ။ ဒီကောင်တွေ အပေါ့စွန့်တဲ့နေရာသွားကြမယ်"

အခုတော့ အလုပ်ကိုခေတ္တနားပြီး အခုပြဿနာ အရင်ရှင်းဖို့ ဆရာတပည့် တွေထွက်လာကြတယ်။ ဟိုနှစ်ယောက် က သူတို့အပေါ့စွန့်တဲ့နေရာကိုရောက် တော့ ဒီနေရာပါလို့ လက်ညှိုးထိုးပြီးပြ ပါတယ်။ စက်ရုံမှူးကြီးက 'အဲဒီအတုံးကို သံတူးရွင်းနဲ့ ကလော်ထုတ်စမ်း' လို့ သူ့ တပည့်တွေကိုခိုင်းလိုက်တော့ မြေပေါ် ကို သစ်တုံးကြီးကရောက်လာပါပြီ။

'ဟိုနှစ်ကောင်၊ မင်းတို့လက်နဲ့ ပါလာတဲ့ရေနဲ့သန့်စင်သွားအောင် ဆေးကြ စမ်း' လို့ ခိုင်းလိုက်တော့ ဘုမသိဘမသိ ဘုရပ်တွေနဲ့ပွတ်တိုက်ပြီး ဆေးကြရတာ ပေါ့။ ဆရာကြီးက ခိုင်းနေတာကိုး။

ဒီလိုဆေးလိုက်တော့မှ ကျွန်းတုံး ဆိုတာ ထင်ရှားလာတယ်။ တစ်နေရာ မှာတော့ အားပြင်းပြင်းနဲ့ ခုတ်ထားတဲ့ ဓားရာက အထင်းသားကြီး။ ကျွန်းတုံးရဲ့ ဘေးမှာလည်း သံကြိုးအစအနအဆွေး တွေ။ အခုလို စစ်ဆေးနေတုန်း အသက် (၈၀) ကျော် အဘိုးကြီးတစ်ဦး ရောက် လာတယ်။ 'ဒီဖဲဟောင်ဆန်တဲ့အဖြစ်အ ပျက်ကို ကျုပ်သိပြီ စက်ရုံမှူးကြီး။ ကျုပ် ပြောပြမယ်' ဆိုပြီး ပြောပါတော့တယ်။

"ဒီကလေးတွေ ပူးပြီး ပြောတာ ရယ်၊ လက်တွေ့မြင်ရတဲ့ ကျွန်းတုံးရယ် ပေါင်းစပ်လိုက်ရင် ကျုပ်သိထားတဲ့သတင်း က မှန်သွားပြီ။ ဒီကိစ္စက လွတ်လပ်ရေး ရပြီး နောက်တစ်နှစ်လောက်မှာ ဖြစ်ခဲ့ တာ။ အဲဒီအချိန်က ကျုပ်က (၁၀) နှစ် သား၊ ဟိုပြေးဒီပြေး ပြေးနေရတဲ့အချိန် ပေါ့။ ကျုပ်မိဘတွေအချင်းချင်းပြောနေ တာက ရဲဘော်ဖြူတစ်ယောက်က ကွန် မြူနစ်ပိုင်တဲ့ရွာကို လာပြီး ဆက်ကြေး တောင်းတယ်တဲ့။ ရွာသားတွေက ကွန် မြူနစ်ကိုသတင်းပေးတော့ ဒီကောင်နယ် ကျွံလာတုန်း ဝိုင်းဖမ်းပြီး သတ်လိုက်တာ လို့ ဆိုတယ်။ အစက ဘယ်နေရာမှန်း မသိဘူး။ ကျုပ်တို့ ကလေးဘဝက ဒီ ပိတောက်ပင် မရှိဘူး။ ချုံတွေပဲရှိတယ်။ နေဝင်ချိန် ဒီနားမှာ မည်းမည်းကြီးထိုင် နေတယ်လို့ လူပြောများတာ ဒီနေရာ ပေါ့။

အဖေတို့ပြောတဲ့ ဓားနဲ့ခုတ်သတ် တယ်ဆိုတာ ဒီကျွန်းတုံးမြင်တော့မှ ဓား ရာတွေ့တာရယ်၊ သံကြိုးအပြတ်အဆွေး တွေ့တာရယ် ပေါင်းစပ်လိုက်ရင် ရဲဘော် ဖြူသေတာ ဒီနေရာဖြစ်မယ် ဆရာကြီး။ ကျုပ်အကြံပေးချင်တာကတော့ ဒီတိုင် နားမှာ ပရိတ်ရွတ်၊ ကမ္မဝါဖတ်ဖြီး ပရိက္ခ ရာရှစ်ပါးပါ သူ့အတွက် လှူပေးသင့်ပါ တယ်။ ပြီးတော့ ဒီတိုင်ကြီးကိုလည်း ဒီလူ ကုသိုလ်တစ်သက်လုံးရနေအောင် ဘုန်းတော်ကြီးကျောင်းရဲ့ ကမ္မည်းတိုင် လုပ်ပြီး လှူလိုက်ရင် ပိုပြီးကောင်းမယ် ထင်တယ် စက်ရုံမှူးကြီးရဲ့"

"ဦးဘမောင်ပြောတာ သဘော ကျလိုက်တာ။ ကိစ္စအားလုံးစီစဉ်ဖို့ ကျွန် တော်ပဲငွေထုတ်ပေးပါမယ်။ ဦးဘမောင် က စီစဉ်ပေးပါ။ မှီသင့်တဲ့ကျောင်းလည်း ရွေးထားပါ။ ဘုန်းတော်ကြီးကျောင်း နာမည်ကိုတော့ ကျွန်တော် ကျွန်းပြား မှာ စာလုံးထွင်းပြီး ကပ်ပါမယ်"

အခုလိုကိစ္စတွေဆောင်ရွက်ပြီးချိန် မှာတော့ ရွာရိုင်းသွင်းချိန် ဒီနေရာမှာ လည်း မည်းမည်းသဏ္ဌာန်ကြီး မပေါ် တော့ပါဘူး။ ကျွန်းတိုင်ကြီးလည်း ကျက် သရေရှိစွာ ကျောင်းကမ္မည်းတိုင်ဖြစ်သွား ပါပြီ။ နှစ်ပေါင်း (၇၀) ကျော်ရဲ့အစွဲ ကျွတ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ မရဏ သန္တဇောအစွဲကိုချွတ်နိုင်တဲ့ ဘာသာ ဆို လို့ ဗုဒ္ဓဘာသာပဲ ရှိပါတယ်။

တတိယတင်ပြမယ့်ဇာတ်လမ်းက တော့ ဘုန်းတော်ကြီးကျောင်းနဲ့ ပတ် သက်နေပါတယ်။ ဒါကြောင့် ကျောင်း နာမည်ရော၊ မြို့နာမည်ပါပြောဖို့မဖြစ်ပါ ဘူး။ ဂုဏ်သိက္ခာကိုစောင့်ရမယ့်တာဝန် ရှိနေလို့ပါ။ အဲဒါကြောင့် မြို့ဟောင်းက ကျောင်းဟောင်းလို့ပဲမှတ်ထားကြပါ။

ဒီအဖြစ်ကတော့ အနှစ် (၃၀) လောက်တော့ ရှိမှာပါ။ ဘုန်းတော်ကြီး ကျောင်းကို ဘုန်းတော်ကြီးရဲ့တူမအရင်း ကိုယ်ဝန်နဲ့ ရောက်လာတယ်။ ကျောင်း အောက်မှာတည်းတယ်။ ဆရာတော်ကြီး က ကျောင်းပေါ်မှာ သီတင်းသုံးတယ်။ ကလေးမက ဆေးရုံမှာ မီးဖွားဖို့လာတာ ပါ။ ဆရာတော်ကြီးက ဘာပြောသလဲ ဆိုရင်-

"ငါ့ကျောင်းမှာပဲဖွား။ မိခင်ဝမ်းက ထွက်တယ် ဆိုတာ အချုပ်အနှောင်က ကင်းလွတ်တဲ့သဘော။ မင်္ဂလာရှိတယ်။ ငါ့ဒကာတွေကို ဝမ်းဆွဲဆရာမ ရှာခိုင်း ထားလိုက်မယ်။ နင့်အမေတွေတော့ခေါ် ထားပေါ့"

ဒီလိုအမိန့်ရှိတာကြောင့် ကလေးမ က ကျောင်းမှာပဲ ဖွားဖို့ ဆုံးဖြတ်ထား လိုက်တယ်။

ဒါပေမယ့် မီးဖွားတော့ ဝမ်းဆွဲ ဆရာမတော့ရှိပါရဲ့။ ကလေးမက တော မှာ ပိုးထိဖူးကြောင်း၊ ကားရားမှောက်လဲ ဖူးကြောင်းကို မလိုဘူးထင်တာနဲ့ မပြော ဖြစ်ဘူး။ မွေးလာတော့ အသေလေး။ ကလေးမလည်း ကလေးအပြင်ရောက် တာနဲ့ မွေ့ဆိပ်တက်ပြီး သေသွားပါ တယ်။

ဒီအစွဲကကြီးလွန်းတော့ ဒီကျောင်း မှာပဲ မကျွတ်မလွတ်တော့ပါဘူး။ ပရိတ် သံတွေ၊ ပဋ္ဌာန်းသံတွေကို နားယဉ်ပြီး သား။ ဒီတော့ သူ့ကို ဒီကျောင်းကနေ နှင်ဖို့က တော်တော်လေးခက်နေတယ်။

နောက်ဆက်ခံတဲ့ ဒုတိယဆရာ တော်ကြီးလက်ထက် ရောက်လာတော့ ကျောင်းကြီးပေါ် ကို ကလေးမကရောက် နေပါပြီ။ ဘုန်းတော်ကြီးကို ဘာမှဒုက္ခ မပေးပေမယ့် ရိပ်ခနဲဖြတ်သွားတာတွေ၊ ကလေးပုခက်လွှဲသံတွေက နေ့တိုင်းလိုလို ကြားနေကျ၊ မြင်နေကျ။ စိတ်အနှောင့် အယှက်အဖြစ်များလာတော့ သံဃာ တွေပင့်ပြီး ပရိတ်ရွတ်တယ်။ ပဋ္ဌာန်း (၇) ရက်ဖွင့်တယ်။ ကမ္မဝါဖတ်တယ်။ ဘာ တွေလုပ်လုပ် လုပ်တဲ့အချိန်လေး မရှိ သလိုလိုနဲ့။ အသံပျောက်တာနဲ့ ရိုးတိုးရိပ် တိပ်က ပေါ် လာပြန်တာပါပဲ။

ဆရာတော်ကြီးက အနှစ် (၂၀) လောက် သည်းခံပါသေးတယ်။ နောက် ဆုံး အစွဲချွတ်မရတော့ သိန်း (၂၀) အ ကုန်ခံပြီး နေရာက ရွှေ့လိုက်ပါတယ်။ ဆရာတော်ကြီးကတော့ ကျောင်းသစ် ကလေးဆောက်ပြီး သီတင်းသုံးပါတယ်။ ကလေးမကိုတော့ ကျောင်းတစ်ကျောင်း လုံး လွတ်လွတ်လပ်လပ်နေဖို့ ခွင့်ပြုလိုက် ပါတော့တယ်။ အဲဒါကြောင့် ဘယ်ဘုန်း တော်ကြီးမှ သီတင်းမသုံးတဲ့ ကျောင်းကြီး တစ်ကျောင်းကတော့ မြို့ဟောင်းမှာ ထူး ထူးခြားခြား အခုထိ ရှိနေပါသေးတယ်။

ဒီဖြစ်ရပ်တွေအားလုံးဟာ အလွန် ကြောက်စရာကောင်းတဲ့ မရဏသန္တဇော အစွဲပါပဲ။ မြန်မာလိုပြောရရင် သေခါနီး စွဲလမ်းမှုပါပဲ။ ဒီလိုဖြစ်ရပ်တွေကို ဘယ် သိပ္ပံပေတံနဲ့မှ တိုင်းတာလို့မရပါဘူး။ ဒါ ကြောင့် သေခါနီးမှာ ကြီးမားတဲ့ စွဲလမ်းမှု ကိုမပြုဖို့ ဒီဖြစ်ရပ်တွေကို သင်ခန်းစာ အဖြစ် ဖော်ပြလိုက်ရပါတယ်။

စိုးထွန်း(ဥပဒေ)

ဖုန်းရွှေအတွက် အကြံပြုချက် (၃၆၅) ချက်
ဦးအောင်လှိုင်(သုဝဏ္ဏ)



၁။ ကျက်သရေ မင်္ဂလာရှိသော တည်နေရာ အားကောင်းသောဖုန်းရွှေ အစီအရင်ဖြင့် စတင်ခြင်း

သင့်အတွက် ကျက်သရေမင်္ဂလာ ရှိသောအိမ်တည်နေရာသည် အမြဲတစေ အနည်းငယ်မြင့်သောနေရာဖြစ်ပြီး ထို နေရာတွင် သင်၏ယာဘက်၌ ကျားဖြူ၊ ဝဲဘက်တွင် နဂါးစိမ်းပုံတို့ကိုနေရာချပါ။ နဂါးစိမ်းနှင့် ကျားဖြူတို့၏ ခန္ဓာကိုယ် အား လက်တန်းပါ ကုလားထိုင်ပုံစံ ပေါ် အောင်ညင်သာပြေပြစ်စွာကွေးပေးပါ။ မိမိအား ကျောထောက်နောက်ခံလုပ် ပေးသည့် တောင်ကုန်းပုံစံအား မိမိအိမ် အနောက်ဘက်တွင် ထားရှိပြီး ၎င်းတောင်ကုန်း၌ အမည်းရောင်လိပ် ပုံစံအားဖန်တီးရေးဆွဲပါ။ အိမ်၏တောင် အရပ်၌ ကျက်သရေမင်္ဂလာ တိုးတက် စေရန် ကြက်သွေးရောင်ရှိ ဖီးနိတ်စ်ငှက် ပုံထားရှိပေးပါ။ အထက်ပါ အိမ်တည် နေရာအနေအထားနှင့် ဝိုင်းရံစီစဉ် ထားသော ဖုန်းရွှေမင်္ဂလာအစီအရင်များ အားလုံးသည် တောင်ကုန်း၊ တောင်တန်း များ၊ လူသွားလမ်းကြောင်းငယ် အကွေ့ အကောက်များ၊ ညင်သာစွာ စီးဆင်းနေ သော စမ်းချောင်းငယ်များ၊ သစ်ပင်သစ် တောများဖြင့် စိမ်းစိုနေသော တောအုပ် များဘက်သို့ မျက်နှာမူထားသည်ဆိုပါက ပို၍ပင်ကျက်သရေမင်္ဂလာရှိစေပါသည်။

ဖုန်းရွှေ အစီအရင်များအား အတိ အကျ လိုက်နာကျင့်သုံးနိုင်ခြင်းဖြင့် စီးပွားဥစ္စာတိုးတက်ခြင်း၊ သက်ရှည် ကျန်းမာခြင်း၊ မိသားစုဝင်တိုင်း ရည်မှန်း ချက်များ အောင်မြင်ခြင်းဟူသည့် ကောင်းကျိုးချမ်းသာအဖြာဖြာကို ရရှိ ခံစားနိုင်ကြမည်ဖြစ်သည်။

၂။ နဂါးအား ကျားထက်မြင့်သော နေရာ တွင်ထားရှိပါ။

သင်သည် မြို့ပြရှိ အထပ်မြင့် အဆောက်အအုံတွင် နေသူဖြစ်ပါက သင်၏ဝဲဘက်တွင်ထားသော နဂါးပုံ အား ယာဘက်၌ထားသောကျားပုံထက် နည်းနည်းမြင့်၍ ထားရှိပေးပါ။ ထိုအခါ နဂါးနှင့်ဆိုင်သောစွမ်းအင်များကို ပိုမို မြင့်တက်စေပါသည်။

၃။ လိပ်ပုံစံ-အမှတ်သင်္ကေတအား အမြဲ ရှာဖွေခြင်း

အိမ် (သို့) အထပ်မြင့်အဆောက် အအုံတို့၏နောက်ကျော၌ လိပ်နှင့်ဆိုင် သောစွမ်းအင်ကောင်းများရရှိရန် ၎င်း အိမ်၊ အဆောက်အအုံနောက်ကျောရှိ မြေအားလုံးဝန်းမို့မောက်သောပုံစံ ထား ရှိပေးပါ။ လုံးဝန်းမို့မောက်သည့်လိပ်ခုံ ပုံစံရှိသောမြေသည် မိမိနေထိုင်ရာအိမ် အား ကျောထောက်နောက်ခံသဖွယ် ထောက်ပံ့ပေးထားသည့်သဘော၊ အရေး အကြောင်းကိစ္စအားလုံးအတွက် မားမား မတ်မတ်ရပ်ပေးသည့်သဘောကို ဖြစ် ပေါ်စေသည်။ အကယ်၍ အိမ်အနောက် ဘက်တွင် လိပ်ခုံးပုံစံမြေသာ မရှိပါက အုတ်နံရံတစ်ခုတည်ဆောက်ပြီး သစ်ပင် အချို့စိုက်ထားပေးပါ။ ထို့နောက် လိပ် ရုပ်တုတစ်ခုနှင့် စီစဉ်ထားရှိပေးပါ။



ထိုအခါ ကောင်းကင်ဘုံကိုယ်စားပြုလိပ် သတ္တဝါထံမှ ကောင်းသောချီဓာတ်များ အား ရယူခံစားနိုင်ပါမည်။ အကယ်၍ သင့်အိမ်၊ ပန်းခြံငယ်အတွင်း ရေကန် ငယ်ကလေးတစ်ခု ထားရှိနိုင်မည်ဆိုပါ က ရေကန်အတွင်း လိပ်ရုပ်တုကို ထားရှိ ပေးပါ။ ထိုအခါ သင့်မိသားစုဝင် (တစ် အိမ်သားလုံး)အတွက် သက်ရှည်ကျန်း မာသည့်နိမိတ်ကိုရစေပါသည်။

၄။ ကြည်လင်တောက်ပသော ဟောခန်း နိမိတ်ရရှိရန်

အိမ်၏အရှေ့ဘက် မြေနေရာ အနည်းငယ်အား ကြည်လင်တောက်ပ သော နိမိတ်ကောင်းဖြစ်စေရန် ဖန်တီး ပါ။ အိမ်ရှေ့မြေနေရာသည် ဖီးနိတ်စ် ငှက်နှင့်ကောင်းကင်ဘုံကိုယ်စားပြုတို့ကို ကိုယ်စားပြုထားသောကြောင့် ကျက် သရေမင်္ဂလာနှင့်ပြည့်စုံသည့် အိမ်ရှေ့ ဝင်ပေါက်အား ကောင်းသောအတိတ် နိမိတ်များဖြင့် ပိုမိုကျယ်ပြန့်လာစေသည်။ ကြည်လင်တောက်ပသော ဟောခန်းပုံစံ တည်ဆောက်ထားသည့်အိမ်သည် အိမ် အတွင်းမဝင်ရောက်မီမှာပင် ကောင်း သောချီဓာတ်များကို ဖြစ်ပေါ်စေပြီး ၎င်း ချီဓာတ်များနှင့်အတူ အိမ်အတွင်းဝင် ရောက်နိုင်မည်ဖြစ်သည်။ အဆိုပါကျက် သရေမင်္ဂလာရှိသော အိမ်အတွင်း အောင်အတိတ်၊ အောင်နိမိတ်ဆောင် သောငှက်ရုပ်၊ ပန်းချီကားများထားရှိပေး ပါက အိမ်မိသားစုအားလုံးအတွက် အခွင့်အရေးကောင်းများစွာ ပေါ်ပေါက် လာမည် ဖြစ်သည်။

၅။ သာမန်ထက်ကောင်းမွန်သည့် လှိုင်း တွန့်ပုံစံမြေနေရာ

လုံးလုံးလျားလျား ပြားနေသော ပုံစံရှိမြေပြင်ထက် အနည်းငယ်ဆင်ခြေ လျှောပုံစံဖြစ်နေသော မြေအနေ အထားကကောင်းသော အတိတ်နိမိတ် ကိုဖြစ်ပေါ်စေသည်။ သို့သော်လည်း သိသိသာသာ မတ်စောက်လွန်းသော မြေအနေအထားဖြစ်ပါက မကောင်း သောချီဓာတ်များကို ဖြစ်စေခြင်းကြောင့် သတိပြုပါ။ အကယ်၍ အနောက်ဘက် မြေနေရာကမြင့်ပြီး အရှေ့ဘက်သို့ တဖြည်းဖြည်း ညင်သာစွာပြေသွားသည့် ပုံစံဖြစ်ပါက နဂါးတို့၏လှိုင်းတွန့်ပုံစံ အတိုင်းဖြစ်နေခြင်းကြောင့် ကောင်း သောနိမိတ်ကိုရစေပါသည်။

၆။ ကျစ်လျစ်သပ်ရပ်ပြီးရဲရဲနီသည့်မြေ

ကျစ်လျစ်သပ်ရပ်ပြီး ရဲရဲနီသော မြေနေရာအားရှာဖွေပါ။ အဆိုပါ မြေနေရာမှ မြေဆီလွှာနီနီရဲရဲသည် နဂါး၏ ဝင်သက်၊ ထွက်သက် ပြည့်ပြည့်ဝဝရှူရှိုက်ရာနေရာအဖြစ် ကိုယ်စားပြုသောကြောင့် ပေါ်များကြွယ်ဝသည့် အတိတ်နိမိတ်ကိုရည်ညွှန်းသည်။

အကယ်၍ မာကျောခက်ထန်လှသည့်ကျောက်တုံး၊ ကျောက်သားပေါ်များရာနေရာ (သို့) မြက်ပင်များ မပေါက်ရောက်နိုင်သည့် မြေနေရာဖြစ်ပါက မကောင်းသော ချီဓာတ်များကို ဖြစ်စေသောကြောင့် အထူးရှောင်ရှားပါ။

၇။ ကံကောင်းခြင်း အမှတ်သင်္ကေတများ ရှိနေသည့်မြေ

နဂါးဦးခေါင်းပုံစံ၊ ရွှေဒင်္ဂါးစေ့ပုံစံ၊ လိပ်ပြာပုံစံကဲ့သို့သော ကံကောင်းခြင်း အမှတ်သင်္ကေတများ ဖြစ်နေသည့် တောင်ကုန်းပုံစံ မြေနေရာများအား ရှာဖွေပါ။ အဆိုပါ မြေနေရာရှိ အိမ်တွင်နေထိုင်သူဖြစ်ပါက မိသားစုဝင်အားလုံး ကံကောင်းခြင်းနိမိတ်ကို ဖြစ်စေပါသည်။ အကယ်၍ မြေကြီးအင်္ဂွင်းမှထွက်နေသော ကျောက်သားတုံးများ ပါရှိသည့် တောင်ကုန်းပုံစံမြေနေရာသည် လင်းယုန်၊ ကျား၊ ကြွက်၊ မြေခွေးကဲ့သို့သော သားရဲတိရစ္ဆာန်များနေရန် ရှိနေကြောင်း အသိပေးနေရုံမက ကံဆိုးမိုးမှောင်ကျခြင်း၊ နာမကျန်းခြင်းဟူသည့်မကောင်းသော နိမိတ်ကိုပါ ဖြစ်စေတတ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဟောင်ကောင်ရှိ အထပ်မြင့်အဆောက်အအုံတစ်ခုလုံး အလယ်ထပ်နေရာမှ စတင်ပြိုကျခဲ့ဖူးသည်။ ယင်းအဆောက်အအုံ၌နေထိုင်သူအားလုံးလိုလို သေကြေပျက်စီးခဲ့ရသည်။ အဆောက်အအုံတစ်ခုလုံးမပြိုကျမီအချိန်က ဖုန်းရွှေပညာရှင်များ ကိုယ်တိုင်သေချာစွာသတိပေးထားခဲ့ဖူးသည်။ အဆောက်အအုံ စတင်လုပ်ခဲ့သော မြေနေရာ၌ မာကျောခက်ထန်သော ကျောက်သားများရှိနေပြီး ကျား၊ ကျားသစ်တို့က အဆောက်အအုံအားခုန်အုပ်တော့မည့်နိမိတ်ပုံရိပ်များရှိနေခြင်းကြောင့်ပင်ဖြစ်သည်။ ဖုန်းရွှေပညာရှင်တို့ ကြိုတင်ခန့်မှန်း ဟောကိန်းထုတ်ထားသည့်အတိုင်း နောက်ဆုံးမှာအဆောက်အအုံပြိုကျခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် မြေကြီးအတွင်းမှ အပေါ်သို့ ထိုးထိုးထောင်ထောင်ထွက်နေသည့်ကျောက်တုံး၊ ကျောက်သားများ ကင်းစင်ရာနေရာ၌သာ အဆောက်အအုံဆောက်လုပ်သင့်သည်။ သို့မဟုတ်ပါက တစ်ချိန်ချိန် သေကြေပျက်စီးရတော့မည့်အရေးအတွက် ကြိုတင်ခြိမ်းခြောက်ခံရမှုများနှင့် ကြုံတွေ့နေရတော့မည်ဖြစ်သည်။

၈။ ကလေးများအတွက် ပညာရေးထူးချွန်စေမည့် နိမိတ်ပုံဆောင်သော တောင်ထွတ်သင်္ကေတ ၃-ခု

သင့်အိမ် တည်ဆောက်ပုံသည် မြင်ကွင်းအရ တောင်ထွတ်ပုံသင်္ကေတ (၃)ခု ဖြစ်နေပါက သားသမီးများ ပညာရေးတွင်ထူးချွန်သောကြောင့် ဂုဏ်ပြုချီးမြှောက်ခံရမည့် အတိတ်နိမိတ်ကို ဖြစ်ပေါ်စေသည်။

တရုတ်ရှေးဟောင်းဒဏ္ဍာရီ၌ပါရှိသော ကေရာဇ်မင်း၏အိမ်တော်အား တောင်ထွတ် (၃)ခုပုံစံဖြင့်တည်ဆောက်ထားကြောင်း ဖတ်ရှုရသည်။ ထိုသို့ တောင်ထွတ် (၃)ခုပုံစံ အိမ်များအား မြို့ပြတွင်ဖြစ်စေ၊ တောရွာကျေးလက်တွင်ဖြစ်စေ ဆောက်နိုင်ပါက သားသမီးများ ပညာရေးသူတကာထက် ထူးကဲစွာ ထူးချွန်မည့်ကောင်းကျိုးများ၊ ခေါင်းဆောင်ကောင်းများဖြစ်လာမည့်နိမိတ်များ ဖြစ်ပေါ်လာပါမည်။

အကယ်၍ မိမိနေအိမ်အား အထက်ပါအတိုင်း တောင်ထွတ်ပုံစံ မဆောက်နိုင်ခဲ့ပါက အိမ်အတွင်းနံရံများပေါ်နှင့် အိမ်ရှေ့ဂိတ်ဝနေရာများ၌ တောင်ထွတ် (၃)ခုပါ အိမ်ပုံစံဒီဇိုင်းများအား ပန်းချီကား/ဓာတ်ပုံများအဖြစ် ချိတ်ဆွဲထားပေးသင့်သည်။

၉။ အရေးပါသော ရေအစီအရင်ထားရှိပုံ

ရေအစီအရင်သည် ရေအားသဘာဝအတိုင်းမဟုတ်ဘဲ တုပဖန်တီးထားသည့်တိုင် သဘာဝရေအတိုင်းပင် အေးမြသော ကောင်းကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေသည်။

ကောင်းသော ချီဓာတ်များကို ရစေသည့်အခြေအနေအတွက် ရေကန်ထားရှိသော နည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်သည်။ ထို့ကြောင့် ဖုန်းရွှေပညာအရ အရပ်ထောင့်တိုင်းတာ သတ်မှတ်သည့် 'ဖုန်းရွှေကွန်ပါ' အားအသုံးပြုတတ်ရန် အရေးကြီးပါသည်။ ဖုန်းရွှေပညာရပ်အလိုအတိုင်း သင့်အိမ်တွင် ရေကန်အစီအရင် လုပ်မည်ဆိုပါက ကြီးမားလွန်းသော ရေကန်များ



မဆောက်သင့်ပါ။ ထို့နောက် မိမိအသုံးပြုမည့်ရေကန်အစီအရင်နည်းလမ်းပါ ညွှန်ကြားချက်များအတိုင်း တိတိကျကျလုပ်ပေးပါ။ ရေကန်ထားရှိရမည့်နေရာအား ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ပါ။ နေရာသတ်မှတ်ပုံ မှားယွင်းပါက အန္တရာယ်အမျိုးမျိုး ဖြစ်ပေါ်လာတတ်သည်ကိုသတိပြုပါ။

ရေကန်အစီအရင် အောင်မြင်သွားသည်နှင့် ချမ်းသာကြွယ်ဝစေမည့် နိမိတ်ကောင်းများစတင်ရရှိလာပါမည်။

၁၀။ သန့်ရှင်းကြည်လင်စွာဖြင့် စီးဆင်းနေသောရေအလျဉ်အား မိမိအိမ်မှ မြင်နေရခြင်း

အကယ်၍ သန့်ရှင်းကြည်လင်စွာ စီးဆင်းနေသော ရေအလျဉ်အား မိမိအိမ်မှမြင်နေရသည်ဆိုပါက အိမ်ရှိ မိသားစုဝင်များအတွက် ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ရရှိစေပါသည်။ အကယ်၍ မိမိအိမ်မှ မြင်နေရသော ရေသည် စီးဆင်းနေသောရေမဟုတ်ဘဲ အိုင့်နေတန့်နေသော ရေသေပုံစံဖြစ်ပါကမကောင်းသောနိမိတ်နှင့် ကျန်းမာရေးထိခိုက်နိုင်မည့်အခြေအနေကို ဖော်ပြပါသည်။ စီးဆင်းနေသော ရေအလျဉ်သည် နိုးကြားတက်ကြွသည့်သဘောကိုယ်စားပြုသည့် 'ယန်' ဓာတ်ဖြစ်ပြီး တန့်နေသည့် (စီးဆင်းမှုမရှိသော) ရေသေက 'ယင်'ဓာတ်ဖြစ်သည့်စီးဆင်းနေသောရေအလျဉ် (ယန်ဓာတ်)ကို တွေ့မြင်ရသူသည် ယန်ဓာတ်ကိုယ်စားပြုမိသားစုဝင်ဖြစ်ပါက ပိုမိုအကျိုးပေးထူးတတ်သည်။

ညစ်ညမ်းသောရေသည် မကောင်း



သောချီဓာတ် 'ရှာချီ'ကိုဖြစ်စေပြီး မိသားစုဝင်အားလုံးအတွက် ကျန်းမာရေးထိခိုက်မည့်နိမိတ်ကို ဖြစ်ပေါ်စေသည်။

အကယ်၍ရေသည် ညစ်ညမ်းနေ ရုံမက ရွှံ့၊ နွံနှင့်အမှိုက်သရိုက်များ ပါရှိနေခြင်းကြောင့် အနံ့ဆိုးများ ထွက်နေသည်ဆိုပါက ပိုမိုဆိုးရွားသော အခြေအနေများအား ဖြစ်စေတတ်သည်။

အကယ်၍သင့်အိမ်ရှေ့ရေမြောင်းတွင် ညှီနံ့ထွက်နေသည်အထိ နံစော်နေပါက အလျှင်အမြန်မြောင်းဖော်ပြီး ရေဆိုး၊ ရေပုပ်များဆင်းသွားအောင်လုပ်ပေးပါ။ မကောင်းသောကံများလည်း ရေဆိုးများနှင့်အတူ ပါသွားတော့မည်ဖြစ်သည်။

၁၁။ တောင်ကုန်းထိပ်ဖျားၡ အိမ်ဆောက်နေထိုင်ခြင်းကိုရှောင်ကြဉ်ပါ။

သင်နေထိုင်မည့် အိမ်နေရာကို တောင်ကုန်း၏ထိပ်ဖျား၌ တည်ဆောက်ထားသောအထပ်မြင့်တိုက်ခန်းများတွင် ရွေးချယ်ခဲ့သည်ဆိုပါက လေတိုက်သော ဒဏ်နှင့် အခြားသော ဘေးအန္တရာယ်များမှ လုံခြုံအောင် ကာကွယ်နိုင်မည်မဟုတ်ပါ။ သင့်အနေဖြင့် အမြင့်နေရာတွင်ရှိနေခြင်းကြောင့် မိမိအား မည်သူမှအလွယ်တကူ ဒုက္ခပေးနှောက်ယှက်နိုင်ခြင်းမရှိဟု တွေးထင်မိနိုင်ပါသည်။ ဖုန်းရွှေပညာရှုထောင့်အရ ယင်းမှာ အဲလွယ်တကူတိုက်ခိုက်ခံရရန် ထင်းထင်းကြီးဖော်ပြနေသည့်ပုံစံ၊ အမြင့်ရောက်လွန်း၍ အကျနာနိုင်သည့်ပုံစံအဖြစ် အသိပေးနေခြင်းသာ ဖြစ်သည်။



၁၂။ တစ်ဖက်ပိတ်လမ်းအတွင်း နေထိုင်ခြင်းကိုရှောင်ကြဉ်ပါ။

တစ်ဖက်ပိတ်လမ်း ရှိနေသည့် နေရာတစ်ဝိုက် အထပ်မြင့်တိုက်ခန်းတွင်ဖြစ်စေ၊ ကိုယ်ပိုင်ဆောက်သော လုံးချင်းအိမ်၌ဖြစ်စေ မနေသင့်ပါ။ တစ်ဖက်ပိတ်လမ်းသည် လွတ်မြောက်ခြင်းမရှိဟူသည့် အဓိပ္ပာယ်ကို ဆောင်သောကြောင့် အန္တရာယ်ဒုက္ခတွေ့နိုင်သည့် နိမိတ်ကို ရည်ညွှန်းသည်။ အကယ်၍ သင်နေထိုင်ရာအိမ်သည် တစ်ဖက်ပိတ်လမ်းအဆုံးတွင်ရှိနေပြီး သင်ကိုယ်တိုင်လည်း နေရာမရွှေ့ပြောင်းလိုခဲ့ပါက လမ်းနှင့်မျက်နှာချင်းဆိုင်တွင် နံရံပါသောကစားကွင်းငယ်တစ်ခု တည်ဆောက်လိုက်ပါ။ အဆိုပါနံရံပေါ်၌ ပြတင်းပေါက်တစ်ခု ထားပေးပါ။ ထိုအခါ မကောင်းသော ချီဓာတ်များ အိမ်သို့ အလွယ်တကူ တန်းတန်းမတ်မတ် ရောက်လာနိုင်တော့မည်မဟုတ်ပါ။ အကယ်၍ မကောင်းသော ချီဓာတ်များ ပြတင်းပေါက်မှတစ်ဆင့် ဝင်ရောက်လာသည့်တိုင် ကစားကွင်းငယ်က ကောင်းသောချီဓာတ်များအဖြစ် ပြောင်းလဲပေးလိုက်မည်ဖြစ်သည်။ ကစားကွင်းအတွင်း စိမ်းလန်းသောသစ်ပင်နှင့် ရောင်စုံ ပန်းမန်များ စိုက်ပေးနိုင်သည်။ ၎င်းပြင် ကျောက်တုံး၊ ကျောက်စရစ်ခဲများအား ဖြတ်သန်းစီးဆင်းနေသည့် ရေအလျဉ်ပုံစံရအောင် ရေအစီအရင်ထားပေးနိုင်ပါကလည်း ကောင်းသောချီဓာတ်များကိုရရှိပါမည်။

၁၃။ တီပုံသဏ္ဌာန် လမ်းဆုံလမ်းခွဘက်သို့ အိမ်အား မျက်နှာမမူသင့်ပါ။

ဖုန်းရွှေပညာရှုထောင့်အရ မည်သည့်အိမ်မဆို (T)ပုံစံရှိနေသော လမ်းဆုံလမ်းခွများဘက်သို့ မျက်နှာမမူသင့်ပါ။ အကယ်၍ (T) ပုံစံလမ်းဆုံအား မျက်နှာမူမိသည်နှင့် မိမိအိမ်တည့်တည့်ဘက်သို့ 'အဆိပ်မြား' က ဦးတည်နေသည့်နိမိတ်ကို ဖြစ်စေပါသည်။ ထိုအနေအထားအတွက် ပြဿနာအား အလွယ်

တကူဖြေရှင်းလိုပါက အိမ်အား လမ်းထက်မြင့်အောင် ပြန်ဆောက်ပေးပါ။ ထိုအခါ (T) ပုံစံလမ်းက သင့်အိမ်အား ဒုက္ခပေးနိုင်တော့မည်မဟုတ်ပါ။ အကယ်၍ (T) ပုံစံလမ်းဆုံက မြင့်သောနေရာတွင်ရှိပြီး အိမ်ကလမ်း၏အောက်တွင် နိမ့်နေပါက မကောင်းသောနိမိတ်ဆိုးစွမ်းအင်များကြောင့် အတိဒုက္ခများစွာကြုံတွေ့ရမည်ဖြစ်သည်။

၁၄။ ရန်လိုခြင်းသဘောကို ကိုယ်စားပြုနေသည့် မြင့်မားသော အဆောက်အအုံနှစ်ခုအကြား၌ မိမိအိမ်ရှိနေခြင်း

မြင့်မားပြီး ကြီးမားလှသော အဆောက်အအုံနှစ်ခုအကြား မိမိအိမ်ရှိနေခြင်းဖြင့် မိမိနှင့်တန်းတူသူတို့က မိမိအပေါ် အနိုင်ကျင့်ခြင်း၊ မိမိထက်ကြီးမြတ်သူတို့က မိမိအပေါ် အထင်မြင်သေး၍ နှိမ့်ချခြင်း လုပ်လာနိုင်သည့် အခြေအနေကိုဖော်ပြသည်။

ထိုအနေအထားအား ဖုန်းရွှေပညာနှင့်အညီ ပြုပြင်လိုပါက အိမ်ရှေ့နေရာတစ်ဝိုက် မီးလင်းထိန်စွာ ထွန်းထားပေးပါ။ မီးထွန်းပေးခြင်းဖြင့် (ယန်)ဓာတ်၏အရှိန်အဟုန် မြင့်မားသွားစေကာ မကောင်းသော စွမ်းအင်များအား တန်ပြန်တိုက်ခိုက်နိုင်မည် ဖြစ်သည်။

၁၅။ ချွန်ထက်၍ ရှသောပုံစံရှိနေသည့် အရာများအားသတိမူခြင်း

မိမိတို့ပတ်ဝန်းကျင်၌ အဆောက်အအုံ ရိုးရိုးပုံစံများရှိတတ်သလို ရုပ်သံလွှင့်တာဝါတိုင်များ၊ ရုပ်သံစက်ဖမ်းရန်အတွက် အင်တီနာတိုင်များလည်းရှိနေတတ်သည်။ ၎င်းပြင် အနားစွန်း၌ ထက်ရှသောပုံစံရှိ အဆောက်အအုံများ၊ သာမန်ထက်မြင့်နေသော လမ်းများလည်းရှိနေတတ်သည်။ အဆိုပါ တာဝါတိုင်၊ အင်တီနာတိုင်နှင့် ထက်ရှသောပုံစံရှိအဆောက်အအုံများ၊ မြင့်သောလမ်းများအားလုံး မကောင်းသော စွမ်း

အားဖြစ်ပေါ်စေခြင်းကြောင့် လုံးဝ ရှောင်ရှားခြင်းကသာ အကောင်းဆုံး ဖြစ်သည်။

၁၆။ မြေကွက်နှင့်အိမ် ညီမျှနေခြင်း

မိမိတည်ဆောက်မည့်အိမ်နှင့်မြေ အကျယ်အဝန်းတို့ ညီညွတ်မျှတစွာရှိနေပါက ကောင်းသောနိမိတ်များကို ဖြစ်စေပြီး ဖုန်းရွှေကွန်ပါ့ အသုံး ပိုမိုအကျိုးရှိရှိ ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်သည်။

၁၇။ ကွန်ပါ့စ်အား အသုံးချခြင်း

ဖုန်းရွှေပညာလေ့လာသင်ယူနေသည့်ကျောင်းသားများအနေဖြင့် အမြဲတစေ ကွန်ပါ့စ်မလိုအပ်သော်လည်း အဆောက်အအုံတည်နေရာနှင့် မျက်နှာမူရာအရပ်တို့အား တိကျစွာတိုင်းတာဘက်ချက်ရာ၌ မလွဲမသွေ ကွန်ပါ့စ် လိုအပ်သည်။ အနောက်တိုင်းမှခေတ်သစ်ကွန်ပါ့စ်များတွင် မြောက်အရပ်ကိုသာ အဓိကညွှန်ပြထားသည်။ ထိုနည်းအတိုင်း ဖုန်းရွှေကွန်ပါ့စ်အား ပြုလုပ်ပြီး ယန်ဓာတ် ကိုယ်စားပြုနေအိမ်များအတွက် ကောင်းစွာအသုံးချပေးနိုင်သည်။



၁၈။ ညင်သာစွာစီးဆင်းသောရေ

မိမိအိမ်ရှေ့တွင် ညင်သာစွာ စီးဆင်းနေသော (သို့) စမ်းချောင်းတစ်ခု ရှိနေပါက ကောင်းသောဖုန်းရွှေဖြစ်ကြောင်းဖော်ပြသည်။

အကယ်၍ စမ်းချောင်းသည် မိမိအိမ်အား ပွေ့ဖက်ထားသည့်သဏ္ဌာန်များ ကွေ့ဝိုက်၍ စီးဆင်းနေပါက ရေနှင့်ဆိုင်သော ချီဓာတ်၏ကောင်းကျိုးများ ရစ်ပတ်ခံရပြီး အိမ်ရှိ မိသားစုဝင်အားလုံး စီးပွားဥစ္စာတိုးတက်လာပါမည်။

၁၉။ ကျက်သရေမင်္ဂလာရှိသော ရေစီးဆင်းပုံ

ရေသည် အိမ်၏ ပင်မတံခါးအား အောက်ပါအတိုင်း ဖြတ်၍စီးဆင်းပါက ကျက်သရေမင်္ဂလာ အမျိုးမျိုးကို ဖြစ်စေပါသည်။

သင်၏ပင်မတံခါးသည် မြောက်၊ တောင်၊ အရှေ့နှင့်အနောက်တို့အနက် အရပ်မျက်နှာတစ်ခုခုကို မျက်နှာမူပြီး ရေသည် ပင်မတံခါးအား ဝဲဘက်မှ ယာဘက်သို့ဖြတ်၍စီးဆင်းနေမည်။

ပင်မတံခါးသည် အနောက်မြောက်၊ အရှေ့မြောက်၊ အနောက်တောင်၊ အရှေ့တောင်ဟူသော အရပ်မျက်နှာတစ်ခုခုအား မျက်နှာမူပြီး ရေသည် ပင်မတံခါးအား ယာဘက်မှ ဝဲဘက်သို့ဖြတ်၍စီးဆင်းနေပါမည်။

၂၀။ အိမ်၊ ခြံ၊ မြေများဝယ်ယူသောအခါ

အိမ်၊ ခြံ၊ မြေများအား ဝယ်ယူလျှင်ဖြစ်စေ၊ ငှားရမ်းလျှင်ဖြစ်စေ ဖုန်းရွှေပညာရပ်နှင့်အညီ လေ့လာစစ်ဆေးမှုများ လိုအပ်သလိုပြုလုပ်ပေးသင့်သည်။ ပထမဦးစွာ ဝယ်မည့် (သို့) ငှားရမ်းမည့် အိမ်ခြံမြေများအား နဂါးနှင့်ဆိုင်သော အချိန် နံနက် (၇) နာရီနှင့် (၉) နာရီ အကြားတွင် ကြည့်ရှုလေ့လာခြင်းက အကောင်းဆုံး ဖြစ်သည်။

အကယ်၍ သင့်ရာသီရုပ်အား ကိုယ်စားပြုသောအချိန်၌ဖြစ်စေ၊ ရာသီဥတုအခြေအနေအရ ဖြစ်စေ အိမ်၊ ခြံ၊ မြေအား လေ့လာစစ်ဆေးနိုင်သည်။ ရာသီဥတုအခြေအနေအရ ကြည့်ရှု

ပါက မိုးရွာနေလျှင် ကံကောင်းခြင်းနိမိတ်လက္ခဏာများအား ရည်ညွှန်းပြီး မိုးရွာသွန်းမှု သည်းထန်လွန်းနေပါက ပြဿနာများမည့် နိမိတ်လက္ခဏာများအား ရည်ညွှန်းနေသောကြောင့် ထိုအချိန်အား သတိပြုရှောင်ရှားပါ။

၂၁။ သင့်အား အကူအညီပြုနိုင်သည့် လူကလေး

ငယ်ရွယ်နုနယ်သေးသည့် သားယောက်ျားကလေးများ၌ ကောင်းသောချီဓာတ်များစွာရှိနေကြောင်း ဖုန်းရွှေပညာရှင်များကဆိုသည်။ ထို့ကြောင့် အိမ်၊ ခြံ၊ မြေများ ဝယ်/ငှားလုပ်ရန် သွားရောက်ကြည့်ရှုရာ၌ ၎င်းကလေးငယ် (သားယောက်ျားကလေး)များအနက် တစ်ယောက်အား တစ်ခါတည်းချီ၍ ခေါ်ခဲ့သင့်သည်။ အကယ်၍ အိမ်၊ ခြံ၊ မြေနေရာသည် ကျက်သရေမင်္ဂလာမရှိသောနေရာဖြစ်နေပါက ကလေးအတွက် ပူဆွေးငိုကြွေး အလိုမကျသည့်စိတ်ကို ဖြစ်စေပါသည်။

အိမ်၊ ခြံ၊ မြေနေရာသို့ ရောက်

သည်နှင့် ခေါ်လာသောကလေးက ငိုလျှင်ဖြစ်စေ၊ အလိုမကျသောပုံစံပြလျှင်ဖြစ်စေ အဆိုပါ အိမ်၊ ခြံ၊ မြေတို့၌ ကောင်းသောချီဓာတ်များ မရှိဟု မှတ်ယူနိုင်ပါသည်။ အကယ်၍ ကလေးငယ်သေးပေါက်ချသည်ဆိုပါက လုပ်ငန်း

ကိစ္စ၌ အခက်အခဲရှိနေကြောင်း ဖော်ပြသည်။ အကယ်၍ ကလေးက ရွှင်မြူးဆော့ကစားချင်သည့်ပုံစံ ပြနေခဲ့ပါက (ရွှင်ပြုံးရယ်မောနေပါက) ကောင်းသောနိမိတ်ပင် ဖြစ်သည်။

ထို့ကြောင့် မျက်စိဖြင့် မမြင်နိုင်သော ချီဓာတ်(အကောင်း/အဆိုး)တို့အား အထက်ပါဖုန်းရွှေနည်းလမ်းများဖြင့်သာ သတ်မှတ်ရွေးချယ်နိုင်မည် ဖြစ်သည်။

၂၂။ အဆိပ်များဝင်ရောက်နိုင်ခြင်းမှ ကာကွယ်ရန် ရေ၊ မြေ၊ မီး၊ သတ္တု၊ သစ်သား ဟူသည့်ဓာတ်ကြီး (၅)ပါး အစီအရင်ဖြင့် ကုစားပုံ

အဆိပ်များအား ဓာတ်ကြီး (၅) ပါးအစီအရင်ဖြင့်ကာကွယ်ရာ၌ အဆိပ်များ ရောက်လာမည့် အရပ်ထောင့်အပေါ် မူတည်၍ အောက်ပါအတိုင်း ပြုလုပ်ရသည်။

အကယ်၍ အဆိပ်များသည် တောင်အရပ်မှလာပါက သင့်အိမ်ရှေ့တံခါးဝ၌ ရေထည့်ထားသော အိုးတစ်လုံးချထားပေးပါ။ ထိုအခါ သင့်အား မကောင်းသောစွမ်းအင်များ၏ တိုက်ခိုက်မှုမှ ကာကွယ်ကျော်လွှားပေးနိုင်မည်ဖြစ်သည်။ (ရေဓာတ်အစီအရင်)

အကယ်၍ အဆိပ်များသည် မြောက်အရပ်မှ လာပါက သင့်အိမ်ရှေ့တည့်တည့်၌ မြေကြီး (၃)ပုံ (သို့) ကျောက်တုံးကြီး (၃)တုံး ထားရှိပေးပါ။ ထိုအခါ မကောင်းသော စွမ်းအင်များ ဝင်ရောက်လာနိုင်ခြင်း မရှိတော့ပါ။ သို့မဟုတ် သင့်အိမ်ရှေ့၌ မျက်နှာကွက်ဖော်ထားသော သလင်းကျောက် ချိတ်ဆွဲပေးခြင်းကလည်း မကောင်းသော စွမ်းအင်များ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ (မြေဓာတ်အစီအရင်)

အကယ်၍ အဆိပ်များသည် အနောက်အရပ်မှ လာပါက (သို့) အနောက်မြောက်အရပ်မှ လာပါက သင့်အိမ်ရှေ့၌ အလွန်လင်းထိန်တောက်ပသော မီးတစ်ပွင့်ထွန်းပေးပါ (သို့) မီးဓာတ်ကိုယ်စားပြု အနီရောင်အားအသုံးပြုပေးနိုင်သည်။ မီးဓာတ်သည် အဆိပ်များနှင့်အတူ ပါရှိလာမည့် အဆိပ်များဖြစ်နေသော သတ္တုဓာတ်အား နိုင်နင်းစွာ ခြေမှုန်းနိုင်မည်ဖြစ်သည်။ (မီးဓာတ်အစီအရင်)

အကယ်၍ အဆိပ်များသည် အရှေ့အရပ်မှလာပါက (သို့) အရှေ့တောင်အရပ်မှလာပါက သတ္တုချောင်း (၅)ချောင်းပါ ဆည်းလည်းအား အိမ်ရှေ့၌ ချိတ်ဆွဲထားပေးပါ (သို့) ဖုန်းရွှေရှုထောင့်အရ နိမိတ်လက္ခဏာ ကောင်းမွန်သည့် ကြေးဝါနှင့်ပြုလုပ်သော "Fu dogs" ကြေးဝါပေတံ၊ ဒင်္ဂါးတို့အား အိမ်ရှေ့တွင်ထားရှိပေးခြင်းဖြင့် အဆိပ်များဖြစ်နေသည့်သစ်သားဓာတ်အား သတ္တုဓာတ်ကအောင်မြင်စွာ ချေမှုန်းနိုင်မည်ဖြစ်သည်။ (သတ္တုဓာတ် အစီအရင်)

အကယ်၍ အဆိပ်များသည် အရှေ့မြောက်အရပ် (သို့) အနောက်တောင်အရပ်မှလာပါက သင့်အိမ်ရှေ့၌ သစ်သားဓာတ်အား တိုက်ရိုက်ကိုယ်စားပြုသည့် သစ်ပင်များ စိုက်ထားပေးပါ (သို့) သစ်သားဓာတ်ကိုယ်စားပြု အစိမ်းရောင်သုံးပေးပါ။ ထိုအခါ အဆိပ်များအဖြစ်ဝင်ရောက်လာမည့်မြေဓာတ်အား သစ်သားဓာတ်က အောင်မြင်စွာ ချေမှုန်းနိုင်မည် ဖြစ်သည်။ (သစ်သားဓာတ် အစီအရင်)

၂၃။ ချွန်ထက်နေသော အိမ်ခေါင်အုပ်များအား သတိပြုခြင်း

ချွန်ထက်နေသော အိမ်ခေါင်အုပ်များသည် သင့်အိမ်ရှေ့တည့်တည့်တွင်ရှိနေပြီး သင့်အိမ်အား ချိန်ရွယ်ထားသည့်ဟန်ရှိနေပါက ၎င်းမှာ အဆိပ်များပင်ဖြစ်သည်။ အဆိပ်များ၏ ချိန်ရွယ်ခြင်းခံရခြင်းကြောင့် မိသားစုအရေးနှင့် စီးပွားရေးအခြေအနေများ သိသာစွာထိခိုက်တတ်သည်။ အထူးသဖြင့် အဆိပ်များဖြစ်နေသော ခေါင်အုပ် (သို့) ခေါင်မိုးများသည် တြိဂံပုံရှိပြီး ချွန်ထက်နေပါက မြင်ကွင်းမှ ပျောက်ကွယ်သွားအောင် ကာရံခြင်း (သို့) မကောင်းသောစွမ်းအင်များ တန်ပြန်အောင် မှန်တိုင်းချိတ်ဆွဲခြင်းလုပ်ပေးပါ။

ဖုန်းရွှေပညာရှေးထုံးအရ 'ပါ့ကွာမှန်'ချိတ်ဆွဲပေးနိုင်သည်။ သို့သော်လည်း 'ပါ့ကွာမှန်' ချိတ်ဆွဲခြင်းကြောင့် အဆိပ်များပိုင်ရှင်အား ထိခိုက်မှုရှိစေပြီး မလိုလားအပ်သည့်ဖုန်းရွှေတိုက်ပွဲများ ဖြစ်ပေါ်လာတတ်သည်။

ထို့ကြောင့် အဆိပ်များရန်မှလည်း ကာကွယ်နိုင် အဆိပ်များပိုင်ရှင် အိမ်နီးချင်းကိုလည်း မထိခိုက်စေနိုင်သော ဓာတ်ကြီး (၅)ပါး အစီအရင်အား အသုံးပြုခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်သည်။



၂၄။ ဖုန်းရွှေနှင့်အညီရှိနေသောအိမ်အား မည်သို့ရွေးချယ်မည်နည်း

အနောက်ဘက်တွင်ရှိသော မြေကြီးအနည်းငယ်မြင့်တက်နေသည့် အိမ် (သို့) အိမ်အနောက်ဘက်၌ သစ်ပင်များ အုပ်ဆိုင်းစွာပေါက်နေသော အိမ်၊ ပို၍မြင့်သော အဆောက်အအုံတို့ကို ရွေးချယ်ပါက မကောင်းသော စွမ်းအင်များမှကာကွယ်နိုင်ပါမည်။ ထို့ကြောင့် ဖော်ပြပါအချက်များ ပါဝင်သောအိမ်မျိုးကိုရှာဖွေပါ။

သန့်ရှင်း၍ အလင်းရောင်တောက်ပပြီး ကျယ်ဝန်းသည့်အိမ် (သို့) အိမ်အရှေ့ဘက်၌ ဘာမှမရှိဘဲ ကွက်လပ်ဖြစ်နေသည့် အိမ် (သို့) အိမ်အရှေ့နေရာသည်ကစားကွင်းကဲ့သို့ ကျယ်ဝန်းနေသောနေရာဖြစ်ပါက အိမ်သူ၊ အိမ်သားအားလုံး အဆုံးစွန်ကံကောင်းမည့် အတိတ်နိမိတ်ကို ဖြစ်စေပါသည်။ ထို့ကြောင့် အထက်ပါအခြေအနေလက္ခဏာများနှင့် ပြည့်စုံသောအိမ်မျိုးကို ရှာဖွေပါ။

သင်၏ကိုယ်ပိုင် 'ကွာနံပါတ်'(သို့) သင့်မွေးရက်ဂဏန်းအား ကိုယ်စားပြုသည့်ကိန်းဂဏန်းပါရှိသော အိမ်ကိုသာ ရှာဖွေပါ။

အကယ်၍ သင်သည် ဇွန်လ(၁၈) ရက်နေ့တွင် မွေးဖွားသူဖြစ်ပါက သင်ရှာသော အိမ်၏နံပါတ်ကလည်း (၁၈) ဖြစ်ရန်လိုပါသည်။

အကယ်၍ သင်သည် စက်တင်ဘာလ (၁၄)ရက်တွင် မွေးဖွားသူဖြစ်ပါက အိမ်နံပါတ် (၁၄) ဖြစ်သောအိမ်ကိုသာရှာဖွေပါ။

မွေးနေ့သက္ကရာဇ်နှင့် ပတ်သက်သောကိန်းဂဏန်းကိုယူရာ၌ လနှင့် နှစ်အားထည့်သွင်းစဉ်းစားစရာမလိုဘဲ မွေးနေ့တွင်ကျရောက်သည့် ကိန်းဂဏန်းပါ ရက်ကိုသာ ယူရမည် ဖြစ်သည်။

ထောင့်အနည်းငယ်သာ ပါရှိသည့်အိမ်အားရှာဖွေပါ။

ဦးအောင်လှိုင်

Lillian too ၏ 365 Feng shui tips စာအုပ်ကိုဆီလျော်အောင် ပြန်ဆိုပါသည်။

(ကျုံပျော်)

မောင်စိမ်းရင့်

ဆေးထိုး၍ဆေးခဲပြီး အဖုအကျိတ်ဖြစ်ခဲ့သော်

လူတို့တွင် ကျန်းမာရေးလိုအပ်ချက်အရ ဆေးထိုး၊ ဆေးသောက်၊ ဆေးထိမ်းနှင်းနှိပ်စသည်တို့ ပြုလုပ်ကြရသည်။ ထိုအထဲမှ အခန့်မသင့်လျှင်ဆေးထား၍ဆေးမသွားဘဲ ဆေးထိုးသည့်တင်ပါးတွင် အကျိတ်အခဲဖြစ်တတ်ပါသည်။ ဆေးထိုးစဉ်က ကြိတ်ချေပေးခြင်းနည်း၍သော်လည်းကောင်း၊ ဒိတ်လွန်ဆေးများဖြစ်နေ၍သော်လည်းကောင်း ဖြစ်တတ်သည်။ ထိုသို့ဆေးခဲသောအခါ နာကျင်၍တောင့်တင်းနေခြင်း၊ ရောင်ရမ်း၍ ကိုက်ခဲခြင်းများဖြစ်တတ်၏။ ထိုသို့ဖြစ်သည်နှင့် ရေနွေးအိတ်ကပ်ခြင်း၊ ရေနွေးပုလင်းဖြင့်လိမ့်ချေခြင်းများ ပြုလုပ်ပေးရသည်။ ထိုကဲ့သို့လုပ်ပေး၍ မရတော့သည့်အခြေအနေမျိုးဖြစ်ပြီဆိုလျှင် အနာ 'အောင်း' ဖြစ်၍ ခွဲစိတ်ကုသမှုခံရတော့သည်။ စာရေးသူ ကျွန်တော်၏မျက်မြင်ကိုယ်တွေ့ဖြစ်စဉ်နှစ်မျိုးအား ရေးသားတင်ပြလိုက်ပါသည်။

ပထမတစ်ဦးဟာ စာရေးသူ၏ အစ်မဝမ်းကွဲဖြစ်ပါသည်။ နေမကောင်းသဖြင့် ဆေးသွားထိုးရာ ဆေးထိုးသည့်နေရာတင်ပါးမှ ဆေးခဲပြီး အကျိတ်အခဲဖြစ်လေရာ၊ ရေနွေးအိတ်ကပ်ခြင်း၊ ရေနွေးပုလင်းဖြင့် လိမ့်ချေခြင်းပြုလုပ်သော်လည်း မရသဖြင့် နောက်ဆုံးတွင် ခွဲ၍ အနာသစ်လုပ်ကာ အိမ်တွင် ဆေးရုံမှ အနာဆေးထည့်သူနှင့် ကုနေရတော့သည်။ အနာဆေးထည့်စဉ် ခံရသူမှာ မသက်သာလှ၊ အနာကိုဖန်ရေဆေး၊ ပတ်တီးစကို အရက်ပြန်သုတ်၍ အနာတွင်းထိုးထည့်ကာ အနာတွင်းရှိ မကောင်းသော အရိအရွဲများကို သန့်စင်သည့်ကိစ္စမှာ ခံရသူအဖို့ ရှုံ့မဲ့၍တွန့်တွန့်လူးတော့သည်။ ခံရချက် မသက်သာလှ။ ထိုသို့ပေတောခံ၍ ဆေးထည့်ရင်းဖြင့် (၃) လခန့်ကြာမှ ရှင်းရှင်းပျောက်သွားပါသည်။ ပျောက်သွားသော်လည်း အမာရွတ်ကြီးကတော့ သေရာရှင်ရာပါတော့သည်။ ထိုအနာမျိုးကာ ပေါ့ပေါ့ဆဆနေမိလျှင် အလွန်ကြောက်စရာကောင်းပါသည်။ တစ်ခါတစ်ရံ ဆေးထိုးရာတစ်ဝိုက်တွင် အကျိတ်များ နှစ်လုံးသုံးလုံးထွက်တတ်ပါသည်။ အဆိုးဆုံးကား အနာမကျက်ဘဲမြုံ၍အတွင်းဘက်လိုက်စားနေလျှင် အရိုးအထိဒုက္ခပေးတတ်သည်ဟုကြားဖူးပါသည်။ ဆေးထိုးလျှင်သတိပြုကြရမည်ပင်။

နောက်အစ်ဦးမှာ စာရေးသူ၏ သမီးလတ်ဖြစ်သော ကျောင်းဆရာမ လူလွတ်ဖြစ်ပါသည်။ သမီးလတ် အခါလည်ကျော်က ကိုယ်ပူသဖြင့် ဒေါက်တာထံတွင်ဆေးထိုးပါသည်။ ဆေးထိုးဆေးတိုက်သဖြင့် ကိုယ်ပူတော့ကျပါသည်။ သို့သော်လည်း ဆေးထိုးထားနေရာကို ထိမိတိုင်း ငိုသဖြင့် ဆေးထိုးထားသည်မို့ ငိုသည်ဟုထင်ပါသည်။ သူ၏ခြေထောက်လေးအား တန်းထားပါသည်။ (၂) ရက်ကြာသောအခါ မိမိတို့တွေးသလိုမဟုတ်ဘဲ ဆေးထိုးသည့်အပ်နေရာတစ်ဝိုက်တွင် နီပြီးရောင်နေသည့်အပြင် အဖုအကျိတ်ကဲ့သို့ဖြစ်လာသည့်အတွက် ဆေးထိုးဆရာထံ ပြန်၍ပြရပါသည်။ ထိုအခါဆရာဝန်က မိမိတို့အား အပြစ်ပြော၍ ကလေးကို အမှောက်ခိုင်းပြီး တင်ပါးအကျိတ်ရှိသည့်နေရာကို လက်ဖနောင့်ဖြင့် တစ်အားဖိကြိတ်၍ချေသောအခါကလေးမှာ မခံနိုင်သဖြင့် သတိလစ်မတတ်ငို၍ ထိုးထိုးထန့်ထန့်ဖြစ်သွားပါသည်။ စာရေးသူနှင့်ဇနီးလည်း ရုတ်တရက်လန့်သွားကာ ခုတင်ပေါ်မှ ကလေးကို ကောက်ချီ၍မကုတော့ဟု ပြောကာ ဆေးခန်းထဲမှထွက်ခဲ့ပါသည်။ စိတ်ဆိုးလိုက်သည်မှာ ပြောစရာမရှိ၊ မသကာ ကိုယ်ကပညာရှင်ပဲ မသိနားမလည်သူတွေကို အကျိုးအကြောင်းရှင်းပြပြီး သင့်တော်သလို ကုသနိုင်သည်မဟုတ်လား။ (ယခုအချိန် ထိုဆရာဝန်မရှိတော့ပါ။ ကွယ်လွန်သွားပါပြီ၊ စာရေးသူ)

ထိုဆေးခန်းမှ စာရေးသူတို့စိတ်တိုတိုဖြင့်ထွက်လာပြီး အခြားဆေးခန်းသွားမည်ဆိုကာ လမ်းဘေးမှလမ်းလျှောက်လာရာ ဆရာဝန်၏ မျက်စောင်းထိုးအိမ်မှ အဒေါ်တစ်ဦးက လက်ယပ်လှမ်းခေါ်သဖြင့် ဝင်သွားပါသည်။

"လာ-ဒီသောင်စောင်းမှာထိုင်ကြ ကလေးက ဘာဖြစ်လို့လဲ"

ဟု မေးပါသည်။ ထိုအဒေါ်မှ မရင်းနှီးသော်လည်း မျက်မှန်းတန်းမိပါသည်။ ထိုအဒေါ်၏အမေးကို စာရေးသူကျွန်တော်မှ ဖြစ်စဉ်အစအဆုံးကိုပြောပြပါသည်။ ကလေးကတော့ သူ့အမေရင်ခွင်ထဲတွင် ညှိုးနွမ်းစွာမှိန်းနေပါသည်။ ထိုအဒေါ်မှ ကလေးတင်ပါးကြည့်၍-

"နင်းတို့ဆေးမထိုးနဲ့တော့။ ဒါဆေးခဲပြီးအကျိတ်စ ဖြစ်နေတာ၊ အဲဒီတော့ ဒီကပြန်ရင် ဦးဘသောင်းပရဆေးဆိုင်မှာဆားခါးဝင်ဝယ်သွား အိမ်ရောက်ရင်ကျောက်ဖျဉ်ပေါ်တင်ကြိတ် အမှုန့်ဖြစ်သွားရင် ရေနဲ့ပျစ်ပျစ်ဖျော်ပြီး ခြောက်လိုက်လိမ်းလိုက်လုပ်ပေး၊ မပေါ့နဲ့ နုရင်ပိန်ပြီးပျောက်သွားမှယ်။ ရင့်ရင် အနာပေါက်မယ်၊ မခြောက်နဲ့ဆက်လိမ်းပေး၊ တော်ကြာခွဲထုတ်နေရင် ကလေးမခံနိုင်ဘူး"

ဆိုကာ ဆေးနည်းပေး၍ သေချာစွာမှာပါသည်။

"ကျေးဇူးတင်လိုက်တာ အဒေါ်ရယ်၊ အဲဒါ ကျွန်တော်တို့ တခြားဆေးခန်းသွားပြမလို့ ခုတော့မပြတော့ဘူး။ အဒေါ်ပြောတဲ့ ဆားခါးဝယ်ပြီးပြန်တော့မယ်"

ဤကဲ့သို့ စာရေးသူက ကျေးဇူးတင်စကားပြောသလို ဇနီးဖြစ်သူကလည်း ဝမ်းသာသောမျက်ဝန်းများဖြင့် ဆေးနည်းပေးသူ အဒေါ်အားကြည့်နေပါသည်။

"မစိုးရိမ်ပါနဲ့၊ ပျောက်ပါတယ်ကွယ်။ ကဲ-နေလည်းမြင့်လာပြီ သိပ်မပူခင်ပြန်ကြ၊ အဒေါ်ပြောတာမမေ့နဲ့"

ဆို၍ပြောပါသည်။

"ဟုတ်ကဲ့-အဒေါ်ပြောတဲ့အတိုင်းလုပ်ပါ့မယ်။ ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

ဆိုကာနှုတ်ဆက်၍ပြန်ခဲ့ပါသည်။

အိမ်ပြန်ရောက်သည်နှင့် အဒေါ်မှာလိုက်သည့်အတိုင်း စတင်လိမ်းစေပြီး ခြောက်လိုက် လိမ်းလိုက် မကြာခဏပြုလုပ်ပေးရာ တဖြည်းဖြည်းအရောင်လျော့လာပါသည်။ (၃)ရက်ခန့်ဆက်တိုက်လိမ်းပေးလိုက်ရာ ကလေး၏ ဆေးခဲအနာမှာ ရောင်ရမ်းနာကျင်ခြင်းမရှိတော့ ပိန်ရှုံ့၍ လုံးဝပျောက်သွားပါသည်။ ထိုအခါမှပင် ကလေးမှာ ပြုံးပြုံးရွှင်ရွှင်နှင့်ဆော့ကစားနိုင်ပါတော့သည်။

သို့ပါ၍ ဝေဒနာရှင်များဆေးထိုး၍အခန့်မသင့်လျှင်ဖြစ်တတ်သောဆေးခဲသည့်အဖြစ်မျိုးကြုံတွေ့ရပါက စာရေးသူ၏အထက်ပါနည်းအတိုင်းပြုလုပ်ကြည့်ကြပါဟူ၍။

မောင်စိမ်းရင့် (ကျုံပျော်)

ဆေးနည်းပေးပါသောကွယ်လွန်သွားပြီဖြစ်သည့်အဒေါ်အား ကျေးဇူးတင်ဦးခိုက်လျက်။

ပထမအကြိမ်ရသေ့ဝတ်အတွေ့အကြုံ
ကသာသင်းမွှေး

ရသေ့ဘဝအတွေ့အကြုံကိုပြောပြသော
ဦးဖေအောင်ပုံ

စာရေးသူအပါအဝင် ဦးသာထွေး (သာဂဒူး- ကသာမြေ)ဦးမောင်မောင်မြင့် (ဆရာမြင့်- ကသာ)၊ ဦးဖေအောင် (ဖေအောင်-ကသာ) တို့သည် ကသာမြို့ ဒိတ်ဒိတ်ကြဲ လက်ဖက်ရည်ဆိုင်တွင် နံနက်တိုင်းဆုံကြ၊ စားသောက်ကြ၊ စကားပြောကြပါသည်။ လေးယောက်စလုံးသည် အငြိမ်းစားများဖြစ်ကြသည်ဟုဆိုရပေမည်။ စာရေးသူက အထက်တန်းကျောင်းအုပ်ကြီး (အငြိမ်းစား) ဖြစ်သလို ဦးသာထွေး၊ ဦးဖေအောင်တို့က လယ်စိုက်၊ အခင်းစိုက်ခဲ့သော်လည်း အသက် (၆၀) ကျော်ကြပြီဖြစ်၍ သားသမီးတွေကိုလွှဲအပ်ထားပြီး ငြိမ်းနေကြပြီဟုဆိုနိုင်သော်လည်း ဦးသာထွေးကအားမနေနိုင်သဖြင့် သူ့အခင်းတွင် သူလုပ်နိုင်သလောက် လုပ်နေလေသည်။ ဦးသာထွေးက ဝသဖြင့် ကိုယ်ရည်စစ်အောင်လုပ်နေတာဲဟု အကြောင်းပြပါသည်။ ဦးမောင်မောင်မြင့် အသက် (၆၀) မရှိသေးပါ။ ကျူရှင်ဆရာလုပ်နေပြီး ကိုဗစ်ကာလမှ အငြိမ်းနေရခြင်း ဖြစ်ပါသည်။

စာရေးသူတို့ လေးယောက်စလုံးသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ သူရဋ္ဌမဂ္ဂဇင်းတို့တွင် အတွေ့အကြုံဆောင်းပါးများရေးနေကြသူများဖြစ်၍ တရင်းတနှီးဆက်ဆံနေထိုင်ကြပါသည်။ ဦးသာထွေးကမြန်မာဆေးပညာ လိုက်စားပြီးကုလည်းကုသဖြင့် ဆေးဆရာကြီးဟုခေါ်သလို ဦးဖေအောင်အား 'ဘိုးရသေ့' ဟုခေါ်ကြပါသည်။ ဦးဖေအောင်သည် ရသေ့သုံးကြိမ်ဝတ်ခဲ့သူဖြစ်သည်။ ရသေ့ဘဝအတွေ့အကြုံများကို သူရဋ္ဌမဂ္ဂဇင်းတွင်ရေးသားလျက်ရှိသည်။

တစ်နေ့နံနက် ဒိတ်ဒိတ်ကြဲတွင်ဆုံကြသောအခါ ဦးဖေအောင်က-

"ဆရာကြီး ခြေထောက်အနာပျောက်ပြီလား"

ဟုမေးပါသည်။ စာရေးသူ၏ ခြေသလုံးနှစ်ဖက်တွင် ဆင်နှင်းခူနာဖြစ်ပြီး မပျောက်သည်မှာ (၅) နှစ်ပင်ကျော်ခဲ့ပါပြီ။ အစိုနာမဟုတ်ဖြင့် တော်သေးသည်။ အနာကမြဲ့နေပြီး ခြောက်နေသည်။ ဦးဖေအောင်က အရေးပြာတွင်ဖြစ်သော အနာဟူသမျှ ရေနံချေး (ရေနံကြီး)လိမ်းလျှင်ပျောက်သည်ဟု ပြောပြီး လိမ်းလည်းလိမ်းစေချင်သောကြောင့် ရေနံချေးကို ပလတ်စတစ်ဘူးကလေးတစ်ဘူးပေးပါသည်။ စာရေးသူသည် ဆေးလိမ်းရမှာ ပျင်းသူဖြစ်သည်။ လေးငါးရက်လောက် လိမ်းပြီးမပျောက်သလိုဖြစ်နေလျှင် ဆက်မလိမ်းဘဲ ပစ်ထားလိုက်သည်။ ဦးသာထွေးက ပေးသောဆေးကိုလည်း မလိမ်းသည်မှာကြာပြီဖြစ်၍ ဦးသာထွေးက သူ့ဆေးကိုမယုံလို့လားဆိုပြီး စာရေးသူအား စိတ်ဆိုးသော်လည်း ပေကပ်၍သာနေနေပါသည်။ ယခု ဦးဖေအောင်ကလိမ်းပေးရန်ပေးသည်ကို (၇) ရက်လောက် လိမ်းပြီး ပစ်ထားလိုက်ပြန်သည်။ အတွင်းမှ အနာမန်းလက်ကျန်တွေကြောင့်လား မပြောတတ်ပါ။

အတွင်းကအနာများကြွလာသဖြင့် အနာဖုများဖြစ်လာပါသည်။ (၇)ရက်သို့ မလိမ်းဘဲပစ်ထားသည်ကို ဆက်လိမ်းပါဟုဦးဖေအောင်ကပြောသဖြင့် လိမ်းပြန်ရာအနာများ ချပ်သွားသလိုဖြစ်လာသည်။ ထိုအချိန် စစ်ကိုင်းတိုင်း၊ မုံရွာမြို့သို့သွားသော ဦးစီးမှူးတစ်ယောက်ဖြင့် သမီးကြီးကဆေးလိမ်းရန် ဆေးဘူးတစ်ဘူးပါးပေးခဲ့ပြန်သည်။ သမီးကြီးပေးသောဆေးကိုပြောင်းလိမ်းရာ အနာများလုံးဝချပ်သွားပြီး ပျောက်သလိုဖြစ်သွားသည်။ ထို့ကြောင့် ဦးဖေအောင် မေးသည်ကို မကွယ်မဝှက်ဟု ပြောပြီး ခြေသလုံးနှစ်ဖက်စလုံး လှန်ပြလိုက်ပါသည်။

"ဘယ်ဆေးလိမ်းလိမ်း ပျောက်သွားဖို့ကအဓိကပါဗျာ။ အနာပျောက်သွားတယ်ဆိုရင် ကျွန်တော်တို့က ဝမ်းသာပါတယ်"

ဟု ဦးဖေအောင်က စိတ်ဆိုးခြင်းမပြုသော်လည်း ဝမ်းသာစကားပြောပါသည်။

"ဟုတ်ကဲ့ပါ။ ကျွန်တော်ကလည်း ဘိုးရသေ့ကိုကျေးဇူးတင်ပါတယ်။ ကျွန်တော်ကဆေးလိမ်းရမှာပျင်းတဲ့လူ၊ ဘိုးရသေ့က တိုက်တွန်းနေတာမို့လိမ်းဖြစ်တာ၊ ဒါကြောင့် ကျေးဇူးတင်တယ်လို့ပြောတာပါ"

ဟု စာရေးသူက ဦးဖေအောင်အား အများရှေ့မှာ ကျေးဇူးတင်စကားပြောလိုက်ပါသည်။

"လူတိုင်းမှာ ဝဋ်နာကံနာဆိုတာရှိတယ်။ ဆရာကြီးရဲ့အနာက ဝဋ်နာကြောင့် ဘယ်ဆေးလိမ်းလိမ်းမပျောက်တာ၊ ပျောက်ချင်တော့ အနာနဲ့ဆေးတည့်သွားတာဖြစ်တယ်လို့ ကျွန်တော်ကယူဆတယ်။ ဒီလိုပဲ ကျွန်တော်လည်းဖြစ်ဖူးတယ်။ ကျွန်တော်ဖြစ်တာက ခြေဖဝါးမှာ အသားကြေတဲ့အနာ၊ ခြေဖဝါးနှစ်ဖက်လုံး ခြေမ၊ ခြေသန်းအောက်ဘက်နားမှာရယ် ခြေဖနောင့်မှာရယ် အသားကြေတဲ့အနာဖြစ်တာ ကျောက်ခဲလိုမာတဲ့အရာနင်းလိုက်မိရင် တအားနာတာ၊ အသက်(၃၀) လောက်ကတည်းက အသက် (၃၆) နှစ်ထိဖြစ်တာ၊ ဝဋ်နာလို့ပဲထင်တယ်။ ပျောက်ချင်တော့ ကျွန်တော်အသက် (၃၆) နှစ် ရသေ့ဝတ်တော့ပျောက်သွားတယ်။ ပျောက်မှန်းတောင်မသိလိုက်ဘူး။ သတိထားလိုက်မိမှ ငါ့အနာပျောက်သွားပါလားလို့ သိသွားတယ်။ ဘယ်လိုနဲ့ ပျောက်သွားတယ်ဆိုတာ ကျွန်တော်ပြောပြမယ်"

ဟု ဦးဖေအောင် (ခေါ်)ဘိုးရသေ့ကပြောရာ နားထောင်နေကြသူများအားလုံးကစိတ်ဝင်စားသွားကြပြီး-

"ဟုတ်ကဲ့ ဘယ်လိုပျောက်သွားတာလဲပြောပြပါဦး"

လို့ တညီတညွတ်တည်း စကား

ထွက်သွားကြပါသည်။

ဦးဖေအောင်က ခြေဖဝါးအသားကြေနာပျောက်သွားပုံက ဒီလိုဗျဟုအစချီတာအောက်ပါအတိုင်း ပြောပြပါသည်။

ဦးဖေအောင်သည် အသက် (၁၆) နှစ်တွင် ရသေ့ဝတ်ချင်စိတ်ပြင်းပြင်းပြပြဖြစ်လာသည်။ ဦးပဥ္စင်းဝတ်လျှင် (၂၂၇) သော သိက္ခာပုဒ်ကို စောင့်ထိန်းရမည်။ မထိန်းနိုင်ပါက ကုသိုလ်မရဘဲ အကုသိုလ်ဖြစ်နေမည်။ အပါယ်လား ငရဲကျဖို့သာဖြစ်သည်။ မကြောက်ကြသူက မကြောက်ကြသော်လည်း ထိုသို့တွေးတွေးပြီးကြောက်ပါသည်။ ဒီအရွယ်ရောက်မှ ကိုရင်လည်း မဝတ်ချင်တော့ပါ။ ရဟန်းခံဦးပဥ္စင်းလည်း မဝတ်ရသည်ဖြစ်၍ ရသေ့ဝတ်ဖြင့် တောထဲတရားကျင့်လိုစိတ်ဖြစ်နေသည်။

ဦးဖေအောင်ကို မြို့ကလူတချို့က လက်သမားဆရာကြီး အောင်ဖေဟုခေါ်ကြသည်။ အကြောင်းမှာ တရုတ်ကြီးတစ်ယောက်၏အိမ်ကို ဆောက်ပေးစဉ် ထိုတရုတ်အဘိုးကြီးက အောင်ဖေဟုသာ နှုတ်ကျိုးပြီးခေါ်ရာမှ သူ့သားသမီး တူ၊ တူမများကပါ သူ့ကိုလက်သမားဆရာအောင်ဖေဟု စွဲသွားကြခြင်းဖြစ်သည်။ ဦးဖေအောင်သည် ဇနီးမယားအား ဒီတစ်ဝါတွင်းရသေ့ဝတ်ချင်ကြောင်း ခွင့်ပန်ပြီး ရသေ့ဝတ်ဖြင့် ကသာမြို့မှ ဧရာဝတီမြစ်ကမ်းအတိုင်း လမ်းလျှောက်၍ အောက်ဘက်သို့စုန်ဆင်းလာခဲ့သည်။ ငယ်စဉ်က ကိုရင်ဝတ်ခဲ့ရာ ဓမ္မစကြာကိုပါဠိလို အလွတ်ရပြီး နေ့စဉ်လိုရွတ်မြဲဖြစ်သည်။ ယခုစိတ်ကူးပေါ်လာသည်မှာ ရသေ့ဝတ်ဖြင့် အလှူခံထွက်တိုင်း သို့မဟုတ် တစ်နေရာမှ တစ်နေရာသို့သွားတိုင်း ဓမ္မစကြာကိုပါဠိမရွတ်ဘဲ မြန်မာပြန်အနက်ကိုသာ ရွတ်ချင်လာသည်။ ထို့ကြောင့် ရသေ့မဝတ်မီ မြန်မာပြန်အနက်ကို ကျက်သည်။ ထို့ကြောင့် ယခုရသေ့ဝတ်ဖြင့် စထွက်လာကတည်းက ဓမ္မစကြာမြန်မာပြန်ကိုရွတ်လာခဲ့သည်။

ထီးချိုင့်မရောက်ခင် နတ်အင်းရွာအဝင်သို့ရောက်သော် ညနေစောင်းနေပြီဖြစ်၍ အခင်းတဲတွေ့သဖြင့် တစ်ညအိပ်လိုက်သည်။ မနက်မိုးလင်းသော် နတ်အင်းရွာတွင် ဆွမ်းခံပြီး ထီးချိုင့်မြို့သို့ခရီးဆက်ခဲ့သည်။ ဤတွင်ပြောစရာဖြစ်လာသည်က အသက် (၁၀)ကတည်းကခြေဖဝါးတွင် အသားကြေနာဖြစ်သည်ကြောင့် လမ်းလျှောက်ရတာသက်သာသလိုတော့ရှိသည်။ ထီးချိုင့်တွင်ရောက်သည့်တစ်ရက်သာနေပြီး ထီးချိုင့်မှမန္တလေးသို့ထွက်သော မှန်လုံကားဖြင့်လိုက်ပြန်သည်။ ကောလင်းလမ်းခွဲကျောက်တန်းရွာတွင် ဆင်းနေခဲ့ပြီး ကောလင်းသို့ ခြေကျင်လျှောက်သွားခဲ့သည်။ ကောလင်းရှိ ခမောက်တောင်သို့လည်းရောက်သည်။ သုံးလေးရက်ခန့်နေပြီး မနေလိုပြန်သဖြင့် ကောလင်းမှ အထက်အင်းတော်မြို့သို့ ရထားလမ်းအတိုင်းလမ်းလျှောက်ပြီး ရောက်ရာရွာတွင် ဆွမ်းခံ၊ ဆွမ်းစား၍ ရောက်ရာရွာတွင် ညအိပ်သည်။ ရွာများတွင် ကြာကြာမနေပါ။

အင်းတော်မြို့နယ် သံဘိုရွာလယ်တဲပျက်တွင် တစ်ညအိပ်စဉ် ရသေ့ဦးဖေအောင်သည် စိတ်ကူးတစ်မျိုးဖြစ်ပေါ်လာသည်။ ရသေ့ဝတ်ဖြင့် သွားရာတွင် စီးရန် ဆင်ကြယ်ရော်ဘာဖိနပ်တစ်ရံကို ကသာမှဝယ်စီးခဲ့သည်။ နတ်အင်းမှထွက်လာရာမှ ထိုဖိနပ်ကိုမစီးတော့ဘဲ ခြေဖဝါးအနာခံ၍လမ်းလျှောက်ခဲ့သည်။ ထီးချိုင့်မြို့ရောက်သော်လည်း မစီးဖြစ်ခဲ့ပါ။ ယခု သံဘိုရွာရောက်သည်အထိလည်း မစီးခဲ့ပါ။ ခြေဖဝါးက နာသည့်အခါ နာလိုက်မလိုက်သာ ဖြစ်သည်။ ထို့ကြောင့် ပေပြီးဖိနပ်မစီးရန်ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ဆင်ကြယ်ဖိနပ်အား စွန့်ကြရန် စိတ်ကူးရလာပါသည်။

"ဤဆင်ကြယ်ဖိနပ်ကို တစ်ရက်သာစီးရပါသေးသည်။ ယခုမစီးလိုတော့သဖြင့် စွန့်ကြခဲ့ပါသည်။ တွေ့ရှိသူစီးပါ"

ဟုစာရေးပြီး ဆင်ကြယ်ဖိနပ်နှင့်စာကို ဖိနပ်အိတ်ထဲထည့်ကာ ထိုတဲ၏အမိုးတွင် ထိုးထည့်ထားခဲ့သည်။ ထို့နောက် သံဘိုရွာမှ အင်းတော်သို့ခရီးဆက်ခဲ့သည်။ အင်းတော်ရောက်သော မြစ်ကြီးနားသို့သွားသော အထက်စာပို့ရထားဖြင့် ဟိုပင်မြို့သို့လိုက်ပါသည်။ ဟိုပင်မြို့ပတ်လေးလည်တွင် နေစရာရှာကြည့်သော်လည်း စိတ်ကြိုက်မတွေ့သဖြင့် ဟိုပင်မြို့မှ တစ်ရွာဝင်တစ်ရွာထွက်ဖြင့် အောက်ဘက်သို့ လယ်ကွင်းများအတိုင်း စုန်ဆင်းခဲ့သည်။ ရောက်ရာရွာတွင် တစ်ရက်နှစ်ရက်ခန့်နားရင်းနေကောင်းမည်ထင်သောနေရာ ရှာပါသည်။ စိတ်ကြိုက်မတွေ့သဖြင့် လာရင်းလာရင်းဖြင့် ရက် (၃၀) ခန့်ကြာသော် မိုးညှင်းမြို့သို့ရောက်ပါသည်။

မိုးညှင်းသို့ ရောက်သော် ရသေ့ဝတ်လိုစိတ်လည်း မရှိတော့ပြန်သဖြင့် လူဝတ်လဲလိုက်သည်။ ရသေ့ဝတ်ဖြင့် လူဝတ်လဲသည်မှာ ကိုရင်က လူဝတ်လဲသလောက်ပင်မခက်ပါ။ ရသေ့ဝတ်ဖြင့် ရှစ်ပါးသီလယူရပြီး ငါးပါးသီလခံယူလိုက်ရုံသာဖြစ်သည်။ မိုးညှင်းမှရထားစီးပြီး ကသာသို့ပြန်ခဲ့ပါသည်။

ကသာသို့ရောက်ပြီး တစ်ရက်နှစ်ရက်အကြာတွင် မြစ်ဆိပ်သို့ရေချိုးဆင်းပါသည်။ ခြေထောက်အား ဆပ်ပြာဖြင့်ချေးတိုက်ရာ သတိထားမိလေသည်။ ခြေဖဝါးသည် အသာကြေနာပြီး လမ်းလျှောက်လျှင် နာနေသော်လည်း ယခုမူ လုံးဝမနာတော့ကြောင်း သိလာသည်။ အသက် (၁၀) ခန့်ကစပြီး နာလာခဲ့သည်မှာ ယခုအသက် (၁၆) နှစ်၊ ရသေ့ဝတ်ကပြန်လာမှ ရှင်းရှင်းပျောက်သိကိုသိရ၍ အံ့ဩမိပါသည်။ ရသေ့ဝတ်ဖြင့် ဖိနပ်မစီးဘဲလမ်းလျှောက်သော်လည်း နာမှန်းမနာမှန်းသတိမထားမိခဲ့ပါ။

ရသေ့ဝတ်ဖြင့် လမ်းလျှောက်စဉ် ဓမ္မစကြာ မြန်မာပြန်အနက်ကိုရွတ်ဖြစ်အောင်ရွတ်သလို အဆက်မပြတ်ရွတ်သည်။ ညအိပ်စဉ် နံနက်အိပ်ရာထ ဘုရားရှိခိုးပြီးလျှင် ဓမ္မစကြာကို ပါဠိလိုရွတ်သည်။ သွားခဲ့လေသမျှ ရောက်ရာရွာတိုင်းဆွမ်းခံရာတွင် အခက်အခဲမရှိ။ ကိုယ့်တစ်ယောက်စာ ဆွမ်းပြည့်စုံခဲ့သည်။ ဘေးအန္တရာယ် တစ်စုံတစ်ရာမှ မတွေ့ခဲ့ရပါ။ ယခုနှစ်ရှည်ခံစားလာခဲ့ရသောခြေဖဝါးသည်လည်းမနာတော့ပါ။

ဓမ္မစကြာပါဠိလို နေ့စဉ်ဘုရားရှိခိုးပြီးတိုင်းရွတ်ရသော ကုသိုလ်ကြောင့်လည်းကောင်း၊ အင်းတော်မြို့နယ် သံဘိုရွာလယ်တဲတွင် ဆင်ကြယ်ဖိနပ်ကိုစွန့်ကြခဲ့ရသော ကုသိုလ်ကြောင်းလည်းကောင်း ခြေဖဝါးအနာပျောက်သည်ဟု ဦးဖေအောင်ကတွေးမိပါသည်။

ဤသို့ဦးဖေအောင်ကပထမဦးဆုံးအကြိမ် ရသေ့ဝတ်ခဲ့သောအတွေ့အကြုံကိုပြောပြပါသည်။ သူသည် ရသေ့သုံးကြိမ်ဝတ်ခဲ့ပြီး တွေ့ကြုံခဲ့ရသည့် သတိတရများကို သူရဿမဂ္ဂဇင်းတွင် ရေးသားထားပြီးဖြစ်ပါသည်။ ထို့ပြင် နောက်ထပ်ရေးရန်လည်း စိတ်ကူးရှိသည်ဟုပြောပါသည်။ စာရေးသူတို့က သူ့ကိုရသေ့ဝတ်အတွေ့အကြုံများသာမက မိမိသိထားသမျှ စာဖတ်သူများအား မျှဝေပေးရန် တိုက်တွန်းလျက်ရှိပါသည်။

အားလုံးကျန်းမာပျော်ရွှင်ကြပါစေ။

ကသာသင်းမွှေး

မြွေလမှာယ် ဆရာစောရွှေလေးဟာ အမြင့်တိုက်နယ် (ရှေးမြို့ဟောင်း)ကို ဗဟိုပြုကာ ရွာနီးချုပ်စပ်မှကျေးရွာများဖြစ်တဲ့ မြောက်အရပ်မှာ ဆူးလေကုန်း၊ ကြောင်ဝပ်လေး၊ ကြောင်ဝပ်ကြီး၊ ကြက်သွန်ဈေးကုန်းကြီး၊ မြင်းမြေ၊ ရွာသစ်ကုန်း၊ ချောင်းမနား၊ တောင်အင်း၊ ရွှေဒါးကျ၊ ဘုံတို၊ ဘုံမနိုး၊ ကြွက်ကျွန်း၊ ပုဏ္ဏားမော်၊ မြင်သာကျွန်းအစရှိတဲ့ရွာတွေကိုဆေးကု၊ ဆေးရောင်း၊ မြွေလမှာယ်ပြုပြီး စီးပွားရှာသလို အမြင့်တောင်ဘက်အရပ်ဖြစ်တဲ့ သောတာပန် (အိုးဝေဦးညိုမြ၏ရွာ) တံဇောင်း၊ ရွှေကူ၊ ရွာသစ်၊ ငွေသာ၊ ဝယာ၊ ယာကြီးတော၊ ကံကြီးကုန်း၊ ရွှေလှေ၊ ရွှေကျင်၊ အနီမှ(ဆရာတော်ဦးဝိစာရ၏ရွာ) တို့ကိုလှည့်လည်ပြီး ဆေးကုဆေးရောင်း၊ မျက်လှည့်နှင့် မြွေလမှာယ်ပြုပြီး စီးပွားရှာရာအတော်အဆင်ပြေနေပါတယ်။

အမြင့်မြို့ဟောင်းအနောက်ဘက်ကချောင်းတွင်းမြစ်ဖြစ်ပြီး အမြင့်အရှေ့ဘက်မှာတော့ ကုန်းသာ၊ နဂါးဗိုလ်၊ တောကျောင်း၊ ထန်းတောကုန်း၊ ကံ

အတ္တနံ့ညစ် ကျုံကာနစ်သော် ကိုမောင်လှသိန်း (ညီမြို့ရွာ)

ဆည်း၊ ကုလားကြီး၊ တပါယ်အင်း၊ ကင်မွန်းတော်၊ အင်းမ၊ ရှမ်းထူးအစရှိတဲ့ရွာတွေဟာ စောရွှေလေးရဲ့စားကျက်နယ်မြေတွေဖြစ်ပါတယ်။ သည်ရွာတွေထဲမှာ ကုန်းသာရွာက အတတ်ပညာရှင်တွေ ထူးခြားစွာရှိနေပါတယ်။

ကုန်းသာရွာက မုဆိုးအေးမောင်ဟာ မုဆိုးအတတ်ကို ဒေသတွင်းဆက်မရှိအောင်တတ်သလို ဦးဘဒင်နှင့် ဦးထွန်းမွေးကလည်း ဗိန္ဒောတိုင်းရင်းဆေးကို နှံ့နှံ့စပ်စပ်တတ်ကျွမ်းကြကာ ပြည်လုံးချမ်းသာ ဆရာကျော်၏ မနောမယိဒ္ဓိ ဂိုဏ်းဝင်တွေလည်းဖြစ်ကြပါတယ်။ အထက်ဂိုဏ်းဝင်တွေဖြစ်ကြတာကြောင့် ကံငါးပါးကိုလုံအောင်ထိန်းသိမ်းပြီး ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့နှင့် အထက်ပုဂ္ဂိုလ်ကြီးများရဲ့စောင့်ရှောက်မှုကိုခံယူကာ သတ္တဝါဝေနေယျတို့အား မေတ္တာဖြင့် စောင့်ရှောက်နေကြသူများ ဖြစ်ကြသည်။

တစ်ခါသော် အလမ္ပာယ်ဆရာ စောရွှေလေးဟာ ကုန်းသာရွာမှာဆေးရောင်းရင်း အလမ္ပာယ်ပြရာ စည်းဝိုင်းအတွင်းမှမြွေကိုခိုင်းရာ မြွေမှာအမိန့်ပေးခိုင်းစေရာကိုမနာခံဘဲ စည်းအပြင်ဘက်ကိုထွက်ပြေးပါတယ်။ စောရွှေလေးက မြွေကိုလိုက်ဖမ်းပြီး ဒေါသဖြစ်ကာ သေတ္တာထဲက ငှက်ကြီးတောင်ဓားကို ကိုင်ဆောင်ပြီး မနောမယိဒ္ဓိဂိုဏ်းကို စိန်ခေါ်လိုက်ပါတယ်။

"ဟေ့- မင်းတို့မနောမယိဒ္ဓိဂိုဏ်းကကောင်တွေ သတ္တိရှိရင်ထွက်ခဲ့ကြ။ အေး- ငါက နေရာလည်း မရွေးဘူး။ လူလည်းမရွေးဘူးကွ"

ဟုဆိုကာ မကြာဝံ့မနာသာ ဆဲဆိုကြိမ်းမောင်းပါတယ်။

"အေး- မင်းတို့စွမ်းလို့ ငါ့ကိုစမ်းတာဆိုရင် တစ်ပတ်အတွင်း ငါ့ကို မင်းတို့ပညာနဲ့လုပ်ပြကြစမ်း"

ဟု စိတ်ဆိုးမာန်ဆိုးနှင့်ပြောကာ အခြားရွာသို့ ပြောင်းရွှေ့သွားပါတော့တယ်။

စောရွှေလေး ပြန်သွားတဲ့အခါ မနောမယိဒ္ဓိဂိုဏ်းမှ ဆရာကြီးများဆုံတွေ့တဲ့အခါ ဆရာကြီးဦးထွန်းမွေးက စတင်ပြီးပြောပါတယ်။

"ဒီကောင်က သက်သက်မဲ့ ကျုပ်တို့ဂိုဏ်းကို စော်ကားသွားတာပဲ ဆရာဒင်၊ ကျုပ်တို့ ဘယ်လိုလုပ်သင့်သလဲ ပြောကြပါဦး"

လို့ ဆိုတဲ့အခါ ဆေးဆရာကြီး ဦးဘဒင်က-

"ကိုထွန်းမွေး၊ စောရွှေလေးသည်လိုဖြစ်အောင် ခင်ဗျားလုပ်သလား"

ဟု မေးလိုက်တဲ့အခါ ဆရာဦးထွန်းမွေးက-

"ဟာ - ကြံကြံဖန်ဖန် ကျုပ်က ဘာလို့လုပ်ရမှာတုန်းဗျ"

လို့ပြန်ပြောသော် ဦးဘဒင်မှ-

"အေးဗျာ - ခင်ဗျားလည်းမလုပ်ဘူး၊ ကျုပ်လည်းမလုပ်ဘူး။ ပြီးတော့ ကိုအောင်ခင်လည်းမလုပ်ဘူးဗျ။ ကိုယ်ကဘာမှမလုပ်ကြဘဲ သူ့ဟာသူဖြစ်တဲ့ကိစ္စကို ခင်ဗျားတို့ကျုပ်တို့ ဘာမှလုပ်စရာမလိုပါဘူး။ ကျုပ်တို့ကိုစောင့်ရှောက်နေတဲ့ အထက်ပုဂ္ဂိုလ်ကြီးတွေသိကြပါတယ်။ ဒီတော့ သူ့လမ်းသူသွားပါလိမ့်မယ်"

လို့ ပြောကြားကာ လူစုခွဲလိုက်ပါတော့တယ်။

စောရွှေလေးဟာ ကုန်းသာရွာမှ မနောမယိဒ္ဓိဂိုဏ်းကို ကြိမ်းမောင်းဆဲဆိုစိန်ခေါ်လာခဲ့ပြီး ငါးရက်မြောက်သောနေ့မှာ မြွေကိုအစာကျွေးရာ မြွေမှလက်ညှိုးကိုကိုက်လိုက်သောအခါ တပည့်ဖြစ်သူကိုငွေးကို မြွေဆိပ်စုပ်ခိုင်းရာ စောရွှေလေးက ဘာမှမဖြစ်ခဲ့သော်လည်း ကိုငွေးကတော့ အဆိပ်သင့်ပြီး မျက်စိကွယ်သွားပါတော့တယ်။

မြွေဆိပ်သင့်ပြီး မျက်စိကွယ်သွားတဲ့ကိုငွေးအစား နောက်ထပ်တပည့်

တစ်ဦးထဲ်ခေါ်ကာ အရှိန်မပျက် ဆက်ပြီး ယခင်ကဲ့သို့ ဆေးကုဆေး ရောင်း အလမ္ပာယ်ပြန်ပြုလုပ်နေသော် လည်း ကုန်းသာရွာကိုတော့ ဆေးမ ရောင်း အလမ္ပာယ်မပြတော့ဘဲ ဖြတ် သွားဖြတ်လာလောက်သာ လုပ်ပါတော့ တယ်။

တပည့်သစ်နှင့်အတူ စောရွှေ လေးဟာ တောကျောင်းလေးရွာ ဦးစာဂ ၏ဇနီးဒေါ်ခင်ကို ဆေးကုသပေးနေပါ တယ်။ လူနာဒေါ်ခင်ရဲ့ဝေဒနာက စော ရွှေလေး ဆေးတိုက်မန်းမှုတ်လိုက်ရင် ချက်ချင်းသက်သာသွားပြီး စောရွှေလေး ပြန်သွားသော် ရောဂါကမသက်သာဘဲ ထပ်ပြီးသာ ပိုပြီးတိုးတိုးလာပါတယ်။ သည်လိုနှင့် ကြာလာတော့ လူနာရှင် ဦးစာဂက စိတ်မရှည်တော့ဘဲ ကုန်းသာ ကဆရာကြီးဦးဘဒင်နှင့် ဆရာကြီး ဦးထွန်းမွေးတို့ကို အကျိုးအကြောင်း ပြောပြီး ဆေးကုပေးဖို့ပင့်ပါသော်လည်း စောရွှေလေး၏ လူနာဖြစ်တာကြောင့် ရှုပ်ရှုပ်ယှက်ယှက်ဖြစ်မှာစိုးပြီး ဆေးကု မကြွဘဲနေကြပါတယ်။

ဦးစာဂကတော့ ဇနီးသည်ဒေါ်ခင် ၏ရောဂါသိပ်ပြီးမသက်သာလို့ ချောင်း ဦးမြို့မှာရှိတဲ့ တိုင်းရင်းဆေးနှင့် မနော မယိဒ္ဓိဂိုဏ်းဆရာကြီးဆရာငြိမ်းကို ပင့် ကြပါတယ်။ ချောင်းဦးနှင့်တောကျောင်း လေးက ခုနစ်မိုင်ခန့်ဝေးလို့ ဆရာငြိမ်း ဟာ လူနာရှိရာကိုမြင်းလေးစီးပြီး ရောက် လာပါတယ်။ လူနာရဲ့အခြေအနေ အကျိုးအကြောင်းကိုမေးပြီး လူနာအား ဘုရားဆောင်ရှေ့မှာခေါ်ပြီး သွေး ပယောဂလား၊ လေပယောဂလား၊ အခြား အမှောင့်ပယောဂလားသိရ အောင် သေချာစမ်းသပ်စစ်ဆေးပြီး သော် လူနာအား ဆရာကိုအပ်ပါရန်နှင့် သာသနာပွဲလှူရန် ဆေး၊ ကွမ်း၊ လက် ဖက်၊ အုန်း၊ ငှက်ပျော၊ အလင်းတိုင်၊ အမွှေးတိုင်တို့ကိုတောင်းယူကာ သာသ နာပွဲတင်လှူကာ မြတ်စွာဘုရားအမှူးပြု ပြီး သာသနာစောင့်နတ်မင်းကြီးများ၊ သမ္မာဒေဝ နတ်မြတ်နတ်ကောင်းကြီး များ၊ ဝိဇ္ဇာဇော်ဂျီတပသီများနှင့် ဝိဇ္ဇာ ရှစ်သောင်း ဇော်ဂျီအပေါင်းတို့နှင့်တကွ ပြည်လုံးချမ်းသာဆရာကျော်ကြီးတို့အား ပင့်ဖိတ်လှူဒါန်းပူဇော်ပြီး ဝေနေယျ သတ္တဝါတို့အား ကယ်တင်စောင့်ရှောက် နိုင်ရန် သစ္စာအဓိဋ္ဌာန်ပြုပါတယ်။

သစ္စာအဓိဋ္ဌာန်ပြုပြီးသော် ဆရာ ငြိမ်းက လူနာအား ငါးပါးသီလခံယူစေ ပြီး လူနာအား နှောင့်ယှက်ထားသော ပုဂ္ဂိုလ်များလာရောက်ရန် အမိန့်နှင့်ခေါ် သောအခါ ရွာသူ(စုန်း)နှင့် နတ်တို့က လူနာအားဝင်ပူးကာ ဆရာတစ်ဦးမှ စေခိုင်းလို့ ခုလိုလုပ်ရတာဖြစ်ကြောင်း ပြောတဲ့အခါ ရွာသူရော နတ်ကိုပါ မေတ္တာရပ်ခံပြီး နှောင်မလုပ်ပါရန်နှင့် ယခုပြုစားထားသည်များကို ပြန်လည် နုတ်ယူရန်၊ မနုတ်ယူခဲ့သော် ဦးခေါင်းကို မိုးကြိုးရှစ်စိတ်ခွဲခံရပြီး မဟာအဝီစိငရဲသို့ ကျရောက်ပါစေသားဟု ဆိုခိုင်းကာ သစ္စာရေကိုတိုက်ပြီး ရွာသူနဲ့နတ်စိမ်းကို ပြန်ခွင့်ပြုလိုက်ပါတယ်။ ဆရာငြိမ်းက လူနာဒေါ်ခင်အား တိုင်းရင်းဆေးများ လိုအပ်ရာကိုပေးကာ ဘုရားဝတ်တက် မပျက်ရန်မှာကြားပြီးနောက် သုံးရက် နေလျှင် ပြန်ကြွလာမည်ဟုပြောကြား ကာပြန်သွားပါတော့တယ်။

ဒေါ်ခင်ဟာ မြတ်စွာဘုရားကို နံနက် သောက်တော်ရေ ပန်း၊ ဆွမ်းတို့ ကိုကပ်လှူပူဇော်ပြီး ညရောက်သော် သောက်တော်ရေ ဆီမီး၊ အမွှေးတိုင်တို့ နှင့်ကပ်လှူကာ ငါးပါးသီလခံယူခဲ့ပြီး ပုံမှန်ကန်တော့ပါတယ်။ မိမိခံစားနေရတဲ့ ရောဂါဝေဒနာလည်း သိသိသာသာ သက်သာလာပါတယ်။ ဆရာငြိမ်းပြန် သွားလို့ သုံးရက်စေ့တဲ့နေ့မှာပဲ မြင်းလေး ကိုစီးပြီး ဦးစာဂနေအိမ်ကို ဆရာငြိမ်း ရောက်လာပါတယ်။ လူနာဒေါ်ခင် ခံစားနေရတဲ့ရောဂါကို စစ်ဆေးသော အခါ ကောင်းမွန်တဲ့အနေအထားကို ရရှိနေပါတယ်။ ဒေါ်ခင်ရဲ့ဆန္ဒအရ မနောမယိဒ္ဓိဂိုဏ်းကို ဝင်လိုတာကြောင့် ကန်တော့ပွဲကို ပြင်ဆင်ပေးကာ ငါးပါး သီလခံယူခိုင်းပါတယ်။

ဆရာငြိမ်းမှလည်း ဘုရားကန် တော့ကာ အထက်ပုဂ္ဂိုလ်ကြီးများကိုပင့် ဖိတ်ပြီး ဂိုဏ်းသားသစ်ဒေါ်ခင်ကို ရာသက်ပန် ငါးပါးသီလ လုံခြုံစွာထိန်းဖို့ ကံငါးပါးမထိန်းနိုင်သော် အနည်းဆုံး ကံနှစ်ကံ(ကာမေသုမိစ္ဆာနှင့်သူရာမေရ ကံ)ကိုထိန်းရန်ပြောကြားကာ သစ္စာဆို ရန် ဆရာငြိမ်းက ရှေ့မှတိုင်ပေးပြီး ဒေါ်ခင်က နောက်မှလိုက်ဆိုရပါတယ်။ ဆိုသော သစ္စာဖောက်ဖျက်ကျူးလွန် ကျိုးပေါက်ခဲ့သည်ရှိသော် ဦးခေါင်း ထက်မှာ မိုးကြိုးရှစ်စိတ်ခွဲခံရကာ မဟာ အဝီစိငရဲသို့ကျရောက်ကာ ဆင်းရဲ မွဲတေလူစဉ်မမီဖြစ်ရပါစေသား။ သစ္စာ တည်လေသော် အကျွန်ုပ်လက်နှင့်ထိက ဆေးအထိဖြစ်ကာ ခပ်သိမ်းသော သတ္တဝါဝေနေယျတို့၏ ဝေဒနာများကို ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ရောဂါကင်းစင်အောင် ကယ်တင်စောင့် ရှောက်နိုင်ပါစေသားဟု သစ္စာပြုကာ ဒေါ်ခင်၏ဦးခေါင်းနှင့် လက်နှစ်ဖက်တို့ နငယ်နားတွင်းပိတ်နှင့် စမလေးလုံး စ. မ. ဗ. ဝကိုရေးကာ သစ္စာရေတို့ တိုက်လိုက်ပါတယ်။

ဒေါ်ခင်အား မနောမယိဒ္ဓိဂိုဏ်း ဝင်ပေးပြီး ဆရာငြိမ်း ရေနွေးသောက်နား နေစဉ် စောရွှေလေး ရောက်လာကာ စိတ်ဆိုးမာန်ဆိုးနှင့်တန်းလျားမှာဝင်ထိုင် ပြီး ခုလိုပြောလိုက်တယ်။

"ခင်ဗျားက ဆရာတစ်ယောက် လုပ်နေပြီး လူစည်းဘီလူးစည်းဆိုတာ နားမလည်ဘူးလား"

လို့ စောရွှေလေးကမေးလိုက်တဲ့ အခါ အံ့အားတသင့်ဖြစ်နေတဲ့ဆရာငြိမ်း ကပြန်မေးလိုက်ပါတယ်။

"ကျုပ်က ဘာတွေဖြစ်နေလို့တုန်း ဗျ"

လို့ပြန်မေးလိုက်တဲ့အခါ စောရွှေ လေးက ပြန်ပြောလိုက်ပါတယ်။

"ခင်ဗျားသိဖို့က ဒီနယ်က ကျုပ် နယ်ဖြစ်သလို ဒီလူနာက ကျုပ်ရဲ့လူနာ ပဲ။ ဆရာစည်းကမ်းအရ ကျုပ်လူနာကို ကျုပ်ခွင့်ပြုချက်မရဘဲ ခင်ဗျားလုပြီး ဆေးကုသခွင့်မရှိဘူး"

"ကျုပ်က မသိလို့ပါ။ ကျုပ်ကို ခွင့် လွှတ်ပါ"

"ခွင့်မလွှတ်နိုင်ဘူးဗျ၊ ခင်ဗျားက ကျုပ်နယ်လာပြီး ကျုပ်ကိုစော်ကားတာ၊ ခင်ဗျားရော လူနာရော ခုနစ်ရက်အတွင်း မှာ ကျုပ်အကြောင်းကိုသိစေရမယ်"

လို့ စောရွှေလေးကပြောသော အခါ ဆရာငြိမ်းက ပျာပျာသလဲတောင်း ပန်ပါတယ်။

"အဲဒီလိုမလုပ်ပါနဲ့ဗျာ၊ ဒီလူနာကို ခင်ဗျားခွင့်မပြုရင် ကျုပ်ဆေးမကုတော့ ပါဘူးဗျာ။ ကျုပ်တို့ဆရာတွေဟာ သတ္တဝါဝေနေယျတို့ကို တတ်နိုင် သလောက် ကယ်တင်ချင်တာပဲသာဖြစ် ပါတယ်"

"ဒီလို စည်းမစောင့်တဲ့လူနာကို ကျုပ်မကုဘူး။ အေး - ခင်ဗျားစွမ်းရင် ကျုပ်ကို ခင်ဗျားပညာနဲ့ခုနစ်ရက်အတွင်း ကျုပ်ကိုလုပ်ပြလိုက်ပါ။ ကျုပ်အကြောင်း ကိုလည်း ခင်ဗျားနဲ့လူနာသိစေရမယ်"

ဟု ဒေါသတကြီးပြောကာ စော ရွှေလေးလည်း ပြန်သွားပါတော့တယ်။

ဆရာငြိမ်းလည်း စိတ်မကောင်း

ဘွာကျန်ရစ်ခဲ့ပြီး အိမ်ရှင်ဦးစာဂနှင့်ဒေါ်ခင်ကိုလည်း သတိဝီရိယနှင့်နေထိုင်ကြပါရန်နှင့်ဘုရားဝတ်ဖြည့်ကြကာ သရဏဂုံသုံးပါးကိုမပြတ်ရွတ်ဖတ်ကြရန်၊ အစားစားသော် သရဏဂုံဆောက်တည်ပြီးမှ စားသောက်ကြရန်နှင့် ညရောက်လျှင် ဝင်းတံခါးကိုအလုံပိတ်ပြီး (၂၄)ပစ္စည်းကို ရွတ်ဖတ်ကာ အရပ်ရှစ်မျက်နှာအား စည်းချပြီးအိပ်ကြရန် မှာကြားကာ ပြန်သွားပါတော့တယ်။

ဆရာငြိမ်း အိမ်ပြန်ပြီးနောက်ရက် နံနက်စောစောမှာ ချောင်းဦးဈေးမှာ သာသနာ့ပွဲတင်လှူရန် အုန်း၊ ငှက်ပျော၊ အလင်းတိုင်၊ အမွှေးတိုင်၊ ဆေးလိပ်၊ လက်ဖက်၊ ကွမ်း၊ ပိတ်ဖြူတစ်စနှင့်အတူ လတ်လတ်ဆတ်ဆတ် ရှောက်သီးတစ်လုံးကိုဝယ်ကာ အိမ်ပြန်လာပြီး ဘုရားဆောင်စားပွဲမှာ သာသနာ့ပွဲပြင်ကာ သာသနာစောင့်နတ်မင်းကြီးများ၊ ဆိုင်ရာပိုင်ရာ အထက်ပုဂ္ဂိုလ်ကြီးများကိုပင့်ဖိတ်ပြီးသစ္စာအဓိဋ္ဌာန်ပြုကာ ရှောက်သီးကို သာသနာ့ပွဲထဲမှာရောပြီးတင်လှူကာ မနောမယိဒ္ဓိဝိဇ္ဇာမိုရ်ရှိ ကန်တော့ချီးနှင့် ပူဇော်ကန်တော့ပါတယ်။

'ဩကာသ ဩကာသ ဩကာသ ကာယကမ္မ၊ ဝစီကမ္မ၊ မနောကမ္မတည်းဟူသော သုံးပါးသော ကမ္မတို့ဖြင့်. . . အလုံးစုံသော သတ္တဝါ တို့၌ (၉၆) ပါး ဝေဒနာထူးထွေ ဖြစ်လေသမျှ ကိုယ်ပကိုယ်တွင်းကပ်ခြင်း စွဲလာ၊ ဘေးဘယာတို့ကို ဆရာကြည့်ရှုစောင်မတော်မူပါ အရှင်ဘုရား။

မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာမိန့်မှာမပျက်၊ ဓမ္မစက်ကို ပယ်ဖျက်တိမ်းရှောင် နာမဆောင်၍ မှောင်အဝိဇ္ဇာဖုံးလွှမ်းပါသော လူပြိတ္တာ၊ နတ်ပြိတ္တာ၊ ဘီလူးပြိတ္တာ၊ စုန်းပြိတ္တာ၊ ဘုတ်ပြိတ္တာ၊ ဝေမာနိကပြိတ္တာ အစရှိသော မသမာသောသူ ရန်သူအပေါင်းတို့ကို နှိမ်နင်းဖယ်ရှားလိုသည်ဖြစ်၍ ဘုရားတပည့်တော်အား နှိမ်ကွပ်ရန် အမိန့်အာဏာကို ပေးသနားတော်မူပါ ဆရာတော်အရှင်သူမြတ်တို့ဘုရား"

ဆရာငြိမ်းဟာ သာသနာ့ပွဲကိုကပ်လှူပူဇော်ကာ သစ္စာအဓိဋ္ဌာန်ပြုပြီး မနောမယိဒ္ဓိဝိဇ္ဇာမိုရ်ကန်တော့ခန်းနှင့် ကန်တော့ပြီးသောအခါ မေတ္တာပို့ အမျှပေးဝေပြီး ဘုရားကန်တော့ခြင်းကိုအဆုံးသတ်လိုက်ပါတယ်။

သာသနာ့ပွဲတင်လှူလို့ သုံးရက်မြောက်သောနေ့မှာတော့ တောကျောင်းရွာရှိလူနာကို စိတ်မချသည့်အတွက် ဆရာငြိမ်းဟာ မြင်းလေးစီးပြီး လူနာအိမ်ကိုရောက်သွားကာ အကျိုးအကြောင်းကို ဦးစာဂအား မေးမြန်းပါတယ်။

"လူနာက နေကောင်းတယ်ဆရာ၊ ညလူခြေတိတ်ချိန်မှာတော့ ခွေးဟောင်သံတွေကြားရပြီး ခြံစည်းရိုးနားဆီက ချိုးချိုးချွတ်ချွတ်အသံတွေနဲ့အတူ ခဲလုံးတွေကျတဲ့ပေါက်တဲ့အသံတွေကြားရလို့ လက်နှိပ်မီးနဲ့ထိုးရှာတော့လည်း ဘာမှမတွေ့ရဘူးဆရာ"

ဦးစာဂ၏စကားကို စူးစူးစိုက်စိုက်နားထောင်နေတဲ့ဆရာငြိမ်းက ထပ်မေးပြန်ပါတယ်။

"နောက်ထပ်ကော ဘာတွေထူးသေးလဲ"

"သန်းခေါင်ကျော်လောက်မှာ ခွေးအူသံတွေကြားရပြီး ပြန်တိတ်ဆိတ်သွားပါတယ်ဆရာ"

ရေနွေးသောက်ရင်း နားထောင်နေတဲ့ဆရာငြိမ်းက ဦးစာဂကိုသတိပေးစကားပြောကြားကာ လူနာဒေါ်ခင်ကိုလည်း အထူးဂရုစိုက်နေထိုင်ပါရန် ပြောပြပါတယ်။

"ခင်ဗျားတို့မိသားစု ဒီရက်အတွင်း သတိဝီရိယနဲ့နေကြပါ။ နေဝင်တာနဲ့ ဝင်းတံခါးပိတ်ပြီး လူဝင်လူထွက်မလုပ်ပါနဲ့၊ ဘုရားဝတ်ပြုပါ၊ သရဏဂုံပွားများပေးပါ။ ပဋ္ဌာန်း(၂၄)ပစ္စည်းကိုရွတ်ဖတ်ပြီး စည်းချပြီးမှ အိပ်ကြပါ။ ကျုပ်လည်း အဝေးကနေ မေတ္တာပို့ပြီး စောင့်ရှောက်ပါ့မယ်"

ဟု သတိပေးပြောကြားကာ ဆောင်ရန် ရှောင်ရန်တို့ကိုမှာကြားပြီး ခုနစ်ရက်စေ့သော် ပြန်လာပါမည်ဟု ပြောကာ ဦးစာဂ၏နေအိမ်မှ ဆရာငြိမ်း ပြန်လာပါတော့တယ်။

ဆရာငြိမ်းဟာ ဆရာစောရွှေလေး၏လူနာကို ဆေးကုပေးမိရာမှအစပြုပြီး စောရွှေလေးရဲ့ပညာမာန်အစွန်းရောက် အောင်ထက်မှုနှင့် ပညာပြိုင်ရန်စိန်ခေါ်မှုကို မလွှဲမရှောင်သာဘဲ လက်ခံရပါတော့တယ်။ဆရာငြိမ်းက မြတ်စွာဘုရား အမှူးပြုပြီးသကာလ သာသနာစောင့်နတ်မင်းကြီးများ၊ သမ္မာဒေဝနတ်ကောင်းနတ်မင်းကြီးများ၊ ရဟန်းဝိဇ္ဇာမိုရ်၊ လူဝိဇ္ဇာမိုရ်နှင့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများ၊ မနောမယိဒ္ဓိဂိုဏ်းတော်ကြီး၏ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများအား ရှိသေစွာပင့်ဖိတ်ပူဇော်ပြီး သစ္စာပြုတိုင်တည် အဓိဋ္ဌာန်ပြုကာ ခုနစ်ရက်ပြည့်သောနေ့ နံနက်စောစောမှာ သာသနာ့ပွဲကိုချခွင့်တောင်းပြီး သာသနာ့ပွဲလှူရာမှာ ထည့်လိုက်သည်။ ရှောက်သီးကိုယူကာ ဆရာငြိမ်းမှ စတိအနေဖြင့် ရှောက်သီးကို ဓားမြှောင်ဖြင့်ထိုးလိုက်သော် ထူးဆန်းအံ့ဩဖွယ်ရာ ဓားဒဏ်ရာမှ ရှောက်သီးဟာ သွေးတို့ စိမ့်ထွက်ယိုကျလာပါတယ်။ ဆရာငြိမ်းက ရှောက်သီးကို စားပွဲပေါ် အသာအယာပြန်တင်ခဲ့ပြီး လူနာရှိရာ တောကျောင်းရွာကို မြင်းလေးစီးပြီး ထွက်လာပါတော့တယ်။

မြင်းကို ခပ်သုတ်သုတ်နှင်ရင်း ပါးစပ်မှလည်း သရဏဂုံသုံးပါးကိုရွတ်ဆိုလာကာ နံနက်(၇)နာရီသာသာလောက်မှာ လူနာအိမ်သို့ ဆရာငြိမ်းရောက်တယ်ဆိုလျှင်ပဲ ဦးစာဂက ပျာပျာသလဲဆီးကြိုပြီး မြင်းကို ရေစားကျင်းတပ်ကာ အစာကျွေးထားပါတယ်။ ဆရာငြိမ်းကိုလည်း ထမင်းဆီဆမ်း၊ ပဲပြုတ်ပူပူ၊ မြေပဲဆံကြော်၊ သံပရာချဉ်၊ ရေနွေးနှင့်ဆေး၊ ကွမ်း၊ လက်ဖက်တို့နှင့် ဧည့်ခံပါတယ်။ ဆရာငြိမ်းကတော့ အခုလောတကြီးမေးမြန်းပါတယ်။

"ကဲ- ဦးစာဂ လူနာအခြေအနေနဲ့ ထူးခြားတာကို အရင်ပြောဗျာ"

"လူနာက နေကောင်းပါတယ်ဆရာ၊ အခု ဘုရားကန်တော့နေတာပါ။ အဲ- ထူးခြားတာကတော့ ညဉ့် (၁၂)နာရီလောက်မှာ ခါတိုင်းထက်ပိုတဲ့ ခွေးအူသံတွေနဲ့ စည်းရိုးနားဆီက ချိုးချိုးချွတ်ချွတ်အသံတွေ၊ ခဲနဲ့ထုသလိုအသံတွေ ပိုများလာပါတယ်။ ညဉ့် (၂)နာရီလောက်မှာ အပုပ်နံ့တွေ ဆိုးဆိုးဝါးဝါးနံ့လာပါတယ်။ ပြီးတော့ လူနာညည်းသလို အဟီးဟီးအသံတွေလည်း ခပ်သဲ့သဲ့ကြားနေရသလိုပဲဆရာ။ နံနက် (၃)နာရီလောက်မှာတော့ ဟိုးအဝေးကြီးဆီကလာတဲ့အသံမျိုးနဲ့ ငါ့ကိုမလုပ်ကြပါနဲ့၊ ငါတောင်းပန်ပါတယ်လို့ တောင်းပန်တိုးလျှိုးတဲ့အသံမျိုးတွေမသဲမကွဲကြားနေရပါတယ်။ ခွေးတွေကလည်း ဟောင်လိုက်အူလိုက်နဲ့ ကြက်သီးထစရာကောင်းလိုက်တာဆရာ၊ အဲ- မကြာခင်မှာပဲ အားဆိုတဲ့ မပီဝိုးဝါးအသံကြားလိုက်ရပြီး အနံ့နံ့တာရော လူနာညည်းသံရော ခွေးအူသံရော လုံးဝချက်ချင်းကြီး မနံမကြားရတော့ဘဲ ငြိမ်ကျသွားတော့တာပါပဲဆရာ"

ဆရာငြိမ်းကတော့ ဦးစာဂဖြောလေသမျှ စူးစိုက်နားထောင်ရင်း စိတ်မကောင်းခြင်းကြီးစွာနှင့် ပြောလိုက်ပါတယ်။

"အင်း- သတ္တဝါတစ်ခု ကံတစ်ခုပဲပေါ့ဗျာ။ ကမ္မာမီးလောင်ရင် သားတောင်ချနင်းသတဲ့။ ကျုပ်တို့လည်း အသက်နှင့်တမျှအရေးကြီးလာခဲ့ရင် မိမိ

ကိုယ့်ကိုယ် ခုခံကာကွယ်ခွင့်တွေရှိပါတယ်။ ဦးစာဂရာ ကျုပ် လုံးဝစိတ်မကောင်းဘူးဗျာ”

ဆရာငြိမ်း၏စကားနှင့်အမူအရာကိုကြည့်ပြီး ဘာမှနားမလည်တဲ့အဆုံး ဦးစာဂမှ သူသိရာကိုပဲမေးလိုက်ပါတယ်။

“ဒီနေ့တော့ စောရွှေလေးပြောတဲ့ ခုနစ်ရက်ပြည့်တဲ့နေ့ဆိုတော့ ဘာတွေဖြစ်လာဦးမှာလဲ ဆရာ”

“ဆရာစောရွှေလေးရဲ့ အခြေအနေကတော့ မကောင်းနိုင်ဘူးထင်တယ်ဗျ။ လောကရဲ့နိယာမတရားက ကိုယ်ပေးတဲ့ပစ္စည်းကို သူများကမယူခဲ့ရင်တော့ ကိုယ်ပဲပြန်ရတယ်ဗျာ”

လူနာဒေါ်ခင်က ဘုရားဝတ်ပြုပြီးလို့ ဆရာငြိမ်းတို့စားပွဲကို လာထိုင်ပါတယ်။ ဦးစာဂကတော့ သိလိုဇောနှင့် ဆက်မေးပါတယ်။

“ဒါဖြင့် ဆရာစောရွှေလေး ဘာတွေဖြစ်နိုင်တယ်ဆိုတာ ပြောပါဦးဆရာ”

“အေးဗျာ၊ သူခိုင်းထားတဲ့အကောင်တွေက မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်ဂုဏ်တွေနှင့်အတူ နတ်မြတ်နတ်ကောင်းနတ်အပေါင်းနဲ့တကွ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာနဲ့ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်မြတ်တို့ရဲ့စောင့်ရှောက်တဲ့ကျေးဇူးတွေကြောင့် လူနာဒေါ်ခင်ရယ်၊ ခင်ဗျားရယ်၊ ကျုပ်ရယ်ကို သူခိုင်းတဲ့ကောင်တွေက ဘာမှမလုပ်နိုင်တော့ဘဲ သူတို့ကိုခိုင်းစေတဲ့စောရွှေလေးကိုစိတ်ဆိုးဒေါသထွက်ပြီး ရန်ပြုကြပါတော့မယ်။ အကြောင်းစုံသိချင်ရင် ခင်ဗျားတို့ လူယုံတစ်ယောက်ကိုလွှတ်ပြီး စုံစမ်းခိုင်းလိုက်ဗျာ”

ဆရာငြိမ်း၏ စကားဆုံးသော် ဦးစာဂမှ ဆွေမျိုးနီးစပ်တော်သူဖြစ်ပြီး လည်လည်ဝယ်ဝယ်ရှိတဲ့ အသက် (၅၀) ခန့်ရှိ ဒေါ်တင့်ကို အသေအချာမှာကြားကာ စောရွှေလေး၏သတင်းကို စုံစမ်းခိုင်းလိုက်ပါတယ်။ ဆရာငြိမ်း၊ ဦးစာဂ၊ ဒေါ်ခင်တို့လည်း စကားပြောရင်း ရေနွေးသောက်ရင်းရဲ့ မနက် (၁၀)နာရီသာသာလောက်မှာ ဦးစာဂစုံစမ်းဖို့လွှတ်လိုက်တဲ့ ဒေါ်တင့် ပြန်ရောက်လာတယ်။ ဦးစာဂကအရေးတကြီး မေးလိုက်ပါတယ်။

“ဟဲ့ မယ်တင့်- ဘာတွေထူးသတုံး မြန်မြန်ပြောစမ်းပါဟ”

လို့ဆိုတော့ ဒေါ်တင့်က ပြန်ပြောလိုက်ပါတယ်။

“ထူးတယ်တော့၊ အခု စောရွှေလေးက သေသွားပြီးတော့”

လို့ ဒေါ်တင့်ကပြောလိုက်တဲ့အခါ အားလုံးက အံ့အားတသင့်ဖြစ်နေကြပါတယ်။ ဦးစာဂက ဆက်မေးပါတယ်။

“ဘယ်လိုဖြစ်ပြီး ဆုံးတာတုံးဟ၊ ရေရေလည်လည်ပြောစမ်းပါဦး”

ဟု မေးသောအခါ-

“ဒီလိုတဲ့ ဘကြီးရေ၊ စောရွှေလေးရဲ့အိမ်နားမှာ ညသန်းခေါင်လောက်ဆိုရင် ခွေးဟောင်သံတွေ၊ ခွေးအူသံတွေနဲ့ ငှက်ဆိုးထိုးသံတွေ ကြားနေရသတဲ့။ လွန်ခဲ့တဲ့သုံးရက်လောက်စပြီး ခွေးအူသံ၊ ငှက်ဆိုးထိုးသံတွေငြိမ်သွားရင် စောရွှေလေးရဲ့ မချိမဆန့်ညည်းတွားသံကို ဘေးအိမ်ကကြားရသတဲ့။ မနက်လင်းတော့လည်း စောရွှေလေးက လူကောင်းပကတိပဲတဲ့။ မနေ့ညကတော့ ခါတိုင်းနေ့တွေထက်ပိုဆိုးသတဲ့။ ခွေးသံတွေနဲ့အတူ တဝုန်းဝုန်း တရုန်းရုန်းအသံတွေကြားနေရသတဲ့။ နောက် စောရွှေလေးရဲ့ ညည်းတွားသံကြားရသတဲ့။ ပြီးတော့ ကယောင်ချောက်ချားနဲ့ ‘ငါ့ကိုမလုပ်ကြပါနဲ့၊ ငါ မင်းတို့ကိုတောင်းပန်ပါတယ်’ လို့သွေးရူးသွေးတန်းပြောနေတဲ့ အသံတွေလည်းကြားနေရပြီး မနက် (၄)နာရီလောက်မှာ ကြောက်မက်ဖွယ် မချိမဆန့်ခံစားရင်း အားဆိုတဲ့အသံနက်ကြီးနဲ့အော်ပြီး စောရွှေလေးဆုံးသွားသတဲ့။ သူလည်းဆုံးရော စောစောက ဆူညံညံသံတွေလည်း လုံးဝငြိမ်သက်သွားသတဲ့”

ဒေါ်တင့်၏စကားကို ဦးစာဂ၊ ဒေါ်ခင်နှင့်ဆရာငြိမ်းတို့က စိတ်ဝင်တစားနဲ့နားထောင်နေရင်းနှင့် ဦးစာဂကပြောကြားလိုက်ပါတယ်။

“စောရွှေလေးရဲ့အဖြစ်က မယုံနိုင်စရာအံ့ဩစရာတွေနဲ့ ထူးဆန်းလိုက်တာဆရာ”

လို့ ဦးစာဂမှ ပြောသော်လည်း ဆရာငြိမ်းက ဘာမှပြန်မပြောဘဲ ငိုင်ငိုင်ငူငူကြီးဖြစ်နေစဉ်မှာပဲ ဒေါ်တင့်က ဆက်ပြီးပြောပြန်ပါတယ်။

“ဒီထက်ထူးတာက ဆရာစောရွှေလေးရဲ့နဖူးအလယ်တည့်တည့်မှာ ဒဏ်ရာရပြီး သွေးစို့နေတာပဲတဲ့။ ဘယ်လိုကြောင့် ဒဏ်ရာရတယ်ဆိုတာလဲ ဘယ်သူမှမသိကြဘူး။ မျက်နှာကို ပဝါနဲ့ဖုံးထားပြီး စောရွှေလေးရဲ့တပည့်တစ်ယောက်က အလောင်းနားမှာထိုင်စောင့်နေပြီး သူ့ဆရာရဲ့မျက်နှာကိုလည်း မည်သူ့ကိုမှကြည့်ခွင့်မပေးဘူးတဲ့”

ဒေါ်တင့်ပြောတဲ့စကားကို နားထောင်ပြီး အားလုံးက တိတ်ဆိတ်နေကြပါတယ်။ ဆရာငြိမ်းကတော့ စိတ်မကောင်းစွာနှင့်ပြောလိုက်ပါတယ်။

“သတ္တဝါတစ်ခု ကံတစ်ခုပဲပေါ့ဗျာ၊ ကံစီမံရာခံကြရတာပါပဲ။ နောင်ဘဝဆက်တိုင်း အတ္တနဲ့အငြိုးအာဃာတကြီးတဲ့သူမျိုးနဲ့ ဘယ်သောအခါမှမတွေ့ရပါစေနဲ့လို့ ဆုတောင်းပါတယ်”

ဆရာငြိမ်းကတော့ မျက်နှာမကောင်းဘဲ အဝေးကိုငေးကြည့်ရင်းပြောတဲ့စကားဟာ သူ့ကိုယ်သူပြောတာလား အခြားသောသူတွေကိုပြောနေတာလားလို့ သူကိုယ်တိုင်မသိတော့ပါဘူး။ ဒေါ်တင့်ကတော့ထပ်ပြောလိုက်ပြန်ပါတယ်။

“စောရွှေလေးရဲ့အသုဘကို သူ့ဇနီးနဲ့သူ့တပည့်တွေက ကြာရှည်မထားတော့ဘဲ ဒီနေ့မွန်းလွဲတစ်နာရီမှာ စောရွှေလေးရဲ့အလောင်းကို သင်္ဂြိုဟ်ပို့ကြမယ်တဲ့”

ငေးငေးငူငူနှင့် ဒေါ်တင့်ရဲ့စကားကိုဆုံးအောင်နားထောင်ပြီး ဆရာငြိမ်းက သူပြန်တော့မည့်အကြောင်းကိုပြောလိုက်ပါတယ်။

“ကဲ- ဒေါ်ခင် ခင်ဗျားနေကောင်းနေပါပြီ။ ထိန်းထားတဲ့ကံကိုလည်း မကျိုးမပေါက်အောင် အထူးသတိပြုပြီး လုံခြုံအောင်ထိန်းပါ၊ ဘုရားဝတ်တက်လည်း မပျက်ပါစေနဲ့ဗျာ။ ကဲ ဦးစာဂ ကျုပ်ပြန်တော့မယ်”

ဟုဆိုသောအခါ ဦးစာဂတို့ဇနီးမောင်နှံက မပြန်ဖို့တားကြပါတယ်။

“ညနေ နေလေးစောင်းမှပြန်ပါ့ဆရာ၊ လူရောမြင်းရော နေပူလွန်းပါတယ်ဗျာ”

“ကျုပ် ညနေထိမနေတော့ပါဘူး အခြားကိစ္စလေးတွေလည်းရှိနေလို့ပါ”

“ကဲဗျာ- တားလို့မရရင်လည်းပြန်ပါ။ ဒါပေမယ့် ထမင်းတော့စားပြီးမှပြန်ပါ။ ဟဲ့- မယ်တင့် ထမင်းပွဲပြင်ဦး”

ဟုဆိုကာ ဒေါ်တင့်ကို ထမင်းခူးခိုင်းပါတယ်။ တောထမင်း တောဟင်းဖြစ်တာကြောင့် ငါးပတ်ငါးပိတစ်ခွက်၊ ကန်စွန်းရွက်ချဉ်ရည်၊ ပဲပြုတ်၊ ငရုတ်သီးကြော်တို့ ထမင်းပွဲပြင်ပြီး ဖွတ်အတင်းကျွေးတာကြောင့် ဝတ္တရားအရ မစားချင်နှင့် ထမင်းစားသောက်ပြီးသော် ဆရာငြိမ်းအား ဦးစာဂက ပြောပါတယ်။

“ဆရာရယ် ကျုပ်ဇနီးရောဂါဝေဒနာကို အရှင်းပျောက်သွားအောင် ဆေးကုသကယ်တင်ပေးလို့ ကျေးဇူးအထူးတင်ပါတယ်ဆရာ။ အိမ်ကိုလည်း မကြာခဏကြွပေးပါလို့ ဖိတ်ပါတယ်။ ဆရာ ကျုပ်လည်း ကံငါးပါးကိုလုံခြုံအောင်ထိန်းပြီး ဆရာ့ဆီမှာ မနောမယိဒ္ဓိအထက်လမ်းဂိုဏ်းကိုဝင်ခွင့်ပြုပါဆရာ”

ရုတ်တရက်
နှာစေး၍ ဖျားချင်သလိုဖြစ်လာလျှင်

အေးချမ်းအောင်(ရမည်းသင်း)

ကိုကျော်မြသိန်းနှင့် ကျွန်တော် ခက်ဘီးကိုယ်စီနှင့် အလုပ်စခန်းမှ မနက်စာစားသောက်ပြီး ထွက်လာခဲ့ကြသည်။

ကျွန်တော်တို့ လုပ်ကိုင်နေသော သစ်တောထွက်ကုန်များထုတ်လုပ်သည့် ကုမ္ပဏီအတွက် ကုန်ကြမ်းများကိုရရှိနိုင်သည့် တောတောင်တွေထဲ ဝင်ရောက်၍ ကုန်ကြမ်းရရှိနိုင်မှုအခြေအနေကို ကွင်းဆက်လေ့လာပြီး ဒေသခံများနှင့်ညှိနှိုင်းကာ ထုတ်လုပ်ရခြင်း ဖြစ်၏။ ကုန်ကြမ်းရရှိနိုင်သည့် တောတောင်တိုင်းကို သွားရောက်ကာ လုပ်ငန်းလည်ပတ်နိုင်ရန် ကုန်ကြမ်းများ စဉ်ဆက်မပြတ် ရှာဖွေနေရသည်။

ကုန်ကြမ်းရှာ တောတိုးပြီ ဆိုလျှင် တစ်ပတ်၊ ဆယ်ရက်ခန့် ကြာလေသည်။ ထိုစဉ်က ယခုလိုလမ်းပန်းဆက်သွယ်ရေးလည်းမကောင်း၊ ဆိုင်ကယ်တွေမရှိသေးတော့ စက်ဘီးကိုသာအားကိုးသွားနေရသည်။ စက်ဘီးနှင့်သွားလို့ရသလောက် စက်ဘီးနှင့်သွား၊ မရတော့လျှင် စက်ဘီးထားခဲ့၊ ခြေကျင်လျှောက်ကြရသည်။

ကျွန်တော်တို့သွားရောက်ခဲ့သော တောတောင်တိုင်းသည် လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ ဖွံ့ဖြိုးမှုလွန်စွာအားနည်းလှသောတိုင်းရင်းသားကျေးရွာတွေ ဖြစ်ကြသည်။

လွန်စွာရိုးသားကြ၍ ချစ်ခင်ဖွယ်ရာကောင်းသော တိုင်းရင်းသားတို့နှင့် လုပ်ငန်းကိစ္စများ ပြောဆိုရာတွင်လည်း လွယ်ကူလေ့ရှိသလို ကတိလည်းတည်လေ့ရှိကြသည်။

မရောက်ဘူးသောဒေသ ဖြစ်လို့ စိတ်အားငယ်မိရင်တောင် ဖော်ရွေတတ်သော၊ ဟန်ဆောင်မှုကင်းသော တလေးတစားဆက်ဆံလေ့ရှိသည့်သူတို့နှင့်စကားပြောလိုက်မိလျှင် တဒင်္ဂအတွင်းမှာပင် မိသားစုပမာဖြစ်ရသည်။

တစ်ရက်တွင်တော့ တစ်နေ့လုံး တောတိုးပြီး ချွေးသံရွှဲကာ မောမောနှင့် တဲအိမ်ပြန်ရောက်ရောက်ချင်း ချောင်းထဲ ရေပြေးချိုးလိုက်မိသည်။

တစ်နေ့လုံး တစ်တောင်ဆင်းတစ်တောင်တက်သွားခဲ့ရတဲ့ကျွန်တော် အေးစိမ့်နေတဲ့ ရေလေးကို ချိုးလိုက်ရတော့ အတော်ပင် လန်းဆန်းသွားသည်။ သို့သော် ရေချိုးပြီး နာရီဝက်လောက်အကြာမှာ နှာတွေမွန်၊ နှာတွေချေ၊ ခေါင်းကပါ တူစစ်စစ်ကိုက်ခဲ၍လာပါတော့သည်။

စခန်းက အလောတကြီး ထွက်လာခဲ့၍ ဘာဆေးမှပါမလာခဲ့။ ခါတိုင်းတောထွက်လျှင် ရုတ်တရက်ဖျားနာလျှင် သောက်ရန် ဆေးများနှင့် ငှက်ဖျားကာကွယ်ဆေး စသည်ဖြင့် ယူဆောင်သွားလေ့ရှိသည်။

ရွာထဲတွင် ဈေးဆိုင်ရှိ၊ မရှိ မေးကြည့်တော့ ဈေးဆိုင်ကမရှိ။ အချို့ ဈေးဆိုင်တွေက ပါရာစီတမောလ်၊ဘာမိတွန်လို ဖျားနာကိုက်ခဲပျောက်ဆေး ရောင်းလေ့ရှိသည်မို့ မေးကြည့်ခြင်း ဖြစ်သည်။

ရေနွေးကြမ်းသောက်နေတဲ့ အိမ်ရှင် ဖထီးက ကျွန်တော့်အခြေအနေကို ကြည့်ကာ-

"ဖိုးခွား- ကောင်လေး၊ နင် နေမကောင်းဖြစ်ချင်နေတာနဲ့တူတယ်"

"ဟုတ်တယ် ဖထီး၊ ရေချိုးတာ အဆင်မပြေဘူးနဲ့တူတယ်။ ဒီတစ်ခေါက် ဆေးယူလာဖို့ မေ့သွားတယ်ဗျာ"

"မပူပါနဲ့ ဖိုးခွားရယ်၊ ငါ ပျောက်အောင်လုပ်ပေးမယ်"

အိမ်ရှင်ဖထီးက ပြောကာ မီးဖိုချောင်ထဲဝင်သွားလေသည်။ မီးဖိုထဲက ပြန်ထွက်လာတော့ ရေအိုးအဖုံးလေးထဲ မီးကျီးခဲ (မီးခဲ) သုံး၊ လေးတုံး ထည့်ယူလာပြီး ကျွန်တော်နားထိုင်ကာ-

"ဆန္ဒင်းမှိုင်း (နန္ဒင်းမှိုင်း) ရှူလိုက်နော်"

ပြောရင်း အနားတွင် ရှိနေသော စောင်ထူထူကြီးတစ်ထည်ကိုဖြန့်၍ ထိုင်နေတာကို ခေါင်းပေါ်မှနေ အုပ်ချကာ မလုံအောင်လုပ်၍ ရေအိုးဖုံးထဲက မီးကျီးခဲ (မီးခဲ) တွေပေါ် နန္ဒင်းမှုန့် ဇွန်းကြီးတစ်ဇွန်းလောင်းထည့်၊ မီးခိုးမှိုင်းတွေ တလူလူထွက်လာတော့ စောင်ခြုံထဲ ထည့်ပေးလာသည်။

"အသက်ကို ဖြည်းဖြည်းလေးနဲ့ ဝအောင် (၇)ကြိမ်လောက်ရှူလိုက်။ နည်းနည်းတော့ အောင့်အည်းသည်းခံကွာ။ နင့်မှာဖြစ်နေတာတွေခုချက်ချင်းပျောက်သွားမှာ ငါအာမခံတယ်"

ဟု ပြောလေသည်။

နန္ဒင်းမှိုင်းရှူရသည်မှာ လွန်စွာပင်ဆိုးရွားလှတဲ့ အနံ့ဆိုးကြီးကို ခက်ခက်ခဲခဲ ရှူရှိုက်နေရသည်။ မရှူနိုင်လောက်တဲ့ အခြေအနေရောက်လာတော့-

"ဖထီး၊ မရသေးဘူးလားဗျ"

"ရပြီပေါ့၊ ရပြီ။ တစ်မိနစ်လောက်လေးရှူရတာကို အသည်းငယ်လိုက်တာ ဖိုးခွားရာ"

ဟု ရယ်မောပြောဆိုရင်း စောင်လှပ်ပေးဖါသည်။

ဖထီး ပြောသလိုပင် စောစောက တဖူးဖူးဖြစ်နေတဲ့ နှာခေါင်း၊ တစစ်စစ်ကိုက်နေတဲ့ ခေါင်းတိုက် ယူပစ်လိုက်သကဲ့သို့ ပျောက်သွားသည်။ ချွေးစေးတွေလည်းထွက်လာသည်။

"ပျောက်သွားပြီမဟုတ်လား"

"ပျောက်သွားပြီ ဖထီး"

"တို့တောင်ပေါ်မှာ နင်တို့သုံးတဲ့ဆေးတွေရှိတာမဟုတ်ဘူး။ တော်ရုံဖြစ်တာ တောဆေးတောမြစ်နဲ့ပျောက်ကြတာ။ ဒီဆန္ဒင်းမှိုင်း(နန္ဒင်းမှိုင်း)က တော်ရုံအဖျားလောက်တော့ ပျောက်တာပဲ။ သွေးတွေသိပ်ဆိုးနေရင်လည်းဆန္ဒင်းမှိုင်းရှူလိုက်၊ သွေးတိုးနေတာ ချက်ချင်းပြန်ကျတယ်။ မှတ်ထားပေ ဖိုးခွား"

ဖထီး၏ နန္ဒင်းမှိုင်းကုထုံးလေးကို သတိတရဖြင့် မှတ်တမ်းတင် ရေးသားလိုက်ရပါသည်။

အေးချမ်းအောင်(ရမည်းသင်း)

ဆရာငြိမ်းက ဦးစာဂအား နောက်တစ်ခေါက်လာမှ ဂိုဏ်းသားသစ်အဖြစ် ဝင့်ပေမည့်အကြောင်း ပြောပြပါတယ်။ ဒေါ်ခင်ကလည်း တဘက်လေးပခုံးမှာတင်ပြီး ဆရာငြိမ်းကို ဦးချကန်တော့ပါတယ်။ ဆရာရှိရာ ချောင်းဦးအိမ်ကို လာရောက်ကန်တော့ပါဦးမယ်လို့ ပြောဆိုရင်း နှုတ်ဆက်နေပါတယ်။ ဆရာငြိမ်းကလည်း မိမိမကြာခဏ ကြွရောက်လာမည့်အကြောင်းကိုပြောဆိုကာ စိတ်မချမ်းမြေ့ခြင်းကြီးစွာဖြင့် အားလုံးကိုနှုတ်ဆက်ကာ မြင်းလေးကိုစီးပြီး တောကျောင်းရွာမှ တိတ်ဆိတ်ငြိမ်သက်စွာ ထွက်ခွာလို့လာခဲ့ပါတော့တယ်။

သဗ္ဗေသတ္တာ ကမ္မသကာ

ကိုမောင်လှသိန်း(ညီမြတ်ရွာ)

(မြန်အောင်)

စံဝင်းအောင်

အလကုမြူညှက် သံတာစ်ရှက်မှု

ကံကြမ္မာ၏ အလှည့်အပြောင်း ဟုဆိုရပေမည်လား။ သို့သော်လည်း ထိုကံကြမ္မာဟူသည် ထိုင်နေရင်းတော့ ဘာမှဖြစ်မလာဆိုသကဲ့သို့ပင်။ အမှန်တော့ သူ၏ ကြိုးစားအားထုတ်မှုကြောင့်သာ ဤနေရာသို့ ရောက်လာခဲ့ခြင်းဖြစ်ပေသည်။ ကောင်းသော ကံဟူသည် ကောင်းသော အလုပ်ဆိုသည်ကိုတော့ သူယုံကြည်သည်မှာ သူ၏ဘဝနှင့် ယခုလက်တွေ့ပင်ဖြစ်ပေ၏။

မြန်မာ့မီးရထားဌာနရှိ သာမန်တွဲပြင်ကူဖော်ဘဝမှ ယခုကြီးကြပ်ရေးရာထူးဖြစ်သည့် (ဒု) တွဲစစ်ဆိုသည့် သင်တန်းတက်ရောက်ရန် မြစ်ငယ်တွဲပြင်စက်ရုံကြီးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပေသည်။

(၁)

၁၉၈၆ ခုနှစ်တွင် ဖြစ်၏။ သင်တန်းတက်ရောက်ခွင့်ရပြီး ဖြစ်သော်လည်း သင်တန်းဆောင်တွင်မနေဘဲ မိသားစုနှင့်အတူ ဝန်ထမ်းလိုင်းခန်းတွင် နေထိုင်၍ သင်တန်းတက်ခွင့်ရနိုင်ရန် အတော်ကြိုးစားခဲ့ရသည်။ သင်တန်းမှူးဖြစ်သူ ဆရာသင်အား အထူးမေတ္တာရပ်ခံတောင်းပန်ရ၏။ ပထမတွင် ဆရာသင့်က လုံးဝလက်မခံ။

"မဟုတ်သေးဘူးကွ မောင်အောင်ဝင်းရ၊ မင်းတို့ကိုသင်တန်းတက်ရောက်ဖို့ခေါ်ကတည်းက သင်တန်းတက်ရင် သင်တန်းသားအဖြစ် တစ်ဦးတည်းတက်ရောက်နိုင်ရမယ်လို့ ပြောပြီးသားလေ။ မိန်းမခေါ်လာရင် ဘယ်ဖြစ်မလဲ။ ဒီမှာ သင်တန်းသားတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်ရင်လည်းမကောင်းဘူး"

"အဲဒီလို မဖြစ်စေရပါဘူးဆရာ။ ကျွန်တော်တို့မိသားစုက သင်တန်းသားတွေနဲ့အတူ သင်တန်းဆောင်မှာမနေပါဘူး။ စက်ရုံလုပ်သားလိုင်းတန်းလျားတွေထဲက အခန်းတစ်ခန်းခန်းမှာနေပြီး ကျွန်တော်သင်တန်းတက်မှာပါ။ အဲဒါလေးကို ဆရာခွင့်ပြုပေးပါဆရာ"

ကိုအောင်ဝင်းက မိသားစုပါ တစ်ပါတည်းခေါ်လာခဲ့ပြီးဖြစ်သည်။ သူ့အတွက် ဘုရင့်နောင် ဖောင်ဖျက်လာခဲ့

သည့်ကိန်းဖြစ်၏။ ကိုအောင်ဝင်း၏ စကားကို ဆရာသင်စဉ်းစားလိုက်ပြီး-

"အဲဒါလည်း သိပ်တော့မလွယ်ဘူးထင်တယ်မောင်။ မြစ်ငယ်ကကွာဘာတွေဆိုတာလည်း နေ့စဉ်နဲ့အမျှ ပြဿနာက သောင်းခြောက်ထောင်ရှယ်။ တော်ကြာ မင်းမိန်းမနဲ့မတည့်ကြလို့တို့ဘာတို့ဖြစ်လာရင် ငါ့ခေါင်းပေါ်ပဲ ရောက်လာဦးမှာ။ ခင်ဗျားရဲ့ သင်တန်းသားဆိုတဲ့အပြောနဲ့ရောက်လာမှာဗျာ"

"ကျွန်တော် တစ်ခုဝန်ခံကတိပေးပါရစေဆရာ။ တကယ်လို့သင်တန်းကာလအတွင်းမှာ ခုဆရာပြောတဲ့ပြဿနာတွေ တစ်ခုခုပေါ်လာခဲ့ရင် ဒါမှမဟုတ် ဘခြားပြဿနာအကြောင်းတစ်ခုခုပေါ်လာတာနဲ့ ကျွန်တော့်ကို သင်တန်းကဘင်မဟုတ်ပါဘူး လက်ရှိအလုပ်ကိုပါ ဘစ်ခါတည်း ဖြုတ်ပစ်လိုက်ပါဆရာ။ ကျွန်တော်တို့ နေတာထိုင်တာအားလုံး ဆရာမျက်ခြေမပြတ် ကြားသိနေရမှာပါ။ ကျွန်တော့်ကိုခွင့်ပြုပါဆရာ"

ဆရာသင်သည်စဉ်းစားနေပြန်၏။ ထို့နောက်-

"အင်း- မင်းဘက်ကလည်း လျှော့လို့မရဆိုတာမျိုးဖြစ်နေပြီ။ ငါထပ်ပြောရဦးမှာပေါ့။ မင်းအပြင်မှာနေပေမယ့်

လတစ်နှစ်ဖြစ်၍ မိသားစုနှင့်တစ်ကွဲတစ်ပြားနေထိုင်ရန်မလွယ်ကူ။ အတူနေရင်း မရှိအတူရှိမျှဝေခံစားကြမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်၏။ ဆရာသင်ပြောသောစကားများ အားလုံးကိုလည်း ဇနီးသည်ကိုယ်တိုင် သိပြီး ကြားပြီးဖြစ်သည်မို့ အစစသတိဖြင့်နေထိုင်ရန် အထူးပြောစရာမလိုတော့ပါပေ။

"ဟုတ် ဆရာကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော့်ကြောင့် ဆရာ့မျက်နှာမပျက်စေရပါဘူး။ ကျွန်တော့်ကတိအတိုင်း တည်စေရပါမယ်ဆရာ"

ကိုအောင်ဝင်း ဝမ်းသာအားရပြောလိုက်လေ၏။ သင်တန်းမှူးဆရာသင်သည် ခေါင်းတညိတ်ညိတ်ဖြင့် ကိုအောင်ဝင်းတို့မိသားစုကို ကြည့်နေလေသည်။

(၂)

ကိုအောင်ဝင်း စတင်သင်တန်းတက်ရောက်ရန် စက်ရုံအတွင်းသို့သွားရသည့်နေ့တွင်ဖြစ်သည်။ သူငယ်ချင်းမိတ်ဆွေတစ်ဦး ကူညီပေးထားသောလိုင်းအိမ်ခန်းတွင် ဇနီးသည်မအေးမေနှင့် သမီးငယ်လေးသာကျန်ရစ်၏။

"ဘယ်ကပြောင်းလာကြတာလဲ"

လို့အစ်ကိုကပြောပါတယ်။ လက်တွေ့ရောစာတွေ့ပါ သင်ရမှာမို့ ဒီကိုလာရတာ"

"ြော်-အဲဒါတော့တို့လည်းသိပါဘူးအေ။ တို့အိမ်သားလည်း အရင်က ဒီစက်ရုံထဲကပဲလေ။ ခုမရှိတော့ဘူး ပျက်စီးသွားတာကြာပေါ့။ ခုတော့ သားမက်က ရုံထဲကလေ။ ကုန်တွဲရုံကပေါ့။ မြောက်ဘက်တန်းလျားမှာနေတဲ့သားကလည်း ဒီရုံထဲကပဲ၊ သူက လူစီးတွဲရုံကပေါ့။ လိုအပ်တာရှိရင် အမေပုံ့ကိုပြောနော်။ အားမနာနဲ့ ညည်းနာမည်ကဘယ်သူ"

"မအေးမေပါအမေပုံ၊ ကျေးဇူးတင်ပါတယ်။ ကူညီပေးမယ်ဆိုလို့ ဝမ်းသာမိပါတယ်။ သမီးတို့ကိုလည်း ဆိုဆုံးမပါ။ အမေပုံတို့ မကြိုက်တာရှိရင်ပြောပါနော်။ အသိမိတ်ဆွေလည်းမရှိလို့ အားကိုးပါတယ်"

"အေးပါအေ အေးပါ အေးပါ"

မအေးမေ၏အပြောကို အမေပုံ နှစ်သက်သွား၏။ ဤသို့ဖြင့်ပင် မန္တလေးရုံ၏ ရပ်ကွက် ဝန်ထမ်းတန်းလျားနေအိမ်လေးတွင်နေထိုင်၍ သင်တန်းတက်

သင်တန်းသားတွေနဲ့ စုပေါင်းဖြေရှင်းရမယ့်အကြောင်းကိစ္စတွေ၊ ကျသင့်တဲ့တာဝန်ခွဲတမ်းမှန်သမျှ တန်းတူပါဝင်ရမယ်နော်။ ပြီးတော့ သင်တန်းချိန်မှန်ဖို့အရေးကြီးတယ်။ နောက်ကျလို့မရဘူး။ ဘာအကြောင်းဖြစ်ဖြစ် ငါ့ကိုသတင်းပို့။ မင်းကတိစကားနဲ့မင်း တစ်ခုခုပြဿနာဖြစ်ရင် မင်းညံ့လို့ပဲလို့နားလည်ထား။ ဟုတ်ပြီလား"

ကိုအောင်ဝင်း အလွန်ပင်ဝမ်းသာသွားမိလေတော့၏။ သို့မှသာ အတူပါလာသော မိသားစုနှင့်အတူနေထိုင်နိုင်ခွင့်ရပေမည်။ သင်တန်းကာ

အသက်အတော်ကြီးပြီဖြစ်သော အမေကြီးတစ်ဦးကမေးလာ၏။ သူတို့၏ အရှေ့ဘက် အိမ်ကဖြစ်သည်ကို နောင်သောအခါ မအေးမေတို့သိကြလေသည်။

"ဟသာတကပါအမေ"

မအေးမေက ပြန်ဖြေလိုက်သည်။ ဤသည့်အရွယ် လူကြီးများကတစ်ဆင့် မိတ်ဆွေပေါင်းသင်း လုပ်ရပေမည်။ အရေးကြီးသည်မှာ ပြဿနာမဖြစ်ဘဲ အဆင်ပြေစွာနေသွားရန်သာဖြစ်၏။

"ဘယ်ရုံမှာဆင်းရမှာလဲ"

"အဲဒါ သမီးမသိဘူးအမေ၊ အစ်ကိုတို့က ဒီမှာ (၃) တွဲစစ်သင်တန်းလာတတ်တာပါ။ တစ်နှစ်တစ်ရမယ်လို့ပြောတယ်။ ဒီစက်ရုံက တွဲဘက်မှာအကြီးဆုံး

ရင်း၊ အမေပုံမှအစပြုကာ ပတ်ဝန်းကျင်နှင့်မိတ်ဆွေများ ဖြစ်လာခဲ့ကြရလေတော့သည်။ အားလုံးသည်လည်း မီးရထားဝန်ထမ်းများပင်ဖြစ်ကြလေ၏။

ဒေသအခေါ် အရ အိမ်၏တည်နေရာများကို အရှေ့၊ အနောက်၊ တောင်၊ မြောက်ကိုအစွဲပြုခေါ်လေရာ ကိုအောင်ဝင်းတို့မှာ အရပ်လေးမျက်နှာကိုအရင်သိအောင် မှတ်သားနေရလေသည်။ ကိုအောင်ဝင်းတို့ ရောက်စအချိန်သည် ဒီဇင်ဘာဆောင်းကာလဖြစ်၏။ မြစ်ငယ်ဆောင်းသည် ခိုက်ခိုက်တုန်အောင်ချမ်းလေသည်။ သင်တန်းတက်စဉ်ကာလလေးသာ အသုံးပြုရန်ဆိုကာ အသုံးအဆောင်ပစ္စည်း များစွာမပါပေ။ မရှိမဖြစ် စားအိုးစားခွက်၊ အိပ်ရာနှင့်

အဝတ်အစားသာပါလာလေ၏။ ဒေသခံ မြစ်ငယ်သားများပင်လျှင် ညဘက်မီးလှုံ ပြီး နွေးထွေးလာမှ အိပ်ရာဝင်ကြသည်။ သူတို့အဖို့ မီးလှုံရန်အတွက် တမာကိုင်း ခြောက်များ ထင်းအတိုအစများကြိုတင် စုဆောင်းထားကြ၏။ ကိုအောင်ဝင်းတို့ မိသားစုမှာ အရှေ့အိမ်မှမီးပုံနှင့် အနောက်အိမ်မှမီးပုံတို့တွင် ကပ်၍လှုံ ကြရလေသည်။ ကိုအောင်ဝင်းတို့သည် ခြောက်ခန်းတွဲ အိမ်တန်းလျားဖြစ်ပြီး အရှေ့မှအနောက်သို့ တန်းလျက် တည် ဆောက်ထားလေရာ အရှေ့ဘက်မှ စတင်ရေတွက်လျှင် ဒုတိယမြောက်အိမ် ဖြစ်၏။ အရှေ့ဘက်ရှိ အစွန်ဆုံးအိမ် ခန်းမှာ အမေပုံတို့မိသားစုံအိမ်ဖြစ်သည်။ ကိုအောင်ဝင်း၏ အနောက်ဘက်အိမ်မှာ ဦးအောင်ကြီး ဒေါ်စန်းတို့အိမ်ဖြစ်သည်။ ရောက်၍တစ်ပတ်ရှိခဲ့ပြီ။ အရှေ့အိမ်နှင့် အနောက်အိမ်နှစ်အိမ်တည်းသာ ရင်းနှီး ခင်မင်သေးလေ၏။ အထူးသဖြင့် မအေးမေမှာ အရှေ့ဘက်ရှိ အမေပုံ၏ သမီး မမသန်းနှင့်ပို၍ ခင်မင်လေသည်။ ကိုခင်မောင်စန်းနှင့် မမသန်းတို့တွင် သားတစ်ယောက်နှင့် သမီးနှစ်ယောက် ရှိသည်။ အားလုံးမိသားစုခြောက်ဦးရှိ၏။

အနောက်ဘက်ရှိ ဦးအောင်ကြီး နှင့်ဒေါ်စန်းတို့မှာ နှစ်ဦးတည်းသာဖြစ် သည်။ သားသမီးကြီးများရှိသော်လည်း အတူမနေကြတော့ပေ။ ဦးအောင်ကြီးက လူစီးတွဲရုံမှ ဝန်ထမ်းကြီးဖြစ်၏။ ကိုအောင်ဝင်းကို ခင်မင်လေသည်။ ညဘက်မီးလှုံကြသည့်အချိန် မမသန်း တို့ဘက်မီးပုံတွင် ကိုအောင်ဝင်းတို့ မိသားစုအားလုံး သွားရောက်မီးလှုံကြ လျှင် ဒေါ်စန်းမှာမကြိုက်။ မသိမသာ စောင်းမြောင်းလေ၏။ သူတို့မှာ နှစ်ဦး တည်းသာမို့ ထင်းတွေပေါကြောင်း၊ မလာလျှင် အကုန်အောင်သက်သာ ကြား၊ ပြောနေလေရာ ကိုအောင်ဝင်းမှာ လူခွဲ၍ အနောက်ဘက်မီးပုံတွင် သွား ရောက်လှုံရလေ၏။

အရေးကြီးဆုံးမှာ ပတ်ဝန်းကျင် နှင့်အဆင်ပြေနေမှုဖြစ်မည်ကို ကိုအောင် ဝင်းတို့မိသားတစ်စုလုံး သိထားကြပေ သည်။ ထို့ကြောင့် မီးလှုံလျှင်ပင် အဆင် မပြေမဖြစ်စေရန် မအေးမေတို့သား အမိက အရှေ့ဘက်မီးပုံတွင်လည်း ကောင်း၊ ကိုအောင်ဝင်းက အနောက် ဘက်မီးပုံတွင်လည်းကောင်း ခွဲခြမ်း၍ လှုံကြရလေ၏။ ထိုအခါတွင်မှ အဆင် ပြေလေသည်။

တစ်ခါတစ်ရံ ကိုအောင်ဝင်းလှုံ သည့် မီးပုံဘက်မှ အစားအသောက်များ ပင်စားရသေး၏။ ဇနီးနှင့်သမီးကိုမျှမကျွေး သော်လည်းမတတ်နိုင်၊ ကျွေးသည့်သူ ကျေနပ်အောင်နှင့် နေထိုင်ရေးအဆင် ပြေအောင် စားရပေသည်။

(၄)

သင်တန်းကာလတစ်လကျော်လာ ခဲ့လေပြီ။ ကိုအောင်ဝင်းတို့မိသားစုအဖို့ အရှေ့အနောက်တောင်မြောက်လေးဖက် စလုံးရှိ ဝန်ထမ်းမိသားစုများနှင့် မိတ်ဆွေ ဖြစ်လာခဲ့လေ၏။ ရင်းနှီးခင်မင်လာကြပြီ မို့တန်ရုံလျှို့ဝှက်စကားတို့မရှိတော့ပေ။ မီးလှုံခြင်းအလုပ်ကား ရပ်တန့်၍မရ သေး။ မြစ်ငယ်ဆောင်းကား အရိုးစိမ့် အောင်အေးမြဆဲပင်။ မီးလှုံရင်းမှ အတွေ့အကြုံထွေရာလေးပါး ပြော ဖြစ်ကြသည်။ အရှေ့အိမ်နှင့် အနောက် အိမ်၏မီးပုံများမှာ ပေနှစ်ဆယ်ခန့်သာ ကွာလေရာ တစ်ဦးနှင့်တစ်ဦးလှမ်း၍ လည်းပြောကြ၏။ ရင်းနှီးလာသည့် လက္ခဏာပင်တည်း။ ထိုသို့မီးလှုံနေစဉ် တွင် မမသန်းက-

"ဒေါ်စန်းရေ ခုမှပြောရဦးမယ်ဗျူ။ တော်မှတ်မိသေးလား၊ ကိုအောင်ဝင်း ကြီးတို့ စရောက်စညက ကိစ္စလေ"

မမသန်းက ပြောလိုက်သည့် စကားသည် အရင်းအဖျားမရှိသဖြင့် ကိုအောင်ဝင်းတို့လန့်သွားလေ၏။ ကိုယ့် စိတ်ကူးနှင့်ကိုယ်တွေးမိပြီး မအေးမေ ရှက်သွေးဖြာသွားလေသည်။

"ဘာများလဲ မမသန်းရယ်၊ မမ သန်းစကားက အရင်းမရှိအဖျားမရှိ"

မအေးမေစကားကြောင့် မမသန်း ကအားရပါးရရယ်လိုက်ရင်း-

"ဟားဟားဟား တော်က ဘာ တွေတွေးမိလို့လဲ။ ငါပြောတာကတခြား အကြောင်းပါအေ။ ငါတို့အရှေ့ အနောက်နှစ်အိမ်ထဲပဲသိတာ။ တော်တို့ တွေ လုံးဝမသိကြဘူး"

မမသန်း စကားပြောအပြီး ဒေါ်စန်းကဝင်ပြောလာ၏။

"အေး- ဟုတ်တယ် တို့က သူတို့ မိသားစုကို အကဲခတ်နေတာ၊ ဒါပေမယ့် သူတို့က ဘာမှမဖြစ်သလို သိပုံတောင် မရဘူး"

"လုံးဝမသိလိုက်တာကောင်းတာ ပေါ့။ အဲလိုမသိတာကလည်း မောင် အောင်ဝင်းရဲ့စရဏအားကြောင့်လို့ပဲ ငါ တော့ထင်တယ်"

သည်တစ်ခါဝင်ပြောလိုက်တာက ဦးအောင်ကြီးပါ။ ဦးအောင်ကြီး၏စကား ဆုံးသည်နှင့် ကိုခင်မောင်စန်းက-

"အဟင်းဟင်း သိလိုက်လို့က တော့ ဒေါ်အေးမေတို့တစ်ခါတည်း ဟသ်ာတပြန်ပြေးမှာ အသေအချာပဲ နော့်"

အားလုံးပြောနေကြသည်များကို ကိုအောင်ဝင်းတို့ လုံးဝနားမလည်နိုင် အောင်ပင်။ ဒေါ်စန်းက-

"အဲဒီနေ့တည်းကစပြီး ကိုအောင် ဝင်းတို့ကို ကျွန်တော်တို့နေ့တိုင်းစောင့် ကြည့်နေခဲ့တာ၊ ခုချိန်အထိ ဘာမှမထူး ခြားတော့လို့ပြောပြတာ၊ ခုပြောတာမှ ကြောက်တော့မနေကြနဲ့ဦးဗျ"

ကိုအောင်ဝင်းမနေနိုင်တော့ ထို ကိစ္စကိုသိချင်နေလှပြီ။

"ကဲပါ ဘာများလဲ အန်တီစန်း ရယ်။ သေချာနားရှင်းအောင် ပြောပြကြ ပါဦး။ ကျွန်တော်မကြောက်တတ်ပါဘူး"

ကိုအောင်ဝင်း၏ စကားကြောင့် ဒေါ်စန်းက-

"ကဲ မမသန်းရေ ညည်းပဲစပြော တာဆိုတော့ ခုလည်းညည်းပဲအစအဆုံး သာပြောပြလိုက်ပေတော့အေ့"

ထိုအချိန်မှစ၍ ကိုအောင်ဝင်းတို့ လည်း သူတို့နေထိုင်နေသည့် အိမ်ခန်း ၏ဖြစ်ရပ်မှန်သမိုင်းကို သိခဲ့ရပေတော့ သည်။ ထိုအခန်းသည်သူတို့မနေထိုင်ခင် အချိန်အထိ မည်သူမှမနေကြသည်မှာ ကြာပြီဖြစ်၏။ အမည်ပေါက်ရယူထားသူ ကိုယ်တိုင်ပင်မနေကြပေ။ ထိုအခန်းကား ရာဇဝင်စာတင်ထားသော အခန်းပေ တည်း။

(၅)

ကိုအောင်ဝင်းသည် မိသားစုနှင့် အတူ မြစ်ငယ်တွင် သင်တန်းတက်ရမည့် နေ့မတိုင်မီ သုံးရက်ကြိုတင်၍ မန္တလေး သို့ရောက်လာခဲ့သည်။ မန္တလေးစက်ရုံရှိ ငယ်သူငယ်ချင်းညွန့်အောင်၏ အစီ အညီယူကာ မြစ်ငယ်စက်ရုံတွင် သင်တန်းတက်ရန်ဖြစ်သည်။ သူငယ် ချင်းက မန္တလေးရှိ သူ၏ဝန်ထမ်းခန်းတွင် အတူနေကာ သင်တန်းတက်ရန်ပြော သေး၏။ သို့သော် သူ၏မိသားစုနှင့် အတူနေအတူစားရန်မဖြစ်နိုင်၊ ရေရှည် တွင်မသင့်မြတ်ကခက်ပေမည်၊ မန္တလေး မှမြစ်ငယ်သို့ ကိုအောင်ဝင်း တစ်ဦး တည်း နေ့စဉ်သင်တန်းသွားရောက် တက်ရန်လည်း မလွယ်ကူ။ သင်တန်း

ဆရာကလည်း ခွင့်ပြုမည်မဟုတ်ဟု အကြောင်းပြကာ သင်တန်းကျောင်းရှိရာမြစ်ငယ်၌ပင်နေထိုင်ဖို့ စုံစမ်းရှာဖွေရန်လာခဲ့၏။ ပစ္စည်းများကို မန္တလေးတွင်ထားခဲ့ကြသေးသည်။ သူငယ်ချင်းညွန့်အောင်ပါလိုက်ပါလာ၏။

သင်တန်းဆောင်တွင် သင်တန်းသားများနှင့်အတူမနေဘဲ အိမ်ခန်းသီးသန့်ဖြင့်နေထိုင်ပြီး သင်တန်းတက်ခွင့်ရရန်ကို ပထမဦးစွာ ကြိုးစားအားထုတ်ရသည်။ သင်တန်းဆရာ၊ ဆရာသင်၏ ခွင့်ပြုချက်ရရှိပြီးမှနေဖို့ အိမ်ခန်းရှာရ၏။ မြစ်ငယ်တွင် ရင်းနှီးသူမှာ ဟသ်ာတသို့လာဖူးသော ကိုကြိုင်ဆိုသူရှိသည်။ သူ့ကိုရှာပြီး အကူညီတောင်းရ၏။ ကိုကြိုင်နှင့်တွေ့ပြီး ကိုကြိုင်ကကူညီရှာဖွေပေးသည်။ လောလောဆယ် အပူတပြင်းဖြစ်နေ၍ မရရှိသေးပေ။ သို့သော်ကိုကြိုင်က ကတိပေးသည်။ သင်တန်းမတက်မီ တစ်ရက်အလိုတွင် ပစ္စည်းများအားလုံးယူဆောင်ပြီး လာခဲ့တော့ဟုမှာလိုက်လေ၏။ သို့ဖြင့် သူငယ်ချင်းနှင့်အတူ မန္တလေးသို့ပြန်ခဲ့ကြသည်။

သင်တန်းမတက်မီတစ်ရက်အလိုတွင်ဖြစ်သည်။ မန္တလေးတွင် နေ့လယ်စာစားပြီး သုံးဘီးငှား၍ ပစ္စည်းများတင်ကာ လူပါစီးနင်းလိုက်ပါလာကြ၏။ သူငယ်ချင်းဖြစ်သူက အားလုံးစီစဉ်ပေးပြီး သူကိုယ်တိုင်လိုက်ပါလာလေသည်။ လမ်းတွင် သူငယ်ချင်း၏အစီအစဉ်ဖြင့် တံခွန်တိုင်ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ဝင်၏။ ဆရာတော်အား ဖူးမြော်ကန်တော့ကြသည်။ အသားရောင်ဖြူဖွေးနုညက်နေသော ဆရာတော်သည် သက်တော်ရှစ်ဆယ်ရှိပြီဟုသိရသည်။ ညွန့်အောင်က ဦးဆောင်ကာ ဆရာတော်အား ကိုအောင်ဝင်းအတွက်ကြည့်ပေးပါရန်လျှောက်ထား၏။ ဆရာတော်၏ခြေဖဝါးအစုံကို ကိုအောင်ဝင်းကဦးတိုက်ပူဇော်ကန်တော့လိုက်သည်။ ဆရာတော်က ကိုအောင်ဝင်း၏ဦးခေါင်းကိုလက်ဖြင့်သပ်၍-

"မင်းအတွက် အရာရာပြည့်စုံအောင် စောင့်ကြိုနေပါတယ်ကွ။ ပူပင်သောကဘာမှမဖြစ်နဲ့၊ တုတ်လား"

ဟု အမိန့်ရှိတော်မူလေ၏။ ကိုအောင်ဝင်းလည်း ငွေနှစ်ဆယ်ကျပ်လှူဒါန်းကန်တော့လိုက်ပေသည်။ မြစ်ငယ်သို့ရောက်သောအခါ ကိုကြိုင်က အဆင်သင့်စောင့်ကြိုလျက် မဥ္ဇူရပ်ကွက်ရှိအိမ်ခန်းလွတ်တစ်ခုထံသို့ လိုက်ပို့လေသည်။ ကိုကြိုင်က အိမ်ခန်းသော့ဖွင့်ပေး၏။ မြေနီရောင်ဖုန်အလိမ်းလိမ်းကဆီးကြိုလျက်ကိုကြိုင်၏နှုတ်မှ-

"ကိုအောင်ဝင်းကြီးရေ၊ အချိန်ကအရမ်းကပ်နေတော့ ဒီအခန်းပဲ ကျွန်တော်ယူလိုက်ရတယ်။ သိပ်တော့မကြိုက်လှဘူးဗျာ"

"ဟာ မဟုတ်တာ ဒါဂျီတိုက်မှ တွေ့ပဲ၊ ကျွန်တော်တို့ဆီမှာဆို စူပါဗိုက်တွေမှနေရတာကြိုက်တယ်။ ကျေးဇူးတင်ပါတယ်ကိုကြိုင်။ ဒီကနေ စက်ရုံကိုလမ်းလျှောက်သွားလည်း မဝေးဘူး အဆင်ပြေပါတယ်ဗျာ"

ကိုကြိုင် အလုပ်ရှိ၍ပြန်သွားသည်။ သူငယ်ချင်းနှစ်ဦး အိမ်ခန်းနောက်ဖေးဘက်ရှိ အုတ်ရေကန်အတွင်းမှ ရေများကိုခွင့်တောင်းကာခပ်ယူပြီး အိမ်ကိုဆေးကြ၏။ အများပိုင်အုတ်ရေကန်ဖြစ်၍တော်သေးသည်။ ရေဆေးကြောပြီးမှ ညွန့်အောင်မန္တလေးသို့ပြန်သွားသည်။ ပစ္စည်းများနေရာချပြီး မန္တလေးမှချိုင့်ဖြင့်ဝယ်လာသော ထမင်းဟင်းတို့ကို ညစာအဖြစ် စားလိုက်ကြ၏။

တစ်နေကုန် ပင်ပန်းနွမ်းနယ်သည် ဖြစ်သော်လည်း အိပ်ရာမဝင်မီ တစ်မိသားစုလုံး ဘုရားရှိခိုးမေတ္တာပို့အမျှဝေပြီးမှ အိပ်ရာဝင်ကြ၏။ ထိုညတွင် တုံးထိုးလဲလိုက်သကဲ့သို့အိပ်ပျော်သွားကြလေတော့သည်။

ထိုည ကိုအောင်ဝင်းတို့ စတင်အိပ်စက်သောည။ ညဆယ့်တစ်နာရီအချိန်လောက်တွင် 'အုန်း' ခနဲမြည်သွားသောအသံတစ်သံကျယ်လောင်စွာကြားလိုက်ကြရ၏။ မမသန်းတို့အိမ်က အနောက်ဘက်အိမ်မှ အသံကြားသလိုဒေါ်စန်းတို့အိမ်က အရှေ့ဘက်အိမ်မှ အသံကြားရသည်ဖြစ်ရာ၊ မလွဲမသွေ ကိုအောင်ဝင်းတို့အခန်းမှ ဖြစ်တော့၏။ ရောက်စလူသစ်များဖြစ်၍ မမေးမြန်းကြတော့။ အခြေအနေကိုသာ စောင့်ကြည့်နေကြ၏။ သို့သော် လူသစ်များဖြစ်သော ကိုအောင်ဝင်းတို့မိသားစု အိပ်ရာမှနိုးထလာကြသောအခါ ထူးခြားမှုမရှိ။ သူတို့အံ့သြနေကြလေသည်။ ထိုအိမ်ခန်း၏ အကြောင်းကို သိထားကြသူများဖြစ်၍လည်း စိုးရိမ်နေမိကြလေ၏။ အမေပုံကတော့ မေးသေး၏။ 'ညည်းတို့အိမ်မှာ ညကဘာပြုတ်ကျသေးလဲ' ဟု သူတို့ကလည်း မည်သည့်အရာမျှ ပြုတ်ကျစရာမရှိကြောင်းပြန်ပြောလိုက်ရာ ထပ်မံမမေးတော့ပေ။ တစ်လခန့်ကြာသည်အထိ ကောင်းမွန်အေးချမ်းစွာ ကိုအောင်ဝင်းတို့နေထိုင်ခဲ့ပြီးမှ ထုတ်ဖော်ပြောဖြစ်ကြလေတော့သည်။

ထိုအိမ်ခန်းတွင် ရှေးယခင်က လက်သမားဆရာကြီး တစ်ဦးနေထိုင်သည်။ ထိုဆရာကြီး၏ဇနီးမှာ နောက်အိမ်ထောင်ပြုသွားသဖြင့် သမီးလေးနှင့်အတူနေ၏။ တစ်နေ့သမီးလေးအတွက် စာအုပ်ဝယ်ရန်သွားစဉ် မြစ်ငယ်ဘူတာ၌ ရထားကြိတ်ခံရပြီး လက်သမားဆရာကြီးသေဆုံးသွားလေသည်။ ထိုအိမ်ခန်းကို ထေိုင်လိုသူမရှိခဲ့။ အတန်ကြာသောအခါ ဝန်ထမ်းတစ်ဦးက လျှောက်ထားလျက်နေထိုင်ခဲ့သည်။ ထိုအိမ်ခန်းတွင် နေထိုင်သည့်ဝန်ထမ်းမှာ အောက်လမ်းဝိဇ္ဇာတတ်ကျွမ်းသူ ဆရာတစ်ဦးဟု ဝန်ထမ်းများအားလုံးသိထားကြလေသည်။ ထိုသူအား ကြောက်ရွံ့စိတ်ဖြင့် ပတ်ဝန်းကျင်က သိပ်အဆက်အဆံမရှိလှပေ။ ဤသို့ဖြင့် ထိုဆရာပင်စင်ယူချိန်ရောက်လာတော့၏။ ဝန်ထမ်းနေအိမ်ခန်းဖြစ်၍ ပင်စင်ရယူပြီး ခြောက်လအထိသာနေခွင့်ရလေသည်။

ထိုအခန်းအား သက်ဆိုင်သူဝန်ထမ်းတစ်ဦးကို အမည်ချပေးလိုက်သည်။ ထိုဝန်ထမ်းမှ နေအိမ်ခန်းအမည်ရထားသော်လည်း လက်ရှိနေထိုင်သော ဆရာမှာဖယ်မပေးသေးသဖြင့် တက်ရောက်နေမရဖြစ်နေလေသည်။ အကြီးအကဲလူကြီးများအား တင်ပြရာ လူကြီးများကမီးရထားရဲများဖြင့် အိမ်ခန်းမှဖယ်စေသည်။ မတတ်သာသဖြင့် ထိုဆရာဖယ်ပေးလိုက်ရသော်လည်း မကျေနပ်ခဲ့ပေ။ ဤသို့ဖြင့် အိမ်ခန်းအမည်ရသူတို့က နေထိုင်ရန် အိမ်ကိုရေလာဆေးကြသည်။ ရေးဆေးပြီး နောက်နေ့နံနက်တွင် အိမ်ပြောင်းနေထိုင်ရန် ဖြစ်သော်လည်း မပြောင်းရွှေ့နိုင်ကြပေ။ အကြောင်းမှာ တစ်အိမ်သားလုံး ဖျားနာကြသောကြောင့်ဖြစ်လေသည်။ တစ်ပတ်ကျော်ကြာမြင့်စွာဖျားနာကြပြီး ပြန်ကောင်းလာသောအခါ ထိုအိမ်ခန်းသို့ပြောင်းရွှေ့နိုင်ရန် ရေဆေးကြပြန်၏။ တစ်မိသားစုလုံး ထပ်မံဖျားကြပြန်ပါသည်။ တိုက်ဆိုင်မှုဟု မယူဆကြတော့ဘဲ ထိုအိမ်ခန်းကို အမည်ခံယူထားပြီး ပိတ်ထားလိုက်ကြတော့၏။ ယခုထိုပိတ်ထားသည့်အိမ်ခန်းတွင် ပထမဆုံးစတင်တက်ရောက်နေထိုင်သူမှာ ကိုအောင်ဝင်းတို့မိသားစုပင်ဖြစ်ပေသည်။ လက်ရှိ အိမ်ခန်းအမည်ပိုင်ရှင်ထံမှ တစ်လမီးဖိုး(၁၅)

(မနက္ခ) ဦးထွန်းလင်း
တန်ဖိုးအလကားဖြစ်ခဲ့ဖူးပါသည်

စည်းကမ်းဟူသည်မှာ လိုက်နာအပ်၊ ကျင့်သုံးအပ်သော ပြဋ္ဌာန်းချက်ဟု ယူဆမိပါသည်။ ပညာရပ်နယ်ပယ် အသီးသီးတွင် သတ်မှတ်ထားသော စည်းကမ်းများရှိကြသည်ချည်း ဖြစ်ပါသည်။ စည်းကမ်းမရှိလျှင် တန်ဖိုးအနဂ္ဃ ထိုက်တန်သော ပညာရပ်များပင်လျှင် တန်ဖိုးမဲ့ဖြစ်သွားတတ်ပါသည်။

ဥပမာ- ဆေးပညာနယ်ပယ်တွင်လည်း ဆေးပညာရှင်များ စောင့်ထိန်းလိုက်နာကြရန် စည်းကမ်းများ ရှိပါသည်။ ဆေးပညာရှင်များသည် ရောဂါဝေဒနာ ခံစားနေကြရသောသူများကို စေတနာမေတ္တာကြီးမားစွာဖြင့် ကယ်တင်ကုသစောင့်ရှောက်ကြရသူများ ဖြစ်သော်လည်း ရောဂါဝေဒနာသည် ကာယကံရှင်များ၊ ရောဂါရှင်နှင့်သက်ဆိုင်သောအုပ်ထိန်းသူ၊ ပိုင်ဆိုင်သူများ၊ တာဝန်ရှိသူများကကုသပေးရန်အပ်နှံမှသာလျှင် ကုသခွင့်ရှိပါသည်။ ထိုသူများ မရှိလျှင် အနီးအနားပတ်ဝန်းကျင်မှလူများကအပ်နှံခွင့်ရှိပါသည်။ ဝေဒနာရှင် ထက်ငယ်ရွယ်သူများဖြစ်လျှင် ရနိုင်သမျှလူစု၍အပ်နှံကြရပါမည်။ ပင့်ခေါ်ကြရပါမည်။ မည်သူတစ်ဦးတစ်ယောက်မျှ မရှိသောနေရာတွင်သတိမရလောက်အောင် ရောဂါဝေဒနာခံစားနေရသူကို တွေ့လျှင် ဆေးပညာရှင်မှ သတိပြန်လည်ရအောင် ကုသခွင့်ရှိပါသည်။ ထိုလူနာသတိရလာလျှင်တော့ ဆက်လက်ကုသပေးပါရန် မတောင်းခံလျှင် ကုသခွင့်မရှိတော့ပါ။

ဆေးဆရာ (သမားတော်) တို့၏ စည်းကမ်းကို တိကျစွာလိုက်နာကျင့်သုံးသွားသူ စံပြပုဂ္ဂိုလ်ကြီးမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်အခါက ဆေးပညာလောကတွင် ပြိုင်ဘက်ကင်းခဲ့သော ရာဇဂြိုဟ်မင်းနေပြည်မှ သမားတော်ကြီး ဇီဝကဖြစ်ပါသည်။

တစ်နေ့သော် အသက်ကြီးမှ ပြန်လည်ဆုံတွေ့ခွင့်ရခဲ့ကြသော တစ်ဦးတည်းသောညီမလေးသီရိမာမှာ ဘဝပေးကံကြမ္မာအရ ပြည့်တန်ဆာဘဝ၏ ဆိုးမွေအဖြစ် ရောဂါဆိုးတို့ကိုသည်းထန်စွာခံစားနေရရှာပါသည်။

ဆရာကြီးဇီဝကသည် ဆေးသမားစည်းကမ်းအရ ဝေဒနာရှင်ညီမငယ်ထံမှ အခေါ် အပင့်လွှတ်လိုက်မည့်သူကို တစ်ရက်လာနိုးနိုးဖြင့်မျှော်ရင်း အကောင်းဆုံးဆေးဝါးများဖော်စပ်၍ ဆေးအိပ်တပြင်ပြင်နှင့်စောင့်စားနေဘိသကဲ့သို့ ညီမငယ်လေးသီရိမာခမျာမှာလည်း ရာဇဂြိုဟ်တစ်မြို့လုံးလိုပင် သူ့ကျန်းမာရေးသတင်းကိုသိနေကြသဖြင့် အစ်ကိုကြီးဆရာဇီဝကလည်း ကြားသိမှာအမှန်ပဲ၊ သိလျှင်ဖြင့် အပြေးအလွှားလာမှာပဲ၊ အခါမသင့်သေးလို့ မလာသေးတာနေမှာပါဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့် ပြင်းထန်သောဝေဒနာတို့ကို ကြိတ်မှိတ်ခံစားရင်း အခေါ် အပင့်မလွှတ်မိဘဲ တစ်နေ့လာနိုးနိုးဖြင့် စောင့်စားမျှော်နေခဲ့ရှာပါသည်။

မရဏရှင်သေမင်း ဆိုသည်မှာ တစ်အူတုံဆင်းမောင်နှမရင်းတို့၏ ကြီးမားဖြူစင်လှစွာသော မေတ္တာတရားတို့ကို ငဲ့ညှာသနားတတ်သောသဘော မရှိသဖြင့် သီရိမာခမျာမှာ အတုံမရှိ သမားတော်အစ်ကိုကြီး၏ အစွမ်းထက်လှစွာသောဆေးဝါးတို့ကို တစ်စက်ကလေးမျှ သောက်သုံးခွင့် မရရှာဘဲ သေမင်းခေါ်ရာသို့ ပင်ပန်းဆင်းရဲစွာ လိုက်သွားခဲ့ရရှာလေသည်။

ကျပ်ဖြင့် ကိုကြိုင်ကကိုအောင်ဝင်းတို့ကို ငှားရမ်းပေးခြင်းပင်။ အိမ်ခန်းငှားရမ်းပေးသောကိုကြိုင်၏စကားကို ကိုအောင်ဝင်း ပြန်လည်အမှတ်ရမိလာသည်။

"ကိုအောင်ဝင်းကြီးရေ၊ အချိန်က အရမ်းကပ်နေတော့ ဒီအခန်းပဲကျွန်တော်ယူလိုက်ရတယ်။ သိပ်တော့ မကြိုက်လှဘူးဗျာ"

ထိုစဉ်က ကိုကြိုင်ပြောသော စကား ၏ရည်ရွယ်ချက်ကို နားမလည်ခဲ့။ ယခုမှသဘောပေါက်မိတော့၏။ ထိုအိမ်ခန်းပြတင်းပေါက်တွင် ဟိုးယခင်လက် သမားဆရာကြီးပြုလုပ်ခဲ့သော သစ်သားလုံးရန်တိုင်လေးများရှိနေဆဲပင်။ မည်သို့ပင်ဖြစ်စေ ဦးလေးဦးအောင်ကြီးပြောသောစကားကဲ့သို့ပင် ကိုအောင်ဝင်းက သူ၏စရဏအားကို သူယုံကြည်သည်။ သူ၏မေတ္တာစာတ်ကို သူယုံကြည်သည်။ ဇနီးသည် မအေးမေကတော့ သိရပြီးကတည်းက အိမ်ရှေ့အိမ်နောက်တစ်ယောက်တည်း ဘယ်သောအခါမှမနေတော့။ ဘယ်သွားသွား ကိုအောင်ဝင်းရှိနေရတော့သည်။ မအေးမေ၏စိတ်တွင် ယခင်မသိသေးတုန်းက အကောင်းသားဟု တွေးနေမိလေတော့၏။

ထိုဖြစ်ရပ်ကိုသိရှိပြီး ကိုအောင်ဝင်းအဖြေကိုစဉ်းစားနေမိသည်။ သင်တန်းသို့မလာရောက်မီကာလ ကိုအောင်ဝင်းနှင့် ဟသ်ာတစက်ရုံမှစက်ရုံအုပ်ကြီး ဦးကျော်လှဝင်းတို့အဖွဲ့သည် ပြီးခဲ့သည့်ဝါဆိုလအတွင်း ဟသ်ာတမြို့ရှိ သချိုင်းကိုးခုတွင် အဓိဋ္ဌာန်ပုတီးစိပ်မေတ္တာပို့ခဲ့ကြရာအခက်အခဲမျိုးစုံရှိခဲ့ဖူး၏။ သို့သော် အဓိဋ္ဌာန် အောင်မြင်ခဲ့ကြလေသည်။ ယခုလည်း မန္တလေးနယ်မြေ စရောက်သည်နှင့် မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးထံတွင် သင်တန်းကာလအတွင်း အနည်းဆုံးကိုးကြိမ်ပြည့်ရန် ကိုးနဝင်းအဓိဋ္ဌာန်ပုတီး လာရောက်စိပ်ပါမည်ဟုအဓိဋ္ဌာန်ခဲ့လေ၏။ ထိုအဓိဋ္ဌာန်အတွက် မန္တလေး ရောက်ရောက်ချင်း သူငယ်ချင်းညွန့်အောင်ကို ပြောပြ၍ သူငယ်ချင်းက ရောက်သည့်နေ့ပင် မန္တလေးမဟာမြတ်မုနိသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပေသည်။ ဤသည်ပင် ကိုအောင်ဝင်း၏ ယုံကြည်ချက်ပင်တည်း။

ထိုအဓိဋ္ဌာန် အောင်မြင်စေရန် သင်တန်းတစ်နှစ်တာအတွင်း မဟာမုနိဘုရားကြီးသို့ အနည်းဆုံး ကိုးကြိမ် မဖြစ်မနေသွားရမည်ဖြစ်သည်။ ထိုစဉ်အခါကဆယ့်တစ်ကြိမ်တိတိ အဓိဋ္ဌာန်ပုတီး အောင်မြင်စွာ စိပ်ဖြစ်ခဲ့ပေသည်။ ကိုအောင်ဝင်းတို့ သင်တန်းပြီးဆုံး၍ နေရပ်သို့ ပြန်လည်သွားသည့်နောက် ပိုင်းမှစကာ ထိုအိမ်ခန်းတွင် ဝန်ထမ်းများ အေးချမ်းစွာတက်ရောက်နေထိုင်ကြပေတော့သတည်း။

ဖြစ်ရပ်မှန်ကိုယ်တွေ့ဇာတ်လမ်းဖြစ်ပါသည်။

စံဝင်းအောင်(မြန်အောင်)

လူအများ၏အမြင်တွင် သမားဂုဏ်ဝင့်လွှန်းလှစွာသော၊ နှမလေးအပေါ် စိမ်းကားရက်စက်လှစွာသောဗိုလ်ကြီးဟု အထင်အမြင်အပြောအဆိုတို့ကို ရဲဝင့်စွာခံယူလျက် ကြေကွဲခံနင့်မှုတို့ကိုခံစား၍ သမားတော်တို့စည်းကမ်းကို တိကျစွာလိုက်နာပြခဲ့သော ဆရာကြီးဇီဝက၏သမားတော်ဂုဏ်ရည်မှာသမားတော်အစဉ်အဆက်တို့က ရိုသေစွာဦးညွှတ်နေကြရဆဲဖြစ်ပါသည်။

ပညာရပ်နယ်ပယ်အလိုက် စည်းကမ်းဥပဒေများရှိသည့်နည်းတူ ကျွန်ုပ်တို့ဗေဒင်ပညာနယ်ပယ်တွင်လည်း လိုက်နာကျင့်သုံးကြရန် စည်းကမ်းများရှိပါသည်။ ထိုစည်းကမ်းများအနက် မည်သည့်ခေတ်ကာလမဆို ပညာရှင်တိုင်းလိုက်နာကြရမည့် စည်းကမ်းတစ်ချက်မှာ ကာယကံရှင် (သို့) သက်ဆိုင်သူများမှ မေးမြန်းတိုင်ပင်ခြင်းမရှိဘဲ မဟောပြောရန်ဖြစ်သည်။ 'ပညာဟူသည် မြတ်ရွှေအိုး' 'ပညာရွှေအိုး၊ လူမခိုး' 'ပညာနှင့်တူသောအလင်းရောင်သည်မရှိ' ဟုဆိုသော်လည်း ပညာတန်ဖိုးကို လူတိုင်းမသိနားမလည်နိုင်သည့်အတွက် စည်းကမ်းသတ်မှတ်ထားရခြင်းဖြစ်ပေမည်။

ကျွန်ုပ်သည် ဆရာသခင်အပေါင်းတို့၏ ကျေးဇူးဖြင့် အင်္ဂဝိဇ္ဇာဗေဒင်ပညာအနည်းငယ်တတ်ကျွမ်းဟောပြောလာသည့်အခါ ထူးခြားသောအဖြစ်အပျက်များကို ကြားသောမြင်သောအခါ ပညာအယူအဆဖြင့် လေ့လာဝေဖန်ဆန်းစစ်လေ့ရှိပါသည်။

တစ်ခုသောနံနက်တွင် ကျွန်ုပ်၏ဇာတိရပ်ရွာဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ထန်းတောကျေးရွာရှိ ကူမတစ်ဦး၏လက်ဖက်ရည်ဆိုင်ထဲတွင် ကျွန်ုပ်၏အစ်ကိုဆရာဖြစ်သူတိုင်းရင်းသမားတော်နှင့် ဗေဒင်ဆရာကြီးတစ်ဦးဖြစ်သော ဦးကြီးမောင်နှင့်အတူ လက်ဖက်ရည်သောက်နေကြစဉ် အစ်ကိုမှ ရုတ်တရက်-

"အကြီးကအငယ် ဖြစ်နေတာကွ"

ဟု ပြောပါသည်။

ကျွန်ုပ်က နားမလည်သဖြင့်-

"အစ်ကိုဘာပြောလိုက်တာလဲ"

ဟု မေးရာ-

"ဟို ကစားနေကြတဲ့ ကလေးမလေးနှစ်ယောက်မှာ သေးသေးညှက်ညှက်လေးက အကြီးမကွ၊ သန်မာသွက်လက်နေတဲ့ ထွားထွားကလေးမကအငယ်"





ဟု ပြောပါသည်။

ကျွန်ုပ်က အကြီးဟုပြောသော ကလေးမကိုကြည့်မိရာ ဦးခေါင်းတွင် အနာတစ်ခုတွေ့ရ၍ ခြေထောက်တွင်လည်း ဒဏ်ရာတစ်ခုနှင့်ဖြစ်သဖြင့်-

"အစ်ကို လူပုံစံကလည်း မာမာချာချာမရှိဘူး၊ ပြီးတော့ အနာတွေရော၊ ဒဏ်ရာတွေရောနဲ့ ဘာဖြစ်တာလဲ"

ဟုမေးရာ-

"လူကလည်း တော်တော်ချူချာတယ်ကွ၊ ခေါင်းမှာရှိတဲ့အနာက မန်ကျည်းပင်အောက်မှာ ကလေးတွေအများကြီးကစားနေကြတာ သစ်ကိုင်းခြောက်ကျိုးကျလို့ ခေါင်းပေါက်သွားတာ၊ သိပ်မကြီးလို့ တော်သေးတာ။ ခြေထောက်ဒဏ်ရာက ဟိုတစ်လောက သူ့အဖေစက်ဘီးနောက်က ထိုင်ပြီးလိုက်သွားတာ စက်ဘီးညပ်လို့"

ဟု ပြောပါသည်။

ကျွန်ုပ်အမြင်တွင် သူ့ကံက သာမန်ထက်ညံ့နေသည်ဟု ယူဆသဖြင့် ကျွန်ုပ်၏ဝါသနာအတိုင်း သူ့နာမည်က ဘယ်လိုခေါ်လဲဟုမေးရာ 'ပွားစိန်' ဟု ပြောပါသည်။

ကျွန်ုပ်က လက်ဖက်ရည်ဖျော်နေသော ကလေးမ၏အဖေကို 'ဗုဒ္ဓဟူးသမီးလေးလား' ဟု လှမ်း၍မေးလိုက်ရာ 'ဟုတ်ပါတယ်၊ လက်မှာ အပွားလေးပါလို့' ဟု ပြောပါသည်။

"ဒါဆို ကလေးကို ပွားစိန်လို့ မခေါ်နဲ့တော့ အခုကစပြီး 'စိန်ပွား' လို့ ပြောင်းခေါ်"

ကျွန်တော်တို့ အင်္ဂဝိဇ္ဇာဗေဒင်ပညာအရ ဗုဒ္ဓဟူးသမီးရဲ့အမြစ်အညွန့် ဖောက်ထိုးနာမည်ဖြစ်နေလို့ စိန်ပွားနာမည်ကိုတွင်အောင် မိသားစုကစပြီး ဂရုစိုက်ခေါ်ပေးကြဟု စေတနာဖြင့် သတိပေးပြောကြားခဲ့ပါသည်။

နောင်နှစ် အတော်ကြာသော် ရွာသို့အလည်တစ်ခေါက်ပြန်ရောက်၍ ကလေးမတို့အိမ်သို့ အလည်ဝင်သောအခါ အငယ်မလေးမှာ မြန်မာဆိုင်းအဖွဲ့တစ်ခုတွင် တက်သစ်စအဆိုတော်မလေး ဖြစ်နေသော်လည်း အကြီးမခမျာမှာ မည်သည့်လုပ်ငန်းမျှမလုပ်ကိုင်နိုင်ဘဲ အိမ်မှာသာ ဗာဟီရအလုပ်များလုပ်ကိုင်နေရရှာပါသည်။ ကျွန်ုပ်နှင့်စကားပြောနေကြစဉ် ပွားစိန်ဟုသာခေါ်ပြောနေကြသဖြင့် စိန်ပွားလို့နာမည်မပြောင်းကြဘူးလားဟု မေးရာ နှုတ်ကျိုးနေကြ၍ ပွားစိန်ဟုသာ ခေါ်နေကြကြောင်း ရယ်ရယ်မောမောနှင့်ပြောကြပါသည်။

မေးမြန်းတိုင်ပင်ခြင်းမရှိဘဲ လမ်းကြုံ၍ အလကားပြောခဲ့မိသော အဖိုးတန်ပညာရပ်နှင့်ယှဉ်သော စေတနာစကားတစ်ခွန်းမှာ ပညာတန်ဖိုးကို အလေးအနက်မထားသူတို့အတွက် အလကားဖြစ်သွားပြီဟု နောင်တရမိပါသည်။

ဗေဒင်ပညာသက် နုနယ်စဉ်ကာလမှာ ဗေဒင်ပညာရှင်တို့လိုက်နာရမည့် စည်းကမ်းကို မသိနားမလည်ခဲ့သောကြောင့် တွေ့ကြုံခဲ့ရသောအဖြစ်အပျက်အမှန်တစ်ခုဖြစ်ပါသည်။ ။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလထုတ် သူရဋ္ဌမဂ္ဂဇင်းမှ ဆရာသခင် ဦးမောင်မောင်သန်း (ရှင်ကိုအေးမြစေသား) ၏ 'တန်ဖိုးအလကားမဖြစ်စေဖို့' ပညာပေးဆောင်းပါးကို ရိုသေဦးညွှတ်စွာ ထောက်ခံတင်ပြခြင်းဖြစ်ပါသည်။

ဦးထွန်းလင်း(ပခုက္ကူ)

တစ်ချိန်က သိုက်တောဟုခေါ်ဆိုသော ရွာလေးသည် သဲကုန်းတိုက်နယ် ဆီးကုန်း၊ သပြေကြီးစုကျေးရွာအုပ်စုတွင် တသီးတခြား ငြိမ်သက်စွာရှိသော ရွာငယ်လေး ဖြစ်သည်။

သပြေကြီးစုရွာအနီးတစ်ဝိုက်တွင် ဥစ္စာစောင့်များ သိုက်များရှိခဲ့ဖူးသည်ကို ထင်ဟပ်စေရန် လူကြီးသူမများတမ်းရိုးစွဲသောထင်ကြေးဖြင့် ပေးခဲ့သော ရွာနာမည်ဖြစ်၏။

အိမ်ခြေသုံးဆယ်ခန့်သာ ရှိပြီး ဘသာဖျော့တို့လင်မယားနေထိုင်ကြ၏။ အမိအဖများက ဘသာဖျော့ဟု အမည်ပေးခဲ့သော်လည်း လက်မတွင် အတက်အပိုလေးပါကသောကြောင့် တစ်ရွာလုံးက သူ့ကိုငပွားဟုခေါ်ကြပြီး အခြားရွာများကမူ သိုက်တောသားငပွားဟူ၍သာ ခေါ်ဆိုကြလေ၏။

စောစောပြန်လာလို့ရတာပေါ့”

“ရှင့်ဟာရှင် စောစောပဲပြန်ပြန် နောက်ကျမှပြန်ပြန် ထင်းပါလာဖို့ပဲ အရေးကြီးတယ်”

“သိပါတယ်မိန်းမရာ”

“အရက်ချက်တယ်ဆိုတာ ထင်းလိုတယ်နော်ကိုပွား”

“အေးပါကွာ”

“ဒါဆိုပြီးရော”

ငပွားသည် ဘိုးဘွားပိုင်တောင်ယာခင်းဆီသို့သွား၍ ပေါင်းသင်၊ ကိုင်းထောင် မြေဖို့ရသည်ဖြစ်ရာ ထိုယာခင်းသို့သွားရာတွင် ဖျိုင်းနားတောအုပ်ကို ဖြတ်သန်းရပြီး အပြန်၌ ထိုတောအုပ်ထဲဝင်ထင်းခုတ်ရ၏။

ယနေ့စောစောပြန်လာခဲ့နိုင်သော ငပွားသည် ဖျိုင်းနားတောအုပ်သို့ဝင်လိုက်၏။

သဏ္ဌာန် ဖြူဖြူမောက်မောက်လေးတို တွေ့လိုက်ရသောကြောင့် မျက်ပင်များ ကိုဖြဲရဲကြည့်လိုက်၏။

ထိပ်ပိုင်းသုံးလက်မခန့် မြေပေါ်တွင်ပေါ်နေပြီ။ ကျန်အပိုင်းများ မြေကြီးအောက်၌မြုပ်နေသော ကျောက်သားတစ်စွန်းတစ်စကို သွားတွေ့လိုက်ရသဖြင့် ပေါက်တူးဖြင့် တူးဆွကြည့်လိုက်ရာ အမြင့် (၁) တောင်ခန့်ရှိပြီး ဘူးသီးတစ်လုံးထောင်ထားသကဲ့သို့ ကျောက်ဆစ်ထုကိုတွေ့ရ၏။

တစ်ဖက်သို့ လှည့်ကြည့်လိုက်သောအခါ နားရွက်ကားကား နှာခေါင်းပြားပြား နှုတ်ခမ်းထော်ထော် မျက်နှာပေါက်ဆိုးဆိုးနှင့် ပုံမကျပန်းမကျဆောင့်ကြောင့်ထိုင်နေပုံကို အကြမ်းလက်ရာဖြင့် ထုဆစ်ထားသောအရုပ်ဖြစ်နေ၏။

ငပွားမည်သို့ နားလည်ရမှန်းမသိသော်လည်း ထိုကျောက်ဆစ်ထုကို မြေပေါ်သို့ဆွဲတင်ပေးလိုက်ပြီး ဘေးပတ်

အရက်ခိုးသောက်သောကျောက်ဆစ်ထု

ဂမ္ဘီရလူမော်



ထိုနေ့က ထန်းပင်နေရောက်မှ နိုးလာသောငပွားသည် ကမန်းကတန်းထ၍ထမင်းစားပြီးသည်နှင့် ပုဆိုးစဖြင့်လက်သုပ်နေတယ်။

“ကိုပွား”

“ဘာလဲကွ”

“ဟင်းတွေ အကုန်စားလိုက်ပြီလား”

ဇနီးသည်ခင်ဆင့်သည် ပန်းကန်များကိုကြည့်၍မေးလိုက်၏။

“စားလိုက်ပြီလေကွာ၊ ဘာဖြစ်လို့လဲ”

“ယာခင်းကျရှင် ဘာနဲ့စားမှာလဲ”

“အိုကွာ ထန်းပင်နေကျော်နေပြီပဲ အပြီးစားလိုက်တာ ကောင်းပါတယ်။

ဖျိုင်းနားတောအုပ်သည်၊ ဖျိုင်းများခိုနားရာဖြစ်၍ တစ်ခါတစ်ရံ၌ ငါးလေးများပင်ရတတ်သဖြင့် ဟင်းစားကောက်ခဲ့ပြီး အရက်နှင့်မြည်း၏။

ငပွား ထင်းများ ပိုမိုခုတ်နိုင်၍ အတွင်းပိုင်းသို့ဝင်ခဲ့ရာမှ ချုံတစ်ချုံအနီးအရောက်တွင် အရက်တစ်ကျော့မော့လိုက်ပြီး ပေါက်တူးပေါက်ပြားများကို ပစ်ချလိုက်၏။

‘ဂလွမ်’

အသံကြားရာဆီသို့ ငပွားကြည့်လိုက်၏။

နွယ်မြက်ပင်များ ဖုံးအုပ်လျက် ဖျိုင်းချေးများ ဖြန့်ကျဲနေသောအလယ်တွင် အုန်းမှုတ်ခွက်မှောက်ထားသည့်

ပတ်လည်ရှိ မြက်ပင်ပေါင်းပင်များကို ကြည့်ကောင်းအောင် ရှင်းလင်းပေးလိုက်၏။

ငပွား အရက်လက်ကျန်များကို ကြည့်လိုက်ပြီး အရက်ပုလင်းကို ထိုကျောက်ဆစ်ထုတွင် ချိတ်ဆွဲ၍ ထင်းဝင်ခုတ်လေ၏။

စိတ်တိုင်းကျ ထင်းခုတ်ပြီးပြန်ထွက်လာသော ငပွား၊ ကျောက်ဆစ်ထုဆီအရောက်တွင် ထပ်မော့ရန် အရက်ပုလင်းကိုယူလိုက်၏။

‘ဟာ ဘယ်လိုဖြစ်တာလဲ’

အရက်ပုလင်းထဲတွင် အရက်များ ခမ်းတော့သည့်အဖြစ်ကို တွေ့လိုက်ရပြီး ဒီအရက်တွေ ဘယ်ရောက်ကုန်တာလဲ ဟုမကျေမနပ်ဖြင့် ကျောက်ဆစ်ထုကို တစ်လှည့် ပတ်ဝန်းကျင်ကိုတစ်လှည့် သင်္ကာမကင်းလျှောက်ကြည့်ရာမှ ငပွား ထင်းစည်းထမ်းပြန်လာလိုက်ရ၏။

*

ယနေ့လည်း ငပွားယာခင်းမှ အပြန် ထင်းခုတ်ရန် ဗျိုင်းနားတောအုပ် သို့ဝင်လိုက်ရပြန်၏။

ရောက်သည်နှင့် အရက်ပုလင်းထဲ ရှိ အရက်များကို အမှတ်အသားပြု၍ ကျောက်ဆစ်ထုတွင် ချိတ်ဆွဲလိုက်ပြီး နောက် ထင်းဝင်ခုတ်လိုက်၏။

ထင်းခုတ်ပြီး ပြန်လာသော ငပွား ကျောက်ဆစ်ထုတွင် ချိတ်ဆွဲထားသည့် အရက်ပုလင်းကိုယူ၍ မော့၍ပြင်လိုက်၏။

'ဟာကွာ ရော့ပြန်ပြီ'

ငပွားသည် ကျောက်ဆစ်ထုကို ကြည့်လိုက်ပြီ။

"ဒါ ခင်ဗျားသောက်တာပဲဖြစ်ရမယ်။ ဒီမယ် ဒီမယ် သောက်ချင်ရင် တောင်းသောက်ရတယ်။ ခိုးမသောက်နဲ့ ကြားလား၊ ကျုပ်လည်း အရက်သမား ပါ"

ဟုပြော၏။

ဖင်ကပ် အရက်ကျန်လေးကိုမော့ ထင်းစည်းထမ်းပြန်လာခဲ့၏။

အိမ်ရောက်လာသောငပွား ထင်းစည်းကိုပစ်ချလိုက်ပြီး အရက်အိုးမှ အရက်ကိုခပ်သောက်နေ၏။

ခင်ဆင့်သည် ငပွားကိုကြည့်ရာက ရှင်လွန်နေပြီနော်ဟု ပြောလိုက်သဖြင့် ပင်ပန်းလာလို့ပါဟု အဖြေပေးလိုက်၏။

"အဲဒီလိုပဲ အကြောင်းပြတယ်"

"ရေချိန်လေးနည်းနည်းလိုသေးလို့ ပါကွာ။ ဘာမှမပြောနဲ့။ ဆူဆူညံညံမလုပ်နဲ့ ဒါပဲ။ အေးပါ အေးပါ ထမင်းစားပါ တော့မယ်"

"ရှင့်ဘာသာခူးခပ်စား အရက် အိုးက မီးဖြတ်လို့ရတာမဟုတ်ဘူး"

"ရပါတယ်ကွာ"

ဟုဆို၍ ငပွားအိမ်ထဲဝင်လာခဲ့ လိုက်၏။

*

အမှောင်ထုက လွှမ်းနေ၏။

အိပ်နေသည့်ငပွား ဝူးဝူးဝူးဆို သောအသံကြားလိုက်ရသဖြင့် မျက်လုံး ဖွင့်ကြည့်လိုက်ရာ ဝေခွဲမရသော

ခြေလေးချောင်း အကောင်ကြီးတစ်ကောင်အိမ်ထဲသို့ ပြေးဝင်လာသည်ကို တွေ့လိုက်ပြီး မီးဖိုချောင်ရှိ အိုးခွက်ပန်းကန်များကို လှန်လှောနေသောကြောင့် ထင်းချောင်းနှင့် ပစ်ပေါက်လိုက်၏။

ထိုအကောင်ကြီးသည် အိမ်ထဲမှ ထွက်သွားပြီး အရက်အိုးများရှိရာသို့သွား၍လှန်လှောရှာဖွေကြပြန်သဖြင့် ငပွား ထင်းချောင်းကြီး ဆွဲလိုက်သွားလိုက်ရ၏။

အနီးရောက်သောအခါ ဝက်ကဲ့သို့ မျက်နှာပေါက်ဆိုးဆိုးနှင့် ဘူးသီးပုံသဏ္ဍာန် ကိုယ်ထည်လုံးလုံးကြီးနှင့် အကောင်ဖြစ်နေ၏။

ငပွားအော်ဟစ်မောင်းထုတ်သော်လည်း သူ့ဆီသို့ တန်းတန်းမတ်မတ်လာနေသောကြောင့် ငပွားသည် ထင်းချောင်းကြီးဖြင့်ပေါက်၍ နှင်ထုတ်နေရပြန်၏။

'သွား သွား ဟေ့ကောင်သွား။ မသွားဘူးလား သွားမလား'

'သွားဆိုသွားကွာ သွားသွား'

ဟု အိပ်နေရာက နှင်ထုတ်နေသော ငပွား အသံသည် ကျယ်လောင်စွာရှိနေ၏။

ခင်ဆင့်နိုးလာပြီး-

"ကိုပွား ရှင်ဘာတွေအော်နေတာလဲ"

ဟု လှုပ်နှိုးလိုက်သောကြောင့် ငပွားနိုးလာခဲ့၏။

"မူးမူးရူးရူးနဲ့ ဘာမှန်းမသိဘူး။ အိပ်ရေးပျက်တယ်"

ဟုဆိုကာ နေရာပြောင်းအိပ်လိုက်ရ၏။

သူပဲဖြစ်ရမယ်။

ငပွား ကျောက်ဆစ်ထုကို သွားသတိရလိုက်မိတော့၏။ အရက်လာတောင်းသောက်တာများလား မသိဘူး တွေးကြည့်နေပြန်၏။

ခိုးမသောက်နဲ့တောင်းသောက်ဟု သူပြောခဲ့မိသောသူ့စကားကိုပြန်အမှတ်ရလိုက်ပြန်၏။

"ဟုတ်ပြီ ဟုတ်ပြီ သူပဲ သူပဲ။ ဟားဟားဟား"

ငပွားရယ်သံကြောင့် ခင်ဆင့်ပြန်နိုးလာပြီး-

"ရှင် ဘာတွေရယ်နေရပြန်တာလဲ။ အခုထိ အမူးမပြေသေးဘူးလား၊ ရယ်ချင်ရင် အိမ်ပြင်ထွက်ရယ်"

ဟု ထပ်ပြောလိုက်သဖြင့်-

"အေးပါ အေးပါ"

ဟု ငပွားတစ်ဖက်သို့ ပြောင်းအိပ်လိုက်ရ၏။

ငပွားသည် အိပ်မရတော့ဘဲ ထိုအိပ်မက်ကိုတွေးရင်းတောရင်းဖြင့် မိုးလင်းလာခဲ့တော့၏။

ယာခင်းဆင်းရန် ငပွားထုံးစံအတိုင်း ပြင်ဆင်နေ၏။

"ဟဲ့- ငပွား ခင်ဆင့်ရော"

ဟု အမေနှင့်အတူ အကြွေးတောင်းရန်ရောက်လာသည့် ဒေါ်ပုကို တွေ့လိုက်သော ငပွားသည် အိမ်ထဲမှာရှိပါတယ်ဟုလမ်းလွှဲပေးလိုက်ပြီး အရက်များကို ပုလင်းနှင့်အပြည့်ထည့်ယူနေ၏။

အာကြမ်းလျှာကြမ်းဖြင့် အနိုင်ယူပြောဆိုလေ့ရှိသော ဒေါ်ပုနှင့်ခင်ဆင့်တို့ ခွန်းကြီးခွန်းငယ် စကားများသံများကို ကြားရသော်လည်း ငပွားသည် မကြားဟန်ပြု၍ အလျင်စလို ယာခင်းသို့ အထွက်ပြလိုက်တော့၏။

အကင်းပါးသောခင်ဆင့်၏ပြောဆိုနိုင်မှုကြောင့် ဒေါ်ပုရန်တွေ့ရာမှ ပြန်သွားလေ၏။

ဗျိုင်းနားတောအုပ်ထဲတွင်ရောက်နေသောငပွားသည် ထင်းခုတ်ပြီးသည်နှင့် ကျောက်ဆစ်ရုပ်ဆီသို့ အပြေးလေးလာပြီး ချိတ်ဆွဲပေးထားခဲ့သော အရက်ပုလင်းကိုယူကြည့်လိုက်၏။

"ဟဲဟဲ- ကျုပ်ထင်ထားတဲ့အတိုင်းပါပဲလား။ ကျုပ်ဆီကိုလာတာ ခင်ဗျားပဲဖြစ်ရမယ်။ ရတယ်၊ ရပါတယ် သောက်သောက်အဲအဲမနက်ဖြန်အရက်ပါမလာရင်တော့ ကျုပ်ငတ်သလို ခင်ဗျားလည်း ငတ်ပေါ့ဗျာ။ အရက်ချက်ဖို့ ပိုက်ဆံပြတ်နေပြီ။ အကြွေးတွေလာတောင်းနေလို့ ဘာလုပ်ရမှန်း မသိဖြစ်နေတယ်"

ဟု ကျောက်ဆစ်ထုကိုပြောပြီး ထင်းစည်းထမ်းထွက်လာခဲ့၏။

ငပွားအိမ်ပေါက်ဝမှ မျက်နှာထားတင်းတင်းဖြင့် ကြည့်နေသော ခင်ဆင့်ကြောင့် ထင်းစည်းကို မီးဖိုနားတွင်ချပေးပြီး အိမ်ထဲသို့ဝင်ရန် ဟန်ပြင်လိုက်၏။

"နေဦးကိုပွား"

"ဘာလဲကွ"

"မနက်က ဒေါ်ပုအကြွေးလာတောင်းတာသိလျက်သားနဲ့ ရှင်ကဘာတစ်ခွန်းမှ ဝင်ပြောဖော်မရဘူး"

"ငါကဘာပြောရမှာလဲကွာ"

"တစ်ပတ်နှစ်ပတ်လောက်တော့ ဆိုင်းပါဦးလို့ပြောပေါ့"

"ဩော်ကွာ မပေးနိုင်ရင် ဘယ်လိုလုပ်မှာလဲ"

"အဲဒီကျတော့လည်းထပ်တောင်းပန်ရုံပဲပေါ့"

"အခု မင်း တောင်းပန်လိုက်ပြီမဟုတ်လား"

"ရောင်းလို့ရတဲ့အရက်က နည်းနည်း၊ ရှင်သောက်တာကများများ အပိုတွေက ထည့်ယူသွားသေးတယ်၊ အကြွေးတွေ လည်ပင်းထိနေပြီ။ အဲဒါရှင်သိလား"

"ဖြစ်လာမှာပေါ့ကွာ"

"ဘယ်တော့လဲ"

"ကိုင်းတွေ ပေါ်တော့မယ်လေ"

"အဲဒါရှင်ပြောမှုလား"

"ကဲပါကွာ တခြားဆီက လှည့်လို့ရရင် မင်းအကြွေးတွေကို ငါထိုးဆပ်ပေးပါ့မယ်"

ဟု ရောင်လည်လည်နှင့်ပြောပြီး အိမ်ထဲဝင်သွားသော ငပွားကိုကြည့်၍ ခင်ဆင့်မကျေမချမ်းဖြစ်နေလေ၏။

*

လင်းကြက်လေးတွန်သံကြားနေရ၏။

ခြင်ထောင်သွက်သွက်ခါလှုပ်ယမ်းလိုက်သောအဖြစ်ကြောင့် ငပွားမျက်လုံးဖွင့်ကြည့်လိုက်၏။

'ဟာ- ခင်ဗျားပါလား'

မမျှော်လင့်ဘဲ ကျောက်ဆစ်ထုကို တွေ့လိုက်ရသဖြင့် ငပွားအံ့သြသွားရ၏။

'ခင်ဗျား အရက်လာတောင်းတာလား'

'မဟုတ်ပါဘူးကွာ။ မင်းတို့လင်မယားရန်မဖြစ်ကြပါနဲ့လို့ ပြောချင်လို့'

'အကြွေးတွေ ဝိုင်းဝိုင်းလည်နေတာကြောင့် တစ်ကျိကျိဖြစ်နေရတာပါ'

'အဲဒါကိုပဲ ငါပြောချင်တာ'

'ဘာပြောမှာလဲ'

'မင်းကတိတစ်ခုပေးရလိမ့်မယ်'

'ဘာများလဲ'

'အဲဒီအကြောင်းတွေကို ဘယ်သူကိုမှမပြောဘူးဆိုတဲ့ကတိပဲ'

'ရပါတယ်ဗျာ'

'လွယ်လွယ်နဲ့မပြောနဲ့ကွာ'

'စိတ်ချပါ ဘယ်သူမှမသိစေရပါဘူး။ ကျုပ်ဝမ်းထဲမှာ ထားမှာပါ'

'ကဲ- ဒါဆိုရင် ငါပြောမယ်'

'ပြောပါ'

'မနက်ကျ မင်းငါ့ဆီကိုရောက်တာနဲ့ ငါ့ရဲ့နောက်ကျောဘက်မှာပေါက်နေတဲ့ ပေါက်ပင်ငယ်လေးတစ်ပင်ကို

တွေ့အောင်ရှာပါ။ အဲဒီဘေးမှာ မြေကြွက်ဂယ်ပေါက်ဝကိုတွေ့ရလိမ့်မယ်'

'မြေကြွက်ကျင်းကို ပြောတာလား'

'အေးပေါ့။ အဲဒီမှာ မင်းကြည့်လိုက်'

'ဗျာ'

'မင်းတွေ့ရလိမ့်မယ်။ မင်းတို့လင်မယားရန်မဖြစ်ကြနဲ့။ ငါပြောချင်တာ အဲဒါပဲ'

'ဟုတ်ကဲ့ ဟုတ်ကဲ့ပါ'

'ကဲ- ငါသွားမယ်'

ငပွားအိပ်ရာမှနိုးလာပြီး အိပ်ပျော်နေသောခင်ဆင့်ကိုကြည့်၍ မ ည်သူ့ကိုမှမပြောပါနဲ့ဟု ဆိုသွားသောစကားကြောင့် ရေငုံနှုတ်ပိတ်၍ တွေးရင်းတောရင်းဖြင့် အိပ်မရတော့ဘဲရှိနေ၏။

မိုးလင်းသည်နှင့် ငပွားအရက်အိုးရှိရာသို့သွား၍ အရက်များကို ပျာပျာသလဲ ပုလင်းထဲသို့ ခပ်ထည့်နေ၏။

ခင်ဆင့်ရောက်လာပြီး-

"ဒါဘာလုပ်တာလဲကိုပွား။ ရောင်းဖို့မကျန်တော့ဘူး"

ဟု ပြောနေသည်ကို ငပွားပြန်မပြောဘဲ အရက်များကို ခပ်ထည့်မြဲသာ ခပ်ထည့်နေ၏။

"ထင်းရှိရုံနဲ့ မပြီးဘူးနော်။ ကောက်ညှင်း၊ တစေးနဲ့ ထန်းလျက်တွေကဝယ်ရသေးတယ် ဘယ်မလဲပိုက်ဆံ"

ငပွားပြန်မပြောဘဲသာ နေလိုက်လေ၏။

"ရှင်ကသောက်ဖို့ပဲသိတယ်ဟင်း"

ငပွားမည်သို့မှမပြောဘဲ ကောက်ကာငင်ကာ အရက်ပုလင်းခါးချိတ်ပြီး အထွက်ပြုလိုက်သဖြင့် ခင်ဆင့်မကြည်မသာဖြစ်၍ကျန်ရစ်ခဲ့တော့၏။

ငပွား ယခင်ဆီသို့မသွားဘဲ ဖျိုင်းနားတောအုပ်ထဲသို့ ဝင်လာခဲ့၏။

ကျောက်ဆစ်ထုရှေ့သို့ ရောက်သည်နှင့် အရက်ပုလင်းကို လေးလေးစားစားချိတ်ဆွဲပေးလိုက်ပြီး ကျောက်ဆစ်ထုကျောပေးထားရာ အနောက်ဘက်ဆီသို့ ကွေ့ထွက်လိုက်၏။

ပေါက်ပင်များကို အခုမှသတိထားကြည့်နေမိ၏။

ပေါက်ပင်ငယ်ငယ်လေးဟု ဆိုထားသောကြောင့် အနီးအပါးတွင်လိုက်ရှာကြည့်ရာမှ ပေါက်ပင်ကြီး တစ်ပင်အောက်တွင် အညွန့်အားဝေဝေဆာဖြင့် ထိုးထိုးထောင်ထောင်ထွက်နေသောပေါက်ပင်ငယ်လေးတစ်ပင်ကို လှမ်းမြင်လိုက်သဖြင့် အပြေးအလွှားသွားလိုက်၏။

"ဒီအပင်ပဲ ဖြစ်ရမယ်"

"သူ၏အိပ်မက်ကို ပြန်တွေးကြည့်လိုက်ပြီးမြေကြွက်ကျင်းဝကို ထပ်ရှာကြည့်ရပြန်တယ်"

မြေဇာမြက်ပင်လေးများ ကျိုးကျိုးကျဲကျဲလွှမ်းခြုံပြီး ရိုးပြတ်အပိုင်းအစလေးများ ဖုံးအုပ်နေသည်။ ချိုင့်ခွက်လေးကိုသွားတွေ့လိုက်၏။

"ဒါများလား မသိဘူး"

သဲလွန်စရလိုက်သလိုရှိ၍ ရိုးဖြတ်အပိုင်းအစလေးများကို ဖယ်ရှားကြည့်လိုက်ရာ မြေကြွက်ကျင်းဂယ်ပေါက်ဝကို တွေ့ရလေတော့၏။

ဟုတ်ပြီ။

ငပွားသည် ပေါက်တူးဖြင့် မြေကြွက်ကျင်းဝကို ချဲ့ထွင်ပေးလိုက်ပြီး အတွင်းဘက်သို့ တစ်တောင်သာသာခန့်ခြစ်ထုတ်လိုက်၏။

မြေစိုင်ခဲများနှင့်အတူ ဝင်းဝင်းလက်လက် အလင်းတန်းလေးများက မျက်လုံးစီသို့ တန်းဝင်လာသဖြင့် ခပ်သွက်သွက်ဖွကြည့်လိုက်၏။

ဘာလေးတွေလဲ။ ကောက်ကြည့်လိုက်သောအခါ ရတနာပုံခေတ်သုံး (၄) လေးပဲသားဟု စာတမ်းခတ်နှိပ်ထားသည့် ဒေါင်းမက်စေ့ ငွေဒင်္ဂါးပြားလေးများဖြစ်နေသောကြောင့် ငပွားအံ့သြစွာရှိသွားတော့၏။

ဟာ - သုံးပြားတောင်မှပဲ။

ငပွားသည်ကောက်ယူ၍ကျောက်ဆစ်ထုဆီသို့ ပြေးထွက်လာပြီး ရှေ့အရောက်တွင် ကျေးဇူးတင်လိုက်ဗျာ။ ကျေးဇူးတင်လိုက်တာဗျာဟုအကြိမ်ကြိမ်ပြော၍ အိမ်သို့ အလျင်စလိုသုတ်ခြေတင်ခဲ့လေ၏။

အိမ်ရှေ့အဝင်တွင် ခင်ဆင့်ကိုတွေ့လိုက်ရသဖြင့် ငပွားကိုယ်ရှိန်သပ်လိုက်ရ ၏။

"ရှင်ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ"

"ထင်းလည်း ပါမလာပါလား"

ငပွားသည်ရလာခဲ့သော ငွေဒင်္ဂါးမတ်စေ့လေးများကို ပြလိုက်ချင်သော်လည်း မည်သူ့မှမသိစေနှင့်ဆိုသောစကားကြောင့် အတန်ကြာအောင် စဉ်းစားကြည့်နေ၏။

"မိုးကောင်းမှ ပေါင်းအိုးကမြန်မြန်ကျတာ။ ထင်းလိုတယ်နော်ကိုပွား"

"အေးပါကွာ၊ ခုတ်ပေးပါ့မယ်မိန်းမရာဟု ပြောလိုက်ပြီး အကဲခတ်ရာမှ ငပွားသည်မင်းအကြွေးတွေဆပ်နိုင်တော့မှာပါဟုကောက်ခါငင်ကာပြောလိုက်၏"

"ဘာလဲ ကိုင်းပေါ်မှလား"

"မင်းကလည်း ဆုံးအောင်နားထောင်စမ်းပါဦး"

"ရှင် ဒါပဲပြောမှာ မဟုတ်လား။ မနက်ကျ ဒေါ်ပုလာပြီး တကျီကျီအပူတိုက်နေဦးမှာ မြင်ယောင်သေးတယ်"

"အဲဒါကိုပဲငါပြောမလို့ပါမိန်းမရာ"

"ဘာပြောမှာလဲ"

"ဒီလိုကွ ငါထင်းခုတ်တဲ့နေရာက ငွေစလေးတွေကောက်ရခဲ့လို့ ငါထင်းမခုတ်တော့ဘဲ ပြန်လာခဲ့တာပါ"

ဟု ယုတ္တိတန်သောစကားဖြင့် ငွေဒေါင်းမတ်စေ့လေးသုံးပြားကို ထုတ်ပြလိုက်သဖြင့် ခင်ဆင့်လည်း အံ့အားသင့်သွားလေ၏။

"ကံကောင်းလိုက်တာကိုပွားရယ်။ အင်း အကြွေးတွေ ဆပ်နိုင်တော့မယ်။ ဒေါ်ပုအိမ်ရှေ့လာပြီးရန်လာလာထောင်နေတာကို ကြာတော့လည်းမခံချင်တော့ဘူးကိုပွားရဲ့"

"အိုကွာ အကြွေးတွေပြန်ဆပ်လိုက်ရင် ဒေါ်ပုကျေနပ်သွားမှာပါကွာ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

ခင်ဆင့်အကျေနပ်ကြီး ကျေနပ်သွားသည့်အဖြစ်ကိုကြည့်၍ ငပွားလည်း ဝမ်းသာနေ၏။

*

ငွေဒင်္ဂါးပြားလေးများထုတ်ပြလိုက်သော ခင်ဆင့်ကြောင့် ဒေါ်ပုရှစ်ခေါက်ချိုးမျက်နှာ ခဝါချလိုက်သကဲ့သို့ အချိုးပြောင်းသွား၏။

"ဟယ် ဒါဘယ်ကရတာလဲ ခင်ဆင့်"

"ကိုပွားကောက်ရလာခဲ့တာ"

"ဟုတ်လို့လားဟယ်"

"ဖျိုင်းနားတောအုပ် ထင်းခုတ်တဲ့နေရာကလို့ပြောတယ်"

ဒေါ်ပုသည် ဒေါင်းမက်စေ့လေးများကိုကြည့်လိုက်ပြီး အတန်ကြာအောင် စဉ်းစားနေ၏။

"ဒေါ်ပုက မယုံလို့လား"

"မဟုတ်ပါဘူးအေ ဒီတောအုပ်ထဲမှာ ဒီလိုငွေစတွေရှိတယ်ဆိုတာကို အံ့သြလို့ပါဟယ်"

"ရထိုက်လို့ရတာပေါ့ ဒေါ်ပုရယ်"

ဟုပြော၍ အကြွေးကုန်စင်အောင်ဆပ်နိုင်လိုက်သော ခင်ဆင့်သည် ခေါင်းကလေး မော့ပြန်ထွက်လာခဲ့၏။

အိမ့်ထဲမှထွက်သွားသော ခင်ဆင့်ကိုမြင်လိုက်သော သာဆန်းသည် ဒေါ်ပုဘေးတွင် ဖင်ထိုင်လိုက်ပြီး လှမ်းကြည့်ကာ အစ်မပု ခင်ဆင့်အကြွေးလာဆပ်တာလားဟုမေးလိုက်၏။

"ဟုတ်တယ် လာဆပ်သွားပြီ သာဆန်း"

"ထောင်ထောင် ထောင်ထောင်နဲ့ သူ့ကြည့်ရတာတစ်မျိုးပဲ"

"သြော်ဟယ်-ငွေစလေးတရွှင်ရွှင်နဲ့ဖြစ်နေတော့ မူပြောင်းတာပေါ့ဟယ်။ အရက်ရောင်းလို့ရတဲ့ ပိုက်ဆံတော့ မဟုတ်ဘူး"

"ဘယ်ကရတာလဲ"

"ဗျိုင်းနားတောအုပ်ထဲမှာ ငပွား ထင်းခုတ်ရင်းနဲ့ရလာတယ်လို့ ပြောတာပဲ ဒေါင်းဒင်္ဂါးမတ်စေ့လေးတွေ"

"ဟုတ်လို့လားဗျာ"

"ငါဘယ်သိမှာလဲ ခင်ဆင့်ပြောသွားလို့သိရတာ"

"ဒါဆို တစ်ခုခုတော့ တစ်ခုခုပဲဗျ။ အကြောင်းတော့ရှိရမယ်"

"ဂဃနဏတော့ မသိပါဘူးဟယ် ဗျိုင်းနားတောအုပ်ထဲကရခဲ့တယ်ဆိုတာတော့ အမှန်ပဲ"

"အစ်မပုကလည်းဗျာ။ အဲဒီမှာ သိုက်တွေဘာတွေရှိနေတယ်လို့ ပြောပြောနေကြတယ်မဟုတ်လား"

"ထင်တော့ထင်စရာပဲ သာဆန်းရဲ့"

"သိတဲ့လူတွေရှိနေကြတာပဲဟာ။ သူတို့ကိုမေးစမ်းကြည့်ရမှာပေါ့"

"နင့်ဟာနင်ပဲမေး"

"အစ်မပု အကင်းမပါးသေးပါဘူးဗျာ။ ငပွားလိုပဲ ရှာဖွေကြည့်ရမယ်လေ မဟုတ်ဘူးလား"

"ငါမသိပါဘူး သာဆန်းရယ်"

"အစ်မပုသဘောမပေါက်သေးဘူး ကျွန်တော်မပြောချင်တော့ဘူးဗျာ။ ဒါမျိုးကိုသိတဲ့ ကိုစံရဆီသွားမှဖြစ်မှာ"

ဟု ပြော၍ သောက်ရေအိုးမှ ရေတစ်ခွက်ခပ်သောက်ပြီး ထွက်သွားသောသာဆန်းကို ဒေါ်ပုလိုက်ကြည့်နေ၏။

*

ထုံးစံအတိုင်း ယာခင်းသို့သွား၍ ငပွားပြင်ဆင်နေ၏။

ခင်ဆင့်ရောက်လာပြီး အရက်ပုလင်းတွင် အရက်များထည့်နေသော ငပွားနားဝင်ထိုင်လိုက်၏။

"ဘာလဲကွာ အရက်တွေ အများကြီး ယူမသွားနဲ့လို့ ပြောဦးမလို့လား"

"မဟုတ်ပါဘူးတော် ဟိုလေ"

"ဘာဟိုလဲ"

"ငွေဒေါင်းမတ်စေ့လေးတွေ ဗျိုင်းနားတောအုပ်ထဲက ကောက်ရခဲ့တယ်ဆိုတာ အမှန်ပဲလား"

"မသိချင်စမ်းပါနဲ့ကွာ"

"သြော်-ထပ်တွေ့လို့တွေ့ငြား ရှာကြည့်ပါဦးလို့ ပြောမလို့ပါ"

ငပွားစကားမပြန်ဘဲနေ၏။

"ဒေါ်ပုကိုမခံချင်လို့ အကြွေးတွေကုန်စင်အောင်ဆပ်လိုက်လို့ သိပ်တောင်မကျန်တော့ဘူး။ နောက်ထပ်ရလိုက်ရင်တော့ ပိုလျှံပြီပေါ့တော်"

"မင်းအရက်ရောင်းလို့ အလျင်မီလုပြီမဟုတ်လား"

"ဒါတော့ဒါပေါ့တော်။ ကံကောင်းရင်ထပ်တွေ့နိုင်တယ်မဟုတ်လား။ မင်းကလည်း ဖြစ်လာမှာပေါ့ကွာ"

ဟု ခင်ဆင့်စကားကို တိုတိုတုတ်တုတ်နှင့်ဖြတ်လိုက်ပြီး ငပွားထွက်လာခဲ့၏။

ဗျိုင်းနားတောအုပ်သို့ ရောက်လာသောငပွားသည် အရက်ပုလင်းကို ကျောက်ဆစ်ထုတွင် လေးလေးစားစား ချိတ်ဆွဲပေးလိုက်ပြီး ကျုပ်ကိုထပ်ပေးပါဦးလားဗျာဟု တိုးလျှိုးတောင်းပန်၍ ပေါက်ပင်ငယ်လေးအနီး မြေကွက်ကျင်းများရှိရာသို့ပေါက်တူးထမ်းထွက်လာ၏။

မျှော်လင့်ချက်ဖြင့် မြေကွက်ကျင်းများကို ပေါက်တူးဖြင့်ပေါက်၍ လိုက်လံရှာဖွေသော်လည်း မတွေ့ရဘဲ ငပွားအမောသာအဖတ်တင်နေ၏။ စိတ်လျှော့လိုက်သော ငပွားကျောက်ဆစ်ထုရှိရာသို့ပြန်လာပြီး အရက်ပုလင်းကိုယူကြည့်လိုက်၏။

"ဟဲဟဲ ကျုပ်အတွက်ချန်ထားပေးသားပဲနော်"

ဟု ဆို၍ အရက်ကိုမော့လိုက်ပြီး ကျောက်ဆစ်ထုကိုကြည့်လိုက်ရာ မြင်မကောင်းအောင် ပေကျံနေသည်ကို တွေ့ရသဖြင့် ဝန်းကျင်ရှိ ဗျိုင်းချေးများကို သုတ်သင်ရှင်းလင်းပေးပြီး ကျောက်ဆစ်ထုကို မြေပေါ်သို့မတင်လိုက်၏။

"ဟာ"

ငပွားအံ့ဩသွား၏။

ချိုင့်ခွက်ထဲ၌ ဒေါင်းမတ်စေ့လေးနှစ်ပြားကို တွေ့လိုက်ရ၍ အိပ်ထဲသို့ကောက်ထည့်လိုက်ပြီး ငပွား သူ့ပုဆိုးစဖြင့် ကျောက်ဆစ်ထုကို အခါခါသန့်ရှင်းရေးလုပ်ပေးလိုက်၏။

စိတ်တိုင်းကျသွားသော ငပွား ကျောက်ဆစ်ထုကို နေသားတကျပြန်ထားရာက ကျေးဇူးတင်လိုက်တာဗျာဟု ပြော၍ ပတ်ဝန်းကျင်သို့ ကျီးကန်းတောင်းမှောက်ကြည့်ပြီး ဗျိုင်းနားတောအုပ်အတွင်းမှ အပြေးလေးပြန်ထွက်လာခဲ့၏။

ဗျိုင်းနားတောအုပ်အတွင်းမှထွက်သွားသောငပွားကို သာဆန်းနှင့်စံရတို့ကသစ်ပင်အကွယ်မှကြည့်နေကြ၍-

"ကဲ- တွေ့ပြီမဟုတ်လား ကိုစံရ။ ငပွား ငွေဒင်္ဂါးလေးတွေရရလာတယ်ဆိုတာ အဲဒီတောအုပ်ထဲကပဲ"

"မင်းကဘယ်လိုသိတာလဲ"

"အစ်မပုပြောလို့သိရတာ"

"အစ်မပုပြောရင်တော့ ဖြစ်နိုင်တယ်ကွ"

အရင်တုန်းက ငပွားတို့က အစ်မပုဆီက ပိုက်ဆံချေးငှားပြီး အရက်ချက်ရောင်းစားနေရတာ အခု သူတို့ဆီက ပြန်ပြီးတောင်ချေးငှားရမလိုဖြစ်နေပြီ။

"ဟုတ်လား"

"အဲဒါကြောင့် ခင်ဗျားကို ဒီခေါ်လာပြီးပြတာ"

စံရသည် ဗျိုင်းနားတောအုပ်ကို အကဲခတ်ကြည့်နေ၏။

"ခင်ဗျားက ဒါမျိုးတွေ အတွေ့အကြုံရှိတယ်မဟုတ်လား။ အေးပါကွာ ငပွားရရင် တို့လည်းရရမှာပေါ့သာဆန်းရာ"

"အဲဒါကိုပြောတာ"

စံရသည် အဝေးသို့ရောက်သွားသည့် ငပွားကိုလှမ်းကြည့်လိုက်ပြီး ကဲလာကွာဟုခေါ်၍ တောအုပ်အတွင်းသို့ ဝင်လာခဲ့ကြ၏။

ကျောက်ဆစ်ထုကို သွားတွေ့လိုက်သောသာဆန်းသည် ဟိုမှာဘာလဲမသိဘူးဟု လက်ညှိုးထိုးပြလိုက်သဖြင့် စံရအနားသို့ သွားကြည့်လိုက်၏။

"ထူးတော့ထူးတယ်သာဆန်း"

"ဒီလောက်ဆို ကိုစံရသိလောက်ပါပြီ။ ဘာလုပ်ကြမလဲ"

စံရသည် ကျောက်ဆစ်ထုကို လှည့်ပတ်ကြည့်ရာက ကျောက်ဆစ်ထုနောက်ကျောခပ်လှမ်းလှမ်း၌ ငပွားတူးဆွသွားသော မြေစာပုံလေးများကို တွေ့လိုက်ရသဖြင့်-

"ကဲ ရှာဖို့ပဲလုပ်တော့ကွာ"

ဟု ပြောလိုက်၏။

"ရှာရမယ်ဟုတ်လား ကိုစံရ"

"အေးလေ ရှာကြမယ်"

မြေစာပုံလေးများရှိရာသို့ ရောက်သည်နှင့်စံရသည် မြေကြွက်ကျင်းများ အပေါ်တွင် ဖွလန်ကြဲနေသော မြေစိုင်ခဲလေးများကိုကြည့်၍ ငွေပွားကောက်ရတယ်ဆိုတာ မဖြစ်နိုင်ဘူး။ သာဆန်းတူးယူသွားတာပဲဖြစ်ရမယ်ဟုပြောလိုက်၏။

"ဟုတ်လား"

"လာကွာ တူးမယ်"

ဟု ဆိုပြီး စံရကစတူးလိုက်သဖြင့် သာဆန်းလိုက်တူးကြည့်နေ၏။

အတန်ကြာတူးရာမှ လက်ညောင်းသွားသော သာဆန်းသည် လက်ပွားလက်ဦးသွားပြီနဲ့တူတယ် ဟု ညည်းပြနေ၏။

"စကားမများနဲ့သာဆန်း တူးစမ်းပါကွာ"

ဟု ပြောလိုက်သော စံရကြောင့် သာဆန်းဆက်တူးရ၏။

စံရသည် မသက်ာဖွယ်မြေကြီး ပတ်ကြားအက်ကြောင်းတစ်ခုကို သွားတွေ့လိုက်ရသဖြင့် ဒီမှာလာကြည့်စမ်းဟု ခေါ်ပြလိုက်၏။

ထိုပတ်ကြား အက်ကြောင်းလေးသည် ကွေ့ကွေ့ကောက်ကောက်အက်ကြောင်းအရာထင်လျက် ပေါက်ပင်ကြီးတစ်ပင်၏ပင်ခြေရင်းတွင် ဆုံးသွားသည်ကိုတွေ့နေရ၏။

"လာကွာ ဟောဒီပတ်ကြားအက်အဆုံးက ပေါက်ပင်ကြီးအောက်မှာတူးကြမယ်"

ခေါ်ထွက်သွားသောကြောင့် သာဆန်းနောက်မှလိုက်လာခဲ့၏။

စံရသည် ပေါက်ပင်ကြီး၏မြစ်ခြေနှင့်ပတ်ကြားအက်အကြားရှိမြေကြီးများကိုတူးဆွနေ၏။

'ဂလပ်၊ ဂလပ်'

အသံကြားလိုက်သော သာဆန်းသည် အဲဒါကျောက်ခဲတွေလား ကိုစံရဟု မေးနေ၏။

"မေးမနေနဲ့သာဆန်း တူးမှာတူး"

"အင်းပါ အင်းပါ"

စံရဆက်တူးရာမှ ချွမ်ချွမ်ဟူသော မြည်သံကိုကြားလိုက်ရသဖြင့် သာဆန်းသည် အားတက်သရောဝင်တူးလိုက်၏။

မြေကြီးများနှင့်အတူ ဝင်းဝင်းလက်လက် အစိုင်အခဲလေးများကို သွားတွေ့လိုက်ရသော် သာဆန်းနှိုက်ယူကြည့်လိုက်၏။

"ဟာဗျာ - ဒင်္ဂါးပြားတွေလည်း မဟုတ်ပါလား"

"မင်းဘာသိလဲ သာဆန်း"

"ကျွန်တော် ဘာသိရမှာလဲ"

"အဲဒါငွေအရိုင်းတုံးလေးတွေကွ။ ဒင်္ဂါးပြားထက်တောင်တန်ဖိုးရှိတယ်"

"ဟုတ်လား"

"ဒါကြောင့် တူးပါတူးပါလို့ငါပြောနေတာပေါ့"

သာဆန်း နက်သထက်နက်အောင်ဆက်တူးကြည့်သော်လည်း အစအနပင် မတွေ့တော့ဘဲရှိနေ၏။

"မတွေ့တော့ဘူး ကိုစံရ"

"ဒီမယ်သာဆန်း ဒါမျိုးဆိုတာ ထိုက်တန်သလောက်ပဲရတယ်ကွ။ မင်းပိုလိုချင်လို့မရဘူး။ တော်တော့သာဆန်း မရှိတော့ဘူး"

"ဟုတ်ကဲ့"

စံရနှင့်သာဆန်းတို့သည်ရရှိလိုက်သောတစ်ကျပ်ခွဲသားခန့် ငွေစအတုံးအခဲလေးများကို ပုဆိုးစဖြင့်ထုတ်၍ မြေကြီးများပြန်ဖို့ပေးလိုက်ပြီး ဖျိုင်းနားတောအုပ်အတွင်းမှ ပြန်ထွက်လာခဲ့ကြ၏။

*

ဒေါင်းငွေမတ်စေ့လေးများ ရခဲ့သောငပွား အပြေးလေးပြန်လာခဲ့ရာမှ အိမ်ရှေ့သို့အရောက်တွင် ရပ်လိုက်ပြီး အိတ်ထဲထည့်ယူလာခဲ့သော ဒေါင်းငွေမတ်စေ့လေးများကိုစမ်း၍ ပတ်ဝန်းကျင်သို့ဝေ့ကြည့်လိုက်၏။

ငပွား အရက်အိုးမီးမပြတ်စေရန် ထင်းစိုက်နေသော ခင်ဆင့်အိမ်နောက်ကျောဘက်မှနေ၍ အိမ်ရှေ့ရေကပြင်သို့လာပြီး ထိုင်လိုက်၏။

ခင်ဆင့်က ပြန်ထွက်လာကာ အိုးနှင့်စောင့်နေ၏။

ငပွားအတန်ငယ်စဉ်းစားရာက-

"ဟေ့- ခင်ဆင့်လာစမ်းပါဦးကွာ"

ဟု လေသံတင်းတင်းမာမာဖြင့် ခေါ်လိုက်၏။

"လာပါပြီ လာပါပြီ"

ဟုပြော၍ ခင်ဆင့် ငပွားအနားတွင်ဝင်ထိုင်လိုက်သော်လည်း စကားမပြောဘဲရှိနေသဖြင့် ခင်ဆင့်က -

"ဘာလဲတော်"

ဟု မေးလိုက်ရ၏။

"ပြောစရာရှိလို့ကွ"

"ဒါများ စဉ်းစားနေရသေးသလားတော်"

"အေးကွာ ပြောရတော့မှာပဲ"

"ကဲပါ ပြောစရာရှိပြော"

"ဖြစ်ကမှာပေါ့လို့ ငါပြောပြောနေတဲ့ငါ့စကားကို ငါပြောပြချင်လို့ပါကွာ"

ဟု အရက်မူးလေသံဖြင့် ပြောပြီး ဒေါင်းမတ်စေ့လေးနှစ်စေ့ကို ထုတ်ပြလိုက်သောကြောင့် ခင်ဆင့်အံ့ဩသွားလေ၏။

"ဒါများ ဝင်လာကတည်းက ပြောလိုက်ရောပေါ့တော်"

"လူမသိစေချင်လို့ပေါ့ကွာ"

"ရှင်နဲ့ကျွန်မ နှစ်ယောက်ထဲပဲရှိတာ"

"အခု မင်းသိပြီမဟုတ်လား"

"ဒါကြောင့် ကျွန်မက ရှာပါရှာပါလို့တဖွဖွပြောနေတာပေါ့"

"အဲဒါရှာလို့ရတာမဟုတ်ဘူးကွ။ ပေးလို့ရတာ ပေးလို့ရတာ ဘယ်သူကပေးတာလဲ"

"မသိချင်စမ်းပါနဲ့ကွာ"

အရက်မူးကျဲခိုးပေါ် သလိုဖြစ်သွားသော ငပွားအချိန်မီတားလိုက်ရ၏။

"ကျွန်မလိုက်တောင်းချင်လို့ပါ"

"မင်း ရလေလိုလေ အိုတစ္ဆေမလုပ်နဲ့ခင်ဆင့်"

ငပွား ထပ်ပိတ်လိုက်ပြန်၏။

"ကျွန်မရိပ်မိပါတယ်တော်"

"ဘာကွ"

ငပွားအမူးပြေသလိုရှိသွားပြီး သူစကားကိုသူဘယ်လိုပြန်ပိတ်ရမည်ကို မသိလောက်အောင်ဖြစ်သွားတော့၏။

"ရှင်ပေးရတာမှမဟုတ်တာ"

"မင်းကပြောလေ ကဲလေပါလားကွာ"

"အရက်တွေ ပိုပိုယူသွားတာ မသိတာမှတ်လို့"

"ဟေ့ဟေ့၊ ခင်ဆင့် အဲဒီစကား မင်းထပ်မပြောနဲ့ကွ။ တော်တော့ဆိုတော်တော့"

ဟု ဒေါသဖြင့် ပြောလိုက်သောကြောင့် ခင်ဆင့်ဆက်မပြောရဲဘဲရှိသွား၏။

*

သာဆန်းသည် ဖျိုင်းနားတောအုပ်မှ တူးယူလာခဲ့သော ငွေအတုံးအခဲလေးများကို လက်ဖြင့်ထိကြည့်ရာက တစ်ကိုယ်လုံး ယားယံလာသလိုရှိလာသောကြောင့် ပိတ်စဖြင့် ပြန်ထုတ်လိုက်

ပြီး ရေချိုးရန်အခန်းတွင်းမှထွက်လာ၏။
ကုတ်ဖွဲ့၍ထွက်လာသော သာဆန်းကိုမြင်လိုက်သည့် ဒေါ်ပုသည်
-
"ဟဲ့သာဆန်း လာစမ်းပါဦး"
ဟု ခေါ်လိုက်၏။
"ဘာလဲအစ်မပု"
"နင်ယားနေတာလား သာဆန်း၊ ငါလည်း ယားလို့ကုတ်နေရတယ် ဘာဖြစ်တာလဲမသိဘူး"
"ဖျိုင်းနားတောအုပ်ထဲကပြန်လာကတည်းက ယားနေတာ"
"နင်ဘာသွားလုပ်တာလဲ"
"အစ်မပု သဘောမပေါက်သေးပါဘူးဗျာ"
"ပြောပြန်ပြီလား ဒီစကား"
"ပွေးကိုအားကျလို့ ကျွန်တော်ကိုစံရနဲ့သွားခဲ့တာ"
"ဟဲ့- အဲဒီစံရကတောလုပ်တောင်လုပ်တတ်တဲ့ကောင် နင်ဘာသိလဲ"
"တောအုပ်ထဲက ပစ္စည်းလေးတွေ ရခဲ့လို့ ယူတောင်လာခဲ့သေးတယ်"
"ဘာတွေလဲ"
"မသိချင်စမ်းပါနဲ့ဗျာ"
"မသိချင်ပါဘူး၊ အခုယားနေတာက ထူးဆန်းနေလို့ပါ။ ကုတ်လို့လည်း မပျောက်ဘူး။ သွားစမ်း စံရကိုသွားခေါ်"
ဒေါ်ပုစကားကိုမလွန်ဆန်ဝံ့သော သာဆန်းသည် သူကိုယ်သူကုတ်၍ထွက်လာရာလမ်းတွင် တိုက်တိုက်ဆိုင်ဆိုင် စံရနှင့်သွားတွေ့၏။
"ကိုစံရ အစ်မပုက ခေါ်နေတယ်"
"ငါလည်း မင်းတို့ဆီလာတာပါပဲကွာ။ မေးစရာရှိလို့ကွ။ ဘာမေးမှာလဲ"
"မင်းမယားဘူးလား သာဆန်"
ယားတာမှ တစ်အိမ်လုံးကနေလို့ မရအောင်ဖြစ်နေတယ်။
"အဲဒါကိုပဲပြောချင်လို့ပဲ တို့ရလာခဲ့တဲ့ငွေစတွေက ငွေစင်ငွေသားမဟုတ်ဘူး ငွေယားတွေဖြစ်နေပြီ သာဆန်း"
"ဟာ-ငွေယားတွေ ဟုတ်လား"
"အဲဒီငွေယားတွေ ရောက်လာရင် နေလို့ထိုင်လို့မရအောင်ကို ယားတာကွ။ သူနေရာကိုပြန်ပို့ပေးမှ အယားပျောက်မှာသာဆန်း"
"ဟာဗျာ"
"သိုက်ဆရာဦးမြကြီးကို ငါသွားပြလို့သိရတာကွ"
"ဒါဆိုဘာလုပ်ကြမလဲ ကိုစံရ"
"ဘာလုပ်ရမှာလဲသူနေရာကိုသွားပြန်ပို့ပေးရမယ်။ အိမ်မှာမထားရဘူးတဲ့ကွ"
"အင်း ကျွန်တော်တို့ပင်ပန်းတာပဲ အဖတ်တင်တယ်"
"အဲဒီလိုမပြောနဲ့ သာဆန်းတို့ချမ်းသာတော့မယ်တဲ့ကွ"
"ဗျာ"
"မင်းမသိဘူးသာဆန်း။ အဲဒီလိုငွေယားတွေရှိတဲ့နေရာမျိုးမှာမှ သိုက်ဆိုတာရှိတာတဲ့ကွ။ အဲဒီသိုက်ထဲမှာ ငွေတွေအများကြီးရနိုင်တယ်ဆိုပဲ။ အဲဒါကြောင့် ဦးမြကြီးက တို့ချမ်းသာရမယ်လို့ပြောလိုက်တာကွ"
"အဲဒီလိုလား"
"တို့ အဲဒီနေရာ သူ့ကိုပြပေးမယ်ဆိုရင် ဦးမြကြီးက သိုက်တူးလို့ရတဲ့ငွေအားလုံးရဲ့တစ်ဝက်တို့ကို ခွဲပေးမယ်တဲ့။ ဘယ်နှယ့်လဲသာဆန်း"
ဟု ပြောလိုက်သဖြင့် သာဆန်းအယားမြေသွားသလိုရှိသွား၏။
"ကျွန်တော်ကတော့ အသင့်ပဲကိုစံရ"
"ငါကချိန်းခဲ့ပြီးပြီ"
"တယ်ဟုတ်ပါလား"
ဟုပြောရင်း သူ့ကိုယ်သူ ကုတ်နေသောသာဆန်းကိုကြည့်၍ စံရပြုံးနေလေ၏။

*

ထင်းစည်းထမ်း ပြန်လာသောငပွေးကို အရက်အိုးမီးစိုက်နေသည့် ခင်ဆင့်လှမ်းမြင်လိုက်သဖြင့် အိမ်ပေါက်ဝထွက်၍ ဆီးကြိုလိုက်ပြီး ထင်းစည်းကိုကူချပေးရာက ဘာထူးသေးသလဲကိုပွေးဟုမေးလိုက်၏။
"ငါ ထင်းခုတ်ပြီးပြန်လာတာ"
"ဟုတ်ပါတယ်၊ ရလိုရငြားပေါ့တော်"
"မင်းကြောင့်ခက်တယ် လောဘမကြီးချင်စမ်းပါနဲ့ကွာ"
"မေးကြည့်တာ မမေးရဘူးလား"
"အခုလိုပြောပြောနေတာ သေးလူတွေသိသွားနိုင်တယ်။ မင်းဘာသိလဲ ရှင်နဲ့ကျွန်မပဲရှိတာ"
"ဒေါ်ပုဆီ မင်းသွားအကြွေးဆပ်တုန်းက ဒီအကြောင်းမပြောနဲ့လို့ ငါမတားလိုက်ရဘူး"
"ရှင်က တွေးပြီးပူနေတာ"
"ဒါမျိုးဆိုတာ နှုတ်စောင့်စည်းရတယ်ကွ"
"ကျွန်မက ရွာရိုးကိုးပေါက်လျှောက်ပြောနေလို့လား"
"ပါးစပ်တစ်ပေါက်ဆိုတာ ပိတ်လို့ရတာမဟုတ်ဘူး။ ဒီမယ်ကိုပွေး သူတို့သိသွားလို့ကော ဘာဖြစ်ရမှာလဲ"
"ဘာတွ"
"ပေးမှရတာဆို ရှင်ပဲပြောခဲ့တာလေ"
"ဆက်မပြောနဲ့တော့ခင်ဆင့် မင်းတော်လိုက်တော့ကွာ။ ငါ ဒါပဲပြောမယ်"
ဟု ပိတ်လိုက်ပြီး ပွေးသည် သူပြောခဲ့သည့်စကားများကို ပြန်၍စဉ်းစားကြည့်နေလေ၏။

*

အမှောင်ထု လွှမ်းခြုံလာသော ဖျိုင်းနားတောအုပ်ထဲတွင် လူရိပ်များ လှုပ်လှုပ်ရှုရှုဖြင့် လှုပ်ရှားနေကြ၏။
မှောင်ရိပ်ပျိုးစ အချိန်ကတည်းက ရောက်နေကြသော သာဆန်း၊ စံရနှင့် သိုက်ဆရာဦးမြကြီးတို့ဖြစ်၏။
ပတ်ဝန်းကျင်တွင် အမှောင်ထုဆိုးမိုးလာပြီဖြစ်၍ ဦးမြကြီးသည် ကျောက်ဆစ်ထုရှေ့တွင် ဖယောင်းတိုင်များကို မီးထွန်းညှိလိုက်ပြီး မြေကြီးပေါ်၌လည်း သုံးလေးတိုင်စိုက်ထူနေ၏။
သာဆန်းနှင့် စံရတို့ကြည့်နေကြ၏။
ဦးမြကြီးသည် သာဆန်းတို့ရှိရာဆီသို့လာ၍ မြေကြီးပေါ်တွင် စည်းဝိုင်းတစ်ခုကို ထင်ရှားအောင်ခြစ်ရာပြုပြီး ပတ်ဝန်းကျင်သို့ ဝေ့ကြည့်ရာမှ မင်းတို့ဒီစည်းထဲကမထွက်ကြနဲ့ဟု ဆိုကာ ကျောက်ဆစ်ထုဆီသို့ ပြန်သွားလိုက်၏။
ကျောက်ဆစ်ထု ရှေ့အရောက်တွင်မျက်နှာချင်းဆိုင်လိုက်ပြီး တစ်စုံတစ်ခုကိုရွတ်ဆိုပြီးနောက် လွယ်အိတ်အတွင်းမှ အနီရောင်ကြိုးစကို နှိုက်ထုတ်လိုက်၏။
ထိုအနီရောင်ကြိုးသည် တစ်လက်မခန့် ငွေရောင်ခဲပတ်လက်စွပ်အကန့်လေးများ ခြား၍ခြား၍ စီရင်ထားသောကြိုးဖြစ်လေ၏။
ထိုကြိုးကို ကျောက်ဆစ်ထုတ်လည်ပင်းတွင် စွပ်ပေးလိုက်ပြီးသည်နှင့် အဖြူရောင်အပ်ချည်ကြိုးထုံးကြီးကို ထပ်ထုတ်၍ အောက်ခြေတွင် ခြေမန်းကွင်းအဖြစ်နှင့် ထပ်ရစ်ပတ်နှောင်ချုပ်လိုက်၏။
ဦးမြကြီးသည် ဖနောင့်သုံးလေးချက်ဆင့်ပေါက်ပြလိုက်ပြီး 'ဟေ့ ငါ့ကိုပြစမ်း' ဟု တင်းမာသောလေသံဖြင့် အမိန့်ပေး၍ လေးဘက်လေးတန်သို့ အံကြိတ်

မျက်စောင်းထိုးကြည့်နေ၏။

ထူးခြားသောအရိပ်အရောင်ပြသခြင်းမရှိသောကြောင့် ထပ်၍အမိန့်ပေးလိုက်ပြန်၏။

ငါ့ကိုဘာမှတ်လဲ ငါပြခိုင်းရင်ပြ။ ကဲ ပြစမ်းဟု ကျယ်လောင်စွာအော်ပြောပြီး အတန်ကြာစွာ စောင့်ကြည့်သော်လည်း ထူးခြားသောအသွင်လက္ခဏာပြသခြင်းမရှိသောကြောင့်ဦးမြကြီးသည် ကျောက်ဆစ်ထုကိုကျောပေးကာ အနီရောင်ကြိုးသစ်တစ်ထုံးကိုထုတ်၍ မီးကွင်းများဆင်လိုက်၏။

သာဆန်းနှင့် စံရတို့သည်လည်း အခြေအနေကို စောင့်ကြည့်နေကြ၏။ ဦးမြကြီးသည် မီးကွင်းကြိုးဝိုင်းများကို ကျောက်ဆစ်ထု၏ အပေါ်ပိုင်းမှအောက်ပိုင်းသို့တိုင် ဆင့်ကာဆင့်ကာစွပ်ပေးလိုက်ပြီး မီးရှို့၍ ငါ့အကြောင်းသိစေရမယ်ဟုထပ်ကြိမ်းဝါးလျက် စောင့်ကြည့်နေ၏။

ငြိမ်သက်စွာရှိနေသော ကျောက်ဆစ်ထုကြောင့် ဦးမြကြီးသည် ခါးကြားမှဓားမကြီးကိုဆွဲထုတ်လိုက်၏။

သာဆန်းနှင့်စံရတို့လည်း စည်းဝိုင်းအတွင်းမှမထွက်ရဲဘဲရှိနေကြ၏။

ဦးမြကြီးသည် ဂါထာတစ်ပုဒ်ကို ထပ်ရွတ်ဆိုပြီးနောက် ဒီလောက်တောင်ခေါင်းမာလှတဲ့အကောင် သိကြရောပေါ့ကွာဟု ပြောရာမှ ကျောက်ဆစ်ထုကို ဓားမကြီးနှင့်ချိန်လိုက်၏။

"ခွပ် ခွပ် ခွပ်"

"ကဲ- ပြစမ်း၊ မင်းငါ့လက်ကလွတ်ထွက်မယ်မထင်နဲ့"

ဟုထပ်ကြိမ်းမောင်းလျက် မီးကွင်းများ မီးအကုန်လောင်ကျွမ်းသွားသည့်တိုင် စောင့်ကြည့်ပေးနေ၏။

သာဆန်းတို့ ကျောက်ဆစ်ထုကို ကြည့်နေကြ၏။

ကျောက်ဆစ်ထုက ထူးခြားသောအရိပ်အယောင်ပြသခြင်း မရှိသောကြောင့် ဦးမြကြီးသည် စိတ်မရှည်နိုင်တော့ဘဲ ကျောက်ဆစ်ထုကို ဓားမကြီးဖြင့် ထပ်ခါထပ်ခါခုတ်၍ လက်ဖနောင့်နှင့်တွန်းပြီး ခြေဖြင့်ကန်လိုက်သဖြင့် ကျောက်ဆစ်ထု ပက်လက်လန်လဲကျသွားတော့၏။

ဦးမြကြီးသည် ကျောက်ဆစ်ထုကို စေ့စေ့စပ်စပ်ကြည့်ရာက အေးပေါ့ကွာ မင်းကလက်ဦးသွားပြီပဲကို။ အပြေးမြန်သွားတော့လည်း ငါမမီလိုက်တော့ဘူးကွာဟုပြောပြီး မီးကွင်းနှင့်ခြေမန်းကွင်းများကို ဓားဖြင့်ဖြတ်တောက်ပေးလိုက်၏။

"ကဲ- စံရတို့ မင်းတို့ထွက်နိုင်ပြီ"

ဟု ဦးမြကြီးက လှမ်းပြောလိုက်သဖြင့် သာဆန်းနှင့်စံရတို့စည်းဝိုင်းထဲမှ ထွက်လာကြ၏။

"အလာကောင်းပေမယ့် အခါနှောင်သွားပြီကွ"

"ဟာဗျာ"

"လက်မတင်လေးနောက်ကျသွားတယ်။ သိုက်ပြောင်းသွားပြီ စံရ"

"ဟုတ်လား"

"ဘယ်တတ်နိုင်မှာလဲကွာ။ မင်းတို့လာပြောတာ နောက်ကျတာ။ ဒါမျိုးက လက်ဦးအောင်လုပ်ရတာကွ"

စံရတို့ဘာပြောရမှန်းမသိဖြစ်သွားကြ၏။

"ငါ့အစီအမံတွေက သိုက်ရှိုးရှိုးမှန်ရင် လွတ်ထွက်သွားစရာအကြောင်းမရှိဘူး။ ခြေမန်းကွင်းနဲ့ ချုပ်ထားတာ မင်းတို့အမြင်ပဲ"

"ဟုတ်ပါတယ်"

"လည်ပင်းမှာ လက်ဖွဲ့စွပ်ပေးလိုက်တာဟာ လွန်ဆန်လို့မရအောင် လုပ်ထားတာ။ အခု အရိပ်အယောင်တောင်မပြတော့ဘူးဆိုတော့ သိုက်ပြောင်းသွားတာ သေချာသွားပြီစံရ"

"ဒါဆိုဘာဆက်လုပ်ကြမလဲ"

"ပြန်ကြရုံပဲရှိတာပေါ့ကွာ"

"သိုက် ဘယ်ပြောင်းသွားသလဲ မသိဘူး"

"အဲဒါ မင်းတို့ပွားနောက်ကို လိုက်ပြီးဆက်စုံစမ်းကြဦးပေါ့ကွာ။ ကဲ လာပြန်ကြမယ်"

အတော် ညဉ့်နက်သွားပြီဆိုသော်လည်း ဦးမြကြီးပါနေသဖြင့် မကြောက်မရွံ့ ဖျင်းနားတောအုပ်ထဲမှ ပြန်ထွက်လာခဲ့ကြ၏။

*

ခြင်ထောင်ကို သွက်သွက်ခါအောင် လှုပ်ယမ်းလိုက်သောကြောင့် ပွားလန့်နိုးလာ၏။

"ဟာ- ခင်ဗျားပါလား"

ကျောက်ဆစ်ထုကိုတွေ့လိုက်ရ၍ အံ့ဩစွာရှိသွား၏။

"မင်းကတိပျက်တယ်၊ ဒုက္ခပေးမည့်သူတွေ ငါ့ဆီရောက်လာကုန်ပြီ"

"ဟင်"

"မင်းသစ္စာမရှိဘူး"

"ဘယ်သူတွေလဲ"

"သိသွားတဲ့လောဘသားတွေ ငါ့အပြောင်းမြန်လိုက်ရလို့ပေါ့ကွာ"

"ဘယ်ကိုပြောင်းတာလဲဟင်"

"မသိချင်စမ်းပါနဲ့။ ဒါနောက်ဆုံးပဲ"

ဟုပြော၍ထွက်သွားသဖြင့် ပွားအိမ်အပြင်သို့တိုင်လိုက်ပြီး ရှာကြည့်သော်လည်း မတွေ့ရဘဲရှိနေလေ၏။

ခင်ဆင့်လည်း ထ၍ ပွားနောက်သို့လိုက်လာ၏။

"ရှင်ဘာဖြစ်တာလဲကိုပွား"

"မင်းကြောင့်"

"ကျွန်မဘာလုပ်လို့လဲ"

"ဘာမှထပ်မပြောနဲ့ကွာ"

ဟုပြော၍ ထင်းခုတ်ဓားမကြီးကို ယူနေသဖြင့် ခင်ဆင့်တားနေရ၏။

"ရှင်ဘာဖြစ်နေတာလဲ ပြောပါဦး"

"မင်းကြောင့် မင်းကြောင့်ပဲ"

ဟုထပ်ပြောရာက ခင်ဆင့်ကို တွန်းလှဲပြီး ပြေးထွက်သွားသောပွားကြောင့် ခင်ဆင့်တားမရဘဲရှိလိုက်၏။

အရုဏ်ကျင်းတော့မည်။ ရောင်ခြည်ဝေလေးကိုအားပြု၍ ပြေးထွက်လာသောပွားသည် ဖျင်းနားတောအုပ်သို့ မောကြီးပန်းကြီးဖြင့်ရောက်လာ၏။

ဓားမကြီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး လူစိမ်းများကိုရှာဖွေသော်လည်း တစ်စုံတစ်ယောက်မှမတွေ့ရဘဲရှိနေ၏။

ခပ်လှမ်းလှမ်းမြေကြီးပေါ်တွင် လဲနေသော ကျောက်ဆစ်ထုကိုတွေ့လိုက်ရသဖြင့် အပြေးလေးသွားကြည့်လိုက်၏။

အလယ်ခေါင် ထက်ခြမ်းအက်လုပြီး ပက်လက်လန်လဲကျနေသော ကျောက်ဆစ်ထုအဖြစ်ကို တွေ့လိုက်ရသောပွား ကြေကွဲရတော့၏။

နောက်ကျသွားသည့် သူ့အဖြစ်ကို ရင်ထုမနာဖြစ်နေလေ၏။

ပွားသည် လက်ထဲမှဓားမကြီးကို ပစ်ချလိုက်ပြီး ကျောက်ဆစ်ထုကိုပြန်လည် စိုက်ထူပေးရန် မချီလိုက်၏။

ချွမ် . . . ချွမ် . . . ချွမ်ဟူသော မြည်သံနှင့်အတူ ငွေဒင်္ဂါးမတ်စေ့လေး တစ်ပြားထွက်ကျလာသဖြင့် ဖော်ပြ၍ မရသောခံစားမှုဖြင့် မျက်ရည်များဝဲလာ၏။

မသိချင်စမ်းပါနဲ့ကွာ။ ဒါနောက်ဆုံးပဲငါသွားပြီဟု နှုတ်ဆက်ထွက်ခွာသွားသည့် ကျောက်ဆစ်ထုကို မြင်ယောင်လာသောပွားသည် မျက်ရည်များကို သူ့ပုဆိုးစဖြင့်သုတ်နေလေတော့၏။

ကမ္ဘာရလူမော်

စာရေးသူ အိမ်ငှားဘဝဖြင့် နေထိုင်ခဲ့ရသည့်ရပ်ကွက်မှာ ဆင်းရဲသားရပ်ကွက်ဖြစ်သည်။ အများစုမှာ နေ့စားကျဘမ်းသမားများသာဖြစ်၍ ပင်စင်စားနှင့်အစိုးရဝန်ထမ်းက အနည်းငယ်ရှိသည်။ နံနက်ခင်း သွားရေစာစားသောက်ချိန်၌ မုန့်ဟင်းခါး၊ အသုပ်စုံ၊ အကြော်စုံနှင့် ကောက်ညှင်းပေါင်းခေါင်းရွက်ဈေးသည်များ လာတတ်သည်။

ထိုဈေးသည်လေးများနှင့်အတူ ရပ်ကွက်မြောက်ဖျား၌နေသည့်ဟင်းရွက်စုံသည် ဒေါ်စာလည်း လာလေ့ရှိသည်။ ဒေါ်စာက အသားမည်းမည်း ပုပုလှကောင်းသေးသေးနှင့် ဖြစ်သော်လည်း သူ့အသံက ခပ်စာစာ 'ဟောဒီဘက်ကဟင်းရွက်စုံ' ဟု ဟစ်လိုက်လျှင် ခုနစ်အိမ်ကြားရှစ်အိမ်ကြားမကကြားရသည်။

ဟင်းရွက်တောင်းကြီးကလည်း လူနှင့်မမျှ တော်ရုံ အမျိုးသမီးဈေးဝယ်သူဆိုလျှင် တစ်ယောက်တည်း သူ့ခေါင်းပေါ်မှတောင်းကို မနည်းဖေးမချယူရသည်။ သူကလည်း တစ်အိမ်အိမ်ရှေ့ချရောင်းနေပြီဆိုလျှင် ချက်ချင်းပြန်မထထိုင်ရောင်းနေရင်းကပင်'ဟောဒီကဟင်းရွက်စုံ'ဟု သုံးလေးကြိမ်ထက်မနည်းဟစ်သေးသည်။

ဝယ်သူကလည်း သူထိုင်ရောင်းနေသည့်နေရာသို့ လာရောက်ဝယ်ယူကြ၍ ဝယ်သူလေးငါးခြောက်ဦးထက်မနည်း သူ့ဘေး၌ ဝိုင်းနေတတ်သည်။ ဝိုင်းနေသည့်လူ ပြတ်အောင်ရောင်းပြီးမှ ကြုံရာသူပင့်ခိုင်းရွက်ရင်း 'ဟောဒီဘက်ကဟင်းရွက်စုံ' ဟူသော အသံဟစ်ရင်းနေရာပြောင်းသည်။

သူ ဈေးတောင်းချရောင်းသည့်နေရာက စာရေးသူနှင့် သုံးလေးအိမ်အကွာ၌ဖြစ်ချင်ဖြစ်၍ စာရေးသူ အိမ်ရှေ့၌လည်းဖြစ်ချင်ဖြစ်တတ်သည်။ သူဈေးတောင်းချရောင်းသည့်အခါတိုင်း လေးငါးအိမ်ထက်မနည်း။ ဝိုင်းဝယ်ကြမြဲဖြစ်သည်။

သူ့ကို ကိုယ့်ရပ်ကွက်သားဖြစ်သည်ကတစ်ကြောင်း ညနေမှပဲယူပါ။ မနက်ဖြန်မှဘဲ ပေါင်းပေးမယ်နော်ဟု အကြွေးဝယ်လျှင်လည်း ရောင်းသူမို့ သူ့ကိုစောင့်ဝယ်ကြသူများသည်။ တစ်ခါတစ်ရံ 'ညည်းဘာချက်မှာလဲ၊ ဒါက အဆစ်ပေးတာယူသွား ထည့်ချက်စမ်းအေ' ဟု ဝယ်သူအဆစ်မတောင်းရဘဲ သူကပေးချင်ပေးတတ်သည်။

သို့ကြောင့်လည်း ဒေါ်စာဆိုလျှင် တစ်ရပ်ကွက်လုံးသိသည်။ လူချစ်လူခင်လည်းပေါသည်။

*

တစ်နေ့သော ညနေခင်းအချိန်၌ ဒေါ်စာ၏ စိတ်မချမ်းမြေ့ဖွယ်သတင်းစကားတစ်ခွန်း ရပ်ကွက်အတွင်း ပျံ့နှံ့သွားသည်။ ညနေခင်း ကြွေးလည်တောင်းရင်း တစ်ဖက်ကရပ်ကွက်အတွင်း သစ်ကိုင်းကျိုးမှန် သတိလစ်မေ့မြောသွားသည်ဆိုသောသတင်းဖြစ်သည်။

သည်သတင်းကြားလျှင်ကြားခြင်း စာရေးသူလည်းမနေနိုင် ရပ်ကွက်သားအချို့နှင့်ရောယောင်လိုက်ပါရင်း ဒေါ်စာဖြစ်ပွားသည့်ရပ်ကွက်သို့ ခပ်သုတ်သုတ်သွားဖြစ်သည်။ ဒေါ်စာကိုတော့ မမြင်မတွေ့လိုက်ရ။ သတိ ပြန်လည်မရ၍ ဆေးရုံကြီးသို့ ပို့လိုက်သည်ဟုသာ ပြောကြသည်။

သည်ရပ်ကွက်မှာက လမ်းကျယ်နှစ်ခုသာရှိသည်။ တစ်ခုက ကတ္တရာခင်းလမ်းဖြစ်၍ ကား၊ ဆိုင်ကယ်၊ ခြေကျင်ခရီးသွားအများစု အသုံးပြုသည်။ တစ်ခုကမြေသားလမ်းဖြစ်၍ ကားဝင်ဖို့မလွယ် ဆိုက်ကား၊ စက်ဘီး၊ ခြေကျင်သမားများအသုံးပြုသည်။ လူနေအိမ်ခြေကတစ်ဖက်၊ ဘုန်းကြီးကျောင်းဝန်းခြံကျယ်များကတစ်ဖက်ဖြစ်သည်။

ဒေါ်စာနှင့် သူ့သမီးက အကြွေးသိမ်းရန် လမ်းထဲသို့ရောက်နေသည်။ ထိုအချိန်၌ ဘုန်းကြီးကျောင်းဝန်းတောင်စောင်းကသစ်ခြောက်ပင်ကြီးမှာတဖြည်းဖြည်းခြင်း လမ်းဘက်သို့လဲကျလာသည်။ 'သစ်ပင်ကြီးလဲတော့မယ်ဟေ့ ပြေးကြပြေးကြ' ဟူသောအသံကြောင့် လူတွေထွက်ပြေးကြသည့်လမ်းအတိုင်း တချို့က အရှေ့ဘက်သို့ပြေး၍ တချို့အနောက်ဘက်သို့ပြေးကြသည်။

အနောက်သို့ ပြေးကြသည့်လူတွင် ဒေါ်စာတို့သားအမိလည်းပါသည်။ သစ်ခြောက်ပင်ကြီးလဲကျမည့်နေရာနှင့် ဝါးတစ်ပြန်ခွဲသာသာလောက်ပင်ရှိသေး



သည်။ 'ဝှန်း' ဟူသောအသံနှင့်အတူ သစ်ခြောက်ပင်ကြီးက ဘုန်းကြီးကျောင်း အုတ်တံတိုင်းပေါ် သို့ ကန့်လန့်ကျလာ သည်။ အုတ်တံတိုင်းဖြင့် ရိုက်ခတ်သည့် အရှိန်ကြောင့် ခွေးမြွေနေသောအကိုင်း ကိုင်းဖျားနှင့် ကိုင်းနားတို့က အနီးတစ်ဝိုက် လွင့်စင်သွားသည်။

အရှည်သုံးပေနှင့် လုံးပတ် လက် ကောက်ဝတ်ခန့် သစ်ကိုင်းတစ်ကိုင်းက လွင့်စင်ရာမှ မြေကို တစ်ချက်ထောက် ကာ ဒေါ်စာနောက်စေ့ကိုသွားမှန်သည်။ သမီးလက်ဆွဲရင်းပြေးနေဆဲ ဒေါ်စာမှာ အသံပင်မထွက်နိုင် မြေပြင်သို့ဟတ်ထိုး လဲကျသွားသည်။ အတူပြေးခဲ့သည့်လူ များက ဒေါ်စာကိုဆွဲထူသည့်အခါ ဒေါ် စာမှာ ပျော့ခွေနေသည်။

"ဒေါ်စာက တော်တော်ကံဆိုးတဲ့ မိန်းမဗျာ။ အနောက်ကိုပြေးကြတာ ဆယ်ယောက်လောက်ရှိမယ်။ တစ် ယောက်တစ်လေ ကိုင်းစကိုင်းနအမှန်မခံ ရဘူး။ သူတစ်ယောက်ထဲဖြစ်တာ"

ဟု သစ်ပင်ကြီး တဖြည်းဖြည်း ခြင်း ယိုင်ရာမှ မြေပြင်ပေါ် သို့ ဘုန်းဘုန်း ကျသည်အထိ အစအဆုံးမြင်လိုက်သူက ပြောပြသည်။

လမ်းအလယ် ကန့်လန့်ဖြတ်ပိတ် ဆို့နေသည့် သစ်ခြောက်ပင်ကြီးအား ငါး မန်းလွှဖြင့် ဖြတ်သူကဖြတ်၊ ဓား၊ ရဲဒင်း တို့ဖြင့် ခုတ်ဖြတ်သူကခုတ်ဖြတ် လမ်း ရှင်းသူများဖြင့် အလုပ်ရှုပ်နေချိန်၌ စာ ရေးသူလည်း အိမ်ပြန်ခဲ့သည်။

*

စာရေးသူအိမ်ပြန်ရောက်၍ တစ် နာရီပင်မပြည့်လောက်သေး ဒေါ်စာ သတင်းဆိုးက ထပ်မံကြားရပြန်သည်။ ဒေါ်စာမှာ ဆေးရုံသို့ပင်မရောက် လမ်း တစ်ဝက်မှာကွယ်လွန်ခဲ့၍ အိမ်သို့ပြန် သယ်လာပြီဆိုသော သတင်း။ စာရေးသူ လည်းမနေသာပြန် တစ်ရပ်ကွက်တည်း သာဖြစ်သည်ကတစ်ကြောင်း၊ လင်ရော မယားပါရင်းနှီးကျွမ်းဝင်သူများဖြစ်၍တစ် ကြောင်းကြောင့် ဒေါ်စာတို့အိမ်သို့ သွား ရပြန်သည်။

စာရေးသူထက်ဦးစွာ နာရေးလာ မေးသူယောကျ်ား မိန်းမ ဆယ့်ငါးဦးခန့် ရောက်နေသည်။ ဒေါ်စာယောကျ်ား ကို တင်ဝိုင်းက 'လာဆရာ' ဟုညှိုးငယ်သော မျက်နှာနှင့် ထိုင်ခုံတစ်ခုတွင် နေရာပေး သည်။ ဒေါ်စာအဖြစ်အပျက်ကို သူ လည်း သေသေချာချာမသိ သမီးနှင့် ဘေးလူများအပြောအရသာပြန်ပြောပြ နေသည်။

နာရေးလာသူများက ဖြစ်မှဖြစ်ရ ပလေ၊ ဖြစ်တောင့်ဖြစ်ခဲ ကြုံကြုံဖန်ဖန် ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် ကံဆိုးလှလေခြင်းဟူသာဆိုကြသည်။ စာရေးသူလည်း နာရီဝက်ခန့်နေ ရင်း အိမ်မှာထားမည့်ရက်၊ သင်္ဂြိုဟ် မည့်ရက်၊ အချိန်တို့ကို မေးမြန်း ကာ နာရေးကူညီ ငွေထည့်ဝင် ပြီး ပြန်ခဲ့သည်။

စာရေးသူအမြင်ကား အများယူဆသကဲ့သို့ ကံဆိုးမ ခြင်းသက်သက် တိုက်ဆိုင်မှုတစ်ခု ဟုမမြင်။ ကြမ္မာရဟတ် တစ်ပတ် လည်ချိန် ကာလဝိဘာက်တစ်ခုဟုသာ မြင်မိသည်။ အကြောင်းမှာ ဒေါ်စာ ဟင်း ရွက်စုံသည်မဖြစ်မီ ငါးနှစ်လောက်က ငါးစိမ်းသည်ဖြစ်ခဲ့သည်။

ထိုစဉ်က ရထားလမ်းဈေးခေါ် အောင်မင်္ဂလာဈေး အပြင်ဘက်တန်း

မောင်ထွဋ်ကောင်း

ကြမ္မာရဟတ်လေလား

တွင် ဒေါ်စာကငါးရောင်းသည်။ သူ့ထံ၌ ငါးသလဲထိုး၊ ငါးစိမနက်၊ ဖုံးငါးလေး၊ ပုဇွန်အိတ်အစရှိသဖြင့် ငါးသေးငါးမွှား နှစ်မျိုးသုံးမျိုးရှိတတ်သည်။ စာရေးသူတို့ လင်မယားက သူ့ဆိုင်သို့ သုံးလေးရက် တစ်ခေါက်လောက်ရောက်ဖြစ်ဝယ်ဖြစ် သည်။

တစ်ခါတစ်ရံ အလျဉ်းမသင့်၍ သူ့ဆိုင်နှင့်တစ်ပတ်မျှ ကင်းကွာလျှင် သူက လှမ်းခေါ်ရောင်းတတ်သည်။ 'ကြက်သယ်ဝက်သယ်တွေက သူဌေးတွေ ဆရာရဲ့၊ ကျွန်မတို့ငါးသည်လေးတွေက ဆင်းရဲတယ်။ ဆင်းရဲသား ငါးသယ်ကိုလည်း အားပေးပါဆရာရယ်' အတည်လိုလို နောက်သလိုလိုနှင့်လည်း ပြောတတ်သည်။

သူ့ထံမှ ဖုံးငါး၊ ပုဇွန်ဆိတ်စသည် ဖြင့်ဝယ်သည့်အခါတွင်လည်း ငါးသလဲထိုး လေးငါးကောင်တော့ အဆစ်အပို ထည့်ပေးတတ်သည်။ 'နေ့ခင်းနေ့လယ် ရေနွေးကြမ်းနဲ့မြည်းဖို့ ဆရာကတော် ငါးသလဲထိုးကြော်နှင့်' ဟု လည်း စာရေးသူ၏မိန်းမကိုမှာတတ်သည်။ ဒီမျှထိ ဒေါ်စာနှင့်ရင်းနှီးခင်မင်ခဲ့ကြသည်။

နောက်ပိုင်းတော့ ငါးသေးငါးမွှေးများ သူမရောင်းဘဲ ငါးခူ၊ ငါးကျည်း၊ ငါးရံ့စသည့်ငါးများကိုရောင်းသည်။ ငါးရှဉ့်လည်း ရောင်ချင်ရောင်းတတ်သည်။ သည်ငါးများက အရှင်များသည် ဝယ်သူလာမှ ခေါင်းထုသတ်ရောင်းသည့်ငါးများ ဖြစ်သည်။ ဝယ်သူက လက်နှင့်ထိကြည့်သေမှဝယ်သူလည်းရှိသဖြင့် လေးငါးကောင်သာ လတ်လတ်ဆတ်ဆတ် အသေလုပ်ထား၍ အရှင်များနှင့် ရောရောင်းသည်။

စာရေးသူ၏ဇနီးက သူ့ရှေ့တွင် လက်ကိုင်တုတ်နှင့်ရိုက် ခေါင်းထုသတ် ဖြတ်ပေးသည့်ငါးကို မကြည့်ရဲသူမို့ 'ဒေါ်စာရေ သေတာလေးတွေပဲ ချိန်ပါနော်' ဟုပြော၍ဝယ်ရသည်။ ဒေါ်စာကလည်း ဈေးဝယ်သူများ၏ အထာကိုသိသည်။ စာရေးတို့ဇနီးမောင်နှံ သူ့ဆိုင်ရှေ့ရပ်ဆိုပြီလျှင် ဗန်းထဲကငါးများကို ခေါင်းထုရိုက်မသတ် မကြာခင်ကသေခဲ့သောငါးများကိုသာ ချိန်တွယ်ပေးသည်။

ရံဖန်ရံခါ ဒေါ်စာဈေးဗန်းထဲ၌ ခေါင်းပိုင်း ကြေမွနေသော်လည်း အသက်ရှင်စဲနှင့် လွန့်လူးနေသောငါးများလည်း မြင်ရတတ်သည်။ သူ့နောက်နားက လောင်းဖျင်းအိုးကြီးထဲမှာလည်း ငါးအရှင်များ လှောင်ထားသေးသည်။ အချင်းချင်း တိုးဝှေ့လွန်းလူးသံများက တဖြုန်းဖြုန်းကြားနေရသေးသည်။

ဤသည်ကား စာရေးသူတို့ဇနီးမောင်နှံနှစ်ဦးနှင့် ငါးစိမ်းသည်ဒေါ်စာတို့၏လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ကျော်က မြင်ကွင်းဖြစ်သည်။

*

စာရေးသူတို့ဇနီးမောင်နှံ ရာထူးတိုးနယ်ပြောင်း တာဝန်ထမ်းဆောင်ချိန်ကစ၍ သည်ဈေးလေးနှင့်ဒေါ်စာကို အဆက်အသွယ်ပြတ်သွားသည်။ နယ်၌ စာရေးသူတို့ ဆယ်နှစ်ခန့်နေခဲ့ရပြီး သည်မြို့သို့ ဒုတိယအကြိမ်ပြန်လည်နေခွင့်ရသည်။ မူလ နေထိုင်ဖူးခဲ့သည့်ရပ်ကွက်တွင်နေထိုင်ခွင့်မရ။ အိမ်ခန်းခတွေ အဆမတန်ဖြစ်သွားပြီ။ ကိုယ့်ဝင်ငွေထွက်ငွေ အသုံးစရိတ်ဖြင့်ချိန်၍ သည်ရပ်ကွက်သို့သာပြောင်းခဲ့ရသည်။

စရောက်ရောက်ခြင်း အိမ်သန့်ရှင်းရေးလုပ်၊ ပစ္စည်းနေရာချ၊ ဟိုရွှေ့သည်၊ ပြောင်းလုပ်ရင်း တစ်မနက်ခင်း အချိန်ကုန်သွားသည်။ ချက်ချိန်ပြုတ်ချိန်လည်းမရ။ ဘာမှလည်း အသင့်ဝယ်ပြီး ခြမ်းပြီးမရှိ၍ နီးနီးနားနားထမင်းဟင်းဆိုင်လေးမှာပင် သွားစားဖြစ်ကြသည်။

ထမင်းဆိုင်လေးမှအပြန် အိမ်ရှေ့အရောက်တွင် ဒေါ်စာနှင့်တွေ့သည်။ တွေ့တွေ့ခြင်းပင် ဒေါ်စာက ဆွေမျိုးရင်းခြာနှယ် ဖက်လှဲတကင်းနှုတ်ဆက်သည်။

"ဆရာတို့ လင်မယားပါလား။ မတွေ့ရတာကြာပြီနော်"

ဟု နှုတ်ဆက်၍ စာရေးသူကလည်း-

နယ်မှာတာဝန်ကျ၍ ပြောင်းရွှေ့ခဲ့ရကြောင်း။ ယခုတစ်ဖန် သည်မြို့မှာ တာဝန်ပြန်ကျ၍ ပြန်ရောက်ခဲ့ကြောင်း သည်နေ့ပဲရောက်၍ သည်ရပ်ကွက်မှာ ဟိုအိမ်တွင်နေကြောင်း။ လက်ညှိုးထိုးပြလိုက်သည်။ ဒေါ်စာက စာရေးသူတို့အိမ်ကလေးကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ကောင်းတယ်ဆရာ၊ ကောင်းတယ်၊ ကျွန်မလည်း ဒီရပ်ကွက်ထဲမှာ နေတယ်။ ဆရာတို့ အခုနေတာက အလယ်ပိုင်း၊ ကျွန်မတို့နေတာက အရှေ့ပိုင်း၊ သိပ်မဝေးဘူးဆရာ"

ဟု ပြောသည်။ သည်ရပ်ကွက်လေးသည် ဒေါ်စာငါးရောင်းသည့် ရထားလမ်းဘေးဈေးလေးနှင့် အတန်ငယ်လှမ်းသည်ကို စာရေးသူတွေ့မိ၍-

"ဒီလိုဆိုရင် ဒေါ်စာဈေးထွက်ရတာဝေးတာပေါ့နော်"

ဟု စာနာစိတ်ဖြင့်ပြောမိသည်။

"ကျွန်မအဲဒီဈေးမှာမရောင်းတော့ဘူးဆရာရဲ့။ အခု ဒီရပ်ကွက်ကိုရောက်ကတည်းကပဲ ငါးမရောင်းတော့ဘူး ဟင်းရွက်စုံရောင်းတယ်။ အနီးအနားရပ်ကွက်တွေထဲ လှည့်ရောင်းတာ။ ဆရာတို့အိမ်ရှေ့ကို မနက်ခုနစ်နာရီလောက်ဆိုရောက်ပြီ"

ဟု ပြောသည်။

"ကောင်းတာပေါ့ ဒေါ်စာရယ်၊ ကျွန်တော်တို့လည်း ဒေါ်စာကိုစောင့်ပြီးအားပေးရတာပေါ့ဗျာ။ ကဲ-သွားလိုက်ဦးမယ်ဒေါ်စာ"

ဟု ဆိုပြီး လမ်းခွဲလိုက်ကြသည်။

ထိုအချိန်မှစ၍ သိဟောင်းကျွမ်းဟောင်းဒေါ်စာနှင့် စာရေးသူတို့ဇနီးမောင်နှံ ပြန်လည်ဆုံစည်းဖြစ်ခဲ့ကြသည်။ တစ်ရပ်ကွက်သားချင်း ဖြစ်လာ၍ အကြောင်းကြီးငယ်ရှိလျှင် သူ့အိမ်ကိုယ်သွား၊ ကိုယ့်အိမ်သူလာဖြင့် နဂိုထက်ရင်းနှီးမှုပိုဖြစ်လာသည်။

စာရေးသူတို့သည် ရပ်ကွက်လေးတွင်ရောက်နေသည်မှာ သုံးနှစ်သုံးမိုးပင်ရှိသွားပြီ။ အိမ်နီးနားချင်းသာမက တစ်ရပ်ကွက်လုံးလိုလိုပင် အသိအကျွမ်းဖြစ်လာပြီ။ ရပ်ကွက်တွင်းဖြစ်သည့် နာရေးအိမ်များသို့လည်း သွားဖြစ်၊ ပို့ဖြစ်ခဲ့ဖူးသည်။ ယခုကဲ့သို့ ဥပစ္ဆေဒကံဖြင့် နာရေးမျိုး တစ်အိမ်မျှ မကြုံဖူးခဲ့ပါ။

မထင်မှတ်ထားသောကံကြမ္မာဆိုးဖြင့် ရင်းနှီးကျွမ်းဝင်သူတစ်ဦး လတ်တစ်လော ကွယ်လွန်ရခြင်းအတွက် များစွာ စိတ်မကောင်းဖြစ်ရသည်က အမှန်ပါ။ ဒေါ်စာ၏ အဖြစ်သည်လည်း ပြုခဲ့ဖူးသောကံကြောင့်ဟု စာရေးသူထင်မိသည်။ ဒေါ်စာနှင့်ပတ်သက်၍ စာရေးသူ၏ဇနီးက မည်ကဲ့သို့ကောက်ချက်ချလေမည်နည်း။

စာရေးသူ တွေးထင်သကဲ့သို့ ဒေါ်စာတစ်ယောက် ငါးစိမ်းသည်ဘဝကငါးအရှင်လတ်လတ်များကို လက်ကိုင်တုတ်ဖြင့် ဦးခေါင်းကိုရိုက်သတ်ခဲ့သည့်ကံသည် ကြမ္မာရဟတ်တစ်ပတ်လည် အကျိုးပေးခြင်းဟုကောက်ချက်ချမည်ဟုထင်သည်။

ဤသည်ကား ဒေါ်စာတို့နာရေးအိမ်မှအပြန် မိမိအိမ်သို့မရောက်မီ တွေးမိသွားသောအတွေးသာဖြစ်ပါသည်။

မောင်ထွဋ်ကောင်း

ကင်းခြေများ ကိုက်ခံရလျှင်

အေးချမ်းအောင်
(ရမည်းသင်း)

တဖွဲဖွဲမသဲဘဲနှင့် စွေမိုးရွာနေသည်မှာ (၃) ရက်ပင်ရှိနေပြီ ဖြစ်သည်။ ထိုနေ့ ညကမိုးတဖွဲဖွဲရွာနေသော်လည်း တစ်ချိန်လုံး အိမ်ထဲမှာနေနေရသည်ဆိုတော့ ပျင်းလည်းပျင်း၊ ညောင်းလည်းညောင်းနေပြီမို့ အရီးလေးအိမ်ဘက် ကျွန်တော်ထီးဆောင်းကာ ထွက်လာခဲ့သည်။

အိမ်ရှေ့ရောက်တော့ အိမ်ပေါ်မှ ဆူညံနေတဲ့လူသံတွေ ကြားလိုက်ရသည်မို့ အကြောင်းတစ်ခုခုတော့ရှိမှာပဲဟုတွေးမိကာ အသံပြုမနေတော့ဘဲ အိမ်ပေါ်တက်ခဲ့သည်။

အိမ်ပေါ်မှာအရီးလေးတို့မိသားစုတွေတစ်ယောက်ယောက်ကို ဝိုင်းအုံကြည့် မေးလိုက် ပြောလိုက်လုပ်နေကြသည်။ ကျွန်တော်အိမ်ပေါ်ရောက်နေတာကိုသူတို့သတိမထားမိကြ။

မိသားစုတွေဝိုင်းအုံမေးနေကြတဲ့သူမှာ အခြားသူမဟုတ် အရီးသမီး နှင်းခင်ဖြစ်သည်။ သူ့ကြည့်ရသည်မှာ တစ်ခုခုဖြစ်နေလို့ထင်သည်။ စုတ်တသပ်သပ်နှင့်မျက်နှာရှုံ့မဲ့လို့နေသည်။

"နှင်းခင်ဘာဖြစ်လို့လဲအရီးလေး"

မေးလိုက်တော့-

"ကွယ် - နွားတင်းကုတ်ထဲ မိုးရေစိမ့်ဝင်လို့ နွားတွေမအိပ်ရဘူးဆိုပြီး မြေခြောက်တဲ့နေရာ နွားသွားရွှေ့ပေးတာ၊ ကင်းခြေများကိုက်လိုက်လို့"

"ဩော် - အရမ်းနာနေတာလား။ ဘာလုပ်ပေးထားလဲ အရီးလေး"

"နာတာပေါ့ကွယ်။ ကြည့်ပါဦး ဒီလောက်မိုးအေးနေတာတောင်၊ နာလွန်းလို့ ချွေးသီးချွေးပေါက်တွေကိုကျနေပြီ။ အဒေါ်တို့လည်း ဘာမှလုပ်မပေးတတ်လို့ အရှေ့ပိုင်းက ဦးလေးထွန်းကို အခေါ်လွှတ်လိုက်တယ်။ ဦးလေးထွန်းကကင်းကိုက်တာ မန်းလည်းမန်းတတ်တယ်။ ဆေးလည်းလုပ်ပေးတတ်တယ်"

နှင်းခင်ကတော့ တကျွတ်ကျွတ်နှင့် ငိုမဲ့မဲ့စုပ်သပ်ရင်း နဖူးက စီးကျနေသည့်ချွေးတွေသုပ်နေသည်။

ကင်းခြေများ၊ ကင်းမြီးကောက်ကင်းမလက်မည်းကင်း (၃) ကင်းရှိသည့်အနက် ထိုကင်းတွေထဲမှ လူတိုင်း ကင်းတစ်ကင်းပြီးလေ့ရှိသည်။

ထို (၃) ကင်းထဲမှ ကင်းခြေများကိုကျွန်တော်ပြီးပါသည်။ ကင်းခြေများကိုက်တာ သွေးထွက်နေတာတောင် ပုရွက်ဆိတ်ကိုက်သလောက်ပင် မနာပေ။

တစ်ပိုင်းစီပြတ်နေသော ကင်းခြေများကြီးက ကျွန်တော့်လက်ကို အသေအကိုက်ခံရဖူးပါသည်။ ဆွဲဖြုတ်လို့မရတော့ ကိုက်ထားတဲ့အစွယ်နှစ်ချောင်းကို ကတ်ကြေးနှင့်ဖြတ်၊ အစွယ်တစ်ချောင်းချင်းနုတ်ယူရသည်အထိ မိမိရရအကိုက်ခံရသော်လည်း နာကျင်မှုလုံးဝမရှိခဲ့။

ကင်းခြေများကို အလေးထားစရာသတ္တဝါအဖြစ် ကျွန်တော်မမြင်မိတော့တဲ့အထိသဘောထားခဲ့သည်။

သို့သော် တစ်ကြိမ်မှာတော့ မထင်မှတ်ဘဲ ကင်းခြေများအကိုက်ခံလိုက်ရပါသည်။ ထုံးစံအတိုင်း နာကျင်မှုမရှိခဲ့။ ကိုက်ပြီး ထွက်ပြေးသွားတဲ့ကင်းခြေများကို ဓာတ်မီးနှင့်ထိုးထားပြီးမှသူသွားလိုရာသွားခွင့်ပြုလိုက်သည်။

ကင်းခြေများကိုက်ပြီး နာရီဝက်လောက်အကြာမှာတော့ အကိုက်ခံရတဲ့ခြေထောက် တဆစ်ဆစ်နာကျင်လာပြီး ခြေထောက် လုံးဝမထောက်နိုင်တော့ဘဲ နာကျင်မှုကို မခံစားနိုင်အောင်ဖြစ်လာသည်။

ခံစားရတာ သက်သာမယ်ဆိုဖြစ်နိုင်ရင် အကိုက်ခံရတဲ့ခြေထောက်ဖြတ်ပစ်ချင်သည်အထိ။

ကျွန်တော့်ဘဝတွင် ဒီလောက်နာကျင်သော မခံစားနိုင်လွန်းသောနာကျင်မှုကိုသေလုမတတ်ခံစားရသည်။

(၁၀) နာရီလောက် အလူးအလဲခံရပြီးမှ တဖြည်းဖြည်းသက်သာပျောက်ကင်းသွားခဲ့သည်။

ယခင်က ကင်းခြေများပြီးပါလျှင် ယခုတစ်ခါမှ နာကျင်မှုကို အလူးအလဲ ဘာကြောင့်ခံစားရလဲဆိုတာ အဘိုးပြောပြလို့သိရသည်က ကင်းမကိုက်ခင်နှင့် ကင်းကိုက်ပြီး (၂) နာရီအတွင်း ကြက်ဥ၊ ကြက်သားမစားရဘူးဟု ပြောပြသည်။ ကျွန်တော် ကင်းကိုက်မခံရမီ နာရီဝက်လောက်က ကြက်သားဟင်းနှင့်ထမင်းစားခဲ့သည်။

ကင်းနှင့် ကြက်မှာ လုံးဝဓာတ်မတည့်သောသတ္တဝါတွေဟုလည်း ပြောပြသေးသည်။

အဘိုးပြောပြတာဖြစ်နိုင်ပါသည်။ (၆) လလောက်အကြာမှာ နောက်တစ်ကြိမ်ကင်းခြေများ အကိုက်ခံရပြန်ပါသည်။ နာကျင်မှုလုံးဝမရှိခဲ့ပေ။

ယခုနှင်းခင် ကင်းခြေများကိုက်လို့ တွန့်တွန့်လူးနာနေတာ ကျွန်တော်ကိုယ်ချင်းစာသနားနေမိသည်။

ဦးလေးထွန်း သွားခေါ်တဲ့သူ ပြန်ရောက်လာသည်။ ရောက်ရောက်ခြင်း-

"ဦးလေးထွန်းက မိုးထဲရေထဲမှာ သူ့အသက်အရွယ်နဲ့ အသွားအလာခက်လို့လိုက်မလာဘူး။ သူပြောတဲ့အတိုင်း လုပ်လိုက် ချက်ချင်းသက်သာပြီးပျောက်သွားလိမ့်မယ်တဲ့"

"ပြောစမ်းပါ- ဘာလုပ်ပေးရမှာတဲ့လဲ"

"သဘော်သီးအစိမ်းကို ဓားနဲ့ရစ်လိုက်ထွက်လာတဲ့အစေးကို ကင်းအကိုက်ခံရတဲ့နေရာကို ထူထူလိမ်းပေးလိုက်တဲ့၊ အဆိပ်တွေပြေပြီး သက်သာသွားလိမ့်မယ်။ ပြီး ပျောက်သွားလိမ့်မယ်တဲ့"

ခြံစည်းရိုးမှာရှိနေတဲ့ သဘော်သီးအစိမ်းတစ်လုံးထိုးချပြီး ဦးလေးထွန်းပြောသလိုလုပ်ပေးလိုက်သည်။

ရေနွှမ်းကြမ်းသောက်ရင်း ကျွန်တော်နှင်းခင်အခြေအနေစကားပြောရင်းစောင့်ကြည့်နေမိသည်။

သဘော်သီးအစေး လိမ်းပေးပြီး (၁၅)မိနစ်လောက်အကြာတွင် သက်သာလာတာကိုတွေ့ရသည်။ စကားပြောနိုင်လာသည်။

တစ်နာရီကျော် အကြာမှာတော့ လုံးဝသက်သာသွားပြီမို့ အားလုံးစိတ်အေးသွားကြသည်။ ညဉ့်လည်းနက်လာပြီ သူတို့အိမ်သားတွေ တဝါးဝါးသန်းနေပြီဆိုတော့ ကျွန်တော် နှုတ်ဆက်ပြန်ခဲ့လေသည်။

အေးချမ်းအောင်(ရမည်းသင်း)

ရွှေဘို

ရွှေဘိုမြို့သည် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်မှုသော အလောင်းဘုရားဦးအောင်ဇေယျ ထီးနန်းစိုက်ရှာမြို့တော်ဖြစ်ပြီး ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိင်္ဃ ရွှေဘို၊ မုဆိုးဖိုဟူသော (၅)မည်ရမြို့တော်ကြီးဖြစ်ကာ ဝန်းကျင်တစ်ခို လယ်ယာမြေကောင်း၊ ချောင်းမြောင်းအင်းအိုင်တို့ဖြင့် ပြည့်စုံသောမြို့တော်ကြီးဖြစ်သည်။ ဆန်ရေစပါး ထွက်အားကောင်းသဖြင့် ပုသိမ်ပေါ်ဆန်းမွှေးဆန်ကိုကျော်ဖြတ်ကာ ရွှေဘိုပေါ်ဆန်းမွှေးဟူ၍ ဈေးကွက်တွင် နေရာကောင်းယူနိုင်ခဲ့သော မြို့ဖြစ်ပေ၏။

ရွှေဘိုနယ်ရှိ ရွှေဘိုသူ၊ ရွှေဘိုသားတို့သည် အများအားဖြင့် သန်မာထွားကျိုင်းကြသည်ကို တွေ့ရသည်။ ကျေးလက်နေတောင်သူလယ်သမားတို့သည် အများအားဖြင့် ထွားကျိုင်းသန်မာကြပါသည်။ ထို့ကြောင့် အလောင်းဘုရားဦးအောင်ဇေယျ၏စစ်တပ်သည် အားကောင်းမောင်းသန်ရွှေဘိုသားတို့ဖြင့် ဖွဲ့စည်းထားခြင်းကြောင့် တိုက်တိုင်းအောင်ခြင်းဖြစ်နိုင်ပါသည်။ လူတွေသည် ညိုညိုမောင်းမောင်းတွေများသည်။ မိန်းကလေးများလည်း ညိုညိုမောင်းမောင်းတောင့်တောင့်တွေများသည်။ မိန်းကလေးများလည်း ညိုညိုမောင်းမောင်း တောင့်တောင့်တွေများသည်။မြို့နေလူတန်းစားများမှ ဖြူဖွေးကြပါသည်။ ရွှေဘို၌ အစာရေစာရှားပါးခြင်းမရှိပါ။

ရွှေဘိုနယ်သည် မိုးကုတ်နှင့် ရေအိုးနှင့်ရေမှုတ်ဖြစ်သည်။ ရှေးယခင်အင်္ဂလိပ်ခေတ်မှသည်အရှေ့အခင်းကာလအပြီး ၁၉၉၀ ပြည့်နှစ်တိုင်အောင် ရွှေဘိုသားတို့သည် မိုးကုတ်သို့တက်၍ အပိုစီးပွားရှာသည့်အနေနှင့် အချို့က တွင်းပိုင်ရှင်ပေါ်လံအိမ်၌ တွင်းသားဝင်လုပ်ကြ၏။ အချို့က ငွေကြေးစာရေး ရိက္ခာသယ်လာကာ ကိုယ်ပိုင်တွင်းလုပ်ကြ၏။ ရွှေဘိုနယ်နှင့် မုံရွာနယ်သည် မိုးကုတ်သို့ အများအပြားတက်လေ့ရှိကြ၏။

ထိုအချိန်ထိုကာလတို့၌ မိုးကုတ်မြေတစ်ခွင်သည် ပြည်သူပိုင်ဖြစ်ရာ မှောင်ခိုစနစ်ဖြင့် ကိုယ်ကြိုက်ရာနေရာ၌ တံခါးမရှိမားမရှိ လုပ်ပိုင်ခွင့်ရှိသည်။ထို့ကြောင့် တက်လာကြသူတိုင်း အနည်းနှင့်အများဆိုတာလို ကံကိုလိုက်၍ ခံစားခွင့်ရကြပါသည်။

ထို့ကြောင့် မိုးကုတ်တစ်ခွင်၌ လူတို့စည်ကားနေသလို ကျောက်ထွက်အားကောင်းသဖြင့် တွင်းလုပ်သူ ကျောက်ကုန်သည်၊ ကျောက်ပွဲစား၊ ကျောက်သွေးသမားများ အဆင်ပြေနေကြသောခေတ်ဖြစ်ပေ၏။

ထိုခေတ် ထိုကာလ၌ ဖားကန့်ကျောက်စိမ်း ရတနာမြေသည်လည်း မှောင်ခိုခေတ်ဖြစ်ပေရာ ကိုယ့်မင်းကိုယ့်ချင်းကြိုက်ရာနေရာ၌တူးဖော်ခွင့်ရှိသောခေတ်ဖြစ်သည်။

သို့သော် ကျောက်စိမ်းမြေ၊ ဖားကန့်ကား ကချင်ပြည်နယ်အတွင်း၌ရှိနေပေရာ သွားရာလမ်းကြောင်းဖြစ်သော ဟိုပင်၊ မိုးညှင်း၊ မိုးကောင်းတို့သို့ မီးရထားစီး၍ သွားရပါသည်။ ထိုမြို့တို့မှ ခြေကျင်လမ်းဖြင့် မှော်မြေသို့ရောက်အောင် ခက်ခဲစွာသွားရခြင်းတို့ကြောင့် ရွှေဘိုမုံရွာသားတို့ အသွားနည်းပါသည်။ သွားသည့်အခါ စားရန်ရိက္ခာများ၊ အဝတ်၊ စာစောင်များပါသယ်ရသဖြင့် တောလမ်းနားနေစခန်းတို့၌ ညအိပ်ရန်နားကြရသည်။

မိုးကုတ်ပတ္တမြားမြေကား ရွှေဘိုနှင့် နေ့ချင်းပေါက်ရောက်နိုင်ကာ လမ်းပန်းဆက်သွယ်ရေးချောမွေ့သဖြင့် ရွှေဘိုသူ၊ ရွှေဘိုသားများ အရောက်အပေါက် အလွန်များလေ၏။ အချို့ မိုးကုတ်၌ အခြေချနေထိုင်ကြလေ၏။ မိုးကုတ်၌ စီးပွားရှာကာ ချမ်းသာနေကြသော ရွှေဘိုသားတို့များစွာရှိကြသည်။

မိုးကုတ်သူနှင့် အိမ်ထောင်ကျနေကြသော ရွှေဘိုသားများ၊ ရွှေဘိုသူနှင့် အိမ်ထောင်ကျနေကြသော မိုးကုတ်သားများလည်း အများအပြားရှိရာ မိုးကုတ်နှင့်ရွှေဘိုသည် အိမ်ဦးနှင့်ကြမ်းပြင်ပမာ အသွားအလာ အဆက်အသွယ်ရှိပါသည်။ ရွှေဘိုသည်လည်း နေချင့်စဖွယ်မြို့ကြီးဖြစ်သည်။

နဝတအစိုးရလက်ထက်၌ပြည်သူတွေလိုလားသော ဒီမိုကရေစီစနစ်အား



နေပြည်တော်ကျော်ကျော်စိုး
ပြကျောက်(၂၉)



စတင် အကောင်ထည်ဖော်သောအနေနှင့်ယခင်ပါလီမန်ဒီမိုကရေစီဦးနုအစိုးရလက်ထက်ကကဲ့သို့ ကျောက်တွင်းများအားလိုင်စင်ချပေးပါတော့သည်။

ထိုအခါ နိုင်ငံအရပ်ရပ်မှ သူဌေးများသည် ဖားကန့်၌လည်းကောင်း၊ မိုးကုတ်၌လည်းကောင်း၊ မိုင်းရှူး၌လည်းကောင်း ရွှေမြေများ၌လည်းကောင်း၊ ဖက်စပ်ဆွဲကာ ရေမြေတို့ကိုသိမ်းပိုက်လိုက်ပါတော့သည်။ ဖက်စပ်တစ်ခုဆွဲပါက သားရေကွင်းဥပဒေဖြင့် မျက်စိတစ်ဆုံးအလှမ်းများလိုက်စိုက်သဖြင့် မှောင်ခို

လက်လုပ်လက်စား တွင်းသမားများလုပ်စားရန် နေရာမရှိတော့ပေ။ လုပ်လိုပါက ထက်ဝက်စား အစုဖက်စပ်သို့ပေးရသည်။

ဖက်စပ်ထွက်သမျှ ကျောက်တို့သည်လည်း မိုးကုတ်ကျောက်ကုန်သည် ထံမရောင်းရာ မိုးကုတ်၏အဓိကကုန်ကြမ်းဖြစ်သော ကျောက်မျက်သည် မိုးကုတ်၌ ရှားပါးလာကာ ကျောက်ဈေးတို့လည်း အဆမတန်မြင့်မားခဲ့လေ၏။ လူအများစုအလုပ်လက်မဲ့ဖြစ်ကုန်၏။

သို့ကြောင့် မိုးကုတ်၏ကျောက်ရှားပါးမှုသည် မိုးကုတ်၏စီးပွားရေးကို ကြီးစွာဂယက်ရိုက်ပါသည်။ ကုန်ကြမ်းပြတ်တောက်သည်နှင့် အားလုံး၏ စီးပွားရေးသည် ကမောက်ကမဖြစ်ကုန်ရကာ မိုးကုတ်ကိုစွန့်ခွာသူတို့ အများအပြားရှိခဲ့ကြသည်။

အချို့ မိုင်းရှူးသို့ရောက်ကုန်၏။ အချို့ ဖားကန့်သို့ရောက်ကုန်၏။ အချို့ ရွှေတောသို့ရောက်ကုန်၏။ အချို့ နေပြည်တော်သို့ ရောက်ကုန်၏။ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းလုပ်ကိုင်စားသောက်ကြပါသည်။ ကျေးလက်နေလူငယ်များသည် ဒေသကိုစွန့်ခွာကာ အလုပ်သွားလုပ်ကုန်ကြသည်။

ယခင် အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားလာကာ စီးပွားရှာနေကြသော ရွှေဘို၊ မုံရွာနယ်မှ လူတို့သည်လည်း မိုးကုတ်သို့တက်၍ စီးပွားမရှာကြတော့ပေ။ သူတို့၏ဦးတည်ရာသည် ဖားကန့်ကျောက်စိမ်းမြေဖြစ်သွားပါတော့သည်။ အဘယ်ကြောင့်ဆိုသော်. . .။

ဖားကန့်မှဖက်စပ်ကြီးများ

ဖားကန့်ကျောက်စိမ်းမြေသို့ဆက်သွယ်သောကားလမ်းသည် ပေါက်ပြီးဖြစ်သော်လည်း လမ်းကောင်းမဟုတ်ပေ။ နိုင်ငံတော်မှ ဒီမိုကရေစီစနစ်ဖော်ဆောင်သောအားဖြင့် ကျောက်စိမ်းတွင်း လိုင်စင်များချပေးလိုက်သောအခါ ကျောက်တွင်းတူးရန်စက်ယန္တယားများလိုအပ်သဖြင့် ဖက်စပ်ကြီးများသည် စက်ကြီးများအသုံးပြု၍ လမ်းချဲ့ထွင်ခြင်း၊ ကတ္တရာခင်းခြင်း၊ ချောင်းမြောင်းတို့အား တံတားထိုးခြင်းဖြင့် စက်ယန္တယားကြီးများ သယ်ယူနိုင်အောင် ပြုပြင်ကြပါသည်။ ဟိုပင်၊ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားတို့သည် ဖားကန့်သွားရန်လမ်းကြောင်းကောင်း အတော်ပင်ကောင်းမွန်သွားခဲ့လေ၏။

လမ်းများ အဆင်ပြေသည်နှင့် ဖက်စပ်ကြီးများသည် တွင်းတူးရာ၌ အသုံးပြုရန် ယန္တယားစက်ပေါင်းများစွာ သယ်ယူလျက် အကြီးအကျယ်တူးဖော်ကြပါသည်။ ဖက်စပ်ကြီးများ၌လုပ်သားထောင်ချီရှိသလို စက်ယန္တယားများ၊ မြေသယ်ယာဉ်ကြီးများလည်း ရာကြီးချီ၍ရှိကြပါသည်။ တောင်ကြီးတစ်တောင်အား ရက်ပိုင်းနှင့်ဖြိုချကာ အခြားတစ်နေရာ၌ ရွှေ့ပြောင်းနိုင်စွမ်းပင်ရှိအောင် စွမ်းဆောင် နိုင်ကြလေ၏။

မှော်ခိုခေတ်လက်လုပ်လက်စားခေတ်တွင် မျှောတိုက်ပါက သံချောင်းနှင့်ထိုးရရာအားစိုက်၍ တစ်ခါထိုးပါမှ လက်နှစ်လုံးခန့်သာပဲ့သော အလွန်မာကျောသောမြေသည် ကုဋ္ဌမှော်၌ရှိပါသည်။ သို့ကြောင့် လက်လုပ်တွင်းများ နှစ်ပေါင်း (၂၀) ကျော်တူးနေသော်လည်း ဖားကန့်မြေမပျက်စီးခဲ့ပါ။ မကုန်ခဲ့ပါ။ အရာပင်မယွင်းသယောင်ရှိပါသည်။

ထိုအချိန်၌ ဥရုမြစ်ရေသည်လည်း ကြည်စိမ်းနေကာ အောက်ခြေအနည်ထိုင် ကျောက်များအထိ ဖောက်ထွင်းမြင်ရပါသည်။ ဒေသကမူ ဥရုချောင်းဟု ခေါ်ကြပြီး ထိုဥရုချောင်းခေါ် ဥရုမြစ်သည် ချင်းတွင်းမြစ်အထက်ပိုင်း၌ သွားရောက်ပေါင်းဆုံကာ ကျောက်စိမ်းမှော်ဖားကန့်သို့ဝင်ရာ ရေလမ်းကြောင်းအဖြစ် အသုံးပြုကြပါသည်။ ထို့ပြင် ကုန်စည်စီးဆင်းမှု၌လည်း အရေးပါခဲ့ပါသည်။ ထိုဥရုမြစ်တစ်လျှောက်၌ ရွာစဉ်ရွာဆက်များရှိကာ စက်တပ်လှေငယ်များဖြင့် သွားလာလှုပ်ရှားကြသည်။ ထိုဥရုမြစ်မှထွက်ကာ ချင်းတွင်းမြစ်ကြောမှ သွားလိုရာသွားလို့ရပါသည်။ ချင်းတွင်းခေါ် သလ္လာဝတီမြစ်၏ အဓိကမြို့တော်ကား မုံရွာဖြစ်သည်။ ချင်းတွင်းသည် မြင်းခြံမြို့၏အနောက်ဘက် ဧရာဝတီတွင် စီးဝင်ပေါင်းဆုံကာ မြစ်ပြင်ကျယ်ကြီးဖြစ်လျက်ရှိ၏။

ဖားကန့်မြေ၏ သဘာဝတောတောင်တို့သည် ကမ္ဘာဦးမှသည် အစဉ်သဖြင့် ပိတ်ပိတ်ပိန်းကာ ညို့မှိုင်းစိမ်းစိုနေ၍နေခဲ့ကြ၏။ ဖက်စပ်ခေတ်ရောက်သောအခါတွင်မူ နေ့မြင်၍ညပျောက်ဟူသောစကားကဲ့သို့ လျင်မြန်စွာပျောက်ကွယ်ပျက်သုဉ်းကုန်ကာ မြေနီတောင်၊ မြေနီလွင်ပြင်ကြီးများဖြစ်ကုန်ကြပြီး စိမ်းစိုသော သဘာဝတောင်ကုန်းဟူသည် မှော်မြေလုပ်ကွက်ဝန်းကျင်တို့၌ မမြင်ကြရတော့ပေ။

အလွန်ကြည်လင်၍ အလွန်လှပသောဥရုချောင်းခေါ် ဥရုမြစ်ငယ်လေးသည်လည်း ဖက်စပ်တို့မှ နုံးမြေများ၊ ခဲများစီးမျောပိုတ်ဆို့မှုကြောင့် ရေတို့သည် နောက်ကျိနိရဲကာ စီးဆင်းမှုချောမွေ့ခြင်း မရှိတော့ချေ။ ရေစီးဆင်းမှုမချောမွေ့သောအခါ ရေတို့သည် ဥရုချောင်းအနီးရှိရွာများ၊ စိုက်ခင်းများကို နစ်မြှုပ်စေကာ ဒုက္ခကောင်းကောင်း ပေးပါတော့သည်။ ဥရုချောင်းသည် ရှေးအခါက အလွန်ကြည်လင်သော ရေကြည်ချောင်းကလေးပါဟုပြောသော် ယခုအချိန်တွင် ပုံပြင်သဖွယ်ဖြစ်ပါမည်။

ရေမဆေးကျောက်ရှာပေါ်လာခြင်း

ဖက်စပ်ကြီးများ နေရာယူလိုက်သည်နှင့် မိုးကုတ်မှာကဲ့သို့ ပင်လယ်လုပ်လက်စားမှော်ခိုတွင်းသမားတို့ ဘုံပျောက်ကြရပါတော့သည်။ အချို့မှာ ငါ့ဝမ်းပူဆာမနေသာသဖြင့် ဖက်စပ်ထဲသို့ ဝင်ကုန်ကြသူများလည်း ရှိကြ၏။

ရတနာလုပ်နေကျလူတို့၌ မာနတစ်ခုရှိသည်။ ထိုသည်မှာ လခစားမလုပ်လိုကြခြင်းဖြစ်သည်။ လခစားသည် တိုင်းတာ၍ရသောငွေ ဖြစ်ပြီး ရတနာအလုပ် ကိုယ်ပိုင်လုပ်သော် တိုင်းတာ၍မရနိုင်သော ငွေကြေးပမာဏတို့မျှော်လင့်ချက်ရှိသောကြောင့် ဖြစ်ပေ၏။

ထိုအချိန်၌ ပြင်ပလက်လုပ်လက်စားများအတွက် အခွင့်အရေးတစ်ခုပေါ်ပေါက်လာပါတော့သည်။ လူတို့၏ပါးစပ်ကား နတ်ထွင်းသည့်ခံတွင်းဖြစ်သည်၊ လူထွင်းသည့် ဧရုတ်ဆုံမဟုတ်ပေ။ ထိုသည်မှာ ရေမဆေးကျောက်ရှာအလုပ်ဖြစ်သည်။

ရှေးအခါက မျှောတိုက်ရှာကြရာဝယ် ကျောက်ဖြုန်းများစွာထဲမှ ကျောက်စိမ်းဟုတ်မဟုတ် ရေဆေး၍ ကြည့်ကြရ၏။ ကျောက်စိမ်းသည် သာမန်ကျောက်စရစ်များထက် လေးလံသိပ်သည်းသဖြင့် အလေးချိန်စီးသောကျောက်တို့ကို ရေဆေးကာ ကျောက်စိမ်းဟုတ်မဟုတ် ကြည့်ကြရ၏။

တိုးတက် ပြောင်းလဲလာသော ယခုခေတ်တွင်မူ စိန်တုခေါ် အလွန်မာကျောသောသံဖြင့် ပြုလုပ်ထားသော တူကလေးဖြင့် ကျောက်တုံးတို့ကို ခေါက်ကြည့်ရုံမျှဖြင့် ကျောက်စိမ်းဟုတ်မဟုတ် သိနိုင်ကြပါသည်။ ရေဆေး၍ကြည့်နေစရာမလိုတော့ပေ။ ကျောက်တုံးကိုတစ်

ချက်ခေါက်ကြည့်ရုံမျှဖြင့် တုံ့ပြန်လာသောခံစားမှုဖြင့် အလိုလိုသိပြီးသား ဖြစ်ပေ၏။ ကျောက်စိမ်းမဟုတ်ပါက ကျောက်တုံးပွမျှားဖြစ်သဖြင့်ဟုသာ တုံ့ပြန်မည်ဖြစ်ပြီး စိန်တူနှင့် ကျောက်စိမ်းတွေ့ပါကထန်ခနဲတုန့်ပြန်လာမည်ဖြစ်ပြီး သေးငယ်ပါက အဝတ်ထဲကောက်ထည့် ကြီးပါက ပွေ့ချီ၍သယ်ရုံသာရှိသည်။

ဖက်စပ်တို့သည် ဖြုန်းကြောမှ ဖြုန်းမြေနှင့် ကျောက်တုံးကြီးငယ်တို့အားဝန်ချီစက် ဘက်ဟိုးဖြင့်ကုတ်ကာ မြေသယ်ကားကြီးများသို့ ထည့်ပေး၏။ မြေသယ်ကားကြီးများက အောက်ခြေကျင်းထဲမှ ခရုပတ်တက်ကာ ထွင်းသားများ စိန်တူကိုယ်စီဖြင့် ကျောက်ရှာသောနေရာ၌ ဖြန့်၍ပုံပေး၏။ တွင်းသားများက ပေါ်လာသမျှကျောက်တုံးကြီးငယ်တို့အား စိန်တူဖြင့်ခေါက်ကာ ကျောက်ရှာ[illegible]၏။ အင်ချက်တို့သည် ဘေးမှထိုင်ကာ မျက်စိဒေါက်ထောက်ကြည့်နေကြ၏။ သေးသော် အိတ်ထဲထည့်ရ၏။ ကြီးသော် ပုံထားရ၏။ အလွန်ကြီးသော် စက်ဖြင့်ကော်မ၍ ပုံရ၏။

ဖက်စပ်လုပ်သားတို့ စိတ်တိုင်းကျမွှေနှောက်ရှာဖွေပြီးသော် စက်ဖြင့်ကုတ်၍ကားပေါ်ပြန်တင်ကာ ပစ်စာများ ပစ်သည့်နေရာ၌သွား၍သွန်ချရသည်။

ထိုပစ်စာများ၌ မြေများ ခဲအကြီးအသေးများ အရွယ်စုံပါပါသည်။ ထိုပစ်စာသွန်ရာအောက်တွင်မူ ရာထောင်ချီသော ရေမဆေးကျောက်ရှာသမားတို့သည် စိန်တူကိုယ်စီကိုင်ကာ အသင့်စောင့်လျက်ရှိကြပေ၏။

ဝေါခနဲသွန်ချလိုက်သဖြင့် အမြင့်မှခုန်ပေါက်ပြေးဆင်းလာသော ခဲကြီး၊ ခဲငယ်တို့အား အန္တရာယ်ကင်းအောင်ရှောင်တိမ်းလျက် မိမိရွေ့တွေ့သမျှခဲတို့ကိုစိန်တူဖြင့် ခပ်သွက်သွက် အလုအယက်ခေါက်ကာ ကျောက်ရှာကြရသည်။ ထန်ခနဲတွေ့ပါက လွယ်အိတ်ထဲခပ်သွက်သွက်ကောက်ထည့်ကာ ခပ်သွက်သွက်ရှာကြရသည်။ လက်နှေး၍မရပါ။ လျှင်မြန်ဖျတ်လတ်သွက်လက်ပါမှတော်ရုံကျကြ၏။

ဖက်စပ်များပေါ်ပြီး ဖက်စပ်များကျောက်ရှာသည်နှင့် ရေမဆေးကျောက်ရှာကလည်း ပူးတွဲပေါ်ပေါက်လာရာ လက်လုပ်လက်စားများအတွက် များစွာအဆင်ပြေကြပါသည်။ သူ့အရပ်နှင့်သူ့ဇာတ်အဆင်ပြေလှပေ၏။ ကျောက်စိမ်းလောကသက်ဝင်လှုပ်ရှားနိုင်ပါသည်။

မိုးကုတ်၌မူ မြှောတွင်းပြင်ပ၌ဆေးသူများအား ကနဲဆေးသည်ကိုအကြောင်းပြု၍ကနယ်ဆေး (ကနဲဆေး) ဟုခေါ်ကြသည်။ မိုးကုတ်ခဲတွင်းများမှ စွန့်ပစ်ခဲစာရှာသူများအား ခဲစာရှာသူများဟုခေါ်ကြသော်လည်း မိုင်းရှူးရတနာမြေတွင်မူ ခဲတွင်းမှစွန့်ပစ်ခဲစာရှာသူတို့အား အာပလာရှာသူဟု တစ်မျိုးတစ်မည်ခေါ်ဝေါ်သုံးစွဲပါသည်။ ဖားကန့်ကျောက်စိမ်းမြေ၌မူ ရေမဆေးကျောက်ရှာဟုခေါ်ကြပြန်ပါသည်။ ရွှေမြေတို့၌မူ ရွှေချေးခေါ် လှည့်ပြီးသောအနည်ထိုင်သဲတို့ကိုပြန်လှည့်၍ ရွှေရှာကြသည်။

ရတနာအလုပ်ဟူသည် အသက်နှင့်ရင်း၍လုပ်ကိုင်ကြရသော အလုပ်တို့သာ ဖြစ်သည်။ ရေမဆေးကျောက်ရှာသူတို့သည် ခြေသလုံးခဲမှန်ပါက ခံနိုင်ရည်ရှိအောင် အချို့က ဘောကန်ခြေအိတ်စွပ်ကာ အထဲ၌ အကာအကွယ်ထည့်ထားပြီး ပွိုင့်ဖိနပ်ကိုစီးထားကြပါသည်။ နေ့တွင် ထင်သာမြင်သာရှိသော်လည်း ညအခါတွင်မူ အလွန်အန္တရာယ်များလှပါသည်။ သို့တွက် ဓာတ်မီးပါကြရ၏။

ရတနာတူးဖော်မှု၏ပမာဏသည် အတိုင်းအတာ အကြီးအသေးကွာကြ၏။ မိုးကုတ်၌လုပ်သောအကြီးဆုံး ဦးပိုင်ဖက်စပ်၏ပမာဏသည် မိုင်းရှူးရတနာမြေ၏အသေးဆုံးသော ဖက်စပ်နှင့် ပမာဏနှင့်ညီမျှသည်။ မိုင်းရှူးရတနာမြေ၏အကြီးဆုံးသော ဦးပိုင်ဖက်စပ်ပမာဏသည် ဖားကန့်ကျောက်စိမ်းရတနာမြေ၏အသေးဆုံးသော ဖက်စပ်၏ပမာဏကိုပင် မမီပါ။ ဖားကန့်ကားစက်အင်အားတောင့်မှရပါသည်။

ဖားကန့် ကျောက်စိမ်းမြေကားစက်အင်အား လူအင်အားများစွာသုံး၍ အကြီးအကျယ်လုပ်ကိုင်ကြရာ မြေပြိုခြင်း၊ ကနယ်ကန်ပေါက်ခြင်းတို့ ဖြစ်ပါက လူပေါင်းများစွာသေကြေပျက်စီးကြရပါသည်။ စက်ယန္တယားဆုံးရှုံးမှုများလည်း ဖြစ်ကြရသည်။

ပစ်စာ မြေပုံကြီးများအောက်၌ နေ့နေ့ညည ဥတုသုံးလီ ရေမဆေးကျောက်ရှာလုပ်ကြရသော ထောင်သောင်းချီသောလူတို့သည် ကံမကောင်းအကြောင်းမလှပါက ပစ်စာပုံကြီးများပြိုကျ၍ ပစ်စာပုံအောက်၌ သေကြေပျက်စီးရသူတို့ များစွာရှိခဲ့ကြပါသည်။ ရတနာရှာခြင်းဟူရာ၌ မည်သည့်ရတနာမဆို လွယ်လင့်တကူရခြင်းမဟုတ်ပါ။ အသက်နှင့်ရင်းကာ ရှာကြရခြင်းသာဖြစ်သည်။

အစဉ်အဆက် မိုးကုတ်၌ တွင်းထိခိုက်၍သေခြင်းသည်ရှိခဲ့ပါသည်။ အစုလိုက်အပြုံလိုက်သေခြင်းဟူ၍ ဓာတ်တော်တောင်ကြီးပြိုကျစဉ်က တစ်ခါသာကြုံရပါသည်။ မည်မျှသေသည်ဟူ၍ စာရင်းမရှိပါ။ မှောင်ခိုခေတ်ဖြစ်၍ အနယ်နယ်ကလူတွေ လာရောက်လုပ်ကိုင်နေ၍ဖြစ်သည်။

မိုင်းရှူး၌ နှစ်ခါတွင်းပြို၏။ တစ်တွင်း၌မူ လူတို့အများအပြားပါသွားသည်ကိုမြင်တွေ့ရ၏။ နည်းနည်းမဟုတ်ပါ။ လူအနည်းငယ်မျှသာ လွတ်ပါသည်။ နေ့ဆိုင်း တွင်းအောက်ထဲဆင်းနေသူများနှင့် လောပန်၊ စားဖိုမတစ်ဦး၊ အင်ချက်မတစ်ဦးသာလွတ်သည်။

ဖားကန့်၌မူ ပစ်စာပုံပြို၍ ကနယ်ကန်ပေါက်ကျ၍ သေဆုံးသူဟူသည် စာရင်းကောက်ယူ၍ပင် ရနိုင်မည်မထင်ပါ။ ရတနာအတွက် အသက်စတေးသွားရသူတို့ များစွာပင်ရှိခဲ့ကြပါပြီ။ ဒါကို ဖေစ့်ဘုတ်ထဲ၌အများအပြားမြင်ဖူးခဲ့ကြပြီဖြစ်သည်။

သိန်းတစ်ရာကိုင်ချင်သူ

"အဖေ"

"ဘာတုန်း သားရ"

"ကျွန်တော် ပိုက်ဆံသိန်းတစ်ရာလောက်ကိုင်ချင်တယ်ဗျာ"

"ကိုင်ချင်ရင်ကိုင်ရမှာပေါ့ကွာ။ ဒါပေမယ့် အဖေတို့တောင်သူတွေအနေနဲ့ကတော့ ဘယ်လိုနည်းနဲ့မှ ကိုင်နိုင်မှာမဟုတ်ဘူး။ အဖေငယ်ငယ်က သားလိုစိတ်ကူးနဲ့ မိုးကုတ်တက်ပြီး တွင်းသားလုပ်တယ်။ အဲဒီတုန်းကတော့ ပိုက်ဆံကတန်တာပေါ့သားရယ်။ အလွန်များများစားစားကြီးမရပေမယ့် ဟောဒီအဖေတို့လုပ်စားနေတဲ့ လယ်လေးငါးဧကကိုဝယ်နိုင်ခဲ့တယ်သားရဲ့။ ခုအဲဒီလယ်လေးတွေမှာရာသီသီးနှံစိုက်ပျိုးပြီး ဘဝရပ်တည်နေနိုင်တာလေ။ ခုချိန်မှာ မိုးကုတ်ကခေတ်မကောင်းတော့ဘူးလို့ ဆိုကြတယ်ကွ။ ဒီတော့ သိန်းတစ်ရာကိုင်ချင်ရင် ဖားကန့်သွားမှအဆင်ပြေမှာ"

"ဒါဆို သားလည်း ဖားကန့်သွားမှအဆင်ပြေမယ်ထင်တယ်"

"နေပါဦးသားရဲ့အရင်ကဒီစကားမျိုးမပြောခဲ့ပါဘူး။ ကေန္တတော့ ငါ့သားလေးနှလုံးသားကိစ္စကြုံပြီထင်တယ်"

"ဟုတ်တယ်အဖေ နွေဦးပေါ့"

"ကိုတင်ဖေရဲ့သမီး နွေဦးက"

"သားရဲ့ချစ်သူပါ အဖေ"

"ဟား ဟား ဟား ငါ့သားလေး ငြိမ်ချက်သား ကောင်းလှချည်လား အောက်မေ့နေတာ တကယ့်မီးခဲနဲ့တွေ့နေတာကိုး။ ကောင်းတယ်၊ ကောင်းတယ်။ ကလေးမလေးက အပြောကြမ်းတာကလွဲရင် အလွန်ဖြူစင်ဖြောင့်မတ်ပါတယ်သားရယ်။ ကဲကဲ ပြောပါဦး သိန်းတစ်ရာကိစ္စက"

"အဖေရေ သားလည်း လေလုံးထွားမိတာဗျ။ သိန်းတစ်ရာမှ ငါမကိုင်နိုင်ရင် ငါနင့်ကိုမယူဘူးလို့ ပြောမိတာလေ။ အဲဒီတော့ ကောင်းပြီ နင်သိန်းတစ်ရာမှ မကိုင်နိုင်ရင် ငါ့ကိုစိတ်မကူးနဲ့တော့လို့ ပြောလိုက်တာဗျ။ အဲဒါကြောင့် သား သိန်းတစ်ရာကိုင်ချင်တာဗျ"

"ငါ့သားကွာ သိန်းတစ်ရာကိုင်ပြီး မိဘများကျွေးမလား အောက်မေ့တယ်။ မိန်းမယူချင်လို့ ကိုင်ချင်တာကိုး။ ကဲပါ သားရယ် လူကဲဆိုတာပြောလို့ မရဘူးကွ။ ဖားကန့်သွားရင်တော့ ရနိုင်ပါတယ်။ သားလေးကိုယ်ပိုင်ငွေ ရှာနိုင်တော့လည်း အဖေတို့ အကုန်သက်သာတာပေါ့ကွ။ ဟုတ်ဘူးလား"

"အမေ့ကိုအဖေပြောပေးနော်"

"သားရယ် မင်းအမေက အဖေပြီးရင်ပြီးသား ပူမနေနဲ့"

ဦးမြင့်ကို ဒေါ်သန်းဌေးတို့၌ သမီးနှစ်ဦးသားတစ်ဦး ထွန်းကားခဲ့ပြီး အကြီးဖြစ်သော မြင့်မြင့်သော်နှင့် မြင့်မြင့်မော်တို့ အိမ်ထောင်ကျကာ အိမ်ခွဲသွားကြပြီဖြစ်သည်။ အငယ်ဆုံးသားဖြစ်သူ မြင့်မောင်မောင်သာလျှင် အိမ်တွင်ကျန်ရစ်ပါသည်။

သူတို့သည် ရွှေဘိုမြို့နယ်ချီပါရွာတွင်နေထိုင်ပေါက်ဖွားကြသူများ ဖြစ်သည်။ ချီပါရွာသည် အသင့်အတင့်ကြီးသော ရွာဖြစ်ကာ စကားတောင်းစားအမတ်ဝတ္ထု၌ ချီပါသားနှင့်ပခန်းသားနှစ်ဦးပေါင်းမိကာ အထက်မြန်မာပြည်မှ အောက် မြန်မာပြည်သို့တိုင် လူတို့အား အမျိုးမျိုး လိမ်လည်လှည့်ဖျားခဲ့သော နာမည်ကြီး ချီပါဖြစ်သည်။ ချီပါသားနှင့် ပခန်းသားတို့ ဒုက္ခရောက်ပါက သူငယ်ချင်း စကားကောင်းစားအမတ်ကဝင်၍ ကယ်တတ်လေ၏။ ထိုနာမည်ကြီးသော ချီပါရွာသည် သမိုင်းတွင်ခဲ့ကာ ရွှေဘိုမြို့၏အနောက်ဘက်ယွန်းယွန်း၌ တည်ရှိနေပါသည်။ ကွန်ဆိပ်ရွာဘက်သွားပါက ချီပါရွာကိုဖြတ်ရပါသည်။

ဖားကန့်သို့သွားတော့မည်

"နွေဦး"

"ပြောလေ မောင်မောင်"

"ငါ ဖားကန့်တက်မလို့"

"ဒါတော့ နင့်သဘောပဲလေ။ ဘာလဲ သိန်းတစ်ရာသွားရှာမယ်ပေါ့"

"ဒါပေါ့ဟ။ ဒီမှာ ထိုင်နေလို့ကတော့ အချိန်ကုန်တာပဲရှိမှာ။ ငါဖားကန့်ကိုတက်မယ်။ ဟိုမှာ တို့ရွာက မောင်အေးနဲ့မောင်ဌေးတို့ညီအစ်ကို ရှိနေတာပဲ။ အဲဒီကိုဖုန်းဆက်ပြီးပြီ။ လာခဲ့တဲ့။ စားရိတ်လည်းထည့်ခဲ့တဲ့။ သူတို့စီစဉ်ပေးမယ်တဲ့။ အဖေ့ကိုလည်း ပြောပြီးပြီ။ အဖေကလည်းသဘောတူတယ်။ အမေကတော့ နင်သိတဲ့အတိုင်းပေါ့ဟာ။ သူ့သားကို မျက်စိအောက်ကပျောက်မှာစိုးတာပေါ့"

"အမေပဲဟာ ဒါလောက်တော့ရှိမှာပေါ့။ နင်က တစ်ဦးတည်းသောသားလေ"

"အေးဟာ ငါနင့်ကိုလည်း လွမ်း၊ အမေ့ကိုလည်းလွမ်းနေမှာပါ"

နွေဦးသည် မောင်မောင်၏မျက်နှာကိုစေ့စေ့ကြည့်သည်။ မောင်မောင်မှာအဝေးသို့ငေးကာရီဝေလျက်ရှိသည်။

"ဒီမယ် မောင်မောင် နင် နောက်ဆံတင်းမနေနဲ့။ နင့်ရည်ရွယ်ချက်အတိုင်းနင်သွား၊ လည်ကန်လည်ကန်နဲ့ အမိပွာယ်မဲ့ရွာကိုပြန်ရောက်လာရင်တော့ ငါနင့်ကိုခွင့်မလွှတ်ဘူး။ နင့်စကားနဲ့နင်ပဲဖြစ်အောင်လုပ်၊ နင်အောင်မြင်မယ်လို့ငါယုံကြည်တယ်"

"အေးပါနွေဦးရာ ဒါပေမယ့် ချွင်းချက်တစ်ခုတော့ ငါ့ကိုပေးဟာ။ ငါဖားကန့်မှာရှာလို့ သိန်းတစ်ရာမရဘဲ နှစ်တွေကြာနေရင်ရော"

"နင်လည်းလူပျိုကြီးလုပ်၊ငါလည်း အပျိုကြီးလုပ်မယ်။ စိတ်ချ အဘွားကြီးဖြစ်သွားပါစေ ငါနင့်ကိုစောင့်မယ်"

ချစ်သူနှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။

"ဒါဆို စိမ်လိုက်လေ"

"မောင်မောင်ပြန်ကြရအောင်"

နှစ်ယောက်သား လယ်ကန်သင်းဆီးပင်ရိပ်မှ ထကာ ရွာသို့ခြေဦးလှည့်ကြသည်။ နွေဦးသည် ရွှေဘိုသူဖြစ်သော်လည်း မညိုဘဲ ဖြူဖြူဖွေးဖွေးနှင့် ထောင်ထောင်မောင်းမောင်းနှင့် လှပကျော့ရှင်းသူဖြစ်သည်။ မောင်မောင်ထက် တစ်နှစ်သာငယ်သည်။ မောင်မောင်လည်း အသားလတ်လတ် တောင့်တောင့်ဖြောင့်ဖြောင့်လူငယ်ဖြစ်ရာ လိုက်ဖက်သောစုံတွဲဖြစ်သည်။

ဦးတင်ဖေ ဒေါ်သောင်းသောင်းတို့၌ သားသမီးငါးဦးမွေးဖွားရာ နွေဦးသည် တတိယမြောက်ဖြစ်သည်။ မိဘတို့သည် မောင်မောင်နှင့် ရည်ငံနေမှန်းသိသော်လည်း မိဘမျိုးရိုးမှအစ မောင်မောင်အထိ ဆိုဖွယ်မရှိသဖြင့် မသိသလိုနေကြခြင်းဖြစ်ပေ၏။

သိန်းတစ်ရာရရင်ပြန်မယ်

ရွှေဘိုဘူတာသို့ မကြာမီ မြစ်ကြီးနားရထားဆိုက်တော့မည်ဖြစ်ရာ သားဖြစ်သူမြင့်မောင်မောင်အား စိတ်မချနိုင်သဖြင့် တဖွဖွမှာလျက်ရှိသည်။

"သား ဟိုမှာက မူးယစ်ဆေးတွေပေါတယ် ကြားတယ်။ ယောင်လို့သွားမစမ်းနဲ့နော်"

"သားက ဆေးလိပ်တောင်မသောက်တာအဖေရာ။ အဲဒီအတွက် ပူမနေနဲ့။ သားက အသိသတိရှိပြီးသားပါအဖေရ"

"ပြီးတော့ သိပ်ပြီးလည်း အရဲမကိုးနဲ့။ သတိလက်မလွှတ်စေနဲ့ ကြားလား"

"ဟုတ်ကဲ့ပါ အဖေ"

"အနန္တောအနန္တငါးပါး ဦးထိပ်ထားဖို့မမေ့နဲ့ဦး"

"အင်းပါ အဖေရ မမေ့ပါဘူး"

ဖခင်ဖြစ်သူသည် သားငယ်အား တဖွဖွမှာနေခိုက်မှာပင် ရထားကဆိုက်ရောက်လာလေ၏။ အဝတ်အထည်နှင့် စောင်ခြင်ထောင်က အိတ်တစ်လုံး၊ စားစရာတိုလီမိုလီက အိတ်တစ်လုံးဖြစ်ရာ ဦးမြင့်ကိုသည် သားကို မီးရထားပေါ်အထိလိုက်ပို့ပြီး နှုတ်ဆက်ကာ ဘူတာထဲတွင် မီးရထားကြီးထွက်သည်အထိကြည့်၍ကျန်ရစ်သည်။

မီးရထားသည် ဘယ်ညာတစ်လှည့်ယိမ်းလိုက်၊ အထက်အောက် တရိမ်းရိမ်းခုန်လိုက်၊ ငြိမ်သက်သွားလိုက်နှင့် ပုံမှန်ခုတ်မောင်းလျက် နာရီပေါင်းများစွာကြာပြီးနောက် မိုးကောင်းဘူတာသို့ဆိုက်ပါသည်။

မောင်မောင်သည် မိုးကောင်းမှ ဖားကန့်ကားစီးကာ ဖားကန့်သို့ ရောက်ပါသည်။ ကားဂိတ်တွင် ကြိုတင်ဖုန်းဆက်ထားမှုကြောင့် မောင်ဌေးကလာ၍ ကြိုပါသည်။ ဖားကန့်၏မြို့စွန်တစ်နေရာ

တွင် အိမ်တစ်အိမ်၏အောက်ထပ်၌ ကျောတစ်ခင်းစာနေရာ ရပါသည်။ မောင်အေး မောင်ဌေးတို့နှင့်ကပ်လျက်ဖြစ်သည်။ လခကား ငါးသောင်းဖြစ်သည်။

နောက်နေ့၌ ရေမဆေးကျောက်ရှာတစ်ဦး၌ရှိသင့်ရှိထိုက်သော စိန်တူမှအစ အားလုံးမောင်ဌေးကလိုက်ဝယ်သေးကာ မောင်အေးမောင်ဌေးတို့နှင့် အတူ ရေမဆေးကျောက်ရှာဘဝကို စတင်ရပါတော့သည်။

ထိုသို့မစတင်မီ မောင်အေး၊ မောင်ဌေးတို့က စီးပွားစပ်တူလုပ်လိုက လုပ်နိုင်ကြောင်းပြောသော်လည်း မြင့်မောင်မောင်က မစပ်လိုကြောင်း တစ်ကိုယ်ရည်သာလုပ်မည်ဖြစ်ကြောင်း၊ သူ၏ရည်ရွယ်ချက်မှာ မင်္ဂလာဆောင်နိုင်ရန်အတွက် သိန်းတစ်ရာသာရလိုကြောင်း၊ သိန်းတစ်ရာရပါကရသည့်နေ့မှာပင် ရွှေဘိုသို့ ပြန်မည်ဖြစ်ကြောင်း ပြောထားပြီးဖြစ်သည်။

လုပ်ဖန်များသောအခါ အလုပ်ကသင်သွားသဖြင့် မြင့်မောင်မောင်အများကဲ့သို့ လျင်မြန်ဖျတ်လတ်စွာ စိန်တူတစ်လက်ဖြင့် ကျောက်စိမ်းရှာကျွမ်းသွားပါသည်။ ရလာသော ကျောက်ဟူသမျှ ကောင်းသည် မကောင်းသည်လည်းခွဲခြားတတ်လာခဲ့ပါသည်။

ဖောက်သည်ကျောက်ကုန်သည် ကိုစိုး

ရေမဆေးကျောက်ရှာသမားတို့သည် ကျောက်ပါးသောလုပ်ကွက်တို့၌ရှာလေ့မရှိကြပါ။ ကျောက်ပေါသောလုပ်ကွက်တို့၌အစုပုံတိုးဝှေ့၍ ရှာလေ့ရှိကြရာ လူထောင်ချီပင် ရှိမည်ထင်သည်။ သို့သော် မည်မျှကျောက်ပါးပါစေ ရာဂဏန်းမျှသောလူတို့က ရှိမြဲဖြစ်သည်။

မြင့်မောင်မောင်သည် လူနည်းသောပစ်စာပုံတို့၌သာ အမြဲရှာလေ့ရှိသည်။ အဓိကမှာ နံပါတ် (၁) အန္တရာယ်ကင်းရေးကို ဦးစားပေးခြင်းဖြစ်ကာ ကျောက်ရရေးမှာ (၂) နေရာ၌သာထားပါသည်။

ပထမဆုံးကျောက်အား အလုပ်ဝင်၍ သုံးရက်မြောက်နေ့တွင်ရပါသည်။ လက်သီးဆုပ်ထက်ကြီးသော ကျောက်ဖြစ်သည်။ သို့သော် အခွံက မာကျစ်ကျစ်ပြောင်ချောချောဖြစ်သည်။

တွင်းလုပ်ကွက်မြေစာပုံအနီးရေမဆေးကျောက်ရှာသမားတို့၏ ခပ်လှမ်းလှမ်းနောက်တွင် ကျောက်ဝယ်ရန်အသင့်စောင့်နေသော ကျောက်ကုန်တို့ကလည်း တန်းစီလျက်ရှိကြသည်။ အချို့ကတွင်း တောမှာပင် ရောင်းကာ အချို့က အိမ်ပြန်ယူသွားကာ အိမ်၌ရောင်းသူများလည်း ရှိသည်။

မြင့်မောင်မောင်သည် ကျောက်နားလည်သူမဟုတ်ပါ။ သို့အတွက် ရမ်းတောင်းရမ်းရောင်းလုပ်ရခြင်းဖြစ်သည်။ ပထမကုန်သည်ကိုပြရာ မကြိုက်ဘူးဟုပြောပြီး ပြန်ပေး၏။ နောက်တစ်ယောက်ကလည်း မကြိုက်ဘူးဟုဆိုပြန်၏။ ဈေးပင်မေးဖော်မရပေ။ သို့နှင့် သုံးယောက်မြောက်ကုန်သည်ကိုပြသည်။

"ငါ့ညီ ဘယ်လောက်လဲ"

"တစ်သိန်းလောက် ရချင်တယ် အစ်ကို"

"ငါ့ညီ ဒီကျောက်မျိုးက ကုန်သည်တွေအကြိုက်နည်းတယ်။ ကဲ-အစ်ကိုသုံးသောင်းပေးလိုက်မယ်"

"အစ်ကိုရာ ကျွန်တော်က မနေ့တစ်နေ့ကမှတက်ခဲ့တာပါ။ ကျောက်လည်းနားမလည်သေးပါဘူး။ ငါးသောင်းတော့ပေးလိုက်ပါ အစ်ကိုရာ။ ကျွန်တော်ရရင် အမြဲရောင်းပေးပါ့မယ်"

"အေး- ဟုတ်ပြီညီလေး၊ ကျောက်ကဘာမှသိပ်မတန်ပါဘူး။ ဒါပေမယ့် အစ်ကိုညီလေးရဲ့ရိုးသားမှုဂုဏ်ကိုဝယ်လိုက်တာပါ။ ကဲ-ငါးသောင်းယူသွား"

ဟု ပြောကာ တစ်သောင်းတန်ငါးရွက်ထုတ်ပေးလိုက်ပါသည်။ မြင့်မောင်မောင် စိတ်ထဲကြည်နူးသွားပါသည်။ ဘယ်သူမှဈေးမပေးသည့်ကျောက်အား ငါးသောင်းဖြင့် ဝယ်ယူလိုက်သော ကျောက်ကုန်သည်အစ်ကိုသည် မြင့်မောင်မောင်၏ရင်ထဲဝယ်ကိန်းအောင်းသွားပါသည်။ ကျောက်ကုန်သည်ဟူသည် ကျောက်တန်သည်ဖြစ်စေ၊ မတန်သည်ဖြစ်စေ ငွေဖြင့်မျှော၍ ထိုလူကိုဝယ်ယူရသည်မှာ အချို့သောကုန်သည်တို့၏လုပ်ထုံးလုပ်နည်းဖြစ်ပြီး အချို့မှာမူ ငွေဖြင့်မျှော၍ အနာမခံကြပေ။ လူတစ်ကိုယ်စိတ်တစ်မျိုးဖြစ်သဖြင့် အပြစ်မဆိုသာပါ။ အချို့သော တွင်းသမားတို့ကလည်း ကောက်ကျစ်စဉ်းလဲမှုများရှိတတ်ရာ ခံရဖူးသောကုန်သည်တို့ရှိကြ၏။ လူလည်တွင်းသားတို့သည် တန်ဖိုးမရှိသောကျောက်စိမ်းတုံးတို့ကို ငွေမျှော၍ဝယ်နေသောကုန်သည်ထံ ရောင်းချကာ မျိုးကောင်းသောကျောက်စိမ်းတုံးရပါက ဈေးနှိမ်မည်စိုး၍ အခြားကုန်သည်ထံတိုးတိုးတိတ်တိတ် ရောင်းချပေးတတ်ကြပါသည်။

မြင့်မောင်မောင်ကား ထိုသို့မဟုတ်ပါ။ သူ့အပေါ် နားလည်ပေးသောကုန်သည်ကိုစိုးထံတွင် အမြဲတစေရောင်းချပေးလေ့ရှိသည်။ သောင်းငွေမှသည် သိန်းကြီးငွေအထိ ကျောက်မျိုးစုံရောင်းချပေးသောအခါ ကိုစိုးနှင့် မြင့်မောင်မောင်ခင်မင်ရင်းနှီးလာကြပါသည်။ ကိုစိုးမှာသုံးဆယ်ကျော် လေးဆယ်ဝန်းကျင်ဖြစ်သည်။

"ကျွန်တော်က ရွှေဘိုနယ် ချီပါရွာကဗျ။ မိန်းမယူဖို့ သိန်းတစ်ရာရချင်တာနဲ့ ဖားကန့်တက်လာတာ။ သိန်းတစ်ရာရတာနဲ့ ကျွန်တော်ရွှေဘိုလိုတန်းပြန်မှာ"

"အေး - ငါက မုံရွာနယ်ကကွ၊ မုံရွာသားပေါ့ကွာ။ ငါကတော့ သူဌေးဖြစ်ချင်လို့တက်လာတာ။ သူဌေးကြီးမဖြစ်မချင်း မုံရွာကိုမပြန်ဘူးကွ။ သူဌေးကြီးဖြစ်မှ မုံရွာမြို့ပေါ်မှာနေမယ်စိတ်ကူးတယ်ငါ့ညီရ"

ဟူ၍ရင်တွင်းဆန္ဒတို့ ပြောမိကြပါသည်။ ကြာတော့ မြင့်မောင်မောင်နှင့်ကိုစိုးတို့သည် ညီအစ်ကိုပမာခင်မင်လာကြကာ လက်ဖက်ရည်ဆိုင်အတူထိုင်ဖြစ်ကြပါသည်။ ကိုစိုးသည် မြင့်မောင်မောင်ကိုအပိုင်ချည်နှောင်နိုင်ခဲ့ပြီ ဖြစ်သည်။

မြင့်မောင်မောင်အတွက် ပြကျောက်

ကျယ်ပြန့်လှသော ကျောက်စိမ်းမြေ၌ မှော်ပေါင်းများစွာရှိရာ ထိုမှော်တို့၌ဖက်စပ်တို့ အပြည့်ရှိနေကြလေ၏။ ထိုဖက်စပ်တို့၏ပစ်စာပုံတို့၌ ရေမဆေးကျောက်ရှာအလုပ်သမားတို့များစွာ မှီခို၍ကျောက်ရှာနေကြပါသည်။

ထို့ကြောင့် ပြင်ပလူတို့သည် ဖက်စပ်နေလူတို့ထက် အဆများစွာသာလွန်များပြားလျက်ရှိသဖြင့် ဖားကန့်ကျောက်စိမ်းမြေကား အလွန်ပင်စည်ကားလှပါသည်။ လောပန်ကြီးများမှသည် လမ်းဘေးနေ ဖိုးသမားအဆုံး လူတန်းစားအစုံရှိပါသည်။

မြင့်မောင်မောင်ကား အသောက်အစားကင်းရှင်းကာ စည်းကမ်းရှိသဖြင့် အပူအပင်မရှိပေ။ ရသမျှကို မျှတစွာသုံးစွဲခြင်းဖြင့် ရောင့်ရဲနိုင်စွမ်းရှိသည်။ မိဘများထံ တစ်လတစ်ကြိမ် ဖုန်းဆက်ကာ ချစ်သူနွေဦးထံ ငါးရက်တစ်ကြိမ်ပုံမှန်ဖုန်းဆက်သည်။ နွေဦး၏အားပေးစကားတို့က သူ့အတွက်အားဖြစ်စေသည်။ နွေဦးကစောင့်မြဲဖြစ်သည်။ နွေဦး

သည် ဖြူစင်ရိုးရှင်းသောတောသူပီသလှပါသည်။ မြင့်မောင်မောင် ဖားကန့်ရောက်သည်ပင် တစ်မိုးလွန်မြောက်၍ တစ်ဆောင်းရောက်ခဲ့ပြီဖြစ်ရာ ဖားကန့်ရောက်သည်မှာ တစ်နှစ်ပင်ပြည့်တော့မည်ဖြစ်သည်။

ဖက်စပ်တစ်ခု၏ ပစ်စာပုံကိုအမှီပြု၍ ရပ်တည်သော ရေမဆေးကျောက်ရှာတို့သည် ရာကြီးဂဏန်းမှသည် ထောင်ဂဏန်းအထိ ရှိတတ်ပါသည်။ ကျောက်ပါးသောဖက်စပ်၏ ပစ်စာပုံ၌မူ လူရာဂဏန်းပင်မရှိတတ်ပါ။

မြင့်မောင်မောင်သည် လူပါးသော ဖက်စပ်ပစ်စာပုံသို့လာခဲ့ကာ ပေါက်ပြားတို့ဖြင့် မြေစာကိုယက်ကာ ပေါ်လာသော ကျောက်တုံးတို့ကို စိန်တူဖြင့် ခေါက်ကာ ရှာဖွေလျက်ရှိသည်။ လူတို့သည်ကား နောက်ကြီးလှန်ချသော မြေစာတို့၌သာ အလုအယက်ရှာလျက်ရှိသည်။ သူတို့မရှာသော ရှာပြီးသည့်နေရာများ၌သာ ပေါက်ပြားတို့ဖြင့်ယက်ဖော်ကာ မြင့်မောင်မောင် လွတ်လွတ်လပ်လပ်ရှာဖွေနေခြင်း ဖြစ်သည်။

အရင်နေ့များ၌ မြေသယ်ကားမှ နောက်မြီးလှန်ချလိုက်သည်နှင့် အလုအယက်ရှာဖွေရရာ မြင့်မောင်မောင် အလွန်ပျော်ပါသည်။ ယနေ့၌မူ လွတ်လပ်သောနေရာ၌ ရှာဖွေလိုသောစိတ် အလိုလိုဖြစ်လာသဖြင့် အများနင်းထားသောမြေစာတို့ကို ယက်ဖော်ကာရှာနေခြင်း ဖြစ်သည်။

ပေါ်လာသော ကျောက်တုံး အကြီးအသေးဟူသမျှ မလွတ်တမ်း စိန်တူဖြင့် လိုက်၍ခေါက်သောအခါ ထန်ဟူသော စိန်တူမှ တုံ့ပြန်ခံစားရမှုသည် လက်သို့ ကူးပြောင်းစီးဝင်သည်နှင့် ကျောက်စိမ်းဟူသည်ကို သိပြီးဖြစ်ရာ ထိုကျောက်စိမ်းတုံးကို ကြည့်မိသည်။ ကျောက်စိမ်းတုံးကား သေးသေးမဟုတ်ပါ။ မြေကြီးထဲနစ်ဝင်နေသည်ကို တွေ့ရ၍ပေါက်ပြားတို့ဖြင့် ယက်ကာဖော်ရသည်။

ကျောက်တုံး ပေါ်လာသည်နှင့် ပေါက်ပြားတို့ဖြင့် ကလန့်၍ထုတ်လိုက်ရာ အတော်ပင်ကြီးသော ကျောက်စိမ်းတုံးဖြစ်၍နေလေ၏။ ထို့ပြင် အခွံမှာလည်း လောပန်တို့ကြိုက်သောကျောက်စိမ်းခွံဖြစ်၍နေလေ၏။ ကျောက်စိမ်းတုံးကား အတန်ပင်ကြီးရာ ပုဆိုးထဲထည့်၍စလွယ်သိုင်းကာယူ၍ ပြန်ခဲ့တော့၏။ မြင့်မောင်မောင်၏စိတ်ထဲ၌ တန်ဖိုးကြီးကျောက်စိမ်းတုံးမှန်း အလိုလိုသိနေလေ၏။

ကံတရားကား မြင့်မောင်မောင်အတွက် ကျောက်စိမ်းတုံးကြီးတစ်တုံးအား မြင်အောင်ပြလျက် ရအောင်ပေးလိုက်ပြီဖြစ်သည်။ ပြကျောက်ဟူသည် ဤသို့လွယ်လင့်တကူရတတ်ကြပါသည်။

ကီလိုသုံးဆယ်ကျော်ကျော်စိမ်းတုံး

"ဟဲလို ကိုစိုးလား"

"အေး - ဟုတ်တယ် ပြောမောင်မောင်"

"အစ်ကို ခုဘယ်မှာလဲ"

"ငါအခု ဆိုင်းနောက်ဘက်က စမုံမှော်ဘက်ရောက်နေတယ်။ ဘာကိစ္စရှိလဲ ညီလေး"

"ကျွန်တော် အကြီးတစ်တုံးသယ်လာတယ်။ အခွံလည်း အိုကေတယ်။ အဲဒါကျွန်တော်အစ်ကို့အိမ်ကို သယ်လာခဲ့မယ်။ အိုကေလား"

"အိုကေတယ်ညီလေး ညီလေးလည်း ဆိုင်ကယ်ငှားပြီးလာခဲ့ပါ။ အစ်ကိုလည်း အခုပဲထွက်ခဲ့မယ်။ အတော်နေရောက်မယ်။ ညီလေးအရင်ရောက်ရင် အိမ်ကစောင့်ပါ"

"ဟုတ်ကဲ့အစ်ကို ဟုတ်ကဲ့"

မြင့်မောင်မောင် ဆိုင်ကယ်တက္ကစီဖြင့်ရောက်ပြီး မကြာမီမှာပင် ကျောက်ကုန်သည်ကိုစိုး ဆိုင်ကယ်ဖြင့်ရောက်လာ၏။ ပုဆိုးဖြင့်ထုပ်ထားသော ကျောက်စိမ်းတုံးက နင့်နေအောင်လေးပါသည်။ အလွန်လေးသော အလွန်မာကျောသော ကျောက်စိမ်းဖြစ်၍ အားဖြင့် အလွန်ကြီး မကြီးလှပါ။ ကျောက်စိမ်းတုံးကြီးကိုဆွဲမသယ်ယူကာ အိမ်ထဲဝင်လာပါသည်။

"ဘယ်ကရလာတာလဲ"

"ဝေခါဘက်က အစ်ကို"

"ချိန်ကြည့်ကြမယ်"

ဟု ပြောပြီး ကီလိုချိန်စက်ပေါ်တင်လိုက်သည်။ ကီလို (၃၀) ကျော်ကျော်ရှိသည်ကိုတွေ့ရသည်။ ဖားကန့်၌ ကီလိုချိန်သာသုံးကြပါသည်။ ပိဿာချိန်မသုံးပါ။ ကီလိုကား ကမ္ဘာသုံးဖြစ်သလို ဖားကန့်၌လည်း ကမ္ဘာသုံးအတိုင်း ကီလိုသာသုံးသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်စိမ်းတုံးတို့သည် အရွယ်ပမာဏကြီးမားကြ၍ဖြစ်သည်။ တန်မှသည်တန်ပေါင်းများစွာကြီးသော ကျောက်စိမ်းတုံးကြီးများအထိရှိ၍ဖြစ်သည်။ ပတ္တမြားချိန်သကဲ့သို့ ရတီတွေ ကာရက်တွေမရှိပါ။ ကျောက်စိမ်းအရိုင်းတုံးကို ကီလိုဖြင့်သာချိန်တွယ်ကြလေ၏။

"ညီလေးရေ ကီလိုသုံးဆယ်တောင်ကျော်တယ်ကွ။ အခွံအနေအထားလည်း ကြိုက်တယ်။ ကဲ-ညီလေးဈေးပြောကွာ"

"ကျွန်တော် နှစ်ရာရချင်တယ် အစ်ကို"

မြင့်မောင်မောင်သိန်း တစ်ရာရချင်သည်ကိုသိပြီးဖြစ်ရာ ကိုစိုးက-

"ကဲ-ညီလေးသိန်းတစ်ရာကွာ"

ဟု ဈေးစပေးပါသည်။ မြင့်မောင်မောင် စိတ်ထဲ ပျော်ရွှင်ကြည်နူးသွားသည်။ ဤကျောက်သည် သူ့ဘဝသူ့ဆန္ဒကို ဖြည့်ဆည်းပေးသော ကျောက်မှန်းသိသွားလေ၏။ ထို့ကြောင့် ငါနည်းနည်းမူကြည့်ပါသည်။ နည်းနည်းပိုရလည်း မနည်းဘူးမဟုတ်ပါလား။

"အစ်ကိုရာ သိန်းတစ်ရာတော့ နည်းပါတယ်။ အဲလောက်နဲ့တော့ မဖြစ်ပါဘူး။ နည်းနည်းတိုးပေးပါဦး"

"ကဲပါကွာ တို့က ညီအစ်ကိုတွေပဲ နှစ်ဆယ်တိုးပေးလိုက်မယ်။ ညီလေးကျေနပ်ပါတော့ ဟုတ်ပြီလား"

"ကဲ တည့်ပြီအစ်ကိုရာ ကဲ ကျွန်တော်အပ်လိုက်ပြီ။ မြတ်ပါစေစွန်းပါစေဗျာ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ။ ဒါထက် ညီလေးကို ဂုဏ်ပြုတဲ့အနေနဲ့ စားသောက်ဆိုင်မှာ ရှယ်သွားစားကြမယ်။ အစ်ကိုဂုဏ်ပြုပါရစေ။ အပြန်ကျမှ ပိုက်ဆံယူပေါ့"

"ဟုတ်ကဲ့အစ်ကို"

သူတို့နှစ်ဦးသည် ဖားကန့်၌ နာမည်ကြီးသော ဆဲဗင်းမြူးဇစ်ကယ်ဂါးဒင်းမှာစားသောက်ကြပါသည်။ ဆာနေချိန်နှင့် အတော်ဖြစ်ရာ အတော်ပင်စားနိုင်ကြပါသည်။ (7 Musiccal Garden)

အစုစပ်ရှယ်ယာသိန်းသုံးဆယ်

စားသောက်ပြီးပြန်လာကာ ငွေရှင်းရာ၌ ကိုစိုးမှတင်ပြလာပါသည်။

"ဒီကျောက်ကို အစ်ကိုဘယ်သူ့မှ အစုရှယ်ယာမခေါ်ဘူး။ ရှုံးရှုံးမြတ်မြတ် အစ်ကိုတစ်ဦးတည်းပဲ။ ဒါပေမယ့် အစ်ကိုဒီကျောက်ကိုထင်တယ်။ ညီလေးကိုလည်း အစုရှယ်ရာလေးစုတစ်စု ထည့်စေချင်တယ်။ ဖြစ်ရင်စား မဖြစ်ရင်လည်း အများကြီးမရှုံးနိုင်ဘူးလို့ အစ်ကိုထင်တယ်။ ဘယ်လိုလဲအစ်ကို စေတနာနဲ့

ပြောတာနော်”

“ထည့်မယ်ဗျာ လေးစုတစ်စုဆို တော့ သိန်းသုံးဆယ်ပေါ့”

“ဟုတ်တယ် ညီလေး”

“ကဲ - ဒါဆို ဒီကျောက်မှာ ကျွန်တော်လည်းပါပြီပေါ့ဗျာ”

“ညီလေး သိန်းကိုးဆယ်ကျန်တယ်နော်”

ဟုဆိုကာ သေတ္တာဖွင့်၍တစ်သောင်းတန်ကပ် ကိုးကပ်ထုတ်ပေးလိုက်ပါသည်။

“ညီလေးရေ ကြည့်ဦး မပြည့်ရင် အစ်ကို့ကိုပြော”

မြင့်မောင်မောင်သည် တစ်သောင်းတန် ကိုးအုပ်စလုံးရေကြည့်ပါသည်။ တစ်ရွက်မှမလျော့ပါ။

“အစ်ကို ကျွန်တော်မနက်ဖြန် ရွှေဘိုပြန်တော့မယ်”

“အေးကွာ ညီလေးဆန္ဒပြည့်ပြီပဲ ပြန်ပေါ့ကွာ။ အစ်ကိုနဲ့အဆက်အသွယ် မပြတ်စေနဲ့။ အစ်ကို ဒီကျောက်ကိုထင်တယ်။ ဒီရက်ပိုင်းမှာပဲ လှုပ်ရှားမယ်စိတ်ကူးတယ်။ ပထမတော့ အရိုင်းအတိုင်းပြကြည့်မယ်။ ကြိုက်ဈေးရရင်ရောင်းမယ်။ မရရင်ဖွင့်ကြည့်မယ်”

“ကျွန်တော်က အရောင်းအဝယ် လိုင်းတွေနားမလည်ပါဘူး အစ်ကိုရယ်။ အစ်ကိုကြိုက်သလိုစီမံပါ”

“ညီလေးမရှုံးစေရပါဘူး။ အစ်ကို တာဝန်ယူပါတယ်။ အစုထည့်ပေးတာက ညီလေးခံစားခွင့်ရစေချင်လို့ပါ”

“အစ်ကို စေတနာကို သဘောပေါက်ပါတယ်။ သွားမယ်အစ်ကို။ မနက်ဖြန်မနက်ကားနဲ့ ကျွန်တော်ပြန်မယ်”

“အေးပါ ညီလေးရာ အေးပါ။ သွားလေရာခလုတ်မထိ ဆူးမငြိပါစေနဲ့”

“ပေးတဲ့ဆုနဲ့ပြည့်ပါစေ အစ်ကို”

“မြင့်မောင်မောင် ဆိုင်ကယ်တက္ကစီဖြင့် အိမ်သို့ပြန်ခဲ့ကာသူငယ်ချင်းဖြစ်သူမောင်အေးနှင့် မောင်နွေးတို့အား ပြန်တော့မည့်အကြောင်း ပြောဆိုနှုတ်ဆက်ကာ အမ်ပေါင်းအဖြစ် တစ်ယောက်ကိုတစ်သိန်းစီပေးပါသည်။ ပြီးသည်နှင့် နွေဦးနှင့်မိဘများထံ ရည်ရွယ်ချက်အောင်မြင်ပြီဖြစ်၍ ပြန်လာတော့မည့်အကြောင်း ဖုန်းဆက်လိုက်ပါသည်။

မင်္ဂလာပွဲအပြီး၌

တောဓလေ့ တောထုံးစံအတိုင်း မင်္ဂလာပွဲကို ဝက်သားနှပ်နှင့်ထမင်းကျွေးကာဆောင်ခြင်း၊ နှစ်ဖက်လူကြီးသူမတို့အား ကန်တော့ရခြင်းကြောင့် မောင်မောင်နှင့် နွေဦးတို့လက်ထဲတွင် သိန်း (၈၀) သာကျန်ပါတော့သည်။

“မောင်မောင် ငါတို့စီပိုက်ဆံ ပျောက်ပျက်မသွားအောင် ဈေးဆိုင်ထောင်ကြစို့လား။ နင်တို့အိမ်က လမ်းမရဲ့နံဘေးမှာဆိုတော့ အကွက်အကွင်းကျတယ်”

“တို့ရွာက ကုန်စုံရောင်းနေတဲ့ ဒေါ်အေးအေးမာကို အားနာစရာမကောင်းဘူးလား။ သူက နင်တို့နဲ့ဆွေမကင်းမျိုးမကင်းပေ”

“ဩော်- မောင်မောင်ရယ်၊ သမုဒ္ဒရာရေ တစ်ယောက်ထဲသုံးလို့ကုန်မလားဟ။ သူ့ဆီဝယ်ချင်တဲ့လူဝယ်၊ ငါတို့ဆီဝယ်ချင်တဲ့လူဝယ်ပေါ့၊ ဟုတ်ဘူးလား”

“အေးလေ ဒါတော့ဟုတ်တာပေါ့။ ဒါနဲ့ ဒီငွေလောက်နဲ့ ဈေးဆိုင်ထောင်တာလောက်ပါ့မလားဟာ။ ဆိုင်ဆောက်ရမယ်၊ ပစ္စည်းဝယ်ရင် သယ်ဖို့ သုံးဘီးထော်လာဂျီဝယ်ရမယ်။ ပစ္စည်းတွေလည်း မျိုးစုံတင်ရမယ်”

“အေး - အဲဒါ ငါပြောမလို့ နင်ဖားကန့်မှာ အစုစပ်ထည့်ခဲ့တာသိန်းသုံးဆယ်ရှိသေးတယ်လေ။ ကျောက်ကဖြစ်ရင်တော်ရဲ့ မဖြစ်လို့ကတော့ သိန်းသုံးဆယ် ပလုံ့ခနဲနေမှာ။ အဲဒါလည်း နင်ထည့်တွက်ဦး အဖြစ်ကိုမတွက်နဲ့ မောင်မောင်။ အပျက်ကိုတွက်။ ငါ့အလိုဆိုရင် ငါတို့အဖို့ သိန်းသုံးဆယ်ဆိုတာ နည်းတဲ့ငွေမဟုတ်ဘူး။ အစုရှယ်ယာပြန်ထွက်လို့ရရင် ထွက်စေချင်တယ်။ အဲဒီသိန်းသုံးဆယ်နဲ့ဆို ငါတို့အဆင်ပြေပြီ”

“အေးပါဟာ။ ငါဖုန်းဆက်ကြည့်ပါဦးမယ်။ ကိုစိုးကသဘောပြည့်တဲ့ကုန်သည်ပါဟ။ ငါနဲ့က ညီအစ်ကိုလိုခင်တာ”

“အေးဟာ နင့်ရဲ့လောပန်လက်ခံပါစေလို့ငါဆုတောင်းပါတယ်။ နင်ဘယ်လိုမှ မအောက်မေ့ပါနဲ့”

“ငါသဘောပေါက်ပါတယ်။ နွေဦးရယ်။ နင်စီစဉ်တာက ငါတို့ရဲ့ဘဝတစ်သက်တာ အဆင်ပြေချောမွေ့ဖို့ပါ”

မောင်မောင်သည် နွေဦးကို ထွေးပွေ့ရင် ဖားကန့်သို့ ဖုန်းဆက်လိုက်ပါသည်။ မောင်မောင်သည် ရောက်ရောက်ချင်း မင်္ဂလာပွဲကို အလောတကြီးစီစဉ်လိုက်သဖြင့် ရွှေဘိုသို့ပြန်ရောက်သည်မှာ ရက်အားဖြင့်မကြာသေးပါ။

“ဟဲလို အစ်ကိုလား”

“ဟုတ်တယ် ညီလေးပြော”

“ကျောက်ရဲ့အခြေအနေဘယ်လိုရှိလဲအစ်ကို”

“ကျောက်က ဝယ်လက်ဆီမတိုးသေးပါဘူး။ လှေ့လာနေတုန်းပါ။ မှားလို့မရဘူးညီလေး။ အသေအချာကြည့်ရှုလေ့လာနေရတယ်”

“ကျွန်တော် ပြောချင်တာလေးရှိတယ်အစ်ကို”

“ပြောပါညီလေး ပြောပါ”

“ကျွန်တော့်အစုရှယ်ယာ ပြန်နုတ်လို့ရမလား၊ ဒီမှာ ဈေးဆိုင်တည်ဖို့ ငွေအားနည်းနေလို့ပါ”

“ဒီလိုလုပ်ပါလား ညီလေး၊ အစုရှယ်ယာကိုမနုတ်ပါနဲ့။ ဆိုင်အတွက် လိုအပ်တဲ့ငွေကို အစ်ကိုချေးပေးပါ့မယ်။ ညီလေးအတွက်ပြောတာပါ။ ဘယ်လောက်လိုတယ်ဆိုတာ အစ်ကို့ကိုပြောပါ။

စပီကာဖွင့်ထားသဖြင့် ကြားနေရရာ နွေဦးက လက်ကုတ်၍ ခေါင်းရမ်းပြနေပါသည်။ သို့ကြောင့် တစ်ဖက်မှဖွင့်ပေးလာသော အခွင့်အရေးကို အဆုံးရှုံးခံရပါတော့မည်။

“အစ်ကိုရေ အကြွေးတင်မှာကို ကျွန်တော် ကြောက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်အစုရှယ်ယာကိုပဲ ရွှေဘိုကမ္ဘောဇဘဏ်ကို လွှဲပေးလိုက်ပါ အစ်ကို”

ဟုပြောကာ မိမိ၏မှတ်ပုံတင်နံပါတ်များပေးလိုက်ပါတော့မည်။ မောင်မောင်ကား ဖားကန့်နှင့် သံယောဇဉ်ဖြတ်လိုက်သကဲ့သို့ ရှိနေလေတော့၏။ ဖားကန့်၌ တွယ်တာစရာမရှိတော့ပြီဖြစ်သည်။

ပြကျောက်ဟူသည်

ကျောက်ကုန်သည် ကိုစိုးသည် မကွမ်မီအတိုင်း တုံးပြကြည့်သည်။ မိမိမျှော်မှန်းသောဈေးကိုမရသဖြင့် ကွမ်လိုက်ရာ ကျောက်စိမ်းတုံးကား အောင်၍သွားသဖြင့် တရုတ်ကျောက်သည်တစ်ဦးအား သိန်းပေါင်းတစ်သောင်းရှစ်ထောင်ဖြင့် ရောင်းချလိုက်ပါသည်။ မည်သူမှ အစုစပ်မပါရာ သိန်း (၁၂၀) နှင့်ဝယ်သောကျောက်သည် သိန်းပေါင်း (၁၈၀၀၀) ပြန်၍ရသွားလေတော့၏။

ကံတရားသည် မြင့်မောင်မောင်အား ပြန်လည်ဖယ်ထုတ်ခဲ့ပါသည်။ အမှန်တကယ်သာမြင့်မောင်မောင်အစုစပ်ပါပါက သိန်းပေါင်း (၄၅၀၀) ပိုင်ဆိုင်ခွင့်ရမည်ဖြစ်သည်။ သိန်း (၃၀) နှင့် သိန်းပေါင်း (၄၅၀၀) အလဲအလှယ်ကို

မန်လည်ဆရာတော်၏စာချိုးနှင့်အာဝဇ္ဇန်း
နိုင်မျိုးအိမ်

"သူမတို့လေမှ၊ သူတို့လျှင် တကယ်မြည်သည့်၊ မြို့ရွှေလည်ရွှေစည် ကြီးပါတဲ့၊ တီးသမျှ ဖိန့်ဖိန်တုန်"

ဟူသည့် မန်လည်ဆရာတော် လောင်းလျာကို ကသာခရိုင်၊ ဝန်းသိုမြို့ နယ်၊ မန်လည်မြို့၌ အဖ သစ်ကုန်သည် ဦးတင်ညို၊ အမိဒေါ်ဖြေတို့မှ မြန်မာ သက္ကရာဇ် ၁၂၀၃ ခု၊ နှောင်းတန်ခူး လဆန်း (၁၂) ရက်၊ အင်္ဂါနေ့ ညဉ့် (၃) ချက်တီးကျော်တွင်ဖွားမြင်ခဲ့သည်။

ငယ်နာမည်မှာ မောင်မာဖြစ်ပြီး အသက် (၃) နှစ်အရွယ်တွင် ဖခင် ဦးတင်ညို ကွယ်လွန်သည်။ အသက် (၁၂)နှစ်အရွယ်တွင် ဝန်းသိုမြို့ တောင် ပေါ်ကျောင်း ဝန်းသိုစော်ဘွား၏ နောင် တော်ဘုန်းတော်ကြီး ဦးပန်းအောင်ထံ၌ စာသင်သည်။ တစ်နှစ်အတွင်းမှာပင် မြန်မာစာအခြေခံကိုရကာ သွက်သွက် လက်လက်ရွတ်ဖတ်နိုင်ခဲ့သည်။ ကဗျာ လင်္ကာများကို ဝါသနာပါသောကြောင့် ရှေးပညာရှိသူများရေးသားသော ပျို့ ကဗျာများကို သင်ကြားကြည့်ရှုလေ့လာ ခဲ့ရာ (၁၆) နှစ်အရွယ်မတိုင်မီပင် ဒွေးချိုး လေးချိုးတေးထပ်ရတုများကို ရေးသား စပ်ဆိုနိုင်ခဲ့လေသည်။

အသက် (၁၅)နှစ်အရွယ်တွင် မိခင် ဒေါ်ဖြေကွယ်လွန်ပြီးနောက် (၁၆) နှစ် သားအရွယ်ရောက်မှ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူသည်။ သာမဏေဘွဲ့မှာ 'ရှင်ဇဝန' ဖြစ်သည်။ ရှင်သာမဏေအဖြစ်ဖြင့် (၆) ဝါတိုင်တိုင် အရှင်အနန္တမဥ္ဇူထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များကိုသင်ကြားရာ ပါရမီ ဉာဏ်ထက်သန်သောကြောင့် ရဟန်း အဖြစ်သို့ မရောက်မီပင် သင်ရိုးကျမ်း များကို တစ်ဖက်ကမ်းခတ်တတ်မြောက် လေသည်။

ရှင်ဇဝနသည် သက္ကရာဇ် ၁၂၅၅ ခု၊အသက်(၂၂)နှစ်သာသာရှိမှ ဥပသမ္ပဒ ရဟန်းအဖြစ်သို့ရောက်ရှိသည်။ ရဟန်း တစ်ဝါရတော်မူချိန်၌ မူလရဟန်းခံခဲ့ရင်း ဖြစ်သောသိမ်ကို ဝိနယကုက္ကုစ္စသဘော ထားဖြင့် သံသယမကင်းမရှင်းဖြစ်သည် နှင့် ၁၂၅၅ ခု၊ တပေါင်းလပြည့်ကျော် (၅) ရက်နေ့တွင် မဲဇာမြစ်အတွင်း ဥဒကု က္ခေပနဒီသိမ်၌ သံဃာတော် (၁၀) ပါး နှင့်တကွ ဒုတိယအကြိမ် ဥပသမ္ပဒယံ့ အားဖြင့် ရဟန်းခံတော်မူပြန်သည်။ ရဟန်းဝါကို ဒုတိယရဟန်းခံပြီးနောက်မှ ရေတွက်တော်မူသည်။

ရဟန်း (၁၀) ဝါရချိန်တွင် ပညာ ရင်နို့သောက်စို့ရာဖြစ်သော ဆရာအရှင် ၏ကျေးဇူးကိုဆပ်သောအားဖြင့် မဃ ဒေဝလင်္ကာသစ်ကို စတင်ရေးသားတော် မူသည်။ သို့သော် ပြီးဆုံးအောင် မရေး သားနိုင်ဘဲရှိခဲ့ရာ ၁၂၆၆ ခုနှစ်တွင်မှ တစ်ဖန် ဆက်လက်ရေးသားပြီးဆုံးခဲ့ သည်။ ၁၂၇၉ ခုနှစ်တွင် အင်္ဂလိပ်အစိုးရ လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်ကိုခံယူတော်မူသည်။ ဆရာတော် သည် အောက်မြန်မာပြည် သာသနာပြု ခရီးမှအပြန် ၁၂၈၂ ခုနှစ်၊ တော်သလင်း လဆန်း (၁၃) ရက်၊ နံနက် (၁) နာရီ (၃၀) မိနစ်၊ သက်တော် (၇၉) နှစ်၊ ဝါ တော် (၅၆) ဝါတွင် ဘဝနတ်ထံပျံလွန် တော်မူသည်။

ဆရာတော်သည် မဃဒေဝလင်္ကာ သစ်ကြီးအပြင် ပဋ္ဌာဝိသဇ္ဇနာကျမ်းများ နှင့်သုတ်ပါဠိတော်နိသျအမျိုးမျိုးမျိုး ကျမ်း ပေါင်း (၃၀) ကျော်ရေးသားတော်မူခဲ့ သည်။ လေးချိုး၊ ဒွေးချိုး၊ သံချိုများတို လည်း ဖွဲ့နွဲ့ရေးသားခဲ့သည်။ ဆရာတော် သည် သိမ်မွေ့နက်နဲသည့်အရာ၌ သိမ် မွေ့နက်နဲလှပ၍ ကြမ်းကြမ်းတမ်းတမ်း ဖော်ပြရန်လိုအပ်သည့်နေရာ၌ ကြမ်း တမ်းစွာရေးသားဖွဲ့နွဲ့နိုင်လေသည်။

တစ်ခါက ဆရာတော်၏ တပည့် များက ပင့်တော်မူသောကြောင့် ကနီရွာ သို့ တပည့်တပန်းများနှင့် ကြွတော်မူခဲ့ သည်။ ရပ်ရွာရှိ ဒကာ၊ ဒကာမတို့မှာ သောင်းသောင်းဖျဖျကြိုဆိုရင်း ဆရာ တော်တည်းခိုရာ ကျောင်းတိုက်သို့လည်း လှူဖွယ်ရာအချို့တို့နှင့် ရောက်ရှိလာ

ကံတရားက စီမံ၍ပေးလိုက်ခြင်းဖြစ် သည်။

အမှန်သော် ဤကျောက်ကြီး သည် သူဌေးဖြစ်ရန် ကံပါလာသူ ကျောက်ကုန်သည် ကိုစိုးအတွက် ပေါ် ပေါက်ပေးရသော ပြကျောက်ကြီး ဖြစ် သည်။ မြင့်မောင်မောင်သည် ကျောက် တန်ဖိုး၏ (၅) ရာခိုင်နှုန်းပွဲခမျှပင် မရပါ။ (၅) ရာခိုင်နှုန်းဖြင့်တွက်သော် ပွဲခပင် သိန်း (၉၀၀) ဖြစ်သည်။ ဤအဖြစ်မျိုး သည် ကျောက်နားမလည်သူ တွင်းသမား တို့အဖို့ ကြုံမြဲမမွတာတစ်ခုဖြစ်ချေ၏။

ကျောက်ကုန်သည် ကိုစိုးသိန်း ပေါင်း (၁၈၀၀၀) ရောင်းရသည်ကို မြင့် မောင်မောင်မသိပါ။ စိတ်လည်းမဝင် စားပါ။ မြင့်မောင်မောင် စိတ်ဝင်စား သည်မှာ သူတို့ဇနီးမောင်နှံထူထောင် ထားသော သိန်းတစ်ရာကုန်စုံဆိုင်ကြီး သာဖြစ်ပါသည်။

ဆင်လည်းဆင်အထွာ၊ ဆိတ် လည်းဆိတ်အထွာဟူသကဲ့သို့ သူ့ အထွာနှင့်သူ အောင်မြင်ကာ ကျေနပ် နေသူများကတော့ မြင့်မောင်မောင်နှင့် ဇွေဦးတို့ ဇနီးမောင်နှံသာဖြစ်ချေ၏။ သူတို့၏ဘဝကား ပူပင်ကြောင့်ကြစရာ မဲ့လိုကြတော့မေ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

သား အာကာစိုးပြောပြသည်နှင့် ဖေ့စ်ဘုတ်မှာ အချက်အလက်တို့ကို မှီး ပါသည်။

ဆက်ကပ်ကြသည်။ ဟိုဒကာကလည်း သူလှူသည့် ခဲဘွယ်ကို ဘုဉ်းပေးစေချင်သည်၊ သည်ဒကာကလည်း သူလှူသည့် ရှာလဘတ်ရည်ကို သုံးဆောင်စေချင်သည်။ ဆရာတော်မှာ ဒကာ၊ ဒကာမတို့ ကုသိုလ်ရစိမ့်သောငှာ ဆက်ကပ်သမျှကို ဘုဉ်းပေးခဲ့လေသည်။ သို့သော် ညရောက်သောအခါ ဆက်ကပ်သမျှကို ဘုဉ်းပေးသုံးဆောင်ခဲ့သော အကျိုးကြောင့် ဆီးကို မကြာမကြာ ထသွားရ၍ အခက်ကြုံရလေတော့သည်။ နောက်တစ်နေ့နံနက်တွင် ဆရာတော်မှာ ညက ဆီးသွားရခြင်းကြောင့် အခက်တွေ့ခဲ့ရပုံကို ရုတ်ခြည်းစာစပ်ဆိုတော့လေသည်။

မိုးရွာထက်ကဲ

ပျော်စေချင်ပေပ၊
ကျော်သင့်တယ်နော် ခင်ဗျာငဲ့၊
ရွှေနီရှာသည်ရပ်ထူးလိုဖြင့်၊
ကျွန်ကျွန်တော်မမကြုံဘူးလေဘူး၊
ကြုံးလေစွာ စေတနာဟုန်၊
အံ့မခန်းနိုင်ဘူး။
ပျို့ဖျဉ်းငယ် အပျံသင်စ၊
ကညာခင် ရွှေရင်စည်းငယ်နှင့်၊
လူကြီးငယ် လူငယ်ကုန်လို့၊
သဒ္ဓါဟုန်တကယ်ပြန့်ပါဘိ၊
သောတပန့်ပုံ။
ခုဆွမ်း ခုအဖျော်နှင့်၊
ခုအကြော်အလျော်ထပ်ပါလို့၊
ပါးစပ်က မခံနိုင်ရော့၊
သဒ္ဓါပြိုင် အနိုင်ကျင့်သာမို့၊
ဝမ်းသင့်လို့ ပေါက်လုကုန်၊
ကြည့်ရှုံ့ဘဲနိုင်ပြီဘဲ၊
တကယ်ပို
ရှာရငယ်ဘတ်ရေဆိုတဲ့၊
ဟိုရေချို့ ဖျော်မစုကိုလ၊
သူထက်ငါ တိုက်ပြန်ပြုသော်
ကြောင့်၊
သောက်ရတာ ခါတွင်ခုဟာမို့၊
စီအုသာမခံနိုင်ရော့၊
ညလုံးတိုင် ဘတ်ရေတိုးပါလို့၊
များရှင်လူ ခါခါနိုးရတယ်ဘုရား၊
မိုးရွာထက်ကဲ။

ဆရာတော်သည် နောက်တစ်နေ့နံနက် ဒကာ၊ ဒကာမများ စုံညီသောအခါတွင် သင်ဖျာအောက်တွင်အသင့်ထားသော ထို 'မိုးရွာထက်ကဲ' စာချိုးကို ယူကာ တပည့်ဦးပဥ္စင်းငယ်တစ်ပါးအား ဖတ်ရှုစေသည်။ ထိုဦးပဥ္စင်းကလည်း အသံနေအသံထားကျကျနနနှင့် ဖတ်ကြားလေရာ ကြားရသူ ဒကာ၊ ဒကာမ

မန္တလေးဆရာတော်ဘုရားကြီး ပုံတော်

အပေါင်းတို့မှာ သောသောညံအောင် ရယ်မောကြပြီးလျှင်-

"ဆရာတော်ဘုဉ်းပေးနိုင်သမျှသာ နှစ်သက်ရာကို ဘုဉ်းပေးတော်မူပါ"

ဟုလျှောက်ကြပြီး မိမိတို့၏လှူဖွယ်ပစ္စည်းများကို တစ်ခုစီစီတန်းကာ ဆက်ကပ်ကြလေတော့သည်။

ဆရာတော်သည် အကြောင်းရှိတိုင်းလိုလိုပင် စာစပ်တတ်သည်ဟုဆိုရလောက်အောင် စာစပ်ဝါသနာကြီးသူဖြစ်ကြောင်း သိရသည်။ စိတ်ဝင်စားလောက်သော အကြောင်းအရာတွေ့တိုင်း၊ အကြောင်းဆိုက်တိုင်း၊ အခြေအနေပေးတိုင်း စာစပ်တော်မူလေသည်။ ဆရာတော်ရေးစပ်ခဲ့သော မန်ကျည်းရွက်နှင့်ပတ်သက်သည့် စာချိုးလေးကို တွေ့ရသေးသည်။ ဆရာတော်၏တပည့် ဘုန်းကြီးတစ်ပါးဖြစ်သူ ဦးဖြိုးသည် ဆရာတော်အား မန်ကျည်းရွက်ကိုပင် အချက်တစ်မျိုး၊ အသုပ်တစ်မျိုးပြုလုပ်ကာဆက်ကပ်လေသည်။ အညာသားဘုန်းတော်ကြီးဖြစ်၍ လည်းကောင်း၊ ရာသီအလိုက် ပေါ်သောအသီးအရွက်တို့ကိုစားသောက် ဘုဉ်းပေးခြင်းသည် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်ဟူသော ဆေးကျမ်းဓာတ်ကျမ်းများ၏အဆိုအမိန့်ကို သဘောတော်ကြိုက်ညီသည်လည်း တစ်ကြောင်းတို့ကြောင့်လည်းကောင်း၊ ဟင်းချက်ကောင်းလှသော ဦးဖြိုး၏လက်စွမ်းကြောင့်လည်းကောင်း၊ မန်ကျည်းရွက်ဟင်း၊ မန်ကျည်းရွက်သုပ်တို့မှာ လွန်စွာပင်အရသာရှိလှပေသည်။ ထို့ကြောင့် ဆရာတော်လည်း အတော်များများပင် ဘုဉ်းပေးသုံးဆောင်တော်မူလေသည်။ ဆွမ်းစားပြီးသည့်အခါ ၎င်းဟင်းအကြောင်းကို မိန့်တော်မူကာ အောက်ပါစာချိုးကိုစပ်လေတော့သည်။

မန်ကျည်းရွက်တစ်ဆုပ်၊
ဆီဆယ်မှုတ်၊ ငါးကိုးဆယ်၊
ပဲကြီးလှော် အီအီနှင့်၊
ကြက်သွန်နီ စလယ်လောက်၊
ရောနှောက်လို့နယ်။
တို့အမယ် အမကြီးရယ်တို့၊
သည်နည်းကိုတော့ နားမလည်၊
သင်း တကယ်လွန်ကောင်း၊
ဟင်းအချက်မှာတော့
နတ်သုဒ္ဓါယှဉ်မဖက်လေနှင့်၊
ဒို့ဦးဖြိုး ဧတဒဂ်ပါတဲ့ဗျာ၊
(အမယ်မင်း) မိန်းမထက်ကောင်း။

ဆရာတော်သည် အစွန်းနှစ်ခုထွက်သောအဓိပ္ပာယ်ပါသည့် စကားလုံးသုံးနှုန်းမှုကို အလွန်နှစ်သက်ဟန်ရှိသည်။ ဤစာချိုးတွင်ပါသော 'တို့အမယ် အမကြီးရယ်တို့ သည်နည်းလိုတော့ နားမလည်'နှင့် 'မိန်းမထက်ကောင်း' ဟူသော စကားသုံးတို့ကို အဖြောင့်ယူတွေးသော် ဦးဖြိုးသည် မိန်းမများချက်သည်ထက် ပို၍ကောင်းအောင်ချက်တတ်သူဟု ဆိုလိုဟန်ရှိသော်လည်း ဤစကားသုံးတို့ကို သေချာတွေးကြည့်သော် အခြားအဓိပ္ပာယ်တစ်ခုသို့သက်ရောက်နေကြောင်းလည်း ဆိုနိုင်သည်။ ဆရာတော်၏ ဉာဏ်အာဝဇ္ဇန်းမှာ ပညာရှိပီသစွာ လိမ္မာပါးနပ်သောအသုံးနှုန်းတို့ဖြင့် စာဖတ်သူတို့ စိတ်နှလုံးဟဒယရွှင်ပြုံးစေရန် ဖန်တီးနိုင်စွမ်းရှိပေသည်။

တစ်ခါက အခြားဘာသာဝင် သာသနာပြုတရားဟောဆရာတစ်ဦးနှင့် ဆရာတော်တို့ဘာသာရေးနှင့်ပတ်သက်၍ဆွေးနွေးမေးမြန်းဖူးသည်။ ဥဒ္ဒိဿစေတီတည်းဟူသောဘုရားများကို ရှိခိုးပူဇော်ခြင်းနှင့်ပတ်သက်၍ မေးမြန်းခြင်းဖြစ်သည်။ အုတ်ချပ်များကို လူနေအိမ်များလည်း ဆောက်လုပ်သည်။ ၎င်းထက်နိမ့်ကျသော လှေကားသမံတလင်းစသည်များလည်းလုပ်ကြသည်။ သို့ရာတွင် ဘုရားပုထိုးစသည်တို့ကိုလည်း ဤအုတ်တို့နှင့်ပင် ဆောက်လုပ်ကာရှိခိုးကြသည်။ ဤသို့ဆိုလျှင် အုတ်ပုံနှင့်ဘုရားသည် ဘာမှမရှိခြားနားမှုမရှိ စသည့် အမေးစကားအကြောင်းပင်ဖြစ်သည်။

ဆရာတော်သည်လည်း ဤပုဂ္ဂိုလ်မျိုးကိုကား တရားဓမ္မဟောပြဖြေကြားခြင်းဖြင့် ရှင်းလင်းသော် လေသာကုန်

မည်သဘောထားကာ အောက်ပါ အဓိပ္ပာယ်ရှိသော စကားပြောမျိုးဖြင့် အမေးစကားကို ဆွေးနွေးဖြေရှင်းပေး လိုက်လေသည်။

ဆရာတော်။ ။ဒကာကြီးမှာမယား ရှိပါသလား။

ဧည့်သည်။ ။ရှိပါတယ်ဘုရား။

ဆရာတော်။ ။အမေတို့ အစ်မတို့ နှမတို့ရောရှိပါသလား။

ဧည့်သည်။ ။ရှိပါတယ်ဘုရား။

ဆရာတော်။ ။ဒကာကြီးရဲ့မယား ဟာယောကျ်ားလား၊ မိန်းမလား။

ဧည့်သည်။ ။မိန်းမပါဘုရား။

ဆရာတော်။ ။အမေ အစ်မ နှမ တွေကရောယောကျ်ားလား၊ မိန်းမလား။

ဧည့်သည်။ ။မိန်းမပါဘုရား။

ဆရာတော်။ ။ဒါဖြင့် အမေ၊ အစ်မ နှမဆိုတဲ့မိန်းမတွေရှိနေပါလျက်နဲ့ ဘာ လို့မယားလုပ်ဖို့ မိန်းမကိုယူနေရသေးလဲ၊ မင်းအမေ မင်းနှမတို့နဲ့ပဲနေပါတော့လား။

ဆရာတော်က ဤသို့မိန့်လိုက် လေသော် သာသနာပြုဆရာ ဧည့်သည် မှာနောက်ထပ် ဘာမှထပ်မံလျှောက် ထားခြင်းမပြုတော့ဘဲ ထ၍ပြန်သွား တော့သည်ဟူလို။

ဆရာတော်သည် ဤသို့သော ကိစ္စများတွင် အလွန်ပင် ထိရောက် အဓိပ္ပာယ်ရှိလှသော စကားလုံးများကို သုံးနှုန်းပြောဆိုလေ့ရှိတတ်သည်။ တစ်ခါ ကလည်း မီးရထားဘက်မှအရာရှိတစ် ဦးအား ဤသို့ပင်ထိရောက် တာသွား သောစကားတို့ဖြင့် ပြောကြားလွှတ်လိုက် လေသည်ကိုလည်း သိရှိရသည်။

ဆရာတော်၏ ဇာတိလည်းဖြစ် သီတင်းသုံးနေထိုင်ရာလည်း ဖြစ်သော မန်လည်ရွာသည် ကသာခရိုင်အတွင်း၌ ဖြစ်ရာ၊ ဗမာပြည်အားသိမ်းယူထား သောအင်္ဂလိပ်အစိုးရ၏ မီးရထား ကုမ္ပဏီသည် မြစ်ကြီးနားသို့ ခုတ်မောင်း ရန်ရထားလမ်းအတွက် တိုင်းတာမှုများ ပြုလုပ်နေချိန်လည်းဖြစ်သည်။ ယင်းသို့ တိုင်းတာမှုပြုရာတွင် ဘုရားမြေကျောင်း မြေများအတွင်း ဖြတ်ကျော်လျက်ရှိနေ သောကြောင့် ဗုဒ္ဓဘာသာအပေါင်းတို့က လည်း မကျေမနပ်ဖြစ်နေကြသည်။ ဤ သို့မကျေနပ်မှုများကြောင့် ရထားလမ်း တိုင်းတာ သူတို့မှာ မဝံ့မရဲဖြစ်နေကြကာ လုပ်ငန်းလည်း နှောင်းနှေးကြန့်ကြာနေ တော့သည်။

ထို့ကြောင့် ဆိုင်ရာက အရာရှိ တစ်ယောက်ကိုစေလွှတ်ကာ ဆွေးနွေး စေသည်။ အရာရှိလည်း မန်လည်ဆရာ တော်ဘုရားထံ ချဉ်းကပ်လျှောက်ထား ၍ပြီးလျှင် ကိစ္စငြိမ်းလိမ့်မည်ကိုသိသဖြင့် အထူးထူးသော လျှုဖွယ်ပစ္စည်းများနှင့် အတူရောက်ရှိလာကာ အကျိုး အကြောင်း လျှောက်ထားလေသည်။ အရာရှိက-

ယခုအခါ ယခင်ကကဲ့သို့ မြန်မာ ဘုရင်မဟုတ်တော့ဘဲ ဘာသာခြား အင်္ဂလိပ်ဘုရင်၏ လက်အောက်သို့ ရောက်နေပြီဖြစ်၍ ရေမြေသနင်းပြည့် ရှင်မင်းဟုဆိုသည့်အတိုင်း ရေမြေမှန် သမျှကိုပိုင်ဆိုင်သောကြောင့် ယခု မီးရထားလမ်း ဖြတ်သန်းဖောက်လုပ်မည့် မြေသည်လည်း မြန်မာဘုရင်လက်ထက် ကကဲ့သို့ ဘုရားမြေ၊ ကျောင်းမြေ မဟုတ် တာကြောင်း လျှောက်လေသည်။ ထိုအခါ ဆရာတော်က အထက်က ဖော်ပြခဲ့သော သာသနာပြုတရားဟော ဆရာအား မိန့်ကြားစဉ်ကကဲ့သို့ပင် တရားမဟောပြနေခြင်း မပြုတော့ဘဲ စကားပြောခြင်းနှင့်ပင် ဖြေရှင်းလိုက် လေတော့သည်။

ဆရာတော်။ ။ဒကာကြီးမှာ မိခင် ဖခင်အစုံအညီရှိလား။

အရာရှိ။ ။ဖခင်ကြီး ကွယ်လွန် သွားလို့ မိခင်သာပဲရှိပါတော့တယ် ဘုရား။

ဆရာတော်။ ။အဲဒီအမေဟာ မုတ် ဆိတ်ဖွားဖွားကုလားနဲ့ ညားရင်ဘယ်လို ခေါ်မလဲ။

အရာရှိ။ ။အမေလို့ပဲ ခေါ်ရပါ မယ်ဘုရား။

ဆရာတော်။ ။အဲဒီကုလားကြီးရဲ့ မုတ်ဆိတ်ကယားပါတယ်။ တရုတ်နဲ့ ပြောင်းဦးမှဆိုပြီး တရုတ်ကြီးကိုယူရင် ရော ဘယ်လိုခေါ်မလဲ။

အရာရှိ။ ။အမေလို့ပဲ ခေါ်ရပါ မယ်ဘုရား။

ဆရာတော်။ ။ကောင်းပြီ။ အဲဒီ တရုတ်ကြီးက ဝက်သားစော်နံတယ်၊ အင်္ဂလိပ်ကြီးနဲ့ ပြောင်းပြီး ညားရင်ရော ဘယ်လိုခေါ်မလဲ။

အရာရှိ။ ။အမေလို့ပဲ ခေါ်မှာပါ ဘုရား။

ဆရာတော်။ ။အေး၊ အဲဒီလို လင်သုံးလေးယောက် ပြောင်းတာ တောင်မှ အမေဟာ အမေဖြစ်သလို မင်းဆက်တွေ တစ်ရာပြောင်းလည်း သာသနာ့မြေဟာ သာသနာ့မြေပဲပေါ့ ဒကာရဲ့ဟူ၍ မိန့်လိုက်လေရာ အရာ ရှိမှာလည်း ဘာမှပြန်မပြောနိုင်ခဲ့တော့ချေ။

နိုင်မျိုးအိမ်

စာကိုး

မြန်မာစာစွယ်စုံကျမ်း၊ အတွဲ (၉) ဦးဝင်းမြင့် (စာနိုင်ငံ) ၏ မန်လည်ဆရာ တော်စာပေများ။

ရေနွေးပူလောင်၊ ဆီပူလောင်လျှင်

ရေနွေးပူ လောင်ခြင်းအတွက် လည်းကောင်း၊ ဆီပူလောင်ခြင်းအတွက် လည်းကောင်း အရေးပေါ်ပြုလုပ်ကုသ နည်းတွေအမျိုးမျိုးရှိပါသည်။

ရေနွေးပူလောင်လျှင် ချက်ချင်း ရေအေးထဲစိမ်ထားပါ။ တစ်နာရီခန့်ရှိမှ ရေအေးထဲမှဖယ်၍ အပူလောင်ရာသို့ နေအိမ်တိုင်းတွင်ရှိသော သွားတိုက်ဆေး လိမ်းပေးလိုက်ပါ။ လက်တွေ့အသုံးပြုပြီး သော ကိုယ်တွေ့နည်းဖြစ်ပါသည်။

ဆီပူလောင်လျှင် ချက်ချင်း ကြက်ဥ အစိမ်းကိုဖောက်ချလောင်းပေး ပါ။ သို့မဟုတ် ဆီပူရာသို့ ခတ်ဆီစိမ်း စွတ်ပေးပါ။ သို့မဟုတ် နှမ်းဆီရွှဲရွှဲလိမ်း ပေးပါ။ ဘာမှမရှိလျှင် ခရမ်းချဉ်သီး အရည်ညှစ်ချပေးပါ။ လက်တွေ့အသုံး ပြုပြီးသော ကိုယ်တွေ့နည်းစနစ်များဖြစ် ပါသည်။

ရေနွေးပူ၊ ဆီပူနှင့် မတော်တဆ ကြုံတွေ့ရတတ်သော အိမ်ရှင်မများ စားဖိုမှူးများ လက်တွေ့အသုံးပြုနိုင်ပါ ကြောင်း တင်ပြရေးသားအပ်ပါသည်။

နံ့တ်မောက်မင်းသန့်နိုင်

အောင်ဆန်းလင်း(ဘီ-အေ)

ဆေးဖက်ဝင်သောတောင်ကန်စွန်းရွက်ပင်

"ကိုဖိုးအောင် ရှေ့နားမှာ ကွမ်းရွက်နဲ့ဆင်ဆင်တူတဲ့အပင်ကို မနေ့ညနေကပဲကျုပ်စိုက်ထားတာရှိတယ်၊ အဲဒါကိုပေါင်းပင်မှတ်ပြီး သွားမနုတ်မိစေနဲ့နော်။ အလကားအပင်မဟုတ်ဘူး။ ဆေးဖက်ဝင်လို့ မျိုးယူလာပြီး စိုက်ပျိုးထားတာ'

ဟု ဇနီးဖြစ်သူ ဒေါ်အေးအေး၏အိမ်ပေါ်မှ လှမ်းပြောလိုက်သောစကားကြောင့် ရှေ့မှာတွေ့မြင်ရသော တစ်ပေလောက်အမြင့်ရှိ အပင်တစ်ပင်ကိုကျွန်ုပ်သတိထားမိသွားခဲ့သည်။

ထိုအပင်၏အရွက်က သူမပြောသည့်အတိုင်း ကွမ်းရွက်နှင့်ဆင်ဆင်တူသော်လည်း ကွမ်းရွက်လောက်မနူးညံ့ဘဲ ခပ်မာမာကြမ်းကြမ်းရှိကြောင်း တွေ့ရသည်။ ရွက်ဖျားက ကွမ်းရွက်ထက်ပိုရှည်ခြင်း ညှာတံအရိုးကလည်းရှည်ခြင်းကြောင့် ညောင်ရွက်နှင့်လည်း ဆင်တူသည်။ သဘာဝပေါက်ပင်ဖြစ်ပြီး နွယ်ပင်ယောင်ယောင် ချုံပုတ်ယောင်ယောင်နှင့် ငယ်စဉ်ကတည်းက ဤအပင်ကိုအညာက အမေ့အိမ်နောက်ဖေးခြံစည်းရိုးမှာပေါက်နေတာမြင်ခဲ့ဖူး၏။

"အောင်မယ် ဒီအပင်ကိုများ ဆေးဖက်ဝင်သတဲ့၊ တယ်ဆိုတဲ့စာပါလား မအေးရဲ့။ ဘယ်လိုများဆေးဖက်ဝင်တာတဲ့တုံး၊ အသုံးလိုတဲ့အချိန်သုံးလို့ရအောင် မှတ်သားထားပါ့မယ်၊ ပြောပြပါဦးကွယ့်"

"ဆေးဖက် ဘယ်လိုဝင်သလဲသိချင်ရင် မနွဲ့အိမ်ကိုလာမှသာ အသေးစိတ်မေးကြည့်ပေတော့ သူ့အိမ်မှာမြေနေရာကျဉ်းပြီး ကျုပ်တို့အိမ်မှာက နည်းနည်းကျယ်လို့ လာစိုက်ပေးသွားတာပါ။ သူပြောတာကတော့ ကျောက်ကပ်နဲ့ ဆီးနဲ့ဆိုင်တဲ့ရောဂါတွေကို နိုင်တယ်ဆိုလားပဲ"

ဤသို့ဖြင့် နောက်တစ်နေ့ညနေတွင် ကျွန်ုပ်တို့နေအိမ်သို့ ဒေါ်နွဲ့ရောက်ရှိလာချိန်တွင် ထပ်မံမေးမြန်းကြည့်မိသည်။

"ဆေးဖက်ဝင်တာကတော့ သေချာပါတယ်အစ်ကိုရဲ့။ ကျွန်မ မမြင်ဘူးတာကတော့ တောင်ကန်စွန်းရွက်ပင်ဆိုတာ ခုနစ်ပေ၊ ရှစ်ပေလောက်ထိမြင့်တတ်တယ်။ ကွမ်းရွက်နဲ့ ဆင်ပေမယ့် ကွမ်းပင်လို မနူးဘူး၊ ခပ်ကြမ်းကြမ်းပဲ၊ အသက်လည်းပြင်းတယ်၊ ဒီအပင်ကိုပဲ တချို့ဒေသတွေမှာ လသာပင်လို့လည်းခေါ်တတ်သေးတယ်၊ အပွင့်ပွင့်ရင် အော်လံပုံသဏ္ဌာန်မျိုးဖြစ်ပြီး နှင်းဆီပွင့်လောက်ကြီးပါတယ်။ အပွင့်က ထူးထူးခြားခြား အနံ့တော့မရှိပါဘူး။ အရောင်အဆင်းကတော့ ပန်းခရမ်းရောင်နုနုနဲ့ အရင့်လို့ နှစ်မျိုးရှိတာမှာ နှစ်မျိုးလုံးဆေးဖက်ဝင်တာတွေ့ရတယ်"

"ဟုတ်ပြီဒေါ်နွဲ့ ဘယ်လိုဆေးဖက်ဝင်တယ်ဆိုတာကိုလည်း လင်းပါဦး"

"ကျွန်မရဲ့အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောပြပါ့မယ်အစ်ကို၊ ထောက်ကြံ့ဘက်မှာနေတဲ့ ကျွန်မရဲ့တူလေးတစ်ယောက်ရှိတယ်။ သူ့မှာက ကျောက်ကပ်ရောဂါရှိတယ်။ ရောဂါကြောင့် အတော်ဖောယောင်နေပြီလို့လည်း သတင်းကြားရတယ်။ အဲဒါကြောင့် တောင်ကန်စွန်းရွက်ကို ဦးစွာရှာရတယ်။ အဲဒါ နောက်ငါးတစ်မျိုးမျိုးဝယ်ပြီး ရေစင်အောင်ဆေးပြီးနောက် ဟင်းချက်လိုက်တယ်။ ဟင်းချက်တဲ့နေရာမှာတော့ မြန်မာဟင်းချက်တဲ့ထုံးစံအတိုင်း ထည့်စရာရှိတာတွေကို ထည့်ရတယ်။ ငါးနဲ့အတူ လှီးဖြတ်ဆေးကြောထားတဲ့ တောင်ကန်စွန်းရွက်ကိုလည်းထည့်ရတယ်။ ဒါပေမယ့် ထူးခြားတာက ဆီကိုလုံးဝမထည့်ရဘဲ ရေစပ်စပ်လေးနဲ့ ဟင်းဖြစ်သွားအောင်ချက်ပေးရတာပါ။

ကျွန်မချက်တဲ့ဟင်းကို ချိုင့်နဲ့ထည့်ပြီးထောက်ကြံ့ကို လိုင်းကားစီးသွားတယ်။ ဟိုရောက်သွားတော့ ဆေးရုံတက်ဖို့ အသင့်ပြင်နေတဲ့တူလေးကို အချိန်မီလေးပဲတွေ့လိုက်ရတော့ အဆင်ပြေသွားတယ်။ တူလေးကိုလည်း မင်းခံစားနေရတဲ့ရောဂါ ပျောက်ချင်ရင် ထမင်းနဲ့ အဒေါ်ယူလာတဲ့ ငါးဟင်းကို တစ်ကြိမ်တည်းနဲ့ကုန်အောင်သာ စားကွာဆိုပြီး ကျွေးတယ်၊ သူ့ရောဂါပျောက်ချင်လို့ တူလေးကလည်း ချက်ချင်းစားပါတယ်။ အဲဒီနေ့မှာတော့ ဆီးသွားတဲ့အခါ အဖတ်တွေတောင်တွေ့ရတယ်လို့ဆိုပါတယ်။ ဖောယောင်နေတာတွေလည်းလျော့ကျသွားတာမို့ ဆေးရုံတက်ဖို့အစီအစဉ်လည်း ပျက်သွားတယ်။

အဲဒီတူလေးအပြင် ဆီးနဲ့ပတ်သက်တဲ့အတွေ့အကြုံကို ထပ်ပြီးပြောပြချင်သေးတယ်။ အစ်ကို အရင်တုန်းက ကျွန်မတို့လမ်းထဲမှာနေသွားတဲ့ ဆရာဦးလှချစ်ဆိုတာရှိတယ်။ သူကတော့ ဆီးသွားရင် သွေးလိုနီတဲ့ဆီးတွေသွားတတ်တယ်လို့ သတင်းကြားရတယ်။ သူကတော့မပြောပါဘူး။ ဒါပေမယ့် ကျွန်မသမီးတွေ ငယ်စဉ်တုန်းက သူ့ကျူရှင်ကျောင်းမှာတက်ဖူးတော့ ဆရာ့ကျေးဇူးမကင်းဘူးဖြစ်နေတော့ ဆရာ့ကိုအားနာပေမယ့် သတင်းသွားမေးတယ်။ ဆေးမြီးတိုသိထားတာရှိတယ် စားမလားဆိုတော့ စားမယ်ပြောလို့တောင်ကန်စွန်းရွက်ခူးပေးလိုက်တယ်။ ဟင်းချက်နည်းလည်းပြောပြရတာပေါ့။ ကျွန်မပြောပြသလို ငါးဟင်းနဲ့ချက်မစားဘဲ ရေနွေးဖျောပြီး ငပိရည်နဲ့တို့မြုပ်ပြီး ထမင်းစားလိုက်တယ်ဆိုတယ်။

ဒါပေမယ့် ထူးခြားတာက ဆရာဦးလှချစ်လည်း တောင်ကန်စွန်းရွက်ကိုစားပြီး ဆီးရောဂါပျောက်ကင်းသွားတာပါပဲ။"

"ကောင်းပြီ တောင်ကန်စွန်းရွက်ရဲ့ဆေးနည်းကို ဒေါ်နွဲ့ကိုဘယ်သူကပြောလို့သိထားတာလဲ"

"အရင်တုန်းက ကျွန်မတို့နေတဲ့အိမ်နဲ့ ဘေးချင်းယှဉ်ပြီး နေသွားတဲ့ ကျွန်မနဲ့လင်ညီအစ်မလည်း တော်စပ်တဲ့ နော်ခဲလီ (ပအိုဝ်တိုင်းရင်းသူ) လေ အစ်ကိုမှတ်မိတယ်မဟုတ်လား၊ အစ်ကိုတို့ ဗီဒီယိုရုံကို ဗီဒီယိုပြရင်အမြဲလာကြည့်နေတာပဲ"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"နော်ခဲလီက သူ့သားကျောက်ကပ် မကောင်းဘူးထင်လို့ တောင်ကန်စွန်းရွက်ကို ဟင်းချက်ကျွေးနေတာမြင်ပြီး မေးကြည့်ထားလို့သိတာပါ"

ဆေးနည်းပြောပြသူ ဒေါ်နွဲ့ နွယ်နီ (၁၃) လမ်း၊ မြောက်ဥက္ကလာအား ကျေးဇူးတင်ပါသည်။

အောင်ဆန်းလင်း(ဘီအေ)

စားကြွင်း။ ။ တောင်ကန်စွန်းရွက်ကားအဆိပ်အတောက်ဖြစ်တတ်သည်ဟု အချို့ဆေးဆရာတို့စာထဲမှာ ရေးသားသည်ကို တွေ့ဖူးပါသည်။ ဇနီးဒေါ်အေးအေးက ဟင်းချိုလုပ်ပြီးမကြာမကြာချက်ကျွေး၍ ကိုယ်တိုင်စားသုံးဖူးရာ လွန်ကဲစွာမစားသုံးမိလျှင် အဆိပ်အတောက်မဖြစ်စေလောက်ပါ။

သန့်ဇင်

သံသရာအဆက်ဆက်

အေးချမ်းသာယာလှပသော ထန်းပင်ကုန်းရွာလေးသည် ထီးလင်း-ဂန့်ဂေါကားလမ်းမကြီးအနီး၌ တည်ရှိနေပါသည်။ ရွာအနောက်ဘက်တွင် ချောင်းမကြီးက ကွေ့ဝိုက်စီးဆင်းနေပြီး ထိုချောင်းသည် မြစ်သားမြစ်ထဲသို့စီးဝင်ပါသည်။ အရှေ့ဘက်ကား တဖြည်းဖြည်းမြင့်တက်သွားပြီး နက်ရှိုင်းသော တောအုပ်ညို့ညို့ အလယ်မှာတော့ ပုံတောင်ပုံညာတောင်တန်းကြီးက မင်းမူလို့နေပါသည်။ ထိုတောင်တန်းကြီး၏ အစွယ်တောင်စွန်းလေးတစ်ခုတွင် လယ်ကန်းစေတီလေး တည်ရှိနေပါသည်။ အနီးရှိ တောအုပ်အစွန် အင်တိုင်းတောအစပ်၌ လယ်ကန်းရွာရှိ၏။ ကားလမ်းထက်မှ အရှေ့အရပ်သို့ မျှော်ကြည့်လျှင် လယ်ကန်းရွာအား ထန်းပင်အုပ်အုပ်တောညို့ညို့အလယ်တွင် တွေ့ရသလို တောင်စွန်းမှစေတီလေးအား ဖူးတွေ့နိုင်ပါသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေဖြစ်သူ ကိုငြိမ်းချမ်း လိုက်ပို့သဖြင့် ကျောက်ထုမြို့မှတစ်ဆင့် ထန်းပင်ကုန်းရွာသို့ တစ်ဖန်ရောက်ရှိခဲ့ပြန်ပါတော့သည်။ ရွာသူ၊ ရွာသားများဖြစ်သော တောင်သား လူမျိုးမိတ်ဆွေတို့ကား ကျွန်ုပ်နှင့်ရင်းနှီးပြီး ဖြစ်သောကြောင့် ဝမ်းသာအဲလည်းကြိုဆိုကြ၏။ သူတို့အားနှုတ်ဆက်ပြီးသည်နှင့် ကျွန်ုပ်သွားချင်နေသည့်ဦးတည်ရာ ဖြစ်သော ဘုန်းတော်ကြီးကျောင်းသို့ ထွက်လာခဲ့ကြသည်။ ယခင်တစ်ခေါက်ရောက်ခဲ့စဉ်က အချိန်မရ၍ မလေ့လာ မဖတ်ဖြစ်ခဲ့သော ပုရပိုက်အထုပ်ကြီးကို မျက်စိထဲမြင်ရောင်နေမိပါသည်။ နှစ်ပေါင်းရာချီရှိနေသော်လည်း ထိုပုရပိုက်အထုပ်ကြီးကို မျက်စိထဲမြင်ယောင်နေမိပါသည်။ နှစ်ပေါင်းရာချီရှိနေသော်လည်း ထိုပုရပိုက်ထုပ်ကြီးသည် ပျက်စီးခြင်းမရှိသေးသလို ကန့်ကူဆန်ဖြင့်ရေးသားထားသော ရှေးမြန်မာယောသားကြီးများ၏ လက်ရေးဝိုင်းဝိုင်းအတွန့်အခေါက်များသည်လည်း ထင်ရှားစွာ ဖတ်လို့ရဆဲဖြစ်သည်။ ထိုစဉ်က အချိန်မရ၍ ပုရပိုက်ထုပ်၏။ ပထမဆုံးအရွက်စာမျက်နှာကို သာအမြည်းအဖြစ်ဖတ်ခဲ့ရပါသည်။

"ကောဇာနှစ် ၁၂၇၀ ပြည့်နှစ် ရတနာပုံနန်းတည်ဘဝရှင် မင်းတုန်းမင်းတရားကြီး ရွှေလက်ထက်တော် ထန်းပင်ကုန်းရွာသား မောင်စော၏ဇာတ်လမ်း ကျွန်ုပ်ထန်းပင်ကုန်းသူကြီးမင်း မောင်ခြုံ မှတ်တမ်းရေးသားသည်။

ပုရပိုက်ပထမဆုံး စာမျက်နှာ ထိုစာသားသည် ထိုရွာအားနောက်တစ်ခေါက်မလာလို့ရအောင် ကျွန်ုပ်၏စိတ်အား နိုးဆွနေသကဲ့သို့ ကျွန်ုပ်ကဲ့သို့ စာရေးဆရာတစ်ယောက်အဖို့ ထိုပုရပိုက်ထုပ်သည် ရတနာထုပ်ကြီးဖြစ်နေပါတော့သည်။ သက်တော်ဝါတော်ငယ်သေးသော်လည်း တစ်ပါးတည်းသော ရွာဦးကျောင်းထိုင်ဆရာတော်လေးအား ပခုက္ကူမှဝယ်လာသော သက်န်း၊ ကော်ဖီမစ်ထုပ်များ၊ ဝတ္ထုငွေများ လှူဒါန်းပြီး ဆရာတော်လေးကျွေးသော ကော်ဖီ၊ ကောက်ညှင်းထုပ်၊ ဆန္ဒင်းမကင်းများအား အဝအပြဲစားလိုက်ကြ၏။ ဆရာတော်လေးကား ဤရွာနှင့် ရွာနီးချုပ်စပ်မှ လူငယ်များ၏အားကိုးရာ မီးရှူးတန်ဆောင် ဖြစ်နေပါသည်။ ပရဟိတ အလုပ်များကို အားကြိုးမာန်တက်ဦးဆောင်လုပ်ပြီး ကျောင်းသားလူငယ်များအတွက် နွေရာသီ၌ အင်္ဂလိပ်စာ၊ ကွန်ပျူတာသင်တန်းများပင် ဖွင့်လှစ်နိုင်အောင် ကြိုးစားနေသူဖြစ်၏။ ထို့ကြောင့်ပင် တောင်သား လူငယ်လူရွယ်များကား ယခင်ကကဲ့သို့ တောရွာများ၌ သိုသိုသိပ်သိပ်မနေကြတော့ဘဲ ခေတ်မီပွင့်လင်း၍ အသိဉာဏ် ဗဟုသုတများ တိုးပွားလာနေကြပြီဖြစ်၏။

ဆရာတော် တည်ခင်းသောစားသောက်စရာများကို စားပြီးသည်နှင့်-

"စာရေးဆရာဒကာကြီး လွတ်လွတ်လပ်လပ်သာဖတ်ပေတော့။ အေးအေးဆေးဆေးဖတ်ပါ။ ဖတ်လို့မပြီးသေး

ရင်ကျောင်းမှာပဲ ညအိပ်၊ ကျောင်းကမြင်တယ်မဟုတ်လား၊ အကျယ်ကြီးဘုန်းကြီးရွာထဲကြွလိုက်ဦးမယ်"

ကျွန်ုပ်တို့နှစ်ဦး ဆရာတော်အားကန်တော့လိုက်ကြပြီး စားပွဲဝိုင်းပေါ်မှာ ပုရပိုက်ထုပ်ကြီးအား ဖြန့်ခင်းလိုက်ပါသည်။ ကျွန်ုပ်က ပုရပိုက်ရွက်များအား တစ်ရွက်ခြင်းအစအဆုံး လိုက်ဖက်၏။ ကိုငြိမ်းချမ်းက ကျွန်ုပ်၏ဟာန်းဖုန်းဖြင့် တစ်ကွက်ခြင်း၊ မှတ်တမ်းတင်ရိုက်ကူးနေပါတော့သည်။

လယ်ကန်းဆေးနီ၊ ယုန်ဆင်းဆေးနက်၊ ကလေးမှာလင်းပြာယောမှာပေတလူ

ထန်းပင်ကန်ရွာလေးသည် အိမ်ခြေငါးဆယ်ခန့်ရှိ၍ယောဒေသ၊ထီးလင်းနယ်ထဲမှ တောင်သားလူမျိုးတစ်စု သီးသန့်နေကြသော ရွာလေးဖြစ်၏။ ထီးလင်းမြို့စားကြီးက ခန့်ထားမှုကြောင့် သူကြီးမင်း ဦးခြုံသည်ထိုရွာလေးအား အုပ်ချုပ်ရပါသည်။ ရွာတောင်နှင့်မြောက်ဘက်တွင်ထူထပ်သော တောအုပ်ကြီးရှိသည်။ ရွာ၏နောက်ဘက်မှ စီးဆင်းနေသော ချောင်းသည် ရွာနှင့်တစ်မိုင်ခန့်ဝေးသည်။ ထိုချောင်းနှင့်ရွာအကြား မြေပြင်သည်ဆင်ခြေလျှောဖြစ်၏။ ထိုနေရာ၌

ရွာသားများက စိုက်ပျိုးရန်လယ်ယာမြေများဖော်ထုတ်ထားပါသည်။ လိုအပ်သောစိုက်ပျိုးရေးရေအား ချောင်းမှသွယ်ယူကြပါသည်။ မိုးကာလ၌ ရေကြီးသော်အနိမ့်ပိုင်းများသို့ ရေလွှမ်းပြီး အင်းဖြစ်သွားပါသေးသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း ရေပြန်ကျသွားလျှင် ထိုရေများကိုတမံပိတ်၍ လယ်ကွင်းအနှံ့ ရေသွယ်ယူကြပြီး ရေလုံလောက်သည်နှင့် ပြန်ဖောက်ချ၍ တင်ကျန်ခဲ့သောငါးများကိုဖမ်း၍ ငါးပိ၊ ငါးခြောက်အဖြစ် သိုလှောင်ထားကြ၏။ စပါး၊ မြေပဲ၊ မုန်ညင်း၊ ကြက်သွန်ဖြူနီ တို့သည် ရွာသားများအတွက် အားထားရာသီးနှံဖြစ်ပါသည်။

အသားဖြူဖြူ ကိုယ်ကာယထွားကြိုင်းသည့် ကိုစောဆိုသူမှာ သူကြီးမင်းဦးခြုံ၏ တစ်ဦးတည်းသောသားဖြစ်ပြီး ရွာလူငယ်တို့၏ ခေါင်းဆောင်ဖြစ်ပါသည်။ ဗြိတိသျှ-မြန်မာ ဒုတိယစစ်ပွဲပြီးကတည်းက ကိုစော၏ဖခင်ဖြစ်သူ သူကြီးမင်းဦးခြုံသည် သားဖြစ်သူအား ဓားရေး၊ လှံရေး၊ မြားပစ်စသော မြန်မာ့သိုင်းကိုယ်ခံပညာများကို လေ့ကျင့်ဖို့စည်းရုံးထားခဲ့ပါသည်။

ကိုစောတို့ လူငယ်တစ်စုသည် ညနေခင်းရောက်တိုင်း ရွာလယ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဝါးခုတ်၊ လှံထိုး၊ မြားပစ်၊ ဗန်တိုဗန်ရှည် ကိုယ်ခံပညာများကိုလေ့ကျင့်ကြပါသည်။ သူတို့အား သင်ကြားပြသပေးနေသူမှာ ကလေးမြို့မှ ဆရာထာဆိုသူ ဖြစ်၏။ သိုင်းဆရာကြီးသည် ခါးတောင်းမြှောင်အောင်ကျိုက်၍ ဆံပင်သျှောင်ထုံးအားကျစ်ကျစ်စည်းပြီး ဝါးသိုင်းကစားပြ၏။ ဆရာကြီး၏ ကျစ်လစ်ဖောင်းကြွနေသောလက်မောင်းကြွက်သားများ ဖုထစ်နေသောရင်အုပ်ကြီး၊ အမြောင်းမြောင်းထနေသောဝမ်းဗိုက်ကြွက်သားများနှင့် သန်မာ တင်းရင်းသော ခြေသလုံးကြီးတို့အား ကိုစောတို့လူငယ်တွေအားကျနေကြပါသည်။ သည့်ထက်ပို၍သဘောကျသည်က ဆရာကြီး၏ ပေါင်နှစ်ဖက်မှာ ကျားရုပ်ကြီးများ ဖြစ်ပါသည်။ လက်မောင်း၊ ရင်အုံ၊ ကျောကုန်းတို့တွင် ဆေးမင်ကြောင်အနီရောင်၊ အနက်ရောင်များဖြင့်ထိုးထားသော စမအင်းကွက်များ၊ ဘီလူးရုပ်များကိုကြည့်ပြီး အားကျနေကြ၏။

တစ်နေ့ သူတို့သိုင်းကစားကြပြီး နားနေကြစဉ် တီးတိုးပြောနေကြပါသည်။ ဆရာကြီး၏ကိုယ်ခန္ဓာမှာ ထိုးနှံထားသော ကာယသိဒ္ဓိအင်းကွက်များသည် တကယ်ရောစွမ်းရဲ့လားဟူ၍ဖြစ်ပါသည်။ သူတို့တီးတိုးပြောဆိုနေသည်ကိုဆရာကြီးတွေ့သွားပြီး-

"ငါ့တပည့်တို့ဘာတွေတီးတိုးတိုင်ပင်နေကြတာလဲကွယ့်"

ဆရာကြီး သူတို့အနားကိုရောက်လာပြီး မေးလိုက်သောကြောင့် ခေါင်းဆောင်ဖြစ်သူကိုစော ထလိုက်ပါသည်။

"ဒီလိုပါဆရာကြီးခင်ဗျား၊ ဆရာကြီးကိုယ်ပေါ်ကထိုးထားတဲ့ ကာယသိဒ္ဓိအင်းကွက်တွေဟာ တကယ်စွမ်းပါ့မလားဆိုပြီး ငြင်းခုံနေကြတာပါ။ စွမ်းမစွမ်းဘယ်လိုသိပါ့မလဲ"

"ဩော် - ငါ့တပည့်တွေက ဆရာကြီးကိုယ်ပေါ်ကဆေးတွေကို မယုံမရဲဖြစ်နေကြတာကိုး။ ဒါတွေက အရေးကြုံမှသုံးရတာကွယ့်။ ဒါပေမယ့်လေ ငါ့တပည့်တွေ ဝိရောဓိဖြစ်နေကြရင် ဆရာကြီး တစ်ကွက်နှစ်ကွက်တော့ပြပါမယ်"

ဆရာကြီး ပြောလိုက်သောအခါ ရွာခံလူငယ်တွေ ဝမ်းသာသွားကြသည်။ သူတို့အားကျသော ကာယသိဒ္ဓိအစွမ်းများကိုမြင်တွေ့ရတော့မည် ဖြစ်သည်။ ကျောင်းဝင်းကွက်လပ် သပြေပင်ကြီးအရိပ်အောက်မှာ လူငယ်တွေဝိုင်းလာကြ၏။ ဆရာကြီးက ဝိုင်းအလယ်မှာ မတ်တပ်ရပ်နေပါသည်။

"မောင်စော မင်းနဲ့လူငယ်တစ်ယောက်ထွက်ခဲ့။ မောင်စောက မင်းကိုင်နေကျငှက်ကြီးတောင်ဓားရှည်ကိုယူလာခဲ့။ နောက်တစ်ယောက်က ဝါးစိမ်းတုတ်တစ်ချောင်းကောက်လာခဲ့။ မောင်စောသည် သူ၏လက်စွဲတော်ဓားရှည်ကို တစ်ဆဆကိုင်ရင်း စည်းဝိုင်းအလယ်သို့ လျှောက်လာခဲ့သည်။ ထိုဓားသည် သူ၏ဖခင်၊ ဘိုးဘွားစဉ်ဆက်ပိုင်လာခဲ့သောအမွေခံဓားဖြစ်၏။ သူပုန်ဓားပြသွေးကိုသောက်ဖူးသလို မင်းကြီးမဟာဗန္ဓုလ၏ တိုက်ပွဲများတွင် ဗြိတိသျှတို့၏သွေးကိုလည်းသောက်ခဲ့ဖူးသော ရာဇဝင်ရှိသည့်ဓားဖြစ်သည်။ ဓားဦးမှာ အနည်းငယ်ဖြက်ကြီးပြီး ကော့၍ချွန်မြနေပါသည်။ လက်ကိုင်အရင်းနားမှာ အနည်းငယ်ဖြက်သေးသွားပြီး ဘယ်ညာနှစ်ဖက်မှာ မျှော့ကြောင်းတွေပါ၏။ ဓားသွားနှစ်ဖက်လုံး ပန်းကနုတ်တွေဖော်ထား၏။ ဓားပြားမှာ သံမဏိရောင်တလက်လက်တောက်နေသလောက် လက်တစ်လုံးခန့်အသွားသည် ညိုပြာပြာငှက်ခါးရောင်တောက်နေသည်။ မီးဆေးထားသောပန်းပဲသမား၏ကျွမ်းကျင်မှုကြောင့် ဓားသွားက တော်ရုံသံလောက်ကိုတော့ တိခနဲပြတ်ကျသွားနိုင်ပါသည်။ သက်ရှိတိရစ္ဆာန်လူဆိုရင်တော့ အားနှင့်တစ်ချက်ခုတ်လိုက်လျှင် လူခန္ဓာကိုယ် လည်ပင်းဆိုလျှင် တိခနဲပြတ်ကျသွားနိုင်ပါသည်။ ယခု ထိုဓားနှင့်ဆရာကြီးဘာလုပ်ခိုင်းမည်မသိ။ နောက်တစ်ယောက်ကလည်း လက်ကောက်ဝတ်လုံးခန့် ဝါးစိမ်းတုတ်တစ်ချောင်းကိုင်ပြီး ဝိုင်းထဲဝင်လာပါသည်။ ဝါးစိမ်းတုတ်က အသားပြည့်ဝါးရင်းတုတ်ဖြစ်သည်။ သူတို့နှစ်ယောက်ဆရာကြီးရှေ့မှာ မျက်နှာချင်းဆိုင်ရပ်လိုက်ကြသည်။

"မင်းတို့နှစ်ယောက် တစ်ပြိုင်နက်ထဲ ဆရာကြီးကို ဝင်ခုတ်ဝင်ရိုက်ပေတော့ ဟုတ်ပြီလား"

သူတို့နှစ်ယောက် မဝံ့မရဲဖြစ်နေကြသည်။ ဆရာကြီး၏သိုင်းပညာစွမ်းကိုသူတို့ယုံသော်လည်း မတော်တဆထိခိုက်မိခဲ့သော် ရသွားမည့်ဒဏ်ရာကသေးမည်မဟုတ်ပါ။ အထူးသဖြင့် ကိုစော၏ဓားက သွေးဆာတတ်သည်။ တိခနဲတိခနဲပြတ်၍ ကိုစော ချီတုံချတုံဖြစ်နေပါသည်။

"ငါ့တပည့်ဘာမှပူပင်မနေနဲ့။ ရဲရဲဝင်ပါ။ ဒါမှမင်းတို့သိချင်နေတာတွေ သိသွားမှာ။ ဆရာ့ကိုပူပင်မနေနဲ့"

ဆရာကြီးက အတန်တန်ခွင့်ပြုနေသောအခါ သူတို့နှစ်ယောက်ဆရာကြီးကို လက်အုပ်ချီကန်တော့လိုက်ပါသည်။ သူတို့ကန်တော့ပြီးသည်နှင့် ဆရာကြီးက လက်ခမောင်းခတ်လိုက်ပါတော့သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း ဝင်လာကြတော့"

ဆရာကြီး၏စကားအဆုံး ကိုစော ခြေတစ်လှမ်းတက်ပြီး ဆရာကြီး၏ ဘယ်ပခုံးပေါ်သို့ စလွယ်သိုင်းခုတ်ချလိုက်ပါတော့သည်။

"ဝိုး. . . ရှစ်"

ဓားသွားလေတိုးသံက ကျောချမ်းစရာ ဖြစ်သည်။ ဓားသွားလေတိုးသောအသံကိုက မည်မျှမြန်ဆန်ကြောင်း သိသာနေပါသည်။

"ဒုတ်. . . ချွင်"

"ဟာ"

ဓားသွား၏ တစ်စုံတစ်ခုကို ထိမိသောအသံ၊ ပြန်၍ကန်လာသောအသံနှင့် လူငယ်ပရိသတ်၏အာမေဋိတ်သံတို့ကတစ်ပြိုင်နက်တည်းလိုလို ထွက်ပေါ်လာကြသည်။ နောက်တစ်ဖန်-

"ဖြောင်း. . . ကျွတ်"

ဝါးစိမ်းတုတ်က ဆရာကြီး၏ ဦးခေါင်းကိုထိသံ၊ ဝါးတုတ်ကျိုးသံတို့၏ နောက်ဆက်တွဲဖြစ်ပေါ်လာ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် တွင်းဖြစ်ပွားပြီးနောက် ဆရာကြီးသည် လေထဲမှာပင် နောက်ကျွမ်းပစ်၍ခုန် ထွက်သွားပါသည်။ ကိုစောက သူ့ဓားကို သေချာကြည့်နေပါသည်။ ဓားသွားက မာကြောသောအရာတစ်ခုကို ခုတ်မိပြီး ပြန်ကန်ထွက်လာသလိုခံစားရ၏။ ဝါးစိမ်းတုတ်နှင့်ရိုက်သောလူငယ်မှာလည်း သူ့တုတ်က ကျောက်တုံးကိုရိုက်မိပြီးကျိုးသွားသလိုခံစားလိုက်ရသည်။ သူတို့နှစ်ယောက် ဓားနှင့်တုတ်ကျိုးကို မြေပြင်ပေါ်ပစ်ချလိုက်ပြီး ဆရာကြီးကိုထိုင်ကန်တော့လိုက်ကြပါသည်။

"ဆရာကြီးခင်ဗျာ တပည့်တို့ကိုခွင့်လွှတ်ပါ"

"ရပါတယ်တပည့်တို့။ ဘာမှမဖြစ်ဘူး၊ ဆရာကြီးခွင့်လွှတ်တယ်။ ကဲ- ငါ့တပည့်တို့ယုံကြပြီမဟုတ်လား"

တပည့်တွေက လက်ခုပ်တဖြောင်းဖြောင်းတီးပြီး ဂုဏ်ပြုကြပါသည်။ ပြီးတော့ အားလုံးတညီတညွတ်တည်းဆုံးဖြတ်လိုက်ကြသည်က ဆရာကြီးကဲ့သို့ ကာယသိဒ္ဓိဆေးကို ထိုးနှံ့ပေးပါရန် တောင်းပန်ကြမည်ဟု. . . ။

*

"တပည့်တို့ကို ဆရာလည်း ဒီကိုယ်ခံကာကွယ်ဆေးကို ထိုးနှံ့ပေးချင်ပါတယ်ကွယ်။ ဒါပေမယ့် ဒီကာယသိဒ္ဓိဆေးဝါးတွေဟာ ဆရာ့ရဲ့အစီအရင်တွေ မဟုတ်ဘူး။ ဆရာ့ကို သိုင်းပညာသင်ပေးခဲ့တဲ့ဆရာ့ဆရာကြီးက ကိုယ်ခံပညာကိုမခြွင်းမချန်သင်ပေးပြီးမှ ကတိခံဝန်ချက်တွေပြုပြီး အခံအနေနဲ့ ထိုးနှံ့ပေးခဲ့တာ"

"အဲဒီဆရာကြီးက အခုကလေးမှာ နေတာလားဆရာ"

"သူတို့တွေက လူထူးလူဆန်းတွေကွယ့်။ တစ်နေရာထဲမှာ အတည်တကျနေလေ့မရှိဘူး။ လျှောက်သွားနေကြတာ။ ခရီးသွားတွေပေါ့ကွာ။ မတရားမှုတွေကို ဝင်ရောက်ကာကွယ်ပေးရင်း လူတွေကို ကူညီနေကြတာ သူတို့အလုပ်ပဲ။ တစ်ရပ်တစ်ရွာမှာ စိတ်ချရတယ့်တပည့်တွေ့ရင် ပညာသင်ပေးပြီး ပြန်ထွက်သွားကြတာ။ ဆရာကြီးဟာ အခုဆိုရင် ရှမ်းပြည်မြောက်ပိုင်း သီပေါဘက်မှာလို့ သတင်းကြားရတာပဲ"

"ဒါဆို ကျွန်တော်တို့ သီပေါကိုလိုက်သွားရင်ကောင်းမလား။ သီပေါဆိုတာတော်တော်ဝေးလား"

"ဝေးတာပေါ့ကွယ့်။ မန္တလေးရွှေမြို့တော်ကြီးကသွားရင် တစ်တောဝင်တစ်တောင်တက်နဲ့ တော်တော်နဲ့ရောက်ဖို့မလွယ်ဘူး"

ကိုစောနှင့် ထန်းပင်ကုန်းရွာသားလူငယ်လေးများ စိတ်ဓာတ်ကျသွားကြ၏။ သူတို့သည် ကိုယ်ခံဓားသိုင်းလက်သိုင်းပညာများ တက်မြောက်ထားသော်လည်း ကာယသိဒ္ဓိပြီးဆေးကို လိုချင်နေကြသည်။

"တစ်ခုတော့ မျှော်လင့်ချက်ရှိပါတယ်။ ဒါကလည်း မှန်လား၊ မမှန်လား ဆရာမသိပါဘူး"

"ဘာများပါလဲ ဆရာ"

"အခု ဆရာ့ကိုယ်မှာ ထိုးထားတဲ့ဆေးတွေဟာ နှစ်မျိုးဖြစ်နေတယ်။ မင်းတို့မြင်တယ်မဟုတ်လား။ ဆေးနီနဲ့ ဆေးနက်တွေ"

"မြင်ပါတယ်ဆရာ"

"ဆေးနှစ်မျိုးကမတူဘူးကွ။ ဆင်းသက်လာတဲ့ပညာရပ်ကတော့ ဆရာဘုန်းတော်ကြီးတစ်ပါးဆီကပဲ။ ဒါပေမယ့် တပည့်နှစ်ယောက်က ဒေသနှစ်ခုကဖြစ်နေလို့ ဆေးက နှစ်မျိုးဖြစ်သွားတာ"

"ဆရာရယ် ကျွန်တော်တို့ နားလည်အောင် ရှင်းပြပေးပါလား"

"ဒီလိုကွယ့်။ ဟိုတုန်းက တို့ယောနယ်မြောက်ပိုင်းမှာ ဆေးအရမ်းစွမ်းတဲ့ဘုန်းတော်ကြီးတစ်ပါးရှိခဲ့တယ်။ ဘုန်းတော်ကြီးဟာ ဆေးဝါးစီရင်တော့ ကာယသိဒ္ဓိနဲ့မှော်ဆေးဆိုပြီး ကိုယ်ခံဆေးနှစ်မျိုးဖြစ်လာခဲ့တယ်။ ကိုယ်ခံဆေးက အနက်ရောင် ကျားဆေး၊ ကြောင်ဆေး၊ ဝက်ကုန်းဆေးတွေပေါ့။ ဓားပြီး၊ တုတ်ပြီး၊ လှံပြီး၊ သေနတ်မီးပေါက်ပြီးတဲ့ဆေးတွေပေါ့။ မှော်ဆေးကတော့ အာဋ္ဌာဝက ဆေး၊ ယက္ခဆေးစတဲ့ ရှိန်းပြီးဆေးတွေပေါ့။ နာနာဘာဝတွေကြောက်တဲ့ဆေးတွေ။ ဒီဆေးကအနီရောင်ကွယ့်။ ရုပ်စမကိုအခြေခံတယ်"

ဆရာကြီးက စကားကို ခေတ္တရပ်လိုက်ပြီး ဆေးပေါ့လိပ်ကြီးအား မီးညှိပြီး ဖွာနေပြန်ပါ၏။ တပည့်တွေက ဆရာကြီးဆက်လာမည့်စကားကို ငံ့လင့်နေကြသည်။ အိမ်ခြံဝင်းအတွင်းမှ သစ်ချိုပင်ကြီးထက် လင်းကောင်ပိုးငှက်တစ်ကောင်သည် တကွက်ကွက်အသံပေးလျက်ရှိသည်။ တဖြည်းဖြည်းကျလာသော နှင်းမှုန်ကြားမှ အနောက်ဘက်ချင်းတောင်တန်းကြီးမှ တောမီးတို့အား ရဲရဲမြင်နေရလေသည်။ စကားဝိုင်းအလယ်မှ ရှားသားမီးတောက်က တဖြည်းဖြည်းအရှိန်ကျလာသည်။ ရှားမီးခဲရဲရဲကတော့ အအေးဒဏ်အား အံတုနေပါသည်။

ဆရာကြီးသည် ခြုံထားသော စောင်ကြားအား ပခုံးပေါ်ပတ်တင်လိုက်သည်။

"ဆရာဘုန်းတော်ကြီးက သူဖော်စပ်ထားတဲ့ဆေးနှစ်မျိုးကို လယ်ကန်းရွာနဲ့ယုန်ဆင်းရွာက တပည့်ရင်းနှစ်ယောက်ကိုထိုးနှံ့ပေးပြီးမှ ဆေးဟာ တော်တော်လေးစွမ်းနေမှန်းသိသွားတယ်။ ဒီတော့မှ ဆရာဘုန်းကြီးက သူမှားမှန်းသိသွားတယ်။ ဒီဆေးဝါးတွေဟာ မသူတော်တွေလက်ထဲရောက်သွားရင် လူကောင်းတွေဒုက္ခများတော့မယ်ဆိုတာ သိသွားပြီး တပည့်နှစ်ယောက်ကို ဥပါယ်တမျှင်နဲ့ ပြန်ခေါ်လိုက်တယ်လေ။ ပြီးတော့မှ ဒီဆေးဝါးတွေဟာ အဆုံးစွန်ထိမရောက်သေးလို့ ထပ်ပြီးဖော်စပ်ရဦးမယ်ဆိုပြီး ပြန်သိမ်းလိုက်တယ်"

"ဒါဆိုရင် ဆရာကြီးကိုယ်ပေါ်က ဆေးတွေက ဘယ်လိုရလာတာလဲ"

"ဆက်ပြောမယ်လေ တပည့်ကြီးရဲ့ဆန္ဒမစောနဲ့"

ဆရာကြီးက ကွမ်းသီးကို ကွမ်းညှပ်ဖြင့် တဖြောက်ဖြောက်ညှပ်ပြီး ပါးစပ်ထဲထည့်လိုက်သည်။ ကွမ်းရွက်တစ်ရွက်အား ထုံးနှစ်တွေ့တို့နေရင်း-

"ဆရာဘုန်းကြီးလက်ထဲဒီဆေးဝါးတွေအကုန်ရောက်လာရော၊ ဘုန်းတော်ကြီးဟာလယ်ကန်းရွာအရှေ့ဘက်တောင်စွန်းပေါ်မှာ စေတီလေးတစ်ဆူတည်ပြီး ဆေးတွေကို စေတီထဲမှာထည့်ပြီး ဌာပနာလိုက်ပါရောကွယ့်"

"ဟာ- နှမြောစရာကြီး"

"ဒါဆိုရင် ကျွန်တော်တို့ထီးလင်းအရှေ့ဘက်တောင်စွန်းပေါ်က စေတီလေးက လယ်ကန်းဘုရားလား"

"ဟုတ်တယ်ကွယ့်။ ဆရာဘုန်းတော်ကြီးလည်း စေတီပြီးတာနဲ့ တပည့်နှစ်ယောက်ကို မင်းတို့လည်း ပညာတွေတတ်သင့်သလောက်တတ်ပြီမို့ နေခဲ့ကြတော့ဆိုပြီး အောက်ပြည်အောက်ရွာကို ဆင်းသွားတာ။ သတင်းအစအနတောင် မရတော့ဘူးတဲ့။ ငါ့အထင်တော့ ဆေးဝါးနဲ့ ထွက်ရပ်လမ်းလိုက်သွားတာနေမှာ"

"ဒါဆိုရင် တပည့်နှစ်ယောက်က"

"တပည့်နှစ်ယောက်က ဘုန်းတော်ကြီးဆီက လောကီပညာတွေအထိုက်အလျောက်တတ်တော့ ယုန်

ဆင်းရှာက တစ်ယောက်ဟာ သူ့ရွာသူ ပြန်လာတာပေါ့။ နောက်တစ်ယောက် ကလယ်ကန်းရွာမှာပဲနေခဲ့ရင်း အိမ်ထောင်ကျနေသတဲ့"

"ဒါဆိုရင် ဆရာကြီးကိုယ်ပေါ်က ဆေးတွေက ဘယ်သူထိုးပေးတာလဲ"

"ယုန်ဆင်းရွာက ဆရာကြီးရဲ့ အဆက်အနွယ်ပဲကွ။ သူ့ဆေးတောင်ဒီလောက်စွမ်းနေတာ မူလဆေးဆိုရင် ဘယ်လောက်စွမ်းမလဲ စဉ်းစားကြည့်ကြပေါ့"

"လယ်ကန်းဆေးကရော စွမ်းလား"

ကိုစောက လယ်ကန်းရွာကိုသိနေ၍မေးလိုက်သည်။ ဆရာကြီးသည် မြောက်လေအေးဝှေ့တိုက်သဖြင့် လွင့်လာသော မီးပုံမှပြာစလေးများကို လက်နှင့်ဖယ်ရှားရင်း-

"လယ်ကန်းဆေးနဲ့ ပတ်သက်ပြီးတော့ ထူးခြားတာတစ်ခုရှိတယ်။ ဒါဟာ ပုံပြင်မဟုတ်ဘူးကွယ့်"

"ဘာများပါလဲဆရာကြီး သိချင်ပါတယ်"

"ဆရာဘုန်းကြီးရဲ့ တပည့်ရင်း လယ်ကန်ဆရာကြီးရဲ့ အဆက်အနွယ်ဟာ အခုထိ လယ်ကန်းရွာမှာရှိတုန်းပဲ။ သူ့ဇာတ်လမ်းက ထူးဆန်းနေတယ်။ ပြီးတော့ သူ့သမီးအငယ်ဆုံးလေးဟာ ခုချိန်ထိ လယ်ကန်းရွာမှာရှိနေတုန်းပဲ"

ကိုစော၏မျက်လုံးတွေ အရောင်တောက်လာပါသည်။ တောက်လောင်နေသောမီးပုံမှ မီးအလင်းရောင်မှာ သူ့မျက်လုံးတွေဝင်းလက်လာ၏။ သူ့ဆန္ဒ၏မျှော်လင့်ချက်တွေ ရေးရေးမြင်လာရပြီဖြစ်သည်။ သူတို့ရွာနှင့် လယ်ကန်းကိုသွားလျှင် လှည်းဖြင့် နေ့ဝက်ခရီးတော့နှင်ရမည်။

"ဒါဆိုရင် လယ်ကန်းဆေးဟာ အဲဒီမိန်းကလေးဆီမှာ အမွေအနှစ်အဖြစ်ကျန်နေဦးမှာ"

"ဟုတ်ချင်လည်းဟုတ်မယ်။ သိပ်မသေချာဘူး။ ဒါပေမယ့် လယ်ကန်းဆရာကြီးဟာ ရွာကနေပျောက်ခြင်းမလှပျောက်သွားတာကိုက စိတ်ဝင်စားစရာကောင်းနေတယ်ကွယ့်"

ကိုစော ဆုံးဖြတ်ချက်ချလိုက်ပါသည်။ သူ့လယ်ကန်းရွာသို့ သွားမည်။ ထိုမိန်းကလေးကိုသွားတွေ့မည်။ ကိုယ်ခံဆေးက ထိုမိန်းကလေးထံမှာရှိနိုင်သည်။

သစ်ချိုပင်ကြီးထက်မှ လင်ကောင်ပိုးငှက်တစ်အုပ်ထပျံကြသည်။ ညဘက်အစာရှာထွက်သည့်ကြွက်တွေမြွေတွေ တွေ့လို့ညဉ့်ငှက်တွေထပျံကြတာလား။

*

ထီးလင်းဈေးက စည်ကားနေပါသည်။ ဈေးအပြင်ဘက် ညောင်ပင်အုပ်မှာ လှည်းတွေစီတန်းပြီး ဖြုတ်ထားကြသည်။ လှန်ထားသောနွားတွေက မြက်စိုတွေစားလိုက်၊ ကောက်ရိုးတွေဝါးလိုက်ဖြင့် အမြီးတရမ်းရမ်း ရှိနေကြသည်။ မိန်းမကြီးတွေ လှည်းဘေးမှာ မြေအိုးလေးများဖြင့် ထမင်းချက်နေကြ၏။ မိန်းမကြီးတစ်ယောက် ဟင်းရွက်စိမ်းတွေ မျှစ်နှင့်ငရုတ်သီးစိမ်းတွေရောပြုတ်နေ၏။ တစ်ယောက်က ခရမ်းချဉ်သီးချက်နှင့်ဟင်းချင်းလဲစားရန် ပြောနေကြသည်။ တောင်ယာဆန်နီတာလံကတော့ အေးသွားလျှင်အတော်ဝါးရမည်ထင်ပါသည်။ ရွာကပါလာသော ခွေးတွေ၊ ဈေးခွေးတွေနှင့် ရန်ဖြစ်နေကြသည်။ ထီးလင်းမြို့အနီး ဝန်းကျင်ရွာတွေက ငါးရက်တစ်ဈေးမို့ ပါလာသမျှရောင်းပြီး အိမ်အပြန်လိုအပ်သည့်ပစ္စည်းတွေပြန်ဝယ်ကြပါဦးမည်။ ကိုစောနှင့် သူ့သူငယ်ချင်းမောင်မြင့်တို့ လှည်းကိုဈေးထိပ်နားမှာအပ်ထားခဲ့ပြီး ဈေးတန်းကိုလိုက်ကြည့်နေကြသည်။ လယ်ကန်းကမိတ်ဆွေတွေများ တွေ့လို့တွေ့ငြားကြည့်မိကြသည်။ သူတို့၏ မိတ်ဆွေ မုဆိုးဦးထောင်ပိုသည် လယ်ကန်းရွာသားဖြစ်၏။ ထိုသူက ထီးလင်းဈေးနေ့ဆိုလျှင် တောကောင်သားအစိုအခြောက်မျိုးစုံလာရောင်းတတ်သည်။

ဈေးတန်း လျှောက်ကြည့်ရင်း ဦးထောင်ပိုအား မတွေ့သော်လည်း သူ့မိန်းမ မုဆိုးကြီးကတော် ဒေါ်ခူးနှင့်တွေ့သည်။ ဒေါ်ခူးကချိန်ခွင်တွေ ဈေးတောင်းတွေသိမ်းနေသည်။ ဈေးဗန်းထဲမှာပျားရည် ဝါးကျည်တောက်နှစ်လုံးနှင့် ပျားဖယောင်းတုံးကြီးတစ်တုံးကို တွေ့ရသည်။

"ပျားရည်က ဘယ်လောက်လဲ"

"ကျည်တောက်နှစ်လုံးစလုံးကို ငွေစတစ်မူးသားလေးပါတော့"

ဒေါ်ခူးမော့မကြည့်ဘဲ ခေါင်းငုံ့ရင်း ပြောသည်။

"ကျုပ်တို့မှာ ကွမ်းညှပ်ပါမလာဘူး။ ကိုယ့်ဟာကို မူးစကိုဖြတ်ယူမလား"

ဒေါ်ခူးမော့ကြည့်တော့-

"ယောတော့ သူကြီးမင်းသားပါလား။ ကိုစောရယ် ငွေပေးမနေပါနဲ့၊ ယူသွားပါ။ ဘယ်သူများလဲလို့"

သူတို့ဝိုင်းရယ်လိုက်ကြသည်။

"မုဆိုးကျော်ကြီး ဘယ်သွားလဲ"

"ထုံးစံအတိုင်း ထန်းရည်တဲပေါ့ရှင်။ သူ့အလုပ်က တောကောင်ပစ်ခတ်ပြီးရင် တာဝန်ကျေပြီလေ။ ကျွန်မကသာ ခုတ်ထစ်အခြောက်လှမ်း ဈေးလာရောင်းပေါ့"

"ဟေး - ကိုစော ဈေးလာဝယ်တာလား။ မတွေ့တာကြာပြီပဲ။ ဟဲဟဲ- ကျုပ်မှာ တောဝက်သားဟင်းပါလာတယ်။ လာဗျာ- ထန်းရည်တဲပြန်သွားရအောင်။ အင်း- ကိုစောကိုကြည့်လိုက်ရင် ခန့်နေတာပဲနော်။ သူကြီးမင်းကောနေကောင်းရဲ့လား"

မုဆိုးကြီးထန်းရည်မူးနေပြီ ဖြစ်ပါသည်။ သူ့ကျေနပ်သွားစေရန် ထန်းရည်တဲသို့လိုက်သွားဖို့ ခြေလှမ်းလိုက်ကြသည်။ ဒေါ်ခူးက သူစားဖို့ဟင်းတစ်ခွက်ဖယ်ထားပြီး မြေဟင်းအိုးလေးကိုပေးလိုက်သည်။

"ကိုမြင့်- ဟင်းအိုးကိုယူလိုက်ပါဦး။ တော်ကြာ မုဆိုးကြီးလက်ထဲက ဟင်းအိုးကွဲသွားလို့ မမြည်းလိုက်ရဘဲရှိနေဦးမယ်"

"ဟဲဟဲ- ကိုစောကလည်း ကျုပ်မမူးသေးပါဘူးဗျ"

မုဆိုးကြီးက မမူးသေးပါဘူးဟုသာပြောနေသည် ခြေလှမ်းတွေကမမှန်ချင်တော့။ သူတို့ ဈေးတန်းအတိုင်းလျှောက်လာကြသည်။ မိန်းကလေးအချို့သည် ခေါင်းမှာ ယောဖျင်ကြမ်းပတ်ထားပြီး ဈေးဝယ်လာမည့်သူတွေအားမျှော်နေကြ၏။ ရောင်းနေသည့်ပစ္စည်းတွေကတော့ ခြံထွက်၊ ယာထွက်သီးနှံများသာ ဖြစ်ပါသည်။

"ဟေ့ - မစိုးလေး၊ ဈေးရောင်းကောင်းရဲ့လား"

မုဆိုးကြီးက အသက်အစိတ်ခန့်မိန်းကလေးတစ်ဦးအား နှုတ်ဆက်လိုက်သည်။ ထိုမိန်းကလေးသည် ပဲပုတ်တောင်းတစ်လုံး၊ မုန့်ညှင်းဆီတစ်အိုးချပြီး ဈေးရောင်းနေသူဖြစ်၏။

"အသင့်အတင့်ရောင်းရပါ့ မုဆိုးကြီးရယ်။ ပြန်တော့မယ်ဆိုရင် အချက်ပေးဦးနော်။ တောလမ်းဆိုတော့ မုဆိုးကြီးကိုအားကိုးရမှာ"

"စိတ်ချ ကျုပ်နှမရေ။ မုဆိုးထောင်ပိုနဲ့တွေ့ရင် ကျားတောင် ထွက်ပြေးရမှာဗျ"

ကိုစော ထိုမိန်းကလေးကို စေ့စေ့ကြည့်မိပါသည်။ ကိုစောစိုက်ကြည့်လိုက်သည်နှင့် မိန်းကလေးသည် မျက်နှာချင်းမဆိုင်တော့ဘဲ ခေါင်းကိုတွင်တွင်ငုံ့ထား

၏။ အသားမဖြူမညိုအရောင်သည် နေလောက်သဖြင့် အညိုဘက်သို့ပြေးနေသည်။ ဆံပင်ရှည်ကြီးကို ဆံထုံးတွဲပြီး ထုံးထားပါ သည်။ မျက်ခုံးလေးတွေက ထူထဲပြီး အလယ်မှာဆက်ချင်ချင်ဖြစ်နေ၏။ နှာတံစင်းစင်း၊ နှုတ်ခမ်းမပါး တစ်ပါးနှင့် မိန်းမချောစာရင်းဝင်ဖြစ်ပါသည်။ ဘာရယ်မဟုတ် ကိုစောရင်ထဲ နွေးသွားသည်။ မုဆိုးကြီးက ကိုစော၏ အရိပ်အကဲကိုသိ၍ အသာလက်ကုပ်ပြီး ထန်းရည်တဲဘက်သို့ ထွက်လာခဲ့ကြသည်။

ထန်းရည်မြူတစ်အိုးရှေ့ချပြီး ဝါးဆစ်ခွက်လေးထဲထည့်၍ တစ်ယောက်တစ်ခွက် ငုံ့သောက်လိုက်ကြသည်။ တောဝက်သားက ဆူပြီးလတ်သဖြင့် မြည်းလို့ကောင်းမှကောင်း။

"ကိုစောက မစိုးလေးကိုစိတ်ဝင်စားနေပြီထင်တယ်"

"မဟုတ်ပါဘူးဗျာ။ ရုပ်လေးသနားကမားမို့ကြ ့ ့ နေတာပါ"

"အင်း- ဒီကလေးမလေးရဲ့ကံကလည်း သိပ်မကောင်းဘူးဗျ"

"ဘာဖြစ်လို့လဲဟင်"

"သူ့ဖခင် ဆရာမြှားကြီးကြောင့်ပေါ့ဗျ။ ရွာထဲက ကာလသားတွေဆို မစိုးလေးမျက်နှာကို ရဲရဲတောင်မကြည့်ဝံ့ကြဘူး"

"ဘာဖြစ်လို့လဲဗျ။ ဒီလောက်ချောတဲ့မိန်းကလေးကို"

"မစိုးလေးက ရာဇဝင်ရှိတယ်ဗျ။ ဒါနဲ့ ကိုစောတို့ထီးလင်းကို ဈေးလာဝယ်ကြတာလား"

"မဟုတ်ဘူးဗျ။ ကျုပ်တို့က မုဆိုးကြီးနဲ့ လယ်ကန်းရွာကိုလိုက်မလို့"

"ဟုတ်ပြီ။ ဒါဆိုရင် အပြန်လှည်းပေါ်ကျမှ မစိုးလေးတို့သားအဖအကြောင်းပြောပြမယ် ဟုတ်ပြီလား။ ခုတော့ထန်းရည်ချဗျာ။ မူးအောင်သောက်မယ်"

"မုဆိုးကြီး ကြည့်လုပ်ဦးနော်။ ပြန်ရမှာကတောထဲက"

"အမလေးဗျာ ကျုပ်က ဘယ်လောက်မူးမူး ဒူးလေးက လက်ဖြောင့်ပါတယ်ဗျ။ ဒီပုံတောင်ပုံညာ တောထဲမှာ ကျုပ်ခြေမချဖူးတဲ့နေရာမရှိဘူး။ ကျုပ်အသံကြားလိုက်ရင် တောထဲကကျားတွေဆင်တွေ ထွက်ပြေးကြမှာဗျ"

ဘေးနားမှထန်းရည်ဝိုင်းက ရယ်လိုက်ကြသည်။ ကိုစောလှည့်ကြည့်လိုက်တော့ ရယ်သည့်သူများ မျက်နှာပိုးသတ်သွားသည်။ လူငယ်တစ်ယောက်က-

"မုဆိုးကြီးက အသံကျယ်တော့ ဆင်တွေ ကျားတွေ နားငြီးလို့နေမှာပေါ့။ ခုတောင် နီးနားကထန်းရည်သောက်တဲ့သူတွေ နားအူနေကြပြီလေ။ အလိုလေး စိတ်မရှိပါနဲ့နော်"

သူတို့ပြောမှာ မုဆိုးကြီးအသံတော်တော်ပြတာကို သတိထားမိလိုက်ကြသည်။ ထန်းရည်မြူနှစ်အိုးကုန်တော့ မုဆိုးကြီးတော်တော်မူးနေပြီဖြစ်၏။

*

အင်တော်ကြီးက နေပျောက်မထိုးနိုင်အောင် ထူထဲလှသည်။ ကျွန်းပင် သက်န်းပင်ကြီးတွေက မိုးထိုးနေပါ၏။ ဟိုးအမြင့်ကြီးမှာ ပျားအုံကြီးတွေ တွဲလဲခိုနေ၏။ ဝါးရုံတောထူထူကြောင့် လှည်းလမ်းကြောင်းမှာ ဝါးရွက်တွေဒူးဆစ်မကပြန့်ကြနေပါသည်။ ဝါးရွက်များအားလှည်းဘီးကြိတ်သံက တဖျောက်ဖျောက်မြည်နေ၏။ လယ်ကန်းရွာသို့ ဈေးပြန်လှည်းဆယ်စီးခန့်ရှိသည်။ ထိုလှည်းများ၏ရှေ့မှာမုဆိုးကြီး၏လှည်းကဦးဆောင်လျက် မုဆိုးကြီးကတော့ ဒူးလေးကြီးပိုက်ပြီး မူးမူးနှင့်အိပ်ပျော်နေပါသည်။

"တကယ်တည်းတော် တောကောင်တွေ့လို့ကတော့ ဒင်းမူးနေတာနဲ့ပဲဒုက္ခတွေ့မှာ။ ဘယ်လောက်တောင်သောက်လာလဲမသိဘူး"

မုဆိုးကြီးကဟော် မြည်တွန်တောက်တီးပြီး လှည်းမောင်းနေပါသည်။ မုဆိုးကြီးမူးနေ၍ ကိုစောနှင့်မောင်မြင့်တို့ မျက်စိရှင်ရှင်ထားပြီး ရှေ့ဘေးဝဲယာ သတိထားကြည့်နေရသည်။ လှည်းသွားလမ်းသည် တောင်စောင်း၌ ပြေပြေလေး ကပ်လျက် ဖောက်ထားသည်။ တစ်ဖက်မှာချောက်ကြီးဖြစ်၍ တစ်ဖက်ကမ်းပါး စောင်းမှာ ဝါးပင်အုပ်တို့က လမ်းပေါ်ကိုင်းကျနေပါသည်။

"ဂရွီး. . . ဂရွီး. . . ခွီး. . . ခွီး. . . ဝရော. . . ဖျောက်. . . ဖျောက်"

လမ်းလက်ယာဘေး တောထဲမှ တိရစ္ဆာန်များ၏နှာမှုတ်သံနှင့်တောတိုးသံတို့ ရုတ်တရက် ထွက်ပေါ်လာပါသည်။

"ဟဲ့ဟဲ့ လုပ်ကြပါဦး။ ဘာကောင်တွေလဲ ကိုစော ကိုစော"

မုဆိုးကြီးကတော်က လှည်းကိုတုန့်ခနဲရပ်လိုက်ရင်း အလန့်တကြားအော်လိုက်သည်။ နွားတွေက နှာမှုတ်သံတွေပြင်းနေပြီး ခေါင်းတခါခါနှင့် ရုန်းနေသည်။ ကိုစောတို့နှစ်ယောက် အသံလာရာ တောဘက်သို့ကြည့်လိုက်တော့ သက်န်းပင်ကြီးအောက်၌ ရင်ဘတ်မှာ အဖြူကွက်ကြီးတွေနှင့် ဝက်ဝံနှစ်ကောင်ကိုတွေ့လိုက်ရသည်။ အဖိုအဖစုံတွဲဖြစ်ပုံရသည်။ ထိုနှစ်ကောင်သည် သက်န်းပင်ကြီးပေါ်ရှိ ပျားအုံကြီးကိုမော့ကြည့်လိုက် လှည်းတန်းကြီးကိုကြည့်လိုက်ဖြင့် မာန်ဖီနေပါသည်။ နောက်လှည်းများမှ ဈေးသည်မိန်းကလေးတွေက အလန့်တကြားအော်ဟစ်ကြသည်။ နွားတွေလန့်ပြီး စွတ်ရွတ်ပြေးလျှင် ကမ်းပါးချောက်ထဲသို့ထိုးကြသွားနိုင်ပါသည်။

"ဟေး. . . ဟေး. . . ဝူး. . . ဝူး"

ကိုစောနှင့် မောင်မြင့်တို့နှစ်ယောက် အသံကုန်အော်ဟစ်ပြီး ဝက်ဝံတွေကို ခြောက်လှန့်ကြသည်။ ဝက်ဝံနှစ်ကောင်သည် လှည်းတွေ၊ လူသံတွေကြောင့်ကြောက်လန့်ပြီး တောထဲသို့ပြေးဝင်သွားကြသည်။ အကယ်၍ တစ်ယောက်စနှစ်ယောက်စများ ရင်ဆိုင်မိလို့ကတော့ သူတို့လက်သည်းကြီးတွေကြားမှာ ရင်နှစ်ခြမ်းပြန်းပြန်း ကွဲသွားနိုင်၏။ ဆူဆူညံညံ အသံများကြောင့် မုဆိုးကြီးလန့်နိုးလာသည်။

"ကိုစော ဘာဖြစ်တာလဲ။ ဘာကောင်တွေ့လို့လဲ"

"ဝက်ဝံအထီးအမနှစ်ကောင်ပါ။ ပျားတက်ဆွဲမလို့လုပ်နေတုန်း လှည်းတွေ လူတွေတွေ့လို့ မာန်ဖီနေတာ။ ကျွန်တော်ခြောက်လွှတ်လိုက်ပြီ"

"တောက်-နာလိုက်တာ။ ကျုပ်ကို နှိုးလိုက်ရောပေ့။ ဝံသည်းခြေက ဈေးကောင်းရတယ်။ ဆေးဖက်ဝင်တယ်လေ"

"တော်စမ်းပါ။ ရှင်မပစ်ခင် ဟိုဝက်ဝံလင်မယားက လာပုတ်သွားလို့ ရှင့်မျက်နှာစုတ်ပြတ်သွားဦးမယ်"

"တောက်-ဒီမိန်းမကလေ တစ်သက်လုံး ငါအမဲပစ်လာပြီး လုပ်ကျွေးနေတာ ကျေးဇူးမတင်ဘူး ပြောဖို့ပဲသိတယ်"

သူတို့လင်မယားနှစ်ယောက်ကို ကြည့်ပြီး ကိုစောတို့ ရယ်လိုက်ကြရသည်။ တန့်နေသော လှည်းတန်းကြီးက တရွေ့ရွေ့ပြန်ထွက်လာပါသည်။ ဤတောင်ကြောအဆင်း တောင်ခြေ လွင်ပြင်လေးမှာတော့ လယ်ကန်းရွာလေးကို မြင်တွေ့ရပြီဖြစ်ပါသည်။ ရွာအရှေ့ဘက်တောင် ကုန်းမြင့်မြင့်လေးမှာက ထုံးသက်န်းရောင်ဖွေးဖွေးဖြင့် လယ်ကန်းစေတီလေးတည်ရှိနေပါတော့သည်။

*

"မောင်ကြီးကို ကျေးဇူးတင်ပါတယ်ရှင်။ တောလမ်းမှာတောကောင်

အန္တရာယ်ကကာကွယ်ပေးလို့ အချိန်များအားလပ်မယ်ဆိုရင် ကျွန်မတို့အိမ်ကို ထမင်းစားကြွစေချင်ပါတယ်"

မစိုးလေးက အပြုံးသဲ့သဲ့ဖြင့် ဖော်ရွေစွာပြော၏။ ကိုစောမျက်နှာကြီး ပြုံးစိစိဖြစ်လာ၏။ မုဆိုးကြီးဦးထောင်ပိုက အမူးမပြေသေးသောအသံဖြင့် ဝင်ပြောသည်။

"မပူနဲ့။ ငါကိုယ်တိုင် လက်ဆွဲပြီး ခေါ်လာခဲ့မယ်။ ချေသားခြောက်ကို တောခရမ်းချဉ်သီးလေးနဲ့ ငရုတ်သီးစပ်စပ်ချက်ထား ထမင်းလာစားမယ်"

မုဆိုးကြီးကိုကြည့်ပြီး သူတို့လူစုရယ်လိုက်ကြသည်။ မစိုးလေးတို့လည်း မုဆိုးကြီးအိမ်ကိုကျော်၍ ရွာထဲဝင်သွားကြသည်။

"ကောင်မလေးက မွန်မွန်ရည်ရည်လေးဗျ။ ရုပ်ရည်လေး သန့်ပြန့်တယ်။ ဟင်း- ဒါပေမယ့် . . ."

မုဆိုးကြီးစကားသံပျောက်သွား၍ ကိုစောလှည့်ကြည့်လိုက်၏။

"ဆက်ပြောလေဗျာ။ ဘာဖြစ်လို့လဲ"

"သူတို့မိသားစုအဖြစ်က သနားစရာကောင်းသလို ကြောက်ဖို့လည်း ကောင်းတယ်လေ"

"ဘာတွေဖြစ်ကြလို့လဲဗျာ သိရင်ပြောပြပါဦး"

"ညနေကျမှ ဝိုင်းလေးဖွဲ့ရင်းဇာတ်ခုံခင်းပြမယ်။ ပြီးရင်သာကိုစောကြောက်မသွားနဲ့"

မိန်းကလေး၏ဇာတ်လမ်းက ဘာရယ်မှန်းတော့မသိပါ။ သို့သော် ကိုစောရင်ထဲမှာတော့ မိန်းကလေး၏ ပြုံးစစမျက်နှာလေးသည် မေ့ပျောက်၍ရတော့မည်မဟုတ်ပါ"

မုဆိုးကြီးအိမ်မှာ ညနေဖက်ဝိုင်းစတော့ မျောက်သားဆီပြန်ဟင်း၊ မျောက်ချေးခါးဟင်းနှင့် ကောက်ညှင်းအရက်ဖြင့် စည်ကားနေလေ၏။ ကောက်ညှင်းချက်အရက်မီးတောက်တစ်ငုံသောက်လိုက်၊ ဝါးဖွန်းလေးဖြင့် မျောက်ချေးခါးဟင်း ခပ်မြည်းလိုက်ဖြင့် သူတို့တွေအဖွဲ့ကျနေသည်။ မုဆိုးကြီးကတော်သည် အပေါက်သာဆိုးသည်၊ စိတ်ရင်းကောင်း ဖြစ်၏။ သူ့ယောကျ်ားကိုနိုင်လို့ရ၍ နိုင်နေခြင်းဖြစ်ပါသည်။ မုဆိုးကြီးကလည်း ဤသို့မှ ဖိမထားလျှင် မိုးကို မီးနှင့်ရှို့မည့် လူစားဖြစ်သည်။ သူမသည် ကိုစောတို့အား ခင်မင်လေးစားသဖြင့် လိုလေသေးမရှိ ဧည့်ခံနေရှာသည်။

"ကဲ-မုဆိုးကြီး နေ့လည်က ဇာတ်လမ်းလေးဆက်ပါဦး။ မစိုးတို့မိသားစု အကြောင်း"

မုဆိုးကြီးက ချက်အရက်တစ်ခွက်မော့သောက်လိုက်ပြီး မျောက်ခေါင်းဟင်းကိုကြိုက်နေပါသည်။ ပါးစပ်မှပေနေသောအဆီတွေကို လက်နှီးစုတ်ဖြင့် သုတ်လိုက်ပြီး-

"ကောင်မလေးအဖေက ဆရာဘုန်းကြီးရဲ့တပည့် လက်ကန်းဆရာကြီးအဆက်လေ။ သူတို့အဘိုးလို့ပြောတယ်။ သူ့အဖေကိုလည်း ပညာအမွေပေးခဲ့တယ်လို့ပြောကြတယ်။ ကျုပ်တို့မြောက်ယောမှာ လယ်ကန်းဆရာကြီးကို ယှဉ်နိုင်တဲ့သူမရှိဘူးလို့လည်း ပြောကြတယ်။ ကျုပ်အဖေများ ပြောခဲ့ဖူးတာက ဟိုတုန်းက လပြည့်လကွယ်ညတွေမှာဆိုရင် ရွာပြင်မှာလယ်ကန်းဆရာကြီးကို လာပြီး အရိုအသေပေးရတာတဲ့။ ရွာပြင်ကိုဘယ်သူမှ ထွက်မကြည့်ရဲကြဘူး။ တချို့တွေက အိမ်ထရံကြားက ချောင်းကြည့်လို့မြင်ရတာ ရွာပြင်မှာမီးလုံးကြီးတွေတဝင်းဝင်းနဲ့ဆိုပဲ"

မုဆိုးကြီး စကားစရပ်သွားပြီး အရက်ခွက်ကို စောင်းကြည့်၏။ မောင်မြင့်က အလိုက်တသိပင် ဘူးသီးခြောက်ထဲမှ ချက်အရက်အား ခွက်ထဲသို့ငှဲ့ထည့်ပေးလိုက်သည်။ မုဆိုးကြီးက လက်မြန်ခြေမြန်ပင်မော့ချလိုက်၏။

"အဲ - အဘိုးကြီးက မသေခင်မှာ သူ့သားကိုဆေးတွေအကုန် ထိုးပေးသွားတယ်ဟဲ့။ ဒါပေမယ့် ထိုးပေးတဲ့ဆေးတွေက လယ်ကန်းဆေးနက်တွေပဲ။ ဒီတော့ သူ့သားပေါ့။ မစိုးလေးတို့ အဖေလေ။ ဆရာကြီးကိုမေးသတဲ့။ ယုန်ဆင်းဆေးနီကို ဘာလို့မထိုးပေးတာလဲပေါ့။ ဆရာဘုန်းကြီးရဲ့ဆေးမှာ လယ်ကန်းရယ်၊ ယုန်ဆင်းရယ်ပေါင်းလိုက်ရင် ကိုယ်ခံဆေးမှာ ကိစ္စပြီးပြီလေ။ မြောက်ကတော်တို့ယောကတော်တို့တောင် ခန့်ငြားရတာ။ ဘယ်လောက်စွမ်းလဲဆိုတာ စဉ်းစားကြည့်ပေါ့"

ကိုယ်ခံဆေးဝါးများအကြောင်းပါလာပြီဖြစ်၍ ကိုစောနှင့် မောင်မြင့်တို့နှစ်ယောက် မျက်လုံးတွေအရောင်တောက်လာကြ၏"

"အဲဒီဆေးဝါးတွေဆိုတာကလည်း ကတိသစ္စာနဲ့ဗျ။ စည်းကမ်းတွေကြီးတယ်။ ကျုပ်တောင်ငယ်ငယ်က နည်းနည်းပါးပါး ထိုးထားသေးတယ်။ ဒါပေမယ့် အခုတော့ပျောက်ကုန်ပါပြီဗျာ"

အရက်သောက်လိုက်၊ အမဲသားစားလိုက်ဆိုတော့ ပျက်သွားပြီပေါ့"

"ဒါဆို မစိုးလေးတို့အဖေက စည်းကမ်းဖောက်လိုက်လို့ပေါ့နော်"

"မဟုတ်ဘူးဗျ။ အဲဒီဆရာကြီးက စည်းကမ်း ဖောက်တာတော့မဟုတ်ဘူး လောဘကြီးတာ"

"ဘယ်လိုလောဘကြီးတာလဲဗျ။ လင်းစမ်းပါဦး"

"သူက သူ့အဖေထိုးပေးအပ်ပေးခဲ့တဲ့ဆေးဝါးအစီအရင်တွေမှာ တစ်ခုခုကို ချန်ထားခဲ့တယ်လို့ထင်နေတယ်။ သူလည်း ဆရာတစ်ဆူဆိုတော့ တွေ့ကြုံရင်း လိုအပ်တာတွေသိသွားမှာပေါ့"

ပြီးတော့ ယုန်ဆင်းဆေးနီပညာဆိုလည်း အရမ်းလိုချင်နေတယ်လေ။ သူ့အဖေက မသေခင်မှာသွားတယ်။ ဒီလောက်နဲ့ပဲကျေနပ်တဲ့။ ပညာဆက်တက်ချင်ရင် လယ်ကန်းစေတီမှာ ပုတီးစိပ်တရားထိုင်ဖို့မှာသွားတယ်။ အဓိဋ္ဌာန်ကျင့်စဉ်အောင်ရင် လယ်ကန်းဘုရားဆေးစောင့်က ပညာလာအပ်လိမ့်မယ်ဆိုပြီး မသေခင်ပြောသွားတာ။

"လယ်ကန်းစေတီက ခုချိန်ထိနတ်ကြီးသေးလား"

"ကြီးမကြီးတော့မသိဘူး။ ခုချိန်ထိ ဘယ်သူမှဘုရားမှာ သစ္စာဆိုမကျိန်ရဲကြဘူး။ မမှန်တာသွားကျိန်ရင် တန်းထိတာပဲ။ စေတီက လယ်ကန်းဘုန်းကြီးက အစီအရင်တွေနဲ့တည်သွားတာလေ"

"သြော်-ဒါကြောင့်ကိုး"

"ရှင်တို့ ထမင်းမစားကြသေးဘူးလား။ စားမယ်ဆို မုန့်ညင်းချက်လေး နွှေးလိုက်မလို့"

"အေးအေး- မိန်းမရေ ထမင်းပွဲပြင်လိုက်တော့ စားကြမယ်"

ထမင်းစားခါနီးပြီဖြစ်၍ မုဆိုးကြီးသည် အရက်ခွက်ထဲမှ လက်ကျန်ကို အမြန်မော့သောက်လိုက်သည်။ မျောက်ညှိသားဆီပြန်ဟင်း မျောက်ချေးခါးချက် ငရုတ်သီးစိမ်းထောင်းနှင့် မုန်ညင်းချက်လေးက ထမင်းဝိုင်းလေးအား စိုပြေစေပါတော့သည်။

*

လဆန်း ဆယ့်သုံးရက်လသည် ပုံညာတောင်တန်းကြီးထက်မှ ငွေရောင်အလင်းတန်းများ ကြဲချနေပါ၏။ ခင်ပုပ်လင်ကောင်ပိုးမိန်နှင့် တစ်တီတူးငှက်တို့သည် ညချမ်းအချိန်အခါရောက်ပြီမို့ အစာရှာထွက်ကြကုန်၏။ လင်းဆွဲလင်းဝက်တို့က သီးပင်များအကြား ဟိုသည်တိုး၍အစာရှာနေကြသည်။ ခပ်လှမ်းလှမ်းတောအုပ်ထဲမှ သမင်တို့၏ တဟောက်ဟောက်မြည်သံ၊ ချေတို့၏ တိန်တိန်မြည်သံများက တစ်ချက်ချက်ထွက်ပေါ်လာပါသည်။ တစ်ခါတရံ

ကျားတစ်သံများပင် ကြားရတတ်၏။ ပိုးမွှားများ၏ တကျီကျီမြည်သံတွေက ညပုံရိပ်ကိုလွှမ်းမိုးနေ၏။

လယ်ကန်းရွာလေးကား လူသံ၊ ကြက်သံ၊ နွားသံပင်မကြားရဘဲ ပုံညာတောင်တန်းကြီးအလယ်၌ ကွေးကွေးလေးငြိမ်သက်နေပါသည်။ တဲအိမ်တချို့မှပျားဖယောင်းမီး အလင်းရောင်လေးများကို ကျိုးတို့ကျဲတဲမြင်တွေ့နေရပါသည်။

တဲရှေ့ကပြင်မှာ သူတို့သုံးယောက် ဝိုင်းထိုးလိုက်သည်။ ရေနွေးကြမ်း၊ မျောက်ချေးခါးဟင်းအမြည်းနှင့် စကားဝိုင်းဆက်ကြပြန်သည်။ ကိုစောသည် ပြောင်းဖူးဖက်ဆေးလိပ်တစ်လိပ်ကို လိပ်နေ၏။ မုဆိုးကြီးက ဘူးသီးခြောက် အရက်ဘူးကို မ,လာပြန်ပါ၏။

"မုဆိုးကြီး ထမင်းစားပြီးပြီလေ။ ထပ်သောက်ဦးမလို့လား"

"ချမ်းတယ်ဗျ။ စကားပြောကောင်းအောင် အာလေးဆွတ်ရုံပါ"

"ကဲပါ - ညနေက စကားကိုပြန်ဆက်ပါဦး"

မုဆိုးကြီးသည် ကိုစောအား ပြုံးဖြီးဖြီးနှင့်ကြည့်ရင်း-

"ကိုစောက မစိုးလေးကို တော်တော်စိတ်ဝင်စားနေပြီနော်။ အင်း- ကောင်မလေးကလည်း ရုပ်လေးသနားကမားနဲ့ကိုး"

"မဟုတ်ပါဘူးဗျာ။ ကာယသိဒ္ဓိကိုယ်ခံဆေးနဲ့ ပတ်သက်နေတယ်ဆိုလို့ပါ"

"အဲဒါလည်း တစ်ကြောင်းပေါ့။ သနားတာလည်းတစ်ကြောင်းပေါ့။ ဟားဟား"

မုဆိုးကြီး နှစ်နှစ်ခြိုက်ခြိုက်ရယ်လိုက်ရင်း ချက်အရက် တစ်ငုံမော့လိုက်ပြန်သည်။ ထမင်း မစားခင်လည်း သောက်၊ စားပြီးလည်း သောက်နှင့် သောက်ပဲသောက်နိုင်လွန်းသည့် မုဆိုးကြီးဖြစ်သည်။ မျောက်ချေးခါးတစ်ဇွန်းခပ်စားလိုက်ပြီး ဆီဝေ့နေသောပါးစပ်အား လက်သုတ်ဖြင့်သုတ်လိုက်သည်။

"ကောင်မလေးအဖေက ဒီပညာနဲ့ပတ်သက်လာရင် လောဘကြီးတယ်ပဲခေါ်မလား။ ပညာကိုရေဆုံးမိုးဆုံးလိုက်တယ်ပဲပြောရမလားမသိဘူးဗျ။ သူ့အဖေပေးခဲ့တဲ့ပညာအမွေနဲ့အားမရဘူး"

"အင်း-ဒေသတစ်ခွင်မှာ ဘယ်သူမှမော်မကြည့်ဝံ့အောင် ဆရာတစ်ဆူဖြစ်ချင်နေမှာပေါ့"

"သူက ယုန်ဆင်းပညာလည်းရလိုက်ရင် ယုန်ဆင်းအဆက်တွေကိုနိုင်ပြီလေဗျာ။ ဒီတော့ လယ်ကန်းဘုရားမှာ ညဘက်ဆို အမိဋ္ဌာန်ကျင့်စဉ်တွေကျင့်ပါလေရော"

"အဲဒါဆိုသူအောင်မြင်သွားလား"

ကိုစော စိတ်ဝင်တစားမေး၏။ တဲအနီး မရန်းပင်ကြီးထက်မှ ခင်ပုတ်ငှက်တို့ တကွိကွိအော်သံပေးကြသည်။ မုဆိုးကြီးသစ်ပင်ဝေါ်သို့ မော့ကြည့်လိုက်ရင်း အနီးမှလောက်လေးနှင့်ပစ်ထည်လိုက်သည်။ ညဘက်ဆို တယ်နားငြီးတဲ့ငှက်တွေပဲ။ ဇာတ်လမ်းက ဒီနေရာမှာစိတ်ဝင်စားဖို့ကောင်းလာပြီဗျ။ ဆရာဘုန်းတော်ကြီးက လယ်ကန်ဆေး၊ ယုန်ဆင်းဆေးတွေနဲ့ ဌာပနာပြီး တည်သွားတဲ့စေတီဆိုတော့ ဆေးစောင့်ကကြမ်းတယ်။ တန်ခိုးကြီးတယ်ဗျ။ တော်ရုံလူဆိုရင် ဒီပညာရဖို့မပြောနဲ့ စေတီမှာပုတီးစိပ်ရင်ပဲ ထွက်ပြေးရတာ။ ဒါပေမယ့် မစိုးလေးအဖေကလည်း ဆရာတစ်ဆူပဲဟာ။ နည်းနည်းမှ မကြောက်ဘူး။ ဆေးစောင့်ကထွက်ထွက်ပြီး ခြောက်လှန့်တယ်ပြောတာပဲ။ တစ်နေ့မှာတော့ . . ."

မုဆိုးကြီး စကားစကိုဖြတ်ရင်း အရက်ဘူးကို လက်လှမ်းလိုက်ပြန်သည်။

"မုဆိုးကြီး မဝသေးဘူးလား။ သောက်ပြန်ပြီ"

"ဒီတစ်ခွက် နောက်ဆုံးလေး။ တော်ပါပြီ"

"ကဲ- ဒါဆိုလည်းစကားဆက်လေဗျာ။ ဘာတွေဖြစ်ကြလဲ"

မုဆိုးကြီးခွက်ထဲမှအရက်ကို တစ်ရှိန်ထိုးမော့ချလိုက်ပြီး ပါးစပ်ကို တပျပ်ပျပ်လုပ်နေပါသည်။ ဟိုကြည့်သည်ကြည့်လုပ်ရင်း"

"ပြောရင်းနဲ့ ကြက်သီးထလာပြီဗျ။ ကြောက်တယ်"

သူဆက်ပြောပြသည့် ဇာတ်လမ်းမှာ ဤသို့ဖြစ်၏။

*

ရွာမြောက်ဘက်တောအုပ်အစပ်ပေနှစ်အမြင့်ခန့်ရှိ တောင်ကုန်းထက်၌ ဉာဏ်တော်ဆယ့်ရှစ်တောင်ခန့် ထုံးဖြူဖြူဖွေးဖွေးနှင့် စေတီတစ်ဆူတည်ရှိနေပါသည်။ မြောက်အရပ်သို့ မျက်နှာပြုထားသောတဝဂူစေတီဖြစ်၏။ တစ်ဝဂူလေးမှာလူတစ်ယောက်ထိုင်ပြီး ဝတ်ပြုရုံသာကျယ်ဝန်းသည်။ မြောက်လေအရှူးမှာ ထီးတော်မှ ခေါင်းလောင်းဆည်းလည်းလေးများလှုပ်ခတ်မှုကြောင့် မချွင်ချွင်မြည်လျက်ရှိသည်။ ထိုတစ်ဝဂူထဲ၌ လူတစ်ယောက် ပုတီးစိပ်လျက်ရှိသည်။ တစ်ဝဂူထဲအတွင်းမှာ ကျောက်ဆင်းတုတစ်ဆူရှိသည်။ ထွန်းညှိပူဇော်ထားသော ပျားဖယောင်း အလင်းတိုင်ကြောင့် ဂူအပြင်ဘက်သို့ အလင်းရောင်ကဖြာထွက်နေပါသည်။ သစ်ပင်ချုံပုတ်သွားမှ တောတိုးမွှားကောင်လေးများ၏ တကျီမြည်သံများက စည်းချက်ကျကျထွက်ပေါ်နေပါသည်။ ဤစေတီလေးသို့ ညနေစောင်းသည်နှင့် ရွာထဲမှလူတွေ မလာရဲကြတော့ပါ။ ပုတီးစိပ်နေသောလူပုဂ္ဂိုလ်မှာ မစိုးလေး၏ဖခင်လယ်ကန်းရွာသား ဆရာကြီးဦးအောင်ထိပ်ဖြစ်သည်။ သူသည်အနက်ရောင်ဆေးပုတီးကြီးကို တချောက်ချောက် စိပ်လျက်ရှိ၏။ နေ့စဉ် ဂုဏ်တော် (၁၀၈) ပတ်ရအောင်စိပ်ပါသည်။ (၁၀၈) ရက်တိတိစိပ်ရမည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် (၁၀၈) ရက်စီစိပ်ပါ။ ပြီးလျှင် သမ္ဗုဒ္ဓေဂါထာတစ်ထောင့်ပြည့်အောင် စိပ်ရဦးမည်။ ဤကျင့်စဉ်ပြီးလျှင် တစ်စခန်းအောင်မြင်မည်ဖြစ်ပါသည်။ ကျင့်စဉ်အောင်လျှင် ဆေးစောင့်ဆီမှ ယုန်ဆင်းဆေးနီကို တောင်းရမည်။။ သူအဓိဋ္ဌာန်ဝင်ခဲ့သည်မှာတစ်နှစ်ပြည့်ခါနီးပြီ ဖြစ်၏။ ယခုစိပ်နေသော သမ္ဗုဒ္ဓေဂါထာတော်ကြီးပြီးလျှင်အောင်ပြီဖြစ်သည်။ အမိဋ္ဌာန်ပြည့်ခါနီးပုတီးဆယ်ပတ်ခန့်အလို၌ စေတီတော်တည်ရှိရာတောင်ပေါ်သို့ လူအစုလိုက်တက်လာသော ခြေသံများကိုကြားရသည်။ ပြီးနောက် စေတီရင်ပြင်လေးမှာထိုင်လိုက်ကြသည့် ချိုးချိုးချွတ်ချွတ်အသံများကိုလည်း ကြားလိုက်ရသည်။ စိပ်လက်စပုတီးကို ခဏရပ်ပြီး မျက်စိမှိတ်ထားရင်းစဉ်းစားနေမိသည်။ ဤစေတီလေးသို့ ဘယ်ရပ်ဝေးမှ ဘုရားဖူးဧည့်သည်တွေမလာဖူးပါ။ ရပ်နီးကျေးရွာများမဆိုထားဘိ လယ်ကန်းရွာထဲမှပင် သိပ်မလာရဲကြပါ။ ရွာထဲမှအသက်ကြီးကြီးအဘိုးအဘွားတချို့နှင့် မိန်းကလေးတွေစုဖွဲ့ပြီး မကြာမကြာပန်းရေချမ်းဆီမီးလာရောက်၍ ကပ်လှူပူဇော်ကြသည်။ စေတီလေးကမမှန်တာ ကျိန်ဆိုမိလျှင်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး အငြင်းအခုံဖြစ်၍ သူမှန်သည်၊ ငါမှန်သည် မမှန်ပါက ဘာဖြစ်ပါစေ၊ ညာဖြစ်ပါစေဟု စေတီတော်လေးရှေ့မှာကျိန်ဆိုမိခဲ့လျှင် မမှန်သည့်သူသည် ချက်ချင်းလက်ငင်း ဒုက္ခရောက်တတ်လွန်း၍ တော်ရုံလူမလာရဲကြခြင်း ဖြစ်သည်။

ယခုည အချိန်မတော်ကြီးမှာ

သူ့ပုတီးအဓိဋ္ဌာန်ပြည့်ခါနီးမှ ဘယ်ကလူတွေရောက်လာကြသနည်း။ လူအစုအဝေးက ခဏာမျှငြိမ်သက်သွား၍ သူပုတီးပြန်စိပ်ပြန်ပါသည်။

'ယဿာနုဘာဝတော၊ ယက္ခာနေဝဒဿန္တိ ဘီသနံ'

မိန်းမတွေ တစ်စုတဝေးကြီး မေတ္တသုတ်ပရိတ်တော်ကို အကျယ်ကြီးရွတ်ဆိုလိုက်သောအသံကြီး ဖြစ်ပါသည်။ ဆူညံစွာရွတ်ဆိုနေကြ၍ သူဘယ်လိုမှ ပုတီးဆက်စိပ်လို့မရတော့ပါ။ နားနားကပ်၍ အော်ဟစ်နေကြခြင်းဖြစ်သည်။ သူသဘောပေါက်သွားပါတော့သည်။ သူ့အဓိဋ္ဌာန်ပြီးခါနီးမှာမှလာ၍ ဖျက်လိုဖျက် စီးလုပ်နေကြခြင်းဖြစ်၏။ စိတ်ကိုတည်ငြိမ်စွာထားလိုက်ပြီး သမ္ဗုဒ္ဓေ ဂါထာတော် အား စိတ်ထဲမှရွတ်နေရာမှ နှုတ်မှအသံတိုးတိုးထွက်၍ရွတ်ဆိုရင်း ပုတီးကိုတစ်လုံးခြင်း မမှားအောင် စိပ်နေလိုက်သည်။ ကိုယ်ရွတ်နေသည့်ဂါထာတော်မှာ အာရုံပြု၍ သူတို့အသံတွေကို မကြားရအောင်မောင်းထုတ်လိုက်သည်။

ပုတီးပတ်နောက်ဆုံးအလုံးအလို-

"အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်တော်။ သာဓု. . . သာဓု. . . သာဓု"

သူတို့ရွတ်နေသည့် မေတ္တာသုတ်အား ချက်ချင်းကြီးရပ်ပစ်လိုက်ပြီး ချက်ချင်းအမျှဝေကြသည်။

သူ့အဓိဋ္ဌာန်ပြီးမြောက်သွားပြီဖြစ်၍ ရုပ်ပွားတော်အား ဦးသုံးကြိမ်ချပြီး မျက်စိဖွင့်ကြည့်လိုက်သောအခါ ဘယ်သူမှမရှိကြတော့ပါ။ ဘယ်ရောက်သွားကြသနည်း။ ဒါပေမယ့် ပူဇော်ထားသောပျားဖယောင်းအလင်းတိုင်၏ အလင်းရောင်သဲ့သဲ့အောက် စေတီတော်ရာဟုထောင့်၌ ထွားကျိုင်းလှသော တစ်ကိုယ်လုံးနီရဲနေသည့် လူကြီးတစ်ဦးဆောင့်ကြောင့်ထိုင်နေသည်ကို တွေ့လိုက်ရပါတော့သည်။ ထိုလူကြီးသည် သူ့အား ရဲရဲနီသောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေပါသည်။

"ခင်ဗျား- ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ဘုရားပေါ်ရောက်နေရတာလဲ"

ဆရာကြီးဦးအောင်ထိပ်ဆိုသောသူသည် ဤနယ်တစ်ကြောမှာဆရာကြီးတစ်ဆူဖြစ်၏။ တော်ရုံနတ်ဆိုး၊ ဘစ္ဆေ၊ ပြိတ္တာ၊ ဖုတ်၊ သဘက်၊ ဘီလူးလောက်ကိုတော့ နှုတ်မိန့်ဖြင့်ပင်နှင်နိုင်သူဖြစ်သည်။

ထို့ကြောင့် ဤလူကြီးကို ခပ်ထန်ထန်ပင်မေးလိုက်သည်။

"ကျုပ်က ခင်ဗျားတွေ့ချင်နေတဲ့ ဆေးစောင့်ပဲ"

ထိုလူကြီးဆီမှ အက်ကွဲကွဲအသံကြီးဖြင့် ပြန်ဖြေသံကြားရသည်။

"ဒါဆို ကျုပ်လိုချင်တဲ့ ယုန်ဆင်းဆေးနီကိုပေးပါ။ ကျုပ်အဓိဋ္ဌာန်ပြီးပြီ"

"ခင်ဗျားဟာခင်ဗျား အဓိဋ္ဌာန်တာပဲ။ အဓိဋ္ဌာန်ပြီးသွားရင်ပေးပါ့မယ်လို့ ကျုပ်ကတိပေးခဲ့လား"

ထိုလူကြီးပြောစကားကြောင့် သူ့အူကြောင်ကြောင် ဖြစ်သွား၏။ ဟုတ်တော့လည်းဟုတ်နေသည်။

"အေးအေးဆေးဆေးတောင်းလို့မှ မပေးရင် ခင်ဗျားကိုချုပ်ပြီးယူမယ်။ ကျုပ်ကိုအဆိုးမဆိုပါနဲ့။ ပေးမလား၊ မပေးဘူးလားပြော"

"ခင်ဗျားဟာခင်ဗျား လုပ်ချင်တာလုပ် ဘယ်လိုနည်းနဲ့ပဲယူယူ ကျုပ်ဂရုမစိုက်ဘူး"

ဆေးစောင့်က ပမာမခန့်ပြောလာတော့ ဆရာကြီး ဦးအောင်ထိပ်သည် လွယ်အိတ်ထဲမှ သိမ်ဝင်သပိတ်ကွဲတစ်ချပ်ကိုထုတ်လိုက်သည်။ ထိုသပိတ်ကွဲပေါ်တွင် သရဏဂုံစမွှာနဝချုပ်အင်းကို စီရင်ထားခြင်း ဖြစ်၏။ ဟင်းအပေါ်မှာ ဖယောင်းတိုင်တစ်တိုင် မီးထွန်းလိုက်၏။ အင်းနှိုးဂါထာကို ရွတ်ဆိုလိုက်ပြီး ချည်မန်းကွင်းရှေ့ချကာ အင်းစောင့်အား ဆေးစောင့်ကိုချုပ်ဖို့ စေလွှတ်လိုက်ပါသည်။

"ဟား. . . ဟား. . . ဟား ငါ့ကို ချုပ်ဖို့ရပါလိမ့်မယ်။ ကိုယ့်ဟာကိုကြိုက်သလိုယူ၊ ကျုပ်ကိုချုပ်ဖို့ မစဉ်းစားနဲ့သွားပြီဗျို့"

ထိုလူကြီးသည် မီးခိုးမျှင်များကဲ့သို့ လေမှာလွင့်ပြီး ပျောက်သွားပါတော့သည်။ သူ့အင်းမှာထွန်းထားသော ဖယောင်းတိုင်မီးသည်လည်း ငြိမ်းသွားခဲ့ပါသည်။ သူဘယ်လိုမှ လုပ်လို့မရသည့် အဆုံးရွာထဲသို့ပြန်ခဲ့ရပါတော့သည်။

*

"အဖေ ဘာဖြစ်နေတာလဲ"

"သမီးရယ် လယ်ကန်းဘုရားက ဆေးစောင့်လူပါးဝတယ်။ အဖေ့ကိုပမာမခန့်လုပ်သွားတယ်"

"ဩော်-အဖေရယ် ဒီဆေးနှစ်မျိုးလုံးကိုရပြီး အသုံးပြုနိုင်ရင် မှော်ဆေးဝိဇ္ဇာအဆင့်တောင်ရောက်ပြီလို့ ဆိုခဲ့တာ ဆေးစောင့်ကလည်းတော်ရုံပုဂ္ဂိုလ်ဖြစ်မလား"

"ငါ့ကို ပြောသွားသေးတယ်။ ကိုယ့်ဟာကိုကြိုက်သလိုယူတဲ့"

ဦးအောင်ထိပ်သည် တဲရှေ့ကပြင်မှာထိုင်ရင်း ဆေးလိပ်ဖွာ၍ စဉ်းစားခန်းထုတ်နေပါသည်။ တစ်အောင့်ကြာသောအခါ တဲခြေရင်းမှာ ထောင်ထားသော တူရွင်းငန်းပြားနှင့် သံတူရွင်းကိုဆွဲယူလိုက်ပါသည်။

"အဖေ ဘာလုပ်မလို့လဲ"

"ငါ စေတီဌာနပနာတိုက်ကိုဖောက်မယ်။ ဌာပနာတိုက်ထဲမှာ ဆရာဘုန်းကြီးရဲ့ယုန်ဆင်းဆေးနီ လယ်ကန်းဆေးနက်နဲ့ ဘုန်းကြီးအမြဲဆောင်တဲ့ ဓာတ်လုံးရှိတယ်လို့ အဖေပြောခဲ့တာ။ ဌာပနာတိုက်ကို ဖောက်ယူမှရမှာ"

"အဖေရယ် မလုပ်ပါနဲ့လား။ မကောင်းပါဘူး"

"ဒီလိုမှမယူရင် ရမှာမဟုတ်ဘူး။ ပြီးရင် ပြန်ပိတ်ထားလိုက်မယ်။ ဘုရားဌာပနာယူတာမှမဟုတ်တာ။ ဆေးကိုယူတာပဲဟာ"

"စေတီကို ဖျက်တယ်ဆိုကတည်းကမကောင်းပါဘူး အဖေရယ်။ သမီးတော့ အားမပေးဘူး"

"သမီး ညည်းဟာညည်း အသာနေ အဖေ့ကိစ္စကိုဘာမှမစွက်ဖက်နဲ့"

"ပြောမရလည်း သဘောပဲအဖေရယ်။ သမီးတော့ အိပ်မက်တွေလည်း မကောင်းဘူး။ မျက်ခုံးတွေကလည်း အရမ်းလှုပ်တာပဲ"

ညနေစောင်းအချိန်တွင် ဆရာကြီးဦးအောင်ထိပ် လယ်ကန်းစေတီတော်ရှိရာ တောင်ကုန်းဘက်သို့ သံတူရွင်း၊ ငန်းပြားထမ်း၍ ထွက်သွားပါတော့သည်။ မစိုးလေးသည် ဖခင်ဖြစ်သူ၏ အင်းဆေးကွက်တွေ နက်မှောင်ထနေသော ကျောပြင်အား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။ သူမ၏ဖခင်ဖြစ်သူအား နောက်ဆုံးအကြိမ်မြင်လိုက်ရသည်ကိုတော့ သူမမထင်ခဲ့မိပါချေ။

လယ်ကန်းစေတီတော်တည်ရှိရာ တောင်ကုန်းသည် ထူးခြားစွာတိတ်ဆိတ်နေပါသည်။ တောကျေးငှက်သံပင် မကြားရပါ။ ယခင်ကဆိုလျှင် တောင်ကုန်းအခြေ ဆီးဖြူပင်များပေါက်နေရာ၌ ဆီးဖြူသီးလာစားသော ဆတ်၊ ချေအစရှိသည့် တောတိရစ္ဆာန်လေးများကို တွေ့ရတတ်သည်။ ယခုအချိန်မှာတော့ နေဝင်ရီတရောမှာ မြည်ကြွေးတတ်သည့် မျောက်ညိုတို့၏အော်သံ၊ ပုစဉ်းရင်ကွဲသံ အိပ်တန်းအက်မည့်ငှက်တို့၏ အသံပင် မကြားရပါ။

သူသည် တောင်ကုန်းပေါ်သို့ သစ်ပင်များကြားမှာ ခြေသွားလမ်းလေး အတိုင်းပတ်တက်သွားသည့်စေတီလေး အနီးအရောက်တွင်. . .

ဆက်ရန်

သန့်ဇင်

နတ်ဝိဇ္ဇာကြီး
ဒေါ်သုမနဝိစိတ္တ
(B.Sc, H.G.P, Dip.Ed)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၉) ရက်၊ (ကြာ) နေ့ ၆-၁-၂၀၁၇ နေ့ တွင်၊ တနင်္သာရီမြို့သို့ စာရေးသူရောက်ခဲ့ပါသည်။ ပုဂံခေတ်မတိုင်မီကရှိခဲ့သော နန်းမြို့ပါ။ မြန်မာမင်းတို့အဆက်ဆက်ပိုင်ဆိုင်ခဲ့သော မြန်မာပိုင်နယ်မြေဖြစ်ခဲ့ပါသည်။ ရှေးဟောင်းယဉ်ကျေးမှုများပြားစွာရှိနေပါ၏။ တနင်္သာရီမြို့ကလှပ၏။ တနင်္သာရီမြစ်က သန့်ရှင်း၏။ မြို့သူမြို့သားများက စိတ်ဖြူစင်၏။ ကူညီရိုင်းပင်းမှုများလှ၏။ ရိုးသားကြပါ၏။ နေ့၊ ညမည်သည့်အချိန်၌မဆို လမ်းမှာ၊ ဈေးမှာ၊ အိမ်မှာ ဘယ်နေရာကပစ္စည်းမဆို မပျောက်ပျက်ပါ။ အရိုးခံ မြို့ကလေး အဖြစ်ထင်ရှားလှပါသည်။ ဗုဒ္ဓဘာသာဝင်များ၏ ရိုးသေကိုင်းရှိုင်းမှုအပြည့်ကိုလည်း၊ အလွန်မတန်လေးစားစရာပါ။ သက်တော်ကြီးရဟန်းများ (၁၀၀) နီးပါး ရှိကြပါ၏။ တနင်္သာရီတိုင်း တစ်ခုလုံးက လေးစားရိုသေခဲ့သော ဆရာတော်ကြီး (၁၂) ပါးရှိခဲ့၏။

တနင်္သာရီမြို့တွင်ဝက်ဘာတောင်ကြီးရှိပါ၏။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ အောင်မြေကုန်းဟုဆိုပါ၏။ သာသနာ အဆောက်အအုံများ၊ ရန်အောင်မြင်ဆံတော်ရှင်စေတီတော်၊ ရုပ်ပွားတော်ကြီးများ၊ ရွှေသာလျောင်းရုပ်ပွားတော်ကြီးတို့ကို ဖူးမြော်ရ၏။ ကျောင်းကြီးများ၊ ဇရပ်များကိုတွေ့ရပါ၏။ နှစ်ပေါင်းများစွာက ဝက်ဘာတောင်မြင့်ကြီးသည် တောကြီးအတိုပြီးခဲ့ပါ၏။ သာသနာပွင့်လင်းလာအောင် သာသနာပြုခဲ့သူ ဆရာတော်ကြီးမှာ ဦးဥက္ကံသ ဖြစ်ပါသည်။ ဆရာတော်ကြီး ၄-၄-၂၀၁၆ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပြီးဖြစ်ပါသည်။ ပျံလွန်တော်မူချိန်သက်တော် (၁၀၀) နှစ်ပြည့်လုနီးပါး ဖြစ်ပါပြီ။ ရုပ်ကလာပ်တော်ကိုသာ စာရေးသူတို့ဖူးမြင်ရပါတော့သည်။

စေတီတော်ကြီးအနီး ဆရာတော်ကြီး၏ရုပ်ကလာပ်ဗိမာန်တော် ရှိပါသည်။ ရုပ်ကလာပ်ကို မှန်ခေါင်းဖြင့်ထည့်သွင်းပူဇော်ထားပါသည်။

မျက်လုံးတော်၊ နှာခေါင်းတော် ၊ နှုတ်ခမ်းတော်တို့ကို ပီပီပြင်ပြင်ဖူးမြင်ရပါသေးသည်။ မျက်ခုံးမွေးတော်များကလည်း ထင်ထင်ရှားရှား တွေ့ရတုန်းပါ။ ဗိမာန်တော်၌ ချိတ်ဆွဲထားသော ဆရာတော်ကြီး၏ပုံတော်ကပြုံးပြုံးကြီးပါ။ မေတ္တာကြီးမားသူ၏ သင်္ကေတပါ။ စာရေးသူကျေနပ်မိ၏။ ပုဂ္ဂိုလ်ထူး (၁)ပါး ကိုဖူးရသည်ဟု စိတ်ကမှတ်ချက်ချမိ၏။ စိတ်ချမ်းသာပါ၏။

ဗိမာန်တော်အနီး၊ သပ်ရပ်လှပသောရေချမ်းစဉ်ရှိ၏။ ရေချမ်းစဉ်ဒကာမမှာဒေါ်တင်ဝင်းဖြစ်၏။ ရေသောက်၏။ ရေဒကာမကို စာရေးသူမေတ္တာပို့၏။ ရေဒကာမဒေါ်တင်ဝင်း အနီးကပ်ပြုစုမှုကို ဆရာတော်ကြီးခံယူခဲ့ရသည်ဟုသိရပါသည်။ အလွန်မတန်ကြည်ညိုသူက ဒေါ်တင်ဝင်းပါတဲ့။ ဆရာတော်ကြီး၏ တပည့် မဒေါ်တင်ဝင်းကို စာရေးသူသိချင်လာပါ၏။ စိတ်ဝင်စားမိ၏။

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း (၂) ရက် ၂၉-၁-၂၀၁၇ (၁) နွေနေ့။ တနင်္သာရီမြို့၊ မြို့ဦးကျောင်းတိုက်တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲစတင်ပါ၏။ စာရေးသူ၏လှူလို၏။ သွားခဲ့ပါ၏။ ဝက်ဘာ ဆရာတော်ကြီးတပည့်မ ဒေါ်တင်ဝင်း (ချောင်းကြီးရပ်) ကိုတွေ့ဆုံရပါ၏။ ဆရာတော်ကြီး၏ အကြောင်းများကို ဒေါ်တင်ဝင်းပြောပြခဲ့၏။

ဒေါ်တင်ဝင်း ပြောပြချက်များကို စိတ်ဝင်စားရ၏။ သနားကရုဏာဖြစ်ရ၏။ ဆရာတော်ကြီးကို ကြည်ညိုမှုဖြစ်ရ၏။ ရင်တွင်းခံစားချက်ဖွင့်ပြခြင်းပါ။ (မျက်ရည်အသွယ်သွယ်ကျလျက်ပါ)

၁၃၁၅ ခုနှစ်ကပါ။ ဝက်ဘာတောင်သည်၊ တောကြီးအတိဖုံးနေပါသည်။ ဘုရားစေတီပျက်များရှိခဲ့ပါ၏။ ဘုမ္မိရတ်များ၊ နဂါးသိုက်များရှိသည်ဆိုပြီးမသွားရဲကြပါ။ သောင်းကျန်းသူများ၏နယ်မြေကလည်းဖြစ်နေ၍ လူများရှောင်ကွင်းခြင်း ဖြစ်ပါသည်။ ဝက်ဘာတောင်သို့ စစွာဦး ရသေ့ကြီးဖစုဟန် ရောက်ရှိခဲ့ပါသည်။ မကြာကပ်မရှ့ ဝါးကျောင်းငယ်တစ်ပါးနေဖြင့် သီတင်းသုံးခဲ့၏။ အသက်ပေး၍ စွန့်စားခဲ့ပါသည်။ သစ်ဥ၊ သစ်ဖုဖြင့် ဘုဉ်းပေး၏။ ဆန်စိမ်းကိုသုံး၏။ တရားကျင့်ကြံ၏။ သားရဲကျားများပင် ရှိသောတော၌ အသက်ကိုမငဲ့ဘဲတရားကျင့်၏။ နှစ်များစွာ ရသေ့ဘဝနှင့်ကျင့်ကြံ၏။ ပြီးလျှင် ရဟန်းဘဝသို့ ကူးပြောင်းခဲ့၏။ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးပဒုမကို ဥပဇ္ဈာယ်ပြု၍ရဟန်းဖြစ်ခဲ့၏။

ရဟန်းဘဝ၌ ပို၍ကျင့်ကြံ၏။ အားထုတ်မှုပိုခဲ့၏။ ဖိနပ်မစီး။ ထီးမဆောင်း။ စကြံသွားလျှင် ရှေ့ (၄) တောင်ခန့်သာကြည့်၏။ မျက်နှာမသစ်။ ရေမချိုး။ စေတီပျက်များကို ပြုပြင်ခဲ့ပါ

သည်။ စေတီပျက်မှာ ဆံတော်ကို ဌာပနာထားခဲ့၏။ (ဗုဒ္ဓ၏ဆံတော် ဗုဒ္ဓကိုယ်တော်ကြွခဲ့စဉ်က မထေ်သူကြွယ်အား၊ ဆံတော်ချီးမြှင့်ခဲ့ပါသည်။ ထိုဆံတော်ကို ဌာပနာ၍စေတီပြုခြင်းပါ) ထိုနေရာမျိုး၌ သာသနာပြုရသည်မှာ အဆင်မပြေလှပါ။ လူသူမလာရောက်ကြသောကြောင့် အခက်အခဲများရှိခဲ့ပါသည်။

ကြာမြင့်ခဲ့သော အချိန်ကပါ။ တနင်္သာရီမြို့သို့ နယ်ခြားတောင်တန်းဆရာတော်ကြီးဦးဥတ္တမသာရ ကြွလာခဲ့ပါသည်။ လူတိုင်းကြည်ညိုကြသော(ရေဆူဆရာတော်ကြီး)ပါ။ မေတ္တာအလှူပေးရန် ရောက်ရှိလာခဲ့ပါသည်။ ဆရာတော်ကြီးက မေတ္တာကြီးလှပါ၏။ မြန်မာပြည်တန်တလျားကို မေတ္တာဖြင့်ကူညီခဲ့ပါသည်။ ရေဘေး၊ လေဘေး၊ မီးဘေး၊ တော်မှတ်ဘေး၊ သောင်းကျန်းသူဘေး၊ ရောဂါဘေးများမှ ကာကွယ်ပေးခဲ့ပါသည်။ (သဲ၊ ချည်၊ ဆီ၊ ရေ) များက ပရိတ်အစွမ်းကြောင့် မေတ္တာကြောင့်၊ အစွမ်းကုန်တန်ခိုးပြ၏။ နယ်ခြားတောင်တန်းဆရာတော်ကြီး၏ တောင်ဝှေးဖြင့်တို့ခြင်းခံရပါက (သေအံ့ဆဲဆဲ) ရောဂါရှင်များ သက်သာပျောက်ကင်း၏။ ခန္တီနိတောင်ပေါ် (မြန်မာနှင့်အိန္ဒိယနယ်စပ်ကြား)တွင် ဆင်၊ ကျား၊ မြွေ၊ ကင်း၊ ပျားတို့အား မေတ္တာပွားများနိုင်ခဲ့၏။ ယဉ်ပါးစေ၏။ ဆရာတော်ကြီးနှင့် ကျားအတူတူနေထိုင်ခြင်း။ ပဆုပ်ပနီပျားများက ဆရာတော်ကြီးကို မကိုက်ကြကြောင်း၊ စာရေးဆရာတိုင်း ရေးဖူးပါပြီ။ ဆရာတော်ကြီးကိုယ်တိုင်လည်း ဓမ္မဗျူဟာ၌ ရေးသားဖူးပါပြီ။

နယ်ခြားတောင်တန်းဆရာကြီးထံ ဝက်ဘာဆရာတော်ဦးဥက္ကံသခယ ဝပ်တွားခဲ့၏။ နည်းနာအကူအညီတောင်းခံခဲ့၏။ ရေဆူဆရာတော်ကြီးက မေတ္တာများစွာထားပါ၏။ မေတ္တာပွားနည်းပေးခဲ့ပါ၏။ ဘုရားဂုဏ်တော်ပွားများနည်းကိုပေးခဲ့ပါ၏။ ပဋ္ဌာန်းစွဲမြဲစွာရွတ်ဖတ်ပူဇော်ရန် နည်းပေးခဲ့ပါ၏။ ဝက်ဘာဆရာတော်က လိုက်နာခဲ့ပါ၏။ သာသနာပြုရာ၌အစစအဆင်ပြေခဲ့၏။

ဝက်ဘာဆရာတော်ကြီး မေတ္တာအားကောင်းလှ၏။ မရှိဆင်းရဲနွမ်းပါးသူကိုပေးကမ်းစွန့်ကြ၏။ မတင်ဝင်း၊ နေ့စဉ် ဆွမ်းပွဲပြင်ဆင်ပြီး ပြန်လျှင်၊ မုန့်ထုပ်စွန့်လေ့ရှိ၏။ မတင်ဝင်းတို့ သားအမိ၊ မုန့်ခြောက်မစားတတ်ကြ။ မယူလိုဟု မတင်ဝင်းစိတ်ကကြံစည်၏။ ဆရာတော်ကြီးက မစွန့်တော့ပါ။ ဆရာတော်ကြီး စရဏအားကောင်းလှ၏။ ဒုက္ခရောက်မည့်ဘေးကို ကြိုတင်ကာကွယ်ပေး၏။ ကထိန်သင်္ကန်းကို အလှူခံပြီးလျှင် ထိုသင်္ကန်းကိုပင် တစ်နှစ်လုံးရုံ၏။ သင်္ကန်းအသစ်လဲခြင်း မပြုပါ။ နောက်နှစ်၊ ကထိန်သင်္ကန်းကို အလှူခံရရှိလျှင် သင်္ကန်းဟောင်းကို စွန့်သည်။ သင်္ကန်းဟောင်းကို အစိတ်စိတ်အမွှာမွှာပြုသည်။ သင်္ကန်းကြီးကျစ်သည်။ သရဏဂုံရွတ်ဆိုခြင်း၊ ပဋ္ဌာန်းရွတ်ဆိုခြင်း ပြု၍ သိဒ္ဓိတင်၏။ အထုံး သုံးထုံး ပြုလုပ်၏။ လာရောက်ဖူးသူများကို သင်္ကန်းကြိုး စွန့်လေ့ရှိ၏။ ခေါင်း၌ ကိုယ်၌ဆောင်ကြ၏။ ယာဉ်အန္တရာယ်၊ ထိခိုက်ဒဏ်ရာဘေးမှ ကင်းဝေးကြ၏။ မြိတ်မြို့ အကြီးအကျယ်မီးလောင်ခဲ့စဉ်က အိမ်တစ်အိမ်မီးကွင်းသည်။ ဆရာတော်ကြီး၏သင်္ကန်းကြိုးရှိနေ၍ ထိုအိမ်မီးကွင်းပါသည်။ မတင်ဝင်း သင်္ကန်းကြိုးချည်ရန်မေ့နေသောနေ့၊ ဆိုင်ကယ်ချင်းတိုက်မိတော့ မလိုရင်ဆိုင်တိုးရသည်။ ဆရာတော်ထံ ဆွမ်းပို့ရန်လာစဉ် ကျောင်းသို့ရောက်စဉ်ပင် သင်္ကန်းကြိုးမှမချည်ဘဲ၊ ဆိုင်ကယ်တိုက်မလိုဖြစ်တာပေါ့ဟု ဆရာတော်က ချက်ချင်းမိန့်၏။ မတင်ဝင်း၏ခေါင်းတွင် သင်္ကန်းကြိုးအမြဲချည်ထား၏။ (စာရေးသူကို သင်္ကန်းကြိုးပြသ၏)

ဝက်ဘာတောင်၌ ဂမုန်းများ၊ ဆေးပင်များပေါက်၏။ ထုထောင်းကြိတ်ချေပြီး စိပ်ပုတီးများပြုထား၏။ ဆရာတော်ကြီးက စွန့်၏။ ဂုဏ်တော်စိပ်ရန်ညွှန်ကြား၏။ စိပ်ပုတီးရေစိမ်ပြီး သောက်သူများ ပယောဂရောဂါများနှင့် ရောဂါအမျိုးမျိုးပျောက်ကင်းကြ၏။ ပန်းများကို အခြောက်လှမ်း၊ အမှုန့်ကြိတ်၊ ဆေးလုံးများပြုလုပ်ထား၏။ သရဏဂုံရွတ်ဖတ်ခြင်း ၊ ပဋ္ဌာန်းရွတ်ဖတ်ခြင်း ပြုလုပ်၏။ ဆရာတော်ကြီးက စွန့်ပေး၏။ ဆရာတော်ကြီးကို တိုင်တည်ဆုတောင်းပြီး သောက်လျှင် ရောဂါပျောက်ပါသည်။ လိုရာဆုတောင်းပြီး ဆောင်လျှင် အကြံအောင်၏။

ဆရာတော်ကြီး၏ အဆင့်မြင့်ဈာန်နှင့်ပတ်သက်၍ အကြောင်းအရာရှိခဲ့ပါသည်။ ဝက်ဘာတောင်ပေါ်မှလွဲ၍ ဆရာတော်ကြီး ဘယ်တော့မှဘယ်ကိုမှ ကြွလေ့မရှိပါ။ တနင်္သာရီမြို့၊ ရွှေလိပ်ပြာရပ်ကား ဝက်ဘာတောင်နှင့် ဝေးလှပါသည်။ ရွှေလိပ်ပြာရပ်က မချိုငယ်က မိုင်းထိခံထားရသူပါ။ ဘယ်မှမသွားနိုင်ပါ။ မချိုငယ်အိမ်သို့ ဆရာတော်ကြီးကြွလာပါသည်တဲ့။ ဒူးရင်းသီးကို မချိုငယ်လောင်းလှူရပါသည်တဲ့။ ဒုက္ခသည်မချိုငယ်ကို၊ ဆရာတော်ကြီးမေတ္တာဖြင့်ကူညီခဲ့ပါသည်။ မြိတ်မြို့ မီးဘေးဒုက္ခသည်များထံ အလှူခံခဲ့သောဖြစ်ရပ်တလည်းရှိနေပါသည်။ ထိုအဖြစ်အပျက်မျိုးများစွာရှိခဲ့ပါသည်တဲ့။ ဆရာတော်ကြီးကိုမေးလျှင် မပြောကြရန်တားမြစ်ပါသည်တဲ့။ သက်တော် (၈၀)ကျော်ကပင် ခဏခဏဖြစ်လေ့ရှိ၏။

ဆရာတော်ကြီး သက်တော် (၉၃) နှစ်၊ ကြီးလှပါပြီ။ ရောဂါကပြင်းထန်နေ၏။ ချွဲကျပ်ပြီး၊ အသက်ရှူမဝပါ။ ရင်ဘတ်အောင့်ခြင်း အပြင်းအထန်ဖြစ်တတ်ပါသည်။ အဆုတ်ကြောင့် ခံစားရသောရောဂါပါ။ ထိုင်းနိုင်ငံသို့ ဆရာတော်ကြီး ဆေးကုရန်ကြွသွားခဲ့ရ၏။ တပည့်များ၏ဆန္ဒကို လိုက်လျောခြင်းပါ။ အဆုတ်ပျက်စီးနေပြီဟု ထိုင်းဆေးပညာရှင်များက မှတ်ချက်ချကြ၏။ ရောဂါပြင်းထန်နေလျက် အသက်ရှင်နေသည်ကို အလွန်မတန်အံ့သြကြပါသည်တဲ့။

အမြဲပြုစုသူ မတင်ဝင်းက စိတ်မကောင်းခြင်းများစွာ ခံစားရ၏။ ဝဋ်ကြွေးဆပ်နေရခြင်းဟု ဆရာတော်ကြီးကမိန့်လေ့ရှိပါသည်။ အကုသိုလ်မပြုရန် ဆုံးမပါ၏။ ဆရာတော်ကြီးတသည်းခံလေ့ရှိ၏။ လစ်လျူရှု၍နေ၏။ ရောဂါကပြင်းထန်သော်လည်း ဒုက္ခမပေးပါ။ ကုဋီသွားသော် လူတွဲမခံ။ မြင့်မြတ်သောစိတ်ကအပြည့် ခန္ဓာကိုယ်ကလေးလှပြီ။ ဘဝသစ်သို့ကူးချင်ပြီ။ တောထဲ၌ တစ်ပါးတည်းနေလိုပြီ။ တစ်ပါးတည်းပျံလွန်မူမည်ဟု မိန့်တတ်၏။ တပည့်များကတားမြစ်ကြ၏။ မတင်ဝင်းနှင့်သမီးသူနာပြုကဆေးတိုက်၏။ ဆေးထိုး၏။ ဆရာတော်ကြီးက ပြုစုသမျှလက်ခံ၏။ ကုသိုလ်ရစေချင်သောဆန္ဒ ရရှိပုံရ၏။ မတင်ဝင်းက ဆိုင်ပစ်ထားခဲ့ပြီးလာရသည်ကို စဉ်းစားမိတိုင်း ဆရာတော်ကြီးက ဆိုင်သွားရောင်းရန် မိန့်လေ့ရှိပါသည်တဲ့။ မတင်ဝင်းကရှက်မိပါသည်တဲ့။

အဆုတ်ပျက်စီးပြီး အသက်ရှည်တော်မူသော ဆရာတော်ကြီးမှာ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်ပြည့်စုံကြခြင်းကြောင့်ပါ။ စာရေးသူသိရှိသော ဆရာတော်ကြီးများမှာ-

၁။ သက်တော်ရှည် ကော့ပေါက် ဆရာတော်ကြီး၊
၂။ ဇောဓိတစ်ထောင် ဆရာတော်ကြီး၊
၃။ ဝင်ဘာဆရာတော်ကြီးတို့ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဝဝဖြိုးဖြိုး ရောဂါရှိသည်ဟုမထင်ရ။ ဖုန်းဓာတ်ပုံတွင် ဖူးမြင်ရပါသည်။

ဆရာတော်ကြီးက၊ မတင်ဝင်းတို့ သားအမိအားမိန့်ခဲ့သော တရားများမှာ-

၁။မျက်စိနှင့်အဆင်းမြင်တွေ့တွေ့-ဖဿ၊ မြင်ကောင်းကောင်း ဝေဒနာ မြင်ကြိုက်ကြိုက်-တဏှာ၊ မြင်စွဲစွဲ-ဥပဒါန်၊ မြင်အားထုတ်-ဘဝ၊ မြင်ဖြစ်ပေ-ဇာတိ၊ ဇရာ၊ မရဏ၊ (အိုး၊နာ၊ သေ)၊ (အိုး၊နာ၊ သေ)က (သောကပူဆွေး) (ပရိဒေဝ ငိုကြွေး) (ငိုကြွေးတော့) (ဒုက္ခ) (ကိုယ်ဆင်းရဲ) (ဒေါမနဿ) (စိတ်ဆင်းရဲ)။

ဆရာတော်ကြီးက နတ်ဝိဇ္ဇာအဖြစ် ကူးပြောင်းပါမည်တဲ့။ တပည့်များကို စောင့်ရှောက် နေပါမည်တဲ့။ နောင်ဘုရားပွင့်မှ ဧဟိဘိက္ခုရဟန်း အခေါ်ခံပါမည်။ နိဗ္ဗာန်သို့ကူးပါမည်တဲ့။ မည်သည့်ဆုကြီး ပန်ထားသည်လည်းမသိပါ။ ဉာဏ်မမီနိုင်ပါ။ အလွန်မတန် လေးစားထိုက်သောပုဂ္ဂိုလ်ထူးကြီးပါ။ သူတစ်ပါး အကျိုးကိုလိုလား၍ အကျိုးဆောင်ပေးခြင်းသည်မြင့်မြတ်၏။ ကိုယ့်အကျိုးကို နောက်ထားခြင်းဆိုသည်မှာ ဘုရားလမ်းစဉ်ပါ။

၄-၄-၂၀၁၆ရက်၊ မတင်ဝင်း ဆွမ်းပို့လာပါပြီ။ ကျောင်းကြီးသည် ထူးထူးခြားခြားငြိမ်ငြိမ်သက်သက်၊ ဆရာတော်ကြီးကထိုင်လျက်တရားမှတ်နေ၏။ ဖုန်းဖြင့် မတင်ဝင်းက ဓာတ်ပုံရိုက်၏။ နားပေါက်မှ အလင်းအဆုပ်ကြီးပေါ်နေ၏။ ပုံကြီးချဲ့၍ မတင်ဝင်းကိုးကွယ်ထားပါသည်။ ဘုရားခန်း၌တွေ့မြင်ခဲ့ပါသည်။

ဆရာတော်ကြီး ပတ္တပိုက်ဆွမ်းကို ဘုဉ်း၏။ ဘုဉ်းနေစဉ်၊ အစာနင်လာ၏။ အစာများ ပြန်ထွက်ကျလာ၏။ ငြိမ်ကျသွား၏။ ဆေးရုံအဖွဲ့ရောက်လာသောအခါ အစာများကိုစုပ်ထုတ်ကြ၏။ ထမင်းစေ့များ၊ ချွဲရည်များကို ရေသန့်ဘူးထဲတွင်ထည့်ထားပါသည်။ (၁) နှစ်နီးပါးကြာပါပြီ။ မပုပ်မသိုးသေးပါ။ စာရေးသူလေ့လာခဲ့ပါသည်။

ဆရာတော်ကြီး၏ ထူးခြားမှုများကို T.V ဖြင့် (ရွာပနပွဲ၌) ပြသခဲ့ပါသည်တဲ့။ နိုင်ငံခြားမှပင် လာရောက်ဖူးမျှော်ကြပါသည်တဲ့။ ကြိတ်ကြိတ်တိုးဖူးမျှော်သူများကြပါသည်တဲ့။ ရွာပနပွဲအလှူငွေ သိန်းပေါင်းရာချီရခဲ့ပါသည်တဲ့။ ရွာပနလာသူ (သိန်းချီ) များကို နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊ မုန့်ကော်ဖီ၊ အချိုရည်များကျွေးမွေးခဲ့ပါသည်တဲ့။ သိန်းပေါင်းရာချီ၍ကျန်ခဲ့ပါသည်တဲ့။ ထူးခြားပါပေစွ။ တပည့်များငွေကုန်ကျပင်ပန်းမှု ဆရာတော်ကြီးမလိုလားလို့လား။

ဆရာတော်ကြီးက မီးသဂြိုဟ်ခြင်း မပြုစေလိုပါ။ မီးမလောင်ဟု ကြိုတင်မိန့်ခဲ့ပါသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဗိမာန်တွင်း၌ ပူဇော်ထားပါသည်။ ရုပ်ကလာပ်တော်ကို ဖူးမြင်နိုင်ကြပါသေးသည်။ (မည်သည့်နှစ်ကြာသည်အထိ ဖူးမြင်နိုင်မည်လဲ။ ဆရာတော်ကြီး၏ အဓိဋ္ဌာန်ချက်ပေါ် မူတည်မှာပါ)

ဝင်ဘာဆရာတော်ကြီး၏ ထူးခြားချက်များ

၁။ မေတ္တာအားကောင်းခြင်း၊
၂။ စရဏအားကောင်းခြင်း၊
၃။ ဈာန်အဆင့်မြင့်ခြင်း၊
၄။ ရဟန်းဘဝ၌ ဝိဇ္ဇာဖြစ်နေပုံရပါသည်။ တနင်္သာရီဘုရားဖူးများကို သာမညဆရာတော်ကြီးက ဝင်ဘာတောင်၌ ဝိဇ္ဇာရှိသည်ဟု မိန့်ကြားခဲ့ခြင်း။
၅။ သင်္ကန်းကြိုး၊ စိပ်ပုတီး၊ ဆေးလုံးများအစွမ်းထက်ခြင်း၊
၆။ မျက်နှာမသစ်၊ ရေမချိုး၊ သို့သော် ကိုယ်ခန္ဓာမှ အမွှေးနံ့ရကြ၏။ (နှစ်ပေါင်းများစွာ ရေမချိုး။ သို့သော် အသားအရည်ကဝင်းဝင်းပပ)
၇။ မပျံလွန်မီ ပျံလွန်ပြီး (အလင်းဆုပ် အလင်းတန်းများ) ခန္ဓာမှအလင်းထွက်ခြင်း၊
၈။ ဆံစ သေးသေးမွှန်မွှန်များက ဆံလုံး အကြီးကြီးများအဖြစ် ပြောင်းသွားခြင်း၊ ဆံစများရှည်ထွက်လာခြင်း၊
၉။ ပျံလွန်ပြီးနောက် အနံ့ဆိုးထွက်ခြင်းမရှိ၊ ပုပ်ပွခြင်းမရှိ။
၁၀။ (ရွာပနချိန် အတောအတွင်း) တနင်္သာရီမြို့တစ်ခွင်လုံး မိုးသည်းထန်စွာရွာသွန်းနေ၏။ ဝင်ဘာတောင်ပေါ်၌ မိုးဖွဲကလေးသာရွာခြင်း။
၁၁။ ကြီးမားလှသော လိပ်ပြာကြီးများ (လူ၏ လက်ဖဝါးလောက်ရှိ၏) လာရောက်ပူဇော်ကြခြင်း။
၁၂။ ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်တစ်ပါးရောက်လာခြင်း။
ဖုန်းဓာတ်ပုံထဲတွင် သူတော်စင်ကြီးဘုရားရှိခိုးနေပုံ။ အသံကိုပါကြားရခြင်း။ စာရေးသူမြင်ရ ကြားရပါသည်။
တောထဲ၌နေသည်ဟု ပြောကြား၏။ တောနေရာ အတိအကျ မပြော။ (ဝိဇ္ဇာမှာလိပ်စာမရှိပါ။ ဆရာတော်ကြီးကိုလာပင့်သည်ပဲလား)
၁၃။ ဆရာတော်ကြီးကို လှူသောငွေ ပမာဏအတိုင်း ပြန်လည်၍ငွေဝင်လာသည်။ မတင်ဝင်း၊ ရေချမ်းစင်လှူခဲ့၏။ ထိပေါက်ပါသည်တဲ့။
၁၄။ ပျံလွန်တော်မူသွားပြီးသော်လည်း (ဘဝသစ်သို့ပြောင်းသွားခဲ့ပြီးသော်လည်း) ဆရာတော်ကြီးကို တိုင်တည် ဆုတောင်းသောအရာများ ပြည့်စုံပါသည်။ ဦးမြင့်ထံမှပျောက်သွားသောသူ ပြန်လည်ရောက်လာသည်။ စာရေးသူကိုပြောပြပါသည်။ လူ့ဘဝကို ကောင်းကျိုးဆောင်ဆဲဟုယူဆပါသည်)
၁၄။ မတင်ဝင်း၏သမီး၊ သူနာပြုဆရာမ၏ လက်ဝတ်လက်စား အထုပ်လိုက် ပျောက်သွားခဲ့ပါသည်။ (စိန်နားကပ်ပင်ပါသည်) ဆရာတော်ကြီးကို တိုင်တည် ဆုတောင်းခဲ့ပါသည်။ ပျောက်သောပစ္စည်းထုပ် အထုပ်လိုက် ဗီရိုထဲရောက်နေပါသည်တဲ့။ (ဆရာတော်ကြီးကို သားအမိနှစ်ဦးလုံး အစွမ်းကုန်ပြုစုခဲ့၏။ အလွန်မတန် ကြည်ညိုခဲ့ကြ၏။ ဆရာတော်ကြီးက ပြန်လည်၍ကျေးဇူးပြုခြင်းဖြစ်ပါသည်)

နတ်ဝိဇ္ဇာကြီးအဖြစ် ဘဝသစ်သို့ကူးပြောင်းသွားသော်လည်း တပည့်များအပေါ်၊ ဆရာတော်ကြီးမေတ္တာဖြင့် ကူညီနေသည်ဟုထင်ပါသည်။ ဆရာတော်ကြီးကို အလွန်မတန်ယုံကြည်သူများ၊ သဒ္ဓါတရားအလွန်မတန်ထက်သူများ၊ သံသရာအဆက်ဆက်က ဆရာတော်ကြီးအပေါ် ကျေးဇူးရှိခဲ့သူများ ကောင်းကျိုးရမည်ဟု စာရေးသူထင်ပါသည်။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

မေတ္တာများစွာဖြင့်-
ဒေါ်သုမနဝိစိတ္တ
(B.sc, H.GP,Dip.Ed)

အချစ်ဗေဒင်

ဆရာဒလမင်းခေါင်

ဤအချစ်ဗေဒင်သည်-

ချစ်ခဲ့ဖူးသူများ၊

ချစ်နေဆဲသူများ၊

ချစ်တော့မည့်သူများနှင့်အချစ်ကို စိတ်ဝင်စားကြသူများအတွက် အထူးရည်ရွယ်ညွှန်းသည်။ ချစ်ခဲ့ဖူးသူများသည် အချစ်ဗေဒင်က မိမိချစ်သူ၏ အကျင့်စရိုက်၊ ချစ်သူနှစ်ဦးပေါ်ခဲ့သည့် ကာလ၊ ဝမ်းနည်းကြေကွဲ လမ်းခွဲခဲ့ရသောကာလကို အချစ်ဗေဒင်ကိုဖတ်ခြင်းဖြင့် လွမ်းစရာ၊ ဆွေးစရာ၊ ကြည်နူးအောက်မေ့ဖွယ်ရာများ ပြန်မြင်ယောင်လာမည်။

ချစ်နေဆဲသူများအဖို့ မိမိချစ်သူ၏ စိတ်နေသဘောထားနှင့် အချစ်ရေးခရီးသာယာဖြောင့်ဖြူးဖို့၊ ချစ်သူ၏အားနည်းချက်သိရှိရခြင်းဖြင့် ခွင့်လွှတ်မှု၊ အနစ်နာခံမှုဖြင့် ချစ်သူလျှောက်သောလမ်းမှာ အေးချမ်းစွာလျှောက်လှမ်းနိုင်မည်။

ချစ်တော့မည့်သူများအဖို့ မိမိချစ်သူ၏စိတ်နေသဘောများ၊ ချစ်သူ၏စရိုက်၊ ချစ်သူ၏ကံဆိုးကံကောင်းအခြေအနေသိရမည့်အပြင် ရာသက်ပန်လက်တွဲဖော်အိမ်ထောင်ဖက်ကောင်း ဟုတ်၊ မဟုတ် ရေရှည်လက်တွဲနိုင်၊ မတွဲနိုင် သိရှိနိုင်ပါမည်။

အချစ်ကို စိတ်ဝင်စားသူများအဖို့ကား အထူးပြောစရာမလိုပါ။ ချစ်သူများ၏အချစ်ရေးကို ဤစာအုပ်ဖတ်ခြင်းဖြင့် မိမိပတ်ဝန်းကျင်ရှိ ချစ်သူများဘာကြောင့်ချစ်ကြသည်၊ ဘာကြောင့်လမ်းခွဲရသည်၊ အချစ်ဝေဒနာကို ဘာကြောင့် ခံစားခံရသည်ကို အချစ်ဝတ္ထုများဖတ်ရသဖွယ် မြင်တွေ့ရပါမည်။

ဤအချစ်ဗေဒင် ခိုင်မာ၍မှန်ကန်သော မြန်မာဗေဒင်စစ်စစ်ကို နှစ်များစွာသုတေသနပြုစုထားသဖြင့် မှန်ကန်မှု ခိုင်မာမှု၊ အသုံးဝင်မှုအတွက် ဤ၌ဖော်ပြထားပါသည်။ ဤစာအုပ်သည် ပညာရှင်များအတွက်မဟုတ် အချစ်ကို စိတ်ဝင်စားသူများအတွက်ပြုစုသဖြင့် ဗေဒင်အခေါ်အဝေါ်များမပါ တွက်စရာမလို။ မွေးသက္ကရာဇ်သိရုံဖြင့် မိမိအကြောင်းနှင့်ချစ်သူတို့အကြောင်းကို သိနိုင်ပါသည်။

မိမိနှင့်ချစ်သူ၏စရိုက်၊ ကံဆိုး၊ ကံကောင်းသိနိုင်ရန် မွေးသက္ကရာဇ်(၇) မျိုးခွဲထားပါမည်။ ဤ (၇) မျိုးကို အချစ်(၁)၊ အချစ်(၂)၊ အချစ်(၃)၊ အချစ်(၄)၊ အချစ်(၅)၊ အချစ်(၆) နှင့် အချစ်(၇) ဟူ၍ခွဲထားသည်။ ဆိုလိုသည်မှာ စိတ်ထားတူစရိုက်တူ(၇)မျိုးခွဲထားခြင်း ဖြစ်ပါသည်။

ထို့မှထပ်၍ တစ်မျိုးလျှင် (၇)မျိုး၊ အချစ်(၁) တနင်္ဂနွေ၊ အချစ် (၁) တနင်္လာစသည်ဖြင့် အချစ်(၁)မှ (၇) အထိ (၇)မျိုး နေ့အားဖြင့် (၇)မျိုး စုစုပေါင်း (၄၉) မျိုးခွဲခြားထားပါသည်။

အချစ်နံပါတ်များရွေးချယ်ခြင်း

အချစ်နံပါတ်ရွေးချယ်ခြင်းဟာ မိမိမွေးတဲ့မြန်မာသက္ကရာဇ်ကို အခြေခံပါ

သယ်။ မိမိမွေးတဲ့မြန်မာသက္ကရာဇ်ကို တည် (၇)နှင့်စား။ အကြွင်းဟာ မိမိ၏ အချစ်နံပါတ်ဖြစ်ပါတယ်။

ဥပမာ-မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ်မွေးတဲ့သူကို (၇) နှင့်စားပါက (၃) ကြွင်းတဲ့အတွက် အချစ်နံပါတ်(၃)ဖြစ်ပါသည်။

အလားတူပင် ၁၃၂၇ ဆိုလျှင် (၄) ကြွင်း၍ အချစ်နံပါတ် (၄) ဖြစ်ပါသည်။

တစ်နည်းအားဖြင့် မွေးပေါ ဘုတ်အကြွင်းများသည် အချစ်နံပါတ် များဖြစ်ပါသည်။

ချစ်တဲ့သူတွေအတွက် တွက်စရာ မလိုအောင် အသင့်တွက်ထားတဲ့ မွေးသက္ကရာဇ်တွေကတော့ -

မြန်မာသက္ကရာဇ် ၁၃၂၄ ခုနှစ် အရ (၁၇-၄-၆၂ မှ ၁၆-၄-၆၃) မွေးတဲ့ သူတွေဟာ အချစ်နံပါတ် (၁)။

၁၃၂၅ (၁၇-၄-၆၃ မှ ၁၅-၄-၆၄) အတွင်းမွေးသူ အချစ်နံပါတ် (၂)။

၁၃၂၆ (၁၆-၄-၆၄ မှ ၁၅-၄-၆၅)အတွင်း အချစ်နံပါတ် (၃)။

၁၃၂၇ (၁၆-၄-၆၅ မှ ၁၆-၄-၆၆) အချစ်နံပါတ် (၄)။

၁၃၂၈ (၁၇-၄-၆၆ မှ ၁၆-၄-၆၇) အချစ်နံပါတ် (၅)။

၁၃၂၉ (၁၇-၄-၆၇ မှ ၁၅-၄-၆၈) အချစ်နံပါတ် (၆)။

၁၃၃၀ (၁၆-၄-၆၈ မှ ၁၅-၄-၆၉) အချစ်နံပါတ် (၇)။

၁၃၃၁ (၁၆-၄-၆၉ မှ ၁၆-၄-၇၀) အချစ်နံပါတ် (၁)။

၁၃၃၂ (၁၇-၄-၇၀ မှ ၁၆-၄-၇၁) အချစ်နံပါတ် (၂)။

၁၃၃၃ (၁၇-၄-၇၁ မှ ၁၆-၄-၇၂) အချစ်နံပါတ် (၃)။

၁၃၃၄ (၁၆-၄-၇၂ မှ ၁၆-၄-၇၃) အချစ်နံပါတ် (၄)။

၁၃၃၅ (၁၆-၄-၇၃ မှ ၁၆-၄-၇၄) အချစ်နံပါတ် (၅)။

၁၃၃၆ (၁၇-၄-၇၄ မှ ၁၆-၄-၇၅) အချစ်နံပါတ် (၆)။

၁၃၃၇ (၁၇-၄-၇၅ မှ ၁၅-၄-၇၆) အချစ်နံပါတ် (၇)။

၁၃၃၈ (၁၆-၄-၇၆ မှ ၁၆-၄-၇၇) **အချစ်နံပါတ် (၁)**။

၁၃၃၉ (၁၇-၄-၇၇ မှ ၁၆-၄-၇၈) **အချစ်နံပါတ် (၂)**။

၁၃၄၀ (၁၇-၄-၇၈ မှ ၁၆-၄-၇၉) **အချစ်နံပါတ် (၃)**။

၁၃၄၁ (၁၇-၄-၇၉ မှ ၁၅-၄-၈၀) **အချစ်နံပါတ် (၄)**။

၁၃၄၂ (၁၆-၄-၈၀ မှ ၁၅-၄-၈၁) **အချစ်နံပါတ် (၅)**။

၁၃၄၃ (၁၇-၄-၈၁ မှ ၁၆-၄-၈၂) **အချစ်နံပါတ် (၆)**။

၁၃၄၄ (၁၇-၄-၈၂ မှ ၁၆-၄-၈၃) **အချစ်နံပါတ် (၇)**။

၁၃၄၅ (၁၇-၄-၈၃ မှ ၁၅-၄-၈၄) **အချစ်နံပါတ် (၁)**။

၁၃၄၆ (၁၆-၄-၈၄ မှ ၁၅-၄-၈၅) **အချစ်နံပါတ် (၂)**။

၁၃၄၇ (၁၇-၄-၈၅ မှ ၁၆-၄-၈၆) **အချစ်နံပါတ် (၃)**။

၁၃၄၈ (၁၇-၄-၈၆ မှ ၁၆-၄-၈၇) **အချစ်နံပါတ် (၄)**။

၁၃၄၉ (၁၇-၄-၈၇ မှ ၁၅-၄-၈၈) **အချစ်နံပါတ် (၅)**။

၁၃၅၀ (၁၆-၄-၈၈ မှ ၁၅-၄-၈၉) **အချစ်နံပါတ် (၆)**။

၁၃၅၁ (၁၇-၄-၈၉ မှ ၁၆-၄-၉၀) **အချစ်နံပါတ် (၇)**။

၁၃၅၂ (၁၇-၄-၉၀ မှ ၁၆-၄-၉၁) **အချစ်နံပါတ် (၁)**။

၁၃၅၃ (၁၇-၄-၉၁ မှ ၁၅-၄-၉၂) **အချစ်နံပါတ် (၂)**။

၁၃၅၄ (၁၆-၄-၉၂ မှ ၁၇-၄-၉၃) **အချစ်နံပါတ် (၃)**။

၁၃၅၅ (၁၇-၄-၉၃ မှ ၁၆-၄-၉၄) **အချစ်နံပါတ် (၄)**။

၁၃၅၆ (၁၇-၄-၉၄ မှ ၁၆-၄-၉၅) **အချစ်နံပါတ် (၅)**။

၁၃၅၇ (၁၇-၄-၉၅ မှ ၁၅-၄-၉၆) **အချစ်နံပါတ် (၆)**။

၁၃၅၈ (၁၆-၄-၉၆ မှ ၁၆-၄-၉၇) **အချစ်နံပါတ်(၇)**

၁၃၅၉(၁၇-၄-၉၇ မှ ၁၆-၄-၉၈) **အချစ်နံပါတ် (၁)**။

၁၃၆၀(၁၇-၄-၉၈ မှ ၁၆-၄-၉၉) **အချစ်နံပါတ် (၂)**။

၁၃၆၁(၁၇-၄-၉၉ မှ ၁၅-၄-၂၀၀၀) အချစ်နံပါတ် (၃)။

၁၃၆၂(၁၆-၄-၂၀၀၀ မှ ၁၅-၄-၂၀၀၁) အချစ်နံပါတ် (၄)။

၁၃၆၃(၁၇-၄-၂၀၀၁ မှ ၁၆-၄-၂၀၀၂) အချစ်နံပါတ် (၅)။

၁၃၆၄(၁၇-၄-၂၀၀၂ မှ ၁၆-၄-၂၀၀၃) အချစ်နံပါတ် (၆)။

၁၃၆၅(၁၇-၄-၂၀၀၃ မှ ၁၆-၄-၂၀၀၄) အချစ်နံပါတ် (၇)။

ချစ်ကြသူအားလုံးအတွက် အချစ်နံပါတ်များ ခွဲခြားပေးပြီးပါပြီ။ မိမိသက်ဆိုင်ရာအချစ်နံပါတ်နှင့် ချစ်သူရဲ့အချစ်နံပါတ်များကိုလာမည့် စာမျက်နှာများ ဖော်ပြထားပါတယ်။ အချစ်ခရီးမှသည် ခိုင်မြဲသော အိမ်ထောင်ရေးတည်ဆောက်နိုင်ဖို့ ရှောင်စရာများ ရှောင်၍ ဆောင်စရာများဆောင်ကာ တစ်ဦး၏ အားနည်းချက်ကို အပြန်အလှန် သဘောပေါက် နားလည်မှု၊ သည်းခံမှု၊ အကြင်နာများနှင့် အေးချမ်းလှတဲ့ချစ်သူနယ်မြေမှာ လျှောက်လှမ်းနိုင်ပါစေ။

အချစ်နံပါတ်(၁)၏ မွေးသက္ကရာဇ်

အောက်ပါ သက္ကရာဇ်များတွင် မွေးဖွားသူများသည် အချစ်နံပါတ် (၁) သမားများဖြစ်သည်။

၁၃၂၄ (၁၇-၄-၆၂ မှ ၁၆-၄-၆၃)
၁၃၃၁ (၁၆-၄-၆၉ မှ ၁၆-၄-၇၀)
၁၃၃၈ (၁၆-၄-၇၆ မှ ၁၆-၄-၇၇)
၁၃၄၅ (၁၇-၄-၈၃ မှ ၁၅-၄-၈၄)
၁၃၅၂ (၁၇-၄-၉၀ မှ ၁၆-၄-၉၁)
၁၃၅၉ (၁၇-၄-၉၇ မှ ၁၆-၄-၉၈)
၁၃၆၆(၁၇-၄-၀၄ မှ ၁၆-၄-၀၅)

၎င်းတို့အားလုံးသည် အချစ်နံပါတ်(၁) အဟောများနှင့်သက်ဆိုင်သည့် အထက်ပါနှစ်များတွင် မွေးဖွားကြတဲ့-

တနင်္ဂနွေနေ့ ဖွားသူများသည် အချစ်နံပါတ် (၁) တနင်္ဂနွေ၊

တနင်္လာနေ့ ဖွားသူများသည် အချစ်နံပါတ် (၂) တနင်္လာ၊

အင်္ဂါနေ့ ဖွားသူများသည် အချစ်နံပါတ် (၃) အင်္ဂါ၊

ဗုဒ္ဓဟူးနေ့ ဖွားသူများသည် အချစ်နံပါတ် (၄)ဗုဒ္ဓဟူး၊

ကြာသပတေးနေ့ ဖွားသူများ အချစ်နံပါတ်(၅) ကြာသပတေး၊

သောကြာနေ့ ဖွားသူများသည် အချစ်နံပါတ်(၆) သောကြာ၊

စနေနေ့ ဖွားသူများသည် အချစ်နံပါတ် (၇) စနေ။

၎င်းတို့နှင့် သက်ဆိုင်သော အဟောများဖတ်ပါ။

အချစ်နံပါတ်(၁)၏ စရိုက်

အချစ်နံပါတ် (၁) သမားတွေဟာ ခွံ့ခွံ့ထည်ထည်သပ်သပ်ရပ်ရပ် ဝတ်စားတတ်သူတွေဖြစ်တယ်။ သူတို့ကိုကြည့်လိုက်လျှင်လည်း တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနေတတ်တဲ့ အမျိုးအစားပါ။ အချစ်နဲ့ပတ်သက်လာရင်တော့ မိမိရဲ့ချစ်သူအပေါ်မှာ နှစ်နှစ်ကာကာချစ်တတ်သူတွေဖြစ်တယ်။ အချစ်ကြီးသလောက် အမျက်ကြီးသူတွေလည်း ဖြစ်တယ်။

ချစ်သလားမပြောနဲ့၊ မိမိချစ်သူကို စကားပြောသည်မဆိုထားနဲ့ ကြည့်သည်ကိုပင်မခံနိုင်အောင် ချစ်သဝန်ကြောင်သူများဖြစ်တယ်။ ချစ်သူအပေါ်မှာအမိန့်ပေးလိုကြတယ်။ ဒါကြောင့်မို့ သူ့အလိုလိုက်သူ့အကြိုက်ကိုဆောင်နိုင်မယ်ဆိုရင်သူနဲ့အဆင်ပြေပြီး၊ ဆန့်ကျင်ရင်တော့လမ်းခွဲရတတ်တယ်။ အချစ်နံပါတ် (၁) သမားကို ချစ်သူထားသူအဖို့တော့ သူ့အပေါ်မှာ တကယ်နှစ်နှစ်ကာကာချစ်တယ်ဆိုရင် သူ့အလိုကိုလိုက်ပစ်စမ်းပါ။ အတိုက်အခံမလုပ်နဲ့၊ တဖြည်းဖြည်းနဲ့ ဆွဲဆောင်ယူမယ်ဆိုရင် သင့်အလိုကျဖြစ်လာမှာပါ။ အပေါင်းအသင်းကို သိပ်ခင်လွန်းတဲ့အတွက်ကြောင့် အဖော်ကောင်းရင် ငရဲပင်သွားမည့်သူမျိုး ဖြစ်သည့်အတွက်ကြောင့်မို့ အပေါင်းအသင်းကိုရွေးချယ်ပြီးပေါင်းဖို့ အထူးသတိထားရပါမယ်။ အပေါင်းအသင်းများကြောင့် ဘဝပျက်ခဲ့ရတဲ့ အချစ်နံပါတ်(၁)သမားတွေအများကြီးပဲ။

မိန်းကလေး ဖြစ်မယ်ဆိုရင် ချစ်သူဝိုင်းဝိုင်းလည်ပြီး စန်းပွင့်နေတတ်သူဖြစ်တယ်။ ဒါကြောင့် သူတစ်ပါးရဲ့ပြစ်တင်မှု၊ အတင်းပြောမှု ခံရတတ်တယ်။ ကိုယ်ကောင်းရင် ပြီးတာပဲ ဘယ်သူမှ ဂရုမစိုက်ဘူးဆိုရင် သူများတံတွေးခွက်မှာပက်လက်မျောတတ်တယ်။ ဒါကြောင့် အသွားအလာ၊ အနေအထိုင်၊ အပေါင်းအသင်းကို အထူးဆင်ခြင်ပြီး မိန်းကလေးပီပီသသနေမယ်ဆိုရင် အပြောအဆိုလွတ်ပါလိမ့်မယ်။

တစ်ခါတစ်ရံ မိမိချစ်သူကို အကြောင်းမဲ့ ဂျစ်တိုက်နေတတ်တယ်။ အကြောင်းမသိတဲ့ချစ်သူ ဖြစ်နေရင်တော့ မကြာမီမှာပဲ အချစ်နံပါတ်(၁) အချစ်သမားဟာ လမ်းခွဲရတယ်။ ဒါကြောင့်မို့ အချစ်နံပါတ် (၁) သမားကို ချစ်သူထားသူအဖို့ ခွင့်လွှတ်ရင်းနဲ့ သူ့ရဲ့စိတ်နေစိတ်ထားကို သိထားဖို့ လိုပါမယ်။

စီးပွားရေးလုပ်ငန်းမှာ အမြန်ချမ်းသာချင်တာကြောင့် ဖြတ်လမ်းစီး

ပွားရေးလုပ်တဲ့အတွက် ထောင်နန်းစံရသလို အကြံကောင်းသွားတဲ့အတွက် တစ်သက်စံရတဲ့သူတွေလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် မှန်မှန်ကန်ကန်နဲ့ ရိုးရိုးသားသားကြိုးစားမယ်ဆိုရင် အချစ်နံပါတ် (၁) သမားအဖို့ ကြီးပွားတတ်တဲ့ လူတန်းစားထဲမှာပါပါတယ်။

(အထူး သတိထားရမှာကတော့ ချစ်သူဘဝမှ အိမ်ထောင်ကျသွားမည်ဆိုပါက နှစ်ဖက်ဆွေမျိုးများနှင့် အဆင်မပြေဖြစ်ပြီး သီးခြားပြုနိုင်မှ ပိုကောင်းပါတယ်။)

ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတတ်ပါတယ်။ အချစ်နံပါတ်(၁)သမားတွေရဲ့ထူးခြားချက်ကတော့ အလုပ်နဲ့လက်မပြတ်အောင် လုပ်နေတတ်ပါတယ်။ မိမိချစ်သူထက် အပေါင်းအသင်းပိုခင်တတ်တာမို့ အချစ်ရေး အဆင်ပြေရန် အပေါင်းအသင်းကိုလျှော့ပြီး မိမိချစ်သူအပေါ် အကြင်နာထားပါ။ ဒါမှသာ အချစ်နံပါတ်(၁)သမားအဖို့ သာယာဖြောင့်ဖြူးတဲ့ အချစ်သမားဖြစ်ပါလိမ့်မယ်။

သတိထားဖို့ အချက်ကတော့ အချစ်နံပါတ် (၁) သမားတွေဟာ အများနဲ့အကျိုးမပေးတဲ့အတွက် အဖွဲ့အစည်းအသင်းအဖွဲ့မှာ မပါဝင်ရင်ပိုကောင်းပါတယ်။ အကယ်၍ပါဝင်ခဲ့ရင် အချစ်ရေးမှာလစ်ဟင်းမှုဖြစ်ပြီး ပြဿနာများတက်နိုင်ပါတယ်။

အချစ်နံပါတ် (၁) သမားများဟာ မိမိချစ်သူအပေါ်မှာ စိတ်ထဲနှလုံးထဲမှ အမှန်တကယ် ချစ်သော်လည်း သူ့ရဲ့အမူအရာက ဟန်ဆောင်မှုတွေများနေ၍ အချစ်စိတ်ဓာတ်မပေါ်သဖြင့် တစ်ဖက် ချစ်သူက စိတ်ပျက်တတ်ပါတယ်။

ဒါကြောင့် အချစ်နံပါတ်(၁) သမားကို ချစ်သူအနေနဲ့ထားသူအဖို့တော့ သင့်ချစ်သူဟာ သင့်ကို တကယ်ချစ်နေတာကို အမူအရာတို့ ပါးစပ်တို့က မဖော်ပြတတ်သောကြောင့် သူ့ရဲ့ အားနည်းချက်ကိုခွင့်လွှတ်ပေးလိုက်ပါ။

တကယ်တမ်းကျတော့ အချစ်နံပါတ် (၁) သမားနဲ့ ဖြစ်နေပြီဆိုကတည်းကတကယ်ချစ်နေလို့ပါ။

အချစ်နံပါတ် (၁) တို့ လိုက်နာရန်

၁။ မိမိကိုယ်ကို ဟုတ်လှပြီလို့ အထင်မကြီးလေနဲ့။ သူများတွေကိုလည်း အရမ်းမယုံနဲ့။

၂။ ငါမှန်ရင်ပြီးရော မာနနဲ့ လူမှုရေးကဲ့သို့ ထိခိုက်စေတဲ့အပြုအမူမျိုးကို အထူးရှောင်ပါ။

၃။ အိမ်တွင်းမှာ ပိုလ်ကျပြီး အပြင်မှာ လူတွေရဲ့အခိုင်းခံမဖြစ်စေနဲ့။

၄။ လူကိုမယုံနဲ့၊ အားမနာနဲ့။

၅။ မိမိချစ်သူအပေါ်မှာ ပကတိအတိုင်းပြုစုခြင်း၊ ယုယခြင်း၊ အကြင်နာစကားပြောခြင်း၊ တလေးတစား ဆက်ဆံခြင်းပြုပါ။

အထက်ပါအချက်များ လိုက်နာပါက အချစ်ရေးသာမက လူမှုရေးစီးပွားရေးမှာပါ အဆင်ပြေပါလိမ့်မယ်။

အချစ်နံပါတ် (၁) များ၏ ချစ်သူများ လိုက်နာရန်

၁။ အချစ်နံပါတ် (၁)သမားများသည် အချစ်ရေး၌ သွေးအေးသူများဖြစ်သဖြင့် အခြားချစ်သူများကဲ့သို့ မူရာမာယာမများတတ်သဖြင့် သူတို့ရဲ့ဆက်ဆံမှုကိုခွင့်လွှတ်နားလည်ပေးပါ။

၂။ အချစ်နံပါတ်(၁)သမားများသည်အားနာတတ်သူ၊ အပေါင်းအသင်းကိုခင်တွယ်တတ်သူဖြစ်သဖြင့် မိမိချစ်သူအပေါ် တာဝန်ပျက်ကွက်မှု ဖြစ်တတ်၍ ဤအချက်ကိုနားလည်ပေးပါ။

၃။ အချစ်သမားများအပေါ် ချစ်သူအနေနဲ့ အချစ်နံပါတ်(၁)သမားများ၏အဓိကလိုအပ်ချက်မှာ တန်ဖိုးရှိရှိ မရှိရှိ လက်ဆောင် မကြာခဏပေးပါ။ လက်ဆောင်ပေးရာ၌ တလေးတစား မြတ်မြတ်နိုးနိုးပေးသောအခါ အလွန်ဝမ်းသာတတ်ကြ၏။ အမြတ်တနိုးလည်း သုံးစွဲတတ်ကြ၏။

၄။ အချစ်နံပါတ် (၁) ချစ်သူက သူ့ရဲ့ချစ်သူအပေါ် မချစ်ဘူးပြောပြော၊ မလာနဲ့လို့ဘဲပြောပြော၊ ဘယ်လိုပဲငြင်းငြင်း သင်လက်မခံဘဲ မကြာခဏ လက်ဆောင်ပေးခြင်း၊ တွေ့ပေးခြင်းဖြင့် သင့်အလိုကို လိုက်လာပါလိမ့်မည်။

၅။ သင့်ချစ်သူကို လက်ဆောင်ပေးရာ၌ လက်ကိုင်ပဝါ၊ အဝါရောင်ပစ္စည်း၊ ရွှေ၊ အနီရောင်ပစ္စည်း၊ အဖြူရောင်ပစ္စည်းများ လက်ဆောင်မပေးပါနှင့်။ အကြောင်းကြောင်းကြောင့် အချစ်ရေး၌ ထိခိုက်မှုဖြစ်တတ်ပါသည်။

အချစ်နံပါတ် (၁)များရဲ့ ချစ်သူရွေးချယ်မှု

၁။ အချစ်နံပါတ် (၁)သမားများသည် တနင်္ဂနွေသားသမီးများကို ချစ်သူအနေနှင့်ထားခဲ့ပါက အချစ်ရေးမတည်မြဲတတ်ပါ။ ယူဖြစ်လျှင်လည်း အိမ်ထောင်မမြဲတတ်ပါ။ အကြောင်းကြောင်းကြောင့် စိတ်သဘောထားမတိုက်ဆိုင်ဖြစ်တတ်သည်။

၂။ တနင်္လာသားသမီးများကို ချစ်သူအနေဖြင့်ထားခဲ့ပါက မိမိသော်လည်းကောင်း၊ မိမိချစ်သူသော်လည်းကောင်း မပြတ်စဲသေးသော ချစ်သူ သို့မဟုတ် နောက်ထပ် ချစ်သူဝင်လာတတ်ပါသည်။

၃။ ဗုဒ္ဓဟူး၊ ရာဟုသားသမီးများကို ချစ်သူအနေဖြင့် ထားခဲ့ပါက ချစ်သူတစ်ဦးဦးတွင် ကျန်းမာရေးချို့ယွင်းမှုများဖြစ်တတ်သည်။

မှတ်ချက်။ ။ အချစ်နံပါတ် (၁) အချစ်သမားတွင် တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးသားသမီးများသည် အချစ်ရေးညံ့သူများဖြစ်သည်။

သို့ရာတွင် ဤကဲ့သို့သော ချစ်သူများအဖို့ စိုးရိမ်စရာမလိုပါ။ ချစ်သူနှစ်ဦးအဆင်ပြေစေသောယတြာကို ဆောင်ရွက်ခြင်းအားဖြင့် အညံ့များပြေပျောက်နိုင်ပါသည်။ လာမည့် အချစ်နံပါတ်(၁) သမား (၇) နေ့သားသမီး၏ အခန်းတွင် အထူးလျှို့ဝှက်ချက် ပညာရပ်များကို မချွင်းမချန်ဖော်ပြပေးပါမည်။

အချစ်နံပါတ်(၁)များ၏ အချစ်ရေးကောင်းသောနေ့များ

၁။ အင်္ဂါသားသမီးသည် နံပါတ် (၁) အချစ်သမားအတွက် အကောင်းဆုံးသောချစ်သူဖြစ်ပါသည်။ အင်္ဂါနေ့သားသမီးချစ်သူသည် မိမိအပေါ်၌ အမှန်တကယ် မြတ်မြတ်နိုးနိုးချစ်ခြင်း၊ ချစ်သူအပေါ်၌အနစ်နာခံခြင်း၊ ချစ်သူရဲ့လိုအပ်ချက်ကိုသိခြင်း၊ အချစ်တရား မေတ္တာတရားနှင့်ပြည့်စုံသောသူဟုဆိုနိုင်သည်။

၂။ စနေသားသမီးသည် အချစ်နံပါတ် (၁) သမားများအပေါ်၌ အလွန်ကောင်းသောသူဟု ဆိုနိုင်သည်။ မိမိချစ်သူအားဦးဆောင်ခြင်း၊ လမ်းညွှန်ခြင်း၊ အမှားနှင့်အမှန်ကို ခွဲခြားပေးခြင်း၊ လုပ်ချင်တာထက် လုပ်ထိုက်တာကို လမ်းညွှန်ပေးခြင်း၊ ချစ်သူအပေါ်၌ နားလည်မှုပေးခြင်းဟူသောမေတ္တာတရားနှင့် ပြည့်စုံသူဟုဆိုနိုင်သည်။

၃။ သောကြာသားသမီးများသည် နံပါတ်(၁)ချစ်သူများအပေါ် ဖွယ်ဖွယ်ရာရာ ကြင်ကြင်နာနာ အချစ်စကားကို မကြာခဏပြောပြီး ဖြေသိမ့်တတ်သူ၊ ချစ်သူစိတ်ညစ်နေလျှင် စိတ်ပျော်အောင်

အားပေးသူ၊ ချစ်သူနဲ့အတူ ဘဝခရီးလမ်းကို လက်တွဲပြီး လျှောက်ချင်သူများဖြစ်သည်။

မှတ်ချက်။ ။ ၎င်းသောကြာသားသမီးများသည် တစ်ခါတစ်ရံ အပြောကောင်းသလောက် လက်တွေ့၌ အားနည်းချက်ရှိသည်။

၄။ကြာသပတေးသားသမီးများသည် အချစ်နံပါတ်(၁)သမားများအပေါ် ချစ်ခင်ယုယမှု၊ ဩဇာပေးမှု၊ အမိန့်ပေးမှုများရောနေမည်။ တစ်ဖက်က မိမိချစ်သူအပေါ်ကြင်နာမြတ်နိုးမှုများ တကယ်ရှိသော်လည်း နံပါတ် (၁) အချစ်သမားအနေနှင့် နားလည်မှုမရှိသဖြင့် တစ်ခါတစ်ရံ စိတ်ပျက်မှုများ ဖြစ်တတ်သည်။ ယုံကြည်လောက်သော အားကိုးမှုများကိုပေးသဖြင့် ကြာသပတေးသမားအပေါ် အထင်ကြီးခြင်း၊ လေးစားခြင်းဖြစ်လာတတ်သည်။

ခြုံ၍ဆိုရသော် မကောင်း(၃)နေ့၊ ကောင်း(၄)နေ့ရှိရာတွင် မကောင်း(၃) နေ့နှင့် ချစ်သူ၊ အိမ်ထောင်ကျနေသောသူများကိုလေ့လာရာတွင် အထက်ပါအဆိုပြုချက်များကို (၇၅) ရာခိုင်နှုန်း မှန်ကန်သည်ကိုတွေ့ရသည်။ ဤ၌ နေ့နံနှင့် အညီ မှည့်မထားသောသူများအဖို့ မှန်ကန်မှုအားနည်းသည်။

အချစ်နံပါတ် (၁) ချစ်သူရွေးချယ်မှုမှ အကျိုးမပေးသော ချစ်သူများအတွက် ယတြာ

အချစ်(၁)မှာ အကျိုးမပေးချစ်သူတွေကတော့ တနင်္ဂနွေ၊ တနင်္လာနဲ့ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ကြပါတယ်။ အချစ်ဆိုတာ နှလုံးသားနဲ့ တည်ဆောက်ထားတာ၊ ဦးနှောက်နဲ့ စဉ်းစားကြမှာ မဟုတ်ပါ။ သို့ဖြစ်၍ အချစ်ဗေဒင်မှ အကျိုးမပေးတဲ့ချစ်သူအတွက် အကျိုးပေးပြီး ချစ်သူတို့ လျှောက်သောလမ်းမှာ အတူအေးချမ်းစွာလျှောက်နိုင်ဖို့အတွက် ယတြာနဲ့အဆောင်ပေးပါမယ်။

အချစ်နံပါတ်(၁)သမားတွေဖြစ်တဲ့ စနေ၊ အင်္ဂါနဲ့ သောကြာတို့ကတော့ ထန်းရွက်မှာ ချစ်သူနာမည်ရေးပြီး ဆောင်ထားပါ။ တတ်နိုင်ရင် မဟူရာကျောက်ကို လက်စွပ်ဝတ်ဆောင်ထားပါ။

အကယ်၍ ချစ်သူဘဝမှ အိမ်ထောင်သည်ဘဝ ရောက်ခဲ့မည်ဆိုက အိမ်ထောင်တည်မြဲဖို့ အေးချမ်းဖို့အတွက် ချစ်သူမွေးနံသားကို ဘုရားပလ္လင်ထု၍ စနေနံအသား ဘုရားထုကိုးကွယ်ပါ။ အကယ်၍ ဘုရားမထုလိုပါက မယ်တော်ရုပ်၊ စနေနံထိမ်သားနဲ့ထုပြီး ချစ်သူနှစ်ဦးရဲ့ ဆံပင်ထည့်ထားပါ။

အချစ်နံပါတ် (၁) ကြာသပတေးအဖို့ကတော့ ချစ်သူဘဝမှာ ဆီးသားဆောင်ပါ။ တတ်နိုင်ရင် စိန် သို့မဟုတ် ကျောက်စိမ်းလက်စွပ်ဝတ်ထားပါ။ အိမ်ထောင်သည်ဘဝဖြစ်ပါက အိမ်ထောင်အေးချမ်းရေးအတွက် ဆီးသားမယ်တော်ရုပ်ထု၍ ချစ်သူဆံပင်၊ မိမိဆံပင် ရုပ်တုမှာထည့်ထားပါ။

အချစ်နံပါတ်(၁) တနင်္ဂနွေသားသမီးများအဖို့ကတော့ သီဟိုဠ်ရွက်၊ သီးသားဆောင်၊ သံမဏိလက်စွပ်ဝတ်ထားဆောင်ထားလည်းရပါတယ်။ အေးချမ်းသာယာသော အိမ်ထောင်သည်ဘဝဖြစ်ဖို့ကတော့ သီးသားကို ရှင်သီဝလိရုပ်တုဆောင်ပါ။ သို့မဟုတ် ဓာတ်လုံးလက်စွပ်ဝတ်ထားလည်းရပါတယ်။

အချစ်နံပါတ် (၁) ဗုဒ္ဓဟူးအဖို့ကတော့ ပေါက်သားလက်တစ်ဆစ်၊ ချစ်သူဆံပင်ထည့်ဆောင်နိုင်ပါတယ်။ တတ်နိုင်သူအဖို့ကတော့ မြတို့၊ ပတ္တမြားတို့ လက်စွပ်ဝတ်၍ ဆောင်ထားနိုင်ပါတယ်။ အိမ်ထောင်ရှင်ဖြစ်ပါက ပေါက်သား သို့မဟုတ် ပျဉ်းမကို ဘုရားထု။ ပလ္လင်ကို ချစ်သူနေ့သားထု၍ ၎င်းထဲတွင် နှစ်ဦးစလုံး၏ ဆံပင်ကို ဌာပနာထားနိုင်ပါတယ်။

ဤသို့ အဆောင်ယတြာများပြုလုပ်ထားခြင်းဖြင့် အချစ်နံပါတ်(၁)တွေ မိမိအတွက် အကျိုးမပေးတဲ့ချစ်သူတွေ အကျိုးပေးပါလိမ့်မည်။ အိမ်ထောင်သည်ဘဝမှာ ဇနီးမယားလင်ယောကျ်ားအတွက် ပူဆွေးရတဲ့သောကမှ ကင်းပါလိမ့်မယ်။

အချစ်နံပါတ်(၁) (၇)နေ့သားသမီးများအပေါ် အသေးစိတ်ဟောဆိုချက်များ

အချစ် (၁) တနင်္ဂနွေ

အကျင့်စရိုက်

သင့်ချစ်သူဟာ အိမ်မှာငြိမ်ငြိမ်နေလေ့မရှိ။ ဟိုသွားဒီသွားနဲ့ အချိန်ဖြုန်းနေတတ်တယ်။ အိမ်ရှိလူများနဲ့ အဆင်ပြေအောင်မနေတတ်။ တစ်ခါတစ်လေ ချစ်သူအပေါ်မှာလည်း ချိုချိုသာသာစကားမပြောတတ်။ အချစ်နံပါတ် (၁) တနင်္ဂနွေဖြစ်ခဲ့ရင် ချစ်သူအပေါ် အဆင်ပြေအောင်နေဖို့၊ ပြဿနာမရှာဖို့ သံယောဇဉ်ကြီးမားရန်လိုပါတယ်။ ပြဿနာဖြစ်ရင် လက်ပါတတ်သူမို့ အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ် ပြဿနာကိုဖြေရှင်းရန် လိုအပ်ပါတယ်။ ထို့ပြင် အိမ်ကလူနဲ့ ပတ်ဝန်းကျင်ကို ပြဿနာရှာပြီး အရွဲ့မတိုက်ပါနဲ့။ အရွဲ့တိုက်မယ်ဆိုရင် အချစ်ရေး၊ စီးပွားရေး၊ ပညာရေးမှာပါ ထိခိုက်တတ်ပါတယ်။ အလုပ်လုပ်ရင်လည်း ဂရုစိုက်ပါ။ အပေါင်းအသင်းကို သိပ်ခင်တွယ်လို့ အပေါင်းအသင်းရွေးပေါင်းပါ။ မကောင်းတဲ့ အပေါင်းအသင်းနဲ့ပေါင်းမိရင် ဒုက္ခရောက်တတ်ပါတယ်။

နေရာတကာမှာ ပါချင်တယ် သိချင်တယ်။ ကိုစပ်စု၊ မစပ်စုဖြစ်နေတတ်တယ်။အသင်းအဖွဲ့များ ပါရင်လည်း မိမိမှာဦးဆောင်ချင်တယ်။ သူများထက်ပိုပြီးလုပ်ချင်တာကြောင့် ပိုပြီး ပင်ပန်းပါတယ်။ အခွင့်ရေးသမားမဟုတ်တဲ့အတွက် ရရှိတဲ့အခွင့်အရေးကျတော့ သူများထက် လျှော့ပြီးရတယ်။ အထူးသတိထားရမှာကမိန်းမရော ယောကျ်ားပါအလွန်စန်းပွင့်ပြီး လူချစ်လူခင်များတဲ့အတွက် လူတွေ့တိုင်း မေတ္တာရေးရာမှာ စေတနာမပိုပါနဲ့။ မျက်နှာများတဲ့သူဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် မိမိချစ်သူကို မမေ့ဘဲ အမြဲသတိရနေပါ။

အချစ်နံပါတ် (၁) တနင်္ဂနွေ ဖူးစာဖက်မျိုးဟာ စိတ်ထား အလွန်နူးညံ့သိမ်မွေ့ပြီး ဘုရားတရားကြည်ညိုသူဖြစ်ရင် ချစ်သူအပေါ်မှာ မေတ္တာတရား အလွန်ကြီးမားပါတယ်။ တချို့က ချစ်သူကြောက်လို့ထင်တတ်ပါတယ်။ တကယ်တမ်းကျတော့ ချစ်သူကြောက်မဟုတ်ပါ။ ချစ်သူအပေါ် အချစ်သည်းသူတစ်ယောက်ဖြစ်ပါတယ်။ ချစ်သူသာမက ချစ်သူနဲ့ပတ်သက်တဲ့ ဆွေမျိုးအသိုင်းအဝိုင်းအပေါ်မှာ သံယောဇဉ်ကြီးပြီး ချစ်တတ်သူဖြစ်ပါတယ်။ မိမိအိမ် ခင်တွယ်ပြီး အလုပ်တစ်ခုကိုဇောက်ချလုပ်ကာ ချစ်သူနဲ့ပြေပြေလည်လည် စကားများရန်မဖြစ်ဘဲနေမယ်ဆိုရင် ချစ်စရာကောင်းတဲ့ အဖော်ကောင်းတစ်ယောက်ဖြစ်လာပါလိမ့်မယ်။

အချစ်နံပါတ် (၁)တနင်္ဂနွေနှင့်ပတ်သက်ပြီး အချစ်ရေးကောင်းသော နှစ်များ

(၁၆) နှစ်၊ (၁၇) နှစ်၊ (၁၈) နှစ်၊ (၂၄) နှစ်၊ (၂၅) နှစ်၊ (၂၆) နှစ်များဟာ အချစ်ရေးမှာ ကံကောင်းတဲ့နှစ်တွေပါ။ အလားတူပဲ အသက် (၃၁၊ ၃၂၊ ၃၃၊ ၃၄) နှစ်များဟာ အချစ်ရေးကံကောင်းတဲ့နှစ်များပါ။ အရွယ်ဟိုင်းပြီးဖြစ်တဲ့ (၃၉၊ ၄၀၊ ၄၁၊ ၄၂) နှစ်များလည်း အချစ်

ရေးမဆိုးသောနှစ်များဖြစ်ပါတယ်။ အိမ်ထောင်ပြုလို့ရတဲ့နှစ်များပါ။

အချစ်ရေးနှင့်ပတ်သက်ပြီးဆိုးတဲ့နှစ်များ

(၁၉၊ ၂၇၊ ၃၅၊ ၂၁၊ ၂၇၊ ၃၇) နှစ်များသည် အချစ်ရေးနဲ့ ပတ်သက်ပြီး ဆိုးသောနှစ်များဖြစ်ပါတယ်။ ဤကာလဟာ အချစ်ရေးနဲ့ ပတ်သက်ပြီး ဆိုးသောနှစ်များဟု နားလည်ထားရင် အချစ်နဲ့ ပတ်သက်ပြီး အခက်အခဲများကို ကျော်ဖြတ်နိုင်ပါလိမ့်မယ်။ ယတြာအနေနဲ့ကတော့ ချစ်သူအပေါ် နားလည်မှုပေးပါ။ ခွင့်လွှတ်ပါ။ တစ်ဖက်သတ် ဆုံးဖြတ်ချက်မလုပ်ဘဲ ခေါင်းအေးအေးနဲ့ဆုံးဖြတ်ပါ။

အနည်းငယ်ဆိုးတဲ့ နှစ်တွေကတော့ (၂၀၊ ၂၈၊ ၃၆၊ ၂၂၊ ၃၀၊ ၃၈) နှစ်များဟာလည်း အချစ်ရေးအနည်းငယ်ညံ့ပါတယ်။ အထူးသတိပေးလိုတာကတော့ (၃၁၊ ၃၉) နှစ်များဟာ မမျှော်လင့်ဘဲ ကံကြမ္မာဆိုးနဲ့ တွေ့တတ်တာမို့ တရားဖက်နေပါ။ လောဘလျှော့ပြီး သည်းခံနေပါ။

အချစ်နံပါတ် (၁) တနင်္ဂနွေနှင့် ပေါင်းဖက်သင့်သောချစ်သူများ

အချစ်နံပါတ် (၁) တနင်္ဂနွေနဲ့ အချစ်(၂) မှ စနေနဲ့ သောကြာ။

အချစ်နံပါတ် (၃) မှ စနေ၊ ကြာသပတေး။

အချစ်နံပါတ် (၄) မှ သောကြာ၊ အင်္ဂါ။

အချစ်နံပါတ် (၆) မှ အင်္ဂါ၊ ကြာသပတေး။

အထက်ပါ အချစ်နံပါတ်များဟာ အချစ်(၁) တနင်္ဂနွေနဲ့ ပေါင်းဖက်ကြမယ်ဆိုရင် အချစ်ရေးအဆင်ပြေခြင်း၊ စီးပွားရေးကောင်းခြင်း၊ တစ်နေ့ထက် တစ်နေ့ စီးပွားရေးတိုးတက်ခြင်းများ သေချာပေါက်ဖြစ်ပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာဒလမင်းခေါင်

ဖော်ပြပါ အချစ်ဗေဒင်ဆောင်းပါးမှာဆရာ မကွယ်လွန်ခင်လုံးချင်းစာအုပ်အနေဖြင့်ထုတ်ဝေရန် စီစဉ်ခဲ့သောစာအုပ်ဖြစ်ပြီး အခြေအနေကြောင့် မထုတ်ဝေဖြစ်ခဲ့သဖြင့် စာဖတ်သူတို့ အကျိုးရှိစေရန်နှင့် ဆရာအား အမှတ်တရ ရှိစေရန်အတွက် အခန်းဆက်အနေဖြင့် ဖော်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။

စာတည်းချုပ်

ဆရာမြင့် (ကသာ)

သိပ္ပံနည်းဖြင့် ဘယ်လိုဆန်းစစ်မလဲ

ပေးထားသော စာမူခေါင်းစဉ်သည်အလွန်ကြီးနေသည်။ စာရေးသူနှင့် ဇနီးလက်တွေ့အဖြစ်အပျက်မို့ ဤခေါင်းစဉ်တပ်ထားခြင်းဖြစ်ပါသည်။ စာရေးသူက တွဲဖက်အထက်တန်းကျောင်းဆရာ၊ ဇနီးကအလယ်တန်းပြဆရာမ၊ ရွာခံဒေသခံများဖြစ်ပါသည်။ နွေရာသီကျောင်းပိတ်တော့ ကျောင်းဝင်းတစ်ဝင်းလုံးတွင် ကျောင်းစောင့် သန့်ရှင်းရေးမိသားစုနှင့် စာရေးသူတို့မိသားစုသာရှိသည်။ ဆရာ၊ ဆရာမအားလုံး ကိုယ့်ဒေသ၊ သူ့ဒေသပြန်ကြပါသည်။ ကျောင်းဝင်းက ရွာ၏တောင်ဘက်အလှမ်းအကွာ တော်တော်ဝေးဝေးတွင်ရှိပါသည်။ ကျောင်းဝင်း၏မြောက်ဘက်တွင် တောစပ် အခင်းများအရှေ့ဘက်တွင် ရွာသင်္ချိုင်း၊ ကျောင်းပေါ်မှကြည့်လျှင် သင်္ချိုင်းကိုမြင်နေရသည်။ လသာရက်များတွင် ကျောင်းပေါ်မှကြည့်လိုက်လျှင် အုတ်ဂူဖြူဖြူဖွေးဖွေးများ ထင်သားမြင်သားပါ။ အနောက်ဘက်တွင် ရွှေစက်ရွာဘုန်းကြီးကျောင်းဝင်း၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်း တောစပ်ကလေးခြားနေပါသေးသည်။ ညမိုးချုပ်လျှင် ကျောင်းဝင်းကအကျယ်ကြီးဆိုတော့ တိတ်လို့ဆိတ်လို့၊ ကြောက်တတ်လျှင် ကြောက်စရာပါပဲ။ တစ်ရက်မှာစာရေးသူ၏သမီးတစ်နှစ်အရွယ်ကလေးဟာ ညနေစောင်းသည်ဆိုထဲက ငိုလိုက်တဲ့အငို။ စာရေးသူနှင့်ဇနီး တစ်ယောက်၊ တစ်လက်ပွေ့ရင်းချော့၏၊ ဗိုက်နာလို့လား၊ မုန့်ညင်းဆီလိမ်း၊ ပရိတ်ရေဖျန်းနဲ့ပေါ့။ မတိတ်ပါ။ ကလေးကငိုလိုက်၊ တိတ်လိုက်နဲ့ တစ်ညလုံးပါပဲ။ မနက်အလင်းရောင်၊ ရောင်ခြည်သမ်းတော့ ကလေးဟာအငိုတိတ်ပြီး လင်မယားနှစ်ယောက် အိပ်ရေးတွေပျက်နဲ့ပေါ့။ နောက်နေ့ညနေဝင်ပြီဆိုတာနဲ့ ကလေးကငိုမဲ့မဲ့ဖြစ်လာပြီ၊ မှောင်လာပြီဆို ကလေးက ငိုပါပြီဗျာ။ ဘယ်လိုချော့ချော့မတိတ်၊ ခြင်ထောင်၊ ခုတင်တိုင်တွေကို ပရိတ်ချည်နဲ့ပတ်၊ တံခါးဝင်ပေါက်မှာလည်း ပရိတ်ချည်ထားနဲ့၊ ဒါလည်းငိုတာပါပဲ။ မိုးလင်းကာနီးဆိုရင် ကလေးက အငိုတိတ်၊ ဒီလိုနဲ့ (၇)ရက်လောက်ဆိုတော့ စာရေးသူတို့လင်မယားနှစ်ယောက် မျက်တွင်းတွေကဟောက်၊ နေဝင်မှာကို ကြောက်နေတော့လည်း ကလေးကငိုလေ မတိတ်လေ၊ ဇနီးသည်ဆရာမကပါ ငိုချင်ချင်၊ မျက်ရည်ဝဲဝဲဖြစ်နေသည်။ တစ်ရက်နေဝင်ပြီး မိုးချုပ်စတွင် ကလေးကစငိုပြီ၊ ကျောင်းဝင်းနှင့်ခပ်လှမ်းလှမ်းတွင် ရွာ၏အိမ်တန်းများရှိသည်။ ဒေါ်ခင်ညွန့်ဆိုသော အသက်ကြီးကြီးအဒေါ်တစ်ယောက်က-

"ဆရာတို့၊ ဆရာမတို့ကလေး ဘာဖြစ်သလဲ။ ညတိုင်းငိုသံကြားနေရတယ်။ ဗိုက်နာတာလား၊ မုန့်ညင်းဆီမလိမ်းဘူးလား။ မှုတ်မှုတ်မန်းမန်းရော မလုပ်ဘူးလားပေါ့"

"လုပ်တယ်ဒေါ်ဒေါ်၊ မတိတ်ဘူး"

လို့ပြောတော့ ဒေါ်ခင်ညွန့်က-

"ယောက်မ (ထမင်းခူးသောယောက်မ)ပေးစမ်း။ သနပ်ခါးသွေးတဲ့ကျောက်ပျဉ်ရောပေး"

ဆိုပြီး လက်နောက်ပြန်ယောက်မကို ကျောက်ပျဉ်မှာ စတိသွေးလိုက်ကာ သွေးပြီးသားအရာကို လက်ညှိုးဖြင့်တို့ပြီး သမီးလေးနဖူးပြင်ကိုတို့ပြီး တိတ်တိတ်ဆိုတာနဲ့ ကလေး မငိုတော့ပါ။ တစ်ညလုံးမငိုပါ။ မိုးလင်းတဲ့အထိ မငိုအံ့ဩစရာဗျာ။ လင်မယားနှစ်ယောက် အိပ်ရေးဝဝအိပ်ရသည်။ ဒေါ်ခင်ညွန့်ကိုလည်းကျေးဇူးတင်၍မဆုံးပါ။ နောက်နေ့ လင်မယားနှစ်ယောက် ကလေးပါ ဒေါ်ခင်ညွန့်ကို သွားကန်တော့ကြသည်။ ကလေးအငိုမတိတ်ရင် ဤသို့လုပ်ကြည့်ပါ။ တကယ် အငိုတိတ်ပါသည်။ ဒါကြောင့်မို့ သိပ္ပံနည်းဖြင့် ဆန်းစစ်၍ မရနိုင်ကြောင်းရေးသား၍ ဆေးနည်းကောင်းတစ်လက်၊ မိခင်၊ ဖခင်များကို ဒါနကုသိုလ်ပြုလိုက်ပါသည်။

၂၀၀၄ ခုနှစ်၊ ကသာမြို့နယ် ဘွက်ရွာ တွဲ/အ. ထ. က (ယခု အ. ထ. က) တွင် တာဝန်ထမ်းဆောင်စဉ် ကာလအမှတ်တရ ဒိုင်ယာရီများမှ . . ။

ဆရာမြင့် (ကသာ)

လွန်ခဲ့သည့်နှစ်ပေါင်းထောင်ချီကာလကတည်းက
တိမ်မြုပ်နေခဲ့သော
မြန်မာ့ရိုးရာလျှို့ဝှက်ရှားပါးရှေးဟောင်းဆေးပညာ
သို့မဟုတ်

မဟာဘောသဋ္ဌဂုရုဆေးဘုရားပညာတော်ကျမ်း(၅)

ဆက်ထွန်းလင်း(ဝိဇ္ဇာဓရ)

ထူးထူးခြားခြားထမင်းတစ်နပ်

တစ်နေ့ ဆရာတော်ထံ သွားရောက် ဖူးမြော်ခဲ့၏။ ထိုအချိန်သည် ဆရာတော် နေ့ဆွမ်းစားချိန်ဖြစ်နေ၏။ မိမိအားတွေ့သောအခါ ဆရာတော်ကလှမ်းခေါ်သဖြင့် ဆရာတော်နားသို့ သွားပြီး ထိုင်နေလိုက်၏။ ထိုအချိန် ဆရာတော်စားလက်စထမင်းပန်းကန်ထဲ၌ နှစ်လုတ်သုံးလုတ်စာခန့်ကျန်နေသေး၏။

ထို့နောက် ဆရာတော်အနားရှိ ဆေးထမင်းအိုးကိုလှမ်းယူလိုက်ပြီး ထိုအိုးထဲမှထမင်းများကို သူစားလက်စ ပန်းကန်ထဲသို့ကော်ထည့်လိုက်၏။ ပြီးလျှင် အနီးရှိဟင်းပန်းကန်များထဲမှ ဟင်းများကို ခပ်ထည့်ပြီး ရောနယ်လေ၏။ ပြီးသောအခါ ထိုပန်းကန်ကို မိမိထံထိုးပေးပြီး နှုတ်မှလည်း-

"ရော့- ဒါကိုစားလိုက် နောက်ဆိုအလုပ်တွေ တကယ်လုပ်ရတော့မယ်။ အဆင်သင့်ဖြစ်အောင် အားလုံးကိုပြင်ထားဖို့လိုလိမ့်မယ်။ ကိုယ့်ပခုံးပေါ် ကျရောက်လာတဲ့တာဝန်တွေကိုလည်းထမ်းဆောင်ဖို့ဝန်မလေးပါနဲ့"

ဟု မိန့်ကြားလာသဖြင့် မိမိကလည်း-

"မှန်ပါ့ဘုရား"

"ကဲ-စားလိုက်ဦး"

ဟု မိန့်သဖြင့် မိမိလည်း လက်ဆေးပြီး ထမင်းကိုယူစား၏။ ထမင်း၏အရသာမှာ တစ်မျိုးကတမည်ထူးခြားနေပါသည်။ ထူးခြားမှုမှာ ဟင်းခတ်အမွှေးအကြိုင်နှင့် ဓာတ်တို့၏အနံ့အရသာတို့ကဦးဆောင်နေပါသည်။ ထိုထမင်းထဲတွင်အသားငါးတို့လည်းပါ၏။ ဟင်းသီးဟင်းရွက်များလည်းပါ၏။ ငါးပိကြော်၊ ဘာလချောင်ကြော်မျိုးလည်းပါ၏။ ချဉ်ရည်ဟင်း၊ ပဲဟင်းရည်ကဲ့သို့မျိုးလည်းပါ၏။ သခွားသီးကဲ့သို့ တို့စရာများလည်းပါ၏။

ထို့ကြောင့် အစားအစာမျိုးအစားစုံလင်လှသလို အရသာကလည်းမျိုးစုံပါနေပါသည်။ ထိုကဲ့သို့သောအစားအသောက်မျိုးကို မိမိတစ်သက်နှင့် တစ်ကိုယ်မစားဖူးခဲ့ပေ။ ထိုထမင်းကိုစားနေရင်း ခေါင်းထဲတွင် စဉ်းစားခန်းလည်းဝင်နေမိ၏။

ဆရာတော်သည် မည်သည့်အကြောင်းကြောင့် ထမင်းကို ပုံမှန်မကျွေးဘဲ ယခုကဲ့သို့စီမံပြီး ကျွေးရပါသနည်းဟူသည်ပင်ဖြစ်သည်။ အကြောင်းတစ်ခုတော့ ကျိန်းသေရှိပါလိမ့်မည်။

ထိုသို့စဉ်းစားရင်း ဆေးထမင်းနှင့်ဟင်းအမယ်စုံကို တစ်လုတ်ပြီးတစ်လုတ်စားရင်း ကုန်ဆုံးခြင်းသို့ရောက်ခဲ့တော့၏။ ဗိုက်လည်းအတော်လေးတင်းသွားတော့၏။ ထိုအချိန်တွင် ဆရာတော်လည်း မိမိအားခပ်ပြုံးပြုံးအနေအထားမျိုးဖြင့်ကြည့်နေပြီး-

"ထမင်းတွေ၊ ဟင်းတွေကိုအမယ်စုံအောင်ထည့်လိုက်တော့ တော်တော်လေးများသွားမယ်။ ဗိုက်တင်းသွားပြီလား"

"မှန်ပါ့"

"ရော့-အစာအိမ်ရသာဆေးလေးသောက်လိုက်ဦး"

ဟုမိန့်ကာ ဆေးဘူးလေးကိုပေးသဖြင့် ယူပြီးသောက်လိုက်၏။ ပြီးမှ ဆရာတော်ကစကားတစ်ခွန်းမိန့်လာ၏။

"နောင်တစ်ချိန်မှာ ဟောင်းလည်းဟောင်း ကောင်းလည်းကောင်း ခေတ်လည်းမီတဲ့ဆေးပညာသစ်တစ်ခုကိုမဖြစ်မနေ ပြန်ပြီးဖော်ထုတ်ဖို့လိုမယ်"

"ပြန်ဖော်ထုတ်ရမယ်ဟုတ်လား။ အဲဒါ ဘယ်လိုဆေးပညာမျိုးလဲဘုရား"

"အဲဒါ- တတိယဆေးပညာပဲ"

"တတိယဆေးပညာ- တပည့်တော်နားလည်အောင် နည်းနည်းလောက်ထပ်ပြီးမိန့်ပါဦး"

"အဲဒီ- ဆေးပညာရဲ့သဘောကိုနားလည်အောင် ဒီနေ့ထမင်းကိုကျွေးတာပဲ"

"ဒီနေ့ကျွေးတဲ့ထမင်းဟာ အဲဒီအကြောင်းဟုတ်လားဘုရား၊ တပည့်ဖြင့်ပိုပြီးတော့တောင် နားမလည်နိုင်အောင်ပါဘဲ"

"အခု လောလောဆယ်တော့ ဘယ်နားလည်ပါဦးမလဲ။ နောက်တော့ သဘောပေါက်သွားမှာပါ။ သဘောပေါက်သွားတောင် လမ်းစရှာဖို့ကမလွယ်ဘူး။ ဒါပေမယ့်ကြိုးစားရလိမ့်မယ်"

"တင်ပါ၊ ကြိုးစားပါမယ်ဘုရား"

ထို့နောက် ဆရာတော်က ထိုနေ့မိမိစားခဲ့သောဆေးထမင်းနှင့် ပတ်သက်ပြီး အရိပ်အမြွက် မိန့်ကြားခဲ့ပါသည်။ ဆရာတော်မိန့်ကြားချက်၏ဆိုလိုရင်းကို အဓိပ္ပာယ်ဖော်ကြည့်ပါက အောက်ပါအတိုင်းကောက်ချက် ထွက်ပေါ်လာပါသည်။

ဆေးထမင်းဟူသည် သလေးဆန်ကဲ့သို့သော ဆန်ကောင်းကို ကရဝေးရွက် သစ်ကြပိုးခေါက်၊ ကုံကုမံ၊ ဖာလာ၊ထောပတ်တို့ကိုမြေအိုးတွင်ထည့်ပြီး ရေခမ်းချက်ထားခြင်းဖြစ်၏။ ထမင်းအိုးဆူပွက်လာသောအခါ ဆရာတော်၏ဓာတ်လုံးကို ထမင်းအိုးထဲထည့်ပြီးနှပ်ထားသောထမင်းဖြစ်၏။ ထို့ကြောင့် အဆိုပါထမင်းထဲတွင် အခြားသောဂုဏ်သတ္တိများအပြင် စွမ်းအားကြီးသော ဆရာတော်၏ဓာတ်လုံးဟိတ်ပါ ပေါင်းစပ်ပါဝင်နေသဖြင့် အဆိုပါထမင်းသည် ဆေးထမင်းဖြစ်သည့်အပြင် ရသာယနထမင်းလည်းဖြစ်ပါသည်။ သိမ်ဖြူဆရာတော်သည် ဤကဲ့သို့ပြည့်စုံသော ရသာယနထမင်း၊ အမျိုးအစားစုံလင်သော ဟင်းအမယ်စုံသည်။ ယနေ့တွင်မှ အပြည့်စုံဆုံးဖြစ်နေ၏။ ထိုသို့ဖြစ်ရသည့်အကြောင်းမှာ အဆိုပါနေ့သည် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့ဖြစ်ပြီး ထိုနေ့တွင် တနင်္လာဂြိုဟ်စန်းသည် ကြတ္တိကာနက္ခတ်နှင့်ယှဉ်သည့် ဆေးပေါင်းခသောနေ့ဖြစ်သောကြောင့်ပါတည်း။ ခါတိုင်းနှစ်များတွင် တန်ဆောင်မုန်းလပြည့်နေ့များတွင်သာ စန်းယှဉ်လေ့ရှိသော်လည်း ထိုနှစ်တွင်မှ ထူးထူးခြားခြား လပြည့်ကျော်တစ်ရက်နေ့တွင်မှ စန်းယှဉ်ခြင်းဖြစ်၏။

မိမိသည်လည်း ဆရာတော်ထံသွားရောက်ဖူးမြော်လျှင် လပြည့်နေ့သွားခဲ့၏။ အဘယ်ကြောင့်ဆိုသော် လပြည့်နေ့တွင် ဆရာတော်ထံပါးပရိသတ် များတတ်သောကြောင့် ဖြစ်၏။ ထို့ကြောင့် လပြည့်ကျော်တစ်ရက်နေ့ရွှေ့သွားခဲ့ခြင်းဖြစ်၏။ သို့သော် ထိုနေ့တွင်ကြတ္တိကာ နက္ခတ်စန်းယှဉ်မှုကလည်းလာတိုက်ဆိုင်သွားခြင်းဖြစ်၏။

ထို့ကြောင့်လည်း အဆိုပါဆေးပေါင်းခသည့်နေ့အတွက် အထူးထမင်းအထူးဟင်းများကို တပည့်ဒကာ၊ ဒကာမများစွာက ချက်ပြုတ်ပြင်ဆင်ပြီးလာရောက်ဆွမ်းကပ်ကြသဖြင့် ဟင်းလျာနှင့် ထမင်းအစားအသောက်မျိုးစုံများပြားသွားရခြင်းဖြစ်၏။

ထမင်းတစ်ပွဲမှပေးသောဒဿန

သတ္တဝါအားလုံးတို့အတွက် အာဟာရသည် ပဓာနကိစ္စဖြစ်ကြောင်း ဗုဒ္ဓက'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဖြင့် ဖွင့်ဆိုပြခဲ့ပါသည်။ ထို့ကြောင့် သတ္တဝါတိုင်းအသက်ရှင်သန်ရေး၏ အဓိကအခြေခံမှာလည်း အာဟာရပင်ဖြစ်ပါသည်။ အာဟာရကိစ္စသာ မပါရှိပါက အသက် ရှင်သန်ရန်ဖြစ်နိုင်မည်မဟုတ်ပေ။ ထို့အပြင် အဆိုပါအာဟာရ၏ အကြောင်းကိုလည်း ကောင်းစွာသိရှိနားလည်မှသာ ဆေးဖက်ဝင်သော အာဟာရအသွင်ဆောင်ပါမည်။

ထို့ကြောင့် အာဟာရဆိုင်ရာသိမှုကိစ္စအတွက် ပိုမိုအဆင့်မြင့်မားစေရန် ဆေးပညာအခြေခံပေါ်တွင် တည်ဆောက်ရခြင်းဖြစ်သဖြင့် အာဟာရနှင့် ဆေးပညာ၏ အဆက်အစပ်တို့သည် ကြီးစွာသော အကြောင်းတရားဖြစ်နေရခြင်းဖြစ်ပါသည်။

ယခု သိမ်ဖြူဆရာတော်အား ဆေးပေါင်းခနေ့ အထူးလာရောက်ဆွမ်းကပ်ကြသည်။ ထမင်းဟင်းလျာများမှာလည်း သာမန်ထမင်းဟင်းများ မဟုတ်ပေ။ ဆေးပေါင်းခထမင်းဟင်းများဖြစ်ကြောင်း နောက်မှသိရခြင်းဖြစ်၏။ ထို့ကြောင့် မိမိစားခဲ့သောဟင်းများထဲတွင် ကြက်သား မဆလာချက်၊ ဝက်သားနီ၊ သရက်သီးကုလားတယ်ချက်၊ ငါးသလဲထိုး၊ ကြက်သွန်ဖြူကြော်၊ ငါးဖယ်ခြစ်ရဲယိုရွက်ထုပ်ဆီပြန်၊ ဘဲသားချင်းပေါင်း၊ ဆိတ်သားကုံကုမံခပတ်ချက်၊ မယ်ဇလီဖူးသုပ်၊ ပဲတီချဉ်သုပ်၊ ခရမ်းချဉ်သီးပန်တွေဖျော်၊ ပေါက်ပန်းဖြူဒန့်သလွန်၊ ခွေးတောက် ဖန်ခါးစသည်တို့စရာများလည်း စုံလင်စွာပါရှိခဲ့ပါသည်။ ထို့ကြောင့်လည်း ထူးထူးခြားခြား ထမင်းတစ်ပွဲဟုဆိုရခြင်းဖြစ်ပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဆရာတော်၏ဆိုလိုရင်းကို အဓိပ္ပာယ်ကောက်ရပါက တကယ့်ဆေးပညာဟူသည် ဟောင်းလည်းဟောင်းရမည်၊ ကောင်းလည်းကောင်းရမည်၊ မှန်လည်းမှန်ရမည်၊ ခေတ်ကာလနှင့်လည်း လျော်ညီရမည်၊ ကျယ်လည်းကျယ်ပြန့်ရမည်၊ အရာရာတိုင်းနှင့်လည်း ဝင်ဆန့်ရမည်။ ဆေးပညာရပ်ဆိုင်ရာ အထောက်အပံ့ပြုပညာရပ်ကောင်းများစွာလည်းပါဝင်နေရမည့်အဓိပ္ပာယ်ပင်ဖြစ်၏။

ယခုစားခဲ့ရသော ထမင်းတစ်နပ်တွင် ဤအနက်အဓိပ္ပာယ်ဒဿနများကို ဖော်ဆောင်ထားခြင်းလောဟု သုံးသပ်ရပါသည်။ ထမင်းတစ်နပ်ကိုစားခြင်းဟူသည်တွင်ပင် လူပုဂ္ဂိုလ်အလိုက်သော်လည်းကောင်း အခြေအနေ၊ အချိန်အခါအကြောင်းခြင်းရာလိုက်၍သော်လည်းကောင်း၊ ရည်ရွယ်ချက်၊ ခံယူချက်၊ ခံစားချက်၊ အမျိုးမျိုးကွဲပြားနိုင်ပါသည်။

ထမင်းစားခြင်းဆိုသည်မှာ ဗိုက်ဝအောင်စားခြင်းဟူသည့်အဓိပ္ပာယ်သည် လူသားအားလုံး၏ ယေဘုယျသဘောဖြစ်သော်လည်း ထိုအပေါ်တွင်ဆင့်ကဲပြုပြင်၊ ပြင်ဆင်လာသောကိစ္စများသည် ဗိုက်ဝခြင်းအပြင် အခြားလိုအပ်သော ရည်ရွယ်ချက်များအတွက် ထပ်ဆင့်လာသည့်သဘောအဖြစ် ကောက်ယူနိုင်ပါသည်။

ထို့ကြောင့် အချို့က ရောဂါဘယပျောက်ကင်းရေးအတွက် အချို့ဓာတ်စာအတွက်၊ အချို့ကအသက်ရှည်ရေးအတွက်၊ အချို့ကကျန်းမာရေးအတွက်၊ အချို့က ခန္ဓာကိုယ်ဝဖြိုးရေးအတွက်၊ အချို့က ခန္ဓာကိုယ်သွယ်လျကျစ်လစ်ရေးအတွက်၊ အချို့ကအသားအရေလှပရေးအတွက်၊ အချို့က မျက်စိစသည့်အာရုံငါးပါး အားကောင်းရေးအတွက် အချို့ကား ပျက်ယွင်းနေသော ခံတွင်းအရသာခံမှုဆိုင်ရာအာရုံများ အားပြန်ကောင်းရေးအတွက်၊ အချို့ကဆံပင်အားကောင်းရေးအတွက်၊ အချို့ကသားသမီးထွန်းကားရေးအတွက်၊ အချို့က သုက်ဓာတ်အားကောင်းရေး၊ ပွားများရေးအတွက်၊ အချို့ကခွန်အားတိုးရေးအတွက်၊ အချို့ကကာမဂုဏ်အာရုံဆိုင်ရာကိစ္စ၊ လိင်ဆက်ဆံမှုဆိုင်ရာကိစ္စများတွင်စိတ်တိုင်းကျခံစားနိုင်ရေးအတွက်၊ အချို့ကရသာ (၈) ပါးတို့ကို အစွမ်းကုန်ခံစားရရှိရေးအတွက်၊ အချို့ကလည်း သက်သတ်လွတ်စားပြီး မေတ္တာတရားပွားများရေးအတွက် အချို့ကလည်း ကမ္မဋ္ဌာန်းဘာဝနာကို အနှောက်အယှက်ကင်းစွာ အားထုတ်နိုင်ရေးအတွက် စသည်အမျိုးမျိုးသောရည်ရွယ်ချက်များဖြင့်လည်း ထမင်းတစ်နပ်ကိုစားကြပါသည်။

ရည်ရွယ်ချက်အလိုက် ထမင်းဝိုင်းတွင်ပါဝင်သောအရာများသည် ပြောင်းလဲသွားမည်သာဖြစ်၏။ ထမင်းဟင်းလျာအစားအစာမှန်သမျှတို့သည် အာဟာရ

သဲဘောဍ်သက်ဝင်သကဲ့သို့ အာဟာရမှန်သမျှတို့သည်လည်း ဆေးပညာ၌သာ အကျုံးဝင်ပါသည်။ အဆုံးသတ်ပါသည်။ ဆေးပညာသည် ထိုစနစ်အစဉ်အားလုံး၏အဆုံးအဖြတ်လည်းဖြစ်ပါသည်။

ထို့ကြောင့် ဆေးပညာတွင် အထက်ပါလူသားတို့၏ လိုလားချက်အားလုံးတို့သည် အကျုံးဝင်နေပါသဖြင့် ဆေးပညာတစ်ရပ်ဟုဆိုလိုက်သည်နှင့် အထက်ပါထမင်းတစ်ဝိုင်းနှင့်အလားတူစွာပင် နယ်ပယ်စုံ၊ ပညာရပ်စုံ ပါဝင်ရန်သင်္ကေတပြုခြင်းဟုကောက်ချက်ပြုနိုင်ပါသည်။

ဟင်းမယ်စုံသင့်သော ထမင်းဝိုင်း

ကာမဂုဏ်ခံစားရန်၊ လိင်မှုကိစ္စဆောင်ရွက်ရန်တို့ပါဝင်သလို ကမ္မဋ္ဌာန်းထိုင်ရန်၊ သက်သတ်လွတ်စားရန် မေတ္တာပွားရန်ဟူသည့်ကောင်းသောရည်ရွယ်ချက်ပါသလို၊ ပုထုဇဉ်သဘာဝဆိုင်ရာရည်ရွယ်ချက်များလည်းပါမည်သာဖြစ်၏။ ထိုကိစ္စရပ်အားလုံးဆိုင်ရာ ပညာရပ်များသည်လည်း ဆေးပညာရပ်ထဲတွင် ပါဝင်ရမည်သာဖြစ်၏။

ထိုသို့မဟုတ်မူဘဲ မိမိကောင်းမည်ထင်သည့် သီးသန့်ဆေးပညာမျိုး၊ အချို့သောကိစ္စများသည် ဆေးပညာနှင့်မသက်ဆိုင်ဘဲ ဒါက လောကီကိစ္စ၊ ဒါကလောကုတ္တရာကိစ္စဟုဆိုပြီး ခွဲခြားဖယ်ထုတ်ထားပါကလည်း ထိုဆေးပညာသည် နယ်ပယ်ပိုင်ခြား ဆေးပညာအမျိုးအစားဖြစ်ပါလိမ့်မည်။

အမှန်ကား ဆေးပညာသည် သဘောတရားအစုံ၊ ပညာရပ်အစုံ လောကီလောကုတ္တရာ ကိစ္စရပ်ပေါင်းစုံတို့အတွက် ပေါင်းစပ်ပါဝင်နိုင်သော အရည်သွေးမျိုး ရှိသည့်ဆေးပညာဖြစ်ရပါမည်။ သို့မှသာ လူတိုင်း လူသားတိုင်းအတွက် အားကိုးအားထားပြုထိုက်သောဆေးပညာဖြစ်ပါလိမ့်မည်။

ထို့ကြောင့်လည်း ထမင်းဝိုင်းတစ်ဝိုင်းတွင် ကောင်းမွန်သော ထမင်းဟင်းများအပြင်၊ အရည်သောက်၊ အတို့အမြုပ်၊ အသုပ်၊ အကြော်၊ အလှော်၊ အကင်၊ အဖုတ်၊ အပေါင်းတို့နှင့်အတူ ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်ခါးရသာစုံ အမယ်စုံပါဝင်သင့်ကြောင့် ဆရာတော်က နိမိတ်ပြခြင်းဟုဆိုနိုင်ပါသည်။ ထိုအစားအစာများတွင်လည်း အရည်အသွေးအမျိုးမျိုး၊ ဂုဏ်ရည်အဆင့်အတန်းအမျိုးမျိုး အနိမ့်အမြင့်ကွာခြားမှုတော့ရှိပါလိမ့်မည်။ ဂုဏ်ရည်နိမ့်သည်ဆိုပြီး ပစ်ပယ်၍မရပေ။ သူ့နေရာနှင့်သူအရေးပါကြသည်သာဖြစ်ပါသည်။ ချက်ပြုတ်သည့်ပုဂ္ဂိုလ်အနေဖြင့်သာ စီမံခန့်ခွဲတတ်ဖို့လိုပါသည်။

သိမ်ဖြူဆရာတော် ကျွေးသည့် ထမင်းပွဲဥပမာတွင်ပြန်ကြည့်ပါကလည်း သလေးဆန်၊ ကုံကုမံစသည်တို့နှင့်အတူ သိဒ္ဓိအစွမ်းမြင့်မားသော ဓာတ်လုံးတို့၏ ပေါင်းစပ်ချက်ပြုတ်ထားသော ဂုဏ်ရည်မြင့်သတ်မှတ်လေ့ရှိသော အစာအာဟာရများပါဝင်သလို၊ ငါးပိရည်တို့စရာကဲ့သို့ ဂုဏ်ရည်နိမ့် သတ်မှတ်လေ့ရှိသော အစာအာဟာရများပါ တစ်ပေါင်းတစ်စည်းတည်းပင် ရောစပ်ပါဝင်နေသည်ကို သတိပြုနိုင်ပါသည်။ ဤတွင် ချက်ပြုတ်သည့်ပုဂ္ဂိုလ်၏ အစီအမံကျွမ်းကျင်လျှင် ကျွမ်းကျင်သလို တစ်ခုတည်းပေါင်းစပ်သွားမည်ဆိုပါက အားလုံးသည် ဂုဏ်ရည်တူဖြစ်သွားမည်သာပင်တည်း။

ဤကား ကက္ကဋာသယဓာတ်လုံး၊ ဟိတ်ပါသောထမင်း၊ ဤကားကြက်သားဟင်း၊ ဤကားဝက်သားဟင်း၊ ဤကား ငါးပိကြော်၊ ဤကား ကန်စွန်းရွက်ရိုးနီချဉ်ရည်ဟင်း၊ ဤကား မက်လင်ချဉ် ငါးသလောက်ပေါင်း၊ ဤကား ချဉ်ပေါင်ကြော်စသည့်ဂုဏ်ဟိတ်များ အနိမ့်အမြင့် မကွဲပြားတော့ဘဲ ပေါင်းစပ်ဂုဏ်ရည်တစ်ခု၊ ရသာသစ်တစ်ခုအဖြစ်ပေါ်ထွက်လာမည်သာဖြစ်၏။

ဟင်းတစ်မယ်ထမင်းဝိုင်းနှင့် ဟင်းမယ်များစွာထမင်းဝိုင်း ကွာခြားချက်

ဟင်းမယ်တစ်ခွက်သာရှိသဖြင့် ထိုတစ်ခွက်တည်းသောဟင်းဖြင့် ထမင်းစားရာတွင် တစ်မျိုးတည်းသောအရသာခံစားရပါမည်။ ထို့အပြင် ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်စသည့် အာဟာရဓာတ်တို့ကိုလည်း တစ်မျိုးတည်းမှာသာရရှိနေသဖြင့် ကျန်းမာရေးရှုထောင့် ဆေးပညာရှုထောင့်မှကြည့်ပါက များစွာလိုအပ်ချက်များရှိနေမည်သာဖြစ်၏။

ထို့မပြည့်စုံသည့်အာဟာရဆိုင်ရာလိုအပ်ချက်များကြောင့် တစ်ချိန်ချိန်ကျန်းမာရေးချို့ယွင်းပြီး၊ ရောဂါတစ်စုံတစ်ရာကျရောက်မည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ဖြစ်ပွားရန်ပို၍အခွင့်အလမ်းများမည်ဖြစ်၏။

ဟင်းမယ်အစုံ၊ သားငါးအစုံ၊ အသီးအရွက်စုံပါဝင်သည့်ထမင်းဝိုင်းကိုစားရသည့်ပုဂ္ဂိုလ်ကား၊ အရသာမျိုးစုံခံစားရသည့်အတွက် ပို၍နှစ်သက်ရွှင်လန်းမှုကိုဖြစ်ရ၏။ ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရဓာတ်မျိုးစုံကိုပါရနေသဖြင့် တော်ရုံအခြေအနေမျိုးဖြင့် ရောဂါဘယမကျရောက်နိုင်ခြင်း၊ ရောဂါဆိုင်ရာချို့ယွင်းမှုများကို ပြုပြင်နိုင်သောတွန်းလှန်နိုင်သော ကိုယ်ခံအားစွမ်းရည်၊ ခုခံမှု စွမ်းရည်၊ ရောဂါပိုးစနစ်စွမ်းရည်များတိုးတက်မည်သာဖြစ်ပါသည်။

ထို့အတူပင် ဆေးပညာတစ်ရပ်ဟုဆိုရာတွင် တမယ်ကောင်းပညာသဘော ကုထုံးအမျိုးအစားလောက်သာပါဝင်နေသော ဆေးပညာကိုအားကိုးထိုက်သည့် ဆေးပညာဟုဆိုရန်ခက်လှပါသည်။ ထို့ကြောင့် အမယ်စုံသောထမင်းဝိုင်းကဲ့သို့ အမျိုးအစားစုံဆေးပညာရပ်များ ပေါင်းစုပါဝင်နေသောဆေးပညာကသာ အမှန်တကယ်အားကိုးထိုက်သည့်ဆေးပညာ ဖြစ်နိုင်ပါသည်။ ဘက်စုံပါလျှင် ပို၍အရှိန်အဟုန်ပြင်းလာမည်မှာ သဘာဝဖြစ်ပါသည်။ ထို့ကြောင့် ဖော်ထုတ်သင့်သည့် ဆေးပညာ၊ (ဝါ) ရှေးဟောင်းဆေးပညာသစ်သည် စွယ်စုံရဘက်စုံဆေးပညာမျိုးဟုဆိုခြင်းဖြစ်ပါသည်။

ဘက်စုံဆေးပညာသည် ဟိုစပ်စပ်ဒီစပ်စပ် ဆေးပညာမျိုးမဟုတ်

ဤတွင် ဘက်စုံ၊ စွယ်စုံ၊ ပေါင်းစုံဟုဆိုအပ်သော ဝေါဟာရသည် ဟိုစပ်ဒီစပ်စပ်ဟူသည့်သဘောနှင့် လွဲမှားတတ်ပါသည်။ ဟိုစပ်စပ် ဒီစပ်စပ်ဆေးပညာမျိုးဟူသည် ဟိုဟာလည်း မတောက်တခေါက် ဒီဟာလည်းမတောက်တခေါက်လောက်သာတတ်သည့်သဘောသာရှိပါသည်။ ကုသရာတွင်လည်း ဟိုဟာလည်းစမ်းတဝါးဝါး ဒီဟာလည်းချီတုံချတုံဖြင့်သွေးတိုးစမ်း၊ လက်တည့်စမ်းကုသည့် သမားကု၊ သမားယောင်၊ ရမ်းကုမျိုးသာဖြစ်ပါလိမ့်မည်။ ထိုသူမျိုးသည် ပစ္စုပ္ပန်ရော သံသရာပါလွန်စွာဝန်လေးလှပါလိမ့်မည်။

ဘက်စုံဆေးပညာရှင်ကား ဆေးပညာဆိုင်ရာ တတ်သင့်တတ်ထိုက်သောပညာရပ်အားကိုလည်းကောင်း၊ တွဲဖက်ကုထုံးများအားလုံး ဆေးပညာနည်းစနစ်အားလုံးတို့ကိုလည်းကောင်း၊ အခြေခံမှအဆင့်မြင့်တိုင်အောင် ကကြီးမှအအထိကျွမ်းကျင်တတ်မြောက်ထားသူမျိုးကိုဆိုလိုပါသည်။ သာဓကအားဖြင့် ဆိုရပါမူ

'မဟာဘေသဇ္ဇဂုရုဆေးဘုရား ပညာတော်' သည် အဆိုပါဘက်စုံပါဝင်သည့် ဆေးပညာမျိုးဖြစ်သဖြင့် ဆေးစွယ်စုံပညာတွဲဖက်ကုထုံးပေါင်းစုံဆေးပညာ၊ တစ်ခုတည်း ပေါင်းစပ်အစွမ်းသတ္တိဖြင့် ဆေးပညာ၊ တတိယဆေးပညာ စသည့် အမျိုးအမည်များစွာ ခေါ်ဝေါ်သမုတ် ပြုနိုင်သောဆေးပညာပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် လူသားတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုဆိုင်ရာကိုစဉ်းစားရာ၌ သဘာဝပတ်ဝန်းကျင် ရေမြေ၊ တောတောင်တည်ရှိမှု၊ ကျင့်သုံးမှု၊ နေထိုင်မှု၊ အစားအစာစိုက်ပျိုးမှု၊ မွေးမြူမှု၊ ထုတ်လုပ်မှု၊ ထိန်းသိမ်းမှု၊ ထားသိုမှု၊ ထုပ်ပိုးမှု၊ ပြုပြင်မှု၊ စီမံမှု၊ စားသုံးမှုစသည့်အရေးအရာအားလုံးတို့ကိုထည့်သွင်းရမည်ဖြစ်၏။

ဤအရေးအရာ အားလုံးကို ယေဘုယျသုံးသပ်ကြည့်ပါက အော်ဂဲနစ်အစစ်တို့သည် လွန်စွာနည်းပါးသွားပြီဖြစ်၏။ ထို့ကြောင့် သဘာဝ ပကတိသဘောထက် ပြုလုပ်ချင်တိုင်း လုပ်ချင်သလိုလုပ်ထားကြသည့် ဝိကတိသဘောတို့ကသာ နေရာတကာလွှမ်းမိုးအားကောင်းလာသဖြင့် ကျန်းမာရေးထိခိုက်မှုပုံစံအသစ်များ၊ ရောဂါဘယအသစ်များ၊ ဗိုင်းရပ်စ်ပိုးရောဂါပိုးအသစ်များစွာတို့က ပိုမို၍နှိပ်စက်ကလူပြုလာကြ၏။

ထိုကိုကာကွယ်ရန်၊ တားဆီးရန်၊ နှိမ်နင်းရန်တို့အတွက် သမားရိုးကျဆေးပညာတို့ဖြင့်မလုံလောက်တော့ပေ။ ဤသည်မှာအသေအချာပင် ဖြစ်၏။ ယနေ့ (၂၁) ရာစုတွင် အသစ်ထွက်ပေါ်လာသော ဗိုင်းရပ်စ်ပိုးအသစ်ကြောင့်ဖြစ်ပေါ်လာရသည့် ကိုဗစ်ရောဂါဆိုလျှင် ကမ္ဘာ့ဒေသအရပ်ဒေသအားလုံး၌တွင် ကျယ်စွာအသုံးပြုနေသည့် ဆေးသိပ္ပံပညာရပ်ပင် ပြိုလုလုခမန်းဖြစ်ခဲ့ရပါသည်။ တကယ်တမ်းတွင်မူ အဆိုပါကိုဗစ်နိုင်တီးရောဂါအတွက် ကုသပျောက်ကင်းဆေးကိုတွေ့ရန် နေနေသာသာ ကာကွယ်ဆေးကိုပင် ခေါင်းမီးတောက်မတတ်ကြံဆနေကြရသည့်အခြေအနေမျိုးကို သဘောပေါက်ရန်လည်း အရေးကြီးပါသည်။

ထို့ကြောင့် အစစအရာရာဆိုင်ရာ ကျန်းမာရေးပြဿနာအားလုံးအတွက် ဖြေရှင်းပေးနိုင်သည့် ဆေးဘက်စုံပညာ၊ ဆေးစွယ်စုံပညာ၊ ကုထုံးပေါင်းစုံဆေးပညာသည် လိုအပ်လာပြီဖြစ်၏။ လူသားတို့၏နေထိုင်ရာကမ္ဘာမြေ၏လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသောရောဂါဘေးအန္တရာယ် အခြေအတေအရပ်ရပ်တို့အတွက် ဆေးပညာသစ်တစ်ရပ်သည် မုချမသွေ လိုအပ်ချက်တစ်ရပ်ဖြစ်လာပြီဖြစ်၏။ အကယ်၍မရှိသေးလျှင်လည်း ရှာဖွေဖော်ထုတ်ရမည်ဖြစ်၏။ ဖော်လည်းဖော်ထုတ်သင့်၏။

သို့မဟုတ်ပါက လူသားတို့၏ အနာဂတ်သည် ကြောက်မက်ဖွယ်ကောင်းသော ရောဂါမျိုးစုံတို့၏ ခြိမ်းခြောက်မှုကို အခါမလပ်ခံနေရသော ဘဝဋ္ဌာနတစ်ခုသဖွယ်သာ ဖြစ်လာပါလိမ့်မည်။ လက်ရှိအခြေအနေသည်ပင် အသုံးပြုနေကျ သမားရိုးကျဆေးပညာများ၏လက်လှမ်းမမီသော အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။

ထိုအခြေအနေအတွက် ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ သို့မှသာကွာဟချက်နည်းပါလာစေနိုင်ပါသည်။ သို့မဟုတ်ပါက လိုအပ်ချက်၊ လစ်ဟာချက်၊ အားနည်းချက်များစွာရှိသော အာမခံချက်အားနည်းသော အနှစ်သာရမပြည့်ဝသော လူဘဝဖြစ်တည်မှုအဖြစ်မျိုးနှင့်သာစခန်းသွားရသော ဘဝနေနည်းမျိုးသာ ဖြစ်သွားပါလိမ့်မည်။ ထိုသို့မဟုတ်ပါကလည်း ဘယ်အချိန်၊ ဘယ်သောအခါ ဘယ်လိုပုံစံမျိုးကျရောက်လာမည်မှန်းမသိသော ကပ်ဘေးရောဂါမျိုးစုံကိုကြိုတင်စိုးရိမ်စိတ်များဖြင့် ငံ့လင့်နေရသည့်ဘဝ၊ ကပ်ဆေးခံရမည့် တစ်ချိန်ချိန်ကို စောင့်ဆိုင်းနေရသည့် ဘဝ၊ အဓိပ္ပာယ်မဲ့သောလူ့ဘဝမျိုးအတိဘဝအမြင်များပြောင်းလဲမှုပိုမိုပြင်းထန်လာနိုင်ပါသည်။

ဥသျှောင်ကိုင်ဆေး၊ ပညာကြီးတစ်ရပ် မလွဲမသွေလိုအပ်လာခြင်း

သိမ်ဖြူဆရာတော်၏ထမင်းဝိုင်း ဒဿနကိုပင် ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပြန်ကောက်လိုပါသည်။ ထမင်းဝိုင်းတွင် သမားရိုးကျ ထမင်းဟင်းများကိုပင် ဆေးပေါင်းခသဘောသက်ဝင်အောင် ရိုးရာဆေးပညာအမြင်ဖြင့်ပြုပြင်စီရင်ချက်ပြုတ်ပြီး အဆင့်မြှင့်တင်ခဲ့ပါသည်။ အာဟာရ အမယ်တကလည်း မျိုးစုံအောင်ပါဝင်သည့်အပြင် အမျိုးအစားကလည်း များစွာပါဝင်နေပါသည်။ ပြုပြင်စီရင်ချက်ပြုတ်သည့် နည်းစနစ်များကလည်း ပေါင်းစုံပါဝင်နေပါသည်။

ထိုအခြေအနေကို ကျန်းမာရေးရှုထောင့်အမြင်ဖြင့်ကြည့်ပါက မည်သို့မြင်ပါမည်နည်း။ အဖြေကရှင်းပါသည်။ 'အခန့်မသင့်လျှင် စူဠကာပုဏ္ဏားကိန်း' ဆိုက်သွားနိုင်ပါသည်။ ဤတွင် စားပိုးမနင့်လျှင်တောင် အစားအစာတို့သည် တစ်မျိုးနှင့်တစ်မျိုးပင် အတွဲအစပ်မသင့်ပါက အစာအဆိပ်သင့်သည်မျိုးဖြစ်နိုင်ပါသည်။ ထိုထက်ဆိုးလျှင် အသက်အန္တရာယ်ရှိနိုင်ပါသည်။

အစားအစာတို့သည် တစ်မျိုးတည်းဆိုလျှင် အာဟာရသဘောဖြစ်သည်ကား အသေအချာပင်ဖြစ်၏။ သို့သော် နှစ်မျိုးသို့မဟုတ် ထိုထက်မကပေါင်းစပ်လျှင် ပြင်းထန်သော အစာအဆိပ်သော်လည်းကောင်း အာဟာရအစွမ်းသတ္တိ ပိုမိုထက်မြက်သွားခြင်းသော်လည်းကောင်းဖြစ်နိုင်ပါသည်။

ယခုသိမ်ဖြူဆရာတော်၏ ထမင်းနှင့်ဟင်းအမျိုးစုံပေါင်းစပ်လိုက်ခြင်းကား အဆိပ်မဖြစ်ဘဲ၊ အမြိုက်သဘောသာဖြစ်သွားစေခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်း၏အခြေခံအကြောင်းတရားတို့ကို သုံးသပ်ကြည့်ပါက ဥသျှောင်ကိုင်သဘောတရားကိုသုံးထားသောကြောင့် ဖြစ်၏။ ချက်သည့်သလေးထမင်းတွင် တန်ခိုးသဒ္ဓိအဆင့်တစ်ခု ပြီးမြောက်ပြီးသော ဣစ္ဆာသယဓာတ်လုံး ပါဝင်ထားသောကြောင့်ဖြစ်၏။

ထိုဓာတ်လုံး၏ အစွမ်းကြောင့် ပါဝင်သမျှသော အစာအာဟာရအပေါင်းတို့သည် အဆိပ်မဖြစ်ဘဲ အမြိုက်ဖြစ်သွားသဖြင့် ထိုထမင်းဝိုင်းသည် သိဒ္ဓိဝင်ထမင်းဝိုင်းသာဖြစ်သွားရခြင်းဖြစ်၏။ ဤတွင် ဒဿနသဘောတရားမှာ အားကြီးသောအကြောင်းတရားတစ်ခုသာရှိပါက အမျိုးမျိုးကွဲပြားခြားနားသမျှကုန်သော အခြားသော သာမန်အကြောင်းတရားတို့သည် အားကြီးသော အကြောင်းတရား၏ အလိုအတိုင်းသာလိုက်ကြမည်သာ ဖြစ်၏။

သို့အတွက် အဆိုပါ သဘောတရားအတိုင်းပင် ဘက်စုံဆေးပညာရပ်များတွင် ဆေးပညာပေါင်းစုံပါဝင်ပါလိမ့်မည်။ ထိုတွင်အကြမ်းဖျင်းအားဖြင့် အရှေ့တိုင်းဆေးပညာရပ်များတွင် သာဓကအားဖြင့် အာယုဗွေဒဆေးပညာ၊ တရုတ်ရိုးရာဆေးပညာ၊ တာအိုဆေးပညာရပ်များစသည် ပါဝင်သလို

အနောက်တိုင်းဆေးပညာတွင် သာဓကအားဖြင့် သိပ္ပံပညာ၊ ဟိုမီယိုပက်သီဆေးပညာရပ်များပါဝင်သည့်အပြင် တစ်ပါးချင်းစီရပ်တည်နေသော အရောင်ကုထုံး၊ ရနံ့ကုထုံး၊ အသံ(ဂီတ)ကုထုံး၊ ကျောက်မျက်ကုထုံး၊ ရေကုထုံး၊ နေရောင်ခြည်ကုထုံး၊ တစ်ရှူးကုထုံး စသည့်များစွာသောကုထုံးဆေးပညာများ ပါဝင်ပါသည်။ ထိုမှုမက အကြောပြင်၊ သွေးပြင်ကုထုံး၊ အနှိပ်ကုထုံးဆေးတောင့်ကုထုံး၊ ဓာတ်အပ်၊ ဓာတ်တံထောက် ကုထုံး စသည့် များပြားစွာသောဆေးပညာ၊ ကုထုံးပညာများရှိနေပြီးဖြစ်ပါသည်။

ထိုဆေးပညာကုထုံးပညာရပ်များသည် တစ်ခုနှင့်တစ်ခု အခြေခံသဘောဝသည်ကွဲပြားခြားနားစွာဖြင့် တည်ရှိနေကြခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း အဆိုပါပညာရပ်များကို တစ်ပေါင်းတည်းကျင့်သုံးမည်ဆိုပါက ဆေးပညာဆိုင်ရာ ပြဿနာပေါင်းများစွာပေါ်ပေါက်လာနိုင်ပါသည်။ ထို့အတွက် အင်အားကြီးသော ဆေးပညာကြီးတစ်ရပ်အားလုံးနှင့်ဝင်ဆန့်ညှိနှိုင်းပေါင်းကူးနိုင်သောဥဩချောင်ကိုင် ဆေးပညာတစ်ရပ်လိုအပ်လာမည် ဖြစ်၏။ အဆိုပါဟာကွက်ကို ဖြည့်စွမ်းနိုင်သည့်ဂုဏ်အင်္ဂါများဖြင့်ပြည့်စုံသည်ဆေးပညာမှာ ဘေသဇ္ဇဂုရုဆေးပညာရပ်သာ ဖြစ်ကြောင်းနောက်ပိုင်းတွင် ပိုမိုထင်ရှားလာပါလိမ့်မည်။

ဤအချက်တို့ကား သိမ်ဖြူဆရာတော်ကျွေးခဲ့သော ထမင်းဝိုင်းတစ်ခု၊ ထမင်းတစ်နပ်ဆိုင်ရာနှင့်ပတ်သက်ပြီးကောက်ယူဖွင့်ဆိုချက် တစ်စိတ်တစ်ဒေသပင်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်၏သွားလိုရင်း ဆေးပညာလမ်းကြောင်းဦးတည်ချက်ကား မူလကတည်းကရှိပြီးသား ဖြစ်ပါသည်။ အိန္ဒိယတွင်ဆေးပညာသွားသင်သဖြင့် သိမ်ဖြူဆရာတော်၏ ဆေးပညာသည် ဟိန္ဒူအာယုဗ္ဗေဒဆေးပညာဟု ထင်မှတ်လျှင် အကြီးအကျယ်လွဲမှားသွားမည်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် ငါးထပ်ကြီးဘုရားလမ်းရှိ ဆရာတော်၏အမိကဆေးကုဌာနကို သိမ်ဖြူဆေးသိပ္ပံဟုလည်းကောင်း၊ မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံဟုလည်းကောင်း၊ မြန်မာ့ရိုးရာဆေးပညာကုဌာနဟုလည်းကောင်း အမည်များသတ်မှတ်ထားသည်ကို လေ့လာသုံးသပ်ကြည့်ရုံဖြင့်ပင် ဟိန္ဒူအာယုဗ္ဗေဒ၊ အိန္ဒိယအာယုဗ္ဗေဒတို့နှင့် မတူကြောင်းသိစေလိုသည်မှာ ထင်ရှားပေါ်လွင်လှပါသည်။ ထို့အပြင် မြန်မာအာယုဗ္ဗေဒသည် သီးခြားဖြစ်ခြင်းကိုလည်း အများပြည်သူတို့အနေဖြင့် သိရှိစေလိုသည်မှာလည်း ပေါ်လွင်နေပါသည်။ သိမ်ဖြူဆရာတော် အိန္ဒိယတွင် သွားရောက်သင်ယူခဲ့သည်မှာလည်း လက်ရှိခေတ်ပေါ် ဟိန္ဒူအာယုဗ္ဗေဒမဟုတ်ပေ။ မူလအာယုဗ္ဗေဒဆေးပညာကိုသာသင်ယူခဲ့ခြင်းဖြစ်၏။

ဟိန္ဒူအာယုဗ္ဗေဒဟူသည်နောက်ပိုင်းခေတ်သို့ ရောက်သောအခါတွင်မူ မူလအာယုဗ္ဗေဒကို ဟိန္ဒူဝါဒနှင့်အံဝင်ခွင်ကျအောင် ပြုပြင်ပြောင်းလဲထားသောကြောင့်ပါတည်း။

ထို့အပြင် သိမ်ဖြူဆရာတော်၏ အမိဋ္ဌာန်များကို လေ့လာကြည့်ပါက အိန္ဒိယတွင် မူလအာယုဗ္ဗေဒကိုသွားရောက်သင်ယူခြင်းသည် မြန်မာ့ဆေးပညာသမိုင်း၏ ပြတ်တောက်နေသော ဆေးပညာကွင်းဆက်ကို ပြန်ဆက်ရန်ဟူသည့်ကိစ္စပင် ဖြစ်၏။ ဤအချက်ကို ထောက်ရှုပါက မူလအာယုဗ္ဗေဒပညာရပ်အပိုင်းကိုသာ ပြတ်တောက်နေသည့်ကွင်းဆက်တွင်ဖြည့်စွက်နိုင်ပါက ရှေ့တစ်ပိုင်းတွင် အဆက်ပြတ်ကျန်ခဲ့သော မြန်မာ့ရှေးဟောင်းဆေးပညာရပ်ကြီးသည် ပြန်လည်ရုပ်လုံးပေါ်လာပြီး အသက်ဝင်လာမည်ဖြစ်၏။

သို့ပါသောကြောင့် ဆရာတော်အမှန်တကယ် ဖော်ထုတ်လိုသည်မှာ ရှေးဟောင်းသမိုင်းထဲတွင် လျှို့ဝှက်စွာတိမ်မြုပ်ကျန်ရစ်ခဲ့သောဆေးပညာသာဖြစ်၏။ ထိုဆေးပညာ၏ အမည်ကို ခေတ်ကာလအခြေအနေအရပ်ရပ်တို့အရထုတ်ဖော်ရန်မဖြစ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သူလက်ထက်ဖော်ထုတ်ရန်မဖြစ်နိုင်ခဲ့လျှင် နောက်မျိုးဆက်မှဆက်လက် ဖော်ထုတ်နိုင်ရန်လမ်းစပြခဲ့ခြင်းက ပို၍ ဖြစ်နိုင်ခြေရှိပါသည်။

ဤအရာကို ဖော်ထုတ်မည်ဆိုပါကပညာရပ်နှစ်ခု သို့တည်းမဟုတ် ဝါဒနှစ်ရပ်ကို ပေါင်းစပ်ရမည့်ဟုလည်း အတပ်သိထားပြီးလည်း ဖြစ်၏။ ထိုအခါ ပထမ၊ ဒုတိယ သဘောတရားတို့နှင့် မဆန့်ကျင်သော တတိယသဘောတရားအသစ်သည် မလွဲမသွေဖြစ်ပေါ်ရမည်သာဖြစ်၏။ ထိုကို တတိယဆေးပညာဟု နိမိတ်ပုံပြုခေါ်ဆိုထားခြင်း ဖြစ်၏။

ပေါင်းစပ်တတိယဆေးပညာအယူအဆ

တတိယဆေးပညာဟု ဆိုလိုက်သည်နှင့် ပထမဆေးပညာနှင့် ဒုတိယဆေးပညာနှစ်ရပ်ကိုပေါင်းစပ်ပြီး အသစ်ဖြစ်ပေါ်လာသည့်ဆေးပညာဟု ယေဘုယျနားလည်ပြီး အဓိပ္ပာယ်ဖွင့်ဆိုသည်ကများပါသည်။

ဤတွင် အများစုမှနားလည်မှုလွဲပြီးထင်မြင်ယူဆလေ့ရှိသည်မှာ ပထမဆေးပညာဖြစ်သော မြန်မာ့အာယုဗ္ဗေဒဆေးပညာနှင့် ဒုတိယဆေးပညာဖြစ်သော အနောက်တိုင်းဆေးသိပ္ပံပညာတို့ကိုပေါင်းပြီး ဆေးပညာရပ်တစ်ခု၏ လိုကွက်၊ လျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များကို အခြားသောဆေးပညာရပ်တစ်ခုဖြင့် ဖြည့်စွက်ပြီး ပြီးပြည့်စုံသောဆေးပညာသစ်တစ်ရပ်ကို ဖော်ဆောင်ရန် ဦးတည်ခြင်းပင်ဖြစ်၏။

အဆိုပါရည်ရွယ်ချက်၊ တွေးဆချက်၊ မျှော်မှန်းချက်တို့သည် ယေဘုယျကြည့်ပါက အတော်ပင်ကောင်းမွန်လှပါသည်။ သို့သော လက်တွေ့အခြေအနေတွင်မူကား တွေးထင်ထားထားသည့်အတိုင်းမည်မျှဖြစ်နိုင်ခြေရှိပါသနည်းဟူသည့်မေးခွန်းကိုဖြေဆိုရန်မှာ ပို၍ခက်ခဲလှမည်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပညာရှင်များခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရဘဲ မူလအတိုင်း ဟိုလိုလို ဒီလိုလိုဖြစ်ကာပြီးဆုံးခဲ့ကြရ၏။ အချို့သော ပေါင်းစပ်မှုများသည်လည်း ကျီးလည်းမဟုတ်၊ ကြက်လည်းမဟုတ်သော 'အောက်ကလိအာ' အခြေအနေမျိုးဖြင့်သာ အဆုံးသတ်သွားကြပါသည်။

ဤတွင်ရောနှောပေါင်းစပ်ခြင်းဆိုင်ရာသဘောတရားကို နားလည်သဘောပေါက်ရန်လိုပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး သာဓကအချို့ကိုထုတ်ဆောင်ပြပါမည်။

နွားနို့နှင့် ရေပေါင်းစပ်ခြင်းနှင့် ဆီနှင့်ရေပေါင်းစပ်ခြင်းတို့ကို သာဓကယူ၍ကြည့်နိုင်ပါသည်။ နွားနို့နှင့် ရေကိုမည်သို့ပင် ပေါင်းပေါင်းရောရော ချက်ချင်းပင်ခွဲခြားမရအောင် တစ်သားတည်းဖြစ်သွားပါသည်။ ဆီနှင့်ရေကိုကား မည်သို့ပင်ပေါင်းစပ်သည်ဖြစ်စေ လုံးဝပေါင်းစပ်မရနိုင်ပေ။ နောက်ဆုံးဆီသတ်သတ်၊ ရေသတ်သတ်သာဖြစ်ပါလိမ့်

မည်။

ဤသို့ဖြစ်ခြင်းသည် အခြေခံ သဘောဝမတူ၍ဖြစ်၏။ အခြေခံမတူ သဘာဝမတူသောအရာနှစ်ခု (ဝါ) ဆေးပညာရပ်နှစ်ခုကို မည်မျှအချိန်ယူယူ အပင်ပန်းခံပြီး ပေါင်းစပ်သည်ဖြစ်စေ နောက်ဆုံးအချိန်ကုန် ငွေကုန်၊ လူပန်း အဖြစ်မျိုးသာအဖတ်တင်ပါလိမ့်မည်။

အချို့ကား ရောဂါရှာဖွေခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ ဓာတ်ခွဲခြင်းများကို ဆေးသိပ္ပံဆိုင်ရာ ပစ္စည်းကိရိယာများဖြင့် အတည်ပြုခြင်း၊ ရောဂါကုထုံးဆေးဝါး များကို ရိုးရာဆေး၊ တိုင်းရင်းဆေးနည်း စနစ်များဖြင့်ကုသခြင်းကို ဆေးပညာနှစ် မျိုးပေါင်းစပ်အသုံးပြုသည့်တတိယဆေး ပညာဟုထင်မြင်ယူဆနေကြ၏။ အမှန် ကား သိပ္ပံကိရိယာများအသုံးပြု၍ရောဂါ ရှာဖွေဖော်ထုတ်သည့် အစိတ်အပိုင်းတစ် ရပ်သာဖြစ်၏။ ထို့ကြောင့် ဆေးပညာ တစ်ရပ်၏ အဓိကကျသော အစိတ် အပိုင်းတစ်ရပ်ဖြစ်သည့် ကုထုံးဆေးဝါး ပေါင်းစပ်အသုံးချမှုကား လုံးဝပါရှိမလာ ခဲ့ပေ။

ထိုသို့ ကုထုံးဆေးဝါးတို့ကိုနှစ်မျိုး လုံးပေါင်းစပ်အသုံးပြုမည်ဆိုလျှင်လည်း ဆေးပညာနှစ်ရပ်စလုံးကို ကျွမ်းကျင်ပိုင် နိုင်စွာတတ်မြောက်ထားသူမျိုးတွင်မှဖြစ် နိုင်ပါလိမ့်မည်။ သို့မဟုတ်ပါက ပို၍ အန္တရာယ် ထူပြောလှသောလမ်းတွင် လျှောက်လှမ်းနေသကဲ့သို့ ဖြစ်သွားနိုင်ပါ သည်။

အမျိုးအစားနှင့် အခြေခံပါ မတူ သော ဆေးဝါးများ၊ ကုထုံးများကိုရော စပ်အသုံးပြုခြင်းသည် အချိန်မရွေး ဝိရောဓိများ၊ ပဋိပက္ခများကို လက်ယပ် ခေါ်နေသကဲ့သို့သာ ဖြစ်နိုင်ပါသည်။ ဆေးအချင်းချင်း ဓာတ်မတည့်ခြင်း၊ ဆေး တစ်ခု၏အာနိသင်ကို အခြားဆေးတစ်ခု ၏အာနိသင်က ခြေဖျက်ခြင်း၊ ဖိနှိပ်ခြင်း၊ ဆန့်ကျင်ခြင်းများဖြစ်နိုင်ပါသည်။ သုံးစွဲ လေ့ရှိသူအများစုသည် တစ်ဖက်၏ သဘောသဘာဝကိုသာ သိနိုင်ကြပြီး၊ တစ်ဖက်ကိုကား မသိကြသည်ကားများ ပါသည်။ ထို့အတွက် အသုံးပြုခံကြရ သည့်လူနာများအဖို့မူ များစွာနစ်နာလှ ပါသည်။

မြန်မာဆေး၊ အင်္ဂလိပ်ဆေးရောထွေးအသုံး ပြုခြင်းဆိုင်ရာနောက်ဆက်တွဲပြဿနာများ

အချို့သော အနောက်တိုင်းဆေး ပညာရှင်မြန်မာတိုင်းရင်း ဆရာတို့အသုံး ပြုလေ့ရှိကြသည်မှာ လေငန်းရောဂါ ဖြစ်နေသူလူနာအား မြန်မာဆေး လေ ငန်းဆေး၊ အကြောဆေး၊ ဝမ်းနုတ်ဆေး များပေးပြီး အနောက်တိုင်းဆေးများ ဖြစ်သော ဗီတာမင်ဆေးများဖြစ်သည့် B_{12} B_{16} Cvit ဆေးများ၊ ဘားပလက် ဆေးများ၊ အခြားသောအားဆေးများ ပေးလေ့ရှိ၏။ ထို့အပြင် ခန္ဓာကိုယ်ကိုက် ခဲညောင်းညာလျှင် Para Duelo စသည့် အကိုက်အခဲ ပျောက်ဆေးများတွဲဖက် ပေးလေ့ရှိကြ၏။

ဤသို့ ရောဂါခံစားချက်အလိုက် လက္ခဏာများအလိုက် အနာတစ်မျိုး ဆေးတစ်မျိုး၊ ခံစားချက်တစ်မျိုးဆေး တစ်မျိုးပေးခြင်းကို သိမ်ဖြူဆရာတော် က ဆေးဖောင်မျှောသည်ဟုခေါ်ဆိုပြီး အနောက်တိုင်းဆေးပညာကမူ 'မရှင်း ဂန်းသရာဖီ' မည်းမည်းမြင်ရာ စက်သေ နတ်ဖြင့်လျှောက်ပစ်သည့်ကုထုံးမျိုးဟု ကင်ပွန်းတပ်လေ့ရှိပါသည်။

ဤကုထုံး သဘောတရားသည် အပေါ်ယံ ခံစားချက် လက္ခဏာကုထုံး သာဖြစ်ပါသည်။ ရောဂါဖြစ်စေသည့် အကြောင်းတရားကို သေချာစွာမဖော် ထည်ဘဲ အပေါ်ယံအကြောင်းတရား လောက်သာကြည့်ပြီး ကုသသည့်ကုထုံး နှင့်တူနေပါသည်။

အကယ်၍ ထိုသို့ကုပြီးရောဂါ သက်သာလျှင် တော်ပါသေးသည်။ သို့ တည်းမဟုတ် ရောဂါ၏အခြေအနေ သည် ပို၍ဆိုးရွားသွားသည်ဆိုပါက မည်သည့်ဆေးပညာကတာဝန်ယူ၊ တာ ဝန်ခံပါမည်နည်း။ ဆေးပညာရပ်တစ်ခု နှင့်တစ်ခု သူ့ကြောင့် ငါ့ကြောင့် လက် ညှိုးထိုးအဖြစ်ဖို့ခြင်းသာ ရလဒ်ထွက်နိုင် ပါသည်။

တစ်ဖက်တည်းသောဆေးများကို သာအသုံးပြုပြီးနောက် ဖြစ်ပေါ်လာ သောနောက်ဆက်တွဲကို ဖြေရှင်းရသည် ကလွယ်ကူနိုင်ပါသေးသည်။ ဘယ်ဆေး ပါသွားလို့၊ ဘယ်ဆေးပမာဏများလို့၊ ဘယ်ဆေးနှင့် ဘယ်ဆေးပဋိပက္ခရှိ တတ်လို့ စသည့်ဆေးပညာတစ်မျိုး တည်း၏ ဆေးဝါးများတွင်ပင် ပြဿနာ များစွာရှိပါသည်။

အကယ်၍ ရောဂါပျောက်ကင်း သက်သာသွားလျှင်လည်း အဘယ် ဆေးပညာဖြင့်ပျောက်သည်ကို ကံသေ ကံမမပြောနိုင်ခြင်း၊ ဆက်လက်သုသေ သနပြုရန်ခက်ခဲခြင်း၊ မှတ်တမ်းအမှတ် အသားများ လွဲမှားနိုင်ခြင်းတို့ဖြစ်နိုင်ပါ သည်။ သုတေသနနှင့် မှတ်တမ်းဆိုင်ရာ ပြဿနာဆိုသည်မှာ ဘယ်နှစ်ကြိမ်ထပ် ဖော်ဖော် ဆေးအာနိသင်တစ်ထပ်တည်း ကျနိုင်ပါသည်။ အင်္ဂလိပ်ဆေးတွင်ကား အကိုက်အခဲပျောက်ဆေးလို ပါရာစီ တမော့ဆေးမျိုး၊ အသုံးများဆေးတွင်ပင် ထုတ်လုပ်သည့်ကုမ္ပဏီက အမျိုးမျိုး ဖြစ်နေသဖြင့် အာနိသင်ကား တစ်ကြိမ် နှင့်တစ်ကြိမ်၊ ဒီလူနာတစ်ဦးနှင့် နောက် လူနာတစ်ဦး အတိအကျမတူနိုင်သော ကြောင့်ဖြစ်၏။ အခြားသောဆေး၊ အထူးပြုဆေးများတွင် ပို၍ကွာခြားနိုင် ပါသည်။

ဤတွင် အင်္ဂလိပ်ဆေးဝါးကုထုံး ၏အဓိကဇဟိုချက်ဆေးဝါးမှာ ပဋိဇီဝ ဆေးများ ဖြစ်၏။ ထိုကိုယူသုံးမည်ဆို ပါက ပို၍ပြဿနာကြီးသွားပြီ ဖြစ်၏။ (ဤအကြောင်းအရာကို နောက်ပိုင်းတွင် သီးခြားဖော်ပြပါမည်) တစ်ဖန် ထိုဆေး နှစ်ပါးတွဲဖက်အသုံးပြုခြင်းသည် မြန်မာ ဆေးထဲတွင် အင်္ဂလိပ်ဆေးများ ခိုးထည့် ရောစပ်ရောင်းချကြသည့် အခြေအနေ များဖြင့်လည်း ယှဉ်တွဲသုံးသပ်သင့်ပါ သည်။

ထိုသို့ ဆေးနှစ်မျိုးတွဲဖက်ကုသ ခြင်း ရောစပ်ဆေးပေးခြင်းသည် မည်မျှ ပင်ကျွမ်းကျင်သည့်ပုဂ္ဂိုလ်ဖြစ်စေကာမူ ပြဿနာရှိနိုင်ပါသည်။ အကျိုးထက် အပြစ်ကသာ ပိုလွန်နိုင်သဖြင့် တကယ့် သမားစစ်၊ သမားကောင်းတို့သည် အသုံး ပြုလိမ့်မည်မဟုတ်ပေ။ လက်ရှောင်ကြ မည်သာ ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ အဆိုပါဆေးပညာနှစ်ရပ်မှ ဆေးနှစ်မျိုး ကိုတွဲသုံးသည့်စနစ်တစ်ရပ်၊ မူတစ်ရပ် မရှိသောကြောင့်ဖြစ်၏။ အတည်ပြုပြီး သော သုသေသနအထောက်အထား များလည်းမရှိသေးပေ။

ထိုအတွက် ဤဆေးပညာနှစ်ရပ် ပေါင်းစည်းရန်အခြေအနေသည် များစွာ ဝေးကွာနေဦးမည်ဖြစ်ပါသည်။ အလွန် ပင်နက်နဲသိမ်မွေ့သည့်ပြဿနာများစွာ ရှိနေသောကြောင့်ဖြစ်ပါသည်။ လက်ရှိ အခြေအနေအရမူ ဆေးပညာဆိုင်ရာ သဘောတရားချင်း ညှိနှိုင်းသုံးသပ်ကာ အထောက်အထားယူပြီး ရောဂါသတ် မှတ် ဆုံးဖြတ်သည့်ကိစ္စမျိုးတွင်တော့ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ရှေ့လဆက်ဖတ်ပါ။

ဆက်ထွန်းလင်း(ဝိဇ္ဇာရေ)

အောင်မြင်စေကြောင်းကို ထပ်လောင်းပံ့ပိုးခြင်း

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

ဖြစ်ချင်တဲ့ဆန္ဒမရှိရင် ဘာမှမဖြစ်ပါဘူး။

ခတ်ဆင်ခတ်ရိုက်လုပ်တဲ့ အစီအရင်တွေကို ဖျက်ရယ်ပြုရင်လည်း ဘာမှဖြစ်မလာပါဘူး။ မယုံကြည်သလိုလို ယုံကြည်သလိုလိုလုပ်နေရင်လည်း ဘာအစီအရင်မှမလုပ်ပါနဲ့။ ဘာယတြာမှ မချေပါနဲ့။ အကြောင်းမထူးပါဘူး။

ဘာလို့ ဒီလိုလေးတွေအကြံပေးနေရလဲဆိုတော့-

တစ်ခါက လူတစ်ယောက်က အရွက်အခက်တွေကို နင်းကြမ်းပြုပြီး ထွက်ရမယ့်အစီအရင်တစ်ခုပြုလုပ်ဖို့ ဖြစ်လာပါတယ်။ လာတွက်တာက သူ့မိန်းမပါ။ သူ့မိန်းမကိုလွှတ်လိုက်တဲ့သူတွေရဲ့ သားတွေရော၊ သူ့မိန်းမရဲ့ မောင်တွေရော၊ ဒီနင်းကြမ်းအစီအရင်နဲ့ သင်္ဘောတက်သွားတဲ့သူတွေက တက်သွား၊ လုပ်ငန်းခွင်ရာထူးတိုးသွားဖြေလို့ အောင်တဲ့သူတွေကအောင်၊ ရပ်ဝေးမှာ ကြွေးသွားတောင်းလို့ ရသင့်သလောက်ပြန်ရလာသူတွေကရနဲ့ အဆင်တွေပြေကြတော့ အဲဒီအမျိုးသမီးကလည်း သူ့ယောကျ်ားကို အဆင်ပြေစေချင်တာပေါ့လေ။ သင်္ဘောပြန်တက်ဖို့ တအားကြာနေတော့ အဲဒီကိစ္စလေး အောင်မြင်ချင်လို့ပေါ့။

အဲဒီလူက ဗုဒ္ဓဟူးနာမည်ရှင် ဒီတော့ သူက သီဟို (၂၁) ရွက်ကို ဘယ်ခြေအောက်၊ ထန်းရွက်တစ်ထွာလောက် (၁၀) ရွက်ကို ညာခြေအောက်နင်းပြီး ဘုရားဂုဏ်တော်ရွတ်ပြီးမှ သွားရဖို့ဖြစ်လာရော။ အဲဒီမှာသူ့မိန်းမက ယောကျ်ားနင်းဖို့ ဘယ်ညာခင်းပေး ဖိနပ်ကိုရှေ့မှာ ချထားပေးပေါ့။ ဟိုလူက ငါကအဲဒါတွေနင်းပြီး ဘာလုပ်ရမလဲလို့ပြောပြီး သရော်သလိုလိုနဲ့ ကြည့်လည်းလုပ်စမ်းပါဦးဟာ သင်္ဘောတက်ရမှာကြာလို့လုပ်ပါတယ် ဆိုမှ သီဟိုတွေရော ထန်းတွေရော နင်းခိုင်းနေပြန်ပြီဆိုပြီး ပြက်ရယ်ပြုသတဲ့။ သူ့မိန်းမက လုပ်မှသာလုပ်စမ်းပါ ရှင် မြန်မြန် သင်္ဘောတက်ရအောင်လုပ်တဲ့ ကိစ္စကို ဘာမှပြောမနေပါနဲ့ဆိုတော့ ဟိုလူက တက်နင်းပြီး ကဲ နင်းပြီဟာ ဘာဆက်လုပ်ရမလဲပြောဆိုပြီး သူ့မိန်းမကိုစကားလှည့်ပြောနေလိုက်တာ မပြီးတော့ပါဘူး။ အဲဒီလူ အဆင်မပြေဖြစ်သွားပါတယ်။

ဒါ- နင်းကြမ်းယတြာအစီအရင်ပါပဲ။ နောက်လှည့်ကြည့်တာ လှည့်စကားပြောတာမလုပ်ရပါဘူး။ ဟိတ်ဆိုတာရှိသလို အရှိန်ဆိုတာလည်း ရှိပါတယ်။ အရွက်လေးတွေ ခင်းထားတာပဲဆိုပြီး အထင်သေးလို့မရပါဘူး။ စောစောက ပုဂ္ဂိုလ်ဆိုရင် အရွက်လေးတွေခင်းထားတာပဲဆိုပြီး အထင်မကြီးလို့ပြောတာဆိုတာ နောက်လှည့်ပြောတာတွေဖြစ်ခဲ့ရတာပါ။

အဲဒီလို အရွက်အခက်လေးတွေ နင်းရင်းနဲ့ပဲ အောင်မြင်သွားကြသူတွေ မရေမတွက်နိုင်တော့ပါဘူး။ နင်းကြမ်းပညာဟာ ဟိုတုန်းထဲကပညာပါ။ ခုမှပေါ်လာတာမဟုတ်ပါဘူး။ ထွင်လို့ရလာတဲ့ပညာမဟုတ်ပါဘူး။ ဒါကြောင့် အတိမ်းအစောင်းမခံပါဘူး။ အဲဒီနင်းကြမ်းကို အကြိမ်ကြိမ်ပြခဲ့စဉ်က မခိုက်အောင်လို့ 'ဉာဏ်ယှဉ်ပြီး' မိဘနာမည်တွေနဲ့တွေကို မနင်းမိဖို့ အကြိမ်ကြိမ်တားခဲ့ဖူးပါတယ်။ ဒါကတော့ ဆင်ခြင်တုံတရားပါ။ မိဘနံကိုနင်းထွက်လို့ မအောင်မြင်နိုင်ပါဘူး။ ခိုက်သွားနိုင်ပါတယ်။ ကိုယ်နင်းရမယ့်နင်းကြမ်းတွေဟာမိဘနံတွေဖြစ်နေရင် ဒီနင်းကြမ်းယတြာကို မသုံးသင့်တော့ပါဘူး။ အန္တရာယ်များပါတယ်။ ဒါကြောင့် အရွက်အခက်လေးတွေခင်းတာပဲဆိုပြီး အထင်သေးလို့မရပါဘူး။ အရွက်အခက်တွေမှာ သစ်ပင်တွေမှာ သူ့သတ္တိတွေနဲ့ သူရှိနေပါတယ်။ မင်းဂွတ်ပင်ကသီးတဲ့ မင်းဂွတ်သီးနဲ့ ကြံပင်က ဖြစ်တဲ့သကြား မတည့်တာကိုကြည့်ရင် ဒါသူ့အားတွေနဲ့ သူရှိနေတဲ့အပင်တွေပါပဲ။ အို- သစ်ပင်ကဖြစ်တာပဲဟာဆိုပြီး သွားစားကြည့်လို့ မရပါဘူး။ ကရမက်ဟာ အေးပြီး နံ့သာဖြူကပူတယ်ဆိုတာလည်း သစ်ပင်တွေပါပဲ။ သူ့ခတ်နဲ့သူပါ ညညဆို အရွက်ချင်းယှက်ပြီးအိပ်သွားကြတဲ့ သစ်ပင်တွေ အများကြီးပါ။ နေ့နဲ့ညကို ဘာလို့ဒီအပင်

ဘယ်ပြေပဲမလဲ နင်းကြမ်းနင်းတဲ့ အစီအရင်ဆိုတာ နင်းပြီးတာနဲ့တန်းထွက်ရတာ။ ဒီလိုနောက်ပြန်လှည့်ပြောနေလို့ရတာမဟုတ်ဘူး။ ခြေညှပ်တို့၊ ကွင်းထိုးဖိနပ်တို့ဆိုရင် ရှေ့မှာချထားရတာ၊ ဘိုလိုဝတ်တဲ့ဖိနပ်နဲ့ဆိုရင်တော့ ဝတ်ပြီးနင်းပြီးတန်းထွက်ရတာ-

ပုံစံနဲ့ပြရရင် ဒီလိုတွေ့ရပါလိမ့်မယ်။



တွေ ခွဲခြားနိုင်နေလဲ သိနေလဲ။ ဘာလို့ နေခင်းမှာ အရွက်တွေ ယှက်မကုန်တာလဲ။ ဘာလို့ တချို့အပင်တွေဟာ ဆေးပင်တွေဖြစ်နေတာလဲ။ ကာကွယ်ခြင်း၊ ကုသခြင်းနဲ့ဆိုင်တဲ့ ဆေးတွေအတွက် ဒီသစ်ပင်တွေရဲ့ပင်စည်တွေ အမြစ်တွေ၊ အပွင့်တွေ၊ အခေါက်တွေ၊ အဖူးတွေကို ဘာလို့ခူးပြီးဆေးဖော်ကြသလဲ။ ကြယ်တာယာ နက္ခတ်စုံချိန် အားကောင်းတဲ့ လရဲ့ညမှာ ဘာလို့မယ်ဇလီဖူးတွေကို ဆေးပေါင်းခတယ်ဆိုပြီး စားကြသလဲ။ ဝတ်ဆံပေါင်းစုံနဲ့ဖော်တဲ့ဆေးတွေ ဘာလို့စွမ်းသလဲ။ ဟိုသစ်မှုန့်၊ ဒီသစ်မှုန့် အချိုးကျကျရောပြီး ဘာလို့အစွမ်းထက်တဲ့ ဆေးကြီးတွေဖြစ်လာရလဲ။ လမ်းဘေးမှာ အလေ့ကျပေါက်နေတဲ့ အပင်ကို ပြုတ်သောက်ရင်း ဘာလို့ ရောဂါကြီးတွေ ပျောက်ကုန်ရလဲ။ သွေးလိမ်းရုံ၊ ရှူရုံနဲ့ ဘာလို့ရောဂါ

ကြီးတွေပျောက်လဲ။ သစ်ပင်ကဖြစ်တဲ့ အမှုန့်လေးတွေကို ဆေးဖော်ပြီးရှူလိုက်ရုံနဲ့ ဘာလို့ခေါင်းကိုက် ဇက်ကြောတက်တွေပျောက်ရလဲ။ ဘာလို့ ဒီအပင်ရဲ့အသားကို ဒီလိုဆောင်ရင်လာဘ်တွေပွင့်ရတာလဲ။ သစ်ပင်ချင်း အတူတူ ဘာလို့တချို့အပင်တွေဟာ သစ်မွှေးဆိုပြီး ရနံ့မွှေးမွှေးနဲ့ တန်ဖိုးတွေကြီးရတာလဲ။ ပိတောက်နဲ့စီရင်ကြတဲ့ အစီအရင်ကြီးတွေဟာ ဘာလို့မားပြမတိုက်အောင် ကာကွယ်နိုင်ကြတာလဲ၊ ကသစ်နဲ့စီရင်ကြရုံနဲ့ ဘာလို့ သူခိုးရန်ကဝေးကြရတာလဲ။

ထွက်သွားတဲ့ လူတစ်ယောက်ကို သူ့ရဲ့အင်္ကျီလေးတွေအပေါ်မှာ အရွက်အခက်တင်ထားလိုက်ရုံနဲ့ ဘာလို့ပြန်ရောက်လာရတာလဲ။ လူတစ်ယောက်ရဲ့ နံတူသစ်ကို သူ့အတိုင်းအတာနဲ့သူ တစ်နေရာရာမှာ ဖောက်ထိုးဆွဲထားရုံနဲ့ အဲဒီလူဘာလို့ဒုက္ခတွေရောက် ကျန်းမာရေးတွေချချာကုန်ရတာလဲ။ ကျန်းမာရေးမကောင်းရင်သွေးပြီးလိမ်းရတဲ့သစ်တွေကြောင့် ဘာလို့ကျန်းမာရေးတွေကောင်းကုန်လဲ။ သစ်ဥသစ်ဖုတွေကို သွေးလိမ်းရုံနဲ့ဘာလို့ရောဂါကြီးတွေပျောက်ရလဲ။

ဒီအိမ်ရဲ့ကြမ်းတွေက ဘာသစ်တွေလေ။ ဒါကြောင့် အေးနေတာ။ ဒါကြောင့် ကျန်းမာရေးတွေ ဒေါင်ဒေါင်မြည်နေကြတာလို့ ဘာလို့ပြောကြလဲ။ တချို့သစ်ဥသစ်ဖုတွေဟာ ရေမလောင်းရပါဘဲနဲ့ ဘာလို့အပင်တွေပေါက်လာကြသလဲ။

သစ်စေ့ သေးသေးလေးကနေ ဘာလို့အင်မတန်ကြီးမားတဲ့သစ်ပင်ကြီးတွေဖြစ်လာရသလဲ။ မြေက ပေါက်တဲ့ သစ်ပင်ချင်းအတူတူ ဘာလို့ သံပရာပင်ကအသီးကချဉ်ပြီး မင်းဂွတ်သီးပင်က မင်းဂွတ်သီးက ဘာလို့ချိုနေရတာလဲ။ ငရုတ်ပင်က သီးတဲ့ငရုတ်သီးက ဘာလို့စပ်ရတာလဲ။ တမာက ဘာလို့ခါးနေရတာလဲ။ တမာပင်တွေ အများကြီးအုံ့ဆိုင်းပေါက်နေတဲ့ နေရာဒေသကလူတွေ ဘာလို့ကျန်းမာရေးတွေ တအားကောင်းနေရတာလဲ။

တနင်္လာ၊ ဗုဒ္ဓဟူးပိတ်တဲ့အသားချင်းအတူတူ ကြောင်လျှာက ဘာလို့ ဓာတ်ရိုက်မရဘဲ ခရေနဲ့ဘာလို့ရိုက်ကြတာလဲ။

ပင်မှည့်ကလည်း ကြာသပတေး နှစ်ထပ်ဖြစ်ပါရက်နဲ့ ဘာဖြစ်လို့ပျဉ်းမနဲ့ စီရင်ကြတာလဲ။

နွယ်ပင်တွေ သစ်ကွင်းတွေ သစ်ဖောက်တွေဟာ ဘာကြောင့် အစွမ်းသတ္တိတွေနဲ့ ပြည့်စုံနေရတာလဲ။

သဘာဝအရောင်ကနေ အပွင့်အရောင်ပြောင်းသွားတဲ့ ပျဉ်းမဖြူဟာ ဘာလို့ဒါလောက်စွမ်းတာလဲ။

အနက်ရောင်ဖြစ်သွားတဲ့ ကျွန်းနက် ဘာလို့စွမ်းတာလဲ။

ဒါ သဘောလောက်ပဲရှိပါသေးတယ်။

မန်ကျည်းသားကို ကျားပုံထုပြီး အပေါ်ကရှင်သီဝလိပုံတော် ဒါမှမဟုတ် ရှင်ဥပဂုတ္တပုံတော် ထုလုပ်ပူဇော်ကြဆောင်ကြတာလဲ အများကြီးပါပဲ။ စွယ်တော်သားကို နဂါးထုတာ၊ သစ်ဆိမ့်သားကိုခြင်္သေ့ပုံထုတာ ဒါတွေဟာလည်း အစွမ်းထက်လှတဲ့အဆောင်တွေပါပဲ။

သစ်ပင်တွေရဲ့ထူးခြားတဲ့စွမ်းအားတွေ သတ္တိတွေကို ရေးဖွဲ့ပြုစုရရင် စာမျက်နှာပေါင်း ထောင်နဲ့ချီတဲ့စာအုပ်ကြီးဖြစ်သွားနိုင်ပါတယ်။ ဒါတောင် ကုန်မှာမဟုတ်ပါဘူး။ ဒီသတ္တိတွေကို လူတိုင်းလည်း သိကြပြီးသားတွေပါ။

အင်္ဂဝိဇ္ဇာပညာက ဒီသတ္တိတွေ ဒီအစွမ်းတွေရဲ့အားတွေကို ယူတာပါ။ ဒါကြောင့်မို့ တနင်္ဂနွေသားသမီးတစ်ယောက်ဟာ ဒန်းကြီး (၂၅) ညွန့်ကို အိုးတစ်လုံးနဲ့ရေထည့်ပြီး တနင်္ဂနွေနေ့မနက် (၉) နာရီကနေစပြီး ဘုရားပူဇော်လိုက်တာနဲ့ အောင်မြင်မှုတွေဆက်တိုက်ဖြစ်လာရတာကိုကြည့်ရင် ဒန်းကြီးဟာ သာမန်သစ်ပင်လေးပါပဲ။ ဘာဖြစ်လို့ စွမ်းရတာလဲ။ အများသူငါပြောတဲ့အတိုင်း ပြောရရင် ဒန်းက (၇)၊ ကြီးက (၂)၊ (၉) နဝင်းကြေနေလို့ဆိုရင်လည်းရပါတယ်။ အဓိကကတော့ တနင်္ဂနွေရဲ့အမြစ်နံနဲ့ အညွန့် နံဖြစ်နေလို့ပါပဲ။

နေမကောင်းတဲ့တနင်္လာသားတစ်ယောက်ရဲ့ ညာဘက်ဘေးမှာ ကြံကို သူ့အရပ်နဲ့တိုင်းဖြတ် တစ်ညထားအတူအိပ်ခိုင်းပြီး မနက်မိုးလင်းတာနဲ့ ခြေရင်းက ဆွဲယူပြီး ရေမှာမျှောလိုက်ရင် ကျန်းမာရေးကောင်းသွားရတာ ဘာကြောင့်လဲ။ ဆေးမတိုးဘဲဖြစ်နေတဲ့ ရောဂါဆေးတိုးသွားရတာဘာကြောင့်လဲ။

နေမကောင်းနေတဲ့ တနင်္ဂနွေသားရဲ့ရင်ဘတ်နဲ့ အင်္ကျီကြားထဲမှာ အုန်းညွန့်ကိုထည့်ထားပြီး တစ်ညအိပ်ပြီးတာနဲ့ စွန့်ပစ်လိုက်ရုံနဲ့ ဘာလို့ တနင်္ဂနွေသားနေကောင်းသွားရတာလဲ။

နေမကောင်းနေသူရဲ့အထက်မှာ ဆောင်ပန်းခေါ်တဲ့ အရွက်၊ အညွန့် (၃) မျိုးကို တွဲလောင်းဆွဲထားပြီး အဲဒီလူရဲ့အောက်မှာ နင်းကြမ်းအရွက် (၃) မျိုးကိုခင်းထား၊ တစ်ညအိပ် မနက်ကျ အရွက်တွေကိုစုပြီး စနစ်တကျစွန့်ပစ်လိုက်ရုံနဲ့ ကာယကံရှင်ဟာ ဘာလို့ ရောဂါတွေကျသွားရတာလဲ။

ဒီသစ်ပင်တွေ အရွက်၊ အခက် အညွန့်တွေ အမြစ်တွေ၊ အပွင့်တွေရဲ့ စွမ်းပကားတွေကို ရှေးရှေးက အင်္ဂဝိဇ္ဇာပညာရှင်ကြီးတွေဟာ အင်မတန်မှ သိခဲ့မြင်ခဲ့ကြပါတယ်။ အကောင်းဆုံးအသုံးပြုပြီး လူတွေရဲ့ကောင်းကျိုးချမ်းသာကို ဆောင်နိုင်ခဲ့ကြပါတယ်။

ဒီဘက်ခေတ်မှာ အင်္ဂဝိဇ္ဇာကိုချစ်ကြတဲ့ ဝါသနာကြီးသူတွေကလည်း ရှေးရှေးကပညာရှင်ကြီးတွေ ထားရစ်ခဲ့ကြတဲ့အတိုင်း အရွက်၊ အခက်၊ အသီး၊ အပွင့်တွေကို အသုံးပြုပြီး အောင်မြင်နေကြတာပါပဲ။

သစ်ပင်တွေကို လေ့လာရင်း တစ်ပင်ချင်းမှာ မမြင်နိုင်တဲ့စွမ်းအားတွေ အများကြီးပါ။ ဒါက အစီအရင်လုပ်တဲ့ အပိုင်းပဲရှိပါသေးတယ်။

တိုင်းရင်းဆေးပညာရှင်ကြီးတွေ ဆိုရင်လည်း ဒီသတ္တိတွေကို အတော့်ကို နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင်သိကြ၊ နားလည်တတ်ကျွမ်းကြသူတွေပါ။ အသီးအရွက်ချင်းတူတာတောင်၊ အခါးသတ္တိချင်းတူတာတောင် ပူခါးလား၊ အေးခါးလားကို စေ့စေ့စပ်စပ် ထောင်ငှစေ့အောင် ထပ်ပြီးခွဲခြမ်းစိတ်ဖြာနိုင်ကြတဲ့ ပညာရှင်ကြီးတွေပါ။ ဒါအခါး တစ်မျိုးထဲပြောပြသေးတာပါ။ ဒါကြောင့် သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ အပွင့်၊ အရွက်၊ အသီး အခေါက်တွေနဲ့ ကုသအောင်မြင်နေကြတဲ့ဆေးပညာရှင်ကြီးတွေ ဒုနဲ့ဒေးပါ။ အင်မတန်မှ အားကျဂုဏ်ယူလေးစားရပါတယ်။

ပြောချင်တာကတော့-

ဒီလိုအစွမ်းသတ္တိရှိတဲ့ အရွက်အခက်တွေနဲ့ စီရင်တာကို မယုံကြည်သလိုလို ဘာလိုလိုနဲ့ ပြက်ရယ်ပြုနေကြသူတွေကို သိစေချင်တဲ့သဘောပါ။

ခုနင်းကြမ်းနင်းတဲ့လူလိုပေါ့။ သူ့မိန်းမက နင်းဆိုလို့သာနင်းလိုက်ရတာ မယုံသလိုလိုနဲ့ သူ့လိုမျိုး ထပ်ပြီးတွေ့ဖူးပါသေးတယ်။ ဆိုင်တစ်ဆိုင်မှာလူ့အရေးတကြီးလိုပြီး လူခေါ်မရဖြစ်နေလို့ စံပယ်ပန်းဘုရားလှူခိုင်းလိုက်တာ အချိန်အခါလဲမိရော အဲဒီနေ့ညနေမှာပဲ လူရသွား

တယ်။ အဲဒါကို ဆိုင်ရှင်က အံ့ဩလို့မဆုံးဘူး။ သူက တအံ့တဩဖြစ်ပြီး သူ့ယောက္ခမကြီးကို ပြောပြတော့ သူ့ယောက္ခမကြီးက အူတက်နေအောင် ရယ်တယ်။ 'ဒီအယူတွေကိုလည်း ခုထိ ယုံကြည်နေတုန်းဆိုတော့' လို့ ပြောပြီး ပြက်ရယ်ပြုပါတယ်။ တော်တော်ပြောတာပါ။ စံပယ်ပန်းဘုရားလှူတာနဲ့ လူသူ့ဟာသူရောက်လာတာနဲ့ ဘာဆိုင်လို့လဲ ဆိုပြီး အထင်သေးသေးနဲ့ပြောပါတယ်။ လူပဲ လခကောင်းကောင်းပေးရင်ရမှာပဲ ဆိုပြီးပြောတယ်။"

မှန်ပါတယ်။ သူတို့လူရှာမရဖြစ်နေတာ တစ်လကျော်ပါပြီ။ လာမယ်ပြောပြီး မလာတဲ့လူတွေတောင် သုံးယောက်လောက်ရှိတယ်ပြောပါတယ်။ စံပယ်ပန်း ဘုရားပူဇော်ပြီးမှ ဘာလို့နေ့ချင်းလူရရတာလဲ။ ဒီစံပယ်ပန်းကို ဆောင်ရင်ဖြစ်ရမယ်ဆိုပြီး လေးငါးထောင်နဲ့ရောင်းလိုက်တဲ့ စံပယ်ပန်းလည်းမဟုတ်ဘူး။ သူ့ဟာသူဝယ်လှူတာလှူရရင် ငါ့ကို ဘယ်လောက်ပေးရမယ် လို့ပြောဖို့လည်း စိတ်ကူးထဲတောင် တစ်ခါမှထုံးစံမရှိဘူး။ ပညာကို ပညာအတိုင်း ကူညီလိုက်တာ နည်း,ည်းတော့ ပြုံး. လိုက်မိပါတယ်။

အမှန်က အရွက်အခက်လေးတွေကိုပြက်ရယ်ပြုချင်ရင် သူတို့ရဲ့ အစွမ်းသတ္တိလေးတွေကို သိအောင် အရင်ကြိုးစားသင့်ပါတယ်။ မယုံဘူးဆိုရင် လက်တွေ့ပြနိုင်တဲ့ သစ်ရွက်သစ်ခက်တွေတစ်ပုံကြီးရှိနေပါတယ်။

အမြစ်အညွန့်ဖောက်ထိုးဖြစ်ပြီဆိုတာနဲ့ ရစရာမရှိအောင် ပျက်ဆီးဒုက္ခရောက်သွားနိုင်ပါတယ်။

အထက်ဆောင်ပန်း အောက်နင်းကြမ်း၊ အထက်အောက်မှားပြီး ရှုတ်တရက်ထိခိုက်သွားတဲ့သူ ရောဂါစွဲကပ်သွားရတဲ့သူ၊ လူမှုရေးပြဿနာကြီးတွေ နေ့ချင်းညချင်း ဖြစ်သွားရတဲ့ သူ လေးငါးဦးလောက်နဲ့ ဆုံခဲ့ဖူးပါတယ်။ ထက်အောက်မှားတာနဲ့ ချက်ချင်းဒုက္ခရောက်သွားနိုင်ပါတယ်။

စောလှ-လှေဆန်မိတဲ့သစ်ကြောင့် အဲဒီအတွဲကို အဆောင်ဆောင်မိလို့ အသက်ပါဆုံးတဲ့အထိ လူလုံးမလှအောင် ကျန်းမာရေးထိသွားတဲ့အထိ ဖြစ်ကုန်တာတွေ ကြုံဖူးကြားဖူးကြသူတွေသိကြပါလိမ့်မယ်။

နံတူနဲ့ ဓာတ်ရိုက်လို့ စီးပွားဥစ္စာဒလဟော ထိုးဆင်းသွားခဲ့သူတွေကိုလည်း မြင်ခဲ့ဖူးပါတယ်။

ဒါ သစ်ရွက်သစ်ခက်လေးတွေချည်းပါပဲ။

ဒီအစွမ်းသတ္တိတွေကို သိအောင် ကြိုးစားပြီး ကိုယ်လည်း အကျိုးရှိ ကိုယ့်မိသားစုလည်း အကျိုးရှိ ကိုယ့်ပတ်ဝန်းကျင်လည်းအကျိုးရှိ တစ်ဆင့်တစ်ဆင့်ကနေ ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသ. အကျိုးရှိစေနိုင်မယ့် အကြောင်းတွေကိုသာ အမြဲတွေးပြီး ကြိုးစားနေသင့်ပါတယ်။ ပြုလုပ်နေသင့်ပါတယ်။ တစ်ယောက်ကို အကျိုးရှိအောင်ကူညီလို့၊ အဲဒီ တစ်ယောက်အကျိုးရှိသွားရင် သူ့မိသားစုပါအကျိုးရှိလာမယ်။ အဲဒီကနေတစ်ဆင့် သူ့ရပ် သူ့ရွာ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ အကျိုးရှိလာမယ်။ သူ့မြို့၊ သူ့ဒေသက သူ့အသိုင်းအဝိုင်း သူ့ပတ်ဝန်းကျင် အကျိုးရှိလာမယ်။ ဒါ တစ်ဖက်တစ်လမ်းကနေ အများအကျိုးကိုဆောင်ခြင်းပါပဲ။

မေတ္တာ စေတနာထားခြင်းသာ အရေးအကြီးဆုံးပါ။

သူကို ကျန်းမာစေချင်တဲ့စိတ်၊ သူ့ကိုချမ်းသာစေချင်တဲ့စိတ်၊ သူ့ကို အန္တရာယ်ကင်းစေချင်တဲ့စိတ် သူ့ကိုကံကောင်းစေချင်တဲ့စိတ်၊ သူ့ကိုအောင်မြင်စေ့ချင်တဲ့ စိတ်သာအရေးအကြီးဆုံးပါ။ ဒီစိတ်စေတနာနဲ့ တင်ဆက်လိုက်ရတာ ဖြစ်ပါတယ်။

တစ်ခုတော့ပြောပါရစေ။

ဆောင်ပန်းနင်းကြမ်း ပညာခန်းတွေက အင်္ဂဝိဇ္ဇာပညာကို မြတ်နိုးလွန်းလို့သင်ကြားတတ်မြောက်ခဲ့ကြသူတိုင်း သိကြပြီးသားပါ။ သူတို့တွေဟာ (၇) ရက်သားသမီးတွေကို အောင်မြင်စွာကူညီနေနိုင်ကြသူတွေလည်း ဖြစ်ပါတယ်။ တကယ်ကို ဂုဏ်ယူလေးစားရပါတယ်။ တကယ်သိချင်နေကြတဲ့ စာဖတ်ပရိသတ်ကြီးကို တကယ်ကို ပညာလှူနေကြတဲ့ပုဂ္ဂိုလ်တွေပါ။

အခု-

ဒီဆောင်းပါးမှာ ပြထားတဲ့စိတ်အာရုံတည်ငြိမ်စွာ နင်းထွက်ရမှာမျိုးကတော့ အတွေ့အကြုံပေါင်းများစွာကနေ ရလာခဲ့ရတဲ့ပညာပါ။

အဖွင့်မှာ တင်ပြခဲ့သလို နင်းနေပေမယ့် ပြောချင်တာပြော တောင်ပြောမြောက်ပြော ဟိုလှည့်ဒီလှည့်လုပ်နေလို့ အဆင်မပြေဖြစ်ကြတာတွေ တွေ့လာရပါများပြီး ဒီပညာအသိကိုရခဲ့တာပါ။ ဒီတော့မှ နင်းကြမ်းပညာရပ်ဟာ တကယ်ယုံကြည် ဓာကယ်စူးစိုက်ပြီး ကိုယ်သွားမယ့်လမ်းကြောင်းကို ဦးတည်ပြီးရင် တန်းတန်းမတ်မတ်ထွက်သွားလိုက်တာနဲ့ အောင်မြင်လှပါလားဆိုပြီး ပိုသိခဲ့ရပါတော့တယ်။

ဒီတော့မှ အင်္ဂဝိဇ္ဇာပညာရဲ့နင်းကြမ်းပညာခန်းကို သင်ကြားပြသပေးခဲ့တဲ့ဆရာသခင်နဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ကျေးဇူးကို ဆပ်လို့မဝနိုင်အောင် အမြဲသတိတရဂါရဝပြုနေရပါတော့တယ်။

အခုသိထားခဲ့ရတဲ့အတွေ့အကြုံအတိုင်းတင်ပြလိုက်ပါပြီ။

အို. . . သစ်ရွက်တွေနင်းထွက်ရုံနဲ့အောင်မြင်နိုင်ပါ့မလားဆိုပြီး သံသယစိတ်တွေမဝင်ပါနဲ့။ ဖြစ်ပါ့မလားဆိုတဲ့ စိတ်တွေမဖြစ်ပါနဲ့။

ဖြစ်ပါတယ်။

သစ်ပင်၊ သစ်ရွက်၊ သစ်ခက်တွေမှာသူ့သတ္တိတွေနဲ့သူ အံ့ဩစရာကောင်းလောက်အောင်တည်နေပါတယ်။ နင်းကြမ်းနင်းပြီး အောင်မြင်သွားကြသူတွေ များလှပါပြီ။

နင်းကြမ်းယတြာကို မကြာခဏတင်ပြခဲ့ဖူးပေမယ့် ဒီလိုတည်ငြိမ်စူးစိုက်ယုံကြည်စွာ နင်းထွက်ဖို့ မပြောခဲ့မိတဲ့အတွက် အင်္ဂဝိဇ္ဇာချစ်သူများအပေါ် တာဝန်မကျေသလို လိပ်ပြာမလုံခဲ့ပါဘူး။

ခုတော့ တင်ပြဖြစ်ပါပြီ-

ဖြစ်ချင်တဲ့ဆန္ဒရှိရင် ဖြစ်ပါတယ်။ အောင်မြင်ပါတယ်။

ဒါကြောင့်-

ဓာတ်ရိုက်ဓာတ်ဆင်လုပ်တဲ့အစီအရင်တွေကို မယုံကြည်သလိုလို ယုံကြည်သလိုလိုနဲ့ ပြက်ရယ်ပြုရင် ဘယ်အစီအရင်မှမလုပ်တာ အကောင်းဆုံးပဲဆိုပြီး အဖွင့်စကားဆိုခဲ့တာပါ။ ခုဆို အင်္ဂဝိဇ္ဇာပညာခန်းလာ နင်းကြမ်းပညာတစ်မျိုးထဲရဲ့ သတ္တိတွေကို ဗဟုသုတရပြီး ကျေနပ်သွားကြပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

သစ်ပင်၊ သစ်ရွက်၊ သစ်ခက်အပွင့်၊ အမြစ်၊ အခေါက်တွေရဲ့သတ္တိတွေကိုသိပြီဆိုရင် အစီအရင်ပြုဖို့ဆန္ဒရှိတဲ့အခါ အဲဒီပစ္စည်းတွေနဲ့စီရင်တဲ့ အစီအရင်တွေ လက်တွေ့ဆောင်ရွက်ပြီး အောင်မြင်မှုများစွာကို ပိုင်ပိုင်နိုင်နိုင်ရယူနိုင်ကြပါစေလို့ မေတ္တာစကားပြောကြားရင်း-

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

သီတာစိမ်း
တားရော့ကားချပ်များ ပေါင်းစပ်ဖြန့်ခင်း၍အဖြေရှာခြင်း

တားရော့ဂမ္ဘီရကားချပ်များနှင့်မိတ်ဆက်ခြင်း

ကားချပ်များဖွဲ့စည်းပုံ- တားရော့ကားချပ်စုစုပေါင်း (၇၈) ချပ်ရှိသည်။ ယင်းတွင် အဓိကကားချပ် (၂၂) ချပ်နှင့် သာမညကားချပ် (၅၆) ချပ်ပေါင်းစပ်ပါဝင်သည်။

- အဓိကကားချပ် (၂၂) ချပ်တွင် အမှတ်စဉ် (၁) မှ (၂၁) အထိ သက်ဆိုင်ရာ ကိုယ်ပိုင်အမည်တစ်မျိုးစီပါရှိပြီး အမှတ်စဉ် '၀' (သူရူးကားချပ်) အား အမှတ်စဉ် (၂၂) အတွက် အစားထိုးအသုံးပြုထားသည်။

- သာမညကားချပ် (၅၆)ချပ်တွင် အစီရင် (၄) မျိုးဖြင့် ခွဲခြားထားသော- ကျိုင်းတံ၊ ဖလား၊ ဓား၊ ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်များနှင့် 'တော်ဝင်ကားချပ်များ' ဟူ၍ ပါရှိသည်။

* ကျိုင်းတံကားချပ်များအတွက် အမှတ်စဉ် ၂ မှ ၁၀ ထိ+ Ace ကားချပ် ၁ ချပ်

* ဖလားကားချပ်များအတွက် အမှတ်စဉ် ၂ မှ ၁၀ ထိ+ Ace ကားချပ် ၁ ချပ်

* ဓားကားချပ်များအတွက် အမှတ်စဉ် ၂ မှ ၁၀ ထိ+ Ace ကားချပ် (၁) ချပ်

*ငါးမြောင့်ကြယ်စက်ဝိုင်းအတွက် အမှတ်စဉ် ၂ မှ ၁၀ ထိ+ Ace ကားချပ် (၁) ချပ်

- (Ace ကားချပ်များအားအမှတ်စဉ် ၁ အတွက်အစားထိုးအသုံးပြုသည်)

ထိုအခါ- ကျိုင်းတံကားချပ်စုစုပေါင်း= ၁၀ ချပ်

- ဖလားကားချပ်စုစုပေါင်း= ၁၀ ချပ်

- ငါးမြောင့်ကြယ်စက်ဝိုင်းကားချပ်စုစုပေါင်း= ၁၀ ချပ်

ဟူ၍ ကားချပ်ပေါင်း '၄၀' ရရှိမည်။

- တော်ဝင်ကားချပ်များအတွက် ဘုရင်၊ မိဘုရား၊ မြင်းစီးသူရဲကောင်း၊ မင်းလုလင်ဟူ၍ ကားချပ် (၄) မျိုးသတ်မှတ်ထားသည်။

တော်ဝင်ကားချပ် (၄) မျိုးသည် အထက်ပါကျိုင်းတံ၊ ဖလား၊ ဓား၊ ငါးမြောင့်ကြယ်စင်တိုင်းကားချပ်စသည့်အုပ်စုတစ်စုစီတို့၌ ပေါင်းစပ်ပါဝင်နေသောကြောင့် အုပ်စု (၄) ခုအတွက် တော်ဝင်ကားချပ် '၁၆' ချက်ရရှိပါမည်။

ထိုအခါ အစီရင် (၄) မျိုးအတွက် ကားချပ် '၄၀+ တော်ဝင်ကားချပ် ၁၆'= သာမညကားချပ် ၅၆- ချပ်ဟူ၍ရရှိပါမည်။

ထို့ကြောင့် (အထက်၌ဖော်ပြပြီး) အဓိကအားချပ် ၂၂ ချပ်+ သာမည ၅၆ ချပ်= တားရော့ဂမ္ဘီရကားချပ် '၇၈ ချပ်' ရှိကြောင်း နားလည်နိုင်ပါသည်။

အဓိကကားချပ်များ

* အဓိကကားချပ် ၂၂ ချပ်ရှိသည်။

၁။ ပဉ္စလက်ဆရာကားချပ် (The magician)

၂။ မယ်တော်ကြီးကားချပ် The High priestess)

၃။ ဧကရီ ကားချပ် (The Empress)

၄။ ဧကရာဇ်ကားချပ် The Emperor)

၅။ ရဟန်းမင်းကြီးကားချပ် (The Hierophant)

၆။ ချစ်သူများကားချပ် (The Lovers)

၇။ စစ်ရထားကားချပ် (The charior)

၈။ စွမ်းအားရှင်ကားချပ် (The strength)

၉။ ရသေ့ကားချပ် (The Hermit)

၁၀။ ကံကြမ္မာလှည်းဘီးကားချပ် (The wheel of fortune)

၁၁။ တရားသူကြီးကားချပ် (Justice)

၁၂။ စောက်ထိုးဆွဲခံရသူကားချပ် (The Hanged man)

၁၃။ မရဏမင်းကားချပ် (Death)

၁၄။ ငြိမ်းချမ်းသောသီလကားချပ် (Tem perance)

၁၅။ မိစ္ဆာကားချပ် (The Devil)

၁၆။ မျှော်စင်ကားချပ် (The Tower)

၁၇။ ခူဝံကြယ်ကားချပ် (The Star)

၁၈။ လမင်းစန္ဒာကားချပ် (The moon)

၁၉။ သူရိယကားချပ် (The Sun)

၂၀။ စီရင်ချက်ကားချပ် (Judgement)

၂၁။ စကြဝဠာကားချပ် (The World)

၀။ သူရူးကားချပ် (The fool)

(သူရူးကားချပ်၏ အမှတ်စဉ် '၀' အား အမှတ်စဉ် (၂၂) အဖြစ် အစားထိုးသတ်မှတ်ထားသည်) ၎င်းကားချပ် သာမန်ဖဲထုပ် ဖဲချပ်များတွင် ပါရှိသော Joker (ဂျိုကာဖဲချပ်) ကဲ့သို့ အသုံးပြုသည်။

* တားရေားကားချပ်ထုပ်၏ထုံးစံအရ '၀' (သူရူးကားချပ်) အား အမှတ်စဉ်အားလုံး၏ ရှေ့ဆုံး၌ ထားရှိရသည်။

* အစီအရင် (၄) မျိုးဖြင့် ခွဲခြားထားသည့် အမှတ်စဉ် ၂ မှ ၁၀ ထိ ရှိသော သာမညကားချပ်များ

အမှတ်စဉ် ၂ မှ ၁၀ ထိရှိသော ကျိုင်းတံ (Wand) ကားချပ်အတွက်

'တေဇော' ဓာတ်ကို ကိုယ်စားပြုသည်။ အောင်မြင်ကျော်ကြားခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းသဘောအဓိပ္ပာယ်ဆောင်သည်။

* playing card (သာမန်ဖဲချပ်)၏ အဓိပ္ပာယ်= ညှင်း (club)

အမှတ်စဉ် ၂ မှ ၁၀ ထိ

ရှိသော ဖလား (cups) ကားချပ်အတွက်

'အာပေါ' ဓာတ်ကို ကိုယ်စားပြုသည်။ ချစ်ခြင်းမေတ္တာသဘော ပျော်ရွှင်သုခရှိခြင်းသဘောကို ဖော်ပြသည်။

* playing card (သာမန်ဖဲချပ်)၏ အမှိပ္ပာယ်= ဟတ် (heart)

အမှတ်စဉ် ၂ မှ ၁၀ ထိ ရှိသော ဓား (swords) ကားချက်အတွက်

'ဝါယော' ဓာတ်ကို ကိုယ်စားပြုသည်။ ကံအကြောင်းမလှခြင်း၊ ရုန်းကန်လှုပ်ရှားရခြင်းအနက်ကိုဆောင်သည်။

* playing card (သာမန်ဖဲချပ်)၏ အဓိပ္ပာယ်= စပိတ် (spade)

အမှတ်စဉ် ၂ မှ ၁၀ ထိ

ရှိသော ငါးမြောင့်ကြယ်စက်ဝိုင်း (pentacles) ကားချပ်အတွက်

'ပထဝီ'ဓာတ်ကိုကိုယ်စားပြုသည်။

ငွေကြေးစီးပွားဥစ္စာဟူသည့် သဘော အဓိပ္ပာယ်ဆောင်သည်။

playing card (သာမန်ဖဲချပ်) ၏ အဓိပ္ပာယ်= ဒိုင်းမွန်း (diamond)

* တော်ဝင်ကားချပ်များ (The court card)

ဘုရင်၊ မိဖုရားမြင်းစီးသူရဲကောင်း၊ မင်းလုလင်ဟူသည့်ကားချပ် (၄) မျိုးဖြစ်ပြီး အထက်ပါအစီရင် (၄) မျိုး (ကျိုင်းတံ၊ ဖလား၊ ဓား၊ ငါးမြောင့်ကြယ်စက်(ဝိုင်း) တစ်မျိုးချင်းစီ၌ တော်ဝင်ကားချပ် ၄ ချပ်စီပါဝင်သည်။

* ဘုရင်= စိတ် (spirit)

* မိဖုရား= ဝိညာဉ် (soul)

* မြင်းစီးသူရဲကောင်း= အတ္တ (Ego)

* မင်းလုလင်= ကိုယ်ခန္ဓာ(Body) ဟူ၍ အဓိပ္ပာယ်ဖွင့်သည်။

* တော်ဝင်ကားချပ်များ၌သီးခြား အမှတ်စဉ် (နံပါတ်) များမပါရှိပါ။ အစီအရင် (၄) မျိုး တစ်မျိုးချင်းစီ၏အမည်ဖြင့်သာ တွဲသုံးပါသည်။ ဥပမာ cups (ဖလား) အုပ်စုတွင်ပါဝင်ပါက two of cups (ဖလား ၂ လုံး) ကားချပ်ရှိလျှင် Queen of cups (မိဖုရားဖလား)ကားချပ် ဟူ၍ ပါဝင်ပါမည်။ ထို့အတူ Six of swordas(ဓား-၆ လက်) ကားချပ်ရှိလျှင် King of swords (ဘုရင့်ဓား) ကားချပ် ဟူ၍ ပါဝင်မည်ကို ဆိုလိုပါသည်။

The Aces (အေ့စ်) ကားချပ်များ

* အမှတ်စဉ် ၂ မှ ၁၀ ထိ ကိုယ်စီပါရှိသော (ဖလား၊ ကျိုင်းတံ၊ ဓား၊ ငါးမြောင့်ကြယ်) အုပ်စုတစ်ခုစီနှင့် 'အမှတ်စဉ်- ၁' ကို ကိုယ်စားပြုသောကားချပ်များဖြစ်သည်။ ထို့ကြောင့် Ace of cups (ဖလား ၁ လုံးကားချပ်) two of cups (ဖလား ၂ လုံးကားချပ်) ဟူ၍ ရမည်။ ထို့အတူ Ace of pentacle 'ငါးမြောင့်ကြယ်စက်ဝိုင်း ၁ ခု' ကားချပ် five of pentacle (ငါးမြောင့်ကြယ်စက်ဝိုင်း၅ ခု) ကားချပ် Ace of swords (ဓား ၁လက်) ကားချပ် three of swords (ဓား ၃ လက်ကားချပ်) ဟူ၍ ပါဝင်နေပါမည်။

* Ace နှင့်ဆိုင်သော ကားချပ်များအဓိပ္ပာယ်

* Ace of wands

(ကျိုင်းတံ ၁ လက်) ကားချပ်= နွေဦး ရာသီ (Spring)

* Ace of cups

(ဖလား ၁ လုံး) ကားချပ်= 'နွေရာသီ (Summer)

* Ace of swords

(ဓား ၁ လက်) ကားချပ်='ဆောင်းဦး' ရာသီ (Autumn)

* Ace of pentacle

(ငါးမြောင့်ကြယ်စက်ဝိုင်း ၁- ခု) ကားချပ်= 'ဆောင်း' ရာသီ (winter)

* အမှတ်စဉ် ၂ မှ ၁၀ ထိရှိသော ကားချပ်များအဓိပ္ပာယ်

သက်ဆိုင်ရာမေးမြန်းသူနှင့်ပတ်သက်သည့် အခြေအနေ- အဖြစ်အပျက်များကို ဖော်ပြသည်။ Ace (သို့) အမှတ်စဉ် '၁' ကိုယ်စားပြုကားချပ်များက ရာသီဥတုကို ရည်ညွှန်းသည်။

တော်ဝင်ကားချပ်များအဓိပ္ပာယ်

သက်ဆိုင်ရာမေးမြန်းသူ၏ မေးခွန်းများကို တိုက်ရိုက်ကိုယ်စားပြုသည့် အဓိပ္ပာယ်ရှိသည်။

အဓိကကားချပ်အချင်းချင်း ပေါင်းစပ်အဖြေထုတ်ရန် ကားချပ်တစ် ချပ်ချင်းစီအလိုက် အဓိပ္ပာယ်နားလည်ခြင်း

အဓိကကားချပ် (major Arcana) ကျိုင်းတံကားချပ် (wands) ဖလား (cups) ဓား (swords) ငါးမြောင့်ကြယ်စက်ဝိုင်း (pertacles) ဟူသော ကားချပ်အုပ်စု (၅) ခုမှ တစ်ချပ်ချင်းစီ၏ 'အတည့်အဓိပ္ပာယ်' နှင့် 'ပြောင်းပြန်' အဓိပ္ပာယ်တို့ကို ခွဲခြားနားလည်ထားရန် အရေးတကြီးလိုအပ်ပါသည်။

ပထမဦးစွာ အဓိကကားချပ်တစ်ချပ်ချင်းစီ၏ အတည့်အဓိပ္ပာယ်နှင့် ပြောင်းပြန်အဓိပ္ပာယ်တို့ကို ခွဲခြားနားလည်ပြီး အဆိုပါအဓိကကားချပ် (၂) ချပ်အား (ဥပမာအားဖြင့်) ဖြန့်ခင်း၍ 'ကားချပ် ၂ ခု ပေါင်းစပ်ခြင်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပုံမည်သို့ရှိသည်ကို လေ့လာရပါမည်။

(ပုံစံအားဖြင့်) ပဥ္စလက်ဆရာကားချပ်နှင့် မယ်တော်ကြီးကားချပ်ပေါင်းစပ်ခြင်းဖြင့် ရရှိသော အနက်အဓိပ္ပာယ်ကို နားလည်ရန်ဆိုလိုပါသည်။

ကားချပ်များကို ဖြန့်ခင်းပါက 'ဝဲဘက်မှယာဘက်သို့' အစဉ်အတိုင်းဖြန့်ခင်းပေးပါ။ လေ့လာခါစ၌ ကားချပ် (၂) ချပ်ထက်ပို၍ ဖြန့်ခင်းပြီး အဖြေမထုတ်သင့်ပါ။

အဓိကကားချပ် (၂) ချပ်အား ဖြန့်ခင်းပုံ

အဓိကကားချပ် (၂) ချပ်အား (ဝဲမှယာ) ဖြန့်ခင်း၍- ကားချပ် (၂) ချပ်၏ 'အတည့်နှင့်အတည့်' အတည့်နှင့်ပြောင်းပြန်' 'ပြောင်းပြန်နှင့်ပြောင်းပြန်ဟူ၍ ပုံစံ (၃) မျိုးရရှိပြီး တစ်မျိုးစီအလိုက် အဓိပ္ပာယ်ကွဲပြားသွားပါမည်။ ကားချပ် (၂) ချပ်စီဖြင့် လေ့ကျင့်၍ အတွေ့အကြုံရင့်ကျက်လာမှသာ (၃- ၄) ချပ်တို့၍ ဖြန့်ခင်းပေးသင့်သည်။

သာမညကားချပ်အချင်းချင်းပေါင်း စပ်အဖြေထုတ်ရန် ကားချပ်တစ်ချပ်ချင်း အလိုက် အဓိပ္ပာယ်နားလည်ခြင်း

အမှတ်စဉ် ၂ မှ ၁၀ ထိရှိသော သာမညကားချပ်အုပ်စု (၄) စုတွင်-

ကျိုင်းတံကားချပ်များအုပ်စုသည် - ပြုမူလုပ်ရှားခြင်း၊ စီးပွားအလုပ်အကိုင်

ဖလားကားချပ်များအုပ်စုသည်- မေတ္တာသက်-ငြခြင်း၊ ခံစားနားလည်ခြင်း

ဓားကားချပ်များအုပ်စု သည် - ပြဿနာ၊ အခက်အခဲ၊ အကျပ်အတည်း၊ ရန်းကန်ခြင်း

ငါးမြောင့်ကြယ်စက်ဝိုင်းများအုပ်စုသည်- ဝင်ငွေ၊ စီးပွားဥစ္စာဟူသော အဓိပ္ပာယ်ကို အသီးသီးပိုင်ဆိုင်ထားသည်။ အထက်ပါအမှတ်စဉ်၂ မှ ၁၀ ထိကိုယ်စီပါရှိသော (wands, cups, swards, pentacles) အုပ်စု (၄) စုမှ ကားချပ်များနှင့် တော်ဝင်ကားချပ် (king, Queen, knight, page) + Aces ကားချပ်များအား တစ်ချပ်ချင်းစီအလိုက် ဖြန့်ခင်း၍ ဆိုလိုရင်းအဓိပ္ပာယ်များကို နားလည်အောင် ကြိုးစားပါ၊ လေ့လာရာ၌ ဖဲချပ်များကို အမှတ်သင်္ကေတ၊ လက္ခဏာများနှင့်၊ အရောင်များ၊ တစ်ချပ်ချင်းစီ၏ 'အတည့်' အဓိပ္ပာယ်နှင့်'ပြောင်းပြန်' အဓိပ္ပာယ်များကိုပါ အသေးစိတ်နားလည်ထားရပါမည်။

သာမညကားချပ်များဖြန့်ခင်းရာ၌ အဓိကကားချပ်များကဲ့သို့ပင် 'ဝဲမှယာ' သို့ အစဉ်လိုက်ဖြန့်ခင်းပေးပါ။ ဥပမာ၊ ဘုရင်၊ မိဖုရား၊ မြင်းစီးသူရဲကောင်းနှင့် မင်းလုလင်ဟူ၍ အစဉ်လိုက်ဖြန့်ခင်းရပါမည်။

သာမညကားချပ်များ အချင်းချင်း ပေါင်းစပ်အဖြေထုတ်ရာတွင်လည်း (ရှေ့တွင်ဖော်ပြခဲ့သည့်) အဓိကကားချပ်များကဲ့သို့ပင် 'ကားချပ် ၂ ချပ်စီ' အား အစဉ်လိုက် (ဝဲ မှ ယာ) ဖြန့်ခင်း၍ 'အတည့်နှင့်အတည့်' 'အတည့်နှင့်ပြောင်းပြန်' ပြောင်းပြန်နှင့်ပြောင်းပြန်ဟူ၍ ပုံစံ (၃) မျိုးရရှိပြီး တစ်မျိုးစီအလိုက် အဓိပ္ပာယ်ကွဲပြားသွားပါမည်။

သာမညကားချပ်များအား အဓိပ္ပာယ်ဖွင့်ပုံ

သာမညကားချပ်များအား အဓိ

ပွာယ်ဖွင့်ရာ၌ (ဥပမာအားဖြင့်) Ace of cups (ဖလား ၁ လုံးကားချပ်) ၏ ခံစားသိရှိခြင်း 'မေတ္တာသက်ဝင်ခြင်းဟူသော အဓိပ္ပာယ်အား အကျယ်ဖွင့်ဆိုပါက အိမ်ထောင်ရက်သားကျခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်းစိတ်ကျေနပ်ခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်း၊ တိုးတက်ပွားများခြင်းဟူသော အဓိပ္ပာယ်နှင့် ဖော်ပြပါတစ်ချက်ချင်းအလိုက် ဆန့်ကျင်ဘက် (ပြောင်းပြန်)အဓိပ္ပာယ်များရှိနေပါသည်။ ထို့ကြောင့် ကားချပ်တစ်ချပ်တည်းဖြင့် ယတိပြတ်ဆုံးဖြတ်အဖြေမထုတ်နိုင်ဘဲ ကားချပ်များ ပေါင်းစပ်ခြင်းဖြင့်သာ သင့်တော်သည့် အဖြေကို ပေးရပါမည်။

ဥပမာ Ace of cups နှင့် Iv of cups ပေါင်းစပ်ပါက

အိမ်ထောင်ပြုခြင်း၊ ပျော်ရွှင်ခြင်း၊ ကျေနပ်ခြင်းကြည်နူးခြင်းဆင်ယင်ကျင်းပပေးခြင်း၊ ပျော်ရွှင်ခြင်း

စသည့်အနက်အဓိပ္ပာယ်များရရှိပါမည်။

အထက်ပါအဓိပ္ပာယ်များကို လေ့လာပါက 'ဖလားကားချပ်' (အုပ်စုတူ) ဖြစ်နေသောကြောင့် တစ်ချပ်ချင်းစီ၏ ထူးခြားဆန့်ကျင်သော အဓိပ္ပာယ်မပေါ်လွင်ပါ။ အကယ်၍ Ace of cups နှင့် x of pentacles ပေါင်းစပ်ပါက

အိမ်ထောင်ရေးနှင့်မိသားစုအရေး ကျေနပ်နှစ်သိမ့်ခြင်း၊ ပျော်ရွှင်ခြင်း၊စီးပွားဥစ္စာတိုးတက်ခြင်း၊ ကံကောင်းခြင်း

ဟူ၍ အဓိပ္ပာယ်ထွက်ပါသည်။

အကယ်၍ အဓိကကားချပ် (၁) ချပ်နှင့် သာမညကားချပ် (၃) ချပ်တို့အား ယှဉ်တွဲဖြန့်ခင်းပါက- ဥပမာ

ရဟန်းမင်းကြီးကားချပ်

အဓိကကားချပ်

အိမ်ထောင်ရေး

ငါးမြှောင့်ကြယ်စက်ဝိုင်း ၁- ခု ကားချပ်

(သာမညကားချပ်)

(ငွေရေးကြေးရေး)

ဟူသော အဓိပ္ပာယ် (၂) မျိုး ယှဉ်တွဲ ရရှိပါမည်။ ထိုအနေအထားကို အဓိပ္ပာယ်ဖွင့်ဆိုပါက အိမ်ထောင်ရေး= စည်းလုံးညွှတ်ခြင်း၊ ငွေရေးကြေးရေး= ဝင်ငွေရရှိခြင်း

(သို့)= အတူလက်တွဲခြင်း၊ (သို့)= အောင်မြင်ခြင်း

ဟူသည့် အဓိပ္ပာယ်ကို ရရှိပါမည်။

ထစ်ဖန် - Ace of wands= သစ်လွင်ခြင်း၊ အစပြု- စတတ်ခြင်း

(ကျိုင်းတံ ၁ ချောင်းကားချပ်)

ကားချပ်နှင့် --of wands = အစီစဉ်၊ ရည်မှန်းချက်၊ အောင်မြင်မှုဟူသည့် ကားချပ် (၂) ချပ်'ဝဲမှယာ' ဖြန့်ခင်းပါက' လုပ်ငန်းစီမံကိန်းတစ်ခု အသစ်စတင်ခြင်းဟူသော အဓိပ္ပာယ်ရရှိပါမည်။

- ကားချပ်များဖတ်ကြားရာ၌ ကားချပ်တစ်ချပ်ချင်းစီ၏ မူလအဓိပ္ပာယ်ကို အခြေခံထား၍ ဆက်စပ်ဟောကြားရပါသည်။

ထို့ကြောင့် အထက်ပါ Ace of wands နှင့် II of wands ကားချပ်အပြင် တတိယမြောက်ကားချပ် The Lovers (ချစ်သူများကားချပ်) ကိုပါ ထည့်ပေါင်းပါက ကားချပ် (၃) ချပ်၏ ဆက်စပ်အဓိပ္ပာယ်အရ- အောက်ပါအဖြေကို ရရှိပါမည်။

Ace of wands + II of wands+ The Lovers = ချစ်သူနှင့်ပတ်သက်သော လုပ်ငန်းအစီအစဉ်သစ်တစ်ခုအစပြုသည်ဟု အဖြေထုတ်ရပါမည်။

သို့သော်လည်း အဓိကကားချပ် (၁) ချပ်နှင့် သာမညကားချပ် (၄) ချပ်အား ဖြန့်ခင်း၍ (ကားချပ် ၅ ချပ်အားဆက်စပ်အဖြေထုတ်မည်ဆိုပါက) အဓိပ္ပာယ်အမှန်ရရှိရန် အခက်အခဲတွေ့နိုင်သည်ကို သတိပြုပါ။ (အောက်ပါဥပမာကို လေ့လာပါ)

wand major Arcana cup sword pentacle

Ace The Lovers knight 3 (reversed) 4

New Lovers (is) Approaching confusion (re) possessiveness

* ပြောင်းပြန်ပုံစံဖြင့်ကျသော ကားချပ်များ

အကယ်၍ ကားချပ်များ ပြောင်းပြန်ပုံစံဖြင့် ကျခဲ့ပါက 'အတည့်အဓိပ္ပာယ်နှင့် ကွဲပြားသွားပါမည်။

ဥပမာ The Lovwers (ချစ်သူများကားချပ်) အတည့်ဖြစ်လျှင် သစ္စာရှိခြင်းကို ဆိုလိုပြီး ၎င်းကားချပ် ပြောင်းပြန်ဖြစ်ပါက သစ္စာမဲ့ခြင်း၊ ဖောက်ပြန်ခြင်းဟူသည့် အဓိပ္ပာယ်ကိုပေးပါမည်။

ထို့အတူ The magician (ပဥ္စလက်ဆရာစကားချပ်) အတည့်ဖြစ်လျှင် ကျွမ်းကျင်- လိမ္မာခြင်းကိုဆိုလိုပြီး ပြောင်းပြန်ဖြစ်ပါက ကျွမ်းကျင်မှုမရှိခြင်းကို ဖော်ပြပါမည်။ ထို့ပြင် The magician ကားချပ်သည် ဆင့်ပွားအဓိပ္ပာယ်အရ အတည့်ဖြစ်လျှင် ယောကျ်ားပီသခြင်းကို ရည်ညွှန်းပြီး ပြောင်းပြန်ဖြစ်ပါက မိန်းမလိုမိန်းမရဆန်ခြင်းသဘောကို ကိုယ်စားပြုပါသည်။ ယင်းမှာ The magaician ပြောင်းပြန်ကားချပ်သည် 'ဖို' အနေဖြင့် ပြောင်းလဲခြင်းမရှိသော်လည်း ၎င်း၌ 'မ' သဘာဝစရိုက်လက္ခဏာများ ကိန်းအောင်း (ဝိုင်ဝင်) နေကြောင်း ဆိုလိုပါသည်။ 'အတည့်' ကားချပ်ဖြစ်စေ 'ပြောင်းပြန်' ကားချပ်ဖြစ်စေအခြားကားချပ်များနှင့် တွဲ၍အခြားအဓိပ္ပာယ်ရရှိရန် ဆက်စပ်အဖြေထုတ်ပေးနိုင်သည်။

* အချို့သောတားရော့ကျွမ်းကျင်သူများက 'ပြောင်းပြန်' ကားချပ်ဖြင့် ဟောပြောခြင်းကို ရှောင်ကျဉ်တတ်ကြသည်။

တော်ဝင်ကားချပ်များကို ဖတ်ကြားခြင်း

တော်ဝင်ကားချပ်များသည် လူပုဂ္ဂိုလ် (သို့) အဖြစ်အပျက်တစ်ခုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ပေးကြသည်။

ကားချပ်တစ်ချပ်တည်း(သီးခြား)အဓိပ္ပာယ်ဖွင့်ပုံနှင့် အခြားကားချပ်ဖြင့် ပေါင်းစပ်ပြီးနောက် အဓိပ္ပာယ်ဖွင့်ပုံ (နမူနာများ)

1. Judgement (စီရင်ချက်ကားချပ်)

(တစ်ချပ်တည်းသီးခြားအဓိပ္ပာယ်)

ပြောင်းလဲခြင်း/ကသောင်းကနင်းဖြစ်ခြင်း

'အတည့်ပုံစံ'

2. The Sun (သူရိယကားချပ်)

(တစ်ချပ်တည်းသီးခြားအဓိပ္ပာယ်)

အောင်မြင်ခြင်း/ ပျော်ရွှင်ခြင်း

'အတည့်ပုံစံ'

3. Jndgement (စီရင်ချက်ကားချပ်)+ The sun (သူရိယကားချပ်) အပြောင်းအလဲများ

'အတည့်ပုံစံ + အတည့်ပုံစံ အောင်မြင်ခြင်း

4. The sun (သူရိယကားချပ်)+ Judgement (စီရင်ချက်ကားချပ်) အောင်မြင်သော

'အတည့်'+ 'အတည့်' အပြောင်းအလဲများ

တားရော့ထုံးစံအရ 'ဝဲမှယာ' သို့ ဖြန့်ခင်းရသောကြောင့်-

Judgement+ The Sun= 'အပြောင်းအလဲများ အောင်မြင်ခြင်း' နှင့်

The Sun + Jndgement= အောင်မြင်သောအပြောင်းအလဲများဟူ၍ အဓိပ္ပာယ်ကွဲပြားသွားသည်ကို သတိပြုမိနိုင်ပါသည်။ ထို့အတူ-

5.Jndgement (စီရင်ချက်)+ The Tower (မျှော်စင်) အပြောင်းအလဲများ

'အတည့်' 'အတည့်' က ထိခိုက်ပျက်စီးစေခြင်း

6. The Tower (မျှော်စင်)+ Judgement (စီရင်ချက်) ထိခိုက်ပျက်စီးစေသော အပြောင်းအလဲများ

'အတည့်' 'အတည့်'

- အလားတူပင်-

1. ...of swords (ဓား ၈- လက်ကားချပ်)

ကန့်သတ်ချုပ်ချယ်ခြင်း ပိတ်ပင်တားဆီးခြင်း

(တစ်ချပ်တည်းသီးခြားအဓိပ္ပာယ်)

'အတည့်'

2. X of pentacles

(တစ်ချပ်တည်းသီးခြားအဓိပ္ပာယ်)

နေထိုင်ရာအိမ်/ မိသားစု

'အတည့်'

3. ...of swords (ဓား ၈ လက်ကားချပ်) + x of pentacless (ငါးမြောင့်ကြယ် ၁၀ ခုကားချပ်)

'အတည့်' 'အတည့်'

နေထိုင်ရာအိမ်၊ မိသားစုနှင့်အတူ ကန့်သတ်ချုပ်ချယ်ခံရခြင်း

4. x of pentacles(ငါးမြောင့်ကြယ် ၁၀ ခုကားချပ်) + ..of swords

'အတည့်' 'အတည့်'

မိသားစု၏ အကန့်သတ် အချုပ်အချယ်

Part 2

အဓိကကားချပ်များ (The major Arcana)

အဓိကကားချပ် (၂၂) ချပ်၏ တစ်ချပ်ချင်းစီ၌ သီးခြားအဓိပ္ပာယ်ကိုယ်စီရှိပြီး ဖြစ်သည်။ ၎င်းတို့အား '၂ ချပ် တစ်စုံ' တွဲ၍ 'အတည့်နှင့်အတည့်' ပုံစံ 'ပြောင်းပြန်နှင့်ပြောင်းပြန်' ပုံစံ 'အတည့်နှင့်ပြောင်းပြန်' ပုံစံ ဟူ၍ ပုံစံ (၃) မျိုးဖြင့် ဖြန့်ခင်းပါက အဓိပ္ပာယ် (၃) မျိုးရရှိပါမည်။

* နှစ်ချပ်တွဲပုံစံဖြန့်ခင်းရာ၌ ဝဲမှယာ အမှတ်စဉ် (စီနီယာ) အလိုက် ဖြန့်ခင်းပါ

* တစ်ချပ်ချင်းစီ၏ သီးခြားအဓိပ္ပာယ်များ *

The magician (ပဉ္စလက်ဆရာကားချပ်)

'အတည့်အဓိပ္ပာယ်

- ယောကျ်ားပီသခြင်း
- ပါရမီထူးသည့် ပင်ကိုယ်စွမ်းရည်ရှိခြင်း
- ဖန်တီးနိုင်စွမ်းရှိခြင်း

- တီထွင်ဉာဏ်အားကောင်းခြင်း
- သဘောပေါက်နားလည်လွယ်ခြင်း အထုံပါရမီရှိခြင်း

'ပြောင်းပြန်အဓိပ္ပာယ်'

- မိန်းမလိုမိန်းမရဆန်ခြင်း
- ကျွမ်းကျင်လိမ္မာမှုမရှိခြင်း
- ဇဝေဇဝါများခြင်း
- ကြံရည်ဖန်ရည်မရှိခြင်း
- စိတ်ရှုပ်ထွေးတတ်ခြင်း
- ပရမ်းပတာလုပ်တတ်ခြင်း

The High priestess (**မယ်တော်ကြီးကားချပ်**)

'အတည့်အဓိပ္ပာယ်'

- ပင်ကိုယ်သဘာဝအတိုင်းမိန်းမဆန်ခြင်း
- နှုတ်စည်းစောင့်၍ လျှို့ဝှက်သိုသိပ်ခြင်း
- ရိုးရှင်းစွာမသိနားမလည်ခြင်း
- သစ္စာစောင့်သိခြင်း



- လျှို့ဝှက်နက်နဲသော လောကကိုစွ
- အရှုပ်အထွေးများကို နားလည်ခြင်း

ပြောင်းပြန်အဓိပ္ပာယ်

- အမျိုးသားများနှင့် တန်းတူ အခွင့်အရေးရရှိသည့် (အမျိုးသမီးဝါဒ) ရှိခြင်း
- အတင်းအဖျင်းပြောခြင်း
- လိမ်လည်လှည့်ဖြားခြင်း
- သစ္စာမဲ့ခြင်း
- ယုံကြည်မှုနည်းခြင်း

'နှစ်ချပ်တွဲတစ်စုံဖြန့်ခင်းသည့် အဓိပ္ပာယ်များ'

The magician 'အတည့်' နှင့် The High pries fess အတည့်ပုံစံ

(ကားချပ်ဖြန့်ခင်းရာ၌ အတည့်ဖြစ်စေ ပြောင်းပြန်ဖြစ်စေ ဝဲ- မှယာ အစဉ်တိုင်းဖြန့်ခင်းရပါမည်)

ဖိုနှင့်မ စရိုက်လက္ခဏာ (၂) မျိုး စလုံးပါရှိနေသူ-

- အထုံပါရမီအားကောင်းသော်

လည်း လူသိအောင်ထုတ်ဖော်ပြသခြင်း မရှိသူ-

- တီထွင်ဉာဏ်အားကောင်းပြီး လျှို့ဝှက်နက်နဲမှုများကို သိရှိထားသူ-

မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်း၊ အရည်အချင်းပြည့်ဝခြင်းနှင့် ပြည့်စုံသည့် အထုံပါရမီ ရှင်အမျိုးသမီးတစ်ဦးဖြစ်သည်။

The magician ပြောင်းပြန်နှင့် The High priestess ပြောင်းပြန်ပုံစံ-

- အရှုပ်အထွေးများခြင်းနှင့် လိမ်လှည့်လှည့်ဖြားတတ်သူ-
- ယောကျ်ားမဆန်ဘဲ အတင်းဖျင်းပြောတတ်သူ-
- အလွယ်တကူသဘောမပေါက်နိုင်သူ၊ သစ္စာဖောက်တတ်သူ
- ကျွမ်းကျင်သောအရည်အချင်း မရှိဘဲ ပရမ်းပတာလုပ်တတ်သူဖြစ်သည်။

The magician အတည့်နှင့် The High priestess ပြောင်းပြန်ပုံစံ-



- လိမ်လည်လှည့်ဖြားမှု၌တစ်ဖက်ကမ်းခတ်ကျွမ်းကျင်လိမ္မာသူ

-ယောက်ျားတန်မဲ့အတင်းအဖျင်းပြောတတ်သူ

-တီထွင်ဉာဏ်အားကောင်းသော်လည်း သစ္စာမဲ့တတ်သူ

- မိန်းမဆန်ဆန်ဖန်တီးမှုများ၌ အထူးကျွမ်းကျင်သူဖြစ်မည်



တစ်ချပ်ချင်းစီ၏သီးခြားအဓိပ္ပာယ်များ

The Empress (ဧကရီကားချပ်)

အတည့်အဓိပ္ပာယ်

- မိန်းမဆန်ခြင်း
- မိခင်ပမာပြုစုစောင့်ရှောက်တတ်ခြင်း
- သားသမီးထွန်းကားခြင်း
- အကျိုးဖြစ်ထွန်း (အောင်မြင်

ခြင်း)

ပြောင်းပြန်အဓိပ္ပာယ်

- ပွင့်လင်းသော ဆိုက်မရှိခြင်း (မြုံခြင်း)
- သားသမီးမထွန်းကားခြင်း
- အကျိုးမဲ့ (ပျက်စီးခြင်း)

The Emperor (ဧကရာဇ်ကားချပ်)

အတည့်အဓိပ္ပာယ်

- ယောက်ျားပီသခြင်း
- ဖခင်ကဲ့သို့ မားမားမတ်မတ်

ရပ်တည်ပေးခြင်း
- ဩဇာအာဏာထက်မြက်ခြင်း
- အေးဆေးတည်ငြိမ်ခြင်း

ပြောင်းပြန်အဓိပ္ပာယ်

- အားကိုးအားထားမပြုနိုင်ခြင်း
- အားနည်းချက်များခြင်း
- စိတ်သမတ်တည်းမရှိခြင်း
- ယောက်ယက်ခတ်ခြင်း

နှစ်ချပ်တွဲတစ်စုံ ဖြန့်ခင်းသည့် အဓိပ္ပာယ်

The Empress အတည့်နှင့် The Emperor အတည့်ပုံစံ-

- အမျိုးသမီး- အမျိုးသားစရိုက်လက္ခဏာ (၂) မျိုးစလုံးပါဝင်နေသူ
- မိခင်လိုရောဖခင်လိုပါကျွေးမွေးစောင့်ရှောက်တတ်သူ

- တည်ငြိမ်အေးဆေးစွာနေတတ်ပြီး ဩဇာအာဏာထက်မြက်သူ
- မိခင်ကဲ့သို့ စောင့်ရှောက်တတ်ပြီး ဖခင်ကဲ့သို့ အကြံဉာဏ်ကောင်းပေး၍ မားမားမတ်မတ်ရပ်တည်ပေးနိုင်သူဖြစ်မည်။

The Empress **ပြောင်းပြန်နှင့်** The Empreor **ပြောင်းပြန်ပုံစံ**

- ရှေ့နောက်ညီအောင်မဆောင်ရွက်နိုင်သူ၊ အားနည်းချက်များသူ



- ပွင့်လင်းသောစရိုက်မရှိသူ၊ (အမျိုးသမီးဖြစ်ပါက) သားသမီးမထွန်းကားသူ
- ပြတ်သားစွာမဆုံးဖြတ်နိုင်သူ၊ အကျိုးဖြစ်ထွန်းအောင်မလုပ်နိုင်သူ
- မိမိကိုယ်မိမိ မထိမ်းချုပ်နိုင်သူဖြစ်မည်။

The Empress **အတည့်နှင့်** The Emperor **ပြောင်းပြန်ပုံစံ**

- မိခင်ဖြစ်ပါက အားကိုးအားထားမပြုနိုင်သူ

- အမျိုးသမီးငယ်ဖြစ်ပါက ဆုံးဖြတ်ချက်မပြတ်သားသူ
- အမျိုးသမီးကြီးဖြစ်ပါက အမြဲတစေသေချာရေရာမှုမရှိသူ
- စိတ်တစ်သမတ်တည်းမရှိသူ မတည်ငြိမ်သူ
- အကျိုးဖြစ်ထွန်းအောင်လုပ်နိုင်သော်လည်း တာရှည်မြဲအောင် မစောင့်ရှောက်တတ်သူဖြစ်ပါမည်။(ဆက်ရန်)

သီတာစိမ်း

Dorothy Kelly ၏ Tarot Card Combination စာအုပ်ကို ဆီလျော်အောင်ပြန်ဆိုပါသည်။

စွန်းလွန်း ပဋ္ဌာန်းသာသနာ နှစ်(၁၀၀)ပြည့်ပြီ

မောင်သင်းဝေ

စွန်းလွန်း ဆရာတော်ဘုရားကြီးသည် ၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက်နေ့က၊ ကိလေသာကုန်ခမ်း၍ ရဟန္တာအဖြစ်ရောက်ရှိတော်မူခဲ့သည်။ ယခု သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက်၊ ၁၃-၁၁-၂၀၂၀ နေ့တွင် နှစ် (၁၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလှူတကာ့အလှူတွင် တရားအလှူသည်အမြတ်ဆုံးဖြစ်ပေရာ စွန်းလွန်းဆရာတော်ကြီး၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် စွန်းလွန်းတရားတော်များစာအုပ်ကို မိတ်ဆွေကိုကိုဦးကဦးဦးဖျားဖျား လက်ဆောင်ပေး၍ ကျေးဇူးတင်စွာဖတ်ရှုခွင့်ရရှိခဲ့သည်။

ကျွန်တော်သည် စွန်းလွန်းဆရာတော်ကြီး၏ထေရုပ္ပတ္တိကို ငယ်ရွယ်စဉ်စာပေလေ့လာ လိုက်စားစကာလကပင် ဖတ်ရှု၍ကြည်ညိုမဆုံးရှိခဲ့သည်။ ထို့နောက်လည်း မကြာခဏဆိုသလိုဖတ်ရှုခဲ့ရပြီး လွန်ခဲ့သောနှစ်လေးဆယ်လောက်ကမူ ဆရာတော်ကြီး၏ မပုပ်မသိုးသီလနံ့သင်းလျက်ရှိသော ရုပ်ကလပ်တော်ကို မြင်းခြံရောက်ခိုက်ဖူးမြော်ကြည်ညိုခဲ့ရပြန်သည်။ သည်မှာလည်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ထပ်မံဝယ်ယူ၍ ဖတ်ရှုခဲ့ပြီး စာပေမိတ်ဆွေ၊ ဓမ္မမိတ်ဆွေများအားလည်းဝေငှခဲ့သည်။

ယခု ကိုကိုဦးလက်ဆောင်ပေး၍ စွန်းလွန်းဆရာတော်ကြီး၏တရားတော်များကို ယခုကဲ့သို့ stay at home ကာလတွင် ဖတ်ရှုပူဇော်ခွင့်ရရှိခြင်းမှာ လွန်စွာအကျိုးများလှသည်။ အဆိုပါစာအုပ်ကို မိတ်ဆွေကြီး ကိုကိုဦးတို့မိသားစုပိုင်ဖြစ်သော မြင့်သိန်းအောင် အော့ဖ်ဆက်မှ ဓမ္မဒါနအဖြစ် ရိုက်နှိပ်ပူဇော်ခဲ့သည်မှာ သာဓုခေါ်ဆိုဖွယ်ရာ ကောင်းလှပေသည်။ စာရေးသူမှာ သံသာအေးစေတီတော်ကြီးရှိ ရုပ်ကလပ်တော်ကို သော့အဖွင့်အပိတ်ပြုလုပ်ရသော ဦးအုန်းပင် (ဘုရားဂေါပက)၏မြေးဖြစ်သူ မောင်သန်းဝင်း(ခ)သက်နိုင်မှ စုစည်းပူဇော်ခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ခန့်က သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက်၊ အင်္ဂါနေ့ညဉ့် (၁၀) နာရီအချိန်တွင် ကိုရင်ကြီးဦးကဝိသည် မောင်ရင်ပေါ်ချောက်၌တစ်ပါးတည်းတရားရှုမှတ်နေ၏။ ကောင်းကင်မှတဝီဝီအသံကြီးကြားရ၍အထက်သို့မော့ကြည့်ရာ ငွေစောင်းတန်းနှင့် နတ်ရထားပျံကြီးတစ်စင်းဦးတည်၍ဆင်းလာနေသည်။ ဦးကဝိသည် မိမိထံတည့်တည့်ကြီးဆင်းလာနေသော နတ်ရထားပျံကြီးကို ဥပေက္ခာပြု၍ မိမိတရားကိုသာ မိမိရှုမှတ်အားထုတ်နေလိုက်သည်။

မိမိတရားကိုသာမိမိ ကြိုးစားအားထုတ်နေသော ဦးကဝိ၏ခန္ဓာကိုယ်ကြီးသည် သိသိသာသာပေါ့ပါးလာရုံမျှမက အိခနဲ၊ သိမ့်ခနဲ၊ ငြိမ့်ခနဲဖြစ်ကာအပေါ်သို့မြောက်တက်သွားသည်ဟု ထင်၍ မျက်စိကိုဖွင့်ကြည့်လိုက်ရာ စောစောကတွေ့လိုက်ရသော ရထားပျံသည် မိမိအောက်ရောက်နေကြောင်း တွေ့ရှိလိုက်ရသည်။

ထိုရထားပျံကြီး၏ ထောင့်လေးထောင့်တွင် နတ်မင်းကြီးလေးယောက်နှင့် လက်ယာဘက်တွင် သိကြားမင်းကိုတွေ့ရ၏။ အားလုံးက အရိုအသေပြုနေကြသည်။ တစ်နေ့ကပင် ကျောင်းအနီးရှိမှိုပွင့်ကြီးတစ်ပွင့်တွေ့၍ နှုတ်ကြည့်လိုက်ရာ အမြစ်ပါမကျန်အုံလိုက်ပြုတ်ထွက်၍ပါလာသည်ကို တွေ့ရကတည်းက 'အမြစ်ပြတ်လုံးဝအကျွတ်တရားရတော့မည်'ဟုယူဆကာ အရိုးကြေကြေအရေခမ်းခမ်းကြိုးစားခဲ့ရာ၊ နတ်ရထားနှင့်နတ်သိကြားတို့လာရောက်ဂါဝရပြုသည်ကို

ပင် ဂရုမစိုက်တော့ဘဲ ကြက္ကရိယာပုတ်တစ်ခုတည်းဖြင့် အားထုတ်တော်မူခဲ့ရာ ထိုနေ့ ထိုအချိန်၊ ထိုနေရာမှာပင် ရဟန်းကိစ္စပြီးမြောက်၍ ရဟန္တာဖြစ်တော်မူလေသည်။

အတိတ်တဘောင်နိမိတ်ဆောင်ခဲ့

တကယ်တော့ စွန်းလွန်းဆရာတော်ဘုရားကြီးဦးကဝိသည် စာတတ်ပေတတ်ပုဂ္ဂိုလ်တော့မဟုတ်ချေ။

ဆရာတော်ဘုရား၏ လောင်းလျာကို မြင်းခြံမြို့တောင်ဘက်စွန်းလွန်းရွာတွင် ခမည်းတော်ကြီး ဦးသန့်၊ မယ်တော်ကြီး ဒေါ်တုတ်တို့မှ ၁၂၃၉ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်၊ တနင်္လာနေ့ နံနက်လေးချက်မတီးမီတွင် ဖွားမြင်ခဲ့သည်။

မြင်းခြံမြို့ မင်းကျောင်းဆရာတော်ထံတွင် စာပေသင်ကြားခဲ့သော်လည်း စာမလိုက်နိုင်သဖြင့် ဆယ့်ငါးနှစ်သားအရွယ်တွင် ကျောင်းမှထွက်၍ အရေးပိုင်ရုံးတွင် ဖခင်နှင့်အတူ ယပ်လေကြိုးဆွဲရသော မင်းစေအလုပ်လုပ်ခဲ့ရသည်။ အသက် (၃၀) တွင်အလုပ်မှထွက်၍ တောင်ယာအလုပ်ကိုလုပ်ကိုင်စားသောက်ခဲ့ရသည်။ တောင်ယာလုပ်ကိုင်ရင်းပင် ယာဂုဝါသကိစ္စများမြောင်လူတို့ဘောင်ကို ငြီးငွေ့ပြီးရင်း ငြီးငွေ့လာနေသည်။ ဆရာတော်များဟောကြားအပ်သော နိဗ္ဗာန်ရောက်ကြောင်းတရားကိုလည်း တစ်ခွန်းတစ်စနာယူဖူးသည်ဖြစ်၍ အချိန်နှင့်အမျှ တရားမှတ်လျက်ရှိသည်။ ကောက်ရိုးစင်းလျှင်လည်း အမှတ်ဖြင့်စင်းသည်။ လယ်ထွန်လျှင်လည်း အမှတ်ဖြင့်လယ်ထွန်သည်။ ထိသိ၊ သတိ သတိပဋ္ဌာန်းတရားကို လက်မလွှတ်ခဲ့ပေ။

ဤသို့ဖြင့် တရားဖြင့်သာမွေ့လျော်လျက်ရှိရာ လူဝတ်ကြောင်ကိုစွန့်၍ရဟန်းဝတ်လိုသော်လည်း သံယောဇဉ်မပြတ်၍မအောင်မြင်ခဲ့ချေ။ သို့ဖြင့် တစ်နေ့သောအခါမှာတော့ လုံးဝပင်စိတ်ကိုပိုင်းဖြတ်ကာ လယ်ထွန်လျက်ပင် ထွန်တုံးနှင့်နွားကိုပစ်ထားခဲ့ကာ လူဝတ်ကြောင်ကိုစွန့်ခဲ့လေတော့သည်။

ဆရာတော်ကြီး၏ လူအမည်မှာ မောင်ကျော်ဒင်ဖြစ်၍ ရဟန်းဘွဲ့တော်မှာဦးကဝိဖြစ်သည်။ အရွယ်ရောက်သော် တစ်ရွာတည်းနေ မရွှေရည်နှင့် အိမ်ထောင်ကျ၍ သားသမီးငါးယောက်ထွန်းကားခဲ့သည်။ လေးဦးမှာ ငယ်စဉ်ကပင်ကွယ်လွန်ခဲ့ကြပြီး ကိုရှိန်ခေါ် ကိုကံညွန့်တစ်ဦး သာကျန်ရစ်သည်။

ဦးကျော်ဒင်တွင် သူငယ်ချင်းဦးစံတင်ဆိုသူရှိသည်။ ဦးစံတင်မှာ သမာဓိမျှော်အောင်သူဟုသိရသည်။ တစ်နေ့တွင်ဦးစံတင်သည် ဦးကျော်ဒင်ထံရောက်ရှိလာပြီး အောက်ပါတဘောင်ကို ရွတ်ပြသည်။

'တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်
အမယ်ဘုတ်ရဲ့သူ့ချည်ခင်၊
ဘယ်သူငင်မှ သည်ရှုပ်ထွေး
ရှင်းနိုင်ပါလေး။
ချည်ပင်ကြို ချည်ခင်ကြား
လွန်းကလေးနဲ့သွား၊
ဘုရားငုတ်တိုရောင်တော်လွှတ်ပါ
လို့ ပုံတော်ဝတ်တဲ့မခွေးရယ်၊
အနားစိမ်းရောင်ခြယ်၊အလယ်ပြာ
ဘောင်ကွပ်နဲ့၊
လက်ခတ်သံ ကျွန်းဖိုသား၊
သောင်းတိုင်ကကြား'

အမယ်ဘုတ်ချည်ငင်မှာ မည်မျှပင်ရှုပ်ရှုပ် ရက်ကန်းစင်တွင် ရှင်းသွားသည်သာဖြစ်၏။ ယခု ဘုရားရှင်လက်ထက်တွင် အဝိဇ္ဇာချည်ထုပ်ကြီးကို သတိပဋ္ဌာန်းရက်ကန်းစင်မှာ ဦးကျော်ဒင်ရှင်းရမည်ဖြစ်ကြောင်း။

စွန်းလွန်းရွာတွင်လည်း တကယ်ရက်ကန်းစင်ပေါ်လာမည်ဖြစ်ပြီး၊ ရက်ကန်းစင်ပေါ်သည့် ကျွန်းဖိုရွာတွင် ဦးကျော်ဒင် သာသနာပြုရလိမ့်မည်ဖြစ်ကြောင်း ဘုရားငုတ်တိုရောင်တော်လွှတ်ဆိုသည်မှာ ပဋိပတ္တိသာသနာတော်ကြီးငုတ်တိုနေခဲ့ရာမှ ပြန်ပေါ်လာတော့မည်ဖြစ်ပြီး ဦးကျော်ဒင်၏တရားလက်ခတ်သံကို တစ်နိုင်ငံလုံး (၃၁) ဘုံလုံးကကြားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆီမီးတစ်ထောင်အမိဋ္ဌာန်

တစ်နေ့သောအခါ၌ ဦးကျော်ဒင်နှင့်မရွှေရည်တို့သည် ယာတစ်ကွက်ကိုဝယ်ယူ၍ ခုတ်ထွင်ရှင်းလင်းရင်း-

"ရွှေရည်ရေ ငါတို့ဒီနှစ်နှမ်းကြဲကြရင်တောင်းမယ်ထင်တယ်။ နှမ်းကြဲလို့ နှမ်းတင်းငါးဆယ်ထွက်ရင် ဘုရားမှာ ဆီမီးတစ်ထောင်ပူဇော်ရအောင်"

ဟုပြောရာ မရွှေရည်က-

"ငါးဆယ်မရလဲ နေပါစေ၊ လေးဆယ်ရရင်တော်ပြီပ ဆီမီးပူဇော်ကြတာပ"

ဟုပြောသည်။

ဤသို့ဖြင့် ကုသိုလ်သဒ္ဓါစိတ်ဖြစ်၍ လုပ်ကိုင်ခဲ့ကြရာ၊ ထိုနှစ်က မိုးခေါင်သဖြင့် နှမ်းတောင်သူများ အပျက်အစီး

များလှသည်။ ဦးကျော်ဒင်နှင့် မရွှေရည်တို့နှမ်းခင်းသာလျှင် မသေခင်မိုးရ၍ ထူးထူးခြားခြားနှမ်းများရခဲ့သည်။ မရွှေရည်တောင့်တသည့်အတိုင်းပင် တင်းလေးဆယ်တိတိ တစ်လက်စွန်းမျှ မပိုမလိုရှိသည်။

ထိုနှစ် ၁၂၈၁ သီတင်းကျွတ်လပြည့်နေ့တွင် ရတနာသုံးပါးအား ဆီသုံးပိဿာစီလှူ၍ ပရိတ်တရားနာယူကာ၊ ဧည့်ပရိသတ်များအားလည်း ဆေး၊ ကွမ်း၊ လက်ဖက်ဖြင့် မမောနိုင်၊ မပမ်းနိုင် ဧည့်ခံခဲ့ကြသည်။ ရွာဦးစေတီတွင်လည်း ဆီမီးတစ်ထောင်ပူဇော်၍ တစိမ့်စိမ့်ကြည့်ကာ ပီတိဖြစ်နေကြသည်။ ထိုစဉ် တချို့ဆီမီးကား တငြိးငြိး၊ မီးလျံဖြင့် တောက်ပ၍တချို့မှာ တဖျစ်ဖျစ်တောက်လောင်လျက်ချုပ်ငြိမ်းကြလေသည်။

ဦးကျော်ဒင်သည် ဆီမီးခွက်များ၏ဖြစ်ပျက်သင်္ခါရကို ကြည့်ရှုဆင်ခြင်ကာ-

'ငါ- ခုနေဆုတောင်းရင် ပြည့်မှာပဲ'

ဟုတွေးလျက်-

'ဤ အလင်းရောင်ဆီမီးလှူဒါန်းမှုကြောင့် အကျွန်ုပ်သည် ရဟန်းဖြစ်ရပါလို၏။ ရဟန်းဖြစ်သောအခါ အကျွန်ုပ်တရားဟောပြော ဆုံးမသည့်အတိုင်း သတ္တဝါတွေကျင့်ကြံနိုင်ကြပါစေ'

ဟု စိတ်အကြံရှိသည့်အတိုင်းဆုတောင်းလိုက်လေသည်။

ဆုတောင်းပြီးကာမှ-

'ငါ-ဘယ်လိုလုပ် တရားဟောရမှာလဲ၊ စာမှမတတ်ဘဲ'

ဟု တွေးမိပြန်သည်။ သို့သော်စိတ္တေ နယျတိ ကေကောဆိုသည့်မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း စိတ်ကရှေ့ဆောင်၍ အောင်ခဲ့ရသည်သာဖြစ်သည်။ ဆီမီးတစ်ထောင်က အမှောင်ဖြိုခွင်း၍ အလင်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ဒုတိယအကြိမ် တရားထူးရခြင်း

ဦးကျော်ဒင်သည် စာတတ်ပေတတ်မဟုတ်ရကား ထူးထူးထွေထွေသောနည်းနာနိသျရတို့ကိုမသိချေ။ သို့သော်အိမ်ထောင်သည်ဘဝမှာပင် ထွက်သက်- ဝင်သက်ကိုမှတ်၍ အာနာပါနကမ္မဋ္ဌာန်းကိုရှုခြင်း၊ ဘာပဲလုပ်လုပ် မိမိကိုယ်ကိုစောင့်ကြည့်သည့် ထိ၊ သိ၊ သတိဖြင့် အမှတ်ဖြင့်နေခြင်းတို့ကြောင့် ဇနီးမရွှေရည်၏ တဗျစ်တောက်တောက်အပြစ်တင်ခြင်းကိုလည်းခံရ၏။ တရားမှတ်နေစဉ် အမျိုးမျိုးနှောက်ယှက်၏။ မည်သို့ပင်နှောက်ယှက်ပါစေ၊ မေတ္တာဖြင့်သည်းခံကာ၊ အချိန်ရသမျှ ရှုမှတ်ပွားများခဲ့ရာ အသိဉာဏ်အလင်းလည်း ပို၍ပို၍ ပွင့်လင်းကတော့၏။

တစ်ညတွင် သတိဖြင့်အိပ်ပျော်နေစဉ် မီးရထားဘူတာရုံသို့ ရောက်သွား၍လက်မှတ်ဝယ်ယူရာ လက်မှတ်လေးစောင်ပေးပုံ၊ လက်မှတ်ရ၍ရထားဆီသို့ ပြေးရာရထားကထွက်ခါနီးဖြစ်၍ မီအောင်ပြေးတက်ခဲ့ရပုံမြင်မက်၏။

နောက်မကြာမီ နွားတစ်ကောင်ပြေးလာသည်ကိုမြင်၍ ပြေးလိုက်ပြီး အမြီးကိုဆွဲရာ အမြီးရင်းမှပြုတ်ထွက်ပါလာသည်ဟု မြင်မက်၏။ အိပ်မက်အရ သာသနာနောက်ပိုင်းအပြုတ်ဟ ကြိမ်းဝါးကာ ဝင်လာသမျှအာရုံကို သတိဖြင့် ဖမ်း၍ ပညာဖြင့်ကျက်ရာ ပထမအကြိမ်နှင့် တစ်လတိတိအကြာ ၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၃) ရက်၊ စနေနေ့ ညဉ့် (၁၀) နာရီအချိန်တွင် ဒုတိယအကြိမ်နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူသည်။

သကဒါဂါမ်အဆင့်သို့ကူးပြောင်းခြင်း

ဦးကျော်ဒင်သည် ဒုတိယအဆင့်ကိုရောက်ပြီးချိန်မှစ၍ ဝိပဿနာဉာဏ်အမြင်များပို၍ရှင်းလင်းရသည်။ ၁၂၈၂ ခုနှစ် တော်သလင်းလပြည့်ကျော် (၁၃) ရက်၊ တနင်္လာနေ့ ည (၁၀) နာရီခန့်တွင် တစ်ကိုယ်လုံးရှိသမျှ အကြောများပြတ်ထွက်မတတ်ဝေဒနာကို အလူးအလဲခံရပြီး ဝေဒနာကိုသည်းခံကျော်ဖြတ်လျက် တရားကိုသတိမလွတ်စေဘဲ မှတ်ရှုပွားများရာ တတိယအကြိမ်တရားထူးတရားမြတ်ကိုရရှိတော်မူပြန်သည်။

နောက်တစ်နေ့၌ ဦးကျော်ဒင်၏ ရှေ့မှာပင်ပြင်းထန်သောမိုးကြိုးကျရာ မည်သို့မျှမတုန်မလှုပ်၊ မထိတ်မလန့်၊ စိတ်ဆိုးခြင်း၊ ကြောက်ရွံ့ခြင်းမရှိခဲ့ပေ။ ဤသို့ပင် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတို့ကို အပြီးပြတ်ပတ်သတ်နိုင်ခဲ့ပြီး လူဝတ်ကြောင်ကိုစွန့်ကာ ရဟန်းဘောင်သို့ ကိုရင်ကြီးဘဝဖြင့်ဝင်ရောက်ခဲ့ရသည်။

ဦးကျော်ဒင်သည် ၁၂၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးတစ်ထောင်ပူဇော်၍ အာနာပါနတရားကို တစ်ခွန်းတစ်စ ကြားဖူးသိဖူးရုံမျှဖြင့်ပင် မဆုတ်မနစ် ကြိုးစားအားထုတ်ခဲ့ရာ ၁၂၈၂ ခုနှစ်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက်၊ ညဉ့် (၁၀) နာရီခန့် အချိန်ချည်းသာလျှင် အချိန်ကာလ တစ်လစီ၊ တစ်လစီကွာ၍ အရိယာလေးဆင့်၊ အောင်လံလွှင့်တော်မူခဲ့ လေပြီ။

တရားစစ်ခြင်း

ဆရာတော်ရဟန္တာစစ် မစစ်အကြမ်းအားဖြင့် စမ်းသပ်ကြသူများလည်းရှိပေသည်။ ဆရာတော်ကြွစဉ် နောက်မှနေ၍ ဗျောက်အိုးဖောက်ခြင်း၊ ဘီလပ်ရည်တွင် အရက်ရောစ၍ တိုက်ခြင်းတို့ဖြစ်သည်။ (ဘီလပ်ရည်တွင် အရက်ရော၍တိုက်သောအခါ အရက်သတ္တိပြယ်သွားကြောင်းမိန့်တော်မူသည်)

တစ်ခါက ဆရာတော်ခရီးသွားစဉ် ဆရာတော်နှင့် မျက်နှာချင်းဆိုင် မြင်းလှည်းတစ်စီး အရှိန်ပြင်းစွာမောင်းနှင်လာရာ ဆရာတော်ကား မတုန်မလှုပ်ချေ။ မြင်းလှည်းသာလျှင် အနီးသို့ရောက်သည်နှင့် ဒလိမ့်ကောက်ကွေးတိမ်းမှောက်သွား၏။ အကြမ်းနည်းဖြင့် စမ်းသပ်သူများဒုက္ခရောက်ခဲ့ကြသည်။

တစ်ခါကမူ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်ဆရာတော်ကြီးအား ရန်ကုန်သို့ပင့်ဆောင်ကာ ပူဇော်သက္ကာရပြုခဲ့သည်။ ထိုအချိန်တွင် စာပေပိဋကတ်နှံ့စပ်ကျွမ်းကျင်သော ဆရာတော်ဦးဩဘာလျှောက်ထား၍ တရားစစ်မေးခွန်းများမေးလျှောက်ခဲ့သည်။ ဆရာတော်ကြီး၏အဖြေသည် ပိဋကတ်တော်က ဘုရားဟောများနှင့်တစ်ထပ်တည်းကျကြောင်းသိရှိခဲ့ရသည်။ (အကျယ်ကို စွန်းလွန်း ပဋိပတ်သာသနာနှစ် (၁၀၀) ပြည့်အထိမ်းအမှတ်စာအုပ်တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်)

ဆရာတော်ကြီးသည် သက်တော် (၇၅) နှစ်တွင် မကြာမီပရိနိဗ္ဗာန်ပြုမည်ဖြစ်ကြောင်း ခန္ဓာကိုယ်မှာမပုပ်မသိုးဘဲ အများကိုးကွယ်ရာ ဓာတ်တော်အဖြစ်ကျန်ရစ်မည်ဖြစ်ကြောင်း မှာကြားပြီး ပြောသည့်အတိုင်း (၇၅) နှစ်တွင် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ မပုပ်မသိုးရုပ်ကလပ်တော်ကို မြင်းခြံမြို့ သံသရာအေးစေတီတော်အတွင်း ထားရှိအပူဇော်ခံလျက်ရှိသည်။

ဆရာတော်ကြီး၏နည်းနာကိုခံယူကျင့်ကြံ၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြပါစေ။

မောင်သင်းဝေ



သိုက်စောင့်မြွေ

ထိုက်သဇင်

ညကကြယ်ရောင်ကြောင့် အရာဝတ္ထုတွေကို သဲကွဲစွာမြင်နိုင်သည်။ ကြီးမားနက်မှောင်သော မြွေကြီးသည် တွင်းထဲကတလိမ့်လိမ့် ထိုးထွက်လာသည်။

ကြီးမားသော ဦးခေါင်းကြီးက ထောင်မတ်လိုက်သည်မှာ သုံးလေးနှစ်ကလေးအရွယ်လောက် မြင့်သည်။ မြွေကြီးတွေက တဖွားဖွား လှုပ်နေဆဲဖြစ်သည့်အမြီးပိုင်းထွက်လာဖို့ မြေတွေကို လှုပ်ရှားချေမွနေခြင်းပါ။

တစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်သွားကြပြီး မြွေကြီးတုန်ခါမှုသည် အသေးစားငလျင်လှုပ်သကဲ့သို့ ဖြစ်နေသည်။ မြွေကြီးကိုယ်ပေါ်မှာ ပေါက်နေသောဆီးပင်မှန်သမျှ ယိမ်းထိုးလျက် မမှည့်သေးသော်လည်း ဆီးသီးတွေ တဖျောဖျောကြွေကြကုန်သည်။

"ဘယ်သူတွေ အမှားလုပ်ထားလဲ။ နတ်မြွေကြီးထွက်လာပြီ ရွာပျက်တော့မယ်ဟေ့။ အထုပ်အပိုးတွေပြင်ကြတော့"

"ဟာ- အဘိုးမှန်ကလည်း တွင်းအောင်းမြွေရေသောက်ဖို့ ထွက်တာပါဗျာ။ အရမ်းပူတဲ့ရာသီရောက်ပြီလေ"

"မင်းတို့ ဘယ်လောက်နားလည်လို့လဲ။ လူကြီးစကားပြောတာ မဟုတ်ဘူးထင်နေလား"

"ကျွန်တော်တို့က ဖြစ်နိုင်တာပြောတာဗျ။ ဟော ကြည့် ကြည့် မြွေကြီးလျှိုအောက်ဆင်းသွားပြီး အဲဒီမှာစမ်းချောင်းရှိတယ်။ ရေသောက်ပြီး ကျောက်ဂူကြီးအောက်ဝင်သွားမှာ မယုံရင်လိုက်ကြည့်ကြဗျာ"

ထွန်းတောက်စကားကြောင့် စိတ်ဝင်စားသူတွေမြွေကြီး တရွေ့ရွေ့သွားရာ လိုက်ကြည့်ကြသည်။ တကယ်ပဲသူပြောသလို ကမ်းပါးလျှောဆင်းကာ လျှိုအောက်ရှိ စမ်းချောင်းထဲ ဝုန်းခနဲဆင်းသွားတော့သည်။

စမ်းချောင်းလေးထဲက ရေကတောင်ကြောကို ဖောက်ထွက်နိုင်သော ဂူပေါက်လေးအတိုင်း စီးဆင်းနေတာပါ။ မြွေကြီးဂူပေါက်အတိုင်း ထွက်သွားမှာလား။

ဒါမှမဟုတ် လျှိုကြီးမှ ပြန်တွယ်တက်ပြီး ရွာထိပ်က သဲခုံမှာပြန်အောင်းနေမလား။ ဘာပဲဖြစ်ဖြစ် တစ်ရွာလုံးရှေ့မှာ ကြီးမားသော ကိုယ်လုံးနှင့်ရှည်လျားသော မြွေကြီးတစ်ကောင်က ကြက်သီးဖြန်းဖြန်းထလောက်သည်။

"ကျွန်မတို့တော့ လယ်ယာတွေထားပြီး တခြားပြောင်းဖို့ဆိုတာ မလွယ်လှဘူး။ ကြောက်ပေမယ့် သေသည်အထိ ဒီရွာမှာနေရမှာပဲ"

"နတ်မြွေလို့ ဘယ်သူပြောလဲ။ တွင်းအောင်းပြီး ကြီးသွားတတ်တာ မြွေသဘာဝပဲ။ ရွာတော့ အပျက်ခံမလား တုတ်မားတွေနဲ့ ဝိုင်းသတ်လိုက်စမ်းပါ။ မသေရှိပ့ါမလား"

"မင်းတို့တော့ခက်ပြီး ဒုက္ခရောက်ချင်နေကြတာပဲ"

"အဘိုးမှန်တို့ကြောက်ရင် ရွာပြောင်းကြပေါ့ဗျာ"

"အေးပါကွာ- အေး အေး နှစ်နှစ်ရာကြာရင် ထွက်လာမယ်ဆိုတဲ့မြွေကြီးကွ။ ငါတို့အဘေးတောက သေချာမှာခဲ့တာ ဒီမြွေကြီးထွက်လာရင် ကုသိုလ်ရှိတဲ့လူအသက်ဘေးလွတ်မယ်။ အကုသိုလ်ပြုရင် ဒုက္ခရောက်မယ်တဲ့။ မင်းတို့တောထဲတောင်ထဲအမဲလိုက်တာရပ်လိုက်ကြတော့၊ အားလုံးအတွက် ငါသတိပေးတာပဲ။ ငါ့အသက် ရှစ်ဆယ်ကျော်ပြီ၊ ရှေ့အဆက်ဆက်က လက်ဆင့်ကမ်းလာတဲ့သတိပေးစကားပဲ၊ နားထောင်တာမထောင်တာ မင်းတို့သဘောပဲ"

ဒေါသစကားမဟုတ်ဘဲ သတိပေးစကားပြောရင်း အဘိုးမှန် သူတဲလေးရှိရာပြန်ခဲ့သည်။ အိပ်မောကျနေသည့် မြေးမလေး ထွေးစိန်က ရွာထိပ်က အုတ်အော်သောင်းတင်း အသံတွေမကြားတာလား၊ တုတ်တုတ်မှမလှုပ် အဘိုးမှန်သူ့အိပ်ရာထဲ လှဲအိပ်ရင်း အတွေးတွေဝင်လာသည်။

အဘိုးမှန် မှေးခနဲအိပ်ပျော်သွားသည်။ သိပ်မကြာလိုက် ပျဉ်တံခါးလေးကို တဒေါက်ဒေါက်ခေါက်သံကြားရသည်။

"ညကြီးအချိန်မတော် ဘယ်သူလဲကွ"

"ငါ ခေါက်တာ တံခါးခဏဖွင့်ပေးဟေ့"

"ငါဆိုတာဘယ်သူတုန်း။ ဒီရွာမှာ အသက်အကြီးဆုံး ငါ့ကိုမလေးမစားနဲ့"

ပြောပြောဆိုဆို ကွပ်ပျစ်အိပ်ရာလေးမှထကာ ဖယောင်းတိုင်မီးထွန်းပြီး တံခါးဖွင့်ပေးလိုက်သည်။ နှုတ်ကလည်း အံ့ဩစွာ-

"အဘ အဘလာတာပဲ"

"အဘိုးဘယ်သူလာတာလဲ။ ညဘက်ကြီး ဧည့်သည်လား"

"ထွေးစိန် သမီးနဲ့မဆိုင်သေးဘူး

အိပ်အိပ်"

မျက်လုံးဖွင့်ကြည့်တုန်း တစ်ခေါင်းလုံးဖွေးဖွေးဖြူနေသောဆံပင်ကို ထုံးထားသည့်လူကြီးကို ထွေးစိန်တွေ့လိုက်ရသည်။

ဘာတွေပြောနေတာလည်း နားထောင်ချင်ပေမယ့် ပြန်အိပ်ပျော်သွားပြန်သည်။ သို့ပေမယ့် ထွေးစိန်အိပ်မက်ထဲမှာလား၊ အပြင်မှာ ပြောနေကြတာလား ထူးဆန်းသော စကားတွေကိုကြားနေ သည်။

"လူတွေက ဘုရားပျက်ကြီးအကြောင်း သိကုန်ကြပြီထင်တယ် မောင်မှန်ရေ၊ ဒီတောင်ကုန်းလေးကို တူးဖော်ကြလိမ့်မယ်"

"ဒါဆို တောင်ကုန်းအောက်မှ သိုက်ဝရှိတာသိသွားလို့လား။ ကျွန်တော်လည်း ဒီတောင်ကုန်းနဲ့အနီးဆုံးမှာနေပြီး စောင့်ရှောက်နေတာပဲ"

"ဘယ်လိုတွေ သိသွားတာလဲတော့ ငါလည်း မသိသေးဘူး။ ဒါပေမယ့် လကွယ်ညတွေမှာ လူလေးငါးယောက်ထက်မနည်း တောင်ကုန်းပေါ်ရောက်လာတယ်။ လုံချွန်တွေနဲ့ မြေထဲရိုက်သွင်းပြီး စေတီပျက်ကြီးအောက်က ဌာပနာတွေရှာဖို့လုပ်နေပြီ ငါ့ကျောကိုသာကြည့်တော့ကွာ"

အဘကသူ့ဝတ်ထားသည့် အင်္ကျီအဖြူကိုဆွဲချွတ်ကာ ကျောကုန်းကိုလှန်ပြလိုက်သည်။

"ဟာ - တော်တော်မိုက်ရိုင်းတဲ့ကောင်တွေပါလား"

"အေး - သူတို့က ငါ့ချောင်းထဲဆင်းပြီး တစ်ဖက်ဂူပေါက်ကထွက်သွားတယ်ပဲထင်ကြတယ်။ တွင်းထဲပြန်ဝင်သွားတာ ဘယ်သူမှမသိကြဘူး။ နေရာလဲဖို့ အချိန်ကျပြီထင်တယ်။ ဘမှန်မင်းသဘောကဘယ်လိုလဲ"

"ထွေးစိန်က ဆယ့်ရှစ်နှစ်ပြည့်ပြီအဘ၊ သူ့ကိုအိမ်ထောင်ပြုခိုင်းရဦးမယ်၊ သားသမီးရလို့စိတ်ချတာနဲ့ ကျွန်တော်အလှည့်ရောက်ပါပြီ။ အဘပြန်လာချင်တာမဟုတ်လား"

"အေး- ထွေးစိန်ဆီတော့မလာဘူး။ ငါသွားရမယ့်အိမ်ရှိတယ်။ ရှမ်းပြည်ဘက်က ဘုရားဟောင်းမှာသွားစောင့်ရမှာအချိန်နီးပြီ။ ငါ့ကို လုံနဲ့အကြိမ်ကြိမ်ထိုးတဲ့ကောင်တွေမသတ်ဘူး။ ဒါပေမယ့် အပြစ်တော့ပေးရမှာပဲ"

"တစ်ရွာလုံးတော့ ဒုက္ခမခတ်ပါနဲ့အဘရယ်၊ ဒီရွာမှာ စေတီဟောင်းရှိပြီး ဌာပနာတွေရှိတဲ့နေရာက ဒီတောင်ကုန်းလေးဆိုတာ လူတိုင်းမသိကြပါဘူး"

"မဟုတ်ဘူးမောင်မှန်ရဲ့၊ ဒီတောင်ကုန်းကိုတူးပြီး ဌာပနာဖော်ချင်တဲ့လူတွေကို မြို့ကနေ ခေါ်လာမှာ ဒီရွာက ကောင်လေးတွေပဲ သူတို့ကသိုက်ဆိုတာ ဘာလဲလို့သိချင်ကြတာ"

"ကျွန်တော်တို့ ဘာလုပ်ကြမလဲအဘ၊ အဘရောက်လာတဲ့အချိန် အစောင့်ကောရှိရဲ့လား"

"ဟိုအငယ်နှစ်ကောင် ရှိတယ်။ သူတို့ကလည်း စောင့်ရတာပျင်းတော့ တစ်ခါတလေ အရှေ့ဘက်ထွက်ထွက်သွားတတ်တယ်"

"ဟာ - အရှေ့တောတော့မဖြစ်ဘူးအဘ၊ ဒုက္ခရောက်ကုန်လိမ့်မယ်။ သွားချင်ရင်လည်း ပုံစံပြောင်းမှဖြစ်မယ်။ မြွေဖမ်းတဲ့မုဆိုးတွေ အရှေ့တောမှာ မကြာခဏလာတယ်"

"သတ်စားဖို့လား"

"မဟုတ်ဘူးအဘရဲ့၊ ဘုရားပွဲတွေမှာမြွေပြပြီးအလှူခံတာ ပြီးတော့ ထူးဆန်းတဲ့သတ္တဝါတွေဆိုပြီး ရုံသွင်းပြတာ"

"ဟေ"

အဘစိတ်ပူစွာ ပြန်တော့မယ်ဆိုပြီး တောင်ကုန်းလေးဆီတက်သွားတော့သည်။ မျက်စိတဆုံး မျှော်ကြည့်ရင်း တောင်ကုန်းထိပ်ရောက်မှ တံတခါးပြန်ပိတ်လိုက်သည်။

"အဘိုး"

"ဟဲ့-ထွေးစိန် နိုးနေပြန်ပြီလား"

"သမီးအိပ်ပျော်တာလား၊ အိပ်မက်လားမသိဘူး၊ အဘိုးတို့ပြောတာကြားတယ်။ အဲဒီဆံထုံးဖြူဖြူနဲ့အဘိုးက အဘိုးရဲ့အဘိုးလား"

"သမီးသိဖို့ မလိုသေးဘူးကွယ့်။ နောက်တော့ ပြောပြမှာပေါ့"

"အဘိုးမပြောပြလည်း သမီးသိတယ်။ အမေမသေခင် ပြောပြသွားပြီးသားပါ"

"ဟေ- ဟုတ်လား၊ အေး အေး သိရင်လည်း တိတ်တိတ်နေ တခြားလူတွေ့သလိုမဖြစ်ဘူး။ သိပ်အန္တရာယ်များတာကွယ့်"

"သမီးသိတာပေါ့ဘိုးဘိုး၊ သမီးကပိုတောင်ကြောက်တတ်သေးတယ်။ ဒါကြောင့် ရွာထဲကလူတွေနဲ့ သိပ်မရောနှောတာပေါ့"

ထွေးစိန်စကား ခေါင်းညိတ်ပြလျက် အဘိုးမှန် အိပ်ရာထဲပြန်လှဲအိပ်ဖြစ်သည်။ မနက်အရုဏ်ဆွမ်းကပ်ဖို့မြေးအဘိုးထရမှာ တစ်မေ့တော့အိပ်မှဖြစ်မှာပါ။

မနက်လေးနာရီ အလင်းရောင်ပျပျလေးပေါ်လာပြီး အဘိုးမှန်ကရှေ့ကရေပုန်းလေးကိုင် ထွေးစိန်ကဆွမ်းသပိတ်ရွက်ပြီး တောင်ကျောနောက်လှိုဏ်လေးထဲဆင်းခဲ့သည်။

ကျောက်ဆောင်ကြီးရဲ့ လှိုဏ်ပေါက်လေးက လူတစ်ယောက်ဝင်စာလေးပါ။ ရွာတည်တာကြာပြီဖြစ်ပေမယ့် ကျောက်ဆောင်အောက်လှိုဏ်ထဲကို ဘယ်သူမှမဝင်ရဲကြပါ။ လှိုဏ်အောက်က ဂူထဲမှာမြွေတွေရှိသည်ကို သိမြင်ထားသောကြောင့်ဖြစ်သည်။

"အဘိုးမှန် သမီးအထဲထိလိုက်ခဲ့ရမလား"

"လိုက်ချင်လို့လား ထွေးစိန်ရယ်၊ မှောင်ရင်ကြောက်တယ်ဆို"

"ဒီနေ့တော့ တစ်ခါလောက်ရောက်ဖူးအောင်လိုက်ချင်တယ်"

"အေး အေး ဆွမ်းပွဲအရင်ကပ်ဦးကွဲ့"

လုပ်နေကြပုံစံအတိုင်း ဆွမ်းသပိတ်လေးကိုဖွင့်ကာ ကျောက်ခုံမြင့်ကြီးပေါ်မှာတင်ဖို့ ဦးခေါင်းနှင့်သုံးကြိမ်တိတိထိပြီး ဘုရားကပ်လိုက်သည်။

ဝတ်ပြုရှိခိုးပြီး အဘိုးမှန်ဝင်သွားရာ ဂူပေါက်သေးသေးလေးထဲခေါင်းငုံ့ဝင် လိုက်စဉ်အံ့ဩစရာကောင်းသော မြင်ကွင်းကိုတွေ့လိုက်သည်။

စိမ့်အေးနေသော မြေပေါ်မှာအခင်းမပါဘဲထိုင်နေသော အဘွားအိုတစ်ယောက်ကို အဘိုးမှန်ကဦးချကန်တော့နေခြင်းပါ။

"အဘိုးမှန် ဘယ်သူလဲဟင်"

သူ့အမေးကို ခေါင်းရမ်းပြရင်း တိတ်တိတ်နေရန် အချက်ပြလိုက်တာကြောင့် ထွေးစိန်ခေါင်းငုံ့ထားဖြစ်သည်။

"မင်းမြေးမလေးလား၊ အိမ်ထောင်ပြုချိန်ရောက်ပြီမဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက်လဲဖို့ အချိန်လွဲကုန်မယ်နော်"

"ကျွန်တော် သတိရှိပါတယ်အဘွား၊ ပြီးတော့ ထွေးစိန်ကဆယ်ရှစ်နှစ်မပြည့်သေးတော့ ကျွန်တော့်တာဝန်မလွတ်သေးဘူး"

"ဘယ်တော့ပြည့်မှာလဲ"

"နောက်နှစ်သင်္ကြန်ကျော်မှ ပြည့်မှာ သူ့အတွက်အိမ်ထောင်ဖက်က ရှမ်းပြည်ဘက်ရောက်နေတာ မဟုတ်လား၊

အဘွား သူတို့ကကောသတိရပါ့မလား”

“စိတ်မပူနဲ့ အချိန်တန်ရင်တွေ့လိမ့်မယ်။ မင်းတို့မြေးအဘိုး ဒီကိုသုံးလလောက်မလာကြနဲ့ ကြားလား”

“ဟင် - ဘာဖြစ်လို့လဲ အဘွား၊ ဘုရားဆွမ်းကပ်ဖို့တာဝန်ကို ကျွန်တော်ယူထားတာပဲ”

“အကြောင်းရှိလို့ပေါ့ကွယ်။ ဒီဂူထဲကို လူစိမ်းတွေဝင်လာဖို့ အကြောင်းဖြစ်လာပြီ မင်းအဘအပြင်ထွက်လာပြီး တောင်အောက်ဆင်းသွားတာ ရွာကမြင်သွားပြီကွယ့်”

“အဘကျောပြင်ကို လုံ့ရှည်တွေနဲ့ ထိုးတော့ သူလည်း မနေနိုင်တော့ဘူး။ အစိကတော့ အောက်မှာ ကျောက်ဖျာ ရှိမရှိ သိချင်တဲ့ကောင်တွေပေါ့။ နာလွန်းလို့ အပြင်ရုန်းထွက်ခဲ့တာပါအဘွား”

“ဘာပဲဖြစ်ဖြစ် မိုးကြီးကြီးရွာပြီးရင် လှိုဏ်ပေါက်ကိုကျောက်တုံးတွေနဲ့ ပိတ်ပစ်တော့မှာ မင်းတို့ပါပိတ်မိသွားရင် ပြန်ထွက်ဖို့မလွယ်ဘူး။ အဘွားပြောတာနားလည်လား”

“ဟုတ်ကဲ့”

“ကဲကဲ အလင်းရောင်မထွက်ခင် ကပြန်တော့၊ ထွေးစိန်အိမ်ထောင်မပြုခင်တစ်ခေါက်တော့ တွေ့ကြဦးမယ် ကြားလား”

“ဟုတ်ကဲ့အဘွား ဟုတ်ကဲ့”

မြေးအဘိုးနှစ်ယောက် အတွေးကိုယ်စီနှင့် လှိုဏ်အောက်မှ ပြန်တက်ခဲ့သည်။ သူတို့နေတဲ့ တဲလေးကရွာနှင့် အတော်လှမ်းတာကြောင့် သူတို့သွားတာ ဘယ်သူမှမသိကြသလို သိလို့လည်းမဖြစ်တဲ့အကြောင်းတွေ ရှိနေပါသည်။

“အဘရေ ရွာထဲမှာ မီးလောင်နေတယ်။ မီး မီး ထပါဦး”

ထွေးစိန် ထိတ်လန့်တကြားအော်သံကြောင့် အဘမှန်လန့်နိုးပြီး ရွာဘက် လှမ်းကြည့်လိုက်သည်။ ဝါးမီးတောက်သံ တဖြောင်းဖြောင်းနှင့် မီးတောက်ကြီးကို လှမ်းမြင်နေရသည်။

အဘမှန်တို့တဲလေးက ရွာထိပ် တောင်ကုန်းပေါ်မှာရှိလို့ ရွာကိုအပေါ်စီးမှမြင်ရသည်။

“ဘုရားဘုရား တစ်ရွာလုံးတော့ မလောင်ပါစေနဲ့။ ကျုပ်တို့မြေးအဘိုးနှစ်ယောက်ထဲ ဒီရွာမှာကျန်ခဲ့လို့မဖြစ်ဘူး။ အဘရေ လေမတိုက်ပါစေနဲ့ မီးမြန်မြန်ငြိမ်းပါတော့”

“အဘိုးမှန် ဘာတွေပြောနေတာလဲ။ တစ်ရွာလုံးတောမီးမလောင်နိုင်ပါဘူး။ ဟောကြည့်ပါဦး အဘိုးမှန်၊ ဝါးစောက မီးတောက်ကြီး မရှိတော့ဘူး။ နှစ်အိမ်သုံးအိမ်လောက်နဲ့ မီးငြိမ်းသွားပြီးထော်ပါသေးရဲ့နော်”

“အင်း - အဲဒီနှစ်အိမ်သုံးအိမ်ကလည်း မြို့ကကောင်တွေ လာတည်းတဲ့ အိမ်ဖြစ်လိမ့်မယ်။ ကျန်တဲ့အိမ်တွေ မီးမကူးတာတော်သေးတာပေါ့။ မဟုတ်တာလာလုပ်ရင် အကုသိုလ်က နောက်ကလိုက်လာမှာပဲ”

“အဘိုးမှန် ဘာတွေပြောနေတာလဲ။ သမီး[illegible] အဘိုးပြောတာတွေ တစ်ခွန်းမှနားမလည်းဘူး”

“အိပ်အိပ် အိပ်ရေးပျက်ရင် နေမကောင်းဖြစ်လိမ့်မယ် အဘိုးလည်းအိပ်ပြီ”

ထွေးစိန်ဆက်မမေးဖို့ စကားလွှဲပြီး အိပ်ရာထဲစောင်ခြုံကာ ငြိမ်နေပေမယ့် စိတ်ကတော့ ရှေ့ဆက်ရမည့်ထွေးစိန် ဘဝကိုတွေးနေမိသည်။

ဆယ့်ရှစ်နှစ်ပြည့်ရင် ထွေးစိန်ကို မဖြစ်မနေ အိမ်ထောင်ချပေးရမှာ သကြိန်ကျော်ရင် ထွေးစိန်ဆယ့်ရှစ်နှစ်ပြည့်ပြီ၊ မြေးမလေးနှင့်ခွဲရတော့မှာပေါ့။

ရင်ထဲ မွန်းကြပ်သလိုခံစားရပေမယ့် မဖြစ်မနေကြုံလာရမှာပဲလေ။ သိနေပြီးသားကိစ္စတွေ ဘာလို့များတွေးပြီး ဝမ်းနည်းနေတာလဲ။

အဘိုးမှန် သက်ပြင်းချရင်း အိပ်ပျော်ဖို့ကြိုးစားနေဆဲ လင်းကြက်တွန်သံ ကြားလိုက်ရသည်။

“အဘိုးမှန် သမီးတို့ဆွမ်းကပ် မသွားရတော့ဘူးပေါ့နော်”

“အေး- အိပ် အိပ် မိုးလင်းမှထကြမယ်”

“အဘိုး ထွေးစိန်ကိုအိမ်ထောင် မပြုခိုင်းနဲ့နော်။ ထွေးစိန် ဒီတောင်ကုန်းပေါ်မှာပဲ အမြဲမနေချင်ဘူး မြို့မှာနေချင်တယ်”

“အေးအေး နေချင်နေရမှာပေါ့။ ဒါပေမယ့် အဘိုးမရှိတော့ရင်တော့ ဒီတောင်ကုန်းကို ပြန်လာရမှာပဲ သမီးတို့အိမ်ထောင်ပြုရင်တော့ ဒီတဲလေးနေရာမှာပျဉ်ထောင်အိမ်လေး ဆောက်ပေါ့။ ရွာကလည်း ဒီထက်တိုးတက်လာမှာပေါ့ ထွေးစိန်ရယ်”

*

“ကိုစောအေးရေ သားနှစ်ယောက်ကိုကစားတာရပ်ခိုင်းပြီး ထမင်းစားခေါ်ပါတော့ ထမင်းပွဲပြင်နေပြီ”

“အေးပါကွာ၊ စောမောင်နဲ့ စောအောင်ရေ [illegible] ကစားတာတော်တော့၊ ထမင်းစားဖို့ [illegible]လက်ဆေးခဲ့ကြ”

ထွေးစိန်အသက်နှစ်ဆယ့်ရှစ်နှစ် သားလေးအမြွှာညီနောင်က ကိုးနှစ်ရှိပြီ။ သားလေးမွေးပြီး [illegible]စ်နှစ်မပြည့်တော့ အဘိုးမှန်က ‘သမီးကိုစိတ်ချပြီ’ ဟုမကြာခဏပြောရင်း ကွယ်လွန်ခဲ့ပြီ။ ဒီတောင်ကုန်းလေးပေါ်မှာပဲ အိမ်ဆောက်ကာ သားနှစ်ယောက်ကြီးပြင်းလာခဲ့ပြီ။

“အဘိုးစကားတွေကို အမြဲသတိရနေသည်။ ပုံပြင်သာဆိုရင် ကောင်းမှာပဲလို့တွေးမိသည်။ ရှေးစော်ဘွားကြီး တည်ခဲ့သည့်ဘုရားကိုစောင့်ဖို့ အဘိုးအပါအဝင် ဆွေမျိုးနှစ်ဆယ်နောက် အမှုထမ်းဆယ်ယောက်တို့က ‘မြစိမ်းသလွန်’ ဌာပနာထားသော စော်ဘွားကြီး ဘုရားကိုစောင့်ဖို့ အမိန့်နာခံရင်း သိုက်စောင့်တွေဖြစ်လာတာတဲ့။

မြွေဘဝ လူ့ဘဝကို အလှည့်ကျဝင်စားရင်း ဌာပနာသိုက်ကိုလည်း နှစ်ပေါင်းငါးရာကြာအောင် စောင့်နေမှာတဲ့။ တစ်လှည့်စီစောင့် တစ်လှည့်စီ လူ့ဘဝလာလိုက် ပြန်လိုက်နှင့် ဒီစောကိုရွာတည်၍ ဘဝသာပြောင်းသွားသော်လည်း ဒီတောင်ကုန်းပေါ်က သူတို့မိသားစုတွေပြောင်းသွားခွင့်မရှိပါ။

ထွေးစိန်ယောကျ်ား ကိုစောအေးနှင့်အတူ သားစောအောင်၊ စောမောင်တို့လည်း အချိန်တန်လို့ လူ့ဘဝကထွက်ခွာရင် တောင်ကုန်းအောက်ဘုရားဟောင်းဌာပနာတွေကို စောင့်တဲ့သိုက်နန်းကိုပြန်ပြီးစောင့်ရမှာတဲ့။

ထွေးစိန်ကော ထွေးစိန်သေရင်လည်း သိုက်နန်းကို လိုက်ခွင့်မရှိဘူးလား။ အဘိုးကို အကြိမ်ကြိမ်မေးသော်လည်း ဘာမှပြန်မဖြေဘဲ နှုတ်ဆိတ်နေသည်။

ဘာပဲဖြစ်ဖြစ် ထွေးစိန်လည်း သားနှစ်ယောက်နှင့် ယောကျ်ားနောက်လိုက်ခွင့်မရှိရင်လည်း စွဲလမ်းစိတ်နှင့် တောင်ကုန်းထိပ်က ဝါးရုံတောမှာမြွေဖြစ်သွားမလား၊ သားနှစ်ယောက်နှင့် ယောကျ်ားကိုတွေ့ခွင့်ရမယ်ဆိုရင် မြွေအဖြစ်နှင့် ဘုရားပျက်ကြီးကိုဖုံးထားတဲ့ တောင်ကုန်းအောက်မှာ စောင့်နေဖို့ ထွေးစိန်အသင့်ရှိနေပါသည်။

သံယောဇဉ်ဆိုတာ ကြောက်စရာကောင်းလွန်းသည်။

ထိုက်သခင်

တင်အောင်(စက်မှုတက္ကသိုလ်)

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်(ဦးဝိဇ္ဇာဓရ)

ဘဝမှတ်တမ်း

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန် အကြောင်းကို စာတွေ့သာမက ငါတွေ့လည်း ကြားသိနေရပါသည်။ ဘိုးပေါက်ဆိန်သည် မျက်မှောက်ခေတ်သာသနာပြုပုဂ္ဂိုလ်ဖြစ်သည်။ မဟာရန်ကုန် သာသနာပြုသမိုင်းအကျဉ်းချုပ်ကို ဆရာဦးဓေသာ်ဇင်ရေးသောအခါ ဘုန်းဘုရားကြီးဦးပေါက်ဆိန်(ဦးဝိဇ္ဇာဓရ)ဟူ၍ခေါင်းစဉ်တပ်ခဲ့ပါသည်။

ဘိုးပေါက်စိန်၏ရုပ်ကလာပ်တော် လဲလျောင်းရာနေရာမှာ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်း (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီကျောင်းတွင်ဖြစ်ပါသည်။ ထိုနေရာတွင် ပေါက်စေတီတည်ထားသည်။ အမှန်က ထိုပေါက်စေတီသည် ဘိုးပေါက်ဆိန်၏ရုပ်ကလာပ်တော် အပေါ်တည့်တည့်တွင် တည်ထားကိုးကွယ်စေတီတော် ဖြစ်ပါသည်။ ထိုနေရာတွင် ဘိုးပေါက်ဆိန်၏ရုပ်ကလာပ်တော်မြှုပ်နှံစဉ်က ဓာတ်ပုံမှတ်တမ်းအထောက်အထား ခိုင်ခိုင်လုံလုံရှိပါသည်။ ဘိုးပေါက်ဆိန်အကြောင်းကို နောင်နှစ်ပေါင်း (၁၀၀၀)ကြာသောအခါ ပုံပြင်ဖြစ်မှာစိုးရပါသည်။ ခေတ်ပြိုင်အထောက်အထားသည် အရေးကြီး၏။ ထို့ကြောင့် ခေတ်ပြိုင်မှတ်တမ်းများကို ဤစာရေးသူသည် မှတ်မှတ်သားသားကူးယူသိမ်းဆည်းထားသဖြင့် ဓမ္မစာရေးဆရာအပေါင်းတို့၏ မှတ်တမ်းစာစုများမှာ နောင်လာနောင်သားတို့အတွက် အကျိုးများပေလိမ့်မည်။ မြန်မာနိုင်ငံပဋိပတ္တိသာသနာ့သမိုင်းတွင်လည်း ကိုးကားစရာ ဖြစ်ပေလိမ့်မည်။ ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် မှတ်တမ်းဓာတ်တင်လောက်များကို နှစ်ပေါင်း (၃၀) (၄၀)ကြာအောင် တရွေ့ရွေ့စု၍စု၍လာခဲ့ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံပဋိပတ္တိသာသနာဝင်အကြောင်းကြီးကို လက်ဆင့်ကမ်းနိုင်ခြင်း ဖြစ်ပါသည်။

ဘိုးပေါက်ဆိန်အကြောင်း စာတွေ့ငါတွေ့ရှိကြသူအပေါင်း မြန်မာနိုင်ငံအနှံ့အပြားတွင် အများအပြားရှိကြ၏။ သူတို့၏ နှုတ်စကားမှတ်တမ်းများကိုလည်းကောင်း၊ တစ်နည်းအားဖြင့် ပြောရလျှင် ဘိုးပေါက်ဆိန်နှင့်ကြုံခဲ့ရသူအပေါင်းတို့၏ ပါးစပ်ရာဇဝင်ကိုလည်းကောင်း၊ တစ်ဆင့်ပြန်ပြောသူတို့၏ မှတ်တမ်းဆောင်းပါးများကို လည်းကောင်း စုဆောင်းခြင်းဖြင့် သာသနာတော်ကို ပူဇော်လိုက်ခြင်း ဖြစ်ပါသည်။ ဤစာပြုစုသူ၏စုဆောင်းချက်များကို လက်ဆင့်ကမ်းပါသည်။ ဖတ်၍ကြည်ညိုနိုင်ကြပါစေသတည်း။

ရုပ်ကလာပ်တော်စေတီ(ဝါ) ပေါက်စေတီ

ရုပ်ကလာပ်တော် စေတီဆိုသည်မှာဘုန်းဘုရားကြီးဘိုးပေါက်ဆိန် ရုပ်ကလာပ်အပေါ်တွင် တည်ထားကိုးကွယ်သည့် စေတီတော်ဖြစ်ပါသည်။ ပေါက်စေတီဟုလည်း ခေါ်ဝေါ်ကြသည်။ ပေါက်စေတီအတွင်း ကာရံထားသည့်သံဆန်ကာပတ်လည်တွင် ပုဂ္ဂိုလ်အသီးသီးမှ အခက်အခဲအကျပ်အတည်းပြေသနှာပေါင်းစုံနှင့်ပတ်သက်၍ဆုတောင်းစာများကို ချိတ်ဆွဲထားသည်ကိုတွေ့မြင်ရပါသည်။ ဘုန်းဘုရားရန်ကုန်ကိုမကြွခင်က ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ မရမ်းရွာမှ သီတင်းသုံးခဲ့သေးကြောင်းသိရပါသည်။

ဘာကြောင့်ဘိုးပေါက်ဆိန်ဖြစ်ရသလဲ

တစ်နေ့ တောထဲမှာ ဘုန်းဘုရားတရားကျင့်နေတဲ့အချိန်ပေါ့။ အဲဒီအချိန်အခါကလည်း ဧရာဝတီတိုင်းဒေသကြီးဟသ်ာတဝန်းကျင်မှာ အကြမ်းဖက်သူတွေ၊ မသမာသူတွေရှိနေသေးတယ်။

အဲဒီလူဆိုးတစ်စုက တောထဲမှာတွေ့တဲ့ ဘုန်းဘုရားကို ရဟန်းသံဃာလို့ မထင်မှတ်ဘဲ သူတို့သတင်းကို စုံစမ်းထောက်လှမ်းသူဟုသံသယရှိနေတယ်။ ဒါကြောင့် သူတို့နဲ့ရင်ဆိုင်တိုးနေတဲ့ ဘုန်းဘုရားကို မသက်ာတာနဲ့ စစ်လားဆေးလားလုပ်ပြီး ရိုက်ပုတ်နှိပ်စက်ရုံမျှ

မက အနီးရှိသစ်ပင်နားမှာထောင်ထားသော ပေါက်ဆိန်ကြီးနဲ့ ဘုန်းဘုရားကို ရက်ရက်စက်စက်ပေါက်တယ်။ ဒါပေမယ့် ဘုန်းဘုရားက ဘာမှမဖြစ်ဘူး။ ဖြူတောင်မဖြူဘဲ ထပ်လုပ်ဦးကွာ၊ လုပ်စမ်းကွာလို့ပြောတော့ လက်နက်တွေကိုင်ထားတဲ့လူတွေထဲက ခပ်ဆတ်ဆတ်လူတစ်ဦးက သေနတ်နဲ့ပစ်တယ်။ ဒါပေမယ့် ကျည်ဆန်မထွက်ဘူး၊ ဘေးကိုပစ်ကြည့်တော့ ကျည်ဆန်ကထွက်တယ်။

အဲဒီအချိန်မှာ ဘုန်းဘုရားက-

"ဟေ့လူတွေ လုပ်ကြလေကွာ၊ ငါ့ကိုလုပ်ကြစမ်း၊ မင်းတို့အလှည့်ပြီးပြီလားကွ"

လို့မေးတယ်။

ဒါနဲ့ ခုနကလူတွေက ကြောက်လန့်ပြီး ထွက်ပြေးဖို့ပြင်ကြတော့ ဘုန်းဘုရားကြီးက-

"ဟေ့ ... င်တွေ မင်းတို့အလှည့်ပြီးပြီးရင် ငါ့အလှည့်ကွ"

လို့ဆိုပြီး အနီးမှာတွေ့ရတဲ့ပေါက်ဆိန်ကိုထဆွဲပြီး ခုနက လူတစ်သိုက်ကို လိုက်ပြီးပေါက်တော့တာ။ ထိအောင်၊ နာကျင်အောင်တော့ မပေါက်ဘူး။ ခြောက်လှန့်တဲ့သဘောနဲ့ ပေါက်ဆိန်ကိုင်လိုက်တော့မှ ခုနကလက်နက်တွေနဲ့လူတွေ ကြောက်လန့်ပြီးပြေးလိုက်တာ တန်းနေတာပဲတဲ့။ ဒါကြောင့် ပေါက်ဆိန်ကိုယ်တော်၊ ဘိုးပေါက်ဆိန်ဆရာတော်ဟုခေါ်ဝေါ်ကြောင်း မှတ်တမ်းရှိပါသည်။

ဘိုးပေါက်ဆိန်၏စကားတော်များ

ငှက်ပျောဖီးကြမ်းလို့ မခေါ်နဲ့တဲ့။ သာမန်အချိန်ခေါ်တာ ကိစ္စမရှိဘူး၊ လုပ်ရပ်စခန်း၊ အကျင့်စခန်း၊ ပါရမီစခန်းဆောင်ရွက်နေရင် ဖီးကြမ်းလို့မခေါ်ရဘူးတဲ့၊ ငှက်ပျောဖီးကြီးလို့ခေါ်ရမတဲ့။ ငှက်ပျောဖီးကြီးပြောတိုင်းပြီးသတဲ့။ ငှက်ပျောဆင်စွယ် ပြောတိုင်းလွယ်တဲ့။ အကြောင်းကြီးငယ်၊ စကားအချေအတင်နဲ့ပြောရမယ်ဆိုလို့ရှိရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ဘုန်းဘုရားကိုပါငှက်ပျောဖီးကြီး၊ ငှက်ပျောဆင်စွယ်တို့ကို အဖီးလိုက် မတတ်နိုင်ရင် အလုံးလိုက်ဝယ်ပြီးလှူဒါန်းကာ ငှက်ပျောဖီးကြီးပြောတိုင်ပြီး ရပါလို၏ဘုရားဟု ဆုတောင်းရကြောင်း မိန့်ဆိုခဲ့ပါသည်။ ငှက်ပျောဆင်စွယ်ပြောတိုင်း လွယ်အောင် အဘဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ တကွ ဘုန်းဘုရားအား ကပ်လှူပူဇော်ပါသည်။

ဒါကြောင့် အခုဖြစ်နေတဲ့အမှုအခင်း၊ ပြောရေးဆိုတာကိစ္စများ ပြောတိုင်းပြီးရပါလို၏ဘုရား၊ ပြောတိုင်းလွယ်ရပါလို၏ဘုရားလို့ ဘုန်းဘုရားကိုပါတိုင်တည်ပြီး ဆုတောင်းပါလို့ အမိန့်ရှိခဲ့ဖူးပါတယ်။

ဘုန်းဘုရားမှာခဲ့တာလေး တစ်ချက်ပြောရဦးမယ်။ အခု လူတွေခေါ်ဝေါ်နေကြတဲ့ ဓာတ်ခန်း ဓာတ်ခန်းဆိုတဲ့စကားမခေါ်ကြပါနဲ့နော်။ ဓာတ်တွေခန်းသွား၊ ပျောက်သွားမယ်၊ ခန်းခြောက်သွားရင် မကေ ...းဘူး။ ဒါကြောင့် ဓာတ်ခန်းလို့မခေါ်ဘဲ ဓာတ်နန်းလို့ခေါ်ရမယ်တဲ့။

ဒါမှတ်သင့်တယ်။ စကားနောက်တရားပါတတ်တယ်တဲ့။ ဇမ္ဗူဒိပ်နိမိတ်ထွန်းသတဲ့။ ပညတ်သွားရာ ဓာတ်သက်ပါသတဲ့။

အဘဦးလှရွှေ၏စကားကို နားထောင်နေသူများထဲမှ မောင်ချစ်တိုကိုကစာရွက်နှင့်ရေး၍မှတ်ရန်ပြင်ဆင်နေစဉ် အဲဘ‌က ဟန့်တားလိုက်ပြီး ဘုန်းဘုရားပြောခဲ့ပုံက-

'ဟေ့-လှရွှေကြီးရ မှတ်တယ်ဆိုတာ ဝိဇ္ဇာဉာဏ်နဲ့မှတ်ကွ၊ နေရာတကာရေးမှတ်မှသိမယ်ဆိုရင် တောထဲတောင်ထဲကျ ဘယ်ကလာ စာရွက်၊ ခဲတံရှာလို့ရမလဲကွ။ ခေါင်းထဲဝင်အောင်မှတ်၊ ဝိဇ္ဇာဉာဏ်နဲ့မှတ်ရမယ်ကွယ့်။ အူက လာမှ အာဂလူတဲ့၊ အူထဲကလာအောင်လုပ်ရမယ်တဲ့။ ဝိဇ္ဇာစကား ပြိတ္တာနားမလည်မဖြစ်စေနဲ့'တဲ့။

အင်မတန် မှတ်သားထိုက်တဲ့စကားတွေကွယ့်။ မင်းတို့လည်း မှတ်ထားကြ။

စာရေးဆရာကြီး ဦးသော်ဇင်သည် ဘိုးပေါက်ဆိန်အကြောင်းကို ပြုစုရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းရှိ အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက်တွင်ရှိသော ဦးသုမိတ္တာဘိဝံသစသော ဘိုးပေါက်ဆိန်၏တပည့်ရင်းများထံမှ ကြားသိရသမျှကိုမှတ်တမ်းတင်ပါသည်။ ဦးသုမိတ္တာဘိဝံသသည် စေတီယင်္ဂဏနှင့် အစိုးရမဏ္ဍလ ... ရဟန်းထူးဖြစ်သည်။ ဦးသုမိတ္တာဘိဝံသနှင့်အတူ ပုသိမ်တွင် ပေါက်ကုန်းဆရာတော်၊ တောင်တွင်းကြီးတွင် ရွှေရောင်တော် ဆရာတော်ဟူ၍ ဘိုးပေါက်ဆိန်၏တပည့်ကြီးများရှိသေးသည်။ ထိုသို့သော တပည့်အပေါင်းတို့ကို မေးမြန်းထားသောကြောင့် ဆရာဦးသော်ဇင်၏ဘိုးပေါက်ဆိန်၏ သာသနာပြုသမိုင်းအကျဉ်းချုပ်သည် ခိုင်လုံ၏ဟုဆိုရပါမည်။ ထိုမှတ်တမ်းသည် ၁၃၂၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁၃) ရက်နေ့တွင် မှတ်တမ်းတင်ခဲ့သည်။ ထိုစာတွင် သဘ ... မွေဆရာတော် ဦးစိန္တာအား ဦးထိပ်ထားလျက် အရှင်သုဇာတဗုဒ္ဓိပရိယတ္တိပထမကျော်၊ သီရိပဝရမဏ္ဍလရိယနှင့် အရှင်သုမိတ္တာဘိဝံသတို့၏ညွှန်ကြားချက်အရ ရေးသည်ဟုဆရာဦးသော်ဇင်က ရဲရဲတင်းတင်းအာမခံပါသည်။ ထို့ကြောင့် ထိုစာတမ်းကိုအမှီပြု၍ ဤစာကိုရေးပါသည်။ ဖတ်ကြည့်ကြပါ။

ဦးသော်ဇင်သည် ဘုန်းကြီးဘဝကဦးသုမိတ္တာဘိဝံသ၏ဆရာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်က ဘိုးပေါက်ဆိန်

ဒုတိယကမ္ဘာစစ်ကြီးအတွင်းကဖြစ်လိမ့်မည်ဟုထင်ပါသည်။ ဟင်္သာတမြို့၊ ဉယျာဉ်ကြီးရပ်ကွက်အတွင်းရှိ အိမ်တစ်အိမ်တွင် ဘုန်းဘုရားကို စတင်ဖူးမြင်လိုက်ရပါသည်။ အကြောင်းကား ဤသို့တည်း ... ။

တစ်နေ့တွင် မိတ်ဆွေများဖြစ်ကြသော ဟိန္ဒူ၊ ဂူဂျရတီအမျိုးသား သုံးလေးယောက် စာရေးသူ၏ထံသို့လာပြီး တောင်းပန်ကြပါသည်။ သူတို့တောင်းပန်ကြခြင်း၏အချုပ်မှာ ဟင်္သာတတွင် သိဒ္ဓိပေါက်နေသော ဘုန်းကြီးတစ်ပါးရောက်နေသည်။ သူ၏အမည်မှာ ဦးပေါက်ဆိန်ဖြစ်သည်။ ထိုဘုန်းကြီးသည် လွန်စွာထူးဆန်း၍ အံ့ဩဖွယ်ကောင်းသောယောဂီဖြစ်သည်။ သူသည် ဘယ်အရာမဆို အလုံးစုံအကုန်သိမြင်သည်။ ဘာသာစကားအမျိုးမျိုးကိုလည်း တတ်ကျွမ်းသည်။ ကုလားနှင့်တွေ့လျှင် ကုလားစကား၊ တရုတ်နှင့်တွေ့လျှင် တရုတ်စကား၊ အင်္ဂလိပ်နှင့်တွေ့လျှင် အင်္ဂလိပ်စကားစသော ဘာသာစကားများကိုလည်း ပြောဆိုတတ်သည်။ ထို့ကြောင့် ထူးဆန်းသော ဘုန်းကြီးကို မိမိတို့ဖူးတွေ့လိုသည် လိုက်ပို့ပေးပါဟူသတည်း။

ဦးပေါက်ဆိန်ရုပ်ပုံတော်

စာရေးသူကား ထိုဘုန်းကြီးအကြောင်းကို သူတို့ပြောပြမှပင် ကြားဖူးသည်။ သူတို့ကား သာမညလူများမဟုတ်ကြချေ။ ပညာရေးအားဖြင့်လည်းကောင်း၊ သိက္ခာသမာဓိအနေအားဖြင့်

လည်းကောင်း၊ စီးပွားရေးအနေအားဖြင့်လည်းကောင်း ပြည့်ဝစုံလင်သူများဖြစ်ကြ၍ သူတို့၏စကားကိုအပြည့်အဝတစ်ထစ်ချမယုံကြည်သော်လည်း အချည်းနှီးဟူ၍ကား မယူဆခဲ့ပါ။ ရင်းနှီးခင်မင်သူများလည်း ဖြစ်သည်။ ခက်ခက်ခဲခဲလည်း မဟုတ်သဖြင့် ထိုဘုန်းကြီးနှင့်တွေ့ဆုံရေးအတွက် စူးစမ်းထောက်လှမ်းပြီး လိုက်ပို့လိုက်ပါသည်။

ရုပ်သွင်အမူအရာ

ထိုစဉ်အခါက ဘုန်းဘုရားမှာနေမကောင်းထိုင်မသာ မကျန်းမမာဖြစ်နေသည်။ ကိုယ်ကာယမှာ ပိန်ခြောက်ခြောက်ဖြစ်၍ အသွေးအရောင်မရှိ ညိုညစ်ညစ်ဖြစ်သည်။ ဆံပင်ကလည်း လက်နှစ်သစ်ခန့်ရှည်လျားနေသည်ဟု ထင်ပါသည်။ စွပ်ကျယ်အင်္ကျီကိုဝတ်ထားလျက် ကွေးကွေးကလေး အိပ်စက်နေပါသည်။ ခါးဝတ်သင်္ကန်းမှာလည်း ဖိုသီဖတ်သီနှင့် ဒူးအထက်သို့ ရောက်နေသည်။

ပုံပြင်ဆန်ဆန်ပြောဆိုခြင်း

မိတ်ဆွေများသည် ဘုန်းဘုရားအား အလွန်လေးစားစွာဖြင့် ရိုသေမြတ်နိုးရှိခိုးပူဇော်ကြသော်လည်း စာရေးသူကား အမှတ်မဲ့နေလိုက်ပြီး သူတို့နှင့်သာ မိတ်ဆက်ပေးလိုက်ပါသည်။ ဘုန်းဘုရားသည် ရှိခိုးပူဇော်သူတို့အား အသိအမှတ်ပြုသော်လည်း ထူးထူးခြားခြား ဘာစကားမှပြောကြားခြင်းမရှိချေ။ အိမ်ရှင်ဒါယကာဟု ယူဆရသူတစ်ဦးကသာ စာရေးသူအား ဘုန်းဘုရား၏အံ့သြစရာများကိုအားပါးတရပြောပြသည်။ သူ၏ပြောကြားချက်တို့မှာ ပုရာဏ်ကျမ်းတို့ဖတ်ဖူးသော အကြောင်းအရာတို့နှင့် ခပ်ဆင်ဆင်တူပေသည်။ စာရေးသူသည် ထိုစဉ်အခါက ပုရာဏ်ကျမ်းကထူးဆန်းသောစေတီကြီးတို့အကြောင်းကို လက်ခံသော်လည်း မျက်မှောက်ဖြစ်သော မိမိယောဂီကြီးကိုကား လေးစားရမှန်းမသိချေ။ သင်္ကန်းစကားအကြားနှင့် လက်တွေ့ဘုန်းဘုရားအခြေအနေကိုလည်း အားမလိုအားမရဖြစ်နေမိ၏။

ထူးဆန်းသောယောဂီကြီး

ထိုစဉ်အခါက ဘုန်းဘုရားမှာ ဟင်္သာတမှ သူ၏နေရာဖြစ်သော မရမ်းကျေးရွာသို့ပြန်ရန် မော်တော်ကားလိုနေသည်။ ထို့ကြောင့် စာရေးသူကပင် မိတ်ဆွေတစ်ဦး၏ကားဖြင့် လိုက်ပို့ရန်စီစဉ်ပေးလိုက်သည်။ ပြန်လာကြသောအခါ မိတ်ဆွေများအား ဘုန်းကြီးအား ဘယ်လိုသဘောရကြပါသလဲဟု စူးစမ်းသည်။ သူတို့ကား အလွန်ထူးဆန်း၍ အံ့သြဖွယ်အတိပြီးသော ယောဂီအဖြစ် လက်ခံယုံကြည်ကြသည်။

လက်ခံနိုင်သောအထောက်အထားများ

သူတို့၏ အိန္ဒိယနိုင်ငံတွင် ဟိမဝန္တာအစရှိသော တောကြီးတောင်ကြီးများရှိသည်။ တောတောင်ကန္တာရကြီးတို့မှာ ထူးဆန်း၍အံ့သြဖွယ်ကောင်းသလောက်တို့တွင် အထူးအဆန်း အံ့သြဘနန်းတို့လည်း ပြည့်နှက်နေလေသည်။ ဗုဒ္ဓစာပေတို့မှာပင် ပြောမယုံကြုံဖူးမှ သိရမည်ဖြစ်သော အံ့ဖွယ်ထွေလာများကို နေရာအနှံ့အပြားတွင်တွေ့ရ၏။ ထို့ကြောင့် သူတို့နေဖြင့် ယုံကြည်ကြပေသည်။ လက်ခံနိုင်လောက်သော အထောက်အထားများစွာရှိပေသည်။

ဆက်လက်၍ရုပ်ပုံတော်ဖွင့်ခဲ့ခြင်း

တစ်နေ့တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ ဓမ္မမဏ္ဍိုင်ကျောင်း၊ ပထမကျော်ဓမ္မာစရိယအရှင်သုဇာတဗုဒ္ဓိနှင့်ဆုံမိပါသည်။ ထိုအရှင်ကမကြာမီရက်အတွင်းမှာ အောင်လံမြို့ ကိုးသိန်းတောင်ဘုရားပွဲသို့ သူ၏မိတ်ဆွေအရှင်သုမိတ္တာဘိဝံသနှင့်အတူ သွားမည်ဖြစ်၍ အပန်းဖြေလိုက လိုက်လာရန်အကြံပေး၏။ စာရေးသူက ထိုဘုရားပွဲ၏အကြောင်းကို စူးစမ်းရာ ဘုန်းဘုန်းဦးပေါက်ဆိန်သတင်းစကားကို ဒုတိယအကြိမ်ကြားရပြန်လေသည်။ ကိုးသိန်းတောင်ဘုရားပွဲမှာ ထိုထူးဆန်းသော ဘုန်းဘုရားကြောင့် ဖြစ်ပေါ်လာရပုံအချို့ကိုသိရလေသည်။

ဓမ္မာစရိယစာချတွေ့ ဝိုင်းရံလျက်ရှိခြင်း

ကိုးသိန်းတောင်ဘုရားပွဲကို တစ်စုံတစ်ရာစိတ်ဝင်စားခြင်း မရှိပါ။ အတွေ့ရခက်သည်မှာ အရှင်သုမိတ္တာအစရှိသော ထိပ်တန်းစာချဓမ္မာစရိယပုဂ္ဂိုလ်များ ဘုန်းဘုရားထံဝန်းရံနေကြခြင်းပင် ဖြစ်သည်။ စာရေးသူတို့သည် စာပေနှင့်ပတ်သက်သောသူ ဖြစ်၍ ထိုထိပ်တန်းစာချ ဓမ္မာစရိယများနှင့် သိကျွမ်းရင်းနှီးသည့်အတိုင်းလည်း သူတို့အားကြည်ညိုလေးစားခဲ့သည်။ သူတို့၏အသိုင်းအဝိုင်းကိုလည်း မြတ်နိုးသည်။ သူတို့၏အသိုင်းအဝိုင်းမှာ အများအားဖြင့် ဓမ္မာစရိယတန်းကို အောင်မြင်ပြီးသားစာချများဖြစ်ကြသည်။ ထို့ပြင် စာပေကိုလည်း လေးစားမြတ်နိုးကြသည်။ သို့ပါလျက် သူတို့တစ်တွေသည် ထိုထူးဆန်းသော ဘုန်းဘုရားထံ ဝန်းရံလျက် အန္တေဝါသိက တပည့်များလုပ်နေကြခြင်းကို စဉ်းစားမရခြင်း ဖြစ်ပါသည်။

ထိုအကြောင်းအရာ အလုံးစုံကို အကုန်ခြုံ၍ လေ့လာရန်အတွက် အောင်လံသို့ သူတို့နှင့်အတူလိုက်ရလျှင် ကောင်းမည်လားဟု စဉ်းစားသောအခါ အရှင်သုဇာတသည် ဦးသော်ဇင်ကို မပါပါအောင်ကြံဆောင်လေသည်။

အောင်လံမြို့ ကိုးသိန်းတောင် အတွေ့အကြုံ

အောင်လံမြို့ကိုးသိန်းတောင်တွင် ထိုအရှင်များနှင့် သုံးရက်ခန့်အတူနေပြီး စူးစမ်းထောက်လှမ်းသောအခါ ဘုန်းဘုရားအား အတော်စိတ်ဝင်စားသွားသည်။ ထိုအရှင်များသည် ခင်မင်သည့်အလျောက် သူတို့ကိုယ်တိုင်တွေ့ကြုံခဲ့ကြသော်လည်း ဘုန်းဘုရား၏ အထူးအဆန်းအံ့ဘနန်းတို့ကို ရိုးသားစွာပင် ပြောပြကြသည်။ စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေး ဒု-ဥက္ကဋ္ဌအရှင်ရေဝတက ထိုအကြောင်းတွေကို အခြားသူများအားပြောကြားပါက ဘုန်းဘုရားအတွက် ဝါဒဖြန့်နေသည်ဟု ထင်မှာစိုး၍ မပြောမိပါဘူးဟုဆိုလေသည်။ ဦးသော်ဇင်သည် စာပေသမားဖြစ်သည့်အတိုင်း ထိုထူးဆန်းသော အကြောင်းအရာများကိုပေါင်းစုပြီး စာအုပ်ထုတ်သင့်ကြောင်းအကြံပေးသည်။ ဘုန်းဘုရားအား ကိုးကွယ်ဆည်းကပ်သူအများအပြားပင် ဖြစ်သည်။ လူတိုင်းလိုပင် မှုကွဲအထူးအဆန်းတစ်မျိုး နှစ်မျိုး တွေ့ကြုံထတ်လေရာ အလုံးစုံပေါင်းလိုက်ပါသော် စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်တစ်အုပ် ကောင်းစွာဖြစ်လာပေလိမ့်မည်။ မြန်မာတို့သည် ယနေ့တိုင် ဤကဲ့သို့သော ကိုယ်တွေ့မှတ်တမ်းတင်ရေးသားရန် သဘောမပေါက်ကြသေးပေ။

ဘုန်းဘုရားသည် ယမန်နှစ်က ကိုးသိန်းတောင်ဘုရားပွဲသို့ ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်ခဲ့သည်။ ယခုနှစ်မှာ မကျန်းမမာဖြစ်သည့်အတွက် မကြွနိုင်ချေ။ ဘုရားပွဲပြီးသောအခါ ဘုန်းဘုရား၏ကျန်းမာရေးအခြေအနေမှာ အတော်ပင်ပိုမိုပြင်းထန်နေကြောင်း အရှင်သုဇာမှ

တစ်ဆင့်သိရလေသည်။

ဖူးတွေ့ခွင့်ရခဲ့ခြင်း

အရှင်သုဇာတသည် ဆေးဝက်ပါကျောင်းတွင် မင်္ဂလာတရားတော်ကို ဘာသာမျိုးစုံဖြင့် ကျောက်ထက်အက္ခရာတင်ရန် တာဝန်ရှိနေ၍ စာရေးသူနှင့်မကြာခဏတွေ့ဆုံနိုးနှောရင်း စကားစပ်မိတိုင်း ဘုန်းဘုရား၏အံ့ဖွယ်သူရဲများကို ပြောပြလေ့ရှိ၏။ တစ်နေ့မှာ အသက်ရှင်လျက်ရှိတုန်း သွားဖူးလျှင်ကောင်းမည်ဟုအကြံပေးပြီး ဖူးဖြစ်အောင်စီစဉ်ပေးလေသည်။ ထိုအချိန်မှာ ဘုန်းဘုရား၏အပါးသို့ လွန်စွာရင်းနှီးသော ဒကာ၊ ဒကာမတို့ပင် ကိုယ်ရေးကိုယ်တာကိစ္စနှင့်ပတ်သက်၍ ချဉ်းကပ်နိုင်ခွင့်မရှိဟု အရှင်သုဇာတသည် အဆိုပြုသည်။ သို့ရာတွင် စာရေးသူကား သူ၏အန္တေဝါသိကအရှင်သုမိတ္တာဘိဝံသစသော အရှင်များနှင့် ရင်းနှီးလေရကား ဖူးတွေ့ရှုမျှမကသော အခွင့်အရေးကို ရခဲ့လေသည်။ ထိုအခါ ဘုရားမှာ ဖြူဖြူစင်စင်ကြည်ကြည်လင်လင် ဖြစ်နေသည်။ လွန်ခဲ့သော အနှစ် (၄၀) ခန့်က ဟင်္သာတတွင်တွေ့မြင်ရသော ဘုန်းဘုရားနှင့် အရောင်အသွေးချင်း ဘာမှမတူချေ။ ဘုန်းဘုရားနှင့် ပတ်သက်သောမျက်မြင်ကိုယ်တွေ့မှာ ဤမျှသာဖြစ်သည်။

ဘုန်းဘုရား (သို့) ဦးပေါက်ဆိန်

ဆရာတော်အား လူအများက ဘုန်းဘုရားဟု မြတ်နိုးစွာခေါ်ကြလေသည်။ အသက်ဂုဏ်ဝါ သိက္ခာကြီးသော ရဟန်းတော်များကို ဆရာတော်ဟုခေါ်ဝေါ်လေ့ရှိပါသော်လည်း ဤဆရာတော်ကိုကား လူအများက ဘုန်းဘုန်းဘုရားဟုသီးခြားအမည်နာမဖြင့် ဝိသေသပြုကြသည်။ ဆရာတော်၏ကွယ်ရာထောင့်မှာမူ ဦးပေါက်ဆိန်ဟု ပြောပြလေမှ ထင်ရှားပြတ်သားသည်။

ဆန့်ကျင်ဘက်စကားလုံးများ

ဘုန်းဘုရားနှင့် ဦးပေါက်ဆိန်မှာ အတော်ပင်ဆန့်ကျင်သောစကားတွဲဖြစ်သည်။ ဘုန်းဘုရားဟူသော ဝေါဟာရမှာ နူးညံ့သိမ်မွေ့သလောက် ဦးပေါက်ဆိန်ဟူသောအမည်နာမမှာ ခက်မာကြမ်းတမ်းလှပေသည်။ ဆရာတော်၏ ဘုန်းဘုရားဟူသော အမည်မှာ သီးခြားဖြစ်သကဲ့သို့ သို့မဟုတ် ထူးဆန်းသကဲ့သို့ ဘုန်းဘုရားနှင့် ဦးပေါက်ဆိန် တွဲဖက်နေသော်လည်း ထူးဆန်းလှပေသည်။

ဤဆန့်ကျင်ဘက်စကားအတွဲကို ဘာကြောင့် ဆရာတော် လက်ခံသိမ်းပိုက်ထားကြောင်း သိရန်မလွယ်ချေ။ သို့ကြောင့် ဆရာတော်အား ထူးဆန်းသောဆရာတော်ဟု ရိုးသားသော ဝိသေသနဖြင့် အထူးမပြုသင့်ချေ။ ရိုးသားသည်ဖြစ်ပါလျက် ထူးဆန်းသည်။

ပေါက်ဆိန်အမှတ်အသား

သူ၏ထက်မြက်သော လက်နက်မှာပေါက်ဆိန်ဖြစ်သည်။ ရာမယနဇာတ်တွင် ဖရသုရာမ (ပသျှူးရာမ) မှာပေါက်ဆိန်လက်နက်ကိုင်ဆောင်သော ယောဂီကြီးပင် ဖြစ်သည်။ ပေါက်ဆိန်လက်နက်ကိုကိုင်ဆောင်သောကြောင့် သူ့အား ဖရသုရာမဟုခေါ်ကြခြင်းဖြစ်သည်။ ဖရသုကို သက္ကတဘာသာဖြင့် (ဖရဆု) ဟု အသံထွက်ရာ ယင်းကို မြန်မာတို့က ပသျှူးဟုခေါ်ကြခြင်းဖြစ်သည်။ ဘုန်းဘုရား၏ အမှတ်တံဆိပ်မှာလည်းပေါက်ဆိန်ဖြစ်သည်။

ဘုန်းဘုရားသည် သိမ်မွေ့လှပါသည်။ သို့ရာတွင် ပေါက်ဆိန်ကဲ့သို့ ထက်မြက်သည်။ ဘုန်းကြီးအောင်လုပ်လေ့မရှိပါ။ သို့ရာတွင် ဘုန်းကြီးလှပေသည်။ ဦးဝိဇ္ဇာဓရဘွဲ့အမည်ရ၍ ဝိဇ္ဇာမိုရ်ဖြစ်သည်။ ဝိဇ္ဇာဆိုသည်မှာ ထူးချွန်ထက်မြက်သော ပညာအမည်ဖြစ်သည်။ သာမညအတတ်ပညာသည် ပညာဖြစ်သည်။ ထူးချွန်ထက်မြက်သော အတတ်ပညာသည် ဝိဇ္ဇာဖြစ်လေသည်။

ပု-ဒိ-အာမှာ ဝိဇ္ဇာသုံးပါး၏အချုပ်

'ပု-ဒိ-အာ' မှာ 'ဝိဇ္ဇာ' သုံးပါး၏ အကျဉ်းချုပ် သင်္ကေတဖြစ်လေသည်။

ပု-ပုဗ္ဗေနိဝါသ - ရှေးအကြောင်းကို ကောင်းစွာသိမြင်၏။

ဒိ-ဒိဗ္ဗစက္ခု- နတ်မျက်စိကဲ့သို့မြင်နိုင်၏။

အာ-အာသဝက္ခယ- အာသဝေါတရားတို့၏ ကုန်ဆုံးခြင်း။

ဤသုံးပါးသော ဝိဇ္ဇာကိုဆောင်သူအား 'ဝိဇ္ဇာဓရ ဝိဇ္ဇာမိုရ်' ဟု ခေါ်ဆိုရလသည်။ ဟိန္ဒူတို့ကမူ နတ်တစ်မျိုးကိုလည်းကောင်း၊ လက်နက်တစ်မျိုးကိုလည်းကောင်း၊ ထူးချွန်သော ပညာရှင်ကိုလည်းကောင်း၊ ဝိဇ္ဇာဓရ (ဝိဒျာဓရ)ဟုခေါ်ကြသည်။ နတ်တစ်မျိုးဆိုသည်မှာ မြန်မာတို့ယူဆကြသော ဝိဇ္ဇာမိုရ်ပင်ဖြစ်သည်။ ဘုန်းဘုရားအား ဝိဇ္ဇာမိုရ်အဖြစ်ဖြင့် ကိုးကွယ်ဆည်းကပ်သူများလည်း အမြောက်အမြားပင်ဖြစ်သည်။

ပျောက်ဆုံးနေသော ဘိုးပေါက်ဆိန်၏ ထေရုပ္ပတ္တိ

အတ္ထုပ္ပတ္တိ (သို့) ထေရုပတ္တိကို စီရင်ရာတွင် အတ္ထုပတ္တိရှင်၏ မွေးဖွားရာဇာတိ၊ အမိ၊ အဖစသော ဆွေစဉ်မျိုးစက် ပညာသင်ကြားသော ဆရာသမားအစဉ်အဆက်စသည်တို့မှာ ပမာဏကျောရိုးဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုန်းဘုရားနှင့်ပတ်သက်၍ ထိုအချက်တို့ကို အမြွက်မျှပင် မဖော်ပြနိုင်ချေ။

ဗန္ဓုမင်းတရားလက်ထက် ခေတ်ပြိုင်မှတ်တမ်း

ဘုန်းဘုရား၏ မိန့်ကြားတော်မူချက်အရ အရိပ်အမြွက်အားဖြင့်ကား သူ၏ခေတ်ကို ဘိုးတော်ဦးဝိုင်းလက်ထက် ပထမဦးအောင် (ဘိုးဘိုးအောင်) ဖြင့်လည်းကောင်း၊ ပဉ္စမသင်္ဂါယနာတင်မင်းကြီးလက်ထက်ဖြင့် လည်းကောင်း သီပေါဘုရင်မင်း လက်ထက်ဖြင့်လည်းကောင်း မှန်းဆနိုင်လေသည်။ ကြန်ပြောပြရန်ကား ခက်ခဲလေသည်။

ဘုန်းဘုရားကား ရိုးသားသည်ဖြစ်ပါလျက် ထူးဆန်းသည်။ မြင်းခြံခရိုင်၊ ပုပ္ပါးတောင်ကလပ်ကို ဗဟိုပြုလျက် မြန်မာနိုင်ငံအရပ်ရပ် အထပ်ထပ်ကို လှည့်လည်သွားလာလျက် နိုင်ငံရပ်ခြားနှင့်ပတ်သက်၍ ဘုန်းဘုရားမသိသော အရပ်ဒေသမရှိသလောက်ပင် ဖြစ်၏။ အချို့သိရှိထားကြသော အရပ်ဒေသများမှာ မုံရွေးကြေးမုံ၊ ချောင်းဦး၊ ရွှေဘို၊ ပြည်၊ တိုက်ကြီး၊ မအူပင်၊ ဖျာပုံ၊ ဝါးခယ်မ၊ ဒေးဒရဲ၊ ညောင်တုန်း၊ ဟင်္သာတ၊ မြောင်းမြ၊ ပုသိမ်၊ ရန်ကုန်မြို့ ရွာစသောဒေသတို့တွင် ဘုန်းဘုရား သီတင်းသုံးသွားသော နေရာများကို မျက်ဝါးထင်ထင် တွေ့မြင်ညွှန်ပြနိုင်ကြပါသည်။

ကျွန်ုပ်တို့ မျက်ဝါးထင်ထင် မြင်တွေ့ရသောအခါတွင် ဘုန်းဘုန်းဘုရားဘိုးပေါက်ဆိန်သည် ဦးဝိဇ္ဇာဓရ ဝိဇ္ဇာမိုရ်ဖြစ်နေလေပြီ။ သို့မဟုတ် သိဒ္ဓိပေါက်နေလေပြီ။ သူ၏သိဒ္ဓိကား သူ့အတွက်သော်လည်းကောင်း၊ သူ့ဆွေမျိုးသားချင်းတစ်စုအတွက်သော်လည်းကောင်း မဟုတ်ချေ။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အတွက် ဖြစ်သည်။ ဗုဒ္ဓသာသနာမှာ သုံးပါးရှိ သည်။

၁။ **ပရိယတ္တိသာသနာ-** ဗုဒ္ဓဟောကြား

သော ဓမ္မတရားကို သင်ကြားလေ့လာခြင်း။

၂။ **ပဋိပတ္တိသာသနာ-** ဗုဒ္ဓ၊ ဓမ္မ ညွှန်ပြသည့်အတိုင်း ကျင့်ကြံအားထုတ်ခြင်း။

၃။ **ပဋိဝေဓသာသနာ-** မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် ထိုးထွင်းသိမြင်ခြင်း။

သာသနာတော်ကိုထောက်ပံ့ခဲ့ခြင်း

ဘုန်းဘုရားသည် သာသနာ သုံးရပ်ကို အစွမ်းရှိသလောက် ချီးမြှင့်အားပေးနိုင်ခဲ့သည်။ ရွှေမရှား၊ ငွေမရှား ဘုန်းဘုရားပင်ဖြစ်လေသည်။ သူလိုသလောက် သိဒ္ဓိပေါက်နေသည်။ ကိုယ်ရေးကိုယ်တာအတွက် မဟုတ်ချေ။ သာသနာရေးအတွက်သက်သက်ဖြစ်နေသဖြင့် ရွှေ ငွေသည် သူ၏ခံတွင်းကပင် ဖြစ်နေတော့သည်။

ပရိယတ္တိသာသနာတော်ကိုထောက်ပံ့ခြင်း အထောက်အထားများ

စစ်ပြီးခေတ် ခရစ် ၁၉၅၀ ပြည့်နှစ်၊ ၁၃၁၂ ခုနှစ်တွင် ဟင်္သာတမြို့အနီး မရမ်းကျေးရွာမှ ရန်ကုန်မြို့သို့ကြွလာပြီး စမ်းချောင်းမြို့နယ်၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ကို တည်ထောင်လိုက်သည်။

သာသနာ၏ အောင်ကြောင်းမင်္ဂလာဖြင့် သိဒ္ဓိပေါက်၍ ပြီးမြောက်စေခြင်းအတိတ်ကိုဆောင်ခြင်းဖြစ်ပေလိမ့်မည်။ နေ့ချင်းညချင်းဟု ဆိုနိုင်လောက်အောင် တိုက်ကျောင်းကြီးများ မြေပြင်မှ အလျှိုလျှိုပေါ်ထွက်လာသဖြင့် သိဒ္ဓိပေါက်ခြင်းဆိုသောစကားမှာ ယုံမှားဖွယ်ရာမရှိနိုင်ချေ။ သိဒ္ဓိ၏အဓိပ္ပာယ်မှာ ပြီးမြောက်အောင်မြင်ခြင်းပင်ဖြစ်သည်။ ဘုန်းဘုရားသည် ပရိယတ္တိသာသနာ တိုးတက်ဖွံ့ဖြိုးရေးကို လိုလားခဲ့သည်။ သူ၏လိုလားချက်အတိုင်း ပြီးမြောက်အောင်မြင်ရခဲ့သည်။ ယင်းသည်လည်း သိဒ္ဓိပေါက်ခြင်းပင်ဖြစ်သည်။ စိတ်ရှိသလောက်ပြီးမြောက်ခြင်းဟု ဆိုနိုင်လေသည်။

ဘုန်းဘုရားသည် အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ကို တည်ထောင်ပြီးလျှင် မဟာစရိယစာချဆရာတော်တို့ဖြင့် ပရိယတ္တိသာသနာကို အင်တိုက်အားတိုက်ပြုစုခဲ့သည်။ မဟာစရိယအဆက်ဆက်ပေါ်ထွက်စေခဲ့သည်။

ပညာတော်သင်များစေလွှတ်ခြင်း

စာသင်သားရဟန်းတော်အများအပြားအား မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူစသော သာသနာထွန်းကားရာမြို့နယ်များသို့လည်းကောင်း၊ အိန္ဒိယ၊ သီဟိုဠ်ထိုင်းစသော နိုင်ငံရပ်ခြားတစ်ပါးသို့လည်းကောင်း စေလွှတ်ခဲ့သည်။

ပညာထူးချွန်သော တပည့်တိုင်းအား ရဟန်းထပ်ခံပေးပြီး ပစ္စည်းလေးပါးလိုသလောက်ထောက်ပံ့သည်။ ထို့မှတစ်ပါး ပါဠိပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာချတန်း စာမေးပွဲများ၊ တိပိဋကတ်တော်များကို နှစ်စဉ်တစ်နှစ်လျှင် ထိုစဉ်ကာလတန်ဖိုး ကျပ်နှစ်သောင်းဖိုးထက်မနည်း ဓမ္မဒါနပြုခဲ့သည်။

ကြေးဆင်းတုများလှူဒါန်းခြင်း။ ပိဋကတ်တော်များလှူဒါန်းခြင်းမှတ်တမ်း

ထို့ပြင် ဂျပန်ပြည်၊ ကိုဘေးမြို့ရှိ ကမ္ဘာအေးစေတီအတွင်း ကြေးဆင်းတုတော်များနှင့် အိန္ဒိယပြည်၊ ဗာရာဏသီမြို့နယ်ရှိ မဟာဗောဓိအသင်းတိုက်သို့ ပိဋကတ်အစုံစုံတို့ကိုလည်း (ယခင်ကာလတန်ဖိုး) သိန်းနှင့်ချီ၍ ဓမ္မဒါနပြုခဲ့သည်။

သို့ရာတွင် ဘုန်းဘုရားသည် ဤလုပ်ငန်းတို့နှင့်ပတ်သက်၍ အုတ်အုတ်ကျက်ကျက် တစ်ခဲနက်မလုပ်ခဲ့ချေ။ သူ၏ထင်ပေါ်ကျော်ကြားမှုထက် သာသနာအား တကယ့်အကျိုးစီးပွားဖြစ်မှုကိုသာရှေးရှုသောကြောင့် ထင်ရှားကျော်ကြားရေးကြော်ငြာဖိုးကိုပါ ပုံတိုက်လှူဒါန်းလိုက်ခြင်းဖြင့် သာသနာ၏ အကျိုးကိုသယ်ပိုးခဲ့လေသည်။

ဘုန်းဘုန်းကို သာမညဖူးတွေ့ရပါလျှင် အတော်ပင်အခက်အခဲနှင့်တွေ့ရမည်ဖြစ်သည်။ ရိုးရိုးလူတစ်ယောက်အနေဖြင့် သဒ္ဓါပေါက်ရန်လွယ်ကူမည်မဟုတ်ချေ။

ကျွန်ုပ်တို့သည် ဤသို့လျှင် ဘုန်းဘုရားအား အခါပေါင်းများစွာ တွေ့မြင်နိုင်ကြပါသည်။ သူ့ကို အကဲဖြတ်ရန် မလွယ်ကူပါ။ သူကား ရိုးသားသည်ဖြစ်ပါလျက် ထူးဆန်းလှပေသည်။

ဘုန်းဘုရားသည် ပရိယတ္တိအခြေတည်ဆောက်ပြီးသောအခါ ပဋိပတ္တိအတွက် ဝိပဿနာသိဒ္ဓိကိုပြီးမြောက်စေခဲ့ပြန်သည်။ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်အတွင်းရှိ စနေဝိပဿနာအသင်းမှာ သူ၏ပဋိပတ္တိလုပ်ငန်းအခြေခံဖြစ်သည်။ ဘုန်းဘုရားသည် သာသနာရေးအတွက်သက်သက်သာ ဖြစ်ခဲ့သည်။ သူသည် ဘဝအစကပင် သာသနာရေးကိုကြိုးပမ်းခဲ့သည်။ သို့ရာတွင် ထင်ရှားစွာပေါ်လွင်ခဲ့သည်မှာ အောင်မင်္ဂလာသိဒ္ဓိကျောင်းပင် ဖြစ်သည်။ သူသည် အောင်မင်္ဂလာ သိဒ္ဓိကျောင်းကို ဗဟိုပြုလျက် သာသနာရေးအလုပ်ကို သိဒ္ဓိပေါက်သည်ဟု ဆိုရလောက်အောင်ပင် တွင်ကျယ်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ ရွှေဖြစ်၊ ငွေဖြစ်ဟုထင်ရလောက်အောင် သိဒ္ဓိပေါက်၍ ပြီးမြောက်ခဲ့သည်။ ဘုန်းဘုန်းကြီးကို လှူဒါန်းသူပေါများသော်လည်း ကိုယ်ကျိုးအတွက် မသုံးခဲ့ပေ။

စစ်ကိုင်းတောင်ရိုးသာသနာကိုထောက်ပံ့ခြင်း

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ၏ တံခွန်အောင်လံတစ်ခုမှာ စစ်ကိုင်းတောင်ရိုးပင်ဖြစ်သည်။ သူတော်ကောင်းကို ကိန်းအောင်းမွေ့လျော်ရာ ချောင်တွေမြောင်တွေခြံရံလျက် ဗုဒ္ဓ၏ကိုယ်စားစေတီပုထိုးများ တင့်တယ်စွာစံပယ်လျက်ရှိပေသည်။ ထိုတွင် ဆွမ်းဦးပုညရှင်နှင့်ပတ္တမြားစေတီတို့မှာ ထင်ရှားသောစေတီတော်များ ဖြစ်ပါသည်။ ဘုန်းဘုရားသည် ထိုစေတီနှစ်ဆူကို ဖူးမြော်ချင်စဖွယ်တင့်တယ်အောင် ပြုပြင်ခဲ့လေသည်။ ဤစေတီနှစ်ဆူကို ရှေးအခါက ဖူးမြင်ခဲ့ဖူးပါလျှင် ဘုန်းဘုရား အဘယ်မျှ ပြုပြင်လိုက်ကြောင်း ကောင်းစွာတွေ့မြင်ကြရပေမည်ဖြစ်လေ၏။

စစ်ကိုင်းတောင်စဉ် ဓနုဖြူချောင်မှဦးပြာသာဒ်သည်လည်းကောင်း၊ နန်းဦးတိုက်မှအုတ်မဟာရံတံတိုင်းသည် လည်းကောင်း ဘုန်းဘုရားလမ်းညွှန်ခြင်းဖြင့် ထွက်ပေါ်လာသော အဆောက်အအုံတို့ပင်ဖြစ်ကြသည်။

ပုပ္ပားတောင်သာသနာကိုထောက်ပံ့ခြင်း

ပုပ္ပားတောင် ကလာပ်ကို ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပဿီတို့ပျော်စရာတောင်ဟု အသိအမှတ်ပြုကြသော ဂမုန်းတောင်ပင်ဖြစ်သည်။ ထိုတောင်မှာ မင်းမဟာဂီရိ (ခေါ်) ပန်းပဲမောင်တင့်တယ်နှင့် သူ၏နှမများ နတ်ဖြစ်ကာ ကျက်စားနေကြကြောင်း သမိုင်းဆရာများညွှန်ပြကြသည်။ ဘုန်းဘုရားသည် ဘုရားဖူးများ သွားလာမှုလွယ်ကူစေရန် ပုပ္ပားမြို့မတောင်ကလာပ် ရွှေဂူချောင်အထိ အလျားတစ်မိုင်ခွဲ၊ အကျယ်အနံ (၂၅) ပေကျယ်သောလမ်းသစ်ကြီးကို တပည့်ဦးပရမဝဏ္ဏသိဒ္ဓိ (နောင်အခါ ယောဂီ

ဦးပြည့်စုံ) အား တာဝန်ပေး၍ ဖောက်လုပ်စေခဲ့သည်။ ယခုကတ္တရာခင်းရန် စီစဉ်နေဆဲဖြစ်ပေသည်။

တောင်ကလာပ်မှတောင်မကြီးသို့ သွားရာလမ်းတွင်တည်ထားသောမောင်တော်ငုတ်တုတ်တောင် စေတီတော်နှင့် မှန်ပြတောင်စေတီတို့ကို အသစ်တစ်ဖန်ပြန်၍ တည်ခဲ့သည်။ ရွှေဂူချောင်တွင် ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်၊ ရေကန်နှင့်သိမ်တိုက်တည်ဆောက်ပြီး တောင်ကလာပ်တွင် သံလှေကားအသစ်ပြင်၍ တပ်ဆင်ပေး၏။ ရေစက်တပ်ဆင်ပေးသည်။ အဆောက်အအုံတို့တွင် မီးများထိန်ထိန်လင်းအောင်ထွန်းညှိထား၏။ အကယ်၍ ပုပ္ပားတောင်ကို ရောက်ဘိမူ ဘုန်းဘုရား၏အစီအစဉ်ကိုအံ့ဩရှုမောကြမည်ဖြစ်ပေသည်။

နောက်ပိုင်းတွင် ပုပ္ပားတောင်ကလာပ်တွင် သာသနာပြုနိုင်ရန်အတွက် တပည့်ရင်းဦးပရမဝဏ္ဏာသိဒ္ဓိအား လွှဲအပ်ခဲ့ရာ ဦးပရမဝဏ္ဏာသိဒ္ဓိသည် ယောဂီဦးပြည့်စုံ (ဘိုးပြည့်) ဘဝနှင့်ပင် နောက်ဆုံးအချိန်ထိ တာဝန်ယူဆောင်ရွက်ခဲ့ပေသည်။

ပုဂံသာသနာကိုထောက်ပံ့ခြင်း

'လှည်းဝင်ရိုးသံတည်ည် ပုဂံဘုရားပေါင်း' ရှင်အဋ္ဌဂေါဏ၊ ရှင်မထီးတို့ ရွှေမိုး၊ ငွေမိုးရွာသွားသော ပုဂံပြည်ရှိ အာနန္ဒာဘုရားကြီး၊ ဗူးဘုရား၊ မင်းမျှော်ရာဇဘုရားတို့ကို ဘုန်းဘုန်းကြီးမှူးပြီး ထီးတော်နှင့် စိန်ဖူးတော် တင်လှူခဲ့လေသည်။

တောင်တွင်းကြီးသာသနာကို ထောက်ပံ့ခြင်း

ကဗျာစာဆိုတော်အကျော်အမော်ဖြစ်သော ရှင်မဟာသီလဝံသအပါအဝင် 'ပေလေးပင် ရှင်လေးပါး' နှင့် 'စုံနံ့သာ မြိုင်ဦးကြော့' တို့၏ တောင်တွင်းကြီးမြို့အနီးတွင် ယခုအခါ ရှေးဟောင်းဗိဿနိုးမြို့ကြီးကို မြေအောက်မှပြန်လည်တူးဖော်ထားသဖြင့် ပေါ်လျက်ရှိ၏။ ထိုမြို့ဟောင်းအနီးတွင် ပထမဘိုးဘိုးအောင်ထွက်ရပ်လုပ်ငန်း ကြီးပမ်းသောဂူတို့ဖြင့် ဝန်းရံလျက်ရှိသော ရှေးဟောင်းရွှေရောင်တော်စေတီတော်ကို ဘုန်းဘုရားသည် စိန်ဖူးတော်နှင့်တကွ ထီးတော်တင်ပွဲတော် ကျင်းပပေးခဲ့လေသည်။ ဗိဿနိုးမြို့ဟောင်းသည် ပန်ထွာမင်းသမီး၏ နေပြည်တော်ဖြစ်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများ၌ တွေ့ရသည်။

အောင်လံကိုးသိန်းတောင် သာသနာပြုလုပ်ငန်း

ဘုန်းဘုရား နောက်ဆုံးပြုပြင်သွားသောလုပ်ငန်းများမှာ အောင်လံမြို့ ကိုးသိန်းတောင်ပင်ဖြစ်သည်။

မြန်မာပြည်အလယ်ပိုင်း မကျတကျ မြေလတ်ဒေသဟုခေါ်နိုင်သည့် မကွေးတိုင်း၊ တောင်ဘက်စွန်းက အောင်လံမြို့ (စာရေးသူ၏ဖခင် စာရေးဆရာကြီးဦးရန်အောင်၏ဇာတိ ဆင်ပေါင်ဝဲမြို့၏အနီးတွင်ရှိ၏)

အောင်လံမြို့သည်ကား ခေတ်အဆက်ဆက်ကတည်းကပင် ဗုဒ္ဓသာသနာ့နယ်မြေ ဖြစ်သည်။ ယခင်နှစ်ပေါင်းခုနှစ်ဆယ်ခန့်က လူအရောက်အပေါက်နည်းပြီး တောကြီးမျက်မည်းဖြစ်၍ ရှေးဟောင်းဘုရားစေတီပျက်များသာ ရှိလျက်မြေကြမ်းသည်။ အခြောက်အလှန့်များသည်ဆိုကာ တော်ရုံလူများမသွားရဲသည့်နေရာလည်းဖြစ်ခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်က ထိုကိုးသိန်းတောင် (အောင်လံနယ်သားများက ယနေ့တိုင်ကိုးသိန်းကုန်းဟုခေါ်ကြသည်) ပေါ်ရှိ သက်တော်ရှည်စေတီဟောင်းကို ရဟန်းရှင်လူများ စုပေါင်းပြုပြင် တည်ဆောက်ကြသော်လည်းအဆင်မပြေနိုင်။ မအောင်မြင်နိုင်ကြပေ။ သိုက်ပေါင်းစုံရှိသည့်နေရာဟု အဆိုရှိပြီး တော်ရုံပုဂ္ဂိုလ်များ တောင်ပေါ်တွင် မနေရဲကြပေ။

စေတီတော် ပြင်ဆင်တည်ဆောက်ကြသော်လည်း မည်သည့်အကြောင်းမသိရဘဲ ပြန်လည်ပြိုကျသွားသည်။ တည်ဆောက်သော ရဟန်းရှင်လူများသည် အောင်မြင်အောင်မည်သို့ဆောင်ရွက်ရမည်ကို နည်းလမ်းရှာကြံဆဲတွင် ပုပ္ပားတောင်တော်မြတ်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဘိုးပေါက်ဆိန်တည်မှသာ ရမည်ဖြစ်ကြောင်း၊ အိပ်မက်အရ ထိုအချိန် အလွန်ထင်ရှားလှသည့် ဇာလီတောင်ဆရာတော်ကြီး၊ ဆေးဝက်ပါဆရာတော်ကြီးတို့မှတစ်ဆင့် ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်အားလျှောက်ထားရန် ကိုးသိန်းတောင်သာသနာပြု လုပ်ငန်းများအား အကောင်ထည်ဖော် ဆောင်ရွက်ရန် ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်အား အပ်နှံကြလေသည်။

ဆရာတော်ကြီးများ ဒကာ၊ ဒကာမများ ပင့်လျှောက်အပ်နှံချက်အရ ဘုန်းဘုရားကြီးသည် နောက်ပါတပည့်သံဃာတော်များနှင့်အတူ အောင်လံမြို့ကိုးသိန်းတောင်သို့ ကောဇာနှစ် ၁၃၁၇ ခုနှစ်တွင်ကြွရောက်၍ အဓိဋ္ဌာန်ဆောက်တည်ကာ တောချုံများကို ရှင်းလင်းစေပြီး သက်တော်ရှည်စေတီတော်ကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ရာ ၁၃၁၈ ခုနှစ်၌ အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီး သိုက်မြိုက်ခမ်းနားစွာ ထီးတော်တင်လှူပွဲကြီးကို ကျင်းပနိုင်ခဲ့ပါသည်။

၁၃၁၈ ခုနှစ်၊ အောင်လံကိုးသိန်းတောင်ရှိ သက်တော်ရှည်စေတီတော်မြတ် ထီးတော်တင်ပွဲကြီးကား အနယ်နယ်အရပ်ရပ်က ပရိသတ်များစွာဖြင့် ကြက်ပျံမကျ စည်ကားသိုက်မြိုက်ခဲ့ရသည်။ လာသမျှ အနယ်နယ်အရပ်ရပ်ကထောင်သောင်းချီသောဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံသည်ကပင် ထူးခြား၍ ပြောစမှတ်တွင်ကျန်ရစ်ခဲ့ပေသည်။

ဆန်တစ်တင်းနှင့်ငါးကြင်းငါးပိသ‌ာ

သက်တော်ရှည်စေတီတော်မြတ် ထီးတင်ပွဲတွင် ယခင်က ဤကဲ့သို့မတွေ့ကြုံဖူးသဖြင့် အနယ်နယ်အရပ်ရပ်ကျေးရွာများမှလည်း လှည်းတစ်တန်၊ လှေတစ်တန်အချို့ ခြေကျင်ခရီးစသည်ဖြင့် လာကြသည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရန်အတွက် ချက်ပြုတ်ကြမည့် ဒကာ၊ ဒကာမများအား ဆန်တစ်တင်းနှင့်ငါးကြင်းငါးပိသ‌ာချက်ရန် ဘုန်းဘုရားကြီးကအမိန့်ချပေးခဲ့သည်။

ငါးကြင်းကို ရေဆေးအကြေးသင် အကွင်းအကွင်းဖြစ်အောင်လှီးပြီး ဆီနှင့်ကြော်ကြသည်။ လာမည့်ပရိသတ်က အလွန်များရာ လုံလောက်မည်မဟုတ်ကြောင်း ဘုန်းဘုန်းဘုရားကြီးကို ချက်ပြုတ်သူများကလျှောက်ထားသည်။

ဘုန်းဘုရားကြီးကမူ-

"ဟေ့ငတာတွေ၊ ချက်မှာသာချက်ကြ၊ မလောက်မှာမပူနဲ့။ မင်းတို့အလုပ်မင်းတို့လုပ်ကြ၊ ကျန်တာက သူဟာနဲ့သူ တာဝန်ယူမည့်သူတွေအပြည့်ကွ"

ဟု မိန့်ကြားပြီး ကျွေးမွေးဧည့်ခံစေသည်။

ကျေးလက်ဒေသပီပီ ကြွလာသူများ ဝဝလင်လင်သုံးဆောင်နိုင်စေရန် တစ်ဦးစာအတွက် ထမင်းကို (လှေများရေပက်ရာတွင် အသုံးပြုသည့်) ပက်

ခွက်ကြီးနှင့်အပြည့်တစ်ခွက်၊ ငါးကြင်းကြော်က အတုံးကြီးတစ်တုံးနှုန်းဖြင့် လောက်ငအောင် ဧည့်ခံနေရသော်လည်း ဧည့်ခံကျွေးမွေးရေး တာဝန်ယူရသူများမှ ပရိသတ်ကိုကြည့်လိုက်၊ ထမင်းဟင်းကိုကြည့်လိုက်ဖြင့် မလောက်မှာကို ပူပန်နေကြသည်။

အခြား အလှူအတန်းများတွင် ဆန်တစ်တင်းချက်သည် လူတစ်ရာမှ တစ်ရာ့ငါးဆယ်ခန့်သာ ကျွေးမွေးနိုင်သည်။ ငါးကြင်းငါးပိသာမှာလည်း လူငါးဆယ်ကျော်ခန့်သာ အလွန်ဆုံးကျွေးမွေးနိုင်သည်။

ယခု ကိုးသိန်းတောင်ပေါ်ရှိ သက်တော်ရှည်ဘုရား ထီးတော်တင်ပွဲတွင်မူ လာသမျှကို အဝအလင်ကျွေးသော်လည်း ထမင်းနှင့်ဟင်းက မကုန်ပေ။ ထပ်လာလျှင် ထပ်ကျွေး၊ စားပြီးသော ပရိသတ်ကလည်း အများကြီး။ သို့နှင့် မွန်းတည့်ခါနီးတွင် ဘုန်းဘုရားကြီးအိုးပေါက်ဆိန်က

"ဟေ့-ငတေွ၊ မွန်းတည့်ချိန်ခါနီးပြီကွ။ ခုထက်ထိ မင်းတို့ထမင်းဟင်း မကုန်သေးဘူးလား၊ တော်ရောပေါ့"

ဟု အမိန့်ရှိလေသည်။

ထိုသို့အမိန့်ရှိပြီး မကြာခင် နောက်ဆုံးစားနေသော ပရိသတ်များအား ကျွေးမွေးလိုက်ရာ ထမင်းရောဟင်းပါ ထိုအခါမှ ကုန်သွားလေတော့သည်။ ဤဖြစ်ရပ်သည် ပြောမယုံကြုံမှ သိမည်ဖြစ်ကြောင်း ကိုးသိန်းတောင်ဘုရားထီးတင်ပွဲတွင် ပါဝင်ခဲ့သည့်သံဃာတော်ရှင်မြတ်များ ဘုန်းဘုရားကြီး၏ တပည့်ရင်းများက စာရေးသူအား ပြောပြကြပါသည်။

ဘုန်းဘုရားကြီးသည် ၁၃၁၈ ခုနှစ်မှစ၍ အောင်လံမြို့ ကိုးသိန်းတောင်ပေါ်တွင် သာသနိကအဆောက်အအုံများ ဘုရားစေတီပေါင်းများကို တပည့် ဒကာ၊ ဒကာမများ၏ ပံ့ပိုးကူညီမှုဖြင့် ပြုစ်ဆင်ခဲ့ရာ တောကြီးမျက်မည်းထဲက စေတီပျက်များသည် ယခုအခါ အလွန်တင့်တယ် သာယာသပ္ပာယ်နေပါပြီ။

ယခုအခါတွင် ဘုန်းဘုရားကြီးလက်ရင်းအနီးနေ တပည့်များထဲမှ ဦးဝိဇ္ဇာဉာဏ (ဦးမိုးကြိုးဟုလည်းခေါ်ကြ) ဟာ တောင်တော်ပေါ်တွင် ဘုန်းဘုရား၏ လမ်းစဉ်ဝါဒနှင့်အညီ စောင့်ရှောက်လျက်ရှိပေသည်။

သက်တော်ရှည် စေတီတော်အတွင်းရှိ ဂူထဲတွင် အမိဌာန်အောင်ရွှေစေတီငယ်တစ်ဆူတည်ရှိပြီး ဘုန်းဘုရားရှိစဉ်က အောင်လံကိုးသိန်းတောင်ပေါ်ရောက်တိုင်း ရွှေစေတီတော်ရှိရာ လိုဏ်ဂူထဲတွင် အမြပင်အမိဌာန်ဝင်ကာ စရဏလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ထိုစေတီတော်ရှိရာ လိုဏ်ဂူတံခါးဝတွင် ဘုန်းဘုရားစိုပ်ခဲ့သော စိပ်ပုတီးကို ယခုတိုင် ချည်နှောင်ချိတ်ဆွဲထားကြောင်း ဆရာတော် ဦးဝိဇ္ဇာဉာဏနှင့်ဦးလှရွှေ (တောင်ဥက္ကလာပ) တို့မှ ရှင်းပြပါသည်။

ယခင်က ကိုးသိန်းတောင်မှ အောင်လံမြို့သို့ သွားသောလမ်းမှာ မြေသာလမ်းဖြစ်နေပြီး ရန်ကုန်ပေါက်စေတီ ဆရာတော်ကြီး ဦးသုမိတ္တာဘိဝံသနှင့် အောင်လံကိုးသိန်းတောင်ဆရာတော်ကြီးဦးဝိဇ္ဇာဉာဏတို့မှ အနီးကပ်ပြုပြင်ကြရာ ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း (၁၂) ရက်နေ့တွင် ကတ္တရာလမ်းမကြီးကို ဖွင့်လှစ်ခဲ့ခြင်းဖြင့် ဘုန်းဘုရားကြီး၏ ဓာတ်ပန္နက်တစ်နေရာဖြစ်သည့်အောင်လံကိုးသိန်းတောင် အောင်စခန်းကို ပို၍သာယာအောင် ပါရမီဖြည့်ခဲ့ကြလေသည်။

ဆရာတော်ဦးဝိဇ္ဇာဉာဏ ဘုန်းဘုရားကြီး ကိုးသိန်းတောင်အောင်စခန်းမှာ နေ့စဉ်အမြဲပွားများသရဇ္ဈာယ်ခဲ့သော သတိပဋ္ဌာန် ဝိပဿနာသိဒ္ဓိကုဏ္ဍာသယ ဂါထာတော်ကို ချီးမြှင့်လိုက်လေသည်။

ဂါထာတော်ကို အများအကျိုးရှေးရှု၍ ကျင့်ကြံပွားများကာ လောကီ၊ လောကုတ္တရာအလိုရှိရာ ပြည့်စုံနိုင်ရန်အတွက် ထပ်ဆင့်ခွင့်ပြု ရေးသားတင်ပြလိုက်ရပါသည်။

သတိပဋ္ဌာန်ဝိပဿနာသိဒ္ဓိ ကုဏ္ဍာသယ ဂါထာတော်

အနုပ္ပါဒိသေသ အသမ္ဘိန္န နိဗ္ဗာန ခန့် သိဒ္ဓိ မံ။

အနက်အဓိပ္ပာယ်မှာ-

အနုပ္ပါဒိသေသ- ဥပါဒါန်လေးပါးကင်းစင်ပြီး ခန္ဓာငါးပါးအကြွင်းအကျန်မရှိသည်ဖြစ်၍။

အသမ္ဘိန္န-ဖြူခွင်းပျက်စီးတိုက်ခိုက်ခြင်းငှာ မစွမ်းသော။

နိဗ္ဗာန-ချမ်းသာခြင်း တရားအပေါင်းတို့နှင့်တကွ။

ခန့်-စည်းစိမ်ဥစ္စာရတနာတို့သည်။

သိဒ္ဓိ-ပြည့်စုံပြီးမြောက်ခြင်းဖြင့် . . . ။

မံ-ဘုရားတပည့်တော်အား မဟာကရုဏာထား မေတ္တာပွား၍ ပေးသနားတော်မူပါစေသတည်း။

ထိုဂါထာတော်ကို (၁၀၈)လုံးပုတီးဖြင့် တစ်ချက်ဆုံးမှတစ်လုံးချ၍စိပ်ပါ။ တစ်နေ့လျှင် (၃) ပတ်ဖြင့် (၉) ရက်၊ (၆) ပတ်ဖြင့် (၁၈) ရက်၊ (၉) ပတ်ဖြင့် (၂၇) ရက်၊ (၁၂) ပတ်ဖြင့် (၃၆) ရက်၊ ရက်ပေါင်း (၉၀) ပြည့်အောင် အဓိဋ္ဌာန်တင်၍ စိပ်ပါ။ ပြည့်မီပါက စည်းစိမ်ရွှေငွေစသော လောကီရေးရာရာအဖြာဖြာအပြင် လောကုတ္တရာတရားထူးများပင် ရရှိလာပါလိမ့်မည်။

ထိုတောင်တွင် ရှေးဟောင်းစေတီရှိသော်လည်း မထင်ရှားချေ။ အနီးအနားက လူများပင် သတိထားမိသူခပ်ရှားရှား ဖြစ်နေရာ ယခုအခါမှာ တောတောင်ကန္တာရအတွင်းက ဘုံနန်းပြာသာဒ်အထပ်ထပ်ဖြင့် နတ်မြို့တော်ဟုဆိုနိုင်လောက်အောင် စည်ကားနေပေသည်။ သက်တော်ရှည်ဘုရား၊ လွမ်းစေတီဘုရား၊ ဆုတောင်းပြည့်စေတီစသော ပုထိုးစေတီတို့ဖြင့် ဝင်းဝင်းတောက်နေ၏။ ထို့မှတစ်ပါး သတ္တဌာနဘုရားများ၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောင်များ၊ ဂူတန်းများခြံရံလျက်ရှိပြီး ရေ၊ မီးအပြည့်အစုံ တပ်ဆင်ထားပေသည်။

ပြည်ရွှေဆံတော်သာသနာကို ထောက်ပံ့ခြင်း

မြန်မာနိုင်ငံရှိ တန်ခိုးကြီးမားသော ဘုရားစေတီတော်များတွင် ထိပ်ဆုံးကတစ်ဆူအပါအဝင်ဖြစ်သော ပြည်ရွှေဆံတော်ဘုရားတွင် ဓာတ်လှေကားတပ်ဆင်စီစဉ်ခဲ့၍ ပွင့်လှသိမ်ကုန်းကျောင်းတိုက်တွင် ကျောင်းတိုက်တစ်ဆောင်နှင့်မွှာရုံကို တည်ဆောက်နိုင်ခဲ့လေသည်။

နာဂလိုဏ်ဂူရန်ကုန်သာသနာကိုထောက်ပံ့ခြင်း

နာဂလိုဏ်ဂူ တန်ခိုးကြီးစေတီတစ်ဆူဖြစ်သော ရန်ကုန်မြို့ ရှစ်မိုင် (တံတားလေးလမ်းဝ) နာဂလိုဏ်ဂူ ကုန်းမြေပေါ်ရှိ သစ္စာဝါဒီဘိုးဘိုးကြီး၏ ထွက်ရပ်စခန်းတွင်လည်း မဟာမြတ်မုနိရုပ်ပွားတော်မြတ်၏ ကိန်းဝပ်ရာ (ထိုစဉ်က) ကျပ်ငါးသောင်းကျော်တန် ဂန္ဓကုဋီတိုက်ကြီးကိုကြီးမှူးတည်ဆောက်ခဲ့လေသည်။ (၁၅) ရက်တစ်ကြိမ်ဟင်းလေးအိုး၊ ဆွမ်းဝတ်ကိုလည်း ဘုန်းဘုရားပင် လှူဒါန်းစေခဲ့သည်။

ဝိဇ္ဇာဓရစာသင်တိုက်ထူထောင်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ (၅) ရပ်ကွက်၊ (၆) နံပါတ်မြို့ဦးကျောင်းတိုက်တွင်လည်း သာသနာတော်၏ အခြေခံရေသောက်မြစ်ဖြစ်သော ‘ဝိဇ္ဇာဓရစာသင်တိုက်’ ကို ဘုန်းဘုရားတည်ထောင်ဖန်တီးခဲ့သည်။

ဝိဇ္ဇာမိုရ်ကြွလာသည်ဟူသောဂယက်

မြန်မာနိုင်ငံ သာသနာရေးတွင် ဂိုဏ်းကွဲများ အတော်များများပင်ရှိသည်။ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရစသည်ဖြင့်ရှိလေရာ ဘုန်းဘုရားသည် ဂိုဏ်းအားလုံးမှာပင် အကျွမ်းဝင်နေသည်။ ဘယ်ဂိုဏ်းက ဆရာတော်၊ သံဃာတော်ကိုဖြစ်စေ ကူညီထောက်ပံ့သည်။ ပေးကမ်းလှူဒါန်းသည်။ ဘုန်းဘုရားသည် တစ်ခါတရံ နယ်သို့ထွက်၏။ ဘုန်းဘုရား တည်းခိုသောကျောင်းမှာ ဒကာ၊ ဒကာမ၊ ပရိသတ် တစ်ခဲနက်မျှ ဝိုင်းဝန်းလျက် ဆွမ်းဘောဇဉ်မှစ၍ ရွှေငွေများလှူဒါန်းကြသည်။ ထိုလှူဖွယ်ဝတ္ထုတို့ကို ဘုန်းဘုရားသည် ထိုကျောင်းတိုက်ရှိ သံဃာများအား အမြဲလှူခဲ့လေသည်။ သွားလေရာအရပ်ဒေသတို့တွင် ဝိဇ္ဇာမိုရ်ကြွလာသည်ဟူသော ဂယက်ကြောင့် ဘုန်းဘုရားသည် အများအားဖြင့် လျှို့ဝှက်စေကာမူ ပရိသတ်၏ဘေးကိုကားပြေး၍မလွတ်ချေ။ လူမျိုးစုံပင် ဘုန်းဘုရား၏ ဘုန်းရိပ်၊ ကံရိပ်ကို ခိုလှုံကြသည်။

ရိုးရိုးသံပေါက်ဆိန်မဟုတ်

ဘုန်းဘုရားသည် ဂုဏ်ပကာသနကိုမက်မောခြင်းမရှိချေ။ သာသနာရေးကိုသာ အလေးပေး၍ဆောင်ရွက်သည်။ သူ၏ထင်ပေါ်ကျော်စောမှုကို လုံးဝဂရုမပြု။ လျစ်လျူရှု၏။ မဟုတ်မခံ မှန်ရာကို ရဲဝံ့စွာ ပြောဆိုလုပ်ဆောင်လေ့ရှိပြီး တပည့်များကိုကား အလိုလိုက်သည်။ ချစ်ခင်မြတ်နိုးသည်၊ ခွင့်လွှတ်သည်။ သူ၏ဆုံးဖြတ်ချက်တို့မှာ ပေါက်ဆိန်ဖြစ်သော်လည်း တပည့်များကားသူ့အား မြတ်နိုးစွာဖြင့် ဘုန်းဘုရားဟု ခေါ်ဝေါ်ကြသည်။

အကြောင်းမှာ ဘုန်းဘုရား၏ ပေါက်ဆိန်မှာ ရိုးရိုးသံပေါက်ဆိန် မဟုတ်ချေ။ မေတ္တာပေါက်ဆိန် ဖြစ်သည်။ မေတ္တာဟူသည် အေးမြကြည်လင်၏။ မွှေးပျံ့သင်းကြိုင်ရနံ့လှိုင်နေ၏။ နေရှရွှေတောင်နှင့်တူ၏။ နေရှတောင်တွင် အဘယ်ကဲ့သို့သော အရာဝတ္ထုသတ္တဝါမဆို ရွှေရောင်ကူးကာ ဝင်းဝင်းပြောင်နေသည်။ ထို့အတူ မေတ္တာ၏ အရိပ်အာဝါသအောက်တွင် လူတိုင်းအေးမြကြည်လင်၍နေသည်။ ရေသည် မီးကိုအေးစေသကဲ့သို့ ပူပြင်းတောက်လောင်သော သောက၊ ဒုက္ခတို့သည် မေတ္တာတရားကြီးမားသော ဘုန်းဘုရားထံပါးတွင် မနေနိုင်ကြပေ။ သောက၊ ဒုက္ခတို့သည် ဘုန်းဘုရား၏မေတ္တာရေသီတာတွင်အေးမြသော ချမ်းသာသုခအသွင်သို့ပြောင်းလဲတည်ကြလေသည်။

ဘုန်းဘုရားကားရိုးသားသည်ဖြစ်လျက်လည်း ထူးဆန်းသည်။

အထက်ပါ အကြောင်းအရာများမှာဆရာကြီးဦးသော်ဇင်၏ စာတွေ့၊ ငါတွေ့မှတ်တမ်းများဖြစ်၏။

စာရေးသူ ဆယ်တန်းအောင်သည့် ၁၉၇၄ ခုနှစ်၊ နွေရာသီမှစ၍ ဉာဏစာဂီကမ္မဋ္ဌာန်းရိပ်သာဝင်လေ့ရှိပါသည်။ ထိုစဉ်က ကျောင်းထိုင်မှာ ဉာဏစာဂီဆရာတော်ကြီးမှာ ဦးတေဇလက်ာရဖြစ်ပါသည်။ ဉာဏစာဂီဆရာတော်ကြီးရှိနေစဉ်မှာပင် တေဇစက္ကီကမ္မဋ္ဌာန်းရိပ်သာဟု ၁၉၇၉ ခုနှစ်တွင် ကျောင်းနာမည်ပြောင်းခဲ့ရလေသည်။

ပထမဉာဏစာဂီဆရာတော်ကြီး ခန္ဓာဝန်ချပြီးနောက် ဒုတိယဆရာတော်မှာ ဦးဓမ္မိက (ပြည်ခရိုင်၊ ပန်းတောင်းမြို့သား) ဖြစ်လေသည်။

စာရေးသူသည် ရိပ်သာနားသည့် အချိန်များတွင် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ခန္ဓာဝန်ချခဲ့ရာ ပေါက်စေတီကျောင်းသို့ ရောက်လေ့ရှိပါသည်။ တေဇစက္ကီကျောင်းမှ ပေါက်စေတီကျောင်းသို့ ခြေကျင်သွားလျှင် ဆယ်မိနစ်ခန့်သွားပါသည်။

ပေါက်စေတီကျောင်းတွင် လက်ရှိဆရာတော်ဦးသုမိတ္တာဘိဝံသ (စေတီယင်္ဂဏနှင့်အစိုးရဓမ္မာစရိယ) က သီတင်းသုံးလျက်ရှိပါသည်။ ဆရာတော်သီတင်းသုံးသည့်ကျောင်းပေါ်သို့ရောက်လျှင် မြတ်စွာဘုရားနှင့်ဘုန်းဘုရားကြီးဘိုးပေါက်စိန်၏ ပုံတော်ကိုလည်းကောင်း၊ ဆရာတော်ဦး သုမိတ္တာဘိဝံသအားရှိခိုးကန်တော့ပါသည်။ စာရေးသူက-

“ဘုန်းဘုရား ဘုန်းဘုရားကြီးဘိုးပေါက်ဆိန် ပျံလွန်တော်မူတာဘယ်ခုနှစ်ပါလဲဘုရား”

“မြန်မာနှစ် ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း (၁၄) ရက်၊ မနက် (၁၁) နာရီ၊ မိနစ် (၂၀) မှာ ပျံလွန်တော်မူခဲ့တယ်ဗျာ”

“ခန္ဓာဝန်စွန့်ချိန်မှာ ဘုန်းဘုရားကြီးရဲ့ ဝါတော်နဲ့ သက်တော်ဘယ်လောက်ရှိပြီလဲဘုရား။ နောက်ပြီး ဘုန်းဘုရားကြီးရဲ့ ခမည်းတော်၊ မယ်တော်တို့ရဲ့အမည်နဲ့ မွေးရာဇာတိကိုလည်း အမိန့်ရှိပါဘုရား”

“အင်း- အခုဒကာရဲ့မေးခွန်းတွေဟာ ကျုပ်လိုအတူနေတဲ့ တပည့်ရင်းတွေတောင် မသိတဲ့မေးခွန်းတွေဖြစ်နေတယ်ဗျာ။ ဘုန်းဘုရားကြီးကလည်း တစ်ခါမှ အမိန့်မရှိဖူးဘူး။ ဘုန်းဘုရားဟာ အလွန်ထူးခြားတဲ့ပုဂ္ဂိုလ်ဖြစ်သလို နှုတ်လည်းအင်မတန်စောင့်စည်းတယ်ဗျာ”

“တစ်ခါတုန်းက ကရင်ပြည်နယ်၊ ဘားအံဘက်က ဒကာ၊ ဒကာမတွေ ကျုပ်ကျောင်းကိုရောက်လာကြတုန်းက ဘုန်းဘုန်းဘုရားရဲ့ ရုပ်တုပုံတော်ကို ဒကာမကြီးတစ်ယောက်က တွေ့သွားတော့ ဖူးပြီး အရှင်ဘုရားနဲ့ကွဲသွားတာကြာပြီ၊ အခုမှဖူးတွေ့ရတော့တယ်ဆရာတော်ရဲ့ဆိုပြီး ဖက်ပြီးငိုပါလေရောဗျာ။ အဲဒီဒကာမကြီး အသက် (၈၀) ကျော်ပြီဗျာ။ သူ့ရဲ့စကားအရ ဘုန်းဘုရားရဲ့ ဇာတိက ဘားအံဘက်ကလို့ဆိုတယ်”

“အဲ - ကျုပ်တို့ ရွှေဟင်္သာ ဘန်ကောက် စက်သူဌေးဦးဘသန်း မကွယ်လွန်ခင်ကတော့ ဘုန်းဘုရားကို ရှမ်းလူမျိုးလို့ပြောတယ်။ မြောင်းမြက ဒကာတွေကလည်း မြောင်းမြကလို့ပြောသလို မုံရွာကဒကာတွေကလည်း မုံရွာဇာတိဖြစ်ပြီး မုံရွာမှာပဲ ပျံလွန်တော်မူလို့ သူတို့ကိုယ်တိုင် မီးသင်္ဂြိုဟ်ခဲ့ရတယ်လို့ဆိုသဗျ”

ဘုန်းဘုရား၏ ဇာတ်လမ်းမှာ အသိရခက်၍ လျှို့ဝှက်လှပေသည်။

ဘုန်းဘုရားကြီးရှိစဉ်က ဘုန်းဘုရားကြီးနှင့်အတူ ဆရာတော်ဦးသုမိတ္တသည် ပုပ္ပားနှင့်မြင်းခြံကြားရှိ ဝဲလောင်၊ ကျောက်ကာရွာရှိ မြင်းခြံက ဆီစက်သူဌေးကြီး ဦးကြွက်တည်ခဲ့သောဘုရားကို ထီးတော်တင်ရန် ရောက်ခဲ့စဉ်ကအတွေ့အကြုံများကို အောက်ပါအတိုင်းအမိန့်ရှိခဲ့ပါသည်။

မြင်းခြံရှိ ဆီစက်သူဌေးဦးကြွက်သည် ငယ်စဉ်က ဝဲလောင်၊ ကျောက်ကာရွာ၌ ဆင်းရဲစွာဖြင့် နွားကျောင်းသားအဖြစ်အသက်မွေးရသည်။ ရိုးသားကြိုးစားခဲ့သဖြင့် ဦးကြွက်ချမ်းသာလာရာ ဆီစက်များပိုင်ဆိုင်လာပြီး ဆီစက်သူဌေး ဦးကြွက်ဟု မြင်းခြံမြို့နှင့် ပုပ္ပားနယ်တစ်

ဝိုက်တွင် ထိုစဉ်က လူသိများခဲ့သည်။

ဦးကြွက်သည် ယခင်ဆင်းရဲသား ဘဝက နွားကျောင်းခဲ့သည့်နေရာဖြစ်သော ဝဲလောင်စာသင်တိုက်အတွင်း ဘုရားစေတီတော်တစ်ဆူ တည်ထားခဲ့သော်လည်း ဦးကြွက်၏ သားများက ဆက်၍ ထီးတော်တင်ရာ ထိုစေတီတော်ကို ထီးတင်၍မအောင်မြင်နိုင်ခဲ့ပေ။

ထို့ကြောင့် ဦးကြွက်၏သားများဖြစ်ကြသော ဦးအေးနှင့် ဦးသိန်းတို့က ၎င်း၏ဖခင်တည်ခဲ့သော စေတီတော်ကို ထီးတော်တင်ပေးပါရန် ဘုန်းဘုရားကြီး ထံအပ်နှံပါတော့သည်။

ဘုန်းဘုရားကြီးသည် ရက်ရွေးပေးကာ စေတီတော်၏ မုခ်လေးမုခ်တွင် ထန်းလက်တဲမဏ္ဍပ်ကို ထိုးလေသည်။

ဘုန်းဘုရားကြီးနှင့်အတူ တာဝန်ယူရသောဆရာတော်များမှာ-

၁။ မန္တလေး၊ မာန်အောင်ဆရာတော် ဦးနန္ဒိယ၊
၂။ ကြည့်မြင်တိုင် သဘာဝဓမ္မ ဆရာတော်ဦးစိန္တာနှင့်၊
၃။ ပထမဆေးဝက်ပါဆရာတော်ကြီး ဦးသူရိယတို့ပါဝင်ခဲ့သည်။

(ထန်းလက်တဲမှာ ဓာတ်သဘောအရ ကိန်းဆင်ခြင်းဖြစ်ကြောင်း၊ နောင်တွင် ဘုန်းဘုရားကြီးက ဦးသုမိတ္တာဘိဝံသအား အမိန့်ရှိခဲ့သည်။

ဘုန်းဘုရားကြီးနှင့်အတူ ပါဝင်ခဲ့သော ဆရာတော်များမှာလည်း ထိုအချိန်က ထင်ရှားကျော်ကြားသည့် သာသနာ့ဝန်ထမ်းဆရာတော်ကြီးများ ပင်ဖြစ်သည်။ ထီးတော်တင်လှူရန် အချိန်၌ ဘုန်းဘုရားကြီးက မန္တလေး၊ မာန်အောင်ဆရာတော် ဦးနန္ဒိယအား ထီးတော်တင်ခိုင်းရာ ထီးတော်နှစ်ဆင့်တင်စဉ် ကြိုးပြတ်သွားကာ ထီးတော်သယ်ဆောင်သော ပန်းရထားကြီးသည် ဘုန်းဘုရားကြီး၏ ထန်းလက်တဲပေါ်သို့ ပြုတ်ကျလေသည်။

ဘုန်းဘုရားကြီးက ကြိုးကိုပြန်ဆက်၍ ထီးတော်တင်စေရာ ထီးတော်အောင်မြင်စွာတင်နိုင်ခဲ့သည်။ ထီးတင်၍ပြီးသည့်နေ့ ညနေ (၄) နာရီခန့်တွင် စနေထောင့်မှ လေနီကြမ်းကြီးပြင်းထန်စွာတိုက်ခတ်သဖြင့် ဘုန်းဘုရားကြီးစံမြန်းနေသော ထန်းလက်တဲ အပါအဝင် မဏ္ဍပ်များအားလုံးနှင့် ဇာတ်စင်များပါ ပျက်စီးကုန်သည်။

စေတီတော်၏ ထီးတော်ကား ဘာမှမဖြစ်ပေ။ တိမ်းစောင်းခြင်းမရှိပါ။ ထိုအချိန်က ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်နှင့်အတူရှိနေသော ဦးသုမိတ္တ (ပေါက်စေတီကျောင်းဆရာတော်) က စိုးရိမ်သဖြင့်-

"ဘုန်းဘုရားဖြစ်ပါ့မလား။ တဲတွေလည်းပျက်ကုန်ပြီ"

ဟု ပြောရာ ဘုန်းဘုရားကြီးက-

"ဘာမှမပူနဲ့။ ထီးတော်ခိုင်လား မခိုင်လား စမ်းကြည့်တာ"

ဟုအမိန့်ရှိခဲ့ပေသည်။

မကြာမီ လေနီကြမ်းပြီး ငြိမ်သက်သွားပေသည်။ လေငြိမ်သွားလျှင် ဘုရားဘေးရှိ အပျက်အစီးများ မနည်းလှသော်လည်း ထီးတော်အသစ်မှာ တိမ်းစောင်းခြင်းပင်မရှိ။ ဘာမှမဖြစ်ခဲ့ပေ။

ယခင်က ထီးတော်တင်၍မရသည်မှာ ဘုရားအောက်တည့်တည့်တွင် ဘီလူးစောင့်သော နေရာရှိသဖြင့် ထိုဘီလူးကမကြိုက်၍ ထီးတင်မရအောင်လုပ်ခဲ့ရာ ဘုန်းဘုရားကြီးက မေတ္တာဓာတ်ပို့လွှတ်၍ နေရာရွှေ့ပြောင်းစေခဲ့ကြောင်း ဘုန်းဘုရားက ဦးသုမိတ္တအား အမိန့်ရှိခဲ့သည်ဟု စာရေးသူအားရှင်းပြပါသည်။

ထန်းလက်တဲထိုးရခြင်းရည်ရွယ်ချက်မှာလည်း မိုးကြိုးပစ် ထန်းလက်ကာသည့်ကိန်းဆင်ကြောင်း အမိန့်ရှိခဲ့သည်ဟုဆိုသည်။

ထိုညတွင် ဆရာတော်တည်းခိုရာ နေရာသို့ အဘိုးအိုတစ်ယောက် နွားလှည်းနှင့်ရောက်လာပြီး ကန်တော့ပါသည်။ ဘုန်းဘုရားကြီးက ထိုအဘိုးအိုဒကာအား-

"ဟေ့- မင်းဘယ်သူလဲကွ"

ဟု မေးရာ အဘိုးအိုက-

"မှန်လှပါ။ တပည့်တော် မောင်ဖြူပါဘုရား။ တပည့်တော် ငယ်ငယ်ကတည်းက အဖေကမှာခဲ့ပါတယ်ဘုရား၊ ဘိုးပေါက်ဆိန်ဆိုတဲ့ဘုန်းကြီး ဖူးဖြစ်အောင်ဖူး၊ ပုဂ္ဂိုလ်ထူးကွလို့ မှာခဲ့လို့ တပည့်တော် လာဖူးတာပါဘုရား"

အဘိုးအို၏စကားကြောင့် ဘေးနားရှိ ဦးသုမိတ္တာဘိဝံသအပါအဝင် တပည့်များအံ့သြရပေသည်။ ဘုန်းဘုရားကြီး၏ သက်တော်ကိုလည်း ပို၍ ခန့်မှန်းရခက်ပေတော့သည်။

ပုသိမ်မြို့ ပေါက်ကုန်းရွာက ပေါက်စေတီ

စာရေးသူသည် ပုသိမ်မြို့သို့မကြာခဏရောက်တတ်ပြီး သင့်လျော်ရာ နေရာများတွင် တရားအားထုတ်လေ့ရှိပါသည်။ စာရေးသူ၏ဆရာ ဆရာမောင်ပန်မွှေးသည်လည်းကောင်း၊ အဖေကြီး ဦးအောင်မြင့်သာသည်လည်းကောင်း၊ ဆရာတော်ကြီး ဦးဉာဏ(ကန်ကြီးထောင့်)သည်လည်းကောင်း၊ ပုသိမ်ဇာတိများဖြစ်ကြပါသည်။

ပုသိမ်တွင်ရောက်ရှိခိုက် စာရေးသူ၏ ဓမ္မမိတ်ဆွေဒေါ်နုနုအေး(ဆက်သွယ်ရေးအရာရှိအငြိမ်းစား) အိမ်တွင် ဘုန်းဘုရားကြီးအကြောင်းကို စာရေးဆရာမောင်ကိုကို (ပုသိမ်) ရေးသားသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဩဂုတ်လ ၁၉၉၅ ခုနှစ်တွင်ဖတ်ရလေသည်။

ဆောင်းပါး၏ခေါင်းစဉ်မှာ ထူးခြားသော သိုက်ဝင်ပစ္စည်းများ ဖြစ်ပြီး ယင်းဆောင်းပါးတွင် ဘုန်းဘုရားကြီး၏ သာသနာပြုလုပ်ငန်းခရီးစဉ်၏ ခြေရာတစ်စိတ်တစ်ဒေသကိုတွေ့ရှိရပါသည်။

ဘုန်းဘုရားကြီးသည် ပုသိမ်အရှေ့မြို့နယ်၊ ပေါက်ကုန်းရွာ၊ ပေါက်ကုန်းကျောင်းတိုက်တွင် တရားဓမ္မကျင့်ကြံအားထုတ်ခဲ့ပြီး ကိုးတောင်ပြည့်မြေစိုက်ပေါက်စေတီ စေတီတစ်ဆူကိုတည်ထားခဲ့လေသည်။

ပေါက်ကုန်းကျောင်းတိုက်ဆရာတော်ကြီး ဦးကုမာရသည် ဘုန်းဘုရားကြီး၏ ပေါက်စေတီအားငဲ့၍ ကုဋ္ဌာသယပေါက်စေတီကို ပြန်လည်ပြုပြင်ကာတည်ရန်ဆုံးဖြတ်ခဲ့သည်။

ပေါက်ကုန်း ဆရာတော်ကြီး ဦးကုမာရထံ ရောက်ရှိလာသော သိုက်ဝင်ရွှေ ငွေရတနာပစ္စည်းများ၊ ကျောက်မျက်များ၊ သိဒ္ဓိဝင်ဓာတ်လုံး၊ ဂျိုးအမြုတေ (ဂျိုးအမတေ) စသည်တို့အပြင် ရှေးဆရာတော်အစဉ်အဆက် ကိုးကွယ်ခဲ့သည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် သုံးဆူကိုပါ တစ်ပါးတည်း ထိုကုဋ္ဌာသယပေါက်စေတီတွင် ထည့်သွင်းဌာပနာမည်ဖြစ်ကြောင်းသိရပေသည်။

ထိုသိုက်ဝင်ပစ္စည်းများ ပေါက်ကုန်းဆရာတော် ဦးကုမာရထံ ရောက်ရှိလာပုံမှာလည်း ဆန်းကြယ်ထူးခြားလှပေသည်။ စိတ်ဝင်စားစရာလည်းကောင်းလှပေသည်။

၁၃၅၇ ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက် (၉-၄-၁၉၉၅) နေ့ နံနက် (၅) နာရီခန့်တွင် ဆရာတော်ဦးကုမာရထံသို့ ငပုတောမြို့နယ်၊ မြင်ခရိုင်၊ အုန်းချောင်းရွာမှ ဦးပဥ္စင်းတစ်ပါးရောက်ရှိလာပြီး မိမိဆရာတော်(အုန်းချောင်းရွာ

ဆရာတော်ဦးသူရိယ) မှပေးခိုင်း၍ လာပေးပါကြောင်း ပြောကြားအပ်နှံသွားခဲ့ပါသည်။

အုန်းချောင်းဆရာတော်ဦးသူရိယထံသို့ ထိုသိုက်ဝင်ပစ္စည်း (၁၅) မျိုးကို တစ်နေ့တွင် ကရင်လူမျိုးဟုထင်ရသော လူစိမ်းအမျိုးသမီးနှစ်ယောက် လာရောက်လှူဒါန်းခဲ့သဖြင့် ဆရာတော်ဦးသူရိယသည် ၎င်းတည်ထားကိုးကွယ်သည့်စေတီတော်တွင် ဌာပနာထည့်သွင်းခဲ့သော်လည်း မရရှိဘဲ ထူးခြားဆန်းကြယ်ဖြစ်ရပ်များ ဖြစ်ပေါ်လာသဖြင့် သိမ်းဆည်းထားခဲ့ပါသည်။

ရက်အတန်ကြာတွင် ထိုပစ္စည်း (၁၅) မျိုး လာရောက်လှူဒါန်းခဲ့သည့် အမျိုးသမီးနှစ်ဦး ဆရာတော်ဦးသူရိယထံ ထပ်မံရောက်ရှိလာပြီး-

'ဒီပစ္စည်းများမှာ ယခုဆရာတော်တည်သည့်စေတီတော်အတွက်မဟုတ်ကြောင်း ပုသိမ်အရှေ့မြို့နယ်၊ ပေါက်ကုန်းကျေးရွာ၊ ပေါက်ကုန်းကျောင်းတိုက်ဆရာတော်ထံသို့ ပို့ပေးပါရန်'

လျှောက်ထားပြီး ပြန်သွားကြပါသည်။ ထို့ကြောင့် အုန်းချောင်းဆရာတော် ဦးသူရိယက ပေါက်ကုန်းဆရာတော်ထံသို့ ပေးပို့ခဲ့သဖြင့် ဆရာတော်ဦးကုမာရထံရောက်ရှိခဲ့ပါသည်။

ထို့ပြင် အခြားထူးထွေဆန်းပြား၍ မယုံကြည်နိုင်စရာ အဖြစ်အပျက်များကိုလည်း ဆရာတော်ဦးကုမာရကြုံတွေ့ခဲ့ရပေသည်။

ထိုပစ္စည်းများ စုံလင်မှုရှိမရှိ လာရောက်စစ်ဆေးသည့်အသက် (၂၀) ခန့်ရှိ ကရင်အမျိုးသမီးသုံးဦးသည် ဆရာတော်ဦးကုမာရ အဓိဋ္ဌာန်ပုတီးစိပ်နေစဉ် မွှေးကြိုင်သောရနံ့များရ၍ သတိလစ်သကဲ့သို့ဖြစ်နေစဉ် ဆရာတော်ထံရောက်ရှိလာပြီး ဆရာတော်ထံပေးပို့သောပစ္စည်းများ ရောက်ရှိမရောက်ရှိနှင့် ပစ္စည်းစုံလင်မှုရှိမရှိစစ်ဆေးပြီး ဘုရားတည်ရာတွင် ဌာပနာရန်ပြောကြားကာ စေတီတော်ကြီး အောင်မြင်ပြီးစီး၍ ထီးတော်တင်ပါက အစ်မကြီးအား တိုင်တည်၍ အမျှဝေပေးပါရန်လျှောက်ထားမှာကြားခဲ့ပေသည်။

ထို့ကြောင့် ဆရာတော် ဦးကုမာရသည် ကုဏ္ဍသယပေါက်စေတီဘွဲ့တော်ဖြင့် ဘုန်းဘုရားကြီးဘိုးပေါက်စိန်၏ မူလကိုးတောင်ပြည့် စေတီတော်ကို ၎င်းကာ ခုနစ်ရက်သားသမီးများ အလှူငွေဖြင့် စုပေါင်း၍ တည်ထားပေသည်။

ဘိုးပေါက်ဆိန်၏ မူလစေတီတော်ကို ပေါက်ကုန်းဆရာတော်က ကုဏ္ဍသယ ပေါက်စေတီဘွဲ့တော်ဖြင့် တည်ခြင်းသည်ပင်လျှင် ပေါက်သုံးပေါက်စုံလင်သဖြင့် ပေါက်သုံးပေါက် ဘုန်းတောက်မည့် သာသနာဟု ဆိုနိုင်ပါသည်။ နိမိတ်ထူးဟုလည်း ယူဆနိုင်ပါသည်။

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ကား မေတ္တာစွမ်းအင်ကြီးမားလှပြီး သာသနာတော်အတွက် ပေါက်ပေါက်မြောက်မြောက် အံ့သြလောက်အောင် အားထုတ်သွားခဲ့၊ ပြုစုသွားခဲ့ပေသည်။

တပည့်သားများ ဝေနေယျများအပေါ်လည်း မေတ္တာလက်နက်ကို အစွမ်းထက်မြက်စွာ အသုံးချနိုင်စေခဲ့သလို ဒကာ၊ ဒကာမတို့အားလည်း ရတနာမြတ်သုံးပါးနှင့် မေတ္တာတရားရှေ့ထားရန် အမြဲထာဝရဆုံးမသြဝါဒထူးများပေးခဲ့ပါသည်။

စင်စစ်ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ခေါ် ဆရာတော်ကြီးဦးဝိဇ္ဇာဓရသည် ပရိယတ္တိ သာသနာတော်ကြီးကိုလည်း အများနှင့်မတူ အံ့သြချီးကျူးဖွယ် ပြုစုပျိုးထောင်သာသနာပြုနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်များကား အများအပြားပင်ရှိလေသည်။

မြန်မာနိုင်ငံတွင်သာမက အိန္ဒိယနိုင်ငံဟာ ဗောဓိအသင်းကြီးနှင့်ဗုဒ္ဓဂါယာအထိ သာသနာပြုလုပ်ငန်းများက များပြားလွန်းလှပေသည်။

ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော်စည်ပင် ထွန်းကားစေရန်နှင့်အခြားသော သာသနိကအဆောက်အအုံများကား များပြားလှပေစွ။

ထိုသို့ သာသနာပြုလုပ်ငန်းများကို ဘုန်းဘုရားကြီးကိုယ်တော်တိုင် တပည့်ပေါင်းများစွာနှင့် ဦးဆောင်ဦးရွက်ပြုကာဆောင်ရွက်ခဲ့ရာတွင် ထင်ရှားကျော်ကြားသော တပည့်သံဃာတော်ကြီးများ အနက် ထိုဂဉ်က ဦးပရမဝဏ္ဏသိဒ္ဓိ (နောင်တွင် ယောဂီဦးပြည့်စုံဘဝနှင့် သာသနာပြုရင်း ကွယ်လွန်ခဲ့သည်) မှာ အထူးထင်ရှားလှသော ပုပ္ပား၊ ပုဂံ သာသနာပြုပုဂ္ဂိုလ်အကျော်အမော် ဖြစ်ပါသည်။

အခြားထင်ရှားသော တပည့်သံဃာတော်များမှာ မန္တလေးမာန်အောင်ဆရာတော်ဦးနန္ဒိယ၊ ကြည့်မြင်တိုင် သဘာဝဓမ္မဆရာတော်ကြီး ဦးစိန္တာ၊ အင်းစိန်စော်ဘွားကြီးကုန်း ပထမဆေးခက်ပါဆရာတော်ကြီးဦးသူရိယ၊ အောင်လံကိုးသိန်းတောင် ဆရာတော်ကြီး ဦးဝိဇ္ဇာဉာဏ(ဦးမိုးကြိုး)၊ တောင်ငူမြတ်စောညီနောင်ဆရာတော်ကြီး ဦးသီလဝံသ၊ တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်၊ ဝိဇ္ဇာဓရစာသင်တိုက်၊ မြို့ဦးကျောင်းဆရာတော်ကြီး၊ ပေါက်စေတီကျောင်းဆရာတော်ကြီး ဦးသုမိတ္တာဘိဝံသနှင့် ဓမ္မဒူတအရှင်ပညာဇောတတို့သည် ထင်ရှားကျော်ကြားလှပြီး ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်၏ လက်ရင်းတပည့်ကြီးများ ဖြစ်ပေသည်။

ထို့ပြင် စင်ကာပူ ပီနံဆရာတော်ကြီးဦးပညာဝံသ၊ အင်္ဂလန်ဆရာတော်ကြီးဒေါက်တာရေဝတဓမ္မတို့သည်လည်း ဘုန်းဘုရားကြီး၏ တပည့်များဖြစ်ကြပေသည်။

စင်ကာပူပီနံဆရာတော်ကြီး ဦးပညာဝံသ အကြောင်း တစေ့တစောင်း

စင်ကာပူ ပီနံဆရာတော်ကြီး၏ မူလဇာတိမှာ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့ဇာတိဖြစ်ပေသည်။ ဝန်ကြီးချုပ်ဦးနုနှင့် ဆွေမျိုးတော်စပ်လေသည်။

၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ဆရာတော်ကြီး၏မဟာသန္တိသုခကျောင်း (ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်) ဖွင့်ပွဲကျင်းပရာ စာရေးသူ၏ ဖခင်နာမည်သည် ဦးရန်အောင်ဖြစ်၍ နိမိတ်ကောင်းသည်ဆိုကာ အဖေက ကျောင်းဖွင့်ပေးခဲ့ရလေသည်။

ဆရာတော်ကြီးသည် စင်ကာပူ ပီနံတွင်အနေများသဖြင့် စင်ကာပူ၊ ပီနံဆရာတော်ကြီးဟု ခေါ်ဝေါ်ကြလေ

သည်။

၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဆရာတော်ကြီး မြန်မာပြည်သို့ ခေတ္တပြန်ကြွလာရာ ဆရာဒေါက်တာချစ်စံဝင်း စီစဉ်ပေးချက်အရ ဆရာကြီး ဒါရိုက်တာဦးသုခအိမ် (ပါရမီ) တွင် ဆရာတော်ကြီးကို ဆွမ်းကပ်ရန် စီစဉ်ကြသည်။

အကြောင်း အမျိုးမျိုးကြောင့် ဆရာဦးသုခအိမ်တွင် ဆွမ်းမကပ်ဖြစ်ဘဲ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) (ဝါ) ဆရာကြီးမှူးသမိန်အိမ် (ပါရမီ) တွင် ဆရာတော်ကြီးကိုဆွမ်းကပ်ဖြစ်သည်။

ဆွမ်းကပ်သည့်ပွဲသို့ အဖေဦးရန်အောင်ကိုဖိတ်ရာ စာရေးသူပါ ကပ်ပါသွားသည်။ ယင်းပွဲသို့ ဆရာကြီးဦးသုခလည်း ရောက်လာသည်။

ဆရာတော်ကြီးအပါအဝင်သံဃာတော်ငါးပါးကိုဆွမ်းကပ်ကြသည်။

ဆွမ်းကပ်ပြီးနောက် အဖေဦးရန်အောင်က ပီနံဆရာတော်ကြီးကို ငွေတစ်သိန်းကျပ် နဝကမ္မလှူဒါန်းလေသည်။

ဆရာဦးသုခကဆရာတော်ကြီးကို လျှောက်ထားပုံမှာ-

"ဆရာတော်ကြီးဘုရား ဆရာကြီးဦးရန်အောင်ဟာ ရန်ကုန်မြို့ (၄၄) လမ်းရှိဉာဏ်လင်း စာပေတိုက်ပိုင်ရှင် ဦးအောင်၊ ဒေါ်မြမြဝင်းတို့ရဲ့ကျေးဇူးရှင်ပါ။

ထိုအချိန်ကတည်းက ဦးအောင်၊ ဒေါ်မြမြဝင်းတို့သည် စင်ကာပူသို့ မကြာခဏသွားကာ ဆရာတော်ကြီး လိုအပ်သမျှကို လှူဒါန်းလေ့ရှိပါသည်။

ထိုအခါ အဖေဦးရန်အောင်က-

"ဒီလိုပါဆရာတော်ကြီး။ တပည့်တော်က ကိုအောင်ငယ်စဉ်ကတည်းက လိုအပ်သမျှ တတ်နိုင်သလောက် ကူညီခဲ့လို့ပါ။ ပုံနှိပ်တိုက်ပညာကိုလည်းတပည့်တော်သင်ပေးခဲ့တာပါ"

ထို့နောက် အဖေဦးရန်အောင်နှင့် ဆရာဦးသုခတို့ အချီအချစကားပြောကြပုံမှာ-

ဆရာဦးသုခက 'ဆရာရန်အောင်က ကျွန်တော့်ထက် အသက်ငါးနှစ်ကြီးတော့ ကွယ်လွန်ရင် ကျွန်တော့်ထက် အရင်ကွယ်လွန်မှာပါ"

အဖေဦးရန်အောင်ကလည်း အားကျမခံ-

"ဆရာသုခဆိုတော့ မသာစုချပေါ့။ ဆရာရန်အောင်ဆိုတော့ မသာပြန်ထောင်ပေါ့"

အဖေတို့ အချီအချစကားပြောနေကြပုံကို ပီနံဆရာတော်ကြီးကပြုံးပြီး-

"ဒကာကြီးတို့ နှစ်ယောက် လူရှင်တော်လုပ်ရင် ပရိသတ်သိပ်ကြည့်ကြမှာ"

ထိုအခါ အဖေက-

"တပည့်တော်တို့ လူရှင်တော်လုပ်ရင် ဘုန်းကြီးတွေက ထိပ်ဆုံးကပွဲကြည့်ကြမှာ"

ထိုအခါ အားလုံးက ရယ်ကြပြီး ဆရာဦးသုခက-

"ဒီတစ်ခါတော့ ဆရာရန်အောင်က ကျွန်တော့်ထက်သာသွားပြီဗျာ"

ဟု ပြောလေသည်။

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်နှင့် ကျွန်တော့်ကိုယ်တွေ့

စာရေးသူသည် ရွှေတိဂုံဘုရားသို့ နေ့စဉ်တစ်ခေါက် (သို့)နှစ်ခေါက်ရောက်လေ့ရှိသည်မှာ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်အထိဖြစ်ပါသည်။ စာရေးသူထံတွင် ရွှေတိဂုံဘုရားသို့ ညလုံးပေါက် ဖူးမြော်ခွင့်လက်မှတ်လည်း ရှိပါ သည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ညတွင် စာရေးသူသည် ရွှေတိဂုံဘုရား၊ ရာဟုထောင့်ရှိ ရှင်စောပုဘုရားအရှေ့ ကွပ်ပျစ်တွင် ညလုံးပေါက်ပုတီးစိပ်၊ တရားထိုင်နေပါသည်။ ထိုစဉ် မိုးကရွာလာသဖြင့် ကျွန်တော့်တွင် ထီးမပါလာသဖြင့် ရှင်စောပုဘုရားရှေ့ရှိ စကားပင်ကြီးအောက်နားကပ်ပြီး မိုးခိုကာပုတီးစိပ်၊ တရားထိုင်ဆက်လုပ်ပါသည်။

ညဉ့် (၁၂) နာရီထိုးသောအခါ ဘုရားရှေ့ရှိ ကွပ်ပျစ်ကို တောင်ဝေ့ဖြင့် ရိုက်သောအသံ တဒုန်းဒုန်းမြည်လာသဖြင့် ကျွန်တော်သည် တရားထိုင်နေရာမှ နောက်သို့လှည့်ကြည့်ရာ ဘုန်းတော်ကြီးတစ်ပါးကို ကျောခိုင်းလျက် ဖူးတွေ့ရလေသည်။ အနီးအနားတွင် မည်သူမှလည်းမတွေ့ရပေ။

ညဉ့် (၁) နာရီထိုးသောအခါ နောက်တစ်ကြိမ်ကွပ်ပျစ်ကို တောင်ဝှေးဖြင့် ရိုက်သောအသံ မြည်လာပြန်ရာ ကျွန်တော်၏စိတ်ထဲ၌ 'ငါတရားထိုင်နေတာ မသိဘူးလား' ဟုတွေးထင်ပြီး နောက်လှည့်ကြည့်ပြန်ရာ ယခင်ဘုန်းတော်ကြီးပင်ဖြစ်ပြီး မျက်မှန်အနက်တပ်ဆင်ထားသည်ကို တွေ့လိုက်ရလေသည်။

ညဉ့် (၂) နာရီထိုးသောအခါ မိုးလည်းစဲသွားသဖြင့် ကျွန်တော်သည် တရားထိုင်နေရာမှ ရပ်နားပြီး အိမ်သို့ လမ်းလျှောက်ပြန်လာခဲ့လေသည်။ (၃) နာရီတွင် အိမ်ပြန်ရောက်ပြီး တစ်ရေးအိပ်လိုက်ရာ ရွှေတိဂုံဘုရား၊ ရှင်စောပုဘုရားရှေ့တွင် ဖူးတွေ့လိုက်ရသော ဘုန်းတော်ကြီးကို အိပ်မက်ထဲတွင် အထင်အရှားဖူးတွေ့လိုက်ရလေသည်။

ထိုအခါ ဘုန်းတော်ကြီးက-

"ငါဘယ်သူလဲသိလား"

ဟု မေးရာ ကျွန်တော်က-

"မသိပါဘူးဘုရား"

ဟု လျှောက်ထားရာ၊ ဘုန်းတော်ကြီးက-

"ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ဆိုတာ ငါပဲ"

ဟု မိန့်ဆိုပြီး ပျောက်ကွယ်သွားလေတော့သည်။

ဘုန်းဘုရားကြီးသည် မြန်မာနှစ် ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း (၁၄) ရက်၊ မနက် (၁၁) နာရီ မိနစ် (၂၀)တွင် ခန္ဓာဝန်ချသွားလေသည်။

ဤဆောင်းပါးဖြင့် ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်နှင့်အဖေဦးရန်အောင်တို့အား ဦးခိုက်လျက် . . ။

တင်အောင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး

၁။ ဦးမောင်မောင်ညွန့်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ နှစ် (၁၀၀) ပြည့်၊ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ၊ စာ-၁၄၄။

၂။ ဝင်းတင့်ဦး (ကြံခင်း)၊ ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်၏ သာသနာပြုခရီး ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ၊ စစ်သည်တော်စာပေ၊ ဒဂုံတောင်ပိုင်း။

၃။ ဦးသော်ဇင်၊ ဘုန်းဘုရားကြီးသာသနာပြုသမိုင်း အကျဉ်းချုပ်။

၄။ မြန်မာနိုင်ငံရဟန္တာနှင့် ရဟန်းထူးများ (တတိယတွဲ)၊ (မောင်ပန်းမွှေးပြုစုသည်)

၅။ သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ(တင်အောင်သွင်)၊ (တိုးထက်စီစဉ်၍ ရအောင်စာပေမှထုတ်ဝေသည်)

၆။ ပုံတော်များ ကိုစင်းတင့်ဦး(ကြံခင်း) ပြုစုသော စာအုပ်မှရရှိပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ

ကောင်းကျိုးပေးဖြော
တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

ဇန်နဝါရီလ ၁ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၉၊ ၀) လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၃ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၄ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၅ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ဆို ပါ။

ဇန်နဝါရီလ ၆ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၇ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၈ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၉ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၀ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၁ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၃ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရာင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။

တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္တာဒေဝ မနုဿာနံ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၄ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၅ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၆ရက်၊ တနင်္ဂနွေနေ့-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၇ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉)ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၈ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၉ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၀ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော'(၉)ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၁ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၂ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၃ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၄ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၅ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ အောင်သိဒ္ဓိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၇ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန်နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၈ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၉ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၃၀ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၃၁ ရက်၊တနင်္လာနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက် အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဆရာ့ကျေးဇူးအထူးအောက်မေ့လျက်။

ဒေါ်ခင်စံသူ (B.Sc)

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်- ဘုရားရှင်အား ယခုတ
အညွှန့်၊ ပန်းများနှင့်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ-စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ-တစ်နေ့ထဲ ဘုရားသုံးဆူလှည့်၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ-အိမ်ကိုဓာတ်မရိုက်ပါနှင့်၊ ကြာသပတေးနာမည်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
ကားရောင်းလိုသူများ-ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ-ကြာသပတေးနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ (၅) မျိုး ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ- အိမ်ထဲရှိ စနေနံပစ္စည်းအဟောင်း၊ အပျက်၊ အစုတ်များကို ရှာဖွေ ရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ- ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်း အမှိုက်များကောက်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ- ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများ မပြောပါနှင့်။
ကျန်းမာရေး- ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကိုတွေ့လျှင် ဆေး၊ ငွေ၊ အာဟာရ တစ်ခုခုလှူပေးပါ။
ထီကံကောင်းလိုသူများ- ကြာသပတေးနံအက္ခရာများနှင့် (၅) အစ (၅) အဆုံးထီလက်မှတ်များကို (၅) စောင်တွဲ ရွေးချယ်ကံစမ်းထားလိုက်ပါ။

တနင်္လာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်- ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ- သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ- နံနက်စောစော ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
အိမ်ရောင်းလိုသူများ- အိမ်ကို အင်္ဂါနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
ကားရောင်းလိုသူများ- ကားကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ- 'အင်္ဂါ' နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့်မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ- နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ- အိမ်မှလမ်းလျှောက်သွားလျှင်အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ- နှမ်းပါးသူများကို အဝတ်အထည်လေးများ တစ်ပိုင်တစ်နိုင်လှူပါ။ ငှက်လေးများကိုအစာကျွေးပါ။
ကျန်းမာရေး- ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
ထီကံကောင်းလိုသူများ- စက်ဘီး၊ သုံးဘီးဆိုင်ကယ်လေးများဖြင့်ရောင်းသောထီသည်ထံတွင် (၃) အစ၊ (၃) အဆုံးဂဏန်းများကို အင်္ဂါနံအက္ခရာများနှင့်ရွေးချယ်ကံစမ်းထားလိုက်ပါ။

အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်- ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ- စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ- သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းလှူပါ။

အိမ်ရောင်းလိုသူများ- အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

ကားရောင်းလိုသူများ- ကားကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ- 'ရွှေ' ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ- အိမ်ထဲရှိ အသုံးမလိုတော့သည့် အလှအပဆိုင်ရာပစ္စည်းအဟောင်းများ၊ ဘူးခွံ၊ ပုလင်းခွံများကိုရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

လူမှုရေးအတိုက်အခံများသူများ - နေ့စဉ် သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်၍ရွတ်ပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ- ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။ ခိုလေးများကိုအစာကျွေးပါ။

ကျန်းမာရေး- ထမင်းစားတိုင်း ဖုဿဂါထာ (၇) ခေါက်ရွတ်မန်းပြီးစားပါ။ ရေသတ္တဝါလေးများကို အစာကျွေးပါ။

ထီကံကောင်းလိုသူများ - လှည်းလေးနှင့် ရောင်းသော ထီဆိုင်တွင် (၅) အစ (၅) အဆုံးထီလက်မှတ်လေးများကို ကြာသပတေးအက္ခရာများနှင့်ရွေးချယ်ကံစမ်းပါ။

ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်- ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံအသီးအညွှန့်ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ- သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ- သံဃာတော်အရှင်သူမြတ်များကို နံနက်စောစောတန်းဆွမ်းလောင်းလှူပါ။

အိမ်ရောင်းလိုသူများ- အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

ကားရောင်းလိုသူများ- ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ- 'ကြာသပတေး' နံ ဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ- မေတ္တာသုတ်ကို နေ့စဉ်ဖြိုက်သက်အလိုက်ရွတ်ပါ။

လူမှုရေးအတိုက်အခံများသူများ- ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း ဆောင်ရွက်ပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ- ချစ်သူနှင့် ဆုံရန်သွားတိုင်း အနီရောင်၊ အမည်းရောင်အကျီလေးများဝတ်မသွားပါနှင့်။

ကျန်းမာရေး-ရေသတ္တဝါလေးများကို အစာကျွေးပါ၊ ဘေးမဲ့လွှတ်ပေးပါ။

ထီကံကောင်းလိုသူများ- စက်ဘီး၊ သုံးဘီးဆိုင်ကယ်များနှင့်ရောင်းသော ထီသည်ထံတွင် (၃) အစ(၃) အဆုံးထီလက်မှတ်လေးများကို အင်္ဂါနံ၊ ကြာသပတေးနံအက္ခရာများနှင့်ရွေးချယ်ကံစမ်းထားလိုက်ပါ။

ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်- ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ အပွင့်၊ အညွှန့် ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ- အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ- သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများလှူပါ။

အိမ်ရောင်းလိုသူများ- အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ- ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ- 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ- လက္ခဏာရှားပါးသူများကို မီးဖိုချောင်ပစ္စည်းလေးများ အဝတ်အထည်ဟောင်းလေးများ စွန့်ကြဲပေးကမ်းပါ။

လူမှုရေးအတိုက်အခံများသူများ- ဂြိုဟ်ရှစ်ခွင်ပတ်၍ ရေသပ္ပာယ်ပါ။ မွေးနံထောင့်မှစပြီး စနေထောင့်အထိ ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်စဉ် နှုတ်မှသရဏဂုံရွတ်နေပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ- ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။ ဖုန်းပြောရင်း အပိုစကားများ၊ အမှားပါသွားတတ်၍သတိပြုပါ။
ကျန်းမာရေး- ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကို ဆေး၊ ငွေ၊ အာဟာရတစ်နိုင်လှူပါ။
ထီကံကောင်းလိုသူများ- အိမ်ရှေ့နားတွင် ထီသည်လာရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်- ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ- စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ- သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။
အိမ်ရောင်းလိုသူများ- အိမ်ကို ကြာသပတေးနာမည်ရှင် အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
ကားရောင်းလိုသူများ- ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ- 'ကြာသပတေး' နံ ဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပန်းပေါင်းစုံ (၅) မျိုး ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ- အိမ်ထဲရှိ စနေနံ၊ ဗုဒ္ဓဟူးနံ ပစ္စည်းအဟောင်း၊ အစုတ်များ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ- ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။ သမ္ဗုဒ္ဓေဂါထာကို နှုတ်မှမပြတ်ရွတ်၍ဆောင်ရွက်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ- ချစ်သူကို အမည်းရောင်အိတ်လက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီဝတ်မသွားပါနှင့်။
ကျန်းမာရေး- ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
ထီကံကောင်းလိုသူများ- ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် (၅) အစ (၅) အဆုံး (၆) အစ (၆) အဆုံး ထီလက်မှတ်လေးများကိုရွေးချယ်ကံစမ်းထားလိုက်ပါ။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်- ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ- သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ- တစ်နေ့ထဲ ဘုရား (၃) ဆူလှည့်၍ ပဋ္ဌာန်းရွတ်ပါ။
အိမ်ရောင်းလိုသူများ- အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ- ကားကို အင်္ဂါနာမည်ရှင် အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ- 'အင်္ဂါ' နံ ဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ဓမ္မစကြာရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ- မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
လူမှုရေးအတိုက်အခံများသူများ- ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ- ချစ်သူနှင့်စကားအငြင်းအခုံမလုပ်ပါနှင့်။ ကိုယ်ကလျှော့ပေးပါ။ နှစ်ယောက်အတူ ငှက်၊ ငါးလေးများကို အစာကျွေးပါ။
ကျန်းမာရေး- နွမ်းပါးသော သက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရ တစ်နိုင်လှူပါ။
ထီကံကောင်းလိုသူများ- စက်ဘီး၊ ဆိုင်ကယ်၊ လှည်း စသည်တို့နှင့်ရောင်းသောထီသည်ထံတွင် (၃) အစ၊ (၄) အဆုံး၊ (၄) အစ (၃) အဆုံးထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်

ဗုဒ္ဓဟူး- အင်္ဂါပိတ်မှည့်ထားသူများအနေနဲ့ အခြားသူများထက်ပိုမိုကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများရယူပါ။
ဥပမာ-ဝင်းဆု- လှဖွဲ့- ရှိန်းစံ။

မိမိကောင်းမှု၊ အကြောင်းပြု ဆုမတောင်းဘဲ ပြည့်ပါစေ။

ပြည်သိန်းကျော်

လက်တွေ့ဖြည့်စွက် သူရဋ္ဌလက်ဆောင်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

အကြံအစည်တစ်ခုခုပြုတော့မယ်ဆိုရင်-

နိမိတ်ကိုလေ့လာပါ။

ဓာတ်ရိက်ဓာတ်ဆင် အစီအရင်လုပ်မယ်ဆိုရင်လည်း ဒီတိုင်းပါပဲ။ နိမိတ်ကိုအတတ်နိုင်ဆုံးလေ့လာပါ။

ဆိုကြပါစို့။

ငွေတွေပြန်ရဖို့ ဓာတ်တစ်ခုခုဆင်လိုက်တဲ့အချိန်မှာ ခွေးတစ်ကောင် ကားကြိတ်သွားတာ စက်ဘီး၊ ဆိုင်ကယ်တိုက်သွားတာ ခဲနဲ့ပစ်ခံရလို့ အော်ပြီးပြေးတာ တစ်ခုခုမြင်လိုက် ကြားလိုက်ရင် ဒါဟာ တနလာနံနာသွားတဲ့သဘော ဆိုတာ သတိလေးထားလိုက်ပါ။

ဒါမှမဟုတ် အစီအရင်လည်းလုပ်ရော ငွေကြေးအကျပ်အတည်းကို ညည်းတွားပြောဆိုသံ တစ်ခုခုကြားရတာမျိုး ငွေကြေးနဲ့ပတ်သက်ပြီး ဒုက္ခရောက်နေတဲ့မြင်ကွင်းမျိုးတွေ့လိုက်ရင်လည်းသတိလေးထားလိုက်ပါ။

အဲဒီလို နိမိတ်တွေမြင်တာမျိုး ကြားတာမျိုးဖြစ်လာရင် ငွေတွေလက်လွှန်ထားတာပြန်ရဖို့ ငွေကြေးနဲ့ဆိုင်တဲ့ ရစရာအရေးအဝယ်ကိစ္စတွေ အဆင်ပြေဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ မအောင်မြင်နိုင်တော့ပါဘူး။ မယုံမရှိပါနဲ့။ လက်တွေ့တွေပါ။ ရက်တွေရွှေ့ပြီးမှ အစီ အရင်ထပ်လုပ်ရပါတယ်။

အဲဒီလိုမှ မဟုတ်ရင်တော့ တနလာနံသတ္တဝါတွေကို ဦးဆုံးအစားကျွေးတာတွေ ထိထိရောက်ရောက်လုပ်ရပါလိမ့်မယ်။ တစ်ပတ် ဆယ်ရက်လောက်ထိအောင်လုပ်ပြီးမှ စောစောက ငွေဝင်အစီအရင်ကို ပြန်လုပ်မှသာ အဆင်ပြေသွားနိုင်ပါတယ်။

အလုပ်ရဖို့ ဓာတ်ဆင်ရင်လည်း ဒီလိုပါပဲ။

"ဟာ- သွားပါပြီကွာတို့ လိမ့်နေတာပဲတို့ ဘဝပျက်ပါပြီတို့ တစ်ခုခုကြားလိုက်တာမျိုး၊ တစ်စုံတစ်ယောက်အလုပ်ပြုတ်သွားတာမျိုး၊ အလုပ်အဆင်မပြေလို့ မနည်းရှာစားနေရတယ်ဆိုတာမျိုး တစ်ခုခုကြားလိုက်ပြန်ရင်လည်း အခက်အခဲတွေဖြစ်သွားနိုင်တာမို့ ရက်ရွှေ့ပြီး ထပ်လုပ်ပါ။

ကိုယ်ဘာလုပ်မှာလဲ-

ကိုယ်လုပ်မယ့်နံနဲ့ ပတ်သက်ပြီး နံသင့်ကိစ္စတစ်ခုခုပျက်သုဉ်းတာ၊ လွင့်စင်တာ၊ ရပ်ဆိုင်းတာကြားရင် ဒါသတိထားရတော့မှာပါ။ အိမ်နဲ့ပတ်သက်လာရင် တနင်္ဂနွေနံတွေ ထိခိုက်ပျက်စီးတာမျိုးကြားလိုက် မြင်လိုက်လို့မဖြစ်ပါဘူး။

ဒီလိုပါပဲ။ ရှင်သန်ခြင်းအတွက် ကြိုးစားလုပ်ကိုင် စီရင်တော့မယ်ဆိုရင်လည်း သေဆုံးခြင်း၊ ရပ်ဆိုင်းခြင်း၊ ဘဝပြောင်းလဲခြင်း၊ ပြိုပျက်ခြင်းနိမိတ်တွေ့လို့ကတော့ ရက်ရွှေ့ပါ။ မလောပါနဲ့။

ဒီလောက်ပြောလိုက်တာနဲ့စကားနိမိတ်၊ အကြားနိမိတ်၊ အမြင်နိမိတ်တွေဟာလျှော့တွက်လို့မရဘူးဆိုတာတော့ လက်ခံနိုင်လောက်မှာပါ။ နိမိတ်သဘောက ကိုယ်ဖန်တီးလို့လည်း မရပါဘူး။ သူ့သဘာဝအတိုင်းသူ ဖြစ်ပေါ်နေတာပါ။ ဒါကို အနီးစပ်ဆုံး စဉ်းစားကြည့်ဖို့ပဲလိုပါတယ်။ ဒါတောင် တချို့နိမိတ်တွေ ကောက်ရတာ လွဲချော်သွားတာတွေလည်းရှိပါတယ်။ ဒီလိုပဲ လေ့ကျင့်ယူရတာပါပဲ။ စူးစမ်းယူရတာပါပဲ။ သတိထားကြည့်ယူရတာပါပဲ။

တစ်ခါကများ-

လူတစ်ယောက် နေမကောင်းလို့ သူ့အတွက် အစီအရင်တစ်ခုလုပ်ပေးဖို့ စီစဉ်နေတုန်း နွားတစ်ကောင်ကို နွားကျောင်းတဲ့လူက တဖြုန်းဖြုန်း ကြိမ်နဲ့ရိုက်ပြီး မောင်းလာတာတွေ့ရပါတယ်။ လက်ထဲမှာလည်း နွားကိုချည်ထားတဲ့ ကြိုးတန်းလန်းနဲ့ နွားက ဟိုမှေ့ ဒီမှေ့ ပြေးရင်း တအောင့်လောက်ကြာတော့ ဟိုလူ့လက်ထဲက ကြိုးလွတ်သွားပါတယ်။ နွားကရှေ့ကပြေး သူကနောက်

ကဆဲဆိုပြီး ပြေးလိုက်ပေါ့။

နေမကောင်းတဲ့လူက စနေနံမည် စိတ်မကောင်းဘူး၊ သွားပါပြီ စနေ အရိုက်အနှက်ခံရတဲ့နိမိတ် ကြိုးတန်း လန်းချည် ခံထားရတဲ့နိမိတ်ဆိုတော့လို့ တွေးပြီး ရက်ရွှေ့လိုက်ပါတယ်။ မစီရင် ဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် နောက်ငါး ရက်လောက်ကစပြီး အဲဒီစနေသား ဟာ လမ်းထလျှောက်နိုင်ပါတော့တယ်။ နောက်ပိုင်းကောင်းသွားပါလေရော။

ဒီတော့မှ ဟာ နွားဟာအရိုက်ခံ နေရတဲ့အခြေအနေကနေ လွတ်မြောက် သွားပြီး ရှေ့ကပြေးတဲ့စနေလွတ်မြောက် ခြင်းနိမိတ်ကို ငါကောက်ရမှာပါလားလို့ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

ကြာခဲ့ပါပြီ။

အဲဒီလိုပဲ လူတစ်ယောက် သင်္ဘောတက်ဖို့စောင့်နေရတာ ကြာ လွန်းလွန်းလို့ဆိုပြီးလာပါတယ်။ သူ့ အတွက် မာတ်ရိုက်တော့မယ်လည်း လုပ်ရော ကြုံကြုံဖန်ဖန် ကလေးနှစ် ယောက် ရေပက်ဆော့ကစားနေကြတာ လှမ်းမြင်လိုက်ပါတယ်။ သင်္ကြန်ကာလ လည်းမဟုတ်ပါဘူး။ ရေချိုးခါနီး အင်္ကျီ ချွတ်ဆော့နေကြတာလည်း မဟုတ်ပါ ဘူး။ အင်္ကျီ၊ ဘောင်းဘီလေးတွေနဲ့ပါ။ အင်း-သင်္ကြန်လည်း မဟုတ်တော့ မဖြစ် နိုင်တဲ့အချိန်မှာ မဖြစ်နိုင်သေးတဲ့ကစား နည်းပဲဆိုပြီး (၁၅)ရက် လောက်ရက်ရွှေ့ ပြီးမှ စီရင်ဖို့ပြန်ချိန်းလိုက်ပါတယ်။ (၁၅) ရက်ပြည့်ခါနီးလောက်လည်း ကျရော သူကအားရဝမ်းသာ လာပြောပါတယ်။ ခေါ်စာရောက်ပြီတဲ့။ ထွက်ရတော့မယ် တဲ့။

ပြန်စဉ်းစားကြည့်တယ်။ ဘယ်လို မှစဉ်းစားလို့မရဘူး။ စဉ်းစားလို့ရတာက တော့ ကလေးတွေပျော်ရွှင်နေကြတယ်။ မှိုင်တွေနေတာမဟုတ်ဘူး။ ပြီးတော့ အချိန်အခါမဟုတ် ရေပက်တယ်။ ဒါ ရေပေါ်တဲ့သဘော ရေပေါ်ရင် ရေများ တဲ့ကိစ္စကိုစဉ်းစားကြည့်တော့ ရေတွေ ပေါ်လွန်းတဲ့ ပင်လယ်၊ သမုဒ္ဒရာဒါပဲဖြစ် ရမှာလေ။ ဆက်စပ်တွေးရတော့မှာ ဒါဆို သူတက်မယ့်သင်္ဘောကိစ္စနဲ့ အနီးစပ်ဆုံး ဖြစ်သွားပြီ၊ ဖြစ်ပြီးမှ လိုက်ဖော်ကြည့် နေတာကိုပြောပါတယ်။

နောက်-

ပိုက်ဆံချေးဖို့ကောင်း မကောင်း တိုင်ပင်တာ။

အဲဒီတုန်းကတော့ အစီအရင်လုပ် ဖို့မဟုတ်ဘူး။ နိမိတ်ကို ကြည့်လိုက်တာ ဘာသွားတွေ့လဲဆိုတော့ ကိုယ်ပိုင်လေး ဘီးကားလေးပေါ်က ဆင်းလာတဲ့ ပိုက်ဆံ ရှိပုံပေါ်တဲ့လူတစ်ယောက်ဟာ သူ့တူ



ဘာတွေ တူမလေးတွေကို မုန့်ကျွေးတဲ့ ဟိုစ္စကြည့်ရတာ အဲဒီလူဟာ ဒီနားမှာ အမြဲတမ်း သူ့တူလေး၊ တူမလေးတွေကို မုန့်ကျွေးနေပုံရပါတယ်။ ကလေးတွေက သူ့နားကိုရောက်သွားပြီး ပျော်နေကြတယ်။ သူကမုန့်တစ်ခုကိုကိုင်ပြီး ချာတိတ်လေးတစ်ယောက်ကို ပေးမလိုလိုနဲ့ လက်ပြန်ရုပ်လိုက် ဝေ့လိုက်နဲ့ ပြီးတော့ ဟိုဘက်ဘေးကတစ်ယောက်ကို ပေးလိုက်တယ်။ တဝါးဝါးနဲ့ပေါ့။ ကလေးတွေက အဲဒါကိုကြည့်ပြီး ပိုက်ဆံရှိတဲ့နိမိတ်၊ ပေးနိုင်၊ စွန့်ကြဲနိုင်တဲ့နိမိတ်ဆိုပြီး ချေးခိုင်းလိုက်ပါတယ်။ သူချေးလိုက်ရတဲ့လူကလည်း ပလတ်စတစ်လုပ်ငန်းရှင်တစ်ယောက်ပါ။ သိပ်ခင်တာတဲ့။ ငွေလိုလို့ခဏဆွဲတာ၊ သူကလည်းချေးလိုက်ရော-

ဒီနောက်ပိုင်း အလုပ်တွေအဆင်မပြေလို့ဆိုပြီး ပြန်မပေးတာ သုံးနှစ်လောက်ကြာတော့ ငွေချေးသူထပ်ရောက်လာပါတယ်။ အတိုးကခြောက်လလောက်ပဲရခဲ့ပြီး ခုဆို ဘာမှမလာတော့တဲ့အကြောင်း လာပြောတာပါ။ အဲဒီကိစ္စ ဆရာ့ကိုပြောပြတော့ ဆရာက ဆူပါတယ်။ မင်းဦးနှောက်သေးသေးလေးနဲ့များ နိမိတ်သွားကောက်ရတယ်လို့ ဆိုပြီးဆူပါတယ်။ ပြီးတော့ ဆရာက ပြောပါတယ်။

"မင်းပြောသလိုဆို အဲဒီပိုက်ဆံရှိတဲ့ပုံပေါ်တဲ့လူက ကလေးတစ်ယောက်ကို မုန့်ကျွေးမလိုလို၊ ဝေ့နေတယ်ဆိုတာ အဲဒါပေးမလိုလိုနဲ့မပေးတာကွ။ ဉာဏ်နဲ့ရင်လည်း နိမိတ်မကောက်တာကောင်းတယ်"

ဆိုပြီး ဆူပါတယ်။ အဲဒီအချိန်ကစပြီး ဘာနိမိတ်မှမကောက်ရဲတော့ပါဘူး။ ကာယကံရှင်ရဲ့ နဝင်းပေါ်ချိန်တွေကိုသာရွေးရွေးပြီး အမှားမရှိအောင် စီရင်ပေးခဲ့တာများပါတယ်။ ဆယ်စုနှစ်တစ်ကြိမ်လောက် ဖြတ်သန်းခဲ့ပြီးမှပဲ အတွေ့အကြုံတွေက တဖြည်းဖြည်းများလာတဲ့အပေါ်မှာတည်မှီပြီး နိမိတ်ကောက်ရပါတော့တယ်။

ဒါကြောင့် တစ်ခုခုကို စီရင်တော့မယ်ဆိုရင် မြင်နိမိတ်၊ ကြားနိမိတ်တော့ နားစွင့်ပါ။ ကြည့်ပါ။ ရင်ထဲရောက်မလာရင်တော့ အဲဒီနိမိတ်ကိုမယူပါနဲ့။ ကိုယ်ကလည်း ဖြစ်ချင်ဇောနဲ့ ဖန်တီးပြီး နိမိတ်ကောက်တာမျိုးမလုပ်ပါနဲ့။ သူ့သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့မြင်နိမိတ်၊ ကြားနိမိတ်ကိုသာယူပါ။ ကြားတိုင်းမြင်တိုင်းလည်းမဖြစ်ပါဘူး။ ပကတိတွေကို မစဉ်းစားပါနဲ့။ ထူးခြားတဲ့ 'ဝိကတိ' နိမိတ်ကိုသာစဉ်းစားပါ။ မည်းမည်းမြင်ရာ နိမိတ်လိုက်ကောက်နေစရာလည်း မလိုပါဘူး။ အဲဒါမျိုးတွေလည်း တွေ့ဖူးပါတယ်။

သွားရင်းလာရင်း ကလေးတစ်ယောက်က ရေခဲမုန့်စားလာတာတွေ့တာနဲ့ ဟော- အေးတဲ့နိမိတ်ပဲလို့ပြောရင်းက နေခပ်လှမ်းလှမ်းမှာ ဆိုက်ကားနဲ့ ခြင်းတောင်းကြီးတွေ တင်လာတာလည်း မြင်ရော ကဲ- ဝန်ပိတဲ့နိမိတ်ပော့ဆိုပြီး မည်းမည်းမြင်ရာ နိမိတ်လိုက်ကောက်တတ်တဲ့ လူနဲ့လည်းသွားအတူလာအတူ နေခဲ့ဖူးပါတယ်။ ကလေး ရေခဲမုန့်စားတာမဆန်းသလို၊ ဆိုက်ကားပေါ်ခြင်းတောင်းတွေတင်တာကလည်း သဘာဝပါ။ ဒါတွေဟာမဆန်းတဲ့ပကတိတွေပါ။ နိမိတ်ကောက်ရမှာတွေ မဟုတ်ပါဘူး။ သူနဲ့သွားနေလာနေစဉ်က စိတ်ပျက်ဖို့ကောင်းတာတွေနဲ့ပဲကြုံခဲ့ပါတယ်။

အဲဒါကြောင့် အဖွင့်မှာဆိုခဲ့သလို အကြံအစည်တစ်ခုခု ပြုတော့မယ်ဆိုတာနဲ့ နိမိတ်ကိုလေ့လာပါ။ ဓာတ်ရိုက်ဓာတ်ဆင်လုပ်တော့မယ်ဆိုတာနဲ့ နိမိတ်ကိုအတတ်နိုင်ဆုံးလေ့လာပါ။ ညည်းတွားသံတို့၊ အကျပ်အတည်းသံတို့ကို ကြားလိုက်တာနဲ့ မြင်လိုက်တာနဲ့ သတိလေးထားပြီး အလုပ်လုပ်ရပါလိမ့်မယ်။ ချက်ချင်းဓာတ်ရိုက်ဓာတ်ဆင်ဖို့မလောပါနဲ့။

ပညာခန်းတွေက အစွမ်းထက်ပြီးသားပါ။ ဒါပေမယ့် အတွေ့အကြုံတွေအရ နိမိတ်တွေက ပိုပြီးအသက်ဝင်တာမြန်လို့ပါ။

ဘယ်လောက်မြန်သလဲဆိုတော့-

တစ်ခါက လူတစ်ယောက်ဟာ လူတစ်ယောက်ဆီမှာ ကားဝယ်ဖို့လာတိုင်ပင်ပါတယ်။ လိုချင်တဲ့လူကလည်း သုံးယောက်လောက်ဖြစ်နေ၊ ကားကလည်း တော်တော်ကိုတန်နေပါတယ်။ အခါအလိုအရဆိုရင်လည်း ဂုရုအခါပါ။

၂ — ကား၊ ဝယ်မယ့် လူနာမည်
၆ — ခရီးလှူပ်ရှားပုံ

၂
၃

၅
၁
၄
၀

သူ့နာမည်ကလည်း တနင်္လာနာမည် (. . . . .) ဒီတော့ မင်းရလိမ့်လို့ ပြောမယ်ကြံတုန်း-

အိမ်ထဲကို အသက်နှစ်ဆယ်သာသာရှိတဲ့ ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ဝင်လာပါတယ်။ တစ်ယောက်လက်တစ်ယောက်ဆွဲလို့ ကျောပိုးအိတ်လေးတွေနဲ့။ အိမ်ထဲကိုမရောက်တစ်ရောက်မှာ ဟိုကြည့်ဒီကြည့်လှမ်းကြည့်ပြီး-

"ဟာ- ဆောရီးဗျ။ အိမ်မှားသွားလို့ပါ"

ဆိုပြီး လေးလေးစားစားနှုတ်ဆက်ရင်း ပြန်ထွက်သွားပါတယ်။

"ရတယ်သားတို့ ရတယ်"

လို့ပြန်ပြောပြီး ရယ်ပြလိုက်ပါတယ်။ သူတို့နှစ်ယောက် အိမ်နံပါတ်တူတဲ့ဘေးအိမ်ထဲကိုဝင်သွားတော့မှ-

"ဩော် - ဟိုဘက်အိမ်လာတဲ့ ကလေးတွေပဲ"

ဆိုပြီးသိလိုက်ရပါတယ်။ စိတ်ထဲ ဂုရုချိန် တနင်္လာနဝင်းစီးချိန် နှစ်ယောက်နိမိတ်၊ ပြီးတော့ လက်လေးတွေတွဲလို့ဆိုတော့ ကြင်ကြင်နာနာနိမိတ်၊ မေတ္တာနဲ့ယှဉ်တဲ့နိမိတ်၊ ဟုတ်ပြီဆိုပြီး ပြောမယ်လို့ စဉ်းစားတုန်းမှာ-

အိမ်ရှေ့မှာ ဆော့နေကြတဲ့ ကလေးတွေထဲက တစ်ယောက်ပစ်လိုက်တဲ့ကျောက်ခဲအဖြူရောင်လေးဟာ အိမ်ထဲအထိဝင်လာပါတယ်။ သားလေးတို့ ဖြည်းဖြည်းဆော့ကြနော် ဆိုပြီးတော့ လှမ်းအော်ရင်း ကျောက်ခဲလေးကို သတိထားလိုက်မိပါတယ်။ ဟုတ်ပြီ တနင်္လာနံ ထပ်ရောက်လာပြန်ပြီလို့စဉ်းစားရင်း-

"ကဲ - မင်းကားသွားယူဖို့စီစဉ်တော့"

ဆိုပြီးပဲ အားရဝမ်းသာပြောလိုက်မိပါတော့တယ်

သူလည်းအားရဝမ်းသာ ထပြန်သွားပါတယ်။ နောက်သုံးရက်လောက်ကြာတော့ ပြန်လာပါတယ်။ လူကတော့ ရယ်ရယ်မောမောပဲ။

ကားကြောင့် မဟုတ်ပါဘူး။ သူ့ချစ်သူခိုင်ခိုင်ဆိုတာ အဲဒီနေ့က သူ့အိမ်နဲ့စိတ်ဆိုးပြီးဆင်းလာလို့ သူ့အမေတွေ၊ အစ်မတွေက တစ်ညလုံးချော့မော့ပြောဆိုပြီး မနက်ကျပြန်လိုက်ပို့ပေးလိုက်ကြရတယ်ဆိုတဲ့အကြောင်း လာပြောတာပါ။ သူတို့ ဒီနှစ်ထဲယူဖို့ ဘယ်လ၊ ဘယ်ရက်ဆိုတာ လာရွေးတာပါ။

ကားကတော့ ပိုင်ရှင်က သူ့ညီဝမ်း

ကွဲကို လံပြတ်နဲ့ငှားလိုက်ပြီမို့ လောလော ဆယ်မရောင်းတော့ဘူးဆိုပြီး ပြောပါ တယ်။ သူစထိုင်ကတည်းက သူ့စကား ကိုနားထောင်နေရာကနေ မျက်နှာကို ပုရွက်ဆိတ်တက်သလို ရွစိရွစိတွေဖြစ် လာပြီး ဘာကိုကြည့်လို့ကြည့်နေမှန်း မသိလောက်အောင် မြင်ကွင်းတွေဝါး သွားသလို အမ်းတမ်းတမ်းကြီးဖြစ်သွား မိပါတယ်။

ကားမရတော့ပါဘူး။ ဒါနဲ့ မင်းရဲ့ ကလေးမလေးနာမည်က ဘယ်သူဆိုပြီး ထပ်မေးတော့ ခိုင်ခိုင်တဲ့။

ဟိုနေ့က ဂုရုအချိန်တနင်္လာနဝင်း ကိုသွားသတိရလိုက်ပါတယ်။ ကြော်- သက်မဲ့တနင်္လာနံမဝင်တော့ဘဲ သက်ရှိ တနင်္လာနံဝင်သွားခဲ့တာကိုးဆိုပြီး အံ့သြ ခဲ့ရပါတယ်။ ဒီတော့မှ အိမ်ထဲကို မထင် မှတ်ဘဲရောက်လာတဲ့ ဦးဆုံးနိမိတ်စုံတွဲ လေးနှစ်ယောက်ကို ပြေးသတိရလိုက်ပါ တော့တယ်။ အဲဒီတော့မှ အင်္ဂဝိဇ္ဇာတိုင် ထိပ်က တနင်္လာဟာ ကားနဲ့ခရီးမဟုတ် တော့ဘဲ လက်တွဲဝင်လာတဲ့စုံတွဲလေး နိမိတ်နဲ့ မိသားစုပူညံပူညံဖြစ်ပြီး သူ့အိမ် ကိုဝင်သွားတဲ့လှုပ်လှုပ်ရှားရှား တနင်္လာ နာမည်ရှင်ခိုင်ခိုင်ဖြစ်သွားတဲ့ နိမိတ်က ဦးစီးသွားတာပါလားဆိုတာ သဘော ပေါက်သွားခဲ့ရပါတော့တယ်။

ဒါကြောင့် နိမိတ်တွေက ပိုပြီး အသက်ဝင်တယ်လို့ဆိုလိုက်တာပါ။

ဒီအထိလေ့လေ့လာလာနဲ့ ဖတ်ရှု ခဲ့ပြီးပြီဆိုရင် အဖွင့်မှာပြောခဲ့သလို အကြံအစည်တစ်ခုခု ပြုတော့မယ်ဆို တာနဲ့ နိမိတ်ကိုလေ့လာပါ။ ခါတ်ရိုက် ခါတ်ဆင် အစီအရင်လုပ်မယ်ဆိုရင် လည်း နိမိတ်ကိုအတတ်နိုင်ဆုံးလေ့ လာပါ။

ဒါ ဒီလအတွက် ပေးချင်လွန်းတဲ့ လက်တွေ့ဖြည့်စွက် သူရဋ္ဌလက်ဆောင် ပါပဲ။

ကိုယ်က ဖြစ်ချင်ဇောနဲ့ဖန်တီးပြီး နိမိတ်ကောက်တာမျိုးမလုပ်ပါနဲ့။

ထူးခြားတဲ့ ဝိကတိနိမိတ်ကိုသာ စဉ်းစားပါဆိုတဲ့အကြောင်း အကြံပြုရင်း လိုအပ်လိမ့်မယ်ထင်တဲ့ ကွဲဏ်လပ်လေး ကို သူရဋ္ဌမဂ္ဂဇင်းလက်ဆောင်အဖြစ်နဲ့ ဖြည့်ပေးလိုက်ပါပြီ။

နိမိတ်ကောင်းဆောင်
အောင်ကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

မြင့်မြင့်★တစေ
31 ထန်းတပင်အနောက်လမ်း
...ညည်းတန်း၊ကမာရွတ်

စောမွန်လှမိဖုရား

မောင်သိန်းဆွေ
(ထားဝယ်)

အနော်ရထာမင်းကြီးသည် တရုတ်ပြည်သို့ စွယ်တော်ပင့်သွားရာ အပြန်တွင် မြန်မာပြည်သို့ရောက်သောအခါ ရှမ်းပြည်နယ်သို့သွား၏။ ရှမ်း (မော်ကိုး) ပြည်ထောင်ကို အစိုးရသော မိုင်းမော စော်ဘွားကြီးက သူ၏သမီးတော်ကြီး စောမွန်လှကို ဆက်သတော်မူလိုက်သည်။

အမေတော် စောမွန်လှ

အနော်ရထာမင်းကြီးသည် ရှမ်းမင်းသမီး စောမွန်လှအား မြတ်နိုးတော်မူလှသဖြင့် အနီးတော်၌ အမြဲမပြတ် ခစားတော်မူစေသည်။ သို့ဖြစ်၍ ကျန်မိဖုရားများက မလိုတမာဖြစ်ကြသည်။

ရှမ်းမင်းသမီးစောမွန်လှ၏ နားတောင်း၌ မြတ်စွာဘုရား၏ဓာတ်တော်များ ကိန်းဝပ်နေသဖြင့် အရောင်အဝါ ထွန်းတောက်ကွန့်မြူးသည်ကို အနော်ရထာမင်းကြီး၏ အခြားမိဖုရားများက မင်းကြီးအား စောမွန်လှသည် စုန်းမဖြစ်၍စုန်းတောက်ကြောင်း ကုန်းချောလျှောက်ထားကြသည်။

မင်းကြီးလည်း အခြားမိဖုရားများ ပြောသည့်အတိုင်းကြည့်ရာတွင် စောမွန်လှ၏နားတောင်းမှ ရောင်အဝါထွန်းတောက်ကွန့်မြူးသည်ကို မြင်ရသဖြင့် အထင်တော်လွဲမှားကာ မိုင်းမောပြည် (ရှမ်းပြည်နယ်) သို့ နှင်လိုက်လေတော့သည်။ စောမွန်လှ၏ ရှမ်းပြည်သို့အပြန်ခရီးတွင် ယခုရွှေစာရံစေတီတည်ရှိရာ အနီး ချောင်းတွင်း၌ ရေသုံးသပ်ရာတွင် နားမှ နားတောင်းကျ၍ ရှာဖွေရာ အရောင်ကွန့်မြူးနေသောကြောင့် ပြန်လည်တွေ့ရှိရသည်။ ထို့ကြောင့် ထိုချောင်းဘေးတွင် အနီးအနား ရွာများ မှဗိသုကာ၊ ပန်းရန်ဆရာများကို လက်ခကံကျွေးပေးပြီး စေတီတစ်ဆူတည်စေသည်။ ထိုစေတီ၌ နားတောင်းကိုလည်း ဌာပနာလိုက်သည်။ ထိုချောင်းသည်လည်း နားတောင်းကျချောင်းဟု တွင်လေသည်။ ယခုအခါ ရွှေစာရံစေတီဟူ၍ မန္တလေး-မေမြို့ကားလမ်းတွင် တည်ရှိနေပါသည်။

စောမွန်လှပြန်လာသည်ကို မောတို့ဌာနီမှ ခမည်းတော်စော်ဘွားကြီးက ကြိုဆို၍ တွေ့ဆုံသည့်နေရာတွင်လည်း စေတီတည်ဆူတည်ထားသည်။ ရှမ်းဘာသာ'အဖ' ကို 'ပေါ့' ဟုခေါ်သောကြောင့် အဖကြိုသည်ကိုအစွဲပြု၍ ထိုဘုရားစေတီကို 'ပေါ့ကြို' ဘုရားဟု ခေါ်ရာမှ ယခုအခါ 'ဘော်ကြို' ဘုရားဟု တွင်လေသည်။ ဘော်ကြိုရွာဦး ဒုဋ္ဌဝတီမြစ်ကမ်း၌ ဘော်ကြိုစေတီ ယခုတိုင်တည်ရှိပါသည်။ အနော်ရထာမင်းကြီးသည် နောက်ပိုင်းတွင် အမြင်မှန်ရပြီး စောမွန်လှကိုနှင်မိ၍ စိတ်နှလုံးမကြည်မသာသည်နှင့် ရှမ်းပြည်သို့ ပြန်ချီတက်ကာ မောစော်ဘွားကြီးထံ သွားရောက်လေသည်။ ထိုအချိန်တွင် စောမွန်လှ မရှိပြီဖြစ်သည်။ စော်ဘွားကြီးလည်း ကံကုန်၍ သားတော်စောနောင်က စော်ဘွားဖြစ်နေသောအချိန်ဖြစ်၏။

အနော်ရထာမင်းကြီးနှင့် မောစော်ဘွားစောနောင်တို့ ကျေနပ်မှုရကြပြီး နှစ်ပြည်တစ်ပြည် ချစ်ကြည်မှုအတွက် ညီမတော်နှစ်ပါးဖြစ်သည့် စောအောင်နှင့်စောနန်းတို့ကို ဆက်သလိုက်ပြန်သည်။

အနော်ရထာမင်းကြီးသည် လယ်တွင်းကိုးခရိုင်ကိုစီမံတော်မူရာ ကျောက်ဆည်တွင် ဆည်မြောင်းများကို ကိုယ်တိုင်စီမံကွပ်ကဲဖောက်လုပ်တော်မူ၏။

ဇော်ဂျီမြစ်အတွင်း ဆည်ဖို့သည့်လုပ်ငန်းမှာဖင့်လေးကြနေကြစဉ်နေသဖြင့် ပုဏ္ဏားတော်များအား မေးမြန်းရာ 'အောင်' အမည်ပါသည့် တနင်္ဂနွေသမီးကို ဆည်စတေးမှ အောင်မြင်မည်ဟု လျှောက်တင်ကြလေ၏။

သို့ကြောင့် မိဖုရားစောအောင်ကို ဆည်တော်ကြီး၌ စတေးလိုက်သည်။ ညီမတော်စောနန်းသည့်လည်း အစ်မတော်မရှိလျှင် မနေလိုသည်ဟုဆိုကာ ဇော်ဂျီမြစ်အတွင်း ခုန်ဆင်းကာ အသေခံသွားသည်။

နှမတော်များ၏ သတင်းကိုကြားရ၍ နောင်တော် မောရှမ်းစော်ဘွားစောနောင်လိုက်လာရာ ဇော်ဂျီမြစ်ရိုးအတိုင်း ကျောက်ဆည်မှ အထက်ဆည်နေရာအရောက်တွင် ညီမတော်နှစ်ပါးက အစိမ်းဘဝဖြင့် ကိုယ်ထင်ပြ၍စိတ်မချမ်းမသာဖြစ်ပြီး ဇော်ဂျီချောင်းအတွင်းသို့ ခုန်ဆင်း၍ သေပြန်လေရာ အစိမ်းနတ်ဖြစ်သွားရသည်။ မောင်နှမသုံးယောက် အနော်ရထာမင်းကြီးထံ ကိုယ်ထင်ပြသဖြင့် မောကိုးပြည်ကို အစိုးရသော စော်ဘွား၊ (၉) ခရိုင်နယ်၌ (၉) ရက်နေ့တွင် သေဆုံးနတ်ဖြစ်ရသည့်အတွက် ကိုးသိန်းရှင်အမည်နှင့် (၉) ခရိုင်ကို နယ်စားအပိုင်ပေးလေသည်။ ညီမတော် စောအောင်ကို အထက်ဆည်ကြီး အပိုင်စားပေးသဖြင့် ဆည်ကတော်ဟုတွင်ကာ ညီမတော်စောနန်းမှာ အောက်ဆည်ခေါ် ဇီးတောဆည်ကို အပိုင်စားရ၍ ဇီးတောကတော်၊ သို့မဟုတ် ကင်းကတော်၊ ကင်းသခင်မဟူ၍ အမည်တွင်ပါသည်။

အနော်ရထာမင်းကြီး၏ မိဖုရားစောမွန်လှသည် နတ်ဖြစ်သွားသည်ဟု မည်သည့်သမိုင်းတွင်မှမပါပါ။ သို့သော်ယခုအခါ စောမွန်လှမိဖုရားအား နတ်လိုလို၊ မယ်တော်လိုလို၊ ဥစ္စာစောင့်လိုလိုဖြင့် ဘုရားများတွင် ရုပ်တုထု၍ထားသည်ကိုတွေ့နေရပါသည်။ မောင်တော်စောအောင်နှင့် ညီမတော်များ နတ်ဖြစ်သွား၍ စောမွန်လှကိုလည်း အထက်ပါအတိုင်းယူဆပြီး ရုပ်တုထုကြသည်ဟု ထင်ပါသည်။

စောမွန်လှမိဖုရားသည် ပုဂံပြည်ရောက်သောအခါ ရှင်အရဟံလက်ထက်တွင် ရတနာသုံးပါး၌သာ ယုံကြည်ခြင်း၊ ကိုးကွယ်ခြင်းဖြင့် ပျော်မွေ့သွားခဲ့သည်။ ထို့ကြောင့် ရှင်အရဟံရဟန်းတော်ကြီး၏ တပည့်ရင်းတစ်ဦး ဖြစ်လာတော့သည်။ တရားဘာဝနာ၌သာ မွေ့လျော်သည်။ စိတ်ထားနူးညံ့သူဖြစ်သည့်အလျှောက် သူ၏နားတောင်းတော်များ၌ဓာတ်တော်များ ကိန်းဝပ်လာခြင်းဖြစ်သည်ဟု သိရပါသည်။

ရှင်အရဟံမထေရ်မြတ်ကြီးသည် သူ၏တပည့်မ မတရားခံရမှု ယုတ်မာသောမိဖုရားတို့ ကုန်းချောမှုကြောင့် အနော်ရထာမင်း၏အမှားကို သိရှိလေသည်။

နှစ်နိုင်ငံ ရှမ်းပြည်သူများ+မြန်မာပြည်သူများ စစ်ပွဲကြောင့် သေကြေပျက်စီးကြရမည်ကို ဆရာတော်ကြီးမလိုလားပါ။ သို့ဖြစ်ရာ နှစ်ဖက်အကြီးအကဲများကို လောဘ၊ ဒေါသဘက်မလိုက်ကြဘဲ ငြိမ်းချမ်းကြရန် သွန်သင်ဆုံးမမှုကြောင့် စစ်ပွဲမဖြစ်ခဲ့ကြကြောင်း၊ စာရေးသူတို့ မြန်မာသမိုင်းအဖွဲ့မှ အချိန်ပိုင်းအဖွဲ့ဝင် ကွယ်လွန်သူ ဆရာကြီးစိုင်းအောင်ထွန်းက ပြောပြပါသည်။ ပြင်ဦးလွင် (မေမြို့) ၌ ငြိမ်းချမ်းရေးအထိမ်းအမှတ် ကျောက်တိုင်ပင်ရှိကြောင်းလည်း ဆရာကြီးက ပြောပြပါသည်။

စောမွန်လှမိဖုရားနှင့်ပတ်သက်၍ အဖြစ်မှန်များကို ဆရာကြီးစိုင်းအောင်ထွန်းပြောပြသမျှ စောမွန်လှရှင်းတမ်းတွင် ဆက်လက်ရေးသားပါမည်။

မောင်သန်းဆွေ(ထားဝယ်)

မိုဟန်ကို

မြေခိုးသူ၊ မြေသိမ်းသူများကို ကျိန်စာတိုက်ခြင်း



မြေကြီးသည် သစ္စာရှိ၏။ သည်းခံခြင်းတရားနှင့်ပြည့်စုံ၏။ မြေကြီးကို တူးစွကြ၏။ ပေါက်ကြ၏။ ဖြိုကြ၏၊ ရွှေတွေတူးကြ၏။

မြေကြီးပေါ်မှာ အညစ်အကြေးတွေစွန့်ပစ်ကြ၏။ အပေါ့အလေးတွေသွားကြ၏၊ အိပ်ကြ၏။ အဆောက်အအုံတွေဆောက်ကြ၏။

မြေကြီးကတော့ ဘာမှပြန်မပြောသည်းခံတတ်ပါ၏။

ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်သောဆည်းကပ်သော၊ ရှင်တော်မြတ်ဘုရားကသူ၏တပည့်သား သံဃာတော်များအား မြေကြီးကဲ့သို့ ကျင့်ကြံနေထိုင်ရမည်ဟုပညတ်တော်မူခဲ့၏။

မြေကြီးအောက်မှာ လမ်းတွေဖောက်၊ သယံဇာတတွေတူးယူကြ၊ လူအမြောက်အမြားကို သေစေနိုင်တဲ့အဏုမြူလက်နက်တွေထားကြ။ ဗုံးခိုကျင်းတွေတူးကြ၊ ဆောက်ကြ၊ မြေကြီးပံသုမြေကတော့ သည်းခံမြဲ သည်းခံလျက်။

*

ညောင်ပင်ကြီးတွေ ရှိနေလို့ ညောင်ပင်သာရွာဟု အမည်တွင်တဲ့ ကရင်လူမျိုးများနေထိုင်ကြသည်။ ကရင်ရွာလေးတစ်ရွာရှိ၏။

ထိုညောင်ပင်သာရွာလေးနှင့် (၁) မိုင်ကျော်ကျော်အကွာအဝေးမှာ ထန်းပင်တွေစီတန်းပြီး စိုက်ထားပါသဖြင့် ထန်းတောရွာကြီးတစ်ရွာရှိ၏။ ထိုရွာကြီးမှာကတော့ ဗုဒ္ဓဘာသာနွယ်ဝင် ဗမာလူမျိုးများနေထိုင်ကြ၏။

ဤ ညောင်ပင်သာရွာလေးနှင့် ထန်းတောရွာကြီး ရွာနှစ်ရွာကြားတွင် မြေကောင်းသော စပါးထွက်နှုန်းကောင်းမွန်လှသောလယ်ယာမြေများရှိ၏။

ကရင်အမျိုးသားများ နေထိုင်ကြသော ညောင်ပင်သာ ရွာလေးတွင် နော်ဖောဝါးအမည်တွင်သော မုဆိုးမကရင်မကြီး မိသားစုရှိ၏။ သူ့မှာကျွဲတစ်အုပ်နှင့် သမီး (ဖိုးမူ) နှစ်ဦးရှိ၏။

ခြံကျယ်ကျယ်ကြီးထဲမှာ ဆန်အရက်ချက်ရောင်း၏။ ဝက်တွေမွေး၏။ ကျွဲတွေကလည်း ဆယ်ကောင်လောက်ရှိ၏။ ညောင်ပင်သာရွာလေးနှင့် ထန်းတောရွာကြီးကြားရှိ လယ်များထဲတွင် ညောင်ပင်သာရွာလေးမှာ နော်ဖောဝါးပိုင်သော လယ်ဧက (၆) ဧကရှိ၏။ တစ်ဧကလျှင် စပါးတင်း (၈၀) ထွက်၏။ (၆) ဧကဆိုတော့ စပါးတင်း နှစ်စဉ်နှစ်တိုင်း (၄၈၀) ထွက်၏။

နော်ဖောဝါး ကရင်မကြီးရဲ့လယ်နှင့် ကန်ဇင်းတင်(ကန်ဇင်းခြင်းစပ်လျက်) ထန်းတောကြီးရွာမှ ဘိုကြီးဆိုသူ၏လယ်နှစ်ဧကရှိ၏။ ဘိုကြီးသည် ထန်းတောရွာကြီးမှ ဦးညွှန့်ခင်လယ်သမားကြီး၏သားကြီးဖြစ်၏။ ဘိုကြီးတွင် ဇနီးသည် ဒေါ်လောဘနှင့် သမီးနှစ်ဦး၊ သားနှစ်ဦးရှိ၏။ မိသားစု စုစုပေါင်း (၆) ဦးရှိ၏။ လယ်နှစ်ဧကဖြင့် စားဝတ်နေရေးအတွက် မလုံလောက်ပေ။

ယင်းကြောင့် ဘိုကြီးက သူ့ဖခင် ဦးညွှန့်ခင်အား အပူကပ်လေ၏။ သူ့လယ်နှင့် ကန်ဇင်းတင်စပ်နေတဲ့ ကရင်မကြီးနော်ဖောဝါးလယ် (၆) ဧကထဲမှ (၁) ဧကကို ဝယ်ပေးရန် အပူကပ်လေ၏။

ဖခင်ကြီး ဦးညွှန့်ခင်လည်း သားသမီးမြေးတွေအတွက် အဲဆင်ပြေစေရန် ထန်းတောကြီးရွာမှ (၁၀) ရွာအုပ်သူကြီးမင်း ဦးရွှေသန်းကို အကူအညီတောင်းရ၏။

ဦးရွှေသန်းသည် သူကြီး အာဏာရှိ၏။ နှစ်လုံးပြူးသေနတ်ရှိ၏။ တပည့်များကို ရိုင်ဖယ်သေနတ်များ ဝယ်ပေးပြီး သူ့လုံခြုံရေးကိုစောင့်ခိုင်း၏။

တစ်နေ့သ၌ သင်္ကြန်မကျမီ တန်ခူးလ၊ ရုတ်တရက် ထန်းတောရွာကြီးမှ သူကြီးမင်းဆယ်ရွာအုပ် ဦးရွှေသန်းနှင့် ဘိုကြီး၏ဖခင်ဦးညွှန့်ခင်တို့ ညောင်ပင်သာရွာလေးဆီ သွားကြ၏။

ကရင်မကြီး နော်ဖောဝါးက သူကြီးမင်းလာသဖြင့် အိမ်အပေါ်ထပ်မှာကောင်းစွာဧည့်ခံ၏။

ကြက်သားဟင်း ချက်၏။ မီးတောက်ဆန်အရက်ကိုတိုက်၏။ သမီးနှစ်ယောက်ကလည်း သန့်သန့်ရှင်းရှင်းကူညီဆောင်ရွက်ပေးကြ၏။

စားပြီးသောက်ပြီးတော့ သူကြီးမင်း ဦးရွှေသန်းကစတင်၍ အရောင်း

အဝယ်စကားပြောရ၏။

နော်ဖောဝါးပိုင် လယ်ဧက (၆) ဧကထဲမှ လယ်တစ်ဧကရောင်းပေးရန် ပြောလေ၏။

ထိုခေတ်ကာလက စပါးတင်း (၁၀၀) ကို ငွေ (၃၀၀) ကျပ် ဈေးပေါက်၏။ ရွှေဈေးကလည်း တစ်ကျပ်သားကို (၃၀၀) ကျပ်ပဲရှိ၏။ လယ်ယာမြေပေါက်ဈေးကလည်း တစ်ဧကကို (၃၀၀)ကျပ်ပဲရှိ၏။

သူကြီးမင်းက နော်ဖောဝါးလယ်တစ်ဧကကိုရောင်းပေးပါ။ ငွေပိုပေးပါမယ်။ တစ်ဧက (၄၀၀) ကျပ်ပေးပါမည်။

သူ့အတွက်မဟုတ်ပါ။ သူ့မိတ်ဆွေ ဦးညွန့်ခင်ရဲ့သားကြီး ဘိုကြီးအတွက် ဝယ်ခြင်းဖြစ်ကြောင်း ရှင်းပြ၏။

နော်ဖောဝါးက လယ်မြေကို မရောင်းချင်ပါ။ သမီးနှစ်ယောက်ကလည်း မရောင်းချင်ပါ။

သို့သော် ထိုခေတ်ထိုကာလက သူကြီးမင်း ဦးရွှေသန်း၏အာဏာတန်ခိုးသည်ထက်လှ၏။ မရောင်းပါကအတင်းအဓမ္မသိမ်းချင်သိမ်းနိုင်၏။

နောက်ဆုံး ကရင်မ၊ မုဆိုးမကြီး နော်ဖောဝါးသည် မိမိပိုင်လယ်တစ်ဧကကို ဘိုကြီးအမည်ဖြင့်ဝယ်သဖြင့် ရောင်းချပေးရတော့၏။

စာရွက်ပေါ်မှာ အရောင်းအဝယ်စာကို သူကြီးမင်း ဦးရွှေသန်းက ရေး၏။ စာမတတ်တဲ့ကရင်မကြီးက လက်ဗွေနှိပ်ရ၏။ သားကြီး ဘိုကြီးကိုယ်စား ဖခင်ကြီးဦးညွန့်ခင်ကလည်း လက်ဗွေနှိပ်ရ၏။

သူကြီးမင်းဦးရွှေသန်းက အသိသက်သေအနေဖြင့် လက်မှတ်ထိုးကြ၏။ စာချုပ်ကို သူကြီးမင်း သိမ်းထား၏။ ကရင်မကြီးအား ငွေ (၄၀၀) ကျပ်ပေးပြီး ပျော်ပျော်ပါးပါးပြန်လာကြ၏။ အပြန်ခရီးတွင် သူကြီးမင်းက တောင်းသဖြင့် မီးတောက်ဆန်အရက် (၂) ပုလင်းပေးလိုက်ရသေး၏။

*

တန်ခူးလမှာ သင်္ကြန်မိုး (၃) ရက်ဆက်ရွာ၏။ နောက်မရွာတော့။

ကဆုန်လမှာနေပူ၏။ ထူးထူးခြားခြား ကဆုန်လပြည့်နေ့ ညဘက်မှာ မိုးကြီးသည်းထန်စွာရွာ၏။ ရေတွေပေါ၏။ လယ်ကွက်တွေမှာ ရေတွေတင်ကုန်၏။ လယ်သမားတွေ ယုံကြည်တဲ့ သင်္ကြန်စာကတော့ မိုးဦးကောင်းမည်၊ မိုးလယ်တုံ့အုံ၊ မိုးနှောင်းကောင်းအုံ့ဟု ဆိုထား၏။

လယ်ကွက်တွေထဲမှာ ရေအနည်းငယ်တော့တင်၏။ မိုးခေါ်ဖားတွေအော်မြည်လေပြီ။ မိုးဆွေငှက်ကလေးတွေကလည်း (ဖီး- ဖီး- သာဆူလေး) အသံစာစာဖြင့် မိုးကိုတောင်းနေကြလေပြီ။

'နယုန်မိုးသေး မြက်သားမွေး' အဆိုရှိသော်လည်း နယုန်လမှာ မိုးကဖြင်းဖြင်းထန်ထန် ရွာသွန်းလိုက်ပါသဖြင့် လယ်ကွက်တွေမှာ ရေတွေတင်နေလေပြီ။

ဘိုကြီး ဝမ်းသာနေ၏။ စောစောစီးစီး သူပိုင်လယ် (၂) ဧကကို ထယ်တိုး၏။ နော်ဖောဝါးထံမှ ဝယ်ယူထားတဲ့ လယ်တစ်ဧကကို စာချုပ်ထဲမှာ (၂) ဧကလို့ပြင်၏။

ဘိုကြီးနှင့် သူ့ဇနီးဒေါ်လောဘတို့ အကြံအဖန်လုပ်ကြလေပြီ။ ဒါကြောင့် နော်ဖောဝါးလယ်ထဲမှ လယ် (၂) ဧကကိုပါ ထယ်တိုးတော့ပြီ။ ကန်ဇင်းရိုးမှာ သစ်ငုပ်ကြီးတွေကိုလည်း စိုက်ထူထားလေပြီ။

ဘိုကြီး သူပိုင်လယ်က (၂) ဧက၊ နော်ဖောဝါးထံမှ အမှန်ဝယ်တာက (၁) ဧက၊ ခိုးယူထားက (၁) ဧက စုစုပေါင်း (၄) ဧကရရှိနေလေပြီ။ ဦးဦးဖျားဖျား ထယ်တွေလည်းထိုးပြီးနေလေပြီ။

မုဆိုးမကြီး၏ သမီးကြီး (ဖိုးမူ) ကျွဲတစ်ရှဉ်းကောက်ပြီး သူ့လယ်ထဲသို့ ထယ်ထိုး၍ဆင်းတော့၏။

အံ့အားသင့်သွား၏။ သူတို့ပိုင် လယ်မြေထဲမှာ ဘိုကြီးက ထယ်ထိုးထားခဲ့လေပြီ။

နေ့ခင်း ထမင်းစားပြန်တော့ သမီးကြီးက မိခင်ကြီး (အမိုးကြီး) ကို ပြောပြ၏။ မိခင်ကြီးလည်း အံ့သြသွားရ၏။ စိတ်လည်းတိုသွား၏။

ဒါနဲ့ ထန်းတောရွာကြီးသူကြီးမင်းထံသို့ ကရင်မကြီးသွားတွေ့၏။ အကျိုးအကြောင်းရှင်းပြ၏။

သူကြီးမင်းဦးရွှေသန်းကို ဘိုကြီးက လာဘ်ထိုးထားပါသဖြင့်-

"ခင်ဗျားတို့ရောင်းတုန်းက လယ် (၂) ဧကဆိုပြီး လက်ဗွေနှိပ်ထားတယ်လေ"

သူကြီးမင်းက လယ်အရောင်းအဝယ်စာချုပ်ကိုပြ၏။ ကရင်မကြီးက စာမတတ်ပါ။ ဘာမှမပြောတော့ဘဲ ထပြန်လာ၏။

*

သူပိုင်လယ် (၁) ဧကထဲမှာ ဘိုကြီးထယ်ထိုးထားတာကို မြင်တွေ့ရ၏။

ကရင်မကြီး ထယ်ခဲကို ကိုင်လိုက်၏။

"ငါ့ပိုင်လယ်ကို သူ့ပိုင်လုပ်တဲ့ ဘိုကြီး မြွေကိုက်ပြီး သေပါစေ။ သေပြီးရင်လည်း ငါ့အိမ်မှာ ငါခိုင်းမယ့်ကျွဲလာဖြစ်ပါစေ၊ သူ့မိသားစုတွေလည်း သေကြပါစေ"

ကျိန်စာတိုက်၍ သစ္စာ (၃) ကြိမ်တိတိပြီးအော်ဆိုခဲ့လေပြီ။

ဘိုကြီးထယ်ထိုးပြီးတော့ ထယ်ခဲတွေချေရန် ထွန်ဆင်းရလေပြီ။ (၃)ရက်မြောက်နေ့တွင် ဘိုကြီး ပိုးထိပြီး လယ်ထဲမှာပင် ဆုံးပါးသွားရလေပြီ။

ဘိုကြီးပိုးထိ၍ သေဆုံးပြီး (၆) လခန့်ကြာတော့ ဘိုကြီး၏ဇနီးဒေါ်လောဘနှင့်သမီးနှစ်ယောက်၊ သားနှစ်ယောက်တို့ ဝမ်းတွေလျှောပြီး သေဆုံးကုန်ကြရပြန်လေ၏။

မိသားစုတစ်စုလုံး ကရင်မကြီး၏ ကျိန်စာ၊ သစ္စာစူးရှာကုန်ကြလေပြီ။

တစ်နှစ်ခန့်ကြာတော့ ကရင်မကြီး နော်ဖောဝါး၏ ကျွဲမကြီးတစ်ကောင်က ကျွဲထီးလေးတစ်ကောင်မွေးလေပြီ။

ထိုကျွဲထီးလေးသည် ကရင်မကြီး နောက်သို့သာ တစ်ကောက်ကောက် လိုက်နေပါတော့သည်။

ကရင်မကြီး နော်ဖောဝါးက ဒီကျွဲလေးဟာ ဘိုကြီးဝင်စားတာလားပဲဟု စဉ်းစားမိပြီး။ ဟဲ့ 'ဘိုကြီး' ဟု ခေါ်၏။ ကျွဲပေါက်လေးက ညွန့်ညွန့်ဟုထူးပါတော့၏။

သေချာပါပြီ လယ်မြေခိုးသူ ဘိုကြီးကျိန်စာသင့်လေပြီ။ ညောင်ပင်သာရွာလေးမှာ မုဆိုးမကြီးနော်ဖောဝါးအိမ်မှာ လယ်သူခိုး ထန်းတောကြီးရွာမှ ဘိုကြီး ကျွဲဝင်စားဖြစ်နေတယ်ဟူသော သတင်းကား ပျံ့နှံ့သွားပါတော့၏။

မတရားသက်သေလိုက်ပေးခဲ့တဲ့ ရွာသူကြီးမင်း ဦးရွှေသန်း လေဖြတ်ပြီး သူကြီးရာထူးလည်းပြုတ်၏။ လိုင်စင်မပါဘဲ ရိုင်ဖယ်သေနတ်ကိုင်သဖြင့် သူတပည့်နှစ်ဦးလည်း အဖမ်းခံရလေပြီ။ လယ်သူခိုးဘိုကြီးမိသားစုက ကရင်မကြီးအိမ်မှာခွေးတွေသွားဖြစ်ရ၏။

မြေသည် တန်ခိုးကြီး၏။ မြေစောင့်နတ်ရှိ၏။ မတရားလုပ်သူကို မြေစောင့်နတ်ကလည်း ကျိန်ဆဲတတ်ပါ၏။

ယင်းကြောင့် မြေသူခိုးများ မတရား မြေသိမ်းသူများ သတိမူကြပါ။ ကျိန်စာတော့ တစ်နေ့နေ့သင့်ကြမှာ မလွဲဧကန်ပါ။

မိုဟာန်ကို



ခုနှစ်ရက်သားသမီး ဟောစာတမ်း

၂၀၂၂ ခုနှစ် ဇန်နဝါရီ

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများတွင် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ (၆) ဂဏန်းအကျိုးမပေး၍ရှောင်လိုက်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ သစ်၊ သံလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ အနုပညာနယ်ပယ်မှလုပ်ငန်းများဖြစ်ပါသည်။ ထစ်ငေါ့နေတတ်ပါသည်။ စနေနံ၊ ဗုဒ္ဓဟူးနံလုပ်ငန်းများလည်း ယခုလအကျိုးမပေးသေးပါ။ ရပ်ဝေးတွင် သွားရောက်လုပ်ကိုင်သူများ အပျော်အပါးရှောင်ပါ။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေးဖောက်ပြန်သည့်ကိစ္စမျိုးရှောင်ရပါမယ်။ စကားပြောမကြမ်းပါနှင့်။ လူမှုရေးအတိုက်အခံများရှိနေပါက ဘုရားရင်ပြင်တော်၊ နတ်လမ်းစသည်တို့တွင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ နှုတ်မှသရဏဂုံရွတ်၍ဆောင်ရွက်ပါ။ အိမ်တွင်းရေးများအဆင်ပြေနေစေရန် ငွေကြေးပြဿနာများ မဝင်ပါစေနှင့်။ ဆော်နှင့်ပတ်သက်သည့်ပစ္စည်းအကျိုးအပွဲများရှိလျှင် စွန့်ပစ်ပါ။ ကျန်းမာနေစေရန် မျက်စိ၊ ဝမ်းဗိုက်၊ ခန္ဓာကိုယ်အောက်ပိုင်းကျန်းမာရေးများ ဂရုစိုက်ပါ။ ဗောဇ္ဈင်္ဂသုတ်၊ ပရိမိတ္တဇာလသုတ် နေ့စဉ်ရွတ်ပါ။ ကိုယ်ရော၊ စိတ်ပါ မကြာမကြာအနားပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ သူများဆဲဆိုတိုင်းထွာပြောတိုင်း ကိုယ်မပြောမိပါစေနှင့်။ ချစ်တတ်သူများ သစ္စာရှိရန် အရေးကြီးပါသည်။ အပျော်အပါးလောင်းကစားရှောင်ပါ။ ချစ်သူနှင့်စကားကောင်းကောင်းပြောရင်းမှ ထထဖောက်ပြီး ရန်ခဏခဏဖြစ်တတ်ပါသည်။ ဆင်ခြင်ပါ။ ဘုရားစေတီများသို့ မကြာမကြာသွား၍ ဂြိုဟ် (၈) ခွင်လုံးတွင်ရှိသည့်ရုပ်ပွားတော်များကိုရေသပ္ပာယ်ပါ။

ယတြာ။ ။ *သစ်ဆွေး၊ သံဆွေးများကိုရှာဖွေစွန့်ထုတ်ပစ်ပါ။*

တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီပေးပါလိမ့်မည်။ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စများမှာ စပ်တူရှယ်ယာလုပ်ငန်းများ၊ ရွှေလုပ်ငန်း၊ ရေလုပ်ငန်း၊ ကျောက်လုပ်ငန်း၊ အဆောက်အအုံလုပ်ငန်းများဖြစ်ပါသည်။ အကျိုးမပေးသေးပါ။ မသွားအပ်ဟုထင်သည့် ခရီးများမသွားပါနှင့်။ ကားမောင်းမကြမ်းပါနှင့်။ စိတ်မာတင်းမပျော့ပါနှင့်။ လောင်းကစားရှောင်ပါ။ လူမှုရေးအတိုက်အခံများနေသူများ၊ ကိုယ်ကလည်း သူများကို အကောင်းမြင်တတ်ပါစေ။ အပြစ်ကြည့်လျှင် အပြစ်ပဲတွေ့နေတတ်ပါသည်။ တံမြက်စည်းလှူပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးအဆင်ပြေစေရန် မလိုအပ်ဘဲခရီးမထွက်ပါနှင့်။ အိမ်ထောင်ရေးအရှုပ်အရှင်းလုပ်လာသူများကို ညအိပ်လက်မခံပါနှင့်။ လက္ခဏာရှားပါးသူများကို အဝတ်အထည်စွန့်ကြဲပေးကမ်းပါ။ ကျန်းမာရေးကောင်းစေရန် အဆာခံလွန်းခြင်းကိုရှောင်ပါ။ လမ်းများများလျှောက်ပါ။ လေရောဂါ၊ ဝေဒနာရှင်များ၊ အကြောအဆစ်ဝေဒနာရှင်များကို ကြုံလျှင်ကြုံသလို ဆေး၊ ငွေ၊ အာဟာရလှူပါ။ ပညာရေးကံများ ကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်မည်။ လမ်းမမျှားပါနှင့်။ အိပ်ရေးဝအောင်အိပ်ပါ။ ချစ်တတ်သူများ စကားနိုင်မလုပါနှင့်။ ဖုန်းကြာကြာ ပြောရင်း အပြစ်တွေပြောမိလာတာမျိုးမဖြစ်ပါစေနှင့်။ အိမ်ထောင်ရေးရှုပ်ထွေးသူများနှင့် အနီးကပ်မနေပါနှင့်။ အကြောင်းမရှိဘဲ အပျော်ခရီးထွက်ခြင်း ဆင်ခြင်ပါ။ နွမ်းပါးသူကိုတွေ့လျှင် အဝတ်အထည်တစ်ပိုင်တစ်နိုင်လှူပေးပါ။

ယတြာ။ ။ *ရွှေရောင်အကျီုးအပွဲအစုတ်များကိုရှာဖွေစွန့်ထုတ်ပါ။*

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ ကားကိစ္စ၊ ငွေရေးကြေးရေးကိစ္စ၊ အနုပညာနှင့်ဆိုင်သောကိစ္စ၊ သစ်ကိစ္စ၊ အလှအပနှင့်ဆိုင်သောလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပါသည်။ ခက်ခဲထစ်ငေါ့နေတတ်ပါသည်။ လူမှုရေးအတိုက်အခံများလျှင် ဘုရားစေတီ ရင်ပြင်တော်တွင် နှုတ်မှ မေတ္တာသုတ်ရွတ်၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ မေတ္တာသုတ်တော်ကို နေ့စဉ် (၂၁)ခေါက်ရအောင်ရွတ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ အဆင်ပြေစေရန် အခြားသူများ၏ ငွေကြေးကိစ္စကြားထဲမှာ ကြားမညပ်အောင်နေပါ။ မိသားစုတွင်း ဆူဆူပူပူမဖြစ်အောင်နေပါ။ မလိုအပ်လျှင် သေးငယ်သောကိစ္စများကို ပုံကြီးမချဲ့ပါနှင့်။ ငွေပြဿနာရှိသူများနှင့်ကင်းကင်းနေပါ။ ငှက်စာကျွေးပါ။ သရဏဂုံပုတီးစိပ်ပါ။ ကျန်းမာနေစေရန် ခါး၊ ခြေ၊ ရင်၊ ဝမ်း ဂရုစိုက်ပါ။ လွန်စွာအအေးမခံပါနှင့်။ သတ်အံ့ဆဲဆဲငါးလေးများ၊ အလှောင်ခံငှက်လေးများကြုံတိုင်းဘေးမဲ့လွှတ်ပေးပါ။ ဗောဇ္ဈင်္ဂသုတ်နှင့် ပရိမိတ္တဇာလသုတ်ကို နေ့စဉ်မပြတ်ရွတ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ အောင်မြင်မှုရရှိမည်။ ဂိမ်းများကြာရှည်စွာမဆော့ပါနှင့်။ သူငယ်ချင်းများကို အားနာပြီးလိုက်လိုက်သွားတတ်သည့်အကျင့်ကိုရှောင်ပါ။ ချစ်တတ်သူများ စိတ်ထင်တိုင်းပြောတတ်ဆိုတတ်၍ လမ်းခွဲလုနီးပါးခဏခဏဖြစ်တတ်ပါသည်။ ဖုန်းကို မလိုအပ်ဘဲ အကြာကြီးမပြောပါနှင့်။ ငှက်လေးများကို အစာကျွေးပါ။

ယတြာ။ ။ *လမ်းဘေးခွေးလေးများကိုကျွေး၍ အဆင်ပြေနိုင်သောနေရာမျိုးမှာခွေးကျွေးပါ။*

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၇) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စများမှာ စနေနံသင့်လုပ်ငန်းများဖြစ်ပါသည်။ အမှုအခင်းဖြစ်သူများကို အာမမခံပါနှင့်။ လောင်းကစားလုံးဝရှောင်ရပါလိမ့်မည်။ လူမှုရေးအတိုက်အခံများနေပါက လူသွားလမ်း၊ နတ်လမ်း၊ ရင်ပြင်တော် ကျောင်းသင်္ခမ်းများကို တံမြက်စည်းလှည်း၊ အမှိုက်ရှင်းပါ။ အောင်ခြင်း (၈) ပါးဂါထာကို နေ့စဉ်ပုတီးတစ်ပတ်ရအောင်စိပ်ပါ။ စံပယ်ပန်းမပြတ်ဘုရားလှူပါ။ ခွေးလေး၊ ငှက်လေးများကို အစာကျွေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် ဘုရားရှင်ကို ပန်းပေါင်းစုံ (၅) မျိုး၊ မုန့်လုံးရေပေါ် တစ်ပန်းကန်အပြည့်နှင့် မကြာမကြာပူဇော်ပါ။ ကျန်းမာရေးအတွက် ဒူး၊ အကြော၊ ခါးအောက်ပိုင်းဂရုစိုက်ပါ။ လေနှင့်ပတ်သက်၍ လေထိုး၊ လေနာ၊ လက်ထုံစသည်တို့ဖြစ်တတ်ပါသည်။ ခုကောင်းနေပြီး တော်ကြာမကောင်းဖြစ်တတ်ပါသည်။ သက်ကြီးဝါကြီးများကို ဆေး၊ ငွေ၊ အာဟာရမကြာမကြာလှူပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားလေ၊ အောင်မြင်လေဖြစ်ပါသည်။ သူငယ်ချင်းများနှင့် အသွားအလာလျှော့ပါ။ ဂိမ်းများကြာရှည်မဆော့ပါနှင့်။ ချစ်တတ်သူများမျက်နှာပွင့်နေမည်၊ စိတ်နှစ်ခွဖြစ်နေပြီး စဉ်းစားစရာတွေများနေတတ်ပါသည်။ သက်ဆိုင်သူကို သစ္စာရှိပါ။ မေတ္တာပို့ပေးပါ။

ယတြာ။ ။ *လက္ခဏာရှားပါးသူများကို အဝတ်အထည်များလှူပေးပါ။*

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၂) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကိစ္စများဖြစ်သည်။ ထစ်ငေါ့ခက်ခဲနေတတ်ပါသည်။ ကားမောင်းမကြမ်းပါနှင့်။ ကျောက်အဝင်မတော်လျှင် ခိုက်တတ်ပါသည်။ သစ်ကိစ္စ၊ ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းများ အဖျားရှူးတတ်၍ သတိထားဆောင်ရွက်ပါ။ လူမှုရေးအတိုက်အခံများနေပါက ဘုရားစေတီတစ်ဆူသို့သွားပါ။ ဗုဒ္ဓဟူးထောင့်တွင် ဦးဆုံးတံမြက်စည်းလှည်း၊ အမှိုက်ရှင်းပြီး စနေထောင့်တွင် တံမြက်စည်းလှည်း၊ အမှိုက်ရှင်းပါ။ လှည်းနေချိန်တွင် သရဏဂုံကို နှုတ်မှမနားတမ်းရွတ်နေပါ။ မကြာခဏသွားလှည်း ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် အိမ်တွင် မှုးယစ်သောက်စားတတ်သည့်ဧည့်သည်ကိုညအိပ်လက်မခံပါနှင့်။ လက္ခဏာရှားပါးသူများကို အဝတ်အထည်များ၊ အာဟာရများတတ်အားသရွေ့လှူပါ။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအအေးမခံပါနှင့်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ လေတွေခံသည့်အထိအဆာမခံပါနှင့်။ ဆေးလိုအပ်နေသူများကို ဆေးလှူပါ။ သရဏဂုံကို ပုတီးစိပ်ပါ။ ထီးအစုံ၊ ဖိနပ်အစုံများစွန့်ပစ်ပါ။ ပညာရေးကံများကောင်းနေသော်လည်း အသွားအလာ၊ အပြောအဆိုဆင်ခြင်ရပါမည်။ ရှင်သာမဏေလေးများကို လိုအပ်သည့် ပညာစာအုပ်၊ ဝတ္ထုငွေများလှူပါ။ ချစ်တတ်သူများအပြောင်းအလဲဖြစ်တတ်၍ ကိုယ့်အလွန်မဖြစ်အောင် စကားပြောသတိထားပါ။ မသန်စွမ်းသူများကို ကြုံသလို ငွေ၊ အာဟာရလှူဒါန်းပါ။

ယတြာ။ ။ *ခါး၊ ခြေမကောင်းသော အသက်အရွယ်ကြီးသူများကိုလှူပေးပါ။*

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသော ကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီယူပါ။ (၇) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ လူမျိုးခြားနှင့်စပ်တူရှယ်ယာလုပ်ငန်းများ စပ်တူရှယ်ယာလုပ်ငန်းများ၊ ရေလုပ်ငန်း၊ ရတနာရောင်းဝယ်ရေး၊ စက်ပစ္စည်းရောင်းဝယ်ရေး၊ ယခုလအတွင်း ထစ်ငေါ့ခက်ခဲနေမည်။ ကြားကနေတစ်ဆင့်အာမခံရမည့်ကိစ္စများလည်း ရှောင်လိုက်ပါ။ လူမှုရေး၊ အတိုက်အခံများရှိတတ်ပါသည်။ သမ္ဗုဒ္ဓေဂါထာကို နေ့စဉ်သက်စေ့ရွတ်ပါ။ ဘုရားစေတီများသို့သွား၍ ရှင်ပြင်တော်တံမြက်စည်းလှည်းပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများစိတ်ချမ်းသာမှုရှိစေရန် သူတစ်ပါး၏အပူများမကူးအောင်နေတတ်အောင်နေပါ။ ကူညီစရာရှိလျှင် ကူညီလိုက်ပါ။ ဘုရားရှင်အား သစ်သီးဆွမ်းမပြတ်ကပ်လှူပါ။ ကျန်းမာရေးဂရုစိုက်ရပါမည်။ ကြာရှည်အိပ်ရေးပျက်ခံခြင်းရှောင်ပါ။ ဆီး၊ မျက်စိ၊ အစာအိမ်ဂရုစိုက်ရပါလိမ့်မည်။ ဆေးလှူပါ အမှန်တကယ်လိုအပ်သူများကိုလှူပါ။ ရတနသုတ်တော်ကို အဓိဋ္ဌာန်နှင့်ရွတ်ဖတ်ပူဇော်ပါ။ ပညာရေးကောင်းမည်။ ခက်ခက်ခဲခဲကြားကပင်ထူးထူးခြားခြားအောင်မြင်မည်။ စာသင်သားရဟန်းတော်များ၊ ရှင်သာမဏေများကို လိုအပ်သည့် ပညာစာအုပ်မေးမြန်းလျှောက်၍ရှိသေစွာဝယ်လှူပါ။ ဝတ္ထုငွေလည်းလှူပါ။ ချစ်တတ်သူများအတွက် မလိုလားအပ်သော ကိစ္စသေးသေးလေးများကို ပုံကြီးမချဲ့ပါနှင့်။ စွပ်စွဲမှု၊ သဝန်တိုမှုများကြောင့် စိတ်ဝမ်းကွဲနေတတ်ပါသည်။ ကိုယ်ချင်းစာစိတ်ထားပါ။ သက်ဆိုင်သူကို မေတ္တာပို့ပါ။ ငှက်လေး၊ ငါးလေးများကို မကြာမကြာအစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။

ယတြာ။ ။ *ကလေးတစ်ဦးကို စားချင်တာမေးပြီး ဝယ်ကျွေးလိုက်ပါ။*

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့်တိုင်ပင်ပါ အကြံဉာဏ်ယူပါ။ ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၁) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စများမှာ ငွေရေး၊ ကြေးရေးကိစ္စများ အိမ်ခြံမြေလုပ်ငန်းများ၊ သစ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အလှအပနှင့်ဆိုင်သောလုပ်ငန်းများ၊ အနုပညာနှင့်ဆက်နွယ်နေသည့်လုပ်ငန်းများ ဖြစ်ပါသည်။ ကားမောင်းသူများ လုံးဝမကြမ်းပါနှင့်။ ဆင်ခြင်ပါ။ လူမှုရေးအတိုက်အခံများရှိနေပါက ဘုရားစေတီများသို့သွား၍ ဗုဒ္ဓဟူးထောင့်နှင့် စနေထောင့်ရင်ပြင်တော်များတွင် တံမြက်စည်းလှည်းပါ၊ အမှိုက်ကောက်ပါ။ နှုတ်မှလည်း သရဏဂုံမပြတ်ရွတ်၍လှည်းပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများအဆင်ပြေနေစေရန် နံနက်လင်းသည်နှင့် ပဋ္ဌာန်းတော်၊ ပရိတ်တော်၊ မဟာသရဏဂုံတော်တို့ကိုဖွင့်၍ မင်္ဂလာယူပါ။ ဘုရားရှင်ကို ဆွမ်း (၃) ပွဲအမြဲကပ်လှူပါ။ အများပိုင်ငွေများကို အိမ်မှာယူမထားသင့်ပါ။ အိမ်ထောင်ပရိဘောဂပစ္စည်းဟောင်းများ မဝင်သင့်ပါ။ ပညာရေးကံများ ကောင်းနေသော်လည်း ဖွဲ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အပျော်အပါးလျှော့ပါ။ မိဘကိုပြန်အော်၊ ပြန်ပြောတာရှောင်ပါ။ အိပ်ရေးပျက်လာသည်အထိ ဂိမ်းများမဆော့ပါနှင့်။ ဖုန်းတွေမကြည့်ပါနှင့်။ စာအုပ်များထည့်ထားသည့် လွယ်အိတ်ကို ခေါင်းရင်းဘေးနားတွင် ထားလိုက်ပါ။ ချစ်တတ်သူများ၊ မလိုအပ်ဘဲ စကားအငြင်းအခုံမဖြစ်ပါစေနှင့်။ ငှက်ကလေးများ မကြာမကြာအစာကျွေးပါ။ အဆင်ပြေသလိုဘေးမဲ့လွှတ်ပေးပါ။

ယတြာ။ ။ *စိတ်ကျန်းမာရေးမကောင်းသူများကို အာဟာရ၊ ငွေ လှူပေးပါ။*

ရ င် ကို ေ အ း မြ ေ စ သ ၁ း

ဆရာဦးမောင်မောင်သန်း

အမှတ် (၇၅၂) ကုန်းဘောင်(၁၀)လမ်း။ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နေအိမ်မှ လွှဲ၍
တခြားမည်သည့်နေရာတွင်မျှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

အမှတ်(၇၅၂)၊ ကုန်းဘောင်(၁၀) လမ်း
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။